

# ဝင်းငြိမ်း

## လိပ်ပြာတူး ထူးခြားသူများ

အကယ်ဒမီမြင့်မြင့်ခင်

အကယ်ဒမီအောင်လွင်

အကယ်ဒမီဝါဝါဝင်းရွှေ

အကယ်ဒမီအေးအေးသင်း

အကယ်ဒမီဆွေဇင်ထိုက်

အကယ်ဒမီချိုပြုံး

အကယ်ဒမီမေဝင်းမောင်

အကယ်ဒမီခင်သီတာထွန်း

အကယ်ဒမီကျော်သူ

အကယ်ဒမီနွဲ့နွဲ့စန်း

အကယ်ဒမီမို့မို့မြင့်အောင်

အကယ်ဒမီမြင့်မြင့်ခိုင်

အကယ်ဒမီရန်အောင်

အကယ်ဒမီထွန်းအိန္ဒြာဗို

မေဆွိ

အကယ်ဒမီမေသန်းနု

အကယ်ဒမီမေယု

အကယ်ဒမီစိုးမြတ်သူဇာ

အကယ်ဒမီရဲအောင်

မန္တလေးသိန်းဇော်

2020.GRAPHIC DESIGN : KYAW MINN MOUNG

WinNytein-ActorInterview

5 201557 072020 >

6000 KS

မဟာစာပေ

အမှတ် (၆၃-B)၊ ၅ - လွှာ (A)၊ အင်ကြင်းလမ်း၊ သုဝဏ္ဏ၊
သင်္ဃန်းကျွန်းမြို့နယ် ၊ ရန်ကုန်မြို့။

၀၉ ၄၅၀၆၂၃၃၈၃ ၊ ၀၉ ၄၅၀၆၂၃၃၈၄

sarpaymahar@gmail.com
www.facebook.com/Ma.Har201507

ထုတ်ဝေခြင်း　ပထမအကြိမ်
ဇူလိုင်လ၊ ၂၀၂၀ ခုနှစ်

စောင်ရေ　၁၀၀၀

မျက်နှာဖုံးဒီဇိုင်း　ကျော်မင်းမောင် (၀၉၅၄၀၃၂၈၇)

အတွင်းပန်းချီ　မြတ်မွန် (၀၉၇၉၉၄၂၃၇၈၉)၊ ငနိကြီး

ထုတ်ဝေသူ　သိမ့်သူစိုး (၀၁၂၈၅)

ပုံနှိပ်သူ　ဝင့်ဗိုလ်ဗိုလ်(နန်းသဇင်ပုံနှိပ်တိုက်-၀၀၄၄၁)　၀၉၂၅၀၅၁၃၆၃၆

တာစစ်　ကျော်စိန်ဝင်း

တာအုပ်ချုပ်　KKH (၀၉၂၅၀၄၄၈၈၁၁ ၊ ၀၉၂၆၁၅၅၉၉၉၆)

ဖြန့်ချိရေး　မဟာစာပေ

ဖုန်း -　၀၉၄၅၀၆၂၃၃၈၃ ၊ ၀၉၄၅၀၆၂၃၃၈၄

တန်ဖိုး　၆၀၀၀ ကျပ်

ဝင်းငြိမ်း

လိပ်ပြာကူး ထူးခြားသူများ ၊ ဝင်းငြိမ်း
ရန်ကုန်၊ မဟာစာပေ ၊ ၂၀၂၀
စာ ၄၅၃ ၊ ၂၀.၅ × ၁၂.၅ စင်တီ
(၁) လိပ်ပြာကူး ထူးခြားသူများ

လိပ်ပြာကူး

# ထူးခြားသူများ

မဟာစာပေ ( စာစဉ် - ၅၇ )

# မာတိကာ


| | | |
|---|---|---|
| | ဆရာဦးဝင်းငြိမ်း အမှာစာ | ၇ |
| (၁) | အကယ်ဒမီ မြင့်မြင့်ခင် | ၁၃ |
| (၂) | အကယ်ဒမီ အောင်လွင် | ၄၃ |
| (၃) | အကယ်ဒမီ ဝါဝါဝင်းရွှေ | ၆၇ |
| (၄) | အကယ်ဒမီ အေးအေးသင်း | ၉၃ |
| (၅) | အကယ်ဒမီ ဆွေဇင်ထိုက် | ၁၀၉ |
| (၆) | အကယ်ဒမီ ချိုပြုံး | ၁၃၁ |
| (၇) | အကယ်ဒမီ မေဝင်းမောင် | ၁၄၉ |
| (၈) | အကယ်ဒမီ ခင်သီတာထွန်း | ၁၇၃ |
| (၉) | အကယ်ဒမီ ကျော်သူ | ၁၉၉ |
| (၁၀) | အကယ်ဒမီ နွဲ့နွဲ့စန်း | ၂၂၇ |
| (၁၁) | အကယ်ဒမီ မို့မို့မြင့်အောင် | ၂၃၉ |
| (၁၂) | အကယ်ဒမီ မြင့်မြင့်ခိုင် | ၂၉၇ |
| (၁၃) | အကယ်ဒမီ ရန်အောင် | ၃၂၁ |
| (၁၄) | အကယ်ဒမီ ထွန်းအိန္ဒြာဗို | ၃၄၁ |
| (၁၅) | မေဆွိ | ၃၆၃ |
| (၁၆) | အကယ်ဒမီ မေသန်းနု | ၃၈၃ |
| (၁၇) | အကယ်ဒမီ မေယု | ၃၉၉ |
| (၁၈) | အကယ်ဒမီ စိုးမြတ်သူဇာ | ၄၁၅ |
| (၁၉) | အကယ်ဒမီ ရဲအောင် | ၄၃၅ |
| (၂၀) | မန္တလေး သိန်းဇော် | ၄၅၁ |
| | ကိုယ်ရေးအကျဉ်း | ၄၇၁ |



# လိပ်ပြာကူး ထူးခြားသူများနဲ့
# ကျွန်တော်

သေသေချာချာ စဉ်းစားကြည့်လိုက်တော့ ကျွန်တော့်ဘဝက ခုနစ်ထွေမင်းသားလိုပါပဲ။ သင်ယူထားတဲ့ အတတ်ပညာက စာရင်းနဲ့ပတ်သက်တဲ့ ဝါဏိဇ္ဇဘွဲ့ပါ။ ဒီဘွဲ့ကြောင့်ပဲ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှာ နှစ်ပေါင်း ၃၀ တာဝန်ထမ်းဆောင်ခဲ့ပြီးပါပြီ။ အဲဒီအချိန်အတွင်းမှာပဲ ဗီဇတစ်ခုဖြစ်တဲ့ စာရေးခြင်း၊ ဘာသာပြန်ခြင်း တို့ကို ဖြည့်ဆည်းနိုင်ဖို့ ဆရာ ဦးမြလှိုင်ရဲ့ ပေဖူးလွှာမဂ္ဂဇင်းမှာ စာဖတ်သူများနှင့် တွေ့ဆုံပေးခြင်း ဆိုတဲ့ ကဏ္ဍကို တာဝန်ယူပြီး စာရေးဆရာကြီး ၅၇ ဦးနဲ့ တွေ့ဆုံမေးမြန်းဖြစ်ခဲ့ပါတယ်။ ဒါ့အပြင် ပေါ့ပ်ကဏ္ဍကိုလည်း တာဝန်ယူရတာဆိုတော့ မင်းသား၊ မင်းသမီးများနဲ့ပါ တွေ့ဆုံရင်းနှီးခဲ့ပါတယ်။ စာရေးဆရာကြီးများနဲ့ အင်တာဗျူးကို **ဝင်းငြိမ်းနှင့် စာရေးဆရာများ** ဆိုတဲ့ ခေါင်းစဉ်နဲ့ စုပေါင်းထုတ်ဝေခဲ့ပြီးပါပြီ။

တွေ့ဆုံခဲ့ဖူးတဲ့ အနုပညာရှင် သရုပ်ဆောင်များနဲ့ တွေ့ဆုံတာကိုလည်း ဘဝမှာ မှတ်မှတ်ထင်ထင် မှတ်တမ်းတင်ထားခဲ့ချင်ပါတယ်။ စိတ်ထဲမှာ အဲဒီလို အာသာပြင်းပြင်းရှိနေချိန် ကမာရွတ်မီဒီယာမှ ကိုပဟံသာညိန်းနဲ့ စကားစပ်မိတဲ့အခါ ပြောပြဖြစ်ပါတယ်။ သူက လိုလိုလားလားပဲ၊ သူတို့အဖွဲ့

လိုက်မှတ်တမ်းတင်ပေးပြီး ကမာရွတ်မီဒီယာကနေ အွန်လိုင်းမှာ ထုတ်လွှင့်ပေးမယ်လို့ ဆိုတာကြောင့် ကျွန်တော့်မှာ ရေငတ်နေတုန်း ရေတွင်းထဲ ကျခဲ့ရပါတယ်။ ကျွန်တော် မှတ်တမ်းတင်ခဲ့ချင်တဲ့ သရုပ်ဆောင်ကြီးများကို စကားကမ်းလှမ်းပြီး သူတို့ အားတဲ့နေ့၊ ကမာရွတ်မီဒီယာက ကင်မရာများအားတဲ့နေ့၊ ကျွန်တော် အားတဲ့နေ့ သုံးခုကို တိုက်ဆိုင်ပြီး အင်တာဗျူးတွေ လုပ်ခဲ့ပါတယ်။ ကျွန်တော်လုပ်ချင်သူ အားလုံးနီးပါး လုပ်ဖြစ်ခဲ့တယ်ပဲ ဆိုကြပါစို့။ တချို့ ကျန်ပါသေးတယ်။ ဒါပေမဲ့ ကွေးသောလက် မဆန့်မီ၊ ဆန့်သောလက် မကွေးမီ ကြုံလာနိုင်တဲ့အတွက် လုပ်ပြီးသမျှ သရုပ်ဆောင် ၂၀ တို့နဲ့ ပြောဖြစ်တာတွေကို ဒီစာအုပ်မှာ ဖော်ပြထားပါတယ်။


စာရေးဆရာကြီးများနဲ့ အင်တာဗျူးလုပ်စဉ်ကာလက ကက်ဆက်ပေါ်ပြီဖြစ်လို့ ကိုယ့်ကက်ဆက်နဲ့ကိုယ် အသံသွင်းယူပြီး မှတ်တမ်းတင်နိုင်ခဲ့ပါတယ်။ အခွေပေါင်းများစွာ ကျွန်တော့်မှာ ထုပ်ထုပ်ပိုက်ပိုက် ရှိခဲ့ပါတယ်။ ဒါပေမဲ့ ကက်ဆက်ခွေများက ရာသီဥတုဒဏ်မခံနိုင်တာကြောင့် သတိရလို့ ကြည့်လိုက်တဲ့အခါမှာ မှိုတက်တာက တက်၊ ကပ်တဲ့အခွေက ကပ် နှမြောစရာကောင်းလောက်အောင် ပျက်စီးသွားခဲ့ပါတယ်။ ရုပ်ရှင်အနုပညာရှင်များနဲ့ တွေ့ဆုံရာမှာတော့ ခေတ်မီတိုးတက်လာပြီဖြစ်တဲ့အတွက် အရုပ်ရော၊ အသံကိုပါ ကမာရွတ်မီဒီယာရဲ့ ရုပ်သံကင်မရာများနဲ့ မှတ်တမ်းတင်နိုင်တာဖြစ်လို့ ကိုယ်ပိုင်ကက်ဆက်ကို ကာပြန်ပြီး သူတို့ရိုက်ထားတဲ့ အခွေထဲက အသံရှိတာပဲလို့ အောက်မေ့ခဲ့ပါတယ်။ ဒါပေမဲ့ သူတို့ ထုတ်လွှင့်တဲ့အခါမှာ တည်းဖြတ်ထုတ်လွှင့်တာဖြစ်လို့ ကျွန်တော်တို့ မေးကြဖြေကြတာ အကုန် မပါပါဘူး။ သူတို့စိတ်တိုင်းကျ တည်းဖြတ်ထားတာတွေသာ ထုတ်လွှင့်ခဲ့တာ ဖြစ်ပါတယ်။ အစအဆုံးကတော့ သူတို့ရဲ့ အခွေကြမ်းထဲမှာ ရှိတာပဲလို့ ကျွန်တော်ကလည်း ခပ်ပေါ့ပေါ့ပဲ နေခဲ့ပါတယ်။

**လိပ်ပြာကူး ထူးခြားသူများ** ဆိုတဲ့ ခေါင်းစဉ်ကို စဉ်းစားပေးတာက ဆရာမ နုနုရည်အင်းဝ ဖြစ်ပါတယ်။ သရုပ်ဆောင်ဆိုတာ သူပါဝင်သရုပ်ဆောင်ရတဲ့ ဇာတ်ကောင်နေရာကို ရောက်သွားအောင် စိတ်သွင်း၊ တစ်နည်းအားဖြင့် ပြောရရင် လိပ်ပြာကူးပြီး သရုပ်ဆောင်ရတာဖြစ်တဲ့အတွက် ဆရာမ နုနုရည်အင်းဝရဲ့ ခေါင်းစဉ်ဟာ အင်မတန်လိုက်ဖက်ပါတယ်။ တစ်ယောက်ပြီး တစ်ယောက် အင်တာဗျူးလုပ်ခဲ့တာ သရုပ်ဆောင်ပေါင်း ၂၀ ရှိခဲ့ပါပြီ။ မှတ်တမ်းတင်ခဲ့ချင်တဲ့ သရုပ်ဆောင်တချို့ ကျန်ပါသေးတယ်။ ဒါပေမဲ့

ကျွန်တော့်မှာက လုပ်ချင်တဲ့၊ လုပ်ပေးချင်တဲ့ အလုပ်တွေက များတာကြောင့် ဒီလောက်ဆိုရင် တော်ပြီလို့ ဖြတ်လိုက်ပါတယ်။ ဒီအင်တာဗျူးတွေကို စာရေးဆရာအင်တာဗျူးလို ပေါင်းပြီးရေးမယ် စဉ်းစားတော့ ကျွန်တော့်မှာ မူရင်းအသံမရှိပါဘူး။ ရုပ်မြင်သံကြားအားကိုးနဲ့ အသံဖမ်းမယူခဲ့တာကြောင့် ကမာရွတ်မီဒီယာကို အကူအညီတောင်းရပါတယ်။ သူတို့မှာကလည်း အင်မတန်များပြားလှတဲ့ အလုပ်တာဝန်တွေကြောင့် အခု အမှာစာရေးတဲ့အချိန်အထိ အခွေကြမ်း မရနိုင်ခဲ့ပါဘူး။

လူ့သက်တမ်းဆိုတာ ဘယ်သူမှ ကြိုတင်ခန့်မှန်းမရနိုင်တာကြောင့် ကျွန်တော် လှုပ်ရှားနိုင်သေးတဲ့ ကာလအတွင်းမှာ ဒီစာအုပ်ကို လုပ်ခဲ့ချင်ပါတယ်။ ကိုယ့်လက်ထဲမှာ ဘာမှမရှိပါဘူး။ ဒီတော့ YouTube ကို အားကိုးရပါတယ်။ အားလုံးရပါတယ်။ ဒါပေမဲ့ ဒါတွေက တည်းဖြတ်ပြီးသား အရုပ်တွေ၊ အသံတွေသာ ဖြစ်ပါတယ်။ တကယ်ပြောခဲ့ကြတာတွေ အားလုံးမပါပါဘူး။ အားလုံးမှတ်တမ်းမတင်နိုင်တာက ကျွန်တော့် ပေါ့လျော့မှုကြောင့် ဖြစ်ပါတယ်။ အခုတော့မှ "သူများ နှာခေါင်း အငှားတောင်း အကြောင်းမကောင်းရှင့်" ဆိုတဲ့ စကားကို မှတ်မှတ်ထင်ထင် ဖြစ်ပါတော့တယ်။ ဘာပဲဖြစ်ဖြစ် ကျွန်တော်မှတ်တမ်းတင်နိုင်သရွေ့ကို ကျွန်တော်နဲ့ ကျွန်တော့်မိတ်ဆွေ အနုပညာရှင်များ ပြောခဲ့ကြတာတွေကို စုစည်းဖော်ပြလိုက်ခြင်း ဖြစ်ပါတယ်။ တွေ့ဆုံမေးမြန်းခွင့်ပြုခဲ့တဲ့ အနုပညာရှင်များနဲ့တကွ ခေါင်းစဉ်အသုံးပြုခွင့်ပေးခဲ့တဲ့ ဆရာမ နုနုရည်အင်းဝ၊ ကမာရွတ်မီဒီယာတို့ကို ကျေးဇူးတင်ပါတယ်။

**လေးစားစွာဖြင့်**



**ဝင်းငြိမ်း**



# အကယ်ဒမီ မြင့်မြင့်ခင်

မင်္ဂလာပါခင်ဗျာ။ ဒီနေ့ ကျွန်တော်တို့ Kamayut Media အဖွဲ့နဲ့ **“လိပ်ပြာကူး ထူးခြားသူများ”**ဆိုတဲ့ အစီအစဉ်ကို တင်ဆက်နေတာ ဖြစ်ပါတယ်။

**မင်္ဂလာပါ အန်တီဘေဘီ။**

မင်္ဂလာပါ ကိုဝင်းငြိမ်း။

**အန်တီဘေဘီ ကျွန်တော် ပထမဦးဆုံး သိချင်တာပေါ့နော် ကျွန်တော်တို့ အသက်အရွယ်တောင် မသိဘူးဆိုတော့ ဒီခေတ်ကလေးတွေ သိမှာမဟုတ်တဲ့အတွက် အန်တီဘေဘီမှာ ရုပ်ရှင်မျိုးရိုးမရှိဘဲနဲ့ ဘယ်လိုကြောင့် ရုပ်ရှင်နယ်ထဲ ရောက်လာတာလဲ။**

အဲဒါကတော့ နည်းနည်း မျိုးရိုးတော့မရှိဘူးပေါ့။ မျိုးရိုးလည်း မရှိဘူး၊ ဒါပေမဲ့ ဝါသနာလေးကတော့ နည်းနည်းတော့ ပါတာပေါ့။ အဆက်အသွယ်လည်း မရှိဘူး။ အဆက်အသွယ်မရှိဘဲနဲ့ အန်တီဘေဘီက အခုခေတ် ပြောရရင်တော့ ပရဟိတပေါ့နော်။ ပရဟိတလုပ်တဲ့အခါမှာ အဲဒီမှာ ဟိုတုန်းက Sein Kyun Amulet ဆိုတာ ရှိတယ်။ အဲဒီမှာ အန်တီဘေဘီတို့ အမြဲတမ်းလုပ်အား သွားသွားပေးတယ်။ လုပ်အားသွားသွားပေးတဲ့အချိန်

ကျတော့ အဲဒီမှာ သူတို့က Sein Kyun Amulet အတွက်ကို ရန်ပုံငွေရှာမယ် ဆိုပြီးတော့ ပြဇာတ် လုပ်မယ်ဆိုပြီးတော့ လုပ်တယ်ပေါ့။ အန်တီဘေဘီက ရှင်းရှင်းပြောရရင် အစွန်းအစလေး နည်းနည်းရှိတယ်ပေါ့နော်။ ရှိတော့ အဲဒီကနေပြီးတော့ သူတို့က တခြား မင်းသား မင်းသမီးတွေလည်း မခေါ်ဘူး။ ဒီမှာပါဝင်ပြီး တော့ လုပ်အားပေးတဲ့လူတွေကိုပဲ မင်းသား မင်းသမီး လုပ်ခိုင်းပြီးတော့ ပြဇာတ်တင်တာပေါ့။ "အချစ်ကရုဏာ"ဆိုတဲ့ ပြဇာတ် လုပ်တယ်။ အဲဒီအချိန်မှာ ပြဇာတ်က အပြင်က ဒါရိုက်တာကို ခေါ်ရတာ ပေါ့။ အပြင်က ဒါရိုက်တာက ဘယ်သူလဲဆိုတော့ ဒါရိုက်တာ ဦးအေးမြင့်၊ ကိုဝင်းငြိမ်းတို့ကတော့ မှတ်မိမှာမဟုတ်ဘူး။ သူက ပြဇာတ်ဒါရိုက်တာပေါ့၊ သူ့ကိုခေါ်ပြီးတော့ ပြဇာတ်လုပ်ရတာပေါ့။ လုပ်တဲ့အချိန်မှာ အဲဒီမှာ ပြဇာတ် က က,တဲ့အခါကျမှ ဦးအေးမြင့်က နည်းနည်း အန်တီဘေဘီရဲ့ သရုပ်ဆောင် တာတွေကို သဘောကျသွားတယ်နဲ့ တူပါတယ်။ သူက ပြဇာတ်တွေဘာတွေ က,မလား ဘာညာနဲ့ မေးတာပေါ့လေ။ အန်တီဘေဘီ့နာမည်တ အဲဒီတုန်း က မခင်ကြည်တဲ့။ မခင်ကြည်တဲ့ က,မလားဆိုတော့ အန်တီဘေဘီလည်း စမ်းကြည့်ချင်တာပေါ့လေ။ အဲဒါကနေ စပြီးတော့ ပြဇာတ်က,ဖြစ်လိုက် တာပေါ့။

**ပြဇာတ်က,တာ ဘယ်မှာလဲခင်ဗျ။**

"ဇော်"ရုံမှာ။

**"ဇော်"ရုံဆိုတာ တကယ့် ပရော်ဖက်ရှင်နယ်တွေ က,တဲ့နေတဲ့ ရုံပေါ့နော်။**

ရေကျော်ကပေါ့၊ ရေကျော်မှာပေါ့။ မင်းသား သထုံသန်း၊ မင်းသမီး က ရှယ်လီမြတ်။

**ရှယ်လီမြတ် ကြားဖူးတယ်။**

ကြားဖူးမှာပေါ့။ သူတို့နဲ့ ဇာတ်ရုံလေးသဘောပေါ့။ အဲဒီကနေ စပြီးတော့ ဝါသနာပါသွားတာပေါ့။ အန်တီဘေဘီက ငယ်ငယ်တုန်းက အန်တီဘေဘီမိသားစုက အမေက မုဆိုးမပေါ့။ မုဆိုးမဆိုတော့ သားသမီး ၅ ယောက်ရှိတယ်။ ၅ ယောက်ရှိတဲ့အခါကျတော့ အန်တီဘေဘီက မိဘ ကို သိပ်ပြီးတော့ လုပ်ကိုင်ကျွေးချင်တဲ့ ဆန္ဒရှိတယ်။ တစ်ဖက်တစ်လမ်း ကနေပြီးတော့။ ဘယ်လိုပုံစံနဲ့ လုပ်ကျွေးရပါ့မလဲဆိုပြီးတော့ စဉ်းစားလိုက် တဲ့အခါကျတော့ ဒီလိုလုပ်ရင် ဖြစ်မလားမသိဘူးပေါ့နော် စဉ်းစားလိုက်တဲ့

အခါ အဲဒီမှာ ဦးအေးမြင့်နဲ့ ဆက်သွယ်ပြီး ပြဇာတ်က,တယ်။ ပြဇာတ်က, ရင်းနဲ့ နောက်မှ ရုပ်ရှင်ထဲကို ရောက်သွားတာ။

**ပြဇာတ်ကနေ ရုပ်ရှင်ဘက်ကူးတော့ ဘယ်သူနဲ့ အဆက်အသွယ်...။**

ရုပ်ရှင်ကို ကူးသွားတဲ့အခါကျပြန်တော့လည်း အန်တီဘေဘီက ကျောင်းနေလို့လေ။ အဲဒီတော့ ၆၊ ၇ တန်းပေါ့။ အဲဒီမှာ ဗြိတိသျှဘားမား ကားကြီးက အဲဒီ ဂျပန်စပတ်လောင်ကို အမြဲ မင်းသားကို လာလာကြိုတယ်။ အရင်တုန်းက ရှုတင်ကားတွေဆိုရင် ရုပ်ရှင်ကားကြီးတွေက ကုမ္ပဏီကနေ ကြိုရတယ်။ ကိုယ့်ကားနဲ့ကိုယ် လာနိုင်တာဆိုတာ တော်တော်ရှားတာပေါ့လေ အဲဒီခေတ်တုန်းက။ အဲဒီမှာ ကားလာကြိုလို့ရှိရင် အဲဒီကားကို ထွက်ထွက်ကြည့်ကြတာပေါ့။ မုန့်စားလွှတ်ချိန်ဆိုရင် အဲဒီမှာ မင်းသားတွေ၊ မင်းသမီးတွေပါတယ်ဆို ထွက်ထွက်ကြည့်ကြတာ။ သူတို့ကလည်း လက်ပြ၊ ကိုယ်တွေကလည်း လက်ပြပေါ့။ နည်းနည်းလေး ရင်းနှီးသွားတော့၊ ခင်သွားတော့ မင်းသမီးလုပ်မလားပေါ့။ အန်တီဘေဘီတို့ကို မင်းသမီးလုပ်မလားဆိုတော့ အန်တီဘေဘီက စမ်းကြည့်ချင်တယ်ပေါ့။ သူငယ်ချင်းကိုပြောတော့ သူငယ်ချင်းက သူက အားပေးတဲ့သူပေါ့။ အန်တီဘေဘီက လုပ်မယ်ဆိုပြီးတော့ ရွေးချယ်လိုက်တာ။ အိမ်က လုံးဝ မသိဘူး။ အမေက လုံးဝမသိဘူး။ အန်တီဘေဘီအမေက မုဆိုးမကြီး။ အသက်က ငယ်ငယ်ပဲရှိသေးတာဆိုတော့။ လုပ်မယ်ဆို၊ နေဦး ငါတို့ကုမ္ပဏီကို ပြောကြည့်ဦးမယ်ဆိုလည်းဆိုရော။ အဲဒါလည်း လာလည်းခေါ်တော့ အန်တီဘေဘီက ယူနီဖောင်း ကျူးနစ်ကလေးနဲ့ပဲ။ ဟိုကျရောက် ဖလင်တက်စ်တွေဘာတွေရိုက်တာ။ အဲဒီပုံလေးတွေတောင် အန်တီဆီမှာ ရှိသေးတယ်။ အန်တီက မင်းသမီး တင်တင်မူကို သိပ်ကြိုက်တာ။ တင်တင်မူက နေပြီးတော့ စီနီယာဖြစ်တာပေါ့။ လာခေါ်မယ်တဲ့၊ နင် မုန့်စားလွှတ်ချိန်ကျရင် နင်တို့ လစ်လာကြတဲ့။ ဆိုတော့ အန်တီတို့က သူငယ်ချင်းနဲ့ ဘရိတ်နားတဲ့အချိန် လစ်သွားကြတာ။ ဟိုလည်း ရောက်ရော တင်တင်မူ့ အင်္ကျီ၊ ဟိုတုန်းက ကုမ္ပဏီမှာထားတာလေ အဝတ်အစားတွေ၊ ကုမ္ပဏီက ချုပ်ပေးတာ အကုန်လုံး။ ဆိုတော့ တင်တင်မူအင်္ကျီတွေ ဘာတွေ Fit ပဲ တစ်ခါတည်းပဲ။ တစ်ခါတည်း အခုခေတ်မော်ဒယ်လ်ပဲ။ မော်ဒယ်လ်လို လမ်းတွေဘာတွေလျှောက်။ နောက်တော့ ဦးအောင်ကြီးကလည်း ကားရိုက်တော့မယ်ဆိုတော့ မင်းသားရဲ့ ညီမလေးအခန်းကနေ ထည့်

ပေးမယ်ဆိုပြီးတော့ ခေါ်တာ။

တော်တော်လေးကို အဲဒါ ကျောင်းကနေ လစ်လစ်ပြီးရိုက်နေတာ အိမ်က အမေက လုံးဝမသိဘူး။ လုံးဝမသိတဲ့အခါကျတော့ ကြော်ငြာထွက်လာ၊ အဲဒါလည်း မြင့်မြင့်ခင်ဆိုတာ ဒါရိုက်တာ ဦးအေးမြင့်က ပေးလိုက်တာ မြင့်မြင့်ခင်ဆိုတာ။ အန်တီဘေဘီက မခင်ကြည်၊ သူက ဦးအေးမြင့်ဆိုပြီး တော့ သူက မြင့်မြင့်ခင် ဆိုပြီးတော့ ပေးလိုက်တာ။ ကြော်ငြာထွက်လာ တော့ အန်တီဘေဘီ့အမေက ကြည့်နေတာ။ ဟဲ့ မိဘေဘီ နင်နဲ့တူလိုက်တာ။ ညာနေသေးတာပဲ၊ ညာနေသေးတာ။ အဲလိုပဲ ညာနေရင်းနဲ့ နောက်ဆုံး မရတော့ဘူး။ မရတော့တဲ့အချိန်ကျတော့မှ အဘိုးကြီးက သိသွားတာပေါ့။ ဦးညွန့်ကြီးက သိသွားတော့ အဲဒါ အမေကလည်း သိတော့ ငိုတာပေါ့။ မုဆိုးမဆိုတာ၊ နောက်သားသမီးလည်းဖြစ်တယ်၊ နောက်ပြီးတော့ ဒီလောက မှာ ဒီလိုပေါ့နော် အနုပညာသမားတွေကို ဟိုတုန်းက အထင်မကြီးကြဘူး၊ ကြားဖူးမှာပါ။ ဖက်ခွက်စား ဘာညာဆိုပြီးတော့။ အစ်ကိုအကြီးကဆို ရှက်လို့ဆိုပြီးတော့ စစ်ထဲဝင်သွားတာ။ တော်တော်ရှည်တယ် ပြောရရင်တော့ ရှက်လို့ဆို ပြီးတော့။ သူငယ်ချင်းတွေက မင်းညီမက ဘာပဲညာပဲဆိုပြီးတော့ ရှက်ပြီးတော့ သူကလည်း ၁၉ နှစ်သားလောက်ပဲ ရှိဦးမှာကိုး။ ကိုယ် ၁၄, ၁၅ နှစ်ဆိုတော့။ အဲဒီမှာ ဦးမျိုးက ခင်ဗျားတို့ ဘယ်လိုမှ စိတ်ထဲမအောက်မေ့ပါနဲ့။ ကျွန်တော်တို့ ဒါကြီးကလည်း ရိုက်လက်စဖြစ်နေပြီ။ ဖြစ်နေတဲ့အတွက် ဒါကို ဆက်ရိုက်မယ်၊ ကလေးကိုလည်း မေးကြည့်ပါ။ အန်တီဘေဘီက လည်းလေ လုံးဝ ကျောင်းမနေချင်တော့ဘူး သိလား။ ဒီကပိုက်ဆံရရင် အမေကို ပေးမယ်ဆိုတဲ့စိတ်က၊ အမေကို တစ်ဖက်တစ်လမ်းက၊ အမေဒုက္ခရောက်တော့ တစ်ဖက်တစ်လမ်းက ကူညီချင်တယ်ဆိုပြီးတော့ အန်တီက အဲဒီလိုလုပ်လိုက်တာ။ လုပ်လိုက်တဲ့အခါကျတော့ အဘိုးကြီးက သမီး ကျောင်းဆက်နေချင်ရင်နေ၊ ဇာတ်လမ်း ကြိုက်တဲ့အခါ ထည့်ရိုက်မယ်။ မဟုတ်ဘူး၊ ရိုက်မယ်ပဲ။ ရိုက်မယ်ဆိုပြီးတော့ ပထမဆုံး အန်တီဘေဘီတို့ကိုပေးတာ ၅၀၀ ပဲ။

**အဲဒီတုန်းက ၅၀၀ က နည်းတာမှမဟုတ်ဘဲ။ အဲဒါ ဘယ်နှခုနှစ်လောက်ကလဲ။**

ဒီ ၅၀၀ ကို ဘာတွေလုပ်ရမှန်းကို မသိတော့ဘူး။ အမေ့ကို တစ်ခါတည်း အမေကလည်း ဝမ်းသာ ဝမ်းနည်းကြီးပေါ့နော် အဲလိုဖြစ်တာ။

အဲတော့ အမေ့ကို အဲလိုပဲ လုပ်ကျွေးချင်တာ။ ဟိုတုန်းကဆိုရင် ၇ တန်း အောင်လို့ရှိရင် စာရေးမတွေဘာတွေ လုပ်လို့ရတယ်။ အသက်ကတော့ ငယ်ပေမဲ့၊ ဒါပေမဲ့ ၇ တန်း မအောင်ဘူးလေ။ ၆ တန်းနဲ့ ၇ တန်းကြားမှာ ဖြစ်သွားတာဆိုတော့။

**အန်တီဘေဘီ အဲဒါ ရိုက်တာ အသံတိတ်လား။**

အသံတိတ်ပေါ့။

**ဘာကားလဲ မသိဘူး။**

**မာယာရှင်**။ ဒါရိုက်တာ ဦးအောင်ကြီး။ ပထမဆုံး ဆက်သွယ်ပေးတာကတော့ ကိုကျော်ဖေပေါ့။ အန်တီဘေဘီနဲ့ တွဲတဲ့မင်းသားက ရဲမြင့်။ ကိုကျော်ဖေနဲ့ တွဲတာက ခင်ခင်တင့်။

**ဒါ ပထမဆုံးကား ဖြစ်သွားတာပေါ့။ အန်တီဘေဘီ အဲဒီမှာ အသက်ဘယ်လောက်လောက်ရှိပြီလဲ။**

၁၅ နှစ်ပဲ ရှိသေးတယ်။

**၁၅ နှစ်နဲ့ ရုပ်ရှင်မင်းသမီးဖြစ်သွားတာပေါ့။**

၁၅ နှစ်နဲ့ မင်းသမီးဖြစ်ပြီးတော့ အိုက်တင်လည်း မလုပ်တတ်ဘူး။ မလုပ်တတ်ဘူးဆိုတာက သဘောမပေါက်တတ်ဘူးပေါ့နော်။ ဒါရိုက်တာပြရင် ပြသလောက်ပဲ လုပ်တတ်တယ်၊ ပိုမလုပ်တတ်ဘူးပေါ့။

**ကိုယ့်ဟာကိုယ် မထည့်တတ်သေးဘူးပေါ့။**

မထည့်တတ်ဘူး၊ ငိုဆို ငိုလိုက်တာပဲ။ ပရုပ်ဆီလေးထည့်ပြီး ဒီလိုထည့်ငိုဆို အဲလိုငိုလိုက်တာပဲ။ မှန်တွေကိုထိုး မှန်တွေကို မျက်စိကိုတည့်တည့်ထိုး။ အဲဒီက မျက်ရည်တွေကျတော့ အဲလိုဟာမျိုးတွေ။ ဒါ တဖြည်းဖြည်းနဲ့တော့ အလုပ်ကနေ သင်သွားတာပေါ့လေ အဲလိုဖြစ်အောင်။ အမှန်ကတော့ အမေကို အရမ်းကူညီချင်စိတ်၊ လုပ်ကျွေးချင်တဲ့စိတ်။ အဲဒါကြောင့်လည်း အခုအချိန်ထိ အန်တီဘေဘီ အောင်မြင်နေတယ်လို့ ထင်တာပဲပေါ့နော်။ အမေကိုလုပ်ကျွေးတဲ့ ကျေးဇူးကြောင့်ပေါ့နော်။ အမေက အသက်တော်တော် ငယ်တာ မုဆိုးမဖြစ်တော့ အဲဒါကြောင့်။

ရွှေပြည်စိုး ရုပ်ရှင်ကလားမသိဘူး၊ တော်တော်လည်း ကြာပြီဆိုတော့ ရွှေမန်း ဦးထွန်းတင့်ပေါ့၊ မင်းသား ကာယဗလမောင်။ ကိုဇေယျကြီး ရှေ့ထက် သူက စောတယ်။ ကိုဇေယျကြီးက နောက်ကျတယ်။ အဲဒါက **အနိုင်မခံသူဆိုတဲ့ကား**။ အနိုင်မခံသူ ရိုက်ဖူးတယ်၊ နောက်ပြီးတော့ **တော**

**ပုန်းကြီး** စံဖဲတို့ဘာတို့ဆိုလည်း...။

**အားလုံး ဘယ်နကားလောက် ရိုက်ခဲ့လဲ အသံတိတ်။**

အန်တီဘေဘီ အသံတိတ်က ပျဉ်းမျှခြင်းဆိုလို့ရှိရင် ၄,၅,၁၀ ကားလောက်တော့ ရိုက်ဖြစ်မယ်နဲ့တူတယ်။ စပ်ကူးပေါ့၊ အသံထွက်နဲ့ အသံတိတ်။ အန်တီဘေဘီတို့က အသံထုတ်သွင်းနဲ့လည်း ရိုက်ဖူးတယ်။ အသံထုတ်သွင်းက ကိုကျော်ဆွေနဲ့ ပထမဦးဆုံး **သက်ပြင်းနဲ့ စံရှား** ဆိုတာ။

**"သက်ပြင်းနဲ့စံရှား" ကျွန်တော်တို့ ကြားဖူးတယ်။**

ကြားဖူးလား။ ဒါရိုက်တာ တက္ကသိုလ်ဝင်းဖေ၊ ကိုဝင်းဖေ မဟုတ်ဘူး။ တက္ကသိုလ်ဝင်းဖေက အသားမည်းမည်းနဲ့ ပုပု။

**ပြည်တန်တဲ့ ကျည်ဆန်။**

ဟုတ်တယ်၊ ဟုတ်တယ် **ပြည်တန်တဲ့ကျည်ဆန်** ရိုက်တဲ့ ဒါရိုက်တာ။ အဲဒါ အသံစုံသွင်း။ အဲဒါ ကိုကျော်ဆွေ နှစ်ကိုယ်ခွဲ။

**အဲဒီခေတ်မှာကို နှစ်ကိုယ်ခွဲတွေ ရိုက်ပြီနော်။**

ဟုတ်တယ်၊ နှစ်ကိုယ်ခွဲရိုက်ပြီ။

**အဲဒီ အသံစုံသွင်းခေတ် ရောက်ပြီးတဲ့နောက်မှာ အသံထွက်က ဘယ်အချိန်မှာ ပြောင်းသွားတာလဲ။**

အသံထွက်က အန်တီဘေဘီ ပထမဆုံးရိုက်တာက **မြဲတဲ့သစ္စာ**။

**"မြဲတဲ့သစ္စာ" ကျွန်တော်ကြည့်ဖူးတယ်။ လင်ဖုံးမို သီချင်းဆိုတာ။ အန်တီဘေဘီနဲ့ ဒေါ်မေသစ်နဲ့၊ ဇေယျာနဲ့ အေးကြူနဲ့။ သူတို့က ညီအစ်ကိုနှစ်ယောက်၊ ဒီက ညီအစ်မနှစ်ယောက်။ တောက မိန်းကလေးတွေ။ အန်တီဘေဘီက ယောကျ်ားလေးလို ဝတ်ပြီးတော့ ဒေါ်မေသစ်က မိန်းကလေးဝတ်တာ အဲဒီကားကျတော့။**

အဲဒါ ကြည့်ဖူးလိုက်တယ်ပေါ့။

**အဲဒါကြည့်ဖူးတယ်၊ မှတ်မိတယ် ကျွန်တော်။ အဲဒီကားကို လုံးဝ မှတ်မိတယ်။ ကျွန်တော် "ချစ်ညီမ"ကို ကောင်းကောင်းမမှတ်မိဘူး။ ကျွန်တော် ငယ်လည်း ငယ်သေးတယ်။ "ချစ်ညီမ"ကို သိပ်မမှတ်မိဘူး။**

**ချစ်ညီမ** က အခုရှိမယ်ဆိုရင် ၂၈ နှစ်၊ **ချစ်ညီမ** ရိုက်တော့ ၂၂ နှစ်ပဲရှိသေးတာကို။

**ကျွန်တော် မှတ်မိတဲ့ကားဆိုရင် "ဖြေလျှော့ခွေ"။**

ဖြေလျှော့ခွေ က ချစ်ညီမ နဲ့ သိပ်မကွာဘူး။

**ဒါပေမဲ့ "ဖြေလျှော့ခွေ"ကို ကျွန်တော် မှတ်မိတယ်။ ဘာကို မှတ်မိလဲဆိုတော့ အန်တီဘောဘီ "*ရောဝတီ*"သီချင်းဆိုတာ။**

"*မြစ်ကြီးရောဝတီ*" သဘော်ာပေါ်မှာ။

**"*မြစ်ကြီးရောဝတီ*"ကို တကယ် ရောဝတီထဲမှာ သွားရိုက်ထားတာလား သို့တည်းမဟုတ် စတူဒီယိုက ကန်မှာ ရိုက်တာလား။**

စတူဒီယိုက ကန်မှာ ရိုက်တာ။

**ဒါပေမဲ့လို့ တကယ့်ကို ရောဝတီမြစ်ထဲမှာ ရိုက်သလိုပုံစံ။**

တကယ့်ကို ရိုက်ထားသလို ပုံစံဖြစ်တယ်။

**လကလည်း သာနေတယ်။**

ဒါက ကင်မရာမင်း ဂိုက်ကြည့်တော်တာပေါ့။

အန်တီဘောဘီတို့က သဘော်ာဦးပိုင်းလေးလုပ်ထားတယ်ပေါ့။ သဘော်ာဦးပိုင်းလေးပဲ လုပ်ထားပြီးတော့ တန်းကလေးနဲ့၊ အဲဒီတန်းလေးမှာ မှီပြီးတော့ အဲဒီအောက်က ရေကန်လေးလုပ်ထားတယ်။ အဲဒီရေကန်လေးက နေ မီးထိုးပြီးတော့ လှိုင်းလေးတွေ၊ နောက်ပြီးတော့ မျက်နှာလေးကို တစ်လှည့်စီရိုက်တယ်။ အဲဒီမှာ ရောဝတီဆိုပြီး။

**အဲဒီသီချင်းက ရုပ်ရှင်ထဲမှာတင်မဟုတ်ဘူး အပြင်မှာလည်း ပေါက်တယ်။**

ဒါပေမဲ့ ပြန်ဆိုတဲ့လူက နည်းတယ်။ သိပ်မဆိုဘူး။

**အန်တီဘောဘီ ဆိုခဲ့တာပဲရှိတယ်။**

ဟုတ်တယ်။

**မန္တလေးရုပ်ရှင်က "ဤလူ့ဘောင်တွင်"။ "ဤလူ့ဘောင်တွင်" လည်း အရမ်းကောင်းတဲ့ကား။ ဇာတ်လည်းကောင်းတယ်၊ အန်တီဘောဘီတို့ သရုပ်ဆောင်ချက်တွေလည်း ကောင်းတယ်။**

နောက်ပြီးတော့ စင်နီမာစကုတ်လေ။

**စင်နီမာစကုတ် ဟုတ်တယ်။ မန္တလေးရုပ်ရှင်က ရိုက်ပြီဆို စင်နီမာစကုတ်ကို ရိုက်တယ်။ ဦးမောင်မောင်တာနဲ့....။**

အဲဒီတော့ မန္တလေးရုပ်ရှင်က လူတွေကလည်း အရမ်းသိပ်ပြီး အားတက်နေတဲ့အချိန်လေ။ သူတို့တွေကလည်း ရှယ်ယာဝင်လူတွေခေါ်ပြီး

တော့ တကယ့်သူဌေးတွေ ဦးသန့်တို့၊ ဦးအေးမောင်၊ ကိုကျော်ဝင်းတို့၊ ကိုကျော်မင်းတို့။

**အဲဒီထဲကပဲ ကျွန်တော်မှတ်မိတာ သီချင်းရှိသေးတယ် "စန္ဒာ"။**

"စန္ဒာ"၊ အဲဒီသီချင်းလည်း ပြန် သိပ်မဆိုကြဘူး။

**ဟုတ်တယ် သိပ်မဆိုကြဘူး။ "စန္ဒာ" ကျွန်တော်မှတ်မိတယ်။ အဲဒီဟာကလည်း လသာနေတဲ့အချိန်ပဲ။ တံတားလေးတစ်ခုပေါ်မှာ။**

အဲဒါလည်း စတူဒီယိုမှာပဲ တံတားလေးနဲ့ ခုံးလေးနဲ့။ မန္တလေးရုပ်ရှင် သူတို့ခြံထဲမှာသူတို့ လုပ်ထားတာ။ သူတို့က တစ်ခါတည်း ခြံခွင်ကြီးကို ဝယ်ပြီးတော့ စတူဒီယို ဆောက်ဖြစ်လိုက်တာပေါ့။

**နှင်းဆီခြံဘက်မှာဆိုတော့ ခြံကျယ်ကြီးဝယ်ထားလိုက်တာကို။**

မန္တလေးရုပ်ရှင်ရယ်၊ ရွှေမန်းရုပ်ရှင် နှင်းဆီခြံဘက်မှာ သူတို့ စတူဒီယိုတွေနဲ့ လုပ်ကြတာ။

**နောက် အဲဒီမှာပဲ နာမည်ကြီးတာ ရှိသေးတယ်လေ။ "ရွှေမန်းဆီသို့"။**

အဲဒါက Title ပေါ့။

**"ရွှေမန်းဆီသို့"က ကားထဲမှာ အန်တီဘေဘီ ဆိုတာလား၊ မစိမ်းစိမ်း ဆိုတာလား။**

အန်တီဘေဘီ ဆိုတာ။

**နောက် ဓာတ်ပြားသွင်းတော့...။**

အဲဒါက မစိမ်းစိမ်းသွင်းတာ။

**အန်တီဘေဘီက အဲဒီလိုမျိုးပေါ့၊ ကားထဲမှာဆိုပြီးတော့ အပြင်မှာ ဓာတ်ပြားသွင်းတော့ သူများသွင်းသွားတာတွေရှိတယ်။ ဥပမာ ဒေါ်မာမာအေး နာမည်ကြီးတဲ့ "ချစ်သူ့နယ်မြေ"။ "ချစ်သူ့နယ်မြေ"က အန်တီဘေဘီ စ,ဆိုခဲ့တာ "ရေစီးတစ်ခါ ရေသာတစ်လှည့်"။ "ရေစီးတစ်ခါ ရေသာတစ်လှည့်"က ဦးထွန်းဝေနဲ့ ကျွန်တော်မှတ်မိတယ်။**

ဟုတ်တယ်။

**အဲဒီကားမှာ ဆိုခဲ့တာမလား။**

ဟုတ်တယ်။ နောက်ပြီးတော့ အန်တီဘေဘီဆိုခဲ့တဲ့ **သက်လည်** ဇာတ်ကားထဲက **ချစ်စိတ်ရှည်**။

**"ချစ်စိတ်ရှည်"က နောက်ကျတော့ ဒေါ်ကြည်ကြည်ဌေးနဲ့**

**သီချင်းသွင်းဖြစ်သွားတယ်။**

ဟုတ်တယ်။ အဲဒီတုန်းက အန်တီဘေဘီက ရှင်းရှင်းပြောရရင် ကိုခင်မောင်က အန်တီဘေဘီကို အဆိုနုသေးတယ်ပေါ့။ အဆိုနုသေးတယ် ဆိုတော့ ဓာတ်ပြားကော်မရှင်ကိုကျတော့ အန်တီ့မှာ မရှိဘူးလေ။ ရုပ်ရှင် ကားအနေနဲ့ပဲ သုံးထားတာ။ ရုပ်ရှင်ကားထဲကျတော့ အိုက်တင်လည်း လုပ်ရတယ်၊ သီချင်းလည်း ဆိုရတယ်ဆိုတော့ ဒါဖီလင်တစ်မျိုးနဲ့ ဆိုရတာ ဆိုတော့ ရတယ်။ ဟိုကော်မရှင်ကိုကျတော့ တကယ့် အပီဆိုရတော့မှာ လေ။ အဲဒီမှာ အန်တီ **ချစ်စိတ်ရည်** မဆိုရဘူး။ နောက်ပြီးတော့ **ရွှေမန်း ဆီသို့**လည်း ဒီလိုပဲ။ **ရွှေမန်းဆီသို့**ကျတော့ အန်တီက စာချုပ်တော့မရှိ ဘူး။ ဒါပေမဲ့ ဦးဘသိန်းကြီးက သူ့တပည့်ဖြစ်လိမ့်မယ်ပေါ့နော်။ တပည့်ဖြစ် တော့ ဓာတ်ပြားသွင်းတော့ မစိမ်းစိမ်းကိုခေါ်သွင်းတယ်။ အမှန်က အန်တီ့ သီချင်းက Title Soung. Opening ဟုတ်တယ်မလား။

**ဘုရားတက်လာပြီးတော့ ဆင်းလာပြီးတော့ အန်တီဘေဘီ ဆွဲခြင်းကြီးနဲ့လေ။ ကိုမောင်မောင်တာက ကားမောင်းထွက်တော့ ရှုံ့တွေစင်လို့ ပါးရိုက်တာ ကျွန်တော် မှတ်မိတယ်။ အဲဒါကလည်း နှစ်ပုဒ်စလုံးပေါက်တဲ့ သီချင်း။ "ရွှေမန်းဆီသို့"၊ "စန္ဒာ"။**

အဲဒါကလည်း ရှင်းရှင်းပြောရရင် နှစ်ပုဒ်လုံး ပေါက်တဲ့သီချင်း။ ဦးဘသိန်း ရေးတာပဲ။

**ကောင်းတယ်။ အဲဒီသီချင်းလေးကလည်း ကောင်းတယ်။ ဒါပေ မဲ့ အခုပြန်ဆိုသူ တအားနည်းသွားပြီပေါ့။**

နည်းတယ်၊ မဆိုဖြစ်ဘူး။ အန်တီဘေဘီ့သမီး ကိုယ်တိုင်တောင် အဲဒီသီချင်းကို မဆိုဖြစ်ဘူး။

**အဲဒီကားတွေအပြင် ကျွန်တော် နောက်ပိုင်း မှတ်မိတာကတော့ "မှတစ်ပါး အခြားမရှိ" အန်တီဘေဘီ အကယ်ဒမီရတဲ့ကား။ အဲဒီကား ဆိုရင်လည်း အန်တီဘေဘီ သရုပ်ဆောင်သွားတာ ဆရာမ မိုးမိုးရဲ့ ဝတ္ထုကို ရိုက်တာ။ ကိုစိမ်းအောင် အကယ်ဒမီရတယ်၊ အန်တီဘေဘီ လည်း ရတယ်။ သူက တကယ်တမ်းကျ ကိုစိမ်းအောင်က ဒါရိုက်တာ နော်။ ဒါရိုက်တာပေမဲ့ ဒီကားမှာ Actor ဝင်လုပ်လိုက်တယ်။**

သူ့ကို အဲဒီမှာ ဆိုးပေတို့၊ မောင်မဲတို့က ခေါ်ထည့် ရိုက်လိုက်တာ။ သူ့ပုံကြီးကို ကြည့်ပြီးတော့ သဘောကျပြီး သူ အဲဒီမှာ Actor ဖြစ်သွားတာ။

**အဲဒီမှာ အန်တီဘေဘီရော ကိုစိမ်းအောင်ရော အကယ်ဒမီရကြတယ်။**

ဟုတ်တယ်။

**အဲဒီလိုကားမျိုးတွေပေါ့နော်။ ဝတ္ထုဖတ်တဲ့လူ နည်းသွားတာလား ဘာလားတော့ မသိဘူး။ အဲဒီလိုကားမျိုးတွေ မထွက်တော့ဘူး။**

ဟုတ်တယ်။ ဝတ္ထုတွေက ထွက်မှမလာတော့ဘဲ။ ဝတ္ထုတွေကလည်း အခု ပေါ်ပင်လိုဟာမျိုးတွေပဲ ထွက်လာတာလေ။ လူတွေက ဖတ်အားလျော့သွားတဲ့အခါကျတော့ အန်တီဘေဘီတို့ ဟိုတုန်းကဆို **မွေး** တို့ဘာတို့ တအားကောင်းတာ။

**"မွေး"ဆိုလို့ "မွေး"အကြောင်း ကျွန်တော်ပြောဦးမယ်။ "မွေး"ကို အန်တီဘေဘီတို့ မဒရပ် မှာ သွားရိုက်တာနော်။ ဒေါ်ခင်နှင်းယုဝတ္ထု။ မဒရပ်မှာ၊ ဟိုတုန်းက မြန်မာပြည်မှာ တီဘီရောဂါကို ကုနိုင်တဲ့နေရာ မရှိသေးဘူး။ ဟိုတုန်းက တီဘီဖြစ်ပြီဆိုလို့ရှိရင် မဒရပ်မှာ သွားကုရတယ်။ အဲဒီတော့ ဒေါ်ခင်နှင်းယုက သူ့ဇာတ်ကောင် "မွေး"ကိုလည်း မဒရပ်ကို ပို့လိုက်တယ်။ မဒရပ်ကို ပို့လိုက်တော့ အန်တီဘေဘီတို့ မဒရပ်သွားရိုက်ရတယ်။ သွားရိုက်တဲ့အခါ အန်တီဘေဘီတို့ ဒုက္ခရောက်တယ်လို့ ပြောတယ်။**

ဟိုမှာ အကုန်လုံး ပြန်ငှားရတာလေ။ အကုန်လုံး စက်အဖွဲ့တွေရော ဘာတွေရော မဒရပ်မှာ ငှားရတယ်။ ငှားတဲ့အခါကျတော့ သူတို့တွေက အန်တီဘေဘီတို့ ဒီမှာသုံးတဲ့ ဖလင်တွေ ဘာတွေ မသုံးဘူး။ သူတို့ဖလင်နဲ့၊ သူတို့ကင်မရာနဲ့ သူတို့ဆိုတော့ ကြားထဲမှာ ကိုညွန့်က တော်တော်လေးကို စေ့စပ်ရတာပေါ့။ လာပြီးတော့မှလည်း မပြန်ချင်ကြတော့ဘူးလေ။ အဲဒီလိုဟာမျိုးလေးတွေတော့ ရှိတယ်။ နောက်ပြီးတော့ တချို့နေရာတွေကျတော့ လျှောက်ရတယ်လေ။ အခု အန်တီဘေဘီတို့လို မြို့တော်ခန်းမတို့ ရိုက်မယ်ဘာညာနဲ့ဆိုရင် ကြိုပြီးတော့ လျှောက်ရတယ်။ အန်တီဘေဘီတို့လို အဲဒါတွေ မရှိဘူး။ မရှိတဲ့အခါကျတော့ ခိုးရိုက်ရတာပေါ့။ ခိုးရိုက်တော့ ဒီကင်မရာခရူတွေနဲ့ နည်းနည်းညှိရတာပေါ့ သူတို့တွေကို။ အန်တီဘေဘီတို့ကလည်း သူတို့မသိအောင် သူတို့က ကင်မရာနဲ့ ကားထဲကနေ နေပေါ့။ မိတာနဲ့ ပြဿနာဖြစ်မှာလေ အဲလိုပေါ့။ မဒရပ်လိုနေရာမျိုး လာတယ်ဆို သူတို့ဆီက အထင်ကရနေရာတွေကိုလည်း ထည့်ပြမှလည်း ဖြစ်မှာလေ။ အဲဒါလေးတွေ

ကသီတယ်။ သွားနေတဲ့အချိန်မှာ တစ်ခါ ဘာဖြစ်လို့လဲမသိဘူး သူတို့ ရုံးပိတ်ရက်နဲ့လည်း ဆုံတဲ့အခါကျတော့ တော်တော်လေး ကသီလင်တလေး ဖြစ်သွားတယ်။ ကိုကျော်ဆွေကလည်း စိတ်တွေဆိုး၊ ဒီတစ်ချိကို ပြန်ပြန်ပြီးတော့။ ဦးရဲမြင့်တို့၊ ဦးကျော်စိုးတို့ သူတို့တွေက ရှယ်ယာဝင်တွေနဲ့တူပါတယ် သူတို့တွေ ပြန်ကြီးဘာကြီးတွေဆိုတော့။ အန်တီဘေဘီတို့ လင်မယား တွေ့ရင်လည်း သူက မနာလိုဘူး နင်တို့။ မနာလိုမဖြစ်နဲ့ ဘေဘီကတော့ စိတ်မကောင်းဘူး။ ဘာလို့ဆို ဘေဘီ့ ယောကျ်ားပါတာ အားတော့ရှိတယ်။ ဒါပေမဲ့ ဘေဘီက မိန်းမချင်းဆိုတော့ တိုင်ပင်ဖော် တိုင်ပင်ဖက်ဆိုတော့ အဲဒီလိုလေးတွေ ကသီလင်တဖြစ်တယ်။ နောက်ပြီးတော့ အန်တီဘေဘီက မဒရပ် ရောက်တော့ ဗုဒ္ဓဂါယာသွားချင်တာပေါ့။ သူကလည်း မြန်မာပြည်မှာ အမှုတွေချိန်းထားတယ် မနေဘူး၊ ပြီးတယ်ဆိုပြန်မယ်။ ဟိုကလူတွေကလည်း ဟာ မောင်ညွှန့်ရယ် နေပါကွာ၊ မင်းမိန်းမ ဒီလောက်။ အန်တီဘေဘီက ငိုတာ သိလား။ အန်တီဘေဘီ့စိတ်ထဲမှာ ဘုရားဆိုတာ ဖူးထိုက်မှ ဖူးရတယ်ဆိုတာ ယုံသွားတယ် အန်တီဘေဘီ။ ရောက်လျက်နဲ့ မဖူးလိုက်ရဘူး။ ဒါပေမဲ့ အန်တီဘေဘီ သမီးနဲ့ အင်္ဂလန်ကို သွားတဲ့အချိန်ကျတော့ မဒရပ်ကို ရောက်သွားတယ်၊ ဘုရားကိုသွားဖူးတယ်။ အဲဒီအခါကျတော့ ပြန်သတိရသွားတယ် ယောကျ်ားကိုလေ။ သြော် ဟိုတုန်းက အတူတူဖူးရမယ့်ဟာ အခု။ ဘုရားဆိုတာ ဖူးထိုက်မှ ဖူးရတယ်ဆိုတာ အရမ်းယုံကြည်သွားတယ်။

**အဲဒီလိုဘဝထဲကနေ "မွေး"ကို ရိုက်တဲ့ခေတ်တုန်းက ဦးချစ်ခင်နဲ့ရိုက်တာ။ အဲဒီလို ခေတ်တုန်းကတောင်မှ နိုင်ငံခြားသွားပြီး ကျွန်တော်တို့ ရိုက်နိုင်သေးတယ်။ အော်ဖစ်ရှယ်လီ ဖြစ်တာ မဖြစ်တာတော့ ဘေးချိတ်ထားပေါ့။ အခု ကျွန်တော်တို့ကားတွေဆိုလည်း ကိုသက်တို့ ထုတ်တဲ့ TT & DOUNT တို့ဘာတို့ဆို နိုင်ငံခြားမှာ သွားရိုက်နေကြတာ ရှိပါတယ်။ Bangkok to Mandalay တို့ဆိုရင်လည်း နိုင်ငံခြားနဲ့ ဆက်စပ်ပြီးတော့ ရိုက်တာရှိပါတယ်။ အဲဒီတော့ အန်တီဘေဘီ ကျွန်တော်တစ်ခု သိချင်တာရှိတယ်။ ကိုယ်က ဒီဇာတ်ကားထဲမှာ ရောက်သွားပြီဆိုလို့ရင် မြင့်မြင့်ခင်မဟုတ်တော့ဘဲနဲ့ ဇာတ်ကောင်ရဲ့ စရိုက်ကိုဖြစ်သွားအောင် အန်တီဘေဘီ စိတ်သွင်းရပြီ။ အဲဒီအခါကျတော့ အိမ်မှာ ပြဿနာတစ်ခု ရှိချင်လည်း ရှိမယ်၊ အန်ကယ်နဲ့ စကားများခဲ့တာ ဖြစ်ချင်လည်းဖြစ်**

**မယ်၊ မဆွေကို ပြောမရလို့ စိတ်ရှုပ်တဲ့အခါလည်း ဖြစ်ချင်ဖြစ်မယ်။ သို့သော် အွန်ဆင်းနဲ ရောက်သွားပြီဆိုရင်တော့...။**

မရှိတော့ဘူး။

**မရှိတော့ဘူး။ အဲဒါကို အန်တီဘေဘီ ဘယ်လိုများ စိတ်ပြောင်းယူလဲ။**

အန်တီဘေဘီကလေ မွေး ဇာတ်ကားဆိုလို့ရှိရင် တစ်အုပ်လုံးလိုလို အန်တီဘေဘီက ကျေနေပြီ။ အန်တီဘေဘီ ဒီနေ့ရိုက်မယ့် ဆင်းနဲကို အန်တီဘေဘီကို ပြင်ဆင်လိုက်ဆို စာမျက်နှာ ဘယ်နားရောက်နေပြီဆိုတာကို အန်တီဘေဘီသိတယ်။ အဲဒီလောက်ကို အန်တီဘေဘီတို့က ကျေတယ်။ အဲဒီတော့ နောက်ပိုင်းက ကိစ္စတွေကို အန်တီဘေဘီက လုံးဝ ဟိုဟာမဖြစ်ဘူး။ ဒါကြောင့်မို့ အန်တီဘေဘီက ရုပ်ရှင်သမားတွေကို အရမ်းချစ်တယ်ဆိုတာ ပြောတာ။ ဘာဖြစ်လို့ ချစ်လဲဆိုတော့ အန်တီဘေဘီ မိသားစုနဲ့နေရတာ နည်းတယ်လေ။ ဒီရုပ်ရှင်သမားတွေနဲ့ နေရတာများတဲ့အတွက် အိမ်က မိသားစုကို ဒီလောက် မခင်တွယ်ဘူး၊ ဟိုဟာတွေကို အရမ်းခင်တွယ်တယ်။ အဲဒီတော့ တစ်နေ့လောက် ကားမရိုက်ရရင်ကို မနေနိုင်ဘူး။ ဒီလူတွေကို မတွေ့ရရင် မနေနိုင်ဘူး။ ကိုယ့်ကလေးတွေ မတွေ့ရရင်၊ ကလေးတွေကဆို အန်တီဘေဘီက ကလေးတွေမွေးစကဆို ကလေးတွေက ကိုယ်ပြန်လာရင် ကိုယ့်ကို မမှတ်မိဘူး။ အဲဒီထိန်းတဲ့အဘွားကြီးပဲ၊ အဲဒီအမိုးကြီးကိုပဲ။ အန်တီဘေဘီခေါ်လို့ရှိရင် ငိုမဲ့ပြီးတော့။ ကလေးတွေကတောင်ပြောသေး မာမီ ရုပ်ရှင်ကားတွေဒီလောက်အများရိုက်ပြီး ကလေးတွေလည်းမွေးတယ်။ ဘယ်လိုလုပ်၊ ငါကြည့်ရတာမှမဟုတ်ဘဲလို့။ ကိုယ်မှမကြည့်ရတာ ကိုယ်မှမကြည့်တော့ ကိုယ့်လည်း ကလေးက မခင်တွယ်ဘူး၊ ကိုယ်ကလည်း သိပ်မခင်တွယ်ဘူး ရှင်းရှင်းပြောရင်လေ။ သူတို့ နည်းနည်းလေးကြီးလာတော့မှ အန်တီဘေဘီ နည်းနည်း ကားရိုက်ကျဲပစ်လိုက်တယ်။ သူတို့တွေက အပျိုလေးတွေဖြစ်လာပြီဘာညာဆိုတော့။ တစ်ခါတည်း သူတို့ ၄ တန်းတွေဖြစ်လာပြီဆိုတော့ ပူဆာကြတယ်။ သမီးတို့ ၄ တန်းဖြေမယ်၊ မာမီ စာမေးပွဲလိုက်ပြီးတော့ စောင့်ပေးပါ၊ အဲဒီလို သွားစောင့်ပေးတာလေးတွေ ဘာလေးတွေရှိလာပြီ။

**သူတို့လည်း နည်းနည်းလေး အရွယ်ရောက်လာပြီဆိုတော့ ကိုယ်က အမေ အုပ်ထိန်းမှုရှိရမယ်။**

အဲဒီလောက်ကို အနုတ်တီဘောဘီတို့က ရုပ်ရှင်ကားပေါ် ဝတ္ထုကိုရိုက်မယ်ဆိုရင် အဲဒီလောက်ကို ကျေညက်အောင်။ စိတ်ကလည်း ဝင်စားလာတဲ့အခါကျတော့ အလိုလို ဖီးလ်ဝင်လာတာပေါ့ ဘာပဲဖြစ်ဖြစ်လေ။ ဖီးလ်ဝင်တော့ ရုပ်ကပေါ်လာတာပဲ။ ငါမင်းသမီးဆိုတဲ့ဟာ ရှိနေတဲ့ကာလပတ်လုံး။ နောက်ပြီး မျက်လုံး အရေးကြီးတာ မျက်လုံး။ ဒီထဲကရှိမှ မျက်လုံးက စကားပြောတာ။ ဇေလုဝ အကယ်ဒမီရတုန်းက ဇေလုဝ မျက်လုံး စကားပြောတယ်ဆိုတော့။ တခြားသူကတော့ သိချင်မှသိမှာလေ ကိုယ်ကတော့ ကိုယ်နဲ့ ခံစားချက်ချင်း တူတဲ့သူတွေကတော့ သိတာပေါ့ အဲလိုဟာမျိုးတွေ။ ကိုကျော်ဆွေ ငိုတာ ဘယ်တုန်းက မျက်လုံး မျက်ရည်ထွက်လို့တုံး။ ကျောကုန်းနဲ့ ငိုတာများတယ်။

**ဟုတ်တယ်၊ ဦးကျော်ဆွေ ခေတ်တုန်းက ယောကျ်ားတွေ မငိုဘူး။ ယောကျ်ားတွေငိုတာ မျက်ရည်ကျမဟုတ်ဘူး။ ဦးကျော်ဆွေရဲ့ မျက်နှာဖီလင်ကို ကြည့်လိုက်တာနဲ့ သူငိုတယ်ဆိုတာကို ပရိသတ်ကသိတယ်။**

ကျောကုန်းကို ကြည့်လိုက်တာနဲ့ သိတယ်၊ ကိုကျော်ဆွေ ငိုတယ်ဆိုတာကို။

**အခုဟာက ပြောရရင်တော့ ဦးဝင်းဦးတို့ခေတ်ကစပြီး ယောကျ်ားတွေက မျက်ရည် အလုံးလိုက် အလုံးလိုက်ကြီး။**

ပိုတောင်မှ သူတို့က ရှိုက်ကြီးတငင် ငိုနေတာ၊ ကလေးကြီး ငိုနေသလို။ ဒီလို ယောကျ်ားရင့်မာကြီးက အဲဒီလိုမငိုဘူး။ ကိုကျော်ဆွေတို့ ငိုတာ အဲဒီလို မဟုတ်ဘူး။ ကိုထွန်းဝေ ဟုတ်လား။

**သူဆွေးပြနေတာကိုက ငိုနေတယ်ဆိုတာ ပရိသတ်က နားလည်ပြီးသား ဖြစ်သွားရော။**

မွေး ဇာတ်ကားသိမ်း ကိုမောင်ကြီးသီချင်းနဲ့ **"ဝေးပြီ မွေးရယ်"**ဆို ဂျာကင်လေး ပခုံးပေါ်တင်ပြီးတော့ ဆိုတာ စွဲသွားတာပဲ ပရိသတ် သဘောပြောပြတာပါ။ တချို့ကျတော့ ဒါက ဒါရိုက်တာပေါ်မှာပဲ တည်သလားတော့ မပြောတတ်ဘူးလေ။

**"မွေး"ကတော့ ထားလိုက်တော့ ဝတ္ထုရှိနေတဲ့အတွက်ကို အနုတ်တီဘောဘီ ကြိုဖတ်ထားတယ်၊ ကြိုခံစားလို့ရတယ် ထားလိုက်တော့။ "မှတစ်ပါး အခြားမရှိ"ဆိုပါတော့ ဒါကလည်း အနုတ်တီဘောဘီမှာ သား**

**သမီးချင်း စာနာလိုက်မယ်လို့ပြောရအောင် ကိုယ်မွေးထားတာက သမီးတွေ၊ ဟိုမှာက သားတွေ။ ဆိုးတဲ့သားပါတယ်၊ လိမ္မာတဲ့သားပါတယ်။ အဲဒီဟာကျရော သားနဲ့သမီးနဲ့ ပြောင်းယူရတာပေါ့။**

အန်တီဘေဘီက ရှင်းရှင်းပြောရရင် အခု သမီး ၅ ယောက်ပေါ့နော်။ သမီး ၅ ယောက်က အိမ်ထောင်ကျတာ ၄ ယောက်၊ အပျိုကြီးတစ်ယောက် ကျန်သေးတယ်။ ဒါပေမဲ့ အန်တီဘေဘီက သား သိပ်လိုချင်တာ။ လိုချင်တဲ့အတွက် ဇာတ်ကားရိုက်တဲ့အခါကျရင် သားဆို အရမ်းမက်မောတယ်ပေါ့။ ထူးခြားတာကတော့ အန်တီဘေဘီ **မှတစ်ပါး အခြားမရှိ** က ပထမဆုံး အမေခန်းလုပ်တာလေ။ မှတ်မိမှာပေါ့ ပထမဆုံး။

**ဟုတ်တယ်၊ မှတ်မိတယ်။ ဘာဖြစ်လို့ဆို မင်းသမီးကနေပြီး အမေခန်း ပြောင်းလုပ်တဲ့ကား။**

သားကို သိပ်လိုချင်တပ်မက် မက်မောတဲ့အတွက်ကြောင့်မို့လား မသိဘူး သားဇာတ်ကားတွေဆို အန်တီဘေဘီက အရမ်းပြောင်မြောက်တယ်။ သမီးချစ်တာနဲ့ကို မတူဘူး။ စိတ်သွင်းလို့လေ ပိုပြီးတော့ဖြစ်တယ်။ ကံအားလျော်စွာပဲ ရတဲ့ သမက်တွေကလည်း အရမ်း အန်တီဘေဘီကို ချစ်တယ်။ အန်တီဘေဘီကလည်း ချစ်တယ်၊ သူတို့တွေ ဘာပဲပြောပြော။ တစ်ခါတလေကျတော့ သမီးတွေကတောင် ချွေးမဖြစ်နေတယ်၊ သူတို့က သားဖြစ်နေတယ် အဲဒီလိုကို ဖြစ်ခဲ့တာ။

**အန်တီဘေဘီ တွဲခဲ့တဲ့မင်းသားဆိုရင် ကျော်ဆွေနဲ့ တွဲခဲ့ဖူးတယ်၊ ထွန်းဝေနဲ့ တွဲဖူးတယ်၊ ကျော်ဖေလည်း တွဲဖူးတာပဲ၊ မောင်မောင်တာ။ "မျှော်တလင့်လင့်" တင်တင်ညို၊က သမီး၊ မောင်မောင်တာနဲ့၊ အန်တီဘေဘီနဲ့၊ ဗိုလ်ဘကိုနဲ့ အထင်လွဲပြီးတော့...။**

ဟုတ်တယ်။ ဒါ စစ်သားမိသားစုရဲ့ ပုံစံလေးကို ရိုက်ထားတာလေ။ တော်တော်ကောင်းတယ်။

**အဲဒီကားလေးကိုလည်း ကျွန်တော် တော်တော် သဘောကျတယ်။**

အဲဒီကားမှာလည်း မောင်မောင်တာနဲ့ လက်ထပ်တဲ့အခန်းက ချာ့ဂျ်မှာလေ၊ ထူးထူးခြားခြားလေး။

**အဲဒီလိုကားတွေက အခုတော့ ရှားပါးသွားပြီနော် အန်တီဘေဘီ။**

ဟုတ်တယ်၊ ရှားပါးသွားပြီ။ နောက်ပြီးတော့ မောင်သင်နဲ့လည်း ရိုက်ဖူးတယ်။ ကောလိပ်ဂျင်နေဝင်းလေ **ကောလိပ်ဂျင်** ဇာတ်ကား။

**နောက်ပြီးတော့...။**

မြင့်အောင်၊ မင်းသားတင်ခဲ့တာလေ။ ညွန့်ဝင်း၊ **မမထားနဲ့အပါ** လေ။ **သတို့သမီး အလိုရှိသည်** က ကြည်စိုးနဲ့ ကိုညွန့်ဝင်းနဲ့။ အန်တီ ဘေဘီရဲ့ အသံတိတ်ကားကို မမီဘူးနော်။

**မမီဘူး ကျွန်တော် မမီဘူး။ အန်တီဘေဘီ ဝင်းဦးနဲ့အကြောင်း ပြောပါဦး။ ဝင်းဦးနဲ့က "မုန်းပါတယ်မောင့်ကို"။**

**မုန်းပါတယ်မောင့်ကို** က ဘယ် ပထမဟုတ်မလဲ။ **သစ္စာတူပြိုင်** လေ။

**မဟုတ်ဘူး၊ "မုန်းပါတယ်မောင့်ကို"က အကယ်ဒမီရတဲ့ကား။**

ဟုတ်တယ်။

**ရှေ့မှာလည်း ရှိသေးတယ်။**

ရှေ့မှာက **သစ္စာတူပြိုင်** လေ။

**"သစ္စာတူပြိုင်"က Home Decoration အိမ်အလှဆင်။**

ဟုတ်တယ်၊ ဟုတ်တယ်။ **Home Decoration**။

**အဲဒီ ကျွန်တော်တို့ "တိမ်လွှာမို့မို့လွင်"ဆိုရင် ဝင်းဦးလည်းပါ တယ်၊ အောင်လွင်လည်းပါတယ်နော်။ အဲဒီကားမှာ တကယ်ဆိုရင် ဒေါ်ခင်လေးဆွေကြီးက အန်တီဘေဘီကို တော်တော်ကို ပို့နိုင်တယ်။**

ဟုတ်တယ်၊ သူ ရမယ်ထင်တာ။

**သူရမယ်လို့ ထင်ခဲ့ကြတယ်၊ မမေးခဲ့ဘူး။**

အဲဒီမှာ ဒေါ်ခင်လေးဆွေက ရထိုက်ပါတယ်။

**အဲဒီကားက သီချင်းလေးလည်း နာမည်ကြီးတာပဲ။ အန်တီ ဘေဘီဆိုခဲ့တဲ့ "အလှကမ္ဘာမြေ"တို့ ဘာတို့။**

ဟုတ်တယ် အေဝမ်းတွတ်ပီရေးတာလေ။ သုံးယောက်တွဲဆိုတာ။ ဤကမ္ဘာမြေ ကမ္ဘာတစ်လွှားမှာ သူငါများတို့ရယ်။

အဲဒီကားလေးလည်း ကောင်းတာပဲ။ အန်တီဘေဘီနဲ့ ဦးဝင်းဦးနဲ့ တွေ့ခဲ့တာ **သစ္စာတူပြိုင်၊ မုန်းပါတယ်မောင့်ကို...**။

**တိမ်လွှာမို့မို့လွင်၊ ချစ်သူ ကြင်သူ မြတ်နိုးသူ**။ ၈ ကိုယ်ခွဲရှိသေး တယ်လေ။ ချစ်ဝဲလည်၊ ချစ်သူကြင်သူ မြတ်နိုးသူက အန်တီဘေဘီ မျက်စိ

မမြင်တာလေ ရိုက်ခဲ့တာလေ။

**ရိုက်ခဲ့တဲ့ကားတွေ အများကြီးပါပဲ။**

အများကြီး အများကြီး ပြောမနေနဲ့။

**အန်တီဘေဘီ နောက်ဆုံး ဘာကားရိုက်ခဲ့လဲ။**

အခုနောက်ဆုံး ဇမ္ဗူထွန်းသက်လွင်နဲ့ ရိုက်တာ။ အန်တီဘေဘီရယ်၊ မြင့်မြင့်ခိုင်ရယ်၊ မေသန်းနုရယ်၊ ရဲအောင်ရယ်၊ လူမင်း၊ သက်မွန်မြင့်။ အန်တီဘေဘီက အဘွားလုပ်တာ။ လူမင်းရဲ့ အဘွားလုပ်ရတာ။ ဇမ္ဗူထွန်းသက်လွင်ရဲ့ "အပြင်းစားအချစ်"ဆိုတာ ရိုက်ရတာ။

**ဒါ နောက်ဆုံးကားပဲလား။**

အင်း ကားကြီးပေါ့။

**အခု ရိုက်ခဲ့တဲ့ထဲမှာ နောက်ဆုံးကားပေါ့။**

နောက်ဆုံးကား အဲဒီနှစ်မှာ အဲဒါရိုက်တယ်။ နောက်ပြီးတော့ ဟိုဟာ ရိုက်သေးတယ်လေ။ အခု နာမည်ကြီးကြီးနေတဲ့ ဂျပန်အဆိုတော်လေးကလေ ဘာ အဝင်း အဝင်း အဝင်းနဲ့ ခေါ်နေကြတဲ့ သူတို့က အဖျားဆွတ်ပြီး အဝင်း အဝင်း အဲဒီကောင်လေးနဲ့ ရိုက်ရသေးတယ်။ အဲဒါ ကြည်ဖြူသျှင်ပဲ။

**ဒါလည်း အဘွားပဲ၊ အဘွားခန်း ရောက်လာပြီ။**

ဒါလည်း အဘွားပဲ။ တော်သေးတာပေါ့ အဘွားခန်းရိုက်ရလို့။ အခု နောက်တစ်ကား ရိုက်ရသေးတယ်။ **အသည်းလေးတွေပေးပါ** ဆိုတာ။ အဲဒါက သူတို့အခုခေတ် ကွန်ပျူတာတွေ ဘာတွေနဲ့ လုပ်တဲ့ခေတ်။ ကိုယ် တော့ နားမလည်ဘူး။ အဲဒါလည်း လူမင်းရဲ့ ယောက္ခမ လုပ်ရတာ။ မေသဉ္ဇာဦးရဲ့ အမေ လုပ်ရတာ။ အန်တီဘေဘီ ထင်တာကတော့ ကြည့်ရတာလေ ကိုရီးယားကားဆန်ဆန်လေးတွေပေါ့။ အပိုင်းလေးတွေ၊ သူ့အတွဲလေး သူ့အတွဲလေး သူ့အတွဲလေးတွေနဲ့ပေါ့ အဲဒီလို။ ဖေ့စ်ဘွတ်ခ်ကိစ္စပေါ့ အန်တီ ဘေဘီတို့ကတော့ နားမလည်ဘူး၊ ခေတ်လည်း မမီဘူးပေါ့လို့ ပြောရမှာပေါ့ အဲဒါတွေဆိုတော့။ ကားလာတော့မှ ကြည့်ရမှာပေါ့၊ ငါ ဒါပဲလားဆိုပြီးတော့။ တစ်ခုရှိတာကတော့ အခုလုပ်ရတာ ဟိုးတုန်းကဆိုရင် အန်တီဘေဘီတို့က ဇာတ်ကားတစ်ခုကို အကုန်လုံးကို၊ ကိုယ်က ဇာတ်ညွှန်း ဆိုလည်း အကုန်လုံးကို ကိုယ်က သိထားနေတော့ ဒီရှေ့မှာ ဘာဖြစ်မယ်၊ ဒီနောက်မှ ဘာဖြစ်မယ်ဆို လုပ်လို့ရတယ်။ အခုက အန်တီဘေဘီတို့က

လုပ်လို့မရဘူး။ အခု ကလေးတွေ ပြောတာ၊ နင်တို့ သိပ်တော်တာပဲလို့ သူတို့ကိုပြောတာ။ ချက်ချင်း သွင်းနိုင်တယ်ပေါ့နော်၊ Moodသွင်းနိုင်တယ်။ အန်တီဘေဘီတို့ မရဘူး။ အန်တီဘေဘီတို့က အရှေ့နဲ့ အနောက်နဲ့ သိချင်တယ်။ အခုက မသိရဘူး။

**ဘယ်လောက် တန်ဖိုးထားရမလဲ။**

မသိရဘူး၊ အဲဒီလိုဖြစ်နေတယ်။ နည်းနည်း အန်တီဘေဘီ အထင်တစ်ခါတလေကျရင် လိုနေတယ်ထင်တယ်။ ကိုယ်လုပ်တာလေးတွေ ရှေ့နဲ့ အနောက်နဲ့ ကိုယ်က မသိထားရတော့ ချိန်လို့မရဘူး။ နောက်ပြီးတော့ အခု တစ်ခါတလေကျရင် ဥပမာ မောင်ဝင်းငြိမ်းနဲ့ အန်တီဘေဘီနဲ့ စကားပြောနေတယ်ဆိုလို့ရှိရင် မောင်ဝင်းငြိမ်းမပါဘဲ အန်တီဘေဘီ ဘယ်လိုလုပ်စကားပြောလို့ရမလဲနော်။

**ဒါပေါ့၊ ဒါပေါ့။ မပါဘဲနဲ့ ရိုက်ရတာ ဘယ်ခံနိုင်မလဲ။**

မပါဘဲနဲ့ ရိုက်ရတာ။ အဲဒီဟာ တစ်ယောက်ထိုင်ခိုင်း၊ သားကိုခေါ်ပြီး ထိုင်ခိုင်း။ ငါ မောင်ဝင်းငြိမ်းကိုမှ မျက်စိထဲမှာ မမြင်ဘဲ ငါ ဘယ်လိုလုပ်လို့ရမလဲလို့။ အဲဒီဟာ ဟိုတုန်းက ခေတ်ကတည်းက ရှိတယ်။ ဟိုတုန်းက ဘယ်ခေတ်လဲဆိုရင် ဇော်ဝမ်း အရမ်းနာမည်ကြီးတဲ့ခေတ်။

**သူတို့ ဆိုင်းတွေနဲ့ လျှောက်ရိုက်နေတာ။**

အရမ်း ရိုက်ရတော့ အဲဒါ ဘာကားလဲဆိုတော့ **မုန်းလေတဲ့ ငပလီ**။ ကောင်မလေးတွေကလည်း အရမ်းဟိုဟာဖြစ်နေတဲ့အချိန်ဆိုတော့ သူက အန်တီဘေဘီနဲ့ ရိုက်မယ်ဆိုလို့ရှိရင် Confirmရိုက်မယ်ဆို ဘာပဲပြောပြော သူ အန်တီဘေဘီနားမှာ နေရမှာပေါ့၊ ဟုတ်တယ်မလား။ မပါ ပါပါလေ။ ရပါတယ်ဆို သူက၊ မရဘူးပြောလိုက်တယ်။ ငါ မကြည့်နေနိုင်ဘူး။ အစ်မထိုင်ပေးလိုက်၊ ထိုင်ပေးလိုက်တဲ့။ မထိုင်ဘူးလို့၊ မထိုင်နဲ့လို့။ ငါ ပါအောင် ငါဇော်ဝမ်းလို မကြည့်နိုင်ဘူးလို့။ ငါ ကြည့်လို့ရှိရင် ဇော်ဝမ်းကို ငါ့မျက်နှာကို သေချာကြည့်လို့၊ ငါလည်း နင့်မျက်နှာကို သေချာကြည့်မှာ။ ငါ အဲဒီလိုပဲ ရိုက်တတ်တယ်လို့။ သူက အန်တီဘေဘီကို တစ်ယောက်တည်း ရိုက်နေရင် သူက ကောင်မလေးတွေနဲ့ သွားပြီးတော့လေ။ အခုခေတ်လည်း အဲဒီလိုပုံစံလေးတွေ။ တချို့ဟာလေးတွေ ရိုက်ရတယ်။ မင်းသားရောက်မလာဘူးဆို...။

**မင်းသားနောက်ကျတာတို့၊ မင်းသမီးက နောက်ကျနေတာတို့**

ဆို ခွဲရိုက်ကြရတာ။

အဲဒါက ဘာပဲပြောပြော မပြည့်ဘူး။ အန်တီဘေဘီတို့ အမြင်တော့ အပြည့်မရနိုင်ဘူး။ ဘာဖြစ်လို့ဆို စကားပြောတယ်ဆိုတာ လူတစ်ယောက် မျက်နှာ ကြည့်ပြီးမှရတဲ့ဥစ္စာ။ အန်တီဘေဘီက စကားပြောရင် မျက်နှာကို စိုက်ကြည့်ပြီး တည့်တည့်ပြောတာ။ ရပါတယ်၊ ရပါတယ်ဆို မရဘူးလို့။ အခုခေတ်လည်း အဲ့ဒီလို ရပါတယ်ဆိုပြီး ရိုက်ခဲ့တာတွေ ရှိခဲ့ဖူးတယ်။ ဒါပေမဲ့ အပြည့်မဖြစ်ဘူးပေါ့။ အန်တီဘေဘီတို့ အမြင်ပေါ့လေ။ အန်တီဘေဘီရဲ့ ခံစားချက်၊ သူတို့ရဲ့ ခံစားချက်ပေါ့။ တစ်ခါတလေကျရင် အဲဒီက နေ ထွက်ပြီးတော့ တယ်လီဖုန်းသွားပြော၊ လာ ပြန်ပြီးတော့ အိုက်တင်လုပ်တာ။ ကိုယ်ကတောင်မှာ "ဟ..., တော်လှချည့်လား၊ ဘယ်လိုဖြစ်နေတာလဲ" အံ့အားကြီးသင့်၊ အဲဒီလိုလေ။ သူတို့က အများကြီး Talentပိုရှိတယ်လို့ ပြောရမှာပေါ့လေ။ အန်တီဘေဘီတို့ကတော့ ရှေးရိုးဆန်တာပေါ့လေ။

**နောက်တစ်ခါ ကျွန်တော် သိချင်တာက အခုတော့ ကျွန်တော်တို့က ရုပ်ရှင်ရိုက်မယ်ဆိုလို့ရှိရင် အိမ်တစ်အိမ် ငှားလိုက်တာပေါ့နော်။**

ဟုတ်တယ်။

**အိမ်တစ်အိမ်ကို ငှားလိုက်တယ်။ အိမ်တစ်အိမ်ငှားပြီး ဒီမှာပဲ ရိုက်ကြတယ်။ ခုန ကျွန်တော်ပြောသလို ပစ္စည်းတွေ တောင်ရွှေ့၊ မြောက်ရွှေ့ ရွှေ့ကြတယ်၊ ရိုက်ကြတယ်။ ဟိုတုန်းကတော့ အန်တီဘေဘီတို့ခေတ်မှာ ဒီလို အိမ်ငှားရိုက်တာမျိုးရှိလား သို့တည်းမဟုတ် ရုပ်ရှင်ဆက်တင်မှာ ရိုက်တာလား။**

ဆက်တင်မှာရိုက်တာ။ အဲဒါကို ပြောပြမယ်။ အန်တီဘေဘီတို့ မောင်ဝင်းငြိမ်း **ဤလူ့ဘောင်တွင်** ကြည့်ဖူးလား။ ကြည့်ဖူးတယ်မလား။

**ကြည့်ဖူးတာပေါ့။**

ကိုမောင်မောင်တာ ဂျစ်ကားနဲ့ ဝင်လာတာလေ။ ပေါ်တီကိုကြီးက အဲဒါ အတုကြီး၊ ဆက်တင်ကြီး။ အန်တီတို့ ဟိုတုန်းက အိမ်တွေရိုက်တယ်ဆိုတာ အဝင်အထွက်ပဲ ရိုက်တာ။ ဒီအထဲခန်းကဆို စတူဒီယိုထဲမှာ အကုန်လုပ်တာ။ နောက်ပြီးတော့ သူများတွေ ရိုက်တယ်ဆိုတာ ဒီနေ့ ဒီပန်းထိုးထားရင် နောက်နေ့ကျရင် ဒီပန်းထိုးထားချင်မှ ထိုးမှာလေ။ ဟုတ်တယ်မလား အိမ်ဆိုတာလေ။ သူ့အိမ်သူ လှအောင် ပြင်ထားတာဆိုတော့။ အဲဒီပန်းက အဆက်မပြတ်ဘူးဆို ဘယ့်နှယ်လုပ်မလဲ၊ ရှာဦး။ သဘောပြော

ပြတာလေ။ အဲဒီလိုဟာမျိုးတွေ။ နောက်ပြီး ရိုက်ရတာ ကိုယ့်စတူဒီယိုထဲမှာ ကိုယ့်လူနဲ့ကိုယ် ရိုက်ရတာ အကောင်းဆုံးပဲ။ အဲဒါကြောင့် ဝင်းဦးက ဘယ်တော့မှ သူများအိမ်မှာ မရိုက်ဘူး။ စတူဒီယိုထဲမှာတောင် အပြင်လူ လာကြည့်ရင် မရိုက်တော့ဘူး။

**သူ့ရိုက်ကွင်းမှာ မျက်နှာစိမ်းတစ်ယောက် တွေ့တာနဲ့ ရပ်ပစ် လိုက်ရော။ အဲဒီနေ့ ရှူတင်ဖျက်ပစ်လိုက်တာ။**

အန်တီဘေဘီတို့ ကလေးတွေ ငယ်ငယ်တုန်းက သူနဲ့ **တိမ်လွှာ မို့မို့လွင်** ရိုက်တော့ သေနတ်ပစ်တဲ့အခန်း ကလေးတွေကလည်း ငယ်သေး တယ်လေ။ ငယ်သေးတော့ အမေ ကားရိုက်တယ်ဆိုရင် လိုက်ချင်ကြတာ ပေါ့၊ စတူဒီယိုထဲမှာကို။ မာမီရယ် လိုက်မယ်ဆိုပြီးတော့ လိုက်တဲ့အခါကျ တော့ ခေါ်လာတာ ရီဟာဇယ်လုပ်တော့ ကလေးတွေက ကြည့်ပြီး "ဟား... ဟား..."ဆို ကလေးတွေက ဟားကြတာပေါ့။ မြသိန်း ခေါ်သွားစမ်း၊ ဆီးထုပ်နဲ့လွှတ်လိုက်စမ်း၊ ဆီးထုပ်နဲ့ သွားကြစမ်း၊ ဆီးထုပ်နဲ့သာ အဲဒါ။ မြသိန်းက ကလေးအကုန် ခေါ်သွားပြီးတော့ အပြင်မှာ စားစရာတွေ ကျွေး ထားရတယ်။ အဲဒါ သူတို့က ဝင်းဦးကလည်း "ငါ ဖီလင်မလာတော့ဘူး၊ ငါ ဖီလင်မလာတော့ဘူး။ နင်တို့တွေ သွားကြ၊ ထွက်သွားကြစမ်း"ဆို တစ်ခါတည်း စတူဒီယိုကြီး ပိတ်ထားတာ။ အဲဒီတော့ မတူဘူးလေ။ သူ ဘာပဲဖြစ်ဖြစ် အဲဒီ သေနတ်ပစ်တဲ့အခန်း ကြည့်ရတယ်မလား၊ အဲဒါလုပ်ထား တဲ့ အိုက်တင်လည်း ကောင်းတယ်လေ။ ဘာမှအပြင်ရဲ့ အနှောင့်အယှက် မရှိဘူး လေ။ အခုဆို အန်တီဘေဘီတို့ရိုက်တဲ့ မီးရထားလမ်း၊ မီးရထားသံ ကြားရမယ်၊ ဟိုဟာအသံကြားရမယ်။ အဲဒါတွေက ကင်မရာမင်းနဲ့ လူနဲ့ကလည်း အဝေး ကြီး။ အွန်...ဆို ဖျပ်...ဖျန်းဆို အဲဒီလို လုပ်ရတာ။ ကြားထဲမှာလည်း ကားကြီးတွေနဲ့ အဝေးကြီး အဲဒီဟာမျိုးတွေပေါ့။ ဘာပဲဖြစ်ဖြစ် အခုတော့ စတူဒီယိုဆောက်ကုန်ပြီ။ အဲဒီလိုဟာတွေ များများ ရှိရင် မင်းသမီး၊ မင်းသား တွေရဲ့ အိုက်တင်တွေ ဒိထက် ပိုကောင်းမယ်လို့ အန်တီထင်တယ်လေ။ ဘာဖြစ်လို့ဆို အန်တီဘေဘီတို့ခေတ်က လုပ်ခဲ့တဲ့ ပုံစံမျိုးပေါ့၊ မီးတွေထိုးတာ ဘာညာနဲ့ဆိုတော့။ ဟိုတုန်းက ဟိုဟာကမေးသေး ဂရေ့စ်က မေးသေးတယ်။ အန်တီဘေဘီတဲ့ အဲဒီအခန်းတုန်းက ဦးမောင် မောင်တာကြီးက ဂျစ်ကားကြီးနဲ့ အန်တီဘေဘီ့ကို လာပြီး နှုတ်ဆက်ပြီးတော့ ပဝါလေးပေးသွားတာ အန်တီဘေဘီ လမ်းလျှောက်နေတာ အဲဒီနေရာ

ဘယ်နားမှာ ရိုက်တာလဲတဲ့။ ဟင်၊ အေး၊ အဲဒါ မန္တလေး ရုပ်ရှင်က ခြံထဲမှာ။ အမယ်လေး… အဲဒါတောင် သူတို့မမီတော့ဘူး။ အဲဒီလိုခေတ်မျိုး မရိုက်ခဲ့ရဘူး၊ ရိုက်ချင်တယ်တဲ့။ အန်တီဘေဘီက ရှင်းရှင်းပြောရရင် တော်တော်ခေတ်မီ တာပေါ့နော်။ အသံတိတ်၊ အသံထုတ်သွင်း၊ ဆေးရောင်စုံ၊ စင်နီမာစကုတ်၊ တော်တော် လုပ်သက်ရှည်တယ်လို့ ပြောရမှာပေါ့နော်။ ရုပ်ရှင်သက် တော်တော် ရှည်တယ်လို့ ပြောရမှာပေါ့။ အဲဒီလိုဟာမျိုးတွေ ကြုံခဲ့ရတယ်။

**ဒါပေမဲ့ ရိုက်ချင်တုန်းပဲမလား။**

ရိုက်ချင်တုန်းပဲ။ အခု မောင်ဝင်းငြိမ်းမေးတဲ့ အချိန်မှာ အန်တီဘေဘီ ပြောနိုင်တုန်း ပြောချင်တယ်။ နောက်ပြီးတော့ ပရိသတ်ကလည်း ကိုယ့်ကို ကြည့်လို့ကောင်းနေတုန်း အရွယ်လေး၊ အသက်အရွယ်လေး မဟုတ်ဘူး ရုပ်ပေါ့။ ရှင်းရှင်းပြောတာ ဒီလောက်ဆို ၈၄ နှစ်ဆို အိုစာ ဘာညာဖြစ်ပြီး စိတ်ဓာတ်ကျသွားတဲ့လူနဲ့။ အန်တီဘေဘီက အခုအချိန် အခါ ၈၄ နှစ်ဆိုပေမဲ့ အန်တီဘေဘီ့စိတ်ထဲမှာ စိတ်ဓာတ်မကျသေးဘူး။ အန်တီဘေဘီကို အခု သီချင်းဆိုဖို့ လာခေါ် သွားဆိုသေးတာပဲ။ အန်တီ ဘေဘီ ရုပ်ရှင်ရိုက်လိုက်ရတယ်၊ သီချင်းဆိုလိုက်ရတယ်ဆိုရင် ပိုပြီးတော့ အသက်ရှည်သွားတယ်လို့ ထင်တယ်။ တချို့တွေက ပြောကြတယ်၊ စိပ်ပုတီး ကိုင် ဘာညာဆိုပြီး။ စိပ်ပုတီးကိုင်တာက ကိုင်တာပဲလို့။ သူ့ကဏ္ဍလေးနဲ့၊ သူ့ကဏ္ဍလေးနဲ့တော့ ရှိရမှာပေါ့။ အန်တီဘေဘီတို့ ရုပ်ရှင်လောက အန်တီ ဘေဘီရုပ်ကို ကြည့်ရင်းနဲ့ တရားက တွေ့နိုင်တယ်။ ကိုယ့်ကားလေးတွေ ပြန်ကြည့်၊ အဲဒီတုန်းက ငါ ရုပ်က ဘယ်လိုဖြစ်နေပြီ၊ အခု ဘယ်လိုဖြစ်နေ တယ်။ ဒါပေမဲ့ ငါနဲ့ သက်တူရွယ်တူတွေနဲ့ ယှဉ်လိုက်ရင် ငါက နည်းနည်း တော့ တော်သေးတယ်ဆိုတဲ့ စိတ်ကလေ။ တစ်ခုတော့ နားလေး မကောင်း တာ တစ်ခုတည်းပေါ့။ ဒါကတော့ ဘယ်တတ်နိုင်မလဲ။ နားမကောင်းရင် နား ကြပ်တပ်မယ်၊ မျက်စိမကောင်းရင် မျက်မှန်တပ်မယ်၊ သွားမကောင်းရင် သွားတုတပ်မယ်၊ ဆံပင်ဖြူရင် ဆိုးမယ် ဒါပဲ။

**အန်တီဘေဘီက ရုပ်ရှင်ရိုက်တာလေ၊ ရုပ်ရှင်ရိုက်တယ်ဆိုတာ ခုနပြောသလို မိုးချုပ်မှ ပြန်ရောက်ပေါ့၊ မနက်အစောဆိုရင် ခုန ရှုတင် ကားနဲ့ ထွက်သွား။ အဲဒီလို ကြားထဲကနေ အန်ကယ်ဦးခင်မောင်ညွန့်နဲ့ ဘယ်လိုများ တွေ့သွားတာလဲ။**

ဟာ... အဲဒါက ပြောရရင်လည်း တစ်ထောင့်တစ်ည ဖြစ်သွားလိမ့်မယ်။ သူက ပြဇာတ်သိပ်သဘောကျတာတဲ့။

**ပြဇာတ်ခေတ်ကတည်းက သဘောကျတာ။**

အန်တီဘေဘီက အဲဒီရုပ်ရှင်ရိုက်ပြီးတော့ ပြဇာတ် ပြန်က,သေးတာ။ ပြန်က,သေးတယ်လေ။ စုဖုရားလတ်တို့ ဘာတို့ကို က,လိုက်သေးတယ်။ အန်ကယ့်ရဲ့ အဒေါ်က ပြဇာတ်သဘောကျတာ သူက။ အမြဲတမ်း စနေ၊ တနင်္ဂနွေဆိုရင် ပြဇာတ် ဝယ်ဝယ်ပေးရတယ်တဲ့။ အဲဒီမှာ ပြဇာတ် အန်တီဘေဘီကို သူ တွေ့ဖူးတယ်။ နောက်တစ်ခါ **ချစ်ညီမ** မရိုက်ခင် **တောင်ပြုန်းမင်းညီနောင်** တို့ဘာတို့ ရိုက်သေးတယ်။ အဲဒီအချိန်မှာ ဦးမောင်မောင်စိုးတို့ အိမ်မှာ တွေ့တာ အန်တီဘေဘီ့ကို။ တကယ့် တကယ် ကျတော့ အန်တီဘေဘီက မင်းသမီးဆိုတော့ လူတွေက အရင်တုန်းက အန်တီဘေဘီတို့ မင်းသမီးတွေကို အထင်မကြီးဘူးပေါ့။ အထင်မကြီးတော့ အန်တီဘေဘီ့လို့ မထင်ဘူးပေါ့။ ဒီထဲက မောင်မောင်စိုးသမီးထဲက တစ်ယောက်ယောက်ပဲလို့ ထင်တာပေါ့။ ဒါပေမဲ့ အန်တီဘေဘီကို ပရိုပို့စ် လုပ်တာ၊ အန်တီဘေဘီက အံ့အားကြီးတွေ သင့်ပြီးတော့ တစ်ခါတည်း ချုံးပွဲချပြီးတော့ မယုံနိုင်ဘူး။ အဲဒါ သူက မောင်မောင်စိုးကို ပြောပြတာ။

**"ဩော် မိန်းမ"နဲ့ ပတ်သက်ပြီး ကျွန်တော် မေးချင်တာက ကျွန်တော် ကြားဖူးတဲ့ဟာပေါ့နော်။ အန်တီဘေဘီက ပါးရိုက်တဲ့အခန်း ဆိုရင် လက်လွဲမရိုက်တတ်ဘူးတဲ့။ ဒါကြောင့်မို့ "ဩော် မိန်းမ"မှာ ဦးဇေယျကြီးကို တကယ်ချလိုက်တယ်လို့ ပြောတယ် ဟုတ်လား။**

ဟုတ်တယ်။ အောက်ဒိုးပေါ့။ အောက်ဒိုးမှာ ရိုက်ရတာဆိုတော့ အန်တီဘေဘီက လက်သံကလည်း ပြောင်တယ်လေ။ ပြောင်တော့ ပါးရိုက်လိုက်တာလေ ဟိုက Clip အောက်မေ့လို့ ပိတ်ပစ်လိုက်တာ အသံကို။ Clip ထင်ပြီးတော့ ပိတ်လိုက်တာ။ အဲဒါ ဆရာကလေ ဒီဟာပြန်မရိုက်ဘူးတဲ့။ အဲဒီ Mood အကောင်းဆုံးပဲတဲ့။ အဲဒီအတိုင်းပဲ ပြန်ဆက်တာ။ ကိုဇေယျကြီးက ဟမ်...ဆိုပြီးတော့တောင် ဖြစ်သွားတယ်၊ တစ်ခါတည်း။

**အန်တီဘေဘီ တောင်းပန်ရတယ်တယ်ဆို။**

တောင်းပန်ရတာပေါ့။ အရမ်း တောင်းပန်ရတာ။ နောက်ပြီးတော့ အန်တီဘေဘီတို့ အဲဒီခေတ်တုန်းကလေ သေတ္တာတို့ဘာတို့၊ အခု များ သောအားဖြင့် သေတ္တာဆွဲတာတို့ သေတ္တာ ဘာလုပ်တာတို့ဆို ပောင်း

လောင်းကြီးတွေ ဆွဲတယ် သိလား။ ထည့်ရမယ်၊ ပစ္စည်းထည့်ရမယ်။ ဒါမှ သရုပ် ပါအောင်။ အန်တီဘေဘီ အဲဒီ **ဩဇာ မိန်းမ** မှာဆို အုတ်ခဲတွေ ထည့်ပေးထားတာ သေတ္တာထဲကို။ ခေါင်းကြီးရွက်တော့ ပုတောင်နေတယ်။ အဲဒီလိုပေါ့။ အခု ကိုရီးယားကားကြည့်ကြည့် ဘာကားကြည့်ကြည့် ပေါ့ပေါ့ ကြီးတွေချည်းပဲ။ ထမင်းထုပ်ကအစ စက္ကူလေးနဲ့ထုပ်ပြီး ပေါ့ပေါ့ကြီး ရိုက် တယ်။ ဘာပဲဖြစ်ဖြစ် ဆရာ ဦးသုခတို့ကျတော့ အဲဒါတွေ အရမ်းအသေး စိတ်ပေါ့နော်။ အန်တီဘေဘီတို့ကို အသေးစိတ် ကြည့်တတ်တယ်။ သေတ္တာ ကြီးက အလွတ်ကြီးပဲဆိုတာ မျက်နှာမှာလည်း ပေါ်တယ်။ အန်တီဘေဘီ ဟိုတုန်းက Mood မသွင်းတတ်တဲ့ဟာကို ပြောပြရရင် **ခိုင်မြဲတဲ့သစ္စာ** ဒါ နည်းနည်းလေး ပြန်ပြီးတော့ ပြောပြတာပါ။ အဲဒီတုန်းက အန်တီဘေဘီက ကလေးမွေးပြီးတော့ သွေးတက်ပြီးတော့ သေရမယ့်အခန်း ရိုက်ရမှာဆိုတော့ မောရမယ်။ မောရမယ်ဆိုတော့ မမောတတ်ဘူး။ ဘယ်လိုမှကို မမောတတ် ဘူး။ မမော တတ်တော့ ဦးလေးတင်က ဘယ်လောက်များဆို အန်တီဘေဘီ တို့က လျှပ်စစ်ခြံ။ လျှပ်စစ်ခြံကြီးရှိတယ် ရွှေ့မှာ။ အဲဒီခြံကို ပြေးခိုင်းတာ၊ ပတ်ပြီးတော့ ပြေးခိုင်းတာ။ ရပ်၊ မမောသေးဘူး ပတ်ပြေး၊ မမောသေးဘူး ပြေး၊ ၃ ပတ်လောက် ပြေးပြီးတော့မှ ကဲ အိပ်။ အဲဒီတော့မှ သွေးတက်ပြီး မောတော့တာ။ မသွင်းတတ်တာလေ ဟိုတုန်းက၊ Mood မသွင်းတတ်တာ တွေ။ အခု Mood သွင်းတတ်ရင် သက်သက်သာသာနဲ့ သွင်းမှာပေါ့။ ဟို တုန်းကတော့ ဆရာခိုင်း ခိုင်းသလိုအတိုင်း တစ်ခါတည်း ပတ်ပတ်ပြေးရ တာလေ၊ အဲဒီဟာလေးတွေပေါ့။

**အန်တီဘေဘီ လက်သံပြောင်တာ နောက်တစ်ကား ကျွန်တော် မေးဦးမယ်။ ဆရာအောင်လင်းက သူကိုယ်တိုင် မင်းသား၊ ဆရာ ရန်ကုန် ဘဆွေက အဖေခန်း၊ အန်တီဘေဘီနဲ့ ရိုက်တာ။ "ဇေဒါ"ဆိုတဲ့ကားနော်။ အဲဒီမှာလည်း အန်တီဘေဘီ အောင်လင်းကိုလည်း ရိုက်ခဲ့သေးတယ် မလား။**

ဟုတ်တယ်၊ ရိုက်ခဲ့သေးတယ်။ လက်သံပြောင်ပြောင်နဲ့ ရိုက်ခဲ့တာ။ ကွမ်းတွေတောင် ထွက်သွားသေး။

**ဒါလည်း ပြန်ကန်တော့ရတာပဲ။**

ကန်တော့ရတာ အဲဒါ။ အန်တီဘေဘီက အခုရိုက်တာတွေက ဟန်တွေနဲ့ ပါးရိုက်ရင် ရှေ့လိုက်တာ။ ရိုက်ပါလို့ ပြောရင်းနဲ့ ငါ မလုပ်တတ်

ဘူးလို့။ ငါလည်း သူများရိုက်ရင်ရိုက်၊ သူတို့က မခံဘူး။ အန်တီဘေဘီက ငါကတော့ ရိုက်ချင်ရင်ရိုက် ရတယ်၊ ငါကတော့ လွဲလည်း မရိုက်တတ်ဘူးလို့။ ဒါပေမဲ့ အခုတော့ ကံကောင်းပါတယ်၊ အသက်ကြီးလာတော့ ဘယ်သူမှ မရိုက်ရဘူး၊ ရိုက်စရာအခန်းကို မရှိတော့ဘူး။

**အဲဒီလို တကယ်သရုပ်ဆောင်ရတဲ့ အခန်းတွေပေါ့နော် ကျွန်တော် မှတ်မိတာ ဦးညွန့်ဝင်းကို ပထမဆုံး တင်တဲ့ကားပေါ့၊ "မမထားနဲ့အပါ"။ "မမထားနဲ့အပါ"မှာဆိုလည်း သူက True Story ကို။ တကယ်ကျတော့ သူက နိုင်ငံရေးသမားပေါ့ "မမထား"က၊ နိုင်ငံရေးသမားပေါ့နော်။ အဲဒီတော့ ဒီကောင်လေးက သူ့ထက် အသက်ကြီးတဲ့ မိန်းမကြီးကို ချစ်မိသွားတာပေါ့နော်။ အဲဒီတော့ ကိုညွန့်ဝင်းက ဇာတ်စင်ကနေ ပြောင်းလာတာလား သို့တည်းမဟုတ် အစိမ်းသက်သက် ရုပ်ရှင်လောကထဲကို ဝင်လာတာလား။**

သူကလား၊ သူက ဒါဂျီလင်မှာ ကျောင်းသွားတက်ပြီး ပြန်လာပြီးတော့ နားတဲ့အချိန်မှာ ဘယ်လိုဘယ်လို ဦးလေးတင်တို့နဲ့ ဆက်သွယ်မိလည်း မသိဘူး၊ အဲဒီမှာ စ,ရိုက်တာ။ ဇာတ်က နောက်မှ က,တယ်နဲ့တူတယ်။

**အဲဒီမှာ ဦးတင်မောင်တို့က အန်တီဘေဘီကို ရွေးတာပေါ့နော် "မမထား"နေရာ။**

ဟုတ်တယ်၊ ဟုတ်တယ်။ အဲဒါက ပရိုဂျူဆာက အသစ်။ ဒါကြောင့် မို့လို့ အေဝမ်းမှာ ဒီကားက မရှိတာပေါ့။ မရှိတော့ဘူး ကားက။ တကယ့်တကယ့်ကျရင် ညွန့်ဝင်းရဲ့ Master Piece။

**ဟုတ်တယ်၊ Master Piece ။ ပထမဆုံးကားသာ ပြောတယ် Master Piece ။**

သူ တကယ် အိုက်တင်အကောင်းဆုံး၊ နောက်ဟာတွေက ဖို့စ်တွေပါတယ်။ သတိထားမိလိုက်လား၊ နောက်ဟာတွေက ဖို့စ်တွေပါတယ်။ အဲဒီတကယ် Simple တကယ့် မသိသေးတဲ့ ကောင်လေးအတိုင်း ကြည့်တဲ့ မျက်လုံးကအစ ဘာညာနဲ့ဆို အရမ်းကို စမုဖြစ်တယ်။ အဲဒါနဲ့တောင် မတူဘူး။ **"မောင့်မမငြိမ်း"** ကျတော့ နည်းနည်း ဟိုဟာဖြစ်လာတယ်၊ မတူဘူး။ လူတွေက ပြောတယ်၊ နင် မိန်းမရနေပြီမလားလို့။ ဟာ… အစ်မက လည်း မဟုတ်ပါဘူးတဲ့။ နောက်တော့ ပေါ်တာပဲ။ ဘယ်လိုသိလဲ၊ သိတယ် လို့။ နင် **"မမထားနဲ့အပါ"**ကိုင်တုန်းကပုံစံနဲ့ **"မောင့်မမငြိမ်း"** ကိုင်တဲ့ပုံ

မတွေ့ဘူးလို့ဆို ဟာ… အစ်မဗျာ၊ အစ်မက တော်တော် အသေးစိတ်ကို တော်တော်ကို သိတယ်တဲ့။ သိတာပေါ့ဟာလို့။ နင်တို့၊ ကိုကျော်ဆွေတို့ အိုပွတ်လိုက်တာ ငါ့ပွတ်လိုက် လက်မောင်းတွေကို ကြီးရော တစ်ခါတည်း။ တစ်ခါတလေ ဖီးလ်ဝင်လာလို့ ညှစ်ထားလို့ရှိရင် အိမ်ကိုပြန်လာရင် ယောက်ျားက ကြည့်ပြီး မိန်းမ ဘယ်လိုဖြစ်နေတာလဲဆိုရင် ကိုကျော်ဆွေ နှိပ်စက်ထားလို့။ အဲဒီလို မောင်နှမတွေလိုပဲ သိပ်ရင်းနှီးတာလေ။

**ဘာပဲဖြစ်ဖြစ် ပွင့်လင်းတယ်လေ။**

အဲဒီတုန်းက ရယ်စရာတစ်ခု ပြောမယ်နော်။ ယောက်ျားရဲ့ အူတိုတာလေးတွေပေါ့နော်။ ယောက်ျားရဲ့ သဘာဝ အူတိုတာလေးတွေ။ တစ်ခါမှ Love Sceneရိုက်လို့ ဘာလို့ ညာလို့ ယောက်ျားက အူတိုတာတို့ ဘာတို့ တစ်ခါမှ မပြောဘူး။ မောင်သင်နဲ့ ရိုက်တဲ့အခါကျမှ မနေနိုင်တော့ဘူး။ သူက အရက်သောက်တာလေ။ အရက်သောက်တော့ မူးရော။ သူက ကြောက်တာကို၊ Love Sceneရိုက်ရမှာ ကြောက်တော့ အရက်ကို သောက် သောက် သောက်နဲ့ အရက်က များတဲ့အခါကျတော့ ခေါင်းကြီးက အန်တီဘေဘီ့ရင်ဘတ်ထဲကို ဝင်လာတာပေါ့။ ယောက်ျားက ကြည့်နေပြီး တော်ပြီ ဟေ့၊ တော်ပြီ တော်ပြီ။ မရိုက်နဲ့တော့၊ ဒီနေ့တော့ မရိုက်နဲ့တော့။ မဖြစ်ဘူး မဖြစ်ဘူး ကိုသင် တော်တော်လွန်နေပြီ။ ကိုသင်က နောက်နေ့မှ တောင်းပန်တယ်။ ဂျာလေးရယ် ကျွန်တော် နည်းနည်း ဒေါ်လေးကို ကြောက်လို့၊ သူ့အိုက်တင်ကို ကြောက်လွန်းလို့ပါတဲ့။ ကြောက်လို့ ကျွန်တော်က ရဲဆေးတင်ရင်း တင်ရင်းနဲ့ လွန်သွားတာပါဆိုတော့။ နောက်ပြီး တော့ အန်တီဘေဘီက ရှန်းလို့လည်း မရဘူးလေ။ အန်တီဘေဘီတို့က သစ်ပင်ခွကြားထဲမှာ နေပြီး စကားပြောရင်းနဲ့ စကားပြောရင်းနဲ့ ခေါင်းက တဖြည်းဖြည်းနဲ့ အန်တီဘေဘီ့ရင်ခွင်ထဲရောက်လာပြီး ယောက်ျားက ကြည့် ပြီးတော့ ဟင်း… ဟင်း…ဆိုပြီးတော့။ အဲဒီတော့မှပဲ သူ အူတိုဖူးတယ်။ တစ်ခါတစ်ခါ၊ ဒေါ်မေချစ်ကြီးက တစ်ခါတစ်ခါ သူလာလို့ရှိရင် ဟေး ကလေး လုပ်တဲ့စက်ကြီးလာပြီ။ ငါတို့ကားက မရိုက်ရသေးဘူး၊ နင်တို့မိန်းမက ဗိုက်ပူပြန်ပြီ၊ ရယ်စရာတွေ ပြောတာလေ ပြေးရော။ မမချစ်ကြီးတွေ့ရင် ပြေးတာပဲ တစ်ခါတည်း ရှက်လို့။ ကလေးတွေကလည်း အံ့သြကြတယ် လေ။ ဒီလောက် အလုပ်တွေများထဲမှာ ကလေး ၅ ယောက်ကို မွေးတာ။ အန်တီကလည်း ယောက်ျားလေး လိုချင်လို့ ရနိုး၊ ရနိုးနဲ့ ဖြစ်သွားတာပါ။

ဒါပေမဲ့ ကောင်းပါတယ်၊ ကလေး ၅ ယောက်မွေးတာလည်း။

**အန်တီဘေဘီ အဲဒီတုန်းက အန်တီဘေဘီနဲ့ ဦးကျော်ဆွေနဲ့ ရိုက်တယ်။ ဦးကျော်ဆွေဆိုတာ မိန်းမကိစ္စ အင်မတန် နာမည်ကြီးတဲ့ မင်းသား တစ်ယောက်ပေါ့နော်။ မင်းသားပေါင်းစုံနဲ့လည်း ရိုက်ခဲ့ဖူးတယ်။ ကိုယ့်မောင်နှမတွေလို သဘောထားတယ်။ ဖက်စရာရှိ ဖက်ကြတယ်၊ သမီးရည်းစားအခန်းဆိုလည်း သရုပ်ပေါ်အောင်၊ လင်မယားခန်းဆိုလည်း သရုပ်ပေါ်အောင်လုပ်ကြတယ်။ အဲဒီတုန်းကတော့ ကျွန်တော်တို့ အပြင် လောကမှာ ဘယ်မင်းသားနဲ့ ဘယ်မင်းသမီးနဲ့ ကြိုက်ကြတယ်ဆိုတဲ့ အသံ မကြားဖူးဘူး။ ကျွန်တော်တို့ပဲ ဝေးလို့လား မပြောတတ်ဘူးပေါ့ နော်။ အခုကျတော့ တစ်မျိုးပေါ့နော်။ တွဲလိုက်ပြီဆိုရင် ငြိလိုက်ကြတဲ့ စကားပဲ ကြားရတယ်။ အဲဒီတုန်းက ဘယ်လိုစိတ်တွေနဲ့ နေခဲ့ကြလို့လဲ။**

မောင်နှမစိတ်တွေပဲ ရှိတာကိုး။ အဲဒီလို သရုပ်ဆောင်တဲ့အချိန်ကျမှ သာ သရုပ်ဆောင်တဲ့ပုံစံဖြစ်တယ်၊ ရိုက်တယ် ဒါပဲပေါ့။ အဲဒီ **ချွေးနဲ့ သွေးနဲ့ ရင်းသည့်မြေ** ရိုက်တုန်းက ဒီသမီးအငယ်ဆုံးမလေး ကိုယ်ဝန်ရှိ နေတာပေါ့။ ကိုယ်ဝန်ရှိနေတုန်း ကောလိပ်ဂျင်နေဝင်းနဲ့ ရိုက်တာပေါ့။ လယ်ကွင်းကြီးထဲမှာ ရိုက်တာ။ အရမ်း အစ်ကိုရေ မခံနိုင်တော့ဘူး။ ကိုယ်ဝန် ရှိခါစကျတော့ နေတွေပြင်းတော့ လယ်ကွက်တွေထဲမှာကျတော့ မခံနိုင်ဘူး။ အစ်ကိုရေ ခဏလေး အစ်ကို့ပေါင်ပေါ်ပဲ လှဲအိပ်လိုက်ပြီဆို "အေး အေး ရတယ်"ဆို သူ့ပေါင်ပေါ်မှာပဲ။ နေကောင်းသွားပြီလား၊ နေကောင်းသွားပြီဆို ထ,ရိုက်။ အဲဒီလို တစ်ယောက်နဲ့တစ်ယောက်က အရမ်း ကြင်ကြင်နာနာနဲ့ စောင့်ရှောက်ကြတယ်ပေါ့။ အန်တီဘေဘီတို့ မင်းသမီး။ ကိုကျော်ဆွေတို့ ဆို သူတို့ဘာသာ သူတို့ နောက်ပိုင်းဖြစ်တာကိစ္စကတစ်မျိုးလေ။ အခုဟာ တွေက သိပ်ပွင့်လင်းတယ်နော်။

**အခုဟာတွေကတော့ အပွင့်လင်း လွန်နေတယ်။**

ပွင့်လွန်းအားကြီးပြီးတော့ ကွဲသွားလည်း ကိစ္စမရှိဘူးနော်။ ဘာမှ Don't Care ပဲ။ အန်တီဘေဘီတို့ဆို အန်တီဘေဘီ အန်ကယ်နဲ့ ကိုညွန့်နဲ့ ယူတော့မယ်ဆိုရင် စဉ်းစားလိုက်ရတာ။ ငါ ယောကျ်ားယူလိုက်ရင် နာမည် များ ကျသွားမလားပေါ့နော်။ ပရိသတ်က ကိုယ့်ကိုချစ်နေတာ ဘယ်လိုလဲ၊ တချို့ကျတော့ မျှော်လင့်ချက်ကြီးနဲ့လေ။ အန်တီဘေဘီဆို အန်ကယ်နဲ့ယူ မယ်ဆိုတော့ ဒါရိုက်တာတွေရော အကုန်လုံး ဖျက်တာ။ "ခေါ်လာခဲ့၊ ခေါ်လာ

ပြီးတော့ သူ့ကို ဝန်ခံချက် လုပ်ခိုင်းရမယ်တဲ့။ ယူပြီဆို့ရှိရင် ကားမရိုက်ရဘူးလို့ ဘာတို့ဆိုရင် မပေးစားဘူး၊ နင်ကလည်း နားထောင်ရမယ်"။ "ဟုတ်ကဲ့"။ အားလုံး ဝန်ခံချက် "ကျွန်တော် သူ့ရဲ့သရုပ်ဆောင်ချက်ကို ကြိုက်လို့ ကျွန်တော် ယူတာ။ အဲဒီတော့ ကျွန်တော် လုပ်ခိုင်းမယ် စိတ်မပူနဲ့"။ ဆိုတော့ လုပ်ရတာပဲ။

**ဟုတ်ပြီ၊ အန်တီဘေဘီရယ် ကျေးဇူးတင်ပါတယ်။**

ရပါတယ်။

**ကျွန်တော်က အဲဒီလိုမျိုးပေါ့။ မင်းသမီးကြီးတွေကို မှတ်တမ်းမှတ်ရာ လုပ်ထားချင်တယ်ပေါ့နော်။ အန်တီဘေဘီပြောတဲ့အခါမှာ ကျွန်တော်တို့ မသိတဲ့ အကြောင်းအရာတွေ အများကြီးပါတယ်။ မှတ်တမ်းမှတ်ရာ ဖြစ်သွားတယ်။ နောင်တစ်ချိန် အန်တီဘေဘီ မရှိတော့တဲ့အခါပဲဖြစ်ဖြစ်၊ ကျွန်တော် မရှိတော့တဲ့အခါပဲဖြစ်ဖြစ် အမှတ်တရလေး ဖြစ်သွားအောင်။**

အန်တီဘေဘီကလည်း ဝမ်းသာပါတယ်။ ဘာပဲပြောပြော မောင်ဝင်းငြိမ်းတို့ မေးတဲ့အချိန်မှာ အန်တီဘေဘီ ပြောနိုင်တုန်း ပြောချင်တယ်။ နောက်ပြီးတော့ နှစ် ၁၀၀ ပြည့်ကိုလည်း မီချင်သေးတယ်။ ကြားထဲမှာ ဘာမှ မဖြစ်ပါစေနဲ့၊ ဘာမှ မဖြစ်ပါစေနဲ့ ကိုယ့်ကိုယ်ကို တောင့်ထားတာလေ။ ဘာလို့လဲဆိုတော့ ရွှေချင်တယ်။ ရွှေရတု၊ ငွေရတု၊ စိန်ရတု အကုန်လုံး မီခဲ့တာလေ။ မီခဲ့တယ်ဆိုတော့ ဘာပဲပြောပြော နှစ် ၁၀၀ ကိုတော့ မီလိုက်ချင်သေးတာပေါ့။ ၈၄ နှစ် ဆိုတာကတော့ မပြောနိုင်ဘူး။ ဒီနေ့ ကောင်းနေပေမဲ့ မနက်ဖြန် ကောင်းချင်မှ ကောင်းမှာ။

**ကောင်းမှာပါ၊ ကောင်းမှာပါ။**

တစ်ခု ပြောချင်တာပေါ့။ ကလေးတွေကို ဘာပြောချင်လဲဆိုတော့ ဒီလောကထဲကို ကိုယ်ဝင်လာတဲ့အခါကျလို့ရှိရင် ဒီလူတွေ ဒီလူတွေကို ချစ်ကြပါ။ ချစ်မှသာလျှင် ကိုယ့်ကို ပြည်သူလူထုကလည်း ပြန်ချစ်မယ်။ ပေါ်ပင်လေးတွေကိုလည်း မလိုက်ပါနဲ့နော်။

**ဟုတ်ပါပြီ အန်တီဘေဘီ။ ကျွန်တော်တို့လည်း အန်တီဘေဘီ စည်သူဘွဲ့ရတယ်လို့ ကြားဖူးတယ်ပေါ့နော်။**

ကြားလိုက်တယ်ပေါ့။

**ကျွန်တော် မမြင်ဖူးဘူး၊ အဲဒါ ပြပါဦးလို့။**

ပြမယ်၊ ပြမယ်။ ဒီမှာ ဒီမှာ။

**ဝါး... ရွှေနဲ့၊ ကျောက်စိမ်းနဲ့၊ အပေါ်က နိုင်ငံတော်တံဆိပ်ပါ တာပဲ။ အန်တီဘောဘီ ဆွဲပြပါဦး။**

**ရုပ်ရှင် နှစ် ၁၀၀ အတွက် ဆန္ဒလေး ပြောပြပေးပါဦး။**

ရုပ်ရှင် နှစ် ၁၀၀ အတွက်ကို အန်တီဘောဘီကလည်း အသက်ရှည် ရှည်နဲ့ နေချင်တယ်။ ဒီရုပ်ရှင်လောကသားတွေလည်း ဒီရုပ်ရှင် နှစ် ၁၀၀ ပြည့်မှာ အားလုံး အားလုံး အားကြိုးမာန်တက်နဲ့ ဝိုင်းဝန်းပြီး ဒီ နှစ် ၁၀၀ ကြီးကို အောင်အောင်မြင်မြင်နဲ့၊ ကြိုးကြိုးစားစားနဲ့ အကုန်လုံး ပါဝင်ကူညီ ကြပါလို့ ပြောချင်ပါတယ်။ အားလုံး သက်ရှိထင်ရှားရှိတဲ့ လူတွေကိုလည်း အသက်ရှည်ရှည်နဲ့ စောင့်နေကြပါလို့ ပြောချင်ပါတယ်။

**ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်။**

***



# အကယ်ဒမီ အောင်လွင်

မင်္ဂလာပါခင်ဗျာ၊ ဒီနေ့တင်ဆက်မယ့် အစီအစဉ်ကတော့ **လိပ်ပြာကူး ထူးခြားသူများ** ဆိုတဲ့ အစီအစဉ်ပဲ ဖြစ်ပါတယ်။ တွေ့ဆုံမယ့် ပုဂ္ဂိုလ်ကတော့ အကယ်ဒမီအောင်လွင် ဖြစ်ပါတယ်။

**အစ်ကို မင်္ဂလာပါခင်ဗျာ။**

ဟုတ်ကဲ့။

**ကျွန်တော်မှတ်မိသလောက်ကတော့ အစ်ကို့ကို ကျွန်တော်က ဦးရွှေဒုံးဘီအောင်ရဲ့ တပည့်အနေနဲ့ မှတ်မိတယ်နော်။ ဦးရွှေဒုံးဘီအောင်ဆီမှာ ရုပ်ရှင်ပညာသင်ခဲ့တယ်ပေါ့။ အစ်ကို ရုပ်ရှင်ကို ဘယ်လိုကြောင့် စပြီး စိတ်ဝင်စားခဲ့တာလဲ။**

ရုပ်ရှင်ကိုစိတ်ဝင်စားတယ် ဆိုတာကတော့ ငယ်ငယ်ကတည်းကပဲ စိတ်ဝင်စားပါတယ်။ နံပါတ်တစ်ကတော့ ကျွန်တော့်ဖခင်ကြီးက ရုပ်ရှင်ဝါသနာပါတယ်နဲ့ တူတယ်။ အဲဒီတော့ စစ်မဖြစ်ခင်ကတည်းကိုက ဗိုလ်**အောင်ဒင်**တို့ ဘာတို့၊ **သူဇာ**တို့ ဘာတို့ ကျွန်တော် ကြည့်ဖူးတယ်။ ကျွန်တော်က အဲဒီအချိန်ကာလတုန်းက တစ်ဦးတည်းသောသား ဖြစ်နေတယ်။ အဲဒီတော့ မိဘနှစ်ပါး သွားလေရာပါတာပေါ့။ ပါတော့ ရုပ်ရှင်

ကြည့်ဖြစ်တယ်။ ကြည့်ဖြစ်တဲ့အခါကျတော့လည်း... စစ်ကြီးပြီးတော့လည်း တစ်ခါ ရုပ်ရှင်ရုံတွေဘာတွေ ပြန်ပြီးတော့ အသက်ဝင်လာတော့လည်း အဲဒီကားတွေကိုပဲ ပြန်ကြည့်ဖြစ်တယ်။ ဥပမာ ကျွန်တော် အင်မတန်မှ ကြိုက်ပါတယ်။ **Prisoner Of Zinda** လို့ခေါ်တာပေါ့။ **ဖူးစာနှစ်ခိုင်** ပေါ့။ ဒါရိုက်တာ ဆရာခန့်ကြီး ရိုက်ခဲ့တယ်။ **ဖူးစာနှစ်ခိုင်** အသံတိတ်ပေါ့။ နောက်မှ ဦးကျော် ဆွေနဲ့ အသံထွက်ပြန်ရိုက်တာပေါ့။

**ဟုတ်ကဲ့။**

ပြောချင်တာကတော့ ငယ်ငယ်ကတည်းက ရုပ်ရှင်ကို ဝါသနာပါမိပါတယ်။ အဲဒီတော့ ရုပ်ရှင်ကိုဝါသနာပါပြီးတဲ့အခါကျတော့ ၁၉၅၈ ခုလောက်ကျတော့ ကျွန်တော် ပထမဦးဆုံး ချဉ်းကပ်တာ ဆရာ ရွှေဒုံးဘီအောင်ကို ချဉ်းကပ်ပါတယ်။ ဆရာ ရွှေဒုံးဘီအောင်က ကျွန်တော့်ကို မင်း... အရုပ်အမောင်းကောင်းသားပဲတဲ့၊ ရာဇဝတ်အုပ်တွေဘာတွေ လုပ်ပါလားတဲ့ ဆိုတော့ ကျွန်တော် စိတ်ညစ်ပြီး ပြန်လာပြီးတော့ ကျွန်တော့်ကို ဒေါ်နွဲ့နွဲ့အေး မန္တလေးရုပ်ရှင်က၊ **ဘဝသံသရာ** ထဲက မင်းသမီးက မိတ်ဆက်ပေးတဲ့အတွက် ဦးဖိုးပါကြီးဆီကို ရောက်တယ်။ ဦးဖိုးပါကြီးက **ပျိုတိုင်းကြိုက်တဲ့နှင်းဆီခိုင်** ရိုက်နေတယ်။ ဒေါ်မာမာအေးတို့နဲ့ ကျွန်တော်တို့ စတင်သိကျွမ်းရတာပေါ့။ ဆရာရွှေပြည်အေးတို့နဲ့။ ထိုနည်းတူစွာပဲ မြဇော်ခြိထဲရောက်တဲ့အခါကျတော့ ဒါရိုက်တာ မောင်တင်ယုနဲ့ သိရတာပေါ့။ အဲဒီတော့ ကျွန်တော့်ကို ဖလင်က Out to Edit ပေါ့နော်၊ Technic ပေါ့ ဖလင်ကို ဘယ်လိုထားမယ်၊ သိမယ်ဆိုတာကို သင်ပေးတာ ဆရာဦးတင်ယု ဖြစ်ပါတယ်။ နောက်... ကျွန်တော် မန္တလေးရုပ်ရှင်ကို ၁၉၆၀ ခုနှစ်မှာ ဖလင်အယ်ဒီတာတစ်ယောက်အနေနဲ့ မြို့မကိုပေါတို့နဲ့ အတူတူဆက်ရပါတယ်။ **ရေမြေဆုံးတိုင်** ဆိုတဲ့ ကားပေါ့။ အဲဒီအခါကျတော့ ဆရာရွှေဒုံးဘီအောင်က ကြီးကြပ်တယ်။ တက္ကသိုလ်ဝင်းဖေ ဆိုတဲ့ ပုဂ္ဂိုလ်ကြီးက ဒါရိုက်တာ လုပ်ပါတယ်။ အဲဒီကားထဲမှာ ထူးထူးခြားခြားကတော့ မှတ်မိသလောက် ကျွန်တော်တို့ သင်္ဂဟ ဦးဘသိန်းကြီးက၊ ခေါင်းဖြူကြီးက သရုပ်ဆောင်အဖြစ်နဲ့ ဝင်ပါပါတယ်။ အဲဒီတော့ ကျွန်တော် အဲဒီကားကို ဆက်ခဲ့ရတယ်။ အဲဒါနဲ့ ကျွန်တော့်ကို ဆရာရွှေဒုံးက ခင်မင်ပြီးတော့ **အတွေ့** ဇာတ်ကားမှာ မောင်သင်ရဲ့ ညီအဖြစ်နဲ့ မောင်လွင် ဆိုပြီးတော့ ကျွန်တော် အောင်လွင် ဖြစ်ခဲ့တာပါ။

**ဆရာ ရွှေဒုံးဘီအောင်က ခေါ်ရိုက်တဲ့အခါကျတော့ ပထမဆုံး**

**သရုပ်ဆောင်ဖြစ်တာ "အတွေ့" ပေါ့။**

အဲသလိုပြောလို့မရဘူး။ ကျွန်တော်က ပျိုတိုင်းကြိုက်တဲ့ **နှင်းဆီနိုင်** နဲ့ အေဝမ်းခြံ၊ မြဇော်ခြံ၊ မောင်မောင်စိုးခြံ ဆိုပြီးတော့ နေလာတဲ့အခါကျတော့ ဦးဖိုးပါကြီးနဲ့ ပါသွားပြီးတဲ့အခါကျတော့ ဒူးရင်းသီးကြီးလည်နေတဲ့ မော်လမြိုင်ရုပ်ရှင်ဆိုတဲ့ဟာ အဲဒါကနေပြီးတော့ **ကျားသားမိုးကြိုး** ဆိုတာ ရိုက်ဖြစ်တယ်။

**ဟုတ်ကဲ့၊ "ကျားသားမိုးကြိုး"ဆိုတာ ကျွန်တော် မှတ်မိတယ်။ ခင်ယုမေ။**

ဟုတ်ကဲ့၊ ဒေါ်ခင်ယုမေရဲ့ ဒုတိယကားဖြစ်မှာပါ။ ဘာဖြစ်လို့လဲဆိုတော့ **ဤဘဝဝယ်** က ဦးဖိုးပါကြီးနဲ့ ပထမကားဖြစ်ပါတယ်။ **ကျားသားမိုးကြိုး** မှာ ကျွန်တော် ဦးဖိုးပါကြီးရဲ့ ညီအဖြစ်နဲ့ ပါတယ်။ အဲဒါကနေတစ်ခါ ရွှေ့လျားပြီးတော့ အေဝမ်းခြံထဲကို ဆရာဦးတင်ဦးယု ဆီ ပြန်ရောက်သွားတဲ့အခါကျတော့ အေဝမ်းမိသားစုတစ်ခုထဲက ဦးသိန်းဇော် ရိုက်ကူးတဲ့ **မောင်နှံခုနစ်ဖော်** ထဲမှာ ကျွန်တော် ညီအစ်ကိုတစ်ယောက်အဖြစ် ပါပါတယ်။ နောက်ပြီးတော့တစ်ခါ အဲဒီခြံထဲမှာပဲ နေရင်းကနေပြီးတော့ အောင်မင်္ဂလာက ရိုက်တဲ့ **ရွှေစက်တော်** တို့၊ **အောင်ခြင်းရှစ်ပါး** တို့ အဲဒီမှာ ဖလင်အယ်ဒီတာ၊ ဖလင်စုဆောင်းသူ၊ မှတ်တမ်းတင်သူအဖြစ်နဲ့ ကျွန်တော် သံသရာလည်ရတာပေါ့နော်။ ကျွန်တော်တို့ ဆက်ပြောရမယ်ဆိုလို့ရှိရင် **အတွေ့**မှာ ဆရာရွှေဒုံးနဲ့ ခင်မင်ပြီးတော့ ကားဆက်တာလည်း ဆရာရွှေဒုံးရဲ့ ကားဆက်နည်းက Creative Art အနုပညာဆန်သော ကားဆက်နည်းဖြစ်ပါတယ်။ မြန်မာပြည်မှာတော့ တော်တော်ရှားပါတယ်။ ရှားတယ်ဆိုတာက အခုလူတွေ အပြစ်မဟုတ်ပါဘူး။ ကျွန်တော်တို့ ခေတ်ကဆိုလို့ရှိရင် ဖလင်ကို ဗုံးပေါလအောသုံးနိုင်တဲ့အတွက် အကောင်းဆုံးဟာတွေရွေးပြီးတော့ အဆီအနှစ်တွေဆက်တဲ့ဟာကိုး။ အခုကတော့ ကျွန်တော်တို့ခေတ်မှာကို၊ ကျွန်တော်တို့ကိုယ်ထူကိုယ်ထ လူဖြစ်လာတဲ့အချိန်မှာကို ဖလင်ကို တစ်၊ နှစ်၊သုံး Serial ဆက်ရတဲ့ ဖလင်ရှားပါးမှု ဖြစ်သွားပြီ။ ဖလင်ဆိုတာ တစ်၊ နှစ်၊ သုံးဖြစ်ချင်မှ ဖြစ်မယ်၊ တစ်၊ နှစ်၊ သုံး ဖြစ်ချင်ဖြစ်မယ်၊ သုံး၊ နှစ်၊ တစ် ဖြစ်ချင်ဖြစ်မယ်။ နှစ်၊ တစ်၊ သုံး ဖြစ်ချင်ဖြစ်မယ်။ ကျွန်တော်တို့ ဖလင် Editing အစစ်ကအဲဒီလို ဖြစ်ပါတယ်။ အဲဒီလို ဆက်ရတာပေါ့နော်။ အဲဒီကနေ ပြန်လာတဲ့အချိန်မှာ ကျွန်တော်ရဲ့ ဆရာတစ်ဦးဖြစ်တဲ့ ဒါရိုက်တာ မောင်တင်ယုက

**နှစ်ယောက်ထဲနေချင်တယ်** ဇာတ်ကားကို ရိုက်ပါတယ်။ ဦးဝင်းဦးက စစ်တပ်က ဗိုလ်ကြီးဘဝကနေ ထွက်ပြီးတော့ ရုပ်ရှင်ထဲကို ကူးလာတဲ့အချိန်မှာ ဒေါ်တင်တင်မူနဲ့ **All That Heaven Allow** ဆိုတဲ့ ဇာတ်ကားလေးကို အခြေပြုပြီးတော့ **နှစ်ယောက်ထဲနေချင်တယ်** ရိုက်ဖြစ်တယ်။ တစ်ဆက်တည်းပြောသွားမယ်ဆိုလို့ရှိရင် အဲဒီကားထဲမှာ အင်မတန်မှ ခေတ်အရ အဲလဗစ္စပရက်စလေ နာမည်ကြီးနေတဲ့ကာလမှာ ဂီတလောက လူငယ်တွေ လိုက်နေတဲ့အချိန်မှာ *မီးပုံပွဲ* ဆိုတဲ့ သီချင်း နာမည်ကြီးပါတယ်။ ဒါကတော့ ကျွန်တော်တို့ ဒီ ဘသိန်းက မေမြို့က ရှုးဝါးဦးဘသိန်း ဖြစ်ပါတယ်ခင်ဗျာ။

**ဟုတ်ကဲ့။**

အဲဒီ **နှစ်ယောက်ထဲနေချင်တယ်** ရိုက်တဲ့အခါကျတော့ ဟိုစဉ်တုန်းအခါက အခုလို ရုံရက်ကို တန်းစီပြီးတော့ စောင့်ရတဲ့ကာလ မဟုတ်ဘူး။ အဲဒီတော့ ကိုယ်တင်ချင်တဲ့အချိန်မှာ နေ့ကောင်းရက်သာ လပြည့်၊ လကွယ်၊ စနေ၊ တနင်္ဂနွေ အဲဒီလို လူများများလာနိုင်မယ့်ရက်ကို ချောင်းပြီးတော့ လုကြတဲ့ကာလမှာ **နှစ်ယောက်ထဲနေချင်တယ်** ကလည်း ရက်ချိန်းပြီးသား ဖြစ်နေတယ်။ ကားက ရိုက်လို့မပြီးသေးဘူး။ အဲဒီလိုဖြစ်နေတယ်။ အဲဒီအခါကျတော့ ကျွန်တော်က **အတွေ့** ဆက်ပြီး ပြန်လာတဲ့အခါကျတော့ ကျွန်တော့်ရဲ့ ဆရာ အေဝမ်းမောင်တင်ယုက မင်းပဲဆက်တော့ကွာ၊ ငါ ကား ရိုက်မယ်ဆိုတော့ ဦးဝင်းဦးက ဇာတ်ညွှန်းရေးတယ်၊ ဦးတင်ယုက ကားရိုက်တယ်၊ ကျွန်တော်က နောက်ပိုင်းက ကားဆက်ပေးတယ်။ အဲဒါနဲ့တစ်ခါ သံသရာ ဦးဝင်းဦးနဲ့ ပြန်တွဲဖြစ်သွားတာပါပဲ။

**အဲဒီတော့ "နှစ်ယောက်ထဲနေချင်တယ်" ကနေပြီးတော့ ဦးဝင်းဦးနဲ့ တွဲဖြစ်သွားတာပေါ့။ ဦးဝင်းဦးနဲ့ တွဲပြီးတော့ ကားတော်တော်များများ ရိုက်ဖြစ်ခဲ့တယ်နော်။ အစ်ကို့ကို သူက သရုပ်ဆောင်အနေနဲ့ တွဲခေါ်ခဲ့တာပေါ့နော်။ အဲဒီမှာ ကျွန်တော် မှတ်မိတဲ့ ကားတစ်ကားရှိတယ်။ အဲဒီကားက တော်တော်ထူးခြားတယ်။ ဦးဘချစ်ပါတယ်။ အစ်ကိုနဲ့ ရရိုင်စကားပြောတဲ့ ...။**

ဟုတ်ကဲ့၊ ထွန်းထွန်း၊ ဒါရိုက်တာ ထွန်းထွန်း၊ ဦးဝင်းဦး ရိုက်တာ ဟုတ်။ ဦးဝင်းဦးရိုက်တယ်၊ ဒေါ်တင်တင်မူ၊ ကျွန်တော်က မင်းသားလုပ်ရပါတယ်။ **ချစ်မိုးမြေ** ဆိုတဲ့ ဇာတ်ကားဖြစ်ပါတယ်။ **ချစ်မိုးမြေ** ကို ပြန်ဆက်ပြီး ပြောရမယ်ဆိုရင် နောင်တစ်ချိန်မှာ ဦးဝင်းဦးကိုယ်တိုင် **ချစ်သူကြင်သူ**

**မြတ်နိုးသူ** ဆိုပြီးတော့ ဒါကို ပြန်ရိုက်ရပါတယ်။ ဒါကတော့ ဘာနဲ့လဲဆို တော့ ရှေ့ဟက်ဆင်နဲ့ပဲ **Magnificent Of Sixteen** ဆိုတဲ့ ဝတ္ထုလေးကို ပြန် မှီးပြီးတော့ ရိုက်ခြင်းဖြစ်ပါတယ်။

**အဲဒီကားထဲမှာ ကျွန်တော်မှတ်မိတာက ဦးဘချစ်ကြီးနဲ့ အစ်ကို နဲ့ ရခိုင်စကားနဲ့ ပြောကြတာ။**

ဟုတ်ကဲ့၊ ကျွန်တော်က ဦးဘချစ်ကို အင်္ဂလိပ်လိုရေးပြီးတော့ ရခိုင်အသံပြောပေးတယ်။ ရခိုင်အသံကို အင်္ဂလိပ်ကိုပြောတော့ သူက အင်္ဂလိပ်လိုတတ်တော့ ဒီအသံထွက်လိုက်ရင် ရတာယ်ပေါ့နော့။

**ဟုတ်ကဲ့၊ အသံထွက်လို့ရရင် ပြီးတာပေါ့။ အဲဒါလေးကတော့ မြန်မာရုပ်ရှင်သမိုင်းမှာ ထူးခြားတယ်၊ ရခိုင်စကားနဲ့ ပြောကြတာပေါ့ မြေးအဘိုးနှစ်ယောက်။**

ဟုတ်ကဲ့ခင်ဗျ၊ ပထမဦးဆုံး အင်းလေးမှာ မော်တော်ဘုတ်စီးတဲ့ ကားပေါ့။

**မင်းသမီးက...။**

ဒေါ်တင်တင်မူ။

**ဒေါ်တင်တင်မူလား...။**

ဟုတ်ကဲ့၊ ကျွန်တော့်မှာ ပိုစတာရှိသေးတယ်။ ဒေါ်တင်တင်မူ၊ ဘေဘီနွဲ့၊ ဂျော်လီဆွေ။

**ဟုတ်ကဲ့၊ ဦးဝင်းဦး မရှိတဲ့နောက်ပိုင်းမှာလည်း ကိုယ့်ဟာ ကိုယ် ဒါရိုက်တာအဖြစ်နဲ့ ရပ်တည်ပြီးတော့ ကားတွေရိုက်ခဲ့တယ်။ ရိုက်ခဲ့တဲ့အထဲမှာ ကျွန်တော်မှတ်မိတဲ့က "မိုးကုပ်စက်ဝိုင်းကိုကျော် လွန်၍" နော်။ အစ်ကို့ကားတော်တော်များများကပေါ့နော် ဒေါ်အေး အေးသင်းနဲ့ ရိုက်ခဲ့တဲ့ "ကလောအလွန် တစ်ဘူတာ" တို့၊ "မာယာ ထောင်ချောက်"တို့ အဲဒီလိုကားတွေနဲ့ ထွန်းအိန္ဒြာဗိုလ်သရုပ်ဆောင်တဲ့ "မိုးကုပ်စက်ဝိုင်းကိုကျော်လွန်၍" တို့ Suspenseတွေ များသလားလို့။**

ဟုတ်ကဲ့ပါ။ အဲဒါက ဦးဝင်းဦးနဲ့ ပတ်သက်လို့ အတိုချုပ်ကလေး ပေါ့။ ဆိုလိုတာကတော့ ဦးဝင်းဦးနဲ့ ၁၉၆၂ ကနေပြီးတော့ ၁၉၇၀ ခုနှစ် **မှုံရွှေရည်** ဇာတ်ကားပြီးတဲ့အထိ ကျွန်တော်တို့ အတူတူတွဲလုပ်ကြပါတယ်။ လုပ်တဲ့အခါမှာ ရုံဖန်ရုံခါ တော်တော်များများက ကျွန်တော်က ဒုတိယမင်း သားပေါ့။ ဇာတ်ပို့ပေါ့။ ဆိုတော့ ကျွန်တော်တို့ဇာတ်ကားလေးတွေ တော်

တော်အောင်မြင်ခဲ့ပါတယ်။ ပထမဦးဆုံး ဦးဝင်းဦးကိုယ်တိုင် သူ့ရဲ့ ထုတ်လုပ်ရေးအနေနဲ့ ရိုက်ခဲ့တာ **ညီညီလွင်** ပေါ့။ ညီညီလွင်ဆိုတော့ ကျွန်တော်က ကိုကိုလွင်နေရာက ပါခဲ့ရပါတယ်။ နောက်တစ်ခါကျတော့ ထူးထူးခြားခြား ကောင်းခဲ့တဲ့၊ **ညီညီလွင်** မှာက မင်းသမီးက ဒေါ်ဝါဝါဝင်းရွှေ ဖြစ်ပါတယ်။ နောက် ဦးသိန်းမောင်ကြီးပေါ့ ကျွန်တော်တို့အဖေက၊ နောက် ကျွန်တော်တို့ကို စွန့်ပစ်သွားတဲ့အမေက ဒေါ်ဘေဘီနဲ့ လုပ်ရပါတယ်။ အဲဒါလေးက အမှတ်တရ ကျွန်တော်ပြောချင်တယ်။

**အဲဒါ ကျွန်တော်ထင်တာ 'East Of Eden' ထင်တယ်နော်။**

ဟုတ်ကဲ့၊ **East Of Eden** ဖြစ်ပါတယ်။။ နောက်တစ်ခါကျတော့ **မုန်းမေ့ပါနိုင်** ပေါ့။ **မုန်းမေ့ပါနိုင်** ဆိုတဲ့ ကားကျတော့...။

**All The Fine Young Canibals နော်၊ ဇာတ်လမ်းက တော်တော်တော့ ထူးခြားတယ် ထင်တယ်နော်။ ဘာဖြစ်လို့လဲဆိုတော့ ဒီဇာတ်ကိုပဲ မန္တလေးရုပ်ရှင်ကလည်း "မောင့်မူပိုင်ရှင်" ဆိုပြီး ရိုက်ခဲ့တယ်။ ဦးဝင်းဦးက "မုန်းမေ့ပါနိုင်" ဆိုပြီး ရိုက်ခဲ့တယ်။ ဦးဝင်းဦးဆီမှာတော့ ပိုပြည့်စုံတယ်ပေါ့နော်။ ဘာဖြစ်လို့လဲဆိုတော့ သီချင်းဆိုတဲ့ နီဂရိုးမကြီးနေရာမှာ ထည့်ထားတာတွေဘာတွေ ပါတယ်။ "မောင့်မူပိုင်ရှင်"မှာတော့ မပါဘူး။**

ဟုတ်ကဲ့။ အဲဒါလေးကလည်း ပြောလို့ရတယ်။ ပြောလို့ရတယ်ဆိုတာက ကျွန်တော်ရယ်၊ ဦးဝင်းဦးရဲ့ ညီပေါ့ ကိုအောင်မိုးရယ်၊ ဦးဝင်းဦးရယ် ကျွန်တော်တို့သုံးယောက် ကားအတူတူစီးပြီးသွားကြတော့ ဦးဝင်းဦးက ကျွန်တော့်ကို စ,ပြောတယ်။ ကိုယ် မင်းသမီးသုံးယောက်နဲ့ ကားရိုက်ချင်တယ်တဲ့။ မသီရယ်၊ မတင်ရယ်၊ ဝါဝါရယ်ပေါ့၊ အန်တီဝါရယ်ပေါ့နော်၊ ကားရိုက်ချင်တယ်တဲ့။ အဲဒီတော့ ကျွန်တော်က လှစ်ခနဲ **All The Fine Young Canibals**ရိုက်ပါလား။ အဲဒီအခါကျတော့ ဦးဝင်းဦးက ဘာပြန်ပြောလဲဆိုတော့ အဲဒါ **မောင့်မူပိုင်ရှင်** မန္တလေးရုပ်ရှင်က ရိုက်ပြီးသားတဲ့။ မဟုတ်ဘူး... အဲဒီမှာ ကပ္ပလီမကြီး မပါဘူးလေလို့။

**မပါဘူး။**

အဲဒီမှာ သူက၊ ဦးဝင်းဦးရဲ့ ဉာဏ်သွားတာက သိပ်မြန်တယ်... နော်... အဲဒါကို ကျွန်တော်တို့ ငြင်းလို့မရဘူး၊ ဉာဏ်သွားတယ်။ ကျွန်တော် အဲဒီလောက် တို့လိုက်ရင် သူသွားပြီ၊ အဝေးကြီးကို သွားပြီ။ ကပ္ပလီမကြီး

သည် တီးဝိုင်းနဲ့ ဆက်နွယ်သော၊ ဒါ့အပြင်ကို မန်းတင်ရဲ့ အောင်မြင်ခဲ့သော *ရွှေလည်တိုင်* ကို ငါတို့ ဘယ်လိုပြန်ဖော်ထုတ်မယ် ဘာညာ သူ့ခေါင်းက အဲဒါ သွားပြီ။ အဲဒီတော့ **မုန်းမေ့ပါနိုင်** ဇာတ်ကားလေးဟာ ကျွန်တော် လည်း ဇာတ်ညွှန်းတွေ မသိမ်းထားဘူး၊ ကားထုပ်တွေလည်း ပျက်စီးသွား တော့ နမြောဖို့ကောင်းတယ်။ နမြောဖို့ကောင်းပါတယ်နော်။ အဲဒါတစ်ခါ ရိုက်ခဲ့တယ်။ နောက်တစ်ခါ ကျွန်တော်တို့ ဘာရိုက်မလဲဆိုတော့… ဒီဘက် မှာ ဘာဖြစ်လာလဲဆိုတော့ ဆရာဦးတင်ယုက **တစ်ပွင့်တည်းပန်မယ်** ဆိုတာ ရိုက်တယ်။ ကျွန်တော် ကားဆက်ခဲ့တဲ့ ကားတွေပေါ့နော်။ **တစ်ပွင့်တည်း ပန်မယ်** ပြီးတော့ ဒီဘက်မှာ **ပိတောက်ရိပ်ဝယ်** ပြန်ရိုက်တယ်။ **ပိတောက် ရိပ်ဝယ်** က ဒေါ်တင်တင်အေးပေါ့။ နောက်…။

**နှင်းဆီ။**

ဟုတ် မနှင်းဆီပေါ့။ ဒီကားရဲ့ ထူးခြားချက်ကတော့ ဒေါ်မာမာအေး ရဲ့ *ပိတောက်လမ်း* သီချင်း ဖော်ထုတ်နိုင်ခဲ့တာပေါ့နော်။ အဲဒီလေးတွေ မှတ်မိပါတယ်။ နောက်တစ်ခါကျတော့ အဲဒီကာလမှာပဲ ၁၉၆၃ ခု၊ ဧပြီလ သင်္ကြန်လဖြစ်သွားတဲ့အခါကျတော့ မန္တလေးရုပ်ရှင်ကနေပြီးတော့ **မောင်တို့ ချယ်ရီမြေ** ဆိုတဲ့ ဇာတ်ကားကို ရိုက်ဖြစ်ပါတယ်။ အဲဒီကားကို ကျွန်တော်က မှတ်တမ်းလည်း ရေးရတယ်။ ကလက်လည်း ရိုက်ရတယ်။ ကားလည်း ဆက်ခဲ့ရတယ်ပေါ့။ ဖလင်အယ်ဒီတာ စံရွှေမောင်အနေနဲ့ပေါ့။

**ဟုတ်ကဲ့။**

အဲဒီကနေပြီးတော့ ဦးဝင်းဦးရဲ့ အကောင်းဆုံးကားတစ်ကားလည်း ဖြစ်တယ်၊ ကျွန်တော် ကားဆက်ရတာလည်း အရသာရှိတယ်ပေါ့ အဲဒါက တော့ **ဆောင်းအိပ်မက်** ပေါ့။ အဲဒါကတော့ ဒေါ်တင်တင်အေးနဲ့ပါပဲ။ ဦးဝင်းဦး ဖော်ထုတ်နိုင်ခဲ့တဲ့သီချင်းကတော့ *မပြီးသေးသောပန်းချီကား။* အဲဒီလို နေလိုက်ပြန်ရော…။

**အဲဒီမှာ အစ်ကို ကျွန်တော် ဖြတ်ပြောဦးမယ်။ အခုပြောရင် တော့ အမိကသရုပ်ဆောင် တင်တင်အေးလို့ ပြောလို့ရတာပေါ့နော်၊ တင်တင်အေးလို့ ပြောကြလိမ့်မယ်။ အမှန်က တကယ့်တကယ် ကျွန် တော်တို့မြင်တာ တင်တင်အေး မဟုတ်ဘူး၊ အေးအေးသင်း။ ဇာတ် ဆောင်နဲ့ ဇာတ်ပို့ ခွဲခြားမှုက… မင်းသားနဲ့ညားရင်တော့ ဇာတ်ဆောင် အဲဒီလိုဖြစ်သွားတယ်။**

ကျွန်တော်က နှစ်ကိုယ်ခွဲရိုက်ရတာပေါ့။ တစ်ကိုယ်က စိတ္တဇရဲ့ ကိုယ်ပွားပေါ့။ တစ်ကိုယ်က တစ်ခါတစ်ရံမှာ ဒေါ်အေးအေးသင်းကို သူ ထမ်းလာရင် ကျွန်တော်က ဦးဝင်းဦးရဲ့ စပို့ရှပ်ကိုဝတ်ပြီးတော့ ထမ်းပေးရတာ ပေါ့။ အဲဒါမျိုးတွေရှိခဲ့တယ်။

**ဟုတ်လား။**

အဲဒါကတော့ **ဆောင်းအိပ်မက်** ဖြစ်ပါတယ်။ **ဆောင်းအိပ်မက်** ကို ကားဆက်က ညွန့်မြန်မာခြံမှာ ဆက်ပါတယ်။ ညွန့်မြန်မာခြံမှာ ဆက်တဲ့ အခါကျတော့ ကားလည်း ဆက်လည်းဆက်ပြီးရော ကျွန်တော်တို့ ဗြိတိသျှ ဘားမား ညွန့်မြန်မာက ဦးနေဝင်း ပြန်ရောက်လာတယ်ခင်ဗျာ။ ငါ့ကိုတဲ့ လုပ်ပေးကြပါဦးကွာတဲ့ ဆိုတော့ ကျွန်တော့်ဆီမှာ အလွယ်တကူရှိတဲ့ ဇာတ် ကလေးတစ်ခုက **တိမ်လွှာမို့မို့လွင်** ဆိုတဲ့ ဇာတ်ကားကို စ,ပါတယ်။ **တိမ်လွှာမို့မို့လွင်** ဆိုတဲ့ ဇာတ်ကားကို စတဲ့အချိန်မှာ **တိမ်လွှာမို့မို့လွင်** ဘာ ဖြစ်လို့ဖြစ်လာလဲဆိုတော့ ကျွန်တော်တို့ ရှေးတုန်းက မြန်မာ့အသံမှာ ဂီတနဲ့ ပတ်သက်လို့ ကျေးဇူးရှင်တစ်ယောက်ဖြစ်တဲ့ အဘ ဦးသန်းမြင့် ရှိခဲ့ပါတယ်။ အဘဦးသန်းမြင့်ဆိုလို့ရှိရင် ရှေးမီနောက်မီဖြစ်တဲ့အတွက် ဥပမာ သကြန်ဆို လို့ရှိရင် *သပြေခက်နဲ့ ရေပက်* ဒေါ်အောင်ကြည်ရဲ့ သီချင်း လေးကိုဖွင့်မယ်။ ခေတ်နဲ့အခါနဲ့ လိုက်ဖက်အောင်တော်တဲ့ ဂီတဆရာကြီးတစ်ယောက် ဖြစ် တယ်။ ထိုနည်းတူစွာပဲ ကျွန်တော်တို့ လူတိုင်းသိတဲ့ ဆရာကြီး မြို့မငြိမ်း နောက်ဆုံးရေးသွားတဲ့ *တိမ်လွှာမို့မို့လွင်* ဆိုတဲ့ သီချင်းကိုလည်း ကျွန်တော်တို့ သွင်းဖြစ်ပါတယ်။ အဲဒါနဲ့ ညွန့်မြန်မာက ဦးနေဝင်းက အဲဒါဆိုရင် အဲဒီကား ရိုက်ရအောင်ဆိုပြီး ဦးဝင်းဦးက ဇာတ်ညွှန်းပေါင်း၊ ကိုရင် ဒါရိုက်တာလုပ်ပါ လား ဆိုပြီး ပြောတယ်။ ကျွန်တော်က မလုပ်ချင်သေးဘူးလို့ ပြောတယ်။ ဒါပေမဲ့ သူက အတင်းခိုင်းတဲ့အတွက် ကျွန်တော်ရိုက်ဖြစ်ခဲ့တာပေါ့။ အဲဒီတော့ ၁၉၆၈ ခုနှစ်မှာ ပထမဦးဆုံး ကျွန်တော်တို့ ရခိုင်ဒေသ ဖြစ်တဲ့ စစ်တွေတို့ ဘာတို့ ပင်လယ်ကမ်းခြေမှာ **တိမ်လွှာမို့မို့လွင်** ကို ရိုက်ဖြစ်ခဲ့ပါတယ်။ ၇၀ ခုနှစ်တွေမှာတော့ သူနဲ့ကျွန်တော်နဲ့က ကျွန်တော့်ဘာသာ ရန်းကန်ပြီး ကားရိုက်ဖို့ ကြိုးစားလာတယ်။ ပထမ ခုနကပြောတဲ့ **မာယာထောင်ချောက်** ဆိုတဲ့ လမ်းကြောင်းပေါ်ကို ရောက်ခဲ့ပါတယ်။

**ဟုတ်ကဲ့၊ ခုနက ကျွန်တော်မေးတာ အစ်ကိုရိုက်တဲ့ကားတွေ က Suspense များတယ်။**

ဟုတ်ကဲ့၊ အဲဒါလည်း ပြောလို့ရပါတယ်။ ကျွန်တော်က စာအုပ်နဲ့ ပတ်သက်လို့ ငယ်ငယ်ကတည်းက ရှုးသွပ်တာက စုံထောက်ဦးစံရှား ကို ရူးသွပ်ပါတယ်။ စုံထောက်ဦးစံရှားဆိုတာကတော့ ကျွန်တော်တို့မှာ ကျေးဇူး ရှိပါတယ်။ ဆရာကြီး ရွှေဥဒေါင်းဖြစ်ပါတယ်။ ဘာဖြစ်လို့ ကျေးဇူးရှိလဲလို့ ပြောမယ်ဆိုရင် ဆရာကြီးက ကျွန်တော်တို့ **ဇော်ဟိတ်** ဆိုတဲ့ ဝတ္ထုထဲမှာ အမှာရေးထားတယ်။ ကျွန်တော်တို့သည် နိုင်ငံခြားကို မီဖို့မပြောနဲ့ အနား ရောက်ဖို့တောင် မလွယ်ဘူး။ ဒါ သူရေးထားတာ။ ကျွန်တော် စာရွက်ပြဆို လည်း ပြလို့ရတယ်။ အဲဒီတော့ အကောင်းဆုံးဟာ မှီးခြင်းဖြစ်တယ်။ ကျွန်တော်သည် အဲဒီ စုံထောက်ဝတ္ထုတွေကို ယူပြီးတော့၊ ဖတ်ပြီးတော့ ကျွန်တော့်ခေါင်းထဲမှာလည်း ဒါပဲ Inspiration ဖြစ်တဲ့အတွက်၊ အဲဒါမှလည်း ပရိသတ်ကို ပိုပြီးတော့လှုပ်ရှားမယ်။ ပရိသတ်ကို လှည့်စားနိုင်မယ်။ ကျွန် တော်ဝှက်ထားတဲ့ တရားခံကို ပေါ်သွားရင် ကျွန်တော် ရှုံးမယ်။ ဟုတ်တယ် မလား၊ အလကားကောင်ဖြစ်သွားမယ်။ ကျွန်တော်ဝှက်ထားတဲ့ တရားခံ ကိုမသိဘဲနဲ့ "ဟာ...ကွာ"ဖြစ်သွားရင် ကျွန်တော်နိုင်မယ်။ ကျွန်တော် အဲဒီဆန္ဒနဲ့ ကစားတာပါ။

**ဟုတ်ကဲ့၊ လူလည်း စိတ်ဝင်စားပါတယ်။ နောက် အခု အစ်ကို နောက်ဆုံးရိုက်တာ "သရစောထိ" နော်။ "သရစောထိ"လည်း ပေါ်လစီ လို့ ပြောကြပါစို့နော်၊ ပေါ်လစီဆိုပေမယ်လို့ Entertainmentဖြစ်ပါတယ်။ ထွန်းထွန်း လုပ်တာလေးနဲ့၊ အစ်ကို့ရိုက်ချက်တွေနဲ့၊ ကလေးတွေနဲ့ ပညာရေးအတွက် အထောက်အကူပြုအောင်လုပ်သွားတာလေး ကောင်း ပါတယ်။**

ဟုတ်ကဲ့။ ကျွန်တော်ဝမ်းသာပါတယ်။ အခု ကျွန်တော်တို့ ဖလင် ခေတ်ကုန်သွားပြီ ဆိုတဲ့အခါကျတော့ Digital Systemနဲ့ ဆိုတဲ့အခါကျတော့ ကျွန်တော် ပထမဦးဆုံးရိုက်ရတဲ့ကား ဖြစ်ပါတယ်။ ဒီလိုရှာသိပေါ့၊ မနစ်က ကျွန်တော်တို့ကို သက်ဆိုင်ရာ နိုင်ငံတော်က တာဝန်ပေးတော့ ဇွန်၊ ဇူလိုင်မှာ ပေးတယ်။ စက်တင်ဘာမှာ ပြီးအောင်ရိုက်ရမယ်။ အကယ်၍သာ ဖလင်နဲ့ ရိုက်ခဲ့မယ်ဆိုရင်ပေါ့၊ ဖလင်ကို သွားရိုက်မယ်။ အဲဒီပုံးကြီးကို ကျွန်တော် တို့ **နေခြည်ဖြာမှ နွေးသောကြောင့်** ရိုက်ခဲ့သလို ရေခဲတောင်ကနေပြီးတော့ လာဆေးမယ်။ အဲဒီလိုဖြစ်ပြီးတော့ အချိန်တွေအများကြီးကုန်မယ်။ အခု ဒစ်ဂျစ်တယ်နဲ့ဖြစ်တဲ့အခါကျတော့ ဖလင်တည်းဖြတ်တဲ့လူဟာ မီးစက်ကလေး

တစ်လုံး သူ့ကို သီးခြားပေးပြီးတော့ မနက်ကိုရိုက်တယ်၊ ညကို ကားဆက်တယ်။ အဲဒီတော့ အချိန်တန်ရင် ကျွန်တော်တို့ ရန်ကုန်ပြန်ရတဲ့အချိန်မှာ ကျွန်တော်တို့ ကားဆက်ပြီးသားပဲ။ မကောင်းတာ ကောင်းတာ၊ လိုတိုး ပိုလျှော့တွေနုတ်ပြီးတော့ အသံသွင်းရုံပါပဲ။ ဒါ ကျွန်တော် ဆရာစောထိကို လည်း သဘောကျပါတယ်။ ကျွန်တော်ဖတ်တဲ့ စာအုပ်တွေထဲမှာဆိုရင် ကျွန်တော် အီဗရာဟင်လင်ကွန်း အမေရိကန်သမ္မတကြီးကို သဘောကျပါတယ်။ သဘောကျတယ်ဆိုတာ သူသည် စာကို အရမ်းမြတ်နိုးတယ်၊ မိဘ အရမ်းဆင်းရဲတယ်။ အဲဒီကြားထဲကနေပြီးတော့ စာတတ်ပုဂ္ဂိုလ်တစ်ယောက် ဖြစ်အောင် ကြိုးစားလာတယ်။ ကြိုးစားလာပြီးတော့လည်း လူဆင်းရဲတဲ့ ဘက်ကနေ ရပ်တည်တဲ့ ရှေ့နေတစ်ယောက်ဖြစ်လာတယ်။ အဲဒီလို ရှေ့နေ တစ်ယောက်ဖြစ်လာတဲ့အခါမှာ အများအားဖြင့် သူ အမှုလိုက်ရတယ်ဆိုရင် လူမည်းတွေအတွက် လိုက်ရတာများတယ်။ များတဲ့အခါကျတော့ ဟိုဘက်က ငွေကြေးမပြည့်စုံတဲ့အတွက်ကို သူ့ကို ခရမ်းသီးတွေ ပေးလိုက်၊ ကြက်ဥတွေ လာပေးလိုက်၊ ကြက်တွေလာပေးလိုက်၊ အဲဒါနဲ့ ရုံးခန်းလည်းမရှိဘူး။ အစမှာ သစ်ပင်အောက်မှာ ရုံးခန်းဖွင့်တယ်။ အီဗရာဟင်လင်ကွန်းကို သဘောကျပြီး ကဲ... အဲဒီလိုဆိုရင် ဆရာစောထိ ဆိုတဲ့လူက ဆယ်တန်း မအောင်ဘဲနဲ့ ငါတို့ ကျောင်းဆရာလုပ်လို့ မရဘူးလား။ အဲဒါလေးကို ကျွန်တော် မြတ်နိုးလို့ ကျွန်တော် ဦးသူရကို ပြောပြပါတယ်။

**အစ်ကို့ကို ကျွန်တော်မေးလိုက်တာတော့ ကျော်နေပြီပေါ့နော်၊ ဒီဘက်ခေတ်ကို ရောက်သွားတယ်။ ဟိုဘက်ခေတ်က ရေခဲတောင် သွားရိုက်ရတဲ့ကားကို ပြောပြပေးပါဦး။**

ဟုတ်ကဲ့၊ အဲဒါလည်း ရှုံးသွပ်တာပါပဲ။ တစ်နေ့သောအခါမှာ အခု ကိုချစ်မောင် News Watch ရဲ့၊ အဝကျွန်းချစ်မောင်ရဲ့ ဆရာပေါ့ ဆန်းမောင် သောင်း၊ မောင်သောင်း(ရှမ်း)ရယ်၊ ကျွန်တော်ရယ်၊ ကာတွန်းစံရွှေမြင့်ရယ်၊ မောင်မောင်ဆွေရယ် ကျွန်တော်တို့ ပူတာအို သွားလည်ကြတယ် တိုအောင် ပြောရရင်တော့ အဲဒီတုန်းက လေယာဉ်ပျံစီးရမယ့်လူလည်း မရှိဘူး။ အဲဒီ တော့ သွားလည်ကြရင်းနဲ့ ပြန်မယ့်နေ့မှာ ရေခဲတောင်ကြီး သွားတွေ့တယ်။ ကျွန်တော့်စိတ်ထဲမှာ ဘာဖြစ်လဲဆိုတော့ ကျွန်တော် မင်းသားလုပ်တော့မယ်။ အဲဒါ **မာယာထောင်ချောက်** မရိုက်ခင်။ မင်းသားလုပ်တော့မယ်ဆိုတော့ ငါ့ကို မကြည့်ချင်ရင်နေပါစေ ရေခဲတောင်ပါလို့ ကြည့်ရင်တော်ပြီ ဆိုပြီးတော့

ကျွန်တော့်ကားကောင်းအောင်ရိုက်မယ် ဆိုပြီးတော့ ကျွန်တော် အရူးထ,တာ။ **မာယာထောင်ချောက်** က အောင်မြင်သွားပြီဆိုတော့ အိုကေ၊ အဲဒီရတဲ့ ပိုက်ဆံနဲ့ ပြန်ပုံအောမယ်ဆိုပြီးတော့ စိတ်ကူးလာတဲ့အခါမှာ ရေခဲတောင် ခရီးက ၁၉၇၃ ခု၊ ၇၅၊ ၇၆ အင်မတန်မှ စုတ်စုတ်ပြတ်ပြတ် ပင်ပန်းပါ တယ်။ လမ်းလည်းမရှိပါဘူး။ ကျားတွေ၊ ကြောင်တွေ အကုန်ရှိတယ် အဲဒီလမ်းမှာ။ အဲဒီကြားထဲမှာ စားဝတ်နေရေးခက်ခဲတယ်။ အခုလို ရိက္ခာ၊ ဓာတ်မီးခြစ်၊ ခေါက်ဆွဲထုပ်၊ ကြာဆံထုပ် အဲဒါတွေ မရှိသေးတဲ့ဘဝမှာ တော် တော်လေးကို ဒုက္ခရောက်အောင် သုံးနှစ် ကျွန်တော် ကြိုးစားခဲ့ပါတယ်။ အဲဒီတော့ ပြောချင်တာက အခု ကြုံလို့ ကျွန်တော် ပြောခွင့်ရလို့ ပြောချင်တာ ဆိုလို့ရှိရင် ကျွန်တော်တို့ဆီမှာ ရေခဲတောင် ရှိတယ်။ အရှေ့တောင်အာရှမှာ ဘယ်မှာမှ မရှိဘူး။ ကျွန်တော် စိတ်ကူးတယ်။ အကယ်၍များ ထိုင်းနိုင်ငံ လိုဟာမျိုး ရေခဲတောင်များရှိခဲ့ရင် ဘယ်လိုလုပ်စားမလဲ။ ကျွန်တော်တို့ ဘာမှမလုပ်စားဘူး။ Why....၊ အဲဒီအတွက်ကို ကျွန်တော့်ဟာ ကျွန်တော် လမ်းကြောင်းဖောက်ခဲ့တာ။ ကျွန်တော့်စေတနာ ရိုးရိုးသားသားပြောရမယ်ဆို ရင် တို့ဆီမှာ ဒါတွေရှိတယ်။ လူတိုင်းကို လာလည်နိုင်အောင် လုပ်လို့ရ တယ်။ မဝေးလည်း မဝေးဘူး။ အဲဒီစေတနာနဲ့ ကျွန်တော် လုပ်ခဲ့တာဖြစ် ပါတယ်။ အဲဒီတော့ အဲဒီအတွက်လည်း နောင်တမရဘူး။ ဘာဖြစ်လို့လဲဆို တော့ ဒီနေ့ ကျွန်တော်တို့ ပူတာအိုသွားလို့ရှိရင်၊ အရင်တုန်းက ကျွန်တော် တို့ သွားလို့ရှိရင် ဂါဝန်ဖားရားကြီးတွေနဲ့ သွားနေတဲ့ လီဆူးမလေးတွေ၊ သင်တိုင်းတွေနဲ့ သွားနေတဲ့ လီဆူးတွေ၊ ရဝမ်တွေ၊ ကချင်တွေ တိုင်းရင်း သားတွေ အများကြီးတွေ့ရတယ်။ အခု ဒီနေ့ဆိုလို့ရှိရင် ဘောင်းဘီဒူးပြတ် နဲ့၊ တီရှပ်နဲ့ ယဉ်ကျေးမှုပျောက်သွားပြီဖြစ်တဲ့အတွက် ကျွန်တော့်ကားက မှတ်တမ်းလေးကျန်ခဲ့တဲ့အတွက် ကျွန်တော် ကျေနပ်ပါတယ်။

**ဟုတ်ကဲ့။ အစ်ကို... ကားနာမည်ပြန်ပြောပေးပါဦး။**

**နေခြည်ဖြာမှ နွေးသောကြောင့်...။**

**"နေခြည်ဖြာမှ နွေးသောကြောင့်" က နာမည်က ဒေါ်ခင်ဆွေဦး ဝတ္ထုနာမည်လား။**

မဟုတ်ဘူး။ ဟိုက **နေခြည်ဖြာတော့ နွေးလိမ့်မယ်**။ ကျွန်တော် လည်း စိတ်မကောင်းပါဘူး။ မဦးကိုလည်း ကျွန်တော် ခဏခဏ တောင်းပန် ပါတယ်။ ကျွန်တော်လုပ်မိတယ်။ ဦးတည်ချက်က ဘာလဲဆိုတော့ အခုခေတ်

အထိပေါ့နော်၊ အခု ကျွန်တော် **သရစောထီ** ရိုက်တော့လည်း ဒီ ဆရာ မလှုံလောက်တဲ့ကိစ္စ၊ ကျန်းမာရေးမလုံလောက်တဲ့ကိစ္စ၊ လမ်းပန်းဆက်သွယ်ရေး မလုံလောက်တဲ့ကိစ္စနော်၊ တိုင်းပြည်မအေးချမ်းတဲ့ကိစ္စ ဒီအပေါ်မှာပဲ ကျွန်တော်တို့ ဖရိန်လုပ်ရတဲ့အခါကျတော့ ဟိုကာလမှာလည်း ဟိုလိုပဲ...၊ ကျွန်တော် ပြည်နယ်အားလုံးကို ပြန်ကြည့်လိုက်လို့ရှိရင် အထူးသဖြင့် ပူတာအိုဒေသမှာ နေရောင်ခြည်လေးလာမှ အနွေးဓာတ်ရသလို ကျွန်တော်တို့ လမ်းပန်းဆက်သွယ်ရေးကောင်းပါမှ၊ စီးပွားရေးကောင်းပါမှ၊ ပညာရေးကောင်းပါမှ၊ ကျန်းမာရေးကောင်းပါမှ လူရာဝင်ရမယ် ကျွန်တော်တို့ ပြည်နယ်တွေအတွက်ကို နေခြည်ဖြာစေချင်တယ် ဆိုတဲ့ကိစ္စနဲ့ လက်ဝဲသုန္ဒရကျေးဇူးရှင်ကြီးရဲ့ ခေါင်းစဉ်ကို ကျွန်တော် ယူမိခြင်းဖြစ်ပါတယ်။ ကျွန်တော် **နေခြည်ဖြာမှ နွေးသောကြောင့်** ကို ရိုက်ပြီးတော့ စိတ်ကူးသေးတယ်ခင်ဗျ။ **နေခြည်ဖြာမှ** ရိုက်ပြီးတော့ ကျွန်တော်တို့ ပိုက်ဆံက ဘိုင်ကျသွားရော၊ သိလား။ စားဝတ်နေရေး ခက်ခဲသွားရော။ နောက်တစ်ကား ကျွန်တော် စဉ်းစားသေးတယ်။ **နေခြည်ဖြာမှ နွေးသောကြောင့်၊ လေပြည်လာက အေးသောကြောင့်၊ ရွှေပြည်ဌာန ဝေးသောကြောင့်၊** ရွှေပြည်ဌာနဝေးရင်ငါ တိုင်းပြည်မှာကို ကပ်ရမှာ မဟုတ်တော့ဘူးဆိုပြီး ကျွန်တော် မရိုက်တော့ဘူး(ရယ်လျက်)။ အဲဒီဓာတ် ရှိပါသေးတယ်ဗျ၊ ကောင်းတယ်။

**အခု "သရစောထီ" ပြီးတဲ့နောက်မှာ ကားရိုက်ဖို့ စိတ်ကူးများရှိသေးလား။**

ရှိပါတယ်ခင်ဗျာ၊ ရှိတယ်။ ခေါင်းထဲမှာ မထိသေးဘူး။ ကျွန်တော်တို့ စိတ်ကူးနဲ့ ကျွန်တော်တို့ တိုင်းပြည်နဲ့ မကိုက်ပါဘူး။ ဟုတ်တယ်မလား။ မကိုက်ဘူးဆိုတာ နံပါတ်တစ်က လုပ်လို့ရတဲ့ ပိုက်ဆံနဲ့ ကျွန်တော်တို့ ဒါကို စားသောက်ပြီးတော့ နောက်တစ်ခု စိတ်ကူးရအောင်အထိ ပိုက်ဆံက မခံနိုင်ပြန်ဘူး။ အဲဒါလေးရှိတယ်။ နောက်ပြီးတော့ ကျွန်တော်တို့နဲ့လိုက်ပါပြီးတော့ ဝင်လုပ်မယ့် ကလေးတွေရဲ့ စိတ်ဓာတ်ရှိတယ်။ ဥပမာ အဲဒီလို **နွေခြည်ဖြာမှ နွေးသောကြောင့်** လို ရေခဲတောင်မှာ သုံးနှစ်သွားရိုက်ရင် ထုတ်လုပ်သူကလည်း ကျွန်တော့်ကို သတ်ဖို့ရှိတယ်။ မင်းသား၊ မင်းသမီးကလည်း သတ်ဖို့ရှိတယ်။ ကိုယ်တိုင် ကိုယ့်ပိုက်နဲ့ကိုယ် ဓားထိုးခံရမှာဆိုတော့ အဲဒီတော့... ကျွန်တော်တို့နဲ့ မကိုက်ဘူး။ အဲဒါကြောင့်မို့ စိတ်ကူးကတော့ ရှိပါတယ်။

**ဟုတ်ကဲ့။**

ခုနကပြောတဲ့ **ရွှေပြည်ဌာနဝေးသောကြောင့်** ဆိုလည်း အရမ်းမိုက်တယ်။ နောက်တော့ မလုပ်ရဲတော့ဘူး(ရယ်လျက်)။

**အစ်ကို အခု အသက်ဘယ်လောက်ရှိသွားပြီလဲ။**

၈၂ နှစ်ကျော်ပြီပေါ့၊ ၃ ထဲမှာပေါ့။

**အစ်ကို လုပ်သင့်ပါတယ်။ ပညာတွေ သယ်မသွားပါနဲ့။**

ဟုတ်ကဲ့၊ စိတ်ကမလျှော့ပါဘူး။ ရပါတယ်။ ကျွန်တော် အခုလည်း ကြိုးစားနေတာပါပဲ။ အထူးသဖြင့်ပေါ့... နော့်၊ Art For Art Sake ဒီဟာနဲ့ပဲ In Touch ပေါ့။ စာပေ၊ ရုပ်ရှင် ဒါပဲစိတ်ကူးပါတယ်။ ဒီ့ပြင် ဘာမှမရှိပါဘူး။

**နောက်... အစ်ကိုတို့ ဟိုဘက်က ဖလင်ခေတ်ပေါ့နော်၊ ဖလင်ခေတ်မှာ ရိုက်ခဲ့ရတာနဲ့ အခု ဒစ်ဂျစ်တယ်ခေတ်မှာ ရိုက်ရတာ အစ်ကို ဘယ်လိုခံစားရလဲ။**

ခုနက ပြောသလိုပေါ့နော်။ အလုပ်က အများကြီးလွယ်သွားပြီ။ အလုပ်က အများကြီးလွယ်တော့ ပိုလည်းကောင်းလာတယ်။ ကျွန်တော် ဒါကို ငြင်းလို့မရဘူး။ ဒါကိုငြင်းရင် ကျွန်တော် ဘဏ်က ဦးဌေးဝင်းလို ဖြစ်နေဦးမယ်။ ဘဏ်ဦးဌေးဝင်းက ဓာတ်ပုံအရမ်းတော်တယ်။ ဘကြီးဌေး၊ ကွန်ပျူတာကို ငါမယုံဘူးကွတဲ့။ ကွန်ပျူတာနဲ့ရိုက်ရင် ငါ ဓာတ်ပုံဆရာ မလုပ်တော့ဘူးဆိုပြီး ထွက်သွားတဲ့ ပုဂ္ဂိုလ်။ အဲဒီလိုရှိတယ်။ ဆိုလိုချင်တာကတော့ အဲဒီလို ကျွန်တော်တို့ ရေစီးကြောင်းကို ကန့်လန့်လုပ်လို့မရဘူး။ ဒါ ကောင်းတာ အမှန်ပဲ။ 5.1 တို့၊ 7.1, Dolby System အသံတွေ အရမ်းကောင်းလာတယ်။ ပြီးတော့ အသံ Channel တွေများတဲ့အတွက် မကောင်းတာကို နုတ်တယ်၊ ကောင်းတာကို ထပ်ဖြည့်တယ်။ အဲဒါတွေ အကုန်လုပ်လာနိုင်တယ်။ အရုပ်ကို Grading တင်လို့ရတယ်။ နောက် အသားအရောင် နီချင်တယ်၊ ဖြူချင်တယ်၊ မှိန်ချင်တယ် အကုန်လုပ်လို့ရတယ်ဆိုတော့ ဒီဟာသည် Second to Life ပေါ့ သူတို့ပြောပြောနေတာ။ လူ့ဘဝကြီးရဲ့ ဒုတိယအဆင့်ပဲ ဖြစ်သွားတဲ့အတွက် ကျွန်တော်တို့ ဒါကို မကောင်းဘူးလို့ ပြောလို့မရပါဘူး။ ဖလင်ခေတ်မှာလည်း ဖလင်အရသာရှိသလို ဒီခေတ်မှာလည်း ဒီဟာ ပိုပြီး လက်ဆော့လို့ရတယ်။ ကိုယ် ခေါင်းသွားရင်သွားသလို ရတဲ့အတွက် ကျွန်တော် ကျေနပ်ပါတယ်။

**အစ်ကို ရုပ်ရှင်အစည်းအရုံးရဲ့ နာယကတစ်ယောက်အဖြစ်နဲ့**

**ပေါ့နော်၊ လက်ရှိရိုက်နေတဲ့ ရုပ်ရှင်ကားတွေပေါ့။ အများစုက ဟာသကားတွေပေါ့နော်။ တချို့ဆိုရင် နာမည်နားထောင်လိုက်တာနဲ့ ဒါ ဒီကားကြီးကတော့ ဘယ်လိုဖြစ်တော့မှာပဲဆိုတာ သိသာနေတယ်ပေါ့နော်။ ဆိုတော့ ဒါကို နာယကတစ်ယောက်အနေနဲ့ ဘယ်လိုများထိန်းကျောင်းမယ်လို့ စိတ်ကူးရှိလား မသိဘူး။**

အဲဒါကတော့ ကျွန်တော်တို့က ထိန်းကျောင်းရင် ကျွန်တော်တို့လူမှုန်းမှာပဲလေ ရိုးရိုးပြောမယ်ဆိုရင်တော့။ နောက်တစ်ခုရှိတာက သူ့ခေတ်နဲ့ သူ့စနစ်နဲ့ သူ့ဟာသူ ထိန်းကျောင်းသွားပါလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ ၁၉၆၈ ခု၊ အခုလို ဇွန်လမှာပဲ ရုပ်ရှင်နှီးနှောဖလှယ်ပွဲလုပ်ခဲ့တယ်။ မ.ဆ.လခေတ်ပေါ့။ ရုပ်ရှင်ကို ဘယ်လိုမြှင့်တင်ရင်ကောင်းမလဲဘာညာ စဉ်းစားခဲ့ကြတယ်။ ဒါပေမဲ့ တကယ့်လက်တွေ့မှာ ၁၉၆၈ ခု၊ ဒီဇင်ဘာလ ၁၀ ရက်မှာ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ရှိသမျှ ရုပ်ရှင်ရုံများကို အားလုံး ပြည်သူပိုင်သိမ်းပစ်လိုက်တယ်။

**ပြည်သူပိုင်သိမ်းလိုက်တယ်။**

ပြည်သူပိုင်သိမ်းလိုက်တော့ ဘာဖြစ်လဲကွာလို့ ပြောစရာရှိတယ်။ အဲဒါကိုပြောရမယ်ဆိုရင် တော်တော်ရှည်မယ်။ တိုအောင်ပြောမယ်ဆိုရင် ဘာလဲဆိုတော့ နံပါတ်တစ်က ကျွန်တော်တို့ ရုပ်ရှင်သမားတွေသည် ကျွန်တော်တို့ဆီမှာ ဘာမှမရှိဘူး။ ဦးနှောက်ပဲရှိတယ်။ Talent ပဲရှိတယ်။ Talent ပေါ်မှာမူတည်ပြီးတော့ ကျွန်တော်တို့ ရုပ်ရှင်ဖန်တီးတယ်။ အဲဒီအခါကျတော့ ကျွန်တော်သည် **မာယာထောင်ချောက်** ရိုက်မယ်လို့ ကျွန်တော်ပြောလိုက်တယ်။ ပြောလိုက်တဲ့အချိန်မှာ နယ်တကာမှာရှိသော ရုံပိုင်ရှင်များသည် ဥပမာ ဘိုကလေးမှာ ရုံနှစ်ရုံရှိမယ်။ တစ်ရုံက ကျွန်တော့်ကို လာငှားမယ်။ သူ့အတွက်ကို ဘယ်နေ့က ဘယ်ရက်ကို ကျွန်တော့်ကိုပေးပါ ကားထုပ်။ ကျွန်တော်တို့ မြို့အတွက်ဆိုရင် နှစ်ထောင်တန်ပါတယ်။ အဲဒီအတွက် ကုမ္ပဏီကို ၁၀၀၀ ကျွန်တော် စရန်ပေးထားပါတယ်။ ကားထုပ်လဲတဲ့နေ့ကို ကျွန်တော် နောက် ၁၀၀၀ ပေးပါမယ်ဆိုတော့...။

**ကြိုရတာပေါ့။**

ကြိုရတဲ့ ဘွတ်ကင်မန်းနီးဟာ၊ ကြိုရတဲ့ ပိုက်ဆံဟာ ကျွန်တော့်ကားထုပ် ပြီးလောက်ပါတယ်။ ဟိုက၊ ဒီက၊ နေရာတကာ၊ မြို့နယ်တကာက ပေးတဲ့ ပိုက်ဆံဟာ ကျွန်တော်ကားတစ်ကားပြီးသွားတယ်၊ မပြီးဘူး။

ကားရိုက်ပြီးတယ်…နော်၊ ပထမဦးဆုံး အသံသွင်းဖို့ Copyထွက်လာတယ်။ အသံသွင်းဖို့ စရိတ်မရှိဘူး။ Copy ကူးဖို့ စရိတ်မရှိဘူး။ ကျွန်တော့်ကို ရန်ကုန်မှာရှိတဲ့ ဥပမာ တပင်ရွှေထီးဆိုရင် ဒေါ်အုန်းတင်ပိုင်တယ်။ ဦးဝင်းဦးနဲ့ ကျွန်တော် အတူတူနေခဲ့ရတော့ ဒေါ်အုန်းတင်ကနေ ဟဲ့ မောင်လွင်ဦး ပိုက်ဆံလိုချင် ငါ့ဆီလာယူနော်။ ဘာဖြစ်လို့လဲဆိုတော့ သူ့ရုံမှာ ပြမှာကိုး။ သူ့ရုံမှာ ပြလည်းပြရော ကျွန်တော်က တစ်သောင်းယူထားတယ်ဆိုရင် သူက တစ်သောင်းနုတ်ထားလိုက်ရုံပဲလေ။ ဆိုတော့ ကျွန်တော့်အတွက်လည်း အလုပ်ဖြစ်သွားတယ်။ ကျွန်တော် ကားရိုက်လို့ ငွေအခက်အခဲ နည်းနည်း ဗုန်းဗုန်းကျလာတဲ့အချိန်မှာ သူက အကုန်ဝိုင်းကူတာ။ အကုန်ဝိုင်းကူတော့ ဒီကားကြီးဟာ ချောချောမောမောပြီးသွားတယ်။ ဆိုတော့ ခုနက ရုံတွေသိမ်းလိုက်တဲ့အခါကျတော့ ဒေါ်အုန်းတင်လည်း ရုံမပိုင်တော့တဲ့အတွက် ကျွန်တော့်ကို တစ်ပြားမှ မပေးတော့ဘူး။ ကျွန်တော်တို့သည် အဲဒီမှာ ဖိုးတွမ်တီးဖြစ်တာ။ ကားမပြီးဘူး၊ ပိုက်ဆံချေးရိုက်ရတယ်။ အကြွေးမဆပ်နိုင်ဘူး။ အဲဒီမှာ တစ်ခါ ဘာတွေပါလာမလဲဆိုလို့ရှိရင် ကျွန်တော်ပိုင်တဲ့ ကားတစ်ကားကို ကျွန်တော် မန္တလေးအထက်ဗမာပြည် ရောင်းရတယ်။ မလောက်ပြန်ဘူး အဲဒီပိုက်ဆံ။ ကျွန်တော်တို့ စစ်တောင်း To ရေး ဆိုတဲ့ ကျိုက်ထိုဟိုဘက်ကနေပြီးတော့ ရေးအထိ ကျွန်တော်တို့ ရောင်းရတယ်။ ဟသ်ာတအထိ၊ ပုသိမ်အထိကို ကျွန်တော်တို့က ရောင်းရတယ်။ မြေနီကုန်းတာဝါကို ရောင်းရတယ်။ အဲဒီတော့ ကျွန်တော်တို့ပိုင်ဆိုင်ခွင့်က ရန်ကုန်ရုံကလေးပဲ ကျန်တော့တယ်။ တစ်ခါ ရန်ကုန်ရုံတောင်မကျန်တော့တဲ့အတွက်… ပြောချင်တာက ကျွန်တော်တို့ စီးပွားရေးမလည်ပတ်တော့ဘူး။ ကျွန်တော်တို့ ရိုက်ချင်သလို၊ ဖန်တီးချင်သလို မဖန်တီးနိုင်တော့ဘူး။ တစ်။ နှစ်က နိုင်ငံတော်ရဲ့ ကျွန်တော်တို့ နိုင်ငံခြားငွေကို တခြားတစ်နေရာမှာ သုံးတယ်။ ကာကွယ်ရေးစရိတ်တွေမှာ သုံးတယ်။ စကန်ဒရီလို့ ခေါ်တဲ့ စား၊ ဝတ်၊ နေ၊ ရေး နောက်မှာရှိကြတဲ့ ရုပ်ရှင်ပဲဖြစ်ဖြစ်၊ စာပေပဲဖြစ်ဖြစ်၊ ပန်းချီပဲဖြစ်ဖြစ်၊ ဂီတပဲဖြစ်ဖြစ်၊ ပန်းချီဆိုရင်လည်း ကင်းဘတ်စ်တောင် မဝယ်နိုင်ခဲ့ဘူး အဲဒီကာလမှာ။ လူတိုင်းမှတ်မိတယ်။ နောက် စာပေဆိုရင်လည်း စာရွက်အဟောင်းတွေကို ပြန်ပြီးတော့ ပျော့ဖတ်လုပ်ပြီးတော့မှ ပြန်ပြီးတော့ စာရွက်အညိုတွေ၊ အမည်းတွေနဲ့ ရိုက်ခဲ့ရတယ်။ အဲဒီခေတ်တစ်ခေတ်ကို ကျွန်တော်တို့ ကျော်လွှန်ခဲ့တယ်။ အဲဒီတော့ ရုံက ပိုက်ဆံမရအတွက် ကျွန်တော်တို့ မရိုက်တော့ဘူး။ အဲဒီလို

ကျွန်တော်တို့ကိုလည်း ဖလင်မပေးတော့ဘူး။ ဖလင်မပေးရအောင် ဘာလုပ်မလဲ။ ဇာတ်လမ်းစိစစ်ရေးမှာ ကျွန်တော်တို့ ပြန်တက်တယ်။ ဖင်ချွန်းနေလို့၊ ခေါင်းရှည်နေလို့ စသည့်အားဖြင့် အကြောင်းရှာပြီး ဖျက်လိုက်တဲ့အခါကျတော့ ကျွန်တော့်အတွက်ဆိုရင်၊ ကုမ္ပဏီတစ်ခုအတွက်ဆိုရင် တစ်နှစ်မှာ ထမင်းစားလောက်အောင် တစ်ကားပဲ ရိုက်ခွင့်ရတယ်။ အဲဒီအခါကျရင် အဲဒီလိုဇာတ်တွေကို ဟိုဟာက နိုင်ငံရေးနဲ့ပတ်သက်လို့၊ ဟိုဟာက စစ်တပ်ကို ထိခိုက်လို့၊ ရဲကို ထိခိုက်လို့၊ တောင်သူလယ်သမားကို ထိခိုက်လို့၊ အမျိုးသမီးကို ထိခိုက်လို့ အဲဒီအဖွဲ့အစည်းက ၁၆ ခုရှိတယ်။ အဲဒီကို ဇာတ်လမ်းတင်ရတဲ့အခါမှာ ဇာတ်လမ်းက တော်တော်နဲ့မကျတော့ဘူး။ မကျတော့ ဘယ်လိုဟာမျိုးကျလဲဆိုတော့ အဲဒီလို ပေါ်တာကားတွေ ကျတယ်။ ပေါ်တာကားတွေကျတော့ ဒီဇာတ်လမ်းပေါ်ပေါ်လောလော ရယ်စရာတွေ၊ ဟာသတွေ၊ ပရိသတ်ကလည်း တစ်တိုင်းပြည်လုံး ဒန်တန့်တန့်ဖြစ်နေတဲ့ အချိန်မှာ ရယ်စရာပဲကြည့်ချင်တယ် ဟုတ်လား...(ရယ်လျက်)၊ အဲဒီတော့ ဒါ မဆန်းဘူး။ အားလုံးကလည်း ကဲ... ငါတို့ ထမင်းစားဖို့လိုတယ်၊ ကိုယ့်ကိုယ်ကို ပညာပြဖို့...... တိပ်တွေဘာတွေ ဒါထားလိုက် ရယ်စရာပဲဆိုတော့။ အဲဒါကြီးက အကျင့်ပါပြီးတော့ ဒီအထိပါလာတာကိုး။ ကျွန်တော်တို့ ချက်ချင်းဖျောက်လို့ မရဘူး။ ကျွန်တော်လည်း ဘယ်သူ့ကိုမှ အပြစ်မပြောဘူး။ အဲဒီတော့ တဖြည်းဖြည်း...၊ အခု ဒစ်ဂျစ်တယ်နဲ့ ဖြစ်လာတယ်။ အရင်တုန်းကတော့ ဖလင်စနစ်လို ပိုက်ဆံမကုန်တော့ဘူး။ ဆေးဖိုး၊ ကူးဖိုး၊ စက်အဲဒါတွေအကုန်လုံး ပါနေတယ်။ အဲဒီလောက်မရှိတော့ ကားကောင်းအောင် မရိုက်ရင် ကိုယ် လူတောမတိုးနိုင်ဘူးဆိုတာ တစ်နေ့ သိလာလို့ရှိရင် ကျွန်တော်တို့ ရုပ်ရှင်လောက ပြန်ကောင်းလာမှာပါ။ အရင်တုန်းက ဦးသာအောင်တို့ဘာတို့ဆိုတာ မီးလောင်တယ်ကြားတာနဲ့ ကင်မရာကိုင်ပြီး ထွက်တာ။ ကျွန်တော်မြင်ဖူးတယ် အဲဒါ။

**သူ့ဝါသနာပဲပေါ့။**

မဟုတ်ဘူး။ Stock Shot လေ။ အိမ်ကြီးမီးလောင်သွားတယ် ဘာညာဒါ ပြမှာပေါ့။ မဟုတ်ရင် ကျွန်တော်တို့က ပါးစပ်နဲ့ မီးလောင်နေတာလေ။ ပါးစပ်နဲ့ သင်္ဘောနစ်နေတာလေ။ မဟုတ်ဘူး သူတို့က အဲဒါတွေ အကုန်ဆွဲဆွဲသိမ်းတာ။ လေယာဉ်ပျံ ဗုံးကြဲတာတို့၊ လေထီးဆင်းတာတို့ပါ အဲဒီ Stock Shot တွေ ရထားတာ သူတို့က။ အဲဒါတွေ ပြန်ပြတာ။

**ဩော်... ဦးသာအောင်ကြီး ရိုက်ခဲ့တာပေါ့။ ကောင်းလိုက်တာနော်။**

ဟုတ်တယ်။ အဲဒါ Library လုပ်ရမှာ။ ကျွန်တော်တို့က အဲဒါကို လုပ်ရမှန်းကိုမသိတာ။ မသိတာ။

**ကျွန်တော်တို့ ဂျာနယ်ကျော်မမလေးရဲ့ နာမည်ကြီးဝတ္ထုဖြစ်တဲ့ "သွေး"ကို ဂျပန်က ရိုက်တဲ့အခါမှာ အစ်ကိုပါတာ တွေ့ဖူးတယ်။ ဦးတင်ယုကတော့ ခေါင်းဆောင်ပေါ့နော်၊ ဦးလှမျိုးရယ်၊ အစ်ကိုရယ် Assist လုပ်ကြတယ်နော်။ မန္တလေးမှာ ရိုက်တုန်းက ကျွန်တော်လိုက်ကြည့်ဖူးတယ်။ အဲဒီ "သွေး"နဲ့ ပတ်သက်တာလေး ပြောပြပေးပါလား။**

ဟုတ်ကဲ့၊ **သွေး** ဇာတ်ကားက ဘယ်ကစ,မလဲဆိုတော့ ကျွန်တော်တို့ ဒုတိယကမ္ဘာစစ်ကြီးဖြစ်တော့ ဂျပန်စစ်တပ်က ဂျပန်လူမျိုးတွေ အများအပြား မြန်မာပြည်မှာ ဆုံးပါးခဲ့ရတယ်ပေါ့နော်။ အင်ဖာတိုက်ပွဲကို သွားတဲ့အခါမှာ ဝီလျံစလင်းလို့ခေါ်တာ... ကျွန်တော်တို့ Defeat Into Victory ဆိုပြီးတော့ ကျန်ခဲ့တယ်၊ အဲဒီလို သေကျန်ခဲ့တဲ့ ဂျပန်မျိုးဆက်တွေ၊ မိဘတွေကို လာကန်တော့တာရှိတယ်။ တချို့လည်း မသေဘဲနဲ့ ခဲရာခဲဆစ် မြန်မာလူမျိုးတွေက ဝှက်ထားပြီးတော့ ပြန်လွတ်သွားတဲ့လူတွေလည်း ရှိတယ်။ အဲဒီမှာ တစ်ယောက်သောသူက ဂျပန်ပြည်မှာ အမျိုးသမီးတွေရဲ့ အတွင်းခံဝတ်တဲ့ ပစ္စည်းတွေကိုထုတ်လုပ်တဲ့ ဝါရူးဆိုတဲ့ ကုမ္ပဏီပိုင်ရှင်ဖြစ်တဲ့ ကျွန်တော်တို့ အဲဒီအထဲမှာတော့ နာမည်ရှိတယ်ဗျ သိလား။ အဲဒီပုဂ္ဂိုလ်က မင်းတို့ကောင်တွေ ငါတို့လိုပဲ ထွက်ပြေးပြီး လွတ်မြောက်လာတဲ့လူတွေ တို့ကို ပြန်ကြည့်သင့်တယ်။ အဲဒီတော့ ငါတို့မိဘတွေလည်း၊ ငါတို့တွေရဲ့ ဆွေမျိုးတွေလည်း သေကျန်ရစ်ခဲ့တယ်။ ဒါအတွက်ကို မင်းတို့ ကားတစ်ကားရိုက်ပြီး ဖန်တီးရင်မကောင်းဘူးလား ဆိုပြီးတော့ အဲဒါ စ,ပါတယ်။ စ,တော့... အဲဒါကို ရှာတွေ့တဲ့အခါမှာ ဂျာနယ်ကျော်မမလေးရဲ့ **သွေး** ဝတၳုကို သွားတွေ့ပါတယ်။ ကျွန်တော် အပါအဝင် ပတ်သက်လာတဲ့ဟာ ပြောရရင် တော်တော်ရှည်တယ်။ ဘာဖြစ်လဲ၊ နံပါတ်တစ်က ဦးတင်ယုက ဒါရိုက်တာအကြီးအနေနဲ့ သူ့ကို လာဆွေးနွေးတယ်။ ပြီးတော့ ဇာတ်ညွှန်းအရတော့ ဦးသိန်းဆိုင် ပါခဲ့တယ်။ ဦးချစ်သန်းမြင့် ပါတယ်၊ ဦးအေးကြူလေးတို့လည်း ပါတယ်ထင်တယ်။ အဲဒီတော့ ဆရာ ဦးတင်ယုက မင်း **သွေး** ဝတ္ထုကို ဖတ်ဖူးလားဆိုတော့ ဖတ်ဖူးတယ်။ ဖတ်ဖူးတယ်ဆိုလို့ရှိရင် မနက်ဖြန်ကျရင်

ဂျပန်တွေနဲ့ စကားပြောရအောင် လာခဲ့ကွာဆိုတော့ ကျွန်တော်ရောက်သွားတယ်။ ညကို ကျွန်တော်က **သွေး** ဝတ္ထုကိုပြန်ဖတ်ပြီးတော့ ဆင်း(န)Serial ကတွေ ရေးပြီးတော့ ဂျပန်တွေနဲ့ အချီအချပြောတာပေါ့နော်။ မောင်သစ်မင်းတို့ဘာတို့၊ ဆရာဇော်ဂျီရဲ့ ကဗျာတွေပြန်ပါနိုင်အောင် ကျွန်တော်တို့ ပြောခွင့်ရခဲ့တယ်။ အဲဒီတော့ တိုအောင်ပြောမယ်ဆိုလို့ရှိရင် **သွေး** ဇာတ်ကားရိုက်ဖြစ်လာတဲ့အချိန်မှာ မင်းသား၊ မင်းသမီးကို ရှာကြတဲ့အချိန်မှာ ဒါရိုက်တာအားဖြင့် ဦးတင်ယု။ Serialအရ ဦးတင်ယု၊ ဦးတင်ယုပြီးတော့ ဝါစဉ်အရ ဦးလှမျိုး၊ ဦးလှမျိုးပြီးတော့ ကျွန်တော်၊ ကျွန်တော်ပြီးတော့ မြင့်စိုး(ဝ/သ)။ ဒီလေးယောက်ပေါ့။ ဟိုဘက်ကတော့ ခေါင်းဆောင်ကြီးက ချီးနိုးပေါ့။ နောက်ကျွန်တဲ့ ဂျပန်သုံးယောက်ပါတယ်။ **သွေး** ကို စ,ဖြစ်လာတဲ့အခါကျတော့ ကျွန်တော် အမှတ်တရတွေရှိတယ်။ **သွေး** ကို အဲဒီလိုဖြစ်လာတဲ့အခါကျတော့ ဒီ့ရှေ့မှာ ကျွန်တော် ဘာဖြစ်ဖူးခဲ့လဲဆိုတော့ ဂျပန်ပြည်မှာ စာအုပ်ထုတ်လုပ်တဲ့ လူတစ်ယောက်ရှိတယ်။ အဲဒီလူလည်း ကျွန်တော်မေ့ပြီ။ အဲဒီပုဂ္ဂိုလ်က လေယာဉ်မယ်တစ်ယောက်နဲ့ သိပြီးတော့ မင်း ဂျာနယ်ကျော်မမလေးရဲ့ **သွေး** ကို သိလားဆိုပြီးတော့ မေးတယ်။ မေးတဲ့အခါ သိတယ်လို့ ပြောတယ်။ မင်းOriginalရှာပေးလို့ရလားလို့ ကျွန်တော့်ကိုမေးတယ်။ ကျွန်တော်က အဲဒါနဲ့ ဘလိုင်းပဲ ရတယ်လို့ ပြောလိုက်တယ်။ မင်း ဂျာနယ်ကျော်မမလေးရဲ့ လက်မှတ်ရော ယူလို့ရလားတဲ့ ကျွန်တော့်ကို မေးတယ်။ ရတယ်လို့ ကျွန်တော်ပြောလိုက်ပြီး ပန်းဆိုးတန်းနောက်က ၃၇ လမ်းထဲမှာ လိုက်ရှာတော့ **သွေး** ဝတ္ထုအဟောင်းတစ်အုပ်ရတယ်။ အဲဒါ ကျွန်တော်နဲ့ ပတ်သက်တဲ့အစ။ ရလာတဲ့အခါကျတော့မှ ဆရာမကြီးက ၄၇ လမ်းထိပ်မှာ ဗိန္ဓောဆေးကုနေတယ်။ ဆေးကုနေတော့ ကျွန်တော်ဝင်တော့ ကျွန်တော့်ကိုတော့ သိတာပေါ့ဗျာ။ ရုပ်ရှင်သရုပ်ဆောင်အနေနဲ့ သိတဲ့အခါကျတော့ ဆရာလေး ဘာလုပ်ချင်လို့လဲဆိုတော့ ကျွန်တော်က ဒီလိုဒီလိုပဲ ဆရာမရေ ဆိုတော့ အေး... ကြားတယ် ဘာညာပေါ့။ ရတယ်လေဆိုပြီး လက်မှတ်ထိုးပေးလိုက်ပြီးတော့ အဲဒီ ဂျပန်ပြန်တော့ ပေးလိုက်တယ်။ နောက်နှစ်ကျတော့ အဲဒီ အရိုးတွေ လာကန်တော့တဲ့အချိန်ကျ၊ အဲဒီ သချိုင်းလာကန်တော့တဲ့အချိန်ကျတော့ စာအုပ်နှစ်အုပ် ပါလာတယ်။ ဂျပန်လိုပေါ့။ တစ်ဖက်က မျက်နှာဖုံးက ဂျာနယ်ကျော်မမလေး၊ နောက်ကျောကတော့ ဘာသာပြန်သူ ဟာရားဒါး။ စာရေးဆရာ ဟာရားဒါးပေါ့နော်။ အဲဒီစာအုပ်နှစ်အုပ် တစ်အုပ်က

ကျွန်တော့်အတွက်ပေါ့။ တစ်အုပ်က ဂျာနယ်ကျော်မမလေး လက်ဆောင်ပေး လိုက်တယ်။ အဲဒီတော့ ခုနက အကြောင်းလေးကို ပြန်ပြောမယ်ဆိုရင် ဟရားဒါး ဆိုတဲ့ စာရေးဆရာက သူ့ရဲ့အဖေ စီနီယာ ဟရားဒါးပေါ့၊ သူ့ရဲ့ အဖေက မန္တလေးမှာ သွားစိုက်ဆရာဝန် လုပ်ခဲ့ဖူးတယ်။ သွားစိုက်ဆရာဝန် လုပ်ခဲ့ဖူးတော့ သူ့အဖေနဲ့အတူ သူတို့ သားသမီးတွေ ပါလာတာပေါ့။ အခု **သွေး**ဝတ္ထုကို ဘာသာပြန်မယ့်လူက သူ့နာမည်ကို ဘယ်လိုခံထားလဲ ဆိုတော့ "ချစ်မန်းနွယ်" ဆိုပြီးတော့ ဒီစာကို လက်ခံထားပါတယ်။ ချစ်မန်းနွယ် ဆိုတော့ သူ မန္တလေးကိုချစ်တယ်။ နောက်ပြီးတော့ ဣန္ဒာနွယ် သီချင်းကို ချစ်တယ်။ အဲဒါကြောင့် သူ့ကိုယ်သူ ချစ်မန်းနွယ်လို့ ပေးတယ်လို့ ပြောပါ တယ်။ အဲဒီတော့ ချစ်မန်းနွယ် ဆိုတဲ့ မစ္စတာ ဟရားဒါးစ်က ဒီဝတ္ထုကို ဂျပန်လို ဘာသာပြန်ပါတယ်။ ဂျပန်မှာနေကြတော့ မြန်မာလူငယ်များနဲ့ တိုင်ပင်ပြီးတော့ ဒီဝတ္ထုကို ဇာတ်ညွှန်းအဖြစ် ပြင်လိုက်ပါတယ်။ ပြင်ပြီးရောက် လာတဲ့အခါကျတော့ မင်းသား၊ မင်းသမီးကို ရှာကြမယ်ဆိုတော့ တော်တော် များများ... ပြောရမယ်ဆိုရင်တော့ မင်းသား၊ မင်းသမီးအကုန်လိုက်တွေ့ တယ်။ မှန်တဲ့စကားပြောမယ်ဆိုရင် ဒွေးပေါ့။ အဲဒီကာလက ကိုသားကြီး ပေါ့။ နောက် ဝေဠုကျော်ပေါ့။ အဲဒါတွေ အရင်လိုက်ပြဖြစ်တယ်။ ဒွေးကို တော့ သူရိုက်ချင်တယ်ဆိုတော့ အဲဒါတစ်ခုရှိတယ်။ မောင်မောင်ကိုတော့၊ ကိုကျော်သူကိုတော့ ကျွန်တော် ရိုက်ကွင်းမှာ သွားတွေ့တယ်။ အဲဒီဝတ္ထုအရ ဂျပန်နဲ့ မွေးထားတဲ့ကလေးကို မွေးစားတဲ့ ကျောင်းဆရာ ကိုဆက်လွင်နေရာ မှာ ကိုမောင်မောင်(ကျော်သူ)က တစ်ခါတည်း Fixed Up ဖြစ်သွားတယ်။ နောက်တစ်ခုက ကျွန်တော် မင်းမော်ကွန်းဆီ သွားတွေ့တယ်။ တရုတ်တန်း မှာ၊ ၂၁ လမ်းမှာ။ ကိုဒွေး(ကိုဇင်ဝိုင်း)လည်း ရှိပါတယ်။ သွားတွေ့တဲ့အခါမှာ က သူက မောင်အနေနဲ့ သူ့ရဲ့အစ်မက သူနဲ့အလိုက်ဆုံးဆိုတော့ သူ့ကို ရွေး ပါတယ်။ ကျွန်တော်တို့ မျိုးသန္တာထွန်းကိုတော့ ကိုဇာဂနာတို့အိမ်မှာ မပေါက် နဲ့ အိပ်နေတဲ့နေရာကနေ နှိုးပြီးတော့ ဒါရိုက်တာနဲ့ ကျွန်တော် ပေးတွေ့ပြီး တော့ မင်းသမီးဖြစ်လာတယ်။ အဲဒီတော့ ကျွန်တော် အဲဒါပါဝင်ခဲ့တယ်။ ကျွန်တော်က ထောင်ထဲမှာနေတုန်းက ဂျပန်လိုနည်းနည်းပါးပါး ပြောဖူး တယ်။ ထမင်း စား၊ ရေသောက်ပြောဖူးတော့ ကျွန်တော် တော်တော်လေး အသုံးတည့်ခဲ့တာတွေ ရှိပါတယ်။ အဲဒီတော့ ပြောချင်တာက အဲဒီ ဝါရူး ကုမ္ပဏီက ပိုင်ရှင်ကလည်း **သွေး**ဇာတ်ကားပြီးတဲ့အချိန်မှာ မရှိတော့ပါဘူး။

ညြော်... နေဦး ကျွန်တော်ပြောမယ်။ **သွေး**ဇာတ်ကား ပထမတစ်ကြိမ်ရိုက်ပြီးတော့ ကျွန်တော် န.ဝ.တ အစိုးရလက်ထက်မှာပဲ မချောမွေ့တာတွေ ရှိခဲ့ပြီးတော့ မပြီးခဲ့ဘူး။ မပြီးခဲ့တော့ ၂၀၀၃ ခုနှစ်မှာ ကျွန်တော်တို့ ဂျပန်မှာ ဂျပန်– အာဆီယံရုပ်ရှင်ပွဲတော် ရှိပါတယ်။ ရှိတဲ့အချိန်မှာ မြန်မာနဲ့ပတ်သက်ပြီးတော့ ဘာမှမတင်ပြနိုင်တဲ့အကြောင်း ဖြစ်လာတဲ့အခါကျတော့ အဲဒါဆိုရင် **သွေး** ဇာတ်ကားကို အကောင်အထည်ဖော်ရအောင်ဆိုပြီးတော့ ဆရာ ချီးနိုး အတွက် အဆင်ပြေတာဖြစ်လာတယ်။ ဖေဖော်ဝါရီလ ၁၉ ရက်လောက်မှာ ရောက်တယ် မှတ်မှတ်ရရ။ နောက်ပြီးတော့ မတ်လ ၂၀ မှာ ကျွန်တော်တို့ ပုဂံမှာ ပြန်ရိုက်ဖြစ်တယ်။ အဲဒါနဲ့ပဲ သင်္ကြန်မှာပါ၊ မန္တလေးသင်္ကြန်မှာ ရိုက်ဖြစ်ပြီးတော့ **သွေး**ဇာတ်ကား ပြီးရပါတယ်။ နောက်တစ်ခုက မျိုးသန္တာထွန်းနဲ့ ဂျပန်နဲ့ ချစ်ခန်းကြိုက်ခန်းရိုက်တဲ့အချိန်မှာ လူချင်းနမ်းတဲ့အခန်းကို ရိုက်ဖို့ ကြိုးစားတယ်။ ကြိုးစားတော့ အဲဒီကာလတုန်းက ရုပ်ရှင်အစည်းအရုံးရဲ့ လူကြီးတစ်ယောက်ဖြစ်နေတဲ့ ဦးလှမျိုးက ခွင့်မပြုခဲ့ပါဘူး။ ကျွန်တော်တို့ အနေနဲ့ ယဉ်ကျေးမှုကို မသုံးတဲ့အတွက် မလုပ်ပါနဲ့ဆိုပြီးတော့ အဲဒီကာလမှာ လူချင်းနမ်းတဲ့အခန်းကို မထည့်ခဲ့ပါဘူး။ အဲဒါကတော့ **သွေး**နဲ့ပတ်သက်လို့ပါပဲ။ နောက်... **သွေး**နဲ့ပတ်သက်လို့ ကျွန်တော် ဘာပါလဲဆိုတော့ ဂျပန်မင်းသမီးကို ဗမာစကားသင်ပေးရပါတယ်။ မျိုးသန္တာထွန်းကို ကျွန်တော် အင်္ဂလိပ်စကားသင်ပေးရပါတယ်။ အဲဒီတော့ တော်တော်များများ ကျွန်တော် အသုံးတည့်ခဲ့ပါတယ်။ နောက် *မိယတော... ခါယနော* သီချင်းကို ကလေးတွေကို ကျွန်တော်က ဒီကောင်လေးကို မောင်မောင်ပေ၊ မင်းမော်ကွန်းငယ်ငယ်တုန်းက *နီပွန်ကြီးက ဂျပန်ပြန် ဗိုက်တစ်လုံးကျန်* အဲဒီအလိုက်ကလေးဆိုဖို့ကို ဂျပန်သီချင်းတွေ ကျွန်တော် သင်ပေးခဲ့ရပါတယ်။

***စိန်ကြည်နော်... စိန်ကြည်နော်... လင်ယူပက်စက်သည်။***
ဟုတ်ကဲ့... ဟုတ်ကဲ့။
***မာစတာက တိုကျိုပြန် ဗိုက်တစ်လုံးနဲ့ကျန်။***
ဟုတ်ကဲ့... ဟုတ်ကဲ့။
**မျိုးသန္တာထွန်းသားပဲနော် ကလေးက။**

ဟုတ်တယ်၊ ဟုတ်ကဲ့။ မျိုးသန္တာထွန်းသား။ အဲဒါလည်း ကလေးရှာမရရင်းနဲ့ မောင်မောင်အငယ်ဘဝကို အဲဒီမှာ မျိုးသန္တာထွန်းသား ထည့်လိုက်တာ။

**မင်းမော်ကွန်းရဲ့ ငယ်ဘဝကို မျိုးသန္တာထွန်းသား သရုပ်ဆောင်တယ်။**

ဟုတ်ကဲ့။

**ကျွန်တော်တို့ မကြာခင်မှာ မြန်မာ့ရုပ်ရှင်နှစ် ၁၀၀ ပြည့်တော့မယ်နော်။ အစ်ကိုက တည်းဖြတ်တာတို့ ဘာတို့ ကျွမ်းကျင်ခဲ့ဖူးပြီ။ သရုပ်ဆောင်လည်း ဟုတ်တယ်၊ ဒါရိုက်တာလည်း ဟုတ်တယ်။ အဲဒီတော့ လာမယ့် နှစ် ၁၀၀ အတွက် ဘာများပြောချင်ပါသလဲ။**

ကျွန်တော်ကတော့... နှစ် ၁၀၀ မှာ ကျွန်တော်တစ်ယောက်တည်း ပြောလို့ မဖြစ်ဘူးလေ။ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးကိုယ်၌က ပြောမှဖြစ်မှာ။ ကျွန်တော် ဘာလုပ်ပေးနိုင်တာရှိလဲဆိုတော့ အခု ကားထုပ်တွေ ရသလောက် ပြန်စုနေပါတယ်။ ကားအဟောင်းတွေပေါ့။ ကျွန်တော်တစ်ယောက်တည်း မဟုတ်ဘူး။ အကုန်လုံး ကောလိပ်ဂျင်နေဝင်း ပါမယ်ပေါ့၊ မြတ်လေး ပါမယ်ပေါ့၊ အဲဒီကားတွေအကုန်လုံး Library လုပ်ပြီးတော့ ကျွန်တော်တို့ ဒီမှာရှိတဲ့ တတ်ကျွမ်းတဲ့သူတွေနဲ့ ကားတွေ ပြန်စုနေပါတယ်။ အဲဒီအခါကျရင်... ကျွန်တော့်ဘက်က ဒါတစ်ခု အရင်လုပ်ထားမယ်။ ကျန်တဲ့ဟာ သူတို့ ဘာလုပ်မလဲ။ အဓိက,က ဘာလုပ်လုပ် ကိုဝင်းငြိမ်းရာ... စေတနာပဲ။ ကျွန်တော်တို့က တိုင်းပြည်ပေါ်မှာထားတဲ့ စေတနာ။ ကိုယ့်အဖွဲ့အစည်းပေါ်မှာ ထားတဲ့ စေတနာ။ ဒီရုပ်ရှင်ကြောင့် ကိုယ် ထမင်းစားလာတဲ့၊ ကိုယ့်အပေါ်မှာ သင်ပေးခဲ့တဲ့ ကျေးဇူးရှင်ဆရာတွေကို မမေ့မလျော့နဲ့ ထားချင်တဲ့ စေတနာ။ အဲဒီစေတနာရှိသွားလို့ရှိရင်တော့ အားလုံးက အခြေအနေကောင်းလာမှာပါ။ ကျွန်တော်ကတော့ နေ့၊ ညမဟူပဲ ဒီအလုပ်အတွက် ကျွန်တော့်ကိုယ်ကျွန်တော် ထားထားပါတယ်။ ကျွန်တော်ကြိုးစားမှာပါ။

**ကျေးဇူးတင်ပါတယ် အစ်ကို။**

ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်။

***


ENZO.

# အကယ်ဒမီ ဝါဝါဝင်းရွှေ

မင်္ဂလာပါခင်ဗျာ။ ဒီနေ့တင်ဆက်မယ့် အစီအစဉ်ကတော့ ကျွန်တော် ဝင်းငြိမ်းနဲ့ Kamayut Media တို့ ပူးပေါင်းတင်ဆက်နေတဲ့ **"လီပ်ပြာကူး ထူးခြားသူများ"**ဆိုတဲ့ အစီအစဉ်ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော် တွေ့ဆုံမယ့် သူကတော့ အကယ်ဒမီ ဒေါ်ဝါဝါဝင်းရွှေ ဖြစ်ပါတယ်။ ဒေါ်ဝါဝါဝင်းရွှေက သရုပ်ဆောင်ဖြစ်သလို ဒါရိုက်တာအဖြစ်လည်း ဆောင်ရွက်နေသူ ဖြစ်ပါတယ်။ ယခုအချိန်အထိလည်း ကားရိုက်နေဆဲဖြစ်ပြီးတော့ မကြာသေးခင်ကပဲ **ရှင်ဥပဂုတ္တ** ဇာတ်ကားကို ရိုက်ကူးထားတာဖြစ်ပါတယ်ခင်ဗျ။

**အစ်မ မင်္ဂလာပါ ခင်ဗျာ။**

မင်္ဂလာပါ မောင်လေး။

**အစ်မရေ...။**

ရှင်။

**ကျွန်တော်က ဒီအစီအစဉ်မှာ Kamayut Media နဲ့ ပေါင်းပြီးတော့ လူကြီးတွေပဲ လိုက်ပြီး အင်တာဗျူးလုပ်နေတယ်။**

အရမ်းကောင်းပါတယ်။

**ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်လည်း သွားနိုင် လာနိုင်တုန်း၊**

**အစ်မတို့လည်း ဖြေနိုင်တုန်း မှတ်မိတဲ့အချိန်လေးမှာ မှတ်တမ်းတင်ထားခဲ့ချင်တယ်ပေါ့။**

အကောင်းဆုံး အစီအစဉ်ပါ မောင်လေးရေ နော်။

**အစ်မကို ကျွန်တော် စ,သတိထားမိတာ၊ စ,သိတာ။ ပရိသတ် သိတာပေါ့နော် ကျွန်တော်နဲ့အတူတူ "စိတ်" ဇာတ်ကားပေါ့၊ "စိတ်" ဇာတ်ကားမှာ။ အဲဒီတော့ အစ်မက ထူးထူးဆန်းဆန်း ဒီအားလုံးတပ်မက်တဲ့ ဆေးကျောင်းမှာ ဆေးပညာသင်ကြားနေရာကနေ ရုပ်ရှင်လောကကို ပြောင်းလာခဲ့ဖြစ်တဲ့အတွက် အစ်မ ဘာကြောင့် ဆေးကျောင်းသူအဖြစ်နဲ့ ဆက်မတက်ဘဲ ဘာကြောင့် ရုပ်ရှင်မင်းသမီး ဖြစ်လာခဲ့တာလဲဆိုတာ စ,ပြောပြပါဦး။**

အနုပညာလောကထဲကို ရောက်ရခြင်း အကြောင်းအရင်းကတော့ အစ်မရဲ့ ယုံကြည်မှုက အတိတ်ဘဝ ကံ ကံ၏ အကြောင်းတရားပေါ့နော် ဒါကတော့ နံပါတ်တစ်ပေါ့။ နောက်ပြီးတော့ ဆေးကျောင်းသူဘဝကို အစ်မက အရမ်းကို ဖြစ်ချင်တယ်။ ဒါ လူ့သဘာဝစိတ်၊ ဒီဆေးကျောင်းကိုလည်း တက်ခဲ့တယ်။ ဒါပေမဲ့ နံပါတ်နှစ်ကတော့ အနုပညာကို အဲဒီကတည်းက အစ်မက ဝါသနာပါတယ်။ ဝါသနာပါခြင်း အကြောင်းကတော့ အနုပညာနဲ့ ပတ်သက်တာဆိုလို့ရှိရင် ဂီတပေါ့နော်။ ဂီတဆို အဖေက စောင်းတီးတယ်။ အဲဒါလေးက နည်းနည်း ပါလာတာပေါ့နော်။ နောက် အဖေ စောင်းတီးတော့ အစ်မက စောင်းတီးတယ်၊ စန္ဒရားသင်တယ်။ နောက်တစ်ခါ ပန်းချီဆရာကြီး ဦးငွေကိုင် အဖေလိုပဲဖြစ်သွားရော။ သူကလေ အစ်မကို ပန်းချီဆွဲတဲ့ပညာလေး သူ သင်ပေးတယ်။ အဲဒါကလည်း အနုပညာပဲဖြစ်သွားပြန်ရော။ ဂီတရယ်၊ ပန်းချီရယ်။ အစ်မရင်ထဲမှာ အနုပညာနဲ့ ပတ်သက်တာတွေကို ဖန်တီးရမယ်ဆိုရင် ကြည့်ရတာလည်း ပျော်တယ်။ အဲဒီတုန်းက အစ်မတို့က ကျောင်းသူဘဝပေါ့။ အဓိကအကြောင်းအရင်းက အစ်မ အဒေါ်ကြီးတွေပေါ့။ အဒေါ်ကြီးတွေက ကျောင်းလာကြိုရော။ ကျောင်းလာကြိုပြီးတော့ သူတို့က ရုပ်ရှင်သွားကြည့်ရအောင်၊ ရုပ်ရှင်သွားကြည့်ရအောင်ဆိုပြီး အဲဒီကျောင်းဝတ်စုံနဲ့ပဲ အစ်မ ပါသွားတာ။ ၈ တန်း၊ ၉ တန်း ဘဝကတည်းက ပါသွားတာ။ မြန်မာကားတွေပေါ့နော်။ အဲဒါတွေက အကုန်လုံး အကုန်လုံး အကုန်စေ့အောင် ကြည့်တာ။ မြန်မာကားကုန်ရင် အင်္ဂလိပ်ကားကြည့်၊ အင်္ဂလိပ်ကားကုန်ရင် နိုင်ငံခြားကား၊ ကုလားကား အကုန်ကြည့်တာ။ ခိုးခိုးကြည့်တာ။

ပြန်ရောက်တာ နောက်ကျရင် အမေက ဟယ် နောက်ကျလိုက်တာဆိုရင် ကျူရှင်သွားပို့နေတယ်ဆိုပြီးတော့ အဲဒီရောဂါပေါ့နော်။ အဲဒီကစ ဝင်သွား တာပေါ့နော် မောင်လေးရယ်။

**အဒေါ်တွေ စိတ်ဝင်စားရာကနေ အစ်မကိုယ်တိုင် စိတ်ဝင်စား သွားတာပေါ့နော်၊ အနုပညာစိတ် ဝင်စားတာပေါ့။**

ဟုတ်တယ်။

**အဲဒီတော့ အစ်မ ရန်ကုန် ရုပ်ရှင်နဲ့ ပထမဆုံးကားဖြစ်တဲ့ "စိတ်"ဇာတ်ကား ရိုက်ဖြစ်ဖို့အတွက် ဘယ်လိုများ ချိတ်မိသွားတာလဲ။**

အဲဒါလည်း ကျောင်းမှာပဲ။ မမတူးဆိုတာလေ သုခုမ ဒေါ်နန်း၊ ဒေါ်နန်းရဲ့သမီးက အစ်မတို့ထက် ကြီးတာပေါ့။ သူက မမခင်စန်းရီပေါ့။ သူကလည်း မင်းသမီးလုပ်သေးတယ်လေ။ **ညီမလေးရယ် စိုးရိမ်မိတယ်** မှာ။ အဲဒါနဲ့ အစ်မ အရမ်း Close ဖြစ်တဲ့အခါကျတော့ အဲဒီမှာ သုခုမ ရုပ်ရှင်ခြံထဲမှာ စတူဒီယိုကြီးရှိတယ်လေ အဲဒီတုန်းက။ အဲဒီအခါကျတော့ **ရေစီးတစ်ခါ ရေသာတစ်လှည့်** နော် ဒါရိုက်တာကြီး ဦးချစ်ခင် ရိုက်နေတာ။ အဲဒီတော့ ရှုတင်ကို တစ်ခါမျှ မမြင်ဖူးဘူး၊ ရှုတင်ရိုက်တာကိုလေ။ ဒီ Live ကို အရမ်းမြင်ချင်တာ။ မြင်ချင်တော့ ဒီကျောင်းဝတ်စုံလေးအပြင် အစ်မ ခိုးလုပ်တာ ပထမဦးဆုံးအကြိမ်ပဲ။ အိမ်က ဝတ်စုံလေးတစ်စုံ ထည့် လာတယ်။ မှတ်မှတ်ရရပဲ အင်္ကျီအဖြူလက်ပြတ်ကလေး၊ ကော်လာကလေး နဲ့။ ထဘီက ပိုးနီနီရဲရဲမှာ အဖြူစက်အလုံးလေးတွေ။ အဲဒါလေးကို ထည့် လာပြီးတော့ မမတူးက ပြီးလည်းပြီးရော ဝင်ပြီးတော့ အဝတ်အစား လဲကြ တယ်။ အဝတ်အစားလဲပြီးတော့ သူခေါ်သွားတာ။ သုခုမ ရုပ်ရှင်စတူဒီယို ခြံကြီးထဲကို ရောက်သွားတယ်။ ရောက်သွားတော့ အခုလိုပေါ့ ဟာ မီးတွေ၊ ဟာ မီးတွေ အကုန် အကုန်။ အဲဒီခေတ်က စတူဒီယိုကြီးတွေက အရမ်း အပေါ်က မီး Top Light အခုခေတ်နဲ့ပြောရင် Top Light တွေရော၊ 5K တွေ၊ 2Kတွေ မီးလုံးကြီးတွေ မီးလုံးကြီးတွေနဲ့ အစ်မ အထဲကို မဝင်ရဲပါဘူး။ အထဲကို မဝင်ရဲဘူး။ မမတူးကြီးကို ကိုင်ပြီးတော့ အနောက်ကနေ ကုပ်ပြီး တော့ ချောင်းကြည့်တာပေါ့နော်။ ဒါကြောင့်မို့ အခု မင်းသား မင်းသမီးတွေ ရိုက်တဲ့အချိန်မှာ အစ်မတို့ကလေ သူများ အစ်မတို့ကို လာကြည့်တယ်ဆိုရင် အစ်မတို့ ဖြစ်ခဲ့တာ ဟိုးတုန်းက။ အဲဒါ အနောက်ကလေးကနေ ဒီလို ထောင့်နေကပ်ကနေ ချောင်းပြီးတော့ အဲလို ကြည့်တာ။ ဒါပေမဲ့ ဒါကြောင့်

ဒါရိုက်တာဆိုတာ မျက်လုံးက အင်မတန် စူးတာ။ အဲဒီမှာ ပိုးကြီးက ဘယ်လို စ,ဝင်လာလဲဆိုတော့ ဆရာ ဦးချစ်ခင် အစ်မကို မြင်တဲ့အခါကျ တော့ မမတူးကိုပြောတယ်၊ မမတူးကို ခေါ်လိုက်တယ်။ နင်နဲ့ပါလာတာ ဘယ်သူလဲတဲ့၊ ခေါ်ခဲ့စမ်းတဲ့ အဲဒီကောင်မလေး ငါ့ဆီကိုဆိုတော့ ဆရာ ဦးချစ်ခင်ဆီကို မမတူးက လာလာတဲ့၊ ဟိုမှာ ဆရာ ဦးချစ်ခင်က တွေ့ချင်လို့ တဲ့။ ဘာဖြစ်လို့ တွေ့ချင်တာလဲ၊ သူများ ခိုးလုပ်ရတဲ့ထဲမှ။ မဟုတ်ဘူး၊ ခဏလေး လိုက်ခဲ့တဲ့ ဆိုပြီးတော့ တော်တော်ဝေးဝေးလေးကို လိုက်သွားတာ။ လိုက် သွားတော့ ဆရာက တစ်ခွန်းတည်း မေးတာ။ သမီး မင်းသမီး လုပ်မလားတဲ့။ အဲဒီဟာကြီးက ဒုန်းဆို၊ မင်းသမီးလုပ်မလားဆိုတဲ့ ဆရာ့ရဲ့ အသံကြီး အခုထက်ထိကို ကြားယောင်နေတာ။ အဲဒီအချိန်မှာ အစ်မလေ တုန်တုန်နေ တာပေါ့နော်။ သမီး မင်းသမီးလုပ်မလားဆိုတာ ဘဝကြီးမှာ တစ်ခါမှ မကြားဖူးတဲ့စကား၊ ကိုယ့်ပတ်ဝန်းကျင်မှာလည်း ဘယ်သူမှ မရှိတဲ့ စကားကြီးပေါ့နော်။ အဲဒီကတည်းက စပြီး အိပ်မပျော်၊ စားမဝင် အိမ်ပြန် ကတည်းက မင်းသမီးလုပ်ချင်တာ။ မင်းသမီးလုပ်ချင်တဲ့ ပိုးက ဆရာ ဦးချစ်ခင်က စပြီး သွင်းလိုက်တာ။ ရိုက်တော့လည်း အစ်မ တစ်ကားတည်းနဲ့ ပြောရမယ်ဆိုရင် အစ်မ ကျောင်းသူဘဝကနေ ရိုက်လိုက်တာပေါ့နော် ရန်ကုန် ရုပ်ရှင်။ အဲဒီတော့ ဖလင်တကစ် လုပ်မယ်ဆိုပြီးတော့လုပ်တယ်။ တစ်ခါမှ ဒီလို မီးရောင်အောက်မှာ တစ်ခါမှ မဝင်ဖူးဘူး။ ဒိုင်ယာလော့ခ်လည်း တစ်ခါမှ မပြောဖူးဘူး။ ဒါပေမဲ့ ကြားတဲ့ ဒိုင်ယာလော့ခ်ကို တစ်ခါတည်းနဲ့ အစ်မ အလွတ်ရလိုက်တယ်နော်။ လုပ်ခိုင်းတဲ့ အိုက်တင်ကိုလည်း အစ်မ On The Spot လုပ်ခိုင်းတာကလည်း ရိုးရိုးဟာမဟုတ်ဘူး။ တကယ့် ပရီအက် တင်စီးရီး။ ဒေါက်တာ မောင်သင်နဲ့လေ။ တစ်ခါတည်း ခြေကျိုးသွားပြီးတော့ ပြန်တွေ့တာလေ။ Effect to remmber နော်။ ဒိုင်ယာလော့ခ် ပြောပြီးတော့ ငိုရတာဆိုတော့ ဒိုင်ယာလော့ခ် ပြောရင်းနဲ့ ပြောရင်းနဲ့ ပေါက်ပေါက်ကျ လာပြီး မျက်ရည်တွေ ငိုလိုက်တာပဲ။ အဲလို၊ အဲလို။

**ဗီဇက ရှိပြီးသား ဆိုတော့။**

ဟုတ်တယ်၊ ဟုတ်တယ်။ အဲဒါကြောင့် Gifted လို့ အစ်မပြော တာ။ Gifted နဲ့ Gifted ပေါ့နော်။ ဗီဇနဲ့ ကိုယ့်ရဲ့ အတိတ်ဘဝ ပါလာတဲ့ဟာ ပေါင်းပြီးတော့ အဲဒီတစ်ကားတည်းနဲ့ပဲ အောင်မြင်သွားရော။ အောင်မြင် သွားတဲ့အချိန်မှာ ပြဿနာတွေ အကြီးအကျယ် တက်တာ။ ရုံတင်လိုက်တဲ့

အချိန်မှာ အဲဒီတုန်းက အစ်မ မှတ်မိသလောက်ဆိုရင် ဒေါက်တာ မောင်မောင်ခ၊ ပါမောက္ခလေ။ အစ်မတို့ တက္ကသိုလ်က ဒေါက်တာ မောင်မောင်ခ။ အဲဒီမောင်မောင်ခကနေပြီးတော့ တစ်ဆင့် ခေါ်တွေ့တယ် အစ်မကို။ အဲဒီတော့ သမီး နှစ်ခုရွေးရမယ်တဲ့။ သမီး ရုပ်ရှင်ဘက်ကို လိုက်မလား၊ ဆေးကျောင်းဘက်ကို လိုက်မလား။ အဲဒီမေးခွန်းကို ဖြေတဲ့အချိန်မှာ အစ်မက ကလေးလည်း ကလေးပေါ့လေ။ အဲဒီတုန်းက ၁၆ နှစ်ကျော်ကျော်ပဲ ရှိနေသေးတယ်။ ၁၆၊ ၁၇ ဆိုတော့ ချက်ချင်း ဘာပြန်ဖြေရမှန်း မသိဘူးပေါ့နော်။ နောက်တော့ ပြောလိုက်တယ် အစ်မက နှစ်ခုစလုံးလုပ်ချင်တာလို့ သမီးကလို့။ နှစ်ခုစလုံးလုပ်ချင်လို့တော့ မရဘူးတဲ့။ ဆေးကျောင်းဆိုတာ အင်မတန်မှ ခက်ခဲနက်နဲတဲ့ ဒီဆေးပညာပေါ့။ ၇ ရက် သားသမီးတွေ အသက် ကိုယ့်လက်ထဲထည့်ပြီး ကယ်တဲ့ဟာတဲ့ ဆိုတဲ့အခါကျတော့ သမီး အရမ်းအောင်မြင်နေပါပြီတဲ့။ အောင်မြင်တဲ့အတွက်ကြောင့် သမီး စဉ်းစားပြီး သမီးကြိုက်တဲ့ဟာ ရွေးပါလို့ ဆရာ ဦးမောင်မောင်ခက ပြောတယ်။ ပြောတော့ အစ်မက အဲဒါဆို သမီး ရုပ်ရှင်မင်းသမီးပဲ လုပ်တော့မယ်လို့ ဆိုပြီးတော့ ရွေးလိုက်တယ်။ ရွေးလိုက်တဲ့အချိန်မှာတော့ ဆရာ ဦးအောင်ဖေက အရမ်း စိတ်ဆိုးတာပဲ။ အရမ်းစိတ်ဆိုးတော့ သူက Physical, Chemical သင်တာပေါ့နော်။ ကျွန်မက Sing ယူတာကို။ အဲဒါရယ် မြန်မာဆရာ သူတို့ကလေ သူတို့က ဒေါသဖြစ်တယ်။ ဒေါသဖြစ်တယ်ဆိုတာလေ တော်တော်ဒေါသဖြစ်တာ။ အစ်မကို စာအုပ်တွေ မီးပုံရှို့၊ စာအုပ်တွေချ မီးပုံရှို့။ ပညာတတ်တွေ ရုပ်ရှင်လောကထဲ မဝင်ကြသေးတဲ့ အချိန်ဆိုတော့လေ နည်းနည်းတော့ သူတို့ စိတ်ထဲမှာ မကျေနပ်ဘူးပေါ့။ အဲဒီတော့ နင် ငတ်နေလို့လား၊ နင် ကားမစီးရလို့လား။ အဲဒီလို မေးခွန်းပေါင်းများစွာနဲ့ ငိုပဲ ငိုနေရတာပါပဲ။ ဆရာတွေကိုလည်း ပြန်မပြောရဲပါဘူး။ မျက်ရည်ပေါက်ပေါက်ကျပြီးတော့ပေါ့နော် အဲဒီကနေပြီးတော့ ဆရာတွေကိုလည်း ကန်တော့၊ ကန်တော့ပြီးတော့ အဲဒါ ဒီလောကထဲကို ယနေ့အထိ တောက်လျှောက်ဖြစ်လာတာ။

**အစုခေတ်တော့ ဆရာဝန် မင်းသမီးတွေက အများကြီးပါပဲ။**

ဟုတ်တယ်၊ ဟုတ်တယ်။ အဲဒါလည်း ကောင်းပါတယ်။ ငယ်တဲ့အချိန်တော့ မင်းသမီးလုပ်ပေါ့၊ နောင်ကြီးတဲ့အချိန်ကျတော့ သူတို့ရဲ့ ဆေးပညာနဲ့ သူတို့ ပြန်လုပ်စားလို့ရတယ်။ အစ်မတို့တုန်းကတော့ အဲဒီအခွင့်

အရေး မရခဲ့ဘူး။

ရုပ်ရှင်ကြည့်ပရိသတ်တွေက သတ်မှတ်ထားတာကတော့ ဝါဝါဝင်းရွှေဆိုရင် ဒရာမာ။ ဝါဝါဝင်းရွှေကားကြည့်ရင် ဒါ ငိုရမယ်။ အစ်မက ဒရာမာဘက်ကို ပိုသန်တယ်လို့ ယူဆရတယ်ပေါ့နော်။ ခပ်ပေါ့ပေါ့ကားတွေ အစ်မ မရိုက်ခဲ့ဘူး။ ဟဲဗီးလုပ်ရမယ့် ကားမျိုးသာ အစ်မရိုက်ခဲ့တာ များတယ်ပေါ့နော်။ ကျွန်တော်က ၈ တန်း၊ ၉ တန်းလောက်မှာကတည်းက မန္တလေးမြို့မှာ ရိုက်ကွင်းတွေရှိရင် လိုက်လိုက်ကြည့်နေကျဆိုတော့ အစ်မ ရိုက်ခဲ့တဲ့ မန္တလေး ရုပ်ရှင်က "ကံ"ဇာတ်ကား. "ကံ" ဇာတ်ကားက သီလရှင်နော်။ အင်္ဂလိပ်သီလရှင်ပေါ့နော်။ အဲဒီလိုသရုပ်ဆောင်ခဲ့တာကိုလည်း ရိုက်ကွင်းမှာ မြင်တွေ့ခဲ့ရဖူးတယ်။ နောက်တစ်ခါ ရွှေမန်း ရုပ်ရှင်ရဲ့ စတူဒီယိုထဲမှာ "အရိုင်းစံပယ်" ဇာတ်ကားရိုက်တဲ့ အချိန် ဦးချစ်ခင် ရိုက်နေတဲ့ အချိန်မှာလည်း တကယ့်အခန်းကိုလည်း ကြုံခဲ့ဖူးတယ်။ အဲဒီအခန်းက "မ"ကို "မော်"က ပါးရိုက်တဲ့အခန်းနော်။ ပါးရိုက်တဲ့အခန်းဆိုတော့ "မော်"အဖြစ် သရုပ်ဆောင်တဲ့ ဒေါ်သန်းသန်း ဆင့်က "မ"အဖြစ် သရုပ်ဆောင်တဲ့ ဒေါ်ဝါဝါဝင်းရွှေကို ပါးရိုက်ရမှာ။ ညီမကနေ အစ်မကို ပါးရိုက်တာဆိုတော့ ရိုက်တာတော့ လွှဲလွှဲရိုက်နေကြ။ မရဘူး။ နောက်ပြီးတော့ ဦးချစ်ခင်က သန်းသန်းဆင့်ကို ဘာခေါ် ပြောလိုက်လဲ မသိဘူး။ စ,လည်းရိုက်ရော အစ်မကို "ဖြောင်း"ဆို ရိုက်လိုက်တာ အစ်မ မျက်ရည်တွေ ပေါက်ပေါက် ကျလာတာ။ အဲဒါလည်း မျက်မြင်ကိုယ်တွေ့ ကြုံခဲ့ဖူးတယ်။ အဲဒီတုန်းက ကျွန်တော်တို့က ငယ်သေးတဲ့အခါကျတော့ အစ်မကိုလည်း ဒီလို မရင်းနှီးသေးဘူးနော်။ အဲဒီမှ ဦးထွန်းဝေနဲ့ အစ်မနဲ့နော်၊ ကိုဘခက်နဲ့ "မ"နဲ့နော်။ "မ"ရယ် "မော်"ရယ်၊ "မိ"ရယ်။ အရမ်းကောင်းတဲ့ကားပါ။ နောက် ပြန်ရိုက်တဲ့ အခါကျတော့ ကျော်သူနဲ့ မို့မို့မြင့်အောင် ရိုက်ခဲ့ကြတယ်။ ဒါပေမဲ့ "အရိုင်းစံပယ်" အရမ်း အဲဒီခေတ်တုန်းက အောင်မြင်တဲ့ကားဖြစ်ခဲ့တယ်။ အဲဒီခေတ်ကတော့ ကျွန်တော်တို့က တကယ့် ဒရာမာတွေက အောင်ပွဲခံတဲ့ ကာလပေါ့နော်။

ဇာတ်အိမ်ကြီးတွေ ဝတ္ထုကြီးတွေပေါ့နော်။ ဆရာ အောင်သင်းရဲ့ ဝတ္ထုကြီးတွေ။

အဲဒီမှာတော့ အစ်မက အဒေါ်ကြီးတွေ နှစ်ယောက်ကြားမှာ

ထိုင်ရတာ။

ဘယ်အချိန်က ခိုးကြည့်ထားလဲ မသိဘူး။

ကင်မရာက အဲဒီအနားဆိုရင် အဒေါ်ကြီးနှစ်ယောက်က ခုံသုံးခုံချပြီး ထိုင်စောင့်နေကြတာ။ နှစ်ဖက်မှာတော့ အဒေါ်ကြီးတွေ ထိုင်တယ်။ အစ်မက အဲဒီကနေပြီး ကဒ်ဆိုလို့ရှိရင် ပြန်လျှောက်လာပြီးတော့ အဒေါ်ကြီးနှစ်ယောက်ကြားမှာ ထိုင်တယ်။ အဒေါ်ကြီးနှစ်ယောက်က ဘာလုပ်ထားလဲဆိုရင် ရေခဲရေ အဆင်သင့်လုပ်ထားတယ်။ ရေခဲရေသောက်။ အဲဒီမှာ ဦးထွန်းဝေပြောတာ ကျွန်တော် မှတ်မိတယ်။ မောင်ထွန်းဝေအသက်ကတော့ ရေနွေးကြမ်းဗျာ။ ဘာဖြစ်လို့ဆို အစ်မက ရေခဲရေဆိုသူက ရေနွေးကြမ်း။ အဲဒီဟာလေးတွေလည်း ကျွန်တော် မှတ်မိပါတယ်။ အစ်မ ရိုက်ခဲ့တဲ့ ကားတွေထဲမှာ အစ်မ ပထမဦးဆုံး အကယ်ဒမီရခဲ့တာက "ချစ်သမီး"။

ချစ်သမီး။

"ချစ်သမီး"မှာလည်း ဦးကျော်လုံးလည်း ရတယ်နော်။

ဟုတ်တယ်၊ ဟုတ်တယ်။

အစ်မနဲ့ "ချစ်သမီး"မှာ အကယ်ဒမီရကြတယ်။ အဲဒီ "ချစ်သမီး" နည်းနည်း ထူးခြားတယ်လို့ ကျွန်တော်ထင်တယ်။ ဘာဖြစ်လို့ဆို "ချစ်သမီး"ကို ဇင်မာဦးနဲ့ ရိုက်တဲ့အခါမှာလည်း ဇင်မာဦး အဲဒီမှာ အကယ်ဒမီရတယ်နော်၊ အစ်မနေရာမှာ သရုပ်ဆောင်တာ သူလည်း အကယ်ဒမီရတယ်၊ ဒီဇာတ်ကားကတော့ ထူးခြားတယ်ပေါ့။

ဟုတ်တယ်။

နောက်တစ်ခါ အကယ်ဒမီက "ချစ်သူဝိုင်းဝိုင်းလည်"လား။

မဟုတ်ဘူး။ ချစ်သူဝိုင်းဝိုင်းလည် က အစ်မ မရဘူး။ ချစ်သူဝိုင်းဝိုင်းလည်က အစ်မ ဒါရိုက်တာလုပ်တယ်။ အစ်မ မရဘူး။ ကိုညွန့်ဝင်း ရသွားတယ်။

ကိုညွန့်ဝင်း ရတယ်နော်။ အဲဒီတော့ အစ်မက ဒါရိုက်တာ "ချစ်သူဝိုင်းဝိုင်းလည်"။ နောက် အကယ်ဒမီက ဘာလဲအစ်မ။

ချစ်သမီး ရယ်၊ ချောင်းကိုကူး၍ မြစ်ကိုရှာ ဆရာ ဦးချစ်ခင်ရိုက်တာ။

စိုးနိုင်နဲ့နော်။

ဟုတ်တယ်။ ကိုဇော်လွင်ရော၊ ကိုစိုးနိုင်ရော။ နှစ်ကိုယ်ခွဲ ၃ ဘဝ။ နှစ်ကိုယ်ခွဲ ၃ ဘဝ အဲဒါမျိုးတွေ အရမ်းပင်ပန်းတာ။ တကယ့် ပင်ပန်းတဲ့ ဟာတွေလေ။

**နောက်ဆုံး အကယ်ဒမီက...။**

နောက်ဆုံး အကယ်ဒမီကတော့ **မိန်းကလေးရှင်ဆန္ဒ** ဆရာ ဦးအောင်မြင့်မြတ်။

**ကိုယ်တိုင် ပထမဆုံး ဒါရိုက်တာလုပ်တဲ့ကားမှာပဲ ကိုညွန့်ဝင်း က ရသွားတယ်။ "ချစ်သူဝိုင်းဝိုင်းလည်"အကယ်ဒမီရသွားတယ်။ အဲဒီ တုန်းက အစ်မကို မှန်းကြတာပေါ့၊ များသောအားဖြင့်။**

မှန်းကြတယ်ဆိုတာထက် အစ်မကလေ အမှန်က စောစောတုန်း က ပြောသလိုပဲ အဲဒီတုန်းက လိုချင်စိတ်ရယ်၊ ဘာရယ်လို့ မဟုတ်ဘူး။ အကောင်းဆုံးဖြစ်အောင်တော့ အစ်မ ရိုက်လိုက်တာပေါ့နော်။ ရိုက်လိုက်တဲ့ အခါကျတော့ ဒီဥစ္စာ အခု ပြန်ရိုက်ဆိုရင်လည်း မရိုက်နိုင်ဘူး မောင်လေး။ ဒီဇာတ်လမ်းမျိုးလည်း ရှားသွားပြီပေါ့နော်။ အစ်မပြောတာလေ ဒီဥစ္စာက မြန်မာ့ယဉ်ကျေးမှု သုခုမတွေပါတယ်။ နောက်ပြီးတော့ အဲဒီထဲမှာ အစ်မတို့ သီချင်းတွေဆိုလို့ရှိရင်လည်း မန္တလေးက ဆရာကြီး ဦးဘသိန်းကို လေယာဉ် ပျံနဲ့ ခေါ်ပြီး ဒီမှာ သီချင်းတွေ စပ်ခိုင်းတယ်။ ဆရာ စိန်ဝေလျှံ၊ စိန်လှမောင် အဲဒီလို တကယ့် မြန်မာသံစဉ်တွေပေါ့နော်။ အခု ဘာခေါ်လဲ ဆိုင်းတွေ ဝိုင်းတွေနဲ့နော် အဲဒီလိုဟာမျိုးတွေ။ နောက်ပြီးတော့လည်း အကဆိုလို့ရှိ ရင် အမေဗလပျံတို့နော် အဲဒါတွေနဲ့ သေချာ အစ်မတို့ ကြိုတင်ပြီးတော့ ၃ လလောက် ပြင်ဆင်ပြီးတော့ ဇာတ်စင်တွေ၊ ဇာတ်စင်တွေ၊ ဇာတ်စင်တွေ၊ ခေတ်အဆက်ဆက် ဇာတ်စင်တွေကို တစ်ပြိုင်တည်း။ အဲဒီအချိန်က တစ်ခု ဟိုဟာဖြစ်တာ အဓိကကတော့ မင်းသားရော၊ မင်းသမီးရောဇာတ်။ ဒါပေမဲ့ ဦးညွန့်ဝင်းကတော့ ငယ်ရာကနေ ကြီးရုံပဲ။ အစ်မက နှစ်ကိုယ် တစ်ခါ ထပ်ခွဲလိုက်ရတာပေါ့လေ။ အဲဒီမှာ မိတ်ကပ်တွေဘာတွေရော၊ ဆံပင်ထုံးဖွဲ့ မှုရော အကုန်လုံး ဒီဝတ်စားဆင်ယင်မှုရော အားလုံး သပ်သပ်ရပ်ရပ်နဲ့လေ။ အဲဇာတ်ကတော့ အစ်မရဲ့ ဘဝ၊ ပထမဦးဆုံး ကျောက်တိုင်ပေါ့လေ။ အစ်မ စိုက်ထူခဲ့တာ။ အကယ်ဒမီရခြင်း မရခြင်းကတော့ ကံတရားပေါ့လေ။ ဒါပေမဲ့ အဲဒါမျိုး အခု ပြန်ကြည့်ရင်တော့ ဪ ရင်ထဲမှာ အဲဒီတုန်းကဟာ ရသင့်တယ်၊ ရသင့်တယ်၊ ရသင့်တယ်လို့ အဲဒီလို ရင်ထဲမှာ ဖြစ်တာပေါ့နော်။

**အဲဒီခေတ်တုန်းက အစ်မတို့ အဲဒီလိုရိုက်တဲ့ခေတ်တုန်းက ကျွန်တော် မှတ်မိတာ အစ်မက မငွေလှိုင်။ အငြိမ့်မင်းသမီး မငွေလှိုင်။ အစ်မ အက ဘယ်သူနဲ့သင်ခဲ့တာလဲ အဲဒီတုန်းက။**

အမေဗလပျံ၊ ခေတ်အမျိုးမျိုးပေါ့နော်။ ဟိုးရှေးရှေးတုန်းက ပထမ ဦးဆုံးခန်း ဆီမီးခွက် မငွေလှိုင် အငယ်ခန်း။ အငယ်ခန်းအတွက်က က, ကွက်တစ်မျိုး၊ နောက်တစ်ခါ သမီး မင်္ဂလာဆောင်မှာလေ တစ်ခါတည်း လာပြီးတော့ ညွှန်ခံတဲ့ အငြိမ့်မင်းသမီးကြီး ဒေါ်ငွေလှိုင်ရဲ့ ဘဝမှာဆိုတော့ ဒီ စည်းတွေ၊ ဝါးတွေ၊ က,တဲ့အချိုးတွေ အဲဒီတုန်းက အချိုးတွေက ၇ ခုတောင်မှ ပြောင်းပြီးတော့ သင်ထားတာ အမေဗလပျံလေ။

**အဲဒီတော့ အစ်မ တကယ်လည်း ကတတ်သွားပြီလား။**

က,တတ်သွားပြီ။

**တကယ် က,တတ်သွားပြီနော်။ ဘာဖြစ်လို့လဲဆိုတော့ စနစ် တကျလည်း သင်ခဲ့ကြရတာကို။ အခုတော့ တစ်ခါလောက် လက်ချိုးလို့ ရရင် တော်ပြီဆိုပြီးတော့ အလုပ်လုပ်နေတယ်။**

ဟုတ်တယ်။ ဆက်တင်တွေဆိုလည်း မောင်လေး အဲဒီတုန်းက အစ်မ အဓိက ဦးညွှန့်ဝင်းက အဲဒီတုန်းက အရမ်း နေ့ရော၊ ညရော ရိုက် နေရတဲ့အချိန်။ အစ်မလည်း အဲဒီလို နေ့ရော၊ ညရော ရိုက်နေရတဲ့အချိန် အပြင် သူက ဟိုဒင်းမှာ ဇာတ်က,တာ၊ ပဲခူးမှာ ပွဲက,တာ။ ပွဲက,တော့ အစ်မကို အဲဒီ အရမ်းကျပ်နေတဲ့အထဲမှာ ဒီလောက်ကြီးတဲ့ ဇာတ်အိမ်ကြီးကို ဦးညွှန့်ဝင်းက ၇ ရက်ပဲပေးတယ်။ အစ်မလေ ဇွဲတော်တော်ခတ်တယ်။ အခုလို မနက် ၉ နာရီလောက် ရှူတင်စ,လိုက်တယ်ဆိုရင် တစ်နေ့လုံး ရိုက်ရော။ ၁၂ နာရီမှာ ဘရိတ် နားလိုက်တယ်။ ဘရိတ် နားပြီးတော့ တောက်လျှောက် ရိုက်လိုက်တာ ညနေ ၇ နာရီမှာ ဘရိတ် လုပ်လိုက်တယ်။ ထမင်းစားပြီးတာနဲ့ တစ်ညလုံး ရိုက်လိုက်တာ အဲဒီအငြိမ့်ခန်းတွေကို မိုး လင်း။ အဲဒီကနေပြီးတော့ ၈ နာရီလောက် အိပ်ပြီးတာနဲ့ ထ ထ ထကြ ဆိုပြီးတော့ အစ်မလည်း မိတ်ကပ်လိမ်း၊ သူတို့လုပ်၊ လုပ်ပြီးတော့ တစ်ခါ ၉ နာရီ ၁၀ နာရီ ပြန်ရိုက်။ အဲဒီလို ဦးညွှန့်ဝင်းပါတဲ့ အခန်းတွေကို ၇ ရက် နေ့ည အစ်မ ပြီးအောင် ရိုက်လိုက်တာ။

**တကယ်လည်း ကောင်းခဲ့တဲ့ကားပါ။ အဲဒီတော့ အစ်မ အဲဒီလို မျိုး အလုပ်တွေထဲမှာ နစ်နေခဲ့တယ်ပေါ့နော်။ ကားတွေ တစ်ခုပြီးတစ်ခု**

**ဆက်ရိုက်နေတဲ့ကြားကနေပြီးတော့ နှလုံးသားရေးရာက ဘယ်လိုများ ပေါ်ပေါက်လာတာလဲ။ ဘာဖြစ်လို့ဆို အစ်မနဲ့ တွဲရိုက်ဖူးလား ကျွန်တော်တော့ မမှတ်မိဘူး။**

ဆရာ ဦးပြည့်စုံရဲ့ **"ဖြေနိုင်ပေါင်"** ရိုက်တယ်။ စောစောက **မိန်းကလေးရှင်ဆန္ဒ။**

**"ဖြေနိုင်ပေါင်"က ဦးပြည့်စုံလား မသိဘူး။**

ဟုတ်တယ်။ ဒါရိုက်တာ ဦးပြည့်စုံ။ **"ဖြေနိုင်ပေါင်"**မှာ တွဲရိုက်တာ ပေါ့နော်။ ဦးညွန့်ဝင်းလည်း ပါတယ်။ ဇာတ်ညွှန်း **သိမ့်** ဇာတ်ကားမှာ ဇာတ်ညွှန်းရေးပေးတယ်။ အဲဒီတုန်းက အစ်မတို့ အိမ်ထောင်မကျသေးဘူး။

**အစ်မ အိမ်ထောင်ကျတာ ဘယ်နှခုနှစ်ကလဲ။**

လာပြန်ပြီ၊ ဟိုနေ့ကလို ရက်တွေ မှားကုန်ပြီ။ ၇၀ ခုနှစ်၊ အခုလို ဩဂုတ်လမှာ အစ်မတို့ လက်မှတ်ထိုးတာပေါ့နော်။ လက်မှတ်ထိုးပြီးတဲ့ အခါကျတော့ အဲဒီတုန်းက အင်းယားလိတ်တစ်ခုတည်း ရှိတယ်။မောင်လေး ရယ် Reception လုပ်ဖို့က။ ဆိုတဲ့အခါကျတော့ အင်းယားလိတ်မှာ Booking စောင့်ရတာလေ။ အဲဒီတော့ နှစ်ကူးသွားတာပေါ့။ ၇၁ ခုနှစ်။ ၇၁ ခုနှစ်မှာမှ Reception အင်းယားလိတ် လုပ်ရတယ်။ ၇၂၊ ၇၃ အစ်မ ကားတွေ ဆက်ရိုက်တယ်။ ၇၄ မှာမှ ဝင်းထွဋ်ဝင်း(ချစ်စု)ကို မွေးပါတယ်။ ဟိုနေ့က ၄၈ နှစ်ကို အတင်း ခံငြင်းနေတယ်။

**အဲဒါကြောင့် အစ်မ အခုဆို မကြာသေးခင်က လုပ်ခဲ့တာ ၄၈ နှစ်ပြည့် မင်္ဂလာနှစ်ပတ်လည်နေ့ပေါ့နော်။ အစ်မ အဲဒီလိုမျိုး ကိုယ်က အပျိုမင်းသမီးလေ၊ အပျိုမင်းသမီးဘဝတုန်းက မင်းသားတွေ မင်းသားတွေနဲ့ တွဲပြီး သရုပ်ဆောင်ခဲ့ရတယ်။ နှလုံးသားရေးရာက...၊ ဘာဖြစ်လို့ဆို ဖက်တဲ့အခန်းလည်း ပါတာပဲလေ။ ကိုသန်းထွဋ်ကိုကျမှ စိတ်ဝင်စားသွားတာလား။**

အဲဒါကလေ ဖက်တာနဲ့လည်း မဆိုင်ဘူး။ ဖက်တာနဲ့လည်း မဆိုင်ဘူး မောင်လေးရဲ့ အစ်မတို့က သရုပ်ဆောင်တာ။ သရုပ်ဆောင်တဲ့အချိန်မှာ အစ်မတို့က သရုပ်ဆောင်တာ။ အစ်မတို့က တကယ် အဲဒီတုန်းက အရမ်း စောစောတုန်းကပဲ အစ်မ ကြည့်ရင်းနဲ့ အရမ်း စိတ်ထဲမှာ အစ်ကိုတစ်ယောက် လိုပဲ တမ်းတတယ်၊ လွမ်းဆွတ်တယ်၊ ရင်ထဲမှာလေ အမှတ်ရနေသေးတယ် ကောလိပ်ဂျင်နေဝင်းကို။ အစ်ကိုတစ်ယောက်လို ကိုနေဝင်းကြီးလေ အစ်မနဲ့

အတွဲအများဆုံးပေါ့နော်။ သူကတော့ တစ်ခါတည်း ဖက်တယ်ရက်တယ် သိတယ်မလား။ `ဒါပေမဲ့ မောင်နှမအရင်းလို နေခဲ့တယ်။ ကိုညွန့်ဝင်းကြီး လည်း ဒီလိုပဲ၊ ကိုဝင်းဦး တစ်ခါတည်းပဲ ပြောလိုက်မယ်။ ကိုဝင်းဦးကြီးက တော့ အစ်မကို Propost လုပ်ဖူးပါတယ်။ သူက သူ နှစ်နှစ်ကာကာ မေတ္တာ ရှိပါတယ်တဲ့၊ အဲဒါလေးတစ်ခုပဲ။ ဒါပေမဲ့ မထိပါဘူး အစ်မ။ ဆင်းနိုင်ပေါ်က လူသိတဲ့အတိုင်းပဲလေ အဘွားကြီးလေ။ အဲလို အဲလို။ ကိုသန်းထွန်းကကျ တော့ အစ်မ စဉ်းစားပါတယ်။ အစ်မတို့ကလေ ဗုဒ္ဓဘာသာတရားနဲ့ဆိုရင် ဒီမွေးကတည်းက နဖူးမှာ ရိုက်လွှတ်လိုက်တယ်။ ဘယ်သူနဲ့ဘယ်သူနဲ့ အိမ်ထောင်ကျ၊ နဖူးစာ နဖူးစာဆိုတာ အဲဒါပဲ။

**အစ်မတို့တုန်းက ဒီဖက်တယ်ဆိုတာ ကိုယ့်မောင်နှမလို သဘောထားပြီး သရုပ်ဆောင်ခဲ့ကြတာပေါ့နော်။ အဲဒီတော့ အစ်မ ကားတွေအကြောင်း ပြန်ဆက်ရရင် ကျွန်တော် မှတ်မှတ်ရရ "မယ်မင်း ကြီးမ"နော်။ "မယ်မင်းကြီးမ"ဆို အစ်မ တော်တော့်ကို ဟဲဗီးကြီးလုပ်ရ တယ်။ ဒါလည်း ကိုယ်တိုင်ရိုက်ခဲ့တာပဲ။**

ဟုတ်တယ်။ အစ်မတို့ ဝါဝါဝင်းရွှေ ရုပ်ရှင်ထုတ်လုပ်ရေးကပဲ။ အစ်မ ဒါရိုက်တာလုပ်ပြီးတော့ အဲဒီ **မယ်မင်းကြီးမ** ရိုက်ခဲ့တယ်။

**အဲဒီမှာ "မယ်မင်းကြီးမ"မှာဆိုရင် အဖွင့်က အကြော်သည် ကောင်မလေး။ အကြော်သည် ကောင်မလေးက အိပ်မက် မက်နေတဲ့အခါ ကျ မင်းသား ၇ လက်နဲ့နော်။ မေမြို့၊ ကန်တော်ကြီး ပန်းခြံထဲမှာ သီချင်းဆိုပြီး ပျော်နေကြတဲ့အခန်းက အစ်မ စ,ဖွင့်ထားတယ်နော်။ နောက်တော့မှ ဒေါ်မြင့်မြင့်ခင်က အမေလုပ်တဲ့သူက ရိုက်နှိုးတာပေါ့ နော်။**

Madonna စပြီး နာမည်ကြီးတဲ့အချိန်က သူ့သီချင်းလေ။ အဲဒါကို ယူပြီးတော့ "စံပယ်ဖြူဖွေးဖွေးလေး"ဆိုပြီးတော့လေ။

**အဲဒီကားလည်း ပရိသတ်...။**

အဲဒီအရှေ့မှာ စန်းစန်းဝင်းအကြောင်းလည်း ပြောချင်သေးတယ်။ စန်းစန်းဝင်း အဲဒီ **မယ်မင်းကြီးမ** ကားထဲမှာ သူ အကြော်သည်လေ။ အစ်မက အစ အကြော်သည် ဘဝလေ။ နောက်တော့ ဘဝမေ့သွားတော့ လေ အောက်က လာအော်တယ်။ ဟဲ့ ကောင်မ၊ ဆင်းခဲ့စမ်းဆိုပြီးတော့လေ။ အဲဒါက မန္တလေးမှာ ရိုက်ခဲ့တာလေ၊ မောင်လေး ပြောပြဦးမယ်။ အဲဒီမှာ

စောစောက ပါးရိုက်သလိုပဲ ဟုတ်ပြီ နင်ရိုက်၊ အားရပါးရ ရိုက်နော် ငါ့ကို။ အဲဒီတော့ ကျမယ့်နေရာကို ရှင်းထားတယ် အနားမှာ။ အပီချပြီဆိုပြီးတော့ သူနဲ့ နပန်းဖက်လုံးပြီး ပါးချတာ၊ ချ ချ ဆိုပြီးတော့ ချလိုက်တာ သူ့အားက ဘယ်လောက်ပြင်းလဲဆို ရှင်းထားတဲ့နေရာကို မရောက်ဘဲနဲ့ ကျော်ပြီးတော့ ရောက်သွားပြီးတော့ ကျောက်တုံးနဲ့ ခေါင်းနဲ့ သွားဆောင့်မိတာ အစ်မ ဒါကတော့ အခံရဆုံးပဲ။ မေးတွေဘာတွေ ခိုင်သွားပြီးတော့ ပါးစပ်မဟ,နိုင်ဘူး။ ထမင်းမစားနိုင်ဘူး၊ ရေလေးကို ဖြည်းဖြည်းလေး သောက်ရတယ်။ အဲဒါ အမရပူရမှာ အစ်မ နားနေရတယ်၊ အဲဒါတစ်ခု။ စောစောက ဆရာဦးချစ်ခင် ရိုက်တဲ့ အစ်မ အကယ်ဒမီရတဲ့ **ချောင်းကိုကူး၍ မြစ်ကိုရှာ** အဲဒါလည်း ထောင်ထဲမှာ ရိုက်တာ။ တကယ့် ထောင်ထဲမှာ သွားရိုက်ရတာကို။ အဲဒီမှာ သမီးဓာတ်ပုံလေးကို ထုတ်ကြည့်တဲ့အချိန်မှာမှ ဟိုထောင်သမတစ်ယောက်ကလေ အဲဒါ မချေမငံပြောတော့ ဖက်သတ်ပြီးတော့ လှဲချလိုက်တော့ တကယ့်ထောင်ထဲမှာလေ အဲဒီမှာလေ မျှော့တွေရော၊ ကျွတ်တွေရော။ အဲဒီထဲမှာ လှိမ့်ခိုင်းတာ ဆရာ ဦးချစ်ခင်က။ လှိမ့်ခိုင်းပြီးတော့ ဖက်သတ်ခိုင်းပြီးတော့မှ အပေါ်ကနေ ပုဆိန်နဲ့ ပေါက်ချလိုက်တဲ့အခန်း။ အို စုံရော စုံရော။ ဒိုင်ယာလော့ခ်ကို အစ်မ မကျက်တတ်ဘူး၊ မကျက်တတ်ဘူး။ By ear rest, နားမှာလာပြော။ တစ်ခေါက်ပြော အစ်မ မှတ်ထားလိုက်တယ်။ ဒုတိယတစ်ခေါက်က အစ်မ Accept လုပ်လိုက်ပြီ၊ ယူလိုက်ပြီ။ တတိယအခေါက်ကျတော့ ရပြီဆိုတော့ သူတို့က အံ့ဩလို့။ အစ်မ မိတ်ကပ်တွေဘာတွေ လိမ်းနေတုန်း ဘေးကနေ လာပြော၊ တတိယအကြိမ်လည်းကျရော မဟုတ်ဘူးနဲ့ တူတယ်ဆိုပြီး ကျွန်မ ပြန်ပြောပြရမလားဆိုပြီးတော့ အဲဒီအတိုင်း ပြန်ပြောပြလိုက်တယ်။ အဲဒါကတော့ မှတ်ဉာဏ်အရမ်းကောင်းတယ်။

**ဒါကတော့ ဆေးကျောင်းသူဖြစ်ခဲ့တာကို။ ကျွန်တော်တို့ ဟိုဘက်ခေတ်တုန်းကတော့ ဆေးရောင်စုံရုပ်ရှင်ကားတွေ ရှိခဲ့ဖူးတယ်။ ဥပမာ ဒေါ်ကြည်ကြည်ဌေးရိုက်တဲ့ "ချစ်ခဲ့တာ အမှန်ပါပဲ"တို့၊ ဒေါ်မြင့်မြင့်ခင်ပါတဲ့ "သစ္စာလွင်ပြင်"စသဖြင့်ပေါ့နော် နောက် "အလောင်းတော်ရာမ" အဲဒီလိုမျိုးကားတွေ ကာလာနဲ့ ရှိခဲ့ဖူးတယ်။ ဒါပေမဲ့ အဲဒီခေတ်ကုန်သွားပြီးတော့ Black & White မှာ သံသရာတွေ လည်ခဲ့ကြပြီးတော့ ကာလာတွေ ပြန်လုပ်တော့မယ့်အချိန်မှာ ဝါဝါဝင်းရွှေ Production ကနေပြီးတော့ "အချစ်ရေ"ဆိုတဲ့ဇာတ်ကား အစ်မပဲ ရိုက်ခဲ့တယ်နော်။**

အဲဒါကျတော့ စောစောက မောင်လေးပြောသလိုပဲ ဒီဘက်ခေတ်ရဲ့ ကာလာက ရှားရှားပါးပါး ဖြ ထုပ်ပဲလာတယ် မောင်လေးရဲ့ အဲဒီတုန်းကလေ။ ဖြ ထုပ်ပဲလာတဲ့အခါကျတော့ အစ်မတို့ ရုပ်ရှင်မြှင့်တင်ရေးမှာ အစ်မကို ခေါ်ပြီးတော့ အစည်းအဝေးမှာဆိုတော့ အဲဒီ ဖြ ကားမှာ အစ်မတစ်ကားပါ မယ်၊ အစ်မ တစ်ကား ပါသွားတယ်။ ဝါဝါဝင်းရွှေထုတ်လုပ်ရေး ဒါရိုက်တာ ဝါဝါဝင်းရွှေကနေပြီးတော့ အဲဒီ ဖြ ဦးထဲမှာ အစ်မတစ်ကားပါလိုက်ရတယ်။ ပါပြီးတဲ့အခါကျတော့ အစ်မ အဲဒီမှာလည်း မင်းသားတွေက အကုန် အရမ်း ကျပ်နေပြီ။ အဲဒါနဲ့ ကိုသန်းထွဋ်နဲ့ အစ်မ အဲဒီ **အချစ်ရေ** ကို ရိုက်တယ်။ ရိုက်တဲ့အချိန်မှာ အစ်မက Musical အနေနဲ့ရော၊ သူက ကာလာဆိုတော့ ဖန်စီလေးတွေလည်းပါတယ်လေ အဲဒီစတူဒီယိုကြီးမှာပဲ အစ်မတို့တစ်ခါ ရောင်စုံ အမျိုးစုံ သီချင်းတွေ ရိုက်ခဲ့တယ်။ ပထမဦးဆုံးလည်း ပြရတယ်။

**ဟုတ်တယ်။ "အချစ်ရေ"ပြီး နောက်မှ ထွက်လာတဲ့ကားကျ တော့ သူက တုန်နေတယ်။ ပိတ်ကားတွေမှာ ကြည့်ရတာကိုက အရုပ် တွေက တုန်နေတယ်။**

"နော် မောင်မောင်နော်"။

**အဲဒီကားနာမည်ကို "တုန်လှုပ်ပါ"ဘာညာပေါ့နော် ရုပ်ရှင် ကား နာမည်ပြောင်းပြီးတော့ နာမည်ပြောင်းနဲ့ ခေါ်ကြတယ်ပေါ့။ အစ်မ အခု အဲဒီ အစ်မတို့ခေတ်ကရိုက်ရတဲ့ "အချစ်ရေ"ခေတ်က ရိုက်ခဲ့ရတာ နဲ့ အခုကာလာတွေနဲ့ ဘာကွာလဲမသိဘူး။ အခုက DCPတွေ ပြောင်း သွားကြပြီဆိုတော့။**

အစ်မ ပြောရမယ်ဆိုရင်တော့ အဲဒီတုန်းကတော့ အစ်မတို့ ကာလာ ဖလင်တွေပေါ့နော်။ Reading တွေဖြစ်တယ်။

**ကျွန်တော်တို့ ဖလင်ခေတ်ပဲရှိသေးတယ်။**

ဖလင်ခေတ်ပဲရှိသေးတယ်။ နောက်ပြီးတော့ အဲဒီမှာ ဘာအခက်အခဲ တွေ စ,ဖြစ်လဲဆိုတော့ အစ်မ ရိုက်တဲ့အချိန်မှာ Color Correction မမှန်ဘူး။ အဲဒီတော့ အစ်မက ရိုက်ပြီးခဲ့တဲ့ဟာ အဝတ်အစားတွေကို အစ်မ Suit Case ထည့်ပြီးတော့ အဲဒီ Color Correction လုပ်တဲ့ ရုပ်ရှင်မြှင့်တင်ရေးက Color Ladထဲမှာကို ဝင်ပြီးတော့ အရောင် လိမ္မော်ရောင်ဆို လိမ္မော်ရောင် အစစ် မဟုတ်ဘူး ရဲနေတာလေ။ အဲဒါက အရောင်ကို ပြန်ခရစ်ဒင်ချပြီး ခိုင်းပြီးတော့ လိမ္မော်ရောင်အနုလေး။ အဝတ်အစားရောဘာရော မျက်နှာ

မိတ်ကပ်တွေဘာတွေ မှားသွားရင် အရှမ်းရုပ်ဆိုးတာ။ အဲဒီကာလ Conditions အရ ဆုံးသွားပါပြီ ကိုမြသန်းနဲ့ အစ်မကိုယ်တိုင် ဝင်လုပ်ခဲ့တာ။ ကားဆက်တာလည်း အပေါ်မှာ ကိုတင်မြင့်နဲ့ အဲဒီမှာ အစ်မက အကုန် OT ယူထားလိုက်တာ။ Overtime တွေ အကုန်ယူထားလိုက်တယ်။ ရိုက်တယ်၊ ဆေးတယ်၊ အပေါ်မှာ ဆက်တယ်။ ပြီးတော့ တစ်ဝန်းလုံး အစ်မ OT ယူထားလိုက်တယ်။

**ဒါ ကိုယ်ကလည်း ပထမဆုံး ကားအနေနဲ့ ပွဲဦးထွက်လုပ်ရတာကို။ Technician ကလည်း ကျွမ်းကျင်မှု နည်းသေးတဲ့ကာလပေါ့။**

ဟုတ်တယ်။ **နော် မောင်မောင်နော်** တို့ဘာတို့ကျတော့ တော်တော်ဟုတ်သွားပြီ။ ကျော်သူနဲ့ ရိုက်တာလေ။ ကျော်သူနဲ့ ရိုက်တာ။

**အစ်မကိုယ်တိုင် ဒါရိုက်တာလုပ်ပြီး ရိုက်ခဲ့တဲ့ကား ဘယ်လောက်လောက် ရှိသွားပြီလဲ။**

၃၀၊ ၄၀ လောက်ရှိပြီ။

**၃၀၊ ၄၀ လောက်ရှိပြီ။ အခု နောက်ဆုံးရိုက်တာက "ရှင်ဥပဂုတ္တ" ပေါ့နော်။**

ဟုတ်တယ်၊ ဟုတ်တယ်။ အစ်မ အဲဒီတုန်းက အစ်မတို့ကလေ Quality ကို အရှမ်းထိန်းတဲ့အခါကျတော့ တစ်နှစ်ကို နှစ်ကားပဲ ရိုက်တယ်။

**အစ်မ ရိုက်ခဲ့တဲ့ ကားတွေထဲမှာ၊ သရုပ်ဆောင်ခဲ့တဲ့ကားတွေထဲမှာ ဇာတ်ကောင်နာမည်က စီးသွားတဲ့ကားတွေ ရှိတယ်။ ဥပမာ "ဒေါင်ဒေါင်မြည်တဲ့အသည်း" ဇာတ်ကားမှာ ဇာတ်ကောင်နာမည်က "ဘဲဥမ" ပေါ့။ အဲဒီတော့ ပရိသတ်က ကြာတဲ့အခါကျတော့ "ဒေါင်ဒေါင်မြည်တဲ့အသည်း"က ပျောက်သွားပြီး "ဘဲဥမ"ဖြစ်သွားတယ်နော်။ တယ်နော်။ "ဘဲဥမ"ပြီးတော့ "စနေမ"၊ နောက်တစ်ခုက...။**

ဘဲဥမ၊ စနေမ၊ မယ်မင်းကြီးမ။

**"မယ်မင်းကြီးမ"ကတော့ ကျွန်တော် ခုနပြောတယ်ပေါ့နော်။ ဇာတ်ကောင်ကနေ ဇာတ်ကားကို လွှမ်းမိုးသွားမှာတွေ ရှိတယ်ပေါ့နော်။ အဲဒါတွေအပြင် အစ်မရိုက်ခဲ့တဲ့ ဒါကတော့ ဦးတင်ဦးနဲ့ ရိုက်တဲ့ ပထမဆုံးကားလား မပြောတတ်ဘူး။ "ဒဿဂီရိအသည်း" ကိုနေအောင်နဲ့ သရုပ်ဆောင်တာ။ "ဒဿဂီရိအသည်း"က ဆရာ ကျော်မင်းဦးရဲ့ ဝတ္ထုကို ရိုက်တာနော်။ အဲဒီကားလည်း ကျွန်တော်တို့ မှတ်မှတ်ရရရှိတဲ့**

**ကားပဲ။**

ဟုတ်တယ်၊ တကယ့် အရမ်းစီးတာပေါ့။

**အစ်မ ဗီဒီယို ရိုက်ဖြစ်သေးတယ်နော်။**

ရိုက်ဖြစ်တယ်။ ရိုက်ဖြစ်တယ်ဆိုတာ အစ်မ ပထမဦးဆုံး အဲဒီ မောင်လေး စောစောကပြောတယ်မလား အစ်မက ဒရာမာတွေ ရိုက်တာများ တယ်ဆိုတာ ဟုတ်တယ်၊ ခေတ်ဦးကတည်းက။ စောစောတုန်းက အစ်မ မောင်လေးလာကြည့်တဲ့ မန္တလေး ရုပ်ရှင်ခြံကြီးထဲက စပြီးတော့ **ကံ** တို့၊ **အရိုင်းစံပယ်**တို့က စပြီးတော့ **ဘုရားမှာတစ်ခါဆုံတယ်** အဲဒီလို။ ဇာတ်ကြီး တွေ ဇာတ်ကြီးတွေ ရိုက်ပြီးတော့ နောက်ပိုင်းကျတော့ အစ်မပါရင် လူတွေက ငိုရတယ်၊ အစ်မပါရင် ငိုရတယ် ဒရာမာတွေကဆိုပြီး ဖြစ်နေတဲ့အချိန်မှာမှ အစ်မက တစ်ခါ အဲဒီမှာ အက်ရှင်တွေပေါ်တော့လေ စောစောက မောင်လေး ပြောတဲ့ **စနေမ** အချိုးလေး ပြောင်းတာပေါ့နော်။ အဲဒီ **စနေမ** ကလည်းပဲ ဒါလည်း အစ်မဘဝမှာ မှတ်တမ်း တကယ့်ကို တင်ရတဲ့ ကား။ ဘာဖြစ်လို့ဆို အဲဒီ **စနေမ** ကို ရိုက်တဲ့အချိန်မှာ အစ်မ ထူးထူးခြားခြားလေး ပြောပြမယ် မောင်လေးကို။ မောင်လေး မသိတဲ့ဟာတွေ။ အစ်မ မြင်းမစီးတတ်ဘူး။ မြင်းမစီးတတ်ဘဲနဲ့ အစ်မ မြင်းတက်စီးတယ်။ အဲဒီမြင်းထိန်းကလည်း အရမ်း ကျွန်တော့်မြင်းက လိမ္မာတယ်။ တကယ်လည်း လိမ္မာတယ်။ အလိမ္မာ လွန်သွားတာ ပြောပြမယ်။ အဲဒီတော့ အစ်မ တက်စီးဆို စီးလည်းစီးရော မြင်းထိန်းက သူက ဟိုးရှေ့ကနေ ပြေးပြီးတော့ စောင့်နေတာ။ အစ်မ ခုပဲ တစ်ခြမ်းပဲ တက်ရသေးတယ် မြင်းထိန်းက ပြေးလည်းပြေးရော မြင်းက သူ့သခင်နောက်ကို တန်းလိုက်တာ တစ်ခါတည်း ကဆုန်ပေါက်ပြေးတာ။ အစ်မလေ တစ်ခြမ်းစောင်းကြီးနဲ့ ပါသွားတယ်။ အဲဒီလို တစ်ခြမ်းစောင်းကြီး တစ်ခြမ်းစောင်းကြီး ပါသွားတာ ကျလုဆဲဆဲမှာမှ မြင်းရှင်ရဲ့ ရင်ခွင်ထဲကို တစ်ခါတည်း ဖမ်းရောက်သွားတာ။ အဲဒါမျိုးတွေ အစ်မလုပ်ရတာ။

**စွန့်စွန့်စားစား။**

စွန့်စွန့်စားစားတွေ။ အဲဒါနဲ့ မြင်းတပ်ကြီးရယ် ဟို...ကျော်ဟိန်း လေ၊ ကျော်ဟိန်းနဲ့ အစ်မ အပေးအယူ ကျော်ဟိန်းလည်း အရမ်းတော်ပါ တယ်နော် ပြောမယ်ဆိုရင်လေ။ ရင်ထဲမှာ သရုပ်ဆောင်တွေကို ပြောရင်းပြော ရင်းနဲ့ တကယ့် ကိုယ့်အနုပညာမောင်နှမအရင်းတွေလို ခံစားရတယ်။ အခု လည်း မျက်စိထဲမှာ ပြန်မြင်တယ် ကျော်ဟိန်းကို။ ဖိုးကျော် ဖိုးကျော်

အစ်မတို့ သွားလိုက်တာ ဒီကနေ ကူမဲကနေ ထန်းတလုပ်ချောင်း။ သူတို့က ဆင်းနှ်အရင်သွားကြည့်တာ ဦးသန်းထွဋ်နဲ့။ အဲဒါလေးကလည်း တော်တော့်ကို မှတ်တမ်းလေးမို့လို့။ အဲဒီခေတ်က ဒေါ့ဂျစ်ကြီးတွေပဲ ရှိတယ်။ လမ်းကလည်း ဒီလို ဒီလို ဆိုးတာ။ အဲဒါ အစ်မက အဲဒီဒေါ့ဂျစ်ပေါ်မှာနော် ဘောင်းဘီတိုနဲ့၊ စက်အဖွဲ့တွေနဲ့ အစ်မ အပေါ်ကနေ တန်းကိုကိုင်ပြီးတော့ အဲဒီလို မတ်တတ်လိုက်တာ။ မတ်တတ်လိုက်ပြီးတော့ ဆင်းနှ်ပေါ်။ ထန်းတလုပ်ချောင်းက ဆင်းနှ်အရမ်းလှတာပဲ။ တစ်ခါတည်း လမ်းမှာတွေ့တဲ့ ပန်းခင်းကြီးကို ချချ ရပ်ရပ် ကရိန်းတွေချချ ဆင်းဆင်းဆို အရမ်းပျော်တယ် မောင်လေး။ အဲဒီဘဝတုန်းက တက်ညီလက်ညီလေ။ ကင်မရာခရူတွေရော၊ ဘာတွေရော တည်းစရာ ခိုစရာလည်း မရှိဘူး။ ဘုန်းကြီးကျောင်းမှာ နေရတာ။ ဘုန်းကြီးကျောင်းမှာ အပေါက်တွေမှာ။ အဲဒီမှာ တစ်စတစ်စနဲ့ အစ်မတို့ နေရင်းနေရင်းနဲ့ လူတွေက သိသိပြီးတော့ ရွာနီးချုပ်စပ်ကပါ အကုန်လာပြီးတော့ ဘုရားပွဲကြီးလို ဖြစ်သွားတာ။ ဟို အစားအသောက်တွေရော ဘာတွေရော အကုန်လုံး ရွာက လာကြတဲ့လူတွေက တဖြည်းဖြည်း အုံအုံပြီးတော့ တော်တော်များလာတာ။ အဲဒါ အဝတ်လဲရင်တောင် အဲလို အပေါက်ကလေးကို ခန်းဆီးကာပြီးတော့ လဲရတာ။ လဲပြီးတော့ အစ်မတို့ အဲဒီချောင်းထဲမှာ သွားရိုက်၊ နောက်ပြီးတော့ အဲဒီမှာပဲ ဆက်တင်လုပ်။ ဆက်တင်လုပ်ပြီးတော့ ဦးထွန်းဇလေ ဘဘဦးထွန်းဇတို့၊ ကိုအောင်မြိုင်တို့ နောက် အဲဒီလူကြမ်းအဖွဲ့တွေလေ။ သိပ်ချစ်ဖို့ကောင်းပါတယ်။ လူကြမ်းအဖွဲ့တွေကလေ ဓားခုတ်တာတွေလည်း အစ်မတို့ကို သင်၊ သင်၊ အစ်မတို့ကို သင် ခုတ်ကြ။ နောက်ပြီးတော့ ခေါင်းစွပ်တာလည်း **စနေမ** က မျက်နှာတစ်ခြမ်းကြီးကို အုပ်ထားတာလေ။ ဓားဒဏ်ရာကြီးရှိတဲ့အခါကျတော့။ အဲဒါကြီးကို အုပ်ထားတော့ ဆံပင်ကြီးက မျက်လုံးတစ်ဖက်တည်းနဲ့ ကြည့်ရတာ။ ဝတ်ထားတာလည်း ရှမ်းအင်္ကျီနဲ့ ဘောင်းဘီနဲ့။ နဖူးကချွေး ခြေမ ကျတယ် ဆိုတာ ဒီလို ပေါက်ကလေး ကျတာမဟုတ်ဘူး။ မတ်တတ်ရပ်နေရာကနေပြီးတော့ စီးပြီးတော့ ကိုယ်ထဲကနေ ခြေထောက်ကနေ ပြန်ထွက်တာ။ တကယ် အဲဒါ နဖူးကချွေး ခြေမကျတယ်ဆိုတာ ပေါက်ခနဲကျတယ် မထင်နဲ့။ ကိုယ်ထဲကနေ စီးဆင်း စီးတာ။ ရေက ဝတ်လွှန်းအားကြီးတော့လေ ဟို ဦးကျော်နဲ့ အစ်မက ရေခဲရေသမားဆိုတော့ အဲဒီ ရေခဲရေကို တစ်ခါတည်း ရှူတင်မန်နေကျာက မနက်ဆို ထွက်ဝယ်တာပေါ့နော်။ ရှူတင်ထမင်းအတွက်

ဝယ်ရင်းနဲ့ ရေခဲတုံးရော၊ မြင်းသမားတွေရောပေါ့နော်။ အဲဒီမှာ သရက်သီးတွေလည်း ပေါ်တော့ သရက်သီးတွေစားလိုက်၊ ရေခဲရေတွေ သောက်လိုက်။ နောက်ဆုံးကျတော့ အိုးလေးတွေရှက်ပြီးတော့လေ စမ်းချောင်းကနေ ရေအိုးလေးသမားတွေကို ဖိုးကျော်ရော အစ်မရော လာ လာ လာဆိုပြီးတော့ အဲဒီရေတွေ တောင်းယူကြတယ် အစ်မတို့။ သရက်သီးတွေ စားပြီးတော့ ဝမ်းတွေလျှောကြ စက်အဖွဲ့တွေ သိလား။ အဲဒါ ဓားခုတ်ကြ၊ ကျောချင်းကပ်ပြီးတော့ အစ်မတို့တွေ ဓားခုတ်။ အစ်မ အဲဒါရိုက်တာ ရက်ပေါင်း ၆၀ နော် **စနေမ** ရိုက်တာ။ အဲဒီမှာ ရိုက်ရင်းနဲ့ ဘာဖြစ်လဲဆိုရင် အစ်မပါ ဝမ်းလျှောရော။ ဝမ်းလျှောပြီးတော့ အစ်မ ဘယ်လိုဖြစ်လဲဆိုတော့ မေမြို့ကနေ ပြီးတော့ Dripချိတ်လာရတယ်။ Drip ချိတ်ပြီးတော့ အစ်မ သတိရတဲ့ အချိန်မှာကျတော့ ဖိုးကျော်က အစ်မ ခြေဖဝါးကို လက်နဲ့နှိပ်ပြီးတော့ အစ်မ အစ်မ သတိရလား သတိရလားဆိုတော့ ဆေးရုံရောက်နေပြီ။ မန္တလေးဆေးရုံရောက်နေပြီ။ အခုနဲ့ ဘယ်လို ကွာလဲဆိုရင် စောစောက မောင်လေးမေးတဲ့အဖြေကိုလေ ဒစ်ဂျစ်တယ်ခေတ်မှာ အသံရော၊ အရုပ်ရောက ဖလင်လည်း မဟုတ်တော့ဘူး။ ဟိုတုန်းက အစ်မတို့ ဒီဆောင်းဖလင်လေးတွေကို ယူပြီးတော့ ကားဆက်တာ Dreambedမှာ။ ဒီဖလင်လေးတွေ တစ်ကဒ်ချင်း တစ်ကဒ်ချင်း ကော်ကပ်ရတယ်၊ ဖြတ်ရတယ်၊ တောက်ရတယ်၊ ဆက်ရတယ်။ နောက်ပြီးတော့ အဲဒီမှာ ဘာလုပ်ရလဲဆိုတော့ အသံကို သွင်းမယ်ဆိုလို့ရှိရင် ဓားဓားချင်းဆို ချွင်၊ တုတ် တုတ်ချင်းဆို ဒုတ်။ ဒုတ် ချွင်၊ ချွင် ဒုတ်။ ဟိုမှာ တုတ်ချင်းဆို ဒုတ်၊ ချွင်ဆို ချွင်၊ ဒုတ်ချွင် ချွင်ဒုတ် အဲဒါလေးတွေကို အသေးစိတ် ဘေးကနေ တစ်ခါတည်း ကားဆက်တာကို မိုးလင်းကနေ မိုးချုပ်ဆက်တာ။ အဲဒီ **စနေမ** က အသွင်ပြောင်း သွားတာပေါ့လေ။ စောစောက ပြောသလို ဒရာမာကနေ အက်ရှင်ဘက်ကူး သွားတာ။ အက်ရှင်ကနေမှ စောစောက **ဘဲဥမ** တို့ ဘာတို့ကျတော့ **မယ်မင်းကြီးမ** တို့ကျတော့ ဒါကတော့ သဘာဝ၊ လူ့သဘာဝတွေကို ရိုက်တာ။

**အစ်မကို တစ်ခု မေးချင်တာ။ အခုတော့ ကျွန်တော်တို့ တော်တော်များများ နိုင်ငံခြားထွက်ရိုက်တာတွေ ဘာတွေ ရှိနေကြပြီလေ။**

ဟုတ်ကဲ့။

**ဘန်ကောက်မှာ ရိုက်ကြတယ်၊ များသောအားဖြင့် စင်ကာပူသွားရိုက်တယ် စသဖြင့် ရိုက်နေကြတယ်ပေါ့နော်။ ကျွန်တော် မှတ်မိ**

**သလောက်ကတော့ ဟိုးဘက်ခေတ်က ဒေါ်မြင့်မြင့်ခင်တို့ခေတ်မှာ "မွေး" ဇာတ်ကားကို မဒရပ်မှာ သွားရိုက်တယ်လို့ ကြားဖူးတယ်နော်။ ဆေးကုတဲ့အခန်းတွေဘာတွေ။ ဒေါ်မြင့်မြင့်ခင်နဲ့ ဦးချစ်ခင်နဲ့ သွားပြီးတော့ ရိုက်ကြတယ်။ ဟိုမှာ သူတို့ တော်တော်လေး ဒုက္ခရောက်ခဲ့တယ်လို့ ကြားဖူးတယ်။**

ဟုတ်တယ်၊ ဟုတ်တယ်။

**ဒီဘက်ခေတ် ရောက်တဲ့အခါကျတော့ အစ်မတို့ခေတ် ရောက်တဲ့အခါကျတော့ အစ်မပဲ ပထမဆုံး ဘန်ကောက်မှာ ရိုက်တာလို့ထင်တယ်။ ဘန်ကောက်မှာ ရိုက်ဖူးတယ်နော်။**

ဘန်ကောက်မှာ၊ ဟုတ်တယ်။ အဲဒီတုန်းက စောစောက ဆေးရောင်စုံတွေ ပေါ်ပြီးတဲ့နောက်ပိုင်းမှာ အစ်မက ရန်အောင်လေ၊ ရန်လေးနဲ့ အစ်မနဲ့က ဘန်ကောက်မှာ ရုပ်ရှင်ကားတစ်ကား၊ ဗီဒီယိုကား ဗီဒီယိုခေတ်ဦးပေါ့ အဲဒါ။ ဗီဒီယို စ,ပေါ်တဲ့ခေတ်ဦး။ အဲဒီမှာ ရိုက်ကြမယ်ဆိုပြီး သွားရော။ အဲဒါလည်း အထူးအဆန်း ပြောဦးမယ်။ ဟိုမှာရိုက်တော့ အစ်မတို့ ရိုက်မယ်ဆိုတော့ အဲဒီက ကင်မရာမင်း၊ အဲဒီက ကင်မရာနဲ့၊ စကားပြန်၊ ယိုးဒယားစကားပြန်ကနေ အစ်မတို့ ခပ်တည်တည်နဲ့ အစ်မတို့ တစ်ခါတည်း ဗုဒ္ဓမုံထုံဘုရားကြီးမှာ ပထမဆုံး စ,ဖွင့်တာပေါ့။ ရန်လေးနဲ့ အစ်မတို့နဲ့။ အစ်မက ကင်မရာချောင်းတတ်တဲ့အကျင့်က အစကတည်းက ရှိတယ်။ ရှိတဲ့အခါကျတော့ ရီဟာဇယ်လည်းလုပ်ပြီးရော ကင်မရာလည်း ချောင်းလိုက်ရောဟယ်... ဘယ်လိုဖြစ်တာလဲ၊ အဲဒီကင်မရာကြီးက။ ဟိုဟာဖြစ်နေတာ။ စီနီမာစကုပ် ဖြစ်သွားတာ။ အစ်မတို့က ဒီမှာရိုက်နေတာ ရိုးရိုး LED နဲ့ ရိုက်တာ။ သူတို့ဆီမှာ ရိုးရိုး LED မရှိတော့ဘူး။ အဲဒီအချိန်မှာ စီနီမာစကုပ် LED ဆိုတော့ ကြည့်လည်း ကြည့်လိုက်ရော ဒါကြီးက ဖလင်ပြားက အရှည်ကြီးဖြစ်နေပြီ။ အဲ ကင်မရာမင်း ခေါ်ပါဦး ခေါ်ပါဦး ဆိုပြီးတော့ အစ်မတို့ စီနီမာစကုပ် LED ။ စဉ်းစားလိုက်တော့ ဘာအခက်အခဲလဲဆိုတော့ ဒီက ရုပ်ရှင်တွေထဲမှာ စီနီမာစကုပ် LED မရှိဘူး။ ပြလို့ရှိရင် ဘယ်လိုလုပ်မလဲ။ ဒါရိုက်တာလည်း ရိုက်ပြီးနေပြီဆိုပြီးတော့ရတယ် ကိစ္စမရှိဘူး၊ အစအဆုံးပဲ ပြီးအောင် ရိုက်မယ်ဆိုပြီးတော့ စင်နီမာစကုဒ် LED နဲ့ ရိုက်ပြီးတော့ ကံအားလျော်စွာပဲ အဲဒီခေတ်က ပြောင်းပြောင်းသွားတာ အစ်မတို့ ပြီးခါနီးအချိန်မှာ နယ်တွေကလွဲရင် ရန်ကုန်ရုံတွေ အကုန်လုံး စီနီမာစကုပ် Lense ရောက်

လာတယ်။ အဲလို၊ အဲလို။

**အစ်မ အခုရိုက်တဲ့ "ရှင်ဥပဂုတ္တ"ဇာတ်ကားဆိုရင် အစ်မ ရိုက်ခဲ့ပြီးပြီ။ ကျွန်တော်ကြားတာက အစ်မကိုယ်တိုင် Dubbing တီးလုံးတွေကို အစ်မ အိမ်မှာခေါ်ပြီး တီးခိုင်းတယ်ဆို။**

ကြားတာမဟုတ်ဘူး။ ဒီလို ဒီလို မောင်လေးရေ။ ဒီဥစ္စာ သူကလေ ဒီရဟန္တာကြီးကျတော့ အစ်မ အခုအလှည့်မှာကျတော့လေ အစ်မက သာသနာပြုတဲ့ကားပေါ့နော်။ ကိုယ်က မင်းကိုးကွယ်တဲ့အခါကျတော့ အစ်မ အရှမ်းအချိန်ယူရပါတယ်။ ၁၀ နှစ်နော်၊ ၁၀ နှစ်တိတိ အစ်မ ဒီကားရိုက်ဖို့ ကြိုးစားခဲ့တယ်။ ၁၀ နှစ်ကြာတယ်။ ဒါက အစ်မတို့ကလေ အမှားမခံဘူး၊ အမှားမခံဘူးနော်။ အဲဒီတော့ အစ်မ ဒီ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီးတော့ နှစ်ပေါင်း ၂၅၀ ရဲ့ အဝတ်အစားတွေ ဘာတွေကို အဲဒီ မန္တလေးက တမ္ပဝတီ ဦးမင်းမောင် တကယ့် ပညာရှင်ကြီးပေါ့နော် အဲဒီခေတ်ရဲ့။ သူက ပုဂံခေတ်လည်း မဟုတ်ဘူး၊ ရိုးရိုး ရိုက်နေကျခေတ်လည်း မဟုတ်ဘူး ဆိုတဲ့အခါကျတော့ တံငါသည်တွေ ဘယ်လိုဝတ်သလဲ၊ ဘုရင်ဘယ်လိုဝတ်သလဲ၊ သူ့ရဲ့ မှူးမတ်တွေ ဘယ်လိုဝတ်သလဲ၊ ငယ်သားတွေ ဘယ်လိုဝတ်သလဲ။ အဆောင်အယောင်တွေ အကုန် သလွန်ကစပြီးတော့ အခုခေတ် မတူတဲ့ဟာတွေ အဲဒါတွေကို သူက ဟိုကနေပြီးတော့ သေချာ အကုန်ပြုစုပေးပါတယ်။ ပြုစုပေးပြီးတော့ ဒီမှာ အစ်မတို့ ယဉ်ကျေးမှုဌာနက ဦးမြင့်ဦးကလည်းပဲ သူက အဲဒါတွေကို အကုန်ဆက်ကက်ရှည်ဆွဲပြီးတော့မှ ပဝါချနည်းတွေ၊ အဝတ်တန်ဆာ ဆင်နည်း၊ ခေါင်းက သရဖူတွေဘာတွေ အဲဒါတွေပါ အစ်မတို့ အချိန်တော်တော်ယူတယ်။ အချိန်တော်တော်ယူရပါတယ်။ ရိုက်တဲ့အခါလည်းပဲ ပထမတော့ အစ်မ မပါဘူးလို့။ ဒါပေမဲ့ ဇာတ်လမ်းထဲမှာလည်း ရာဇဂြိုဟ်ပြည်ရဲ့ ဘုရင်နဲ့ မိဖုရားနေရာမှာ ရန်လေးနဲ့ အစ်မနဲ့ ဝင်တော့ရိုက်တယ်။ ဝင်ရိုက်တော့ ဒီအဝတ်အစားကြီးတွေ ဝတ်ရတာကို နေ့ဝက်ကုန်တာပေါ့လေ အစ်မတို့။ အဲဒါလည်း အချိန် ဒီဟာရိုက်တာဆိုလို့ ရှိရင် မကြာဘူးဆိုရင် ၃၅ ရက်လောက် ကြာတယ်။ ဂျူတီပေါင်း ၆၀ လောက်ရှိတယ်။ ရိုက်ရက်များတယ်၊ တစ်နေ့ကို နည်းနည်း နည်းနည်းပဲ အစ်မတို့ ရိုက်နိုင်တယ်။ အဲဒီဟာတွေ ပြီးတဲ့အခါကျတော့ အက်ဒစ်လုပ်တော့လည်း အစ်မ အိမ်မှာပဲလုပ်လိုက်တယ်။ ကားဆက်တဲ့ကလေးခေါ်ပြီးတော့ အိမ်မှာပဲတယ်။ လုပ်ပြီးတော့ အဲဒါလည်း ကိုယ့်စိတ်ကြိုက် ဖြစ်ချင်တာလေ။

Editing ဘေးမှာကို ထိုင်ပြီးတော့ လုပ်ပေးတာပေါ့။ အဲဒါ ပြီးပြန်တော့ ဒါဘင်ကျတော့ အစ်မက ဒါရိုးရိုး ခါတိုင်းကတော့ ဒါဘင်လုပ်တဲ့ ပုဂ္ဂိုလ်တွေဆီကို ပေးတယ်။ ဒါကျတော့ အစ်မ ဒီဆိုင်းဝိုင်းကြီးတွေ ဘာကြီးတွေလည်း ပါချင်တယ်။ ပါချင်တော့ အဲဒါကို ဒီမြန်မာမှုတွေပေါ့နော် အဲဒါနဲ့ ဟိုနေ့က ဆိုင်းဝိုင်းကြီးတွေ၊ နဲ့တွေနဲ့၊ တယောတွေနဲ့၊ ဗုံတွေနဲ့ အဲဒါ ဒီမှာလုပ်တယ်။

**အစ်မ အဲဒီ "ရှင်ဥပဂုတ္တ"အခြေအနေ ဘယ်ရောက်သွားပြီလဲ မသိဘူး။**

ပြောမယ်ဆိုရင် ဒါဘင်ကလည်း $2^{th}$ လောက် ပြီးသွားပြီ။ အစ်မတို့က အခု CG အဆင့်၊ CGအဆင့်ကကျတော့ ၃ လလောက် အချိန်ပေးရတယ်။ ဒီမှာ အစ်မတို့ ပြောမယ်ဆိုရင် အစ်မတို့ ဒီတိုင်းပြည်မှာလေ ကလေးတွေ အစ်မ အရမ်းလေးစားတယ်။ CGလုပ်တဲ့ ကလေးလေးတွေကလည်း ပဲ သူတို့က ပညာရှင်တွေ။ သူတို့က လုပ်နိုင်တယ် မောင်လေး။ ပစ္စည်း နည်းနည်းလေး သူတို့မှာ နည်းနေကြတော့ အချိန်ကို အန်တီရယ် သားတို့ကို များလည်းများတယ်၊ ဒီရဟန္တာကြီးနဲ့ မာရ်နတ်နဲ့ တန်ခိုးပြိုင်တာလေ။ တန်ခိုးပြိုင်တာကို အစ်မက တကယ့် အပီပေါ့နော်။ နဂါးတွေရော၊ ဂဠုန်တွေရော၊ မားမိုးတွေရော၊ လုံမိုးတွေရော၊ မီးကျီးမိုးတွေရော အဲဒါတွေ တော်တော်များပါတယ် လုပ်ရတာ။ အခုလုပ်နေတဲ့ ကလေးတွေက သူတို့ Group နဲ့ လုပ်နေကြတယ်။ လုပ်နေကြတော့ သူတို့ အဲဒီ CG ပေါ့လေ၊ အထူးပြုတွေပေါ့နော် အဲဒီဟာကို ၃ လ အချိန်ပေးထားတယ်။ သူတို့ပြီးရင်တော့ ပြီးပါပြီ။ နှစ်လတော့ ပြီးသွားပြီ။

**အစ်မက အစ်မတင် မဟုတ်ဘဲနဲ့ အစ်မသား နှစ်ယောက်ကိုလည်း အနုပညာလမ်းကြောင်းထဲ ဆွဲခေါ်လာခဲ့တယ်။ ဒါကတော့ အောင်မြင်ခြင်း၊ မအောင်မြင်ခြင်းကတော့ သူတို့ အနုပညာ ပါရမီအတိုင်းပေါ့နော်။ အစ်မ ဝင်းထွဋ်ဝင်းကို ဘယ်နှကားရိုက်ပေးခဲ့လဲမသိဘူး။**

ဝင်းထွဋ်ဝင်းက မိုးမိုးမြင့်အောင်နဲ့ ကားကြီးတစ်ကား၊ အဲဒါက ပုတီးကုန်း မောင်စိန်ဝင်းရဲ့ ဝတ္ထုကို အစ်မက **နှင်းဆီပြာ ကဗျာတစ်ပုဒ်ဆိုတဲ့** နာမည်နဲ့ ရုပ်ရှင်ကားကြီး။ အဲဒီတုန်းကလည်း ဘာပဲဖြစ်ဖြစ် အောင်မြင်တယ်လို့ ခေါ်ရမယ်။ အဲဒီတုန်းကတော့ ခေါင်းဆောင်မင်းသားပေါ့နော်။ နောက်တစ်ခါ ဗီဒီယိုမှာကျတော့ အစ်မက ထွန်းအိန္ဒြာဗိုနဲ့လေ ဝင်းထွဋ်ဝင်းနဲ့က

အဲဒီ **လှရက်ပါပေ့ကွယ်**။ အဲဒီထဲမှာလည်း မခိုင် လှလိုက်တာ၊ နာမည်နဲ့ ကို လှတာ၊ ဘယ်လိုလှမှန်းမသိဘူး။ အဲဒီကားက မှတ်မှတ်ရရပေါ့နော် အဲဒီကားလည်းရိုက်တယ်။ နောက်ပြီးတော့ စိုးမြတ်သူဇာနဲ့ ဝင်းထွဋ်ဝင်းနဲ့ ရိုက်ဖူးတယ်။ နောက်ပြီးတော့ လင်းဇာနည်ဇော်နဲ့ ဝင်းထွဋ်ဝင်းနဲ့ ရိုက်ဖူး တယ်။ အဲဒီတော့ သူတို့သည် ဘာပဲပြောပြော အစ်မရဲ့ အနုပညာဖူးလေး တွေ သူတို့ကိုယ်ထဲကို ဝင်သွားရင် ကျေနပ်တယ်။ အခု စောစောကပြော သလိုပဲ၊ စောစောက မောင်လေးပြောသလိုပဲ အောင်မြင်ခြင်း၊ မအောင်မြင်း ခြင်းတွေက မင်းသားမှမဟုတ်ဘူး၊ အစ်မ ဒါ အနုပညာရှင် သရုပ်ဆောင်ပဲ ပေါ့နော်။ သူက Actor ကို ဝါသနာမပါဘဲနဲ့ ပရိုဂျူဆာကို ဝါသနာပါသွား တယ်။ Actor ကို ရူးတာက ဝါဇင်။ ဝါဇင်ကတော့ သူက သရုပ်ဆောင်အလုပ် ကို လုပ်ချင်တာ၊ သူက၊ မာမီ မရိုက်သေးဘူးလား၊ မာမီ မရိုက်သေးဘူးလား ဆိုပြီးတော့ အဲလိုအမြဲပြောတယ်။ အဲဒါနဲ့ သူ့ကိုလည်းပဲ အင်းလေးမှာရိုက် တယ်၊ **လရောင်ဖြာတဲ့အင်းလေးမှာ**။ အဲဒါလည်းပဲ အရမ်းပင်ပန်းပါတယ် မောင်လေးရယ်။ အစ်မတို့က စောစောတုန်းက ပြောသလိုပဲ ဒီ ဒရာမာကြီး တွေနဲ့ ဇာတ်အိမ်ကြီးတွေ ရိုက်ခဲ့တဲ့ စိတ်ကလေးက အစ်မမှာ မကုန်တဲ့ အတွက်ကြောင့် အဲဒီ **လရောင်ဖြာတဲ့အင်းလေးမှာ** အစ်မ အရမ်းကြီးသော ဇာတ်လမ်းကြီးကို ရွေးလိုက်မိတယ်။ ဒါကတော့ အစ်မကိုယ်တိုင် ဒါရိုက်တာ မလုပ်ပါဘူး။ ဦးရီကို လုပ်ခိုင်းလိုက်တယ်။ ညီမကတော့ အနုပညာအကြံပေး ပေါ့ အစ်မလိုအပ်တာတွေ အကုန်လုံး သူ့ကိုပြော။ ဘေးကနေပြီးတော့ အတူတူ မိုးလင်းက မိုးချုပ်ကနေ အကုန်လုံးပေါ့နော်။ အဲဒီမှာ အစ်မတို့ စက်လှေတွေက အစီး ၅၀ လောက် ငှားရတယ်။ လူပေါင်း ၁၅၀ လောက် ပါသွားတယ်နော်။ အဲဒီတော့ ရေလမ်းကကျတော့ အစ်မတို့က အလုပ်မတွင် ဘူး။ ဆရာ ဦးချစ်ခင် အမြဲပြောတယ်။ ရုပ်ရှင်လောကမှာတဲ့ လှေရယ်၊ ရေရယ်၊ တိရစ္ဆာန်ရယ် ရိုက်ရအခက်ဆုံးပဲတဲ့။ စိတ်ရှိတိုင်း မပါနိုင်ဘူးလေ။ အဲဒီလောက် နိုက်ဆင်းန်တွေများတဲ့အခါကျတော့ နိုက်ဆင်းန်တွေရိုက်ပြီး တော့ အစ်မတို့ ဟိုတယ်ကိုပြန်တယ်ဆိုလို့ရင် လမ်းမှာ တစ်နာရီ စက်လှေ ပေါ်မှာ ထိုင်ပြီးတော့ ပြန်တယ်။ အစ်မ အစောဆုံးပြန်တာ ၁၂ နာရီ။ တစ်ခါတလေကျရင် မနက် ၃ နာရီ။ အဲဒီ Pre-ending တွေ ရိုက်တုန်းက ဆိုရင် မိုးစင်စင် လင်းခါနီးနေပြီ၊ သူတို့က မပြန်စေချင်ဘူး။ ဘာဖြစ်လို့ဆို ညဘက် ဒီလှေနှစ်စီးက ထိပ်မှာ မီးလုံးလေးတွေပါတယ်။ မီးသီး မီးသီးချင်း

တွေ့လို့ရှိရင် သူက မမြင်ရဘဲနဲ့ တိုက်ကြတယ်။ အဲဒါ မသိဘူး ကိုယ်က။ အဲဒီကလူတွေက အန်တီရယ် မပြန်ပါနဲ့လား။ မဟုတ်ဘူး ပြန်မယ် ပြန်မယ် ဆိုပြီးတော့ အဲဒီ မနက် ၅ နာရီ မှောင်နေတာပဲ လမိုက်ညကြီးနော်။ လမိုက်ညလည်း ပြန်ဖူးတယ်၊ လပြည့်ညလည်း ပြန်ဖူးတယ်။ လပြည့်ည ဆိုတော့ တော်သေးတာပေါ့ ကောင်းကင်က လင်းနေတော့လေ။ ဘေးမှာ တောင်တန်းတွေနဲ့ အရမ်းသာယာပါတယ်။ ရှုမျှော်ခင်းတွေရော တော်တော့် ကို အင်းလေးရဲ့ သဘာဝ အစစ်၊ အင်းလေးရဲ့ အလှအပ အစစ်၊ ရိုးရာအစစ် သီချင်းတွေရော အကုန် အားလုံးကို အစ်မ ထောင့်စေ့အောင် အကုန်လုံး စိတ်တိုင်းကျ ရိုက်ခဲ့တယ်ပေါ့နော်။ အဲဒီလို ပြန်တဲ့အချိန်မှာ စဉ်းစားလိုက် တယ်၊ ဩော် ငါ ဒီအသက်အရွယ်မှာ မလုပ်သင့်တော့ဘူး။ တကယ်လို့ ရေနစ်ရင်လည်း ဘယ်သူမှ သိမှာမဟုတ်ဘူး၊ ရေလည်း မကူးတတ်ဘူး။ မနက် ၄ နာရီ၊ ၅ နာရီဆိုတော့ မှောင်နေပြီ လမိုက်ညမှာလေ။ လှေတစ်စီး ပဲ၊ ကိုယ့်လှေ အချင်းချင်းတော့ ရှိတယ်။ ဒါပေမဲ့ တော်တော်လည်း တစ်ယောက် တစ်ယောက် ဝေးကြတယ်။ Life jacket ကလည်း အစ်မက ဝတ်မထားဘူး။ အဲဒီတုန်းက အဲဒီလို နောင်တရပြီး အဲဒီနောင်တ ပျောက် သွားပြီ။ အမြဲတမ်း အဲဒီလိုဖြစ်ခဲ့တယ်ပေါ့နော်။

အဲဒီကားကို ရုံတင်တယ်၊ ရုံတင်တဲ့အခါကျတော့ အစ်မတို့က ဒရာမာ ချိုးလိုက်တာပေါ့လေ။ ထရန်စစ်။ အဲဒီတော့ ဘာ Effect တွေ အစ်မ ပြန်ခံစားရလဲဆိုတော့ မှန်၏၊ ပရိသတ်တွေ ကြည့်ရင် ကြိုက်တယ်၊ အများစု မကြိုက်ဘူး။ ဒါကို အစ်မ ခံစားလို့ရတယ်။ ဘာလို့ အများစု မကြိုက်လဲဆိုတော့ အများစုက သူတို့ ၂ နာရီအတွင်းမှာ ပျော်ပဲ ပျော်ချင် တယ်၊ ရယ်ပဲ ရယ်ချင်တယ်။ အဲဒါလေးကို ကိုယ်က နားလည်လိုက်တာ ပေါ့။ ဒါပေမဲ့ ကိုယ့်ရဲ့ လိုင်းကိုတော့ မဖျောက်ပါဘူး။ အခု ဒီရှင်ဥပဂုတ္တ ရဟန္တာကြီးဆိုရင်လည်း ဒါ အင်မတန်ကြီးသော ဇာတ်လမ်းကြီးပဲပေါ့နော်။ သားတို့ရိုက်တာတော့ သူတို့လည်း သူတို့ခေတ်လူငယ်တွေအရ Clebrity ကနေ သူတို့ရိုက်တာပေါ့။ ဝါဝါဝင်းရွှေ ထုတ်လုပ်ရေးကတော့ ပုံမှန်ပဲ၊ ဒီအတိုင်းပဲ သွားပါမယ်။

**သားနှစ်ယောက်ပြီးတော့ မြေးပါ အစ်မ ဆွဲသွင်းပြန်ပြီ။**

ထိသွားပြီ။ အဲဒါကလည်း ဝါလေးလေးပေါ့။ ဝါရေအန္တယ်သွေးဝင်း က ၁၆ နှစ်ဆိုတော့ အစ်မက ပြောတယ်။ သမီးလေးလို့ ဘွားဘွား ၁၆

နှစ်တုန်းက မင်းသမီးဖြစ်တော့မယ်၊ သမီးလည်း ၁၆ နှစ်ဖြစ်ပြီ။ သူ့အိုက်တင် အရမ်းရတယ် မောင်လေး။ ဒါပေမဲ့ သူ ကျောင်းတစ်ဖက်နဲ့မို့လို့။ ကဲ ဘွားဘွားကိုတော့ Sunday တစ်ရက်ကို သူ့ကို အဝတ်အစားတွေ ချုပ်ပေးတယ်၊ သူ ရိုက်ပေးမယ်ဆိုတဲ့အခါကျတော့လေ။ အဲဒါနဲ့ Film Test သဘောပေါ့။ မင်းသမီးအငယ်ခန်းပေါ့နော်။ အဲဒီမှာ ဝါရွှေပါတယ်။

"ရှင်ဥပဂုတ္တ"မှာပေါ့နော်။

ရှင်ဥပဂုတ္တ မှာ ပါတယ်။ ဝါရွှေနွယ်သွေးဝင်း အားပေးကြပါလို့။

**အစ်မလည်း ရုပ်ရှင်လောကထဲမှာ ကျင်လည်ခဲ့တာ နှစ်ပေါင်း ဘယ်လောက်လောက် ရှိပြီလဲ။**

၅၅ နှစ်။


**ဪ… ၅၅ နှစ်။ မြန်မာ့ရုပ်ရှင်က ၂၀၂၀ မှာ နှစ် ၁၀၀ ပြည့်။ အစ်မက သက်တမ်း တစ်ဝက်ကျော်ကျော်လောက် ပါလာခဲ့တာဆိုတော့ ၂၀၂၀ မှာ ကျင်းပမယ့် မြန်မာ့ရုပ်ရှင် နှစ် ၁၀၀ ပြည့်ပွဲအတွက် အစ်မရဲ့ Wish လေး ကြားချင်ပါတယ်။**

အစ်မက ဒီ ၁၆ နှစ်က စပြီး ယနေ့အထိပေါ့နော် အနုပညာကို ချစ်တဲ့စိတ်ကြီးနဲ့ အစ်မ ဒီအနုပညာလုပ်ငန်းတွေကို အမြဲမပြတ် လုပ်ကိုင်ခဲ့တယ်။ သရုပ်ဆောင်လုပ်ခဲ့တယ်၊ ဒါရိုက်တာလုပ်ခဲ့တယ်၊ ဝါဝါဝင်းရွှေ ထုတ်လုပ်ရေးလုပ်ခဲ့တဲ့ ပုဂ္ဂိုလ်ဖြစ်တဲ့အတွက်ကြောင့်မို့လို့ အခု အစ်မရဲ့ ရုပ်ရှင်အသက် ၅၅ ပြည့်ပြီးနောက် ၂ နှစ်ကလေး စောင့်လိုက်ရင် ရုပ်ရှင် သက် အနှစ် ၁၀၀ ကြီးကို အစ်မ ပျော်ပျော်ကြီး ဆင်နွှဲချင်ပါတယ်။

**ကျေးဇူးတင်ပါတယ် အစ်မ။**

***





# အကယ်ဒမီ အေးအေးသင်း

မင်္ဂလာပါ။ ကျွန်တော်နဲ့အတူ Kamayut Media အဖွဲ့သားများက ဒေါ်အေးအေးသင်းကို မေးသင့် မေးထိုက်တာလေးများ မေးမြန်းပြီးတော့ မှတ်တမ်းတင်မှာ ဖြစ်ပါတယ်ခင်ဗျာ။

**မင်္ဂလာပါ အစ်မရေ။**

မင်္ဂလာပါ။

**ကျွန်တော်တို့ Kamayut Media အဖွဲ့နဲ့ ကျွန်တော်နဲ့ အစ်မတို့ ရုပ်ရှင်မင်းသမီးကြီးတွေကို ကျွန်တော်တို့က "လိပ်ပြာကူး ထူးခြားသူများ"ဆိုတဲ့ ခေါင်းစဉ်နဲ့ အဲဒီခေါင်းစဉ်နဲ့ အင်တာဗျူးလုပ်တာပေါ့။ လိပ်ပြာကူး ထူးခြားသူများဆိုတော့ အစ်မတို့က ဇာတ်လမ်းတစ်ပုဒ်ကို ရုပ်ရှင်အဖြစ် ရိုက်တဲ့အခါ အစ်မတို့က အေးအေးသင်း မဟုတ်တော့ဘူး။**

မဟုတ်တော့ဘူး။

**ဇာတ်လမ်းထဲက ဇာတ်ကောင်ဖြစ်သွားပြီပေါ့။**

ဟုတ်ကဲ့။

**အဲဒီလိုမျိုးကြောင့် ဒီခေါင်းစဉ်လေး ကျွန်တော်တို့ ယူထားတာပါ။ ပထမဆုံး ကျွန်တော်တို့ အထူးသဖြင့် လူငယ်တွေကို သိစေချင်တာ**

**ပေါ့။ လွန်ခဲ့တဲ့ အေးအေးသင်းဆိုတာ လူငယ်တွေ သိချင်မှသိမယ်၊ အဲဒါကြောင့် အစ်မ ရုပ်ရှင်လောကကို စ,ရောက်တာလေးက ပြောပြပေးပါလား။**

စ,ရောက်တာဆိုရင်တော့ ၆၀ ခုနှစ်ပေါ့။ ၆၀ ခုနှစ်ကနေ ရုပ်ရှင်လောကထဲ ကို စ,ပြီး ရောက်လာတာပေါ့။ အသက် ၁၅ နှစ်လောက်ရှိမှာပေါ့။ အဲဒီကနေ ရန်ကုန်ကို အမေနဲ့အတူ ပြောင်းလာပြီးတော့ နောက် သီချင်းဆိုတယ်။ သီချင်းအရင် ဆိုတယ်။ သီချင်းကတော့ ဂီတ သိမ်းစိုး တူရိယာအဖွဲ့၊ ဆရာက ဂီတ သိမ်းစိုးပဲ။ အဲဒီအဖွဲ့မှာ ဆရာက နည်းနည်း နည်းနည်းစမ်းပြီး ဆိုခိုင်းတယ်။ ဟဲ့ မဆိုးဘူး မိအေးက၊ ဒီကောင်မလေးက မဆိုးဘူး။ ခိုင်းရင် ရတယ်ဆိုပြီးတော့ ခေါ်ခေါ် သွားတယ်။ မင်္ဂလာဆောင်တွေ သူများတွေ ဆိုပြီးမှ ကိုယ်က နောက်ဆုံးမှ ဆိုရတယ်။ အဲလိုပေါ့။ အလှူတွေလည်း ခေါ်သွားတယ် အဲလိုပဲ။ အလှူဆိုလည်း အလှူနဲ့ ပတ်သက်တဲ့ သီချင်းပေါ့၊ အဲဒီသီချင်းပေါ့။ အဲဒီသီချင်းတွေ ဆိုရတယ်။ မင်္ဂလာဆောင် ဆိုလည်း မင်္ဂလာဆောင်နဲ့ ပတ်သက်တဲ့သီချင်း ဆိုရတယ်။ အဲဒီကနေပြီးတော့ ကိုသိန်းတန်နဲ့ တွေ့တယ်၊ တွံတေးသိန်းတန်နဲ့။ သူကလည်း ရောက်ရှိနေတယ်၊ ကိုယ်ကလည်း ရောက်ရှိသွားတယ်။ ရောက်သွားတော့ တစ်ဆရာတည်း တပည့်တွေပေါ့ တွံတေးသိန်းတန်နဲ့။

**အစ်မ ကျွန်တော် ဖြတ်မေးလိုက်မယ်။ ကလေးတွေ မသိမှာစိုးတော့။ ဂီတ သိမ်းစိုးဆိုတာ ဂီတာပေါ့နော်။**

ဟုတ်ကဲ့ ဗမာဂီတာ။

**အခုကလေးတွေ တီးနေတဲ့ ဂစ်တာမဟုတ်ဘူးပေါ့နော်။**

ဂီတာ တင်အုန်းတို့၊ ဂီတ သိမ်းစိုးတို့ဆိုတာ ညီအစ်ကိုရင်းတွေပါ။

**အဲဒီတော့ အစ်မ တွံတေးသိန်းတန်နဲ့ တွေ့တယ်။ သီချင်းဆိုကြတယ်။ အဲဒီကနေ ရုပ်ရှင် ဘယ်လိုကူးသွားတာလဲ။**

အဲဒီကနေ ရုပ်ရှင်ဘယ်လိုကူးလဲဆိုတော့ ရွှေခြသေ့်ကော်ဖီက ပြက္ခဒိန် ထုတ်မယ်ဆိုပြီးတော့ ရွှေခြသေ့်ကော်ဖီ ကော်ဖီပြက္ခဒိန်ရိုက်ဖို့ လာပြီးတော့ ပြောတယ်။ ပြောတော့ ဓာတ်ပုံရိုက်မယ်ပေါ့။ ရိုက်တော့ ရေကူးဝတ်စုံနဲ့။ ဒီကောင်မလေးက မဆိုးဘူး။ ကိုယ်လုံးကိုယ်ပေါက်လည်း ဖြောင့်တယ်၊ တောင့်တယ်ပေါ့။ ရေကူးဝတ်စုံနဲ့ အဲဒီနှစ်က ထုတ်တယ်။ ထုတ်တော့ သဘောကျကြတယ်ပေါ့။ သဘောကျသွားပြီးတော့ မြဇော်

ဖလင် သူက သဘောကျသွားတယ်။ သဘောကျသွားပြီး အဲဒီကောင်မလေး ခေါ်ခဲ့စမ်းပါ၊ ကြည့်ချင်လို့ဆိုပြီးတော့ ဝဏ္ဏကျော်ထင် စိန်မြမောင်ကို ပြော တယ်။ စိန်မြမောင်နဲ့ ကိုခင်လတ်နဲ့ သူတို့ကို ပြောတယ်။ ပြောတော့ သူတို့နှစ်ယောက်က ခေါ်သွားတယ်၊ မြဇော် ခြံထဲကို။ ခေါ်သွားပြီးတော့ အမူအရာတွေ ဘာတွေ လုပ်ခိုင်းတယ်။ နင် ဝါသနာပါလား၊ ပါတယ်။ ဌါကို ဒါလေး ဒါလေး လုပ်ပြ၊ ဒါလေး ဒါလေး စကားပြောပြဆိုတော့ အဆင် ပြေ တယ်ပေါ့။ သူ့ကို ဓာတ်ဝင်ခန်းရဲ့ ဒိုင်ယာလော့ခ်တစ်ခုကို ပြောခိုင်းတယ်။ ပြောရတဲ့ စကားကလည်း တကယ်ရိုက်တဲ့အခါကျတော့ ကိုညွန့်ဝင်းနဲ့ ကိုယ် နဲ့ ပြောရတယ်။ အဲဒါလေးကို ပြောခိုင်းတော့ အဆင်ပြေတယ်။ အဆင်ပြေ တော့ ငါတော့ သဘောကျပြီ၊ ရိုက်မယ်ဆိုပြီး သူ့အတွက် အဝတ်အစားတွေ ချုပ်ဆိုပြီးတော့ အဝတ်အစားတွေတိုင်းပြီးတော့ ချုပ်တယ်။ ပြီးတော့ **သတို့ သမီး အလိုရှိသည်** ကို ရိုက်တာ။ အဲဒီက စရိုက်တာ။

**ကိုညွန့်ဝင်းရဲ့ ပထမဆုံးကားဖြစ်မလား။**

မဟုတ်ဘူး။ ကိုညွန့်ဝင်းရဲ့ ဒုတိယကား။ ဒုတိယကားရယ်လို့လည်း မဟုတ်ဘူး။ ကိုညွန့်ဝင်း စပြီးတော့ ရိုက်နေတယ်၊ အကုန်လုံးကို စုပြုပြီး တော့ ရိုက်နေတယ်။ အဲဒါက ပထမက ကိုဝင်းဦးနဲ့ ရိုက်တာပေါ့။ ကိုဝင်း ဦးနဲ့ အဆင်မပြေတော့ ကိုဝင်းဦးကို ဖယ်ပြီးတော့ ကိုညွန့်ဝင်းနဲ့ ပြောင်းရိုက် တာပါ။

**အဲဒီကနေစပြီးတော့ မမအေး ဘယ်သူနဲ့ အရိုက်များလဲ။**

အရိုက်များတာကတော့ ဒီဘက်နောက်ပိုင်းမှာ ကောလိပ်ဂျင်နေဝင်း၊ ကိုညွန့်ဝင်း၊ ဇော်ဝမ်း၊ ကျော်ဟိန်း အရိုက်များတယ်။ ကျန်တဲ့ဟာကတော့ ကြိုးကြားကြိုးကြားပဲ။

**သူတို့နဲ့ ရိုက်တဲ့အခါမှာ ကျွန်တော်မြင်တာကတော့ မမအေး Leadingနေရာရမယ့်အစား အမျိုးသမီးဓာတ်ပို့နေရာ ရောက်နေတယ်။ အဲဒါ ဘာကြောင့်ပါလဲ။**

ဓာတ်ပို့နေရာ ရောက်တာတော့ ကားရိုက်လာငှားတဲ့အခါမှာ အဲဒီ ဓာတ်ပို့နေရာပဲ ငှားတယ်။ ဓာတ်ပို့နေရာပဲငှားတယ်။ အဲဒီနေရာက မအေး ကလွဲပြီး ဘယ်သူမှ မလုပ်နိုင်ဘူး။ မင်းသမီးက လူတိုင်းလုပ်နိုင်တယ်။ အဲဒီနေရာက မလုပ်နိုင်ဘူး။ အဲဒီနေရာပဲ၊ အဲဒီဟာ စွဲနေတာ။ နောက် ကိုယ့်ဘာသာကိုယ် ရိုက်ရင်း ရိုက်ရင်းနဲ့ တဖြည်းဖြည်း ပြောင်းယူရတယ်။

မင်းသမီးနေရာကို ဝင်အောင်လို့ တဖြည်းဖြည်း ပြောင်းယူရတယ်။

**မမအေးပါတဲ့ကားတိုင်းမှာ မမအေးနေရာက ဘယ်မင်းသမီးမှ အစားထိုးလို့မရတဲ့ နေရာတွေပေါ့။**

ဟုတ်တယ် အဲဒီလိုတွေ ဖြစ်တာ။

**ဥပမာ ကိုဝဏ္ဏရိုက်တဲ့ "ဇာခန်းဆီးနောက်ကွယ်"ဟုတ်လား။ မမအေးက ကောလိပ်ဂျင်နေဝင်းကို "ဖြန်း"ဆို ပါးရိုက်လိုက်တယ်။ ရိုးလွန်းအားကြီးလို့။ အဲဒီအခန်းကို ကျွန်တော်တို့ အကယ်ဒမီရတဲ့အချိန်မှာ ပြန်ပြတဲ့အခါ အရမ်းတော်ကြတာ။ အဲဒီလိုနေရာမျိုးမှာ ကျွန်တော်တို့လည်း အစားထိုးတာပေါ့နော်၊ အခြားမင်းသမီးကို၊ မမအေးနေရာကို ဘယ်သူမှ မရနိုင်ဘူး။ နောက်တစ်ခုက ဦးအောင်လွင်ရိုက်တဲ့ "မာယာထောင်ချောက်"။ "မာယာထောင်ချောက်"မှာလည်း မမအေး သရုပ်ဆောင်ချက်က အရမ်းပီပြင်ပါတယ်။ အဲဒီတော့ ရုပ်ရှင်လောကမှာ အေးအေးသင်းရယ်လို့ ဖြစ်သွားတာ။ အကယ်ဒမီရတာကတော့ "မာယာထောင်ချောက်"ရယ်၊ "ဇာခန်းဆီးနောက်ကွယ်"ရယ်ပေါ့နော်။ ဒီကားနှစ်ကားနဲ့ အကယ်ဒမီရခဲ့တာပေါ့။**

၂ နှစ်ဆက်တိုက် ရခဲ့တာပေါ့။

**မဟုတ်ဘူး မမအေး၊ ၇၁ နဲ့ ၇၃ နဲ့။**

၇၂ က ဆုပေးပွဲမရှိဘူး။

**အဲဒါဆိုတော့ မမအေး ၂ နှစ်ဆက်တိုက် ရလိုက်တာပေါ့။ မမအေး အဲဒီကားထဲမှာ ကောင်းတာလည်း မှန်တယ်၊ အကယ်ဒမီရတာလည်း မှန်တယ်။ သို့သော်လည်း တကယ့် တကယ် ကျွန်တော်တို့ စိတ်ထဲမှာ စွဲနေတာကတော့ ဝင်းဦးနဲ့ရိုက်တဲ့ "ဆောင်းအိပ်မက်"၊ "ဆောင်းအိပ်မက်"မှာ ဖျာပုံမယ် တင်တင်အေးနဲ့ မမအေးနဲ့ နှစ်ယောက် ပါတာတော့ ဟုတ်တယ်။ သို့သော် တကယ့် Leadingအနေနဲ့ ကြည့်မယ်ဆိုရင် မမအေးက Leadingအနေနဲ့ဖြစ်တယ်။ မတင်အေးက သူက မင်းသားနဲ့ ယူရတဲ့ အမျိုးသမီးတစ်ယောက်အနေနဲ့ပဲ ပါတယ်။ တကယ် ဇာတ်သားက မမအေးအပေါ်မှာပဲ မူတည်တယ်။ ဘာလို့လဲဆိုတော့ များသောအားဖြင့် အခန်းတွေက မမအေးအခန်းတွေ။ ချောက်ချားတာကလည်း မမအေးကပဲ ချောက်ချားခဲ့တာပေါ့နော်။ ဦးဝင်းဦးကလည်း အရမ်းတော်ပါတယ်။ အဲဒီ "ဆောင်းအိပ်မက်" သည်၊ တကယ့်တကယ်**

**ကျတော့ အဲဒီ "ဆောင်းအိပ်မက်"သည် အိပ်ဘောက်ထဲက လက်ရွေးစင်၊ ဝင်းဦးက ဒရင်းဘောက်ဆိုတဲ့ ဝတ္ထုကို ဟာသခန်းလေးက အစပေါ့နော်။ မမအေးကို လည်ပင်းညှစ်သတ်ပြီးတော့ တွန်းတာ ပြောတာတွေရယ်။ မမအေးနဲ့ ဦးဝင်းဦးနဲ့ ဒီကားနဲ့ ပတ်သက်ပြီး ဘယ်လိုအပေးအယူလုပ်ခဲ့ကြလဲ။**

အပေးအယူကတော့ ဘာမှ မရှိဘူး။ မိအေး ဒါကို ဒီလိုလုပ်မယ်၊ ဒီဟာကို ဒီလိုလုပ်မယ် ကြိုပြီးတော့ ပြောတဲ့ထုံးစံမျိုး မရှိဘူး။ ရိုက်တဲ့အချိန် ရိုက်ကွင်းမှာပဲ ပြောမယ်၊ ငါ ဒါလုပ်မယ် ရိုက်ကွင်းမှာပဲပြောတယ်။ နင် ဒီနေ့ ငါ့ကို ပိုက်ဆံအိတ်ကလေး လက်ညှိုးကလေးနဲ့ လှည့်ပြီး "မောင့် မယား နုနုမာလေ သေရွာပြန်လာခဲ့တာ၊ မောင် မမှတ်မိတော့ဘူးလား"ဆိုတဲ့ ဒီနေရာလေးကိုက "နုပါ မောင်ရဲ့"ဆိုတဲ့ လေသံလေးကို ကျွန်မ မလုပ်တတ်လို့ လေးငါးခါ ပြန်လုပ်ရတယ်။ "မောင်ပါ၊ နုပါမောင်ရဲ့"ဆိုတာလေးကို မလုပ်တတ်လို့။ ရုပ်ရှင်ပြန်ကြည့်တဲ့အခါ အဲဒီနေရာလေးက အင်မတန်လိုသွားတာ။ ဩော် ငါညံ့လိုက်တာ။ ဆရာကောင်းလျက်သားနဲ့၊ သေချာသင်လျက်သားနဲ့ ငါ ညံ့လိုက်တာဆိုပြီးတော့ အဲဒီလိုဖြစ်တာ၊ အဲဒီနေရာလေး။

**မမအေး အဲဒီကားမှာ အရမ်းကောင်းပါတယ်၊ ချောက်ချားအောင် လုပ်ထားတာ။ ဘာလို့လဲဆို သူက မီးရထားချင်းတိုက်လို့ နုနုမာ ပါသွားပြီလို့ ထင်တာ။ ဒါပေမဲ့ သူသေပြီလို့ အောက်မေ့ထားတဲ့ သူ့မိန်းမက ပြန်လာတယ်ဆိုတော့ အင်မတန် ချောက်ချားတာ။**

အဲဒီအခန်း ရိုက်တော့လည်း သေတဲ့အခန်းကြီး ရိုက်တာပေါ့။ သေတော့ ဟိုကျောက်သေတ္တာကြီးကနေ လက်ကြီးထွက်လာပြီးတော့ အခန်းကနေ "ဖြုန်း"ဆို မျက်နှာကြီးပြတာ။ ငါ ဒီလိုရိုက်ချင်တယ်။ သူက အခေါင်းကြီးကို တည့်တည့် မချဘူး၊ ထောင်ထားတယ်။ အဲဒီထောင်တဲ့ အတိုင်းကြီး လုပ်ရတာ။ အဲဒီမှာ တင်တင်အေးက ဆွဲယူလိုက်တော့ "ဖြုန်း" ဆို လက်ကြီး ဒီလိုထွက်ပေးရတယ်။ မတ်တတ်ကြီးပေါ့။ သူ ရိုက်တာတွေက လည်း ဆရာ ဦးဝင်းဦးကလည်း ဆန်းပြားပါတယ်။

**ဘာပဲဖြစ်ဖြစ် မမအေး အဲဒီမှာ "ဇာခန်းဆီးနောက်ကွယ်မှာ" လည်း ဒါ ကိုဝဏ္ဏရိုက်တာ။ သူ မမအေးကို သင်ရပြရတာများ တွန့်နေမလား။**

တွန့်တော့ မတွန့်ပါဘူး။ မတွန့်ဘူး။ ကြိုတင်ပြီးတော့ လျှောက်လွှာစာရွက်နဲ့ သုံးမျက်နှာခွဲ လေးရွက်ပေါ့။ သုံးမျက်နှာခွဲ ရိုက်ထားတဲ့ လက်နှိပ်စက်နဲ့ ရိုက်ထားတဲ့ ဒိုင်ယာလော့ခ်တွေ ပေးထားတယ်၊ ပေးလိုက်တယ်။ အဲဒီနေ့ကျရင် ရိုက်မယ်တဲ့။ ရိုက်မယ်ဆိုတဲ့ နေရာမှာ တစ်ခါတည်း ရိုက်မယ်၊ ဘာမှ မပြုမပြင်ဘူးဆိုတော့ ကျက်လိုက်ရတာ အသက်ထွက်တော့မယ့်အတိုင်းပဲ ကျက်လိုက်ရတာ။ တစ်ခါတည်း ရပြီလား၊ ရပြီလား အစ်မ။ ရပါပြီ။ မှားရင်လည်း သည်းခံပေါ့နော် ရိုက်မယ်။ ကိုနေဝင်းနဲ့ အသွားအပြန်၊ အသွားအပြန် ပြောပြီးတော့ နောက်ဆုံး ကိုနေဝင်းကို ချလိုက်တာပေါ့။ တကယ် ရိုက်လိုက်တာ အားတောင် အားနာတယ် သိလား။ "ဖြောင်း"ဆို။ ဟဲ့ကောင်မ ငါတော့ သွားတွေကျွတ်ကုန်ပြီ။ ကိုနေဝင်းက နင် ဆော်လိုက်တာဟာ။ အဲဒီလို ရိုက်လည်းရိုက်ပြီးရော ကိုယ်က ဘာမှမဖြစ်ဘူး၊ ဟို ဖလင်မင်းက ဖလင်ကုန်သွားလို့။ ဆဲလိုက်တာ ကိုဝဏ္ဏ မွှန်နေတာပဲ။ ဒီလောက် ကောင်းတဲ့ ကဒ်တွေကို အကုန်လုံး ဒီလိုလုပ်ရမလား။ မင်းတို့ အစကတည်း က ကြည့်ပါလား။ ဒီထဲမှာ အပြည့်ရှိလား မရှိလားဆိုတာ။ ငါက တိုက်ရိုက် ရိုက်ချင်တာ။ ကဒ်ရိုက်လိုက်ရတယ်။ "ဖြန်း"ဆိုတဲ့ဟာကို တစ်ခါ သတ်သတ်ရိုက် လိုက်ရတယ်ဆို။ ဟို တိုက်ရိုက် ရိုက်တာလည်း သူယူထားတယ်။ သူ ဘယ်ဟာ သုံးလဲတော့ မသိဘူး။ အဲဒါရိုက်ပြီးတော့ နောက်တစ်ခါ ဆက်ရိုက်ရတယ် အဲဒီအခန်း။

**မမအေးရိုက်တဲ့ ကားတွေထဲမှာ ပါးရိုက်တဲ့အခန်း တော်တော်များများ ပါတယ်။ အဲဒါကို မမအေးက လွှဲရိုက်တတ်သလား သို့တည်းမဟုတ် လွှဲမရိုက်တတ်ဘူးလား။**

မရိုက်တတ်ဘူး။ လွှဲမရိုက်တတ်ဘူး။ ဆော်ထည့်လိုက်တာပဲ။ ပြန်ပါနဲ့ ချစ်လိပ်ပြာ မှာ ခင်သန်းနုနဲ့ နှစ်ယောက်။ အမှန်မှာ ကိုယ်ကသာ ခင်သန်းနုကို ရိုက်တဲ့အခန်းပါတာ။ ခင်သန်းနုက ကိုယ့်ကိုပြန်ရိုက်တဲ့အခန်း မပါဘူး။ အဲဒါကို ဒါရိုက်တာက အားနာပြီးတော့ ခင်သန်းနုကို ပြန်ရိုက်ခိုင်းတာ။ ဟာ ပြောထားတုန်းက မပါဘူးလေ၊ အခု ဘာလို့ရိုက်တာလဲ ကိုယ့်ကို ဆိုပြီးတော့ ပြောတဲ့အခါကျတော့ တောင်းပန်တာ အရမ်းတောင်းပန်တာပဲ။ ဒီကနေ ရိုက်ထည့်လိုက်တာ၊ ခင်သန်းနု ကိုယ့်ကို ရိုက်ထည့်လိုက်တာ ဒီကနေ နားကပ်က လွင့်ပြီးတော့ ဒီမှာ တစ်ခါတည်း စီးပြီးတော့ သွေးတွေ စီးကျလာတာ။ တောင်းပန်တယ်။ သူတို့ တောင်းပန်ပါတယ်။ ခင်သန်းနုက

လည်း တောင်းပန်တယ်။ နဲ့ တောင်းပန်ပါတယ် ဘာညာနဲ့။ မဟုတ်ဘူးလေ၊ ကားထဲမှာမပါဘူး၊ မပါဘဲ ဘာဖြစ်လို့လုပ်တာလဲလို့ မကျေနပ်ဘူး။ ကျွန်မ အဲလို ရိုက်တာကို မပါဘဲနဲ့လည်း အလုပ်ခံရတယ် တစ်ခါတလေကျရင်။ မင်း သမီးကျေနပ်အောင် ဒါရိုက်တာ လုပ်ပေးတာ။

**ရုပ်ရှင်ကားတွေ ဆက်တိုက် ရိုက်ခဲ့တာပေါ့။ မမအေး အဲဒီခေတ်က တော်တော်ကြီး အောင်မြင်ခဲ့တယ်။ ရုပ်ရှင်ကားတွေလည်း ဆက်တိုက် လက်ခံပြီး ရိုက်ခဲ့ရတယ်။ ကားပေါင်း ဘယ်လောက်လောက် ရိုက်ဖြစ်ခဲ့လဲ မှတ်မိလား။**

ကားပေါင်း ၃၀၀ တော့ ကျော်မယ်ထင်တယ်။

**ဒီကြားထဲမှာ မမအေးက ကက်ဆက်ခွေ ဇာတ်လမ်းတွေသွင်းသေးတယ်။**

အဲဒါလည်း သုံးလေးရာလောက်ရှိတယ်။

**အဲဒီမှာလည်း အတွဲများတာ ကောလိပ်ဂျင်နေဝင်း။**

ကောလိပ်ဂျင်နေဝင်း၊ ထွန်းဝေ၊ ကြိုးကြာ ကြိုးကြာ တခြား မင်းသားတွေပေါ့။

**အဲဒါကျတော့ ဘယ်လောက်လောက် အချိန်ပေးရလဲ။ တစ်နေ့ပဲလား။**

နေ့ရော ညနေရော၊ နေ့ရော ညရော။ အစ်ကိုရေ အဲဒီမှာ အစ်ကိုနဲ့ပဲ နေတော့မယ်၊ အိမ်မပြန်တော့ဘူး။ အိမ်မပြန်တော့ဘူး အစ်ကိုနဲ့ပဲ နေတော့မယ်။ အေးကောင်းသားပဲတဲ့ ဟိုကလည်း။ နေ့လည်း နေ့ကို ကောလိပ်ဂျင်နေဝင်း၊ ည ထွန်းဝေ။ နောက် နေ့က ကောလိပ်ဂျင်နေဝင်း၊ ည ထွန်းဝေ။ အဲဒီလိုဖြစ်နေတာ။ အိမ်မှ မပြန်ရဘဲ။ အိမ်က ထမင်းပို့ပေး ဘာပို့ပေး အကုန်လုံးလုပ်ပေးတာ။ နေ့ဆိုင်း၊ ညဆိုင်းနဲ့ အကုန်ဝင်ကြတာ။ မင်းသမီးကို ရအောင်ယူတာပေါ့။

**ကျွန်တော် သတိထားမိတာ မမအေး သီချင်းဆိုသေးတယ်။**

ဆိုတယ်၊ ဆိုတယ်။

**ကျွန်တော် ဘယ်မှာသတိထား ကြည့်ဖူးလဲဆိုတော့ ဗဟန်း၊ မြေပဒေသာကျွန်းမှာ အဲဒီမှာ။**

ပြဇာတ်တွေ က,တယ်၊ သီချင်းတွေ ဆိုတယ်။

**ဇော်မင်းလေးနဲ့ အတွဲ။**

**"မမအေး" သီချင်း။**

**ရွှေမင်းသမီးလေးနဲ့....။**

**"မမအေး" "မမအေး" ဟုတ်တယ်။**

*"ဟဲ့ကောင်လေး ဟဲ့ကောင်လေး"* ဆိုတယ်။ အဲဒီသီချင်းလေးက နှစ်များစွာ ပေါက်တယ်။

**အဲဒီသီချင်းက မမအေး ဇော်မင်းလေးနဲ့ ဆိုတာလောက်ပဲ လား။**

မဟုတ်ဘူး။ တခြားလူတွေနဲ့လည်း ဆိုတယ်။ မြန်မာပြည်သိန်းတန်နဲ့လည်း ဆိုတယ်။ သီချင်းတွေ မအောင်မြင်ဘူး။ မြန်မာပြည်သိန်းတန် တက်ခါလေးပဲ။ မတိုးဘူးပေါ့၊ မပေါက်ဘူးပေါ့ သီချင်း။ ဆိုပါတယ်၊ ဟိုလူနဲ့နည်းနည်း ဒီလူနဲ့နည်းနည်း အဲလိုဆိုတယ်။ တွံတေးသိန်းတန်နဲ့လည်း အတွဲလိုက် သီဆိုတာ။ **"အချစ်မြားနတ်ရှင် မိန်းကလေး"**တို့၊ **"နှစ်ဆောင်မြိုင် အိမ်ကြီးရှင်"**တို့ အဲဒါတွေ ကိုသိန်းတန်နဲ့ အတူတူ ဆိုတာ။

**သီချင်းရော မမအေး ဘယ်နှပုဒ်လောက် မှတ်မိလဲ။**

သီချင်းတော့ စီးရီးလိုက်ပဲ။ စီးရီးသွင်းတာ၊ စီးရီး နှစ်စီးရီးပဲ။ အင်း သုံးစီးရီးပေါ့။ **"ကိုကြီးကျော်နဲ့ အပြိုင်"**ရယ်၊ **"သဇင်မ"**ရယ်၊ နောက်တစ်ခါ **"မယ်ဝဏ္ဏ"**ရယ် သုံးစီးရီးသွင်းတယ်။ စီးရီး သုံးခွေ။

**ခုနက ကျွန်တော်ပြောတဲ့ ဇော်မင်းလေးနဲ့ကျတော့ရော။**

ဇော်မင်းလေးက အထက်။ ဇော်မင်းလေးနဲ့က အဲဒီမတိုင်ခင် ဟိုးအထက်က။

**မမအေးက အလုပ်စုံတယ်၊ အလုပ်ပညာတော်တော်စုံတယ်။**

စုံတယ်၊ စုံတယ်။ အားကို မအားရဘူး။

**စာလည်း ရေးသေးတယ်။**

စာလည်း ရေးသေးတယ်။ ဝတ္ထုက လေးအုပ်၊ ငါးအုပ်လောက် ရေးတယ်။

**လေးအုပ်၊ ငါးအုပ်လောက် ရေးခဲ့တယ်။ နောက်ဆုံးရေးခဲ့တဲ့ ဝတ္ထုရော မှတ်မိလား။**

နောက်ဆုံးရေးခဲ့တဲ့ ဝတ္ထုက **"မောင့်မမ မြနန္ဒာလှိုင်"**။

**ဒါတွေက မမအေးရေးတဲ့ မျက်နှာဖုံးတွေပေါ့နော်။**

ဟုတ်တယ်၊ ဟုတ်တယ်။ Coverတွေ။ **"စိတ္တဇရိုက်သံ"** မျက်နှာဖုံး

Cover တွေ။ နောက်တစ်ခါ... မမှတ်မိတော့ဘူး၊ လေး,ငါးအုပ်တော့ ရေးတယ်။

**မမအေး အဲဒီတုန်းက ကျွန်တော်တို့ စစ အရေးအခင်းဖြစ်တော့ အနုပညာရှင် တော်တော်များများလည်း ပါလာတယ်ပေါ့နော်။**

ဟုတ်ကဲ့၊ ဟုတ်ကဲ့။

**အိမ်ရှေ့ပူ အိမ်နောက်မချမ်းသာ ဆိုသလို တိုင်းပြည်နဲ့ လူမျိုး ခံစားရတဲ့အချိန်မှာ ကိုယ်တို့ အနုပညာသမားတွေက ဝင်ပါကြတယ်။ ပါကြပြီးတော့ စစ အရေးအခင်းပြီးသွားပြီ။ နဝတ၊ နအဖ တက်လာတဲ့ အချိန်မှာ တချို့အနုပညာရှင်တွေကတော့ သူတို့ပါမိတာ မှားပါတယ် ဆိုပြီးတော့ ဝန်ခံချက် လက်မှတ်ထိုးကြတယ်။ ကျွန်တော်တို့ ကြားဖူး တာကတော့နော် ဦးထွန်းဝေ၊ မမအေး၊ နောက် ဟာသမယ် မသန်းရွှေ သူတို့ကတော့ မထိုးကြဘူး။ မထိုးကြတဲ့အတွက် ကားရိုက်တွေလည်း မလုပ်ရဘူး၊ ဟောပြောပွဲတွေလည်း မလုပ်ရဘူး၊ ပိတ်လိုက်တယ်။ မမအေး ဘာကြောင့် မထိုးတာလဲ။**

မသန်းရွှေနဲ့ မအေးက တစ်တွဲတည်း။ ဘယ်သွားသွား၊ ဘယ်လာလာ တစ်တွဲတည်း။ အိမ်မှာစား၊ အိမ်မှာနေ၊ အိမ်မှာအိပ် တစ်တွဲတည်း ဖြစ်နေတဲ့အတွက် မထိုးရခြင်းအကြောင်းအရင်းက နှစ်ယောက် တိုင်ပင်ပြီး မထိုးလိုက်ကြတာ။ တို့တွေ နိုင်ငံတော်အတွက်၊ ပြည်သူအတွက် အလုပ်လုပ်တာ၊ အလုပ်လုပ်ခဲ့တာ ဖြစ်တဲ့အတွက် အလကား အနုပညာသည်တွေ အဖြစ်မခံနိုင်ဘူးနော်။ ငါ တန်ဖိုးရှိတဲ့ အနုပညာသည်ပဲ ဖြစ်မယ်။ မထိုးဘူး၊ တော်သေသွားပါစေ။ ကိုအောင်လွင်က လာပြောတယ်၊ ညီမလေး လက်မှတ်ထိုးလိုက်တဲ့။ ဘာဖြစ်လို့လဲလို့။ သူများတွေထိုးနေတာ။ သူများတွေထိုးတိုင်း ထိုးရမလားလို့၊ မထိုးပါဘူး။ သူများတွေရဲ့ ခံယူချက်နဲ့ ကိုယ့်ရဲ့ ခံယူချက် တူတာမှမဟုတ်တာလို့၊ မထိုးဘူး အစ်ကိုလို့။ မျက်စိရှေ့မှာ ကလေးတွေ သေတာတွေ၊ မျက်စိရှေ့မှာ သတ်တာတွေ အကုန်မြင်နေရတယ်။ ဒါတွေကို ဘယ်လိုလုပ် ဖျောက်ပစ်လို့ရမှာလဲ၊ မဖျောက်ပစ်ခဲ့နိုင်ဘူးလို့။ မဖျောက်ပစ်နိုင်တော့ ဒါတွေလည်း မလုပ်နိုင်ဘူးလို့။ လက်မှတ်လည်း မထိုးနိုင်ဘူးလို့။

**ကလေးတွေရဲ့ မျက်နှာကို ထောက်ထားပြီးတော့ပေါ့။**

ဟုတ်တယ်၊ မလုပ်နိုင်ဘူး။ တို့အရေး တို့အရေးနဲ့ သတ်သတ်သွား

တာတွေ အများကြီးပဲ။ အစ်ကိုရော ထိုးလား၊ ငါကတော့ ထိုးတယ်။ အစ်ကိုနဲ့ ညီမကတော့ Sorry ပဲလို့၊ ခံယူချက်ချင်း မတူဘူး၊ မထိုးဘူးလို့။ အေး ပြီးရောဆိုပြီး ပြန်သွားတယ်။

**မမအေး မျက်နှာကို ကြည့်လိုက်မယ်ဆိုရင် မမအေးရဲ့ နှုတ်ခမ်းပေါ်မှာရှိတဲ့ မှဲ့၊ မျက်ခုံးပေါ်မှာရှိတဲ့ မှဲ့။ ဒီမှဲ့နှစ်ခုကြောင့် မမအေးရဲ့ မျက်နှာက တင်းတာနော်။**

ဟုတ်ကဲ့၊ ဟုတ်ကဲ့။

**မမအေးတို့ခေတ်က ဒီမှဲ့ကို ဖျက်ပစ်လိုက်မယ်လို့ စိတ်ကူးမရှိဘူးလား။**

မရှိဘူး၊ မရှိဘူး။ ငါ အဲဒီမှဲ့ကြောင့် မျက်နှာကြောတွေ တင်းနေရင် တင်းနေတယ်။ အဲဒီတော့ ငါ သရုပ်ဆောင်တဲ့အခါမှာ မျက်နှာကြောတွေ လျော့သွားအောင် ငါ ဘယ်လိုလုပ်ရမလဲဆိုပြီးတော့ အဲဒီလိုပေါ့နော်။ အဲဒီတော့ ငါ အိုက်တင်ကို လျော့ရမယ်ဆိုပြီးတော့ အိုက်တင်ကို လျော့တယ်။ ကိုဝင်းဦးရိုက်တဲ့ **ငွေလှိုင်းဇာပေါ်မှာ** သူတောင်းစားမလေး။ သူတောင်းစားမကလေးမွေးတာလေ၊ ဘူတာရုံအောက်မှာ ဒီကလေးမွေးတာလေ။ အဲ အဲဒီလို လျော့ပစ်လိုက်လို့ ဟိုက အကုန်လျော့ခိုင်းတာ။ အိုက်တင်တွေလျော့လျော့ခိုင်းတာ။ နောက်တော့ ကလေးလေးမွေးလာတော့ ကလေးလေးတွဲလောင်းခေါ်ပြီးတော့ မန္တလေး နာရီစင်ကြီးအောက်မှာ ခွက်ကလေးနဲ့ တောင်းပြီးတော့ ကလေးလေးနဲ့ တယောလေး ထိုးပြီးတော့ အဲဒီလို။ ဘယ်လိုခေါ်မလဲ၊ ရုပ်ကိုချလည်းချလိုက်တယ်၊ အိုက်တင်လည်း ချလိုက်တယ်ပေါ့။ အစ်ကိုကလည်း ခိုင်းတယ်။ ပီပြင်အောင် လုပ်နိုင်တာပါ၊ အဲဒါကတော့။

**မမအေး အဲဒီ ခုန ကျွန်တော်မေးလိုက်တာ တစ်ခုရှိတယ်။ Leading မဟုတ်ဘဲနဲ့ Supporting Role တွေပဲ သွားရတယ်။ အဲဒါသည်လည်း Supporting Role တွေလည်း အစ်မကလွဲရင် လူစားထိုးလို့မရတဲ့နေရာတွေကို။ အဲဒီတော့ တချို့တွေကျတော့ နားမလည်တာရှိတယ်။ အေးအေးသင်းဆိုရင် ဗီလိန်ပဲ၊ နောက်ပိုင်းမှာကျတော့ စန္ဒရားခင်နုနုစသဖြင့်ပေါ့နော် Bland သတ်သတ်လုပ်တဲ့လူတွေလည်းရှိတယ်။ အဲဒီတော့ Bland လုပ်တာက ရုပ်ရှင်ထဲမှာလုပ်တာ။ တကယ့်တကယ်ကျတော့ အပြင်မှာကတော့ မမအေးတို့က သာမန်လူပဲလေ။ တချို့ကျတော့**

**နားမလည်နိုင်ဘူးပေါ့နော်။ အဲဒါမျိုးတွေများ မမအေး အပြင်မှာ လား။**

ရှိပါတယ်၊ ကြုံဖူးတာပါတယ်၊ ရှိပါတယ်။ သရုပ်ဆောင်တဲ့နေရာမှာ အမျိုးစုံ ပုံစံအမျိုးစုံနဲ့ပေါ့နော် သရုပ်ဆောင်ရတယ်။ ငါ... လုပ်နည်းကို လုပ်ရမယ်။ ဆရာဦးသုခနည်းက လုပ်ခိုင်းတယ်။ လုပ်ခိုင်းတော့ ငါ ဒါကြီး ကို လုပ်လိုက်ရင် ပြောတဲ့အတိုင်းလုပ်ရရင် ငါ့ကိုမုန်းတော့မယ်၊ လူတွေမုန်း တော့မယ်။ အဲဒီတော့ ငါဘယ်လိုလုပ်ရမလဲ။ ကိုယ့်ကို ချစ်အောင် အိုက်တင်၊ အသံ၊ အကုန်လုံး ရုပ်ကော အကုန်လုံးကို ချိန်းပြီးတော့ မျက်လုံးပါ တစ်ခါတည်း သတ်ပစ်လိုက်တာ။ သတ်ပစ်လိုက်တဲ့အခါကျတော့ လျှော့သွား တာပေါ့။ လျှော့သွားတော့ နောက်ဆုံး အားလုံးကိုခြုံပြီးပြောမယ်ဆိုရင် အေးအေးသင်း ဘတ် ဘတ် ဘတ်နဲ့ ရိုက်နေပေမဲ့ အေးအေးသင်းကို ပြည်သူကတော့ချစ်တယ်၊ ပြည်သူက လက်ခံတယ်။ အေးအေးသင်းလာပြီ ဆိုရင် ဘီလူးဆိုင်းတီးတယ်။ ဆိုင်းကလည်း အစ ဘီလူးဆိုင်းတီးတယ်။ နောက်ပိုင်းကျတော့ ချစ်ခင်လာတယ် သူတို့။ ချစ်ခင်လာတယ်၊ အေးအေး သင်း ပါလာပြီ၊ အေးအေးသင်း ပါလာပြီ။ အခုထိ အေးအေးသင်း မသေ သေးဘူးတော်၊ အေးအေးသင်းကြီး ရှိသေးတယ်တော်ဆို ဖြစ်နေရတာပေါ့ နော်။ အဲဒီလို ချစ်ခင်အောင် နေရတာပေါ့။ ပရိသတ်ထဲမှာ လူလိုနေချင် တယ်၊ လူတွေလို သိချင်တယ်၊ လူတွေဘယ်လိုနေလဲ သိချင်တယ်။ အဲဒါ တွေ လိုက်ပြီးတော့ လေ့လာစုံစမ်းတာပေါ့။ အင်း အင်း။ အမြင်ရှင်းအောင် ပေါ့၊ သူတို့တွေ။ နေရတဲ့ဘဝကို အမြင်ရှင်းအောင်၊ သိအောင်လို့ပေါ့ လုပ်တာ။ သိမှာလည်း ကိုယ်အိုက်တင်လုပ်တဲ့အခါ၊ သရုပ်ဆောင်တဲ့အခါ အပြင်ရဲ့ အကုန်လုံးသိတယ်။ တစ်ခါတလေ ဘတ်စ်ကားတွေ ဘာတွေ စီးပါတယ်။ ဟိုး တာမွေကနေပြီးတော့ မြို့ထဲကိုစီးတယ်၊ စီးတဲ့အခါကျတော့ မိုးတွေရွာ။ ဒါလေးဆောင်းပြီးတော့ တွန်းပြီးတော့ တွယ် တွယ် သမီးလေး တွယ်ထား တွယ်ထား၊ အမေ့ကို ခါးဖက်ထား၊ တွယ်ပြီးတော့ ဒီလိုပဲ စီးရတယ်။ စကော့ဈေး ကျတော့ ဆင်းရတာပေါ့၊ ဆင်းပြီးတော့ ခါတော် ချပြီးတော့ ဈေးဝယ်ပေါ့။ ဈေးကအပြန်ကျတော့လည်း ဒီလိုပဲ တိုးတာပေါ့၊ အဲလို နေရ တာပေါ့။ မိန်းမပျက်ခန်း၊ ဖြစ်နေတဲ့ မိန်းမပျက်တွေ အများကြီး ပဲ၊ အဲဒါတွေ သွားကြည့်၊ သူတို့ ဘယ်လိုပျက်လဲ၊ ဘာကြောင့်ပျက်တာလဲ ပေါ့။ ဩော် ဒီလိုပါလား၊ အပြင်မှာ အများကြီးပဲ။ ချောချောလှလှလေး

တာတွေ အများကြီးပဲ။ အစ်ကိုရော ထိုးလား၊ ငါကတော့ ထိုးတယ်။ အစ်ကိုနဲ့ ညီမကတော့ Sorryပဲလို့၊ ခံယူချက်ချင်း မတူဘူး၊ မထိုးဘူးလို့။ အေး ပြီးရောဆိုပြီး ပြန်သွားတယ်။

**မမအေး မျက်နှာကို ကြည့်လိုက်မယ်ဆိုရင် မမအေးရဲ့ နှုတ်ခမ်းပေါ်မှာရှိတဲ့ မှဲ့၊ မျက်ခုံးပေါ်မှာရှိတဲ့ မှဲ့။ ဒီမှဲ့နှစ်ခုကြောင့် မမအေးရဲ့ မျက်နှာက တင်းတာနော်။**

ဟုတ်ကဲ့၊ ဟုတ်ကဲ့။

**မမအေးတို့ခေတ်က ဒီမှဲ့ကို ဖျက်ပစ်လိုက်မယ်လို့ စိတ်ကူးမရှိဘူးလား။**

မရှိဘူး၊ မရှိဘူး။ ငါ အဲဒီမှဲ့ကြောင့် မျက်နှာကြောတွေ တင်းနေရင် တင်းနေတယ်။ အဲဒီတော့ ငါ သရုပ်ဆောင်တဲ့အခါမှာ မျက်နှာကြောတွေ လျော့သွားအောင် ငါ ဘယ်လိုလုပ်ရမလဲဆိုပြီးတော့ အဲဒီလိုပေါ့နော်။ အဲဒီတော့ ငါ အိုက်တင်ကို လျော့ရမယ်ဆိုပြီးတော့ အိုက်တင်ကို လျော့တယ်။ ကိုဝင်းဦးရိုက်တဲ့ **ငွေလှိုင်းဓာပေါ်မှာ** သူတောင်းစားမလေး။ သူတောင်းစားမကလေးမွေးတာလေ၊ ဘူတာရုံအောက်မှာ ဒီကလေးမွေးတာလေ။ အဲ အဲဒီလို လျော့ပစ်လိုက်လို့ ဟိုက အကုန်လျော့ခိုင်းတာ။ အိုက်တင်တွေလျော့ လျော့ခိုင်းတာ။ နောက်တော့ ကလေးလေးမွေးလာတော့ ကလေးလေးတွဲလောင်းခေါ်ပြီးတော့ မန္တလေး နာရီစင်ကြီးအောက်မှာ ခွက်ကလေးနဲ့ တောင်းပြီးတော့ ကလေးလေးနဲ့ တယောလေး ထိုးပြီးတော့ အဲဒီလို။ ဘယ်လိုခေါ်မလဲ၊ ရုပ်ကိုချလည်းချလိုက်တယ်၊ အိုက်တင်လည်း ချလိုက်တယ်ပေါ့။ အစ်ကိုကလည်း ခိုင်းတယ်။ ပီပြင်အောင် လုပ်နိုင်တာပါ၊ အဲဒါကတော့။

**မမအေး အဲဒီ ခုန ကျွန်တော်မေးလိုက်တာ တစ်ခုရှိတယ်။ Leading မဟုတ်ဘဲနဲ့ Supporting Role တွေပဲ သွားရတယ်။ အဲဒါသည်လည်း Supporting Role တွေလည်း အစ်မကလွဲရင် လူစားထိုးလို့မရတဲ့ နေရာတွေကို။ အဲဒီတော့ တချို့တွေကျတော့ နားမလည်တာရှိတယ်။ အေးအေးသင်းဆိုရင် ဗီလိန်ပဲ၊ နောက်ပိုင်းမှာကျတော့ စန္ဒရားခင်နုနု စသဖြင့်ပေါ့နော် Bland သတ်သတ်လုပ်တဲ့လူတွေလည်းရှိတယ်။ အဲဒီတော့ Bland လုပ်တာက ရုပ်ရှင်ထဲမှာလုပ်တာ။ တကယ့်တကယ်ကျတော့ အပြင်မှာကတော့ မမအေးတို့က သာမန်လူပဲလေ။ တချို့ကျတော့**

**နားမလည်နိုင်ဘူးပေါ့နော်။ အဲဒါမျိုးတွေများ မမအေး အပြင်မှာကြုံဖူး လား။**

ရှိပါတယ်၊ ကြုံဖူးတာပါတယ်၊ ရှိပါတယ်။ သရုပ်ဆောင်တဲ့နေရာမှာ အမျိုးစုံ ပုံစံအမျိုးစုံနဲ့ပေါ့နော် သရုပ်ဆောင်ရတယ်။ ငါ... လုပ်နည်းကို လုပ်ရမယ်။ ဆရာဦးသုခနည်းက လုပ်ခိုင်းတယ်။ လုပ်ခိုင်းတော့ ငါ ဒါကြီး ကို လုပ်လိုက်ရင် ပြောတဲ့အတိုင်းလုပ်ရရင် ငါ့ကိုမုန်းတော့မယ်၊ လူတွေမုန်း တော့မယ်။ အဲဒီတော့ ငါဘယ်လိုလုပ်ရမလဲ။ ကိုယ့်ကို ချစ်အောင် အိုက်တင်၊ အသံ၊ အကုန်လုံး ရုပ်ကော အကုန်လုံးကို ချိန်းပြီးတော့ မျက်လုံးပါ တစ်ခါတည်း သတ်ပစ်လိုက်တာ။ သတ်ပစ်လိုက်တဲ့အခါကျတော့ လျှော့သွား တာပေါ့။ လျှော့သွားတော့ နောက်ဆုံး အားလုံးကိုခြုံပြီးပြောမယ်ဆိုရင် အေးအေးသင်း ဘတ် ဘတ် ဘတ်နဲ့ ရိုက်နေပေမဲ့ အေးအေးသင်းကို ပြည်သူကတော့ချစ်တယ်၊ ပြည်သူက လက်ခံတယ်။ အေးအေးသင်းလာပြီ ဆိုရင် ဘီလူးဆိုင်းတီးတယ်။ ဆိုင်းကလည်း အစ ဘီလူးဆိုင်းတီးတယ်။ နောက်ပိုင်းကျတော့ ချစ်ခင်လာတယ် သူတို့။ ချစ်ခင်လာတယ်၊ အေးအေး သင်း ပါလာပြီ၊ အေးအေးသင်း ပါလာပြီ။ အခုထိ အေးအေးသင်း မသေ သေးဘူးတော်၊ အေးအေးသင်းကြီး ရှိသေးတယ်တော်ဆို ဖြစ်နေရတာပေါ့ နော်။ အဲဒီလို ချစ်ခင်အောင် နေရတာပေါ့။ ပရိသတ်ထဲမှာ လူလိုနေချင် တယ်၊ လူတွေလို သိချင်တယ်၊ လူတွေဘယ်လိုနေလဲ သိချင်တယ်။ အဲဒါ တွေ လိုက်ပြီးတော့ လေ့လာစုံစမ်းတာပေါ့။ အင်း အင်း။ အမြင်ရှင်းအောင် ပေါ့၊ သူတို့တွေ။ နေရတဲ့ဘဝကို အမြင်ရှင်းအောင်၊ သိအောင်လို့ပေါ့ လုပ်တာ။ သိမှာလည်း ကိုယ်အိုက်တင်လုပ်တဲ့အခါ၊ သရုပ်ဆောင်တဲ့အခါ အပြင်ရဲ့ အကုန်လုံးသိတယ်။ တစ်ခါတလေ ဘတ်စ်ကားတွေ ဘာတွေ စီးပါတယ်။ ဟိုး တာမွေကနေပြီးတော့ မြို့ထဲကိုစီးတယ်၊ စီးတဲ့အခါကျတော့ မိုးတွေရွာ။ ဒါလေးဆောင်းပြီးတော့ တွန်းပြီးတော့ တွယ် တွယ် သမီးလေး တွယ်ထား တွယ်ထား၊ အမေ့ကို ခါးဖက်ထား၊ တွယ်ပြီးတော့ ဒီလိုပဲ စီးရတယ်။ စကော့ဈေး ကျတော့ ဆင်းရတာပေါ့၊ ဆင်းပြီးတော့ ခါတ် ချပြီးတော့ ဈေးဝယ်ပေါ့။ ဈေးကအပြန်ကျတော့လည်း ဒီလိုပဲ တိုးတာပေါ့၊ အဲလို နေရ တာပေါ့။ မိန်းမပျက်ခန်း၊ ဖြစ်နေတဲ့ မိန်းမပျက်တွေ အများကြီး ပဲ၊ အဲဒါတွေ သွားကြည့်၊ သူတို့ ဘယ်လိုပျက်လဲ၊ ဘာကြောင့်ပျက်တာလဲ ပေါ့။ သြော် ဒီလိုပါလား၊ အပြင်မှာ အများကြီးပဲ။ ချောချောလှလှလေး

အပျက်လေးတွေ အများကြီးပဲ။ ဒီလိုပဲ နေရတာပဲ။

**နောက်ဆုံးရိုက်ခဲ့တာ ဘယ်တုန်းကလဲ။**

နောက်ဆုံးကတော့ ခုနှစ်တော့ မမှတ်မိလိုက်တော့ဘူး။ **နွေမ နွေမ**၊ ဆရာကြီး ဦးခင်ဇော်၊ ဒါရိုက်တာ ဦးခင်ဇော် ရိုက်ခဲ့တာ။ ချစ်ချစ်ဇော်နဲ့ **နွေမ** ဇာတ်ကား အဲဒီဟာ နောက်ဆုံးပဲ ရိုက်တာ။

**မမအေး ဘာကြောင့် သရုပ်မဆောင်တော့တာလဲ။**

ဘာကြောင့် သရုပ်မဆောင်တော့တာလဲဆိုတော့ ဟို ဟို ဟိုအစိုးရ ဟိုအစိုးရ မတည့်တော့ဘူး။ သူတို့က-မတည့်တာပါ၊ ကိုယ်က အနုပညာ သမားပဲ အနုပညာအလုပ် လုပ်နေရရင် ပျော်တာပဲဟာ။ အဲဒါ အေးအေး သင်း အနုပညာနဲ့ လုပ်စားခွင့် အကုန်ပိတ်။ သီချင်းသီဆိုခွင့်၊ က,ခွင့်၊ ဘာညာ အကုန်အကုန် ဟောပြောခွင့် အကုန်အကုန် ပိတ်ပစ်လိုက်တာ။ လာငှားတဲ့လူတွေ လာငှားတယ်။ သွားမေးပါဦး အေးအေးသင်းကို ငှားလို့ ရမလားလို့။ မရဘူး ပိတ်၊ အကုန်ပိတ်တာ။

**မမအေး၊ ဦးထွန်းဝေ။**

ဟုတ်တယ်၊ အကုန်ပိတ်ပစ်လိုက်တာ။ မလုပ်ရတော့တာ။ အဲဒီထဲ က ပြီးသွားပြီလေ။ အဲဒီကတည်းက အနုပညာနဲ့ လုံးဝ အဟပ်ကွာသွားပြီ ပေါ့။

**တကယ် စိတ်မကောင်းစရာ ဖြစ်လိုက်တာ။**

ဟုတ်ကဲ့ပါ။

**မမအေး ခင်ပွန်းသည်က ဗိုလ်ကြီး။**

အေးမြင့်၊ ဗိုလ်ကြီးအေးမြင့်။ ဟုတ်ကဲ့။

**မမအေးတို့ သားသမီး မထွန်းကားဘူးနော်။**

မထွန်းကားပါဘူး။

**မမအေးက တစ်ယောက်တည်း ဒီမှာနေနေတာပေါ့။**

ဟုတ်ကဲ့၊ တစ်ယောက်တည်း ဟို သမီးလေးနဲ့။ မွေးစားသမီးလေး နဲ့၊ သူက အကုန်လုပ်ပေးတယ်။ ရှိတာတွေ၊ ပစ္စည်းဥစ္စာတွေကတော့ ဆရာတော့်ကို အကုန်လှူလိုက်တယ်။ ဒီခြံကြီးတစ်ဝန်းလုံးကို လေးဧက၊ လေးဧက ရှိတယ်။ အဲဒါကို အကုန်လုံးလှူလိုက်တယ်။ လှူလိုက်တော့ ခြံထဲမှာရှိတဲ့ ပစ္စည်းမှန်သမျှ အကုန်လုံး သာသနာ့မြေ၊ သာသနာ့ပစ္စည်း အဖြစ်ပေါ့ လှူလိုက်တယ်။ ဒီအိမ်လည်း မသေခင် နေမယ်၊ သေရင်တော့

သာသနာ့ပစ္စည်း အကုန်လုံးပဲ။ အဲဒီလို လှူလိုက်တယ်။

**ကြားရတာ သာဓုခေါ်ပါတယ်။**

ဟုတ်ကဲ့ပါ၊ ဟုတ်ကဲ့ပါ။

**မမအေး ကျန်းမာရေးအခြေအနေ ဘယ်လိုရှိလဲမသိဘူး။**

အခုက ကျန်းမာရေးအခြေအနေကတော့ ငါ့မျက်နှာ မနက်ဖြန်ကျရင် ရှိပါ့မလားပေါ့။ အဲဒီလို ခဏခဏ နှလုံးကခုန်၊ နှလုံးက ဖြစ်နေတဲ့အခါကျတော့ မော မော မော၊ မနက်ကျတော့ ကောင်းသွားပြန်ရော။ ကောင်းနေပြန်တော့ ငါရှိသေးတယ်ပေါ့။ ငါ အသက်ရှိသေးတယ်ပေါ့။ အဲဒီလိုပဲ အဲဒီလိုလေးလည်းနဲ့ မျှဉ်းမျှဉ်းလေးပေါ့၊ မျှဉ်းမျှဉ်းလေး နေနေရတာပေါ့။

**အစ်မ အခု ၇၃၊ ကျွန်တော် ၇၂။**

အင်း တစ်နှစ်ကြီးတယ်။

**အဲဒီတော့ ၂၀၂၀ မှာ ကျွန်တော်တို့က မြန်မာ့ရုပ်ရှင် နှစ်တစ်ရာပြည့်တော့မယ်။**

ဟုတ်ကဲ့ ဟုတ်ကဲ့။

**အစ်မ မီမှာပါ။**

မီပါစေ ဆုတောင်းရမှာပဲလေ။

**အဲဒီတော့ အဲဒီဟာအတွက်ကို ဘယ်လိုများ အစ်မ ဆုတောင်းပေးချင်လဲ။**

အေးအေးသင်းဆိုတာ ရှိသေးတယ်နော်။ ရှိသေးတာကို ဒီမှာ ပိတ်ကားပေါ်မှာ မြင်ရဦးမယ်။ မြင်ချင်သေးတယ်၊ ပြချင်သေးတယ်နော် အေးအေးသင်းက ဒါပဲဆိုတာ။ နောက်ပြီးတော့ ဟိုတုန်းက မင်းသမီးတွေဟာ ဘယ်လိုလုပ်ခဲ့ရတယ်ဆိုတာ ရုပ်ရှင်တွေ ပြမှာပါနော်။ ပြတဲ့အခါမှာ ဟိုတုန်းက မင်းသမီးတွေ ဒီလို ဒီလို လုပ်ခဲ့ရတယ်ဆိုတာကို အခုခေတ်ကလေးလေးတွေ သိစေချင်တယ် နော်။ ဝတ်စားဆင်ယင် အမူအရာကစပြီး အကုန်လုံးကို သိစေချင်တယ်နော်။ အနုပညာဆန်ဆန်၊ မြန်မာအမျိုးသမီးပီပီ မြန်မာအမျိုးသမီးနဲ့ ကိုက်ညီတဲ့ ဝတ်စားတန်ဆာတွေကို ဝတ်ဆင်ပါလို့ ပြောချင်ပါတယ်။ နောက်ပြီးတော့ သရုပ်ဆောင်တဲ့ နေရာမှာလည်း သရုပ်ဆောင်နဲ့ အံဝင်ခွင်ကျ အဝတ်အစားကိုသာ ဝတ်ပါလို့။ ကာရိုက်တာနဲ့ညီတဲ့ ဝတ်စားဆင်ယင်မှုမျိုးလေး လုပ်ပေးပါလို့။ ဒါလေး ပြောချင်ပါတယ်။

**ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ Kamayut Media အတွက်**

**အခုလို...။**

ကလေးတွေလည်း လိုက်နာကြပါလို့၊ ဟုတ်ကဲ့။

**အခုလို အပင်ပန်းခံပြီးတော့ ဖြေကြားပေးတဲ့အတွက်ကို ကျေးဇူးအများကြီးတင်ပါတယ်။**

ဟုတ်ကဲ့၊ ဟုတ်ကဲ့။ မအေးကလည်း အများကြီး ဝမ်းသာပါတယ်လို့။

***



# အကယ်ဒမီ ဆွေဇင်ထိုက်

မင်္ဂလာပါခင်ဗျာ၊ ကျွန်တော် ဝင်းငြိမ်းပါခင်ဗျာ။ ဒီနေ့ ကျွန်တော်တို့ ကမာရွတ်မီဒီယာနဲ့ တင်ဆက်မယ့် အစီအစဉ်ကတော့ "လိပ်ပြာကူး ထူးခြားသူများ"ဆိုတဲ့ အစီအစဉ်ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်တွေ့ဆုံမယ့် အကယ်ဒမီဆုရှင်တစ်ဦးကတော့ ဆွေဇင်ထိုက် ဖြစ်ပါတယ်။

**မင်္ဂလာပါ ဂရေ့စ်။**

မင်္ဂလာပါရှင့်။

**ဂရေ့စ်ကို ကျွန်တော်သိတာက ရှမဝရုပ်ရှင်ထုတ်လုပ်ရေးကနေပြီးတော့ ဦးကျော်ရိုက်ကူးခဲ့တဲ့ "စေလိုရာစေ"နော်။**

ဟုတ်ကဲ့။

**"စေလိုရာစေ"က တော်တော်ထူးခြားတယ်လို့ ကျွန်တော် ထင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကားတစ်ကားထဲမှာ မင်းသမီးလည်း နာမည်ကြီးတယ်။ မင်းသားနှစ်ယောက်လည်း နာမည်ကြီးတယ်နော်။ ဂရေ့စ်နဲ့ တွဲခဲ့တာက ဇော်ဝမ်း၊ လင်းထင်။ ဒီသုံးယောက်စလုံးက တစ်ပြိုင်တည်းမှာ သရုပ်ဆောင်လောကကို ရောက်သွားခဲ့ကြတယ်။ အဲဒီတော့ ကျွန်တော်သိချင်တာကလေ အခု သရုပ်ဆောင်သင်တန်းတွေ**

**လည်း ဖွင့်နေကြတယ်ပေါ့နော်။ ရှမဝဦးကျော်က ဂရေ့စ်တို့ကို သင်ခဲ့တာ ဘယ်လိုများ သင်ကြားပို့ချခဲ့လဲ။**

ဟုတ်ကဲ့၊ အခုနောက်ပိုင်း အများစုလုပ်နေတာကတော့ ရုပ်လှုပ်ရှားမှုကို ဖောင်းပေးပြီးတော့ သင်ရတဲ့ Constantion ရဲ့ ဖော်မြူလာနဲ့ သင်ကြတာလေ။ ကျွန်မတို့ကိုကျတော့ စိတ်ခံစားမှုကို ဖောင်းပေးပြီးတော့ လုပ်ရတယ်။ ဂဒေါ်စကီးရဲ့ ဖော်မြူလာနဲ့ သင်ရတယ်။ ဂဒေါ်စကီးဖော်မြူလာမှာက လိပ်ပြာကူးပေါ့နော်၊ ကာရိုက်တာရဲ့စိတ်ကို အထဲကိုထည့်တဲ့နေရာမှာ ထပ်ကာထပ်ကာ လေ့ကျင့်ခြင်းအားဖြင့် ကိုယ့်ရဲ့ပင်ရင်းစိတ်က ပျောက်သွားပြီးတော့ ကာရိုက်တာရဲ့စိတ်က ကူးဝင်သွားတဲ့နည်းကို သုံးပါတယ်။ အဲဒါကို ကျွန်မတို့ကို လေးနှစ်လောက် ထရိန်နင်ပေးပါတယ်။

**လေးနှစ်...။**

ဟုတ်၊ ခုနစ်တန်းအောင်ပြီးတဲ့ Summer ကာတည်းကနေ ကျွန်မက သင်တန်းတက်ရတယ်။ အဲဒီကနေ ဆယ်တန်းအောင်ပြီးမှ ရိုက်မယ်လို့ ပြောပါတယ်။ ဒါကြောင့် ဆယ်တန်းကိုလည်း မအောင်,အောင်အောင် ဖြေရပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီရုပ်ရှင်ထဲက ကာရိုက်တာက တက္ကသိုလ်ကျောင်းသူလေးဖြစ်တဲ့အတွက်ပါ။ အထက်တန်းကျောင်းသူနဲ့ တက္ကသိုလ်ကျောင်းသူရဲ့ Response က ကွာတယ်လို့တော့ ဆရာက ပြောတယ်ပေါ့။ ဟိုအရွယ်တုန်းကတော့ ဘာပြောတယ်ဆိုတာ မသိဘူးပေါ့။ အခုကျမှ သတိထားမိတယ်။ မှန်ပါတယ်။ တက္ကသိုလ်ကျောင်းသူ တကယ်လည်း ဖြစ်သွားတဲ့အခါကျတော့လည်း တက္ကသိုလ်ကျောင်းသူရဲ့ ဝတ်တာစားတာ ဟန်ပန်တွေအကုန်လုံးက အဲဒီလိုဖြစ်သွားတာပေါ့နော်။ နောက်... စာလုံးတွေပေါ့၊ ဒိုင်ယာလော့တွေ၊ စကားလုံးတွေဟာ ပြောရင်းပြောရင်းနဲ့ ဆရာပေးတဲ့စကားလုံးကိုပဲ ပြောတာပဲ။ ဒါပေမဲ့ လေ့ကျင့်ပါများတဲ့အခါကျတော့ အသားကျသွားတယ်။ အဲဒီတော့ ဖော်မြူလာအရတော့ သူက သရုပ်ဆောင်ကနေ စိတ်ကိုအရင်ခံစားရမယ်။ ပြီးသွားလို့ရင် စိတ်မှန်လာရင် အသံမှန်လာမယ်။ အသံမှန်လာရင် ရုပ်လှုပ်ရှားမှုမှန်လာမယ်ဆိုတဲ့ Method နဲ့ သွားတာ ပေါ့။ ဟိုဘက်က ပရိသတ်က Absorbed လုပ်တဲ့အခါကျတော့ သူက ပထမဦးဆုံး ရုပ်ကိုကြည့်တယ်။ ပြီးတော့မှ သူဘာပြောနေလဲ ဆိုတဲ့ အသံကိုကြည့်တယ်။ ပြီးသွားတော့မှ သူ့ရဲ့စိတ်ကို ကြည့်တယ်။ လိပ်ပြာက ဒီလိုကူးရတာ ဖြစ်ပါတယ်။

**ဆရာ ရှုမဝဦးကျော်ကတော့ အရမ်းထူးခြားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူ ပထမဆုံး ရိုက်တဲ့ "ရွှေရင်သိမ်းသစ်" ဆိုရင် စမ်းစမ်းအေးကို သူ အရွယ်မရောက်သေးတဲ့အတွက် စောင့်ပြီးတော့ကို ရိုက်တာနော်။ တကယ့် ၁၆ နှစ်အရွယ်ရောက်တဲ့အခါကျမှ "ရွှေရင်သိမ်းသစ်" ဆိုတဲ့ကားကို ရိုက်တာနော်။**

သူက ကာရိုက်တာကို မွေးထားတာလေ။ မွေးပြီးသွားတော့မှ ကာရိုက်တာနဲ့ လိပ်ပြာကူးနိုင်မယ့်လူကို Mould လုပ်လာတာ။ ဖြည်းဖြည်း ဖြည်း ဖြည်းနဲ့။ ကျွန်မတုန်းကလည်း ဒီအတိုင်းပဲ။ ၇ တန်း၊ ၈ တန်းဆိုတော့ ကလေးပဲ ဆော့နေတာပေါ့(ရယ်လျက်)။ ဒါပေမဲ့ သူ ဖြည်းဖြည်း ဖြည်းဖြည်းနဲ့ Train လုပ်လာတာ။ တက္ကသိုလ်ကျောင်းသူဖြစ်မှပဲ ရိုက်မယ်ဆို တက္ကသိုလ်ကျောင်းသူဖြစ်မှပဲ ရိုက်မယ်။ သူ့ရဲ့ Pre Production ကြီးဟာပေါ့နော် တအားကောင်းလွန်းတဲ့အတွက်ကြောင့်မို့လို့ သူ့ရဲ့ကားထဲမှာ ပါလာခဲ့တာ အသစ်ဆိုပေမဲ့လို့လည်းပဲ ခေါင်းဆောင်မင်းသား၊ မင်းသမီးတွေအဖြစ် အောင်မြင်ကြတယ်။

**ဒါကြောင့်မို့လည်း သုံးယောက်စလုံး တစ်ခါတည်း အောင်မြင်သွားခဲ့တယ်နော်။ သုံးယောက်စလုံးအောင်မြင်ခဲ့တာ၊ ရှားပါတယ်။ ရုပ်ရှင်ကားလည်း အောင်မြင်တယ်။ သရုပ်ဆောင်သုံးယောက်လည်း အောင်မြင်သွားတယ်ပေါ့နော်။**

ဟုတ်ကဲ့။

**အဲဒီကနေပြီးတော့ ဂရေ့စ် တောက်လျှောက်... နောက်ထပ် ရှုမဝနဲ့ ရိုက်ဖြစ်သေးလား။**

ရိုက်ဖြစ်ပါတယ်။ ဒုတိယကားကိုကျတော့ ကျွန်မငယ်ငယ်တုန်းက ဘိုကေလေးနဲ့ ယောကျ်ားလေးလိုမျိုးနေတဲ့ ကာရိုက်တာကို သူက သဘောကျလို့ဆိုပြီး..။

**သြော်... အင်း၊ ကျွန်တော် မှတ်မိတယ်။**

**နှမမယ်တွေး ငယ်ပါသေး** ဆိုတဲ့ ကားတစ်ထုပ်ကို ရိုက်ပါတယ်။ အဲဒီထဲမှာ ယောကျ်ားလေးလိုမျိုး သရုပ်ဆောင်၊ Tomboy လေးလိုမျိုးနဲ့ အမှုတစ်ခုကနေ ထွက်ပြေးတာမျိုး၊ နောက်... ရေထဲကို ခုန်ချရမယ်ဆိုတော့ ကျွန်မက ရေကူးတာ ခုနစ်တန်းလောက်ကတည်းက တောက်လျှောက် Training ပေးပါတယ်။ ဒီလိုမျိုးနဲ့လည်း ရိုက်ခဲ့ဖူးပါတယ်။ ဒီကာရိုက်တာလေး

လည်း ကောင်းပါတယ်။ နောက်... ထူးထူးခြားခြားကတော့ **ဘယ်ပန်းချီရေးလို့မမီ** ဆိုတဲ့ကားပါပဲ။ အဲဒီ **ဘယ်ပန်းချီရေးလို့မမီ** ဆိုတဲ့ ကားမှာတော့ စိတ်သိပ်မကျန်းမာတဲ့ အမျိုးသမီးကလေးတစ်ယောက်အဖြစ် ပါရပါတယ်။ အဲဒါအတွက်ဆိုလို့ရှိရင် ဒီကာရိုက်တာကို ရိုက်တော့မယ်ဆိုတဲ့အတွက်ကြောင့်မို့လို့ ဦးစိန်မြင့်ကလည်းပဲ ကျွန်မကို အဲဒီတုန်းက ဒေါက်တာအုန်းမောင်ရဲ့ စိတ္တဇဆေးရုံလေ၊ တံတားလေးမှာလေ...အဲဒီမှာ ကျွန်မတို့ သုံးရက် Visit သွားရပါတယ်။ ပထမတစ်ရက်မှာ အလွန်တရာမှ ကြမ်းတမ်းပြီးတော့ တစ်ယောက်တည်း သော့ခတ်ထားရတဲ့လူကို ကြည့်ရပါတယ်။ နောက်ဒုတိယတစ်ရက်မှာကျတော့ သွားသွားလာလာနဲ့ ဆေးကုနေရတဲ့လူပေါ့။ အလွန်မှ ဖျော့ပြီးတော့ လောကကြီးကို ဘယ်လိုမှမခံနိုင်တဲ့ လူကို ကြည့်ရပါတယ်။ နောက်တစ်မျိုးကကျတော့ သွားသွားလာလာနဲ့ကို တောင့်တောင့်ရောင့်ရောင့်၊ သူ့ကိုယ်သူလည်းပဲ ကောင်းနေသလိုပဲထင်ရတဲ့ လူတွေကိုကြည့်ရပါတယ်။ အမျိုးသမီးအဆောင်ကို သွားရတယ်။ သူတို့ရဲ့ လက်ဟန်ခြေဟန်တွေ၊ မျက်လုံးအနေအထားတွေ၊ ပြောတာတွေ အဒါတွေကို ကြည့်ရပါတယ်။ ဒီလိုနည်းအားဖြင့် ကျွန်မ **ဘယ်ပန်းချီရေးလို့မမီ** ရိုက်တဲ့အခါကျတော့လေ အဲဒီကာရိုက်တာလေးကို ကောင်းအောင်လုပ်ပေးနိုင်ခဲ့ပါတယ်။ ဂရေ့စ်ဘဝမှာလည်း ဒါဟာ သမိုင်းမှတ်တိုင်လို့ ပြောလို့ရတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီကားကို နောက်ထပ် Second Version, Thirth Version တွေ ထုတ်ကြပါတယ်။ ထုတ်တဲ့ဟာတွေကျတော့ ကျွန်မတို့ ဆရာက အလွန်တရာမှ ဒီကာရိုက်တာဟာ Purify ဖြစ်တယ်၊ ဖြူစင်တယ်။ သူ့မှာ ဘာမှ Sex appeal မရှိဘူးဆိုတာ ပေါ်အောင်ပြပါတယ်။ ကျွန်မလည်းပဲ ဆရာပြောတဲ့အတိုင်းပဲ လုပ်ပါတယ်။ ဒါပေမဲ့ နောက်ပိုင်း Version တွေကျ တော့ Sex appeal တွေပါလာတော့ ကာရိုက်တာက နည်းနည်း Distortion ဖြစ်သွားတယ် ထင်တာပဲနော်။

**ဒါ ဒီဝတ္ထုကတည်း ဆရာ သိန်းသန်းထွန်းရဲ့ ဝတ္ထုကို ရိုက်ထားတာ။**

ဟုတ်တယ်။ အဲဒီ နေရာကို ကျွန်မရောက်တယ်။ အဲဒီအမျိုးသမီးကလေးနေခဲ့တဲ့ အိမ်ကိုလည်း ကြည့်ခဲ့ပါတယ်။ အခုထိလည်း အိမ်ကလေးကတော့ ရှိတယ်။ အဲဒီက တကယ့်အဖြစ်အပျက်ဖြစ်ပါတယ်။

**ဒါဆို... True Story ပေါ့။**

ဟုတ်… True Story ပါ။ အဲဒီက ရွာသူကြီးရဲ့အကြောင်းကို ရေးတာ။ အဲဒီရွာသူကြီးရဲ့ တူတွေဘာတွေလည်း တွေ့ပါတယ်။ ရွာသူကြီးက တော့ ဒေါသထွက်တယ်။ ဘာဖြစ်လို့လဲဆိုတော့ စာရေးဆရာက သူ့အိမ်ပေါ် မှာ တစ်လလာနေပြီးတော့မှ သူ့အကြောင်းကိုရေးတယ်ဆိုပြီးတော့ပေါ့နော် (ရယ်လျက်)။ ဒါပေမဲ့ လိပ်ပြာကူးရတာ ထူးခြားပါတယ် ဒီကားကတော့လေ။

**ဟုတ်ကဲ့ပါ။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီကားမှာ ဂရေ့စ်အောင် မြင့်သလို လူကြီးလုပ်တဲ့ ဦးကျော်လုံးကလည်း အရမ်းကိုအောင်မြင် ခဲ့တယ်နော်။**

မှန်ပါတယ်၊ မှန်ပါတယ်။

**ဒီဘက်က သူ့သားလုပ်ပြီးတော့ အဖေအတွက် အနစ်နာခံတဲ့ လင်းထင်လည်း အောင်မြင်ခဲ့ပါတယ်။**

ဟုတ်ကဲ့ပါ။

**ရှုမဝဦးကျော်ကားတွေက တကယ့်ကို ရုပ်ရှင်လောကမှာ သမိုင်းမှတ်တိုင်တင်နိုင်တဲ့ ကားတွေပေါ့နော်။**

Pre Production ကို သေချာလုပ်တာ။ ကျွန်မကလည်း ဒါတွေကို အမြင်နဲ့သင်ရင်းနဲ့ ကျွန်မကိုယ်တိုင်လည်း Pre Production ကို လုပ်ရတာကို ကြိုက်ပါတယ်။ သူဆိုလို့ရှိရင်လည်း Script တစ်ခုကို တစ်နှစ်၊ နှစ်နှစ် ရေး တာ။ ကျွန်မလည်း ဒီအတိုင်းပဲ နောက်လိုက်မယ့်ကားကို နှစ်နှစ်ရေးတယ်။ အဲဒီလိုဖြစ်သွားတာပေါ့။

**အဲဒီတော့ ဆွေဇင်ထိုက်အကြောင်းပြောမယ်ဆိုရင် ကျွန်တော် တို့က ချန်ထားလို့မရတဲ့ ကားတစ်ကားရှိတယ်။ "အဖေတစ်ခု သားတစ် ခု"နော်။**

ဟုတ်တယ်။

**အဖေတစ်ခု သားတစ်ခု** ကိုကျတော့လေ ကာရိုက်တာက **Charlie Chaplin & The Kid** ဆိုတဲ့ စာအုပ်သေးသေးလေး လက်တစ်ဝါး လောက်ရှိတယ်။ သူ့မှာ စာလုံးမပါဘူး၊ အရုပ်တွေချည်းပဲပါတယ်။ အဲဒီ အရုပ်တွေချည်း ပါတဲ့ဟာကို ကြည့်ပြီးသွားတော့မှ အဲဒီအချိန်တုန်းက ဟာသကားများကိုရိုက်လို့ရှိရင် အကယ်ဒမီ မရဘူးလို့ ပြောလို့လေ။ အဲဒါ သမီးတို့အဖေအတွက် အကယ်ဒမီရပ်ဆုကို မှန်းပြီးတော့ကို ဒီဇာတ်ကို တည်ပါတယ်။ တည်တဲ့အခါကျတော့ **Charlie Chaplin & The Kid** မှာရှိတဲ့

Concept ကတော့ ကလေးတစ်ယောက်နဲ့ လူပျိုတစ်ယောက်ကနေပြီးတော့၊ ကလေးတစ်ယောက်ကို မွေးစားတယ်။ မွေးစားပြီးတော့ အမေရှာတယ်ပေါ့။ အမေရှာပေးတယ်၊ ပေးရင်းကနေပြီးတော့ သူ့ကလေးကို အမေအရင်းတွေ့တဲ့အခါကျတော့ ပြန်ပေးလိုက်တယ်။ Concept လေးက ဒါလေးပဲလေ။ ဒါပေမဲ့လေ ကျွန်မတို့က ဘေးက အဆာပလာတွေထည့်ရတာပေါ့။ Culture ကိုလည်း ထည့်ချင်တာပေါ့။ သားကလေးဖြစ်တဲ့အတွက်ကြောင့်မို့လို့ မြန်မာ Culture ဆိုလို့ရှိရင်...။

**ရှင်ပြုချင်တယ်။**

ရှင်ပြုချင်တယ်ပေါ့။ အဲဒီရှင်ပြုချင်တာကို ရှင်ပြုလို့ရှိရင် အမေရော၊ အဖေရော ပါရတယ်ဆိုတာလေး ရှိတယ်လေ။ အဲဒီတော့ အဲဒါလေးအတွက်ဆိုပြီးတော့ ဟိုဘက်ကနေပြီးတော့ ပန်းချီကားလေးကနေ စပြီးတော့ ခေါ်လာခဲ့တာပေါ့။ ပြီးတော့ ဒီကလေးရဲ့စိတ်ဟာ နူးညံ့တယ်။ သူက ဘာသာတရားအဆုံးအမနဲ့ နီးစပ်တယ်ဆိုတာကို သိဖို့ အတွက်ဆိုပြီးတော့ အဲဒီလို သံပေါက်ကလေးတွေဆိုပြီးတော့ အိပ်တာမျိုးတို့ ဒါမျိုးတွေကို ထည့်ပေးထားတယ်။

**အရမ်းကောင်းပါတယ်။**

အဲဒီတော့ Caulture တွေက ထုံမွမ်းပေးလိုက်တဲ့အခါကျတော့ ဒါဟာ **Charlie Chaplin & The Kid** ကို မှီးထားတာပေါ့နော် ဆိုပေမဲ့လို့ ကိုယ့်ရဲ့ Creation လိုပဲနော်။ Identity တွေလေ အကုန်ပါတယ်။ နောက် သမီးအဖေရောပဲ၊ ကလေးရောပဲ အကယ်ဒမီရတာ ပျော်စရာကောင်းပါတယ်။

**ဟုတ်ကဲ့။ ပျော်စရာကောင်းတာက အဲဒီနှစ်မှာပဲ ဆွေဇင်ထိုက်ကလည်း အကယ်ဒမီရတယ်။**

အင်း... ဟုတ်တယ်။ အဲဒီနှစ်တုန်းကလေ ကိုယ်ပဲ ကံမကောင်းတာလား မသိဘူးလေ သိလား၊ သုံးလေးကား တိုက်တာလေ။ ဒီဘက်က ဆွေဇင်ထိုက်နဲ့ ဟိုဘက်က ဆွေဇင်ထိုက်နဲ့...(ရယ်လျက်)၊ အဓိကသရုပ်ဆောင်မှာလည်းပဲ နှစ်ယောက်တိုက်တယ်။ အန်တီခင်ယုမေနဲ့ ဒေါ်ဝါဝါဝင်းရွှေနဲ့။ နောက် ဇာတ်ပို့ဇာတ်ရံလည်း အဲဒီလိုတွေတိုက်တယ်။ နောက်ဆုံးပိတ်ကျတော့ ကိုယ်ကလည်း ငယ်တဲ့သူဆိုတော့ ဇာတ်ပို့ဆုကို ယူခဲ့ရပါတယ်။ ဘာပဲဖြစ်ဖြစ်လေ မြန်မာနိုင်ငံက ချီးမြှင့်တဲ့၊ အစိုးရချီးမြှင့်တဲ့ ဆုကတော့ အဲဒီဆုတော့ ပထမဆုံးဆုပါပဲ။

**ဟုတ်ကဲ့၊ အဲဒီ အကယ်ဒမီနေ့မှာ ဂရေ့စ်နဲ့ ကိုစိန်မြင့်နဲ့ ပြဿနာရှိနေပြီ။**

ဟင်း...ဟင်း...ဟင်း...။

**ရှိနေပြီနော်။ ဒါပေမဲ့ ပြန်ကြားရေးဝန်ကြီးကိုယ်တိုင်က အောင် ထွန်းလေးကိုပါခေါ်ပြီးတော့ သုံးယောက် ကားတစ်စီးနဲ့ လာရမယ်ဆို တဲ့အတွက် သုံးယောက်သွားကြတာ ကျွန်တော် မှတ်မိတယ်။**

လာပါတယ်။ လာခဲ့တယ်။ Professional Life ကို Personal Life က ခွဲရမယ်လို့ ဆရာကလည်း သင်ပေးလိုက်ပါတယ်။

**ဟုတ်ကဲ့၊ အဲဒီလို သွားကြရတယ်။ သုံးယောက်လုံး အကယ် ဒမီရခဲ့တယ်ပေါ့နော်။ ဂရေ့စ်အကယ်ဒမီရတဲ့ကားက "မိန်းကလေးရှင်ရဲ့ ဆန္ဒ"နော်။ ဒါ ဆရာမောင်သိန်းဆိုင်ရေးသွားတဲ့ ဝတ္ထုကိုရိုက်တဲ့ကား ပေါ့နော်။**

ဟုတ်ကဲ့။

**အဲဒီတုန်းကတော့ "အမေနဲ့သမီးများ"ကို ခွင့်မပြုခဲ့ဘူး၊ နာမည်ခွင့်မပြုခဲ့တဲ့အတွက်ကို "မိန်းကလေးရှင်ရဲ့ဆန္ဒ" လို့ ပြောင်းရ တယ်။ ဆရာ ဦးအောင်မြင့်မြတ်နော်။**

ဟုတ်ကဲ့ပါရှင့်။

**အဲဒီမှာ အမေကိုမကျေနပ်တဲ့ သမီးတစ်ယောက်အနေနဲ့ သရုပ် ဆောင်ရတယ်။**

သမီးသုံး၊ လေးယောက်ရှိတယ်လေနော်..။

**အဲဒီမှာ ဂရေ့စ်က အကြီးဆုံး။**

ဟုတ်ကဲ့၊ အကြီးဆုံး။ အကြီးဆုံးဆိုပေမဲ့လို့ တကယ်တော့ အရင် အစ်မကမွေးတဲ့ တူမကို ပြန်မွေးစားတာမျိုးလေ။ ကိုယ့်ရဲ့အဖေနဲ့ ဒုတိယအိမ် ထောင်ပေါ့။ အဲဒါအတွက်ဆိုပြီးတော့ ကလေးက အငုံ့စိတ်ရှိတယ်ပေါ့။ တက္ကသိုလ်ကျောင်းသူလေးလည်း ဖြစ်တဲ့အခါကျတော့ သူ့ရဲ့ ညီမလေးတွေ လည်း ရှိတာပေါ့။ ဆရာကြီးပေါ့လေ၊ အဲဒီလိုမျိုးနဲ့ ဦးညွန့်ဝင်းကို Family ထဲကို အဝင်မခံနိုင်တာပေါ့လေ။ Defendဖြစ်တာ။ အဲဒီကာရိုက်တာကို ကြိုက် ပါတယ်။ ကျွန်မ အဲဒီဝတ္ထုလေးကိုဖတ်တာ ကြာပြီလေ။ ပြီးတော့မှ ဦးအောင် မြင့်မြတ်က ဒီဝတ္ထုကိုရိုက်မယ်ဆိုတော့ ကျွန်မ ဒီကာရိုက်တာကို ကြိုက်လို့ ဆိုပြီးတော့ လက်ခံပါတယ်။ နောက်... ဝတ္ထုက ဖတ်တာကြာလာတဲ့အခါ

ကျတော့ ဒီထဲမှာရှိနေတဲ့ သူ့ရဲ့ ကာရိုက်တာရဲ့ လိပ်ပြာကလေး ကိုယ့်အတွက် ကူးသွားဖို့က အလွန်မှ လွယ်တယ်။ နောက်.. အခံကလည်း အရမ်းကောင်းတယ်။ အဲဒီအချိန်မှာ ကိုယ်က ကောလိပ်ကျောင်းတက်နေတဲ့အချိန်၊ တက္ကသိုလ်ကျောင်းသူလေးလည်းဖြစ်တယ်။ ဟိုမှာလည်း ဆေးတက္ကသိုလ်ကျောင်းသူဖြစ်တယ်ပေါ့။ အဲဒီလို အကြောင်းကြောင်းက တိုက်ဆိုင်လာလို့ ရှိရင် ကောင်းတယ် ကာရိုက်တာက၊ ကိုယ်ထဲ ဝင်သွားတယ်။

**ဒါကတော့ ဦးအောင်မြင့်မြတ် ရိုက်ခဲ့တာပေါ့နော်။ နောက်ထပ် ဂရေ့စ်နဲ့ပတ်သက်ပြီးတော့ အမြင်ဆန်းပြီးတော့ အရမ်းနာမည်ကြီးခဲ့တဲ့ ကားတစ်ကား ရှိတယ်နော်။ ဒါရိုက်တာ ရွှေဒုံးဘီအောင် ရိုက်ခဲ့တာ။ "အဖိုးတန်မြ" နော်။**

ဟုတ်ကဲ့။

**အဲဒီတုန်းကတော့ ဒီလိုမျိုး Swiming Costume ဝတ်တာဘာညာ မြန်မာရုပ်ရှင်မှာ မရှိဘူးလေ။ ဂရေ့စ်က အဲဒီကားမှာ Swiming Costume ဝတ်ပြလိုက်တဲ့အတွက်ကို ပွက်လောရိုက်ကုန်ကြတယ် (ရယ်လျက်)။**

ဟင်း... ဟင်း... ဟင်း...၊ အဲဒီကာရိုက်တာကိုလည်း ကျွန်မ ကြိုက်ပါတယ်။ တကယ်တော့ သူ့ရဲ့ Concept က My Fair Lady Concept ပဲလေ။ နည်းနည်းဆင်းရဲတယ်၊ နည်းနည်းဆင်းရဲတဲ့၊ အနောက်ဘက်က ဘာမှအခြေခံမရှိတဲ့ လူကနေမှ တစ်ဘဝကိုပြောင်းသွားတယ်။ ပြောင်းသွားတဲ့အခါမှာ My Fair Lady မှာတော့ တအားကြီး လွတ်သွားတာတွေဘာတွေ ရှိတာပေါ့နော်။ ဒီမှာတော့ သူတို့ မြန်မာလို ထိန်းထိန်းသိမ်းသိမ်းနဲ့ ရိုက်ထားတာကို တွေ့ရပါတယ်။ ကျွန်မ My Fair Lady ကိုလည်း ပြန်ကြည့်ပါတယ်။ အဲဒီကားကိုရိုက်တဲ့အခါမှာလေ။ ပြီးတော့ ဆရာက ကောင်းတာကလေ ဇာတ်ညွှန်းက အရင်ပေးထားတာ။ အဲဒီဇာတ်ညွှန်းကိုကြည့်ရတာပေါ့။ ကြည့်ပြီးတော့ ကိုယ်လည်းပဲ Character Art လို့ခေါ်တယ်လေ၊ ဇာတ်ကောင်ရဲ့ စရိုက်၊ အဝန်းအဝိုင်းထဲက မထွက်သွားအောင်လေ၊ ကိုယ်လည်းပဲ သတိထားတယ်။ နောက် ဒါရိုက်တာများကလည်းပဲ ကိုယ့်ကို ဒီ Character Art ထဲမှာပဲရှိအောင်၊ ကျွံမသွားအောင်ဆိုပြီး ထိန်းသိမ်းပေးတာကို ကျွန်မတို့က လက်ခံတယ်လေ။

**ဟုတ်ကဲ့။**

အခုခေတ်ကတော့ ကျွံကျွံသွားတယ်။ ခဏခဏ ကျွံတယ်။ တစ်ခါ

နှစ်ခါ မဟုတ်ဘူး အဲဒါမျိုးကို မြင်နေရတာပေါ့။ ကျွန်မတို့တုန်းကတော့ ဒါရိုက်တာက တာဝန်ကျေတယ်။ ကျွန်မတို့ဆရာက ကျွန်မတို့ရဲ့ခေါင်းထဲကို တစ်ခုထည့်ပေးလိုက်တာပေါ့။ Art for Art Sake ပေါ့။ အနုပညာသည်ဟာ အနုပညာအတွက် ဖြစ်ရမယ်။ အနုပညာကို သစ္စာရှိရမယ်ဆိုတော့ ကျွန်မတို့က ကာရိုက်တာကို သစ္စာရှိတယ်လေ။ ကာရိုက်တာထဲမှာ Personal မပါဘူးလေ။ အဲဒီလိုပြောင်းအောင်လုပ်ရမယ် ဆိုတဲ့စိတ်ကို ထည့်ပေးလိုက်တယ်။ ဒါမှလည်း Art Sake ဖြစ်မှသာလည်း လိပ်ပြာကူးပေးလို့ရတာလေ။ အခုကတော့ Technic ကို သုံးတဲ့ခေတ် ဖြစ်သွားတဲ့အခါကျတော့ Expression ကို ဂရုမစိုက်တော့ဘူး။ ဘယ်လောက်ကြီးပဲ Dialogues က ငိုနေပါတယ်ဆိုပေမဲ့လည်း ကျွန်မလည်း ဆင်ဆာကြည့်တယ်ဆိုတဲ့အခါကျတော့ မျက်လုံးက ဘာမှ မပါလာတော့ဘူး။ ဒါမျိုးတွေ သတိထားမိလာတယ်။

**မငိုဘူး၊ မျက်လုံးက မငိုဘူး။ သိသာတယ်လေ။ ပရိသတ်တွေလည်း တော်တော်များများ သိလာတယ်။ ဒေါသဖြစ်တယ်ဆိုလည်း မျက်လုံးက ဒေါသမထွက်လာဘူး။**

ဘာဖြစ်လို့လဲဆိုတော့ သူက Physical ကို ဇောင်းပေးထားတာလေ။ ကျွန်မတို့ ခေတ်တုန်းကဆိုလို့ရှိရင် ကာရိုက်တာကို ဇောင်းပေးတဲ့ Character Orientic ဇာတ် ဖြစ်ပါတယ်။ အခုနောက်ပိုင်းတွေကျတော့ လူအများကို သုံးတဲ့အခါမှာ Plot Orientic ဇာတ် ဖြစ်သွားတယ်။ အဲဒါကြောင့်မို့ သူက Plot တွေကို ဇောင်းပေးလို့ လိပ်ပြာကူးပြီးတော့ ကာရိုက်တာထဲကို ဝင်စရာမလိုဘူးလို့ ထင်သွားတယ်။

**ဟုတ်တယ်။ အခုနောက်ပိုင်းမှာ ဂရေ့စ်က ဇာတ်ညွှန်းရေးနည်း သင်တန်းတွေလုပ်နေတာ ကျွန်တော် တွေ့တယ်ပေါ့နော်။ PEN Myanmar နဲ့ ပူးပေါင်းပြီးတော့ လုပ်တယ်။ ပို့ချတဲ့နေရာမှာ တက်တဲ့ကလေးတွေ တော်တော်လေးအောင်မြင်တယ်လို့ ကြားတယ်ပေါ့နော်။ အဲဒီသင်တန်း လေးနဲ့ပတ်သက်ပြီးတော့ ကျွန်တော့်ကို ပြောပေးပါဦး။**

ကျွန်မက ၁၉၉၀၊ တစ်ခု၊ နှစ်ခုလောက်ကျတော့လေ ရုပ်ရှင်မင်းသမီးအဖြစ်နဲ့ ကင်မရာရှေ့မှာ နေတာထက် စာလို့ရှိရင် ကင်မရာနောက်ကွယ်ကနေပြီး Programer အနေနဲ့ နေရမယ်ရင် ကောင်းမယ်လို့ ကျွန်မ ရွေးပါတယ်။ ရွေးပြီးတော့ ၉၀ ခုနှစ်တွေမှာ သင်တန်းတွေတက်ပါတယ်။ ၂၀၀၀ ခုနှစ်တွေမှာ Production တွေကို ထုတ်ပါတယ်။ အဲဒီမှာ ၂၀၀၆ ခုနှစ်

ကို ဦးကြည်စိုးထွန်းက ဥက္ကဋ္ဌလုပ်တဲ့အခါကျတော့ ကျွန်မက တွဲဖက်အတွင်းရေးမှူးအနေနဲ့ပေ့ါ ထပ်ပြီးတော့ နိုင်ငံတကာဆက်ဆံရေးကော်မတီ ဆိုတာကို ဖွဲ့တယ်။ ဖွဲ့ပြီးသွားတော့မှ အဲဒီကနေပြီးတော့ မြန်မာရုပ်ရှင်ကားထုပ်တွေကို နိုင်ငံတကာရုပ်ရှင်ပွဲတော်တွေဆီကို ပို့မယ်ဆိုပြီးတော့ ပို့ပါတယ်။ ဒါပေမဲ့ ပို့တဲ့အခါကျတော့ ကိုယ့်ရုပ်ရှင်ကားထုပ်တွေမှာ Infra Structure ကြီးက မကောင်းတဲ့အခါကျတော့ အရုပ်ကလည်းမကောင်း၊ အသံကလည်း မကောင်း၊ Story Setup ကလည်း မကောင်းတဲ့အခါမှာ သူတို့ဆီက Collection ပေ့ါလေ။ ရွေးတဲ့အခါမှာ ခဏခဏပြုတ်ကျန်ခဲ့တယ်။ ရုပ်ရှင်အစည်းအရုံးမှာက အဲဒီ နိုင်ငံတကာဆက်ဆံရေးကော်မတီအတွက် Funding မရှိဘူး။ ဘတ်ဂျက်မရှိဘူး။ ကျွန်မက ကိုယ့်အိတ်ထဲက ကိုယ်စိုက်ပြီးတော့ DHL ဖိုးဒေါ်လာ ၈၀၊ ၉၀ ဆိုလည်း ပေးပြီးတော့ အဲဒီလို ပို့တာပေ့ါ။ အဲဒီလိုမျိုး ပို့လည်း မရတဲ့အခါကျတော့ ကျွန်မက Co-ordination Meeting တွေဘာတွေမှာ ရောက်တဲ့အခါကျတော့ ဘာဖြစ်လို့လဲ မေးတဲ့အခါကျတော့ Story မကောင်းလို့လို့ ပြောတယ်။ Myanmar Story ရှိတယ်၊ ဒါပေမဲ့ Presentation မှာ လွဲနေတယ်လို့ ပြောတယ်။ အဲဒါနဲ့ ကျွန်မ ပူးပေါင်းပြီးတော့ရိုက်တဲ့ Co-Production တွေလုပ်ဖို့အတွက်ဆိုပြီးတော့ လေး၊ ငါးနှစ် စဉ်းစားသေးတယ်။ နောက်တစ်ခါ Co-Production က သိပ်အဆင်မပြေဘူး။ Co-Production အဆင်မပြေတာက ဒီဘက်မှာရှိတဲ့ Process တွေက Complicate ဖြစ်တယ်။ အဲဒီအခါကျတော့ အပြင်က Investor က လွယ်လွယ်ကူကူ မလာနိုင်ဘူး။ အဲဒီမှာ ကျွန်မကနေပြီးတော့ ကဲ... ဒါဆိုလို့ရှိရင်တော့ Production ထုတ်ပြီးသားကို International Market ကို ပို့လို့မရလို့ရှိရင် Story ကတော့ Authenticity ရှိတယ်လေ။ ကိုယ့်ရဲ့ပင်ရင်း၊ မူရင်းပေ့ါနော်၊ Story တွေနဲ့ ဒီ International Market ကို ထွက်ရရင်လည်း ကောင်းမှာပဲလို့ စိတ်ကူးပြီးတော့ ကျွန်မ International Practical မှာရှိတဲ့ Story Setup ကို သင်ပါတယ်။ PEN Myanmar ကိုလည်း ကျေးဇူးတင်တယ်။ PEN Myanmar ကနေပြီးတော့မှ အကုန်လုံး ကူညီပေးတဲ့အတွက်ကြောင့်မို့ အခုဆိုလို့ရှိရင် ကျောင်းသားဟာ မရှိဘူးဆိုရင် ၁၅၀ လောက်ပေ့ါနော်၊ Two Budgets အတွင်းမှာ ထွက်ပါတယ်။ အဲဒီ ၁၅၀ ထဲကနေပြီးတော့မှ ရေးတဲ့ Story တွေကို Competition ပြန်လုပ်ခိုင်းတယ်လေ။ ပြန်လုပ်ခိုင်းပြီးသွားတော့မှ Myanmar Script Fan ဆိုတဲ့ Program တစ်ခုကို Memory Flim Festival တစ်ခုမှာ သွားပြီးတော့ ထည့်

ပါတယ်။ ထည့်ပြီးတော့ Myanmar Script Fan ကနေပြီးတော့မှ International က ဆရာတွေလာပြီးတော့ Coach လုပ်တဲ့ တစ်ပတ်ပေါ့နော်၊ Workshop တစ်ခုကို လုပ်ပါတယ်။ အဲဒီလိုမျိုးလုပ်ပေးတဲ့ အတွက်ကြောင့်မို့လို့လည်း ကိုဝိရတို့လိုမျိုး၊ ဇာခြည်တို့လိုမျိုး အမျိုးသမီးလေးတွေ၊ အမျိုးသားလေးတွေ ထွက်လာတာပေါ့။ ဒီနှစ်ကလေ လူ ၉၀ လောက်ရှိပါတယ်။ အဲဒီ ၉၀ ထဲကမှ ၃၊ ၄ ခုကတော့ တော်တော်လေးကို ကောင်းပါတယ်။ ဒါပေမဲ့ ကျွန်မ ဘာကိုမြင်ထားသလဲဆိုတော့ မြန်မာပြည်ကြီးမှာ ရန်ကုန်မြို့ဟာ City of Migrant ဖြစ်နေတယ်။ အပြင်ကနေ နယ်တွေကနေ လာတာဖြစ်တယ်။ အဲဒါကြောင့်မို့လို့ လူသင်တန်းသား ၉၀ မှာ Script ၄၀ လာတယ်။ Story Treatment ပေါ့ ၄၀ လာတယ်။ ၄၀ ထဲကနေပြီးတော့ ကျွန်မက ၁၀ ခုကို ရွေးတာပေါ့နော်။ အဲဒီ ၄၀ စလုံးမှာ ရွှေတိဂုံဘုရား တစ်ခန်းမှ မပါဘူး။ ကန်တော်ကြီးလည်း တစ်ခန်းမှ မပါဘူး။ အင်းလျားကန်လည်း တစ်ခန်းမှ မပါဘူး။ နယ်တွေကလာတဲ့သူတွေက နယ်တွေက ဇာတ်လမ်းတွေကိုပဲ လာပြီးတော့ ရေးတာဖြစ်တယ်။ အဲဒါကြောင့်မို့လို့ ကျွန်မက မြန်မာပင်ရင်း Identity ပေါ့နော်၊ Authenticity ပျောက်နေတယ် ဆိုပြီးတော့ ဂရေ့စ်ဒီတစ်ခါက်သာလုပ်ဖြစ်မယ်ဆိုရင် မန္တလေးမှာ လုပ်မယ်လို့ စိတ်ကူးတယ်။ မန္တလေးမှာလုပ်ရင် အနည်းဆုံး မန္တလေးတောင်တော့ ပါမှာပဲ။ မဟာမြတ်မုနိလည်း ပါမှာပဲ...။

ကျုံးကြီးလည်း ပါမှာပဲ။

ကျုံးကြီးလည်းပါမှာပဲလို့ စိတ်ထဲမှာ ထင်တာပေါ့နော်။ ဒီလိုနဲ့ပဲ Script Lab ကို Fund တစ်ခုအနေနဲ့ ထူထောင်ပေးပါတယ်။ ပိုက်ဆံ တကယ်ရှိလို့တော့ မဟုတ်ပါဘူး။ မိတ်ဆွေတွေ ဒီလိုပဲ... ခင်မင်ရာခင်မင်ကြောင်းပေါ့၊ တော်ဝင်ကလည်း Fund ပေးတယ်၊ PEN Myanmar ကလည်း Others Services တွေပေးတယ်။ လူခေါ်ပေးတယ်ဆိုတော့ ကောင်းပါတယ်။ ဒါဟာက ဆက်လုပ်ရမှာဖြစ်ပါတယ်။ ကျွန်မရှိလည်း ဆက်လုပ်ရမယ်။

**ဒါပေါ့... ဒါပေါ့၊ ကျွန်မ မရှိလည်း ဆက်လုပ်ရမယ်ဆိုတော့ ကျွန်မလိုမျိုး ပြင်သစ်လိုလည်း ပြောလို့ရတယ်၊ အင်္ဂလိပ်လိုလည်း ပြောလို့ရတယ်။ အဲဒီလိုကလည်း ပေါ်လာဦးမှကိုး။ ဘာဖြစ်လို့လဲဆိုတော့ ဂရေ့စ်မှာက ရုပ်ရှင်အခံရှိပြီးသားလေ။ ရုပ်ရှင်အခံရှိပြီးသားဖြစ်တဲ့အတွက် ဒီဇာတ်ညွှန်းကို ဂရေ့စ် နားလည်တယ်လေ။**

ကျောင်းလည်းတက်တယ်။ ကျွန်မက ဇာတ်ညွှန်း 8 Unit သင်ခဲ့ရတယ်။

**အိုး... ဟုတ်လား။**

USA. LA မှာ။ ပြီးတော့ ကျွန်မတို့ ဆရာကလေ Sony Production House မှာ Script ကို ဒေါက်တာ ဒီးစ် ဆိုပြီး ၁၀ ယောက်ရှိတယ်။ အဲဒီ ၁၀ ယောက်ထဲမှာ ဆရာက No 2.

**အဲဒီလို ဆရာကောင်းနဲ့ တွေ့တာပါ။**

ဟုတ်ကဲ့ပါ၊ ပြီးတော့ ဖတ်လည်းဖတ်တယ်။ Script တွေကိုလည်း ဖတ်ပါတယ်။

**အခုလောလောဆယ်မှာ မန္တလေးမှာလုပ်ဖို့ စီစဉ်ပြီလား။ မစီစဉ်ရသေးဘူးလား။**

ကျွန်မ စိတ်ကူးနေတုန်းပဲ။ Time Frame ကို ကြည့်နေတာလေ။ ဂရေ့စ်က ၂၀၁၃ နဲ့ ၁၄ မှာ နှစ်နှစ်ကို Script ရေးပြီးတော့ **နေရယ် လရယ် အမှန်တရားရယ်** ဆိုတဲ့ Television Series တစ်ခုကို ရိုက်ခဲ့ပါတယ်။ အဲဒါကလည်း အဲဒီတုန်းကတော့ Vote of the Education ပေါ့။ မဲပေးတဲ့လူတွေကို ပညာပေးတာဖြစ်တယ်။ နောက်... မဲပေးရမယ်ဆိုတဲ့ဟာကို Drive လုပ်တာဖြစ်တယ်။ အဲဒါ ၂၀၁၅ မဲရွေးကောက်ပွဲအတွက်ကို Target ထားပြီးတော့ ထုတ်လုပ်တာ ဖြစ်ပါတယ်။ ဒီတစ်ခေါက်ကတော့ တိုင်းပြည်ရဲ့ အနေအထားအရလေ ဟိုတုန်းကတော့ မဲပေးဖို့ မဲရုံကိုသွားရမယ်ဆိုတဲ့ အတွက် လုပ်ရတာကိုး။ အခုအချိန်ကတော့ လူတွေအကုန်လုံးဟာ တရားဥပဒေနဲ့ နေတတ်ဖို့အတွက်ဆိုတော့ Rules of law ပေါ့နော်။ တရားဥပဒေ စိုးမိုးရေးကို ဦးစားပေးတဲ့ဟာ ဖြစ်ပါတယ်။ တချို့... စီးပွားရေးအဆင်မပြေတဲ့အခါကျတော့ တရားရုံးတွေဘာတွေကို မသွားတတ်တာတို့၊ မသွားနိုင်တာတို့ ရှိတယ်လေ။ အဲဒီလူတွေအတွက်ဆိုပြီးတော့ ဒီတိုင်းပြည်မှာ NGO တစ်ခုရှိပါတယ်။ ပထမ Season ကတည်းက ပါလာခဲ့တာပါ။ ပရိုးဗိုနော့ ဆိုတာရှိတယ်။ အဲဒီ ပရိုးဗိုနော့ရဲ့ NGO ရဲ့ Service တွေပေါ့နော်။ ဘယ်လိုယူလို့ရတယ်၊ ဘယ်မှာရှိတယ်ဆိုတာ ဒါတွေကို ပြည်သူလူထု ကျယ်ကျယ်ပြန့်ပြန့် သိအောင်ဆိုပြီးတော့ ရိုက်မှာ ဖြစ်ပါတယ်။

**ဟုတ်ကဲ့၊ ကျွန်တော် ဂရေ့စ်ကိုကြည့်ပြီး စဉ်းစားနေရင်းနဲ့ အကြောင်းအရာတစ်ခု ပေါ်လာတယ်။ သီချင်းလည်း ဆိုတယ်နော်။**

ဟိုး..ငယ်ငယ်တုန်းက သီချင်းဆိုတယ်(ရယ်လျက်)။ တကယ်တော့ အဲဒီသီချင်းဆိုတာက ကျွန်မရဲ့ Professional မဟုတ်ဘူး။ ကျွန်မရေချိုးခန်းမှာပဲ သီချင်းဆိုတယ်။ သီချင်းကို နားထောင်တတ်တာမျိုးတော့ ရှိပါတယ်။ ဒါပေမဲ့ ၈၀ ခုနှစ်တွေကို ရောက်တဲ့အခါကျတော့ အကြောင်းက ဒီလိုရှိတယ်လေ။ ၇၀ ခုနှစ်လယ်ပိုင်းကိုရောက်တဲ့အခါမှာ တောင်ပိုင်းမှာရှိတဲ့ သဘော်ာတွေနဲ့ ပစ္စည်းတွေကို မှောင်ခိုကုန်လို့လည်း ပြောကြတာပေါ့လေ။ အဲဒီလိုလုပ်တဲ့သူတွေဟာ ပိုက်ဆံတွေကို ရုပ်ရှင်ထဲမှာ လာထည့်ပြီးတော့ ရိုက်တယ်။ ရိုက်ပြီးသွားတဲ့အခါမှာ ၈၀ ခုနှစ်လောက်ကို ရောက်တဲ့အခါကျတော့ သူတို့တွေလိုချင်တဲ့ပေါ့နော် White Money ရသွားတဲ့အခါမှာ ထွက်သွားတယ်။ ထွက်သွားတဲ့အခါမှာ ၈၀၊ ၈၁ တွေဟာ ဖလင်တွေမရှိကြတဲ့အခါကျတော့ ၈၃၊ ၈၄ လောက်မှာ ဗီဒီယိုတိပ်ခွေကြီးတွေနဲ့ ရိုက်တဲ့စနစ်တစ်ခုကို ပေါ်လာတာပေါ့။ အဲဒီစနစ်ကို လုပ်ရင်းလုပ်ရင်းနဲ့ Market ကိုလည်းပဲ သေသေချာချာ မတည်ထောင်နိုင်တဲ့အတွက်ကြောင့်မို့လို့ ပျက်သွားတယ်ပေါ့။ အဲဒီလိုပျက်တဲ့အချိန်ပေါ့၊ ၈၀ အစောပိုင်း ရုပ်ရှင်သမားတွေ အလုပ်လက်မဲ့ဖြစ်တဲ့အချိန်ရှိတယ်။ ဖလင်ကလည်း အစိုးရက မပေးနိုင်တဲ့အချိန်မှာ မင်းသား၊ မင်းသမီးတွေ အလုပ်လက်မဲ့ဖြစ်လို့ ပြဇာတ်က,တာတို့၊ သီချင်းဆိုတာတို့ သွားကြတယ်။ သွားကြတဲ့အခါကျတော့ ကျွန်မကတော့ ကျောင်းတက်ဘာတက်နဲ့နေတာ Survive ဖြစ်ပါတယ်၊ ကျွန်မ မချမ်းသာပေမဲ့လို့လည်း သုံးသုံးဖြုန်းဖြုန်းမနေတဲ့အတွက်ကြောင့်မို့လို့။ ဒါပေမဲ့လည်း ပိုက်ဆံမရှိမဖြစ်လိုတဲ့ လူတွေ ရှိတယ်။ ကိုဇော်ဝမ်းတို့၊ ဦးအောင်လွင်တို့၊ နောက်... ကိုသုမောင်တို့(ရယ်လျက်)။ သူတို့တွေကတော့ သီချင်းဆိုတတ်တဲ့သူတွေလေ။ အဲဒါ သူတို့ကို မင်းသမီးတစ်လက်တော့ ပါမှဆိုပြီး ကန်ထရိုက်ကပြောတဲ့အခါကျတော့ ဂရေ့စ်ကို သူတို့က လိုက်ခဲ့ရမယ်လို့ ပြောတယ်။ ကျွန်မက ပြဇာတ်လည်း မက,တတ်ဘူးလေ။ သီချင်းလည်း မဆိုတတ်ဘူး။ နောက်... အမေကနေ အတင်းတိုက်တွန်းပြီးတော့ သီချင်း ၃၊ ၄ ပုဒ်ကို အလွတ်ကျက်ရတယ်။ အဲဒါ ကျွန်မကလည်း ကလေးတွေကို အခုထိပြောထားတယ်။ သီချင်းနှစ်ပုဒ်လောက် အလွတ်ကျက်ထား၊ လူရှိသေ၊ ရှင်ရှိသေဆိုပြီးတော့ (ရယ်လျက်)။ အဲဒီမှာလည်း သီချင်း ၃၊ ၄ ပုဒ်ကို ကျက်ထားပါတယ်။ ကျက်ထားပြီးတော့မှ ဒီသူငယ်ချင်းတွေရဲ့ မိသားစုတွေအတွက်ဆိုပြီး ကူညီတဲ့အနေနဲ့ ကျွန်မ သီချင်းလိုက်ဆိုဖြစ်ပါတယ်။ လိုက်ဆိုပေးတဲ့အတွက်ကြောင့်

မို့လို့ ရတဲ့ပိုက်ဆံကို ကိုဇော်ဝမ်းဆိုရင် သူ့ပိုက်ဆံကို သူ့မိန်းမကို ပြန်ပေးရမယ်ဆိုတော့ သုံးလို့မရဘူးလေ။ အဲဒီအခါကျတော့ ကျွန်မဆီက ယူပြီးတော့ အဲဒီက ကလေးမလေးတွေဘာတွေ မုန့်ကျွေးတာတို့၊ သူ အကုန်လုပ်တယ် (ရယ်လျက်)။ အဲဒီအတွက် သူငယ်ချင်းတွေခင်လို့ လိုက်ဆိုပေးတာပါ။ ကိုသုမောင်တို့ဆိုရင်လည်း သကြန်တွေဘာတွေလည်း သွားပါတယ်။

**ပလေးဘွိုင်းနဲ့လည်း ဆိုဖူးတယ်။**

ဟုတ်ကဲ့၊ ဟုတ်ကဲ့ပါ။ ကိုသန်းနိုင်နဲ့လည်း ရုပ်ရှင်တစ်ထုပ် ရိုက်ဖူးပါတယ်။ "အချစ်လှေ" ဆိုတဲ့ ရုပ်ရှင်။

**အချစ်လှေ၊** ဆရာ ဦးဝင်းဖေ။

အန်ကယ်ဦးဝင်းဖေနဲ့ ရိုက်ရတဲ့ကားတွေကလည်းပဲ ကောင်းတယ်လို့ ပြောရမယ်။ **အချစ်လှေ** ဆိုတဲ့ ကားလည်း ပေါ့ပေါ့ပါးပါး Love Story ဆိုပေမဲ့လည်း သူ့အနောက်ထဲမှာ Message ပါတယ်။ သူ့ Presentation တွေလည်း တအားကောင်းပါတယ်။ အန်ကယ်ဦးဝင်းဖေနဲ့ ရိုက်တဲ့ နောက်ကားတစ်ကား ရှိသေးတယ်။ **နှင်းဆီနီအိပ်မက်** ဆိုတာလေ။ ၈၀ အစောပိုင်းမှာ ရိုက်တာ။ အဲဒီမှာလည်း ဒီလိုပဲ ကာရိုက်တာ တအားကောင်းတာ။ အမျိုးသမီးလေးတစ်ယောက်ဟာ သူ့ရဲ့ ငယ်ဘဝမှာ တက္ကသိုလ်ကျောင်းသူဘဝမှာ သူက ချမ်းသာတဲ့သမီးအနေနဲ့ ပေါ့ပေါ့ပါးပါး ပျော်ပျော်ရွှင်ရွှင် သုံးသုံးဖြုန်းဖြုန်းနဲ့ပေါ့နော်။ စတိုင်ကျကျတွေပေါ့၊ အဲဒီလိုနေတာ။ ဒါပေမဲ့ သူ တကယ်အိမ်ထောင်ကျသွားတော့ သူ့ရဲ့ အိမ်ထောင်ကို ထိန်းထိန်းသိမ်းသိမ်းနေတယ်။ အိမ်ထောင်အလုပ်တွေကို လုပ်တယ်ဆိုတော့ ဒီကာရိုက်တာ Turning ဖြစ်သွားတာကို ကြိုက်တယ်လေ။ အဲဒါကြောင့် ဒီကားကို ကြိုက်ပါတယ်။

**ဒီဇာတ်ကို** Present **လုပ်နေတာက ဦးထွန်းဝေနဲ့...။**

ဦးထွန်းဝေနဲ့ ကောလိပ်ဂျင်နေဝင်းက အရမ်းကောင်းတာပဲနော်။

**ဦးထွန်းဝေနဲ့ ကောလိပ်ဂျင်နေဝင်း။**

နောက် သူတို့က Non- Linear လို့ခေါ်တယ်။ ကျွန်မတို့က "ကကြီး"ကနေ "အ"အထိသွားတာ မဟုတ်ဘူးလေ။ သူက အခုဖြစ်လိုက် Past ကိုပြန်ပြောလိုက်၊ အခုဖြစ်လိုက် Past ကိုပြန်ပြောလိုက်။ အဲဒီ Presentation က အရမ်း Risk ရှိတယ်။ အဲဒါကို အန်ကယ်ဦးဝင်းဖေမို့ လှလှပပလေးနဲ့ လုပ်ပေးနိုင်တာ ဖြစ်ပါတယ်။

**အဲဒီကားမှာလည်း ဦးဝင်းဖေနဲ့ မေယု။**

ဟုတ်တယ်။ တကယ်တော့ မမေယုရဲ့ ကာရိုက်တာမှာ ဂရေ့စ် ကို အန်ကယ်ဦးဝင်းဖေက ပြောတာပါ။ ဒါပေမဲ့ ကျွန်မက တက္ကသိုလ် ကျောင်းသူရဲ့ ကာရိုက်တာကိုကြိုက်တယ်။ နောက်ပိုင်းမှာ ပြောင်းသွားတာ ကြိုက်တယ်။ အဲဒါကြောင့် ကျွန်မ ရွေးယူလိုက်တာဖြစ်ပါတယ်။ ကျွန်မ ရွေးယူလိုက်တာကြောင့်မို့လို့ ကျွန်မ ငြင်းခဲ့တဲ့ ကာရိုက်တာက အကယ်ဒမီ ရတဲ့ ဇာတ်ကားနှစ်ကား ရှိခဲ့ဖူးပါတယ်။ တစ်ကားက **အောင်မြင်သောနေ့** ဆိုတာ ဆရာမကြီး ဒေါ်ခင်နှင်းယုရဲ့ ရုပ်ရှင်လေ။

**ဟုတ်ကဲ့။**

အဲဒီမှာလည်း အတူတူပဲ။ ဒေါ်မြင့်မြင့်ခိုင်နဲ့ ကျွန်မနဲ့နေရာမှာ ဒေါ်မြင့်မြင့်ခိုင်နေရာမှာ ကျွန်မကိုလုပ်ဖို့အတွက်ကို ပြောပါတယ် ကိုသက် မောင်မောင်က။ ဒါပေမဲ့ ကျွန်မကိုယ်၌ကနေ ဟိုဘက်ကာရိုက်တာကို စမ်း လုပ်ကြည့်ချင်တယ်။ ဒါ လိပ်ပြာကူးတယ်ဆိုတာ ဒီလိုမျိုးပဲလေ။ ကာရိုက်တာ တစ်ခုရဲ့ နေရာမှာ ဝင်ပြီးတော့ တည်တည်ငြိမ်ငြိမ်နဲ့ အိမ်ထောင်ရှင်မအနေနဲ့ အိမ်ထောင်တစ်ခုလုံးအတွက်ကိုပေ့ါနော် တစ်လျှောက်လုံး ကာရိုက်တာငြိမ်ပြီး တော့ Artထဲမှာ ရှိနေတဲ့ဟာကို ကြိုက်တယ်လေ။ အဲဒါကြောင့်မို့လို့ ကျွန်မ စမ်းလုပ်ကြည့်ချင်တယ်ဆိုပြီး ဒီကာရိုက်တာကို ရွေးပါတယ်။ ပြတိုင်းလည်း ကျွန်မ ထပ်ထပ်ကြည့်မိပါတယ်။ ကောင်းပါတယ်။ မျက်လုံးတွေဘာတွေက အစ သပ်သပ်ရပ်ရပ်ရှိတာကို တွေ့ရပါတယ်။

**အဲဒီကားမှာ ဦးဝင်းဖေနဲ့ မေယုနဲ့ အကယ်ဒမီရသွားတယ်နော်။**

ဟုတ်ကဲ့၊ အကယ်ဒမီရပါတယ်။ အန်ကယ်ဦးဝင်းဖေနဲ့ ရိုက်ပြီး တော့ သိပ်ပြီး များများမပြရတဲ့ ကားတစ်ထုပ်ရှိတယ်။ အဲဒါ **သံမဏိ လိပ်ပြာ** ဆိုတာ။ အဲဒီ **သံမဏိလိပ်ပြာ** ကို ရိုက်တဲ့အချိန်မှာ အန်ကယ် ဦးထွန်းဝေက ဒီကားဟာ နိုင်ငံတကာကို ပြမယ်ဆိုတဲ့ ရည်ရွယ်ချက်ရှိ တယ်။ အဲဒါကြောင့်မို့လို့ဆိုပြီးတော့ သမ္ဗဝတီဦးဝင်းမောင်ကို Art Director အနေနဲ့ ထားတယ်။ ထားပြီးတော့ ဦးဝင်းမောင်ကနေပြီးတော့မှ အဝတ် အစားတွေဆိုလည်း ပန်းချီကားလေးတို့၊ ဓာတ်ပုံတို့ လာပြတယ်။ မဂရေ့စ် ဒီလိုမျိုးဆံပင်လေးဆိုရင်၊ ဒီလိုအကျီ၊ ဒီလိုထဘီတွေ ဆိုပြီးတော့။ အဲဒီကား တစ်ထုပ်ပဲ ကျွန်မရိုက်ခဲ့တဲ့ ကားထုပ် ၂၀၀ ထဲမှာ မင်းသား၊ မင်းသမီးဝတ် ရမယ့် အကျီတွေ၊ ထဘီတွေ၊ Plots တွေကိုပေးတာ အဲဒီကားတစ်ထုပ်ပဲ

ရှိတယ်။ ဘာဖြစ်လို့လဲဆိုတော့ Art Director အရမ်းကောင်းလို့။ နောက်.. အန်ကယ်ဦးဝင်းမောင်ရဲ့ လက်ရာလည်းကောင်းသလို အန်ကယ် ဦးထွန်းဝေရဲ့ ဖက်ရှင်တွေကလည်း တအားကောင်းတယ်။ ကာရိုက်တာတွေကလည်း ကောင်းပါတယ်။ ကျွန်မ အဲဒီကားလေးကို သိပ်နှမြောတာပဲ။ လူများများလည်းပဲ တော်တော်များများ မကြည့်လိုက်ရဘူးလေ။ အန်ကယ်ဦးထွန်းဝေကြောင့် ဆိုပြီးတော့လည်း ပြသခွင့်တွေက တော်တော်များများ ပိတ်ခံရပါတယ်။ အပြင်သာပြရရင် အရမ်းကောင်းမယ်။ ဓာတ်ပုံကလည်းပဲ Black & White ဆိုပေမဲ့လည်း ပန်းချီကားတွေကြည့်နေရသလိုပဲ။ ပညာရှင်အနေနဲ့ ပေါ့နော် အရိပ်တွေ၊ အလင်းတွေ၊ အမှောင်တွေကို သစ္စာရှိရှိနဲ့ လုပ်သွားတာကို တွေ့ပါတယ်။ အရုပ်ထင် ပြီးရော မဟုတ်ဘူးလေ။

**အဲဒီတုန်းကတော့ ကားကောင်းတွေပါပဲ။ ကျွန်တော်တို့ ကြည့်ခဲ့ကြရတယ်။**

ကျွန်မစိတ်ထဲမှာ ထင်တာလေ 60 မှာပေါ့နော်။ Creative Industry မှာရှိနေတဲ့ ပုဂ္ဂိုလ်ကြီးများဟာ သူတို့ သိချင်တတ်ချင်ပြီးတော့ သင်လာပြီးတဲ့ Inspiration နဲ့ လုပ်လာတာဖြစ်တဲ့အတွက်ကြောင့်မို့ တင်ဆက်မှုတွေဟာ အလွန်မှ ထူးခြားပါတယ်။ ဒါပေမဲ့ 70 နောက်ပိုင်းမှာပေါ့နော် ဖြစ်သွားတဲ့ အခါမှာ BGO တွေ၊ BCG တွေ ပေါ်လာတဲ့အခါကျတော့ အဲဒီ Creativity တွေက ဝမ်းစာမပြည့်ဘူးလို့ ထင်ပါတယ်။ ဝမ်းစာမပြည့်တာပေါ့။ လွယ်လွယ်ကူကူတွေ အကုန်ရနေတယ်လေ။ မြင်လည်းမြင်နေရတယ်။ ကင်မရာပစ္စည်းတွေကလည်း ပေါ့ပေါ့ပါးပါးတွေဖြစ်တဲ့အခါကျတော့ Professional Skills ဆိုတာကို အားမစိုက်လိုက်တော့ဘူးလို့ ထင်ပါတယ်။

**ဟုတ်ကဲ့ပါ။**

ကျွန်မတို့ မြန်မာရုပ်ရှင်တွေက 50 တွေမှာလေ Creative Industry တွေမှာရှိတဲ့ လူတွေကလည်း အားစိုက်ပြီးတော့ လုပ်တယ်။ ပြီးတော့ သူက Investment ပေါ့၊ ငွေကြေးသမားကလည်း Marketing ကောင်းတယ်။ အာရှကြီးတစ်ခုလုံးအတွက် Market တွေကို သွားခဲ့ရတယ်။ စင်ကာပူဆိုရင် မရှိဘူးလေ။ သူ့မှာ Own Culture မရှိတော့ ဒီရုပ်ရှင်လည်း မရှိခဲ့ဘူးပေါ့။ အဲဒီလိုမျိုးအချိန်ကနေပြီးတော့မှ တစ်ချိန်မှာ Creativity တစ်ခုတည်းနဲ့ မရဘူး။ Marketing နဲ့ Technology နဲ့ တွဲရမယ်ဆိုတဲ့တစ်ချိန် ရောက်လာတဲ့ အချိန်မှာ ကျွန်မတို့ဆီက လူတွေက ဂရုမစိုက်လိုက်ဘူး။ Technology သွား

နေတာ၊ ပြောင်းနေတာလည်း ဂရုမစိုက်လိုက်ဘူး။ ကျွန်မကနေ ပြောတယ်။ ငါတို့ ဖလင်တွေကနေပြီးတော့မှ Digital ကို ပြောင်းကြရအောင်လို့ ဆိုပြီးတော့ ၂၀၀၀ ခုနှစ်အနှောင်းပိုင်းမှာ ပြောတယ်ပေါ့။ ပြောတဲ့အချိန်မှာ အကုန်လုံးက ကျွန်မကို ဝိုင်းဆဲကြတယ်။ ဘာလို့လဲဆိုတော့ ကျွန်မတို့ရဲ့ ဖလင်ကမှ ဘယ်လောက်ထိအောင် မြင့်မြတ်ပြီးတော့ ဘယ်လိုထိအောင်မှ Classic ဖြစ်တယ်တို့ဘာတို့ပေါ့နော်။ အဲဒီလိုပြောပြီးတော့မှ မပြောင်းချင်ဘူးလို့ ပြောပါတယ်(ရယ်လျက်)။ ဒါပေမဲ့လို့ ဖူဂျီက မထွက်တော့မှ ကျွန်မက ပြောတယ်။ စက်တွေရော၊ Editing တွေရောက ပြောင်းမှဖြစ်မယ် ဖူဂျီက ဖလင်မထုတ်တော့ဘူးဆိုတော့။ အဲဒါတောင်မှ တင်းခံသေးတယ်။ Kodak က ထုတ်နေတာပဲ။ Kodak ကလည်း တစ်နှစ်ကနေ နှစ်နှစ် ဘယ်... Technology ပြောင်းသွားပြီဆိုရင် သူ မထုတ်တော့ဘူး။ အဲဒီအခါကျတော့မှ Digital ကို ပြောင်းမယ်ဆိုပြီး ပြောင်းကြတာ။ ရုပ်ရှင်ရုံတွေတောင်မှ ဒီလိုပဲ Digital ကို ပြောင်းဖို့အတွက်ကို ပြောတဲ့အခါမှာ 2 K ပေါ့နော်။ Projector ကြီးတွေက လွှင့်ပစ်ရမှာလား၊ ဘာတို့ညာတို့နဲ့ ပြင်းပြင်းထန်ထန်ကြီးကို Debate ဖြစ်ခဲ့ရဖူးပါတယ်။

**ဒါပေမဲ့ ပြောင်းရတာပဲလေ။**

အဲဒီလိုပဲ ကျွန်မ ဒီ Marketing ကိုလည်း Exhibition ပါမှ။ Production တစ်ခုတည်း မဖြစ်ဘူး။ အခုလူတွေ အကုန်လုံးက Production ကိုပဲ အားစိုက်နေတာ။ Expart ကို မကြည့်ဘူး။ လူတစ်ယောက်ဆိုရင် အကယ်ဒမီ ဒါရိုက်တာတစ်ယောက်က ဘာပြောလဲဆိုတော့ ယူနီဆက်အတွက် ထုတ်လုပ်တဲ့ဟာကိုတဲ့ ကျွန်တော်တို့က Prduction ပဲ ထုတ်မယ်တဲ့။ Exhibition တာဝန် မယူဘူးတဲ့။ ဒါ သူ တာဝန်မဲ့တာလေ။ Production ဟာ Exhibition လုပ်ပြီးတော့ ပရိသတ်လက်ထဲကို ရောက်သွားမှ End User ဆိုတာဆီ ရောက်သွားတာလေ။ အဲဒီအထိ သူကြည့်ရမယ်။ အဲဒီတော့ Exhibition Marketing ကို နားမလည်ဘူး။ ကျွန်မကပြောတယ်။ ဟော့.. ငါတို့ဆီမှာ Screen ကြီးတွေ မရှိဘူး။ ရုပ်ရှင်ရုံတွေ အရမ်းနည်းတယ်။ အဲဒါဆိုရင် ငါတို့ Shopping Mall တွေထဲမှာ Small Screen ကြီးတွေ ပြမယ်။ အဲဒီ Small Screen ကြီးတွေ ထည့်မယ်ဆိုတဲ့အချိန်မှာ ကျွန်မကို ဝိုင်းဆဲကြ တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ရဲ့ အလွန်တရာမှ တန်ဖိုးထားရတဲ့ ရုပ်ရှင်ပေါ့နော်၊ လူ ၁၀၀၀ ဆံ့တဲ့ ရုံကြီးထဲမှာ လူတွေကိုပေါ့ Projector နဲ့ ပြနေတဲ့ဟာကနေပြီးတော့မှ

Shopping Mall တွေပေါ့၊ ထီးတွေ၊ ဖိနပ်တွေ ရောင်းတဲ့ဆိုင်ထဲမှာ ရုပ်ရှင်ရုံကို သွားထည့်တယ်ဆိုတာ ဂရေ့စ်က နှိမ့်ချရာကျတယ်လို့ အဲဒီလိုကို ပြောတယ် နော်(ရယ်လျက်)။ ဒါပေမဲ့ သူတို့မှာ မတွေ့အကြုံ မရှိလို့လေ။ ကျွန်မက အပြင်တွေကိုသွားနေတဲ့အခါမှာ ဒီ Marketing Trend ကြီးကိုလည်း သိနေတာကိုး။ အဲဒီလိုနဲ့ နောက်ကျတော့ ပထမဦးဆုံး နေပြည်တော်မှာလုပ်တဲ့ Shopping Mall က စပြီးတော့မှ Cinema Hall လေး ထည့်ခဲ့တယ်ပေါ့။ Screen လေးတစ်ခုထည့်ခဲ့ရာက နောက်ပိုင်းကျတော့ ဒီ Concept ကြီးက အကုန်မှာ ပါလာတာပေါ့။

ဟုတ်ကဲ့။

ဒီလိုပဲ ရုပ်ရှင်ရုံတွေကိုလည်းပဲ အခုဆိုလို့ရှိရင် လူတွေရဲ့ Consumer Behaviour က Appoited Content ကို မကြိုက်ဘူး။ မင်း ဒီနေ့မှာ ဒီကားကို ကြည့်ချင်ရင် ဒီနေ့မှာ ဒီနေရာကို ဒီအချိန်မှာ လာရမယ်ဆိုတဲ့ Appoited ကို မကြိုက်ဘူး။ သူက သူ့ရဲ့ Convinient ဖြစ်တဲ့အချိန်မှာ ကြည့်ချင်တာကိုး။ အဲဒီမှာ အကုန်လုံးက ရုပ်ရှင်ရုံကိုလာတဲ့လူက နည်းသွားတယ်။ ဒီ Trend ကြီးဟာ ၁၉၉၀ နှောင်းပိုင်းကတည်းက ဖြစ်နေတာ။ စ,နေတာ။ ၂၀၀၀ မှာဆိုရင် ဒီ Research က သေသေချာချာကို လုပ်နေတာ။ ရုပ်ရှင်ရုံကို လူတွေမလာတာ ဘာဖြစ်လို့လဲ။ ဘယ်လိုလာအောင်လုပ်မလဲ။ အဲဒီမှာ နောက်... လုံးဝကို Divert ဖြစ်သွားတာ။ ရုပ်ရှင်ရုံကို လူတွေမလာရင် လူတွေဆီကို Content ပို့ရင် ဘာဖြစ်မလဲ ဆိုပြီး Technology က အဲဒီလိုပြောင်းသွားတာ။ အခုဆိုရင် လက်ပေါ်မှာ၊ လက်ဖဝါးပေါ်မှာ ရောက်သွားပြီလေ။ အချိန်မရွေးကြည့်လို့ရတယ်။ အဲဒီ Market Trend ကို မြန်မာပြည်က Content Maker တွေက ဂရုမစိုက်လိုက်မိတာလည်း ပါပါတယ်။ အခုချိန်ကျမှ နောက်ထပ် Asian Level လောက် တက်ဖို့ဆိုတာတောင်မှ ကျွန်မတို့က စောင်ခြုံပြီးတော့ စိတ်ကောက်ပြီးတော့ အိပ်လိုက်တဲ့အချိန်အတွင်းမှာ၊ ခေါင်းမြီးခြုံပြီးတော့ အိပ်လိုက်တဲ့အချိန်အတွင်းမှာ ကျွန်မတို့ရဲ့ အိမ်နီးချင်းနိုင်ငံတွေ ဖြစ်တဲ့ ဗီယက်နမ်တို့၊ စင်ကာပူတို့တောင်မှ Technology ကို ကိုင်ပြီးတော့ သူက တက်သွားပြီ။ အဲဒီတော့ မျှော်လင့်တာပေါ့လေ။ ၂၀၂၀ ဆိုလို့ရှိရင် ရုပ်ရှင်သမားတွေ အကုန်လုံးကလည်း အိပ်ရာကနေ လန့်နိုးလာကြမယ်။ Independence Platform တစ်ခုကိုလည်း ကျွန်မ Yangon Film School နဲ့ ပေါင်းပြီးတော့ စ,လုပ်ခဲ့ပါတယ်။ NGO တွေနဲ့ လုပ်ခဲ့တယ်။ ဘာဖြစ်လို့လဲဆိုတော့

Indenpendence Film Makers တွေက Main Stream ကိုသွားရင် ဒီမှာ သူတို့မှာ International Practise လည်း ပါသွားရင် ဟိုက အလေ့အထလည်း ကောင်းလာမယ်လို့ ထင်တာပေါ့။ အဲဒီကလေးတွေ Grow ဖြစ်လာတဲ့ အချိန်ပေါ့၊ ၂၀၂၅ လိုဟာမျိုး၊ ၂၀၂၀ကျရင်လည်း မြန်မာ့ရုပ်ရှင်မှာ Film Law တွေ၊ Censor Classification Vote တွေဘာတွေ ဒါမျိုးတွေပေါ့၊ Infra Structuer ကောင်းသွားမယ်။ Banking System ကောင်းသွားမယ်။ Insurance System ကောင်းသွားမယ်။ Labour Law ကို Practise လုပ်လာမယ်ဆိုလို့ရှိရင်တော့ ကောင်းမယ်လို့ မျှော်လင့်တာပဲ။ ဦးဝင်းငြိမ်းတို့၊ ကျွန်မတို့ ၂၀၂၅ တို့၊ ၂၀၃၀ တို့ ရှိရှိ၊ မရှိရှိလေ... ကျွန်မတို့မှာ တာဝန်ရှိတယ်လေ ပြောပြခဲ့ရမှာတော့။ လက်ခံတာ၊ လက်မခံတာ သူတို့အပိုင်း။ ကျွန်မတို့ကတော့ ပြောခဲ့ရမှာပဲ။

**ဂရေ့စ်က သမီးလေးတစ်ယောက် မွေးထားတယ်နော်။ နွေးနွေးစိန်မြင့်။ သူ့ကိုရော... ဘာဖြစ်လို့လဲဆိုတော့ အဖေရော၊ အမေရောက အနုပညာသမားဖြစ်တယ်။ သူ့ကိုရော ရုပ်ရှင်ပတ်သက်လို့ ဘာတွေလုပ်နိုင်းထားလဲ။**

ကျွန်မ သူ့ကို အမေရိကန် အင်္ဂလိပ်နဲ့ သူက ကြီးလာတာဆိုတော့လေ အမေရိကန်နိုင်ငံမှာပဲ ရုပ်ရှင်ပညာကို မာစတာတက်ဖို့အတွက်ကို စီစဉ်ခဲ့ပါတယ်။ ဆန်ဖရန်စစ္စကိုက Academy of Art Central ကလေ Master Filming နဲ့ ပြီးပါတယ်။ ပြီးတော့ သူ့အဖေကလည်း စာရေးတဲ့ဇ,ရှိတယ်လေ။ အဲဒါဖြစ်တဲ့အတွက်ကြောင့် သူက ဇာတ်ညွှန်းကိုဇောင်းပေးပြီးတော့ ယူခဲ့တာဖြစ်ပါတယ်။ အခုလည်းပဲ သူ ဇာတ်ညွှန်းများကို Filter လုပ်ပေးပါတယ်။ ကျွန်မရဲ့ မေရီကေရက်ဖောင်ဒေးရှင်းကနေ ရိုက်မယ့် ရုပ်ရှင်တစ်ထုပ်ဆိုရင် ဒါ Feature Film ပေါ့နော်။ အဲဒီရုပ်ရှင်တစ်ထုပ်ဆိုလည်းပဲ အခု သူက အဲဒီဇာတ်ညွှန်းကို ပြန်ပြီးတော့ International Style ထဲမှာဝင်အောင် Frame ထဲမှာဝင်အောင်ဆိုပြီးတော့ ပြန်ပြီးတော့ Aling လုပ်ပေးနေပါတယ်။ နှစ်လ၊ သုံးလလောက် သူယူလိမ့်မယ် ထင်တယ်။ ပြီးတော့မှ ရိုက်တာတော့ မြန်မာပြည်နဲ့ အမေရိကန်ထဲမှာ ရိုက်မှာဖြစ်ပါတယ်။ အဲဒီလို Project တွေလည်းပဲ သူ ကူညီပါတယ်။ နောက် ၂ နှစ် တစ်ခေါက်လောက် သူပြန်လာတယ်လေ။ ဂရေ့စ်က မသွားနိုင်ဘူး။ မသွားနိုင်တဲ့အခါကျတော့ သူ ပြန်လာတယ်လေ။ ပြန်လာတဲ့အခါကျရင်လည်း ကျွန်မကို လာတဲ့ တစ်လအတွင်းမှာ

ကျွန်မရဲ့ Project တွေကို ကူညီပါတယ်။ စာသင်တဲ့အခါမှာလည်း ကူညီတယ်။ Editing မှာလည်း ကူညီတယ်။ ရိုက်ကူးရေးမှာလည်း ကူညီတယ်။ ပြီးတော့ Script တွေကိုလည်း Review လုပ်ပေးပါတယ်။

**မနားခိုင်းတာလေ။**

မနားခိုင်းနိုင်ဘူး။ သူက ပြောတယ်၊ Run Through တဲ့(ရယ်လျက်)။ မတတ်နိုင်ဘူး။ ကျွန်မလည်း အတူတူပဲ၊ ဒီလိုပဲလုပ်တာလေ။ ၂၄ နာရီမှာ ၁၅ နာရီ၊ ၁၆ နာရီကတော့ လုပ်ဖြစ်နေတယ်။

**တကယ့်ကို Run Through ခိုင်းတာနော်။ ဟုတ်ပါပြီ ဂရေ့စ်ရေ။ ကျေးဇူးအများကြီးတင်ပါတယ်။ ၂၀၂၀ ကတော့ ဂရေ့စ်ရော၊ ကျွန်တော်ရော မီဦးမယ်ထင်ပါတယ်။ မီမယ်ဆိုရင် ၂၀၂၀ မှာ ကျရောက်မယ့် မြန်မာ့ရုပ်ရှင်နှစ် ၁၀၀ အတွက် Wish လေးတစ်ခုလောက်။**

ဟုတ်ကဲ့၊ ကျွန်မ… ကိုယ်က မွေးတာဆိုလို့ အဲဒီသမီးတစ်ယောက်ပဲရှိတယ်လေ။ ဒါပေမဲ့ ကျွန်မစိတ်က မွေးတာ မြန်မာပြည်မှာ လူငယ်လေးတွေ အများကြီးရှိတယ်ပေါ့။ အဲဒီလူငယ်လေးတွေ အများကြီးက နေပြီးတော့မှ Indenpendent Film Makers တွေပေါ့နော်။ စနစ်တကျ International Practise နဲ့ တက်လာတယ်ပေါ့နော်။ လူငယ်လေးတွေကနေပြီးတော့ ဒီ ၂၀၂၀ ရုပ်ရှင်ပွဲတော်ကိုရောက်တဲ့အခါကျရင် ဇာတ်လမ်းလေးတစ်ခုကို အုပ်စုလေးတစ်စုကနေ ပြီးတော့ တစ်ခုခုရိုက်ထားတဲ့ဟာကို ပြနိုင်တဲ့ အနေအထားမျိုးကို မျှော်လင့်ပါတယ်။

**ကျေးဇူးတင်ပါတယ်။**

***



# အကယ်ဒမီ ချိုပြုံး

**မင်္ဂလာပါ မချိုရေ...။**

မင်္ဂလာပါ။

**မချိုအကြောင်း ပြောမယ်ဆိုရင် မချို မပြောချင်တာကို ကျွန်တော်က စပြီး ပြောမယ်။ ပထမဆုံး ရိုက်ခဲ့တဲ့ကားက အားလုံးသိထားတဲ့ "တစ်ကျော့ နှစ်ကျော့ တေးကိုသီ" မဟုတ်ဘူး။**

မဟုတ်ပါဘူး၊ ဟုတ်ကဲ့။

**"အသည်းမျဉ်းပြိုင်"ဆိုတဲ့ကား။ အဲဒီကား ရိုက်ဖြစ်ပုံလေးကို စ, ပြောပေးပါလား။**

အဲဒီကားက ဟိုလေ... အဖေရဲ့သူငယ်ချင်းပေါ့နော်။ အဖေရဲ့ သူငယ်ချင်းက ရုပ်ရှင်ရိုက်ချင်တယ် ဘာညာဆိုပြီးတော့ နင့်သမီးလေးကို ရိုက်မယ် အဲဒီလိုမျိုးပေါ့။ ကျွန်မက ငယ်သေးတယ် အဲဒီတုန်းက၊ အရမ်းတော်တော်ငယ်သေးတယ်။ ရိုက်မယ်ဆိုပြီးတော့ ရိုက်ကြတာပေါ့။ ရုပ်ရှင်ဆိုတာလည်း ဘာမှမသိဘူး၊ အနုပညာဆိုတာလည်း ဘာမှမသိဘူး။ ဒီလိုဝင် ဒီလိုထွက်ဆို ဒီလိုပဲ လုပ်လိုက်တာပေါ့။ ဒါပေမဲ့ ခက်တာက မင်းသမီးကလည်း အသစ်၊ မင်းသားကလည်း အသစ်၊ ဒါရိုက်တာကလည်း အသစ်

ဆိုတော့ ဘာမှမဖြစ်ဘူး။ အဲဒီကတည်းက ရုပ်ရှင်ကို လန့်သွားတာ။ ကိုယ် ဝါသနာမပါဘူးလေ၊ အစကတည်းက ကျွန်မက သိပ်ဝါသနာမပါဘူး၊ ကိုဝင်း ငြိမ်း သိပါတယ်။ ဝါသနာမပါတော့ အရမ်းစိတ်ညစ်သွားတယ်။ စိတ်ညစ် ပြီးတော့ ကိုယ်က အဲဒီဟာကို မေ့ပစ်လိုက်တယ်။ မေ့ပစ်လိုက်ပြီးတော့ ကိုယ်က ဒီအလုပ်ကို လုပ်ဖူးတယ်ဆိုတာကိုပါ မေ့ပြီးတော့ သီချင်းတွေနဲ့ပဲ နေလိုက်တယ်။

**အဲဒီတော့ ဒီကားကို မေ့ထားလိုက်တယ်ပေါ့။ တကယ်လည်း ကိုယ်၌က မေ့ထားတဲ့ကားပေါ့။ ဒါပေမဲ့လို့ ဦးဝင်းဦးနဲ့ တွေ့တဲ့အခါကျ တော့ ကားရိုက်သွားရတယ်နော်။**

ဟုတ်တယ်။

**အဲဒီတော့ ဦးဝင်းဦးနဲ့ တွေ့တာလေးကို ပရိသတ်အမှတ်တရ ဖြစ်အောင် ပြန်ပြောပေးပါဦး။**

ကိုဝင်းဦးက ကိုဝင်းငြိမ်းသိတဲ့အတိုင်းပဲ သီချင်းဆို တအားဝါသနာပါ တယ်။ အဲဒီတော့ သီချင်းဆို ဝါသနာပါတော့ အဆိုတော်ချင်းလည်း လုံးလုံး ထွေးထွေး နေတယ်။ လူတွေဆိုလည်း လူတွေနဲ့ လုံးလုံးထွေးထွေးလေးနေ တယ်။ နေတော့ အဲဒီအချိန်တုန်းက ကျွန်မက ချောက်မှာပေါ့၊ Transfer သွားကျတယ်လေ။ အဲဒီမှာနေရင်းနဲ့ ပိုးကမသေတော့ ဒီရန်ကုန်ကို လာလာ ပြီး သီချင်းဆိုတယ်။ ဥပမာအားဖြင့် ပြည်ထောင်စုပွဲ စသဖြင့်ပေါ့ အဲဒီလို ဂီတဆည်းဆာ ဘာညာရှိတယ်၊ အဲဒီတုန်းကလေ။ အဲလိုဆိုတယ်။ ဆိုတဲ့ အချိန်မှာ ကိုဝင်းဦးကလည်း သူကလည်း သီချင်းဆိုဝါသနာပါတော့ ဆိုတယ်။ အဲဒီတုန်းက ပေါ်လာရိုက် ကင်မရာလေးတွေ ခေတ်စားခါစပေါ့နော်၊ လူတွေ တော်တော်များများ မရှိပါဘူး။ ကိုဝင်းဦးဆီမှာရှိတော့ သူက တန်းစီ တန်းစီ တဲ့၊ ကျွန်မတို့ အရင်တုန်းက အဆိုတော်တွေပေါ့။ အန့်တီမာမာအေးတို့၊ တင်တင်မြ၊ ချိုပြုံး၊ တင်တင်လှ ဘာညာ ညွန့်ညွန့်စိန် စသဖြင့် အဲဒါ သူတို့ တန်းစီပြီးတော့ ဓာတ်ပုံရိုက်ကြတယ်။ ဓာတ်ပုံရိုက်တော့ ချက်ချင်းထွက် လာတယ်လေ။ ဟဲ့ နင်က Photogenic ဖြစ်တယ်၊ ရုပ်ရှင်ရိုက်မလားဆိုတော့ ဟုတ်ကဲ့ ဟုတ်ကဲ့ ရိုက်တာပေါ့။ အမှန်ကတော့ စ,လိုက်တာ၊ ရိုက်တာပေါ့ အစ်ကိုရယ်လို့ ဒီလိုပဲပြောလိုက်တာ။ ပြောလိုက်ပြီးတော့ ကိုယ်က ပြန်လာ တယ်။ ဒီမှာသီချင်းဆိုတော့ ချောက်မှာ ကလေးတွေ ထားပစ်ခဲ့ပါတယ်။ ကလေးက ၃ ယောက်ရပြီလေ။ ထားပစ်ခဲ့ပြီးတော့ ပြန်သွားတယ်။ ပြန်သွား

ပြီးတော့ အေးအေးဆေးဆေးနေနေရင်းနဲ့ နှစ်လလောက်ကြာတော့ ကိုဝင်းဦးက ဖုန်းဆက်တာ။ ဟဲ့ ရုပ်ရှင်ရိုက်မယ် ဆင်းလာတော့ဆိုတော့ အရမ်းလန့်သွားတာလေ။ ကျွန်မ တစ်ခါတုန်းက မအောင်မြင်ခဲ့ဘူးလေ၊ ရုပ်ရှင်ကိုလည်း ကျွန်မ ဝါသနာလည်း မပါဘူး။ ယနေ့ထက်တိုင်လည်း ဝါသနာမပါဘူး။ ဝါသနာမပါပေမဲ့ ကျွန်မ ချစ်တယ်၊ ဒီအလုပ်ကလေးကို အဲလို။ အဲဒီတော့ ဟယ် မရိုက်ချင်ဘူး ကျွန်မ၊ ဘာဖြစ်လို့ဆို မထင်ဘူး။ အပျိုဘဝတုန်းက တအား လှလှလေးတုန်းကတောင် မအောင်မြင်ခဲ့တာလေ။ အခုအချိန်ကတော့ မဖြစ်နိုင်တော့ဘူး၊ ဘယ်လိုမှ မဖြစ်နိုင်တော့ဘူး။ အဲဒီအချိန်တုန်းက ကျွန်မကြားရတာတော့ ကျွန်မကြည့်နေတဲ့ ရုပ်ရှင်မင်းသမီးတွေက အိမ်ထောင်တောင် မပြုကြဘူး။ အိမ်ထောင်မပြုကြဘူးဆိုတော့ သူတို့က အပျိုကလေးဘဝနဲ့ ပရိသတ်ရဲ့ အချစ်ကို ခံနေတဲ့အချိန်ပေါ့။ ကျွန်မက ကလေးသုံးယောက်အမေကြီး ဘယ်လိုလုပ် ဖြစ်နိုင်မလဲ။ ကလေးတွေ အဖေကလည်း ချောက်တွန်းပြီးတော့ ပထမတော့ သူကလည်း မဖြစ်နိုင်ဘူးပေါ့လေ။ သို့သော်လည်း ကိုဝင်းဦးက တစ်ချိန်လုံး ပြောနေ ပြောနေတဲ့အခါကျတော့၊ တယ်လီဖုန်းတွေ တစ်ချိန်လုံး ဆက်နေတဲ့အခါကျတော့ ကျွန်မတို့ သူ့ကို မရိုက်ချင်လို့ ကလေးရှိနေပြီလို့ ညာလိုက်တယ်။ ကလေးလည်း ယူလိုက်တာပေါ့နော်။ အမှန်က ကလေးက ယောကျ်ားလေး နှစ်ယောက်ရပြီ၊ မိန်းကလေးတစ်ယောက်ရပြီဆိုတော့ ပြည့်သွားပြီလေ။ ကျွန်မတို့ ထပ်ယူဖို့မလိုတော့ဘူး။ အခု အိနေဒါလေးကို ထပ်ယူလိုက်တယ်။ အစ်ကိုရယ် ကျွန်မက ကလေးရှိနေတယ်၊ ကိုယ်ဝန်။ အမယ်လေး အဲဒါဆိုလည်း ပြီးမှ ရိုက်မယ်ဆိုတော့ သေရော။ ပြီးမှရိုက်မယ်ဆိုတော့ ဘယ်လိုမှ မတတ်နိုင်တော့ဘူး။ သမီးငယ်လေး ရသွားတာပေါ့နော်။ အဲဒါနဲ့ ကဲ မွေးပြီး နှစ်လလောက်မှာပဲ သူကိုယ်တိုင်လာခေါ်တာ၊ အဲလို။ သူကိုယ်တိုင် လာခေါ်ပြီးတော့ ကလေးလေးကိုချီ၊ အိဘုတ်ကလေးကိုချီပြီးတော့ သူကိုယ်တိုင်ပဲ လာကြိုတယ် ကျွန်မကို။ ကြိုပြီးတော့ ရိုက်ကြတာ။ ရိုက်တဲ့အချိန်မှာ ကလေးအဖေကတော့ ကျွန်မကို အားပေးပါတယ်။ နင် တစ်ကားပြီးရင် ပြီးသွားမှာပါတဲ့။ နင် တစ်ကားတည်း ရိုက်ရမှာတဲ့။ လူကြီးကလည်း ကလေးမွေးထားတော့ ဝဝတုတ်တုတ်ကြီးပေါ့နော်။ အဲဒီလိုပဲ ရိုက်ခါနီးကျရင် ဒေါက်စ်တီရဲ့ ယောလီဗ**ဒ် ကစ်တီရဲ့ ဗိုက်စည်းတွေကို ကျားကန်ပြီးစည်း၊ အဲဒီလိုတွေ လုပ်ရတာပေါ့ ကိုဝင်းငြိမ်းရယ်၊ ဘယ်လိုလုပ်မလဲ။ ရိုက်ရင်းနဲ့ ကလေးက နို့တွေက

သက်၊ နှစ်လပဲရှိသေးတာကိုး။ အဲဒီလိုမျိုးတွေနဲ့ ရိုက်ရတာ။ တစ်လခွဲ နှစ်လလောက် ရိုက်ရတယ်။ ရိုက်ပြီးတော့ ပြီးတဲ့နေ့မှာပဲ ပြီးလည်းပြီးရော နှစ်ရက်လောက်ကျတော့ အစ်ကို ကျွန်မပြန်တော့မယ်။ ကလေးနှစ်ယောက် ထားပစ်ခဲ့ရတယ်။ ကလေးနှစ်ယောက်နဲ့ လာရတယ်ပေါ့။ ဟိုမှာလည်း ကလေးတွေ ကျောင်းရှိတယ်။ မောင်မောင်က ဟိုမှာ ကျန်ခဲ့တယ်ဆိုတော့။ နေဦးတဲ့၊ နင့်ကားကို နင်ကြည့်သွားဦးဆိုတော့။ ဟယ် အစ်ကိုကလည်း ကားက မရသေးဘူးဆိုတော့။ Sitting back ကြည့်ရတာပေါ့ ကိုဝင်းငြိမ်းရယ်။ ဟိုဟာတော့ မရှိဘူး။ အဲဒီလို Sitting back လေးကို ကြည့်တဲ့အခါကျတော့ အဲဒီလို ကြည့်နေရင်း ကြည့်နေရင်းနဲ့ ဒါကတော့ အရုပ်ပဲ မြင်ရတာလေ။ မျက်လုံးလည်း မမြင်ရ၊ မျက်ခုံးလည်း မမြင်ရပေါ့နော်။ ဒါပေမဲ့လို့ အဲဒီ အချိန်မှာပဲ ကျွန်မကို စာချုပ်တွေ ချုပ်ကြတာ။ ကုမ္ပဏီကြီးတွေ ၁၆ ခု လောက်က အဲဒီလို။ ရွှေတစ်ကျပ်သား နှစ်ရာခေတ်မှာ လေးသောင်း၊ ငါးသောင်းနဲ့ ချုပ်ကြတာဆိုတော့ ကျွန်မ အရမ်းပျော်သွားတယ်။ ကျွန်မ မိဘတွေကို ကျွန်မက လုပ်ကျွေးချင်တာလေ။ ဆိုတော့ အဲဒီမှာ စာချုပ်ကို ၁၆ ခု ချုပ်။ ဗဟို၊ စံပြ ရုပ်ရှင် ဘာညာ စသဖြင့်ပေါ့ အဲဒီက ကုမ္ပဏီကြီး တွေက ချုပ်တော့ ကျွန်မက ကားတွေအများကြီး အဲဒီ တစ်ထိုင်တည်းမှာပဲ ရသွားတော့ ကိုဝင်းဦးက ဘယ့်နှယ်လဲ ပြန်ချင်သေးလားဆိုပြီးတော့ သူက အဲဒီလိုလုပ်တာ။ အဲဒါနဲ့ ကျွန်မ ဆက်ရိုက်ဖြစ်တာ။ ဆက်ရိုက်ရင်းနဲ့ ဒီနေ့ထိ ဖြစ်လာတယ်ပေါ့။ အဲဒီတော့ သူ့ရဲ့ကျေးဇူးပါပဲ။ သမီးငယ်လေးကိုလည်း ကျေးဇူးတင်တယ်၊ သူက လာဘ်ကောင်လေးပေါ့။ သူ့ကိုမွေးပြီးတာနဲ့ တစ်ခါ တည်း အဲဒီလိုမျိုးလေးတွေ ဖြစ်တယ်ပေါ့။

**ဦးဝင်းဦးနဲ့ ဘယ်နှကားလောက် ဆက်ရိုက်ဖြစ်လဲ။**

သူနဲ့က ကျွန်မ သိပ်တော့ မရိုက်ဖြစ်လိုက်တော့ဘူး။ **တစ်ကျော့နှစ်ကျော့** ရိုက်တယ်၊ **ချစ်သူရွေးမယ်** ရိုက်တယ်။ သုံးကား၊ လေးကား လောက်ပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ကလည်း တအားရှိ စိတ် ကောက်နေကြတာ၊ သိလား။ အဲလိုလေ။ ကျွန်မတို့က ငယ်ငယ်တုန်းက ဆိုးတယ်၊ သူက တအား အလိုလိုက်တာလေ ကိုဝင်းငြိမ်း သိသားပဲနော်။ အရမ်းအလိုလိုက်တာ။ အဲလိုမျိုးပေါ့။ နောက် သူ့မှာ ကျွန်မ သားသမီးတွေကို လည်း ချစ်တယ်။ မောင်မောင်ကြီးဆိုလည်း သူ တအားချစ်တာ။ အဲဒီလိုမျိုး ဆိုတော့ ကားရိုက်ခါနီးလိုက် စိတ်ကောက်လိုက်နဲ့ မရိုက်လိုက်ကြ။ ကျေးဇူး

တွေကတော့ အရမ်းကြီးပါတယ်။ ဘာဖြစ်လို့ဆို ကျွန်မကို ကာရိုက်တာ ရအောင်ပေါ့နော် ပြောလက်စနဲ့လေ။ ကာရိုက်တာရအောင် **နှောင်းတမြေ့မြေ့** ကားကို သူက ရိုက်ခိုင်းတာ။ **နှောင်းတမြေ့မြေ့**က ဒါရိုက်တာနဲ့ ကုမ္ပဏီပိုင်ရှင်က တခြားမင်းသမီးကို ငှားပြီးသား။ ငှားပြီးသားကို နင် အဲဒီကားကို ရအောင်ရိုက်ရမယ်ဆိုပြီးတော့ ကျွန်မက အဲဒီချိန်တုန်းက **တစ်ကျော့နှစ်ကျော့**၊ **ညော်မိန်းမ** စသဖြင့် ဆတ်စလူးကားလေးတွေပေါ့၊ အဲဒီကားလေးတွေနဲ့ပဲ ရိုက်နေရတယ်။ နင် အဲဒီကားကို ရိုက်ဖြစ်အောင် ရိုက်ရမယ်၊ နင်သွားပြောတဲ့ ကိုဝဏ္ဏကို။ ကိုဝဏ္ဏကို သွားပြောဆိုတော့ ကိုဝဏ္ဏက မဟုတ်ဘူးတဲ့။ ကျွန်မလို ဆတ်စလူးကို ခင်လေး ကာရိုက်တာ ဘယ်ပေးချင်မလဲ။ ဒါအမှန်ပဲလေ။ **နှောင်းတမြေ့မြေ့** ကာရိုက်တာကို သိသားပဲ ကိုဝင်းငြိမ်း အလွန်လည်း ခက်ပါတယ်၊ မင်းမျိုးမင်းနွယ်။ ခေါ်ရ ပြောရတာကအစ၊ လှုပ်ရှားရတာကအစလေ ဆိုတော့။ အဲဒီတော့ အားနာ တယ် အစ်မရယ် သူများကို ငှားပြီးသားဖြစ်နေတယ်တဲ့။ အဲဒီတော့ ကိုဇော် လွင်ဆီသွား၊ ကိုဇော်လွင်က ပရိုဂျူဆာ။ ကိုဇော်လွင်ကြီး ကျွန်မရိုက်ချင် တယ်၊ ဘာညာဆိုတော့ မဟုတ်ဘူး ငှားလည်းငှားပြီးသားပါ။ ကျွန်မမှာ အတင်းကိုပြောရတာ။ အစ်ကို ငှားပြီးသားဖြစ်နေပြီ ဘာညာဆိုတော့ မရဘူး။ နင် ငါ့ကို ငါပြောတဲ့ဟာကို နင် ရအောင်ရိုက်ရမယ် ဘာညာဆိုတော့ ကျွန်မ မှာ အတင်းသွားပြီးတော့ မနည်းကိုတောင်းပန်ရတယ်။ သူတို့လည်း သနား လာတယ်ထင်ပါရဲ့ ကြည့်ရတာ၊ အဲဒါနဲ့ ကဲ... ရိုက်ကြမယ်ဆိုပြီးတော့ ကိုဇော်လွင်ကိုလည်း ကိုယ်က ထောက်ပံ့ပြီးတော့လေ ဒီကားဖြစ်မြောက် ရေးအတွက်ကို ရှုတင်စရိတ်တွေ ဘာတွေတောင် တစ်ခါတလေ စိုက်ရသေး တယ်။ အဲလိုမျိုးပေါ့၊ အဲလိုမျိုးနဲ့ ရိုက်ဖြစ် သွားတာ။ အဲဒီမှာပဲ ကာရိုက်တာကို ရသွားတာပေါ့။ ပထမတုန်းကတော့ အစစ အဲဒါလေးတွေပဲ။

**သူက အငြိမ်နော်။**

အဲဒါကို ရအောင်ရိုက်ခိုင်းရတာ။

**သူက အငြိမ်ကာရိုက်တာ။ ပြီးတော့မှ အဲဒီကားနဲ့ပဲ သုမောင် မင်းသားဖြစ်သွားတာ။**

ဟုတ်တယ်။

**ဦးဇော်လွင်ရယ်၊ သုမောင်ရယ်။**

ဟုတ်တယ်။

အဲဒီမှာ မချို တအားအောင်မြင်ခဲ့တဲ့ကား၊ "နှောင်းတမြေ့မြေ့" ပေါ့နော်။

ဟုတ်တယ်။

နောက်ထပ် အောင်မြင်တဲ့ကားတွေ ပြောပြပါဦး။

ကားတွေကတော့ တော်တော်များများလေး အဲဒီခေတ်က အောင်မြင်ပါတယ်။ မွန်းတည့်ချိန်တွင် နေဝင်သည်တို့၊ ပတ်ဝန်းကျင်ကို စိန်ခေါ်မယ်၊ နောက်ပြီးတော့ လေရူးသုန်သုန်၊ အမေ့ခြေရာ၊ အမေ့နို့ဖိုး စသဖြင့်ပေါ့လေ။ ကားကလည်း အရမ်းများတယ်လေ ရိုက်ရတာ။ အဲဒီတော့ တော်တော်များများ ကျန်ပါတယ်။

ကားတွေရိုက်ရတော့ မချိုရယ် အခုမင်းသမီးတွေလည်း အဲဒီလိုပဲ မချိုတို့နေရာကို ရောက်လာပြီး ရိုက်လာကြတာပေါ့။ ရိုက်နေကြပေမဲ့ တင်ကျန်ရစ်တယ်ဆိုတဲ့ ကားက တော်တော်လေးရှားတယ်။ မချိုဆိုရင်တော့ တင်ကျန်ရစ်တဲ့ကားတွေ အများကြီး တန်းစီပြောလို့ရတယ်။ "အမေ့ ခြေရာ"ဆိုရင် ဒါ အားလုံးက မျက်ရည်ကျရတဲ့ ကားတစ်ကားပေါ့။ ဒွေးနဲ့ရိုက်ခဲ့တဲ့ကား။ အကယ်ဒမီလည်း ရခဲ့တယ်။

ဟုတ်ကဲ့။

အကယ်ဒမီရတဲ့ကားတွေ ကျွန်တော်တို့ ပြောကြည့်ရအောင်။

ဦးသုခကား အရင်ဆုံးရတယ် ချစ်အမျှ၊ မွန်းတည့်ချိန်၊ ပြီးတော့ အမေ့ခြေရာ၊ အမေ့နို့ဖိုး။

လေးကား။

လေးကား၊ ဟုတ်ကဲ့။

လေးထပ်ကွမ်း အကယ်ဒမီ ဒေါ်ချိုပြီး။ ကျွန်တော်တို့ "ချစ်အမျှ"တုန်းကလည်း ကာရိုက်ကာက မချို ခပ်ပေါ့ပေါ့လေးလုပ်ရတဲ့ ကာရိုက်တာ။

ဟုတ်ကဲ့ ခပ်ပေါ့ပေါ့လေး။

ဒေါ်ခင်ယုမေက သူက အငြိမ်ပေါ့နော်။

ဟုတ်တယ်။

ဒါပေမဲ့လည်း OK ကောင်းနေတာပဲ။ အံဝင်ခွင်ကျဖြစ်နေတာပဲ။ ကလေး အမေပေမဲ့လို့ ဖျတ်ဖျတ်လတ်လတ် သွက်သွက်လက်လက် လုပ်နိုင်တဲ့အချိန်ဖြစ်သေးတယ်။ "အမေ့ခြေရာ"ကတော့ ပြောမနေနဲ့။ "အမေ့

နို့ဖိုး"ကျတော့ ကိုယ်က Supporting ဖြစ်သွားပြီ။ အဲဒီတော့ ဒီလိုမှတ်တမ်းဝင်တဲ့ ကားတွေ အများကြီး မချို ရိုက်ခဲ့တယ်။ အခုတစ်ခါကျတော့ အမေခန်းတွေ၊ အဘွားခန်းတွေ ရောက်လာပြီ။ ဘာပဲဖြစ်ဖြစ် ရတဲ့နေရာမှာ ရအောင်၊ ရတဲ့အပိုင်းကို ပိုင်နိုင်အောင် မချို လုပ်ခဲ့ပြီးပြီ။ အခု ကားရိုက်တော်တော် ကျဲသွားတယ်။ မချိုကိုယ်တိုင်က ကျဲတာလား၊ သို့တည်းမဟုတ် ကျဲသွားတာလား။

ကျွန်မက ကျဲတာတော့မဟုတ်ဘူး။ တစ်ခုတော့ရှိပါတယ်။ အသက်အရွယ်အရလည်း ဖြစ်ချင်လည်း ဖြစ်နိုင်ပါတယ်၊ နောက်တစ်ခုကလည်း ဒီဟို... ဟိုးတစ်လောလေးက ဟာသကားတွေ တအားရိုက်ကြတာလေ။ အဲဒီဟာသကားတွေ ကျွန်မ မရိုက်ဘူး။ ကျွန်မ မရိုက်တော့ ဘေးကိုရောက်သွားတယ်။ ဒါအမှန်အတိုင်းပြောတာပါလေ။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်က ရယ်စရာကားတော့ ရိုက်ချင်ပါတယ်၊ ဟာသကားတော့ ကျွန်မ မရိုက်ချင်ဘူး။ ရယ်စရာကတော့ ရိုက်တယ်။ တစ်ခါတလေ ကိုကျော်ရဲအောင်နဲ့ ဘာနဲ့ ဟိုဟာဖြစ်တဲ့ အရက်သောက်တဲ့သားပုံ၊ အမေနဲ့ပုံလေးတွေ ဒါလေးတွေ ရိုက်ဖူးပါတယ်။ နောက် တခြား ရယ်စရာလေးတွေလည်း ရယ်စရာ ရိုက်ပါတယ်။ ဒါပေမဲ့ ဟာသကြီးသက်သက်နဲ့ မဲ့ရွဲ့တာတော့ မလုပ်ချင်တော့ ကျွန်မကို မခေါ်ကြတော့ဘူးပေါ့။ ခေါ်လည်း မရိုက်ဘူးလေ၊ အဲဒီလိုဖြစ်တယ်။ နောက်တစ်ခုကလည်း သီချင်းဆိုတာ ကျွန်မကများတယ် ကိုဝင်းငြိမ်းရယ်။ ဟိုဟာပေါ့၊ ဘယ်လိုခေါ်မလဲ။ ဟိုဟာ မင်္ဂလာဆောင်တွေမှာ အခါတော်တွေဆိုတယ်။ အဲဒါလည်း ဟာသကားတွေ ကျဲသွားတဲ့ ကျွန်မ၊ မရိုက်တော့ ကားရိုက်တွေ ကျဲသွားတဲ့အခါကျတော့ ကျွန်မ သီချင်းဆိုတဲ့ ဘက်ကို လှည့်သွားတယ်။ ကိုယ်ကလည်း အရမ်းဝါသနာပါတော့လေ။ ဆိုတော့ လှည့်လိုက်တဲ့အခါကျတော့ အဲဒီမှာ အချိန်တွေက ပေးရပြန်ရော။ ပေးရတော့ သူတို့က မြန်မာပြည်ကလည်းတစ်မျိုး၊ အသက်ကြီးလို့ရှိရင် သူတို့က ညှိမပေးချင်တော့ဘူး။ ဒါကတော့ ရှင်းရှင်း ရိုးရိုးလေး တကယ်ပြောတာ။ နိုင်ငံခြားမှာကတော့ အသက်ကြီးသွားလေ၊ အသက်ကြီးသွားလေ တန်ဖိုးရှိလေပဲ။ ဒါပေမဲ့ ဒီမှာက အသက်ကြီးသွားရလို့ရှိရင် သူတို့က ညှိမပေးချင်တော့ဘူး။ အခုလော လောဆယ်ကိုပဲ ကျွန်မ ကားတစ်ကားနဲ့ ငြိတယ်။ အခု လောလောဆယ် ရုပ်ရှင်ကား ကြီးတစ်ကား ငြိတယ်။ နှစ်ရက်ပဲငြိတယ်။ အဲဒါကို ရုပ်ရှင်ကားကြီးက ကျွန်မကို ညှိမပေးဘူး။ အမှန်တော့ သူတို့ပြီးသွား

ပြီ အဲဒီရက်ကို ပြီးတယ်။ သို့သော် သူတို့ ညှိမပေးဘူး။ ဒါ တော်တော် စိတ်မကောင်းစရာပေါ့နော်။ အဲဒါကို အဲလိုဖြစ်သွားတော့ သူတို့က ညှိမပေး ဘူး။ မင်းသမီး မင်းသားပဲ။ သူတို့က Supporting တစ်ယောက်ရဲ့ တန်ဖိုးကို မသိကြဘူးလေ။ ကျွန်မတို့ကတော့ သိတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မ တို့က ဦးသုခ၊ ဦးဝင်းဦး စသဖြင့် ဒီလို ဆရာကြီးတွေရဲ့ လက်ထွက်ဆိုတော့ Supporting တစ်ယောက်ရဲ့ တန်ဖိုးက ဘာလဲဆိုတာ ကျွန်မတို့က သိတယ်။ ဒါပေမဲ့ သူတို့က အဲဒီလို လက်မခံတော့ဘူး။ ဆိုတော့ အဲဒီလို ညှိမပေးတာ လည်း ပါတော့ အကြောင်းကြောင်းကြောင့်တွေပေ့ါ။ တကယ်လို့ ငါကပဲ့ ငါ့ကို စနေ၊ တနင်္ဂနွေ နှစ်ရက်လေးတော့ ပြန်ပေးပါ။ စနေ၊ တနင်္ဂနွေမှာပဲ မင်္ဂလာဆောင်က ရှိတယ်ဆိုတော့။ ကိုယ်လည်း အလုပ်မပျက်ဘူး၊ သူလည်း အလုပ်မပျက်ဘူး။ မပေးကြဘူး။ အဲဒီလို မပေးကြဘူး။ မပေးချင်ကြဘူးပေါ့။ အဲလိုမျိုးဆိုတော့ စဉ်းစားလိုက်တယ်လေ ကိုဝင်းငြိမ်း၊ ကိုယ်လည်း နည်း နည်း အသက်ကြီးလာပြီ။ အသက်ကြီးလာပြီဆိုတော့ ပင်ပင်ပန်းပန်း လုပ်ရ တာထက်စာရင် ပရိသတ်နဲ့ ဒီလို တိုက်ရိုက်တွေ့နေတဲ့ မင်္ဂလာဆောင် အဆို လေးက ကျက်သရေရှိတယ်လို့ ပိုထင်သွားတာ။ ဒီလိုပဲ သူတို့ရဲ့ ထွက်လာတဲ့ သတို့သမီး၊ သတို့သားတို့ကို မေတ္တာပို့ပြီးတော့ အိုအောင်မင်းအောင် ပေါင်း ရပါစေဆိုတဲ့ စိတ်ကလေးနဲ့၊ အဲဒီစိတ်ကလေးနဲ့ ဆိုနေရတာ ပိုကောင်းပါ တယ်လေ။ ပိုက်ဆံကတော့ မတူဘူးပေါ့၊ ရတာချင်းက အရမ်းကွာတာပေါ့။ သို့သော်လည်း စိတ်ချမ်းသာတာချင်းကျတော့ မတူဘူး။ သူတို့ကိုလည်း ကျွန်မ ပြောတယ်။ ငါ့ကို ကားရိုက်ကြပါ၊ ငါလေ ရုပ်ရှင်အဖွဲ့သားတွေနဲ့ နေပြီးတော့ စားကြ၊ ပျော်ကြ အဲဒါဖြစ်ချင်တယ်။ အသက်ကြီးလာတော့ ကိုဝင်းငြိမ်း Lonely life ကို အရွေးနည်းလာတာလေ။ အဲဒီလိုဖြစ်ချင်တယ်။ ဒါပေမဲ့လို့ မခေါ်ကြတော့ဘူး၊ လူတော်တော်များများက မခေါ်ကြတော့ဘူး။ အဲဒီတော့ ကျွန်မက ဘေးကြီးကိုရောက်လို့။ အဲဒီလိုဖြစ်သွားတယ်။

**အဲဒီတော့ မချိုက သရုပ်ဆောင်အလုပ်အပြင် သီချင်းဆိုတဲ့ အလုပ်လည်း ရှိသေးတာပေါ့။ သီချင်းဆိုတဲ့အပိုင်း ကျွန်တော်ပြောချင် တယ်။ ပထမပြောချင်တာ ရေဒီယိုသီချင်းပေါ့။ ရေဒီယိုသီချင်းကတော့ ဟိုတုန်းကခေါ်ကြတဲ့ ရေဒီယိုသီချင်းပေါ့နော်။ "ဘဝချင်းဆုံတွေ့ပါရ စေ"။ မချို အရမ်းကို အောင်မြင်ခဲ့တဲ့ သီချင်းပေါ့နော်။ အဲဒီသီချင်းဆို တဲ့ အချိန်တုန်းက မချို အသက်ဘယ်လောက်လောက်ရှိပြီလဲ။**

ကျွန်မစိတ်ထင် ၁၅ နှစ်လောက်ပဲ ရှိမယ်။ ကျွန်မ အိမ်ထောင်ကျတော့ သတင်းစာတွေထဲမှာ ရေးတာလေ၊ ကျွန်မ အဲဒါကို မှတ်မိတာ။ "ဘဝချင်းဆုံချင်သူကလေး ဆုံသွားပြီ"လို့ ခေါင်းစဉ်နဲ့ သူတို့သတင်းတွေ ရေးကြတယ်။ ကျွန်မက ၁၇ နှစ်လောက်မှာ အိမ်ထောင်ကျတာဆိုတော့ အဲဒီရှေ့ပိုင်းမှာ ဆိုတာပဲ။

**တော်တော်ကြီးကို မြန်မာပြည်တစ်ပြည်လုံးမှာ Hits ဖြစ်ခဲ့တဲ့ သီချင်း။ "ဘဝချင်းဆုံတွေ့ပါရစေ"၊ "တမာလမ်းကိုပြန်ခဲ့ပါ"၊ "ပန်းပိတောက်တို့ ကြွေရာမြေ"၊ "တက္ကသိုလ်ကျောင်းက ငွေလမင်း"။ ရေဒီယိုမှာပေါ့ အများကြီးပဲ နာမည်ကြီးတာတွေရှိတယ်။ "မောင့်အချစ်မြား"က "မလိခချစ်သူ" ရုပ်ရှင်ဓာတ်ကားများမှာ နောက်ခံတေးအဖြစ်နဲ့ ဆိုခဲ့တယ်။ နောက် ဒေါ်မာမာအေးအလှည့်ကျတော့ ထပ်ဖြည့်ပြီး ဓာတ်ပြားပြန်ဆိုတယ်ပေါ့နော်။ တကယ့်တကယ်က "မောင့်အချစ်မြား"က မချိုစ,ဆိုတာပေါ့နော်။**

ဟုတ်တယ်။ ကျွန်မ အရင်စ,ဆိုတာ။

**"မောင့်အချစ်မြား"လည်း ဒါလည်း ပေါက်တဲ့သီချင်းတစ်ပုဒ်ပေါ့။ အခုကျတော့ အဲဒီလို ရေဒီယိုသီချင်းထဲက ပေါက်တဲ့သီချင်းကို ကျွန်တော်တို့ပဲ မကြားဖူးတော့တာလား မပြောတတ်ဘူး မရှိတာလား၊ မကြားဖူးတော့တာလား။**

ဟုတ်တယ် မရှိတော့သလိုပဲ စိတ်ထဲမှာ။ အခုကလည်း သူတို့ကလည်း ကလေးတွေကလည်း ရေဒီယိုမှာသွားဆိုရတာထက်စာရင်တော့ စီးရီးလေးသွင်းလိုက်ရတာက ပြန်ဆိုလို့လည်းရတယ်၊ တစ်ခွန်းတည်းလည်း ဆိုလို့ရတယ်၊ တစ်လုံးတည်းလည်း သွင်းလို့ရတယ်ဆိုတဲ့ လွတ်လပ်မှုလေးတွေလည်း ရှိတယ်ပေါ့နော်။ အဲဒီလိုလေး ဆိုတယ်လို့တော့ ထင်တယ်။

**အခုကျတော့ အဲဒါက မရှိတော့ဘူး။ ရေဒီယိုမှာ အဲဒါမရှိတော့ဘူး။ ရေဒီယိုဆိုတာရော ရှိသေးရဲ့လားလို့ ပြန်စဉ်းစားမိတယ်။**

ဟုတ်တယ်။ ကျွန်မတို့ ရေဒီယိုလာမယ်ဆိုရင် ရေဒီယိုရှေ့မှာထိုင်ပြီးတော့ တစ်မိသားစုလုံး နားထောင်ရတာလေ၊ အဲဒီလို။

**အဲဒီလို တကယ့်ကို စွဲစွဲလမ်းလမ်း ရေဒီယိုသီချင်းတွေ အများကြီး ရှိခဲ့ပါတယ်။ စတီရီယိုသီချင်းဆိုရင်လည်း မချိုနဲ့ ပတ်သက်တဲ့တာ အများကြီးရှိတယ်။ တကယ့်ကို ခေတ်ဆန်ဆန်နဲ့ ဆိုခဲ့တဲ့ ဆရာ ပုဏ္ဏက**

ရေးတဲ့ "သီချင်းတွေဆိုတဲ့မချို၊ ဘိုင်စကုတ်မင်းသမီး မချို"။ နောက်တစ်ခုက ကျွန်တော် အမှတ်မမှားဘူးဆိုလို့ရင် ကိုထွန်းနောင် ရေးတာထင်တယ်။ "မိုးရေချိန်လက်မ ၃၀၀" အရမ်းကောင်းတယ်။ မချိုရဲ့ Like လို့လည်း ပြောလို့ရတယ်။

ကြည့် ကြည့်ရေးတာပဲလေ၊ ဟုတ်တယ်။

အရမ်းကောင်းခဲ့တယ်။ အဲဒီတုန်းကတော့ "သူငယ်ချင်း မောင်ဘဦး"တို့ ဘာတို့ ညာတို့ စီးရီးလိုက်တွေ ရှိခဲ့ကြတယ်။ အခုကျတော့ အဲဒီလိုအောင်မြင်တဲ့ စီးရီးတွေလည်း သိပ်မရှိတော့ဘူး။

ဒီခေတ်က တကယ်တော့ ဟို အရမ်းဝမ်းနည်းဖို့ကောင်းတယ် သိလား။ ကျွန်မ စိတ်မကောင်းဘူး။ ကျွန်မတို့ခေတ်တုန်းကဆို အဲဒီလို စီးရီးတစ်ခုသွင်းပြီဆိုရင် တစ်ပုဒ် နှစ်ပုဒ်လောက် ပေါက်သွားရင် တစ်သက်လုံးအတွက် အောင်မြင်တယ်ပေါ့။ အခုကကျတော့ မကောင်းဘူးလားဆိုတော့ ကောင်းလည်း ကောင်းကြတယ် သိလား။ ဒါပေမဲ့ သူတို့မပေါက်ဘူး။ အဲဒါ ဘာဖြစ်လို့လဲ မသိဘူး။

ကျွန်တော်တို့တုန်းကဆို အဲဒီလိုမျိုး တစ်ပုဒ်ကောင်း နှစ်ပုဒ်ကောင်း ပါလာရင် ပေါက်တာပဲ။

ကျွန်မဆို အဲဒီစီးရီးထဲမှာဆိုရင် "သူငယ်ချင်းမောင်ဘဦး" ပေါက်တယ်၊ "ဘိုင်စကုတ်မင်းသမီးမချို" ပေါက်တယ်၊ "လူကြီးမင်းများ လက်ခုပ်တီးပါ" စီးရီးထဲမှာ အကုန်လုံး သုံး၊လေးပုဒ်လောက်ပေါက်တယ်၊ အဲဒီလို။

ဒါပေမဲ့ အခု အဲဒီလိုမျိုး မရှိတော့ဘူး။ ဘယ်လိုဖြစ်လို့လဲတော့ မပြောတတ်ဘူး။

မသိဘူး၊ မပြောတော့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ လိုက်လို့လည်း မမီတော့ဘူး သိလား။ နောက် ဆိုပေါက်တွေလည်း တူတယ်လို့ ကျွန်မထင်တယ်၊ ကလေးတွေက။ ကလေးတွေဆိုတဲ့ သီချင်းတွေဆိုတဲ့ ဆိုပေါက်က အသံပေါ့၊ ကီးနဲ့ အသံသာ နည်းနည်းလွဲသွားမယ် စတိုင်တွေက တူတယ်။ အဲဒီလို မကွဲဘူး၊ မကွဲခြားဘူး။

မချို ပရိုဂျူဆာ လုပ်ခဲ့သေးတယ်နော်။

ဟုတ်ကဲ့။

ပရိုဂျူဆာလုပ်တယ်ဆိုတာ ဆရာမ ဂျူး‌ရဲ့ "ကြွေမွသွားသော တိမ်တိုက်များ"။ အဲဒီ "ကြွေမွသွားသောတိမ်တိုက်များ"ကို ဘာကြောင့်

**ပရိဂျူဆာ လုပ်ခဲ့ချင်တာလဲ။**

အဲဒါကလေ ပထမတုန်းကတော့ ကျွန်မလည်း အမှတ်တမဲ့ပဲ။ ဂျူး ဝတ္ထုတွေကိုတော့ ဖတ်ပါတယ် အမြဲတမ်း။ ဒါပေမဲ့ သမီးငယ်လေး အိဘုတ်ကလေးက သူက အဲဒီဝတ္ထုလေးဖတ်ပြီးတော့ မေမေရိုက်ပါတဲ့ အဲဒါကို ဆိုပြီးတော့ သူက ဝယ်လိုက်တာ။ အဲဒီဝတ္ထုကို သူကဝယ်လိုက်တာ။ ဝယ်လိုက်ပြီးတော့ ရိုက်ခိုင်းတာ။ ပထမ ကိုယ်လည်း သာမန်ကာလျှံကာပဲ လေ။ ဒါပေမဲ့ ရိုက်ဖို့ သေချာဖတ်လိုက်တဲ့အခါကျတော့ ဒါကတော့ တော်တော်ဆိုး တဲ့အခန်းပဲလေ။ ဒါပေမဲ့ ကိုယ့်ကိုယ်ကို ယုံကြည်ပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ ဒါ ရုပ်ရှင်ဆိုတာက ကိုယ် ဝင်ကစွပ်လို ကိုယ်စားပြု ရတာပဲ ကိုဝင်းငြိမ်းရယ် ဟုတ်တယ်မလား။ သရုပ်ဆောင်ရတာပေါ့နော်၊ တူအောင် သရုပ်ဆောင်ရတာပေါ့။ တကယ်တော့ မဟုတ်ဘူးလေ။ တူအောင် သရုပ်ဆောင်ရတဲ့ နေရာလေးမှာ ဒီနေရာလေးကိုတော့ ဆန်းပြားတယ်လို့ ထင်လိုက်တယ်။ တကယ်လည်း ဆန်းဆန်းပြားပြားလေးပဲ ဒီဟို...ဉစ္စာ။ မဆိုးပါဘူး၊ ကားလေးလည်း အောင်မြင်ပါတယ်။ သမီးရဲ့အလိုကို လိုက်ရင်း နဲ့ ရိုက်လိုက် တဲ့သဘောပါပဲ။ ဒါပေမဲ့ ရိုက်ရင်း ရိုက်ရင်းနဲ့ ကြိုက်သွားတယ်။ ဘာဖြစ်လို့ဆို လူတစ်ယောက်က လူတစ်ယောက်ကို ချစ်လာပြီဆိုရင် ဘာကို မှ မမှုတော့တာနော်၊ ကြောက်စရာကြီးနော်။ အဲဒါကြီးကို ပြရတာကို ကြိုက်တယ်။ သဘောကျတယ်။

**ချိုပြုံးက ချစ်တတ်တယ်ဆိုတာ ကျွန်တော်သိတယ်လေ။** ကြီးသွားပြီ အခုတော့။

**အဲဒီတော့ မချိုရေ ဟို ကာရိုက်တာဆိုပါစို့ ပြောရရင် ဇာတ် တစ်ပုဒ်ကို လာပြတယ်။ လာပြတဲ့အခါကျရင် ကိုယ်က ပရိသတ်မကြိုက် လောက်မယ့် ကာရိုက်တာပေါ့နော်။ သို့သော် လုပ်ရဆိုရင်တော့ လုပ် လို့ရမယ့်ဟာမျိုးဆို ပရိသတ်ကြိုက်ခြင်း၊ မကြိုက်ခြင်းနဲ့ ကိုယ်လုပ်နိုင် ခွင့် ရှိခြင်း မရှိခြင်း ဘယ်ဟာကိုရွေးမလဲ။**

ကျွန်မက ပရိသတ်ကြိုက်တယ်ဆိုတာက ပရိသတ်က ကိုယ်လုပ် တဲ့ဟာပေါ့နော် သူတို့ပေါ်မှာ စေတနာပါရင် လူဆိုးခန်းဖြစ်ဖြစ်၊ လူမိုက်ခန်း ဖြစ်ဖြစ် ကြိုက်ကြပါတယ်။ **မွန်းတည့်ချိန်တွင် နေဝင်သည်**ဆို ဘယ်လိုလုပ် မလဲ ကျွန်မ၊ ဟုတ်တယ်မလား။ ဒါကလည်း ဒီလိုပဲ၊ ဒီကားလည်း အကယ် ဒမီရတယ်။ နောက်တစ်ခုက **ချစ်အမျှ**လည်း ကျွန်မ လင်ကြီးနောက်ကနေ

လင်ငယ်နောက်ကို လိုက်ပြေးတာနော်။ သေတဲ့အထိ မိုက်သွားတာနော်၊ ဒါပေမဲ့ ကြိုက်ကြတယ် လူတွေက။ ကျွန်မယုံတယ်။ ဘာဖြစ်လို့ဆို ပရိသတ်ကို ကျွန်မ အရမ်း စေတနာထားတယ်။ သူတို့ကိုပေးရမယ့် မက်ဆေ့ချ်ကို ကျွန်မ ရအောင်ပေးတယ်။ ဒါက အဓိကပဲ။ သူတို့ကလည်း ကိုယ့်ကို နားလည်တယ်။ **မွန်းတည့်ချိန်**ရိုက်တယ်၊ မမ ခင်သန်းနုကြီးနဲ့ ရိုက်တုန်းကလည်း **သမီးရှင်** ဆိုရင် ကျွန်မ တစ်ခန်း နှစ်ခန်းလေးပဲ ပါရတာ။ အဲဒီတုန်းက ခေတ်ပြိုင်မင်းသမီးတွေပဲ။ ဒါပေမဲ့ ဒီလိုပဲရတယ်၊ ပါလိုက်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်ပေးချင်တဲ့ဟာလေးကို ရအောင်ပေးလိုက်မယ် ဆိုတဲ့ သဘောပါ အဲလိုပဲ။ သူတို့ကိုလည်း ယုံတယ်၊ ကိုယ့်ကိုယ်ကိုလည်း ယုံတယ်။

**ဦးကျော်ဟိန်းနဲ့ ရိုက်ခဲ့တဲ့ "ကျီးယောင်ဆောင်သောဒေါင်း" မှာ မကောင်းတဲ့ မိန်းမဖြစ်သလို "မွန်းတည့်ချိန်တွင် နေဝင်သည်"မှာလည်း ဒီလိုပဲ သရုပ်ဆောင်ရတာပဲ။ အဲဒီတော့ ဒီလိုချည်း သရုပ်ဆောင်လိုက်လို့ ပရိသတ်က အမြင်စောင်းသွားမှာ ဆိုတာမျိုးများ မစဉ်းစားမိဘူးလား။**

တချို့လူတွေကတော့ ပြောပါတယ်၊ အဲဒီတုန်းကတော့ ကျွန်မတို့က မင်းသမီးပေါ့နော်၊ မင်းသမီးခေတ်ပေါ့နော်။ ဟာ မရိုက်သင့်ဘူးတို့ ဘာတို့ ကျွန်မ အရေးမစိုက်ဘူး။ ကိုကျော်ဟိန်းဆိုရင်လည်း ကျွန်မကို ခဏခဏပြောတယ်။ **မွန်းတည့်ချိန်** ရိုက်ဖို့ကို သူ ခဏခဏလာပြောတယ်။ သူငယ်ချင်း နင် ပင်ပန်းတယ် မပြောနဲ့လို့ ရိုက်ပေးမယ်လို့။ ဘာလို့ဆို သူကတော့ ရိုက်တာရိုးရိုးကို မဟုတ်သေးဘူး။ အဲဒီကားထဲမှာ ထူးခြားတာ ကျွန်မ အသံဆုရတယ်လေ။ အသံနဲ့ ဆုရသေးတယ်။ အကယ်ဒမီမှာ အသံလည်းပါတယ်။ အဲဒီလို သူက ဒီမိန်းကလေးတွေရဲ့ အသံ ချိုရီကေတဲ့။ သူက ကျွန်မကို ချိုရီကေလို့ခေါ်တယ်။ အဲဒါ **ကျီးယောင်ဆောင်သောဒေါင်း**တုန်းက ကျွန်မနာမည်က ချိုရီတဲ့။ အဲဒါ သူက ချိုရီကေ ချိုရီကေနဲ့ လှမ်းလှမ်းခေါ်တာ။ အဲဒါလေးကို အခု သူ ဘုန်းကြီးဝတ်သွားတဲ့အထိ ကျွန်မကို ခေါ်တုန်း။ ခေါ်ချိုရီကေလို့ ခေါ်တယ်။ ချိုရီကေ မပူပါနဲ့တဲ့၊ ငါလိုက်ပြမယ်၊ တို့လိုက်ပြ ပါမယ်တဲ့။ သူတို့ရဲ့ အသံလေးကို ဒီမကောင်းတဲ့ မိန်းကလေးတွေရဲ့ သူတို့ရုပ်ကို မမြင်ရသေးခင် သူတို့ရဲ့အသံလေးတွေကို Notice ဖြစ်အောင် ပြောတတ်ကြတယ်တဲ့။ အဲဒီလိုမျိုးပေါ့နော်။ အဲဒီ ခပ်စွာစွာ

အသံလေးတွေကို ကျွန်မတို့ ပန်းဆိုးတန်းမှာ သွားပြီးတော့ နားထောင်ရတာ။ ကိုကျော်ဟိန်းကြီးက နားထောင်ခိုင်းတာ အဲဒီလို။ အဲလို ထူးထူးခြားခြားလေး နဲ့ပေါ့နော်၊ အဲလိုမျိုးလေးနဲ့ သွားနားထောင်ရင်းနဲ့ ရိုက်တာ။ ဒီကားရိုက်တော့ လည်း တချို့လူတွေကတော့ အရမ်းပေါ့ မရိုက်သင့်ဘူးပေါ့ ဘာညာ။ အရမ်းတက်နေတဲ့အချိန်မှာ။ နောက် သူက ကားတစ်ကားကို သူတို့က ကား ရဲ့ Superstitious ဖြစ်တာပေါ့ ကိုဝင်းငြိမ်းရယ်။ **မွန်းတည့်ချိန်တွင် နေဝင် သည်** နင်နဲ့ ကျော်ဟိန်းက မွန်းတည့်သလိုဖြစ်နေတဲ့အချိန်မှာ ဘာလို့ နေဝင်ခံမှာလဲပေါ့ အဲဒါလေးလည်း ရှိသေးတယ်။ ဒါပေမဲ့ ကျွန်မက အဲဒါတွေ ကို ဂရုမစိုက်ဘူး ရိုက်လိုက်တာပါပဲ။ ဒါပေမဲ့ ကောင်းသွားတာပဲ၊ အောင်မြင် တာပဲ။ ပြီးတော့လည်း ကျွန်မတို့ နေမဝင်ဘူးလေ။ အဲဒီလို အယူမရှိပါဘူး၊ အယူသီးကြတယ်။ တချို့ကလည်း ရုပ်ရှင်တွေကလည်း စီးတယ်လေ၊ တချို့ က အဲဒီလိုဖြစ်တတ်ကြတယ်လေ။ အဲဒီလို ရိုက်ဖြစ်တာပါ။

**ဘဘဦးသုခနဲ့ ပတ်သက်တာလေး ပြောချင်ပါသေးတယ်။ ဘဘဦးသုခက တကယ်တကယ့်ကျတော့ မချိုတို့နဲ့ "ရဟန်းမစားရသော ဆွမ်းတစ်နပ်" ရိုက်တဲ့အချိန် မျက်စိက ကောင်းကောင်းမမြင်တော့ဘူး။ ဒါပေမဲ့ သူအမြဲပြောလေ့ရှိတာကို ကျွန်တော် မှတ်မိတယ်။ အသံမှန်လို့ ရှိရင် အိုက်တင်မှန်တယ်တဲ့ ဆိုပြီးတော့။ မချို ရိုက်ခဲ့တဲ့ "ရဟန်းမစားရ သော ဆွမ်းတစ်နပ်" အဲဒီကားမှာဆိုရင် ဦးဇော်လင်းနဲ့ တွဲပြီးတော့ သရုပ်ဆောင်ခဲ့တယ်။ ဘဘနဲ့ပတ်သက်တဲ့ မချိုဆီမှာ အမှတ်တရလေး တွေ ဘာများရှိဦးမလဲမသိဘူး။**

ကျွန်မ အဲဒီ ဘဘနဲ့ပတ်သက်တဲ့ အမှတ်တရဆိုတော့ ဘဘဆီမှာ အကြာကြီးလေ။ သူက ကားတစ်ကား ရိုက်တော့မယ်ဆိုရင် ကျွန်မရယ်၊ ဇော်လင်းရယ်၊ နောက် မြတ်သစ်ရယ်၊ မောင်လှမျိုးလား... သူ အဲဒီလေး ယောက်ကို အမြဲခေါ်တယ်။ ခေါ်ပြီးတော့ သူ့အိမ်မှာ ဇာတ်ရဲ့ကျောရိုး အကုန်လုံး ဇာတ်လမ်းအစ၊ ဇာတ်ကွက်အစ အကုန်ပြောပြတယ်။ အဲဒီမှာ တင် ငိုစရာရှိရင် ငိုမိနေပြီ။ ဘဘက သိပ်ပြောတာဆိုတာ ကောင်းတာပဲ သိလား။ အဲဒီလိုဖြစ်နေပြီ။ ကိုယ် အဲဒီထဲကို ဝင်ကိုသွားတာ၊ စီးမျောသွားတာ တစ်ခါ တည်း အဲဒီလိုမျိုးလုပ်တယ်။ ပြီးတော့ အဲလိုရိုက်တဲ့အချိန်မှာ သူ ခုန ကိုဝင်းငြိမ်းပြောသလို သူ မျက်စိမမြင်တော့ဘူး။ မမြင်တော့ အသံကိုပဲ နားထောင်တယ်။ နားထောင်ပြီးတော့ ဟဲ့ ရပ် ရပ် ကောင်မ၊ မင်း အကယ်

ဒမီလားဟင်၊ စောက်သုံးမကျတဲ့ကောင်မ ဆဲသေးတာ။ ပြန်လုပ် စောက်အသံက မမှန်ဘဲနဲ့ဆိုပြီး အဲဒီလို အဆဲခံရတာ။ အဲဒါ မျက်လုံးမမြင်ဘဲနဲ့ ရိုက်တာ။ အဲဒီတော့ သူ့ဆီမှာလေ အဲဒီစကားကို အဖိ၊ အဖွ၊ အဖွင့် ပြောတတ်တာတွေ၊ လေးရမယ့်နေရာတွေ လေးသွားအောင်၊ ပေါ့ရမယ့်နေရာ ပေါ့သွားအောင် ပေါ့ရွှတ်ရွှတ်တွေ။ "ကိုကို"ဆိုတာကို ကျွန်မကို ခုနစ်မျိုးလောက် ခေါ်ခိုင်းတာလေ၊ အဲဒီလိုမျိုးတွေ။ ဆိုတော့ အဲဒါမျိုးတွေ ကျွန်မ သင်ခဲ့ရပြီ၊ ဆိုတော့ တန်ဖိုးမဖြတ်နိုင်ဘူးပေါ့။ အဲဒါကြောင့် အခု ကလေးတွေ ကျွန်မကို သင်ခိုင်းတာ။ ဒါသင်ပေးပါ၊ ဒါသင်ပေးပါ။ ငါ အိုက်တင်တွေ မသင်တတ်ဘူး၊ ငါလည်း မသင်ခဲ့ရဘူး။ ဒီလိုပဲ အေးအေးလုပ်ဟဲ့ဆို လုပ်လိုက်တာပဲရှိတယ်။ သို့သော် ငါတစ်ခုပြောချင်တာက အသံမှန် အိုက်တင်ကောင်းပါပြီ၊ မှန်ပါပြီ။ ကောင်းတာ မကောင်းတာ ပရိသတ်က ပြောပါလိမ့်မယ်၊ မှန်တာ မမှန်တာ ကိုယ့်အလုပ်ပါ။ အဲဒါကြောင့် ကိုယ်က အမှားအမှန်ပဲ သိအောင်ကြိုးစားပါ။ ကောင်းတာ မကောင်းတာ ပရိသတ်က ပြောမယ်လို့ အဲဒီလိုပဲ သင်ပါတယ်။

**မချို အခုအသက် ၇၂ နှစ်ထဲမှာ ရောက်နေပြီ။ အဲဒီတော့ ကိုယ့်ရဲ့ မျိုးဆက်သစ် ချန်ဖို့၊ ဘာလို့ဆို သမီးတွေက ဝါသနာမပါဘူး၊ သားကလည်း ဝါသနာ မပါဘူး။ မြေးတွေ...။**

မြေးထဲက တစ်ယောက် ဝါသနာပါတယ်။ ကျွန်မ အခု သူ့ကိုလုပ်ပေးမယ်ပေါ့နော်၊ ဝင်းခန့်မိုးလေ။ ဝေလျှံလေ မောင်မောင့်သား။

**ကျွန်တော်တို့ အကယ်ဒမီတုန်းက...။**

ဟုတ်ကဲ့ ရွှေကြိုလုပ်တဲ့ကောင်လေး။ သူကတော့ ဝါသနာလည်းပါတယ်၊ ကြိုးလည်း ကြိုးစားပါတယ်။ သူ့ကိုတော့ လုပ်ပေးဖို့ အစီအစဉ်လုပ်ထားတယ်။ နှမြောစရာ သိပ်ကောင်းတယ်၊ အရမ်းနှမြောတယ်။ အခုခေတ် ဒါရိုက်တာတွေလိုလည်း အလိုမလိုက်ဘူး။ ကျွန်မက ဟိုဟာမှာ **ဩော် မိန်းမ** မှာ သေတ္တာရွက်ပြီးတော့ လာတဲ့ဟာကို အဲဒါကို အဲဒီလောက်လေးအောင်ကို ခဲတွေကိုထည့်တာ။ အဲဒီလို သေတ္တာကို ကိုညွန့်ဝင်းနောက်ကို ဒီဘက်ခြံကနေ ဟိုဘက်ခြံကိုလိုက်တာလေ အဲဒါကို အဲဒီလိုကို ထည့်တာ။ အဲဒီတော့ သူတို့ရဲ့ လေးနက်မှုနဲ့၊ သူတို့ရဲ့ သက်ဝင်မှုတွေက ဒီဘက်ခေတ်နဲ့တော့ ကွာတော့ အရမ်းကွာတယ်။ ကံကောင်းတာက ကျွန်မတို့က မီလိုက်တာပေါ့၊ အဲလို။

**အိုကေ၊ ကျေးဇူးအများကြီးတင်ပါတယ်။ မကြာခင်မှာ ကျွန်တော်တို့ မြန်မာ့ရုပ်ရှင် နှစ်တစ်ရာပြည့်တော့မယ်။ မချိုတို့ ကျွန်တော်တို့ မီလောက်ပါတယ်ဗျာ။**

မီလောက်ပါတယ်၊ မီမှာပါ။ မီလည်း မီချင်ပါတယ်။

**အဲဒီတော့ မြန်မာ့ရုပ်ရှင် နှစ်တစ်ရာအတွက် မချို ဘာများ Wish လုပ်ချင်ပါသလဲ။**

မြန်မာ့ရုပ်ရှင်မှာ ဟိုးရှေးတုန်းကတည်းက ရုပ်ရှင်ဟဲ့လို့ စ,လာကတည်းက နေပြီးတော့မှ ယနေ့ထက်တိုင် လူတွေအားလုံး အားလုံးကလည်း တာဝန် တာဝန်တွေကို ပခုံးပြောင်းပြီး ယူခဲ့ကြတာလေ။ အဲဒီတော့ ဟိုးရှေးခေတ်က ဦးညီပုတို့ ခေတ်ကနေပြီးတော့မှ ဒီဘက် တစ်ဆင့်တစ်ဆင့် လာလိုက်တာ ဒေါ်မြင့်မြင့်ခင်တို့၊ ချိုပြုံးတို့၊ နွဲ့နွဲ့မူတို့၊ စိုးမြတ်သူဇာတို့၊ မို့မို့မြင့်အောင်တို့ ခေတ်ပေါ်နော် အဲဒီလို ကိုယ့်တာဝန် ကိုယ့်သမိုင်းလေးတွေ ရေးကြပြီလေ။ အဲဒီတော့ အခုကလေးတွေလည်း ရုပ်ရှင်နှစ်တစ်ရာကို ကိုယ့် သမိုင်းလေးတွေ ကိုယ်ရေးခဲ့ပြီးတော့ ကြိုဆိုစေချင်ပါတယ်။

***



# အကယ်ဒမီ မေဝင်းမောင်

မင်္ဂလာပါခင်ဗျာ၊ ဒီနေ့ ကျွန်တော်နဲ့ ကမာရွတ်မီဒီယာအဖွဲ့နဲ့ ပူးပေါင်းပြီး **လိပ်ပြာကူး ထူးခြားသူများ** အစီအစဉ်မှာ တွေ့ဆုံမယ့် သူက တော့ အကယ်ဒမီ မေဝင်းမောင် ဖြစ်ပါတယ်။

**မင်္ဂလာပါ မမေ။**

မင်္ဂလာပါ ဦးဝင်းငြိမ်း။

**ဟုတ်၊ ကျွန်တော် ပထမဆုံးမေးချင်တာကတော့ မမေရဲ့ ဖခင် ဖြစ်သူက တပ်မတော်က အရာရှိဖြစ်တယ်နော်။ မမေ ဘယ်လိုကြောင့် အနုပညာနဲ့ နီးစပ်သွားတာလဲ။**

ရုပ်ရှင်က ကျွန်မ ငယ်ငယ်ကတည်းကပေါ့နော်၊ ကျောင်းကပွဲတွေ မှာ အမြဲ ပါဝင်ကပြခဲ့တယ်ဆိုတော့။

**ဟုတ်ကဲ့... ဟုတ်ကဲ့၊ ဟုတ်ကဲ့ပါ။**

ဝါသနာလေးက အမြဲတောက်လျှောက်ရှိနေခဲ့တယ်။ ကြီးလာတော့ လည်း ကျွန်မအမေက မြန်မာ့အသံမှာ သီချင်းတွေဘာတွေ ဆိုပါတယ်။

**ဪ...။**

ဟိုတုန်းက ညိုနွဲ့ ဆိုတဲ့ နာမည်နဲ့ *သနပ်ခါးတုံး* တို့၊ *ဗေဒါပွင့်လေး*

*များရယ် သနားစဖွယ်* တို့ အဲဒီလို သီချင်းလေးတွေ ဆိုတော့ မြန်မာ့အသံမှာ သွားသွားပြီး သီချင်းသွင်းရင် မြန်မာ့အသံက အသစ်ပေါ့နော်။ သူက သူက ဟိုး... မြန်မာ့အသံအဟောင်းကတည်းက ဆိုခဲ့တာ။

**ဟုတ်ကဲ့၊ ဪ... ဝင်ဒါမီယာမှာကတည်းက ဆိုတာပေါ့။**

ဟုတ်ကဲ့၊ ဝင်ဒါမီယာမှာကတည်းက ဆိုခဲ့တာလို့ ကြားဖူးပါတယ်။ နောက်တော့ ကျွန်မတို့ သိလာတဲ့အရွယ်ကျတော့ မော်ဘီလောက်မှာ အဖေက လေထီးသင်တန်းကျောင်းမှာ တာဝန်ထမ်းဆောင်နေတဲ့အချိန်မှာ အမေက ဒီပြည်လမ်းက မြန်မာ့အသံမှာ လာလာပြီး အသံသွင်းတယ်။ ကျွန်မက တော့ တစ်ခါတလေ လာလာပြီးတော့၊ လိုက်လာပြီးတော့ တွေ့ဖူးပါတယ်။

**ဟုတ်ကဲ့... ဟုတ်ကဲ့။**

အဲဒီဟာလေးတွေက ရှိနေတာပေါ့နော်။ အတွေ့အကြုံလေးတွေ ရှိနေတာပေါ့။ ပြီးတဲ့အခါကျတော့ ကျွန်မက ငယ်ငယ်ကတည်းက ဝါသနာပါတော့ ကျောင်းမှာ ကဗျာလွတ်တွေ က,တယ်။ ကျောင်းကပွဲတွေမှာ ဝင်ဝင်ပြီး က,တယ်။ အဖေနဲ့အမေကလည်း မန္တလေးရောက်တဲ့အခါကျတော့ အကတွေ သင်ပေးတယ်။ အဲဒီမှာ အမေ ဒေါ်ဩဘာသောင်းတို့ဆီကနေပြီးတော့...။

**ဪ... ဒေါ်ဩဘာသောင်းတပည့်ပဲ။**

ဟုတ်ကဲ့၊ ဒေါ်ဩဘာသောင်းတပည့်ပါ။ ကဗျာလွတ် ပထမအဆင့်ပေါ့။ ဒေါ်ခင်ဝင်းနွယ်က သင်ပေးတာပါ။ ဒေါ်ဩဘာသောင်းကတော့ ထိုင်နေပါတယ်။ ရှိပါတယ် အနားမှာ။

**ဟုတ်ကဲ့... ဟုတ်ကဲ့။**

နောက်တော့ ရန်ကုန်ရောက်လာတော့လည်း ဒီရန်ကုန်ပန်တျာက ဆရာမကြီး ဒေါ်ခင်ညွန့်နဲ့လည်း တစ်ခါ ရန်ကုန်ပန်တျာမှုနဲ့လည်း သင်ပေးပါတယ်။ အဲဒီလိုနဲ့နေနေရာကနေ နောက်တော့ ဦးဝင်းဦးက၊ ဦးဝင်းဦးကလည်း အရင်က လေထီးသင်တန်းကျောင်းကပါ။

**ဟုတ်ကဲ့။**

ဦးဝင်းဦးနဲ့ မိဘတွေနဲ့ကလည်း အရင်ကတည်းက အဆက်အစပ်ရှိတယ်။ နောက်တော့ ကွဲသွားကြတယ်။ နောက်တော့ ပြန်ဆုံတယ်။ ကျွန်မတို့ မင်္ဂလာဒုံဘက်ကို ပြောင်းလာတဲ့အချိန်တုန်းက ကျွန်မက အဲဒီအချိန်တုန်းမှာတော့ ရှစ်တန်း၊ ကိုးတန်းကျောင်းသူအရွယ်ပေါ့။

**ဟုတ်ကဲ့… ဟုတ်။**

အဲဒီအချိန်မှာ ဦးဝင်းဦးက စန္ဒာမဂ္ဂဇင်းထုတ်ခါစ၊ တစ်ခုလားပဲ ထွက်ပါသေးတယ်။ နောက်တစ်ခုမှာ ကျွန်မကို မျက်နှာဖုံးလေး သုံးချင်တယ်တဲ့ ဆိုတာနဲ့ ရိုက်ကြပါတယ်။

**ဟုတ်ကဲ့။**

ရိုက်တဲ့အခါကျတော့ မျက်နှာဖုံးထွက်လာတာပေါ့။ ထွက်လာတဲ့ အချိန်မှာ ရှုမဝဦးကျော်က မေးတယ်တဲ့။

**ဩော်…။**

ဒီလ မျက်နှာဖုံးရှင်လေးက ဘယ်သူလေးလဲပေါ့။ ဆိုတော့ ဦးဝင်းဦးက နောက်တော့ ကျွန်မကို ပြန်ပြောပြတယ်။ ပြောလိုက်တယ်တဲ့။ ဒါ စန္ဒာက နောက်တင်မယ့် မင်းသမီးပေါ့။ ဦးဝင်းဦးက အဲဒီလို ပြောတော့ ကျွန်မက ရောဂါတွေတက်တာပေါ့(ရယ်လျက်)။ ရောဂါတွေတက်တော့ နောက် စမ်းချောင်း အ.ထ.က ၂ မှာ ကျောင်းတက်တော့လည်း ဦးချင်းစိန်၊ ရုပ်ရှင်အစည်းအရုံးက…။

**ဩော်… ဟုတ်ကဲ့။**

အဲဒီတုန်းက ရုပ်ရှင်အစည်းအရုံးတောင် ဖြစ်သေးရဲ့လား၊ ကောင်စီလား မသိဘူး။ ဦးချင်းစိန်က အစည်းအရုံးက ဥက္ကဋ္ဌလား မသိဘူး။ ဆိုတော့ သူက ပြောတယ်။ ဒီကလေးမလေးကတဲ့ မင်းသမီးဖြစ်နိုင်တယ်လို့ ပြောတယ်ဆိုတာ ကျွန်မက ဆရာမတွေဆီက ပြန်ကြားတယ်။ အဲဒီတော့ ရောဂါတွေက ပိုတက်၊ ပိုတက်တော့ အဖေနဲ့ အမေကို ခွင့်ပြုချက်တောင်းတာပေါ့နော်။

**ဟုတ်ကဲ့… ဟုတ်ကဲ့။**

အဖေနဲ့အမေက ဆယ်တန်းကိုလည်း အောင်အောင်ဖြေရမယ်၊ ဘွဲ့ကိုလည်း…။

**ရအောင်ယူရမယ်။**

ပြီးဆုံးတဲ့အထိ ရအောင် ယူရမယ်။ အဲဒါဆိုရင်တော့ ခွင့်ပြုမယ်ဆိုပြီးတော့ သူတို့ ခွင့်ပြုပါမယ်။ အမေကတော့ ပထမ သဘောမတူဘူးပေါ့။ ဒါပေမဲ့ နောက်တော့ ခွင့်ပြုပါတယ်။

**ဟုတ်ကဲ့။**

အဖေကလည်း ဒါ အလုပ်လုပ်တာပဲတဲ့ ကိစ္စမရှိဘူး လုပ်ပါစေ

ဆိုပြီးတော့ ခွင့်ပြုတယ် အဖေက။

**အဲဒါဆို ပထမဆုံးရိုက်တာ ဦးချစ်စိန်နဲ့လား။**

ဟုတ်တယ်၊ ဇာတ်ဆရာကြီး ဦးချစ်စိန်။ သူက ဆရာအရင်းပါ။

**ဟုတ်ကဲ့။ ဘာကားပါလဲခင်ဗျာ။**

**လှချင်လျက် စက်စက်ယို** ပါ။ ဦးချစ်စိန်က စပြီး ဘယ်လိုပြောလဲဆိုတော့ သူ ကားလည်း တစ်ကားရိုက်မယ်။ အဲဒါက ဘာလဲဆိုတော့ သူကိုယ်ပိုင်ကား **ဒီလိုဆို ချစ်ဘူးကွယ်**။ အဲဒီကားလည်း ရိုက်မယ်၊ ပြီးတဲ့အခါကျတော့ သုခုမရုပ်ရှင်က **လှချင်လျက် စက်စက်ယို** ဆိုတဲ့ ကားက ပထမ ဒေါ်စန္ဒာနဲ့။

**ဟုတ်... ဟုတ်။**

ဦးကျော်ဟိန်း၊ ဒေါ်စန္ဒာ။ ဒါပေမဲ့ ဒေါ်စန္ဒာက အဲဒီအချိန်မှာ ကိုယ်ဝန်ကြီးနဲ့ရှိနေတော့ မာမီနန်းတို့က မရိုက်ချင်တော့ မင်းသမီးအသစ်ရှာနေတယ်ပေါ့။ အဲဒီအချိန်မှာ အဲဒီဟာအတွက်ကိုလည်း သူတို့သဘောတူရင်၊ သဘောကျရင်တော့ အဲဒီမှာလည်း ပါရမယ်၊ ရိုက်ရမယ်ပေါ့။ အဲဒါနဲ့ ကျွန်မတို့... ကျွန်မက အစက မသိဘူး။ တစ်ရက်ကျတော့ ကိုကျော်ဟိန်းနဲ့ မစန္ဒာတို့အိမ်မှာ မိတ်ကပ်တွေဘာတွေ လိမ်းကြတယ်။ လိမ်းပြီး သူတို့သီချင်းတွေဘာတွေ ဖွင့်ပြထားတယ် ကြိုပြီး PlayBack သီချင်း။ ဒေါ်ခင်ခင်ဆိုတဲ့ဟာ။ ပြီးလည်းပြီးရော အဲဒီမှာ သုခုမခြံ သွားကြပြီးတော့ တကယ့်တကယ် Audition, ကျွန်မက Audition မှန်း မသိတော့ မကြောက်ဘူးပေါ့နော်။ Audition သာဆိုရင်တော့...။

**ကြောက်နေမှာပေါ့။**

စိတ်က ကြောက်နေမှာပေါ့။ Audition မှန်း မသိဘူး။ ကျွန်မရယ်၊ ကေသွယ်မိုးရယ်၊ အဲဒီမှာ နှစ်ယောက် အမူအရာတွေ လုပ်ပြရတာပေါ့။ ဇာတ်ဝင်ခန်းတစ်ခန်းကိုလည်း စကားပြောတဲ့ အခန်းတစ်ခန်းလည်း လုပ်ကြရတယ်။ ပြီးတော့ သီချင်းဆိုတဲ့အခါကျတော့ သီချင်းတွေဘာတွေဆို။ အဲဒါတွေလုပ်ပြပြီးတော့ သူတို့က တကယ့် ကင်မရာတွေ၊ မီးတွေနဲ့ တကယ်တော့ အထဲမှာတော့ ဖလင်တော့ ပါချင်မှပါလိမ့်မယ်။ တကယ်ရိုက်တဲ့အတိုင်းပေါ့။ ကျွန်မတို့ကလည်း အဲဒီမှာ သရုပ်ဆောင်ပြရတာပေါ့။ အဲဒီလိုတွေ လုပ်လိုက်ပြီးတော့မှ မာမီနန်းတို့က ကျွန်မကို ရွေးလိုက်ပါတယ်။

**ဟုတ်ကဲ့။**

ရွေးတော့ အဲဒီ **လှချင်လျက် စက်စက်ယို** ပေါ့။ ပထမဆုံးကား ဖြစ်သွားပါတယ်။ ကိုကျော်ဟိန်း၊ ဒေါ်စိန်ခင်၊ ဝေသာလီ ဦးဘုန်း၊ ဦးအံ့ကျော်၊ ဦးချိုးဘူး၊ ဒေါ်အေးကြည် သူတို့တွေ ပါ,ပါတယ် အဲဒီကားမှာ။

**ဟုတ်ကဲ့၊ ဒါဆိုရင် "လှချင်လျက် စက်စက်ယို"က မမေရဲ့ ပထမဆုံးကားပေါ့။**

ဟုတ်ကဲ့ ပထမဆုံးကားပါ။

**အဲဒါဆို ဦးချစ်စိန် ရိုက်တဲ့ကားက နောက်မှ ထွက်လာတာ ပေါ့။**

ဟုတ်ပါတယ်။ **ဒီလိုဆို ချစ်ဘူးကွယ်** က နောက်မှ ရိုက်တာပါ။ ဒါက အရင်ဆုံးရိုက်တာပါ။ အဲဒါရိုက်နေတုန်းမှာပဲ **ဒီလိုဆို ချစ်ဘူးကွယ်၊** နောက်တစ်ခါ ကိုကျော်ဟိန်းနဲ့ **စိန် သို့မဟုတ် စိမ်** ကန်တော့ပွဲတွေဘာတွေ ပေးပါတယ်။ ဒီကားမထွက်ခင်မှာပဲ **စိန် သို့မဟုတ် စိမ်** ကလည်း အစက မစန္ဒာနဲ့ ရိုက်မလို့ စီစဉ်ထားတယ် ထင်ပါတယ်။ နောက်တော့ ကိုကျော်ဟိန်းက ကျွန်မနဲ့ **လှချင်လျက် စက်စက်ယို** ရိုက်နေရင်းနဲ့ သူနဲ့ ရိုက်မယ်ဆို စီစဉ်ပြီး ကန်တော့ပွဲပေးဖြစ်သွားပါတယ် ရုပ်ရှင်အစည်းအရုံးမှာ။

**"စိန် သို့မဟုတ် စိမ်" တော့ ကျွန်တော်တို့ မှတ်မိတယ်ပေါ့နော်။ ရှေ့က စိန်က "စလုံး"လုံးကြီးတင် နငယ်သတ်နဲ့ နောက်က စိမ်က "စလုံး"လုံးကြီးတင် "မ"သတ်နဲ့ "စိန် သို့မဟုတ် စိမ်"။ အဲဒါကတော့ လူငယ်တွေကြားမှာလည်း တော်တော်ပေါက်တဲ့ကားပါ။**

ဟုတ်ကဲ့၊ ကိုကျော်ဟိန်းကလည်း တော်တော်ကြော်ငြာပါတယ်။ အဲဒါတွေလည်း ပါမယ် ကျွန်မ ထင်တယ်။

**ဟုတ်ကဲ့... ဟုတ်ကဲ့။**

ဘာဖြစ်လို့လဲဆိုတော့ ဒီပန်းဆိုးတန်းမှာ ကြော်ငြာတွေ၊ ဘုတ်တွေ စစချင်းအချိန်မှာ သူက ဘုတ်အကြီးကြီးတစ်ခုမှာ ကြော်ငြာပါတယ်။ နောက် မဂ္ဂဇင်းတွေမှာလည်း၊ မဂ္ဂဇင်းသုံးအုပ်လောက်မှာလား မသိဘူး မျက်နှာဖုံးတွေ ထည့်ပါတယ်။ အဲဒီမှာလည်း ပရိသတ်က စိတ်ဝင်စားနေတယ်။ နာမည်လေးကလည်း ဆန်းတာကိုး။

**ဟုတ်ကဲ့၊ "စိန် သို့မဟုတ် စိမ်" ဆိုတော့ နာမည်က ဆန်းတယ်။ အဲဒီမှာလည်း သူက လူငယ်အကြိုက် အိုက်တင်တွေလုပ်တယ်။**

ဟုတ်တယ်၊ ဟုတ်ပါတယ်။

**အဲဒီတော့ သူနဲ့ အတူပွဲပြီးတော့ မမေကိုလည်း လူသိများသွားတယ်နော်။**

ဟုတ်ပါတယ်။

**ဒုတိယကားမှာကို လူသိများသွားတာပေါ့နော်။**

ဟုတ်ပါတယ်၊ ဟုတ်ပါတယ်။

**အဲဒီကားကနေ ဆက်ပြီးတော့ နောက် မမေ ရိုက်ခဲ့တာ ဘယ်နှကားလောက် ရှိလဲ။ ဦးကြီးမြင့်နဲ့ ဘယ်အချိန်မှ တွေ့လဲ။**

ပါးပါးနဲ့ကျတော့ ကြည်ပြာ က ကျွန်မရဲ့ ကား ၃၀ မြောက်မှာ။

**သြော်... ၃၀ မြောက်။**

ကား ၃၀ မြောက်လောက် ဖြစ်သွားပါပြီ။ အဲဒီမှာကျတော့မှ ပါးပါးတို့က လာပြီးတော့ အဲဒီ ကြည်ပြာ ဇာတ်ကား၊ အဲဒီမတိုင်ခင်က တစ်ကားပြောဖူးပါသေးတယ်။

**ဟုတ်ကဲ့။**

အဲဒီတုန်းကတော့ ဦးကြီးမြင့်ကိုယ်ပိုင် မဟုတ်ပါဘူး။ သိဂီရုပ်ရှင်နဲ့လား၊ တခြားကုမ္ပဏီနဲ့လား အဲဒီကားက မဖြစ်လိုက်ပါဘူး။ ဘာကြောင့်လဲ ကျွန်မ မမှတ်မိတော့ဘူး။ အဲဒီမှာ ပါးပါးနဲ့ စ,သိရပါတယ်။ နောက်တော့ အဲဒီ ကြည်ပြာ ကိစ္စမှာကျတော့ ပါးပါးက လာပြီး ကမ်းလှမ်းတာမှာ လက်ခံပြီးတော့ ရိုက်ကူးဖြစ်ပါတယ်။

**ဟုတ်... ဟုတ်။**

အဲဒါကတော့ မန္တလေးမှာပါ။

**ဟုတ်... မန္တလေးမှာ မိဘမဲ့သီလရှင်ကျောင်းမှာနော်။**

ဟုတ်ကဲ့၊ သီလရှင်ကျောင်းမှာ။

**ဟုတ်ကဲ့၊ မမေ အဲဒီကားရိုက်တဲ့အချိန်မှာ ဘယ်လိုများ ထူးထူးခြားခြား စိတ်နှစ်ထားလဲ မသိဘူး။**

အဲဒီကားလေးကလေ အဲဒီတုန်းက ကျွန်မတို့ ရောက်တဲ့အချိန်မှာ ကျောင်းကလည်း တကယ့်ကျောင်း၊ ကလေးတွေလည်းရှိတယ် မိဘမဲ့ကလေးတွေ။ သူက မိန်းကလေးတွေချည်းပဲ လက်ခံတာ။ အဲဒီကျောင်းက မိန်းကလေး မိဘမဲ့ကျောင်း။ သီလရှင်ဆရာကြီး၊ ဆရာလေးတွေကနေပြီးတော့ အုပ်ချုပ်ပြီးတော့ နောက်... ကြီးတဲ့ ကလေးတွေကနေပြီးတော့

ငယ်တဲ့ ကလေးတွေကို အုပ်ချုပ်ပြီး...။

**တစ်ဆင့်ပြီးတစ်ဆင့်ပေါ့။**

ဟုတ်ကဲ့၊ တစ်ဆင့်ပြီးတစ်ဆင့်။ ကျွန်မ ရုပ်ရှင်ထဲမှာ ပါတဲ့အတိုင်းပေါ့။ အဲဒီလိုလေးတွေ ပြန်ပြီး စောင့်ရှောက်သွားတာ။ အဲဒီ့ဟာဆိုလည်း ကလေးတွေကိုလည်း တကယ်မြင်နေရတယ်။ အဲဒီတော့ အထူးအထွေ ပိုပြီးတော့...။

**Mood ထည့်စရာ မလိုဘူးပေါ့။**

ဟုတ်... ဟုတ်၊ Mood ထည့်စရာတောင် မလိုပါဘူး။ ဟုတ်ကဲ့ Mood က အလိုလိုဝင်သွားပါတယ်။

**စိတ်က အလိုလိုဝင်သွားတာပေါ့နော်။**

ရိုက်တော့လည်း အဲဒီကျောင်းမှာပဲ ကိုထွန်းထွန်းဝင်းနဲ့ပါ။

**ဟုတ်... ဟုတ်ကဲ့ပါ။ အဲဒီကားက မမေအတွက် အကယ်ဒမီ ရခဲ့တဲ့ ကားပေါ့နော်။**

ဟုတ်ကဲ့ပါ။

**ဘယ်နှခုနှစ်အတွက်လဲ ခင်ဗျာ။**

၈၀ ခုနှစ်အတွက် ရိုက်တာကိုး။ ၈၁ ခုနှစ်မှာ ပေးပါတယ်။

**မမေအတွက် ပထမဆုံး အကယ်ဒမီပေါ့နော်။**

ဟုတ်ကဲ့ ပထမဆုံးပါ။ ပထမဆုံးနဲ့ နောက်ဆုံးပေါ့လေ။ ဟုတ်ကဲ့ (ရယ်လျက်)။

**အဲဒီကားမှာ မမေရဲ့ သရုပ်ဆောင်ချက်က တော်တော်ကြီးလည်း အသက်ဝင်ပါတယ်။ မိဘမဲ့ကလေးကျောင်းဆိုတာနဲ့ Match ဖြစ်တယ်ပေါ့နော်။ မမေမူနဲ့ အဆင်ပြေတယ်ပေါ့နော်။**

ဟုတ်ကဲ့... ဟုတ်။

**နောက်... ကျွန်တော် မှတ်မိတာ ကိုဝဏ္ဏနဲ့ ရိုက်တဲ့ "ချစ်တဲ့သူငယ်လေ"။**

ဟုတ်ကဲ့ပါ။

**"ချစ်တဲ့သူငယ်လေ"က ကိုရှုပနဲ့ သရုပ်ဆောင်တာနော်။**

ဟုတ်ကဲ့၊ ကိုရှုပနဲ့ပါ။

**ဒါကတော့ လူငယ်စရိုက်လေးပေါ့နော်။ ကိုရှုပနဲ့ မမေနဲ့။**

ဟုတ်ကဲ့၊ ကိုရှုပကလည်း မင်းသားအသစ်ပါ။ မင်းသားအသစ်တင်

ရိုက်တာပေါ့။ ဇာတ်လေးကတော့ ကိုဝဏ္ဏ သူကိုယ်တိုင်ရေးတဲ့ ဝတ္ထုလေးပါ။ အဲဒီဝတ္ထုလေးကို ရိုက်တာပါ။

**မမေက တကယ်စည်းကမ်းကြီးတယ်ဆိုတဲ့ ပါးပါးနဲ့လည်း ရိုက်ဖူးတယ်၊ ဦးကြီးမြင့်နဲ့ ရိုက်ဖူးတယ်ပေါ့နော်။**

ဟုတ်... ဟုတ်ပါတယ်။

**ကိုဝဏ္ဏကလည်း ရုပ်ရှင်ရိုက်ရင် တော်တော်လေး စည်းကမ်းကြီးတယ်လို့ ကြားတယ်။**

ဟုတ်ပါတယ်၊ ကိုဝဏ္ဏနဲ့က ဒါက တကယ့်တကယ် ပထမကား မဟုတ်ပါဘူး။

**ဩော်...။**

ပထမကားက **အတ္တမဆန်လိုသောအတ္တ** ဆိုတဲ့ ကားပါ။

**ဟုတ်လား။**

အဲဒီကားက ဦးညွန့်ဝင်း၊ ဒေါ်နွဲ့နွဲ့မူ၊ ကိုသုမောင်နဲ့ ကျွန်မပါ။ အဲဒီမှာ ကိုဝဏ္ဏနဲ့ ပထမဆုံး ရိုက်တာပါ။

**ဩော်...ဩော်။**

အဲဒီကား အဲဒီမှာ ကိုဝဏ္ဏနဲ့ ပထမဆုံးရိုက်ဖူးတာ။ အဲဒီ ရိုက်ဖူးတဲ့ အချိန်မှာ ကျွန်မ အဖြစ်အပျက်ကလေးတစ်ခုကို ပြန်ပြီးတော့ ပြောရမယ်ဆိုရင် အဲဒီနေ့က ရုပ်ရှင်မြင့်တင်ရေးမှာ ရိုက်တာပါ။ ရိုက်တဲ့အခါကျတော့ ကျွန်မနဲ့ ကိုသုမောင်အခန်းလား မသိဘူး ရိုက်တော့ Over the Shoulder Shot တွေ ရိုက်တယ်။ ရိုက်တဲ့အခါကျတော့ ကျွန်မတို့ ထုံးစံအရက ကိုယ်က မလုပ်ပေမဲ့လည်း တစ်ခါတလေ Camera Person တွေက ပြောတယ်။ အစ်မ နည်းနည်းလေး ကင်မရာခိုးပေးပါ။ နောက်ကရိုက်နေပေမဲ့လည်း ကိုယ့်မျက်နှာကိုပေါ်အောင် နည်းနည်း ဒီလိုလေးတွေဘာတွေ နေရတယ်လေ။ ကိုဝဏ္ဏနဲ့ ကျတော့ ကျွန်မက အဲဒီလိုပဲလုပ်တော့ ကိုဝဏ္ဏက ပြောတယ်။ ကင်မရာမခိုးနဲ့တဲ့။ ရိုးရိုးပဲနေ၊ ရိုးရိုးပဲ သရုပ်ဆောင် ဆိုပြီးတော့ ကျွန်မကို ပြောတယ်။ ကျွန်မကလည်း Happy, ဘာလို့လဲဆိုတော့ တချို့ကျတော့ ဂရုစိုက်ပြီးတော့ လုပ်ပေးရတာလေ။ ဒါကျတော့ သဘာဝအတိုင်းပဲ မင်းသားနဲ့ ပြောနေရုံပဲ။ ဒီဟာကို သိပ်ပြီးတော့ ဂရုစိုက်စရာမလိုတော့ဘူး။ ကျွန်မအဖို့က ပြဿနာမရှိဘူး။ အဲဒီတော့ ပျော်ပျော်ရွှင်ရွှင်ပဲ၊ ဟုတ်ကဲ့ပါ။ သူကလည်း အဲဒီလို သဘာဝကျကျလေး ကြိုက်တယ်ဆိုတော့ သူ အဲဒီလိုလေး သင်ပေးဖူးပါ

တယ်။ မှတ်မှတ်ရရပေါ့။ ကိုဝဏ္ဏက စည်းကမ်းရှိတယ်ဆိုတော့။

**ဟုတ်... ဟုတ်ကဲ့။ ဒါက ကိုဝဏ္ဏတို့ သာခုအုပ်စုရဲ့ သဘာဝ ကျကျပေါ့နော်။**

ဟုတ်ကဲ့၊ သဘာဝကျမှုပေါ့နော်။

**မမေ ကင်မရာခိုးထားရင် ခိုးထားမှန်း သိသာတယ်ပေါ့။**

ဟုတ်ကဲ့၊ ခိုးစရာမလိုဘူးတဲ့ ဘာမှပြဿနာမရှိဘူး။ တစ်ခါတလေ ကျတော့ ကင်မရာမဲန်းတွေက ခိုးခိုင်းတော့ ကိုယ်က အကျင့်ဖြစ်နေတာပေါ့ နော်။ ကိုယ်က လုပ်မိတာပေါ့နော်။ အဲဒီတော့ သူက မလုပ်နဲ့ဆိုတော့ ကိုယ်ကလည်း အိုကေဆိုပြီး ရိုးရိုးပဲ လုပ်ပါတယ်။

**ဟုတ်ကဲ့... ဟုတ်ကဲ့။**

လေးလေးစားစား ကိုဝဏ္ဏနဲ့ ရိုက်ရတာ အဆင်ပြေပါတယ်။ သူ့ကိုလည်း လေးလည်း လေးစားပါတယ်။ အများကြီးလေ။

**ဟုတ်ကဲ့၊ ခုနက မမေ ပြောတဲ့အတိုင်းဆိုရင် ပထမဆုံး စိတ်ဝင်စားတာက ဦးဝင်းဦးလို့ ပြောရမယ်နော်။ ဘာဖြစ်လို့လဲဆိုတော့ စန္ဒာမျက်နှာဖုံး ခေါ်ရိုက်တာ။**

ဟုတ်၊ ဦးဝင်းဦးက နောက်ပိုင်း တစ်ချိန်မှာ ပြောပါတယ်။ သူက ဒီ မချိုနဲ့ ရိုက်ထားတဲ့ ကားလေးက ဒေါ်တင်တင်မြနဲ့...

**"တစ်ကျော့နှစ်ကျော့ တေးကိုသီ"။**

**တစ်ကျော့နှစ်ကျော့ တေးကိုသီ** မှာတောင် သူ နည်းနည်း စဉ်းစားပါသေးတယ်လို့ ပြောပါတယ်။

**ဟုတ်ကဲ့... ဟုတ်။**

ဒါပေမဲ့ သူက အဲဒီအထဲမှာ...။

**သီချင်းဆိုတာ...။**

မဟုတ်ဘူး၊ အရက်တွေမူးပြီးတော့ မချိုနဲ့ မှောက်မှားသွားတဲ့အခန်း လေးပါတော့ သမီးက နည်းနည်းလေးငယ်နေတယ်တဲ့။ ဒီလိုအခန်းလေး ရိုက်ဖို့အခါကျတော့...။

**မသင့်တော်ဘူး။**

နည်းနည်းလေး ငယ်နေသေးတယ်တဲ့။ အဲဒါကြောင့် သမီးကို မရိုက်သေးဘူးတဲ့ အဲဒီလို ပြောပါတယ်။ ဦးဝင်းဦးနဲ့ ကျွန်မ ရိုက်ဖူးပါတယ်။ တစ်ကား။

**ဟုတ်လား… ဩော်။**

**နှစ်ယောက်တည်း နေချင်တယ် ဆိုတဲ့ ကား။ ဟိုတုန်းက သူ့ရဲ့ နှစ်ယောက်တည်း နေချင်တယ် ကို ပြန်ရိုက်တာပါ။ ဒေါ်ချိုပြုံးရယ်၊** ကိုအေးမင်းဝင်းရယ်။

**ဟုတ်တယ် အေးမင်းဝင်း… အေးမင်းဝင်း။**

ကိုအေးမင်းဝင်းရယ်၊ ကျွန်မရယ်၊ သတိုးစောရယ်။ သတိုးစောက တော့ အငယ်နေရာကပေါ့။ ဦးဝင်းဦးက ဒါရိုက်တာပါ။ အဲဒီမှာ ရိုက်ဖူးတာပါ။ ကျွန်မက မဒေစီကျော်ဝင်း၊ မဒေစီရဲ့ နေရာပါ။ သမီးနေရာပေါ့။

**မချိုရဲ့ သမီးနေရာပေါ့။**

ဟုတ်၊ သမီးနေရာကပါ။ စိန်မောင်စတူဒီယိုမှာ ရိုက်တာပါ။

**မချိုက တင်တင်မူနေရာက။**

ဟုတ်ပါတယ်။ ကိုအေးမင်းဝင်းက ဦးဝင်းဦးနေရာ၊ ကျွန်မက ဒေါ်ဒေစီကျော်ဝင်းနေရာ၊ ဦးဝင်းဦးနဲ့ ရိုက်ဖူးလိုက်ပါတယ်။

**ဩော်… ရိုက်ဖူးလိုက်တယ်ပေါ့နော်။**

ဟုတ်ကဲ့ပါ။

**သူ ဒါရိုက်တာအဖြစ်နဲ့ ရိုက်ဖူးလိုက်တာပေါ့။ သရုပ်ဆောင် အဖြစ်နဲ့တော့ မတွဲဖူးဘူးပေါ့။**

ဟုတ်ကဲ့၊ သရုပ်ဆောင်အဖြစ်နဲ့ မတွဲဖြစ်လိုက်ပါဘူး။

**အရင်တုန်းက နှစ်စဉ်နှစ်တိုင်းလိုလို ရုပ်ရှင်အစည်းအရုံးက ပြဇာတ်တင်ဆက်ပြီးတော့ ရန်ပုံငွေရှာတာတွေဘာတွေ ရှိဖူးတယ်လေ။ ရုပ်ရှင်အစည်းအရုံးရန်ပုံငွေလေ။**

ဟုတ်ကဲ့၊ ဟုတ်။

**မမေ က,ဖူးသေးလား။**

ကျွန်မ က,ဖူးပါတယ်။ မှတ်မှတ်ရရဆို အဲဒီတုန်းက ရွှေတိဂုံဘုရား က လျှောက်လှုပ်တော့ ထီးတော်စောင်းသွားပါတယ်။

**ဟုတ်… ဟုတ်။**

အဲဒီအချိန်တုန်းက ကျွန်မတို့ ရွှေတိဂုံဘုရားရန်ပုံငွေကပွဲ၊ အဲဒီ ဘုရားခြေရင်းမှာပဲ။ အဲဒီမှာ က,ဖြစ်ပါတယ်။ အဲဒီတုန်းက စစချင်းမှာ အစီအစဉ်နှစ်ခုမှာ ကျွန်မ ပါ,ပါတယ်။ ဘဘဦးသုခက ဒါရိုက်တာ။ ဦးသုခ ရဲ့ ရွှေတိဂုံဘုရားသမိုင်းထဲမှာ ကျွန်မက ဝသုန္ဒရီနတ်သမီး လုပ်ရတယ်။

ကျွန်မက ဆံပင်ကို ရေတွေနဲ့ညှစ်လိုက်တာ။ မာရ်နတ်က လာပြီး ဘုရားကို တိုက်ခိုက်နှောင့်ယှက်တဲ့အချိန်မှာ ဝသုန္ဒရီက ရေတွေနဲ့ ညှစ်လိုက်တဲ့အချိန်မှာ အကုန်လုံးက ရေတွေနဲ့ မျောပါသွားကြတယ်။ အဲဒီအခန်းမှာ သရုပ်ဆောင်ရ တယ်။

**ဟုတ်... ဟုတ်။**

ဘဘဦးသုခကိုယ်တိုင် သင်ပေးပါတယ် အဲဒီမှာ။

**ကျွန်တော်ထင်တယ်။ အဲဒါက ရွှေတိဂုံအနောက်ဘက်မုခ်က လပြည့်ဝင်း ဆိုတဲ့ ဇာတ်ရုံ၊ ဒီလိုနိမ့်လျှောနေရာ ထင်တယ်။**

ဟုတ်မယ် ထင်တယ်။ အဲဒါတော့ သေချာမမှတ်မိဘူး။ ဘုရား ခြေရင်းမှာဆိုတာတော့ မှတ်မိပါတယ်။ ဇာတ်ရုံကြီးလည်း ဆောက်တယ် ထင်ပါတယ်။

**အနောက်ဘက်မုခ်မှာပေါ့။**

ဟုတ်ကဲ့ အနောက်ဘက်မုခ်။ နောက်တစ်ခုက **အလှကိုယ်စီ ရှိကြသည်** ဆိုတဲ့ ယိမ်းအကလေးပါ။ အဲဒီမှာ မင်းသမီးတွေ အများကြီးပေါ့။

**ဟုတ်ကဲ့။**

အဲဒီယိမ်းမှာ တစ်ခု၊ ပထမနှစ်ခု နောက်ပိုင်းကျတော့ က,နေရင်း နဲ့ ကိုဆန်းဝင်းက အဲဒီတုန်းက နှစ်ပါးခွင်တစ်ခုပါ ပါတယ်။

**နှစ်ပါးခွင် ဟုတ်... ဟုတ်။**

နှစ်ပါးခွင်မှာ ဒေါ်မြင့်မြင့်ခိုင်နဲ့ ဒေါ်တိုးတိုးလွင်တို့ နှစ်ယောက်နဲ့ က,ပါတယ်။ က,နေရင်းနဲ့ မင်းသားက ပြောပါတယ်။ ခွင်ကကြီးနေပြီးတော့ မင်းသမီးက နည်းနေတယ်ဆိုတော့ မလှဘူးပေါ့နော်။ အဲဒီတော့ မင်းသမီး နှစ်ယောက် ထပ်ထည့်ပေးပါဆိုတော့ မာမီနန်းတို့ကလည်း အဲဒီအချိန်မှာ ရုပ်ရှင်အစည်းအရုံးက လူကြီးတွေဆိုတော့ အဲဒါနဲ့ သူလည်း သူ့ရဲ့ ကိုယ်ပိုင် မင်းသမီးတွေပေါ့၊ ကျွန်မနဲ့ ကေသွယ်မိုးကို ထပ်ထည့်လိုက်ပါတယ်။

**ဟုတ်ကဲ့... ဟုတ်။**

ထပ်ထည့်လိုက်တော့ ကျွန်မတို့ လေးယောက်ဖြစ်သွားပါတယ်။ လေးယောက်ဖြစ်သွားတော့ ကိုဆန်းဝင်းကပဲ အိမ်မှာ လာပြီးတော့ ကျွန်မ တို့ကို အကသင်ပေးပါတယ်။ သင်ပေးပြီး နောက်တော့ က,ရင်းနဲ့ ဦးညွှန့် ဝင်းပါ ပါလာပါတယ်။ နောက်ပိုင်းကျတော့ မင်းသားနှစ်လက် ဖြစ်သွားတယ်။

**ဩော်... ဟုတ်၊ ဟုတ်။**

ကျွန်မတို့ကတော့ အစက ကိုဆန်းဝင်းနဲ့ပဲ ဆိုပြီးတော့ သဘောတူပြီးတော့ တိုက်ကြပါတယ်။ နှစ်ခုမှာတော့ ပါပြီးနေပြီ။ ဒါပေမဲ့ ကိစ္စမရှိဘူး။ ကိုယ့်ရဲ့ မာမီနန်းကလည်း ခိုင်းတယ်ဆိုတော့ ကိစ္စမရှိဘူးဆိုပြီးတော့ ဦးညွှန့်ဝင်းပါ ပါလာတယ်။ ပိုမြိုင်သွားတာပေါ့။

**ဒါပေါ့။**

မင်းသားနှစ်လက်၊ မင်းသမီးက လေးလက်ပေါ့။

**ဒါတောင်မှ မင်းသမီးလေးလက်ဆိုတာတောင် နည်းသေးတယ်။**

နည်းသေးတယ်။ တကယ့်ဇာတ်နဲ့ယှဉ်ရင်တော့ 'နည်းပါတယ်။ ဟုတ်ကဲ့။ ခွင်က မလှဘူးတဲ့။ မင်းသမီး သိပ်နည်းတယ်ဆိုတော့ နှစ်ယောက်ထပ်ထည့်လိုက်တာပါ။

**ဟုတ်ကဲ့။**

အဲဒီမှာ ပါဖူးပါတယ်။

**ဒါလေးတွေက အမှတ်တရလေးတွေပေါ့။**

ဟုတ်ပါတယ်။

**မမေ ကားတွေ တောက်လျှောက်ရိုက်ခဲ့ပြီးတဲ့အခါမှာ အေဝမ်းအုပ်စုနဲ့ တွဲဖူးတယ်နော်။**

အေဝမ်းအုပ်စုနဲ့က **ခေတ္တရာ ခရီးသည်** ဆိုတဲ့ အဲဒီကားကလည်း မှတ်မှတ်ထင်ထင်ပါပဲ။ ဘာလို့လဲဆိုတော့ သူတို့က ရန်ကုန်ကနေ ပြည်ကိုသွားကြတာ။ အမှန်မှာ တစ်ရက်တည်းနဲ့ ရောက်ရမယ့်ခရီး။ ဒါပေမဲ့ လမ်းမှာ အမျိုးစုံတွေဖြစ်ပြီးတော့ ဆယ်ရက်လောက်ကြာသွားတယ်။

**ဟုတ်... ဪ။**

ဆယ်ရက်လောက်ကြာသွားတော့ ဆင်ဆာတွေဘာတွေ တော်တော်ပြဿနာတက်လိုက်သေးတယ်။ သူတို့ရဲ့ ရည်ရွယ်ချက်က ဘာလဲပေါ့နော်။ နောက်က Between the Line ပေါ့နော်၊ ပြောမထားပေမဲ့ Between the Line ရဲ့ မီးနင်းက ဘာလဲဆိုပြီးတော့ ဆင်ဆာက တွေးလားမသိဘူး။

**ဪ...။**

အဲဒီတော့ အဲဒီကားရဲ့ တော်တော်လေး ကြာသွားပါသေးတယ် ဆင်ဆာမှာ။ ဒါပေမဲ့ နောက်ဆုံးတော့။

**Pass ဖြစ်သွားတယ်။**

ဟုတ်ကဲ့၊ Pass ဖြစ်သွားပါတယ်။

**မှတ်မိတယ်။ အဲဒီကားလည်း "ခေတ္တရာ ခရီးသည်"…။**

**ခေတ်တရာခရီးသည်** ဟုတ်ကဲ့။ ဌေးဌေးစိန်လည်း ပါတယ် မင်းသမီးနောက်တစ်လက်က။ သမန်းကျားအဖွဲ့ရယ်၊ ကျွန်မရယ်၊ ဌေးဌေးစိန်ရယ်။

**ဟုတ်ကဲ့၊ နောက်ကားတစ်ခု ကျွန်တော် မှတ်မိသေးတယ်။ "သဘင်သည် မဝင်ရ" ဆိုပြီးတော့ ကောလိပ်ဂျင်နေဝင်းနဲ့ ရိုက်နေတဲ့ ကား။ ရိုက်နေရင်းတန်းလန်းမှာ ဦးနေဝင်း ဆုံးသွားတယ်။**

ဟုတ်ပါတယ်။

**ဆုံးသွားတော့ ဦးနေဝင်းနေရာမှာ ဦးစိန်မြင့် ဝင်လာပြီးတော့ ဆက်ရိုက်ကြတယ်ပေါ့နော်။**

ဟုတ်ပါတယ်။

**ကြားမှာတော့ သူတို့ အသုဘအခမ်းအနား ပြလိုက်တယ်နော်။ အဲဒီမှာ မင်းသားပြောင်းလိုက်တယ်ပေါ့။**

ဟုတ်ပါတယ်။ အဲဒီကားလေး ကျွန်မ ဟိုတလောကတောင် YouTube မှာ တွေ့လို့ ကြည့်လိုက်ပါသေးတယ်။ အရင်က မကြည့်ဖူးဘူး။

**ဟုတ်၊ ဟုတ်ကဲ့။**

အခု ဟိုတလောကမှ ကြည့်လိုက်ရပါတယ်။

**ဟုတ်ကဲ့၊ အဲဒီမှာလည်း မင်းသမီးအဖြစ် သရုပ်ဆောင်ရတာပေါ့နော်။**

ဟုတ်ပါတယ်။ သူက ဒီလို။ အဖေက… ဦးနေဝင်းနဲ့ ဒေါ်အေးအေးသင်းက လင်မယား။ မအေးက က,တယ်။ မအေးက အငြိမ့်မင်းသမီး ထင်တယ် အဲဒီဇာတ်မှာ။ က,ရင်းနဲ့ ဦးအံ့ကျော်ကြီးက အငြိမ့်ဆရာလား မသိဘူး။ အငြိမ့်ဆရာတော့ မဟုတ်ဘူး။ ငွေထုတ်တဲ့သူလား မသိဘူး။ သူက မအေးကို သဘောကျတော့ အဲဒီလိုလုပ်နေရင်းနဲ့ တစ်ချိန်ကျတော့ မအေးကို ခိုးပြေးသွားတာ။ အဲဒီမှာ သမီးလေးတစ်ယောက်ရှိတယ်။ မအေးက တကယ့်တကယ် အလိုတူတော့မဟုတ်ပေမဲ့ ပါသွားတော့ အဲဒီမှာ ဦးနေဝင်းက သမီးလေးကို သူတစ်ယောက်တည်း ပြုစုပျိုးထောင်ကျန်ခဲ့တော့ အရမ်းစိတ်နာသွားတယ်။ စိတ်နာသွားတော့ သူ့အိမ်ရှေ့မှာပါ "သဘင်သည် မဝင်ရ"ဆိုပြီးတော့ ဆိုင်းဘုတ်လုပ်ထားတယ်။ သမီးကိုပါ သဘင်နဲ့ ပတ်သက်တာ ဘာမှမလုပ်ခိုင်းဘူး။ ဘာမှမလုပ်ခိုင်းတာ။

**ဟုတ်ကဲ့။**

သမီးကလည်း အမေရဲ့သွေးပါလာတော့ မရဘူး။ မက,ဘဲ မနေနိုင်ဘူး။ ကျောင်းကပွဲတွေမှာလည်း ခိုးက, အဲဒီလုပ်တာပေါ့။ ဇာတ်မှာပါ သူက ကျိတ်ပြီးတော့ သင်။ ကိုထွန်းထွန်းနိုင်နဲ့။ ကိုထွန်းထွန်းနိုင်က သူက ပါရမီဖြည့်ဖက်ပေါ့။ ကျောင်းက သူငယ်ချင်းလည်းဖြစ်တယ်။ ဇာတ်တွေဘာတွေလုပ်တော့လည်း သူက လုပ်ပေးရင်းနဲ့ ခိုးက,တာ။ အဲဒီမှာ ဦးနေဝင်းက သိသွားတာ။

**သိသွားတော့...။**

သိသွားတော့ ဒေါသူပုန်ထ,တာပေါ့။ အဲဒီလိုဖြစ်တာ။ အဲဒီမှာ ရိုက်နေရင်းမှာပဲ ဦးနေဝင်း ဆုံးသွားတာ။

**ဦးနေဝင်း ဆုံးသွားတာ။**

ကျွန်မတို့ မန္တလေးမှာ သွားရိုက်တာ။ ကိုနေဝင်းနဲ့ဆင်း(န)တွေက မန္တလေးမှာ ရိုက်တာတွေပါ။ ဆုံးသွားတော့ ကြားထဲမှာ အဲဒီကားတော်တော်လေးကို ဟ,နေတယ်။

**ဟုတ်တယ်... ဟုတ်တယ်။**

နောက်တော့မှ ဦးစိန်မြင့်နဲ့ ပြန်ရိုက်တာ။ ဒါပေမဲ့ ဟိုတစ်နေ့က ကျွန်မ ပြန်ကြည့်တော့ ဦးနေဝင်း ဆုံးသွားတယ် စာတန်းထိုးတယ်။ အသုဘအခမ်းအနားအကြောင်း။

**ဟုတ်တယ်။**

နောက် ဦးစိန်မြင့်နဲ့ ဇာတ်ဝင်ခန်းတွေ ဆက်ပြတယ်။ စိတ်ထဲမှာ အတူတူပဲ ဆက်ပြီးတော့ ခံစားသွားလို့ရတယ်။ ခံစားလို့ရတယ်။

**ဟုတ်ကဲ့ပါ၊ ဟုတ်... ဟုတ်။**

မဆိုင်ဘူး... ဦးနေဝင်းလည်း မဟုတ်တော့ပါလားဆိုပြီး ဖြစ်မသွားဘူး သိလား။ မကွာဘူး။

**ဟုတ်တယ်၊ ရောသွားတာ၊ ရောသွားတာ။**

ဦးစိန်မြင့်ကလည်း တော်တယ်။ သူတို့ သရုပ်ဆောင်တာကလည်း ကောင်းတယ်ဆိုတော့ ဆက်ပြီး ခံစားသွားလို့ရတယ်။ ကျွန်မ အဲဒါကြည့်ပြီး ကျွန်မ တော်တော်လေး သဘောကျသွားတယ်။

**ခုန်မသွားဘူး။**

ဟုတ်ကဲ့၊ တစ်မျိုးကြီး ဖြစ်မသွားဘူး။ ပရိသတ်အတွက်ကလေ

အရသာမပျက်သွားစေပါဘူး။

**ဟုတ်ကဲ့... ဟုတ်။ ကျွန်တော်တို့ "ခိုင်မာလာနှင်းဆီ" လို ပေါ့။ ဦးဝင်းဦးဆုံးသွားတဲ့အခါကျတော့ ရန်အောင် ဝင်လာတယ်။**

ဟုတ်ကဲ့၊ အဲဒီသဘောပါပဲ။ **ခိုင်မာလာနှင်းဆီ** တော့ ကျွန်မ မကြည့်လိုက်ဘူးထင်တယ်။ ဟုတ်ကဲ့... ဒီသဘောပဲပေါ့။

**ဟုတ်ကဲ့၊ မမေရိုက်ဖူးတဲ့ ကားပေါင်းများ မှတ်မိလား မသိဘူး။**

ရုပ်ရှင်ကားကတော့ ၆၀ ကျော်ပါတယ်။ ၆၀ ကျော်လောက် ရှိပါတယ်။ အဲဒီအထဲမှာ Black & White တွေချည်းပဲ။ ကာလာတစ်ကားပဲ ပါတယ်။ **သိန်းသုံးဆယ်နဲ့ လူစိမ်းတစ်သိုက်။**

**"သိန်းသုံးဆယ်နဲ့ လူစိမ်းတစ်သိုက်"။**

အဲဒီ တစ်ကားပဲ ကာလာဖြစ်သေးတယ်။ နောက်ပိုင်း ဗီဒီယိုတွေ ပေါ့။ ဗီဒီယိုကားတွေကတော့ ၃၀ ကျော်လောက် ရှိပါမယ်။

**ဟုတ်ကဲ့ပါ။**

ဗီဒီယိုတွေကတော့ ကာလာနဲ့ပေါ့နော်။

**"သိန်းသုံးဆယ်နဲ့ လူစိမ်းတစ်သိုက်" မှာ ကျော်သူနဲ့ပေါ့နော်။**

ကိုကျော်သူ ဟုတ်ကဲ့။ အမျိုးသားရုပ်ရှင်ကပါ။ ကျွန်မ နောက်ပိုင်း အမျိုးသားရုပ်ရှင်နဲ့လည်း ကားတော်တော်ရိုက်ဖြစ်ပါတယ်။ ၁၀ ကားလောက် တောင် ရှိမလား မသိဘူး။

**ဟုတ်ကဲ့၊ ဟုတ်ကဲ့။**

**ချိုကြီး ချိုလေး** တို့၊ **ပဝါနီနီ** တို့၊ **ဒိုး** တို့ အဲဒီလိုကားတွေ။

**ဟုတ်တာပေါ့ "ဒိုး"။**

**ဒိုး** လည်း ပါတယ်။ ၁၀ ကားလောက်ရှိပါတယ်။ **သိန်းသုံးဆယ်** ကတော့ ကျွန်မရဲ့ ပထမဆုံး ဆေးရောင်စုံကားပါ။ ပထမဆုံးနဲ့ နောက်ဆုံး ပေါ့။ ဗီဒီယိုတွေ မပါရင်ပေါ့နော်။ ကားကြီးတွေချည်းပဲ။

**ဟုတ်ကဲ့၊ ကာလာနဲ့ပေါ့။ "သိန်းသုံးဆယ်နဲ့ လူစိမ်းတစ် သိုက်" က ဦးလှမျိုး ထင်တယ်။**

ဟုတ်တယ်။ ဦးလှမျိုးပါ။ ဟုတ်ကဲ့... ဦးလှမျိုးလည်း ရှိပါသေး တယ် အဲဒီတုန်းက။

**ကျော်သူခေတ်ကိုလည်း မမေ မီခဲ့တယ်။**

ဟုတ်ကဲ့ပါ။

**ကျော်သူနဲ့ စင်ပြိုင်လို့ ပြောလို့ရတယ်ပေါ့နော်။ ကျော်သူ၊ စိုးသူ၊ ပြေငြိမ်းပေါ်လာတယ်ပေါ့။ ပြေငြိမ်းနဲ့လည်း ရိုက်ဖူးလား။**

ဟုတ်ကဲ့၊ ကိုပြေငြိမ်းနဲ့လည်း ရိုက်ဖူးပါတယ်။ ရုပ်ရှင်ကားကြီးလည်း ရိုက်ဖူးပါတယ်။ ဗီဒီယိုလည်း ရိုက်ဖူးပါတယ်။ ရုပ်ရှင်ကားကြီးကတော့ ဦးအောင်မြင့်မြတ် ရိုက်တာပါ။ **ဒီမျက်နှာလေးကို ချစ်တာ** ဆိုတဲ့ ကား။

**ဟုတ်ကဲ့... ဟုတ်။**

ဟုတ်ကဲ့၊ အဲဒီကားမှာတော့ ကျွန်မက နှစ်ကိုယ်ခွဲပေါ့။ ကိုပြေငြိမ်းနဲ့ပါ။

**ပြေငြိမ်းနဲ့ တစ်ကားပဲလား။**

ကားကြီးကတော့ အဲဒီတစ်ကားပဲလား မသိဘူး။ သိပ်မမှတ်မိဘူး။ နောက် ဗီဒီယိုမှာတော့ မြန်အောင်မြစိန် ရိုက်တာ။ မြန်အောင်မြစိန် ရိုက်တဲ့ကားက ကားနာမည်တောင် မေ့နေပြီ။ You Tube မှာရှိပါတယ်။ ကိုပြေငြိမ်းနဲ့ အဲဒီမှာ လှလှမိုးလည်း ပါပါတယ်။ အဲဒီကားတစ်ကားလည်း ရိုက်ဖူးပါတယ်။

**သြော်... ဟုတ်ကဲ့၊ မမေ သီချင်းလည်း ဆိုဖူးတယ် ထင်တယ်။**

သီချင်း... ဟုတ်ကဲ့၊ ကျွန်မလည်း ပထမပိုင်းမှာ စတီရီယို သီချင်းလေးတွေပေါ့။ ဒေါ်ဖြူသီတို့ရဲ့ စတူဒီယိုမှာ။

**ဟုတ်ကဲ့၊ Oasis မှာ။**

ဟုတ်ကဲ့ Oasis မှာ ပထမ သီချင်းလေးတွေသွင်းပြီးတော့ မြန်မာ့အသံရုပ်မြင်သံကြားမှာ စစချင်းတုန်းက ပထမပေါ်ခါစတုန်းက အဆိုတော်တစ်ယောက်ကို သီချင်း ၅ ပုဒ် လွှင့်ခွင့်ရတယ်။

**ဟုတ်တယ်၊ ဟုတ်တယ်။**

အဲဒီတော့ **မေဝင်းမောင်၏ တေးများ** ဆိုပြီးတော့ အဲဒီတုန်းက တစ်ခါ လွှင့်ခွင့်ရခဲ့ပါတယ်။ နောက်ပိုင်းကျတော့လည်း ကျွန်မ *နံပါတ်များနှင့် စကားပြောခြင်း* စီးရီးတစ်ခွေ ထုတ်တော့ အဲဒီထဲက သီချင်းလေးတွေကိုလည်း မြန်မာ့အသံမှာ ရိုက်ပါသေးတယ်။

**လွှင့်ခဲ့သေးတယ်။**

ဟုတ်ကဲ့။

**ဟိုတုန်းကတော့ မြန်မာ့အသံက ခုနစ်နာရီခွဲမှ စ,လွှင့်တာကိုး။**

**ခုနစ်နာရီခွဲက ရှစ်နာရီအထိက ခုနက မမေပြောသလို "မေဝင်းမောင်၏ သီချင်းများ"၊ "ဟေမာနေဝင်း၏ သီချင်းများ" စသဖြင့်ပေါ့ ကိုယ်သဘောကျရတဲ့ သရုပ်ဆောင်ဆို စောင့်ကြည့်ကြရတဲ့ခေတ်ကိုး။**

ဟုတ်ပါတယ်။

**ဒီလိုမျိုး ကြားဖြတ် မဟုတ်ဘူးလေ။**

ဟုတ်ကဲ့၊ နောက်ပိုင်းကျတော့ အဲဒီလို တေးတွေ မပေးတော့ဘူးတဲ့။ တစ်ခါလွှင့်ရင် တစ်ပုဒ်ပဲ တစ်ယောက်ကို၊ အဲဒီလိုဖြစ်သွားပါတယ်။

**ဟုတ်ကဲ့… ဟုတ်။**

ကြော်ငြာခေတ်ဦးပေါ့။ ကြော်ငြာခေတ်ဦးမှာလည်း အဲဒီတုန်းက မြန်မာ့အသံ၊ တီဗွီပေါ်ခါစမှာ ကြော်ငြာကို လူတွေက အရမ်းစောင့်စောင့်ကြည့်ကြတာလေ။ အဲဒီတုန်းကလည်း LUX ဆပ်ပြာပေါ့။ မေသန်းနုရယ်၊ ဇင်မာဦးရယ်၊ ဟေမာနေဝင်းရယ်၊ ကျွန်မရယ် အဲဒါလေးယောက်ပေါ့ ရိုက်ကြပါတယ်။ ကျွန်မက အဝါရောင်ဆပ်ပြာ ရိုက်ရပါတယ်။

**မမေက ဗီဒီယိုခေတ်ဦးကိုလည်း မီခဲ့တယ်ပေါ့နော်။**

ဟုတ်ကဲ့ပါ။

**ဗီဒီယိုခေတ်ဦးမှာပေါ့ ဦးဝင်းဖေနဲ့ ရိုက်ခဲ့ဖူးတဲ့ ကားတစ်ကား ရှိခဲ့ဖူးတယ်လို့ ထင်ပါတယ်။**

ဟုတ်ကဲ့ပါ၊ ကိုရာဇာနေဝင်းနဲ့ပါ။ အဲဒီတုန်းကတော့ ကျွန်မနဲ့ ရိုက်နေတုန်းကတော့ သူ့နာမည်ပေးထားတာက တစ်မျိုးပါ။ သူ နောက်ပိုင်း နာမည်ပြောင်းလိုက်တယ်လို့ ထင်ပါတယ်။ ဦးဝင်းဖေ ရိုက်တာပါ။ ကျွန်မ ဒီက နောက်တစ်ကြိမ် မထွက်ခင်ပေါ့။ နောက်တစ်ကြိမ် နိုင်ငံခြားမထွက်ခင်။

**မှတ်မိတယ်၊ ရာဇာနေဝင်းရယ်။**

နောက်… ကျန်တဲ့လူတွေကတော့ မှတ်တောင်မမှတ်မိတော့ပါဘူး။ ကားလေးတစ်စီးနဲ့ ဇာတ်လမ်းလေးက ဆုံးသွားတယ် မှတ်မိတာတော့။ အစက ဘယ်လိုလဲတောင် သိပ်တောင်မမှတ်မိတော့ဘူး။ ကားလေးက ကောင်းပါတယ်။ ဆရာ ဦးဝင်းဖေက အဲဒီကားလေးကို သူက Flash Back မဟုတ်ဘူး။ သူက Flash Forward စတိုင်နဲ့ သူက ရိုက်ထားတာပါ။ ရှေ့မှာဖြစ်တာ ပြလိုက်။ အခုဖြစ်တာကို ပြလိုက်။ အဲဒီ သူ ဆက်ထားတဲ့ စတိုင်လေးက နည်းနည်းတီထွင်ဆန်းသစ်ထားပါတယ်။ ဟုတ်ကဲ့၊ အဲဒီလို စတိုင်လေးနဲ့ ရိုက်ထားတဲ့ကားလေးပါ။

**ဟုတ်ကဲ့။**

နောက်တော့ ကိုရန်အောင်နဲ့လည်း ရိုက်ဖြစ်ပါတယ်။ ကိုရန်အောင်နဲ့က **ဖြစ်ပဲ့မလား မင်းနဲ့ငါ** ဟာသကားလေးပါ။ စာရေးဆရာကြီး ကြူမွှေးရဲ့ ဝတ္ထုပါ။ အဲဒီဝတ္ထုကို ပြန်ရိုက်တာပါ။ အဲဒါကတော့ ဦးလှမျိုးရဲ့သား၊ ဆရာ ဦးလှမျိုးရဲ့သား။

**အင်း... အင်း... ဖက်တီးမောင်မောင်လို့ ကျွန်တော်တို့က ခေါ်နေကျ(ရယ်လျက်)။**

ဟုတ်တယ်၊ ဟုတ်တယ်။ သူ့နာမည်ရှိပါတယ်... ခင်စောမျိုးက ရိုက်တာပါ။ ခင်စောမျိုး ဒါရိုက်တာ။ ကိုရန်လေးနဲ့ပါ။ ဟုတ်ကဲ့၊ အဲဒီကားလေး။ ဟာသကားလေးပါ။

**ဟုတ်ကဲ့၊ ဟုတ်။**

အဲဒါလေး ရိုက်ဖြစ်ပါတယ်။ ကားသုံးဆယ်လောက်တော့ ရှိပါတယ်။ တခြားဟာတွေလည်း ရိုက်ဖြစ်ပါတယ်။ နောက်... ခင်မောင်ဦး စိုးသိန်းထွဋ်နဲ့လည်း ရိုက်ဖြစ်ပါတယ် ဗီဒီယိုကားလေးထဲမှာလည်း။

**မမေ တချို့ကားတွေများ သိမ်းထားတာ ရှိလား။**

ကျွန်မမှာ **ကြည်ပြာ** အခွေလေးတော့ ရှိပါတယ်။ တစ်ယောက်ယောက်က ကူးပေးလို့လား မသိပါဘူး။ **ကြည်ပြာ** အခွေလေးတော့ ရှိပါတယ်။ မနေ့ကတော့ **ချစ်တဲ့သူငယ်လေ** တောင်းထားပါတယ်။ တခြားကားတွေတော့ သိပ်မရှိဘူး။ ခုနက **သဘင်သည် မဝင်ရ** ကတော့ You Tube မှာ ရှိပါတယ်။

**ဟုတ်ကဲ့... ဟုတ်။**

အဲဒါတော့ တွေ့ပါတယ်။ နောက် **ဒိုး** လည်း ရှိပါတယ်။

**"ဒိုး" ရှိတယ်။**

**ဒိုး** က ဟိုတလောကမှ ကျွန်မ ကြည့်ဖြစ်တယ်။ ရိုက်ပြီး ကျွန်မ ထွက်သွားတော့ တစ်ခါမှ မကြည့်ဖူးဘူး။

**ဟုတ်ကဲ့၊ ဟုတ်ကဲ့။ "ဒိုး"က သိပ်အများကြီးတော့ အိုက်တင် မလုပ်ရပါဘူးနော်။**

မင်းသားကားပါ။ ဦးကြည်စိုးထွန်းကတောင် ဟိုတစ်နေ့က ပြောနေသေးတယ်။ ကျေးဇူးတင်ပါတယ်တဲ့။ ဒီကားကို ရိုက်ပေးတဲ့အတွက်ပေါ့လေ။ ကျွန်မတို့ မိခင်ကုမ္ပဏီနဲ့ ဖြစ်တယ်။

**ကိုကြည်စိုးထွန်း ရိုက်တာ။**

ဟုတ် ဦးကြည်စိုးထွန်းရိုက်တာပါ။ ဦးကြည်စိုးထွန်းကလည်း ကိုယ်ယုံကြည်ပြီးသားဖြစ်တယ်။ ပြီးတော့လည်း အမျိုးသားရုပ်ရှင်နဲ့ဆိုတော့လည်း နောက် မောင်မောင်တို့နဲ့၊ မောင်စိုးသူ၊ ကိုကျော်သူတို့နဲ့ တွဲတယ်ဆိုတော့...။

**ကျော်သူနဲ့ စိုးသူနဲ့ ပထမဆုံး တွဲတဲ့ကားပေါ့။**

ဟုတ်ပါတယ်။ ဇင်မာဦးလည်း ပါ,ပါတယ်။ နောက် သရုပ်ဆောင်တွေကလည်း အင်အားလေးလည်းကောင်းတယ် ဆိုပြီးတော့ ကိုယ့်အခန်းနည်းပေမဲ့လည်း ရိုက်ဖြစ်ပါတယ်။ ဟုတ်... ရိုက်ခဲ့ပါတယ်။

**မှုသွားတာပေါ့။ မမေ ရုပ်ရှင်မင်းသမီးတွေ... မမေတို့ခေတ်မှာပေါ့နော်။ ရုပ်ရှင်မင်းသမီးတွေက တစ်ယောက်တည်း သရုပ်ဆောင်တာပဲ လုပ်ကြတယ်။ အပြိုင်သရုပ်ဆောင်တာ မပါဘူးပေါ့။**

ဟုတ်ကဲ့။

**မမေ သရုပ်ဆောင်တဲ့အခါမှာ ကျွန်တော် မှတ်မိတာက ဦးအောင်မြင့်မြတ် ရိုက်တဲ့ "မိန်းကလေးရှင်ရဲ့ဆန္ဒ" ဆိုရင် မင်းသမီး၊ သမီးတွေချည်းပဲနော်။ မဝါက အမေ သရုပ်ဆောင်ပါတယ်။ မမေတို့က သမီးတွေအဖြစ်နဲ့ သရုပ်ဆောင်ရတယ်။ အဲဒီတော့ မင်းသမီးအပြိုင်တွေ သရုပ်ဆောင်ကြရတာပေါ့နော်။**

ဟုတ်ပါတယ်။

**အဲဒီတော့ ကိုယ်ရသလောက်တော့၊ ကိုယ်ရသလောက်ပေါ့၊ ဒါပေမဲ့ အဲဒီခေတ်မှာ မမေတို့က စပြီးတော့ အပြိုင်တွေလုပ်လာနိုင်တာလို့ ယူဆရတယ်လေ။ အဲဒီတော့ ဘယ်လိုကြောင့် လက်ခံဖြစ်တာလဲ ဒီလို မင်းသမီးအပြိုင်တွေ ပါတာကို။**

စဉ်းစားပုံလေးကို ပြန်စဉ်းစားကြည့်မယ်ဆိုရင်တော့ တစ်က ဒါရိုက်တာပေါ့နော်။ ဒါရိုက်တာကလည်း...။

**ယုံကြည်စိတ်ချလောက်တဲ့ ဒါရိုက်တာဖြစ်တယ်။**

ကိုယ် ယုံကြည်စိတ်ချရတဲ့ ဒါရိုက်တာဖြစ်တယ်။ ပြီးတော့ ဇာတ်ကလေးကလည်း ကောင်း၊ သူက ဝတ္ထုကလည်း ကောင်းတယ်လေ။ ဆရာ...။

**မောင်သိန်းဆိုင်။**

ဟုတ်ကဲ့၊ ဝတ္ထုလေးကလည်း ကောင်းတယ်။ ပြီးတော့ ပါဝင်မယ့် သူတွေကလည်း ကိုယ့်အခန်းက နည်းပါတယ်။ ဦးအောင်မြင့်မြတ်က ပြော ပါတယ် စပြီး ငှားကတည်းက၊ လုပ်ကွက်ကတော့ တစ်ခန်းလောက်တော့ သေချာလေးရှိတယ်တဲ့။ ကျန်တာကတော့ အမေတွေ၊ အစ်မတွေကို Support လုပ်ရမယ်တဲ့နော်။ မဝါတို့၊ ဦးညွန့်ဝင်းတို့၊ နောက် မဂရေ့စ်ပေါ့ နော်၊ မဆွေဇင်ထိုက် သူတို့လည်း ပါတယ်ဆိုတော့ မိုးမမျိုး၊ နောက်တစ် ယောက်ပါသေးတယ်။ နန်းဝါဝါလား၊ နန်းဝေဝေလား မသိဘူး တစ်ယောက် ပါသေးတယ်။ အဲဒီတော့ အခန်းတော့နည်းတယ်။ ဒါပေမဲ့ ဇာတ်ကလည်း ကောင်းတယ်။ ဒါရိုက်တာကိုလည်း ယုံကြည်စိတ်ချမှုရှိတယ်။ ပါဝင်တဲ့ သရုပ်ဆောင်တွေကလည်း တကယ့်ဝါရင့်..။

**ကိုယ်နဲ့လည်း ရင်းနှီးပြီးသားဖြစ်တယ်။**

ဟုတ်ကဲ့၊ သမ္ဘာရင့် ရင်းနှီးပြီးသား၊ လေးစားပြီးသား သရုပ်ဆောင် တွေလည်းဖြစ်တယ်။ အဲဒါကြောင့်လည်း လက်ခံရိုက်ကူးဖြစ်ခဲ့တာပါ။

**ဟုတ်ကဲ့ အဲဒါမျိုး အလားတူ မင်းသမီးအပြိုင်လုပ်ရတဲ့ ကား တွေရှိဖူးလား။**

နောက်တစ်ကားကကျတော့ ခင်သီတာထွန်းနဲ့ပေါ့...သန်းသန်းနဲ့။

**ဟုတ်... ဟုတ်။**

အဲဒါမှာလည်း တစ်ခါ ရိုက်ဖူးပါတယ်။ ဦးအောင်မြင့်မြတ် ရိုက်တာ ပါ။ အဲဒီကားမှာတော့ သူက အပြိုင်ပေါ့။ မင်းသားက ကိုကျော်ဟိန်းထင် တယ်။ နည်းနည်းတောင်မေ့နေပြီ။ မင်းသမီးနှစ်ယောက်က အပြိုင်ပေါ့။ အပြိုင် အဲဒီလို ကားလေးတစ်ကား ရိုက်ဖူးပါတယ်။ အဲဒါလည်း ဦးအောင်မြင့် မြတ် ဖြစ်လို့ပါ။

**ဟုတ်... ဟုတ်။**

ဦးအောင်မြင့်မြတ်နဲ့လည်း ဖြစ်တယ်။ ကိုကျော်ဟိန်းပါ မင်းသားက ကိုကျော်ဟိန်းပါ။ ဟုတ်ကဲ့၊ အဲဒီကားတစ်ကား ရိုက်ဖြစ်တယ်။ ရိုက်တော့ ရိုက်ဖြစ်တယ်။ နောက်ပိုင်းတွေမှာ နည်းနည်း သိပ်အများကြီး မဟုတ်ပေမဲ့။

**ဟုတ်ကဲ့၊ ဟုတ်။ အခု မမေ အမေရိကားမှာ နေ့နေတဲ့ အခါကျတော့ တစ်ခါတလေ အနုပညာလုပ်ချင်တဲ့ စိတ်မပေါ်ဖူးလား။**

ပေါ်ပါတယ်။ ဒီက သွားခါစကတော့ ပိုဆိုးပါတယ်။

**ဟုတ်... ဟုတ်။**

အိပ်မက်ထဲမှာ ရုပ်ရှင်တွေရိုက်၊ သွားခါစက(ရယ်လျက်)။ အခု နောက်ပိုင်းကျတော့ သိပ်များများတော့ မလှုပ်ရှားဖြစ်ပါဘူး။ ဒါပေမဲ့ တစ်ခါ တုန်းကကျတော့ ကိုဇယံမေက သူ့ရဲ့ တေးစီးရီးလေးလုပ်တော့၊ သူ့ရဲ့ ဒုတိယတေးစီးရီးလေးမှာ တေးသရုပ်ဖော်အနေနဲ့ ကျွန်မကတော့ သရုပ် ဆောင်ပေါ့။ သူ့ရဲ့ *ကြားရင် အကြောင်းပြန်ပါ* ဆိုတဲ့ တေးသီချင်းလေးထဲမှာ တော့ ပါပြီးတော့ ကူညီပေးခဲ့ဖူးပါတယ်၊ ဟုတ်ကဲ့။ အဲဒါလေးတစ်ပုဒ်ပေါ့။ ပြီးတော့ ဟိုက ပွဲတွေမှာလည်း ကြုံရင်ကြုံသလိုပေါ့။ တစ်ခါတလေ သီချင်း လေးတွေ ဆိုဖြစ်ပါတယ်။

**ကျွန်တော်တို့ သတင်းတွေထဲမှာလည်း ကြည့်ရပါတယ်။ မမေ ဆိုတာတွေ။**

ဟုတ်ကဲ့၊ တစ်ခါတလေကျရင်လည်း ခု သမီးလေးကိုလည်း နီနီဝင်းရွှေရဲ့ အမျိုးသား ကိုအောင်မင်းနိုင်ပေါ့၊ ကိုအောင်မင်းနိုင်က Network of Myanmar American Association ဆိုတဲ့ အဖွဲ့လေးတစ်ခု ထောင်ထားပါ တယ်။ အဲဒီမှာ မျိုးဆက်သစ်လေးတွေကို မြန်မာအကလေးတွေ သင်ပေးပါ တယ်။ ဒီက ဆရာမကြီးတွေကို ပင့်ပြီးတော့၊ ဒေါ်နုနုစိန်တို့၊ ဒေါ်နုနုခင်တို့ ယဉ်ကျေးမှုက ဆရာမကြီးတွေကို ပင့်ပြီး ဟိုမှာ သင်ပေးပါတယ်။ ကျွန်မက အဲဒီမှာလည်း ဝင်ပြီးတော့ ကိုယ့်သမီးလေးကိုလည်း သင်ပေးတယ်။ သင်ပြီး တော့ အခု ဒီက ပြန်ရင်တောင် Myanmar Day ဆိုပြီးတော့ လုပ်ပါမယ်။ Musician တစ်ခုမှာ၊ အဲဒီမှာ ကျွန်မ ပါဝင်ဖြစ်ဦးမလားတော့ မသိဘူး။ ကိုမောင်မောင်ကတော့ ပြောထားပါတယ်။ မြန်မာအကလေး ပေါ့နော်၊ အဲဒီလိုလေးတွေ။

**ဟုတ်ကဲ့... ဟုတ်ကဲ့။**

တစ်ခါတလေ ကြုံကြိုက်ရင်ပေါ့၊ ကိုယ်လည်း အချိန်နည်းနည်း လေးပေးနိုင်ရင် အများအားဖြင့်တော့ သမီးကိုပဲ ပံ့ပိုးပေးပါတယ်။ သီချင်းတွေ ဘာတွေကတော့ ဆိုဖြစ်ပါတယ်။

**သမီးနဲ့ သား ဘယ်အရွယ်တွေရောက်နေကြပြီလဲ။**

သမီးလေးက အခု ဆယ့်နှစ်နှစ်ခွဲပေါ့၊ ခုနစ်တန်းကျောင်းသူလေးပါ။ သားလေးကတော့ အခု ဒီလကုန် သုံးဆယ်ရက်နေ့ဆိုရင် ဆယ်နှစ်ပြည့်ပါပြီ။ သူက လေးတန်းပါ။

**ဩော်... ဟုတ်ကဲ့။**

မေသန္တာဝင်းနဲ့ သိလ်ာမောင်ဝင်းပါ။ ,သမီးနဲ့ သားနဲ့။

**ဟုတ်ကဲ့၊ ဟုတ်ကဲ့ပါ။ အဲဒီတော့ နောက် ၂၀၂၀ ရောက်ရင် ကျွန်တော်တို့ ရုပ်ရှင်နှစ် ၁၀၀ ပြည့်ပါတော့မယ်။ အဲဒီတော့ ရုပ်ရှင် မင်းသမီးတစ်ယောက်အနေနဲ့ ဘယ်လိုမျိုး Wish လုပ်ချင်ပါသလဲ။**

ဟုတ်ကဲ့၊ ကျွန်မတို့ မြန်မာရုပ်ရှင်လောကကြီး အဓွန့်ရှည်ပါစေ၊ အဓွန့်လည်း ရှည်နေပါတယ်။ အဲဒီတော့ အဓွန့်ရှည်ပါစေ၊ ဒီထက်လည်း ပိုပြီးတော့ တိုးတက်ပါစေ။ ပြီးတော့ ပရိသတ်ရဲ့ နှစ်ခြိုက်မှုတွေလည်း အမြဲတမ်း ရယူခံစားနိုင်ပါစေလို့ ဆုတောင်းပါတယ်။

**ကျေးဇူးပါခင်ဗျာ။**

***



# အကယ်ဒမီ ခင်သီတာထွန်း

**အားလုံးပဲ မင်္ဂလာပါ ခင်ဗျာ။ သန်းသန်းရေ လူငယ်ပရိသတ်တွေ သိအောင်လို့လေ သန်းသန်း စ,ရိုက်ဖြစ်တဲ့ကားလေးက စ,ပြောပါဦး။**

**ဆူးမွေ့ယာ** လေ။ အဲဒါလည်း မမျှော်လင့်ဘဲနဲ့ ရိုက်လိုက်ရတာပါ။

**ဒါရိုက်တာက...။**

ဒါရိုက်တာက ဖေဖေပဲ။ မမျှော်လင့်ဘဲ ရိုက်လိုက်ရတာ။ ဒေါ်စန္ဒာရဲ့ကား။ အဲဒါ ငယ်ငယ်တုန်းကကျတော့ ကိုယ်က ကလေးသရုပ်ဆောင်လည်း ရိုက်ထားတာ။ အဲဒီ **ချစ်ထုံးရဲ့ ဖြေ** ပထမဆုံးရိုက်တာ။ အန်တီဝါ နှစ်ကိုယ်ခွဲ။ အဲဒီမှာ အစ်မနဲ့ ညီမနဲ့မှာ နောက်ကြောင်းပြန်တဲ့အခါကျတော့ အစ်မက ညီမလုပ်တဲ့သူကို လက်ကလေးဆွဲပြီးတော့ လှေကားပေါ် တက်လာ၊ အပေါ်လည်းရောက်ရော အစ်မကြီးကို ဦးမျိုးငြိမ်းက မဟားတရား အဲဒီအခန်းမှာလေ ကိုယ်က ငေးကြည့်နေတာလေ။ အပေါ်တက်လာတာပါတယ်။ နောက် ငေးကြည့်ရင်းနဲ့ အဖေက စစ်တုရင်လေး ကစားခိုင်းထားတယ်။ အဲ... ကျားကွက်ကလေး၊ ကျားကွက်ကလေး ကစားခိုင်းထားတယ်။ အဲဒါလေး လှမ်းကြည့်လိုက်၊ အဖေက သမီး ဘာမှမလုပ်နဲ့ လှမ်းကြည့်လိုက်။ အဖေ့စကား

တော့ နားထောင်တယ်။ ကျန်တဲ့ မောင်နှမတွေကတော့ ထွက်ထွက်ပြေးတယ်။ ခိုင်းလို့မရဘူး(ရယ်လျက်)။ အဲဒါနဲ့ ဒုတိယကားကျတော့ **သစ္စာရှင်မှာ ပိုက်လို့ရယ်**။ စာရေးဆရာ ကိုညွန့်ဝင်း။ အဲဒါ ဟိုတလောက သူ ဆုရတယ်ဆိုတော့ ဝမ်းတွေသာနေတာ။ အဲဒါကျတော့ တော်တော်များတယ်။ ဦးညွန့်ဝင်းငယ်ငယ်က မောင်မြင့်ဌေး၊ အန်တီဝါငယ်ငယ်က ကိုယ်။ အဲဒါနဲ့ အများကြီးပဲ။ ကားသုံးပုံတစ်ပုံလောက်ထိကို ကလေးခန်းများတယ်။

**ကလေးသရုပ်ဆောင်ပေါ့။**

အဲဒါကျတော့ ရှစ်နှစ်ခွဲ ကိုးနှစ်လောက်ပေါ့။ ခုနကဟာကျတော့ ပြတော့ ခုနစ်နှစ်ကျော်ကျော်ပေါ့နော်။ ပြီးတာနဲ့ ဆက်ရိုက်တယ်။ ဒါပေမဲ့ အရွယ်က ဟ,တယ်။ နောက်... ဆယ့်နှစ်နှစ်နဲ့ ဆယ့်သုံးနှစ်ကျတော့ ဒါရိုက်တာ ဗိုင်းတင်အောင်မြင့်ဦးက မော်လမြိုင်ဘက် ခေါ်သွားပြီးတော့ **ပန်းခင်းသောလမ်း**။ ဒါပေမဲ့ အဲဒါကျတော့ အန်တီဝါရဲ့သားက မောင်မြင့်ဌေး လုပ်ရတယ်။ ကိုယ်ကကျတော့ အိမ်နားက သူငယ်ချင်းအခန်း။ နည်းပါတယ်။ အဲဒါလည်း ရိုက်ပြီးရော ဖေဖေကလည်း စိစိစစ်စစ် သုံးစွဲတတ်တယ်လေ။ အဲဒါမှာ ဒေါ်စန္ဒာကို **ဆူးမွေ့ယာ** အတွက် ငှားထားတာပေါ့။ အဲဒီတော့ အစ်ကိုရယ်... နှစ်ငါးဆယ် ရွှေရတုသဘင် ဆိုတာ ရုပ်ရှင်အစည်းအရုံးကနေပြီးတော့ ရုပ်ရှင်သမားတွေကိုတဲ့ နယ်မထွက်ရပေါ့နော်... ဒီအချိန်မှာ နယ်မထွက်ရဆိုတော့ ဒါပေမဲ့ ရန်ကုန်မှာလည်း ကြိုရိုက်မယ်ဆို သူတို့ထွက်ထွက်သွားတယ်။ ဒေါ်စန္ဒာကို ရိုက်ဖို့ ခေါ်ပြီး ထွက်သွားတယ်။ ဒါပေမဲ့ နေ့ခင်းရောက်တော့ ကားက ပြန်လာရော။ အဲဒီတုန်းက ကိုယ်ဝန်အခက်အခဲပေါ့နော်။ သွေးတွေသွန်တယ်... ဘာဖြစ်တယ်၊ မင်းသမီးက မရဘူးတဲ့။ အဲဒါနဲ့ ဦးညွန့်ဝင်းနဲ့ ဒေါ်အေးအေးသင်းက ဖေဖေ့ကို ကဲ... ဇာတ်ကားထဲမှာ မင်းသမီးက ရှစ်တန်းကျောင်းသူ၊ အခု ဟိုမှာ သမီးက ငယ်ငယ်တုန်းကတည်းက ရိုက်နေတာ။ အခု သူက အပြင်မှာ ကိုးတန်း ကျောင်းသူဖြစ်နေပြီ။ သူ့ကိုသာ ရိုက်လိုက်ပါတော့ဆိုတာ ဦးညွန့်ဝင်းနဲ့ ဒေါ်အေးအေးသင်းတို့ ကောင်းမှုလို့ခေါ်ရမှာပေါ့(ရယ်လျက်)။ အဲဒါနဲ့ ရုတ်တရက်ကြီး ကောက်ပြီးတော့ မင်းသမီးဖြစ်သွားတာ။ ဖြစ်သွားတော့ အဲဒါနဲ့ သူငယ်ချင်းတွေကိုဟဲ့... ငါသွားရိုက်ရတော့မယ်လို့။ အဲဒီမှာ စာနယ်ဇင်းတွေက လာသေးတယ်။ ဖေဖေက ဖိတ်သေးတယ်။ နာမည်ပေးတာ ဦးလေးအငယ်က ဒါရိုက်တာ တင်အောင်မြင့်ဦးက ခင်သီတာထွန်းနဲ့ ဝင်းပပထွန်း ကြိုက်တာယူ

ငါ့တူမဆိုတော့ အဲဒါနဲ့ စာနယ်ဇင်းတွေက လာတော့ တော်ကြာ ခင်သီတာထွန်း ပေးလိုက်ပြန်ရော၊ ခဏနေကျရင် ဝင်းပပထွန်း ဆိုပြီးတော့ သွားပေးလိုက်ပြန်ရော။ အဲဒါကျတော့ အဒေါ်က နောက်တယ်။ "ပပ... ပပ" ဆိုပြီးတော့ နောက်တာနဲ့ ခင်သီတာထွန်းပဲလုပ်တော့ နေရခက်တယ်။ ဘယ်လိုကြီးမှန်း မသိဘူးဆိုပြီးတော့။ အဲဒါနဲ့ သူငယ်ချင်းတွေကို ဟဲ့... ငါ မင်းသမီး ကားသွားရိုက်ရမယ်လို့ သူတို့က မယုံဘူး။ နောက်တော့ စာအုပ်တွေ အကုန်ပေးခဲ့ပြီး စာကူးပေးပါဟယ်လို့။ နောက်နေ့ကျတော့မှ သတင်းစာထဲမှာ ခေါင်းလေးတစ်ပိုင်းနဲ့ ခင်သီတာထွန်း ဆိုပြီး ပါလာတယ်။ အဲဒီအခါကျတော့ သူတို့ ယုံသွားကြတယ်။ အဲဒီလိုနဲ့ပဲ ဖြစ်သွားတာပေါ့နော်။

**အဲဒါ ပထမဆုံးကားပေါ့။**

ဒုတိယကားကျတော့ ဖေဖေက **အချစ်ရှူး**၊ ဦးလေးက **ဖက်ဖူးရောင်**။ ဒါနဲ့ပဲ ဖေဖေ့မိတ်ဆွေ အပေါင်းအသင်း လက္ခဏာ ဦးကိုကြီးတို့၊ အမျိုးသား ရုပ်ရှင် ဦးစိန်တင်တို့ အကုန်လုံးက သမီးကို ပေးရိုက်ပါဆိုတော့ ဖေဖေက ကဲဟယ်... ငါ့မိတ်ဆွေတွေ သွားရိုက်ပေးလိုက်ဆိုတော့ အဲဒါနဲ့ တင် တဖြည်းဖြည်း မိတ်ဆွေတွေ၊ ဒေါ်သင်းသင်းယု၊ ဦးအောင်မြင့်မြတ် အကုန်လုံးပေါ့နော်။ ဦးလှမျိုး၊ နောက် ဦးမျိုးမြင့်အောင် အဲဒီလိုမျိုး စသဖြင့် ပေါ့။ မိတ်ဆွေတွေ ကားတွေကို လိုက်ရိုက်ပေးတယ်။

**ဒါရိုက်တာ ပေါင်းစုံဖြစ်သွားတာပေါ့။ ခုနက သန်းသန်းပြောတဲ့ အထဲ "ဖက်ဖူးရောင်"က...။**

*လဝန်းကလေးနဲ့ တူတယ် မေ့ကိုလားကွယ်* ဆိုတဲ့ အဲဒီ သီချင်းလေး အဲဒီကားထဲမှာ။

**တင်အောင်မြင့်ဦးက သရုပ်ဆောင်အသစ်ခေါ်ခဲ့တာ။**

ခေါ်ခဲ့တာ ဟုတ်တယ်။ ပြိုင်ပွဲရှိတယ်။ ပြိုင်ပွဲ အစ်ကိုပါလား အဲဒီနေ့က...။

**မပါဘူး... ညီတစ်ယောက်။**

အဲဒါ ဘီသုံးလုံးခြံထဲမှာ ခုနကပြောတဲ့ အကြီးဆုံး အစ်ကိုကြီး သူ့မှာ စတူဒီယိုအကြီးကြီး ရှိတယ်။ အဲဒီ ဘီသုံးလုံးခြံက ဦးသာခုခြံနဲ့ ကပ်လျက်ပဲ။

**အဲဒီပြိုင်ပွဲကနေပြီးတော့ ဦးဇော်လင်းနဲ့၊ ထွန်းထွန်းဝင်းနဲ့ ဖြစ်လာခဲ့တာနော်။**

ဟုတ်တယ်... ဟုတ်တယ်။

**"ဖက်ဖူးရောင်" မှာရော။**

အဲဒီတုန်းက ကိုယ်က မင်းသမီးလုပ်ဖို့ မပါသေးဘူး။ အဲဒီရွေးချယ်ပွဲကို ကိုယ်ကလည်း သွားတယ် စကတ်ကလေးနဲ့။ ပြီးတော့ ကိုထွန်းထွန်းဝင်းက ဘာလေးလဲ မသိဘူး၊ လျှောက်လွှာအလိပ်လေးကိုင်ပြီးတော့ တိုက်ပုံအနက်ကလေးနဲ့ သူ့ကို မြင်လိုက်တော့ ဟယ်... ဦးငယ်၊ ဦးငယ် သူ့ကို ရွေး... ရွေး(ရယ်လျက်)။ သန်း ရွေးထားတာနော်၊ ကိုထွန်းထွန်းဝင်းကို အမြဲပြောတယ်။ သန်း ရွေးထားတာနော်လို့ ခုထက်ထိ။

**ဦးဇော်လင်းလည်း အဲဒီမှာ ပါတယ်။**

ဦးဇော်လင်းကကျတော့ အဒေါ်က ရှာထားတာ။ မင်းသားက... သူက မော်လမြိုင်က။

**အဲဒီမှာ သူတို့ ပထမဆုံး သရုပ်ဆောင် အောင်မြင်သွားကြတယ်။**

အောင်မြင်သွားကြတယ်။

**သန်းသန်း လျှမ်းလျှမ်းတောက်အောင်မြင်သွားတဲ့ ကားပေါ့နော်၊ "တစ်ခါက တစ်ဘဝ"။**

**တစ်ခါက တစ်ဘဝ။**

**"တစ်ခါက တစ်ဘဝ" အဲဒီကား ဘယ်သူရိုက်တာလဲ။**

အဲဒီကားက ဒါရိုက်တာ မောင်တင်ဦးပေါ့နော်။ ပထမတုန်းက သူက ဓာတ်လမ်း အဆန်း၊ သန်းက အပျိုကတည်းက အဲဒီဝတ္ထုကို ဖတ်ရ တာပေါ့။ ငယ်ငယ်တုန်းကတော့ သီချင်းတွေဆိုလိုက်၊ ဝတ္ထုလေးဖတ်လိုက်၊ စိတ်ကူးယဉ်လိုက်၊ ခင်စိန်လှိုင်ဝတ္ထုတွေဆို အဲဒီထဲက နော်လူးလူးတို့ ဘာတို့ဆို သိပ်ဖြစ်ချင်တာ။ အပြင်မှာသာ လူက မြန်မြန်ဆန်ဆန်လှုပ်ရှားပြေးဟယ်လွှားဟယ် အဲဒီလိုမျိုးသာဖြစ်ပေမဲ့ အတွင်းစိတ်မှာတော့ မိန်းမစိတ်တော့ တော်တော်ရှိတယ်။ အဲဒါလေးကျရင် စိတ်က ဝင်ဝင်သွားတယ်။ အဲဒီအတိုင်းပဲ **တစ်ခါက တစ်ဘဝ** တုန်းကလည်း အဲဒီအတိုင်းပဲ။ အဲဒီ အချိန်တုန်းက ကိုယ်က ရိုက်တာတော့ ရိုက်နေပြီ။ **ပတ္တမြားကြီးကိုးလုံး** တို့ ဘာတို့ ရိုက်နေပြီ။ နောက်ကျတော့ စာရေးဆရာ ဦးဝင်းဖေ၊ ပန်းချီဆရာကြီး ဦးဝင်းဖေ၊ ဒါရိုက်တာ ဦးဝင်းဖေက သူက မန္တလေးမှာ နေတာ။ ဖေဖေက အဲဒီမှာ နည်းနည်းလေးစပြီးတော့ နေမကောင်းဖြစ်တယ်။ ဖြစ်တော့

**တို့အချစ်က ဒီလို** ကိုလည်း ဦးအောင်မြင့်မြတ်ကို ရိုက်ခိုင်းပြီးတော့ ဦးဝင်းဖေကိုကျတော့ **မေ့မေတ္တာက ပိုပါတယ်** ကို ဒါရိုက်တာ ပေးလုပ်တယ်။ ဦးဝင်းဖေကြီးက သန်းတို့ ပြည်သာယာမှာပဲ သူက နေတယ်။

**ပြည်သာယာမှာပဲ နေတယ်။**

မနီးမဝေးမှာ။ အဲဒီတော့ အိမ်ကို အမြဲလာတယ်။ သူ့ အပေါ်ထပ်မှာ၊ သန်းသန်းတို့ရဲ့ ပြဇာတ်အပေါ်ထပ်မှာ ဇာတ်ညွှန်းရေးနေတယ်။ သန်းသန်း လာပါဦး၊ ဒါလေး ခဏလောက်ဖတ်ကြည့်ပေးပါဆိုတော့ သန်းက ဖတ်ကြည့်တယ်။ ဟင်... ဒါ ဘာလဲဆိုတော့ **တစ်ခါက တစ်ဘဝ** လေတဲ့။ **တတိယ အသည်းနှလုံး** တဲ့။ ဟာ... ဟုတ်လားလို့၊ အဲဒါ ဘာလဲလို့။ ရုပ်ရှင်ရိုက်မှာလေတဲ့။ ဘယ်သူနဲ့ ရိုက်မှာလဲဆိုတော့ မင်းသမီးက တင်တင်ညို၊ မင်းသားက ဇော်ဝမ်း၊ ဒါရိုက်တာက ပန်းချီစိုးမိုးတဲ့။ ဒေါ်တင်တင်ညိုဆိုတော့ စဉ်းစားနေတာ။ အဲဒီတုန်းက မမညိုက တကယ့်ကို မြို့သူဌေးသမီးလေ။ **ကုဋေရှစ်ဆယ်သူဌေးသား** တို့ဘာတို့ အဲဒီလို နုနုရွရွ လေးတွေလေ၊ တကယ် သူကလေ ဂျပန်မလေးလို၊ ကော်ပတ်ရုပ်လေးလို ရုပ်မျိုးလေးဆိုတော့ ဟိုက တံငါသည်ကလည်း ကမ်းစပ်မှာ ပြေးဟယ်လွှားဟယ်။ နောက်ဆုံးမှာ မင်းသားနဲ့ ပြေးတဲ့အခန်း ဝတ္ထုထဲမှာ ကိုယ်က သိတယ်။ နောက်ဆုံးမှာ ထွက်ပြေးတဲ့အခန်းတွေဘာတွေ ပါတယ်။ ခွေးတစ်ကောင်ကလည်း ပါသေးတယ် အရေးထဲမှာ။ ကိုယ်က စဉ်းစားကြည့်လိုက်တဲ့ အခါကျတော့ ဟင်လို့... ဦးရေးထားတာ ကောင်းပါတယ်လို့၊ ဒါပေမဲ့ သန်းနဲ့ရိုက်ရင် ပိုကောင်းမယ်လို့ သူ့ကိုနောက်ပြီး ပြောပြီး ဆင်းသွားတာ (ရယ်လျက်)။ နောက်ပြီးကျတော့ ကံကြမ္မာက ကိုယ့်ဆီကို တကယ်ပဲရောက်လာပြီး ဒါရိုက်တာ မောင်တင်ဦး၊ မင်းသား ကျော်ဟိန်း၊ မင်းသမီး ခင်သီတာထွန်း။ အဲဒီလို ဖြစ်သွားတာပေါ့လေ။

**တကယ်ပေါက်ခဲ့တဲ့ ကားနော်။**

အင်း... အဲဒါလေ အစမ်းကို ဦးဝင်းဖေက သွားကြည့်လာတာ။ ဝင်းတံခါးကနေ ပြေးလာတယ်။ ပြီးတော့ ဟဲ့ နင် အကယ်ဒမီရမလား မသိဘူး၊ ငါကြည့်ခဲ့တာ တော်တော်ကောင်းတယ်တဲ့။ ဟုတ်လို့လားဆိုတော့ ဟုတ်တယ်တဲ့ သူ အားပေးလိုက်သေးတယ်။ ဦးဖေကြီးနဲ့လည်း အဲဒီလိုမျိုး ခင်ကြတယ်။

**အဲဒီကားမှာ သန်းသန်း တစ်ယောက်တည်းလား... မဟုတ်ဘူး**

နော်။

ဟင့်အင်း... အန်တီချိုပါတယ်။ လက်စသတ်တော့ မြို့တစ်ပိုင်း၊ သူနဲ့ကိုယ်နဲ့က မတွေ့တော့လေ။ သူက နည်းပါတယ်။ နည်းနည်းလေး ပေါ့နော်။ မင်းသားနဲ့ စေ့စပ်ထားတဲ့ တစ်ယောက်ပေါ့နော်။ အဲဒီလိုမျိုး နည်းပါတယ်။

**အကယ်ဒမီ ရတာရော။**

အကယ်ဒမီရတာက သန်းတို့ ဇာတ်ကားဆုရတယ်။ ဒါရိုက်တာ ရတယ်။ သန်းရတယ်။ ဦးဖိုးပါကြီး ရတယ်။ အဲဒီခေတ်ကများ အကယ်ဒမီ ရှားလိုက်တာ... ဦးဖိုးပါကြီးကလေ ငယ်ငယ်တုန်းက **ဖိုးပြုံးချို** တစ်ကားရ ပြီးမှ **တစ်ခါက တစ်ဘဝ** ကျမှ သန်းနဲ့ အတူတူရတာ။ အဲဒီလို သန်းတို့က လည်း အဲဒီတုန်းကဆို ဇာတ်ကားပေါင်း ၉၅ ကားလောက်ရှိတာ။ အဲဒီထဲကမှ တစ်ယောက်တည်း ရတာ၊ ၇၈ ခုနှစ်အတွက်ပေါ့။ ဒုတိယတစ်ဆုကျတော့၊ ၈၃ ခုနှစ်အတွက်ကျတော့ အဲဒါကျတော့လည်း ၇၅ ကားလောက်တော့ ဖြစ်သွားပြီ။

**ဩော်...။**

**ဣတ္ထိယခေါ် မိန်းမတို့သည်** က ရတာ။ ပြီးတော့မှ ၈၅ ခုနှစ် အတွက်ကျတော့လည်း **ပန်းသီတဲ့ကြိုး** ကလည်း ဒီအတိုင်းပဲ။ အဲဒါကျတော့ လည်း ၆၅ ကားလောက် ရောက်သွားပြီ။ ဒီနှစ် အခု သန်းတို့ အကယ်ဒမီ ရွေးချယ်ပွဲအတွက်ကျတော့ ၅၃ ကားအထိ ပြန်တက်လာတယ်။ မဆိုး ဘူး...မဆိုးဘူး။ ကြားထဲနှစ်ကတော့ အရမ်းအခြေအနေ ဘယ်လိုခေါ်မလဲ တော်တော့်ကို ထိန်းထားရတာပေါ့။ ၁၂ ကားတို့၊ ၁၅ ကားတို့။ ဒါပေမဲ့ သွားတော့ သွားနေသေးတော့ တော်သေးတာပေါ့။

**"တစ်ခါက တစ်ဘဝ" အကြောင်း ပြောကြရအောင်။**

ဟုတ်ကဲ့ အစ်ကို။

**"တစ်ခါက တစ်ဘဝ" မှာ ကောင်မလေးက တံငါရွာက။**

ဟုတ်။

**လုလုနော်.. လုလု။**

လုလု... လုလုနဲ့ အရမ်းကို ပရိသတ်ကြားထဲမှာလည်း နာမည်ကြီး သွားတယ်။ "လုလု"၊ "စက္က" ဆိုပြီးတော့။

**ဦးကျော်ဟိန်းက သဘော်ပျက်ပြီးတော့ တံငါရွာလေးကိုရောက်**

**လာတယ်နော်။ အတိတ် မေ့နေတာနော်။**

ဟုတ်ကဲ့၊ အတိတ်မေ့နေတယ်။

**အတိတ်မေ့နေပြီး လုလုနဲ့ ချစ်သွားကြတယ်ပေါ့။ နောက်တစ်ခါကျတော့ ဦးကျော်ဟိန်းက...။**

မသိတော့ဘူး။

**ရန်ကုန် ပြန်ရောက်သွားတယ်။**

ရန်ကုန်ပြန်ရောက်သွားတယ်။ သူ နည်းနည်းစိတ်မှန်ပြီးတော့ မသိတော့ဘူး။

**ရန်ကုန်ပြန်ရောက်သွားတယ်၊ ဒီကျတော့ လုလုက အခြေအနေဆိုးနေတယ်။**

လုလုက အခြေအနေဆိုးနေတယ်တဲ့...။ တမ်းတမ်းစွဲဖြစ်ပြီးတော့ စိတ်တွေက ကယောက်ကယက်ဖြစ်နေတယ်တဲ့။ လုလုက တစ်ခါ ရူးကြောင်ကြောင် ပြန်ဖြစ်သွားတယ်(ရယ်လျက်)။ ဂေါက်တောက်တောက် တစ်ခါပြန်ဖြစ်သွားတယ်။ အဲဒါနဲ့ သူပြန်လာတာပေါ့နော်။ ပြန်လာပြီးတော့ ဟန်ဆောင်ပြီးတော့မှ ဒီလိုတွေနဲ့ပဲ ပြန်ကောင်းသွားတယ်။

**ပြန်သတိရလာတယ်။**

အင်း... ပြန်သတိရလာတဲ့ ဒီဇိုင်းလိုပဲပေါ့နော်။ အဲဒီဇာတ်ကားတောင်မှ ဆက်ဖို့ကောင်းတယ်။ ဟိုတလောတုန်းကတောင်မှ **ကျွန်မက နှင်းဆီပါမောင်** လည်း အဲဒီအတိုင်းပဲ။ နောက်ထပ်ဆက်စေချင်သေးတယ်။ သူက အတွဲကလေးကလေ ကြည့်လို့ကောင်းတယ် အဲဒီလိုမျိုးလေး။ သူတို့က မေမြို့က အိမ်ကလေးမှာ အဆုံးသတ်သွားတယ်။ အဲဒီမှာ သူတို့နှစ်ယောက် ဘယ်လိုလေးတွေဆက်နေတယ်။ ဘာညာနဲ့ ကြည့်ချင်သေးတယ်။ တချို့ဇာတ်ကားတွေက အဲဒီလိုမျိုးလေ နောက်ထပ် ဆက်ကြည့်ချင်စိတ်ပေါက်တယ်ပေါ့နော်။ အဲဒီလိုမျိုးပေါ့။

**ဒါကလည်း ဇာတ်ကောင်းတယ်ပေါ့။**

အောင်မြင်ပါတယ်။ ဟုတ်... အောင်မြင်ပါတယ်။

**အဲဒီတုန်းက လုလုနဲ့ စက္က ဆိုတာက သကြီန်မှာ တကယ်... တစ်ယောက်နဲ့တစ်ယောက်ကို အော်ကြတာတဲ့ ဇာတ်ကားထဲလို ဖြစ်ခဲ့တယ်လေ။**

ပြေးပြီးတော့လေ သူတို့ နောက်ကြတာ(ရယ်လျက်)။ အဲဒီမှာ

အခက်အခဲတစ်ခု ဖြစ်သေးတယ်။ သန်းတို့က ကမ်းခြေမှာ တကယ်ကို အပြင် Weather လေးနဲ့ အပြင်လေလေးနဲ့ပေါ့နော်... တကယ် အဲဒီမှာ အော်ရမှာ "စက္က" ဆိုပြီးတော့။ အပြင်အသံနဲ့ အတွင်းအသံနဲ့ မတူဘူး။

**မတူဘူးလေ။**

အဲဒီအချိန်တုန်းက သူတို့ ကားဆက်တာနဲ့ဘာနဲ့ နောက်ဆုံး အချောသတ်ခါနီးကျမှ အဲဒီအသံ သွင်းချင်တယ်ဆိုတော့လေ "စက္က"၊ "လုလု" ဆိုတဲ့ "စက္က" အသံသွင်းချင်တယ်ဆိုလို့လေ အဲဒီအချိန်မှာ ပထမ ကလေး ခင်ပန်းနုပြုံး၊ ပန်းနုလေးကို မွေးဖို့ ပထမကိုယ်ဝန်မှာ တော်တော် ကြီးကို ကိုယ်ဝန်က တော်တော်ကြီးနေပြီ။ အဲဒီအချိန်မှာ လာအော်ခိုင်းတာ။ ပြည်သာယာအိမ်ပေါ်ထပ်မှာ အော်ရတာ Feeling ကို မပါဘူး။ အသံကြီးက လေ ခြောက်နေတယ်။ ကိုယ့်ဟာကိုယ် သိတယ်။ ပရိသတ်ကသာ သူတို့ အဲဒီအထဲမျောနေလို့ အသံကိုမသိတာ။ ကိုယ်ကတော့ သရုပ်ဆောင်တဲ့လူ ဆိုတော့ သိတယ်။ ကိုယ့်ဟာကိုယ် မိတ်ကပ်ကို စိတ်တိုင်းမကျဘဲ လုပ်တာ မျိုးလည်း ကိုယ့်ဟာကိုယ် မကြိုက်ဘူးပေါ့နော်။ ဒါပေမဲ့ ပရိသတ်က မျော သွားရင် သူတို့က မသိတော့ဘူး။ အဲဒီအချိန်မှာ အော်ရတာ ကိုးရိုးကားရား ကြီးဖြစ်နေတယ်။ ဗိုက်ကိုဖိထားပြီးတော့မှ "စက္က..." ဆိုပြီးတော့ အတင်းကြီး အော်နေ ရတာပေါ့နော် အဲဒီလို။

**"ဣတ္ထိယခေါ် မိန်းမတို့သည်" အကြောင်း ပြောပြပါဦး။**

**ဣတ္ထိယခေါ် မိန်းမတို့သည်** ကတော့ တကယ့် မိန်းမဇာတ်စစ် စစ်ကြီး။ အဲဒီတုန်းက...။

**အဖေ ရိုက်တာနော်။**

ဖေဖေရိုက်တာ။ အဲဒီဝတ္ထုကိုလည်း သိပ်မသိလိုက်ဘူး။ ဖေဖေတို့ တာဝန်ပေးတဲ့အတိုင်းပေါ့နော်။ အဲဒီအချိန်တုန်းက **မောင့်ချစ်သူ နွယ်နွယ် ထွန်း** ပါတယ်။ ဦးညွန့်ဝင်းနဲ့ ရိုက်ရမယ်ဆိုလည်း ရိုက်ပေးလိုက်တယ်။ ဦးဇော်လင်းနဲ့ ရိုက်ပေးရမယ်ဆိုလည်း ရိုက်ပေးလိုက်တယ်ပေါ့နော်။ အဲဒီလို အတိုင်းအတာလောက်မှာ ရိုက်ပေးတာတစ်ခုပဲရှိတယ်။ အကွေ့များတယ်။ အဲဒီကားလေးက တော်တော်လေးခက်တယ်။ ကိုယ့်ကို ကြိုက်လားလို့ မေးရင် ဟင့်အင်း... အဲဒါမျိုးတော့ သိပ်မကြိုက်ဘူး။ သိပ်ဝါသနာမပါဘူး။ အရမ်းကြီး မိန်းမဆန်ဆန်နဲ့ ဟိုဇာတ်ရှုပ်၊ ဒီဇာတ်ရှုပ်နဲ့ အဲဒါကြီးတော့ သိပ်မကြိုက်ဘူး။ သန်းကြိုက်တာ အဲဒီ **မအေးပွင့် မြင့်မြင့်စန်း လမ်းသုံး**

**ဆယ်** အဲဒီလိုမျိုး ဖိုက်တင်တွေကြိုက်တယ်(ရယ်လျက်)။ ကိုယ်နဲ့တောင် ဆုံတယ်။ အဲဒီ ဂျေမောင်မောင်တို့ဘာတို့ ဖိုက်တင်ကား၊ မြင်းစီးတာတွေ ဘာတွေ အဲဒီလိုလေးတွေ သဘောကျတယ်။ ဒါပေမဲ့ ဖြစ်အောင်လုပ် ပါတယ်။ အဲဒီနှစ်က တစ်ခုအစ်ကိုရဲ့ **တတိယအရွယ် ဒုတိယဝေဒနာ** နဲ့ သွားပြီးတော့ တိုက်တယ်။ တိုက်တော့ နှစ်ကားလုံးက ကောင်းတယ်။ ကောင်းတော့ ဖေဖေနဲ့ သန်းနဲ့က ရသွားတယ်။ ဒါရိုက်တာနဲ့ မင်းသမီးက **ဣတ္ထိယခေါ် မိန်းမတို့သည်**။ ဒီဘက်က ဦးညွန့်ဝင်းနဲ့၊ ဇာတ်ပို့နဲ့ ဇာတ် ဆောင် ဦးညွန့်ဝင်းနဲ့ ဦးထွန်းဝေက **တတိယအရွယ် ဒုတိယဝေဒနာ** အဲဒီလို ပေးလိုက်တာ။

**အမှန်မှာတော့ နှစ်ကားလုံး ကောင်းတယ်။**

ကောင်းပါတယ်။ ဟုတ်ကဲ့ အစ်ကို။

**တစ်ခါကတော့ အန်ကယ် ဦးထွန်းမြင့်နဲ့ ရုပ်ရှင်အတူတူ ထိုင် ကြည့်ဖူးတယ်။**

ဩော်... ဟုတ်ကဲ့။

**ဘာကားလဲဆိုတော့ မောင်သိန်းဇော်နဲ့ ရိုက်တဲ့ "စက်ဘီး ကလေး"။**

ဩော်... **စက်ဘီးကလေး။**

**သန်းသန်း မရှိဘူး၊ နိုင်ငံခြားမှာ။**

ဟုတ်တယ်၊ သန်းသန်းတို့ကလေ အဲဒီခေတ်က ခုခေတ်လို ဗီဒီယို ရိုက်သလို၊ တချို့ကလည်း အခုဆို ရုပ်ရှင်ကို ဗီဒီယိုနဲ့ တွဲထားတယ်။ ပြီးရင် ကိုယ့်အမှုအရာကို ဗီဒီယိုမှာကြည့်ပြီးတော့မှ မကြိုက်ဘူးဆိုတော့ ပြန်ပြီးတော့မှ လုံးဝ အဲဒီအချိန်ကျ ပြန်ရိုက်ကြတာပေါ့နော်။ အဲဒီတုန်းက ဗီဒီယိုမရှိတော့ သန်းတို့ တစ်ခါတည်း အပြီးကောင်းအောင်လုပ်ပေးရတယ်။ မကြည့်ဖြစ်ဘူး။ ကိုယ်က ထွက်သွားရတယ်။ အဲဒီလိုမျိုး။

**အဲဒီတော့ ကြည့်နေရင်းနဲ့ အန်ကယ်က ပြောတယ်။ သန်း သန်းအိုက်တင်နဲ့ ပတ်သက်ပြီးပြောတော့ ကျွန်တော်က အရင်ပြောတာ။ သန်းသန်းက အိုက်တင်လုပ်တယ် ဆိုပေမဲ့လို့ သူမဟုတ်သလိုပဲ လုပ် နေတာလို့နော်။ အထူးကြီးတော့ မဟုတ်ဘူးပေါ့။ ပါးပါးလေးနဲ့ပဲ လုပ် သွားတာဆိုတော့... အန်ကယ်က ပြောတယ်။ ဟုတ်တယ်တဲ့။ သန်း သန်းအိုက်တင်က အဲဒီအတိုင်းပဲတဲ့။ ပါးပါးပဲ သူလုပ်တယ်ပေါ့နော်။**

**သန်းသန်းအိုက်တင်နဲ့ ပတ်သက်ပြီးတော့ သူပြောဖူးတယ်။ အတူတူ ကြည့်ကြရင်းနဲ့ပေါ့နော်။ အဲဒီတော့ ခုနကပြောတဲ့ "ဂူထွိယခေါ် မိန်းမ တို့သည်" ပြီးတဲ့ အခါကျတော့ နောက်ဆုံးကျတော့...။**

**ပန်းသီတဲ့ကြိုး**။ အဲဒီမှာ ကိုယ် မပါသလိုပဲ။

**အင်း... ဟုတ်တယ်။**

ကိုယ့်စိတ်ထဲမှာ ကိုယ်မပါသလိုပဲ ခံစားရတာ။ ဘယ်လို အကယ် ဒမီရသွားလဲ ကိုယ်လည်း မသိဘူး။ အဲဒီမှာ သန်းက စိတ်ပူနေတာက စ,ရိုက်တုန်းက ခင်စိုးပိုင်တို့ကိုလည်း ကြောက်နေတာ။ မင်းသမီးကြီးဆို တော့ ကြောက်နေတာ။ ဟယ်... မကြောက်ပါနဲ့လို့။ အရေးထဲ... သူက သူဌေးသမီးလုပ်မှာ၊ ကိုယ်က မုန့်ဟင်းခါးသည် လုပ်ရမှာ။ အဲဒီတော့ သူက ပိုလန့်တယ်။ အဲဒီတော့ အကုန်လုံးက အားပေးတယ်။ နောက် ဦးနေ အောင်နဲ့ ရိုက်တယ်ဆို ဦးနေအောင်ကလည်း နည်းနည်းလေး နာမည်ကြီး လာတော့ ဟာ... ဆီးထုပ်ကိစ္စတွေ၊ ပြက္ခဒိန်ကိစ္စတွေ တရားစွဲမယ်တို့ ဘာတို့၊ သူ့ကို ပိုက်ဆံမပေးလို့ဘာတို့ သူက အဲဒီအထဲပဲ အာရုံရောက်နေ တယ်။ သန်းကလည်း စာကျက်၊ ဟဲ့... ရပြီလား၊ စကားရပြီလား ဆိုပြီး ဦးဝင်းဖေကလေ။ ဘာဖြစ်နေတာလဲ၊ သူ့ဟာသူ ရအောင်လုပ်မှာ ပေါ့တဲ့။ မဟုတ်ဘူး။ သန်းကလေ တစ်ယောက်မရဘူးဆိုရင် ကိုယ်က လုပ်လို့မရဘူး လို့၊ သူပါမှ ရမှာ။ ကိုယ်ပါလုပ်လို့ရမှာ။ သူ မရရင် ကိုယ်က လုပ်လို့မရဘူး လို့။ သူမရမချင်း ကိုယ်က ပြန်ပြောရတာ Feelက ဘာဖြစ် နေမှန်းမသိဘူး။ သူပါရမှ၊ သူရတဲ့အထိ ကိုယ်က ထိုင်စောင့်သွားတာပေါ့။ အဲဒီလိုမျိုးတွေ အခက်အခဲတော့ရှိတယ်။ ဒါပေမဲ့ အဲဒီကားမှာ သူတို့ကို အားပေးရင်းနဲ့ ကိုလွှမ်းမိုးတို့၊ ခင်စိုးပိုင်တို့ အားပေးရင်းနဲ့ ကိုယ်က ဘယ်လိုဖြစ်လို့ အကယ်ဒမီရသွားလဲတော့ သိတောင်မသိလိုက်ဘူး။

**ခုနက သန်းသန်းပြောလိုက်တာ ရှိတယ်လေ။ တကယ့်တကယ် မိန်းမဆန်တဲ့ဇာတ်ကားတွေ သိပ် Feelမရှိဘူး၊ အက်ရှင်ကားတွေကို Feel ဖြစ်တယ်။ နာမည်အကြီးဆုံးကတော့ "မအေးပွင့် မြင့်မြင့်စန်း လမ်းသုံးဆယ်" ပေါ့နော်။**

**မအေးပွင့် မြင့်မြင့်စန်း လမ်းသုံးဆယ်** အဲဒီကားကလည်း...။

သန်းနောက်ကို လိုက်တာ။ တစ်ခါတည်း ၁၇ နှစ် သမီးကတည်း က လိုက်တာ။ ဦးဆွေလှိုင်ဦးက ပြောတယ်။ မျက်နှာဖုံးပုံ ထားချင်လို့ပေါ့

နော်။ အဲဒီ **မအေးပွင့် မြင့်မြင့်စန်း** ကို သန်းကလည်း အဲဒီတုန်းက ဘာမှန်းကို မသိဘူး။ ရုပ်ရှင်တစ်မျိုးပဲ ရိုက်တယ်။ ဟင့်အင်း မလုပ်ဘူး။ စံပယ်ဦးသန်းလွင် သူကလည်း ကက်ဆက်ဇာတ်လမ်း မအေးပွင့်ကို လုပ်ချင်လား၊ ဟင့်အင်း မလုပ်ဘူး အဲဒီလိုပဲ။

**ကက်ဆက်ဇာတ်လမ်း။**

နောက် အဲဒီတုန်းက ဦးချစ်မင်းလူနဲ့ ဦးအောင်မြင့်ထိပ် သူတို့နှစ်ယောက်ပေါင်းပြီး အဲဒီဇာတ်လမ်းကိုပဲ တင်တာ၊ ရုပ်ရှင်တင်တာ မကျဘူး။

**ဟင်...။**

အဲဒီဇာတ်လမ်းက အဲဒီလို ကိုယ့်နောက်ကို လိုက်တာ မပြီးဘဲနဲ့ နောက်ဆုံး ဖေဖေဆုံးတော့ သန်းက ရက်လည်ကို စင်ကာပူကနေ ပြန်လာတာ။ ပြန်လာတော့မှ သီဟကျော်စိုးနဲ့ တွေ့ပြီးတော့ အစ်မတဲ့... အစ်မ အဲဒီကား ရိုက်သေးတယ် မဟုတ်လားတဲ့။ ဟယ်... ဘယ်လိုဖြစ်လို့ ဒီဇာတ်လမ်းက ငါယယ်ကတည်းက ငါ့နောက်ကိုလိုက်နေတာ။ ဒီအရွယ်ကြီးကျမှ တစ်ခါ၊ သုံးဆယ်ကျော်ကျမှ တစ်ခါပြန်ပြီးတော့လို့။ အစ်မ မရိုက်ပေးလို့မရဘူး။ အစ်မနဲ့မှ လိုက်တာဘာညာနဲ့။ ဟဲ့ ငါက ဖေဖေဆုံးလို့ ငါ့ဘာသာ ရက်လည်ပြန်လာတာလို့၊ ရိုက်ဖို့မဟုတ်ဘူးလို့၊ အစ်မရိုက်လို့ မရဘူးလို့။ ကျွန်တော်တို့ကလည်း ကျွန်တော်တို့အဖေ...၊ သူတို့အဖေလည်း ဆုံးတယ်။ ဆုံးတော့တဲ့ ကျွန်တော်တို့အိမ်က မရောင်းရသေးတော့ ငွေရေးကြေးရေးကလည်း အခက်အခဲဖြစ်နေတယ်။ အစ်မ တစ်ပြားမှ မယူနဲ့ဦးတဲ့။ ကျွန်တော်ရိုက်ပြီးတော့ ရုံတင်ပြီးတော့မှဆိုတော့ အဲဒါ တစ်ပြားမှ မယူဘဲနဲ့ ရိုက်လိုက်တာ(ရယ်လျက်)။ တစ်ခါတည်း မဟာဝိဇ္ဇာမိုလ်တွေရော၊ တစ်ခါတည်း အဲဒီ သန်းတို့က ပြည်ကနေ ဓားကုန်း၊ ဓားကုန်းကနေ ဘော်ကင်ရွာကနေမှ သန်းတို့က လှည်းတွေနဲ့ အဲဒီတောထဲကိုဝင်ပြီး ဆင်စခန်းမှာ အဲဒီလို နေ့တိုင်း၊ တစ်ခါတလေ ဘာလှည်းမှ မပါဘူး။ လမ်းလျှောက်သွား၊ လမ်းလျှောက်ပြန်။ လူကြမ်းတွေနဲ့ ပြိုင်လျှောက်တာညာ အဲဒီလိုပေါ့။ ကလေးမွေးထားတာကိုလည်း မဆင်မခြင်နဲ့ အဲဒီလိုတွေ အရမ်းပြေးလွှားလုပ်တော့ အခုတော့ ခြေထောက်တွေဘာတွေ နာနေပြီ(ရယ်လျက်)။ အဲဒီတုန်းက အသည်းအသန်တွေ လုပ်ထားတာတွေပေါ့။ အဲဒီကားလည်း အောင်မြင်ပါတယ်။ အဲဒီမှာ မမနုနဲ့၊ အကယ်ဒမီရွေးချယ်တော့ သန်းတို့က **စုနစ်စဥ်အလွမ်း** နဲ့ သွားပြီးတော့ တိုက်နေတယ်။

**ဟုတ်တယ်။**

တိုက်နေတော့ **မအေးပွင့်** က ကာလာ။ သန်းတို့က စ,ပေးရင် ကာလာဆု၊ ကိုယ်က ကာလာပထမဦးဆုံး အကယ်ဒမီလေး လိုချင်တာ။ မမနု **ခုနစ်စဉ်အလွမ်း** က တရုတ်ဖလင်ကြီး။ ဦးဝဏ္ဏတို့ ရိုက်တာ။ အကယ်ဒမီပြကွက်တွေ ပြလိုက်တော့ ဖလင်က အကွက်အကွက်တွေနဲ့ ဆီတွေ မစင်ဘူး အဲဒီလို။ နောက် မမနုကကျတော့ အဲဒီမှာ အိမ်ထောင်သည်လေးပဲ လုပ်ရတာ မောင်ရေ...ဘာညာနဲ့ အဲဒါလောက်ပဲရှိတယ်။ အဲဒီတော့ သန်းတို့ကကျတော့ တစ်ခါတလေ အကယ်ဒမီပေးမယ်ဆိုရင် ယှဉ်ကြည့်ရမယ်။ **ခုနစ်စဉ်အလွမ်း** မှာ လုပ်နိုင်လား၊ သူက **မအေးပွင့်** မှာ လုပ်နိုင်လား။ အဲဒီလိုမျိုး မဟုတ်ဘူး။ တစ်ခါတလေ ယှဉ်စေချင်တယ်။ မဟုတ်ဘူး အဲဒီတုန်းကတော့ မိန်းမအာဇာနည်လိုလို၊ မိန်းမသူရဲကောင်းလိုလို အဲဒီကားက ဖြစ်နေတာနဲ့ ကိုယ်က ပြုတ်သွားတာ။ ပြုတ်သွားပြီး မမနုခမျာကလေ အဲဒီမှာ မပေးရင် သူ့ရဲ့ ဒုတိယ ဆုက သူက ငယ်ငယ်လေးထဲက **ကိုယ်ရယ် စိုးရယ် တိုးတိုးရယ်** နဲ့ တစ်ကားရပြီးတော့ အကြာကြီးပဲ သူတို့ခမျာလေ။ အကယ်ဒမီရဖို့ဆိုတာလေ ရွေးတုန်းက မင်းသမီးတွေ အရမ်းသနားဖို့ကောင်းတာပဲ။ ကြားထဲမှာ သေတောင်သွားနိုင်တယ်။ အဲဒီကျမှ ဒုတိယဆု ရရှာတာ။

**ဟုတ်တယ်... ဟုတ်တယ်။**

**ခုနစ်စဉ်အလွမ်း** ကျမှ။

**ဟုတ်တယ်။ အဲဒီတော့ အဲဒီကားမှာ အဓိက ပရိသတ်ကြည့်တဲ့ အခန်းပေါ့(ရယ်လျက်)။**

အဲဒါကလည်း တကယ်တမ်းကျတော့ သန်းတို့ မနုစ်ကအထိကို အစ်ကိုတို့ကအစ အကုန်လုံးက စ,နေတာပေါ့နော်။ ဒီမှဲ့ကြီးသုံးလုံးကို စ,နေတော့ စဉ်းစားပြီးတော့ မနှစ်ကမှ အဖြေက ပေါ်တာ။ ဘာဖြစ်လို့လဲ ဆိုတော့လေ ဦးဆွေလှိုင်ဦးက သန်းကို ထိုင်ကြည့်နေတာ။ သူတို့တွေက မင်းသမီးတစ်လက် ပေါ်လာပြီဆို တစ်ခါတလေ ဇာတ်ကိုဆင်ပြီးတော့ ရေးလိုက်တာတွေဘာတွေ ရှိတယ်။ ဘာဖြစ်လို့ **မအေးပွင့်** မှာ အဲဒီဟာကိုပဲ အဓိကထား ရေးနေတာပါလိမ့်ဆိုတော့...။ ဟုတ်တယ်လေ သန်းမှာ ဒီပါးမှာ တစ်လုံးရှိတယ်။ ရင်ဘတ်မှာ တစ်လုံးရှိတယ်။ ရှိပြီးသား ဒါ နဂိုမှဲ့ပဲ။ နောက်... သန်းက ရေကူးနေတော့ သူက မြင်တယ်လေ။ နောက် ပေါင်

မှာ တစ်လုံးရှိတယ်လေ အကြီးကြီးပဲ။ အဲဒါကို သူက သိနေတော့လေ အဲဒီလိုဖြစ်နေတာကိုး။ နောက်တော့ ဪ...လက်စသတ်တော့ ငါ့ကိုကြည့်ပြီး သူရေးနေတာကိုး။ ဘာဖြစ်လို့ သုံးလုံးဖြစ်နေပါလိမ့်ပေါ့(ရယ်လျက်)။ အဲဒီလိုမျိုး... လက်စသတ်တော့ သူက လူကိုကြည့်နေတော့ မြင်းစီးတာတွေလည်း ပါတယ်။ ရေကူးတာတွေလည်း ပါတယ်။ အကုန်လုံး။ မင်းသမီးတစ်ယောက် တက်လာပြီဆို၊ အခုဆို...ကဲ ဝတ်မှုံရွှေရည်နဲ့ ဖွေးဖွေးဆို သူတို့နဲ့ လိုက်ဖက်မယ့်ဇာတ်ကို ပရိုဂျူဆာကလည်း ရှာ၊ စာရေးဆရာတွေကလည်း ရေးကြတယ်လေ။ ဒီမင်းသမီးနဲ့ လိုက်အောင်ရေးတော့ ပရိုဂျူဆာကလည်း ဒါကိုပဲ ယူပြီးတော့၊ ဒါရိုက်တာကလည်း ရိုက်တော့ အဆင်ပြေတယ်။ ပြေတာပေါ့ လျှောခနဲ။ လိုက်ဖက်ညီတာကို လုပ်သွားတဲ့ အခါကျတော့ အားလုံးပဲ သက်သာတယ်။ အံဝင်ခွင်ကျလည်း ဖြစ်တယ်။

**အင်းပေါ့၊ Target လုပ်ပြီး ရေးထားတာကိုး။**

တစ်ခါတလေ မလိုက်တာကို ဇာတ်ပို့ဖြစ်ဖြစ်၊ ဇာတ်ဆောင်ဖြစ်ဖြစ် ထည့်ထားရင် သူလည်း လုပ်ရခက်တယ်။ ဇာတ်ကားထဲမှာလည်း ချော်နေတယ်။ ဘာမှန်းလည်း မသိဘူး။ အဲဒီလို တွက်ရမယ်။

**အဲဒီတော့ သန်းသန်း အက်ရှင်ကားတွေ...။**

**မအေးပွင့်** ကတော့ အောင်မြင်ပါတယ်။ ဟုတ်ကဲ့။ အခု ဒုတိယ မအေးပွင့်ကျတော့ အေးမြတ်သူကျတော့လည်း ကိုသီဟကျော်စိုးက အကူအညီတောင်းတယ်။ အစ်မရေ လုပ်ပါဦးတဲ့။ အစ်မတို့က မြင်းစီးတာ ငယ်ငယ်ကတည်းက စီးနေတာ ကျွမ်းကျင်နေတယ်တဲ့။ မင်းသမီးကကျတော့ မြင်းတောင်မှ တစ်ခါမှ အနားကပ်ဖူးတာ မဟုတ်ဘူးပေါ့နော်။ အဲဒီတော့ သန်းတို့ Sae Game တုန်းက အဖွဲ့ထဲမှာ မြင်းပေါ်မှာ အမျိုးမျိုးဆပ်ကပ်ပြသလိုမျိုး အမျိုးမျိုး အစွမ်းပြသွားတဲ့ တစ်ယောက်ရှိတယ်။ အဲဒီ ကိုဟန်ထွန်း... သူ့ကိုပဲ ဖုန်းဆက်ပြီးတော့ သူ့မှာ အဲဒီမြင်းကလည်း လိမ္မာတယ်။ သူ့မြင်းနဲ့ဆို အေးမြတ်သူလည်း အဆင်ပြေမယ်ဆိုပြီးတော့ ကိုဟန်ထွန်းကို ဖုန်းဆက်ပြီးတော့ လုပ်ပေးပါဦးလို့။ ဒီမင်းသမီးကလည်း မြင်းနား ခုမှကပ်ရမှာလို့၊ ဖြစ်မလားလို့ ဒီမြင်းနဲ့။ တော်ကြာ သူ တစ်ခုခုဖြစ်ရင် သန်းက တာဝန်ကြီးတယ်လို့။ ဟာ... ဖြစ်တယ်၊ ကျွန်တော်လုပ်ပေးလိုက်မယ် အစ်မတဲ့။ အဲဒါနဲ့ အေးမြတ်သူလေး အဆင်ပြေသွားတယ်။ ဒါပေမဲ့ အေးမြတ်သူလေး ဖုန်းဆက်တော့ သူ့ကို ပြောလိုက်တယ်။ သမီး ဘယ်လိုပဲ

ဖြစ်ဖြစ်၊ ဘယ်သူမှ ကိုယ့်ဘေးနား ရှိတာမဟုတ်ဘူး။ အဲဒီတော့ မြင်းတစ်ခုခု လုပ်တာနဲ့ ဒူးသာအသေညှပ်ထားနော်လို့ ဒီကောင်ကိုလို့ အဲဒီလိုပြောလိုက်တော့ နောက်တစ်ခါ ဟိုတလောက ထပ်တွေ့သေးတယ်။ အန်တီရယ်တဲ့ ရိုက်တုန်းက အန်တီပြောသလိုပဲ ဒီကောင်ကြီးက ထ,မတ်တတ်ရပ်မလို လုပ်သေးတယ်တဲ့။ အန်တီပြောသလို အန်တီပြောတာနားထောင်ပြီး ဒူးနဲ့ အတင်းညှပ်ပြီး ဖက်ထားတာတဲ့။ အဲဒါ ကံကောင်းလို့တဲ့။ အဲဒါနဲ့ ကိုယ်က ကျေနပ်ရတာ အောင်မြင်သွားတယ် သူတို့လည်း(ရယ်လျက်)။

**အင်း... ကိုပြုံးနဲ့ ကားတစ်ကားရိုက်ဖူးတယ်နော်။**

ကိုပြုံးနဲ့က လေးကားလောက် ရိုက်ဖြစ်တယ်။

**ဩော်... လေးကားတောင်ဖြစ်သွားတာလား။ ဘာတွေလဲ မသိဘူး။**

ပထမဆုံးက **ကိုကိုနဲ့ပဲ နေချင်တယ်**၊ နောက်ကျတော့ **အဖေနဲ့ အမေ**၊ နောက် **လနဲ့နေ မြနဲ့ရွှေ**၊ နောက် **အရောင်အသွေးတို့က ဆန်းကြယ်တယ်** ဆိုလား အဲဒါ ပီးပေါ်အဖေက ပရိုဂျူဆာပေါ့။ အဲဒီတုန်းက **အရောင်အသွေးတို့က ဆန်းကြယ်တယ်** ဆိုတာလေ၊ အဲဒီနှစ်မှာ ဖေဖေက ပြောတာပါ။ ငါကွာ... ဒီနှစ်တဲ့ ဒီပြင်မင်းသားတွေကို ငါ့မျက်စိနဲ့ သိပ်မတွေ့ဘူးတဲ့။ မင်း အမှတ်တရ ငါ့ကို ရိုက်ပေးပါကွာတဲ့။ အဲဒါနဲ့ သူလည်း စင်ကာပူကနေ ခဏ ဒီကိုပြန်လာလည်တာ။ အဲဒါနဲ့ သူရိုက်ပေးလိုက်တာပေါ့နော်။ ဒါနဲ့ပဲ သူ လေးကားဖြစ်သွားတာ။ သန်းကလေ ဟာ... စိတ်အရမ်းပူတာ။ ဘယ်လိုလုပ်ဖြစ်ပါ့မလဲပေါ့။ ဖေဖေက သမီးမပါနဲ့။ အဲဒါနဲ့ စိန်မောင်ခြံမှာ **ကိုကိုနဲ့ပဲ နေချင်တယ်** မေမြို့အခန်းမှာ။ အဲဒါကို သူက ဂျက်ကက်ကြီးနဲ့၊ ကိုပြုံးက ဂျက်ကက်ကြီးနဲ့ ပြီးတော့ အထုကြီး။ အဲဒီမှာ မိုးကာသားလိုမျိုး ဂျက်ကက် အဖောင်း အဖောင်းကြီးတွေနဲ့လေ၊ ချွေးတွေကလည်း ရွှဲလို့ အဲဒီအခန်းထဲမှာ။ အဲဒါ ကိုယ်က စိတ်ပူလို့ သွားကြည့်၊ အဖေက မလာနဲ့၊ မလာနဲ့(ရယ်လျက်)။ အဲဒီမှာ ဟန်ကျနေတာ သမက်နဲ့ ယောက္ခမ။ မေမြို့အခန်းကို အနွေးထည်ဝတ်ပြီး ရိုက်တာ ချွေးတွေက ရွှဲနေတာ(ရယ်လျက်)။

**အဲဒါဆိုရင် ကိုပြုံး မင်းသားလုပ်ဖြစ်တာက သန်းသန်းပယောဂ မဟုတ်ဘူးပေါ့။**

မဟုတ်ဘူး... မဟုတ်ဘူး၊ ဖေဖေ။ သန်းက မပါဘူး။ မလုပ်စေ

ချင်ဘူး။ မင်းသားဆိုတာက အားလုံးနဲ့ ဖော်ဖော်ရွေရွေပေါ့နော်။ ဘကြီးမောင်လို၊ ဆရာမောင်လို ကန့်လန့်မတိုက်ရင်၊ သူကလည်းလေ ဟဲ့ နှုတ်ဆက်လိုက်ပါဦးဟဲ့၊ ဟိုကလည်း ကျော်သူ၊ ကျော်သူဆိုပြီး အော်နေတာ။ ဟယ်... လုပ်ပါဟယ်၊ ဟိုမှာကြည့်ပါလားဆို ဘာလုပ်ကြည့်ရမှာလဲ၊ ဘာလို့ကြည့်ရမှာလဲ။ သူက အဲဒီလိုမျိုး(ရယ်လျက်)။ ဘုကန့်လန့်၊ ခွ။ ဒါပေမဲ့ သူတို့က ဒီနယ်မြေထဲနေတာ ပြဿနာမရှိဘူး။ ကိုပြုံးကလည်း သိပ်ပြီးအေးလွန်းတယ်လေ။ သိပ်ပြီးတော့ အရမ်းအေးလွန်းအားကြီးတယ်။ အရုပ်လေးတစ်ရုပ်လိုပဲဆိုတော့လေ သူ့ပညာနဲ့ သူက သတ်သတ်ပေါ့လေ။

**ဒါပေါ့... ဒါပေါ့။**

အမှတ်တရတော့ ရိုက်ပေးလိုက်တယ်ပေါ့လေ။ အဲဒါလေးက အဆင်ပြေသွားတာ တော်သေးတယ်။ သူက ကံကောင်းတယ်။ သူ လေးကားပဲ ရိုက်ရတာ၊ **ကိုကိုနဲ့ပဲ နေချင်တယ်** က မြန်မာ့အသံက ခဏခဏပြန်ပြန်ပြနေတာ(ရယ်လျက်)။ ကံကောင်းတယ်။ ပြီးတော့ **အဖေနဲ့အမေက** ကာလာလေးလည်း လာတယ်။ ကာလာက အဲဒီတစ်ကား ရသွားသေးတယ်။ အဲဒီတော့ သန်းတို့ ရုပ်ရှင်လုပ်ငန်းကနေ စီစဉ်ပေးတော့ အဲဒီတုန်းကဖလင်တွေကလည်း အရမ်းတန်ဖိုးရှိတယ်။ ဖေဖေဆိုရင် ဒိုင်ယာလော့ကိုအသေကျက်ထား၊ ပြန်ရိုက်ရတာတွေဘာတွေဆို ဖလင်က ဒေါ်လာနဲ့ဝယ်ရတဲ့အခါကျတော့၊ အရမ်းတန်ဖိုးကြီးတော့ သေချာကျင့်ပြီးတော့မှ ရိုက်ရတော့ ကာလာတွေ ခေတ်ပြောင်းတော့လည်း ခုနစ်ကားပဲ ရိုက်တယ်။ အဲဒီမှာ သန်းက...။

**"ချစ်လျက်ပါ မဟာသီ"။**

**ချစ်လျက်ပါ မဟာသီ**။ အိမ်က ကား။ **အဖေနဲ့အမေ** ရယ်၊ **မေတ္တာကြိုးမျှင်** ရယ် အဲဒီသုံးကားပဲ ရိုက်ဖြစ်တယ်။ နောက်ကျမှသာ **နေမင်းသို့ ခြေလှမ်းကိုးဆယ်** တို့၊ **မအေးပွင့် မြင့်မြင့်စန်း လမ်းသုံးဆယ်** အဲဒီလို ဖြစ်သွားတာ ရှိပါတယ်။

**အဲဒါကျတော့ ကာလာတွေဖြစ်ကုန်ပြီနော်။**

အင်း... အဲဒါကျတော့ ကာလာတွေဖြစ်ကုန်ပြီ။ ပထမ **မဟာသီ** တို့ဘာတို့က မမှန်သေးဘူး၊ ပြာရင်လည်း အရမ်းပြာ၊ နီရင်လည်း အရမ်းနီ။

**ကားက တုန်နေသေးတယ်။**

တုန်သေးတယ်။ အဲဒါ သန်းတောင် နာမည်ပေးလိုက်သေးတယ်။

တုန်လျှက်ပါ မဟာသံ့ ဆိုပြီးတော့လေ။

**အဲဒီလို သရုပ်ဆောင်လုပ်နေရာကနေပြီး ထူးထူးဆန်းဆန်း လုပ်တာတစ်ခုရှိတယ်။ အယ်လ်ခွန်းရီရဲ့ စီးရီး *ကယ်လီယိုပက်ထရာ၊* ကယ်လီယိုပက်ထရာကို သရုပ်ဖော်တဲ့ MTV ပေါ့နော်။ ဒါ မြန်မာပြည် မှာ ပထမဦးဆုံးလုပ်တဲ့ MTV လို့ ထင်တယ်။ ဦးမောင်မောင်လှမြင့် ရိုက်ခဲ့တာနော်။ အဲဒီအကြောင်း ပြောပြပါဦး။**

သန်းက Music ကို အရမ်းကြိုက်တာ။ အဲဒီလို Play Back တို့၊ BG တို့ဘာတို့ တအားကြိုက်တာပဲ။ သီချင်းကိုလည်း ကြိုက်တယ်။ Music ကိုလည်း ကြိုက်တယ်။ သီချင်းဆို ရှေးကအစ အခုနောက်ဆုံးအထိ အကုန် လုံးကို အရမ်းနှစ်သက်တယ်။ တီးလုံးသံတွေကိုလည်း နှစ်သက်တယ်။ အဲဒီအချိန်မှာ အဲဒီအခွေထဲမှာကလည်း မအယ်လ်ခွန်းရီတို့ကလည်း မြန်မာ့ ရုပ်မြင်သံကြားမှာ သူတို့က လူလုံးထွက်မပြဘူး။ သီချင်းလေးတွေပဲ လာ တယ်။ ပြီးတော့ သူ့အသံကိုလည်း အရမ်းကြိုက်တယ်။ အဲဒီအခွေမှာ ပြီးတော့ တီးလုံးကလည်း Aces ကလည်း တကယ်တီးထားတာ။ အခုခေတ် လိုမျိုး ကွန်ပျူတာနဲ့ပဲ တီးတာမဟုတ်ဘဲ တူရိယာတွေနဲ့ တကယ်တီးထား တာ။ Aces က နာမည်ကြီး။ တီးလုံးလေးတွေကလည်း အရမ်းကောင်းတာပဲ။ အမှတ်တရတော့ လုပ်လိုက်ဦးမှပဲဆိုပြီးတော့ ဒါမှ မအယ်လ်ခွန်းရီကိုလည်း ဂုဏ်ပြုရာရောက်မယ်။ သူ့သီချင်း၊ သူ့အသံလေးကိုလည်း ကြိုက်တယ် ဆိုပြီးတော့ သူက အသံ၊ ကိုယ်က အရုပ် ဆိုပြီးတော့ အမှတ်တရလေး။ အဲဒီတုန်းကလည်း ကိုယ့်လက်ထဲမှာ ကားရိုက်ထားတော့၊ လက်ထဲမှာလည်း ပိုက်ဆံလေးတွေကလည်း ရှိနေတော့ ကိုယ်လုပ်ချင်တာလေး ထ,လုပ်တဲ့ သဘောပေါ့နော်။ လူတွေကြိုက်ပါတယ်။ ဒါပေမဲ့ ခေတ်ဆန်လွန်းလို့ ဆိုပြီး တော့ ပိတ်လိုက်တာပေါ့။ ပိတ်ပေမဲ့ နှစ်ပတ်ဖြန့်ပြီးသားဖြစ်နေတော့ လူတွေ လက်ထဲကိုတော့ ရောက်ကုန်တာပေါ့ အစ်ကိုရယ်။ နာမည်တော့လည်း ရသွားပါတယ်။ အဲဒါနဲ့ ဟိုတလောက ကြည်ဖြူသျှင်က၊ တူမ ဒါရိုက်တာ ကြည်ဖြူသျှင်က ဟယ်... တီတီတဲ့ ပြန်တင်မယ်တဲ့။ အခု ဆင်ဆာတွေ ပိတ်ထားတဲ့ဟာတွေ ပြန်ပေးတယ်တဲ့။ အဲဒီတုန်းက ကိုဇင်ဝိုင်း ဥက္ကဋ္ဌ၊ အခုမှ သူက ဥက္ကဋ္ဌ ပြန်ဖြစ်တာ။ အဲဒီတုန်းက ကိုဇင်ဝိုင်းက သူများတွေ ဆင်ဆာရပေမဲ့ အစ်မ မပါဘူးတဲ့(ရယ်လျက်)။ ဘာဖြစ်လို့လဲ ဆိုတော့ အနှစ်အစိတ်အောက်ကိုပဲ ပေးတာ။ အစ်မက အနှစ်အစိတ်ကျော်သွားလို့တဲ့။

အမယ်လေးဟဲ့...လို့။ အဲဒါနဲ့ ကြည်ဖြူသျှင်က အနှစ်အစိတ်ကျော်တော့ ပိုတောင်တန်ဖိုးကြီးသေးတယ်။ ပေးရမှာတဲ့။ အဒေါ်ရဲ့အခွေကို တဲ့။ ကြိုက်တယ်၊ အရမ်းကြိုက်တယ်။ အဲဒီ Play Back ကို။

ပြန်ထွက်ရင်လည်း ထွက်လာမှာပေါ့။

ပြန်ထွက်လာရင်လည်း အမှတ်တရပေါ့။

**ဒါပေါ့။ များသောအားဖြင့် မင်းသမီး၊ မင်းသား ဆိုတာက ကိုယ် Leading လုပ်ရမယ့် ဇာတ်မျိုးသာ ရွေးတတ်တယ်ပေါ့နော်။ ဇာတ်လာပေးလို့ရှိရင်လည်း ဖတ်ကြည့်လိုက်ရင် ကိုယ်လုပ်ပိုင်ခွင့်များများရမယ့်ဟာမျိုး လုပ်တတ်တယ်။ ဒါမျိုး လက်ခံတယ်ပေါ့နော်။ လုပ်ပိုင်ခွင့်နည်းရင် များသောအားဖြင့် ပယ်တတ်တယ်။ အဲဒီတော့ ဦးတင်ဦးက မို့မို့မြင့်အောင်ကို တင်တဲ့အချိန်ပေါ့နော်။ "နှလုံးသားမြို့တော်" ဆိုတဲ့ ဇာတ်ကား Black & White ရိုက်ခဲ့တယ်။**

ဟုတ်ကဲ့။

**အဲဒီအချိန်မှာရော သန်းသန်းကို Offer လုပ်တဲ့အချိန်မှာ ဘယ်လိုစဉ်းစားပြီး လက်ခံလဲ။**

ဩော်... အစ်ကိုရယ် ပြောရရင် ဦးတင်ဦး ဆိုတာ ကိုယ့်ရဲ့ ဦးလေးလိုကို ဖြစ်သွားတာ။ နောက်ဆုံး စေ့စပ်တဲ့အခန်းမှာ တစ်ခန်းပဲတဲ့ မင်းသမီးက ပါရမယ်တဲ့။ အဲဒါ ရိုက်မယ်နော်ဆိုတာနဲ့ ရိုက်လိုက်ပါလို့။ နောက်ကျတော့ ကိုယ့်ရဲ့ မိတ်ကပ်ဆရာကိုပဲ သုံးမယ်ဆိုတော့လည်း ပေးသုံးလိုက်တယ်။ အဲဒါနဲ့ပဲ သူလည်း အောင်မြင်သွားတယ်ပေါ့နော်။ နောက်တော့ ရိုက်ရင်းနဲ့လည်း မင်းသမီးကို အကြိုက်တွေ့လို့ပေါ့လေ အများကြီးဖြစ်သွားတယ်ပေါ့နော် အခန်းတွေဘာတွေ။ ကိုယ်ကတော့ ကိုယ့်ရဲ့ ဝတ္ထုရားအရ ယူနီဖောင်းကို သေချာကျကျနနချုပ်လို့။ အဲဒါ သန်းကိုတောင် အဆူခံထိသေးတယ်။ အဲဒီရဲတွေ ငါးဆယ်ဘယ်နှလမ်းမှာလည်း အဲဒီကို သွားပြီးတော့ အဲဒီ တကယ့်ရဲချုပ်ရှေ့မှာ သန်းရယ်၊ ခင်နုနုရယ်၊ နောက်ထပ် နှစ်ယောက်ပါသေးတယ်။ တန်စီပြီးတော့လေ သူက ပြောရင်းပြောရင်းနဲ့၊ ဇာတ်ကားနားပြီးတော့ မင်းတို့ ဒါက အရေးကြီးတယ်ဘာညာ ပြီးတော့မှလေ မင်းတို့က သရုပ်ဆောင်တွေနော်တဲ့(ရယ်လျက်)။ သူတို့ကလည်း တကယ် စွာန်ဝင်သွားတယ်။ အဲဒါနဲ့ ရဲဌာနက နောက်ဆုံးမှာ ဒီဇာတ်ကား အောင်မြင်သွားတော့လေ မိန်းကလေးအများကြီး ရဲမေတွေ ဝင်လာတာ။ အများကြီးလာဝင်တယ်

ကျေးဇူးတင်တယ်တဲ့။ တိုင်းပြည်ရဲ့ နှလုံးသားလေးတွေ အများကြီးပဲ ဖြစ်လာတယ်တဲ့။

**အင်းပေါ့။**

အဲဒီကားလေးကလည်း အောင်မြင်သွားတယ်။

**ဒါ "နှလုံးသားမြို့တော်"ရဲ့ Effect ပေါ့နော်။**

**နှလုံးသားမြို့တော်၊ သကြန်မိုး လည်း သန်းက ကပ်ပြီး လွဲသွားတာ။**

**ဩော်...။**

ဦးတင်ဦး အစီအစဉ်က နည်းနည်းကြမ်းတာနဲ့ပဲ မပါဖြစ်လိုက်တာ။

**အရေးကြီးတဲ့ ကိစ္စတစ်ခုပေါ့နော်။**

ဟုတ်ကဲ့ပါ အစ်ကို။

**၁၉၈၈ ခုနှစ်လောက်မှာ။**

၈၈ အင်း...။

**၈၈ ခုနှစ်မှာ အစိုးရကို တော်လှန်တဲ့ လူထုလှုပ်ရှားမှုပေါ် ပေါက်လာတယ်ပေါ့နော်။ အဲဒီမှာ ဆေးရုံကြီးရှေ့မှာ ဒေါ်အောင်ဆန်းစုကြည် ပထမဆုံး တရားပွဲလုပ်မယ်ဆိုတော့ လူတွေလည်း အဲဒီအထဲမှာ အပြည့်ပေါ့။ ရုံးစုရုံးစု ဖြစ်နေကြတယ်။ အဲဒီမှာ သန်းသန်းရယ်၊ လှလှမိုးရယ် နှစ်ယောက် ဒေါ်အောင်ဆန်းစုကြည်ဘေးမှာ ရှိခဲ့တယ်။ အခု အဲဒီဓာတ်ပုံတွေ ပြန်ကြည့်ရင်လည်း သန်းသန်းတို့နှစ်ယောက်ကို တွေ့နေဆဲပဲ။ အဲဒီတုန်းက သန်းသန်း ပါဖြစ်ခဲ့တယ်ဆိုတဲ့အကြောင်း ပြောပြပေးပါလား။**

ဟုတ်တယ်။ အနုပညာသမားတွေကလည်း တိုင်းပြည်ကို သေနတ်မကိုင်တတ်လို့၊ မိတ်ကပ်လိမ်းပြီးတော့ ပါကြရတာပေါ့နော်(ရယ်လျက်)။ အဲဒါကို ဘယ်သူကစပြီးတော့ နှိုးဆော်ပေးတာလဲဆိုတော့ သန်းဦးလေး ဒါရိုက်တာ ဝိုင်းတင်အောင်မြင့်ဦးရယ်၊ သန်းရဲ့ ယောက္ခမ ဒုဗိုလ်မှူးကြီး တင်ထွန်း၊ ကိုပြုံးအဖေ။ သူကလည်းပါတယ်။ သူကလည်း ပြောတယ်။ ဟဲ့... သမီး သူများတွေအကုန်လုံး မြို့ထဲမှာ လှုပ်ရှားနေပြီ။ သမီး မသွားသေးဘူးလား(ရယ်လျက်)။ သူကလည်း ပြောတယ်။ အဲဒါ ဘာကြောင့်ဖြစ်လဲဆိုတော့ ဦးအောင်မြင့်မြတ်ကြီးက အိမ်ကိုရောက်လာတာ။

**ဟုတ်ကဲ့။**

ရောက်လာပြီးတော့ ဖေဖေ့ကိုပြောနေတော့ လက်မှတ်လာထိုးခိုင်းတာတဲ့ သူက။ သန်းက မီးဖိုချောင်ရောက်သွားတာ။ နားထောင်နေတာ။ ကြောက်လာတာ။ အဲဒါ ဖေဖေကလေ ဒီမှာတဲ့... သူ့ယောက်ျား ဦးပြုံးမောင်မောင် နိုင်ငံခြားမှာတဲ့။ တော်ကြာ တစ်ခုခုဖြစ်ရင် ကျွန်တော် မကောင်းဘူးတဲ့။ သူများတွေပါပေမဲ့ သမီးမပါရင် ဖြစ်တယ် မဟုတ်လားတဲ့။ အဲဒါနဲ့ ဦးအောင်မြင့်မြတ်ကြီးက ဘာမှမပြောဘူး။ ကိုယ်ကလည်း နားထောင်နေပြီးတော့မှ ဦးလေးတွေကို ဆက်လိုက်တာ။ အစောကတည်းက ကိုပြုံးအဖေက တိုက်တွန်းပြီးသား သူက။ ကိုယ်ကလည်း ရှုစိရှုစိဖြစ်နေတယ်။ ငါလည်း ပါချင်တယ်၊ ပါချင်တယ်ဆိုပြီး အဲဒီလိုဖြစ်နေတာ။ အဲဒါနဲ့မှ လေးလေး ဦးထွန်းဝေကို လေးလေး မနက်ဖြန် မြို့ထဲမှာ သွားမလား။ ဘာလုပ်မလို့လဲ သမီး၊ မြို့ထဲမှာ လက်မှတ်ထိုးရမယ်ပြောတယ်။ အဲဒါ သမီး လက်မှတ်လိုက်ထိုးချင်လို့။ မနက်ဖြန်ကျရင်လည်း သမီးက ၃၂ နှစ်ပြည့် မွေးနေ့။ အဲဒါ အမှတ်တရလေး လက်မှတ်လေးထိုးချင်တယ်။ အဲဒါ အမေတို့၊ အဖေတို့ကိုလည်း မပြောဘူး။ မပြောဘဲနဲ့ အဲဒီလိုလုပ်မိတယ် ကိုယ်ကလည်း။ လေးလေးက အေး... အေး ပြန်ဆက်မယ်၊ ဖုန်းပြန်ဆက်မယ်တဲ့။ ပြီးတော့ကျတော့ သူက ဖုန်းပြန်ဆက်တယ်။ မနက်ဖြန်ကျရင်တဲ့ မိန်းကလေးနဲ့ တူအောင်လေး ဝတ်ထားပေးတဲ့။ မြန်မာမလေးနဲ့ တူအောင်လေး ဝတ်ထားပေးတဲ့။ ဟင်... ဘာဆိုင်လို့လဲလို့ဆိုတော့ အဲဒီလိုလေးသာ ဝတ်ထားပေးတဲ့။ စောင့်နေနော် အိမ်မှာတဲ့။ ပြီးတော့ကျတော့ လင့်ရိုဗာကားကြီးနဲ့ အတင်း ခြံထဲဝင်ချလာတာ။ ဝင်ချလာပြီးတော့ လာ ကဲ.... တက်တက်တဲ့။ အဲဒါနဲ့ အလယ်က တက်ပြီးတော့၊ လှလှမိုးရဲ့ဘေးက တက်ပြီးတော့ သန်းတို့က မြို့ထဲသွားမယ်ပဲ ထင်တာ။ ပြီးတော့မှ အဲဒီ တက္ကသိုလ်ရိပ်သာလမ်းမှာ အန်တီစုအိမ်ရှေ့ကို ဝင်းတံခါးမှာ ကားကိုဆိုက်လိုက်တာ။ ဟယ်... လေးလေး ဘယ်သွားတာလဲ။ ဒါ မြို့ထဲမှ မဟုတ်တာ။ ဒါ အရေးကြီးတဲ့ ပုဂ္ဂိုလ်ရဲ့ သမီးအိမ်ပဲ။ ဒေါ်အောင်ဆန်းစုကြည် ဆိုတော့ “ဟမ်”ဆိုပြီးတော့ လန့်သွားတာ။ နှစ်ယောက်သား လန့်သွားတာ။ အဲဒါနဲ့ အိမ်ထဲရောက်တော့ ထိုင်နေကြတာ။ အဲဒီမှာ မိုက်ကယ်၊ အန်တီစုအမျိုးသား မိုက်ကယ် အဲရစ်က နေပြီးတော့ သူက မြန်မာလိုပြောတတ်တယ်။ ထမင်းစားပြီးပြီလားတဲ့။ မြန်မာလို လိုက်မေးနေတာ။ စားပြီးပြီဆိုတော့ အဲဒါနဲ့ လေးလေးနဲ့ ထိုင်စောင့်နေတာ။ နောက်ကျတော့ အန်တီစုက ရောက်လာပြီးတော့ အမေနေ

မကောင်းတာတောင် စုစုလည်း မကြည့်အားဘူးတဲ့။ အလုပ်တွေအရမ်းရှုပ်နေလို့။ ကဲ... ပြောပါဦးတဲ့။ လေးလေး ဘယ်လိုစီစဉ်ထားလဲ။ အဲ... မဟုတ်ဘူး၊ ဆရာတဲ့... ဆရာလို့ ခေါ်တာ။ ဆရာ ဘယ်လို အစီအစဉ်လဲ။ ခဏပါတဲ့။ အဲဒါ လေးလေးပဲ စီစဉ်တာလားတော့ မပြောတတ်ဘူး။ သူတို့ဟာသူတို့ နဂိုအစီအစဉ်တော့ ရှိမှာပေါ့လေ။ ခဏပါဆိုတော့ သန်းတို့လည်း အူတိအူကြောင်နဲ့ နေနေကြတာပေါ့လေ။ အဲဒါနဲ့ ကဲ... ကားပေါ်တက်တက်ဆိုတော့ ပါသွားတာ။ အနောက်က ဟိုင်းလက်စ်မှာ ရှေ့မှာက အန်ကယ် ဦးသော်ကရဲ့ တူမလား မသိဘူး သူလည်း ပါတယ်။ သန်းတို့က ဒီဘက်အခြမ်းမှာ။ သန်းက အတွင်းအစွန်ဆုံးမှာ။ ပြီးတော့ အန်တီစု၊ အန်တီစုပြီးတော့မှ ဒီပြင်လူတွေ။ ဦးအောင်လွင်လည်း ပါတယ်။ အကုန်လုံးက သွားတော့ ကမ်းနားလမ်းရောက်တော့ ကားက မသွားတော့ဘူး။ ပိတ်နေပြီ အကုန်လုံး။ ဩော်... ဆေးရုံကြီးသွားမှာ မဟုတ်လားလို့။ သန်းက လျှာကရှည်နေတာ။ အဲဒီမှာ ဒီအတိုင်းသွားလိုက်ရင် ရတာပဲလို့။ လမ်းလျှောက်ပြီးသွားရအောင်လို့။ အဲဒီမှာ အန်တီစုက ဒီမျက်နှာက ရတယ်၊ ဒီမျက်နှာက မရဘူးတဲ့။ အဲဒီလိုပြောလိုက်တော့ ကိုယ်က မင်းသမီးဆိုတော့ ရုပ်ကလည်း ခြယ်သ,ထားသေးတယ် အရေးထဲမှာ လိမ်းထားသေးတယ်။ သူကတော့ ရိုးရိုးအကျီအဖြူနဲ့ ပါတိတ်နဲ့ နှာစ်မလိုပဲ။ သူ့ကို ဘယ်သူမှလည်း သိပ်မမှတ်မိဘူး အဲဒီတုန်းကလေ။ နောက်တော့ သူက ပြောတယ်။ သိတယ်တဲ့။ ကိုပြုံးနဲ့ မြင်းကွင်းမှာ တွေ့တာမဟုတ်လားတဲ့။ စာတွေဖတ်ရတယ်တဲ့။ သမီးနှစ်ယောက်ရှိ မဟုတ်လားတဲ့။ သူက အကုန်သိပြီးသားဖြစ်နေတယ်။ အဲဒါ နောက်ကျတော့ လေးလေး ဦးထွန်းဝေက ပြောသေးတယ်။ သန်ဘက်ခါကျရင်တဲ့ ရွှေတိဂုံမှာတဲ့ တစ်ခါတည်း ဖိတ်ထားပြီနော်တဲ့။ အဲဒါ သမီးလိုက်ရမယ်တဲ့။ သန်း အခုတောင် မေမေငိုနေပြီ။ အခုတောင် သန်း ဒီနေ့မွေးနေ့အမှတ်တရမလို့ ထွက်လာတာလို့(ရယ်လျက်)။ အဲဒါပြောလိုက်တယ်။ အဲဒါနဲ့ ဆေးရုံကြီးဝင်းထဲရောက်သွားတော့ အန်တီစုတို့က အပေါ်တက်သွားတယ်။ ကိုယ်တွေက အောက်မှာပဲနေတယ်။ နောက်ကျတော့ အပေါ်ကို ဘယ်လိုတွန်းတင်လိုက်လဲ မသိဘူး။ ကိုယ်တွေလည်း အပေါ်ဘယ်လိုရောက်သွားမှန်း မသိဘူး။ အဲဒီမှာ အန်တီစု တက်တော့လည်း အောက်က မငြိမ်ကြသေးဘူး။ ဆူညံနေတယ်။ အဲဒါ ကိုယ်တွေလည်း တက်သွားတော့ ဟိုမှာ ခင်သီတာထွန်း၊ ခင်သီတာထွန်း ဆို ဝိုင်းအော်ကြတယ်။

ပြီးတော့ အန်တီစုက စ,ပြောတာပေါ့နော်။ ဒါက စည်းကမ်းမရှိဘဲနဲ့ အခုလိုမျိုး မငြိမ်မသက်အလုပ်တွေ လုပ်နေမယ်ဆိုရင် ဒါတွေဟာ ဖြစ်မှာ မဟုတ်ဘူး။ အကုန်လုံးက စည်းကမ်းရှိမှ အောင်မြင်မှာ။ တိုင်းပြည်က ဘာညာ ဆိုပြီး တော့ ခပ်တိုတိုပဲ။ ခပ်တိုတိုလေးပဲ ပြောတယ်ပေါ့နော်။ သန်းက ဒါကို အရေးကြီးတယ်မထင်ဘူး။ ငါ လက်မှတ်မထိုးရသေးဘူး။ လေးလေး သန်းက လက်မှတ်ထိုးရဦးမယ်လေလို့(ရယ်လျက်)။ အဲဒါနဲ့ ပြန်ပါသွားပြန်ရော။ အန်တီစုအိမ်ကို ပြန်ပါသွားတာ။ ပြန်ပါသွားတော့ အန်တီစုနဲ့ မိုက်ကယ် အဲရစ်က ဓာတ်ပုံတွဲရိုက်ပေးတယ်။ ဓာတ်ပုံတွဲရိုက်ကြပေါ့နော်။ ဓာတ်ပုံတွဲ ရိုက်တော့ အဲဒီမှာ သန်းက သန်းကို ပို့ပေးဦးလေဆိုတော့ အဲဒီမှာ ကိုမျိုးမြင့် ညိမ်းတို့ကလား မသိဘူး သန်းကို ပို့ပေးလိုက်တယ်။ ဘားလမ်းမှာ ရောက် တဲ့အခါကျတော့ ကိုယ်က အဲဒီ ဘားလမ်း ပထမအခန်းမှာ ကိုဇာဂနာနဲ့လည်း တွေ့တယ်။ သူ့အသံကြီးက အရမ်းကျယ်တာပဲ။ လူတစ်ယောက်ရဲ့ လေး ယောက်စာ သူ့ဆီမှာရှိတယ်။ ဟဲ့ နင့်အသံကြီးက သိပ်ကျယ်လွန်းတယ်နော်၊ ဒါဆို အခြေအနေမကောင်းဘူးထင်တယ်လို့ သူ့ကို ပြောလိုက်သေးတယ်။ နောက်လည်းပြောပြီးရော သူလည်း ဝင်သွားရော။ သြော်... ဟိုမှာ လက် မှတ်ထိုးလိုက်သေးတယ်။ စံပယ်ဦးတို့အခန်း သွားပြီးတော့ သီဟတင်စိုး တို့က ငယ်သေးတယ်လေ။

**စံပယ်ဦးစာပေတိုက်။**

အင်း... အဲဒီမှာ လက်မှတ်ထိုးဖြစ်တာ။ အဲဒီမှာမှ ထိုးဖြစ်တာ။ ထိုးပြီးတော့မှ စင်ပေါ်မှာပြော၊ ပြောပြီးတော့မှ နောက်တစ်လမ်း သွားပြော လိုက်သေးတယ်။ ပြီးတော့ကျမှ အစ်ကိုက စ,တော့တာပဲ။ မနက်က သတင်း ကြားတယ်တဲ့။ စင်ပေါ်ရောက်သွားတယ်တဲ့။ ဒေါ်အောင်ဆန်းစုကြည်က ပြောတယ်တဲ့။ သူ သမ္မတဖြစ်ရင် ခင်သီတာထွန်းကို ပြန်ကြားရေးဝန်ကြီး ထားမယ်တဲ့။ အစ်ကိုက စ,လိုက်သေးတယ်။ ပြန်ကြားရေးဝန်ကြီး ခန့်မယ် တဲ့(ရယ်လျက်)။ နောက်ကျတော့မှ လူကြီးတွေဘက်က ကဲ... စင်ပေါ်ကို ဒီအတိုင်းတက်လို့ မရဘူး။ အထူးသဖြင့် မင်းသား၊ မင်းသမီးတွေတက်ရင် လူတွေက ဘာမှန်းမသိဘူး။ အဲဒီလိုမျိုး ကိုယ်ပြောလိုက်တဲ့ဟာ အမှားဖြစ် သွားနိုင်တယ်။ အမှားတစ်ခုခု ပြောမိသွားနိုင်တယ်။ အခုလုပ်တာ ထားလိုက် တော့ဆိုပြီး အဲဒီလိုမျိုး သူတို့လည်း ဘာမှ မှတ်တမ်းမှတ်ရာတွေ မထား တော့ပါဘူး။ အဲဒါနဲ့ ရောက်သွားတာ အစ်ကိုရေ။ ဒါပေမဲ့ ကျေနပ်တာ

ပေါ့နော်။ တကယ့် သမိုင်းဝင်၊ သမိုင်းမှတ်တိုင် ဖြစ်သွားတာပေါ့နော်။

**သမိုင်းဝင်ဓာတ်ပုံတစ်ပုံ ဖြစ်သွားတာပေါ့။**

အင်း... တချို့ နိုင်ငံခြားသားတွေဆို လာနှုတ်ဆက်တယ်။ အမယ်လေး... အဲဒီပုံကို သူတို့က သိတယ်။ တစ်ခါတည်း နှုတ်ဆက်တယ်။ သဘောတွေကျနေကြတာ အရမ်းပဲ။

**အဲဒီတော့ အခု သရုပ်ဆောင်အနေနဲ့ နောက်ဆုံး ဘာကားရိုက်ခဲ့ဖူးလဲ။**

နောက်ဆုံးကတော့ ကိုနေတိုးနဲ့ စိုးပြည့်သဇင်နဲ့ **မိုးညအိပ်မက်မြူ** ပေါ့။

**အင်း... အင်း "မိုးညအိပ်မက်မြူ"။**

အဲဒီမှာကျတော့ အမေခန်းဖြစ်သွားတယ်။ အဲဒီဇာတ်လမ်းကလည်း သန်းနောက်လိုက်လာတာ။ ဟိုတုန်းကတည်းက မောင်သိန်းဇော်လေးက ဗီဒီယိုရိုက်ချင်လို့။ အဲဒီမှာ လွဲသွားတာ ကိုယ်နဲ့။ ဗီဒီယိုကို **စက်ဘီးကလေး** ပြီးတော့ အဲဒီကားလေး ဆက်ရိုက်ချင်တာ။ ကိုယ်ကလည်း ခရီးသွားရမယ် အဝေးကြီး၊ နိုင်ငံခြား သွားရမယ်ဆိုတော့ မဖြစ်နိုင်တော့ သူ့ရိုက်ရက်နဲ့ လွဲသွားတယ်။ လွဲသွားပြီးတော့မှ ဒီကားမှာ အဲဒါတောင်မှ ကိုယ်က အမေရိုကားရောက်နေတာ။ သမီးကြီးက မြေးလေး...၊ ကလေးမွေးမယ်ဆိုတော့ မြေးလေးဆိုတော့ အဲဒါနဲ့ ရောက်နေတာ။ ကြည်ဖြူသျှင်က တီတီ့ကိုစောင့်နေမယ်တဲ့။ တီတီပါရမယ်တဲ့။ ဟာ... ဒီပြင်တစ်ယောက်ကို ရိုက်လိုက်တော့လေလို့ ဒါအမေခန်းပဲ။ မဟုတ်ဘူး... မဟုတ်ဘူး တီတီပါရမယ်... တီတီပါရမယ်ဆိုတော့ ပြန်လာတော့ သူတို့ ရအောင်ထည့်ရိုက်တော့ အမေနေရာရောက်သွားတာပေါ့။

**အင်း... ကြည်ဖြူသျှင်။**

ဒါပေမဲ့ ကျေနပ်တယ်။ သန်းက ဘာကိုကျေနပ်သွားလဲဆိုတော့ ထူးတော့ထူးဆန်းတယ် သိလား။ **တစ်ခါက တစ်ဘဝ** ဆို ကိုယ်နဲ့တွဲလိုက်တာ ဦးဖိုးပါကြီးက အကယ်ဒမီရသွားရော၊ **နှလုံးသားမြို့တော်** ဆိုလည်း မို့မို့ ရတယ်။ အဲဒါတော့ ဒေါ်ခင်သန်းနုက ပြောတယ်။ အမယ်လေး... မင်းသမီးတစ်ယောက်ဖြစ်ဖို့ကိုလေ မိဘတွေရော၊ ငွေတွေရော၊ အသိုင်းအဝိုင်းတွေရော အကုန်ခံပြီးမှ ဖြစ်လာတာ။ လွယ်လွယ်ကူကူပဲ တခြားတစ်ယောက် အယှဉ်ခံရတာပဲ။ ဟာ... ခင်သီတာထွန်းလောက်တော့ မင်းသမီး

အသစ်လေးက လုပ်နိုင်ပါတယ်။ သူတို့က ဒီဇာတ်ပို့ဆုကို အချောင်ယူယူ သွားကြတာ။ မို့မို့၊ နောက်... ခင်စိုးပိုင်လေးလည်း **ပန်းသီတဲ့ကြိုး** မှာ ရသွားတယ်။ **မေတ္တာအသချို** သန်း တွဲပေးလိုက်တာ ခိုင်ခင်ဦး ရသွား တယ်။ အဲဒီတော့ ကျေနပ်တာပေါ့နော်။ အဲဒီလိုမျိုး... နောက်တော့ တင်နီလာဝင်းကလေ အစ်မ၊ အစ်မနဲ့ တွဲရင်လေ သမီးတို့ အကယ်ဒမီရ တယ်လေ။ အဲဒီတော့ ရိုက်ပေးပါဆိုတော့ ရိုက်ပေးလိုက်သေးတယ်။ **ချိန်း၍ မရှာသောမိုး** ဆိုတာ ရန်အောင်နဲ့။ ဒါပေမဲ့ ဒါရိုက်တာ ဦးအောင်မြင့်ထိပ် ဖြစ်တော့ နာမည်ကြီးမဟုတ်တော့လေ လမိုင်းမကပ်ဘူးပေါ့နော်။ အဲဒါနဲ့ သူ့ခမျာ မရရှာဘူး။ မရရှာဘဲနဲ့ အခု **မိုးညအိပ်မက်မြူ** မှာပဲ သန်း အတွဲခံပေးပြီး နေတိုးကို အော်တာတို့ဘာတို့ပေါ့နော်၊ သမီးလုပ်တဲ့သူကို အော်တာတို့ဘာတို့ ကလေးတွေကို ကိုယ်က ပြန်ပြီး ဇာတ်ပို့ပေါ့နော်။ အဲဒီမှာ သူတို့နှစ်ယောက်လုံးလည်း ရသွားတယ်ပေါ့နော်။ အဲဒီမှာ ကျေနပ် တယ်ပေါ့နော်။ အဲဒီလိုမျိုး ကိုယ်က အားပေးနိုင်တယ်ပေါ့ ကလေးတွေကို။

**ဟုတ်ပါပြီ၊ အဆုံးမသတ်ခင်မှာ မကြာခင်မှာ မြန်မာ့ရုပ်ရှင် နှစ် ၁၀၀ ပြည့်တော့မယ်။ အဲဒီတော့ သန်းသန်းအနေနဲ့ နှစ် ၁၀၀ ပြည့်အတွက် Wish ကလေးတစ်ခုလောက် ပြောပေးပါလား။**

ဝမ်းသာပါတယ် အစ်ကိုရယ်။ လူကြီးတွေက ပြောကြတယ်။ အဲဒီ နှစ်ကို ရောက်ပဲ့မလား၊ ငါတို့ မီပဲ့မလားဆိုတော့ ကိုယ်ကလည်း မီနိုင်တယ် ထားပေါ့နော်။ အဲဒီတော့ ကိုယ်လည်း မီမယ်။ ဒေါ်ခင်သန်းနုတို့၊ ဒေါ်ဝါဝါဝင်းရွှေတို့ စသဖြင့် သူတို့လည်း မီကြမယ်။ အားလုံးက ဝမ်းမြောက် ဝမ်းသာနဲ့ ဒီပွဲကြီးမှာ လုံးဝ ကျန်းကျန်းမာမာနဲ့ အမှတ်တရ စပယ်ရှယ် မှတ်တိုင်ကြီးပေါ့နော်။ အထူး ရုပ်ရှင်နှစ် ၁၀၀ အောင်မြင်တဲ့ပွဲ ကြီးကို ဆင်နွှဲနိုင်ကြပါစေလို့ပဲ ဆုတောင်းပါတယ်။

**ဟုတ်ကဲ့၊ တောင်းတဲ့ဆုနဲ့ ပြည့်ပါစေဗျာ။**

ပေးတဲ့ဆုနဲ့ ပြည့်ပါစေ။

***



# အကယ်ဒမီ ကျော်သူ

မင်္ဂလာပါခင်ဗျာ။ ကျွန်တော်တို့ ဒီနေ့ တင်ဆက်မယ့် အစီအစဉ်က တော့ **လိပ်ပြာကူးထူးခြားသူများ** ဆိုတဲ့ အစီအစဉ်ပါ။ သရုပ်ဆောင်၊ ဒါရိုက်တာ ကျော်သူနဲ့ တွေ့ဆုံမှာ ဖြစ်ပါတယ်။

**ကျွန်တော် ကျော်သူနဲ့ပတ်သက်ပြီးတော့ ပြောရမယ်ဆိုရင် ပထမဆုံးရိုက်ခဲ့တဲ့ "ချစ်ကြိုးလေးနှစ်မျှင်" မတိုင်ခင်မှာ မောင်မောင်က အမျိုးသားရုပ်ရှင်ထုတ်လုပ်ရေးပိုင်ရှင်ရဲ့သား ဖြစ်နေတာကြောင့် အဲဒီက တည်းက ရုပ်ရှင်ကို စိတ်ဝင်စားတာလား၊ သရုပ်ဆောင်လုပ်ဖို့ စိတ်ဝင် စားတာလား၊ သို့တည်းမဟုတ် ဘာကိုစိတ်ဝင်စားတာလဲ။**

ငယ်ငယ်လေးကတည်းက ဒီအမျိုးသားရုပ်ရှင်စတူဒီယိုပေါ့လေ။ အရင်တုန်းက စတူဒီယိုတွေရှိတယ်။ စတူဒီယိုထဲမှာ ကျောင်းပိတ်ရက်ဆိုရင် ရောက်သွားပြီ။ ဖေဖေနဲ့ လိုက်ရင်လိုက်၊ မလိုက်ရင်လည်း အဘွားနဲ့လိုက် လာပြီး စတူဒီယိုထဲမှာ ဝင်ပြီး ဆော့ကစားရင်းနဲ့ လေ့လာမိတာ။ ဒီအနုပညာ သမားတွေနဲ့လည်း ရင်းနှီးမိတယ်။ အဲဒီအချိန်မှာ ဒီအနုပညာပိုးကို စ,ဝင် တယ်လို့ ပြောလို့ရတာပေါ့လေ။ ဒါပေမဲ့လည်း ဘာကို ကျွန်တော် အဓိက စိတ်ဝင်စားလဲဆိုတော့ ဒါရိုက်တာပညာကို စိတ်ဝင်စားတယ်။ အေဝမ်းဦးလှ

မျိုးရဲ့ ဇာတ်ကားတွေ၊ ဖလင်ကားတွေ၊ ဖလင်ထုပ်တွေ အိမ်ကိုသယ်သွားတယ်။ ဒီကတ်တစ်ကတ်ကို ပြီးရင် ဘယ်လောက်လောက် ဟိုဟာဖြစ်လဲ ဒီလို စိတ်ကူးယဉ်ပြီး မှတ်တာလေးတွေရှိတယ်။ ပြီးရင် ဇာတ်ညွှန်းလေးတွေ ဘာလေးတွေရေးလာတယ်။ ရေးလာပြီးနောက်ပိုင်း ဒီသရုပ်ဆောင်ဖြစ်လာတာကတော့ ကျွန်တော့်ကို ကွယ်လွန်သွားပြီဖြစ်တဲ့ မင်းသားကြီး ဦးလင်းအောင်၊ ဦးလင်းအောင်တို့ကနေပြီးတော့ မြှောက်ပေးတယ်။ မြှောက်ပေးပြီးတော့ အဲဒီတုန်းက **စုံနံ့သာမြိုင်**တို့၊ **အချစ်သစ်ပင်** တို့ ဒါရိုက်တာ ကိုဝဏ္ဏ ရိုက်တယ်။ **အချစ်သစ်ပင်** ဆိုရင် ကလော၊ တောင်ကြီးမှာ သွားရိုက်တယ်။ တောင်ကြီးကောလိပ်မှာ ကျောင်းသား၊ ဖြတ်လျှောက်ကျောင်းသားတွေ လိုတယ်ဆိုတော့၊ မင်းသားကြီး ဦးကျော်ဟိန်းနဲ့ မေဝင်းမောင်တို့ ရိုက်တာ ဖြတ်လျှောက်တွေလိုတယ်ဆိုတော့ ကျွန်တော် ဝင်ပါတယ်။ ဝင်ပါတဲ့ဟာတွေ၊ အဲဒီဆင်း(န)တွေ ကားဆက်ပြီးတော့ စတူဒီယိုမှာ စမ်းပြီးပြတော့ ကျွန်တော့် ပုံပါတဲ့ အရုပ်တွေမှန်သမျှ အကုန်ဖြတ်ပစ်တာ။ ဒါ ကျွန်တော့် ဦးလေး ဦးမြမောင်ကနေပြီးတော့ ဖြတ်ပစ်တယ်။ ဖေဖေတို့ကလည်း အားမပေးဘူး။ သရုပ်ဆောင်ဝါသနာပါသွားမှာကို စိုးတယ်။ နောက် **စုံနံ့သာမြိုင်** ရိုက်တော့လည်း စတူဒီယိုမှာပဲ ရိုက်တာ။ ကလောမှာလည်း ရိုက်တယ်။ စတူဒီယိုမှာ ရိုက်တဲ့အချိန်မှာ ကာလသားတွေ အစည်းအဝေးပေါ့လေ။ အစည်းအဝေးမှာ လူတွေလိုတယ် ဆိုတာနဲ့ ဦးလင်းအောင်က သူ့ရဲ့တိုက်ပုံကို ကျွန်တော့်ကို ပေးဝတ်တယ်။ ပြီးတော့ အဲဒီအခါကျတော့ ဒါရိုက်တာ ကိုဝဏ္ဏ သူက နပ်သွားပြီ။ ကျွန်တော့်ကိုလည်း ပါစေချင်တဲ့အတွက် မင်းသား ဦးညွန့်ဝင်းရဲ့ Fore Ground က ကျွန်တော်တို့ ဦးလင်းအောင်တို့ အဲလိုရိုက်လိုက်တော့ အဲဒီ အရုပ်တွေပါတော့ ဖေဖေတို့က ဟာ... ဟိုကောင်ပါပြန်ပြီ။ ဖြတ်...ဖြတ်ဆိုတော့ ဖြတ်လို့မရ။ ဘာလို့ဆို ဦးညွန့်ဝင်းရဲ့ Fore Ground နဲ့ ကျွန်တော်တို့ကို ရိုက်ထားတော့ ဦးညွန့်ဝင်းစကားတွေ ပါသွားမယ်။ အဲဒီတော့ ဖြတ်လို့မရတော့ဘူး။ အဲဒါနဲ့ပဲ ပါလာတာပေါ့လေ။ ကိုယ့်ရုပ်လေးကို ပိတ်ကားမှာ ကြည့်ရတော့ ပီတိဖြစ်တယ်။ အဲဒီတုန်းကတော့ ကျွန်တော် Still လိုက်ရိုက်တယ်၊ ဓာတ်ပုံ။ Still ရတော့ ကျွန်တော့်ဦးလေး ယူအက်စ်အေ ဦးစန်းအောင်ဆီမှာ သင်ပြီးတော့ ကျွန်တော်ရိုက်ခဲ့ရတယ်။ ဖိုတိုဂရပ်ဖီလည်း ဝါသနာပါလာတယ်။ တက္ကသိုလ်ရောက်တော့ ဒုတိယနှစ်မှာ ကျွန်တော် အိမ်ထောင်ကျတယ်။ အိမ်ထောင်ကျတယ်ဆိုတာလည်း ကျွန်တော် ဆယ်တန်းမှာ

နှစ်နှစ်ဖြေရတယ်။ သူငယ်ချင်းတစ်ယောက် ရန်ဖြစ်တာ အဲဒီမှာ ဝင်ထိုးတာနဲ့ ကျောင်းအပြင်ကနေ ဖြေ၊ ဖြေပြီး နောက်တစ်နှစ်ဖြေမှ အောင်တယ်။ အောင်တော့ ကျွန်တော်တို့က ဆယ်တန်းပြီးပြီဆိုရင် မင်းတို့ဘဝတော့ ပြီးပြီ ဆိုပြီးတော့၊ မင်းတို့ဘဝ မင်းတို့ လျှောက်လို့ရပြီ၊ တက္ကသိုလ်ရောက်ပြီ ဆိုပြီးတော့ ဒါ...အရင်တုန်းက ကျွန်တော်တို့ လူကြီးတွေ ပြောနေကျ။ ကျွန်တော်တို့က တက္ကသိုလ်မဟုတ်တော့ဘူး၊ ရီဂျင်နယ်ကောလိပ် အစမ်း သပ်ခံပညာရေးစနစ်နဲ့ ကြုံတယ်။ ရီဂျင်နယ်ရောက်တော့ အဲဒီမှာ စပြီး ပျက် တော့တာပဲ။ ရီဂျင်နယ်တက်ပေမဲ့ ကျောင်းလည်းမတက်ဖြစ်၊ အပေါင်း အသင်းတွေနဲ့ သွားတယ်၊ လာတယ်။ နောက်ပြီးတော့ မူးယစ်ဆေးတွေချ တယ်။ မူးယစ်ဆေးဆိုတာ ကျွန်တော်တို့တုန်းက ကော်မီသာဇင် စွဲသွား တယ်။ မူးယစ်စွဲသွားတော့ မူးယစ်ဆေး သွားဖြတ်တယ်။ ဆရာဝန်တစ် ယောက်နဲ့ ဖြတ်တယ်။ ဖြတ်ပြီးတော့ မူးယစ်ဆေးပြတ်ပြီးတဲ့အချိန်မှာ ကျွန် တော့်ဇနီးကို ကျွန်တော် စ,တွေ့တာပေါ့။ ရွှေဇီးကွက်ကို စ,တွေ့တော့ ကျွန်တော် တွေ့တွေ့ချင်း အရမ်းသဘောကျတယ်။ ဘိတ်ဆုံးကျ ကျွန်တော် သူနဲ့ တွဲရင်းနဲ့ လက်ထပ်ချင်တယ် သူ့ပြောတော့ အိမ်က သဘောမတူဘူး တဲ့။ စာမေးပွဲ တဘုံးဘုံးကျနေတဲ့ကောင်၊ မူးယစ်ဆေးချတဲ့ကောင်နဲ့ သဘော မတူဘူးဆိုတော့ ငါ မူးယစ်ဆေးချတာ ဘယ်လိုလုပ်သိလဲဆိုတော့ ကျွန်တော် မူးယစ်ဆေးဖြတ်တာ သူ့ဦးလေး ဒေါက်တာ သိန်းဒွေးဖေ ဖြစ်နေတယ်။ သူ့ဦးလေး အရင်းခေါက်ခေါက်ကြီးဆီမှာ မူးယစ်ဆေးဖြတ်ပြီးသား ဖြစ်နေ တယ်။ အဲဒီတော့ ဒါနဲ့ ကျွန်တော်ကလည်း မရဘူး။ ကျွန်တော်လုပ်ချင်တာ မရမကလုပ်တဲ့လူ နဂိုကတည်းက။ အဲဒီတော့ ကျွန်တော် ခိုးပြေးတယ်။ ခိုးပြေးတယ်ဆိုတာ မော်တော်ကားတင်ပြေးတယ်။ ကားတင်ပြေးတာ ရိုးရိုး တင်ပြေးတာ မဟုတ်ဘူး။ ကျွန်တော့် သူငယ်ချင်းတစ်ယောက်က ကားတံခါး ဆွဲဖွင့်တယ်။ တစ်ယောက်က သူ့ကို လက်က ကိုင်တယ်။ ကျွန်တော်က ခြေထောက်ကကိုင်ပြီး ကားထဲ ဘုန်းဆို ပစ်ထည့်ပြီး ခိုးပြေးလာတာ။ အဲဒီနောက်ပိုင်းကျတော့ အိမ်ထောင်လည်းကျပြီ အလုပ်လုပ်ဖို့ ဘာလုပ်မလဲ ဆိုတော့ အဲဒီလို စဉ်းစားနေတဲ့အချိန်မှာ ဒါရိုက်တာ ဦးမျိုးမြင့်အောင်က ကျွန်တော့်ရဲ့ လက်ဦးဆရာ၊ ကျွန်တော့်ကျေးဇူးရှင်။ ဒါရိုက်တာ ဦးမျိုးမြင့် အောင်က ကျွန်တော့်အစ်မ မင်္ဂလာဆောင်မှာ ကျွန်တော့်ကို တွေ့သွားပြီး တော့ မင်းသားတင်ချင်တယ် ဖေဖေ့ကို ခွင့်တောင်းတယ်။ ဖေဖေ့ကို ခွင့်

တောင်းတာ ကျွန်တော် တက္ကသိုလ်မရောက်ခင်ကတည်းက ဒါရိုက်တာ ကိုဝဏ္ဏတို့ ခွင့်တောင်းဖူးတယ်၊ ဒါရိုက်တာ စိန်ဖေတင် ခွင့် တောင်းဖူးတယ်။ ဒါရိုက်တာ ဦးမင်းနိုင်၊ ကျွန်တော်နဲ့ ရိုက်ချင်တယ်၊ ဦးစိန်တင် ခင်ဗျားသားနဲ့ ရိုက်ချင်တယ်ဆိုတော့ ဖေဖေတို့က သဘောမတူဘူး၊ ကျောင်းမပြီးသေးဘူး မလုပ်ရဘူး။ အခုကျတော့ အိမ်ထောင်လည်း ကျပြီဆိုတော့ ကဲ...မင်း ယောက္ခမနဲ့ မင်းမိန်းမ ခွင့်ပြုတယ်ဆိုရင် လုပ်ပေါ့ဆိုတာနဲ့ ယောက္ခမကြီးဆီ သွားပြီး ခွင့်တောင်းတယ်။ ကျွန်တော့်ကို ဒီလိုပဲ ဦးမျိုးမြင့်အောင်က နှစ်ကိုယ် ခွဲကားနဲ့ မင်းသားတင်ချင်တယ်ဆိုတော့ သူကတော့ မဖြစ်ဘူးထင်တာပေါ့။ အေးပေါ့ကွာ၊ လုပ်ကြည့်ပေါ့ကွာတဲ့။ အဲဒီ "ပေါ့ကွာ"ဆိုတဲ့ စကားလုံးက ကျွန်တော့်အတွက် အင်အားတစ်ခုပဲ။ မခံချင်စိတ်နဲ့ ကျွန်တော် ကြိုးစား တယ်။ ဦးမျိုးမြင့်အောင်ကလည်း အသင်အပြကောင်းတော့ အဲဒီကားနဲ့ ကျွန်တော် မင်းသားဖြစ်လာတာပေါ့လေ။ **ချစ်ကြိုးလေးနှစ်မျှင်** နဲ့။

**"ချစ်ကြိုးလေးနှစ်မျှင်" မှာ ပထမဆုံး Actor လုပ်ခဲ့တာပေါ့ နော်။**

ဟုတ်။

**အဲဒီတော့ "ချစ်ကြိုးလေးနှစ်မျှင်" ကို ကြည့်လိုက်တဲ့အခါကျ တော့ လူငယ်တွေက တော်တော်သဘောကျတယ်။ Hair Style က အလယ်ခွဲပုံစံမျိုး။ နောက်ပြီးတော့ မောင်မောင့်မှာ ထူးခြားချက်က လွယ်အိတ်ကို ထုံးပြီးတော့ လွယ်တဲ့ စတိုင်။ အဲဒါ လူငယ်တွေကြားမှာ စတိုင်တစ်ခု ဖြစ်သွားခဲ့တယ်။ နောက်တစ်ခါ ဝတ်တဲ့ အင်္ကျီမှန်သမျှက လည်း အဲဒီတုန်းက အရမ်းခေတ်စားတဲ့ ကန်ဖိုရှပ်အင်္ကျီတွေ ဝတ်ခဲ့တယ် ပေါ့နော်။ အဲဒီလိုမျိုး စတိုင်ဖြစ်အောင်လို့ ဘယ်သူက Create လုပ်ပေး ခဲ့လဲ။**

လွယ်အိတ်ထုံးတဲ့ စတိုင်ကတော့ ကျွန်တော့်သူငယ်ချင်းတစ် ယောက်၊ ရီဂျင်နယ်တက်တုန်းက သူ အဲဒီလို လွယ်အိတ်အကြီးကြီးကို အထုံးကြီးထုံးပြီး လွယ်တာတွေ့ပြီးတော့ ကျွန်တော် ရိုက်တဲ့ကား၊ အဲဒါက **မရဲ့မောင်လေး**။ အဲဒီကားမှာ ကျွန်တော် အဲဒီလွယ်အိတ်အထုံးကို ထုံးလိုက် တာ တော်တော်လေး ပေါ်ပြူလာဖြစ်သွားတယ်။ နောက်ပိုင်းကျ သူတို့အရှေ့ မှာ ထုံးရင် ဘာ၊ နောက်မှာ ထုံးရင် ဘာပေါ့လေ။ သူ့သင်္ကေတတွေ ဒါမျိုး တွေ သတ်မှတ်လာတာတွေ ဖြစ်လာတယ်။

ဒါကြောင့်လည်း ပြောကြတာ ကန်ဇိုမင်းသားလို့ ပြောခဲ့ကြဖူးတယ်နော်။

ဟုတ်။

အဲဒီတော့ မောင်မောင်ရိုက်ခဲ့တာတွေ တောက်လျှောက် တစ်ကားပြီးတစ်ကား ဆက်တိုက်အောင်မြင်လာခဲ့တယ်။ အောင်မြင်လာခဲ့ပြီးတဲ့နောက် "ဒိုး" ဇာတ်ကား။ အဲဒီအချိန်မှာ မောင်မောင်နဲ့ စင်ပြိုင်ဖြစ်နေတဲ့ စိုးသူလည်း ဒီဘက်က ထွက်လာပြီနော်။ အဲဒီတော့ ကျော်သူ၊ စိုးသူ ဆိုတဲ့ ရုပ်ရှင်လောကမှာ မင်းသားသစ်နှစ်လက်ပေါ့။ အဲဒီမှာ ကျော်သူ အကယ်ဒမီရလိမ့်မယ်လို့လည်း တစ်ပြေးခဲ့ဖူးတယ်နော်။ လူတွေက အခုလို အကယ်ဒမီရွေးတဲ့အချိန်မှာ အများကြီးပြောခဲ့ကြဖူးတယ်။ အဲဒီတော့ "ဒိုး" နဲ့ပတ်သက်ပြီးတော့ ခံစားချက်လေး နည်းနည်းလောက် ပြောပါဦး။

ဒိုး နဲ့ပတ်သက်ပြီးတော့ ဒီဝတ္ထုက ကျွန်တော် ဒီ သမန်းကျွားအဖွဲ့ထဲက ကိုသိန်းပေါ့၊ ကိုသိန်းထွဋ်(စပ်စု)။ သူကနေပြီးတော့ စာအုပ်တွေအရင်ပေးတယ်။ အဲဒီတုန်းက ဝတ္ထုနာမည်က စာပေဗိမာန်ဆု ရထားတာ။ **တဒင်္ဂလေးများ** ဆိုတာ။ ဖတ်ကြည့်ပြီးတော့ တော်တော်ကြိုက်တယ်။ ကြိုက်တာနဲ့ ကျွန်တော်တို့ ရိုက်ချင်တယ်ဆိုပြီး ဖေဖေ့ပြောတော့ ဖေဖေကလည်း ရိုက်ချင်ရင်လည်းရိုက်။ ဘယ်သူနဲ့ ရိုက်မလဲဆိုတော့ ဒါရိုက်တာကြည်စိုးထွန်းနဲ့ ဖြစ်သွားတယ်။ ဖြစ်သွားတဲ့အချိန်မှာ **တဒင်္ဂလေးများ** ဆိုတာကို **ဒိုး** ဆိုတဲ့ နာမည်ပြောင်းချင်တယ်။ ပြောင်းချင်တယ်ဆိုတာ ဘာကြောင့်လဲ။ ဒီဟာ လူငယ်ပြုပြင်ရေးကားဖြစ်တယ်။ **ဒိုး** လို့၊ ကိုယ့်ရဲ့ပစ်မှတ်ကို ထိအောင်ပစ်နိုင်တဲ့အရာ **ဒိုး** ဆိုပြီးတော့ အဲဒါကို လုပ်လိုက်တယ်။ အဲဒီတော့ ဒိုးနဲ့ မျိုးပေါ့။ ဇာတ်ကောင်နှစ်ခုဖြစ်လာတယ်။ အဲဒီတုန်းက ကျွန်တော်တို့ တော်တော်ပင်ပန်းတယ်။ ရဲဘက်စခန်းတွေ သွားလေ့လာရတယ်။ ဘောလုံးကန်ကျင့်ရတယ်။ မူးယစ်ဆေးဆေးရုံသွားပြီးတော့ ရင်းထ, တာတွေ၊ မူးယစ်ဆေးစွဲတဲ့လူတွေနဲ့ သူတို့ရဲ့ ခံစားချက်တွေ ဒါတွေ သွားလေ့လာရတယ်။ ဘောလုံးဆိုလည်း မနက်ဆို ငါးနာရီ ဆိုရင် ကွင်းသွားရတယ်။ တက္ကသိုလ်ကွင်းမှာ ကန်၊ စလင်းကွင်းမှာ ကန်။ တက္ကသိုလ်လက်ရွေးစင်တွေနဲ့ကန်၊ လူကြမ်းအဖွဲ့တွေနဲ့ကန်။ တော်တော် ပင်ပင်ပန်းပန်းလုပ်ခဲ့ရတယ်။ လုပ်ခဲ့ပြီးတော့ အဲဒီနှစ် အကယ်ဒမီပွဲမတိုင်ခင် ကျွန်တော့် အဖေနဲ့

အမေက နိုင်ငံခြားသွားတယ်။ အကယ်ဒမီအဖွဲ့က လူကြီးတွေက ကျွန်တော့် ခေါ်တယ်။ လာပါဦးတဲ့။ မင်းတို့ဘက်က ဘယ်သူတက်မှာလဲ။ ဖေဖေတို့က နိုင်ငံခြားသွားတယ်ဆိုတော့၊ မဟုတ်ဘူး တက်ကိုတက်ရမယ်တဲ့။ မတက်လို့ မဖြစ်ဘူး။ မင်းလည်း တက်ရမယ်နော်တဲ့။ ဖေဖေတို့အစား ကျွန်တော့်ဦးလေး အရင်တုန်းက မင်းသားပေါ့၊ ဦးခင်မောင်လေးကို တက်ခိုင်းမယ်။

**ဒါ အမေဘက်က တော်တာနော်။**

အမေ့ရဲ့မောင်၊ သူနဲ့ **သားလိမ္မာ** တို့ဘာတို့ ရိုက်ခဲ့တာ။ သူ့ကို တက်ခိုင်းတာ။ သူ့ကိုတက်ခိုင်းလိုက်ပြီးတော့ ကျွန်တော့်ဖိတ်စာကျတော့ အဲဒီခေတ်က သရုပ်ဆောင်တစ်ယောက်ကို ဖိတ်တယ်ဆိုရင် ဥပမာ ဦးညွန့် ဝင်းဆိုရင် ဦးညွန့်ဝင်းပဲ။ ဦးညွန့်ဝင်းရဲ့ ဇနီးဆိုရင် သတ်သတ်ပဲ။ တစ်နေရာ မှာ ထားတယ်။ ကျွန်တော်ကျတော့ ကျွန်တော်နဲ့ ရွှေဇီးကွက် နှစ်ယောက် အတူတူထားတယ်။ တွဲလျက်ထားပြီးတော့ ကြေညာတာက ဓာတ်ကားဆု စပြီး ကြေညာတော့ ဒိုး ဆိုတော့ ဟာ... ဝမ်းသာတာပေါ့။ ဒိုး ရပြီ။ နောက် ဒါရိုက်တာဆု ဒိုး ဓာတ်ကားက ကြည်စိုးထွန်းဆိုတော့ ဟာ... ဝမ်း သာနေတာ။ ဒါဆိုရင်တော့ ဆုတစ်ခုကတော့ ပြေးမလွတ်တော့ဘူး။ ဓာတ်ပုံ ဒါမှမဟုတ် Actor တွေထဲက စိုးသူလည်း ရနိုင်တာပဲ၊ ဒေါ်မြင့်မြင့်ခင်လည်း ရနိုင်တာပဲ။ ကျွန်တော်ကတော့ ထားလိုက်။ အဲဒီအချိန်မှာ ဒီနှစ်ရမယ့် အဓိကသရုပ်ဆောင်၊ အမျိုးသားသရုပ်ဆောင်ဆု ဆိုတာ ဆလိုက်မီးကြီးက ထိုးထားတယ်။ ကျွန်တော့်ဘက်ကို လာလာထိုးထားတယ်။ ထိုးထားတော့ မီဒီယာတွေက ဘေးနားမှာ အကုန်ဝိုင်းနေတာ။ အဲဒီခေတ်က မီဒီယာတွေက သတ်မှတ်ထားတဲ့နေရာ မရှိဘူး။ ဝိုင်းနေပြီ။ ဝိုင်းနေတော့ ကြေညာတဲ့သူက လည်း ဒီနှစ်ကတော့ အကယ်ဒမီဆုကတော့ ကိုကျော်... ဆိုတော့ ဟာ... ဖြောင်းဖြောင်းဆို ဓာတ်ပုံတွေရိုက်။ ကျော်ဟိန်းဆို လုပ်ထည့်လိုက် ရော။ လုပ်ထည့်လိုက်တော့ ကျွန်တော် ပက်လက်လန်ရော။ ဘယ်လိုမှ မခံစားနိုင် ဘူး။ ဒီလိုပွဲမျိုးတွေက မတက်ကောင်းဘူး ဆိုတဲ့အတွေး ကျွန်တော် ရသွား တယ်။ ဘာဖြစ်လို့လဲဆိုတော့ သက်သက်ခေါ်ပြီး အရှက်ခွဲ တဲ့ပုံစံမျိုး။ ဒါ... လူတစ်ယောက်ရဲ့ စိတ်ဓာတ်ပိုင်းဆိုင်ရာကို ဖျက်ဆီးလိုက်တဲ့ သဘော မျိုး။ ဒါ... ကျွန်တော်တို့က တကယ်ရှုံးသွပ်တဲ့ Actor တွေဖြစ်တဲ့အတွက် ဒီဟာကြီးက ဒီလိုလုပ်လိုက်တာ ကိုယ့်ကို တိုက်ရိုက်ကြီး စော်ကားခံရတာပဲ ဆိုပြီး ကျွန်တော် အဲဒီနောက်ပိုင်း မတက်ဖြစ်တော့ဘူး။

**အဲဒီတော့ မောင်မောင် ဇာတ်ကားတော်တော်များများ ရိုက်ပြီး တဲ့နောက်မှာ Directing ဘက်ကို လုပ်ချင်တယ်ဆိုပြီးတော့ ဆရာမ မအေးလေးရဲ့ "ကောင်းချစ်တဲ့ မမ" ဆိုတဲ့ ဝတ္ထုကို ရုပ်ရှင်အဖြစ်နဲ့ အမျိုးသားရုပ်ရှင်ထုတ်လုပ်ရေးအတွက် ပထမဆုံး ရိုက်ခဲ့တယ်နော်။ သရုပ်ဆောင်တွေက ခင်သန်းနုရယ်၊ ဒေါ်မြင့်မြင့်ခင်ရယ်၊ နောက် မင်း သမီးအသစ်တစ်လက် တင်မယ်ဆိုပြီးတော့... မင်းသမီးအသစ်တစ် လက်...။**

စုမြတ်နိုင်။

**စုမြတ်နိုင်နော်၊ စုမြတ်နိုင် တင်လိုက်တယ်။ အဲဒီတုန်းက အကြောင်းလေးတွေ ပြန်ပြောပြပေးပါဦး။**

**ကောင်းချစ်တဲ့မမ** က ကျွန်တော် အဲဒီဝတ္ထုတွေဖတ်၊ ဖတ်ရင်းနဲ့ **ကောင်းချစ်တဲ့မမ** က ဇာတ်ပုံရိုက်ချက်တွေက တကယ် ကျွန်တော်ရူးသွပ် တဲ့ဟာမျိုးတွေ ပြလို့ရတယ်။ ပြလို့ရတယ်ဆိုတော့ ဖေဖေ့ကို ပြောတယ်။ ဖေဖေက ရိုက်ဆိုတာနဲ့ ဒေါ်ခင်သန်းနု၊ ဒေါ်မြင့်မြင့်ခင်က အမေ၊ နောက် အန်တီဂရေ့စ်ပါတယ်၊ ဒေါ်ခင်သန်းနုရဲ့ သူငယ်ချင်း။ နောက် မင်းသမီး အသစ်တင်မယ်ဆိုပြီးတော့ စုမြတ်နိုင်နဲ့ ဖြစ်သွားတာ။ အဲဒါလည်း တကယ် ပင်ပန်းတယ်။ ဆိုင်ကယ်တစ်စီး ဝယ်ရတယ်။ DT တစ်စီး ဝယ်ပြီးတော့၊ ငှားရိုက်တယ်ဆိုရင် အဲဒီပိုင်ရှင်နဲ့ ပြဿနာတက် နိုင်တယ်။ ကျွန်တော်ရိုက်တဲ့ ရိုက်ချက်တွေနဲ့၊ သောင်ပြင်မှာလည်း စီးရမယ်။ ဒီရခိုင်ရိုးပေါ်မှာ တောက် လျှောက်စီးရမယ့်ဟာတွေ။ အဲဒီတော့ ဆိုင်ကယ်တစ်စီးဝယ်ပြီးတော့ ရိုက်ခဲ့ရ တာတွေ။ အဲဒီကားက။

**ဇာကားထဲမှာတော့ Musical မဟုတ်သည့်တိုင်အောင် သီချင်း တော်တော်များများပါတဲ့ ကားပေါ့။ အဲဒီတော့ ၁၉၈၈ ခုနှစ်မှာ ပေါ်လာ တဲ့ အရေးအခင်းမှာလည်း ကိုယ် ပါဝင်လှုပ်ရှားခဲ့တယ်။ နောက်တစ်ခါ ၂၀၀၇ မှာ ပေါ်ပေါက်တဲ့ သံဃာ့အရေးအခင်းမှာလည်း ပါဝင်လှုပ်ရှားခဲ့ တယ်။ အဲဒီလို အရေးအခင်းတွေမှာ ပါဝင်လှုပ်ရှားလို့ ဆိုပြီး ရုပ်ရှင် လောကမှာ သရုပ်ဆောင်မလုပ်ရဘူးလို့ မပြောပေမဲ့လို့ မောင်မောင်ပါ တဲ့ ကားတွေကို ပိတ်ထားတယ် ကြားခဲ့ဖူးတယ်နော်၊ ဟုတ်လား။**

၈၈ အရေးအခင်းကတော့ ဒါ တစ်တိုင်းပြည်လုံးပါတာ။ ပါတော့ ကျွန်တော်တို့လည်း ပါခဲ့တယ်။ ဟောပြောပွဲ၊ ဆေးရုံကြီးဟောပြောပွဲ၊

နောက် ဒဂုံ(၁) ကျွန်တော်တို့ကျောင်း ဒဂုံ(၁) ဟောပြောပွဲ၊ ဒါ ဆရာတွေက ဖိတ်လို့ သွားရတာ။ အဲဒီမှာ ဟောပြောပွဲလုပ်။ အရေးအခင်းပြီး နောက်ပိုင်းကျတော့ နိုင်ငံတော်ကနေပြီး၊ စစ်အစိုးရကနေပြီးတော့ ပေါ်လစီကား **ပါပီမ** ဆိုတာ ရိုက်ဖို့၊ အဲဒါကိုရိုက်ဖို့ ကျွန်တော့်ကို အတင်းချဉ်းကပ်တယ်။ ကျွန်တော်လည်း ရှောင်ပြေးနေတယ်။ မရိုက်နိုင်ဘူး၊ မရိုက်ချင်ဘူး။ **ပါပီမ** က တကယ့်ကျောင်းသားတွေ ဝေဘာခိုတဲ့ကား။ ပေါ်လစီကားဆိုတော့ မရိုက်ချင်ဘူး။ မရိုက်ချင်လို့ ငြင်းခဲ့တယ်။ ငြင်းခဲ့တာကို ဒါ သူတို့ အငြိုးထားတယ်ထင်တာပဲ။။ နောက်ပိုင်းကျတော့ ကျွန်တော့်ကားတွေ၊ အကယ်ဒမီပွဲတွေ ဆိုရင် အဲဒီလိုတွေလုပ်ခဲ့တယ်။ **မူပိုင်ချစ်သူ** တို့ဘာတို့ဆိုရင်လည်း ကျွန်တော် သရုပ်ဆောင်တယ်။ သေချာလုပ်ထားတယ်။ ဒါပေမဲ့ အကယ်ဒမီ မပေးဘူး။ မဆင့်(မေသန်းနု)ကို ပေးလိုက်တယ်။ ဘာလို့မပေးလဲဆိုရင် ဆရာဝန်ဖြစ်ပြီး အင်္ကျီအပေါ်ကြယ်သီးဖြုတ်ထားတဲ့အတွက်တဲ့။ အဲဒီတော့ ဆရာဝန်၊ စွပ်ကျယ်နဲ့ ကုနေတဲ့ ဆရာဝန်တွေလည်း အများကြီးပါ။ ဆေးကုတဲ့နေရာလည်း မဟုတ်ဘူး။ အိမ်နေ၊ သွားတဲ့လာတဲ့အခါ ကြယ်သီးဖြုတ်ထားတာကို ဒါကို ဆင်ခြေပေးတယ်။ ထောက်ပြတယ်။ **ကောင်းချစ်တဲ့မမ** တို့၊ နောက် **ဒဏ္ဍာရီထဲက သတို့သမီး** တို့ ဒါ ဓာတ်ပုံဆု ကျွန်တော်မျှော်လင့်တယ်။ ကျွန်တော် ရမှာ မဟုတ်ဘူး။ ကင်မရာမဲန်း ရမယ့်ဟာ။ ကျွန်တော် သေချာလေးလုပ်ထားတဲ့ဟာတွေ။ အဲဒါတွေလည်း အကြောင်းအမျိုးမျိုးပြပြီးတော့ မပေးခဲ့ဘူး။ အဲဒီတော့ ဒီအကယ်ဒမီဆိုတာကို ကျွန်တော် ခေါင်းထဲ သိပ်မရှိတော့ဘူး။ ကိုယ့်အလုပ်ကို အကောင်းဆုံး၊ ကိုယ့်အနုပညာကိုဖော်ကျူးတာ ကိုယ်အကောင်းဆုံးဖြစ်အောင် လုပ်ပြမယ်။ ဒါ ပရိသတ်လည်း သဘောကျမယ်။ ကိုယ့်ရဲ့အနုပညာဖော်ကျူးမှုကလည်း ထိရောက်အောင် မြင်မှုရှိရမယ် ဆိုတဲ့ ခံယူချက်နဲ့ပဲ ကျွန်တော် အလုပ်လုပ်တော့တယ်။ အဲဒီတော့ ဒီလိုပိတ်ပင်ခဲ့တာတွေ၊ တားမြစ်ခဲ့တာတွေ အမျိုးမျိုးကြုံခဲ့ရတယ်။ နောက်... **တစ်ပြည်သူ မရွှေထား** ပေါ့။ **တစ်ပြည်သူ မရွှေထား** ကျတော့ ကျွန်တော် အကယ်ဒမီပွဲ မသွားဘူး။ မသွားတဲ့ဟာကို ဖေဖေက အိမ်ကိုလာတယ်။ အဲဒီအချိန်တုန်းက ကျွန်တော် ၇ မိုင်မှာနေတယ်။ ကျွန်တော့်ဆီလာတယ်။ ကျွန်တော် အရက်သောက်နေတာ။ ဟေ့ကောင်... မောင်မောင် မင်းလိုက်ခဲ့။ ပြော်... ကျွန်တော်ပြောထားပြီးသားလို့၊ ဘယ်အကယ်ဒမီပွဲမှ မတက်တော့ဘူးလို့ ပြောထားတယ်။ မဟုတ်ပါဘူးကွာ၊ မင်းလိုက်ခဲ့ပါဆိုတော့

ကျွန်တော်ကလည်း မလိုက်ဘူး။ ဖေဖေလည်း စိတ်ပျက်ပြီး ပြန်ထွက်သွားတယ်။ နောက်နာရီဝက်လောက်နေတော့ အကယ်ဒမီဘုတ်အဖွဲ့က လူကြီးတစ်ယောက်နဲ့ အကယ်ဒမီက ရုပ်ရှင်လုပ်ငန်းကားကြီးနဲ့ လာခေါ်တယ်။ ဖေဖေပါ ပါလာတယ်။ တိုက်ပုံသွားယူတဲ့။ လိုက်ခဲ့ချေတဲ့။ အဲဒါနဲ့ ကားပေါ်ထိုင်တော့ ကျွန်တော့်ကို ကြားမှာညှပ်ထားတယ်။ ဘေးတံခါးပေါက်မှာမထားဘူး၊ ကျွန်တော် ခုန်ဆင်းပြေးမှာ ကြောက်လို့။ ဟိုရောက်တော့ ကားပေါ်က ဆင်းတာနဲ့ အဲဒီလူကြီးက Congratulation တဲ့ ကျွန်တော့်ကို လက်ဆွဲနှုတ်ဆက်တယ်။ ဘာ... ဘာတွေလဲပေါ့။ အူကြောင်ကြောင်နဲ့ ပါသွားတယ်။ နောက် အထဲကျတော့ ကိုယ်ထိုင်မယ့်ထိုင်ခုံမှာ လူရှိနေတယ်။ အဲဒါနဲ့ တီးဝိုင်းဘေးနားမှာ ငုတ်တုတ်လေးထိုင်နေတာ။ ထိုင်နေတဲ့အချိန်မှာ ကြေညာတော့ ကျော်သူဆိုတော့ တက်ယူလိုက်တာပါ။ အဲဒီတုန်းက ဘာဖြစ်လို့လဲလို့ ကျွန်တော်တွက်လိုက်တယ်။ အဲဒီ **တစ်ပြည်သူ မရွေထား** ခေတ်ကျတော့ Public Show ဖြစ်သွားတယ် အကယ်ဒမီက။ ပြည်သူလူထုလက်မှတ်နဲ့ ရောင်းပြီးတော့ သုဝဏ္ဏအားကစားကွင်းမှာ စ,တာ။ ဆိုတော့ အဲဒီမှာ ပရိသတ်ကနေပြီးတော့ အသံတွေထွက်တယ်။ ကျော်သူ မရရင်တော့ ခုံချိုးမယ်တို့ ဘာတို့၊ ကျော်သူကို လုပ်ထားတာများပြီတို့ဘာတို့။ အဲဒီမှာ ဗိုလ်ချုပ်ခင်ညွန့်ကလည်း လာတယ်။ အဲဒီမှာ သူ့နားထဲရောက်သွားတယ် ထင်တယ်။ ဗိုလ်ချုပ်ခင်ညွန့်က လာခေါ်ခိုင်းတာတဲ့။ ကျော်သူကို သွားခေါ်ဆို ပြီးတော့။ အဲဒါနဲ့ ရသွားတာပေါ့။

**အဲဒီမှာ "မရွေထား" မှာ ပထမဆုံးရတဲ့ အကယ်ဒမီပေါ့နော်။ မောင်မောင်က ဝတ္ထုကောင်းတွေ တော်တော်များများ ကြိုးခဲ့တယ်နော်။ ဥပမာ "အရိုင်းစံပယ်" က ဆရာအောင်လင်း ရဲ့ တကယ့် မာစတာပီစ်။ ဆရာ တက္ကသိုလ်ဘုန်းနိုင်ရဲ့ "တစ်ပြည်သူ မရွေထား"၊ "သူ့ကျွန်မခံပြီ" ဒီလိုကားတွေ အများကြီး ကားကောင်းတွေ၊ ဝတ္ထုကောင်းတွေ ကြိုးခဲ့တယ်ပေါ့။**

***အစဉ်သဖြင့်၊ ဆရာငြိမ်းကျော်ရဲ့ အစဉ်သဖြင့်။***

**ဆရာ ငြိမ်းကျော်ရဲ့ "အစဉ်သဖြင့်"နော် အဲဒါမျိုးတွေ အများကြီးရှိတယ်။ နောက်တစ်ခါ ရုပ်ပြဇာတ်လမ်းတွေလည်း ရိုက်ခဲ့ရဖူးတာပဲ။ ဥပမာ "မရဲ့ မောင်လေး"ပေါ့နော်။ အဲဒီတော့ မဝါ(ဝါဝါဝင်းရွှေ)နဲ့ မောင်မောင် ဆုံခဲ့သေးတယ်နော်။**

ဆိုခဲ့တယ်။

**ရှေ့ပိုင်းမှာ "မရဲ့ မောင်လေး" ဆိုရင်...။**

**မရဲ့ မောင်လေး** က ဆုံးပြီးတော့ နောက်တစ်ခါ **နော်မောင်မောင်နော်** ဆုံတာ။ အဲဒါ အန်တီဝါ ရိုက်တာ။

**အဲဒီကားတွေမှာလည်း မဝါ၊ မဝါရဲ့ခေတ်ကို မီလိုက်သေးတယ်။ မဝါနဲ့ မီတယ်။ ဒေါ်ခင်သန်းနုနဲ့ မီတယ်။ ပြီးတော့မှ မေသန်းနုတို့၊ မို့မို့မြင့်အောင်တို့၊ ခင်သီတာထွန်းတို့ စသဖြင့် ဒီဘက်ခေတ်နဲ့ မီလာတယ်။ အဲဒီတော့ အခုခေတ်မှာ အခုခေတ်ဆိုတော့ ၂၀၁၈၊ ၂၀၁၉ ကို မဆိုလိုဘူး။ ရှေ့ပိုင်းမှာပေါ့နော်။ ဇာတ်လမ်းတွေက နိုင်ငံခြားကားတွေ ကြည့်ပြီး ကိုယ့်ဟာကိုယ် ဖန်တီးတာတွေ များတယ်ပေါ့။ ဒါပေမဲ့ ၂၀၁၈ ခုနှစ်မှာ တော်တော်လှုပ်လှုပ်ရှားရှားဖြစ်သွားတဲ့ ကားတွေ ထွက်လာတယ်နော်။ သူတို့ ဝတ္ထုကောင်းတွေ ရိုက်ကြတာဆိုတော့ အခု နောက်ပိုင်းကျတော့ ဝတ္ထုကောင်းတွေ လိုက်ဝယ်လာကြပြီ။ မောင်မောင့်အနေနဲ့ နောက်ထပ် ရုပ်သံဇာတ်လမ်းတွဲများ လုပ်ဖို့ စိတ်ကူးရှိသေးလား။**

နောက်ထပ် ရုပ်သံဇာတ်လမ်းတွဲဆိုတော့ ခက်တာက ရုပ်သံဇာတ်လမ်းဆိုတာထက် သူတို့ရိုက်မှ၊ ကိုယ့်ကိုသုံးမှ ကိုယ်က ရိုက်ရတာကိုး။ MRTV-4 ဆိုရင် ကျွန်တော် ဇာတ်ပေးထားတယ်။ **ဂမ္ဘီရမျက်လုံး** ဆိုတာ ကျွန်တော်ပေးလိုက်တယ်။ ပေးလိုက်တာကို သူတို့က အကုန်အကျများမယ်တဲ့။ အကုန်အကျများမယ်ဆိုတော့ ကျွန်တော်ပြန်ယူလိုက်တယ်။ အခု ကျွန်တော် ရုပ်ရှင်ဇာတ်လမ်း ပြန်တင်တယ်။ ကျွန်တော့်အနေနဲ့ ကျွန်တော်တို့ ကုမ္ပဏီက ရိုက်မယ်။ ဝရမိန်ကုမ္ပဏီကနေ ရိုက်မယ်။ ဒီဇာတ်လည်း ကျသွားပြီ။ ကျသွားတော့... နောက်တစ်ဇာတ်လည်း ပေးထားတယ်။ ဒါပေမဲ့ အကြောင်းမပြန်သေးဘူး။ ကျွန်တော့်ကို ယုံကြည်ရင် အလုပ်အပ်။ ကျွန်တော် တကယ်ထိုက်ထိုက်တန်တန်ဖြစ်အောင် လုပ်ပေးမယ်။ ကျွန်တော့် အနုပညာကို အတတ်နိုင်ဆုံး၊ အကောင်းဆုံးဖြစ်အောင် ကျွန်တော်ကြိုးစားပြီး လုပ်ပေးမှာပေါ့။

**ခုနက အကယ်ဒမီကိစ္စလေး ပြန်ဆက်ချင်လို့။ "မချွေထား"နဲ့ ကိုယ်က အမျိုးသားဇာတ်ဆောင်ဆုရခဲ့ပြီး နောက်တစ်ခုရှိသေးတယ်...။**

**အမေ့နို့ဖိုး။**

**"အမေ့နို့ဖိုး"နော်။ "အမေ့နို့ဖိုး" မှာဆိုရင် အကယ်ဒမီတွေ အများကြီးရခဲ့ကြတယ်။ မောင်မောင်က ဒါရိုက်တာနဲ့ ရတယ်။ အဲဒီ တော့... အဲဒီလိုကားမျိုးကို မျှော်လင့်ချင်ကြတယ်ပေါ့နော်။ အဲဒီတော့ "ဂမ္ဘီရမျက်လုံး"ဆိုရင် ဘယ်လိုမျိုး ဇာတ်ကို သွားမလဲပေါ့။ "ဂမ္ဘီရ"လို့ ပါနေတယ်။**

**ဂမ္ဘီရမျက်လုံး** ကျတော့... ဒီ **၁၀၁၄** ကို ပြောရမယ်ဆိုရင် သမိုင်းတွေကို ပြန်ဖော်ထုတ်ချင်တာပဲ။ သမိုင်းတွေဖော်ထုတ်ပြီး အရည်းကြီး ကာလနောက်ပိုင်းပြီးရင် ဗုဒ္ဓဘာသာဘက် ဖြစ်လာတဲ့ဟာ။ ဒီမှာ အရည်းကြီး ဆိုတာလည်း ဘယ်ဝါဒပဲဖြစ်ဖြစ် ကျွန်တော်ဆိုလိုချင်တာ ဆိုးတယ်၊ ကောင်း တယ်ဆိုတာ ဒါ... ဦးဆောင်တဲ့လူတွေကြောင့် အယူတစ်ဖက်စွန်းရောက် ကုန်လို့ ဒီလိုဖြစ်ကုန်တာ။ အဲဒါလည်း ပြချင်တယ်။ ပြီးတော့ ကျွန်တော်တို့ ဒီဗမာကားတွေ အိမ်ထဲမှာပဲ လှည့်ပတ်ရိုက်တာကို ကျွန်တော် ဖောက်ထွက် ချင်တယ်။ အဲဒီကားဆိုရင် လူအယောက်နှစ်ရာကျော်၊ သုံးရာနဲ့ ရိုက်ခဲ့ရ တယ်။ Mob Scene ကြီးတွေပါတယ်။ ပြီးတော့ အခု ဒစ်ဂျစ်တယ်ခေတ်ကျ တော့ ကျွန်တော် ဒီ **ပုဂံမြို့သူ** ပြန်ရိုက်တဲ့ကိစ္စလည်း **ပုဂံမြို့သူ** က ဟို တုန်းက ရုပ်ရှင်ဖလင်နဲ့ ရိုက်ရတာ။ ရုပ်ရှင်ကင်မရာကြီးတွေ ရေအောက်ထဲ ချပြီးတော့ လုပ်ရတာ။ အခု ဒစ်ဂျစ်တယ်ခေတ်ကျတော့ ဂိုးပရိုလေးတွေနဲ့ ရိုက်၊ ဒရုန်းတွေဘာတွေနဲ့ ရိုက်လို့ရတယ်။ Editing ပိုင်းကလည်း တစ်ပန်း သာသွားပြီ။ ပြီးတော့ Special Effectတွေလုပ်တာ၊ Computer Graphic တွေ ဒါတွေက သာတဲ့အတွက် **ပုဂံမြို့သူ** ကတော့ ရုပ်ရှင်ဒါရိုက်တာကျော်သူနဲ့ ဒစ်ဂျစ်တယ်ဒါရိုက်တာ ကျော်သူ အားပြိုင်ကြည့်တာ၊ ဒါ... စမ်းသပ်ကြည့် တာ။ အဲဒီနောက်ပိုင်း ကျွန်တော် ဒါတွေ ဒါတွေက လုပ်လို့ရပါလားဆိုတာ သိပြီး **၁၀၁၄** ကားကို လုပ်တယ်။ **၁၀၁၄** ကားပြီးတော့ ဒီဟာရဲ့ အရသာကို ပိုတွေ့သွားတဲ့အတွက်၊ ဒီ Graphic ရဲ့ အရသာကို တွေ့သွားတဲ့အတွက် ဒီ **ဂမ္ဘီရမျက်လုံး။ ဂမ္ဘီရမျက်လုံး** ကလည်း Graphicတွေ အများကြီးပါမယ်။ ပြီးတော့ တော်ရုံတန်ရုံ သွားလို့မရတဲ့ ဂူကြီးတွေ၊ လိုဏ်ဂူတွေ။ လူတကာ သွားလို့ရတဲ့ ဂူတွေကတော့ ဥပမာ လွိုင်ကော်က ကျတ်ပြေးဂူတို့၊ နောက်... ပိတ်ချင်းမြောင်ဂူတို့က လူတိုင်းသွားလို့ရတဲ့ နေရာတွေ။ ကျွန် တော် အခု သွားရိုက်မယ့်နေရာက လူတိုင်းသွားလို့မရတဲ့ ဂူ။ ကမ္ဘာပေါ်မှာ ဒုတိယအကြီးဆုံးဂူလို့တောင် ပြောလို့ရတယ်။ ထိုင်းမှာ ကလေးတွေပိတ်မိတဲ့

ဂူလို သူက ရေက အထဲကို ဝင်တာ၊ ဂူထဲက ထွက်တာ မဟုတ်ဘူး။ ဒါကို ကျွန်တော်ပြချင်တယ်။ အဲဒါတွေ ရှုခင်းအသစ် အဆန်းလေးတွေ၊ CG Graphic Computer Effect တွေ ဒါတွေကို ကျွန်တော်ပြချင်တဲ့အတွက်။ ဒါကိုတော့ ကျွန်တော် Entertainment သဘောလို သတ်မှတ်လို့ရတာပေါ့။ ဇာတ်ခိုင်ခိုင်မာမာရိုက်ဖို့တော့ ကျွန်တော် အစီအစဉ်ရှိတယ်။ တတိယမြောက်ကားကတော့ ဇာတ်ကိုအဓိကထားပြီး ရိုက်ဖို့တော့ စီစဉ်နေပါတယ်။ ဇာတ်လည်း ရှာနေပါတယ်။

**ကိုယ်မှတ်မိသလောက်... အခုတော့ ဗိုလ်မှူး ဆုံးသွားပြီလားမသိဘူး။ ဗိုလ်မှူးအောင်ကြည်ထွန်း၊ ဗိုလ်မှူးတင်သန်းဦးတို့၊ ဒါရိုက်တာမောင်တင်ဦးတို့ ကမ်းလှမ်းတဲ့ "တိမ်ကော့နော်ဂျာ" ဆိုတာ...။ "တိမ်ကော့နော်ဂျာ"ဆိုတာ ဟိုး... ကချင်ပြည်နယ်အထိ သွားရိုက်ခဲ့တာရှိတယ်နော်။ "တိမ်ကော့နော်ဂျာ"နဲ့ ပတ်သက်လို့ ပြောစရာများရှိမလား။**

"တိမ်ကော့နော်ဂျာ"က.... ဒါ...။

**တင်နီလာဝင်းနဲ့။**

၈၈ မတိုင်ခင်ရိုက်တာ။ အဲဒါ အဲဒီကားတုန်းကလည်း တော်တော်လေး ပင်ပန်းတယ်။ သန်လျက်စွန်း ရေတပ်မှာ Under Water ရေငုပ်ရင်အောက်ဆီဂျင်ဘူးတွေနဲ့ ရေငုပ်တာတွေ၊ သင်တန်းတွေတက်ရတယ်။ သေနတ်ပစ်သင်တန်းတွေ၊ ကချင်စကားပြောသင်တန်းတွေ ဒါတွေတက်ပြီးတော့ ဟိုကိုရောက်သွားတာ။ ကချင်ပြည်နယ်၊ မြစ်ကြီးနားရောက်၊ မြစ်ကြီးနားကနေ ဖားကန့်သွား၊ ဖားကန့်ရောက်တော့ အဲဒီမှာ လုံခြုံရေး သူတို့တာဝန်မယူနိုင်ဘူး။ အနက်ရောင်နယ်မြေဖြစ်နေတယ်။ အဲဒီမှာ ကျော်သူခေါင်းတစ်ခေါင်း ဘယ်လောက်၊ မောင်တင်ဦး ခေါင်းတစ်ခေါင်း ဘယ်လောက် ဆိုပြီးတော့ စာတွေကပ်တာတွေရှိတယ်။ အဲဒီအချိန်ကျတော့ ကျွန်တော်တို့ကို M-16တစ်လက်၊ ပစ္စတိုတစ်လက်ရယ် ပေးတယ်။ ကျည်ထည့်ထားပေးတယ်။ ကိုယ့်လုံခြုံရေး ကိုယ့်ဘာသာကိုယ်ယူပါတဲ့။ ညအိပ်ရင်ခေါင်းအုံးအောက်မှာ ထားအိပ်ရတယ်။ အဲဒီတော့ ဒါမျိုးတွေ ကြုံခဲ့ရတယ်။ ကြုံခဲ့ရတော့ တကယ့်ကို သက်စွန့်ဆံဖျား ကျွန်တော်တို့က လုပ်ပေးခဲ့ရတယ်။ မြစ်ဆုံမှာဆိုရင် မြစ်ဆုံ ဒီဘက်ကနေပြီးတော့ အဲဒီ ဟိုဘက်ကို ပစ်တဲ့။ 79 လောင်ချာ ပစ်ခိုင်းတယ် ကျွန်တော့်ကို။ အဲဒီမှာ ဒါရိုက်တာ မောင်တင်ဦး

က ဒီဘက်မှာ နေခဲ့တယ်။ ကျွန်တော့်ကို စပိဘုတ်နဲ့ သွားပြီးတော့ ကင်မရာ မဲန်းနဲ့ သွားပစ်ခိုင်းတယ်။ ပစ်ပြီး ဒိန်း... ဒိန်း ဆိုပြီး နှစ်လုံးပစ်ပြီးတာနဲ့ ပြန်လာတော့... ပြန်လာတော့ ဆိုပြီး ပြန်ခေါ်။ ဘာဖြစ်လို့... သေချာရိုက် တာမဟုတ်ဘူးလို့၊ ဝုန်း... ဒိုင်းဆို ပစ်ပြီးတာနဲ့ ပြန်ပြေးခိုင်းတယ်။ အဲဒါ တကယ့်နေရာကို ပစ်ခိုင်းတာကိုး။ ကျွန်တော်တို့ကို အဲဒါအတွက် သုံးတာ။ ခံရရင် ကျွန်တော်တို့ ခံရမှာ။ ကိုယ်ကတော့ လုပ်ခိုင်းရင်တော့ လုပ်တာပဲ။ ဘာရယ်၊ ဘယ်သူရယ် ဘယ်ဝါရယ် မဟုတ်ဘူး။ ကျွန်တော့်အလုပ်ခိုင်းရင် အနုပညာအလုပ်က ကျွန်တော် လုပ်ပေးရမှာပဲ။ လုပ်ပေးပေမဲ့ နောက်ပိုင်း ဒီဘက် ၈၈ နောက်ပိုင်းကျတော့ ကျွန်တော့်ကို အဲဒီလို အမြင်တွေဖြစ်လာ တော့ ကျွန်တော်လည်း နည်းနည်းတော့ ဟိုဟာဖြစ် သွားတဲ့အပိုင်းတွေ ပါတာပေါ့လေ။

**ဒါပေမဲ့ "တိမ်ကော့နော်ဂျာ" ရိုက်ပြီး ပြန်လာတဲ့အချိန်မှာ အိမ်မှာ...။**

ကလေး... သမီး၊ သမီးမွေးနေပြီ။

**သမီးမွေးနေပြီနော်။**

သမီးမွေးနေတော့ ကျွန်တော် ဆောင်းပါးလေးတစ်ခုတောင် ရုပ်ရှင် အမြုတေလား...၊ ရွှေအမြုတေ မပေါ်သေးဘူး။ ရုပ်ရှင်အမြုတေမှာ ကျွန် တော် ရေးလိုက်တယ်။ **လက်ရဲဇက်ရဲနဲ့ ပုခက်လွှဲတဲ့လက်** ဆိုတာ။ စရိုက်က ကြမ်းလာတယ်။ အဲဒီမှာ တစ်လလောက်နေရတော့ ကချင်စာပဲ စားတယ်။ သောက်ရင်လည်း ကချင်အရက်သောက်တယ်။ ကိုင်တာက လက်နက်ကိုင်ထားရတယ်။ လက်က တစ်ခုခုဆိုရင် ထစ်ခနဲဆို လက်က မရဘူး။ စိတ်ကမြန်တယ်။ အဲဒါနဲ့ သမီးမျက်နှာလေးတွေ့တော့မှပဲ သမီးကို ပုခက်လွှဲရင်းနဲ့ **လက်ရဲဇက်ရဲနဲ့ ပုခက်လွှဲတဲ့လက်** ဆိုပြီး ဖြစ်လာတာ။

**ဟုတ်ပါပြီ။ အဲဒီတော့ ရုပ်ရှင်လောကမှာ ကျော်သူ လက်တွဲ ခေါ်တယ်လို့ ပြောရမလား၊ အတွဲညီတဲ့ မင်းသမီးလို့ ပြောရမလား မသိဘူး။ မို့မို့မြင့်အောင်ပေါ့နော်။ မောင်မောင်နဲ့ အင်မတန် လက်တွဲညီ ခဲ့တယ်။ "ဒဏ္ဍာရီထဲက သတို့သမီး" ဆိုရင်လည်း မို့မို့နဲ့ပဲ ရိုက်ခဲ့တာ နော်။ "အရိုင်းစံပယ်"ဆိုရင်လည်း မို့မို့နဲ့ပဲ ရိုက်ခဲ့တယ်။ စသဖြင့်ပေါ့ နော် မို့မို့နဲ့ ကားတော်တော်များများ ရိုက်ခဲ့တယ်။ MTV လို့ ပြောရမယ် ထင်တယ်။ မြန်မာ့ရုပ်မြင်သံကြားအတွက် တေးသရုပ်ဖော်တွေ ရိုက်ခဲ့ဖူး**

**တယ်။ အဲဒါလေး နည်းနည်းလောက်ပြောပါလား။**

မို့မို့နဲ့ စ,ဖြစ်တာ မြန်မာ့အသံ ***ငယ်ကျွမ်းဆွေ။ ငယ်ကျွမ်းဆွေ*** သီချင်းကို ဘဘဗိုလ်ကလေးတင့်အောင်ကနေပြီးတော့ ရိုက်ချင်တယ်ဆိုပြီး ရိုက်တာ။ မို့မို့မြင့်အောင်ရယ်၊ ကျွန်တော်ရယ်၊ ညီကျော်ရယ်။ အဲဒီမှာ တေး သရုပ်ဖော်လုပ်ရတယ်။ အဲဒီမှာ စတွဲဖြစ်၊ နောက်ပိုင်း ပြည်မြန်မာ ဦးအောင် ကျော်ထွန်းက ပြက္ခဒိန်တွေရိုက်တာ သူနဲ့ အတွဲများသွားတာ။ အတွဲများပြီး ရုပ်ရှင်တွေကလည်း တွဲတယ်။ ဒေါ်သင်းသင်းယုကားတွေ **ကိုကို ဘာလို့ မုန်းတာလဲ** တို့၊ **ချစ်မ** တို့ အဲဒါတွေ တွဲတယ်။ တွဲလာပေမဲ့ ပရိသတ်က တော့ ကျော်သူ၊ မို့မို့ဆိုရင် ပေါင်းမှ၊ ဇာတ်သိမ်းမှာ ပေါင်းမှ သူတို့က လက်ခံတယ်။ **ကိုကို ဘာလို့မုန်းတာလဲ** မှာ ဇာတ်သိမ်းမှာ မို့မို့ သေတယ်။ သေတော့ မို့မို့ကို ပွေ့ပြီး လမ်းလျှောက်တာနဲ့ ဆုံးထားတာ။ အဲဒါကို…။

**ပြန်ပြင်ရတယ်။**

ပြန်ပြင်ရတယ်။ ရန်ကုန်မှာ ရုံတင်ပြီးတာနဲ့ ပြန်ပြင်ရတယ်။

**ဟုတ်တယ်၊ ရုံတင်ပြီးတာနဲ့ တန်းပြင်ရတယ်။**

ရန်ကုန်မှာ အရင်ပြ၊ ပြပြီးတော့မှ မန္တလေးကို ပြတာ။

**ဟုတ်တယ်။ မန္တလေးမှာကျတော့ ရှင်သွား….။**

မန္တလေးပရိသတ်က ကျော်သူ၊ မို့မို့မြင့်အောင် ပေါင်းတယ်။ ဟာ… ရန်ကုန်က မပေါင်းဘူး။ လောင်းကြေးစားကြေးတွေလုပ်ကြ။ အဲဒါ မျိုးတွေ အမျိုးမျိုးကြုံရတယ်။ ရုံတင်ပြီးသားကားကို ဇာတ်သိမ်းပြန် ပြင်ရ တယ်။ ဒါမျိုးတွေ ရှိခဲ့တယ်။

**မန္တလေးမှာ နှစ်ယောက်ပေါင်းသွားတယ်။ ရန်ကုန်မှာက သေသွားတယ်။**

အခုလည်း ဒီဟာပါ၊ မို့မို့မြင့်အောင်က အတွဲညီတယ်ဆိုတာ နှစ် ယောက်စလုံးက အိုက်တင်ပိုင်းကို မလျှော့ဘူး။ ကျွန်တော်တို့က အပြင်မှာ သိပ်တည့်တာ မဟုတ်ဘူး။ ခဏခဏ စကားများတာ။ အဲဒီလို မတည့်တော့ သူလုပ်တယ်ဆို ကိုယ်ကလည်း လုပ်ပြီ အိုက်တင်ပိုင်းကို။ အဲဒီဟာတွေ ကြောင့်… အိုက်တင်တွေ တစ်ယောက်နဲ့တစ်ယောက် အပြိုင်လုပ်ရင်းနဲ့ အတွဲညီသွားတာ။ ကျွန်တော် ၂၀၀၇ မှာ အပိတ်ခံရတယ်။ ရုပ်ရှင်၊ အနု ပညာအလုပ်အားလုံးကို ပိတ်တယ်။ ပန်းချီပြပွဲလုပ်တာလည်း ခွင့်မပြုခဲ့ဘူး။ စာလည်းမရေးရဘူး။ သတင်းစာထဲတောင် ထည့်ခွင့်မပေးခဲ့ဘူး။ သတင်းစာ

ထဲကျတော့ ဆရာမင်းသိခ်ဆုံးတော့ ဝမ်းနည်းကြေကွဲကြောင်း ဆိုပြီးတော့ ကျော်သူဆိုပြီး အောက်က ရေးတာ။ အဲဒါ ကျော်သူ ဆိုတဲ့ နာမည်ပါတဲ့ အတွက် ထည့်ခွင့်မပေးခဲ့ဘူး။ အခု ရှစ်နှစ်လောက်ကြာတော့မှ ကျွန်တော် ရုပ်ရှင်ပြန်ရိုက်တယ်။ ပြန်ရိုက်တာ ကျွန်တော် Actor အနေနဲ့ ရိုက်ပြီးတော့ အခု ဒါရိုက်တာအနေနဲ့ ပထမဆုံးရိုက်တဲ့ **၁၀၁၄** အဖေတို့ ဝရဇိန်ကုမ္ပဏီက နေပြီးတော့ ရိုက်တယ်။ ရိုက်တော့ အဲဒီအခါကျတော့ ကျွန်တော် မို့မို့ကို ကမ်းလှမ်းတယ်။ မို့မို့ရေ... ငါတို့ပြန်လုပ်ကြရအောင်၊ လူဟောင်းတွေ ပြန်တွဲချင်တယ်ဆိုတော့ သူကလည်း တကယ့်ကို စိတ်ပါ လက်ပါလုပ်ပေးတယ်။ သူ့ကာရိုက်တာအတိုင်း အပီအပြင်ဆုံးလုပ်ပေးတယ်။ အဲဒါ ကျွန်တော်လည်း ဝမ်းသာတာပေါ့လေ။ လူဟောင်းတွေ အချင်းချင်းကတော့ တစ်ယောက် အထာတစ်ယောက် သိပြီးသားဆိုတော့ လုပ်ရတာ ပိုကောင်းတယ်။

**ပိုအဆင်ပြေတာပေါ့၊ အပေးအယူမျှတာပေါ့။**

ဟုတ်၊ အပေးအယူမျှတယ်။

**တစ်ခါတလေကျတော့ ရှိတတ်တယ်လေ။ ကိုယ်က ဘယ်လောက်ပဲလုပ်နေနေ တစ်ဖက်က မပါလာရင်လည်း ကိုယ်က ချွန်ထွက်သွားပြီး မကောင်းတော့ဘူး။**

အိုဗာကြီးတွေ ဖြစ်သွားတာပေါ့။

**ကိုယ်လုပ်သလောက်လည်း သူ့ဘက်က ပါလာမှသာ အပေးအယူမျှကြမှာကိုး။ မောင်မောင်နဲ့ မို့မို့ကတော့ ပြောစရာမလိုလောက်အောင် တစ်ယောက်ဘာလုပ်ရင် တစ်ယောက် ဘာလုပ်မယ်ဆိုတာ သိပြီးသားဖြစ်နေတော့ ပရိသတ်က ကျော်သူ၊ မို့မို့မြင့်အောင်ဆိုရင် ကြည့်ချင်ကြတာပေါ့နော်။ မှတ်မှတ်ရရ ဘဘဦးသုခက သက်ရှိထင်ရှား ရှိတုန်းက သူ့အိမ်ရှေ့က သူ့သားဖွင့်တဲ့ ဆိုင်အပေါ်ထပ်မှာ မောင်မောင်တို့လင်မယားနဲ့ လူတချို့ကို ခေါ်ပြီးတော့ မန္တလေးမှာ ဗြဟ္မစိုရ်အသင်းဆိုတာ အခမဲ့ အသုဘချပေးတယ်၊ ရန်ကုန်မှာလည်း ထူထောင်ရအောင် မောင်မောင်က ရုပ်ရှင်အစည်းအရုံး အတွင်းရေးမှူးဖြစ်နေတဲ့အတွက် စည်းရုံးကြည့်ပါလို့ ပြောတဲ့ဟာကနေ စ,တယ်ပေါ့နော်။ ရန်ကုန်နာရေး ကူညီမှုအသင်းဆိုတာ ပေါ်ပေါက်လာတယ်။ အဲဒီတော့ နာရေးကူညီမှု အသင်း အနေနဲ့ မြေရပြီးတော့ ဘယ်လောက်အထိများ ကြိုးစားခဲ့လဲ။**

အဲဒါကတော့ ကျွန်တော်တို့ သင်္ကန်းကျွန်း ဗြဟ္မဝိဟာရကျောင်းမှာ

အသင်းစ,ခဲ့တယ်။ အသင်းအောင်မြင်လာတယ်။ ပြည်သူလူထုကလည်း အားကိုးလာပြီ။ အလှူရှင်တွေကလည်း ငွေလှူလာပြီ။ အဲဒီအချိန်ကျတော့ ဘာဖြစ်လာလဲဆိုရင် ဘဘဦးသုခ ဆုံးရော။ ဘဘဦးသုခ ဆုံးသွားတဲ့အချိန်မှာ ကျွန်တော်တို့ ဖိအားအပေးခံရတာပဲ။ ဒီလိုရပ်ကွက်ထဲမှာ၊ ဘုန်းကြီးကျောင်းထဲမှာ ဒီလိုအသင်းအဖွဲ့တွေ မထားရဘူး၊ ဒါ အင်္ဂလိပ်ခေတ်ဥပဒေအရ ဆိုပြီးတော့ ကျွန်တော်တို့ကို မောင်းထုတ်တယ်။ မောင်းထုတ်တော့ ကျွန်တော်တို့လည်း အဲဒါဆို မြေပေးပါဆိုတော့ မြေကို မြောက်ဒဂုံမှာ မြေပေးတယ်။ နှစ်ဧကဆိုတော့ ဟာ... ဝမ်းသာသွားတာတယ်။ သွားလည်း ကြည့်လည်းကြည့်ရော အမှိုက်ပုံ။ အမှိုက်ပုံက ဒီအဆောက်အဦဆောက်ဖို့ Pile ရိုက်တယ်။ ပေနှစ်ဆယ်တူးတဲ့အထိကို မြေကြီးကိုမတွေ့ဘူး၊ ကြွပ်ကြွပ်အိတ်တွေ၊ ပလတ်စတစ်အိတ်တွေ။ အဲဒီတော့ ဒီဟာက အရင်တုန်းကတော့ ရေကန်ကြီး။ ရေကန်ကြီးထဲကို အမှိုက်တွေ၊ ကြွပ်ကြွပ်အိတ်တွေ၊ ပလတ်စတစ်အိတ်တွေရဲ့ ဆိုးကျိုးကို ကျွန်တော်တို့က ၂၀၀၇ မှာ စပြီး ကြုံတွေ့ရတာ။ အဲဒီကတည်းက ဒီဆိုးကျိုးတွေကို ကျွန်တော်တို့က ပညာရှင်တွေနဲ့ ဆေးခန်းဆိုလည်း ဆေးခန်းအောက်ကနေပြီးတော့ ဂတ်စ်ထွက်အောင် Underground Pipe တွေဘာတွေ ထုတ်ထားရတယ်။ အဲဒီလိုမျိုးတွေ သေချာစနစ်တကျလုပ်ပြီးတော့ မြေသားကိုပြန်ပြုပြင်လိုက်တဲ့အတွက် အခုဆိုရင် မြောက်ဒဂုံက စိမ်းစိမ်းစိုစိုနဲ့ အရိပ်အာဝါသကောင်းတဲ့နေရာ ဖြစ်သွားတာပေါ့လေ။ တော်တော်လေးရုန်းကန်ရတယ်။

**တော်တော်လေး ရုန်းကန်ရတယ်နော်။ အခုဆိုရင် ရန်ကုန်နာရေးကူညီမှုအသင်းက တစ်နေ့တစ်နေ့ကို အလောင်းပေါင်း ဘယ်လောက်လောက် သင်္ဂြိုဟ်ပေးနေရလဲ။**

တစ်နေ့တစ်နေ့ဆိုရင် အခုဆိုရင် ပျမ်းမျှ တစ်နေ့ကို အလောင်း ၂၀ နဲ့ ၃၀ ပျမ်းမျှသင်္ဂြိုဟ်ရတယ်။ ဟိုအရင်တုန်းကဆိုရင် ၆၀ လောက် သင်္ဂြိုဟ်ရတယ် တစ်ရက် တစ်ရက်ကို။ ဒါ ကျွန်တော်တို့ အသင်းတစ်သင်းတည်းနော်။ ဒီ့ပြင်ဟာတွေနဲ့ဆိုရင် ရန်ကုန်မှာဆိုရင် သေတာ ၁၀၀ ကျော်၊ ၁၅၀ လောက်တော့ ရှိမယ်။

**အရင်တုန်းကတော့ တစ်သင်းတည်းပဲ ရှိတာနော်။**

ဟုတ် တစ်သင်းတည်းပဲ ရှိတာ။

**အဲဒီတော့ ရန်ကုန်နာရေးကူညီမှုအသင်းတွေက အသုဘ**

**သင်္ဂြိုဟ်တာတင် မဟုတ်ဘူး။ တခြားဟာတွေ ချဲ့ထားတာတွေရှိတယ် နော်။ ဘာတွေ ချဲ့ထားလဲ။**

အဲဒါက ကျွန်တော်တို့က တွက်ကြည့်တယ်လေ။ ဥပမာ လူက ဘာဖြစ်လို့ တစ်ရက်တစ်ရက်ကို အယောက်သုံးဆယ်လောက် သေနေတာလဲ။ ဒါကို ပြန်ပြီး သုံးသပ်တော့ ကျန်းမာရေးဆေးဝါးကုသရတဲ့ စရိတ်တွေ မြင့်မားတဲ့အတွက် မဆုံးသင့်ဘဲ ဆုံးတာ ဒါ အဖြေထွက်တယ်။ အဲဒါနဲ့ ဘော်လန်တီယာ ဆရာဝန်၊ ဆရာဝန်မ တွေရဲ့ အကူအညီနဲ့ ကျွန်တော်တို့ ဆေးခန်း စ,ဖွင့်တယ်။ ဆေးခန်းဖွင့်ရင်းနဲ့ ပထမတော့ အထွေထွေပဲကုတယ်။ ဓာတ်ခွဲခန်းလေးနဲ့ အထွေထွေကုရင်းနဲ့ အခုဆိုရင် မျက်စိအော်ပရေးရှင်းခန်းတို့၊ ကျောက်ကပ်ဝေဒနာရှင် ကျောက်ကပ်ဆေးတဲ့ စက်ကြီးတွေ ဒါတွေပါ ကျွန်တော်တို့ လုပ်ခဲ့ရတယ်။ ထိုနည်းတူစွာ အဲဒီလိုလုပ်ရင်းနဲ့ Ambulance တစ်စီး သီတဂူဆရာတော်ကြီးဆီက ရတော့ အဲဒီကားနဲ့ ကျွန်တော်တို့ Ambulance လုပ်ရင်းနဲ့ နိုင်ငံခြားပညာရှင်တွေ သင်တန်းလာပို့ချတယ်။ ဆရာဖြစ်သင်တန်းတွေ သူတို့သင်တန်းတွေတက်ပြီးတော့ အခု 24 Hours Ambulance ဝန်ဆောင်မှုလည်း ကျွန်တော်တို့ လုပ်နေပြီ။ နောက် မီးသတ်၊ မီးသတ်ကိစ္စလည်း မြန်မာနိုင်ငံ မီးသတ်အဖွဲ့ကနေပြီးတော့ ကျွန်တော်တို့ကို အရန်မီးသတ်အဖွဲ့အနေနဲ့ ဖွဲ့ပေးလိုက်တယ်။ အဲဒီတော့ ကျွန်တော်တို့ မီးသတ်ဆိုလည်း လုပ်ပေးရတယ်။ Ambulance ဆိုလည်း 24 Hours လုပ်ပေးရတယ်။ နောက် ဒီလိုလုပ်ရင်းနဲ့ လူနာက တစ်ရက်ကို အယောက် ၂၀၀ ကျော်တယ်၊ အခမဲ့ကုပေးရတယ်။ ဘာလို့ လူနာ အဲဒီလောက်များလဲဆိုတော့ အသိဉာဏ်နည်းပါးတာကို တွေ့တယ်။ အဲဒါကြောင့် "သုခအလင်းပညာရေး ကျောင်း"ဆိုတာ ဖွင့်တယ်။ ကျောင်းကတော့ အစတုန်းက နွေရာသီ ကလေးတွေ ယဉ်ကျေးလိမ္မာသင်တန်းတွေ၊ ပန်းချီသင်တန်းတွေက စ,တာ ပေါ့။ အခုကျတော့ ဆယ်တန်းကလေးတွေ ဘာသာစုံသင်တန်းတွေ။ ဆယ်တန်းကလေးတွေဆိုရင် ကျွန်တော်တို့ကျောင်းက ထွက်တာ ဂုဏ်ထူးတွေဘာတွေ ရကုန်တယ်။ ဆိုတော့ ဝမ်းသာရတယ်။ ဒါကလည်း ပညာရှင်တွေရဲ့ စေတနာနဲ့ သူတို့ရဲ့ ပံ့ပိုးမှုကြောင့်ပေါ့။ ကျွန်တော် ဘွဲ့ရတဲ့ကောင် မဟုတ်ဘူး။ ဘွဲ့မရပေမဲ့ အသိဉာဏ် ဘယ်ဟာကောင်းတယ်၊ ဘယ်ဟာ မကောင်းဘူးဆိုတာ ဝေဖန်ပိုင်းခြားနိုင်သွားတဲ့အတွက်၊ ဒါ ဘဘဦးသုခနဲ့ တွေ့မှ ကျွန်တော် အဲဒီစိတ်ဓာတ်တွေဝင်လာတာ။ ဆိုတော့ ဒီဟာအတွက် ဒီလိုတိုး

တက်မှုတွေ။ နောက် ကွန်ပျူတာသင်တန်းတွေ၊ စာရင်းကိုင် LCCIသင်တန်းတွေ၊ ဟိုတယ်ဝန်ဆောင်မှုသင်တန်းတွေ၊ နောက်ပြီးတော့ အဲကွန်းဆားဗစ်သင်တန်းတို့၊ လျှပ်စစ်သင်တန်းတို့၊ နောက် အင်္ဂလိပ်စကားပြော၊ ဂျပန်စကားပြော၊ ကိုရီးယားစကားပြော သင်တန်းတွေ၊ တရုတ်စကားပြောတွေ ဒါတွေပါ လုပ်ခဲ့တယ်။ ဟိုတယ်ဝန်ဆောင်မှုဆိုရင် ကျွန်တော် ဝမ်းသာတာ ဘာဝမ်းသာတာလဲဆိုရင် ဒီ... တောင်ဒဂုံမြို့နယ်မှာ ကွမ်းယာရောင်းနေတဲ့ မိန်းကလေးနှစ်ယောက်၊ ညီအစ်မနှစ်ယောက်။ ကွမ်းယာရောင်းရင်းနဲ့ ဦးကျော်သူတို့ဆီမှာ ဟိုတယ်ဝန်ဆောင်မှုသင်တန်းရှိတယ်၊ ငါတို့ သွားတက်ရအောင်ဆိုပြီး အခမဲ့သင်ပေးတယ်ဆိုပြီး သူတို့ လာတက်တယ်။ သင်တန်းဆင်းပြီး မကြာဘူး နိုင်ငံခြားတိုင်းပြည်တစ်ခုက တကယ့် 5 Stars Hotel ကြီးမှာ သူတို့ အလုပ်ရသွားတယ်။ သူတို့ဘဝတွေ အိပ်မက်တောင်မက်လို့မရတဲ့ ဘဝတွေ၊ ဒါမျိုးတွေ။ ကျွန်တော်တို့ဆီက ဟိုတယ်သင်တန်းဆင်းတွေဆိုရင် မြန်မာနိုင်ငံက ဟိုတယ်ပိုင်ရှင်တွေက အရမ်းလိုချင်ကြတယ်။ ဒါ သူတို့ သင်ပြတဲ့ဆရာတွေကလည်း ကောင်းတယ်။ အဲဒါကြောင့် ဒီသင်တန်းတွေဆင်းတယ်ဆိုတာ အပြင်မှာတက်တဲ့ သင်တန်းတွေနဲ့ ကျွန်တော်တို့နဲ့ မတူတာ ကျွန်တော်တို့က ပရဟိတစိတ်ဓာတ်၊ လူသားချင်းစာနာစိတ်၊ ကိုယ်ချင်းစာတဲ့စိတ် ဒါတွေပါ ကျွန်တော်တို့က သင်တန်းတက်ရင်းနဲ့ တစ်ခါတည်းပို့ချတယ်။ အဲဒါကြောင့် မတူဘူးပေါ့လေ၊ ကျွန်တော်တို့ဆီက ထွက်တဲ့ကလေးတွေက။

**ဒါရိုက်တာအနေနဲ့ ရိုက်တာက ခုနက ကားကြီးတွေ ရိုက်ခဲ့တယ်ပေါ့နော်။ နောက်တစ်ခါ တို့ဆီမှာက ဖလင်တွေရှားပြီးတော့ ဗီဒီယိုဆိုတဲ့ ဖျော်ဖြေရေးလုပ်ငန်းတစ်ခု ပေါ်လာတယ်ပေါ့။ အဲဒီမှာလည်း မောင်မောင် ဗီဒီယိုရိုက်ခဲ့ဖူးသေးတယ်။ ဥပမာ "ချွန်း" ပေါ့။ "ချွန်း" ဆိုတဲ့ကား ရိုက်ခဲ့တယ်။ နောက် AIDS နဲ့ ပတ်သက်တဲ့ ပညာပေးကားနှစ်ကား ရိုက်ခဲ့တယ်။ အဲဒီ ဗီဒီယိုဒါရိုက်တာလုပ်တာလေး ပြောပြပါဦး။**

ဗီဒီယိုဒါရိုက်တာလုပ်တာ ကျွန်တော် ရုပ်မြင်သံကြားဇာတ်လမ်း။ ဆရာ ကိုအောင်မင်းသိမ်း ဇာတ်ညွှန်းရေးတာ။ သတင်းစာထဲက ဆောင်းပါးတစ်ခုကို ဆရာ ခင်လင်းလား၊ အဖေနဲ့သား၊ ကျွန်တော်တို့ **၁၁ နာရီမထိုးခင်...။**

"၁၁ နာရီမထိုးခင်"က ကာဖြူးထုတ်ထားတာ ၁၁ နာရီမှာ ကာဖြူးစ,တယ်လေ။ အဲဒီကာလမှာ မောင်မောင်ရိုက်တာက "၁၁ နာရီ မထိုးခင်" ဆိုတဲ့ ကားလေး။ ဒေါ်မြင့်မြင့်ခင်ရယ်၊ ဦးဇော်လွင်ရယ်၊ မောင်မောင်ရယ်။ ဒါကတော့ မြန်မာ့အသံဇာတ်လမ်း ဖြစ်သွားပြီ။ ဒါပေမဲ့ အဲဒီ "၁၁နာရီမထိုးခင်" လွှင့်တဲ့အချိန်လောက်မှာပဲ ကာဖြူးက ရုပ်သိမ်း လိုက်တယ်နော်။ ဒါလည်း မှတ်မိတယ်။ နောက်တစ်ခါ မြန်မာ့အသံ ဇာတ်လမ်းပဲ။ ဘဘဦးသုခနဲ့ ရိုက်တာ ရှိတယ်။

**အဖေနဲ့သား** ပါ။

**"အဖေနဲ့သား"နော်။ ဦးဇော်လင်းရယ်၊ ဒေါ်ချိုပြုံးရယ်၊ မောင်မောင်ရယ်၊ မေဝင်းမောင်ရယ်။ အဲဒီကားကလည်း ပရိသတ်ကြား မှာ အစုထက်ထိလည်း ရေပန်းစားတဲ့ကားပဲ။ အရမ်းလည်း ကြိုက်ခဲ့ကြ တဲ့ကားပေါ့နော်။ နောက် ကိုယ်တိုင်ဒါရိုက်တာ လုပ်တာက...။**

ကိုယ်တိုင်ဒါရိုက်တာလုပ်တာက အဲဒီ **ချွန်း**။ အစတုန်းက နာမည်က **ဈာန်** ဆိုပြီးတော့ ရေးတယ်။ **ဈာန်** ဆိုတာ ပြင်ပေးပါဆိုတာနဲ့ **ချွန်း** ဆိုတာ ဖြစ်သွားတာ။ အဲဒါ ကိုထွန်းထွန်းနိုင် ရေးခဲ့တဲ့ဇာတ်။ ကိုထွန်း ထွန်းနိုင်ရေးတာ **How to Murder Your Wife** ဆိုတာ အဲဒါကို လုပ်တာ။ မိန်းမကို ဘယ်လိုပြန်သတ်မယ်ဆိုတာ သူက Suspense ရော၊ Horror ဆန်ဆန် ဟာသလေးနဲ့ အဲဒါလေး။ အဲဒါလေးကလည်း ကျွန်တော်တို့ ရိုက်ချက်လေး တွေ တွေးလိုက်တော့ ကောင်းလို့ ရိုက်လိုက်တာ။ မဆင့်(မေသန်းနု)နဲ့။ မဆင့်လည်း တော်တော်ပင်ပန်းတယ်။ နည်းပေါင်းစုံနဲ့ အသတ်ခံရတာ။

**စိတ်ကူးလိုက်တာ။**

ရေချိုးရင်း Bath Tub ထဲမှာ အသတ်ခံရတာ၊ ဓားစက်နဲ့ အဖြတ်ခံ ရတာ၊ တိုက်ပေါ်က တွန်းချခံရတာတွေ၊ ဘိတ်ဆုံးကျတော့ ပင်လယ်ရေထဲ မှာ နှစ်ခံရတာ အဲဒါမျိုးတွေ။ အဲဒီတော့ အဲဒါလေးလည်း ကျွန်တော်ကြိုက်ခဲ့ တယ်။ ဒါရိုက်တာအနေနဲ့ ဒီပြင်ရိုက်ထားတာတွေလည်း ရှိတယ်။ တချို့ ကျွန်တော် မေ့ကုန်ပြီ။ Actor အနေနဲ့ ဗီဒီယိုကို ကျွန်တော် စ,ခဲ့တာ ဥက္ကာ။

**ဆရာမ မအေးလေး။**

ဟုတ်တယ်၊ ဆရာမအေးလေး၊ အဲဒါ ဦးကြည်စိုးထွန်းရိုက်တာ။ အဲဒါလည်း မှတ်မှတ်ရရပဲ။ ကျွန်တော်တို့ ကျိုက်ထီးရိုးမှာ အထမ်းသမား

လုပ်ရတာ။ အထမ်းသမားက တကယ့်အထမ်းပစ္စည်းအစစ်တွေ ကျွန်တော် မ,ရတယ်။ လူဆိုလည်း လူကို ဝေါ်နဲ့ထမ်းရတာ အစစ်တွေ မ,ရတယ်။ အဲဒီတော့ တော်တော်ပင်ပင်ပန်းပန်းနဲ့ ရိုက်ခဲ့ရတာ အဲဒီဇာတ်ကလေး။ **ဥက္ကာ** က ပထမဆုံး မင်းသားပေါ့ ဗီဒီယိုမှာ။ အဲဒီမှာ ဘဘဦးသုခနဲ့ ရိုက်တဲ့အချိန်မှာ **အဖေနဲ့သား** ရိုက်တော့ ကျွန်တော် ဘဘဆီက ဘာပညာတစ်ခု ရလဲဆိုရင် ဘဘက အဲဒီအချိန်မှာ မျက်စိမကောင်းတော့ဘူး။ သူ မျက်စိ မမြင်ဘူး၊ သူ မော်နီတာကြီးရှေ့မှာသာ ဒီဟာကြီးကို ကြည့်နေတာ သူမမြင်ရဘူး။ မမြင်ရဘဲ ကျွန်တော် ဇာတ်ဝင်ခန်းတစ်ခန်း သရုပ်ဆောင်တော့ မောင်ကျော်သူတဲ့ ပြန်ရိုက်မယ်... ပြန်ရိုက်မယ်တဲ့၊ မင်း အိုက်တင်လျော့တယ်ဆိုတော့ ဟာ... ဘယ်လိုလုပ်သိတာလဲပေါ့။ ဘဘက မျက်လုံးလည်း မမြင်ဘဲနဲ့ အိုက်တင်လျော့တယ်ဆိုတော့။ ဘိတ်ဆုံး အဲဒီမှာ ဦးဖိုးထောင်၊ ဆုံးသွားပြီ ကင်မရာမဲန်းကြီး၊ သူက ပြောတာ။ ဟော့ကောင်တဲ့ အဘိုးကြီးက နားနဲ့ အိုက်တင်ကိုဖမ်းတာတဲ့။ မင်းရဲ့အသံတုန်း အတက်အကျကို အိုက်တင်နဲ့ ဖမ်းတာတဲ့။ အဲဒီတော့ နားက အာရုံက အိုက်တင်ကို ဖမ်းနိုင်တယ်ဆိုတာ ကျွန်တော်သဘောပေါက်သွားတာ။ အဲဒီတော့ ဒီအသံတုန်းအတက်အကျတွေ ဘာတွေ ကျွန်တော် သတိထားလာရတယ်။ ကိုသုမောင်ကြီးလည်း ပြောတယ်။ ဒါကလည်း ကြည့်တဲ့အထဲမှာ အနုပညာဝါသနာပါတဲ့ သူတွေရော၊ အနုပညာရှင်အငယ်တွေရော သိအောင် ကိုသုမောင်ကြီးက ဘာပြောလဲဆိုရင် ဟော့ကောင်... မင်းအသံတုန်း(လေသံ)က တစ်သားတည်းဖြစ်နေတယ်။ လျှာပြားကြီးနဲ့ မင်းပြောနေတာ။ မင်း သတင်းစာဖတ်ရင်လည်း အသံထွက်ဖတ်၊ ဝတ္ထုဖတ်လည်း အသံထွက်ဖတ်။ အဲဒီအသံ အနိမ့်အတက်အကျကို ကိုယ်လုပ်နိုင်တယ်ဆိုတာ အဲဒါလေး။ ဒါလေးတွေ ကျွန်တော် ပညာရတယ်။

**အဲဒီတော့ ဗီဒီယိုမှာ ခုနကပြောခဲ့တဲ့ ဘဘဦးသုခရိုက်တဲ့ "အဖေနဲ့သား" နောက်ပိုင်း ဗီဒီယိုတွေဆက်လာတယ်နော်။ "ဥက္ကာ" ကတော့ ကိုကြည်စိုးထွန်း ရိုက်တာ။ ကိုမိုးပွားရိုက်တဲ့ကားတွေလည်း ရှိခဲ့တယ်။ တင့်တင့်ထွန်းနဲ့ တွဲရိုက်တဲ့ ကားတစ်ကား ရှိခဲ့တယ်နော်။**

ကိုမိုးပွားရိုက်တာ **ထို့ကြောင့် ဤအရာကို အချစ်ဟု ခေါ်သည်။** ဆရာ ဝင်းမောင်ထွန်းဇာတ်။ ဇာတ်အရမ်းကောင်းတယ်။ အဲဒါရှိတယ်။ နောက် **ငှက်ခါး၊ ငှက်ခါး** ကတော့ ဟိုတုန်းက ဒါရိုက်တာ ဦးမင်းနိုင်

ဦးညွန့်ဝင်းသုံး ကိုယ်ခွဲပြီး ရိုက်ထားတဲ့ဟာ။ အဲဒါကို ဗီဒီယိုပြန်ရိုက်တယ်။ အဲဒီကားလည်း တော်တော်ပင်ပန်းတယ်။ ကလော၊ အောင်ပန်းမှာ ရိုက်တာ။ အဲဒါ တင့်တင့်ထွန်းနဲ့ပေါ့လေ။ **ထို့ကြောင့် ဤအရာကို အချစ်ဟု ခေါ်သည်** လည်း တင့်တင့်ထွန်းနဲ့။ မတင့်နဲ့လည်း အလုပ်လုပ်ရတာ ကောင်းတယ်။ ဘော်ဒါစိတ်အပြည့်အဝရှိတယ်ပေါ့လေ။ ဘော်ဒါစိတ်ရှိတဲ့အတွက် အိုက်တင်ပိုင်းကလည်း မို့မို့လို တစ်ယောက်နဲ့တစ်ယောက် ညှိလို့ရတယ်။

**ကိုယ်တင်ခဲ့တဲ့ မင်းသမီးတစ်လက်လည်း ရှိခဲ့တယ်ပေါ့နော်။ ခုနက ပြောတဲ့ "ကောင်းချစ်တဲ့မမ"အတွက် စုမြတ်နိုင်။ နောက်ထပ် အဲလိုမျိုး မင်းသမီးသစ် တစ်လက် သို့တည်းမဟုတ် နှစ်လက်ပေါ့လေ တင်ချင်စိတ်များ မရှိတော့ဘူးလား။**

မင်းသမီးတင်တာတို့၊ မင်းသားတင်တာတို့က အင်မတန် တာဝန်ကြီးတယ်။ ပြီးတော့ စိတ်ရောလူရောနှစ်ပြီး လုပ်ရတာ။ အတိုင်းအတာတစ်ခု ဖြစ်သွားပြီဆိုရင် ဖြစ်သွားတဲ့နောက်ပိုင်းမှာ ကိုယ့်စကားနားထောင်ဖို့ဆိုတာ သိပ်တော့ မလွယ်ဘူး။ ဘာလို့ဆို...ဒါ ကျွန်တော်နဲ့ယှဉ်ပြီးတော့ ကျွန်တော် သင်ခန်းစာရတာ။ ကိုယ်က ဘယ်လောက်ပဲ ပျိုးထောင်ပျိုးထောင် ဖြစ်သွားပြီဆိုရင် ထိန်းဖို့ခက်တယ်။ ဘာကြောင့်လဲဆိုရင် ဦးမျိုးမြင့်အောင် ကျွန်တော့်ကို တင်ခဲ့တယ်။ ဦးမျိုးမြင့်အောင်တင်ခဲ့ပြီးတော့ ဦးမျိုးမြင့်အောင်နဲ့ပဲ ဒါ... ကျွန်တော် သရုပ်ဆောင်ဘက်က ထွက်တာ။ ဦးမျိုးမြင့်အောင်နဲ့ပဲ ဌါ တောက်လျှောက်လုပ်နေရတော့မှာလား။ ကျွန်တော် ဖောက်ထွက်ချင်တယ်။ ဒို့ပြင် ဒါရိုက်တာတွေနဲ့လည်း ရိုက်ချင်တယ်၊ ဒို့ပြင်ထုတ်လုပ်သူတွေနဲ့လည်း ရိုက်ချင်တယ်။ ရိုက်ချင်တဲ့အတွက် ကျွန်တော် ဒို့ပြင်လက်တွေကို ကမ်းလှမ်းတယ်။ ကမ်းလှမ်းတဲ့အချိန်မှာ ဦးမျိုးမြင့်အောင်က ရိုက်ဖို့ စီစဉ်နေတယ်။ စီစဉ်နေပေမဲ့လည်း ကိုယ်က အဲဒီရက်က မအားဘူး။ မအားတော့...။

**ရန်အောင် ဖြစ်သွားတယ်။**

မအားတော့ ရန်အောင်တို့ဘာတို့ ဖြစ်လာတာပေါ့လေ။ ထိုနည်းတူစွာ ဦးအောင်မြင့်မြတ်နဲ့လည်း ဒီအတိုင်းပါပဲ။ အဲဒီမှာ ရဲအောင် ဖြစ်လာတယ်။ ဒါတွေက ရှိခဲ့တယ်။ ရှိတော့ လူတစ်ယောက်ကို ချုပ်ကိုင်ဖို့ဆိုတာ မလွယ်ဘူး။ ချုပ်လည်း မချုပ်ကိုင်သင့်ဘူး။ ဒါပေမဲ့ ကျွန်တော်တို့က တကယ်မွေးဖွားခဲ့တဲ့လူတွေ၊ ကိုယ်မွေးဖွားလာတဲ့၊ ကိုယ်က မွေးဖွားပေးလိုက်တဲ့ အနုပညာသမားတစ်ယောက်ကို ကိုယ်က အကုန်လုံး မျက်စိဒေါက်

ထောက်ကြည့်ပြီးတော့ သူ့ကို လမ်းမှန်ရောက်အောင် လုပ်ချင်တဲ့ စေတနာတွေ၊ ဒါတွေက မွေးဖွားတဲ့ လူတွေမှာတော့ ဒီစိတ်တွေက ရှိတယ်။ အဲဒီတော့ ကိုယ်က ဒီလမ်းကြောင်းအတိုင်း ဒီကားရိုက်လိုက်၊ ဟိုကားရိုက်လိုက်၊ ဟာ... အဲဒီကားကြီးဆို မရိုက်နဲ့ ဒီလိုသွားလုပ်တယ်ဆိုရင် သူ့ကို ပိတ်ပင်မှုဆိုတဲ့ဟာ ကိုယ့်အပေါ်မြင်လာမယ်။ အဲဒီလို ပင်တိုင်ကြီး မွေးဖွားဖို့ဆိုတာတော့ ကျွန်တော် စိတ်မကူးတော့ဘူး။ ဥပမာ တစ်ယောက်က လာအပ်တယ်။ ဇာတ်တစ်ပုဒ် **သမန်းကျား။ သမန်းကျား** ဆိုရင် ကျွန်တော့်ကို လာအပ်တယ်။ မင်းသမီးတစ်ယောက် သူလုပ်ချင်တယ်ဆိုပြီး လာအပ်တယ်။ အပ်တယ်ဆိုတော့ ကျွန်တော်လုပ်ပေးလိုက်တယ်။ ဒီလို လာအပ်တယ်ဆိုရင်တော့ ကျွန်တော် ရိုက်ပေးမယ်။ အကောင်းဆုံးဖြစ်အောင် ရိုက်ပေးမယ်။ ကိုယ်က သေချာ "ကကြီး"ကနေ "အ"အထိ ဒီလို ဂဃနဏတော့ ကျွန်တော် အဲဒီသံယောဇဉ်ကို ဖြတ်လိုက်ပြီ။ သံယောဇဉ်လည်း ဖြတ်ထားမှ ကိုယ်လည်း ရေရှည်ဖြစ်မှာ။ နို့မို့ဆိုရင် ကိုယ်က ကားတစ်ကားရိုက်ဖို့ ဒီစိတ်ကြီးသွင်းပြီးတော့ အဲဒါကြီး မဖြစ်ဘူးဆိုရင် ကိုယ်ပဲ စိတ်ပင်ပန်းမယ်။

**သံယောဇဉ်ဖြတ်တယ်လို့ ပြောပေမဲ့လို့ "ပုဂံမြို့သူ"မှာ တွဲပြီးသရုပ်ဆောင်ရတဲ့ ဒေါင်း "၁၀၁၄" မှာလည်း ပါတယ်။ "ဂန္ထိရ မျက်လုံး" မှာလည်း ပါလိမ့်မယ် ထင်တယ်။**

အဲဒါက သံယောဇဉ်ဖြတ်တယ်ဆိုတာ ကျွန်တော်က လုပ်ငန်းသဘောအရ Personal သံယောဇဉ်ပြောတာ။ ပုဂံမြို့သူ ရိုက်ရင်းနဲ့ **၁၀၁၄** ခေါင်းထဲကို ဝင်လာတဲ့ဟာ အဲဒါကို ဒေါင်းနဲ့ ကျွန်တော် ပြောဖူးတယ်။ ငါတို့ အဲဒီမှာ သားအဖ၊ အဲဒီလို ဇာတ်တစ်ခု ကောင်းလားဆိုတော့ ဟာ... ကောင်းတယ်တဲ့။ ကောင်းတယ်ဆိုတာနဲ့ အဲဒီ **၁၀၁၄** ဖြစ်သွားတယ်။ နောက် ဒီတစ်ကြိမ်ကျတော့ သူက အလုပ်လုပ်လို့ကောင်းတယ်။ အလုပ်လုပ်လို့ကောင်းတဲ့သူဆို ကျွန်တော်က ရေရှည်တွဲမှာ။ ဒီကြားထဲမှာ မင်း ငါနဲ့ချည်း ရိုက်ရမယ်ဆိုတာမျိုး မရှိဘူး။ သူ့ဘာသူ ရိုက်နေတာမျိုးတွေ ရှိတယ်။

**ဒါပေါ့... ဒါပေါ့။**

ဒါ သူ့လမ်းသူသွားတာပဲလေ။ သူ့လမ်း သူသွားရင်းနဲ့ ကိုယ်က သင့်တော်တာတွေ့ရင်လည်း ငါ့ဘက် ခဏလေး၊ ငါ့အိမ် ခဏဝင်ခဲ့။ ဝင်ပြီးတော့လည်း မင်းဟာမင်း လမ်းဆက်လျှောက် ဒါပဲပေါ့။ အဲဒီလိုပဲ။ ကိုယ်တိုင်သာ ပြုစုပျိုးထောင်ပြီးတော့ အိမ်မှာ အနီးကပ် မင်း ဒါစား၊ ဟိုဟာသွား

ဘာညာ ဒီလိုတွေလုပ်ဖို့တော့ မရှိဘူး။ အရင်တုန်းက ရှုမဝဦးကျော်တို့၊ ဘာဘာဦးကျော်တို့ဘာတို့ဆိုတာ ဆွေဇင်ထိုက်တို့၊ လင်းထင်တို့၊ ဇော်ဝမ်းတို့ကို သူ့ သင်တန်းကြီးနဲ့ တကယ့်ကို ဖိဖိစီးစီးကြီးလုပ်တာ။ အဲဒီဟာမျိုးတော့ ကျွန်တော် မစဥ်းစားဘူး။ ဘာဖြစ်လို့လဲဆို ကိုယ်တွေပဲ ပင်ပန်းမယ်။ အသက်တို့မှာ။

**မောင်မောင် ဒီကြားထဲမှာ ပန်းချီဆွဲတာ ဝါသနာပါတယ်။ ဒါကတော့ ငယ်ငယ်ကတည်းက ဝါသနာပါတာ။ နောက်တစ်ခါ စာရေးတာလည်း ဝါသနာပါ လာတယ်နော်။ "ကျွန်တော်သာ သမ္မတကြီးဖြစ်ခဲ့ရင်…" ဆိုတဲ့ စာအုပ်တောင် လုံးချင်းထွက်ခဲ့ဖူးတယ်။ ဒါတွေက အထဲမှာ Collection ပေါ့နော်။ အခြားနေရာတွေမှာ ရေးခဲ့တာတွေ ပေါင်းပြီးတော့ ပြန်ထုတ်တာပေါ့။ အဲဒီတော့ စာရေးဖို့အတွက် ဘယ်လိုအခါမျိုးမှာ စိတ်ကူးပေါက်လဲ။**

အမှန်မှာတော့ အဓိကပြောရရင် ၂၀၀၇ စက်တင်ဘာ သံဃာ့အရေးအခင်းပဲ ပြောရမှာ။ စက်တင်ဘာ သံဃာ့အရေးအခင်းမှာ ကျွန်တော် ဘုန်းကြီးတွေကို ဆွမ်းကပ်တာ။ လက်သီးလက်မောင်းတန်းဖို့ ကြွေးကြော်တာတွေဘာတွေ ဘာမှမလုပ်ဘူး။ ဆွမ်းလေးကပ်တာနဲ့တင် ကျွန်တော်တို့ ၇ ရက် အဖမ်းခံရတယ်။ ကျွန်တော်ရော၊ ကျွန်တော့်ဇနီးရော။ အဖမ်းခံရပြီး ထွက်လာတဲ့နေ့ကျတော့ အနုပညာလုပ်ငန်းတွေ ပိတ်လိုက်တယ်တဲ့။ ပန်းချီလည်း မဆွဲရဘူး။ အဲဒီတော့ ကျွန်တော် ပန်းချီဆွဲနေပြီ။ ပန်းချီဆွဲပြီး ကျွန်တော် စုထားတဲ့ ပန်းချီတွေ One Man Show ပြချင်တယ်။ လုပ်တော့ ခွင့်မပြုဘူး။ ခွင့်မပြုတာနဲ့ ပန်းချီကားတွေ အမေရိကားကို သယ်ပြီးတော့ အမေရိကားမှာ အကုန်ရောင်းပစ်လိုက်တယ်။ ကိုယ့်ရဲ့ပန်းချီကားတွေ ရောင်းလိုက်တာတော့ နမြောတယ်။ ဆိုတော့ အဲဒီလိုအချက်တွေ၊ ကျွန်တော်တို့ကို ဖိနှိပ်မှုတွေ ဖြစ်လာတယ်။ ပိတ်ဆို့မှုတွေ နာရေးကူညီမှုအသင်းဆိုလည်း ကျွန်တော်တို့ နာဂစ်ဆိုင်ကလုန်းဆိုရင် ကယ်ဆယ်ရေးသွားလုပ်ခဲ့တယ်၊ ပခုက္ကူရေဘေးကယ်ဆယ်ရေးလုပ်တယ်ဆိုရင် ကျော်သူတို့အဖွဲ့ လာပြီဆိုရင် လှေမငှားရဘူး ဆိုတဲ့ အမိန့်ထုတ်ထားပြီး ပိတ်ဆို့မှုတွေ ဒါတွေ လုပ်လာတယ်။ ပြီးတော့ ဒီအသင်းကို ပြန်သိမ်းမယ်တို့ဘာတို့ ဒါမျိုးတွေလုပ်လာတယ်။ အဲဒီတော့ ဒါတွေကို ကျွန်တော် မခံနိုင်တော့ဘူး။ မခံနိုင်တော့ ကျွန်တော့်မှာ ပြောဖို့ လူလည်းမရှိဘူး။ တိုင်ပင်ဖို့လည်း မရှိဘူး။ အဲဒီတော့

ကျွန်တော် ဒါကို ဖေ့စ်ဘွတ်ခ်တွေ ပေါ်လာတော့ ကျွန်တော် ကွန်ပျူတာမှာ ဖေ့စ်ဘွတ်ခ်မှာ ရေးတယ်။ သတင်းလေးတွေ၊ ဆောင်းပါးလေး တွေရေး၊ ကိုယ့်ရဲ့ခံစားချက်တွေ ရေးလာတယ်။ ရေးလာပြီးတော့ အဲဒီဟာတွေကို တစ်ကြိမ်မှာ Publisher ကိုအောင်သူကနေပြီးတော့ ပဥ္စင်္ဂံစာပေကနေပြီးတော့ သူ စာအုပ်ထုတ်ချင်တယ်။ **ကျွန်တော်သာ သမ္မတကြီး ဖြစ်ခဲ့ရင်...** ဆို တဲ့ဟာ။ အဲဒီဟာ ထုတ်ချင်တယ်ဆိုတော့ ထုတ်ရင်ထုတ် ဆိုပြီး ထုတ်လိုက် တော့ အဲဒီမှာ စာအုပ်က ပေါက်သွားတယ်။ ပေါက်ပြီးတော့ နောက် "ကာချုပ် ကြီးထံပေးစာ"တို့ဘာတို့ အဲဒါတွေဖြစ်လာတယ်။ အမှန်မှာကတော့ **ကျွန် တော်သာ သမ္မတကြီးဖြစ်ခဲ့ရင်...** စာအုပ်ကလည်း ဒေါက်တာ တင်ထွန်း ဦးတို့ စာပေဆုပေးပွဲ၊ အဲဒီမှာ ကျွန်တော်ဆုရတယ်။ ဆုရတော့ အရင် ပြန်ကြားရေးဝန်ကြီး ဦးရဲထွဋ်ကော၊ ဗိုလ်ချုပ်ခင်ညွန့်ရော လာတယ်။ လူကြီးတွေရော၊ ကျွန်တော်တို့ ဆုရသူတွေရောပေါ့။ ကျွန်တော်ဆုရတော့ ဆုရသူတွေက စကားပြောပေးပါတဲ့၊ ပြောပေးပါဆိုတော့ ကျွန်တော်လည်း ပြောတာပဲ။ ကျွန်တော် စာရေးတစ်ယောက်လည်း မဟုတ်ဘူး။ စာလည်း ရေးတတ်တာမဟုတ်ဘူး။ ကျောင်းစာတောင် ဖြောင့်အောင်ရေးတာ မဟုတ် ဘူး။ ဒါပေမဲ့ ဒီလို ဆုရတဲ့အထိ ရခဲ့တာက ပထမဆုံးကျေးဇူးတင်တာက စစ်အစိုးရကို ကျေးဇူးတင်ပါတယ်လို့။ စစ်အစိုးရရဲ့ ဖိနှိပ်မှုကြောင့် ကျွန်တော် ဒီစကားလုံးတွေ ထွက်လာတာ။ ကျွန်တော် သွားပြီးအော်နေလို့လည်း မရ ဘူး။ စာထဲမှာပဲ ထွက်လာတာ။ အဲဒါကြောင့် စစ်အစိုးရကို ကျေးဇူးတင်ပါ တယ်။ ဒါပဲ ကျွန်တော် ပြောလိုက်တယ်။ အဲဒီတော့ အမှန်မှာ ကျွန်တော် စာရေးဆရာလည်း မဟုတ်ဘူး။ အခု စာပေဟောပြောပွဲတွေ သွားတယ်။ စာပေဟောပြောပွဲတွေမှာ ကျွန်တော့်ကို ဆရာတို့၊ ဒေါက်တာ ဦးကျော်သူတို့၊ ဒေါက်တာလည်း မဟုတ်ဘူး။ ဒေါက်တာဆိုတာကလည်း မောနွေလက ဒေါက်တာဘွဲ့ပေးထားတာ။ အမှန်မှာလည်း ဒီဒေါက်တာဘွဲ့က ဘာမှ မဟုတ်ဘူး။ ကျွန်တော်က လူထဲကလူပဲ။ ကျွန်တော်ပြောတာလည်း စာရေး ဆရာကြီးလို ပြောတာမဟုတ်ဘူး။ ကျွန်တော့် နာရေးကိစ္စတွေ၊ ပရဟိတကိစ္စ တွေ ဒါတွေပဲ ကျွန်တော် ပြောတာပါ။ ကျွန်တော့် ကိုယ်တွေ့တွေ ပြန်ဖြန့်ဝေ ပေးတာ။ ဒီဟာပါပဲ။

**ဖိလစ်ပိုင်ကပေးတဲ့ ဘွဲ့က ဘာအတွက်ပေးတာလဲ။**

ဖိလစ်ပိုင်က သူတို့အခေါ်ကတော့ အာရှနိုဗယ်ဆု လို့ ပြောတယ်။

ရီမွှန်မက်ဆိုင်းဆိုင်းဆု။ အဲဒီဆုကို ကျွန်တော့်ကိုပေးမယ်ဆိုတော့ ကျွန်တော် သွားတယ်။ သွားတဲ့အခါ ကျွန်တော်ကို အင်တာဗျူးလုပ်တာ၊ လေဆိပ် ရောက်တာနဲ့ ဗျူးတာပဲ။ ကျွန်တော်က ကျွန်တော့်ကိုစ္စလေးတွေ၊ ဘာဘာ ဦးသုခနဲ့တွေ့ပြီး ဒီလိုမျိုးလုပ်ခဲ့တယ်ဆိုတော့ မဟုတ်ဘူး၊ သူတို့ ဒါတွေ အကုန်သိပြီးသား။ အကုန်လုံး သူတို့က လေ့လာပြီးသား။ သူတို့ သိချင်တဲ့ အချက်ကလေးတွေပဲ သူတို့မေးတာ။ သူတို့ ဆုပေးတာ ကျွန်တော်တို့ မြန်မာ နိုင်ငံလို ဘွဲ့တွေဘာတွေရအောင် လျှောက်လွှာတင်ရတာမျိုး မဟုတ်ဘူး။ သူတို့က အကုန်လုံး ကမ္ဘာကနေပြီးတော့ စောင့်ကြည့်နေတယ်။ ဘယ်သူက ဘာတွေလုပ်လဲ။ ဒါ လိမ်လုပ်နေတာလား၊ အင်လုပ်နေတာလား၊ ဟန်ပြ လုပ်နေတာလား၊ တကယ်လုပ်တာလား ဒါကို သူတို့က စောင့်ကြည့်နေပြီး တော့မှ မဲဆန္ဒတွေနဲ့ သူတို့ ပေးတာကိုး။ အဲဒီဆုတော့ ရခဲ့တာပေါ့။ ကျန်တဲ့ ဆုတွေကတော့ အများကြီးပေါ့လေ။

**မကြာခင်မှာ မြန်မာ့ရုပ်ရှင်က နှစ် ၁၀၀ ပြည့်တော့မယ် ပေါ့နော်။ သရုပ်ဆောင်၊ ဒါရိုက်တာ အကယ်ဒမီဆုလည်း ရထားသူ တစ်ယောက်အနေနဲ့ ဘယ်လိုများ ဆုတောင်းပေးချင်လဲ။**

နှစ် ၁၀၀ ပွဲကတော့ သူတို့ ဘယ်လိုလုပ်မလဲတော့ မသိဘူးပေါ့ လေ။ ရုပ်ရှင်အစည်းအရုံးကပဲ ဦးဆောင်ပြီး လုပ်ရမှာပဲ။ သူတို့ဘာသူတို့ ဘယ်လိုပဲ လုပ်လုပ်၊ မလုပ်လုပ် နှစ် ၁၀၀ ပြည့်တဲ့နေ့ကို ကျွန်တော်ကတော့ ရုပ်ရှင်လောကမှာ ပထမဆုံးလုပ်ခဲ့တဲ့ ကျွန်တော်တို့ရဲ့ ဘိုးဘိုး၊ အဘိုးအရွယ် လန်ဒန်အတ်ဦးအုန်းမောင်တို့၊ မင်းသားကြီး ဦးညီပုတို့၊ ပြီးတော့ မင်းသား ချစ်ဆွေတို့ တကယ့်ကို သူတို့ကားတွေ ကြည့်ပြီးတော့ နမူနာတွေ၊ Idea တွေရလာတဲ့ ရုပ်ရှင်ပညာရှင်တွေကို ကျွန်တော် ဆုတောင်းမေတ္တာပို့မယ်။ ဒါပဲရှိတယ်။ ဘာလိုလုပ်လုပ်၊ ဘာပွဲကြီးဘာပဲလုပ်လုပ် သူတို့ရဲ့စကားတွေ၊ သူတို့ရဲ့ Lecture တွေ ကိုယ်က မကျင့်သုံးရင် အလကားပဲ။ အာဇာနည်နေ့လို ပေါ့၊ အာဇာနည်နေ့ဆိုရင် ပန်းခွေတွေ သွားချမယ်။ ဗိုလ်ချုပ်မွေးနေ့ဆိုရင် ဘာလုပ်မယ်။ လုပ်သာလုပ်နေတယ် ဗိုလ်ချုပ်ပြောခဲ့တဲ့စကားတွေ ဘယ်သူ လိုက်နာလဲ။ အဲဒါ အရေးကြီးတာပဲ။ သူတို့စကားတွေ ကိုယ်လိုက်နာသင့် တယ်။ သူတို့ကို မေတ္တာပို့မယ်၊ အမျှဝေမယ်။ အဲဒါပါပဲ။

**အိုကေ၊ ကျေးဇူးပါ မောင်မောင်။**

***





# အကယ်ဒမီ နွဲ့နွဲ့စန်း

မင်္ဂလာပါ ခင်ဗျာ...။

မင်္ဂလာပါ ရှင်...။

ကျွန်တော် ဒီနေ့ရောက်ရှိနေရာက ဒေါ်နွဲ့နွဲ့စန်း ဦးစီးပြီးတော့ အမေတွေ စောင့်ရှောက်ထားတဲ့နေရာဖြစ်ပါတယ်။

ဟုတ်ကဲ့။

ဒေါ်နွဲ့နွဲ့စန်းကို အမေများရိပ်သာနဲ့ ပတ်သက်ပြီး မမေးခင် ဒေါ်နွဲ့နွဲ့စန်းက ဇာတ်သဘင်ဘက်ကနေ လာတာဆိုတော့ အငြိမ့်အကြောင်းကို အရင်မေးချင်ပါတယ်။

ဟုတ်ကဲ့ရှင့်။

ဒေါ်နွဲ့နွဲ့စန်း အငြိမ့်စ,ကတဲ့အချိန်မှာ အသက်ဘယ်လောက်လောက် ရှိသွားပြီးလဲ။

၁၈ နှစ်။

ဟုတ်။ အကသင်တော့ ဘယ်သူ့ဆီမှာ သင်ခဲ့တာလဲ။

ကျွန်မက ကျွန်မအကြောင်းပြောရင် စုံစုံစေ့စေ့ ပြောရမှာပေါ့နော်။ ကျွန်မက ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်၊ လင်းကတောရွာက ကျွန်မတို့က

တောင်သူကြီးတွေ မျိုးရိုးဖြစ်ပါတယ်။ ကျွန်မက သဘင်မျိုးရိုးမရှိပါဘူး။ အဲဒီတုန်းက ကျွန်မတို့အမေကလည်း ချောတယ်ရှင့်။ အဲ ပျူစောထီးတွေ ဘာတွေတော့ ရှိတယ်ပေါ့။ ကျွန်မတို့ အဖေကိုတော့ ကျွန်မ မြင်ကိုမမြင်ဖူးဘူး၊ ဆုံးသွားတော့။ ပျူစောထီးတွေရန်က၊ အမေကလည်း အသက်က ၂၉၊ ၃၀ လောက်ဆိုတော့ ပျူစောထီးရန်က ကြောက်ရတာပေါ့။ ကြောက်ရတဲ့အခါကျတော့ ကျွန်မတို့ တောမှာဆက်မနေနိုင်ဘဲနဲ့ ကျွန်မတို့ဟာ မန္တလေးမြို့ကို တက်ခဲ့ရတယ်။ တက်ပြီးတော့လည်း ကျွန်မ မန္တလေးကျတော့ ကျွန်မတို့မှာ အတန်းကျောင်းတွေက ပိုက်ဆံမရှိရင် မနေနိုင်ဘူးလေ။ ကျွန်မတို့ကလည်း ကျွန်မတို့မိဘတွေက မဖွံ့ဖြိုးတော့ ဓမ္မာရုံကျောင်းကလေးတွေရှိတယ်၊ ဓမ္မာရုံ ကျောင်းကလေးမှာ ကျွန်မက နေခဲ့ရတာပါ။ ဓမ္မာရုံကျောင်းက ဘုန်းကြီးနဲ့ ဆရာနဲ့ ပူးပေါင်းဖွင့်လှစ်တဲ့ကျောင်း။ အဲဒီလို ကျွန်မတို့ နေနေရင်းနဲ့ ပန်တျာကနေပြီး ပန်တျာကိုလှမြင့်တို့၊ ကိုမြကြည်တို့ အဖေကနေပြီး အမျိုးတော်သေးတာကို။ ဒီအတိုင်းထားလို့တော့ မရဘူး။ ပန်တျာကို နှင့်သမီးလေး ပို့ပါလား။ ပို့ရင် ပန်တျာက တော်ရင်လည်း စတိုင်ပင် ငွေ ၇၅ ကျပ်တောင် ပေးတယ်။ အဲဒီတော့ ကျွန်မတို့အမေက စိတ်ဝင်စားရှာတယ်။ ဒါပေမဲ့ ကျွန်မ အကတက်ဖို့မဟုတ်ဘူး။ ဒီ ၇၅ ကျပ်က အရေးကြီးတာကိုးရှင့်။ အဲဒီမှာ ကျွန်မ ပန်တျာ ရောက်သွားတာပါ။ သင်ရတာပေါ့ရှင်။ ထံ၊ ထရာ တေရှင် သီတာ သာယာပေါ့။ ကျွန်မကိုတော့ ကျောင်းအုပ် ဦးစိန်က မေးတယ်။ ကဲ စာမေးပွဲဖြေရမယ် ဖြေပါလို့။ ကျွန်မက ကျွန်မ ဝါသနာမပါဘူးလေ။ ကျွန်မ ကြိုးစားပါတယ်၊ ကြိုးစားတဲ့အချိန်မှာ ကျွန်မ ကံကောင်းချက်ပေါ့နော်။ ရန်ကုန် ညောင်ရမ်းဆရာတော်ဘုရားကြီး ပျံလွန်တော်မူတယ်၊ သွားက,ရမယ် ပန်တျာကဆိုတော့ ကျွန်မလည်း ပါသွားတာပေါ့။ သွားက,တာပေါ့။ ကျွန်မကို ဇျိုင်းမ ဇျိုင်းမလို့ခေါ်တယ်။ ဘာလို့လဲဆိုတော့ ကျွန်မ အရပ်ကြီးနဲ့၊ အမောင်းကြီးနဲ့ ဆိုတော့ က,ရင် ကျွန်မက ဇျိုင်းပျံသလို ဖြစ်နေမှာပေါ့ရှင် က,တာ။ က,ပြီးတော့ ကိုခင်မောင်လေးက သာသနာရေး ဝန်ကြီးရှင့်။ ဟုတ်တယ် ဖဆပလ လက်ထက် သာသနာရေးဝန်ကြီး။ ညကျတော့ ကျွန်တော် ဇာတ်ထုပ် တစ်ထုပ် က,မယ်၊ "ယောက်မ"ဆိုတဲ့ ဇာတ်က,မယ်။ ကျွန်မတို့က မျိုးရိုးလည်း မရှိတော့ တကယ်ကတော့ ဇာတ်ကောင် ရွေးကြတာပေါ့ရှင်။ အင်မတန် ယဉ်ကျေးသိမ်မွေ့နေတဲ့ မကျေး၊ ရှင်မကျေးကျတော့ ဒေါ်အမာစိန်ကို ထားတယ်ရှင့်။

နောက်တစ်ခါ အမှန်းကမ်းတမ်း မသိဘဲနဲ့ တစ်ခါတည်း မအေးဘုံ နေရာမှာ သူ့တူမကို ထားလိုက်တယ်။ နင်ကတော့တဲ့ အဲဒီပြဇာတ်ထဲ ရေးဖာပေါ့တဲ့။ ကျွန်မ အသက်ကလေးမှာ ၁၄ နှစ်လောက်ပဲ ရှိသေးတယ်။ ဪ ကျွန်မ ကလည်း ခိုင်းတာလုပ်ရမှာပေါ့ရှင်။ ဟဲ့ ရေးဖာလည်း ဖာအစစ်ဖြစ်တာ မဟုတ်ဘူးတဲ့ ညည်း။ ညည်းရှေ့မှာ ဝန်ကြီးချုပ် ဦးနု၊ ဦးဘဆွေ ဘယ်သူ တွေ က,နေတယ်။ အဲဒီကောင်တွေကို မျက်စပစ် က,ရမယ်တဲ့။ ဟုတ်ကဲ့၊ ဟုတ်ကဲ့။ ကျွန်မ မာယာအကကို မြင်လို့ရင် ယောက်ျားတကာမပြောနဲ့ တောထဲက ဆင်ရိုင်းတောင် ဘိုင်းခနဲ ချော်လဲတာရှင့်။ ကျွန်မက ဘကြီးနုကို မျက်စပစ်တာ။ အဘိုးကြီးလည်း သဘောကျရှာတာ။ ဪ ကျွန်မ တော် လိုက်တာ တော်လိုက်တာ ကောင်မလေး တော်လိုက်တာ။ ကဲ တရုတ်ပြည်ကို ပထမဆုံး မြန်မာပြည်ကနေ ချစ်ကြည်ရေးမစ်ရှင် လွှတ်မယ်၊ ကျွန်မ ပါသွား တယ်ရှင့် ရွေးတဲ့အထဲမှာ။ အဲဒီတော့ ကျွန်မက အကလည်း ချိုးချိုးချွန်ချွန် တက်သေးတာလည်း မဟုတ်ဘူးရှင့်။ ပန်တျာမှာ တစ်နှစ်ပဲ ရှိသေးတယ် ကျွန်မရောက်တာ။ မင်းသမီး မဖြစ်သေးဘူးနော်။ ဒီဘက်က စန္ဒရားဆရာ စိန်ဝေလျှံ ကြည့်စမ်း ပညာရှင်ကြီးတွေ၊ စောင်းက ဦးဘသန်း က,ကြတာ။ အဲဒီလို က,ကြတော့ ကျွန်မက ဒီလူတွေလက်ထဲမှာ နေခဲ့ရတယ်။ အဲဒီတုန်း က ယဉ်ကျေးမှု စိန်ချစ်တီးကို ရှင်တို့သိကြမှာပေါ့။ စိန်ချစ်တီးဆိုတာ တီးနောင်လေး တီးတုန်းပဲရှိသေးတယ်။ အဲဒီလို ကျွန်မက လူကြီးတွေ လက်ထဲမှာ နေခဲ့ရ၊ က,ခဲ့ရတာ။ အဲဒီတော့ ဘဘက သူ့ကို ပွဲတင်ပါပေါ့ ရှင်။ ဒီဘက်က ဦးအောင်ဘ ဆိုင်းဝိုင်း၊ ဒီဘက်က စိန်ဘိုလွင်ရဲ့ ဆိုင်းဝိုင်းနဲ့။ ကျွန်မတို့ကလည်း နတ်သမီးတွေပေါ့။ တိမ်ကြားနေ *ဗေလုဝနတ်စောင်း ငြိမ့်ညောင်းသာယာ* ဆတ်ကော့လတ်ကော့ ဆိုကြတာပေါ့ ရှင် ကျွန်မတို့က။ အဲဒီတုန်းက ပညာရှင်သုံးဦးရဲ့ ပညာရပ်တွေကို ဆိုင်းကလည်း တီးလိုက် တာဟာလေ တစ်ခါတည်းကို ဆိုင်းသံဖြစ်အောင်ကို တီးတာ။ ဦးဘသန်းက လည်း ပြန်တီးလိုက်တာကလည်း စောင်းသံနဲ့ စန္ဒရားသံကိုရောပြီးတော့ တီးတာရှင့်။ ဘယ်လောက်ကြည်နူးစရာကောင်းလဲ။ အဲဒီလို က,ပြီးတော့မှ ပြန်လာတာ။ ပန်တျာမှာ ဆက်တက်တာပေါ့ရှင်။ ဆက်က,ပြီးတော့ ကျွန်မ ပန်တျာမှာ ၁၅ နှစ်လောက်ကြာမှ ပန်တျာက ကျွန်မထွက်တာ။ ပန်တျာက ထွက်တော့ ကျွန်မ ဘယ်သူမှလည်း အငြိမ့်က,မယ်လာ မခေါ်သေးဘူး။ အသက်ကလည်း ငယ်သေးတာကိုရှင့်။ အဲဒီမှာ မန္တလေးက "မင်္ဂလာအငြိမ့်"

ဦးမန်းရီဆိုတဲ့ လူရွှင်တော်ကြီးက နင့်သမီးလေးကို ငါခေါ်က,မယ်တဲ့။ ဟာ ကျုပ်သမီးလေးက ဘာမှတတ်သေးတာ မဟုတ်ဘူး။ ငါ သင်မယ်၊ သင်တာ ပေါ့ရှင်။ သင်တာ ဦးမန်းကြီးက သင်တာ။ ကျွန်မတို့က ပန်တျာက က, တဲ့ အကပဲ ကျွန်မတို့က ကတတ်တာ။ အပြင်က ပတ်ဝန်းကျင်ဟာကို ကျွန်မတို့ မသိဘူး။ အဲဒီတော့ သင်တာ က,တာ။ က,ပြီးတော့ ကျွန်မတို့ကို သင်တဲ့ညမှာပဲ သေတ္တာပွင့်ဆိုတာ က,ကြတာ။ သေတ္တာပွင့်က,တဲ့အခါမှာ အမာစိန်ကလည်း ဟိုဘက်က၊ ကိုယ်က အလယ်မှာ၊ ရွှေမန်းရီကလည်း ထိတ်ထိတ်ကြဲ ဟိုဘက်က။ ၃ အငြိမ့်ကို တစ်ခါတည်း ပြိုင်ရတာပေါ့ရှင်။ ကျွန်မက ကြောက်တာပေါ့။ ကျွန်မမှာ ဘာပညာအရည်အချင်းမှ မရှိသေး တာကို။ စကားပြောရင်လည်း ကျွန်မက မြန်တယ်။ အဲဒီတော့ ကျွန်မက နောက်ကျတော့ ဒါ ကျွန်မကံပဲရှင်၊ ပြိုင်လိုက်တာ ဒေါ်ရွှေမန်းရီက ၉ နာရီလောက်ကျ ပြန်ထွက်သွားတယ်၊ ဒေါ်အမာစိန်က ၁၁ နာရီလောက် မှာ ပြန်ထွက်သွားတယ်။ ကျွန်မ ခွဲ့ခွဲ့စန်း နိုင်တယ်။ နောက် အငြိမ့်မင်းသမီး တွေ ငယ်ငယ်ကတည်းက ချောချောလှလှလည်း မရှိဘဲကိုးရှင့်။ ကျွန်မတို့ ကလည်း ချောချောလှလှ ငယ်ငယ်လေးဆိုတော့ ကြိုက်ကြတာပေါ့။ တက္ကသိုလ်ကျောင်းသားတွေက အားပေးတာ။ အားပေးတော့လည်း တက္ကသိုလ်ကျောင်းမှာ ပွဲလုပ်မယ် နောက်တစ်ခါ။ မဲပုံးထောင်ကြစို့၊ မဲပုံး ထောင်ရတယ် တက္ကသိုလ်မှာ။ ဒေါ်အမာစိန်တို့နဲ့ မဲပုံးနှစ်ပုံးထောင်ရတယ်။ မဲနိုင်တဲ့ ကောင်မက က,ရမှာ။ ကျွန်မကပဲ နိုင်တယ်။ မဲနိုင်တဲ့သူ က,ရမယ်။ တကယ်တမ်း နောက်တစ်ခါကျ ဘွဲ့ပေးမယ်၊ တက္ကသိုလ်မယ်နဲ့ သုခုမ ဧကရီကို ပေးမယ်တဲ့ လုပ်ကြပြန်ရော။ ပေးတာပေါ့ရှင်၊ မဲတွေ ရေကြ ရေကြ၊ ဒေါ်အမာစိန်က တက္ကသိုလ်မယ်ရသွားပြီး ကျွန်မက သုခုမဧကရီ ရတယ်။ ကျွန်မကံပေါ့။ အဲဒီလိုတွေ ကျွန်မ နာမည်တွေ ကြီးကြီးလာလိုက် တာ ကျောင်းသားတွေနဲ့။ နောက် "အင်အား"၊ ဟိုဘက်က "တပ်ဦး" အဲဒီလို နိုင်ငံရေးကလည်း လုပ်သေးရှင့် ကျွန်မတို့က။ ကျောင်းသားတွေနဲ့ ကို။ "တပ်ဦး"ဆိုတာ ဘာ"တပ်ဦး"မှန်း ကျွန်မတို့က မသိဘူး။ ဟိုက ဘာမှန်းမသိဘဲနဲ့ အဲဒါကို အမာစိန်က ဟိုဘက်က စားပွဲကြီးနဲ့ "အင်အား"က က၊ ကျွန်မက "တပ်ဦး"က က။ အမယ်လေး အဲဒီလို က,ကြတာ ကျောင်း သားတွေနဲ့။ ကျောင်းသားတွေ ထောင်ကျပြီဆို ကျုပ်တို့က လာမေးခံရပြီ။ ကျွန်မက တောသူပဲ၊ ကျုပ်ကတော့ မသိဘူးတော့။ သူတို့က ခေါ်ခိုင်းလို့

က,တာ၊ ဟိုက သူ့ပိုက်ဆံနဲ့သူ က,တဲ့ဥစ္စာကိုလို့ အဲဒီလို ဖြေခဲ့တာ။ ဒါပေမဲ့ ကြီးလာတော့ ဆိုပါတော့။

ကျွန်မ ဘယ်လောက် နာမည်ကြီးနေလဲဆိုတာ ကျွန်မ မသိဘူး။ ကျွန်မက ခုံဖိနပ်ကို ကျွန်မတို့အိမ်က ခုံဖိနပ်ရှိတော့ ခုံဖိနပ်ကို စီးမယ်၊ ခြေထောက်ကို သနပ်ခါးလိမ်းမယ်။ အဲဒီတော့ ဟိုဘက်နဲ့ ဒီဘက်ကို က,ပြီး ဈေးဝယ်တာ။ ကျောင်းသားတွေ ကိုယ့်ကို ဘယ်လောက်ထိ ကြိုက်နေတယ်ဆိုတာကို ကျွန်မ မသိဘူး။ ကျောင်းသားတွေက ကျွန်မကို ပန်းတစ်ပွင့် တစ်ပွင့်ဆီ လာပေးကြတာ၊ ကျွန်မကလည်း ဘီးဆံထုံးပတ်လည် တစ်ပွင့်ဆီ ပန်တာပေါ့။ ဘီးဆံပတ်လည်း တစ်ပတ်လည်ရော ညနေ ဖြ နာရီလည်းထိုးရော။ အဲဒါ အမေကလေ ဟဲ့ ညည်းကလေ ညည်း ကိုယ်တိုင်ကကို ကျောင်းသား တွေနဲ့ နန့်နေတာ၊ အမေ ကျုပ်ကိုက တောမျက်စိကို။ ညည်းနော် ပိန်းကောမကြီး ဦးထောင်ရင် ကျောက်ဆောင်နဲ့တွေ့လို့ ကျွိလိလိ ကျွိလိလိ မြည်သွားမယ်တဲ့ အမေက။ ကျွိလိလိမြည်တော့ ကောင်းတာပေါ့ အမေရဲ့။ အဲဒါကို အမေကလေ ငါတော့ ညည်းကို မပြောရဲပါဘူးတဲ့။ အမေကလေ ကျွန်မကို မင်းသမီးဖြစ်တာ တစ်ခါမှကို ကျွန်မ အငြိမ့်ကို ကြည့်မသွားဘူး။ ကြောက်လွန်းလို့၊ ရှက်လွန်းလို့တဲ့ ညည်းတို့လုပ်တာတွေ။ ညည်းတို့တွေကအေ အငြိမ့်စင်ပေါ်တက် ပလီစီချောက်ချက်တွေ ပြောနေတာ၊ ကဲ...ကြံ့။ အမေက အဲလို။ အဲဒီတော့ ကျွန်မ တစ်ညမှ အငြိမ့်ကလေး က,ရတာမှ ၂၅၀ ပဲရတယ်။ အငြိမ့်တစ်ခွင်လုံးမှာ။ နောက်ပိုင်း ဗိုလ်သင်တန်းသွားက,လည်း ကျွန်မတို့ကလေ ခေတ်နဲ့အညီ၊ အချိန်အခါနဲ့ ကာလဒေသ ကျွန်မ သိတယ်။ အဲဒီတုန်းကလည်း သီချင်းတွေက **ပေဖူးလွှာ** တို့ ခေတ်စားနေပြီ။ **ပေဖူးလွှာ** ကို ဆိုနေပြီ။ *ထွတ်မြတ်တဲ့ စံ့ဒွာနီ၊* အမယ်လေး ဒါတွေကလည်း *ပဝါကလေး* တွေ။ ရဲဘော်တွေနဲ့ ကိုယ်နဲ့လေ။ အဲဒီလိုတွေ ရဲဘော်တွေရဲ့ အသက်ကလည်း ၁၇ နှစ်၊ ၁၈ နှစ်၊ ကျုပ်တို့က လည်း ၁၇ နှစ်၊ ၁၈ နှစ် ဆိုတော့ အဲလို အထက်နဲ့အောက်နဲ့ ပြောပြီး က,နေတာတော်။ ဗိုလ်မှူးတွေ၊ ဗိုလ်ကြီးတွေလည်း ပါတာပေါ့။ သူတို့က စိတ်ကူးယဉ်တာပေါ့။ စိတ်ကူးယဉ်ပြီးတော့ ဗိုလ်ကြီးတွေက ရော့ ရော့၊ ဟဲ့ နင်ပန်ဖို့။ ဘာထူးမှာလဲ ပန်းလာပေးတာ။ ညကျ စစ်ဗိုလ်တွေများ သတ်ကြတာ ပန်းကန်ပျံ၊ အိုးပျံတွေများ ဖြစ်ကုန်ကြတာ။ အဲဒီမှာ ကျွန်မ ပန်းကန်ပြားပျံဆိုတာ နာမည်ရသွားတာ။ အဲဒီလိုနဲ့ က,ရင်း က,ရင်းနဲ့ ကြီး

လာတာ။ ရွှေတန်းစစ်မျက်နှာကို ကျွန်မ သွားရတာ။

**မန္တလေးမှာ ကျွန်တော်တို့ ငယ်သေးတဲ့အချိန်မှာ နာမည်အကြီးဆုံး မင်းသမီး နှစ်လက်ရှိတယ်ပေါ့။ ယိုးဒယားပြန် အမာစိန်၊ ဆိုဗီယက်ပြန် နွဲ့နွဲ့စန်း။ ဆိုဗီယက်ပြန် နွဲ့နွဲ့စန်းဆိုတာ ဘယ်လိုကြောင့်ဖြစ်လာတာလဲ။**

ဆိုဗီယက်ပြန် နွဲ့နွဲ့စန်းဆိုတာ ပန်တျာကဆင်းတော့ ဆိုဗီယက်ကို ပါသွားရတယ်လေ။ ပါသွားတော့လည်း ကျွန်မအသက်က ၁၆၊ ၁၇ လောက်။ ကျွန်မ က,ရတာက ရွှေမန်းတင်မောင်နဲ့ နှစ်ပါးသွားက,ရတယ်၊ စိန်အောင်မင်းနဲ့ နှစ်ပါးသွား က,ရတယ်၊ ဦးကနက်စိန်နဲ့ နှစ်ပါးသွားက,ရတယ်ရှင့်။ နာမည်ကြီး အနုပညာရှင်ကြီးတွေနဲ့အတူ အဲဒီကိုပါသွားတော့ အဲဒီမှာ ဆိုဗီယက်က ပြန်လာတော့ ဆိုဗီယက်ပြန် နွဲ့နွဲ့စန်းဖြစ်ရတာပေါ့။ ဒီလိုဆိုရင် ငါ ဆိုဗီယက်ပြန် နွဲ့နွဲ့စန်းနဲ့ မပြီးသေးဘူးရှင့်။ ငယ်ငယ်တုန်းက တရုတ်ပြည် သွားဖူးသေးတယ်၊ တရုတ်ပြန် ထည့်ပါဦး။ အဲဒါနဲ့ ကျွန်မ အငြိမ့်ဆရာက ဟဲ့ အဲဒီလိုဆို တရုတ်ပြန် ထည့်လို့မရဘူး။ ဟန်ချောင်းပြန် ဒိန်ခဲလို့ ထည့်ချင်ထည့်မှပဲတဲ့။ အဲဒါတော့ မသိဘူး၊ ကျွန်မပြန်ထားတာက နည်းတာ မဟုတ်ဘူးလို့။ ကျွန်မ အငြိမ့်တွေ က,ရင်း က,ရင်းနဲ့ ကျွန်မ နောက်ကျတော့ နေရှုးတို့၊ မစ္စဂန္ဒီတို့ လာဖူးတယ်လေ မြန်မာပြည်ကို။ ညှိခံမယ်တဲ့ ဗိုလ်ခင်မောင်လေးက အငြိမ့်ပိုင်ရှင်ကိုပြောတယ်၊ မင်းသမီး တစ်ယောက် ခေါ်ပါဆိုတော့ မန္တလေးက မင်းသမီးနာမည် ကြည့်ကြည့်တော့ ကျွန်မနာမည်တွေ့တယ်။ အဲဒီတော့ ကျွန်မက တခြား အငြိမ့်ထောင်ဆီ ရောက်သွားပြီ။ ဦးကျော်သောင်းက ကျွန်မကိုကြည့်ပြီးတော့ အမယ်လေး ဒုက္ခပဲ ဘယ်ကတောသူမ ခေါ်လာမှန်းလဲ မသိဘူး ဒုက္ခပဲတဲ့။ ဘာမှလည်း မရှိဘူးပေါ့။ ရပါတယ် ကိုကျော်သောင်းရယ်။ အခု နဝရတ်ကိုးသွယ် ဒေါ်တင်ရီတို့၊ ဟောလိဝုဒ် ကစ်တီတို့ဆီ သွားလိုက်တယ်။ ဟောလိဝုဒ် ကစ်တီဆီသွား၊ ဘီးဆံထုံးတွေထုံး၊ ဘော်လီ တွေဘာတွေလည်း ချုပ်ပေါ့ရှင် ကျွန်မကလည်း။ အဖောင်းဘော်လီအမည်း အခံတွေဘာတွေပါအောင် ကျွန်မ ချုပ်ပေါ့လေ။ ဒီအခံက ဖြစ်ပါ့မလား မကစ်တီရဲ့၊ ကျွန်မ က,ရင် ပြုတ်ကျမယ်။ မပြုတ်ကျပါဘူးအေ၊ ငါ အပ်ချိတ်နဲ့ထိုးထားတယ်။ အဲဒီလိုနဲ့ က,လာတာ။ အဲဒီမှာ ကျွန်မလေ မစ္စဂန္ဒီနဲ့ သူက ကျွန်မကို ထဘီလေး တစ်ထည် လက်ဆောင်ပေးသွားတယ် ကျွန်မကို။ သိပ်တော်တယ်၊ အဲဒီမှာ

ကျွန်မကို ဒေါ်မြင့်မြင့်က ဓာတ်တယ်၊ ဒီကောင်မကို ရုပ်ရှင်ရိုက်မယ်တဲ့။ ရုပ်ရှင်ရိုက်လို့ မဖြစ်သေးဘူး၊ အမေက သဘောမတူဘူး။ ကျွန်မအမေက က,တာပဲ သဘောကျတာ။ ရုပ်ရှင်ကို သဘောမတူဘူး။ ဟိုနေ့က ကိုမောင်မောင် တွေ့တော့ သတိရလိုက်သေးတယ်။ ကိုမောင်မောင်က လာတယ်။ သူလာရင် လွယ်အိတ်သေးသေးလေးရယ်။ သူရောက်ပြီ ဆိုတာနဲ့ အငြိမ့်စင်ပေါ် ပို့လိုက်တယ်။ ကျွန်မက ဒါဆိုရင် ကိုမောင်မောင် ရောက်ပြီလို့ နားလည်လိုက်တာပေါ့ရှင်။ ကျုပ်တို့က ကိုထွန်းဝေကြီး လာပြီဆိုရင် သူက စံပယ်ပန်းလေး အခြောက်လေးနှစ်ပွင့် တင်လိုက်တယ်။ ဟာ ကိုထွန်းဝေကြီး လာပြီ။ ကျုပ်က ကိုထွန်းဝေနဲ့ ကိုမောင်မောင်တောင် ကျုပ်က မကြိုက်ဘူး တော်။ ပန်းချီ ကိုငွေထွန်းကို ချစ်တာ။ ပန်းချီ ကိုငွေထွန်းက ချောတာပဲ။ ကိုငွေထွန်းက လာလို့ရှိရင် ကျွန်မပုံလေးကို ပန်းချီလည်းရေးပြီး ပို့တယ်။ အရင်တုန်း ကျွန်မ မင်းသမီးဖြစ်တော့ ဟန်ပန်လည်း နားမလည်ဘူးလေ။ ပန်းဆိုးတန်း စတာမင်တစ်ရပ် လူတစ်ရပ်ကို ဖြန့်ပြီးတော့ ထီးကွယ်လျှောက်တာ။ ကိုချစ်ဆွေနဲ့၊ ကိုတင်လှိုင်နဲ့ လိုက်တာကြတာ နောက်ကနေပြီးတော့။ ဒီကောင်မ ဆံပင်လည်းကောင်းတယ်၊ ကိုယ်လုံးလည်းလှတယ် လိုက်မယ် လိုက်လာကြတာ။ ကျွန်မက ထီးနဲ့အုပ်ထားတာ။ ကိုချစ်ဆွေကနေ *ပပမှာ ပိတုန်းရောင်ကေသာ* ဆိုပြီး လိုက်လာကြတာ။ အဲဒါနဲ့ ကျွန်မက အစ်ကိုကြီး ဆိုတော့ အမယ်လေး သေခြင်းဆိုးမ စောက်ရှက်တော့ ကွဲပါပြီ၊ နင့်မှန်းမသိလို့ ငါတို့က လိုက်လာကြတာ။ အဲဒီလို အနုပညာသမားတွေက ချစ်ကြတာ ပြောပါတယ်။ အခုခေတ် အနုပညာသမားအချင်းချင်း မချစ်ကြဘူး ကိုဝင်းငြိမ်းရဲ့။ အဲဒီတုန်းက ဆိုဗီယက်ပြန် နွဲ့နွဲ့စန်းနဲ့ **မုန်း** ဓာတ်ကားကိုရိုက်ဖို့ ဒေါ်မြင့်မြင့်တို့က ကျွန်မကို ခေါ်ပြီ။ နေ့ကို ရိုက်တယ်၊ ညကို ဝန်ကြီးပွဲတွေကို အကုန်လျှောက်က,ရတာ။ ကျွန်မ ခက်ခက်ခဲခဲ ရိုက်လာရတာ။ အဲဒီလိုဖြစ်တော့ **မုန်း** ဆိုတာလေးကို သူတို့ကနေပြီး ရိုက်တော့ **မုန်း** က အံ့ဝင်ခွင်ကျ၊ ကျွန်မတော်လို့ မဟုတ်ဘူး ဦးဝင်းငြိမ်းရဲ့။

**"မုန်း"ရိုက်တော့ ဒေါ်နွဲ့နွဲ့စန်း အသက်ဘယ်လောက်ရှိပြီလဲ။**

အဲဒီတော့ ကျွန်မအသက် ၁၈ နှစ်၊ ငယ်သေးတယ်။ အငြိမ့်က,ပြီ။ အဲဒီတုန်းက ကျွန်မကလေ အူတူတူ အ,တတနဲ့လေ ရှင်ကလည်းပဲ။ ကင်မရာကလည်း ကြောက်တာဆိုတော့ အဲဒါနဲ့ အံ့ဝင်ခွင်ကျဖြစ်တာ ကျွန်မ တော်လို့မဟုတ်ဘူး။ အူတူတူ အ,တတကြီးလေ။ အပြင်ကတည်းကိုက

မန္တလေးသူနဲ့ ရန်ကုန်သူ မတူဘူးလေ အဲဒါကြောင့် ကွဲသွားတာ။ ကိုမြင့်အောင်ကလေ ကျွန်မကို ဖက်ပြီးတော့ ကျွန်မကို ရိုက်တာ ကျွန်မ အသားတွေတောင် တုန်တယ်။ ကိုမြင့်အောင် ဟဲ့ ဟဲ့ လုပ်ကြဦး၊ မြင့်မြင့် နင့်မင်းသမီး ပါးတွေ၊ နားတွေ တုန်နေတယ်တဲ့ သူက။ အဲဒီလိုတောင်ပြောတယ်။ ကိုနေဝင်းဆိုရင်လည်း သူက အမြဲတမ်း စောင့်ရှောက်တယ်။ အဲဒီတုန်းကလည်း ကျွန်မ နီးစပ်မှုနဲ့ ကိုမြင့်အောင်ကို မချစ်ဘူး၊ ကိုနေဝင်းကြီးကို ချစ်တယ် ကျွန်မ။ အရမ်းချစ်တာ ကိုနေဝင်းကြီးကို။ ဒါပေမဲ့ သူတို့ကလေ ညီမလို့ ပွဲလမ်းသဘင်တွေ သွားကြလာကြ။ သူတို့ကလည်း စ,ကြတော့ ကျွန်မတို့လည်း ရှူးကြတယ်ထင် ပါရဲ့။ တို့မင်းသားနဲ့ တို့မင်းသမီး ကြီးရင် ပေးစားမယ်။

**အဲဒီတုန်းက “မုန်း”ရိုက်တာ “ဇမ္ဗူအေး”နော်။ “ဇမ္ဗူအေး” ရုပ်ရှင်က “မုန်း”က ကျွန်တော်မှတ်မိတာ ကောလိပ်ဂျင်နေဝင်းရယ်၊ ဦးမြင့်အောင်ရယ်၊ ကိုကြည်စိုးရယ်။ မင်းသားသုံးလက်နဲ့ ဒေါ်နွဲ့နွဲ့စန်းနဲ့။**

ဟုတ်တယ်။ ကျွန်မတို့ခေတ်တုန်းက ကျွန်မတို့ဘက် ကျွန်မက မုန်း၊ ဝါဝါဝင်းရွှေက စိမ့်၊ ဒီဘက်က တင်တင်က နှင်း။ ဟိုတုန်းက ကာတင်ကြီးတွေဖြတ်ပြီး တင်ကြတာ။ အဲဒီတုန်းက ချစ်စရာကြီးတွေ ကာတင်ကြိုက်တဲ့ဟာ ဝင်ကြည့်လေ။ ကျွန်မတို့က တက္ကသိုလ်ကျောင်းက တက်လာတဲ့ ကောင်မ တက္ကသိုလ်က သိပ်အားပေးတာ။ ကိုနေဝင်းက ကျွန်မကို ဖက်လိုက်လို့တဲ့ ဟိုကျတော့ ကိုနေဝင်းက ကျောင်းထဲမှာ ဆရာကြီးတစ်ယောက်ရှိတယ် အဲဒီမှာနေတာ။ ကိုနေဝင်းလက်ကို ကျောင်းသားတွေက ဖက်နမ်းကြတယ် ကျောင်းသားတွေက။ ဘာဖြစ်လို့လဲဆိုတော့ မင်းက နွဲ့နွဲ့စန်းကို ဖက်ခဲ့လို့တဲ့။ လက်ကလေးပေးပါ ဖက်နမ်းကြတယ်တဲ့ ကိုနေဝင်းက။ အဲဒီကောင်တွေ တော်တော်ရူးတဲ့ကောင်တွေပဲတဲ့ အဲဒီလိုလည်းပြောတယ်။ ကျွန်မက အမယ် ရှင်ကရော ကျွန်မကို မကြိုက်ဘူးလားဆိုတော့ ဟယ် နင် ဘာတွေလျှောက်ပြောနေတာတုံးတဲ့ ကိုနေဝင်းက။ ကိုနေဝင်းက သိပ်ကိုရိုးတာ၊ အရမ်းချစ်စရာကောင်းတယ်။ စာရိတ္တအကောင်းဆုံးမင်းသားပဲရှင့်၊ ဒီခေတ်မှာ ကောင်းတာ။ ကိုဝင်းဦးနဲ့ကျတော့ ရုပ်ရှင်ထဲမရောက်ခင် ဗိုလ်ကိုဦးဘဝကတည်းက ကျွန်မတို့က ရင်းနှီးတာ။ ဒါပေမဲ့ ရင်းနှီးပေမဲ့ မတည့်ဘူးရှင့် ကျွန်မနဲ့၊ မတည့်ဘူးတော့။ တွေ့တာနဲ့ တစောင်းနဲ့ မျက်ချေးပဲ။

ကျွန်မတို့က ဘဝမှာတော့ ဒီရုပ်ရှင်ရိုက်တာလည်း ကျွန်မက စုံပါတယ်။ ရုပ်ရှင်ရိုက်တာတော့လည်း တကယ်ရိုက်ခဲ့ရတာပဲ။ အငြိမ့်သဘင်လည်း ကျွန်မ ၁၁ နှစ်လုံးလုံး က,ခဲ့တာလေ။ နောက်တစ်ခါ ပြဇာတ်၊ အဲဒီတုန်းက ပြဇာတ်က အံ့သြစရာနော်။ ပြဇာတ်တောင်မှ ဗိုလ်ကလေးတင့်အောင်၊ တီးဝိုင်းက ဂီတလုလင် ကိုမောင်ကို၊ ပြဇာတ်ပိုင်းက ကြည်ကြည်ဌေး၊ မျိုးချစ်၊ ခင်မောင်မြင့်ရှင်။ ကျွန်မတို့ အငြိမ့်ပိုင်းက နွဲ့နွဲ့စန်း၊ ဂျော်လီဆွေ၊ စံမတူ၊ ပလာတာ၊ သော်တာ၊ ရွှေရိုးရှင်။ က,ကြတာ ဘယ်လောက်လိုက်မလဲ။ အဲဒီလိုပြဇာတ် လည်က,တာ ဟိုတုန်းက။ ဖလင်တွေ ပြတ်တယ်မလား ရှင့်။ ဖလင်တွေပြတ်တော့ ရုပ်ရှင်သမားတွေ ဒုက္ခဖြစ်တော့ လိုက်ကြတာ။ လိုက်ကြတာ ကျုပ်တို့ကံတွေကလည်း မကောင်းဘူးတော့။ မလှိုင်ကနေ ဝမ်းရောဂါဖြစ်လို့ မက,ရဘူး ထိုင်စားပြန်ကြပေ့ါ၊ ရှုံးပေါ့ရှင်။ နောက်တစ်ခါ မိုးညိုမှာ က,တော့ မိုးညို မင်္ဂလာဆောင်ကလည်း ကြည်ကြည်ဌေးနဲ့ နွဲ့နွဲ့စန်း မသိပါဘူး။ သူက ခေါင်းတိုကြီးနဲ့ရှင်၊ ဘတ်စ်ကားခေါင်းတိုကြီးနဲ့ ကျွန်မက မင်းသမီးဆိုတော့ ရှေ့က တင်တာပေ့ါ။ ရှေ့က တင်တော့ရှင် အဲဒီကားသမားက ပြုံးတယ်။ အမေကြည်က အလယ်က ကျွန်မက ဘေးက။ သူ့ရဲ့ ဂီယာထဲမှာ။ အမေ ကျွန်တော်ထိုးမယ်၊ မင်းသမီး ထိုးမယ်နော်၊ ထိုးပါ ထိုးပါ သူက။ အမယ်လေး ကားကလည်း ဆင်းရော ငါလည်း ငါ့မှာ သူနဲ့ကျမှ ငါ့ အိုရတယ်တဲ့တယ်အေ။ ငါ့ပေါင်ကို စိစိညက်ညက်ကြေအောင်။ ရှေ့ကွိုင်က ပူလို့တဲ့ ခင်ဗျားတို့၊ ဘာလုပ်ရမလဲလို့ ကျွန်မက။ အဲဒီတော့ ဟိုဘက်မင်းသမီးလေးက အဲဒီကွိုင်ကို ဦးထုပ်နဲ့ ဆောင်းပေးပါ။ အမယ်လေး ကျွန်မမှာရှင် သူတို့ကွိုင်ကို ဦးထုပ်ဆောင်းလိုက်ခဲ့ရတယ်တော်။ လိုက်လာပြီးတော့ ပြောဦးမယ်၊ မိုးညိုကျတော့ ညကျက,ပြဖို့ ဇာတ်စင်ကို ဆိုက်ကား နဲ့သွားရတယ်ရှင့်။ အဲဒါ ဦးအောင်သိန်းကနင်တို့ ဆိုက်ကားနဲ့လိုက်ခဲ့ကြ၊ ဟုတ်ကဲ့ပါ။ အမေကြည်က ရှေ့က ကျွန်မက နောက်ကပေ့ါရှင် သွားကြတာ။ လမ်းကျတော့ ဆိုက်ကားကြီးက လဲပါရောတော်။ ဘယ်ဟာပျက်မှန်းမသိဘူး။ လဲလိုက်တော့ ဒေါ်ကြည်ကြည်ဌေးက အောက်မှာ ပက်လက်၊ ဆိုက်ကား သမားက အပေါ်မှာ မှောက်လျက်သိလား။ ကျွန်မကလည်း ဆိုက်ကား သမားကြည့်ပြီး အောင်မယ် တော်က ဘာကိစ္စ ကြည်ကြည်ဌေးအပေါ် အရသာခံ မှောက်နေတာလဲပေ့ါ။ ဘာအရသာခံတာမှ မဟုတ်ပါဘူး၊ ဆိုက်ကားကျလို့ မှောက်တာ။ ဟိုရောက်တော့

ဦးအောင်သိန်းက နင်တို့ကြည့်ရတာ မဟုတ်ဘူး။ ဘာလို့လဲ။ ဟင် ခေါင်းတွေလည်း အမှိုက်တွေနဲ့၊ နင်တို့ ဘာလုပ်လာတာလဲ။ ဩော် အဘာရယ် မပြောချင်ပါဘူး၊ ပြောလိုက်ပါအေတဲ့။ ကိုအောင်သိန်းရေ ကျုပ်တော့ ဆိုက်ကားသမားနဲ့ အမှိုက်ပုံပေါ် မှောက်လာတယ်။ မှားခဲ့ပြီလို့ ပြောလိုက်ပါလား အဲဒီလို။ အဲဒီကျမှ ကျွန်မက မိမာယာကို က,တာရှင် သိလား။ မိမာယာကိုက,တာ။ စာထောက်က မိုးလာဘုရင် က *"မိုးလာဘုရင်က"*၊ ဖိုးလမင်းကို *"ဖိုးလမင်းရယ်"*၊ *"ဖေ"*ကျ ကျွန်မက မကြားရဘူးရှင်။ အဆိပ်သီး အဆိပ်သီးဆိုပါသလား မကြားရဘူးတော် အဲဒီတော့ မကြားဘူး။ ဟဲ့ အဆိပ်သီးကို ကျွန်မကြားတဲ့အတိုင်း *ဆိတ်ချေး ဆိတ်ချေး ဆိုပါသလား* ဆိုတော့ ဆိုင်းသမားတွေအကုန် ရယ်တာရှင် သိလား။ ကျွန်မကလေ ဆိတ်ချေးစားတော့ ဘာဖြစ်ရသလဲဆိုတော့ အစ်ကိုလေးက ဆိတ်ချေးစားတော့ ဟင် နင့်အမေဖြစ်တာပေါ့ဟ၊ အဲဒီလို က,ခဲ့ရတယ် ကျွန်မတို့က။ ကျွန်မက က,ရင် ရယ်တတ်တယ်။ အစ်ကိုလေးက ကျုပ်ကို ဝါးလုံးကြီးနဲ့ စောင့်နေတာ သူက။ ဝါးလုံးကြီးနဲ့ စောင့်နေတာက ထိုးမှာကို။ အဲဒါကို ကျွန်မက ရယ်ဖြစ်အောင်ရယ်ပြီးတော့ ပြောသေးတာ။

**ဒေါ်ခွဲ့ခွဲ့စန်းကို ခုန မိမာယာ၊ အိုဘယ့်တဏှာ မိမာယာ အဲဒါက ဒေါ်ခွဲ့ခွဲ့စန်းက အရင်က,တာလား။**

မဟုတ်ဘူးရှင့်၊ ဒေါ်အေးအေးသင်းက အရင် ဂီတပဒေသာ က,တာ။ ကျွန်မတို့က နယ်လိုက်က,ရတာ။ အဲဒီမှာ ကျွန်မ ပိုးနေတဲ့ ဆရာဝန်တစ်ယောက် ရှိတယ်။ ကိုသန်းအောင်တဲ့။ သူက ကြည့်တာ အောက်ကနေ။ ကြိုက်တာ၊ လန့်ကလည်း လန့်လာတယ်။ သူကလေ ငါ အစကတော့ လူပျိုစကားပြောဦးမလို့ပဲတဲ့။ အခုတော့ မပြောတော့ဘူးတဲ့။ နင်က အပေါ်မှာ တော်တော်ကြောက်စရာကောင်းတဲ့ မိန်းမပဲ။ ကျွန်မက စောင်းသမားကို ကျွန်မက၊ အမယ်လေး ပလီစီချောက်ချက် ဘုရင်ကို ကုန်းချော သွားမ, ဒူးဖြတ်တာကို။ နင်က တော်တော်ကို ကြောက်စရာ ကောင်းတယ်။ အမယ်လေး ကြောက်စရာမှကောင်း ကျွန်မ ဒီလိုမလုပ်ပါဘူး။ အဲဒီကနေ ကျွန်မကို ဆက်ပြီး လူပျိုစကားမပြောတော့ဘူး။ အဲဒီလို ကျွန်မ ဘဝလေးက က,ခဲ့တာ။ ပြောရမယ်ဆိုရင် ဦးဝင်းငြိမ်း ဒီဟာတင်ကိုက တစ်ကဏ္ဍ။ ကျွန်မတို့ တွေ့ကြုံရတဲ့ အတွေ့အကြုံက နည်းတာမဟုတ်ဘူး။ တရုတ်ပြည်မှာတောင် ဖြစ်ခဲ့သေးတာ။ တရုတ်ပြည်ကတော့ ပြောမှဖြစ်မယ်။ ဗိုလ်ချုပ်

အောင်ကြီးကလည်း(သူကလည်း မုဆိုးဖို ရှင့်)။ ဗိုလ်ချုပ်အောင်ကြီး နာမည်တော့ ထုတ်ပြောမှရမယ်။ အဲဒီနေ့မှာ ကျွန်မ ကိုကျော်ဝင်းနဲ့ နှစ်ပါးသွား က,မယ်တဲ့။ ကျွန်မက ဆံမြိတ်အဖွာကြီး တပ်ထားတယ်။ ကိုထွန်းဝေက စကားပြန်လုပ်တယ်။ က,ရင်း က,ရင်းနဲ့ ကိုကျော်ဝင်းကလည်း ဆွဲလိုက်ရော ကျွန်မ ရုန်းလိုက်တာ ကျွန်မ ဆံမြိတ်ကြီးက ကျွတ်သွားပြီးတော့တော်မင်းသားကိုယ်ကို ကပ်နေတာ။ ဘယ်သူမှ မသိဘူး၊ ရယ်ကြတာ။ ကျွန်မကလည်း အောက်က ဗိုလ်ချုပ်အောင်ကြီးက ဟဲ့... ဆံမြိတ်ကျွတ်လို့ ပြောတာ သူက အိုက်တင်ခံနေတယ်။ အမယ်လေး ကိုယ်က မူယာမာရာ လုပ်နေတာ ကိုယ့်ဟာက မရှိတော့ဘူး။ က,တော့ ကျွန်မကလေ *ကျားဆိုရင် ကြောက်ပါတယ်၊ အနားဆိုရင်တောင် မကပ်နိုင်တယ်* ဒါကြီးက ဘယ်ရောက်သွားလဲမသိဘူးပေါ့။ အဲဒါကြီးကို ပြောပြီးတော့ ငိုတာရှင့်။ အောင်မလေး ကျွန်မမှာလေ ရှာတာလေ ရှာလို့မရဘူး။ လား လား မင်းသားဖင်မှာ ဆံမြိတ်ကြီးက မည်းမည်းကြီးကပ်နေတာ။ ကျွန်မလေ ထဘီအနားရှည်နဲ့ ခတ်ချတာ ဆံမြိတ်က ထဘီအနားနဲ့ပါပြီး ဝဲပြီး ကျွန်မရှေ့လာကျ ကွက်တိ။ အဲဒီမှာ တရုတ်ပြည်က လူကြီးတွေ ကြည့်နေတာ။ ကိုထွန်းဝေဆိုတာ စကားမပြန်နိုင်ဘဲနဲ့ နောက်ဖေး ဝင်ပြေးရတယ် ရှင်က ဘာမှတ်နေလဲ ကျွန်မက။ အဲဒီတုန်းက ဟုတ်တယ်။ ဗိုလ်ချုပ်လွန်း သီတို့၊ ဦးခင်တို့၊ ဗိုလ်ချုပ်အောင်ကြီးတို့ ပါလာကြတာ။ နောက်ကျ လာ နွဲ့နွဲ့စန်း၊ ဘာတုံးဟ။ နွဲ့နွဲ့စန်း က,မယ်ဆိုစစ်။ ရမ်းစမ်း၊ ရမ်း ဟုတ်ပြီ ထွက်။ ရှေ့ကျ ပုလဲပုတီးက ပြတ်ကျလိုက်တာ ရှေ့က လူကြီးတွေတောင် မှန်ကုန်ရော။ ဒီကောင်မ ဘယ်လိုဖြစ်လာမှန်းမသိဘူး၊ သူ့ဟာသူဖြစ်တာ မသိဘူး။ ကျွန်မလည်း စိတ်ပါလက်ပါ က,ချလိုက်တာ။ စိတ်ပါလက်ပါ ဖြစ်သွားတာပေါ့ရှင်။ ဒါတွေက ကျွန်မတို့ရဲ့ ဘဝအတွေ့အကြုံရှင်။ ကျွန်မတို့ရဲ့ တစ်ခန်းတစ်ကဏ္ဍတွေ။ နိုင်ငံခြား ဆိုဗီယက်ရောက်ခဲ့၊ ယူဂိုစလားဗီးယား ရောက်ခဲ့တယ်။ ဆိုဗီယက်၊ ရုရှားဆိုတာ ကျွန်မတို့ ပထမဆုံးရောက်တာရှင့်။ ကျွန်မတို့သွားတော့ အဲဒီက လူတွေက ကျွန်မတို့ကို အမယ်လေး နှာခေါင်းဆွဲကြည့်၊ အကုန်ဆွဲကြည့်တာတော့ ဆိုဗီယက်တွေက။ ဆွဲကြည့်တာ မမြင်ဖူးဘူးလားမသိဘူး။ နောက်ကျတော့ ကဲ အခွေးထည်တွေက သိပ်ကို ချမ်းတယ် ရွှေမန်းတင်မောင်တို့နဲ့ပေါ့။ ဘယ်သွား၊ ကလေးစတိုးသွားတယ် ကျွန်မတို့အရပ်တွေနဲ့။ ကလေးစတိုး သွားဝယ်ရတယ်။ အကုန်လုံး ကလေးစတိုး သွားဝယ်ကြတယ်။

ဟိုရောက်တော့ ကျွန်မတို့မိန်းမတွေက ဆံပင်နဲ့၊ ရွှေမန်းတင်မောင်ကလည်း ဆံပင်နဲ့ဆိုတော့ ရွှေမန်းတင်မောင်၊ စိန်အောင်မင်းက မိန်းမအိမ်သာ တက်ရတယ်။ ယောကျ်ားအိမ်သာမတက်ရဘူး သူတို့က ဆံပင်ပါတယ်။ နောက်ပြီးတော့ သူတို့ဆီက အိမ်သာက ဘယ်အိမ်သာမှ အပိတ်မရှိဘူး တော့၊ တံခါးမရှိဘူး။ အဲဒီမှာ သူတို့က အော်ရတာ တို့ရှိတယ်ဟေ့၊ မဝင်နဲ့ ကြနဲ့ ယောင်ပေစူးကြီးတွေနဲ့။ သူတို့ အိမ်သာသွားရင် ကျွန်မတို့က စောင့် ရတယ်။ သူတို့ထွက်လာမှ ကျွန်မတို့က တက်ရတယ်။ နို့မို့ဆိုရင် ယောကျ်ား နဲ့ မိန်းမ ဘယ်ဖြစ်မလဲ၊ အဲဒီလို။ စားတော့ ကြက်သားတွေ ဘာတွေက သူတို့က ထောပတ်နဲ့ ကြော်တာကိုရှင့်။ ပန်းကန်ပြားတွေကလည်း ပြောင်နေ တာ။ ကျုပ်တို့ မြန်မာတွေက ဇွန်း၊ ခက်ရင်း ငြိမ်အောင် ကိုင်တတ်တာ မဟုတ်ဘူး။ အဲဒီတော့ ကျွန်မကလေ ဘဘဦးတင်မောင်ကလည်း ကျွန်မနဲ့ မျက်နှာချင်းဆိုင်။ ကျွန်မက ကြက်သားကြီးကို ကြိတ်ဖဲ့လိုက်တာ ဘဘ ဦးတင်မောင်မျက်နှာ တက်မှန်တာ၊ ကြက်သားကြီးက တက်မှန်တာတော်။ အမယ်လေး ဘဘရယ် ကျွန်မ တောင်းပန်ပါတယ်၊ ဘဘရယ် ကျွန်မ တောင်းပန်ပါတယ်။ နောက်ကျတော့ သူတို့က နင်နဲ့ မထိုင်ဘူး။ ကျွန်မနဲ့ စားပွဲအကုန်ရှောင်ကြတယ်။ ကြက်သား ထောပတ်တွေနဲ့ မကြိုက်ဘူးလေ၊ ကျွန်မက အညာသူပဲ။ ထောပတ်တွေပေါ် ကြက်သားတွေဖယ်ချ ကျွန်မ အရိုးလေးကိုက်တာ။ နောက်ကျတော့ ကျွန်မစားပွဲမှာ ကျွန်မ ပန်းကန်ဆို အရိုးတွေချည်းပဲ။ သူတို့က အရိုးစားတယ်မှတ်လို့နေမှာပေါ့။ ဟဲ့ အရိုးချည်း ပဲတော် ချပေးတာ။ နောက် ငါးဥဆိုလည်း အစိမ်းတွေရှင့် သူတို့က ချပေး တာ။ သူတို့ကတော့ တကယ့် အကောင်းစားပေါ့၊ ကျုပ်တို့က မစားနိုင်ဘူး။ တော်တော် အဲဒီတုန်းက ခက်ခဲတယ်။ သူတို့က ကြက်သွန်ဆိုလည်း ဖြန်း ဖြန်း စားလိုက်တာ ကုန်သွားပြီ။ ကျုပ်တို့က ဟင်းစောင့်တာ နောက်ဘာလာ ဦးမလဲလို့။ နောက် သိမ်းသွားပြီ ကြက်သွန်ခွက်ကြီး။ နောက် ကြက်သား နောက်ဆုံးပဲ၊ ကြက်အသားကိုခွာပြီး အရိုးကိုက်လိုက်တယ်။ နောက် ရုရှား တစ်ကြောလုံး အရိုးပဲကိုက်ခဲ့ရတယ်။ အသားမလာတော့ဘူး၊ ကိုယ်က အသားမကြိုက်ဘူး။ ဒီလို ကျွန်မတို့ဘဝတွေ။ ကျွန်မတို့က ခေတ်လည်း မမီပါဘူးလေ။ ကျွန်မတို့ မိဘများက ကျောင်းထားရင် ရည်းစားစာ ရေး တတ်မှာစိုးလို့ မထားဘူးတဲ့။ ကျွန်မက စာရေးရင်လည်း ကျွန်မကလေ အမယ်လေး ဘယ်ဟာမှ အဆင်မပြေဘူး။ စာလုံးတွေက ကျပြီးတော့

ဟိုတက် ဒီတက် ဘာရေးမှန်းမသိဘူး။ ကျွန်မရေးရင် ပြဿနာ တစ်ခုပြီး တစ်ခု တက်တယ်။ စာမှ မရေးတတ်တာကို ကျွန်မတို့က။ အဲဒီလို ကျွန်မ တို့ ဘဝလေးက ဖြတ်သန်းလာရတာ။ အခုကျတော့ နွဲ့နွဲ့စန်းဆိုတဲ့ ဝိတ်ကြီး အရှိန်နဲ့ နိုင်ငံခြားတွေ သွားပါရောတော်။ သွားတဲ့အခါကျတော့ ကျွန်မက မပြောတတ်ဘူး။ လာစမ်းဦး မပြောတတ်ဘူး ပြောနေတယ်။ အိန္ဒိယမှာ ဖြစ်ခဲ့တာ။ မင်းက ဘာဖြစ်လို့ မပြောတတ်တာလဲ၊ မင်း ကြိုးစားပါဦးတဲ့။ အဲဒီက အိန္ဒိယ ကောင်စစ်ဝန်က။ ကျွန်မက စကားသေချာ ပြန်ပေးနော်လို့၊ ဟုတ်ကဲ့။ မြန်မာလို က,တတ်လား၊ မက,တတ်ဘူး။ မင်း ကြိုးစားပါဦး။ တစ်ခုပဲ တို့က ဝမ်းစာရှာတာမို့ မင်းလည်း အင်္ဂလိပ် စကားတစ်ခုပဲ နင် တတ်တာမလား၊ ငါလည်း အက,တစ်ခုပဲ တတ်တာ။ နင် နောက် ငါ့ကို လာမမေးနဲ့၊ အဲဒီလိုဖြစ်ခဲ့တာနော်၊ အိန္ဒိယမှာ သတ်ခဲ့တာနော် ကျွန်မ။ ငြိမ်ခံနေတော့မယ်လို့တော့ မထင်နဲ့၊ အဲဒီလိုသတ်ခဲ့တာ။ အခုကျတော့ စာတွေဘာတွေ သင်တဲ့အခါကျတော့ ကျွန်မ အိမ်ထောင်က သူက စာတတ် တာဆိုတော့ စာသင်ပေးတာ။ ဖတ်တတ်တယ်ရှင် အဓိပ္ပာယ်မသိဘူး။ စာလုံး ကို မြင်ရင် ဖတ်တတ်တယ်။ အခုကျတော့ ဘယ်လိုဖြစ်သွားမှန်း မသိဘူး။ ရေးဆိုရင် ရေးတတ်တယ်၊ စာလုံးလေးတွေမြင်ရင် ဖတ်တတ် သေးတယ် အခုအသက်အရွယ်အထိ။ အခု ကျွန်မ အင်္ဂလိပ်စာ ပြန်သင်နေရတယ် အသက် ၇၈ ကြီးကျမှ။ မဖြစ်ဘူး၊ သင်နေရတယ် ကိုဝင်းငြိမ်းရေ။

**ဒေါ်နွဲ့နွဲ့စန်း ဒိုင်ယာလော့ခ်တွေကျတော့ ဘယ်လိုလုပ်လဲ။**

ဒိုင်ယာလော့ခ်တွေက ကျွန်မဖတ်ခိုင်း တစ်နေကုန်မရဘူး။ ပြော လိုက်ရရင် ရတယ်၊ ကျွန်မရဲ့ ပါရမီပဲ။

**အဓိပ္ပာယ်ခြုံမိအောင်သာ ပြောလိုက်တာ။**

ဟုတ်တယ်။ ၏၊ သည် မလွဲရတယ်။ နောက် အဲဒီဒိုင်ယာလော့ခ် ကို ပြင်ပြီးရင်လည်း နောက်နှစ်ရက် ပြန်မေးရသေးတယ် ကျွန်မ။ အဲဒီလို ပညာဉာဏ်ကောင်းတာ။

**အမှန်က မှတ်ဉာဏ်ကောင်းတာ။**

ခေတ်ပညာ မသင်ခဲ့ရတာ။ မိဘတွေရဲ့ ခေတ်မမီမှုတွေ ကျွန်မတို့ ပညာ မထွန်းကားဘူးလေ။ အင်္ဂလိပ်ကျောင်းဆိုတာ သူဌေးတွေမှ နေနိုင် တာ။ ကျွန်မတို့ လူလတ်တန်းစား ဘယ်နေနိုင်ပါ့မလဲ ဒီလိုတွေပါပဲ။ နောက် အငြိမ့်မင်းသမီးဖြစ်တာတောင်မှပဲ ရှင်ကလည်းပဲ ဟိုတုန်းက အငြိမ့်ဆို အရမ်း

အထင်သေးတာ။ ဖက်ခွက်စား၊ ဖက်ခွက်စားနဲ့။ နောက် ကျွန်မ ဟဲ့ ဖက်ခွက်စားဆိုတာ ဗိုလ်ချုပ်ကြီးနေဝင်းတို့ သူတို့နဲ့ ထမင်းအတူခေါ်စားတယ် မလား၊ အဲဒီလိုပဲ ရှေးတုန်းက ဘုရင်တွေ ပျော်ပွဲစားတွေ ထွက်တဲ့အခါ ညောင်ရွက်ကလေးတွေကို ပန်းကန်မရှိဘူးလေ ဖက်ခွက်ထိုးပြီး တို့ကိုလည်း အဲဒီလိုကျွေးလို့။ ဘုရင်လည်း ဖက်ခွက်စားတာပဲ၊ တို့လည်း ဖက်ခွက်စားခဲ့တာပဲလို့။ တို့တော့ ကွက်ကျော်ပြီး၊ ဘုရင်ကျတော့ ကွက်ကျော်ပြီး မပြောဘူးလို့။ အဲဒီလိုတွေရှိတယ် ကိုဝင်းငြိမ်းရေ။ ဒါ အင်မတန်ကို ခေတ်မီလာလို့။

**ကျွန်တော် အခု သဘင်အကြောင်း မေးနေရာကနေ ဖြတ်မေးချင်လို့ပါ။ ဒေါ်နွဲ့နွဲ့စန်း ဆို၊ က၊ ရေး၊ တီး ပြိုင်ပွဲတွေမှာ ဒိုင်လုပ်ရတယ်နော်။**

ဟုတ်တယ်။

**အဲဒီတော့ ဟိုဘက်ခေတ်ပေါ့နော်။ အဲဒီလိုအချိန်တုန်းက ဘယ်သူကတော့ ပထမရရမယ်၊ ဘယ်သူကတော့ ဒုတိယရရမယ် ကြိုပြောထားတာရှိလား။**

မရှိပါဘူး၊ မရှိပါဘူး။ ဒီမှာပဲ On The Spot ပဲ ပြတာ။

**အမှန်အတိုင်းပြောပါ။**

On The Spot ပါ။ ဒါတွေက တစ်ခုတော့ရှိတာပေါ့။ နောက်ပိုင်းကျတော့ ဘာလဲဆို တချို့ကျတော့ ရှင်ရေ အခုထိကို ခေတ်မမီသေးတဲ့ မင်းသမီးကြီးများရှိပါတယ်။ တချို့မင်းသမီးဆို ပြောတယ် ကိုယ်က၊ ဟင် ဘာလို့ အဲဒီအမှတ်ကို ပေးတာလဲလို့။ သူက ငါ့ကို မုန့်ဖိုးလာပေးထားတယ်ဆို ရှင် ဘယ့်နှယ်လုပ်။ အဲဒီလို မလုပ်ရဘူးလေ၊ ဟင် မုန့်ဖိုး လာပေးထားတယ်တဲ့။ ဒီလိုတွေရှိပါတယ်။ နောက်ပိုင်း ဒီလိုတွေဖြစ်လာပါတယ်။ ဒါပေမဲ့ နောက်ပိုင်း ကျွန်မတို့ကလည်း ပြောပါတယ်။ ဆို၊ က၊ ရေး၊ တီး ကနေပြီး တော့။ ဒီမှာ ကိုယ်မကောင်းရင် ဘာမှမရဘူးနော်၊ အဲဒါမှတ်ထားပါ။ ဘယ်လောက်ပဲ အိမ်ဂရမ်တွေ ချတ်ပေးလည်း ညည်းမကောင်းရင် မရနိုင်ဘူး။ အိမ်ဂရမ်ချတ်ပေးမယ်ဆို ငါ့တစ်ယောက်တည်းကိုသာ ပေးလိုက်တော့လို့ ကျွန်မ ပြောဖူးတယ် အုန်းမှုတ်စိန်ကို။ ကျွန်မကို ပြောဖူးတယ် ဒီစကားကို၊ ငါ့သမီး ပြိုင်မှာ နွဲ့နွဲ့စန်းရေ။ ကြည့်လိုက်တော့ ကောင်မလေးက အသံကလည်း မပါလာတော့ဘူး။ အုန်းမှုတ်စိန် လာဦး၊ ရှင်က ပေးမယ်ဆို

ငါ့တစ် ယောက်တည်း ပေးလိုက်ပါလား၊ ဘာလို့။ ငါတစ်ယောက်ပေးလည်း ငါ့ အမှတ်ကို နင်စစ်လေ၊ ငါ့ကို အထက်ကမေးရင်လည်း သူများတွေက နင့်ကို 08 ပေးမှာ၊ ငါ့မေးရင် ငါကပြောမယ်၊ ဟုတ်တယ်။ ဒီလိုရှာလို့မရလို့၊ ပိုက်ဆံပေးလို့ ကျွန်မ ပေးလိုက်တယ်လို့ ပြောမယ်။ နင် အိမ်ဂရမ်ချွတ် တောင် နင့်သမီးမရဘူး အုန်းမှုတ်စိန်။ ဘယ်ရမလဲ။ ပြီးလည်းပြီးရော ပိုက်ဆံလည်း ကိုယ်မရဘူး။ ဒါပေမဲ့ အဲဒါလည်း ကျွန်မ ကြိုက်တယ်။ ငါတို့ ပိုက်ဆံပေးပေမဲ့ တို့မကောင်းရင် မရဘူးပါလားဆိုတဲ့ ဟာကို ကလေး မလေး သိသွားတယ်။ တစ်ခုတော့ရှိတာပေါ့ရှင်။ ကောင်းတာ ချင်းတူရင်၊ ကောင်းတာချင်း သိပ်တူရင် ပြောထားတဲ့ဟာတော့ နည်းနည်း တိမ်းပါ တယ်ရှင့် တိမ်းပါတယ်။ မင်းသားတွေ နာမည်ကြီးမင်းသား ကျွန်မတို့ လုပ်ခဲ့တာ သိတာပေါ့။

**ဟုတ်ပါပြီ။ ရုပ်ရှင်ဘက် ပြန်သွားရအောင်။ ဒေါ်နွဲ့နွဲ့စန်းက အမျိုးသမီး ဇာတ်ဆောင်အနေနဲ့ ငယ်ငယ်တုန်းက "မုန်း"တို့ဘာတို့ သရုပ်ဆောင်ခဲ့ဖူးတယ်။ နောက်ပိုင်းကျတော့ လူကြီးခန်း၊ အမေခန်း၊ အဒေါ်ခန်း စသဖြင့် ဇာတ်ပို့ အင်မတန် ကောင်းတဲ့ အမျိုးသမီးဇာတ်ပို့ ကြီးလို့ အားလုံးက လက်ခံပါတယ် ဒေါ်နွဲ့နွဲ့စန်းကို။ အဲဒီတော့ ဇာတ်ပို့ အနေနဲ့ "သရဖူ"ဇာတ်ကားမှာ ဒေါ်နွဲ့နွဲ့စန်းကို အမျိုးသမီးဇာတ်ပို့ဆု ချီးမြှင့်ခဲ့တယ်နော်။ အဲဒီတော့ ဒီထက် ဒီဆုမတိုင်ခင် ဒီလောက်နီးပါး ကောင်းတဲ့ ကားတွေလည်း အများကြီးရှိခဲ့တယ်။ အဲဒီတော့ ဘယ်ကား မှာ ဒေါ်နွဲ့နွဲ့စန်း အမျှော်လင့်ခဲ့ဆုံးလဲ၊ "သရဖူ"ကလွဲရင်။**

**"မုန်း"**ထဲက ကျွန်မ အကယ်ဒမီကို အကယ်ဒမီလာယူပါ ခေါ်ပြီးမှ ကျုပ်တို့ စင်ပေါ်မှာ တက်ပြီး သီချင်းဆိုပြီးပြီ၊ မရဘူး။ လွဲခဲ့တာပဲ။ **"အင်းလေးမှာရွာတဲ့မိုး"**၊ နောက် **"အခုတော့သိပြီ မင်းကိုငါချစ်သည်"** ဦးအောင်မြင့်မြတ်ကား၊ လွဲခဲ့ရတာပဲ။ ကျွန်မ အကယ်ဒမီလွဲခဲ့ရတဲ့ကားတွေက အများကြီးပဲ။ **"သရဖူ"**ကျတော့ လုံးဝ မမျှော်လင့်ဘူး။ ဟိုတုန်းက အကယ် ဒမီက ရင်လေးစွာ။ **"သရဖူ"**ကျ လုံးဝ မမျှော်ဘူးတော်။ **"သရဖူ"**က စိုးမြတ်သူဇာ ရမယ်လို့ ကြားတာ။ စိုးစိုး ကိုယ့်သားသမီးပဲ။ စိုးစိုး ငါ အကယ်ဒမီတော့ လိုချင်တယ်။ ညည်း အကယ်ဒမီကပေးတဲ့ မုန့်ဖိုးပေး မလား၊ ပေးမယ်။ အဲဒီတော့ လိုက်တာ။ ကိုယ်ရမယ်ထင်လို့ မဟုတ်ဘူး။ နောက် မခင်တင့်ရမယ်လို့ မခင်တင့် အားပေးမယ်ဆိုပြီး လိုက်တာ။ ဟိုကျ

တော့ ကျွန်မ ပြူးပြူးပျာပျာနဲ့ လာရတော့တယ်ရှင်။ ကျွန်မ အချိုရည်သွား သောက်နေတာ။ နောက်မှာ မုန့်တော်နေတာ။ နွံ့နွံ့စနီး နွံ့နွံ့စနီး လာခေါ်ရော။ ကောင်္ဂ မခင်တင့်ကို ငါက ဝန်းရံရမယ်နဲ့တူတယ်။ ပေးလိုက်တာ အကယ်ဒမီ နွံ့နွံ့စနီး။ ကျွန်မလေ ဘာကိုမှ မခံစားနိုင်ဘူးရှင့်၊ မျှော်လည်း မမျှော်လင့်ထား ဘူး။ နောက်ပြီး ဝမ်းလည်းမသာဘူး၊ ဝမ်းလည်းမနည်းဘူး။ ကျွန်မ စဉ်းစား တယ်။ သူများတွေက အကယ်ဒမီရရင် ငိုတယ်။ ငါလည်း ငိုဦးမှတော့ ဖြစ်မယ်ထင်တယ်။ ကျွန်မလေ ငိုချင်ယောင်ဆောင်လိုက်တာ အဲဒီအချိန်မှာ ဘယ်သူမှမသိဘဲနဲ့ ဦးကြီးမြင့်ကြီးက ကျွန်မကို ဖက်နမ်းတာရှင်၊ ဝမ်းသာ လိုက်တာ ဝမ်းသာလိုက်တာနဲ့ ဖက်နမ်းတာ ဖက်နမ်းတာ။ ဓာတ်ပုံလေး ကျွန်မဆီ ရောက်လာတယ်။ ဒေါ်သန်းသန်းပြလိုက်ရင် မဖြစ်ဘူး၊ အဲဒီဓာတ်ပုံ ဆို အခုထိသိမ်းထားတယ်၊ အခုထိ သိမ်းထားတယ်။ ဘယ်ချောင်ရောက်နေ မှန်းတောင် မသိဘူး။ အဲဒီလို သိမ်းထားတယ်။ ကျွန်မ ဝမ်းလည်းမသာဘူး၊ ဝမ်းလည်းမနည်းခဲ့ဘူး။ အဲဒီတော့ ဘာသာရေးတော့ ဆိုင်မယ်ထင်တယ်။ သိပ်လည်း မျှော်လင့်မထားဘူး၊ ကျွန်မ မမျှော်လင့်တတ်ဘူး။ ဖြစ်ရင်လည်း ဝမ်းမနည်းတတ်ဘူး။ ကျွန်မ မခံစားဘူး။ အဲဒီလောက်ထိ။ အဲလိုဖြစ်ပါလိမ့် မယ်။

အကယ်ဒမီရရင် လူတွေက ကျွေးကြတာ။ ကျွန်မ မကျွေးနိုင်ဘူး လေ။ ကျွန်မ ကျွေးရမှာ သိပ်ကြောက်တာ။ အကယ်ဒမီအရုပ်လေးယူပြီး အားလုံးကို ကျေးဇူးတင်ပါတယ်။ ဘယ်သူ့ ဘယ်သူ့တောင် မပြောနိုင်ဘူး။ ပြောရင် ရှည်နေမှာစိုးလို့။ အဲဒီလိုပဲ ဆင်းသွားတာ။ အိမ်ပြန်တော့ အကယ် ဒမီအရုပ်လေး ပိုက်ပြီး တိတ်တိတ်လေး တက်တာ။ တိတ်တိတ်လေး လှေကားတက်တာ။ ကိုကြည်ကလည်း အကယ်ဒမီ တက်ယူတာ ပုဆိုးက အပေါက်နဲ့။ သူက ငါ့ထက်ဆိုးနေပြီ။ တို့ကလည်း မကျွေးနိုင်ဘူး။ ကဲ အကယ်ဒမီအရုပ်က ကြယ်ကို ရောင်းပါတယ်။ ကြယ်ကို လိုက်ဖြုတ်တာ ပန်းဆိုးတန်းတစ်ခွင် ပြီပြီစင် အရှက်ကွဲ ဒီကြယ်ကို ဖြုတ်မရဘူး။ အဲဒီ ကြယ်က ကိုရန်အောင်က ဝယ်တာ။ ခင်ဗျား ကြယ်က နှစ်ကျပ်သားလည်း မပြည့်ဘူး။ မပြည့်လည်း နင်တို့ပေးတဲ့ကြယ်ပဲ။ ရွှေမပြည့်လည်း သူတို့ ပေးတာပဲ သူက ဝယ်လိုက်တယ်။ ဝယ်တဲ့ဟာကို ဘာလုပ်လဲဆိုတော့ ကျွန်မသားကို အငယ်ကောင် တီကိုကို ရှင်ပြုပေးလိုက်တယ်။ ကြယ်ရောင်း ပြီးတော့ ဘုန်းကြီးကျောင်းမှာ ရှင်ပြုလိုက်တယ်၊ လုပ်ပေးလိုက်တယ်။

နောက် ကျွန်မတို့ လူမှုထူးချွန်တုန်းကလည်း သူ့ဟာသူပဲ ကျွန်မတို့ကို ခေါ်ပေးတာ။ ကျွန်မတို့လည်း ရမယ်လို့ မမျှော်လင့်ပါဘူး။ လူမှုထူးချွန်လည်း ဘာမှန်းမသိဘူး ကျွန်မ။ ဒါလည်း အသာထား။ စည်သူဘွဲ့ ဆိုတာပေါ့။ ဒေါ်နွဲ့နွဲ့စန်း နေပြည်တော်ကို လိုက်ခဲ့ပါ။ ဟိုကျခေါ်တော့လည်း သမ္မတကြီး လည်း ရှိတယ်၊ တို့လည်းရှိတယ်။ ဟဲ့ ဟဲ့၊ ဘာမှန်း မသိဘူး။ နောက်ကျ တော့ စည်သူဘွဲ့ ဒေါ်နွဲ့နွဲ့စန်းဆိုတော့ စည်သူဘွဲ့ရဲ့အဆင့်ကို ကိုယ် နားမလည်ဘူး။ အလင်္ကာကျော်စွာ ပေးပါလားလို့ ကျွန်မတို့။ ဝဏ္ဏကျော် ထင် အလင်္ကာကျော်စွာဆိုတာ စည်သူထက် နိမ့်တယ်။ ဩော် မသိပါဘူး ကျွန်မကတော့။ တကယ်ယူတော့ ကျွန်မတို့ တန်းစီပေါ့။ နောက်က ဖရန့်ကြီး တွေပေါ့၊ အိုးဖရန့်ကြီးတွေပေါ့။ သူတို့က အောက်ကကြည့်တယ်။ ဟာ ဘက် ဖရန့်ကြီးကလည်း အိုသွားပြီကွာ၊ ဒေါ်မြင့်မြင့်ခင်ကလည်း နည်းနည်း ကျသွားပြီ။ ဒီကောင်မတော့ မကျသေးဘူးကွာ၊ ဒီကောင်မက တောင့်တုန်း။ နောက်ကျတော့ ကျွန်မလည်းလာရော သူတို့က ဘေးထ,လည်း ထ,ရော အဲဒီမှာ ကျွန်မရဲ့ အိုးဖရန့်ကြီးက ပုဆိုးကျွတ်ကျရောရှင်။ ကျွန်မကပြော တယ်၊ တွေ့လား ရှင်က ကျွန်မကိုမြင်တာနဲ့ ရှင် ပုဆိုးကျွတ်ကျတယ်။ အမယ် နင် ဘယ်သူမှမပြောနဲ့နော်၊ နင် ပါးရိုက်ခံရမယ်။ ကျွန်မက ရှင် ပုဆိုးကျွတ်တာ ကျွန်မကိုမြင်လို့ ကျွတ်ကျတာ။ အဲဒီလိုတွေ ဟိုတုန်းက ပြောမနာ ဆိုမနာ။ သူတို့အချင်းချင်းလည်း ပြောကြမှာပေါ့ရှင် ယောကျ်ား တွေ။ ကျွန်မတို့အချင်းချင်းလည်း ပြောကြတာပဲ။ အဲဒီထဲမှာ ဝန်ကြီး တစ်ယောက်က ကျွန်မကိုကြည့်ရင်းနဲ့မှ ထိုင်ချတာ ကုလားထိုင်ကြီး ဖင်ကျွံ ပြီး မြက်ဖုတ်ပေါ် ကျသွားတာ။ ကျွန်မလေ ဟား ဟားလို့ ရယ်ပြီးမှ အားနာလိုက်တာရှင်၊ ကျွန်မ အော်ရယ်လိုက်တာ။ အားနာပြီး ပိတ်ထား ရတယ်။ နောက် သကြ်နသွားတော့မှ ကျွန်မ သွားတောင်းပန်လိုက်တယ်။ ကျွန်မ ရယ်တတ်လို့ပါ၊ ကျွန်မ လှောင်တာမဟုတ်ပါဘူးရှင် အဲတော့မှ တောင်းပန်ရတယ်။

**ရုပ်ရှင်လောကမှာပေါ့နော် ကျွန်တော်တို့ ငယ်ငယ်တုန်းက ဆိုရင် ဦးကြွယ်နီနဲ့ ဒေါ်စိန်ခင် သူတို့နှစ်ယောက် အတွဲများတယ်ပေါ့ နော်။ အတွဲများတော့ သူတို့နှစ်ယောက်ကို ကျွန်တော်တို့ တကယ့် လင်မယားလို့ ထင်ခဲ့တယ်။ မန်းရာသီပွဲ ရုပ်ရှင်သမားတွေ လာကြတယ်။ လာက,ကြတော့ ကျွန်တော့်အဖေက ကျွန်တော် သဘောကျမှန်းသိလို့**

ကျွန်တော့်ကို ဦးကြယ်နီနဲ့ ဒေါ်စိန်ခင်ဆီ ခေါ်သွားတယ်။ ခေါ်သွားတော့မှ သူတို့နှစ်ယောက်ကို တကယ့်လင်မယား မဟုတ်ဘူးဆိုတာကို သိရတာ။ အဲဒီတော့ ဒီဘက်ခေတ်ရောက်တဲ့အခါကျတော့ ဦးမောင်မောင်မြင့်နဲ့ ဒေါ်နွဲ့နွဲ့စန်းကို တချို့က တကယ့်လင်မယားလို့ ထင်ကြတယ်။

အမယ်လေး တကယ် ဘယ်မှ ရှင်းမရဘူးရှင်။ ဗိုလ်ချုပ်သန်းတင်ကတောင် ပြောတယ်။ ငါ နင်တို့နှစ်ယောက်ကို မယုံဘူးပြောတယ်။ အမယ်လေး မယုံလည်း မှတ်ချင်သလိုမှတ်လိုက်တော့လို့ ပြောရတယ်။ ဦးမောင်မောင်မြင့်ကလည်း တော်တာတော့ တကယ်တော်တာရှင့်။ ဦးမောင်မောင်မြင့်က တော်ကို တော်တယ်။ သူကလည်း ဟိုရောက်တော့ စ,တော့ပေါ့။ မနွဲ့ ခင်ဗျား ဘယ့်နှယ်လဲ၊ ရှင့်ကို ဖိတ်မှဖြစ်ပါလိမ့်မယ်။ ကိုမြင့်နော် ရှင်တို့ ကျွန်မကို လာမပြောနဲ့။ ကျွန်မကလည်း နွဲ့နွဲ့စန်း Actor, ရုတင်မန်နေဂျာ အလုပ်။ ရှင်ကလည်း ဒါရိုက်တာ၊ မင်းသား၊ ကင်မရာမင်း လုပ်လို့ရတယ်။ ဒါပေမဲ့ ရှင် လာထိလိုက်လေ၊ ရှင်ထိလိုက်ရင် ကျွန်မကို ယူရမှာလေ။ မယူရင် ကျွန်မက ရပ်ရှင်အစည်းအရုံး သွားတိုင်မှာဆိုပြီး ပြောတာ။ ထိရင်ယူရမယ်ဆိုတာ ခေတ်စားနေသေးတာ။ အဲဒီလို ပျော်ပျော်ပါးပါး နေခဲ့ကြတာ။ ကျွန်မကလည်း ထင်လည်း ထင်ချင်စရာ။ ကိုမောင်မောင်မြင့်က ကျွန်မကလည်း လျှောက်လုပ်၊ ဆဲဆိုတော့ အားလုံးက သူ့မယား ထင်တာပေါ့။ သူက နောက်မိန်းမလေးယူပြီး တမွဝတီမှာနေတယ်။ ကျွန်မကလည်း တမွဝတီရောက်တော့ ကိုမောင်မောင်မြင့်ဆီ လိုက်လည်တာ။ ရပ်ကွက်ကဟော့ ဟိုမှာ သူ့မယားကြီးလိုက်လာပြီဟေ့ ဆိုပြီးတော့ ရပ်ကွက်မှာ အုတ်အော်သောင်းတင်းဖြစ်တယ် ကျွန်မကို။ ပြေငြိမ်းသေတော့လည်း ကျွန်မ တောင်တွင်းကြီးထိ ငါ့သားလေး သေတဲ့နေရာ သွားကြည့်ပေါ့။ ဒေါ်နွဲ့နွဲ့ တစ်ယောက်ပေါ့ သူ့သားသေတဲ့နေရာထိ သွားကြည့်တယ်။ ရှုးသွားပြီ ဒီမိန်းမကြီး၊ ကြည့်စမ်း ကျွန်မကို အဲဒီလောက်ထိပြောတာ။ နောက်တော့ ဒေါ်ခင်မ တောင်တွင်းကြီးသွားပြီး ထီးတင်သတဲ့။ တောက အဘိုးကြီးက ကိုမောင်မောင်မြင့် ခင်ဗျားဟာ တော်တော်ဆိုးတယ်။ ဘာဖြစ်လို့လဲ။ ခင်ဗျားက ကိုယ့်မယားကြီး ဒေါ်နွဲ့နွဲ့စန်းတော့ ပစ်ပြီး ခင်ဗျားက မယားငယ်နဲ့။ ဒေါ်ခင်မက ရှင်နဲ့ကျမှ ကျွန်မ မယားငယ်ဖြစ်ရတယ်ရှင်၊ အဲဒီလိုကို။ ကျွန်မကလည်း ဖြေတယ်၊ ဆရာ ဆရာတော် အိမ်မှာ။ ကျွန်မက အဲဒီလိုဖြေတယ်၊

မရှင်းဘူးရှင်။ အဲဒါကို ကျွန်မယောက်ျားက ပြောတာပေါ့။ ခင်ဗျားက မရှင်းတော့၊ ဟဲ့ မရှင်းဘူး။ ရှင်းရင် ရှုပ်တာပေါ့။ မရှင်းပါဘူး။ အခုလည်း မရှင်းဘူး။ မတည့်ဘူးရှင် သူနဲ့ ကျွန်မက။ သူကလည်း ထိကပါးရိကပါး အလွန်ပြော။ စကားပြောရင် လက်တို့ပြောချင်တာ။ အဲဒီတော့ သူများတို့၊ ကျွန်မတို့တော့ တစ်မျိုးထင်တာပေါ့။ အဲဒီလိုတွေဖြစ်တာပါ။

**ပရိသတ်က အဲဒီလိုမျိုးပေါ့နော်။ အတွဲများတဲ့အခါကျတော့...။**

ပရိသတ်က မပြောနဲ့ ရှင်က၊ ကျွန်မတို့ ဒီအရွယ်ကြီးတွေ အခု အောင်လွင်နဲ့ သွားကြည့်လိုက်စမ်း နွဲ့နွဲ့စန်းကြီးတော့ အောင်လွင်နဲ့၊ အဲလို သူတို့ပြောတာ။ ကိုအောင်လွင်ကိုလည်း စ,တာ။ ကိုအောင်လွင် ခင်ဗျားက အခု ဘယ်လိုလဲပေါ့။ ကျွန်မက အဲဒီလိုပေါ့။ ခင်ဗျားက ဟိုဟာဒီဟာ၊ ဘာ ဟိုဟာဒီဟာလဲရှင်။ အဲဒီတော့ သူက ပြန်စ။ ဟိုဟာဒီဟာဖြစ်ရင်လည်း ကျွန်တော့်ကို ဖုန်းဆက်လိုက်တဲ့။ နောက်ကျ လေး,ငါးရက်လောက်ကျတော့ ဖုန်းဆက် "ဟယ်လို ကိုအောင်လွင်လား၊ ဟုတ်ပါတယ်၊ ကိုအောင်လွင် ရှင်က ဟိုဟာဒီဟာဆို ဖုန်းဆက်ဆိုလို့ ကျွန်မ ဆက်တာ။ ဟာ သေခြင်းဆိုးမကြီးဆိုပြီး ဆဲလိုက်တာ။ အဲဒီလို တယ်လီဖုန်းနဲ့ လှမ်းစ,တာ ရှိတယ် ကိုဝင်းငြိမ်းရဲ့။ ကျွန်မ ဟိုတုန်းက ချစ်ကြတာလေ။ ဒီခေတ်မှာ ဒီလိုမရဘူး။

**ဟိုဟာကတော့ မောင်နှမတွေဖြစ်နေတာ။**

သူ့ရဲ့ဂုဏ်၊ ကိုယ့်ရဲ့ဂုဏ်၊ သူ့သိက္ခာ၊ ကိုယ့်သိက္ခာ ထိန်းကြတာကို ရှင့်။ နံပါတ်တစ်က ကျွန်မလုပ်ရင် ကျွန်မမိဘ အရှက်ကွဲသွားမယ်၊ ကျွန်မ သားသမီး အရှက်ကွဲသွားမယ်။ ကျွန်မသားသမီး အရှက်ကွဲရင် ကျွန်မ ရပ်ကွက်၊ ကျွန်မရွာ၊ ကျွန်မမြို့ဖြစ်မယ်။ ဒါကိုထိ ကျွန်မတို့ တွေးတယ်လေ။ ဒီခေတ်ကလေးတွေ မတွေးဘူး။ အဲဒါကြောင့် ဖြစ်ချင်တိုင်းဖြစ်ပြီး၊ ပျက်ချင်တိုင်း ပျက်နေတာပေါ့။ ဒါတွေကို သူ့ခေတ်နဲ့ သူတွင်ကျယ် မပြောလိုဘူး။ ဟိုဟာလိုပဲ **နှစ်ယောက်တည်း** သီချင်းထဲကလို *"သူတို့ကိုလည်း မခြင်ဖူးလို့ ယှဉ်တုလို့လည်း မဆိုချင်ဘူး၊ ကိုယ်ထင်ရာ အမွှမ်းတင် သူပဲ အလှဘုရင်"* ဘယ်လောက်ခေတ်မီလဲ ဟိုခေတ်က။ အခုကတော့ ဘယ်လိုဖြစ်ဖြစ် ဘယ်လိုမှန်းကို မပြောတတ်ဘူး ကျွန်မ။ ပြောလို့ကို မကောင်းပါဘူးရှင့်။ ပြောလို့ ရှိရင်လည်း ထိထိမိမိ၊ ကျကျနန ပြောမှ နားလည်မှာကိုရှင့်။ ထိထိမိမိ ပြောလို့ကလည်း မဖြစ်ဘူး။ မဖြစ်ဘူး ကိုဝင်းငြိမ်း။ ကျွန်မက

ကျွန်မ လက်ထဲမှာ နွဲ့နွဲ့မူလည်း ကျွန်မလက်ထဲမှာပဲ။ စန္ဒာနဲ့ ကိုကျော်ဟိန်း ကွဲခဲ့ရတာ၊ နွဲ့နွဲ့မူလည်း ကိုမြင့်ဟန်နဲ့ ကွဲခဲ့ရတာပဲ ကျွန်မတို့ လက်ထဲမှာ။ မြကြေးမုံနဲ့ ကိုမင်းနိုင်သူကြီးလည်း ကျွန်မတို့လက်ထဲမှာပဲ ကွဲခဲ့ရတာပဲ။ ဒါပေမဲ့ ကိုယ်က မှန်တာပဲ ပြောတယ်။ ဘယ်ကွဲတဲ့လင်မယား မှန်တာပဲ ပြောတယ် ကျွန်မ။

**ဒေါ်နွဲ့နွဲ့စန်း အခု ရုပ်ရှင်ရော၊ သဘင်ရော အတော်စုံပါပြီ။ ကျွန်တော် သိချင်တာတစ်ခုက ဒေါ်နွဲ့နွဲ့စန်း အသက်အရွယ်နဲ့ ဒီအမေတွေကို စောင့်ရှောက်ဖို့ကိစ္စ ဘယ်တုန်းကစပြီး ဘယ်လို လုပ်ဖြစ်တာလဲ။**

အဲဒါတွေက ကြာပြီရှင့်။ ကျွန်မ အသက် ၃၀ လောက်ကတည်းကပါ။ အရင်တုန်းက ဦးကျော်အေးကြီးတို့၊ မေမေဝင်းတို့၊ နောက် ခင်ခင်ကြည်တို့၊ ခင်ခင်စိန်တို့၊ ဒေါ်မြင့်မြင့်ဝေတို့ဆိုတာ အရမ်း ပင်ပန်းနွမ်းနယ်ကြတာ။ ဦးကျော်အေးကြီးဆို စကောဈေးရှေ့မှာ ထီလက်မှတ်တစ်စောင် နှစ်ကျပ်နဲ့ ရောင်းတာ။ ကျွန်မ သွားသွားဝယ်တာ၊ အဲဒီနှစ်ကျပ်ကို။ သွားဝယ်တော့ သူ့ကိုရောင်းရစေချင်၊ ဒီပိုက်ဆံ သူ ရစေချင်တာ။ သွားဝယ်တာ ကျွန်မ အဲဒီလို။ နောက်တော့ ဒေါ်မေမေဝင်း၊ ဒေါ်ခင်ခင်ကြည်က တစ်လတစ်ခါ ကျွန်မဆီ လာကြတယ်လေ။ ကျွန်မ ငါးကျပ်နဲ့ ဆန်သုံးပြည် ပေးတယ်။ ဟိုတုန်းက ပိုက်ဆံငါးကျပ်ဆိုတာ ဈေးဝယ်လို့ရတယ်လေ။ အဲဒီလို ကျွန်မ စောင့်ရှောက်တာ။ အဲဒီလိုကတည်းက သူတို့ကို စောင့်ရှောက်ခဲ့တော့ သားသမီးတွေရှင့် သူတို့က။ ဘယ်သူသေသေ အနုပညာသမားတွေက သေတော့လည်း ဆင်းရဲတယ်၊ နေတော့လည်း ဆင်းရဲတယ်၊ စားတော့လည်း ဆင်းရဲတယ်။ ဒါတွေဟာ မဖြစ်ရဘူးဆို ကျွန်မ ထူထောင်တာ။ အရင်တုန်းက ကျွန်မတို့ထဲက အမေတွေက ဒေါ်ခင်တင့် အိမ်မရှိဘူး၊ ဒေါ်ခင်အေးဟန် အိမ်မရှိဘူး ဟိုတုန်းက။ ဒေါ်မြင့်မြင့်ဌေး အိမ်မရှိဘူး၊ ဒေါ်ခင်ကြည် အိမ်မရှိဘူး၊ ဒေါ်မေနု အိမ်ရှိတယ်။ သူ့အိမ်က ဒီဘက်မှာ။ ဒါတွေကို နေဖို့ ဆောက်ခဲ့တာ။ ဒါပေမဲ့ သူတို့က ကံမကောင်းရှာတော့ ဒါတွေကို မမီရှာဘူး။ မမီတဲ့အတွက် ကျွန်မ အိမ်ကရှိတာ အခု လက်သစ်ပေါ့ ရှိကြတဲ့အမေတွေ။ တချို့ကျတော့ ခြိုးခြံတယ်။ အစကတော့ အကုန်ခေါ်ပါတယ်။ ဒါပေမဲ့ ကျွန်မ သူတို့ခံစားချက် တစ်ခုတည်းကို ကျွန်မ ကြည့်ပြီးတော့ ကျွန်မ ဆောက်တည်ခဲ့တဲ့ ဒီအိမ်ရာကို တကယ်တမ်း လက်တွေ့လုပ်လိုက်တဲ့အချိန်

မှာ ကျွန်မမှာ အလှူခံမရှိဘူး၊ ကျွန်မတို့မှာ။ လှူမယ့်သူကလည်း မသိဘူးဆို တော့ အလှူခံနည်းတယ်။ နည်းတော့ ကျွန်မ သိပ်ပင်ပန်းတယ်။ အဲဒီတော့ ကျွန်မရှိတဲ့ဟာက အဲဒီထဲမှာ ကုန်ပြီ၊ အကုန်ကုန်ပြီ။ ကျွန်မ ပြန်လည်း မရ နိုင်တော့ဘူး။ အဲဒီလို ကျွန်မ ဆောက်တည်ခဲ့တာ၊ မလွယ်ဘူးရှင့်။ ပထမဆုံး ဒီအိမ်ရာကြီးကို လုပ်ချင်အောင်၊ လုပ်ဖြစ်အောင် ပန္နက်ချပေးခဲ့တဲ့သူကတော့ သက်သခင်ရဲ့ မိဘများ ဦးဖုန်းကျော်နဲ့ ဒေါ်နွဲ့နွဲ့ရီတို့ကနေပြီးတော့ မြေကွက် ကို စ,ပေးခဲ့တာ ဒီနေရာလေး။ ဒီ မြေကွက်လေး အခြေခံရတော့ အခြား မြေကွက်လေးကို ကျွန်မ လုပ်ရမှာပေါ့။ သူတို့က တကယ့်ကို အခြေခံ ကျွန်မကို လုပ်ဖြစ်အောင် အုတ်မြစ်ချပေးခဲ့တဲ့ တကယ့်အလှူရှင်အစစ်ပဲ ရှင်။ ဒုတိယကတော့ ဦးခင်ရွှေ(ဇေကမ္ဘာ)ပါ။ နောက်တစ်ယောက်က ဦးတေဇ ပါ၊ နောက် စာရေးဆရာ စိုင်း(နတ်ဖော်ဖော်)ပါ။ ဒါကတော့ ကျွန်မကို အခြေခံချပေးခဲ့တဲ့ လူတွေပဲ။ အဲဒါက သူတို့ဘက်က ပိုက်ဆံတွေ ကူညီလို့ ဝယ်ပြီး ချခဲ့တဲ့ အိမ်ရာပဲ။ ချခဲ့တဲ့ အိမ်ရာကျတော့လည်း တော်တော်ကို ခက်ခက်ခဲခဲ ထူထောင်။ အစကတည်းက နွားစားကျက်မြေကြီးကို။ စား ကျက်မြေ ဖြစ်နေတော့ နာမည်လည်း မပေါက်ဘူး။ လက်ညှိုးထိုး ရောင်းတာ ပေါ့ရှင်။ ကျွန်မ လက်ညှိုးထိုး ဝယ်လိုက်တာပေါ့။ အဲဒါဝယ်ပြီးတော့မှရှင် မြေရှင်ပေါ်လာလို့ ကျွန်မ မနည်းရှင်းရတယ်။ ဒီမြေပြန်သိမ်း။ ဒီမြေ ပြန် မသိမ်းပါနဲ့၊ ဒါ သူများအလှူ ကျွန်မ ပေးပြီးပြီ တောင်းပန်ပါတယ်ဆို။ အဲဒီမြေရှင်က ပြောတယ်၊ ဒေါ်နွဲ့နွဲ့စန်းကို သနားလို့တဲ့။ ကျွန်တော်ကပဲ လှူပါတယ်ဗျာဆိုပြီး ပေးသွားလို့။ မပေးရင် ကျွန်မတို့ အခုအချိန်အထိ အမှုဆိုင်ရမှာလေ။ တကယ်တမ်း အိမ်ရာဆောက်လိုက်တော့ တကယ်ကမ်း လာမနေနိုင်ကြဘူး။ မနေနိုင်တာ သူတို့ သူဌေးလည်းမဟုတ်ဘူးနော်။ မြေး သံယောဇဉ်၊ သားသံယောဇဉ်တွေနဲ့ မလာနိုင်ကြတာတော်။ မြေးနဲ့မတည့်၊ သမက်နဲ့မတည့်ရင် ရောက်လာကြပါတယ်၊ ဒီကို။ ဒါလေးက အခုအချိန် အထိပါပဲ။ ဒါပေမဲ့ အခုတော့ တော်တော်လေး သေကုန်ပြီရှင်။ သေကုန်တာ ကလည်း တော်တော်များပါပြီ။ သေကုန်တာ ၁၃ ယောက်လောက်ရှိပြီ သေတာ။ အိပ်ရာထဲမှာ ကျန်းမာရေးချို့တဲ့ တဲ့သူက ၆ ယောက်လောက် ရှိတယ်။ ကျွန်မတို့ လက်ဟောင်း ကျန်ခဲ့တာဆိုရင် လုပ်နိုင်တဲ့သူ ကျွန်မ ရယ်၊ ဒေါ်ထိပ်တင်ထားရယ်၊ ဒေါ်ခင်မြင့်မြင့်၊ ဒေါ်ခင်ကြည် ဒီလေးယောက် ပဲရှိတယ် အခု။ ကျန်တာတွေက လဲကုန်ကြပြီ။ အခု ကျွန်မအိမ်မှာတောင်မှပဲ

ဒေါ်မိုးသီတာတောင် နေ့လား၊ ညလား ကြည့်နေရတာ။ ဆေးရုံကလည်း နာတာရှည်ဆို အတင်မခံဘူးလေ။ အဲဒီတော့ ကျွန်မတို့မှာ ဒီအတိုင်းထား ရတာ။ နေ့လား၊ ညလားဆိုတဲ့သူ လေး,ငါးယောက်လောက်ရှိတယ်။ ဒါပေမဲ့ နောက်ဝင်လာတဲ့လူတွေ စိတ်ချမ်းသာ၊ ကိုယ်ချမ်းသာနဲ့ နေရဖို့ အရေးကြီး တယ်။ ဒါ ကျွန်မသမိုင်း အကြောင်းလေးပါ။ ဒီသမိုင်းကြောင်းပေါ့။ အနုပညာ သမိုင်းကြောင်းတော့ မရှိပါဘူး။ အများနဲ့သာ လုပ်ချင်လုပ်မယ်၊ တစ်ယောက် တည်း မလုပ်ခဲ့ဖူးဘူး။ ဒါ ကျွန်မပဲ ရှေ့နောက် မစဉ်းစားဘဲ လုပ်ခဲ့လို့ ဒီနေ့ ကျွန်မ နေစရာ၊ ထိုင်စရာ အောင်မြင်သင့် သလောက် အောင်မြင်ပါတယ်။ ဒါပေမဲ့ Nextbest ဒီအိမ်ရာကြီးနဲ့ ရှေ့လျှောက် တည်တံ့ခိုင်မြဲရေးဆိုတဲ့ဟာ တော့ ကျွန်မမှာ လိုအပ်တယ်။

သူတို့နေခဲ့တဲ့အဆင့်၊ သူတို့နေခဲ့တဲ့ ပတ်ဝန်းကျင်တွေကြောင့် အများကြီးတော့ ထိန်းသိမ်းရတယ်။ အများကြီးလည်း အသိပေးရတယ်။ အသိပေးတဲ့အခါ မှန်တာပြောရင် မခံတော့ဘူး။ ဒီလို ကျွန်မ မက်ဆေ့ချ်က ဖြည်းဖြည်းချင်း ပို့ရတယ်။ ကျွန်မ မက်ဆေ့ချ်က ဒဲ့သွားပြောလို့တော့ မရဘူး။ တချို့က သမ္မတကြီးဆို၊ ဖိနပ်ကြီးကိုင်ပြီးတော့ သမ္မတကြီး သူ့ဖိနပ် ပျောက်မှာစိုးလို့တဲ့။ ဖိနပ်ကြီး ရင်ဘတ်ကိုင်ပြီး သမ္မတကြီးဆိုပြီး အဲဒါမျိုး တွေလည်း ကျွန်မမှာ ရှိခဲ့ဖူးတယ်ရှင့်။ နောက် ထမင်းကျွေးတာစား၊ ဘူဖေး ကျွေးတော့ မမြင်ဖူးဘူးလေ။ ဘူဖေးဆိုတာ စားနိုင်သလောက်ပဲနော်။ သူက အဲဒီလိုမဟုတ်ဘူး။ ပုစွန်လည်းထည့်၊ အကုန်လုံးထည့် ပန်းကန်ထဲ အမောက် ကြီး။ အမောက်ကြီးဆိုတော့ မစားနိုင်တော့ဘူးလေ။ နွဲ့နွဲ့စန်း ခင်ဗျားအမေ တွေကို စားနိုင်သလောက်ပဲ ထည့်ပါ။ ကျွန်မ နားပူ၊ ပါးပူဖြစ်တယ် ကျွန်မ။ အဲဒါတွေက ကျွန်မ Training ပေးရတယ်။ ဘယ်လိုစားရမယ်၊ ဘယ်လိုသွား ရမယ်။ အခုကျတော့ အမိန့်ပြင်းပြင်းထုတ်ပြီ။ အမေ့မျက်လုံး၊ အမေ့အပြုံး၊ အမေ့ဟန်နော်။ အဲဒီဟန်မရှိရင် ရောက်တဲ့နေရာ ဆိုက်ကားနဲ့ပြန်ရမယ်။ ဆိုက်ကားနဲ့ပြန်လွှတ်မယ်ပြောထားတာ။ အခုကျတော့ ကျွန်မတို့ထဲ ဟိုတုန်းက မင်းသမီးကြီးတွေလေ နွဲ့နွဲ့စန်း၊ နှင်းဆီ၊ တင်တင်လှ၊ နောက် ခင်အေးဟန်၊ သင်းသင်းလဲ့။ ဟိုတုန်းက ဒေါ်မေနွဲ့၊ ဒေါ်မေကြည်သိန်း၊ ဒေါ်ခင်တင့် တကယ့်မင်းသမီးကြီးတွေချည်းပဲ ရှိတာဆိုတော့ ကိုယ့်ဟိတ်၊ ကိုယ့်ဟန် ထိန်းနိုင်တယ်။ တကယ့်ကို ဒီလို ဖြတ်ရပ်ပြီး ပြေးလာတဲ့ဟာကျ တော့ မထိန်းတတ်ဘူး။

ရုပ်ရှင်မှာ ကျွန်မတို့က ပိုတယ်။ ဒေါ်နွဲ့နွဲ့စန်း ဇာတ်ပို့ဆိုတာ ကျွန်မ သိပ်နာတယ် ကျွန်မ။ ဒါကြောင့် ကနေ့ရောက်လာတဲ့ဇာတ်ပို့၊ အခုမှတက်ယူ တဲ့ဇာတ်ပို့ ကျွန်မပြောတယ် ဇာတ်ပို့ဆိုတာ ကျွန်မတို့၊ ဇာတ်ရံဆိုတာ နဂိုကတည်းက Second မင်းသမီးထဲက တက်လာတာ ဇာတ်ရံ။ အခုကလည်း ဖြတ်ပြေး။ အဲလို ကျွန်မ ပြောတော့ ခံနိုင်ဘူးရှင့်။ ကျွန်မ မှန်တာပြောတာပါ။ ဇာတ်ပို့၊ ဇာတ်ရံ၊ ဖြတ်ပြေး သုံးမျိုးရှိတယ်။ အခုက ကျွန်မတို့က ရောပြီး တော့ တစ်ရာဖိုးငါးစည်းထဲကမှာ ကျွန်မတို့ အကုန်ပါနေတယ်၊ ဒါပေ့ါ။ အခုတော့ ကျွန်မကလေ အကယ်ဒမီလည်း ကျွန်မ ပြောပါတယ်။ ကျွန်မ ဆိုလိုတာက နွဲ့နွဲ့စန်းနဲ့ နောက်က မင်းသမီးလေးတစ်ယောက်နဲ့ အမှတ်ချင်း တူနေရင် သူက ခေါင်းဆောင်ရိုက်တဲ့ မင်းသမီးပါလား၊ တကယ်တော်တဲ့ ဇာတ်ပို့အစစ်ကို ပေးရမယ်ပေ့ါ၊ မဟုတ်ဘူးလား။ ကျွန်မတို့အသက်အရွယ် က နောက်ထပ် အကယ်ဒမီဆိုတာလည်း ဝေးသွားပြီ။ အခန်းကလည်း မရတော့ဘူး။ မင်းသမီး သူကလေ ဒီပေါ်ခလုတ်ကို အကယ်ဒမီ ခလုတ်ကို ရှောင်တောင် ရှောင်နေရမယ်။အဲဒါတွေနဲ့ယှဉ်ရင် ဇာတ်ပို့ပဲ ပေးစေချင်တာ။ အဲဒါ ကျွန်မတိုက်ခဲ့တာ ကျွန်မ အတွင်းရေးမှူးလုပ်ကတည်းက တိုက်ခဲ့တာ အခုထိ မအောင်မြင်ပါဘူး။ ဒါပေမဲ့ ဝမ်းသာပါတယ်၊ ကိုယ်က ရလည်းရပြီး ပါပြီ။ ရတုန်းကလည်း ဝမ်းသာပြီး သူများလို မဖြစ်ခဲ့ဘူး၊ မရလည်း ဘာမှ မဖြစ်ဘူး။ အခုကတော့ ကျွန်မက ဒီအရွယ်က ဂျိုကာပတုန်း လိုရာသုံးဖြစ် နေပြီ။ ဂျိုကာဆိုတာ နှစ်နဲ့လည်းတွဲလို့ရတယ်၊ တစ်နဲ့လည်း တွဲလို့ရတယ်၊ ကင်းနဲ့လည်းတွဲလို့ရတယ်၊ ကုလားနဲ့လည်းတွဲလို့ရတယ်။ အကုန် တွဲလို့ရ တယ်။ ကျွန်မတို့က ဂျိုကာဖြစ်သွားပြီ။ ဂျိုကာဖြစ်သွားတဲ့အတွက် အားလုံးက အတိမ်အနက်ကို ကျွန်မတို့ သိလာခဲ့ပြီ။ ကျွန်မ ယနေ့အချိန် နွဲ့နွဲ့စန်း လုပ်လာတာ နွဲ့နွဲ့စန်းဖြစ်လာဖို့၊ ကျွန်မတို့လို မှတ်တမ်းကျန်နေခဲ့ဖို့ မလွယ် ပါဘူး။ ယနေ့ ပေါ်နေတာတွေ ဘယ်မှာ မှတ်တမ်းကျန်လို့လဲ။ ကျွန်မတို့ တုန်းက ကျော်ဆွေတဲ့ဆို ပြူးပြဲ ကြည့်ရတာ။ ယနေ့ ဘယ်သူမှတ်တမ်း ကျန်လဲ မကျန်ဘူး။ ဒါပေမဲ့ တစ်ခုတော့ရှိ တယ်။ နွဲ့နွဲ့စန်း နာမည်လေးက ငယ်ငယ်တုန်းက အမယ်လေး အရမ်းကို လိပ်ပြာလို ပျံပြီးတော့၊ အလွန် ပျော်စရာကောင်းပြီးတော့ တကယ့်ကို ကြာပန်းလေးပဲ။ ကြာပန်း လူတိုင်း လိုချင်တာ ပေ့ါရှင်။ အခု ဒေါ်နွဲ့နွဲ့စန်း ကြီးလာတော့ ကြာပန်း မဟုတ်ဘူး၊ ဗေဒါပန်း ဖြစ်သွားပြီနော်။ ဗေဒါပန်းက နေရာတကာ မတင့်တယ်တော့ဘူး။

မတင့်တယ်ပေမဲ့ သူတို့က မရှိတုန်းကတော့ ခံနေရတာ။ ဘာဖြစ် မေးစရာ မရှိဘူး။ လာပါဆို လာနေရတယ်။ ပြောစရာမရှိဘူး။ လာတဲ့အခါကျတော့ လည်း နောက်ကတော့။ ဒီနေ့တောင်မှ ကျွန်မတို့ ဂျိုကာကြီးတွေ ခွင့်ယူ ထားတယ်။ ဒေါ်အမာစိန်၊ ဒေါ်နွဲ့နွဲ့စန်းကို ထားပြီးတော့ ကျုပ်တို့သင်ခဲ့တဲ့ ဟာတွေက အပေါ်မှာ၊ ဒိုင်ဥက္ကဋ္ဌတွေ။ ကျုပ်တို့ လဲသေဖို့မကောင်းဘူးလား။ ကျွန်မ ဖြစ်ခဲ့ဖူးတယ်။ ကျွန်မဖြစ်ခဲ့ဖူးတယ် ဒိုင်တုန်းက အဲလိုပေါ့။ ဒေါ်နွဲ့နွဲ့စန်း နဲ့ ဒေါ်အမာစိန်က သီတာဝင်းနဲ့ အေးအေးမြင့်ကို အကဲဖြတ်ပါတဲ့။ သီတာ ဝင်းနဲ့ အေးအေးမြင့်က တကယ့်... ဩော် ကျွန်မ ထ,ပြောလို့မရဘူးလား ဘောပင်ကြီး ပေါက်ချလိုက်တယ်။ ရှင်တို့မျက်စိတွေ ကန်းနေသလား၊ သီတာဝင်းလည်း ရှိပါတယ် အဲဒီမှာ။ သီတာဝင်းတို့ဆို တီဗွီမှာမှ မင်းသမီး ဖြစ်လာတာ။ ကိုယ်တိုင်တောင်မှ သီချင်းမဆိုခဲ့နိုင်ဘူးလို့ ပြောလိုက်တယ်။ အဲဒါကို သူတို့က ခေါင်းဆောင်တွေဖြစ်ပြီးတော့ ကျွန်မတို့က လက်ထောက် မင်းသမီး ဖြစ်ရမယ်ဆိုတာ ညွန်ချုပ်ကြီး မျက်စိကန်းနေလားလို့ ဒီလိုမေးဖူး တယ် ကျွန်မ။ မေးဖူးတယ်။ မေးမေး မမေးမေး စောက်ရေးမစိုက်ပါဘူး။ ဒီလိုလုပ်ခဲ့ရတာ။ အခုလည်း ကျွန်မ ဆို၊ က၊ ရေး၊ တီးမှာ ကျွန်မတို့က ကဗျာလွတ်ကို သင်ရိုးကျတ်ပြီး ဆရာဖြစ်ထိ အောင်ခဲ့တဲ့ မိန်းမ။ ဒေါ်နွဲ့နွဲ့စန်း ဒီမှာ အကတွေပဲ ဆုံးဖြတ်ပါတဲ့၊ ကဗျာလွတ်ကိုတော့ ဒီက... ဆိုတော့ရှင် ကဗျာလွတ်ကို ကျွန်မတို့ကိုသင်ခဲ့တုန်းက တတ်ခဲ့တဲ့ဟာတွေက ကဗျာ လွတ်ကို အခိကထားပြတ်တာ။ ကျွန်မတို့က ဘယ်လိုလုပ်ရမလဲ။ ဒါတွေ ပြောရရင် ကျွန်မ ရှေ့ဆက်ပြောရရင် ဒီမိုကရေစီခေတ်မို့ ဟိုတုန်းကဆို ပါးရိုက်ခံရပြီ။ ရှင်တွက်ကြည့်လေ။ ဒူးနေရာဒူး၊ တော်နေရာတော် နားလည်ပါ မဟုတ်ဘူးလား။ ဟိုတုန်းက ကျွန်မတို့ခေတ်တုန်းက က,ကြတုန်းက စိန်မောင်ကိုကြီးတို့၊ စိန်ဒေါင်းမြိုင်တို့ ဟုတ်လား၊ က,ကြတာ။ က,ကြတော့ အပေါ်က မင်းသမီးက တစ်ခါတည်း ကြည့်လိုက်လို့ရှိရင် **ချစ်သမျှကို** ဆိုတော့မယ်ဆိုရင် ခြေဆင်းကို အမယ်လေး ရှာလိုက်သေးတာ။ ဘယ်ကောင့် ကို မျက်စပစ်ပြီး ဆိုရမလဲလဲ။ သေချာကြိုက်ပြီးမှ ဆိုတာ သူ့ကို။ သေချာ ပြစ်မှားပြီးမှ ဆိုတာ။ သူက ဒီရွာမှာ အကြီးဆုံး၊ သူက ဘယ်လောက်ကြီး ရုပ်ဆိုးဆိုးနေ သူ့ကိုကြိုက်ပြီးတော့ ဆိုရတာ။ *"ချစ်သမျှကိုxxx"* မျက်လုံး လေးက လုပ်လိုက်သေးတာ သူ့ကို။ *"မြင်းမိုရ်ရွှေတောင်xxx လုံးငှာပxxx ရှင့်ကိုလေ ကျွန်မကxxx"* ဒီလိုလုပ်တာ။ အခုတော့ ဒီလိုမဟုတ်ပါဘူး။

*ချစ်သမျှကို မြင်းမိုရ်* နူတ်တိုက်သွားတာလေ၊ ကျုပ်တို့လည်း လှည့်မကြည့်ဘူး။ ဒီလိုတွေ ကွာဟ,တယ် ရှင်ကလည်း။

ကျွန်မ အိမ်တော်မှာ၊ ဗိုလ်ချုပ်နေဝင်း အိမ်တော်မှာ က,ခဲ့တာ။ ခင်ဗျားတဲ့ အချစ်သီချင်းကို မဆိုပါနဲ့တဲ့။ ကျွန်မက အငြိမ့်မင်းသမီးလေ၊ ကျွန်မက အငြိမ့်မင်းသမီးလို့၊ အငြိမ့်မင်းသမီးဆိုတော့ မောတဲ့အခါမှာ လူပြက်ကိုပေးတာ။ ဟိုမှာ ကျွန်မကလေ ကျွန်မမျက်လုံးထဲ ရည်းစားရှာတာ ကျွန်မ အမောဖြေတာ။ ကျွန်မ မရဘူး၊ ကျွန်မ **နှစ်ယောက်တည်း**ကို ဆိုက,တာ။ **နှစ်ယောက်တည်း** ခြေဆင်းကို လေးဆယ့်ငါးမိနစ် ဆိုက,တာ။ *"နှစ်ယောက်တည်းဆိုရင် ရှင်နဲ့ကျွန်မနဲ့ xxx"* ဗိုလ်ချုပ်နေဝင်းပဲရှိတော့ သူ့ကို လက်ညှိုးထိုးဆိုရတာ။ **နှစ်ယောက်တည်း** သီချင်းကို သူများက *နှစ်ယောက်သား ဖောက်ပြား* ဆိုရမှာကို ဖောက်ပြားတာက လူတိုင်းသွား ဖောက်ပြားမှာပဲ။ ရှင်နဲ့ကျွန်မသွားတော့ *နှစ်ယောက်သား ဘောက်ခါးလို့လား မောင် ရယ်*။ "ရန်ဖြစ်ပြီးမှ ပြန်ပြီးတော့မှ ထိတွေ့ရတဲ့ အထိအတွေ့ရဲ့ အနက် အဓိပ္ပာယ်ကို ရှင်သိရဲ့လား" အဲဒီလိုမေးနေတာ။ အဲဒီလိုမေးပြီး ဆိုနေတာ။ အဲဒီတော့ ကျွန်မနဲ့ ပွဲဆက်ကမတည့်ဘူး။ ခင်ဗျားက အချစ်သီချင်းမဆိုရဘူး ဆို၊ ဒီမယ် အချစ်သီချင်းဆိုရမယ်၊ ကျွန်မက ရည်းစားရှာထားတာ။ ဟိုနေ့က ပြောပါတယ်၊ ဒေါ်နွဲ့နွဲ့စန်း စင်ပေါ်မှာက,တဲ့ မျက်လုံးတွေ၊ အပြုံးတွေ။ ဟာ... မျက်လုံး၊ အပြုံးတွေက အခုလည်းရှိတယ်၊ နောင်လည်းရှိတယ်ရှင့်။ အခု ကျွန်မမြေးနဲ့က,တော့ မြေးလေးတို့ရေ ဘွားဘွားက မြေးလေးတို့ကို က,ပြမှာ၊ အဲဒါမျိုး။ *ကျောင်းကြီးပေါ်မှာ မောင်မဆော့နဲ့* ဒါက မြေးလေးတွေပေါ့။ ကျွန်မရဲ့ သားတွေအရွယ်ကျတော့ သားတို့ရေ *သားတို့ရုပ်ရည် သီတာရေ* ဒီလိုတွေနဲ့ က,မှာပေါ့။ အခု ကျွန်မကို သက်တူရွယ်တူ ရှိလိုက်စမ်း၊ ကျွန်မ ဒီလိုလည်းမဟုတ်၊ ဒီအပြုံးလည်းမဟုတ်ဘူး၊ ဒီမျက်လုံးလည်း မဟုတ်ဘူးနော် ကျွန်မက က,မှာ။ အဲဒီလို အထိအတွေ့ ခံစားပြီးမှ က,တဲ့ အနုပညာရှင်ဖြစ်လို့ နားမလည်ဘဲနဲ့ မမေးနဲ့လို့ ပြောလိုက်တယ်။ ကျွန်မကတော့ စင်ပေါ်ကနေ ရဲဘော်တွေကို အားလုံးကိုကြည့်တာ။ ရဲဘော်တွေက ငါ့ကိုကြည့်တာဆိုပြီး လက်သီးထိုးတယ်။ မင်းကြည့်တာ၊ ငါ့ကြည့်တာဆိုပြီး သတ်ကြတယ်။ ကျွန်မကတော့ အားလုံးကိုကြည့်တာ။ အရမ်းကွာခြားပါတယ်။ အဲဒီ သမ္ဘာ အထာတွေက ဒီနေ့ခေတ် မရှိတော့ဘူး။ အခုကျမှ ဒေါ်နွဲ့နွဲ့စန်း ခင်ဗျား က,ပြ။ အမယ်လေး အံ့ဩပါရဲ့။ ဒူးကြီးကလည်း

မကောင်း၊ ခါးကြီးကလည်း မကွေးနိုင်တဲ့အခါမှ က,ပြရမယ်ဆိုတော့ ရှင် ကျွန်မကို နာမည်ဖျက်တာပဲလို့။ နှဲ့နှဲ့စန်း တစ်ချိန်က ကောင်းတယ်ဆိုတာ ဒါကြီးလားဆိုပြီးတော့ ကျွန်မ အပြောမခံနိုင်ဘူး။ ကျွန်မ နှဲ့နှဲ့စန်း အခု ၁၈ နှစ်ဖြစ်လိုက်စမ်း ယင်ဖိုတောင် အဖြတ်မခံဘူး ပုတ်မှာ။ အစမ်းမခံဘူးလို့ပြော လိုက်တယ်။ ဒီလိုလုပ်လာခဲ့တာ တတ်လို့လုပ်လာခဲ့တာ၊ ငတ်လို့လုပ်တာ ခဲ့တာ မဟုတ်ဘူးလို့။ အခု ကျွန်မကိုဆိုရင် အမယ်လေးဟဲ့ ဆိုပါပြီ **ဂီတမြိုင်** သီချင်း။ *ကျွန်မကို တည့်တည့်မှန်းရင် နှဲ့နှဲ့စန်းက ချစ်လမ်းဖွင့်မယ်ဆို* ကျွန်မ ရှေ့ကိုမဆက်နိုင်တော့ဘူး။ ဟိုတုန်းကတော့ *"ရှင်နော် ဘယ်ပဲသွား သွား၊ ရဲဘော်ဆိုရင် ဒါပဲနော် မောင်လေးတို့က တပ်မတော်ရဲ့ ရှေ့တန်းကို သွားလိုက်စမ်း၊ ပြန်လာကြရင် မမစန်း ရင်ခွင်လေးထဲ ဝင်လိုက်တယ်ဆိုရင် မင်းရဲ့ ဗီတာမင်တွေဟာ"* ဒီလိုတွေလာတာ ဆိုတော့။ အခု ဒီလိုတွေပြောတဲ့ အရွယ် မဟုတ်တော့ဘူးရှင့် အဲလို။ အခုဟာ ကျိတ်ပိုး။ ကျွန်မအရွယ် ကျွန်မ ရင်ခုန်တဲ့လူရှိတယ်လို့။ ဒါပေမဲ့ ကြီးကြီး မာစတာမှ ခုန်တာနော်လို့။ သမ္မတဆိုရင် ကျွန်မက ကနေဒီတုန်းက ရင်ခုန်တယ်၊ ကျန်တာတွေ မခုန်ဘူး လို့ ပြောလိုက်တယ်။

**အိုဘားမား မခုန်ဘူး။**

အခုတော့လား ခုန်ချင်လိုက်တာ မခုန်ဘူး။ မခုန်ဘူး၊ ဘာမှမခုန် ဘူး။ ခုန်ချင်နေတာမှ ရိနေတာတောင် ပျော့ပြီထွက်သွားသေးတယ် ရှင်က လည်း။ ဒီလို မဟုတ်တော့ဘူး။ ကျွန်မတို့ အနုပညာသမားတွေက မြင်းလိုပဲ။ ကျွန်မလည်း ပြောပါတယ်။ မြင်းတစ်ကောင်ဟာ သူ့အပေါ်စီးတဲ့ကောင်ဟာ ဘယ်လောက်ထိ မြင်းစီးကျွမ်းလဲဆိုတာ သူကစမ်းတယ်။ မထင်ရင် သစ်ပင် နဲ့ တိုက်ချသေးတာ။ ကျွန်မတို့ အနုပညာရှင်တွေလည်း ဒါရိုက်တာတွေ လည်း လေးစားမှ၊ ဓာတ်အိမ်လည်း လေးစားမှ အိုက်တင်ထွက်တယ်နော်။ နို့မို့ဆို မထွက်ဘူး။ အဲဒီပိုက်ဆံ မရချင်လည်းနေ ကျွန်မကတော့ ဒါပဲ။ ကျွန်မကတော့ အခုခေတ်ဟာတွေ တွေ့ရပါတယ်။ အားလုံးကလည်းရှင် ကြိုးပေါင်းမြောက်မြားစွာကို ရိုက်ကြတာကိုးရှင်။ ကျွန်မက ပြောတယ် "ဟဲ့ သမီးလာစမ်း ဒီကို၊ အမယ် ညည်းက" ဘာလို့လဲ အမေရာ "ညည်းက" ပိုလာလို့တဲ့။ ညည်းကလည်း ပိုတာနဲ့ ညည်းက အိုက်တင်မှားရတယ် ဟုတ်လား။ ဟုတ်ပါတယ် အမေရယ်။ ငါလာမပြောနဲ့၊ နင် အဲလောက်နဲ့ ရပ်လို့၊ အဲလောက်နဲ့ မရပ်ရင် ငါ ဆက်ပြောတော့မယ်နော်လို့ ပြောလိုက်

တယ်။ ညည်းက ငါ့ကို ဘာပြော ချင်တာလဲ၊ ညည်း ငါ့ကို ဘာပြောချင်တာ လဲလို့၊ "အမေကလည်း ကျွန်မက ဒီလို ပြောချင်တာ"။ ဟဲ့ မဟုတ်ဘူး၊ ဒါရိုက်တာ ကြည့်ဦးလေ။ ငါက သူ့ကို ငါ့သားနဲ့ သဘောမတူဘူး၊ ဒီအသံနဲ့ ငါ့သားနဲ့ပြောတဲ့အသံနဲ့ ငါ့ကိုလာပြောနေတယ်။ အမယ်လေး ကျွန်မက... "ညည်းမပြောနဲ့၊ အဲဒီတုန်းက ညည်းပြောတဲ့အသံက ကင်မရာမင်း ညည်းနဲ့ ချောင်ထဲမှာပြောနေရင် အဲဒီအသံနဲ့ပြော။ အဲဒီအသံက ခုနက ညည်းပြော တဲ့အသံ မဟုတ်ဘူးလို့။ ဒီလိုတွေဖြစ်တာပေါ့။

အခု ကိုကျော်ဟိန်းနဲ့လည်း **မြညီုချစ်တဲ့ ကိုရင်ညြ** ရိုက်ခဲ့တယ်။ သူက ကျွန်တော်က အမေ့စကားတွေ နားထောင် အကုန်မှားတယ်။ သူက ဆော်လိုက်တာ။ အဲဒီတော့ ကျွန်မကလေ ဟဲ့ နင်သားတစ်ယောက်အနေနဲ့ တော့ ဟုတ်တာပေါ့။ ငါ မအေတစ်ယောက်အနေနဲ့ လိုတောင်လိုသေးတယ်။ အဲဒါထဲမှာ ခင်ဗျား ဒီစကားမပါဘူးတဲ့၊ နင်လည်း ဒီစကားမပါဘူးလေလို့။ ဒါပေမဲ့ သူက စာစာတစ်နေတာလို့ ပြောလိုက်တယ်။ ဒီလိုဖြစ်ခဲ့တာ။ မဟုတ်တာကို ဟုတ်တာလို့ အခုချိန်ကတော့ ရှင်ကလေ Yes မှ ဖြစ်တော့ တယ်။ မ Yes နိုင်ရင် မဖြစ်တော့ဘူး။ အများကြီးပဲ ကိုဝင်းငြိမ်းရေ။ ဒါပေမဲ့ ကျွန်မတို့က အနုပညာကို စိတ်မကုန်ပါဘူး။ မလုပ်ချင်တော့တာ ပါ။ မလုပ်ချင်တော့တာပါ။ ကျွန်မမှာ အဲဒီလိုပဲ ဇာတ်ပို့တစ်ယောက်နဲ့။ သူက အခု ဇာတ်ပို့တစ်ယောက်ကနေ အခုမှ မင်းသားဖြစ်လာတာပေါ့ ရှင်။ သူက သင်လိုက်တာရှင် ကျွန်မကို။ ကျွန်မကလေ ဒါရိုက်တာသင်မှ ကျွန်မက ကြိုက်တာ။ ကျွန်မကို ဒါရိုက်ရိုက်ရင် ကြည့်နေမှ ကြိုက်တာ၊ အိုက်တင်ထွက်တာ။ သူကလေ အမေ ဟိုလို၊ ကျွန်မ တော်တော်ကို ခံစားရတယ်။ နောက်ပြီးတော့ ငါ ဆယ့်ရှစ်နှစ်က ရုပ်ရှင်လောက ဝင်လာတာ။ အခု ငါ့အသက်က ၇၈ နှစ် ရောက်လာပြီ။ မင်းငါ့ကို မသင်နဲ့ ပြောလိုက် တယ်။ ငါ မခံချင်ဘူးလို့ ပြောလိုက်တယ်။ အနုပညာမာန်ဆိုတာ ကြီးလေ ကြီးလေ။ မင်း အသက်ကြီးရင် သိလိမ့်မယ်။ နင်က အခုမှ အသက်ကလေး လေးဆယ်ကျော်။ ငါ့အရွယ်ကျရင် ငါနေနိုင်ရင် ငါ နင့်ကို လာမေးမှာလို့။ ဟဲ့အကောင် နင့် ဦးနှောက်က ဘယ်ရောက်ကုန်သလဲလို့ ငါလာမေးမှာ။ မမေးဘူးလို့ မထင်နဲ့နော်လို့။ အခုကျတော့ ကျွန်မ ဝစီတွေကို ထိန်းရတယ်။ ငါ့ဝစီတွေကို ထိန်းမှပါလား။ မထိန်းရင် မှန်တကာ် အကာန်ခံရတော့မယ်။ ငါ ငါနေရမယ့် ထီးရိပ်အောက်လည်း မရောက်ရဘူး၊ ထီးရိပ်အပြင်လည်း

မရောက်အောင် ကြားချနေမယ်။ ခိုင်းရင် လုပ်မယ်၊ မခိုင်းရင် မလုပ်ဘူး။

**ဟုတ်ပါပြီ ဒေါ်နွဲ့နွဲ့စန်းရေ၊ ကျေးဇူးအများကြီးတင်ပါတယ်။**

ကျွန်မလည်း ကျေးဇူးတင်ပါတယ်။

**ကျွန်တော်တို့ အငြိမ့်သဘင်အကြောင်းလည်း ကြားရတယ်၊ ရုပ်ရှင်လောက အကြောင်းလည်း သိရပြီ။ ရုပ်ရှင်လောက အတွင်းတချို့လည်း ပါပြီ။ အခု အသက် ၇၈ နှစ်။ ကျွန်တော်တို့ ၂၀၂၀ ကျလို့ရှိရင် မြန်မာ့ရုပ်ရှင်က နှစ်တစ်ရာ ပြည့်တော့မယ်ဆိုတော့ ဒေါ်နွဲ့နွဲ့စန်းအနေနဲ့ ရုပ်ရှင်ဆုတောင်းလေးတစ်ခု ပြောပေးပါလား။**

နှစ်တစ်ရာအတွက်ကတော့ ကျွန်မတို့ကလေ အနှစ်တစ်ရာဆိုတာ မှတ်တမ်းကောင်းတွေ ကျန်ခဲ့စေချင်ပါတယ်နော်။ နောက်ပြီးကျတော့လည်း ဒီခေတ်လူငယ်က တိုးတက်နေတဲ့လူတွေဖြစ်လို့ မှန်ကန်တဲ့ အတွေးအခေါ်၊ မှန်ကန်တဲ့ ခံယူချက်၊ မှန်ကန်တဲ့ အသိတွေလည်း ကျန်ခဲ့စေချင်ပါတယ်။ ဒီနှစ်တစ်ရာကို သယ်ဆောင်တဲ့နေရာမှာလည်း သယ်ဆောင်ခဲ့လို့ ရောက်လာပြီးပြီ။ သယ်ဆောင်တဲ့လူတွေမှာရော အမှားမရှိဘူးလား၊ ရှိပါတယ်။ ဒါပေမဲ့ ဒီအမှားက သိက္ခာပိုင်းဆိုင်ရာရော၊ လူမျိုးရေးဆိုင်ရာ ဘာမှမပါခဲ့ဘူး။ မပါခဲ့လို့ ဒါလေးဟာ သယ်ဆောင်ခဲ့လို့ အပြစ်ကင်းစင်တယ်ပေါ့ရှင်။ နောက်ထပ်သယ်မယ့် မျိုးဆက်သစ်တွေသည်လည်း လူမျိုးရဲ့တာဝန်၊ တိုင်းပြည်ရဲ့ တာဝန်၊ ကိုယ့်ရဲ့ သိက္ခာ၊ ကိုယ့်လူမျိုးရဲ့ သိက္ခာ သမာဓိတွေကို ထိန်းသိမ်းတတ်ပြီးတော့ တကယ့် အနုပညာရှင်တွေကို မွေးထုတ်ပြီးတော့ သယ်နိုင်တဲ့ ပုဂ္ဂိုလ်တွေ ကျွန်မ ဖြစ်စေချင်ပါတယ်။ ကျွန်မတို့ကတော့ ရှိချင်မှ ရှိမယ်လေ။ ဒီနေ့လည်း သေနိုင်တယ်၊ မနက်ဖြန်လည်း သေနိုင်တယ် မပြောနိုင်ပါဘူး။ ဒါကြောင့်မို့ ကျွန်မရဲ့ လုပ်ရပ်တိုင်း အမြဲတမ်း ပြောတာကတော့ ကျွန်မရဲ့ မျက်နှာကို မြင်ရသော ၇ ရက် သားသမီးများ ကျန်းမာခြင်း၊ ချမ်းသာခြင်း၊ အသက်ရှည်ခြင်းနှင့် ပြီးပြည့်စုံပါစေ။ ကျွန်မရဲ့ အသံကြားသော ၇ ရက် သားသမီးများ ဘေးကင်း၊ ရန်ကင်း၊ ကျန်းမာခြင်းနဲ့ ပြီးပြည့်စုံပါစေဆိုတာ မင်းသမီးဖြစ်ကတည်းက စင်ပေါ်ရောက်တိုင်း မေတ္တာပို့ခဲ့တဲ့ မေတ္တာဟာ ယနေ့အချိန်အထိလည်း ပို့တုန်းပါပဲလို့။ ဒီလို အနုပညာရှင်တွေကို ဖော်ထုတ်ပေးတဲ့ ဦးဝင်းငြိမ်းတို့ကိုလည်း အများကြီး ကျေးဇူးတင်ပါတယ်။ ဖော်ထုတ် တဲ့အခါမှာလည်း အသက်ကြီးတွေ၊ အခု ဘယ်သူမှ မဖော်ထုတ်တဲ့ အသက်ကြီးတွေကို ဖော်ထုတ်တာပေါ့နော်။ အခုဟာက

ရေးထားတာက ကြာပန်း ဖြစ်တဲ့အချိန်က ရေးတာ၊ ဗေဒါဖြစ်ချိန်က လူမသိဘူး။ အခု ရှင်တို့က ဗေဒါ ပွင့်လေးရဲ့ သိက္ခာ၊ ဗေဒါပွင့်တွေရဲ့ အကျင့်၊ ဗေဒါပွင့်တွေရဲ့ သဘာဝအလှ တွေကို ဖော်ထုတ်ပေးတဲ့အတွက် အထူးပဲ ကျေးဇူးတင်ပါတယ်။

**ဟုတ်ကဲ့ ကျေးဇူးပါအစ်မ၊ ကျေးဇူးပါ။**

***





# အကယ်ဒမီ မို့မို့မြင့်အောင်

မင်္ဂလာပါခင်ဗျာ။ ကျွန်တော် ဝင်းငြိမ်းနဲ့ ကမာရွတ်မီဒီယာ ပူးပေါင်းပြီးတော့ **လိပ်ပြာကူး ထူးခြားသူများ** ဆိုတဲ့ အစီအစဉ်ကို တင်ဆက်နေတာ ရုပ်ရှင်မင်းသားကြီး၊ မင်းသမီးကြီးတွေ တော်တော်များခဲ့ပါပြီ။ ကျွန်တော်တို့ တင်ဆက်တဲ့နေရာမှာ အစီအစဉ်လိုက် မဟုတ်ဘဲနဲ့ သရုပ်ဆောင်တွေအားတဲ့ ရက်၊ ကျွန်တော်အားတဲ့ရက်၊ ကမာရွတ်မီဒီယာအားတဲ့ရက် အဲဒီလိုပေါင်းပြီး တော့ သုံးဦးသုံးဖလှယ် အားတဲ့ရက်မှ ရိုက်ရတာဖြစ်တဲ့အတွက် တချို့လည်း ဝါနုပေမဲ့ ရှေ့ကို ရောက်တယ်၊ တချို့လည်း ဝါရင့်ပေမဲ့ နောက်ရောက်တယ် ပေါ့။ ဒီနေ့ ကျွန်တော်တို့ ချိန်းထားတာက ငါးထပ်ကွမ်းအကယ်ဒမီ မို့မို့မြင့် အောင်ပဲ ဖြစ်ပါတယ်။

**မင်္ဂလာပါ မို့မို့ရေ။**

မင်္ဂလာပါ ဦးရေ။ ဂါရဝပြုပါတယ် ဦး။

**ဟုတ်ကဲ့ပါ။ အဲဒီတော့ ရုပ်ရှင်မင်းသားကြီး ဦးမြင့်အောင်ရဲ့ သမီးနော်။**

ဟုတ်ပါတယ် ဦးရယ်။

**ဦးမြင့်အောင်ဆိုတာက ဦးတို့ ငယ်ငယ်က အသည်းစွဲခဲ့တဲ့**

"မြတ်ပန်းဝတ်ရည်"တို့ စသဖြင့် ရုပ်ရှင်ကားပေါင်းများစွာမှာ သရုပ်ဆောင်ခဲ့တယ်။ နောက်တော့ ဦးမြင့်အောင် ခဏလေးနားလိုက်တယ်။ နားပြီးတော့ ပြန်လာတဲ့အခါမှာ "ညောင်ရမ်းညီနောင်" ဆိုတဲ့ ရုပ်ရှင်ဇာတ်ကားနဲ့ တကယ့်ကို Muscular ဖြစ်လာပြီးတော့ ရိုက်ခဲ့တယ်။

ဟုတ်ကဲ့... ဟုတ်ကဲ့ရှင့်။ ကရာတေးကို ပါပါကြီး စ,လိုက်တာ။

**ဟုတ်တယ်... ဟုတ်တယ်။ အဲဒီအချိန်မှာ သမီးက ဘယ်အရွယ်ရှိပြီလဲ။**

သမီးကလေ....အဲဒီ ညောင်ရမ်းညီနောင် အချိန်တုန်းကျမှ မွေးတာပါရှင့်။ အစောပိုင်းတွေက မမွေးသေးပါဘူးရှင့်။

**ညောင်ရမ်းညီနောင် ရိုက်ပြီးမှ မွေးတာဆိုတော့ သရုပ်ဆောင်ဖြစ်လာဖို့အတွက်ကို ဘယ်အချိန်လောက်မှစပြီး အဖေကို အားကျတာလဲ။**

ဦး... သမီးကလေ အဖေရုပ်ရှင်ရိုက်သွားတယ်၊ လိုက်သွားတယ်။ ကလေးတွေဘဝကတည်းက အဲဒီ **ညောင်ရမ်းညီနောင်** မှာဆိုရင် နန်းဝတ်နန်းစားလေးတွေနဲ့ နန်းခန်းမှာပေါ့နော် ဝင်ထိုင်တယ်။ ဘာခန်းလေးဆိုလည်း ဝင်ရိုက်လိုက်တာပဲ။ သုံးလသမီးကတည်းက **မောင့်အတွက်တာ** လား၊ **မေ့အတွက်တာ** လား မို့မို့ မမှတ်မိတော့ဘူး။ ဒေါ်နှင်းနွယ်စိုး၊ ကိုစိုင်းဘုန်းထူးရဲ့ မရီးတော်တာပေါ့။ မင်းသမီးစတင်တဲ့ကား ဒေါ်နှင်းနွယ်စိုးရဲ့ ကားထဲမှာ ကောက်ရိုးပုံမှာ ကလေးကိုပစ်ထားခဲ့လိုက်တဲ့ အခန်းမှာ အဲဒါ မို့ပဲ။ အဲဒီတုန်းကတည်းက။

**သုံးလသမီး ကတည်းကလား။**

ဟုတ်၊ သုံးလသမီးကတည်းကဆိုတော့လေ ဘယ်တုန်းကဆိုတဲ့အချိန် မို့မှာ မရှိတော့ဘူး။ မို့ ဒီဟာအတွက် မွေးဖွားလာပါသည် ဖြစ်သွားတယ်။ ဒါပေမဲ့ ငယ်ငယ်ကတည်းကတော့ အားကျခဲ့တာက မို့အဖေကိုယ်တိုင်ကလေ အားကျသင့်တဲ့ သူနှစ်ဦးတော့ ပြတာပေါ့နော်။ ဒေါ်ဝါဝါဝင်းရွှေနဲ့ ဒေါ်ခင်သန်းနု။ မို့ရဲ့ မြင်ဆရာဆို မမှားပါဘူးပေါ့နော်။ မို့ရဲ့ မြင်ဆရာနှစ်ယောက်ပါပဲ။ သူတို့ကို အားကျဖို့ အမြဲတမ်း မို့အဖေက သွန်သင်ဆုံးမတာပေါ့နော်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီအချိန်တုန်းက၊ မို့တို့ အဲဒီအရွယ်တုန်းက ဝါဝါဝင်းရွှေ၊ ခင်သန်းနု တအားဖြစ်နေတဲ့အချိန်ပေါ့။ သူ့သမီးကိုလည်း တစ်ချိန် ဒီလိုဖြစ်စေချင်တယ် ထင်ပါရဲ့နော်။ ဝါဝါဝင်းရွှေ ဘယ်လိုတော်တာ၊

ခင်သန်းနု ဘယ်လိုတော်တာ၊ ဝါဝါဝင်းရွှေ ဘယ်လိုလှတာ၊ ခင်သန်းနု ဘယ်လိုလှတာ အဲဒါလေးတော့ အမြဲတမ်း ပြောပြောပြတယ်။ အဲဒီအခါကျ တော့ ကိုယ်က အားကျလာတယ်။ ငယ်ငယ်တုန်းက မင်းသမီးဖြစ်ချင်တယ် မပြောတတ်ဘူး။ ကြီးလာရင် ဝါဝါဝင်းရွှေလုပ်မယ်၊ ခင်သန်းနုလုပ်မယ်။ အဲဒါပဲ ပြောတတ်တယ် ငယ်ငယ်ကလေးဘဝတုန်းက။ သိပ်ဖြစ်ချင်တာ ဝါဝါဝင်းရွှေ သိပ်ဖြစ်ချင်တာ၊ ခင်သန်းနု သိပ်ဖြစ်ချင်တာပဲ။ နည်းနည်းလေး ကြီးလာတဲ့အခါကျတော့မှ မို့မို့တို့အရွယ် အချိန်မှာ မင်းသမီးတွေ တချို့ ရှိ တာပေါ့နော်။ သရုပ်ဆောင်ရဲ့ အတတ်ပညာမှာ သိပ်မပြေးတဲ့ မင်းသမီး တွေ့ တဲ့အခါ ဘာဖြစ်လာလဲဆိုတော့ ရှေ့မှာ အန့်တီဝါတို့၊ အန့်တီနုတို့ မြင်ထား တာပေါ့နော်။ မြင်ထားတော့ အိုက်တင်တွေ အရမ်းကောင်းတာတွေကို မြင်ရ တာပေါ့နော်။ အဲဒီလို အိုက်တင်တွေလျော့တဲ့ဟာ တွေ့တဲ့အခါကျရင် ငါကြီး လာရင် အိုက်တင်ဘယ်လိုဝါးစားမယ် ဆိုတဲ့စိတ်က အဲဒီမှာ တစ်ဆင့်တိုးလာ တာပေါ့နော်။ အဲဒီအခါ ဘာစိတ်ရောက်လာလဲဆိုတော့ အိုက်တင်လျှော့လို့ မရဘူး။ နောက်... မို့ဆရာနဲ့ တွေ့တဲ့အခါကျတော့ သရုပ်ဆောင်ခြင်း၊ ဦးကျော်ဟိန်းက သင်လိုက်တာ။ သရုပ်ဆောင်ကောင်းဖြစ်အောင် ဆိုတဲ့စိတ် က သူ မွေးဖွားပေးလိုက်တာပဲ။ ခုနက မင်းသမီးဖြစ်ချင်တဲ့ စိတ်ကတော့ ပျောက်သွားရော။

**မင်းသမီးနဲ့ သရုပ်ဆောင် မတူဘူး။**

မင်းသမီးနဲ့ သရုပ်ဆောင်ခြင်းကို ခွဲခြားတဲ့အဆင့်။ စိတ်ပါ၊ ခံယူ ချက်ပါ ကွဲလွဲသွားတာကို မို့ ဆိုလိုတာပါ။

**မင်းသမီးဖြစ်ချင်တာ မဟုတ်ဘူး သရုပ်ဆောင်ဖြစ်ချင်တာနော်။ ဒါ မို့မို့ ပြောလိုက်တာ။ ကြည့်နေတဲ့သူတွေရော၊ Actor တွေရော သတိထားသင့်တဲ့အချက်ပေါ့နော်။ ကိုယ်က မင်းသမီးဖြစ်ရမှာ မဟုတ် ဘူး။ သရုပ်ဆောင်တစ်ယောက်ဖြစ်ရမှာ။**

ဟုတ်ပါတယ်၊ သရုပ်ဆောင်ဖြစ်ဖို့ပဲ လိုတာပါ။

**အဲဒီတော့ သရုပ်ဆောင်တစ်ယောက်ဖြစ်ဖို့ကို ရင်ဘတ်ထဲက လာတဲ့ Expression နဲ့ မျက်နှာပေါ်မှာ ထင်ဟပ်လာရမယ်နော်။**

မှန်ပါတယ်ရှင့်။ အဲဒီအတွက်လည်း ဝမ်းစာတော့ ရှာရတာပေါ့ ဦးရယ်။ ဝမ်းစာလည်းရှာရမယ်၊ ကိုယ့်ကိုယ်ကိုလည်း ကိုယ်က ငယ်ငယ်လေး ကတည်းက ရူးသွပ်ခဲ့တဲ့အခါကျတော့ Talent ကတော့ ပြောစရာမလိုတော့

ဘူးပေါ့နော်။ Talent က ကိုယ့်မှာ ပါတယ်ဆိုတာလည်း ငယ်ငယ်ကတည်းက ဘယ်ပွဲဆိုလည်း တက်က, လိုက်ရမှ၊ ညာပွဲဆိုလည်း တက်က,လိုက်ရမှ။ ဖအေကလည်း က,မလားဆို က,မယ်... က,မယ်။ မမို့တို့အဖေရွာ သင္ကလ မှာဆိုရင် တွံတေးဦးသိန်းတန်ပေါ့နော်။ ဦးသိန်းတန်က လာဖျော်ဖြေတယ်။ အဲဒီမှာ *ဖိုးရွှေလမင်းကို အောင်သွယ်ခိုင်းမယ်* ဆိုတဲ့ သီချင်းလေ၊ ပါးပါးက နင်ထွက်က,ရဲ့လားတဲ့... အို... က,ရဲတာပေါ့ဆိုပြီး ဦးသိန်းတန် ရှိတဲ့နေရာ လည်း ထွက်က,လိုက်တာပဲ။ အဲဒီလိုမျိုး ငယ်ငယ်ကတည်းကတော့ လုပ်ချင် တဲ့ Talent ကတော့ ရှိနေတာပဲ။ ကြောက်တတ်ခြင်းလည်း မရှိဘူး။ ဟာ... သူကဖွဲ့ရင် ဘယ်လိုလုပ်လိုက်မယ် အဲဒီကလေးဘဝကတည်းက အဲဒီ Talent ကတော့ ရှိတယ်။ ဒါပေမဲ့ ခုနလို မင်းသမီးဖြစ်ချင်တဲ့စိတ်နဲ့ သရုပ်ဆောင် ဖြစ်ချင်တဲ့စိတ်ကတော့ ကွဲသွားတာပေါ့ အချိန်တန်တဲ့အခါကျတော့။

**မို့မို့ ပထမဆုံး ရုပ်ရှင်ရိုက်ဖြစ်တာ... ခုနက ကလေးခန်းက တော့ ထားလိုက်တော့ပေါ့နော်။ ပထမဆုံး Actor တစ်ယောက်အနေနဲ့ ပါဝင်လာတဲ့ကားက ဘယ်ကားလဲ။**

ဟုတ်ကဲ့ရှင်၊ သမီးကို စစဦးဆုံးချင်း ကျောင်းသူဘဝကနေပြီးတော့ ရုပ်ရှင်သရုပ်ဆောင်ဆိုပြီးတော့ စ,ဆွဲခေါ်တင်တဲ့ မို့ရဲ့ဆရာက ဦးကျော်ဟိန်းပါ။ ဦးကျော်ဟိန်းက **မွန်းတည့်ချိန်တွင် နေဝင်သည်** ဆိုပြီး ရိုက်တာပါ။ ပထမတော့ မို့ရဲ့နေရာမှာ တခြားသရုပ်ဆောင်တစ်ယောက်ပါ။ အသစ်ပါပဲ။ သူ့ကိုတင်မယ်လုပ်ပြီးမှ ပျက်သွားတာပေါ့ ဦးရယ်။ ပျက်သွားတဲ့အခါကျတော့ သမီးနဲ့ တည့်တဲ့အခါကျတော့ သမီးကို ဆံပင်အရှည်ကြီးထားခိုင်းတယ်။ နောက်တစ်ခါ မျက်ခုံးမွေးကို အထူထားခိုင်းတယ်။ မို့ဆရာက အရမ်းရှေ့သိပ် ပြေးတာပဲ ဦးရဲ့၊ အဲဒီတုန်းက ဟောလိဝုဒ်မှာ မျက်ခုံးမွေးအထူကြီးနဲ့ မင်းသမီး ဘရွတ်ရှီးလ်တောင် မပေါ်သေးဘူး။ မင်းသမီးတွေ ဦးလည်း မြင်ဖူး မှာပေါ့နော်။ မျက်ခုံးမွေးလေးတွေ သေးသေးလေး၊ မျက်တောင်အထူ ကြီးခေတ်။

**ဟုတ်တယ်... ဟုတ်တယ်။**

သမီးကို ဆံပင်လည်း ပေးမဖြီးဘူး။ မိတ်ကပ်လည်း လုံးဝမလူးရ ဘူး။ ဒီမျက်ခုံးမွေးအထူကြီးနဲ့ပဲ၊ ဆံပင်အရှည်ကြီးနဲ့ပဲ။ လုံချည်အဝတ်အစား တွေတောင် ကောင်းနေလို့ ဦးကျော်ဟိန်းရဲ့ညီမ မဘောဘီရဲ့ ပါတိတ် အဟောင်းကြီးတွေ သူကိုယ်တိုင် သွားရှာပြီးတော့မှ အဲဒါတွေဝတ်ခိုင်းတယ်။

အင်္ကျီအစုတ်လေးနဲ့ အဲဒီလို ရိုက်ခိုင်းတာ။ မျက်နှာလည်း ပေါင်ဒါတစ်ချက် မသုတ်ရဘူး။ အိမ်ကလာတဲ့အတိုင်း ဘာမှမပြင်ဘဲနဲ့ အဲဒီအတိုင်းပဲ ဘာမှ မပြင်ခိုင်းဘဲ ရိုက်ခိုင်းတယ်။

**အဲဒီတော့ အခု မို့မို့ပြောတာ ဆံပင်ကို အရှည်ထားခိုင်းတယ် ဆိုတော့ အဲဒီခေတ်တုန်းက ဆံပင်အတု စွပ်တာတွေဘာတွေ မရှိသေး ဘူးလား။**

မှန်ပါတယ်။ ရှိတော့ရှိပါတယ် ဦး။ နိုင်ငံခြားက လာတာမဟုတ် ဘူးပေါ့နော်။ ဗမာပြည်က ချုပ်တဲ့ ဆံပင်အတုတွေ ရှိတော့ရှိတယ်။

**ဦးကျော်ဟိန်းနဲ့ "မွန်းတည့်ချိန်တွင် နေဝင်သည်" အဲဒီ ကားမှာ ပထမဆုံးသရုပ်ဆောင်ရတာနော်။ အရမ်းအောင်မြင်ခဲ့တဲ့ ကား တစ်ကားနော်။**

မှန်ပါတယ်၊ မှန်ပါတယ်။

**အဲဒီကားမှာ ဒေါ်ချိုပြုံး အကယ်ဒမီရခဲ့တယ်နော်။**

ဟုတ်ကဲ့ရှင့် အဲဒီကားကလေ ဦးရဲ့ ဇာတ်ကားအနေနဲ့လည်း ပေါက်တယ်။ နောက် မို့ဆရာရဲ့ အရမ်းပြေးတဲ့ စကားလုံးတွေရော ဘာတွေ ရောပေါ့နော်၊ ရိုက်ချက်တွေရော အရမ်းကောင်းတယ်။ နောက် မေချိုလည်း (ဒေါ်ချိုပြုံးလည်း) အရမ်းကောင်းတယ်။ သမီးအနေနဲ့ မပေါက်ဘူး ဦး။ ဒါပေမဲ့ ဘာတစ်ခုလေးတော့ ထူးခြားမှုရှိသွားလဲဆိုတော့ ပရိသတ်တချို့ ပေါ့နော်၊ လေးပုံမှာ တစ်ပုံခွဲလောက်က သတ္တိရှိတယ်၊ မိတ်ကပ်မပြင်ဘူး။ ဘာမှမပြင်ဘဲနဲ့ သမီးလုပ်တဲ့နေရာက Innocent ဖြစ်နေတယ်။ သမီးလည်း အမှန်အတိုင်းဝန်ခံရရင် အဲဒီလောက်မတော်သေးဘူး ဦး၊ မတော်သေးဘူး။ ဘာလို့ဆို အတွေ့အကြုံလည်း နည်းသေးတယ်။ ဒါ ပထမဆုံးကားလည်း ဖြစ်သေးတယ်။ ဒါပေမဲ့ ဦးကျော်သည် အဲဒီ Innocent နေရာကိုပဲ မို့ကို သက်သက်ထားတာ။ ဘာဖြစ်လို့လဲဆိုတော့ တစ်ဖက်မှာက မေချို့နေရာမှာ အရမ်းကျွမ်းသော၊ Life ကို အများကြီး အတွေ့အကြုံဖြတ်သန်းရတယ်။ မို့ကတော့ မိဖြူ ဆိုတဲ့ အိမ်ဖော်မလေး Innocent ပဲ လိုချင်တယ်။ သမီး မျက်နှာနဲ့လည်း ကိုက်သွားတယ်။ သမီးလည်း ဘာမှ မာယာတွေ မရှိသေး ဘူးဦးရယ်။ အနုပညာမာယာတွေ မရှိသေးဘူးပေါ့။ မာယာတွေ မရှိသေးတဲ့ အခါကျတော့ ဒီ မိဖြူ ဆိုတဲ့ နေရာနဲ့ ကိုက်သွားတာပေါ့နော်။

**အဲဒီတော့ "မွန်းတည့်ချိန်တွင် နေဝင်သည်" ပြီးသွားတဲ့အခါ**

**ကျတော့ ဒုတိယကားက ဘာလဲ မသိဘူး။**

သမီး ကြားမှာ သုံးနှစ်... ကုန်ကြမ်းရှာလိုက်တာ။(ရယ်လျက်) **နားလိုက်တယ်။**

သီချင်းတွေ ဆိုလိုက်တာပေါ့ ဦးရယ်။ ကုန်ကြမ်းရှာတယ်ပဲ ပြောလိုက်ပါတော့နော်။ အဲဒီစကားလုံးလှလှလေးနဲ့ပဲ။ အဲဒီသုံးနှစ်မတိုင်ခင်မှာ မို့ဆရာ ဦးကျော်ဟိန်းနဲ့ ရိုက်ပြီးပြီပေါ့နော်။ **မွန်းတည့်ချိန်တွင် နေဝင်သည်** ကလည်း ရုံမတင်ရသေးဘူး။ ကြားမှာ အချိန်ကြာသွားတယ်။ အဲဒီအချိန်မှာ မို့က ရှိုးပွဲတွေလျှောက်တယ်။ မို့မို့မြင့်အောင်... မို့မို့မြင့်အောင် ဆိုပြီး တော်တော်များများ သိသွားကြပြီ။ ဥပမာ အယ်လ်ဘမ်ကာဗာတွေ၊ မဂ္ဂဇင်းကာဗာတွေဆိုရင် မို့မို့မြင့်အောင်ပုံတွေ တော်တော်များတာပေါ့ ဦးရယ်။ နောက်ဆုံး ထိုင်းက ပြန်ထွက်တဲ့ ပိုစတာကြီးဆိုရင် ဗမာပြည်မှာ ပထမဦးဆုံး ပိုစတာကြီးပဲ။ စောင်းကောက်ကြီးနဲ့။ အဲဒီပိုစတာတွေဘာတွေ ထွက်လာတော့ မို့မို့မြင့်အောင်... မို့မို့မြင့်အောင်ဆိုပြီး သိကြတာပေါ့။ အဲဒီတော့ ဒါရိုက်တာ ဦးတင်ဦးက ဒီကလေးမလေး အိုက်တင်ကို ကြည့်ချင်တယ် ဆိုပြီးတော့မှ မို့အစ်မရော၊ မို့ရော၊ တခြားလေးယောက်လောက်ရှိမယ်၊ အားလုံး ခြောက်ယောက်လောက်ရှိတယ် အိုက်တင်လုပ်ခိုင်းတာ။ ကိုတေဇနဲ့ အိုက်တင်လုပ်ခိုင်းတော့ မို့က အိုက်တင်အတော်ဆုံးဖြစ်နေတယ်။ မို့ကတော့ ဦးကျော်သင်ပေးတဲ့ အတွေ့အကြုံလေးတွေလည်း ရှိထားပြီ။ အဲဒီမှာ မို့ ပညာနည်းနည်းစ,ပြလို့ရပြီ။ ဒါ... ဦးကျော်ရဲ့ ကျေးဇူးလည်းပါတယ်။ အဲဒီတော့ ဦးတင်ဦးက ဒီကလေးမလေး အိုက်တင်အတော်ဆုံးပဲ။ ဒါပေမဲ့ သူတို့က အဲဒီတုန်းက ခေါ်ရွေးတာ **ပလက်ဖောင်းမင်းသား** ကို ရိုက်ဖို့။ ပလက်ဖောင်းမင်းသား ဒုတိယနေရာက ရိုက်ဖို့ခေါ်တာ။ ဒါပေမဲ့ မို့ကို ဒုတိယနေရာ မထားချင်ဘူး။ နမြောတယ်ဆိုပြီးတော့ သိမ်းထားလိုက်မယ်၊ ခေါင်းဆောင်နေရာကျမှ သုံးမယ်ဆိုပြီး သိမ်းထားလိုက်တယ်။ အသိမ်းထားလွန်သွားတာနဲ့ မို့ကလည်း သုံးနှစ်ပျောက်သွားရော(ရယ်လျက်)။ အနုပညာက သူ့ကိုမချစ်ရင် သူကလည်း ပြန်မချစ်ဘူး ဦးရဲ့။ အနုပညာက သူ့ကိုချစ်မှ သူကလည်း ပြန်ချစ်တာ။ မို့မိဘတွေက ပြောတယ်။ သူတို့က ဒီအနုပညာမှာ အောင်မြင်ခဲ့တယ်။ မို့အဖေက အမြဲတမ်းပြောတယ်။ သူ ရုပ်ချောလို့၊ ဒါရိုက်တာကိုတော့ ဝါသနာပါတယ်။ Edit တွေ ဝါသနာပါတယ်။ အိုက်တင် သူ မတော်ပါဘူး။ အဝေမ်းခြံက သူ့ကိုတင်တာ။ အဲဒီလို အမြဲတမ်း ပါးပါးရဲ့ မိတ်ဆွေ ကင်မရာ

မဲန်းတွေပေါ့နော်၊ ဦးဖိုးထောင်တို့ နာမည်ကြီးတွေ၊ ပါးပါးရဲ့ ငယ်သူငယ်ချင်း တွေပေါ့။ ဟာ... နင်က နင့်အဖေလောက် မချောဘူး။ ဒါပေမဲ့ နင့်အဖေ ထက်တော့ အိုက်တင်တော်တယ်။ နင့်အဖေက အိုက်တင်မတော်ဘူး၊ ရုပ်ချောလို့ဖြစ်တာ။ အဲဒီလိုပြောလိုက်ရင် ဦးရယ်... သမီးက နည်းနည်းခံစား ရတာပေါ့နော်။ အဖေကို အဲဒီလိုပြောရလားပေါ့။ အဲဒီတော့ အဖေ့အတွက် အကြွေးကို ငါဆပ်မယ်။ ငါရအောင် အကယ်ဒမီယူပြမယ်ဆိုပြီးတော့ ငယ် ငယ်တုန်းက အဲဒီစိတ်ရှိတယ်။ အဲဒီတော့ အဖေတို့ကလည်း ဘာပြောလဲဆို တော့ ငါတို့ သားသမီးလုပ်စာ...ဒါပေမဲ့ မိုးတို့အဖေက စည်းကမ်းကြီးတယ်။ မိုးကို သုံးနှစ်တိတိမခေါ်ဘူး။ လုံးဝကို မခေါ်တာ။ ငါတို့ကို လုပ်ကျွေးစရာ မလိုဘူး။ ငါတို့ဖြစ်ချင်တဲ့ အနုပညာပဲ ဖြစ်အောင်လုပ်လာပေးပါ၊ အကယ်ဒမီ ပဲ ရအောင်ယူပေးပါတဲ့။ အဲဒီတော့ သမီးက ပြန်စဉ်းစားတယ်။ ငါ အနုပညာ ကို မချစ်ခဲ့ပါလား။ အနုပညာက သူ့ကိုချစ်မှ သူ ချစ်မှာ။ အဲဒီတော့ အရင်း အနှီးများစွာနဲ့ အနုပညာအတွက် သမီး ဘုရင့်နောင်ဖောက်ဖျက် တိုက်ပွဲဝင်ပြီး တော့မှ... သမီး... ကြည်အေးဝတ္ထုတွေလည်း မိုးကို ခွန်အားပေးတာလည်း ပါတယ်။ **ဘုန်းသက်တိုင်** ပေါ့နော်။ အဲဒါတွေလည်း ပါတာပေါ့။ အဲဒါနဲ့ သမီး ဦးတင်ဦးဆီမှာ ရိုက်လက်စကြီးနဲ့ပဲ ဆက်ရိုက်ဖြစ် သွားတာပေါ့နော်။ အဲဒီတုန်းက ပရိုဂျူဆာကလည်း ဦးမောင်မောင်ကျော်။ တစ်ယောက်နဲ့တစ် ယောက်ကလည်း မသိသေးပါဘူး။ ခင်လည်းမခင်သေးပါဘူး။ ဦးတင်ဦးဆီမှာ ပြန်ရိုက်ရအောင်ဆိုပြီး ရိုက်မယ်ဆိုတော့ သမီးဆရာကနေပြီး **နှလုံးသား မြို့တော်** ကို တစ်ခါတည်း ပေးရိုက်လိုက်တာပေါ့နော်။ ရိုက်တဲ့အခါကျတော့ ဒုတိယနေရာကတော့ ရိုက်ရတာပေါ့။ ဒုတိယနေရာဆိုပေမဲ့ သမီး အားစိုက်ပါ တယ်။ ဒါပေမဲ့ အဲဒီတုန်းက တော်တော်များများပေါ့နော်၊ အဲဒီအချိန်အခါနဲ့ ဆိုရင်တော့ ဒါ Leading နှစ်ယောက်ဖြစ်နေတာပေါ့။ ဒါပေမဲ့ သမီး Supporting ပဲ ရလိုက်တာပေါ့နော်။ တကယ်တမ်း အဲဒီတုန်းက Supporting ရသင့်တာက ဒေါ်ခင်နုနုက ရသင့်တာ။ ဒါကတော့ နှစ်ယောက်အပြိုင် Leading မပေးဘူး။ အဲဒီတုန်းက Supporting လို့ပဲ သတ်မှတ်တဲ့အတွက် သမီး Supporting ပဲ ဖြစ်သွားတာပေါ့နော်။

**"နှလုံးသားမြို့တော်"နော်။ ခင်သီတာထွန်း... ခင်သီတာထွန်း နဲ့ နှစ်ယောက်နော်။**

ဟုတ်ကဲ့ မှန်ပါတယ်ရှင့်။ မမသန်းနဲ့ပါ။ အမှန်ပြောရရင် သမီးက

ကြားမှာ သုံးနှစ်လောက်ပျောက်သွားပြီးတော့မှ ဒီကားကို ပြန်စ,ရိုက်တာ။ ဒါက လူက ကျေးဇူးတရားကို သိတတ်ရမယ်ပေါ့နော်။ သမီးက အသစ်အနေနဲ့ ပြန်ရိုက်ရတဲ့အခါကျတော့ ကိုနေအောင်ကြီးက သမီးကို ဆွဲခေါ်တာပါ။ အဲဒီကျေးဇူးတရားလေးကိုတော့ သမီးသိရအောင် ပြောပြချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုရင် သမီးဆရာက သူတပည့် မွေးတဲ့အထဲမှာ ကိုနေအောင်က... အမှန်တော့ သမီးက အစောဆုံးပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ အစောပိုင်းကတည်းက သမီးတို့ ဝင်ပြိုင်စဉ်ကတည်းက မို့မို့မြင့်အောင် တော်တယ်ဆိုပြီး အသိအမှတ်ပြုပြီးတော့ သမီးကို တပည့်နေရာမှာ ထားတာ။ သမီးကသာ မရိုက်ဖြစ်လိုက်တာ။ ဒါပေမဲ့ ကြားမှာ ကိုနေအောင်တို့၊ ကိုဇင်ဝိုင်းတို့ မင်းသားလာရွေးတဲ့အချိန်မှာ သမီးက ရှေ့မှာ မော်ဒယ်လ်လုပ်ပြနေပြီ။ အဲဒီတုန်းက ပထမရတာ ကိုဇင်ဝိုင်းက ရတာ။ ကိုနေအောင်က ဒုတိယရတာ။ ဒါပေမဲ့ ရိုက်ဖြစ်သွားတော့ ကိုနေအောင်က ရိုက်ဖြစ်တာ။ ဦးနေအောင်ရိုက်တဲ့...။

**မီလာရှီကာစိုင်းဗေဒါ။**

ဟုတ်ကဲ့ **မီလာရှီကာစိုင်းဗေဒါ** ကလည်း ဦးမောင်မောင်ကျော် ပရိုဂျူဆာ ပဲ။ သူ့ကုမ္ပဏီကပဲ အကယ်ဒမီရသွားတာ။

**ဦးမောင်မောင်ကျော်၊ ဦးမောင်မောင်ကျော်နဲ့ ပြောတော့ ပရိသတ်က သိမှာ မဟုတ်ဘူး။ ဦးမောင်မောင်ကျော်ဆိုတာ မို့မို့မြင့်အောင်ရဲ့ ခင်ပွန်း...။**

နောက်မှ... အဲဒါက နောက်မှ Part 1, Part 2, Part 3 လာမယ်လေ။ ဦးမောင်မောင်ကျော်ပဲ အစဖျိုးလိုက်ပါမယ်လေ။ ခင်ပွန်းလည်း မဟုတ်သေးဘူးလေ၊ သိတဲ့ ဦးမောင်မောင်ကျော်ပဲ ရှိဦးမှာလေနော်။ မို့ဘဝထဲကို သူ မဝင်သေးဘူးလေ ဦးရယ်နော်။

**ကောင်းပါပြီ... ကောင်းပါပြီ။**

အဲဒီတော့ **နှလုံးသားမြို့တော်** နဲ့ စပြီးတော့ မို့မို့ကို ဆွဲခေါ်ပေးတာ၊ တကယ် ဦးတင်ဦးရဲ့ တပည့်လည်းဖြစ်နေတဲ့အခါကျတော့ သူ့ဇာတ်ရယ်၊ ကိုယ့်ဇာတ်ရယ်လို့ မရွေးဘဲနဲ့မှ အစ်ကိုကြီးကိုနေအောင်က ဆွဲခေါ်ပေးတယ်လို့ ပြောရမှာပေါ့နော်။ နောက် **သိုက်ငါးမန်း** ဆက်ရိုက်တာပေါ့။ သမီးဆရာနဲ့က ဦးတင်ဦးနဲ့က အဲဒီနှစ်ကားပဲ ရိုက်ဖူးတာ။ ပထမ စစချင်း ရိုက်တဲ့ကားမှာပဲ **နှလုံးသားမြို့တော်** မှာပဲ သမီး အကယ်ဒမီရလိုက်တာပဲ၊

သမီး **နှလုံးသားမြို့တော်** ရိုက်ပြီးတဲ့နောက် ကားတွေက တောက်လျှောက် အရမ်းပြည့်ကျပ်ညပ်နေတာပဲ။ ကားတော်တော်ကို ရိုက်ခဲ့ရပါတယ်။ သမီးနဲ့ တစ်ချိန်တည်း သမီးသူငယ်ချင်းတွေက ကိုကျော်သူ၊ အဲဒီအချိန်မှာ ကိုကျော်သူ စ,လာပြီ။ ကိုစိုးသူ စ,လာပြီ။ ကိုပြေငြိမ်း၊ ရန်အောင်တောင် နည်းနည်း နောက်ကျတယ်။

**ရန်အောင် မပေါ်သေးဘူး။**

ရန်အောင် မပေါ်သေးဘူး။ ပြီးတော့ မခိုင်ခင်ဦး၊ မတင်နီလာဝင်း၊ မဆွေက နည်းနည်း ဟိုဘက်တစ်လိုင်းပေါ့နော်။

**အဲဒီတုန်းက သမီးတို့ သူငယ်ချင်းခြောက်ယောက်က သူငယ်ချင်းတစ်အုပ်စု ဆိုပြီးတော့ သွားလေရာမှာ ဒီခြောက်ယောက် စုကြတယ်နော်၊ ဘယ်ပွဲဖြစ်ဖြစ်နော်။**

သိပ်ချစ်ကြတာဦးရယ်၊ တစ်ယောက်နဲ့တစ်ယောက် ဘာအပြိုင်အဆိုင်၊ ညာအပြိုင်အဆိုင် ဘာညာ အဲဒါတွေ မရှိဘူး။

**မရှိဘူး၊ တကယ့်မောင်နှမတွေလိုပဲ။**

ရုပ်ရှင်ဆိုလည်း အတူတူသွားကြည့်ကြမယ်၊ တစ်ယောက်ရှုတင်ဆိုလည်း တစ်ယောက်လိုက်သွားကြတယ် အဲဒါမျိုးလေ။ ရုပ်ရှင်ရုံဆိုလည်း သူ့ကား၊ ကိုယ့်ကားမှ မဟုတ်ဘူး။ ဘယ်သူ့ကားဖြစ်ဖြစ် ကိုကျော်သူနဲ့ မဆွေနဲ့ကားဆိုလည်း **မုန်းရခက်ကြီး** မှတ်မှတ်ရရပေါ့ သွားကြည့်ကြတယ်။

**အဲဒီတစ်ခေတ်ကို မှတ်မိတယ်။**

ဟုတ်ကဲ့၊ ချစ်စရာလည်း သိပ်ကောင်းကြပါတယ်။ အနုပညာလောကမှာလေ ပျော်စရာလည်းကောင်းတယ်။ On Scene မှာလည်းလေ တစ်ယောက်နဲ့တစ်ယောက် ချစ်ပြီး အလုပ်လုပ်နေကြတာလေ။ အရမ်းပျော်ဖို့ ကောင်းပါတယ်။ သမီးတို့ အချိန်အခါတုန်းကဆိုရင် ဦးရယ်... ကားရိုက်နေတုန်း ထမင်းစားနားချိန်ဆိုရင် တစ်ခါတလေကျရင် ရုပ်ရှင်ကို ရသလောက် ပတ်ကြည့်လိုက်တယ်။ သမီးတို့ ရုံပြည့် ဆိုတဲ့ ဆိုင်းဘုတ်လေးတင်လိုက်တဲ့ အဲဒီအရသာက ဘာနဲ့မှ လဲလို့မရဘူးဦးရယ်။ ရှုတင်ပြီးချိန် ရုပ်ရှင်ရုံဆင်းချိန် ဆုံရင် အဲဒီကဖြတ်ရတဲ့ အရသာကလေ သိပ်အရသာရှိတာပဲဦးရယ်။ အဲဒီ ရွှေဆောင်ရုံ၊ နေပြည်တော်ရုံ တောက်လျှောက် သမီးတို့ ပတ်တာ။ ဟိုဘက် ၅ ရုံတန်းအထိ ပတ်တယ်။ တစ်ခါတလေကျရင် ဒရာမာလေးဘာလေးတွေဆိုရင် တချို့ပရိသတ်ဆိုရင် ငိုပြီး ထွက်လာကြတာ မြင်ရတယ် ဦးရယ်။

မျက်လုံးထောင့်ကြီးတွေ နီနေတာတွေ တွေ့ရတယ်ပေါ့နော်။ အဲဒီအတွက် အဲဒီပီတိက ဘာနဲ့မှ လဲလို့မရဘူး။ အရမ်းကိုလေ...။ နောက်တစ်ခုက ဦးက စာပေသမားဆိုတော့လေ သမီးတို့ တချို့ဝတ္ထုတွေဆိုရင် သိပ်ကြောက်တာပဲ ဦးရယ်။ ဟိုအရင်တုန်းက အမေကြည့်ကားတွေ ရိုက်ခဲ့ရတယ်။ ဒေါ်ဝါဝါဝင်းရွှေကားတွေ၊ ဒေါ်ခင်သန်းနုကားတွေ ရိုက်ခဲ့ရတယ်။ သိပ်တာဝန်ကြီးတာပဲ။ တကယ့်ပညာရှင်ကြီးတွေ ရိုက်ခဲ့တဲ့အခါကျတော့ သမီးတို့ အဲဒီလို မီပါ့မလား၊ အဲဒါကို သိပ်တာဝန်ကြီးတယ်။ နောက်...ဝတ္ထု၊ ဝတ္ထုကလည်း ပရိသတ်က ကြိုက်ပြီးသားဖြစ်နေပြီ။ ပရိသတ်လည်း ရှိနေပြီဆိုတော့ သူတို့ ကြိုက်ပါ့မလား၊ သူတို့ကြိုက်ထားတဲ့ ကာရိုက်တာမှ ဖြစ်ပါ့မလားဆိုပြီးတော့ သမီးတို့ အရမ်းတာဝန်ကြီးခဲ့တာပါ။ အဲဒီနှစ်ခုကို သမီးတို့ အမြဲတမ်း သတိထားရတယ်။ ဦးက စာပေသမားဆိုတော့ ဒါ စာပေနဲ့ စကားကြုံရင်းနဲ့ ပြောဖြစ်သွားတာပေါ့နော်။

**မို့မို့စိတ်ထဲမှာ ကိုယ့်မိဘကို ကျေးဇူးဆပ်ချင်တယ်။ အဖေက လည်း အကယ်ဒမီရအောင်လုပ်ပါ၊ ငါတို့အတွက်ဆိုတော့ လုပ်ပြနိုင်းခဲ့လို့ သမီးလည်း ကြိုးစားခဲ့ပြီးတော့ အကယ်ဒမီလည်း ရခဲ့ပြီးပြီ။ ရပြီးနောက်ပိုင်း ငါ အကယ်ဒမီရပြီပဲလို့ စိတ်ကြီးဝင်သွားတာများရှိလား။**

မရှိဘူးဦး၊ သမီး တာဝန်ပိုကြီးသွားတယ်။ နဂိုကတည်းကလည်း ဒီကားကို အကယ်ဒမီရအောင်လို့လည်း မမှန်းခဲ့ဘူး။ အခုချိန်ထိလည်း သမီး ဘယ်ကားရိုက်ရိုက် အကယ်ဒမီအတွက်ဆိုပြီး မှန်းရိုက်ခဲ့တဲ့ကား မရှိခဲ့ဘူးဦး။ သမီး ဇာတ်ကိုပဲ ရူးသွပ်တယ်။ သမီး အိုက်တင်လုပ်ရမယ့်ဇာတ်ကိုပဲ ရူးသွပ်တယ်။ ဒါ... ဦးသိပါတယ်။ တချို့ ဟိုတုန်းက **မသုမမွှစာရီ** တို့၊ **သမီးနဲ့အမေများ** တို့ဆိုရင် ဦးလည်း လမ်းညွှန်ခဲ့တာပဲလေ။ မို့မို့ရေ... မို့မို့နဲ့လိုက်တယ်ဆိုပြီး လမ်းညွှန်းခဲ့တာပဲလေ။ အဲဒီတုန်းကလည်း ဦးသိတဲ့ အတိုင်းပဲ ဒီဇာတ်တွေက သမီးရိုက်မှ ဖြစ်မယ်ဆိုတာလည်း ဦးကတော့ ဒါ... စာပေသမားအနေနဲ့ကတော့ ဦးလည်း ရွေးချယ်မှုကို ဦးသိပါတယ်။ အဲဒီတုန်းကလည်း ဇာတ်တော်တော်ကြီးကြီး ကောင်းကောင်းတွေဆိုရင် သမီးမှ ရတယ်ဆိုပြီး သမီးကလည်း အဲဒီ Challenge ကိုကြိုက်တာ။ ဒီဇာတ်က မို့မို့မြင့်အောင်နဲ့မှ လိုက်တယ်။ မို့မို့မြင့်အောင်နဲ့ ရိုက်ခိုင်းပေးပါဆိုတဲ့ အဲဒီChallengeကို ကြိုက်တာ။ အဲဒီဟာကို သမီးက ရူးသွပ်တော့ ရိုက်တာ။

**သမီးက စာရေးဆရာလောကမှာ၊ ဝတ္ထုလောကမှာ အောင်မြင်**

**တဲ့ ဝတ္ထုတွေနဲ့ အများကြီး ကြုံခဲ့ဖူးတယ်နော်။**

မှန်ပါတယ်။ သမီးတို့လေ စာပေနဲ့ စာရေးဆရာခေတ်ကောင်းတဲ့ အချိန်လို့ ပြောရမယ်။ စာရေးဆရာ အများကြီး တကယ့်ကို ပေါပေါလော လော စာရေးဆရာ မဟုတ်ဘူးနော်။ တကယ့်ကို ပညာစွမ်း၊ ကလောင်စွမ်း ထက်သော စာရေးဆရာတွေရဲ့ အချိန်အခါကြီး သမီးတို့ရလိုက်တဲ့ အခွင့် အရေးပေါ့နော်။ အချိန်အခါလည်း သိပ်စကားပြောတယ်နော် ဦး။

**ဟုတ်ပါတယ်။ ဆရာမကြီး ဒေါ်ခင်နှင်းယုရေးပြီး အမေကြည်နဲ့ ရိုက်ခဲ့တယ်နော်။ မြန်မာ့ရုပ်ရှင်သမိုင်းမှာ သမိုင်းဝင်တယ်လို့ကို ပြောရ မယ်။**

ဟုတ်ကဲ့၊ မှန်ပါတယ်။

**ရုံပေါ်မှာ ၂၅ပတ် ပြရတယ်။ အဲဒီ "ပန်းပန်လျက်ပါ" မို့မို့ ရိုက် ခွင့်ရခဲ့တယ်နော်။**

ဟုတ်ကဲ့ရှင့်။

**မို့မို့ကိုယ်တိုင်ကရော... ဆိုကြပါစို့။ ဥပမာ "ပန်းပန်လျက်ပါ" လိုကားမျိုးဆို ဇာမာအက က,ရမယ်ပေါ့။ က,ရမယ်ဆိုတော့ ဒီတစ်ပွဲတိုး အတွက် သင်လိုက်တာလား။**

သမီးက ငယ်ငယ်ကတည်းက ကဗျာလွတ်ကို အခြေခံတတိယ အဆင့်ထိ အောင်ပြီးသား။ သမီးတို့ ဆရာကြီးက ဆရာ ဦးအောင်တင်ဆိုတာ ဟိုတုန်းက အခု ဆရာမတွေရဲ့ ဆရာကြီး။ သျှောင်ထုံးကြီးနဲ့။ ဒီလိုခွင်ချဖို့ကို ၄၅ မိနစ် ရပ်ရတယ်။ နည်းနည်းလေးယိုင်တယ်ဆိုတာနဲ့ စည်းနဲ့ဝါး... ဝါးနဲ့ ကောက်ပေါက်တာ။ တကယ့် ရှေးခေတ်ဆရာကြီးနဲ့ ပါးပါးက သင်ခိုင်း ခဲ့တာ။ တတိယအဆင့်အောင်ပြီးသား သမီးက။ ပြီးတော့ အဆိုကို့၊ အကတို့ ဆိုတာလည်း ဆိုနေမှ၊ က,နေမှ။ အကကျိုးတာပေါ့နော်။ အဲဒီ သမားစဉ် တော့ နားလည်ပြီ။ ဒါပေမဲ့ ယိုးဒယားတို့ဘာတို့ ကနောင်တို့ဘာတို့ အဲဒါ တွေ စတဲ့ အဆင့်ရောက်ပြီ။ နောက်ကျတော့ ကြားမှာ ပျက်သွားတာပေါ့ ဦးရယ်။ မက,ဖြစ်ဘူး။ အဲဒီ **ပန်းပန်လျက်ပါ** ရိုက်မယ်ဆိုတော့ ဒေါ်ကောလိပ် မြိုင်နဲ့ ပြန်သင်တယ်။ နောက် ဒေါ်အုန်းရီနဲ့ သင်တယ်။ သူတို့က မရဘူး ကျိုးနေမှ။ ဒေါ်အုန်းရီဆိုရင် လက်ကို ကျိုးနေအောင်သင်ရတာ မရဘူး။ သမီးမရိုက်ဖြစ်တဲ့ကားတွေလည်း တော်တော်များတယ်။ မဆင့်အကယ်ဒမီရ သွားတဲ့ ကားဆိုလည်း... ဒါလည်း သူ့ကံနဲ့ သူ့အကျိုးပေးပါ။ သူနဲ့ထိုက်လို့

ရသွားတာပါ။ **ပုဂံမှာသာတဲ့လ** ဆိုရင် သမီး အဲဒါ သင်နေပြီ။ သမီးကိုယ်တိုင် Idea ပေးတာ။ ဦးမြတ်တင်အေးကို၊ ဦး... လူနဲ့ အရုပ် ပြိုင်က,တာ သမီးတို့ ရုပ်ရှင်ထဲမှာ မရှိသေးဘူး။ အဖေက ရုပ်သေးဆွဲ၊ သမီးက ဒီဘက်က ရုပ်သေးအကနဲ့ ပြိုင်က,တာ လုပ်မယ်ဆိုပြီး သမီးပဲလုပ်ခိုင်းပြီးတော့ သမီးဘာသာသမီး ရုပ်သေးအကသင်တာ ဦးရေ။ ရုပ်သေးအကက ကျိုးနေအောင်လုပ်ရတာ။ သမီးက အဲဒီလို က,ရင်းနဲ့ ဆရာပြန်သွားလည်း မရဘူး ဆက်ကျင့်တာပဲ။ ချွေးတွေပြန်၊ ချွေးတွေ အသီးလိုက် အသီးလိုက်ကျတာ။ အရမ်းပင်ပန်းမောတဲ့အချိန်ကို သမီးက-အခန်းထဲမှာ ကက်ဆက်ဖွင့်ပြီး ကျင့်ရင်းနဲ့ မောတော့ ခုတင်ပေါ် ပက်လက်လှန်လိုက်တာ နှလုံးနည်းနည်းထိသွားတာ။ အောင့်သွားတာ။ အဲဒါနဲ့ သမီးအမျိုးသားက ကြောက်ပြီးတော့ ပေးမရိုက်တော့ဘူး။ မရိုက်နဲ့... မရိုက်နဲ့ဆိုပြီးတော့လေ။ **မူပိုင်ချစ်သူ** ကကျတော့လည်း ပထမတော့ ကိုကျော်သူနဲ့ မဟုတ်ဘူး။ သမီးနဲ့ ဦးကျော်ဟိန်းနဲ့ တည်ဖို့။ နောက်ပြီးကျတော့ **အလင်းဖျော့ကောင်းကင်**။ **အလင်းဖျော့ကောင်းကင်** ကလည်း ပထမတော့ ဦးကျော်ဟိန်းနဲ့ပဲ အစကတော့...။

**ဒါဆို မမို့ဆီက အကယ်ဒမီတွေ မဆင့် ယူသွားတာပေါ့။**

ကိုယ်နဲ့ရိုက်ရင်လည်း ရချင်မှ ရမှာလေ။ သူလေးနဲ့ လိုက်သွား... သူလေးနဲ့ မဟုတ်ပါဘူး။ ကိုယ့်ထက်ကြီးပါတယ်။ သူကြီးနဲ့ လိုက်သွားတာ ဖြစ်မှာပါ။

**"မူပိုင်ချစ်သူ"ကလည်း မဆင့်ရသွားတာ၊ "အလင်းဖျော့ကောင်းကင်" ကလည်း မဆင့် ရတာ။**

**ပုဂံမှာသာတဲ့လ** လည်း ရတယ်။

**ဟုတ်တယ်၊ "ပုဂံမှာသာတဲ့လ"လည်း ရတာပဲ။**

ဟုတ်တယ်၊ သုံးခုလုံး ရသွားတာ။ တချို့ အကယ်ဒမီမရတဲ့ ကားတွေလည်း ရှိတယ်။ တချို့ မို့မို့မရိုက်တော့ဘူးဆိုရင် ဟိုး... အစောပိုင်းကဆိုရင် တင်နီလာဝင်း ရတယ်၊ (ဦးရဲ့သမီး.... ဦးရဲ့သမီး) တင်နီလာဝင်း ရတယ်။ နောက်ပိုင်းကျ မဆွေ။ ကိုယ်က အကုန်ရှိတာကိုး။ တချို့ ဇာတ်ညွှန်းတွေ အကုန်ရှိတယ်၊ ဇာတ်ညွှန်းတွေ ပြန်ပေးတာတွေရှိတယ်။ နောက်တစ်ခါကျတော့ မဆင့်ရတာလည်း ရှိတယ်။

**စကားစပ်မိလို့ ပြောရဦးမယ်။ အဲဒီ တင်နီလာဝင်းတို့၊ ခိုင်ခင်ဦးတို့များ ပျောက်သွားလိုက်ကြတာ။**

ဟုတ်တယ်၊ သမီးနဲ့... မိုးမိုးနဲ့က ခိုင်ခင်ဦး... မခိုင်နဲ့က အဆက်အသွယ်ရှိတယ်။

**ဟုတ်လား။**

ဟိုတလောက သူ့ကို ချော့ပြောရတယ်။ အင်တာဗျူးလေးသွားလုပ်ပါ ဦးကြည်စိုးထွန်းနဲ့။ ဘာပဲဖြစ်ဖြစ် သမီးသူငယ်ချင်းဆိုပေမဲ့ ခိုင်ခင်ဦးဆိုတာလေ မှတ်တိုင်လေးတော့ ရှိတယ်ဦးရဲ့။ အကယ်ဒမီရတာ ခဏထားဦး။ ခိုင်ခင်ဦး လုတယ်ဆိုတာ ငြင်းလို့မရဘူးနော် ဦး။ တကယ်လှခဲ့တာ ခိုင်ခင်ဦး။

**ဟုတ်ပါတယ်။**

တင်နီလာဝင်းက အိုက်တင်လေးတော်တာ။ သူက အရပ်ကလေးသာ ပုတယ်။ အိုက်တင်က စွာတယ်ဦးရဲ့၊ တော်တာဦးရဲ့၊ အိုက်တင်နေရာမှာ စွာတယ်။ ဒါ... ကိုယ့်သူငယ်ချင်းမို့ ကိုယ်ပြောမဟုတ်ပါဘူး။ သူ့အနေနဲ့တော့ သူတော်တယ်။ အဲဒီတော့ ခိုင်ခင်ဦးဆိုတာ လှတယ်ဆိုတာလေး မှတ်တိုင်ရှိခဲ့တာ။ လုပ်ပါ၊ အင်တာဗျူးလုပ်ပါ သမီးကိုယ်တိုင် သူ့ကို ချော့မော့ပြီး ကိုဖေသန်းရယ် အကူအညီပေးပါ၊ သွားလုပ်ပေးပါဆိုပြီးတော့ အကူအညီတောင်းပြီးတော့ အဲဒါ ကိုဖေသန်းက အကုန်ပြန်သင်နေရတယ်။ အရမ်းသူက အပြင်ဘက်ရောက်သွားတော့ ဝေးကွာသွားတော့လေ။ ဝေးကွာသွားတဲ့အခါကျတော့ စကားလုံးတွေဘာတွေ ပြောဖို့ဘာညာ အဲဒီလိုမျိုးပေါ့။

**ဟုတ်တယ်၊ တအားဝေးသွားတယ်။**

သူက နဂိုကတည်းကလေ အေးအေးရိုးရိုးလေး။ အရမ်းစိတ်ထားဖြူစင်တာပဲ ခိုင်ခင်ဦးက။ ကိုယ်က ချစ်လို့လားတော့ မသိဘူး။

**မောင်စိန်ဝင်း(ပုတီးကုန်း)ရဲ့ "ခပ်စိမ်းစိမ်းပဲ နေပါ့မယ်"...။**

ဟုတ်ပါတယ်၊ အဲဒီကားလေးနဲ့ အကယ်ဒမီရလိုက်ပါတယ်။

**နောက်တစ်ခါ ဆရာငြိမ်းကျော်ရဲ့ "အစဉ်သဖြင့်"၊ ဆရာအောင်လင်းရဲ့ "အရိုင်းစံပယ်"...။**

ဟုတ်ကဲ့၊ ဆရာတက္ကသိုလ်ဘုန်းနိုင်ရဲ့ **သူငယ်ချင်းလို့ပဲ ဆက်၍ခေါ်မည်နိုင်။**

**အဲဒီလိုဟာမျိုးတွေပေါ့နော်။ "ခပ်စိမ်းစိမ်းပဲ နေပါမယ်"က ထူးခြားတာက ဘာလဲဆိုရင် မိုးမိုးက အဲဒီမှာ အသံပြောင်းထားတယ်နော်။**

မှန်ပါတယ်။ တချို့ကျတော့လည်း မကြိုက်ကြဘူးပေါ့နော်၊ ပြောင်းတာ မကြိုက်ကြဘူး။ တချို့ကျတော့လည်း ဘယ်လိုခေါ်မလဲဆိုတော့ ချိန်းချလိုက်တာ မို့မို့မြင့်အောင် ပျောက်သွားတယ်ပေါ့။ သမီးက အရှေ့က ဘာတစ်ခု ကြည့်လဲဆိုရင် **God Father.**

**God Father**

ရောဘတ်ဒီနီးရိုးကြီးရဲ့ အနောက်မှာ အသံဝင်တာကြီးကို...၊ ကြောက်ပြီးတော့ အသံအ,သွားတယ်ဦးရယ်။ သူက စကားမပြောနိုင်တဲ့အချိန် ပြန်ပြောတဲ့အခါ ကျတော့ ပုံမှန်အသံမဟုတ်တော့ဘူး။ ရောဘတ်ဒီနီးရိုးက အသံဝင်တဲ့အသံကို သူ ချိန်းပြောထားတယ်။

**ဦးလိုပေါ့။**

အခု ဦးအသံဝင်နေသလိုပေါ့။ အဲဒီတော့ သူအသံဝင်တာကို သမီးတို့လည်း ဦးရယ်... သမီးတို့က ပုံမှန်ပုံစံခွက်ထဲက မသွားချင်ဘူး။ အဲဒီကတည်းက သမီးက စွန့်စားရတာ ဝါသနာပါတာ။ သရုပ်ဆောင်ကစားချင်တယ် ဦးရယ်။

**သမားရိုးကျ မသွားချင်ဘူး...။**

ဟုတ်၊ သမားရိုးကျ မသွားချင်ဘူး။ မို့မို့မြင့်အောင်ပျောက်သွားချင်တယ်။ နောက် အမေရှင်ကို သမီးဝင်စားလိုက်တယ်။ သမီး အမေရှင်ဖြစ်ချပစ်လိုက်ချင်တယ်။ အမေရှင့်အသံက သိပ်ပြီး နူးညံ့သိမ်မွေ့သော မိန်းမတစ်ယောက်ရဲ့အသံ။

**အေးအေးဆေးဆေးလေးပဲ ပြောတာ။**

သူ့မှာ အေးချမ်းသော မိန်းမတစ်ယောက်ရဲ့အသံ။ အပြစ်လည်းကင်းတဲ့၊ ဒေါသလည်းကင်းတဲ့၊ မောဟလည်းကင်းတဲ့ တကယ့်အပြစ်ကင်းတဲ့ အသံ။ ဒီအသံကို သမီးဖြစ်အောင် ကြိုးစားတာ။ သမီး အပြင်မှာလေ တော်ရုံတန်ရုံ ကျင့်ခဲတယ် ဦးရဲ့။ အိုက်တင်ကိုကျင့်တယ်၊ လုပ်တယ်ဆိုတာ သိပ်မရှိလှဘူး။ သမီး ဒါပေမဲ့ အမေရှင့်အသံကို ကျင့်တယ်။ လူရှေ့သူရှေ့တော့ မကျင့်ဘူး။ သမီးဘာသာသမီး ဒိုင်လျှိုလေးကျင့်တာ။ ကျင့်ပြီးတော့... ဒါပေမဲ့ ဒါရိုက်တာကလည်း ဘုရင်လေနော်... အဲဒီတော့ သူ့ကို ခွင့်တောင်းရတာပေါ့။ ဦးအောင်မြင့်မြတ်ကလည်း သမီး အဖေ စွန့်စားတာကြိုက်တယ်။ လုပ်ပါသမီး၊ ထူးခြားချင်တယ်။ အဖေ သမီးကို ခွင့်ပြုပါလား အဖေရယ်၊ သမီး ဒေါ်မေရှင့်အသံအတိုင်း သမီးပြောချင်တယ်ပေါ့။ ဦး... ရိုက်တုန်းက

လုံးဝကွက်တိ။ ဘာမှာ တစ်ခုဆိုးသွားလဲဆိုရင် မိုက်က အဲဒီခေတ်တုန်းက ဒီလို အလူမီနီယံတွေ၊ ဒီလိုအစွပ်တွေ၊ ဖော့စွပ်တွေ... Boomတွေ၊ Boom မှ ရိုးရိုးမဟုတ်ဘူး။ သပွတ်အူလား...ဘာလဲ... အဲဒါကြီး စွပ်ထားသေးတာ။

**Boom တွေ။**

ဟုတ်တယ်။

မိုက်ကိုင်တဲ့ ဇော်ဂျီကလည်း လှုပ်တော့ သူကလည်း ဂေါက်တောက်တောက်ရယ်။ လှုပ်တော့ ဂလုတ်လုတ်လုတ်နဲ့ တစ်ကားလုံးမှာ သုံးပုံမှာ တစ်ပုံခွဲလောက်က ဂလုတ်လုတ်လုပ်နဲ့ ပါတော့ အဖေက သမီးတဲ့ အသံပြန်သွင်းရမယ်တဲ့။ ဟာ... သမီး နည်းနည်းမဟုတ်တော့ဘူးဦးရဲ့။ သမီး မှာ ဘာအမှားတစ်ခုရှိလဲဆိုရင်... တချို့တွေ မှန်တယ် သိလား။ သမီးလေ နောက်ပိုင်း တချို့ကလေးတွေ လွှန်းလွှန်ပါတယ်ဆိုတာ... အသံသွားသွင်းရင် အဲဒီဇာတ်ဝင်ခန်းထဲက အကျႌတွေဝတ်ပြီး လာသွင်းတာ။ အဲဒီအထဲက အကျႌမဟုတ်ဦးတော့ လုံချည်ဝတ်ပြီး သွားသွင်းတာ ပိုကောင်းတယ်။ သမီး ကလည်း အဲဒီတုန်းက ဟော့ရှော့။ သမီးကလည်း အပြင်မှာဝတ်ရင် ဦးသိပါတယ်။ သမီးအကြောင်း ဦးသိပါတယ်။ သမီးက Free ဖြစ်တာ၊ ဟော့ရှော့ ဖြစ်တာ ဝတ်သွားလိုက်မိတယ်။ အဲဒီမှာ တော်တော် ပြန်ခေါ်ယူရတယ်။ ပြန်ခေါ်ယူရတာခက်တော့ အနီးစပ်ဆုံးပဲ သမီးရလိုက်တယ်။ တချို့အခန်း တွေက တော်တော်ဆင်တယ်။ တချို့အခန်းတွေမှာ နည်းနည်းလေး ဝဲတယ် လို့ တချို့က ပြောကြတယ်။ အဲဒီBoomဆရာကြောင့် အစကတော့ တစ်ကား လုံးလိုလိုက အမေရှင့်အသံ လုံးဝဖြစ်တယ်။ မျက်စိမှိတ်နားထောင် တောင် အမေရှင် လုံးဝဖြစ်တယ်။ သမီးက အမှန်ကတော့ စွန့်စားတာပါ။ သမီး ပျောက်သွားချင်တယ် ဦးရယ်။ ဒီလို သမားရိုးကျပုံစံထဲမှာ သမီး မသွားချင် ဘူး။

**ဆရာမောင်စိန်ဝင်း(ပုတီးကုန်း)ရဲ့ "အကြွေပန်းပေမဲ့ ရွှေနန်း တော့ ထိုက်ချင်တယ်" ဒါ မို့မို့ အားရတဲ့ကားတစ်ကား။ နောက်တစ်ခါ ဆရာငြိမ်းကျော်ရဲ့ "အစဉ်သဖြင့်"။ အဲဒီကားတွေ ပြန်ကြည့်တဲ့ အခါ...။**

နောက်... **ကျွန်မချစ်မိ အပြစ်ရှိသည်**၊ အဲဒါ ဆရာမောင်စိန်ဝင်း (ပုတီးကုန်း)။ ဝတ္ထုကောင်းတွေ သမီးတို့ သိပ်ပျော်တာပဲ ဦးရယ်။ အဲဒီလို ရိုက်ရတာ အရမ်းပျော်တာပဲ။

**အဲဒီတုန်းက ဝတ္ထုတွေကလည်း ကောင်းတယ်။ ရုပ်ရှင်တွေက လည်း ကောင်းတယ်။**

နောက်တစ်ခုက ဘာလဲဆိုတော့ ဦးရဲ့ သမီးတို့ကို ကြိုးစားရမယ် လို့ တွန်းအားတစ်ခုပေးနေတာ ဦးရယ်။ ကိုကျော်သူရော၊ သမီးရော...။

**မီအောင်ကို လိုက်ရမယ်လေ။**

ဟုတ်တယ်၊ မီအောင်လိုက်ရမှာဆိုတော့... ပြီးတော့ သူ့ပရိသတ် ကြိုက်အောင်လည်း လုပ်ရမှာလေ။ စာဖတ်ပရိသတ်ကလည်း ရှိသေးတော့ သမီးတို့ကို တွန်းအားပေးနေတဲ့အတွက် အဲဒါ ပိုပျော်တာ။ တွန်းအားပေး တယ်၊ ငါတို့ ပိုကြိုးစားရမယ်ဆိုတာကို ပျော်နေတာ ဦးရယ်။ နောက်... သမီးအချစ်ဆုံးလေး ထည့်ပြောဦးမယ်နော်။

**ပြောပါ...ပြောပါ။**

သမီးက ကြည်အေး Crazy လေ။ ကြည်အေးအရမ်းကြိုက်ခဲ့တော့ **ချစ်ရည်းစား** က ကြည်အေးရဲ့ ဝတ္ထု။

**ဟုတ်ပါတယ်။**

သမီး အဲဒါလေးကို ရိုက်ရတာ။ သမီး အစက ဘြော်... ပိုင်ဖြိုးသု လေး အိုက်တင်တော်တော့ တော်သေးတယ်။ သမီးက **မီ** ကိုလည်း အရမ်းရိုက်ချင်တာ။ **မီ** လည်း ရိုက်ချင်တယ်၊ **ဘုန်းသက်တိုင်** ကြိုက်တယ်။ **နှမ်းလျှအိမ်အပြန်** အရမ်းရိုက်ချင်တာပဲ။ ကြည်အေးဝတ္ထုတွေလေ။ သမီး အရွယ်မဟုတ်ပါဘူး။ သမီးက ဒေါ်ကြည်အေးလို့တောင် မခေါ်ချင်ဘူး။ သမီးက ကြည်အေးကြိုက်လွန်းလို့ ကြည်အေးဟာ ကြည်အေးပဲ။ ကြည် အေးပဲ ကြိုက်တယ် ဦးရယ်။ **ချစ်ရည်းစား**လေး အတွေ့အကြုံလည်း သမီး ပြောပါရစေ။ အဲဒီမှာ Teen Age ပေါ့နော်။ Teen Age ရဲ့ အပျိုဖော်ဝင်ခါစနေ့၊ အပျိုဖြစ်တဲ့နေ့ပေါ့။ အဲဒါလေးတွေပါ စ,ရိုက်တာလေ။ အသေးစိတ်လေး တွေ ဦးရယ်... သိပ်ရိုက်လို့ကောင်းတာပဲ။ Dubbing ကလည်း တယော ကိုတင်ရီ တီးတော့ တော်လိုက်တာ။ ဦးတင်ရီကလည်း အရမ်းပို့ပေးနိုင်တာ ပဲ။ သမီးလှုပ်ရှားမှုလေးတွေ၊ အပျိုပေါက်ရဲ့ စိတ်လှုပ်ရှားမှု၊ ခြေထောက်လေး တစ်ချက် မ,လိုက်တာနဲ့ တယောနဲ့ "တီ...."ဆို အရမ်းကို ဦးတင်ရီက လည်း သိပ်တော်တာပဲ သိလား။ သူ့ရဲ့ စာတစ်ပိုဒ်က သူများ ၄ မိနစ်စာ လောက်နဲ့ ညီတယ်။ အဲဒီတော့ သမီး သူ့စာကိုဖတ်လိုက်တာနဲ့ လက်လွှတ် စပယ် ပြီးသွားရော ဖတ်တာမျိုး သမီး မလုပ်ဘူး။ သမီးကို တာဝန်သိပ်ပေး

တာ ဦးရယ်။ သမီး တစ်ကြောင်းချင်းလာတာလေ။ တစ်ကြောင်းချင်းကို ဖတ်ယူတာ။ သူ့ရဲ့မျက်လုံးက ဘာဖြစ်သွားလဲဆိုရင်... သမီး အဲဒီမျက်လုံး ကို ယူတာ။ နောက် ဒီဇာတ်ကလေးကလည်း ကိုယ်ချင်းစာစိတ်။ ဒီ Teen Age ဆိုပေမဲ့ ကိုယ်ချင်းစာစိတ် သိအောင်ပေါ့နော်။ ငါက သူ့ရဲ့ အချစ်ဦး ဖြစ်ပေမဲ့ ဟိုတစ်ယောက်က ငါ့လို ခံစားလိုက်ရမလား ဆိုပြီး လျှော့ပေးလိုက် တာပေါ့နော်။ အဲဒါလေး အဲဒီ Message လေး ကိုယ်က ရလိုက်တာပေါ့။ အဲဒါရိုက်တုန်းက သမီးက ၁၆ နှစ်၊ ၇ တန်းအခန်းထဲ ဝင်ရိုက်တာ။ အမှန် သမီးအသက်က ၃၂ ရှိပြီ ဦး။

ဝိုး...။

ဘယ်သူမှ မယုံဘူး။ အဲဒီကားကို ပရိုဂျူဆာနဲ့ ပတ်သက်ပြီး၊ ဒါရိုက်တာနဲ့ ပတ်သက်ပြီး ကိုရီးယားတွေ ဗမာပြည်ကို လာလေ့လာတာပေါ့ နော်။ လေ့လာတော့ မမို့လည်း ကျေးဇူးပြုပြီး လာပေးပါပေါ့ဆိုတော့ ကိုယ်ကလည်း... အဲဒီတုန်းက သမီးက နည်းနည်းငယ်သေးတော့ ၃၀ ကျော်ဆိုတော့ နည်းနည်းပါးပါး ဟော့ရှော့တွေဘာတွေ ဝတ်သွားလိုက်တာ ပေါ့။ တူမလေးလည်း ပါသွားတာပေါ့။ ကြည့်ရင်းနဲ့ တူမလေးကို သူလားတဲ့။ သမီးလို့ မထင်ဘူး။ အဲဒီတော့ သမီးကလည်း သီလရှင်ထွက်ခါစ ဆံပင် အတိုလေးနဲ့ဆိုတော့ ပိုရုပ်က ဆင်နေတယ်။ အဲဒီတုန်းက တူမလေးက ၇ တန်း၊ လသာ ၂မှာ။ သူတို့အခန်းထဲမှာ ဝင်ရိုက်တာ။ အမှန်တော့ သမီး အသက် ၃၂ ရှိပြီ ဦး။ ဆိုလိုတာကလေ သမီးမှာ အိမ်ထောင်သားမွေး မရှိတဲ့အခါကျတော့ အဲဒီအသက်အရွယ်မှာလည်း သမီး ၇ တန်းအခန်းထဲကို ဝင်ရိုက်လို့ရတယ်။ ရသေးတယ်။

**ခုနက သမီး သီလရှင်ဝတ်ထားတယ်ဆိုလို့ ပြောရဦးမယ်။ "မသုဓမ္မစာရီ" ရိုက်ဖို့အတွက်ကို သီလရှင်ဝတ်တယ်နော်။**

ဟုတ်ကဲ့၊ ဟိုးတုန်းက သမီး တစ်ကြိမ်ဝတ်ဖူးတယ်ပေါ့နော်။ စိတ် ကောက်လို့ ဝတ်ပါတယ်ပေါ့။ စိတ်ညစ်လို့ ဝတ်ပါတယ်ပေါ့နော်။ ဘယ်လို လုပ် ကုသိုလ်ရနိုင်မလဲ။ ဒီတစ်ခါကျတော့... **မသုဓမ္မစာရီ** မှာကျတော့ ဝတ်လိုက်တယ်။ ဒါပေမဲ့ သမီး သီလမယူဘူး။ ညဘက် လူဝတ်တယ်။ ဘာလို့ဆို သီလအပြည့်မရမှာစိုးလို့။ သရုပ်ဆောင်တယ်ဆိုတာလည်းလေ သီလထဲမှာ ပါနေတာလေ။ သီချင်းတောင်မဆိုရမှတော့ သရုပ်ဆောင်တာ လည်း ပါနေမှာကြောက်တော့ သမီး မဝတ်သေးဘူး။

**သီလရှင်ဝတ်တဲ့အချိန်တုန်းက ၃၃ လမ်းထဲမှာ ဆန်ခံလာမယ်။ သူ့ကို တစ်ဇွန်းဆန်မလောင်းနဲ့ တစ်အိတ်ဆန်လောင်းရမယ်ဆိုလို့ ၃၃ လမ်းထဲက အကုန်လုံး စာပေတိုက်တွေကပါ လိုက်ပြီး လောင်းကြတယ်။**

ဟုတ်… ဟုတ်၊ သမီးက ဒီလိုပါဦးရယ်။ သမီးက အဲဒီကျောင်းမှာ မဝတ်ဘဲ တခြားကျောင်းမှာ ဝတ်မလို့ပေါ့နော်။ နောက်… အဲဒီကျောင်းမှာ တင်ပဲ ကားရိုက်လိုက်တယ်။ ရိုက်လိုက်တဲ့အခါကျတော့ သမီးပါ ဆွမ်းစားတဲ့ အခန်း ရိုက်ရတာပေါ့ဦးရယ်။ အဲဒီမှာ ငါးနုပ်ခြောက်လေးက ဒီလောက် လောက် နှစ်တောင့်၊ ငါးနုပ်ခြောက်နော် ဦး။ ငါးနုပ်ခြောက်နှစ်တောင့်ရယ်၊ ပြီးတော့ ချဉ်ပေါင်ရည်က အရည်ကျဲ။ ချဉ်ပေါင်အရည်ကျဲရယ်၊ ငါးပိရည်တစ် ပန်းကန် ဒီလောက်လောက်ကို ငါးပါး စားရတယ်။ ငါးပါးကို သူတို့အတွက် ကြက်သားက ဘာလဲဆိုရင် ခရမ်းကြွပ်သီး။ အဲဒါကို အသားလုပ်ပြီး စားရ တာ။ သီလရှင်လေးတွေက ပြောတယ်။ သီလရှင်အသက် ချဉ်ပေါင်ရွက်တဲ့။ သူတို့က ချဉ်ပေါင်ပင်လေးတွေ စိုက်ထားရတယ်။ အဲဒါ ချဉ်ပေါင်ရည်ကျဲပဲ စားရတာနော်။ သမီးတို့တွေလို ချဉ်ပေါင်မွှေတို့၊ ချဉ်ပေါင်ပျစ်တို့ မဟုတ်ဘူး။ အသားဖတ်၊ ငါးဖတ်လည်း မပါဘူး။ အဲဒါကို သမီးမြင်လိုက်တဲ့အခါကျတော့ သမီး စိတ်မကောင်းဖြစ်သွားတယ်။ ဖြစ်သွားတော့ သမီးအမျိုးသားကို ပြော တယ်။ ဟိုဘက်ပြည့်စုံတဲ့ကျောင်းမှာ မဝတ်တော့ဘူး။ ဒီမှာပဲ သမီးဝတ်တော့ မယ်လို့။ ဝတ်တဲ့အခါကျတော့ သမီးက နောက်တစ်ခု ဘာစဉ်းစားလဲဆိုတော့ ဘာဘ ဦးသုခလည်း ရှိတာပေါ့နော်။ ဘာဘလို့… သမီး ဆန်ခံကြွချင်တယ်၊ သမီး ဆန်ခံလို့ ရလားဆိုတော့ ရတာပေါ့တဲ့။ သမီး သီလရှင်ပဲလေတဲ့။ ဦးရယ်… အမှန် ကားခတောင် မနည်းဘူး ကုန်ပါတယ်။ သမီးအမျိုးသားက ကားအကြီးကြီး စီစဉ်ပေးတာ။ တစ်အချက် သမီး အနုပညာအသိုင်းအဝိုင်း၊ စာပေအသိုင်းအဝိုင်း၊ ရုပ်ရှင်အသိုင်းအဝိုင်းတွေ လိုက်ပြီးတော့ ဆန်ခံရင် နောက်ဘဝ သမီး ရေစက်ဆုံချင်တယ်ဦးရယ်။ သမီး နောင်ဘဝကျရင်လည် မင်းသမီးပဲဖြစ်ချင်တယ်။ ဒီအနုပညာအသိုင်းအဝိုင်းက လူပဲ ဖြစ်ချင်တယ်။ သမီး အနုပညာအသိုင်းအဝိုင်းက သူတွေကို သမီးဆွေမျိုးလိုကို ချစ်တယ် ဦး။ အဲဒီအတွက်ကြောင့်မို့ သမီး ရေစက်ဆုံချင်တယ်။ အဲဒီအတွက် သမီး ဆန်ခံကြွတာ။ နောက်… နှစ်အချက်က ဒီကျောင်းမှာ မပြည့်စုံဘူး။ ဦးတို့လှူ လိုက်တဲ့ ဆန်တွေကို သူတို့ ဘာလုပ်လဲဆို ရင် ရောင်းစားတယ်။ ကျောင်းမှာ ပန်းကန်တွေ အလှူလုပ်မယ်ဆို ပန်းကန် မရှိဘူး။ အိုးမရှိဘူး။ အိုးအကြီးတွေ၊

အလှူလုပ်ဖို့ အိုးကြီး မရှိဘူး။ အဲဒီအတွက် အိုးတွေ၊ ပန်းကန်တွေ အပြည့်အစုံရသွားတယ် ဦး။ အဲဒီအတွက် သမီးလည်း ဦးကို သာဓုခေါ်သလို ကျေးဇူးလည်းတင်ပါတယ်။ အခုမှ... ဒါ ဦးပြောတဲ့ စာပေလောကက အလှူရှင်တွေကို သမီး ဒီကနေပြီးတော့ ကျေးဇူးတင်တဲ့အကြောင်းလေး ပြောချင်ပါတယ်။ အဲဒီကျောင်းမှာ အစက အိုးခွက်ပန်းကန် မရှိဘူး။ သူတို့ရတဲ့ ဆန်အများကြီးကို သိုလှောင်ထားလို့လည်း မရတဲ့အတွက် ရောင်းလိုက်ပြီးတော့မှ အလှူလုပ်ဖို့ အိုးတွေဝယ်ဖြစ်သွားတယ်။ နောက် အလှူလုပ်ဖို့ သူတို့မှာ ပန်းကန်တွေ ရှိသွားပါတယ်။ အစက ရှိကိုမရှိတာပါ ဦးရယ်။

**အဲဒီအတွက် အကျိုးကျေးဇူးလည်း ရတယ်။**

ဟုတ်ကဲ့ရှင့်၊ ဒါကတော့ မြင်ရတဲ့ အရာပေါ့။ အကယ်ဒမီလည်း ကိုယ်ရလိုက်တယ်ပေါ့နော်။ မမြင်ရတဲ့အရာတွေမှာလည်း ကိုယ် အများကြီး ရှိတာပေါ့ ဦးရယ်။

**ဟုတ်ပါတယ်။ ရခဲ့တဲ့ အကယ်ဒမီတွေကတော့ အော်ရီဂျင်နယ် ဝတ္ထုတွေချည်း ရခဲ့တာနော်။ သမီးနဲ့အမေများကျတော့ Laceရိုက်တာ ပေါ့နော်။**

ဟုတ်ကဲ့၊ မသုမဓွစာရီ မတိုင်ခင်ကပေါ့။

**"Lace"ဆိုတဲ့ ဇာတ်ကားကို မိုးမိုး ဒါလေး ကြည့်ကြည့်ပါလား ဆိုတော့ မိုးမိုးကြည့်ခဲ့တယ်။ ကိုကြည်စိုးထွန်းက ဖန်တီးတာပေါ့နော်။ အဲဒီမှာလည်း ကိုကြည်စိုးထွန်း ကြိုးစားတဲ့အချက် ရှိသေးတယ်။ အဲဒါ ဘာလဲဆိုတော့ အမေများထဲမှာ မဝါနဲ့ ခင်သန်းနုကို... ချိုပြုံးရယ် ဒီသုံးယောက်ကို ဆုံပေးဖို့ သူကြိုးစားတယ်။ ဒါပေမဲ့ တစ်ယောက်နဲ့ တစ်ယောက် ဘယ်လိုမှ ညှိလို့မရတဲ့အခါကတော့ သူ လက်လျှော့လိုက်ပြီးတော့ ရုပ်ရှင်လောကကနေ နားနေတဲ့ မြင့်မြင့်ခိုင်ကို ခေါ်ပြီး ရိုက်ရတယ်နော်။**

ဟုတ်ကဲ့ရှင့်။

**အဲဒီတော့ ဟိုဘက်က ကားကိုလည်း ကိုယ်ကြည့်ဖူးတယ်။ "Lace"ကို ကြည့်ဖူးတယ်ဆိုတော့ ဟိုဘက်က အငွေ့အသက်များ ကိုယ့်ဆီ ရောက်နိုင်လား။**

သမီးလေ အဲဒီအစောပိုင်းဆိုရင် သမီး ကုလားကားတွေ မကြည့်ဘူး။ သူတို့ဆီက ဒီ... ခေါင်းခါတာတွေ၊ လက်တွေပါမှာ သမီး သိပ်ကြောက်

တယ်။ နောက်ပိုင်း အဲဒီ **Black**တို့၊ **Life of Pie**တို့၊ နောက်ပိုင်း တော်တော်များများ ဘိုဆန်တဲ့ကားတွေ ကြည့်ဖြစ်တယ်။ သူတို့လည်း နောက်ပိုင်း ချိန်းလာတယ်။ အိုက်တင်တွေက…။

**ဟုတ်တယ်… ဟုတ်တယ်။**

အဲဒါတွေတော့ လက်မခံလို့မရဘူး။ လက်ကို လက်ခံရမယ်။ သူတို့ ဘာကြောင့်ချိန်းတယ်၊ ဘယ်လိုချိန်းတယ် ဒါတွေကို ကိုယ် လေ့လာရမယ်။ မလေ့လာလို့ မရဘူး။ အစောပိုင်းကတော့ သမီး မကြည့်ဘူးပေါ့နော်။ Lace ကိုတော့ သမီး သေချာမကြည့်ဘူး။ ဘာလို့ဆိုရင် သမီး ကူးစက်မှာ ကြောက်တယ်။ မြန်မာပြည်က မို့မို့မြင့်အောင်က ဇာတ်ကျောရိုးကိုပဲ သမီးကြီးအောင်ပဲလုပ်တယ်။ မြန်မာပြည်က မို့မို့မြင့်အောင်လုပ်လိုက်တဲ့ အိုက်တင်ပဲ ဖြစ်မယ်။ ဘာဖြစ်လို့လဲဆိုတော့ ဦးရယ်… သမီးက အဓိကပြောချင်တာက အခု အင်တာနေရှင်နယ်… အင်တာနေရှင်နယ် အော်နေကြတယ်။ ဘိုဆန်တဲ့ကား ရိုက်လိုက်ပါ၊ ဘိုလိုအိုက်တင်လုပ်ချလိုက်ပါ။ မျက်လုံးချည်းပဲ ချလိုက်စမ်းပါ၊ ဖိုက်လိုက်စမ်းပါ၊ ငိုတာကို ဘယ်လိုငိုလိုက်စမ်းပါ၊ မျက်ရည်ကျချင်မှ ကျတာ။ လုပ်ပါ ကိစ္စမရှိဘူး။ ဒါပေမဲ့ မြန်မာအိုက်တင်က မြန်မာလိုလုပ်ရမှာတွေလည်း ရှိပါတယ် ဦးရဲ့။ နှလုံးသားချင်း မတူဘူး။ သမီးတို့ဆီက သားသမီးက မိဘကိုချစ်တာနဲ့ ကွာတယ်နော် ဦး။ Asia က နှလုံးသားနဲ့ ကွာတယ်နော် ဦးရဲ့။ အဲဒါကြောင့် သမီး ဇာတ် ကျောရိုးကိုပဲ ယူတယ်။ ဒီက မြန်မာဆိုတဲ့ သားသမီးရဲ့ ချစ်တဲ့၊ အမေကိုချစ်တဲ့ မေတ္တာက ပိုနက်နဲတယ်လို့ သမီးထင်တယ် ဦး။ ဟိုမှာ… အသက် ကြီးလာရင်တောင် ဘိုးဘွားရိပ်သာ ပို့ပစ်လိုက်တာလေ။ သမီးတို့ဆီမှာ မပို့ရက်ဘူး။ သမီးအမေဆို ၉၇ ပြည့်ပြီး ၉၈ နှစ်။ သမီး ပိုးလို ဥထားတာ သမီးအမေကိုလေ။ တစ်ခါတလေကျရင်လည်း အဲဒီလို ခွဲယူရတာတွေ ရှိတယ်။ သမီးကလေးတွေ သင်တဲ့အခါကျရင်လည်း အင်တာနေရှင်နယ်ကိုလည်း လုပ်ပါ။ ဒါပေမဲ့ သမီးတို့ဆီမှာ အင်္ဂလိမာလကိုလည်း မသိလို့ မရဘူး၊ သိထားရမယ်။ အမေကိုတောင် လက်ညှိုးဖြတ်ဖို့ ကြိုးစားတာလေ။ ဒါတွေ မသိလို့မရဘူး၊ သိထားရမယ်။ သမီးက အဲဒီမှာ **Lace**မှာ နောက်ဆုံး အမေကို သိလည်းသိချင်တယ်၊ သူရွေးထားတဲ့ဟာနဲ့ တူပါ့မလား။ တူမှာတော့ သေချာတယ်။ မတူခဲ့ရင်ရော ဆိုတဲ့ မျက်လုံးမှိတ်ထားရာကနေ အဖွင့်ကို သမီးယူထားတာ။ ဝါဝါက ရွေးပြီးသားဖြစ်နေပြီ ဦးရယ်။ ဒါပေမဲ့ အဲဒီဥစ္စာကလည်း သမီး

ဦးကြည်စိုးထွန်းကို တောင်းဆိုတာ။ သူ သွေးက စကားပြောနေပြီ။ သူသိနေပြီ။ "ကျွန်မ ဟောဒီသွေးတွေ ဖောက်ရင်... ဖောက်ရင်..."ဆိုတာ အဲဒါတွေ အကုန်လုံး သမီး အစားထည့်ထားတာ။ ဝုန်းဒိုင်းကြဲအောင် သမီးချထားတာ။ သုံးယောက်အားနဲ့ သမီးတစ်ယောက်အားနဲ့ လုပ်ရတာလေ။ အမေသုံးယောက် တစ်ယောက်ချင်း၊ တစ်ယောက်ချင်း လုပ်သွားပြီးပြီ။ သမီး ကာလာတွေလည်း သတိထားတယ် ဦးရဲ့။ အဲဒီကာလာတွေကိုလည်း အစောကြီး ကတည်းက ဦးဝင်းဖေနဲ့ သမီး စကားပြောဖူးတော့ သမီး မှတ်ယူဖူးတယ်။ သမီး ပရိုဂျူဆာ မလုပ်ဖူးဘူး။ သမီးကို ပရိသတ်ကပေးတဲ့ အကယ်ဒမီ လိုချင်တယ်။ သမီး ပိုက်ဆံထုတ်ရိုက်တဲ့ အကယ်ဒမီကို သမီး မလိုချင်ဘူး။ ဒါပေမဲ့ သမီး ပရိုဂျူဆာအနေနဲ့ တစ်ကားရိုက်ဖူးတယ်။ ဦးတောင် သိလိုက်မှာ မဟုတ်ဘူး။ ဦးဝင်းဖေနဲ့ ရှယ်ယာ **ပြေး** ဆိုတဲ့ကား သမီးရိုက်တာ။ အဲဒါ ဦးဝင်းဖေနဲ့ ရှယ်ယာ။

ဩော်... "ပြေး" ဆိုတဲ့ကား။

ပိုက်ဆံအတွက် ရိုက်တာ မဟုတ်ဘူး။ သမီး ဦးဝင်းဖေကို အရမ်းချစ်လွန်းလို့၊ ပညာကို လေးစားလွန်းလို့၊ ကားအတူတူရိုက်ချင်လွန်းလို့ **ပြေး** ကို သမီးရိုက်ခဲ့တာ။ သူနဲ့ သမီးနဲ့ကျတော့ ဘာတွေပြောလာပြီလဲဆိုရင် ကာရိုက်တာတစ်ခုရဲ့အရောင်၊ လူတစ်ယောက် စိတ်ရဲ့အရောင်၊ အခု ဦး ဒီအင်္ကျီဝတ်ထားတယ်ဆိုရင် ဦးမှာ ဘယ်လိုစိတ်ရှိတယ်ဆိုတာ သမီး ဖမ်းလို့ရတယ်။ ဒီပန်းအိုးဟာ ဘယ်လိုပုံစံနဲ့ ထိုးလဲ၊ ထိုးသူရဲ့စိတ်ကို သမီး ဖမ်းလို့ရတယ်။ ဒါတွေက ပန်းချီတွေ၊ ပန်းပုတွေက လာတဲ့ ပညာတွေဖြစ်နေတယ်။ အဲဒီတော့ ဦးဝင်းဖေက စကားပြောတယ်။ ခုနကလိုပဲ သမီး ဒီကားကိုရိုက်တဲ့အခါမှာ ဒါရိုက်တာ ညွှန်ကြားစရာမလိုဘူး၊ သမီးဘာသာသမီး စီစဉ်ထားတယ်။ အဲဒီလို သမီး ဂရုစိုက်တယ် ဦးရဲ့။ သမီး စိတ်ရဲ့ ကာလာတွေပါ၊ ကာရိုက်တာရဲ့ ကာလာတွေပါ သမီး ဂရုစိုက်တယ်။ အဲဒီမှာ သမီး အကြိုက်ဆုံးအခန်းပေါ့နော်။ အဲဒီမှာ တစ်ခုချင်းပြနေပြီ။ ဖိနပ်က အနီရောင်လာတယ်၊ လက်စွပ်က အစိမ်းရောင်လာတယ်။ ပိုက်ဆံအိတ်က အဝါရောင်လာတယ်။ အဲဒီသုံးခုကို ပြနေတယ်။ အဲဒီအချိန်မှာ ပရိသတ်က လည်း ဘယ်သူလဲ...ဘယ်သူလဲပေါ့။ ပရိသတ်ရဲ့ ပဟေဠိကို သမီးက တွန်းပို့ရမှာ။ တွန်းပို့ရမှာဆိုတော့ သမီးကပါ ပဟေဠိကို ပိုလုပ်ပြရမယ်။ ရွေးထားတာမှ ဟုတ်ပါလေစ၊ သေချာပါလေစ၊ ငါ မျက်လုံးဖွင့်ကြည့်ရင် ငါ့အမေမှ ဖြစ်ပါ့

မလား... ဖြစ်ပါ့မလား ဆိုတဲ့ အသိစိတ်နဲ့ အဲဒီလို ဖွင့်ရတာ။ သမီးက မုဒ်တွေလည်း ခုထိ မမေ့ဘူး။

**တော်ပါတယ်၊ ဒါကြောင့် ဘဘက ကဝေမလို့ ပြောတာ။**

သမီး ရှုးသွပ်တယ် ဦးရဲ့။ အဲဒါ ဘဘဦးသုခက မှည့်လိုက်ရတဲ့ အကြောင်းအရင်းကတော့ သမီး အခုလိုပေါ့နော်... ဘဘက ပျင်းနေရင် သမီး လာလည်၊ ဘဘအတွက် မုန့်ကလေးဘာလေး ဝယ်သွား၊ စကားတွေ ဘာတွေ ပြောပေါ့။ ဘဘဦးသုခက အမှန်တော့ **အတ္တ** ဆိုတဲ့ ဝတ္ထု ဦးလည်း သိမှာပါ။

**သိတယ်။**

စာရေးဆရာလည်း ကျော်သူပဲလား မသိဘူးနော်။ အဲဒီဝတ္ထုတိုလေးကို ရိုက်ချင်တာ။ မို့မို့မြင့်အောင်နဲ့ ရိုက်ချင်တယ်ဆိုတော့ ဘဘဦးသုခ ပထမ ရိုက်မယ်ပေါ့။ ဒီလောက်ပဲ သိပ်မပြောဘူး။ ဒီလောက်ပဲ သူ့တပည့်တွေက အကုန်လုံး ဒေါ်သင်းသင်းယုတို့ဘာတို့ ဝိုင်းပြောကြတာပေါ့။ မို့မို့မြင့်အောင်... နင်တို့ မို့မို့မြင့်အောင် ဘယ်လောက်တော်လို့လဲ။ ရွှေကြည့်လောက်တော်လို့လား။ ဘဘက ရွှေကြည်မှ ရွှေကြည်ပဲ။ ဒေါ်ကြည်ကြည်ဌေးမှ ဒေါ်ကြည်ကြည်ဌေးပဲ။ အဲဒါနဲ့ ရန်အောင့်ရဲ့အစ်ကို စေ့စပ်ပွဲလုပ်တော့ သမီးက သွားတာ ဘဘကို တွေ့ရော။ သမီးက လူကြီးတွေကို လေးစားတယ်။ လူကြီးတွေက လူငယ်တွေနဲ့ စကားပြောရင် ပျော်တတ်တယ်။ လူငယ်တွေရဲ့ ပြောတဲ့စကားလုံးကို ပျော်တတ်တယ်။ သူတို့မှာ ပျော်ရွှင်မှု သိပ်မရှိကြတော့ဘူး။ အဲဒီတော့ သမီးက လူကြီးတွေကို လေးစားသော၊ Respect ပေးသော စကားလုံးလည်းဖြစ်ရမယ်။ သူတို့စိတ်ချမ်းသာမှုရှိသော စကားလုံးလည်းဖြစ်ရမယ်။ အနုပညာအာဟာရကျွေးသော စကားလုံးလည်း ဖြစ်ရမယ်။ လူကြီးတွေက အနုပညာအာဟာရ ပိုကြီးလေ ပိုငတ်မွတ်လေပဲ။ အဲဒီတော့ မို့က အာဟာရ သွားသွားကျွေးတယ် ဘဘကို။ ဘဘကလည်း သမီးပညာကို လေးစားလာတယ်။ အဲဒီမှာ ရန်အောင့်အစ်ကို စေ့စပ်ပွဲမှာ တွေ့တော့ သမီးက အဲဒီဇာတ်ကို ပြောပြတယ်။ ဘဘရယ် ဘဘခေါ်တာ ဒီဘက်က အခိုက်အတန့်...ဟိုဘက်က...သေသွားတော့ ဘယ်လိုမျက်လုံးမျိုးနဲ့သေမယ်ဆိုတော့ ဘဘက နားထောင်ပြီးတော့ အေး... ဟုတ်သားပဲ အဲဒီမျက်လုံးကလည်း အအေးတိုက် ရေခဲခန်းရိုက်မယ်ဆိုတော့ သမီးက ဝင်ရိုက်မှာ။ အဲဒီအခန်းက ဘယ်လို၊ စေ့စပ်တဲ့ကောင်မလေးက မျက်လုံး

လေးနဲ့ နောက်ဆုံးသေသွားတော့ ရှင်သတ်တာ၊ ရှင့်ကြောင့် ကျွန်မ သေရတာ။ ဒီမျက်လုံးကြီးနဲ့။ သေသာသေတာ အဲဒီငါးမျိုးသောက်ဖြစ်နေတာကြီးဆိုတော့ ဘဘက တစ်မျိုးဖြစ်သွားရော။ အိမ်ပြန်သွားတော့ သူ့တပည့်တွေက စောင့်နေတာ။ ဟာ... ဘဘပြန်လာပြီပေါ့။ ဘဘက အဲဒီကားက နှစ်ကိုယ်ခွဲမှ ကောင်းမယ်ထင်တယ်ဆိုတော့ တပည့်တွေက ဘယ်လိုဖြစ်လာရတာလဲ။ မို့မို့မြင့်အောင် ဘယ်လိုမွေ့ချလဲ မသိဘူး၊ ဦးသုခတော့ လည်ပြီး ပြန်လာတယ်ပေါ့နော်(ရယ်လျက်)။ အဲဒါနဲ့ ဘဘဦးသုခက သမီးပညာကို ချစ်တော့ ဒေါ်သင်းသင်းယုနဲ့ ကားရိုက်တဲ့အခါတွေ လိုက်လာတယ်။ အဲဒီတော့ **ရှိန်းသူ** လား မသိဘူး။ အဲဒီကားကို ရိုက်တဲ့အခါကျတော့ ရှုတင်လည်း ပျော်တာရော၊ ရှုတင်ထမင်းလည်း စားချင်တာကိုး။ လာရင်းနဲ့ အဲဒီမှာ မို့က ကင်မရာသည် ဒီကနေ ဘယ်လိုချိန်းမယ်၊ ဘယ်သူ ပရိုဖိုင်းယူမယ် သမီးက သိပြီးသားဆိုတော့ ကြိုကြိုပြီးတော့ ကင်မရာကို ကြိုခိုးထားတာ။ ဘဘကလေ နင် လူပါးမဝ,နဲ့နော်... လူပါးမဝ,နဲ့နော်တဲ့။ လူ့အပါးတွေ ဝ,လွန်းလို့ သူက လူပါးမဝ,နဲ့နော် ပြောရော။ Flow တွေ၊ Tone တွေ ဘဘက ကြိုက်တော့ အဲဒီအချိန်မှာ ထားပါတော့ဦးရယ်၊ နာမည်တွေ မပြောတော့ပါဘူး။ မင်းသား၊ နာမည်ကြီးမင်းသမီးကြီးရဲ့ သားက ပါတယ်။ သူ့Flow တွေက မမှန်ဘူးဖြစ်နေတယ်။ Flow တွေ၊ Tone တွေ မမှန်တဲ့အခါကျတော့ ဘဘက သင်တယ်။ သင်လို့မရတော့ သူ စိတ်တွေတိုလာရော။ တိုလာတော့ မို့မို့တဲ့၊ လာတဲ့၊ ထမင်းစားမယ်တဲ့။ ငါ လူတွေနဲ့ပဲ စားမယ်၊ ခွေးတွေနဲ့ မစားဘူးတဲ့။ လူလိုပြော... အဲ... ဘဘပြောတဲ့စကား။ လူလိုပြော...နင်။ ဘာလို့ဆိုရင် သူက အသံနဲ့ ဖမ်းတာကိုး။ မျက်လုံးက မကောင်းတော့။ ငါသာ ကျားပွတ်ဆရာဆိုရင်တဲ့ နင့်လို ခြသေ့်နဲ့ ကျားနဲ့ပဲ ကစားမယ်တဲ့။ ငါသာ မှော်ဆရာဆိုရင်တဲ့ နင့်လို ကဝေမနဲ့ပဲ ကစားမယ်တဲ့။ အဲဒီကနေစပြီး မို့မို့မြင့်အောင် ကဝေမ ဆိုပြီး သူက မှည့်လိုက်တာ။ အဲဒါနဲ့ သမီးက ကဝေမ ဖြစ်သွားပါလေရော။ သမီးက ဘဘဦးသုခနဲ့ သိပ်ရိုက်ချင်ပါတယ်။ နောက်ဆုံး ခင်စိုးပိုင်ရိုက်တဲ့ နေရာကို လုကြည့်သေးတယ်။ ရိုက်ချင်လွန်းလို့။ ဘဘက ဘယ်ပေးရိုက် မလဲ၊ တကယ့် Ventနေရာဆိုတော့ ခင်စိုးပိုင်ပဲ ပယ်ပယ်နယ်နယ်လုပ်မှာလေ။ ဘဘက သမီးကျတော့ ညှာနေမှာတဲ့။ မညှာနိုင်ဘူးတဲ့။ အဲဒါနဲ့ မရိုက်ဖြစ်တော့ဘူး။ ဘဘက အဲဒါနဲ့ **အတ္တ** ဆိုတဲ့ ကားကို အမေနေရာ၊ ယောက္ခမနေရာရွေးတာ

ဒေါ်တင်တင်မူမှ လိုချင်ပါတယ်ဆိုတော့ ဒေါ်တင်တင်မူကလည်း မရိုက်တော့ဘူး ကျန်းမာရေးအရ။ ဒီမျက်လုံးနဲ့ မာန်က ဒေါ်တင်တင်မူမှာပဲ ရှိတယ်ဆိုတော့ သမီးမှာ အဲဒီကားကို ဘဘနဲ့ မရိုက် လိုက်ရဘူး။ သမီးမှာ အရမ်းကြေကွဲတာပဲ။ သမီးက အဲဒီလို ပညာရှင်ကြီးတွေ ချဉ်းကပ်ချင်တယ်လေ။ ရသလောက်လေး လိုချင်တာပေါ့ ဦးရယ်။

**ဇာတ်ကားတွေအကြောင်း ပြောတာကောင်းပါတယ်။ ကြည့်တဲ့သူတွေလည်း ဗဟုသုတရတာပေါ့နော်။**

**၁၉၈၈ ခုနှစ်အရေးအခင်းဖြစ်လာတော့ ဖလင်တွေရှားသွားပြီ။ ရှားသွားတော့ ရုပ်ရှင်သမားတွေအတွက် ထွက်ပေါက်အနေနဲ့ ဗီဒီယိုဆိုပြီး ပေါ်လာတယ်။ အဲဒီတော့ ဗီဒီယိုကားတွေရိုက်ကြတယ်။ ဒါပေမဲ့ မိုမိုမြင့်အောင် မရိုက်ဘူး။**

ဟုတ်ကဲ့။

**နောက်တစ်ခါ တီဗွီမှာ ကော်မာရှယ်တွေကြော်ငြာတွေ ရိုက်ကြတယ်။ မိုမိုမြင့်အောင် မရိုက်ဘူး။ ဘာဖြစ်လို့ မရိုက်ခဲ့တာလဲ။**

ဗီဒီယိုမရိုက်ရခြင်းအကြောင်း သမီးစ,ပြောမယ်နော်။ ခုနကပြောသလို တစ်နှစ်ကို ကားအထုပ် ၂၀၊ သမီးကားက အများဆုံး။ သမီးတို့ခေတ်တုန်းက ရန်ကုန်မှာရိုက်မယ်ဆို ၁၅ ရက်ပေးရတယ် ရိုက်ရက်။ နယ်ကိုဆို ရက် ၂၀ ပေးရတယ်။ အဲဒီတော့ တစ်နှစ်ခွဲစာလောက်က သမီးမှာ လွတ်ရက်မရှိဘူး။ အဲဒီကြားလေးမှာ Sundayတစ်ရက်လောက်ပဲ ခွင့်တောင်းပြီး သမီး ပြက္ခဒိန်ရိုက်ရတယ်။ အဲဒီတော့ သမီး...ဗီဒီယိုကတော့ အဲဒီတုန်းက ရိုက်ကြပါတယ်။ ၁၀ ရက်တစ်ကားတို့၊ ၅ ရက်တစ်ကားတို့ ရိုက်ကြတယ်။ သမီး အဲဒီ ၅ ရက်တောင်ပေးဖို့ သမီးမှာ ရိုက်ရက်မရှိဘူး ဦးရယ်။ သမီး ဘယ်လိုရိုက်မလဲ။ ဗီဒီယိုရိုက်လိုက်ရင်လည်း သမီး ဗီဒီယိုရိုက်တဲ့ခေတ်ကျတော့ သမီး နှစ်နှစ်လောက် သမီး ရိုက်ရက်စ,ရတယ်လေ။ အဲဒီအချိန်ကျတော့ ကားကြီးပဲ သမီး ဦးစားပေးရတော့မှာပေါ့ ဦးရယ်။ သမီး အဲဒီတော့ မရိုက်နိုင်ဘူး။ မရိုက်နိုင်တော့ မီဒီယာသမားတို့ရဲ့ ထုံးစံ ဆွဲယူလိုက်တာတော့ "မရိုက်ဘူး"ဆိုပြီး ဆွဲယူလိုက်တာ။ ကဲ... မရိုက်ဘူးဆိုပဲ ထားလိုက်ပါတော့။ အဲဒီခေတ်တုန်းကတော့ ပြန်ရှင်းတာတွေဘာတွေ သိပ်မရှိလှဘူးဦးရဲ့။ ကဲ... ထားလိုက်ပါတော့။ နောက်... ကြော်ငြာအချိန်ကျတဲ့အခါကျတော့ ကြော်ငြာ မရိုက်ဘူးဆိုတာ ဖြစ်သွားပြန်ရော။ အမှန်တော့ သမီးကတော့ တစ်အချက်

သမီးအဖေကလည်း ပြက္ခဒိန်အများကြီးရိုက်တာတောင် မကြိုက်ဘူး။ ကြော်ငြာရိုက်တာလည်း မကြိုက်ဘူး။ နောက်... သမီးရဲ့ မိတ်ကပ်ဆရာ၊ မိတ်ကပ်ဆရာကိုလည်း သမီးဘဝရဲ့ ပါတနာလို သမီး သဘောထားတယ် ဦးရဲ့။

**ဟုတ်တယ်လေ။**

ဘာလို့ဆို သူအကြံဉာဏ်ပေးတာကိုလည်း သမီးယူတယ်။ အဲဒီတော့ သူကလည်း မကြိုက်ဘူး။ နောက် သမီးအမျိုးသားကလည်း မကြိုက်ဘူး။ အဲဒီသုံးဦးလုံးက မကြိုက်ဘူးဖြစ်နေတယ်။ သမီး ပညတ်ကြီးငါးချက်ရှိတာကိုး။ နိုင်ငံရေးမလုပ်ဘူး။ နောက်တစ်ခါ အပေါစားကျော်ကြားမှု မလိုချင်ဘူး။ တကယ့် ပန်းချီဆရာတစ်ယောက်ဆိုရင် သူ့ပန်းချီကားကို သူ့ဘာသာ အိမ်မှာ ထားမယ်။ သူ ပရိသတ်မလိုချင်ဘူး။ ကဗျာဆရာတစ်ယောက် ကဗျာတစ်ပုဒ်ကို စာအုပ်ထဲ ထားရင်ထားမယ်။ သူ ပရိသတ်မလိုချင်ဘူး။ ငွေရေးကြေးရေး မလိုချင်ဘူး။ ဒါပေမဲ့ သမီးတို့က သတ္တမအနုပညာဖြစ်တဲ့အတွက် ပရိသတ်လိုမယ်။ ငွေရေးကြေးရေးလိုမယ်။ နောက်တစ်ခုက အပေါစား ကျော်ကြားမှု၊ အရင်တုန်းက တကယ့်အနုပညာသမားတွေရဲ့ ပညတ်ချက်တွေရှိခဲ့ပါတယ်။ ဆိုတော့ သမီးက အဲဒါ နည်းနည်းနွယ်သွားတယ်။ ခုနက သမီးပြောသလိုပေါ့၊ ဘယ်ဇာတ်ဝင်ခန်းမှာ ဘယ်လိုအိုက်တင်ကြီးတွေ ပျစ်ပျစ်နှစ်နှစ်လုပ်နေချိန်မှာ “ဟ...ဟ...ဟ”ဆိုပြီး သမီးလုပ်ရမှာ ရှက်တယ် ဦးရဲ့(ရယ်လျက်)။ အဲဒီအချိန်အခါက အမှန်ပြောတာလေ။ တချို့က လာပြန်ရော... “ဆီးထုပ်မရိုက်ဘူး”ဆိုတာ။ အဲဒီတုန်းက ထက်ထက်မိုးဦးလေးက အောင်မြင်နေတာ။ သူ့အရွယ်လေးနဲ့ သူ့ဟာသူ ဆီးထုပ်ကိုင်တာ ချစ်ဖို့ကောင်းတယ်။ သမီးအရွယ်မှာ ဒါ... ဘယ်လိုလုပ်လိုက်တော့မလဲ ဦးရယ်။ တူမလေးတွေနဲ့ ရိုက်လိုက်ပါ၊ ဒါ မရိုက်ဘူးဆိုရင် ဆီးထုပ်မို့ ချိုး နှိမ်ပြီးပြောတာ မဟုတ်ဘူး။ အရွယ်က မလိုက်တော့ဘူး။ ရိုက်လိုက်ပါ၊ ခေတ်အရ ရိုက်ရတော့မယ်ဆိုတော့ ကဲ... ရိုက်မယ်ဆိုရင်တော့ အဲဒီလို နည်းနည်း ကလေးဆန်တဲ့ဟာလေးတွေ၊ ဆီးထုပ်ကလေးတွေတော့ မရိုက်ဘူးပေါ့နော်။ အဲဒီလောက်တော့ ပြောတယ်။ သြော်... ဆီးထုပ်မရိုက်ပြန်ဘူး။ ကဲ... ပြောကြတော့...၊ ကြိုက်သလိုသာ ပြောကြတော့...။

**မိုးမိုး ကြော်ငြာရိုက်တော့မယ်ဆိုပြီးတော့ ယုဇနပဟိုတယ်မှာ...။**

ကြော်ငြာမဟုတ်ဘူး၊ ဗီဒီယိုရိုက်မှာ။

**ဗီဒီယိုရိုက်တော့မယ်ဆိုပြီးတော့ ယုဇနဟိုတယ်မှာ စာနယ်ဇင်းပွဲလုပ်တဲ့အခါမှာ စာနယ်ဇင်းသမားတွေ အများကြီး ဝိုင်းမေးကြတယ်။ နောက်ဆုံး ဦး ဖြတ်လိုက်တယ်။ တော်လောက်ပြီ။ ဆက်မေးရင် ဆုံးမှာ မဟုတ်တော့ဘူး။ အဲဒီတော့မှ ဗီဒီယိုပြန်ရိုက်တာပေါ့နော်။**

ဗီဒီယို... အဲဒီမှာ ဦးရယ်၊ သမီးမှတ်မှတ်ရရလေးပြောရရင် သမီး မရိုက်သလို သမီး အဖေလို့ချစ်ရတဲ့ ဒါရိုက်တာ ဦးကြီးမြင့်၊ သူလည်း မရိုက်ပါဘူး။ သမီးတဲ့ တို့သားအဖ မရိုက်ဘူးနော်တဲ့။ ပါးပါးကလည်း မရိုက်ဘူးဆိုတော့...၊ သမီးမရိုက်တော့ ပါးပါးကလည်း တို့သားအဖ မရိုက်ဘူးနော်ပေါ့။ စကားက ပါးပါးက ပြောတာပေါ့နော်။ အဲဒီတော့ သမီးက ဗီဒီယိုရိုက်မယ်ဆိုတော့ ပါးပါးကိုလည်း ဖိတ်တယ်။ ပါးပါးက မျက်ရည်ဝဲပြီးတော့ ကိုယ်လေးပါယိုင်သွားတယ် ဦးရယ်။ ဩော်... ပါးပါးတစ်ယောက်တည်း ကျန်တော့တယ် သမီးရယ်တဲ့။ သမီးစိတ်မကောင်းတောင်ဖြစ်သွားတယ်။ ဘာဖြစ်လို့လဲဆိုတော့ သမီးတို့ ရုပ်ရှင်မှာ အဆင်မပြေတော့ဘူး။ သမီးအနုပညာကို သံချေးအတက်မခံနိုင်ဘူး။ အစက မရိုက်ဘူးဆိုတာ ရိုက်ရက်မပေးနိုင်လို့ မရိုက်ခဲ့ရတာ။ ဗီဒီယိုကို အထင်သေးလို့ မဟုတ်ဘူး။ အနုပညာဟာ အနုပညာပါပဲ ဦးရဲ့။ အဖြေက ရှင်းရှင်းလေးပဲ။ အဲဒီတော့ သမီး အနုပညာသံချေးကိုက်မခံနိုင်ဘူး ဦးရဲ့။ အဲဒီတော့ ဗီဒီယိုရိုက်တာ။ တကယ်လည်း ရိုက်လိုက်ပြန်တော့လည်း ဦးလည်း ကြားမှာပါ။ ဈေးကွက်တွေရော၊ အခွေဆိုင်မှာ Byname မင်းသမီးဆိုတာ ခေါ်ကြသလိုပေါ့။ မို့မို့မြင့်အောင်အခွေပေးပါ ဆိုတဲ့အထိ။ သမီးရိုက်ရက်က တစ်နှစ်ခွဲလောက် မရနိုင်ဘူး။ နောက်ပိုင်းဆိုလို့ရှိရင် ကားကြီး၊ နောက်ပိုင်းဆိုရင် ဒွေးတို့ ပေါ်လာပေမဲ့ သမီးနောက်မှာပဲ စာထိုးရတယ်။ ဘာလို့လဲဆိုတော့ ရောင်းတော့ သမီးနာမည်နဲ့ ရောင်းရတာ ဈေးကွက်မှာဆိုတော့လေ။ အဲဒီတော့ မို့မို့မြင့်အောင်၊ ဒွေး အဲဒီလို ထိုးရတာပေါ့လေ။ နောက်တော့ သမီးက ပရိဂျူဆာကို တောင်းဆိုတာ၊ ကိုစူဝမ်းပေါ့။ ဆုံးသွားပါပြီ။ ကိုစူဝမ်း... အဲဒီမှာ **လူဝိုင်း** ဆိုတဲ့ ဇာတ်တစ်ဇာတ်ရှိတယ်။ သမီးကလည်း မင်းသားဇာတ်ဆိုရင် မရိုက်ခဲ့ဘူးပေါ့။ ကိုကျော်သူနဲ့တုန်းကလည်း မရိုက်ခဲ့ဘူး။ ဟင့်အင်း မရိုက်ချင်ဘူး ငြင်းတယ်။ ကျော်ရဲအောင်ဆိုလည်း မရိုက်ချင်ဘူး ငြင်းတယ်။ အဲဒီတော့ သူ့ဇာတ်ကလေးက အဲဒီအတိုင်း ဝယ်ထားမိလျက်သားဖြစ်တော့၊

နှစ်ကားလောက်ပေါ့ **မိန်းမလည်သိန်းကြွယ်**ရယ်၊ **ဂျစ်တူး**ရယ် နှစ်ကားက မိုးမိုးမြင့်အောင်၊ ဒွေး အဲဒီလိုတပ်ရတယ်။ အဲဒီတော့ သမီးက စဉ်းစားတယ်။ သမီးဆရာကို ကျေးဇူးဆပ်ချင်တယ်။ ဒွေးကလည်း အိုက်တင်တော်နေတယ်။ ဆိုတော့ ကိုစူဝမ်း... အဲဒီ မိုးမရိုက်ခဲ့တဲ့ **လှုပိုင်း** ဆိုတဲ့ကားကို ဒွေးကို ခေါင်းဆောင်မင်းသား...၊ အဲဒီတုန်းက ဒွေးက ခေါင်းဆောင်မင်းသားမရှိသေးဘူး ကားကြီးမှာ။ သူ့ဦးလေးနဲ့ တွဲဖက်ပဲရှိသေးတယ်။ ဒွေးကို ခေါင်းဆောင်မင်းသားတင်မလား၊ တင်မယ်ဆိုရင် မိုးမိုး အဲဒီ **လှုပိုင်း** ကို ရိုက်ပေးမယ်။ ရိုက်ပေးမယ်ဆိုတော့ ဒွေးက မသိသေးဘူး။ ဒွေးက အိုက်တင်တော်နေတာပဲတဲ့၊ ရိုက်မှာပေါ့တဲ့။ ဆိုတော့ အဲဒီ **လှုပိုင်း** မှာ ဒွေးကို ခေါင်းဆောင်မင်းသားတင်ပြီး ရိုက်ပေးလိုက်တယ်။ သူ့နာမည်နဲ့ ထိပ်စီးက တင်ပေါ့။ နောက် မိုးမိုးမြင့်အောင်ပေါ့။ အဲဒီလိုရိုက်တယ်။ သမီး အဲဒီလို အရှေ့မှာ အများကြီး မင်းသားတွေ ရိုက်ပေးခဲ့တာတွေ ရှိပါတယ် ဦးရယ်။ ရှိတယ်၊ သိတဲ့သူလည်း သိပါတယ်။ အပြင်မှာလည်း ပြောတယ်၊ ဖွင့်မပြောရဲကြဘူးပေါ့နော်။ အဲဒီတော့... ဒွေးကတော့ ဖွင့်ပြောတယ်။ သမီးက ဗီဒီယိုဈေးကွက်မှာ ကျသွားတယ်။ Minus ပြနေပြီ။ အဲဒီတော့ **အဆိပ်သင့်ရင်ခွင်** ဆိုတဲ့ ကားလေးက ပေါက်တယ်။ အဲဒီကားလေးမတိုင်ခင်မှာ ဒွေးနဲ့ ပထမ သမီး ရိုက်ဖို့ကို ကိုမျိုးမင်းနဲ့ ဒွေးနဲ့ အဆင်မပြေတော့ မရိုက်ဖြစ်ပြန်ဘူး။ ပျက်သွားပြန်ရော။ အဲဒါ တစ်ခါ လွင်မိုးနဲ့ တည်ပြန်ရော။ လွင်မိုးနဲ့လည်း ပျက်သွားပြန်ရော။ နောက်တော့ စိုးစိုးနဲ့ လွင်မိုးနဲ့ ရိုက်လိုက်ကြတယ်။ ကိုယ်တွေလည်း မသိလိုက်ဘူး။ ဩော်...ရိုက်ပြီးသွားပြီလားဆိုပြီး နေလိုက်ရော။ အဲဒီကားက မသိလိုက်ဘူးပေါ့နော်။ နောက် ဒွေးက ပြန်လာပြီးတော့ အဲဒီကားကို ပြန်တည်ချင်တယ် ကိုမျိုးမင်းတဲ့။ ဒါရိုက်တာ ကိုမျိုးမင်း။ ပြန်တည်ကြရအောင် ဆိုတော့ တည်မယ်ပေါ့။ ဒါပေမဲ့ ပရိုဂျူဆာက မအေးအေးဝင်းပဲ။ မိုးမိုးမြင့်အောင်က ဈေးကွက်မရှိတော့ မထည့်ချင်ဘူး။ အဲဒါ ကိုမျိုးမင်းက မဟုတ်ဘူး၊ ဒါ သူနဲ့မှ ရမှာ။ ဒီအိုက်တင်က သူမှလိုက်မှာ။ နောက်ဆုံး ဒွေးက ဘာပြောလဲဆိုတော့ အဲဒီကားကို မိုးမိုးမြင့်အောင်မရိုက်ရင် ကျွန်တော် မရိုက်ဘူး။ အစ်မကတဲ့... အိုက်တင်တော်တာ၊ မတော်တာ ကျွန်တော် မပြောဘူးတဲ့။ ကျွန်တော့်ရဲ့ ကျေးဇူးရှင်။ ကျွန်တော့်ကို ခေါင်းဆောင်မင်းသားဖြစ်အောင် အစ်မက တင်ပေးတာတဲ့။ မိုးမိုးခေါ်ခဲ့တဲ့ မင်းသားတွေ အများကြီးမှာ အဲဒီလို ရဲရဲတင်းတင်းဖွင့်ပြောတာ ဒွေးတစ်ယောက်ပဲရှိတယ်။ အဲဒီလို ပြောတယ်။

အဲဒါနဲ့ ဒါ... ဗီဒီယိုမှာတော့ ဒွေးပြန်ဆွဲခေါ်တဲ့ စကားကို သုံးရမှာပေါ့နော်။ သူ ကျေးဇူးသိသိ၊ မသိသိလေ။ ဒါ ဒွေးပြန်ဆွဲခဲ့တာပဲ မို့မို့ကို။ ဒီကားက ပေါက်တာ ဆိုင်ဘယ်လောက်လဲမသိဘူး တက်သွားတယ်။ တော်တော်များ တယ်။ အဲဒီတုန်းက မို့က ပြန်ဝင်ခါစဆိုတော့ ဆိုင်တက်တာတွေဘာညာ မသိဘူးပေါ့။ နောက်ပိုင်းဆိုရင် ဆိုင်တွေ ၁၂ နာရီ၊ ၁ နာရီဆိုရင် မို့ကို ဖုန်းဆက်ပြီ၊ ရှုတင် ဘယ်လောက်မအားအား။ ဆိုင်ဘယ်လောက်တက်တယ်၊ ဘယ်တိုက်က ကိုယ့်အခွေဖြန့်မယ်၊ ဆိုင် ဘယ်လောက်တက်တယ်ဆိုတဲ့ အဲဒီရှူးသွပ်မှုပေါ့နော်။ အဲဒီလိုပေါ့၊ ဈေးကွက်ပေါ့နော်။ ပြန်ပြီးတော့ ကိုယ် Minus ပြတဲ့အချိန်လည်း ရှိတယ်။ ဒါပေမဲ့ ကိုယ်ပြန်ကြိုးစားတယ်။ မို့ အဲဒီ **အဆိပ်သင့်ရင်ခွင်** နဲ့ ဗီဒီယိုမှာ ပြန်ထပြီး ပေါက်သွားတာ။

**ခုနက ရှေ့တစ်ကျော့လောက် ပြန်သွားရအောင်။ ပထမဆုံးကား ရိုက်ဖြစ်တဲ့နောက်မှာ သီချင်းဆိုဖြစ်တယ်နော် ဘာဖြစ်လို့ဆို...။ မှတ်မိ လား မသိဘူး။**

သမီးကလည်း အဲဒီသီချင်းဆိုဖြစ်တာ အမှတ်တရ ဦးကိုပြောစရာ အများကြီးရှိတယ်။ ဦးဆီက တစ်ခုရှိတယ်... တစ်ခုရှိတယ်။ အမှတ်တရ သမီးကလည်း...(ရယ်လျက်)။

**သီချင်းဆိုတဲ့အကြောင်းလေး ပြောပေးပါဦး(ရယ်လျက်)။ စီးရီးထွက်ဖူးတာ ဦးမှတ်မိတယ်။**

စီးရီးက ဦးရဲ့... သမီးက အမှန်တော့ အဆိုဝါသနာလည်း မပါဘူး။ တော်လည်းမတော်ဘူး။ အဆိုတော်တဲ့စာရင်းထဲမှာလည်း မပါဘူး။ မကျော် ဘူးပေါ့နော်။ တော်မှ ကျော်မှာကိုး။ အဆိုတော်လည်း ဖြစ်မလာဘူး၊ အဆိုကျော်လည်း ဖြစ်မလာဘူး။ ဝါသနာမှ မပါတာကိုး။ သမီးဝါသနာပါတာ သရုပ်ဆောင်အလုပ်ပဲ ဝါသနာပါတာ။ အဖေလုပ်တဲ့သူက မင်းသမီးဖြစ်သွား ရင် စင်ပေါ်မှာဆိုစရာ ကိုယ်ပိုင်သီချင်းလေးတော့ ရှိရမယ်ဆိုပြီး မို့အဖေက အတင်းဆိုခိုင်းတာ။ သမီးအဖေက ဆိုရမယ်၊ သမီးကလည်း မဆိုချင်။ စစချင်း ဘာလုပ်လဲဆိုတော့ အိမ်မှာ အဆိုကျင့်ဖို့ဆိုပြီးတော့ အစ်မတွေက စန္ဒရားတီးအကုန်သင်ရတယ်။ အိမ်မှာ စန္ဒရားရှိတယ်။ အေဝမ်းဦးခင်မောင်တို့ ဆိုရင် သီချင်းတိုက်ပြီဆိုရင် အိမ်က စန္ဒရားနဲ့ လာလာတိုက်ကြတယ်။ ဦးဝင်းဦးတို့ဘာတို့ အိမ်မှာ သီချင်းလာတိုက်ကြတယ်။ အစ်မတွေက စန္ဒရား တီးသင်ရတော့ ဒါပေမဲ့ အစ်မတွေ စန္ဒရားတီးသင်ရင်တော့ သမီးက ကာလ

ပေါ်သီချင်းတွေဆိုရင်တော့ *ခရေပင်အောက်က ပိတောက်ချစ်သူ* တို့ဘာတို့ သမီးက လိုက်လိုက်တော့ ဆိုတာပေါ့နော်။ ဒါပေမဲ့ အိမ်မှာ မယ်ဒလင်ဆရာကြီးနဲ့ ပါးပါးက အဆိုသင်ခိုင်းတယ်။ ကိုယ်မှ ဝါသနာမပါတာ မဆိုချင်ဘူး။ အဲဒီမှာ သုခရဲ့ *အညာ* ဆိုတာ။ အဲဒီသီချင်းထဲမှာ အဲဒီမှာ စ,တာ ဦးရဲ့။ အဲဒီသီချင်းမှာ စပြီးတော့ ၂ ပုဒ်လား၊ ၃ ပုဒ်လား ဝင်ဆိုဖူးတယ်။ အမှန်တော့ အဆိုတော်လို့ မဟုတ်ပါဘူးဦးရယ်။ စတိတ်ရှိုးပေါ်မှာ ရုပ်ကလေးက ကြည့်ကောင်းနေတယ်ပေါ့ဦးရယ်။ အဲဒီစီးရီးအခွေကာဗာလေးက အဆင်ပြေနေတယ်ပေါ့။ အဲဒါနဲ့ပဲ မို့မို့မြင့်အောင်... မို့မို့မြင့်အောင် ဖြစ်တာ။ အမှန်တော့ ရှိုးပွဲကိုပဲ... ရှိုးဆိုတာ ဖက်ရှင်ရှိုးတွေကိုပဲ ကိုယ်က ပိုအားရှိတယ်။ ဒီဘက်မှာ မလွဲသာ မရှောင်သာနဲ့ လိုက်...လိုက်... လိုက်သွားရင်းနဲ့ အဲဒီမှာ သုံးနှစ်ပါ လိုက်သွားတာပေါ့ဦးရယ်။ အဲဒီမှာ သီချင်းစီးရီးထွက်ဖြစ်တော့ ကားပြိုင်ပွဲမှာ သမီးရဲ့ *ရည်းစားနှစ်ယောက်* အဲဒါက ဘယ်သူရေး ပေးတာလဲဆိုတော့ အခုခေတ်ကတော့ အေးဆေးဖြစ်သွားပြီလေ။ မိုင်နာဖြစ်သွားပြီလေ သိလား။ အဲဒါနဲ့ စောဘွဲ့မှူးက ရေးပေးတာ အဲဒီသီချင်းကို။ ကိုယ်ကလည်း သီချင်းလေးက သူများဆိုခိုင်းတော့ ဆိုတာပေါ့။ *"ကိုကို ကိုကိုလို့ ခေါ်ချင်လို့"* အဲဒီနေရာမှာ လွှမ်းမိုးကို ရေရေလည်လည်ရေးပေးတာပေါ့။ ဦးဝင်းငြိမ်းက လွှမ်းမိုး ဘယ်လိုတော်တာ၊ ဘယ်လိုတော်တာ။ မို့မို့မြင့်အောင်ရဲ့ *ရည်းစားစိတ်ကူး* သီချင်းကျတော့ "ဆွမ်းဆန်ထဲကို ကြွက်ချေးရောထားသလိုပဲ"ဆိုတာ ဦးရေးခဲ့တာ မို့မှတ်မိတယ်။

**ဟင်း... ဟင်း... ဟင်း...။**

မို့မို့မြင့်အောင်ရဲ့ စိတ်ကူးသီချင်းက ဆွမ်းဆန်ထဲကို ကြွက်ချေးရောထားသလိုပဲ ဖြစ်သွားတယ်။ ရုပ်ရှင်အောင်လံက ဟန်... ဝေ....။

**ဝေလင်းဟန်။**

ဝေလင်းဟန်သည် ဘယ်သူလဲ ပြောပါဦး(ရယ်လျက်)။

**ကျွန်တော်ပါ... ကျွန်တော်ပါ(ရယ်လျက်)။**

ဦးဝင်းငြိမ်းပါ။ ဘာပဲဖြစ်ဖြစ် အမှတ်တရပါပဲ ဦးရယ်။ အဲဒီအချိန်အခါနဲ့ဆိုရင်တော့ ဒါ မှန်ပါတယ်။ ဒါ တော်တော်ခေတ်မီနေတာပေါ့။ အခုအချိန်ဆိုရင်တော့ နှစ်ယောက်က ပျင်းတောင်ပျင်းသေးတာပေါ့။ အဲဒါ အတည်ရည်းစားထားတာ၊ အတည်မထားတာတွေ အများကြီးပဲ အခုဟာက။

**အဲဒီခေတ်ကတော့ ရည်းစားနှစ်ယောက်ထားတာ မသင့်တော်**

**ဘူးလေ။ လွန်ခဲ့တဲ့ နှစ်ပေါင်းလေးဆယ်လောက်ပေါ့။**

မသင့်တော်ဘူး၊ အဆန်းပေါ့။ သမီးမှတ်မိသေးတယ် ဦး။ စိုးသူ အကယ်ဒမီဧည့်ခံပွဲမှာ သမီးက ဒီလို အပြတ်ဝတ်လာတာ။ ဦးဝင်းငြိမ်းရေးတာ ရေးတာ... ရေးတာ။ ကဲ... အခုရေးလေ...(ရယ်လျက်)။

**အခုတော့ ရေးလို့ကို မနိုင်တော့ဘူး(ရယ်လျက်)။ မင်းသမီးတွေကိုက ပေါင်ရင်းလောက် ဘောင်းဘီတိုတွေ ဝတ်နေကြတာ။ ရေးလည်း ငရေးပဲ ဖြစ်တော့မှာ။**

ဦးကလည်း တစ်ယောက်တည်းနဲ့ အများကြီး ရေးလို့ရတာပဲ (ရယ်လျက်)။

**တော်ပါပြီ။ အသက်လည်း ၇၀ ကျော်ပါပြီ။ အဆဲလည်း မခံချင်တော့ပါဘူး(ရယ်လျက်)။ မို့မို့ရေ အကယ်ဒမီအကြောင်းလည်း... တောင်ကျော်မြောက်ကျော်တော့ ဖြစ်ကုန်ပြီပေါ့နော်။ ပြန်ပြောပါဦး။ ပထမဆုံးက...။**

**နှလုံးသားမြို့တော်**၊ နောက်တစ်ခါ **ခပ်စိမ်းစိမ်းနေပါ့မယ်၊ သမီးနဲ့အမေများ၊ မသုခမ္မစာရီ**၊ နောက်တစ်ခါ မြင့်မိုရ်ထက်က **သရဖူ**။ ဦးရဲ့ အဲဒါက... စ,တည်တာက ဒီဗီဒီ စ,တည်တာ။ ဦးငြိမ်းမင်းရဲ့ ဇာတ်ပဲ။ ဒီဗီဒီတည်ထားရင်းနဲ့ ဦးငြိမ်းမင်းက ဘာIdeaရလဲဆိုတော့...၊ ဦးငြိမ်းမင်းကို တကယ်ကျေးဇူးတင်ပါတယ်။ ဒီနေရာကနေပြီးတော့ ကန်တော့ပါတယ်။ ကျေးဇူးတကယ်ရှိတာပါ။ ဒါရိုက်တာက ဘယ်သူလဲဆိုတော့ ဦးသိန်းဟန် (ဖိုးနစ်)ပေါ့နော်။ သူတို့က ပရိုဂျူဆာပဲ။ ဒါရိုက်တာလည်း သူတို့ပဲ။ ခင်ဗျား တို့ ကားကြီးတင်ပါလား၊ ဇာတ်က သိပ်ကောင်းနေတယ်။ မို့မို့မြင့်အောင် ပြေးမလွတ်ဘူး၊ ကျုပ်ဇာတ်ညွှန်း ပြေးမလွတ်ဘူး။ ဒါရိုက်တာ ပြေးမလွတ် ဘူး။ ဇာတ်ကားကလည်း ကားအကြီးကြီး။ သူတို့လည်း တော်တော်ငွေကုန် ရှာပါတယ်။ ပြေးမလွတ်တာတွေ အများကြီးပဲပေါ့နော်ဆိုတော့ တည်လိုက်ပါ လား ကားကြီးဆိုတော့ သူတို့လည်း အားတက်သရော တည်ပေးကြတယ်။ အဲဒီဟာလေး အမှတ်တရပါ။ သမီးထည့်ပြောပါရစေ။ အဲဒါနဲ့ သမီးတို့ များ သောအားဖြင့်တော့ ကန်တော့ပွဲတွေ ပေးကြတာပေါ့နော်။ ပရိုဂျူဆာက ခရစ်ယာန်ဆိုတော့ ခရစ်ယာန်လို ကန်တော့ပွဲပေးတဲ့သဘောပေါ့နော်။ အာမန်ပေါ့။ အဲဒီကားရိုက်တော့ သမီးတို့ ကျောက်ဆည်မှာ သွားရိုက်တယ်။ ဦးရယ် ပရိုဂျူဆာ တော်တော်ပိုက်ဆံကုန်ပါတယ်။ မသဇင်ပေါ့။ အဲဒီမှာ

ခန်းမကြီးတစ်ခုလုံး မှန်တွေကွဲကုန်တယ်။ အကုန်ပျက်စီးကုန်တယ်။ လူတွေ တအားတိုးကြတာကိုး။ နေတိုးလည်းပါတယ်။ ထွန်းထွန်းလည်းပါတယ်။ အူဝဲလေးလည်းပါတယ်ဆိုတော့ အုံကြတာပေါ့ ဦးရယ်။ ကိုယ်က အဲဒီခန်းမ ကြီးမှာ ညဘက်ပဲ ရိုက်ရတာ။ နေ့ခင်း မရိုက်ရဘူး။ လျှော်ရပြန်ပြီ... စင်ခတွေပါ ပါတယ်။ နယ်မှာ လိုတာထက်လည်း ပိုကြာသွားတာပေါ့။ အများကြီးပေါ့ဦးရယ်။ အဲဒီတော့ တကယ့်ကားကြီး၊ ကားကောင်း၊ ကားသန့် ဖြစ်အောင် သူတို့ရိုက်တာ။ တကယ်လည်း ကျေးဇူးတင်ပါတယ်။ မသဇင်က ပြောပါတယ်။ ကျွန်မတို့ ရတာ၊ မရတာ သိပ်ဘာမှမဖြစ်ပါဘူးတဲ့။ မမို့ရ လိုက်တာနဲ့ပဲ ကျွန်မတို့ ကျေနပ်တယ်တဲ့။ တကယ်ကျေးဇူးတင်ပါတယ် သူတို့ ဇနီးမောင်နှံကိုလည်းလေ။ မို့ရလိုက်တာနဲ့ကို သူတို့မှာ ပီတိဖြစ်လို့ မဆုံးဘူးပေါ့။ အဲဒီမှာ သမီးကလည်း အဲဒီအကယ်ဒမီကရတဲ့ငွေကို သူတို့ ဘုရားကျောင်းမှာ သွားလှူလိုက်တယ်။

**လှူလိုက်တာပေါ့။**

ဟုတ်ကဲ့၊ ဘုရားကျောင်းမှာ။

**ဒါက ငါးခုမြောက်ပေါ့နော်၊ ခြောက်တို့၊ ခုနစ်တို့ လာဦးမှာ ပေါ့။**

သမီး We Love တွေက သူတို့အတွက် တစ်ခုယူပေးရမယ်တဲ့။ We Love တွေက မရဘူး... သူတို့က။

**အမျိုးသမီးသရုပ်ဆောင်တွေထဲမှာ ပြောမယ်ဆိုရင် မိုမိုပဲ ဝါရင့်ကျန်တော့တယ်လေ။ အန်တီဝါတို့၊ မနုတို့ကလည်း မရိုက်မှ မရိုက်ကြတော့ပဲ။**

ဟုတ်ကဲ့ရှင့်။

**မရိုက်ကြတော့ဘူးဆိုတော့ အမျိုးသမီးသရုပ်ဆောင်ထဲမှာ မိုမို ပဲ ဝါအရင့်ဆုံးအနေနဲ့ ရှိတာပေါ့နော်။ ကြုံရာ၊ ကျရာဇာတ်မှာလည်း...။**

အသက်ကြီးပြီပေါ့ဦးရယ်၊ အသက်ကြီးပြီလို့ ပြောလိုက်တာပေါ့နော် (ရယ်လျက်)။ ဒါပေမဲ့ သမီးထက်ကြီးတာ နှစ်ယောက်ရှိတယ်နော်။ ကိုကျော် သူနဲ့ မဆင့်က သမီးထက် အသက်ကြီးတယ်။

**ကိုကျော်သူကတော့ ထားလိုက်ပါတော့။ မဆင့်လည်း ကား ရိုက်တော်တော်ကျဲနေပါတယ်။ မိုမိုက ပါနေသေးတယ်... ပါနေသေး တယ်။**

သမီးပါတယ်ဆိုတော့… လာလာခေါ်တဲ့ ကားတချို့ အမေဖြစ်ရော ကားလေးတွေ ရှိတယ်ဦးရဲ့။ ဒါပေမဲ့ သမီး မရိုက်ဘူး။ ကားရှားရင် ရှားပါစေတော့။ သိပ်သရုပ်ဆောင်ရတာ အားမရ…။

**ကိုယ့်အသက်အရွယ်နဲ့ မလိုက်တာတွေမျိုးပေါ့။**

ဟုတ်ကဲ့၊ အဲဒါမျိုးပေါ့။ တချို့လည်း ပြီးပြီးရော… ဆိုတဲ့ဟာမျိုးတွေ မရိုက်ချင်ဘူး။ တစ်ကွက်လေးပဲ လုပ်ပြသွားတယ်ဆိုရင်ပဲ ကျေနပ်တယ်။ ဥပမာ ဟာသကားဆိုပေမဲ့လည်း တစ်ကွက်ကလေး လုပ်ပြနိုင်ရင် ကျေနပ်တယ်။ သိပ်ပေါ်နေပြန်ရင်လည်း မရိုက်ရဲပြန်ဘူး။ အဲဒါမျိုးတွေလည်း ရှိတာပေါ့နော်။ ဟိုတလောက သမီးတို့ Pay Per View မှာ ရိုက်သွားတဲ့ **နပန်းရှာ** ဆိုရင် ပေါ်နေတဲ့ကားမျိုးမဟုတ်ဘူး။ ဒါပေမဲ့ ပရိသတ်စိတ်ချမ်းသာတဲ့ကား။ ပေါ်တဲ့ကားနဲ့ ပရိသတ်စိတ်ချမ်းသာတဲ့ကား မတူဘူး။ တချို့က စိတ်သိပ်ညစ်ကြတယ် ဦးရဲ့။ စိတ်သိပ်ညစ်တော့လည်း အဲဒီတော့ စိတ်ချမ်းသာတဲ့ကားတော့ ကြည့်ချင်ကြတယ်။ စိတ်ချမ်းသာတဲ့ကားနဲ့ ပေါ်ကားနဲ့ မတူဘူးဦးရဲ့။ ပေါ်ကားက သတ်သတ်။ ပေါ်ကိုပေါ်နေတာ။ အလကားနေရင်း ပေါ်ပြနေတာတွေလေ။ အဲဒီတော့ စိတ်ချမ်းသာအောင်လုပ်တဲ့ဇာတ်နဲ့ ပေါ်ကားနဲ့တော့ မတူဘူး။ အဲဒါလေးတော့ ကွဲကွဲပြားပြားသိစေချင်တယ်။ ကြည့်လိုက်ရင် စိတ်ချမ်းသာတယ်။ ဩော်… ပျော်စရာလေးဆိုတာ ဖြစ်ရမယ်။ ပေါ်တာသက်သက်ကြီးတော့လည်း သမီးလည်း လက်မခံဘူး။

**မို့မို့မြင့်အောင်ပဲ ပေါ်တဲ့ကား ဘယ်ရိုက်လို့ရမလဲ။ ဦးမောင်မောင်ကျော်နဲ့ကိစ္စ ပြောပါဦး။**

အရေးအခင်းမတိုင်ခင်လေးမှာ သမီးက ၁၉၈၇ ခုနှစ်မှာ ဦးမောင်မောင်ကျော်က သမီးကို သုံးနှစ်ကြိုးစားပါတယ်။ စာနဲ့တစ်မျိုး၊ ဘာနဲ့တစ်မျိုးပေါ့လေ။ သမီးတို့ခေတ်က နည်းနည်းလေးရှေးဆန်တယ်ပဲ ပြောရင်ပြောပေါ့နော်။ သမီးကို တွေ့ခွင့်မရပါဘူး။

**စာနဲ့ဆိုတော့ ဒီကလေးတွေ နားလည်မှာ မဟုတ်ဘူး။ စာပေးတယ်ဆိုတော့…။**

ရည်းစားစာနဲ့ ကြိုးစားတာ။ တစ်နှစ်ကျော်ကျော် ကြိုးစားရတယ်။ အဲဒါလည်း သမီးက လက်မခံပါဘူး။ နောက်နှစ်နှစ်၊ သုံးနှစ် သူ ကြိုးစားယူရတာပေါ့နော်။ သူသည် တစ်ဦးတည်းဆိုတော့မှ သမီးက လက်ခံလို့ရတာပေါ့နော်။ ဘာလို့ဆိုတော့ သမီးကိုချစ်ထားတဲ့ ပရိသတ်တွေက အများကြီးရှိ

တယ်ဦး။ သမီးကို ပရိသတ်အချစ်လျော့သွားမှာ သိပ်ကြောက်တယ်။ အဲဒီအတွက် သို့သော်လည်း မင်းသားတစ်ယောက်နဲ့ နှစ်ယောက်ပေါ့နော်။ ဘယ်သူ့ကိုချစ်ရမလဲဆိုတာ ရွေးရတာပေါ့။ သမီးက ဒုတိယဆိုတဲ့ အိမ်ထောင်တစ်ခုမှာ ပိုတန်ဖိုးရှိချင်တယ်။ တစ်ခါ မှားခဲ့ပြီးပြီ။ နောက်ထပ် အမှားအတွေ့မခံနိုင်တော့ဘူး။ သမီးက ဒီတစ်ခါတော့ မိဘသဘောတူမှပဲ လက်ခံနိုင်တယ်။ မိဘက တကယ်မတူဘူးဆိုရင်လည်း သမီး မယူဘူးဦး။ မိဘလက်ခံအောင်လည်း သူနေပြတယ်လေ။ နေပြတယ်ဆိုတာ သူပြောပြတာပေါ့နော်။ သူက ခြေသုတ်ပုဆိုး မာန်စွယ်ကျိုးလိုမျိုးတဲ့၊ သူ ပုဆိုးတစ်ထည်နဲ့ အခိပ္ပာယ်နဲ့... သူကလည်း စာရေးဆရာဆိုတော့ ထုံးစံအတိုင်းပေါ့ဦးရယ်။ မို့က အဲဒီအချိန်မှာ ဖြစ်ချင်တော့ ဒီလို ဦးရဲ့။ သမီးက ချက်ချင်းကြီး ဆုံးဖြတ်ဖို့က ခက်ခဲတယ်လေ။ မိဘသဘောတူဖို့လည်း ဒါကို နားဖွင့်ဖို့က သမီး ခက်ခဲတယ်ဦး။ သမီး အလုပ်တွေလည်း လုပ်ချင်သေးတာကိုး။ သူက တစ်ရက်ကျတော့ သူတစ်ယောက်တည်း နေပြနေတယ်။ သူ လွတ်လပ်တဲ့လူလေတဲ့။ အဲဒီတော့ သူ သမီး နယ်ကပြန်လာတာကို ရထားကို လာကြိုချင်တယ်။ အဲဒီတုန်းက သမီးက ရထားနဲ့ ပြန်လာတာ။ ဟာ... သမီး အကြိုမခံရဲဘူး။ အိမ်ကလည်း သဘောမတူရင် သမီး မဖြစ်နိုင်ဘူးလေဆိုတဲ့အခါကျတော့ သမီးကို မကြိုပါနဲ့။ သမီး ဒီပတ်ဝန်းကျင်ပေါ့နော်၊ သမီးဘော်ဒီဂတ်လည်း အထင်သေးမှာလည်း အရမ်းကြောက်တယ်။ နောက်...ပရိသတ်ကလည်း မြင်သွားရင် သမီးကို အထင်သေးမှာ။ သမီးတို့ အဲဒီတုန်းက လုံလုံခြုံခြုံနေတာဦးရဲ့။ သိပ်ပြီးတော့ ဘယ်လိုခေါ်မလဲ လက်လွတ်စပယ်မနေတတ်ဘူးဦးရဲ့။ အဲဒီတော့ သူက ချက်ချင်းကြီးပဲ ဘာမပြော ညာမပြော သမီးကိုလည်း မပြောဘဲနဲ့ သွားတောင်းလိုက်ရမလား ဆိုတော့ သမီးက နောက်တယ်ပဲ အောက်မေ့တာ။ တကယ်ကြီး အဲဒီညနေမှာ အိမ်ကို သွားတောင်းတယ်ဦးရဲ့။ သမီးတောင် မသိလိုက်ဘူး။ သမီးဖေဖေက ဘာပြောလဲဆိုတော့ သမီးအလုပ်တွေ လုပ်နေရတုန်းပဲ။ အောင်မြင်နေတဲ့ အချိန်မို့လို့ ငါးနှစ်လောက်တော့ စောင့်ပါပေါ့နော်။ သူ့သမီးကို အလုပ်လုပ်စေချင်သေးတယ်။ အနုပညာအလုပ် လုပ်စေချင်သေးတယ်။ ပရိသတ်လည်း ချစ်နေသေးတယ်ပေါ့။ အဲဒါနဲ့ သူကလည်း စောင့်ပါမယ်ပေါ့။ ဒါပေမဲ့ အဲဒီအချိန်မှာပဲ ဖလင်တွေက ပြတ်သွားတဲ့အခါကျတော့ ဖလင်တွေက မရှိတော့ဘူးပေါ့။ အဲဒီတော့ သူ့ကို လက်ထပ်ခွင့်ပေးပါ ဘာညာနဲ့ဆိုတော့ လက်ထပ်

လိုက်တာ။ လက်ထပ်လိုက်ပြီး ၅ လလေးမှာပဲ ဖေဖော်ဝါရီမှာ လက်ထပ်တယ်။ မတ်၊ ဧပြီ၊ မေ၊ ဇွန်၊ ဇူလိုင်၊ ဩဂုတ်လဆန်း ၈ ရက်၊ ၈ ရက်၊ ၈ လပဲ ဦးရဲ့။ အဲဒီမှာ မကွေးကိုသွားရင်းနဲ့ Accident ဖြစ်သွားတယ်။ အခုချိန်အထိ ရှိပါပြီဦးရယ်။ သုံးဆယ်နဲ့ နှစ်နှစ်ပြည့်လို့ သုံးဆယ့်သုံးနှစ်ထဲကို ရောက်ပါပြီ။ အဲဒီမှာတင်ပဲ သမီးဟာ... ဝမ်းတွေ၊ ဆီးတွေဟာ သမီးလက်နဲ့ပဲ သွားတယ်။ သမီးလက်နဲ့ တွန်းချမှသွားတယ်။ သမီးလက်နဲ့ပဲ အစာကို ကျွေးရတယ်။ ဒါလေးပဲ အသက်ရှင်တယ်။ အဲဒီအချိန်မှာလည်း အရေးအခင်းဖြစ်ပြီ။ ၈၈ ကို တစ်နှစ်ကူးသွားတဲ့အချိန် ဖြစ်သွားပြီ။ အဲဒီအချိန် မို့က ကားမရိုက်တော့ဘူးလို့။ ဘာဖြစ်လို့လဲဆို လူပီသရမယ် ဦးရဲ့။ သမီးအမျိုးသားက သူက စီးပွားရေးနဲ့ပတ်သက်လို့လည်း၊ Businessနဲ့ပတ်သက်လို့လည်း နိုင်ငံခြားမှာ အဆက်အသွယ်တွေ အရမ်းကောင်းတယ်။ အမှန်ပြောရင် သမီး ဟောလိဝုဒ်ကို သမီးတက်ချင်တယ် ဦးရဲ့။ သမီး အဲဒီအတွက်လည်း မျှော်လင့်ပြီးတော့ ယူတာလည်း ပါတယ်။ ဒါပေမဲ့ ဒီလိုကြီးဖြစ်သွားပြီဆိုတော့ သူ့အတွက် သမီးဖြစ်ရတော့မှာ။

**ဒါပေါ့... ကိုယ်က ပစ်ထားလို့ ဘယ်ရမလဲ။**

ဟုတ်၊ လူဆန်ရတော့မယ်ဦး... လူဆန်ရတော့မယ်။ သမီး ၅ လလောက်ပေါင်းပေမဲ့ သမီး နှစ်ပေါင်းများစွာပေါင်းတဲ့ မိန်းမတစ်ယောက်လိုပဲ သမီး ပြုစုတာ။ နောက်ဆုံးတော့ ဘယ်လိုဖြစ်သွားလဲဆိုတော့ မို့အမျိုးသားနဲ့ မို့ အသက် ၂၀ နှစ်ကွာတယ်။ ဒါပေမဲ့ သားလေးတစ်ယောက်လိုဖြစ်သွားတယ်။ သားတစ်ယောက်လို အမေနဲ့သားလို ဖြစ်သွားတယ်။ ပြုစုပေးရင်းနဲ့ပေါ့။ အဲဒီလိုပေါ့... စားချိန်တန်၊ အိပ်ချိန်တန်... နောက်ပိုင်းကျ အခုဆိုရင် သူ့ဟာသူ ဘောပင်နဲ့ စာရေးနိုင်ပြီ။ ipad နဲ့လည်း ရေးတယ်။

**စာရေးနိုင်နေပြီလား။**

စာတော့ သွားမရေးခိုင်းနဲ့ ဦးရေ။ သူက Business အလုပ်ပဲ စိတ်ဝင်စားတယ်။ လာလာပြီးတော့ စာမူတောင်းကြတာတွေ များတယ်။ သူ့ကို ကက်ဆက်နဲ့ သွင်းခိုင်းတယ်။ သူကလည်း မရဘူး။ သူ့ဟာသူ ဘောပင်နဲ့ကိုင်ရေးတဲ့ ဖီလင်ကိုပဲ ကြိုက်တယ်။ ဒါကတော့ ကိုယ့်ရဲ့ခင်ပွန်းသည်ရဲ့ သမီး ခုနကပြောတဲ့ သမီးရဲ့ ဦးမောင်မောင်ကျော်ပေါ့နော်။ ပထမတော့ ရိုးရိုးဦးမောင်မောင်ကျော်၊ ဒါကတော့ မို့မို့မြင့်အောင်ရဲ့ ဦးမောင်မောင်ကျော်။ ဦးမောင်မောင်ကျော်သည်လည်း မို့နဲ့ပတ်သက်လို့ အနုပညာ

မှာရှိတဲ့ စာရေးဆရာတစ်ယောက်ဆိုတာ ပရိသတ်သိအောင် မိတ်ဆက်ပေးတာပါ။

**လာမယ့် ၂၀၂၀ မှာ မြန်မာ့ရုပ်ရှင်က နှစ် ၁၀၀ ပြည့်တော့မယ်။ ဝါရင့်၊ သမ္ဘာရင့်တစ်ယောက်ဖြစ်တဲ့ မို့မို့အနေနဲ့ ရုပ်ရှင်နှစ် ၁၀၀ အတွက် ဘယ်လိုများ Wish လုပ်ပေးချင်လဲ။**

၇၅ နှစ်မှာတုန်းကတော့ အသက်နည်းနည်းငယ်သေးတော့ ပျော်ပျော်ကြီး ဆင်နွှဲခဲ့တယ်။ ဓာတ်ပုံတွေရိုက်ကြ၊ ဘယ်လိုလုပ်ကြ၊ ပြဇာတ်တွေကကြပေါ့။ နှစ် ၁၀၀ မှာ ကိုယ်တွေက လူကြီးဆိုတဲ့အရွယ် ရောက်လာပြီ။ နှစ် ၁၀၀ ဆိုတာ ၇၅ နှစ်ထက်ကို ပိုပြီး တန်ဖိုးမြင့်လာပြီ။ ၁၀၀ ဆိုတဲ့ နှစ်ကြီးက အင်မတန်တန်ဖိုးကြီးပါတယ်။ နှစ်ပြည့်ကြီးပေါ့နော်။ တစ်ရာနဲ့ ထူးထူးခြားခြား ထိုက်တန်တာ ဘာတွေလုပ်ရမလဲဆိုတာလည်း အများကြီး လိုအပ်လာပြီပေါ့နော်။ မို့တို့ကတော့ ပံ့ပိုးကူညီဖို့အဆင်သင့်ပါပဲ။ ဘာလုပ်ရမလဲဆိုတဲ့ Idea တော့ အခုထိတော့ စဉ်းစားလို့ မရသေးဘူး။ ဒါပေမဲ့ လိုက်လေ့လာရဦးမယ်။ သူများတွေ ဘာတွေလုပ်ကြမလဲဆိုတာ လေ့လာယူရမယ်။ ငါတို့ဆီမှာ ဘာတွေလုပ်ကြမယ်ဆိုတာ ဖန်တီးရမယ်။ ဦးတို့စာပေသမားတွေကလည်း အထောက်အကူပြုလိမ့်မယ်လို့ ယုံကြည်တယ်။ ဘာဖြစ်လို့လဲဆိုတော့ သမီးတို့ ရုပ်ရှင်ဆိုတာ သတ္တမအနုပညာဖြစ်တဲ့အတွက် သဘင်မပါလို့လည်း မရဘူး၊ ဂီတမပါလို့လည်း မရဘူး၊ စာပေမပါလို့လည်း မရဘူး၊ ကဗျာမပါလို့လည်း မရဘူး၊ ပန်းပုမပါလို့လည်း မရဘူး၊ ပန်းချီမပါလို့လည်း မရဘူး၊ စက်မှုပညာမပါလို့လည် မရဘူး။ သတ္တမအနုပညာ ၇ ခု ပေါင်းစပ်နေတဲ့အတွက် ဦးတို့စာပေကလည်း အများကြီး အထောက်အကူပြုမယ်လို့ မျှော်လင့်ပါတယ်။ အဲဒီတော့ သမီးတို့ကလည်း သတ္တမအနုပညာရုပ်ရှင်အတွက် သတ္တမအနုပညာပါတဲ့ စာပေ၊ ဂီတ၊ သဘင်တွေပါ ဝိုင်းဝန်းပံ့ပိုးကူညီပေးကြပါလို့လည်း အနူးအညွတ်တောင်းပန်ပါတယ်။ သမီးတို့လည်း ဘာလုပ်ရမလဲဆိုတာ စဉ်းစားနေကြတုန်းပါပဲ။ သမီးတို့ကတော့ အထောက်အကူပေးရမယ့်အဆင့်ပါပဲ။ ဒါပေမဲ့ တစ်တပ်တစ်အားတော့ ပါဝင်ကြိုးစားပါမယ်။ ချစ်စွာသော ပရိသတ်ကြီးအတွက်လည်း ဘာတွေပေးဆပ်မလဲဆိုတာလည်း ဦးတို့လည်း ကူပြီး စဉ်းစားပေးကြပါရှင်။ အဲဒီနှစ် ၁၀၀ အတွက်လည်း... ဦးလည်း နောက်ထပ် နှစ်တစ်ရာနဲ့အစိတ်ထိလည်း ဦးကျန်းမာဖို့ လိုပါတယ်။ ပရိသတ်ကကြီးကလည်း နှစ်တစ်ရာနဲ့ အစိတ်ထိ

လည်း ဘာတွေလုပ်မလဲဆိုတာ ဝေဖန်သုံးသပ်ပေးကြပါဦး။

**အိုကေ... ကျေးဇူးပါဗျာ၊ ကျေးဇူးတင်ပါတယ်။**

ကျေးဇူးတင်ပါတယ်။

***





# အကယ်ဒမီ မြင့်မြင့်ခိုင်

မင်္ဂလာပါခင်ဗျာ။ ကျွန်တော် ဝင်းငြိမ်းပါ။ ဒီနေ့ ကျွန်တော်တို့ တင်ဆက်မယ့် အစီအစဉ်ကတော့ "လိပ်ပြာကူး ထူးခြားသူများ"ဆိုတဲ့ အစီအစဉ်ဖြစ်ပါတယ်။

**မကြူရေ မင်္ဂလာပါ။**

ဟုတ်ကဲ့ မင်္ဂလာပါ ကိုဝင်းငြိမ်း။

**ကျွန်တော်တို့က "လိပ်ပြာကူး ထူးခြားသူများ"ဆိုတာက မကြူတို့အနေနဲ့ အပြင်မှာတော့ သရုပ်ဆောင် မြင့်မြင့်ခိုင်ကတော့ မြင့်မြင့်ခိုင်ပေါ့နော်။ ဒါပေမဲ့လို့ ဇာတ်ကားရိုက်ပြီဆိုတာနဲ့တစ်ပြိုင်နက် အဲဒီကာရိုက်တာ ဖြစ်သွားအောင် လိပ်ပြာကူးသွားကြတယ်ပေါ့နော်။ အဲဒါကြောင့်မို့ ဒီအစီအစဉ်ကို ကျွန်တော်တို့ "လိပ်ပြာကူး ထူးခြားသူများ" လို့ တပ်ထားတာပါ။ အဲဒီတော့ ကျွန်တော်က မကြူအကြောင်း သိသလောက်ဆိုရင် မကြူက ရုပ်ရှင်မျိုးရိုး မဟုတ်ဘူး။ သာမန်အရပ်သူ တစ်ယောက်ကနေ ရုပ်ရှင်သရုပ်ဆောင် ဖြစ်လာတာ။ ဆိုတော့ အဲဒီ *အကြောင်းလေးက ကျွန်တော် စ,သိပါရစေ။***

*ဟုတ်ကဲ့၊ ဟုတ်ကဲ့။ ရုပ်ရှင်မျိုးရိုး မဟုတ်ဘူး။ ဒါပေမဲ့ ကြူတို့က*

အနုပညာကို ချစ်တယ်။ နောက်တစ်ခုက သရုပ်ဆောင်တာ အရမ်းဝါသနာပါခဲ့တယ်ပေါ့နော်။ ပါခဲ့တယ်ဆိုတာလည်း ကိုယ်ကတော့ သေသေချာချာကြီးတော့ ကိုယ့်ကိုယ်ကို ဒီအနုပညာကို၊ မင်းသမီးတစ်ယောက်ဖြစ်ချင်တာကို၊ ဝါသနာပါတယ်ဆိုတာကို သေသေချာချာကြီး ကိုယ့်ကိုယ်ကို မသုံးသတ်ခဲ့မိဘူး။ ငယ်ငယ်တုန်းကပေါ့နော် ကြူ တာမွေမှာနေတာ၊ တာမွေသူပေါ့နော်။ အဲဒီမှာနေတဲ့အခါကျတော့ ငယ်ငယ်တုန်းက တန်ဆောင်တိုင်ပွဲတော်တို့၊ သီတင်းကျွတ်ပွဲတော်တို့တွေက အရင်တုန်းကဆို အရမ်း ဒီမြန်မာ့ရိုးရာဓလေ့မှာ အရမ်းအစည်ကားဆုံးပွဲတွေပေါ့နော်။ ဒီပွဲတွေ ရပ်ကွက်ထဲမှာ ကျင်းပပြီဆိုရင် ဥပမာ– တေးသရုပ်ဖော်ရှိမယ်၊ ဒီလိုသီချင်းဆိုတာတွေ ဘာတွေမရှိသေးဘူး။ အဓိက တေးသရုပ်ဖော်လုပ်ကြတယ်။ နောက်ပြီးတော့ ဦးဝင်းငြိမ်းကတော့ ကြူတို့နဲ့ လယ်ဗဲလ်တန်းတွေဆိုတော့ မီမှာပါ။ သီချင်းဖွင့်ပြီးတော့နော် သီချင်းထဲမှာပါတဲ့ အခန်းတွေပေါ့ အဲဒီဟာတွေကို ရုပ်သေပုံနဲ့သရုပ်ဖော်ကြတယ်။ သီချင်းတစ်ပုဒ် စ,ပြီဆိုတာနဲ့ ကိုယ်လုပ်ရမယ့် အမူအရာ ဒီဘက်စင်ကလည်းလုပ်၊ ဟိုဘက်စင်ကလည်း ထိုးတယ်ကြိတ်တယ်ဆိုထိုးတဲ့ကြိတ်တဲ့ဟာန်ပေါ့နော် အဲဒီဟာမျိုးတွေလုပ်ရတဲ့ အချိန်ကတည်းကကြူတို့က အဲဒါမျိုးတွေထဲမှာ ပါဝင်ခဲ့တယ်။ ဒါပေမဲ့ အဲဒါကိုပေါ့နော် ဒါကြီးစိတ်ထဲမှာ မတွေးမိဘူး။ ဒါ စိတ်ထဲမှာ ဖြစ်ပေါ်လာတဲ့ဟာတွေ ရပ်ကွက်ထဲမှာ အဲဒီလိုလုပ်ရတယ်။ အဲဒီတော့ အသက်က ဘယ်လောက်ရှိဦးမလဲ၊ ကြူတို့ပါလို့ရှိရင် ၁၂၊ ၁၃ ပေါ့နော်။ အဲဒီလို နေရင်း နေရင်းနဲ့ နောက်ကြူတို့ သေသေချာချာပေါ့နော် ကိုယ့်ကိုယ်ကိုပေါ့နော်၊ ငါ အနုပညာကိုဝါသနာပါတယ်ဆိုတာ သိလာတာ။ ကြူတို့ ၈ တန်းလောက်ရောက်တဲ့အချိန်မှာ စိတ်ထဲမှာ ဘာဖြစ်လဲဆို အရမ်း အမူအရာတွေ သိပ်လုပ်ချင်တာပဲသိလား။ အဲဒီတော့ မှန်ကြည့်လို့ရှိရင်လည်း ကိုယ့်ဘာသာကိုယ် ပြုံးကြည့်လိုက်၊ ရယ်ကြည့်လိုက်၊ မဲ့ကြည့်လိုက်၊ ငိုကြည့်လိုက် အဲဒီလို အမူအရာတွေလုပ်လာတယ်။ အရမ်းလုပ်ချင်လာတယ်ပေါ့နော်။ အဲဒီလိုနေလာတယ်။ ဒါပေမဲ့စကားပြောရင် အခု ကိုယ့်ရဲ့ လုပ်ငန်းအတွေ့အကြုံရယ်၊ အသက်အရွယ်ရလာတယ်ပေါ့နော်။ ပေါင်းသင်းဆက်ဆံတဲ့လူတွေ အများကြီးအတွက် ဒါငယ်ငယ်တုန်းက အေးတယ်၊ စကားသိပ်မပြောဖြစ်ဘူး။ တစ်နေ့နေ့လိုစကားပြောတယ်ဆိုတာ နည်းတယ် အတန်းထဲမှာလည်း။ ကြူ မင်းသမီးဖြစ်ချင်တယ်ဆိုတော့ အရမ်း အံ့ဩတယ်။ ဘယ်လိုလုပ် မင်းသမီးလုပ်မှာလဲ။

မင်းသမီးဆိုတာ သွက်သွက်လက်လက်၊ ချက်ချက်ချာချာနဲ့ ဟာ ဘာဖြစ်တယ် ညာဖြစ်တယ် ပြောနိုင်ပြီးတော့ နေကြမယ့် အချိန်မှာ ကြူတို့က အပေါင်းအသင်း အများကြီး မရှိဘူး။ သူငယ်ချင်း ၃,၄ ယောက်၊ ၄,၅ ယောက်ပဲရှိတယ်။ အဲဒီလိုပဲ နေခဲ့ရတာပေါ့နော်။ နေခဲ့ရတာကနေပြီးတော့ ဒီအနုပညာကို ဝါသနာစ,ပါပြီလို့ မေမေ့ကို ဖွင့်ပြောလာတဲ့အချိန်ကို ရောက်လာတယ်။ ရောက်လာတော့ မေမေကလည်း စဉ်းစားကြည့်စမ်းပါ၊ ဘယ်သူများ အသိရှိမလဲ။ မေမေကလည်း နည်းနည်းပါးပါး၊ စဉ်းစားကြည့် ဘယ်လိုလုပ် ဒီလောကထဲကို။ အခုဆိုလို့ရှိရင် ကြူတို့တွေ သရုပ်ဆောင်သင်တန်းဖွင့်တယ်၊ သင်တန်းတွေ။ ဒီသင်တန်းတွေက ဘာလဲဆိုတော့ ဒီအနုပညာလမ်းကြောင်းပေါ် ရောက်ပေးလို့ရအောင်။ တင်ပေးလို့ရတဲ့ အခြေအနေထိရှိတယ်လေ။ ဘယ်လိုတွေနဲ့ ဆက်သွယ်၊ ဘယ်လိုတွေရှိပြီဆိုတဲ့ဟာတွေ အဲဒီလိုရှိကြတာပေါ့။ အရင်တုန်းကဆိုတော့ ဘာမှလည်း မရှိဘူး၊ သင်တန်းဆိုတာလည်း မရှိဘူး၊ ဘာမှလည်း မရှိခဲ့တဲ့အခါကတော့ မေမေနဲ့ ဖေဖေကိုပဲ အတင်းပဲ ပူဆာတာပေါ့နော်။ ပူဆာတော့ ကျောင်းမှာလေ စာလည်း မတော်ဘူး သိလား၊ စိတ်မဝင်စားဘူး။ အနုပညာပဲ လုပ်ချင်တာကို။ တစ်ရက်မှာ သတင်းစာ၊ အရင်တုန်းက ရုပ်ရှင်ကားတွေ ကြော်ငြာလို့ရှိရင် သတင်းစာထဲမှာ Page ကို အပြည့်အပြည့် ကြော်ငြာကြတာလေ။ အဲဒီတုန်းက ခေတ်က အပြည့်။ အဲဒီလို ကြော်ငြာကြတဲ့အခါကျတော့ အဲဒီကားတစ်ကားက အန်တီဝါပေါ့နော်။ အန်တီဝါဝါဝင်းရွှေ ကားတစ်ကား တက်လာတဲ့အခါမှာ ဇာတ်ညွှန်း စာရေးဆရာ တင်စိုးတဲ့။ အဲဒီလိုပါတယ်။ ကြူတို့ရဲ့ ဆရာအရင်းပေါ့။ အဲဒါ မေမေက ကြည့်ပြီးတော့ "ဟာ..."တဲ့၊ ဒီကိုတင်စိုးက ဖေဖေ့ကိုပြောတာပေါ့၊ မိတ်ဆွေ၊ သူငယ်ချင်းလား မသိဘူးတဲ့။ စာရေးဆရာ တင်စိုးဆိုတော့ သူ့နာမည်က ကိုထွန်းရင်လို့လည်း ခေါ်တယ်တဲ့။ ဖေဖေကနေပြီးတော့ "ဩော်... ဟုတ်တယ်လေ"တဲ့။ အရင်တုန်းက ဖေဖေ ထောင်မှူးဖြစ်တဲ့အချိန်က သူလည်း နိုင်ငံရေးပုဒ်မနဲ့ ရှိခဲ့ဖူးတယ်ဆိုတော့ အဲဒါနဲ့ စုံစမ်းလိုက်တဲ့အခါကျတော့ နည်းနည်းတော့ လမ်းစလေးတော့ ရှိလာပြီပေါ့ဆိုပြီးတော့ အဲဒီလိုပြောရင်းနဲ့ ရောက်သွားတာပေါ့နော်။ ဟုတ်ကဲ့တဲ့၊ ဒီမှာ ကျွန်မသမီးပေါ့တဲ့။ မိတ်ဆက်ပေးတာ။ သူကလေ အရမ်း မင်းသမီးဖြစ်ချင်တယ်လို့ ပြောတယ်တဲ့။ အဲဒါပေါ့နော် အဆက်အသွယ်များရှိရင် သူ့ကိုလည်း နည်းနည်းပါးပါး ကြည့်ပေးပါဦးတဲ့။ သူက မင်းသမီးလုပ်ချင်လို့ ဘာကိုမှ မလုပ်

ချင်ဘူး၊ မင်းသမီးပဲ လုပ်ချင်တယ်ပြောနေလို့ အဲဒါ ကျွန်မလည်း ပူဆာလို့ လာရတာတဲ့။ အဲဒီလိုပြောတယ်။ အဲဒါပြောတဲ့အခါကျတော့ သူက ကြည့်ပြီး တော့ အေး နင် ကုသိုလ်ကံ ကောင်းမလားတော့ မသိဘူးတဲ့။ သူကလေ။ အေး နင်က ငယ်တော့ ငယ်သေးတယ်နော်တဲ့။ အဲဒီတုန်းက ၈ တန်းဆို တော့ အသက်ဘယ်လောက်ရှိမလဲ ၁၃ နှစ်ကျော်ကျော်လောက်ပဲ ရှိဦးမှာ ပေါ့နော်။ အဲဒီတော့ ကုသိုလ်ကံကောင်းမလားတော့ မသိဘူး။ ငါ့ကို ပိုက်ဆံ ရှိတဲ့ သူဌေးတစ်ယောက်ကတဲ့ သူက ရုပ်ရှင်လောက,ကတော့ မဟုတ်ဘူး၊ ဒီလောက,ကတော့ မဟုတ်ဘူး။ သူတို့ ကုန်သည်လောကပဲပေါ့နော်။ ပိုက်ဆံ လည်း ရှိတယ်ပေါ့နော်။ သူက အနုပညာ အရမ်းဝါသနာပါတယ်ပြောတယ်။ ဒါပေမဲ့ သူက မင်းသား၊ မင်းသမီး အသစ်ကိုပဲ ရိုက်ချင်တာ၊ အဟောင်း တွေကို မရိုက်ချင်ဘူးလို့ ပြောတယ်တဲ့။ အဲဒါနဲ့ ငါ ခေါ်လာခဲ့မယ်တဲ့ ပြောတယ်။ ဒါပေမဲ့ သိပ်တော့ မမျှော်လင့်ဘူး၊ ဖြစ်တော့ ဖြစ်ချင်တာပေါ့။ ဒါပေမဲ့ တစ်ရက်မှာပေါ့ ကျွန်မတို့ ကျောင်းကပြန်လာ၊ ကျောင်းစိမ်းလေးနဲ့ ပြန်လာ မိုးတွေက ရွာနေတယ်။ အိမ်ရှေ့ကို လှမ်းကြည့်လိုက်တဲ့အခါမှာ အိမ်ရှေ့မှာ ကားကြီး အကြီးကြီးတစ်စီး ဆိုက်ထားတယ်။ ငါတို့အိမ်မှာ မော်တော်ကားနဲ့ လာရတဲ့ ဧည့်သည်ဆိုလို့ တစ်ယောက်မှ မရှိပါဘူးလို့။ မေမေက လာ လာ လာ သမီးတဲ့။ အဲဒီမှာ ဖေဖေကရောပဲ ခေါ်တော့ အဲဒါနဲ့ ဆရာ ဦးတင်စိုးကနေပြီးတော့ သူ့နာမည်က ဆရာ ဦးပွပေါ့နော်။ ကျွန်မတို့ရဲ့ လက်ဦးဆရာပေါ့၊ ဆရာနှစ်ယောက်ရှိတယ်။ ဒါကပေါ့ ဒီမှာ ကိုပွတဲ့၊ သူပေါ့တဲ့၊ မင်းသမီးဖြစ်ချင်တယ်ဆိုတာတဲ့။ သူက တစ်ချက်ပဲ ကြည့်လိုက်တယ်။ "ဩော် အေး အေး"။ ဟင် ငါ့ကို သဘောမကျဘူးနဲ့ တူတယ်ပေါ့နော် စိတ်ထဲမှာလည်း ဟို မေးလည်းမမေးရဲဘူး၊ ပြောလည်း ဒီလို လူကြီးတွေနဲ့ ဆက်သွယ်ပြီး ပြောလည်း တစ်ခါမှ မပြောဖူးဘူးဆိုတော့ လေ။ အဲဒီလိုနေပြီးတော့ ဘယ်နှတန်းရောက်ပြီလဲ၊ ဘာဖြစ်ချင်တာလဲ ဘာညာ အဲဒါပဲ မေးတယ်။ မေးပြီးတော့ "အေး၊ အေး"တဲ့။ အဲဒါဆိုလို့ရှိရင် ကိုတင်စိုးရေ ဟို သူ့ကို ဓာတ်ပုံလေး ရိုက်ကြည့်ရအောင်တဲ့ ပြောတယ်။ ဓာတ်ပုံလေး ရိုက်ကြည့်ရအောင်ဆိုတော့ ဓာတ်ပုံကို တောင်ဥက္ကလာပမှာ မှတ်မိသေးတယ်၊ အဲဒီတုန်းကလေ။ အဲဒီကို သွားရိုက်မယ်တဲ့။ အရင်တုန်းက အဲဒီလို ဓာတ်ပုံတွေရိုက်တယ်ဆို ခေါင်းမြီးခြုံပြီးတော့ အဲဒီလို ကင်မရာမျိုးနဲ့ ရိုက်ခဲ့ရတာမျိုးပေါ့။ အဲဒီတော့ ရိုက်ကြည့်မယ်ပြောပြီးတော့ သူက ပြန်ခါနီး

လည်းကျရော "ရော့၊ ရော့"တဲ့။ ခင်ဗျားသမီးက ပိန်လည်း ပိန်တယ်၊ ငယ်လည်း ငယ်သေးတယ်တဲ့။ ချက်ချင်းတော့ မဖြစ်သေးပါဘူးတဲ့။ အဲဒီလို ပြောတယ်။ ရော့ ပိန်တယ်တဲ့။ နွားနို့လေးဘာလေး ဝယ်တိုက်လိုက်တဲ့ ပိုက်ဆံနှစ်ရာပေးခဲ့တယ်။ ငါ့ကို သဘောမကျဘူးလားပေါ့နော် စိတ်ထဲမှာ။ အဲဒီလိုနေပြီးတော့ နောက် ဓာတ်ပုံရိုက်မယ့်နေ့ကျ ဓာတ်ပုံသွားရိုက်တော့ ကိုယ့်မှာ မိတ်ကပ်လေးဘာလေး နည်းနည်းပါးပါး ဝယ်စုရတာပေါ့နော်။ ဘူးဝိုင်းလေးနဲ့ ထည့်ပြီးတော့ အဲဒါ ဓာတ်ပုံသွားရိုက်တာ။ ဓာတ်ပုံသွားရိုက်တော့ မှတ်မိသေးတယ်။ ဓာတ်ပုံမှာ အဲဒီလို အရမ်းဝမ်းသာပြီးတော့ ပျော်နေတဲ့ အမူအရာမျိုးတွေ၊ နောက် ဝမ်းနည်းသွားတဲ့ အမူအရာမျိုးတွေ၊ ဒေါသဖြစ်တဲ့ဟာတွေ၊ နောက် ဝမ်းသာရာကနေပြီးတော့ အရမ်း ဝမ်းနည်းသွားတာ၊ ဝမ်းနည်းတာကနေ ဝမ်းသာသွားတာ အဲဒီလို အမူအရာတွေ အဲလိုမျိုးတွေနဲ့ ဓာတ်ပုံရိုက်ပြီးတော့ သူက သဘောကျတယ်။ ဒါပေမဲ့ ကျောင်းဆက်တက်ဦး၊ ငယ်သေးတယ်တဲ့။ အဲဒါနဲ့ ၂ နှစ်လောက်ထိ ကျောင်းတက်လာလိုက်ရတယ် ပေါ့နော်။

အဲဒီကျောင်းတက်နေတုန်းမှာ ကြူတို့က ဓာတ်ပုံရိုက်တာလည်း ဝါသနာပါတယ်။ ပါတဲ့အခါကျလို့ရှိရင် သူငယ်ချင်းတွေနဲ့ ကျောင်းကအပြန် ဓာတ်ပုံဆိုင်တွေဘာတွေ ဝင်ရိုက်တယ်။ အဲတော့ အဲဒီဓာတ်ပုံလေးကို ဓာတ်ပုံဆရာက သဘောကျပြီးတော့ "တိုင်းရင်းမေ"မျက်နှာဖုံးမှာ ထည့်လိုက်တယ်။ မျက်နှာဖုံးမှာ ကြူ့နာမည်က အိမ်နာမည် ကြူကြူလေ၊ ကျောင်းနာမည်က မြင့်မြင့်ကြူ။ မြင့်မြင့်ကြူအနေနဲ့ ပါလာတာ။ အဲဒီဓာတ်ပုံ သဘောကျပြီးတော့ တခြားဓာတ်ပုံဆရာတွေ၊ တက္ကသိုလ်မောင်မောင်စိုးတို့၊ တက္ကသိုလ်ကျော်စိန် တို့ သူတို့တွေပေါ့နော် သူတို့ဓာတ်ပုံဆရာကြီးတွေ အဲဒီတုန်းက နာမည်ကြီး နေတဲ့အချိန်မှာ ကြူတို့ကို ဆက်သွယ်ပြီးတော့ လာတယ်။ ဆက်သွယ်ပြီး တော့ သူတို့ ပြက္ခဒိန်ရိုက်ချင်တယ်တဲ့။ အဲဒီလို ဓာတ်ပုံ ရိုက်ချင်တယ်တဲ့။ အဲဒီကနေ မျက်နှာဖုံးတွေ၊ ပြက္ခဒိန်တွေမှာ ပါလာတာ။ မင်းသမီး မဖြစ် ခင်...။

**မကြူက မင်းသမီးမဖြစ်ခင်မှာ မဂ္ဂဇင်းကာဗာ၊ ပြက္ခဒိန် ရိုက်ရ ပြီ။**

ဟုတ်ကဲ့၊ ဟုတ်ကဲ့။ အဲဒါမျိုးတွေ ဖြစ်လာတဲ့အခါမှာ ကြူတို့ သူငယ်ချင်းတွေနဲ့ ဟဲ့ ငါလို့ နာမည်ပြောင်းချင်တယ်။ ဆရာက နာမည်ပေး

တယ်၊ သူပေးတဲ့နာမည် မကြိုက်ဘူး။ ကြှုတို့က တစ်ခုခုလုပ်မယ်ဆို ကိုယ့်ကိုယ်ကို ယုံကြည်မှုတော့ ထားတယ်။ နောက် ကိုယ်ဆုံးဖြတ်လိုက်ရင် ဆုံးဖြတ်တဲ့အတိုင်းကို လုပ်ချင်တယ်။ အဲဒီတော့ နာမည်ကို စဉ်းစားလိုက်တယ်။ အဲဒီတုန်းက "ခိုင်"ဆိုတဲ့ နာမည်တွေက ဘယ်သူမှ မပေါ်သေးတော့ "ခိုင်"ကြိုက်တယ်။ မြင့်လည်း မြင့်မယ်၊ ခိုင်လည်း ခိုင်မယ်ဆို အရမ်းကောင်းမှာပဲဆိုပြီး ကလေးလိုပဲ တွေးတော့ သူငယ်ချင်းတွေနဲ့ စကားပြောပြီးတော့ ငါ မြင့်မြင့်ခိုင်လို့ မှည့်ချင်တယ်လို့။ အေး အဲဒါဆို ငါတို့ကို မုန့်ဝယ်ကျွေးတဲ့။

**ဘယ်ဗေဒင်မှ မမေးတော့ဘူး။**

မမေးတော့ဘူး၊ ဘယ်ဗေဒင်မှလည်း မမေးခဲ့ဘူး။ အဲဒီတော့ ကြှုတို့ဆရာလာတော့ ကြှုနာမည်ကို မြင့်မြင့်ခိုင်လို့ မှည့်လိုက်မယ်လို့။ ညည်းက ဒီနာမည်ကို ကြိုက်လို့လားဆိုတော့ ဟုတ်ကဲ့လို့။ အဲဒီနာမည်ကို ကြိုက်တယ်လို့။ အဲဒါနဲ့ အဲဒီအချိန်က စ,ပြီးတော့ ပါလို့ရှိရင် မြင့်မြင့်ခိုင် ဆိုတဲ့ အနေနဲ့ပဲ ပါလာတာပေါ့နော်။ အဲဒီကနေ ကြှုဖြစ်ပြီးတော့ နောက်ကျတော့ ကြှု ဒီ MEMC Calendar လေ၊ မြန်မာ့ အိတ်ပို့စ် အင်ပို့စ်ပေါ့နော်။ အဲဒါတွေကို နိုင်ငံခြားကို ပို့ပြီးတော့ Calendar ကြီးထုတ်တဲ့ ကြော်ငြာတွေမှာလည်း ကြှုတို့ကို ချိန်းလာတယ်။ ချိန်းလာပြီးတော့ ကြှုတို့ ဓာတ်ပုံတွေ ရိုက်လာရတာပေါ့နော်၊ အဲဒီ Calendar ကနေ။ အဲဒီကနေပြီးတော့မှ ကြှုတို့ဆရာက အဲဒီအချိန်မှာ ဓာတ်လမ်းတင်တယ်။ ၂ နှစ်ပြည့်တော့မှ ကြှုတို့ကား ရိုက်ဖို့။ အခုဆိုရင် ကြှုတို့ ဒီဓာတ်လမ်းထဲမှာပါတဲ့အတွက် ကြည့်ရင် ဓာတ်တွေအကုန် ကျပါတယ်။ ကြှုတို့ခေတ်တုန်းကဆိုရင် ဓာတ်တစ်ကား ရုပ်ရှင်ကားတစ်ကား ကျဖို့ မလွယ်ဘူး။ ဓာတ်တင်လို့ရှိရင်လေ ဓာတ်ကိုပယ်တာ။ ကြှုတို့ဓာတ်က ပယ်တဲ့ထဲပါသွားတာ။ ပါပြီးတော့မှ ကြှုတို့ အဲဒီမှာ Calendar ရိုက်တော့ ကြှုတို့ကို လူလည်း သိသွားတယ်။ အဲဒီက ပြန်ကြားရေးဝန်ကြီးဌာနက လူတွေပါတဲ့ အခါကျတော့ ကြှုတို့ကိုလေ မင်းသမီးလုပ်ပါလား ဘာညာဆို။ ကြှုတို့ကလို့ ဓာတ်ကို တင်ထားတာ။ ဟုတ်လား ပြောပြောဆို ပြန်တင်ပြီးတော့ ကြှုတို့ဓာတ်က ကျလာတာ။ အရင်တုန်းကဆိုရင် ဓာတ်ကိုလေ ကျဖို့တောင်မှ မနည်း ဆုတောင်းရတယ်။ ဒါပေမဲ့ ရုပ်ရှင်ကားတွေက ကြှုတို့ခေတ်တုန်းကလည်း အရိုက်များတယ်။ တစ်နှစ်ကို ကားပေါင်း ၈၀ တို့ဘာတို့ ထွက်တာလေ။ ကားပေါင်း ၈၀၊ ၁၀၀ အဲဒီလိုတွေ ထွက်ကြတဲ့ ခေတ်ပေါ့နော်။ ရုပ်ရှင်လိုင်းတစ်လိုင်းတည်းပဲ ရှိတာလေ။ အဲဒီတော့ အဲဒီ

ကားလေးလည်း ကျလာတဲ့အခါမှာ ကြျုတို့ဆရာက ကြျုတို့ကို ကားစ,ရိုက်မယ်လို့ ပြောတယ်။

**အဲဒီတော့ မကြျု အဲဒီ ၂ နှစ်ဆိုတဲ့ ကာလပေါ့နော်၊ လုပ်ချင်တယ်လို့ ပြောပြီး ဦးပွက လာတွေ့ပြီး ၂ နှစ်စောင့်ရတာပေါ့။**

စောင့်ရတာပေါ့။ အရမ်းဖြစ်ချင်တာပဲ။ တော်တော့်ကို အောင့်အည်းပြီး စောင့်ရတယ်သိလား အဲဒီတုန်းကဆို။

**အဲဒီတော့ "ပွင့်ချိန်တန်လျှင်"ဇာတ်ကားပေါ့နော် ဇာတ်ကားစ, ရိုက်တယ်ဆို ဒီကြားထဲမှာ ခုနေပြောတဲ့ စာရေးဆရာကသော်လည်းကောင်း၊ ဦးပွကသော်လည်းကောင်း မကြျုကို Training ပေးတာတွေဘာတွေ မရှိဘူးလား။ အခုခေတ်လိုပေါ့ သရုပ်ဆောင်သင်တန်းလိုမျိုး။**

မရှိဘူး။ ဒါပေမဲ့ ဘာလုပ်ရလဲဆိုတော့ ကြျုတို့ကလေ ကြျုတို့ရိုက်မယ့်ဇာတ်လမ်းတွေကို ဇာတ်ညွှန်းပေးရတယ်။ ဇာတ်ညွှန်းရေးပေးတော့ ဇာတ်ညွှန်းရေးပေးနေရင်းနဲ့ ကြျု အခန်းတွေရဲ့ သဘောတရားကို နားလည်လာတယ်၊ အိုက်တင်တွေ နားလည်လာတယ်။ အဲဒီတော့ မနက်ဆိုလို့ရှိရင် ကြျုတို့ ကျောင်းကနေပြီးတော့ မရှိတဲ့အချိန်မှာဆိုရင် ကြျုတို့ဆရာအိမ်ကို သွားရတယ်။ သွားပြီးလို့ရှိရင် သူတို့က ပါးစပ်ကနေ ပြောပေးတယ်။ အဲဒါကျလို့ရှိရင် ဘယ်သူက ဘယ်လိုအိုက်တင်နဲ့ ရေးရတယ်၊ ဘယ်သူ ဘယ်လိုအိုက်တင် ပြောလိုက်တယ်၊ ဘယ်သူက ဘယ်လို စိတ်ဆိုးသွားတယ် အဲဒီဇာတ်ညွှန်းတွေ ရေးရေးနေရင်းနဲ့ပဲ ကြျုတို့က အိုက်တင်ရဲ့ သဘောထားကို နားလည်လာတယ်။ ဒီလိုတော့ အိုက်တင်တွေ လေ့ကျင့်ပေးတာတော့ မရှိဘူး။

**အဲဒီတော့ "ပွင့်ချိန်တန်လျှင်"ရိုက်တာ ပြောပါဦး။**

**ပွင့်ချိန်တန်လျှင်** က ကြျုတို့ဆရာကလည်း သူက မင်းသား၊ မင်းသမီး အသစ်ကိုပဲ ရိုက်ချင်တာလေ။ အဲဒီတော့ ကြျုတို့ကို မင်းသား အဲဒီမှာ သရုပ်ဆောင်ဟောင်းဆိုလို့ အခု မရှိတော့တဲ့ အဘဦးသိန်းမောင်နဲ့၊ အကယ်ဒမီဒေါ်မေသစ် သူတို့ပဲ အမေအဖေအခန်းကနေ ပါတယ်။ ကျန်တာကတော့ အကုန်အသစ်တွေချည်းပဲ။ အသစ်တွေနဲ့ပဲ ဟုတ်ကဲ့။

**အဲဒီတော့ မကြျုနဲ့တွဲပြီး ပါတာက မောင်သန်းဝင်းနော်။**

ကိုသန်းဝင်း၊ ဟုတ်ကဲ့။

**မောင်သန်းဝင်းက ဦးပွရဲ့သားမလား။**

ဟုတ်ကဲ့၊ ဆရာ့သား ကိုသန်းဝင်းက။ သူက အဲဒီကားမှာတော့ သူက Secondအနေနဲ့ပဲ ပါတာပေါ့။ Firstအနေနဲ့ ပါတာတော့ မဟုတ်ဘူး။

**နောက်တစ်ယောက်ပါသေးတာပေါ့ ဒါဆိုရင်၊ အမျိုးသားသရုပ်ဆောင်။**

မင်းသားက အောင်သူလေ။

**ဪ် အောင်သူ။**

ကြူတို့နဲ့တွဲတာ မင်းသား အောင်သူ။ ကြူတို့ မိတ်ကပ်လိမ်းတာက အစ ကြူတို့ကလေ ကိုယ့်ကိုယ်ကိုပဲ၊ တတ်လို့မဟုတ်ဘူး ကိုယ့်ဘာသာကိုယ်ပဲ လိမ်းတယ်။ လိမ်းတော့ ဆရာက ပိုပြီးလှချင်တော့ ခေါ်ပေးတာပေါ့။ အဲဒီတုန်းက မိတ်ကပ်ဆရာတွေဆိုတာ အခုလို မပေါ်သေးဘူးလေ။ မပေါ်သေးတဲ့အခါကျတော့ ပန်းချီဆရာတွေပဲ မိတ်ကပ်ပေးကြတာလေ ဟုတ်တယ်မလား။ နာမည်ကြီးပန်းချီဆရာ ဦးဘရင်လေး၊ ဦးဘသစ်တို့ အများကြီးပါပဲ အဲဒီလို ပန်းချီဆရာတွေလေ အဲဒီလို လိမ်းပေးကြတဲ့ခေတ်မှာ ကြူတို့ကို ခေါ်ပေးတဲ့အခါမှာ စ,ရိုက်နေ့မှာပဲ ကြူတို့ပေါ့နော် သူလိမ်းတာကို စိတ်ထဲမှာ ကိုယ်လိမ်းတာ လှတယ်လို့ စိတ်ထဲမှာ ထင်မိတယ်။ သူလိမ်းတာ ကိုယ့်မျက်နှာကိုများ မသိလို့လား။ ကြားဖူးတာကတော့လေ ကိုယ်ရဲ့ရုပ်အကြားမှာ ကိုယ့်မှာ အားနည်းချက်ရှိတဲ့နေရာကို ကိုယ်ပဲအသိဆုံးလို့ စိတ်ထဲမှာထင်တယ်လေ။ အဲဒီတော့ ပိုလှအောင်လည်း ကိုယ့်ဘာသာကိုယ်ပဲ လုပ်ချင်တဲ့စိတ်ပဲရှိတဲ့အခါမှာ အဲဒီနေ့က ရိုက်တဲ့နေရာမှာ ကြူတို့အခက်အခဲလေးတွေ တွေ့သွားတာပေါ့နော်။ စိတ်ထဲမှာ မပျော်ဘူး။ မပျော်ဘူးဆိုတာ ကြူက ကိုယ့်ဘာသာကိုယ် မိတ်ကပ်မလိမ်းရလို့။ မိတ်ကပ်မလိမ်းရတော့ မပျော်တော့ ကြူတို့ဆရာက ရိပ်မိတယ်။ ဟဲ့ ကြူကြူ နင် ဘာဖြစ်နေတာလဲတဲ့၊ မျက်နှာက တစ်မျိုးပဲတဲ့။ အလုပ်တစ်ခုလုပ်တယ်ဆိုတာ စိတ်ပါဝင်စားမှ ရတယ်။ စိတ်ထဲမှာ ရှင်းနေရမယ်၊ ပျော်နေရမယ်တဲ့။ အဲဒါမှ နင် အမူအရာတွေ ထည့်လို့ရမှာပေါ့တဲ့။ အခုဟာက တစ်ခုခု တစ်မျိုးပဲ ဖြစ်နေသလိုပဲတဲ့။ အဲဒါနဲ့ ကြူက ဟုတ်ဘူးလို့၊ ကြူ တစ်ခုလောက် တောင်းဆိုချင်တယ်လို့၊ နောက်နေ့မှာ ကြူ ကိုယ့်ဘာသာကိုယ် မိတ်ကပ်လိမ်းလို့ရမလားလို့။ ဘာဖြစ်လို့လဲတဲ့။ ကြူ ကိုယ့်ဘာကိုယ် လိမ်းရင်များ ဘယ်လိုများဖြစ်မလဲလို့ လိမ်းကြည့်ချင်တယ်လို့။ တကယ်လို့ ကြူ လိမ်းလိုက်လို့ပေါ့နော် ရိုက်ကြည့်လိုက်လို့ ဒီနေ့ ရိုက်ကြည့်လိုက်တဲ့ဟာနဲ့ ယှဉ်ကြည့်လိုက်လို့ ကြူလိမ်းတာ

မကောင်းဘူးဆိုရင် သူနဲ့ပဲ ဆက်လိမ်းမယ်၊ ကောင်းတယ်ဆိုလို့ရှိရင် ကြျုပဲ ဆက်လိမ်းမယ်။ ပြော် ရတယ်၊ လုပ်တဲ့။ အဲလိုပြောတယ်။ အဲဒီလို ပြောတော့ အဓိက,က နင် စိတ်ချမ်းသာဖို့ပဲလေ။ လူက စိတ်ချမ်းသာမှ အလုပ်လုပ်ရတာ ပျော်တာလေတဲ့။ မဟုတ်ရင် စိတ်မချမ်းသာဘဲ အလုပ်ထဲမှာ ဘယ်စိတ်ဝင်စားမလဲတဲ့၊ စိတ်ဘယ်ပါမလဲတဲ့။ နောက်တစ်နေ့ကျတော့ ကိုယ့်ဘာသာကိုယ်ပဲ တစ်နေရာလေးမှာ ထိုင်ပြီးတော့ မိတ်ကပ်ကိုလိမ်းတယ်၊ အကောင်းဆုံးဖြစ်အောင်လိမ်းတယ်။ ဒါပေမဲ့ အခုခေတ်လိုလည်း အများကြီးလည်း မပေါ်သေးပါဘူး။ ဒီ လိုင်နာကအစ မပေါ်သေးဘူး။ ဘာတစ်ခုမှ မပေါ်သေးဘူး။ မိတ်ကပ်ရယ်၊ ဒီ သူတို့က Black & White ရိုက်တာကို။ Black & White ဆိုတဲ့ မိတ်ကပ်ကို လိမ်းရတာကိုပဲ နားလည်ဖို့ပဲ လိုတာပေါ့။ ကြျုတို့ရဲ့ အသားအရေပေါ်မှာပဲ မူတည်ပြီးတော့ပေါ့နော် ကြျုတို့ရဲ့ အသားအရောင်က ဘယ်လိုအသားအရောင်ရှိသလဲ၊ အဲဒီမှာ ကိုယ်သုံးတဲ့ ကာလာ အရောင်လိုတယ်။ ကြျုတို့မျက်နှာအသားက ဖြူတဲ့ အခါကျတော့ မိတ်ကပ်ကို နည်းနည်း ညိုညိုလေးလိမ်းတယ်။ အဲဒီလိုပေါ့ နော်။ အဲဒီလို ရိုက်ရင်း အဆင်ပြေသွားတယ်။ ဓာတ်ပုံတွေထွက်လာတော့ ကြိုက်တယ်တဲ့။ ကြိုက်တယ်ဆိုတော့ ပျော်သွားတာပေါ့။ အဲဒါနဲ့ ကိုယ့် ဘာသာကိုယ် ဖန်တီးပြီးတော့ အဲဒီလိုပေါ့နော် မိတ်ကပ်လိမ်းပြီးတော့ ရိုက်ဖြစ်တယ်။ ပြီးသွားတာပေါ့နော်။

**အဲဒီလိုကနေပြီးတော့ မကြျု ကားပေါင်းများစွာ ရိုက်ခဲ့တယ်။ တချို့ နားလိုက်သေးတယ်နော်။**

ဟုတ်ကဲ့။

**အိမ်ထောင်ကျပြီးတော့ နားလိုက်တာလား မသိဘူး။**

အိမ်ထောင်မကျခင်ကတည်းကလည်း နည်းနည်းနားလိုက်တာပါ မယ်ထင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကြျုတို့ပေါ့နော် ရုပ်ရှင်မှာ ဖလင်တွေ ပြတ်သွားတဲ့အချိန် ဦးဝင်းငြိမ်းရေ အဲဒီတုန်းက သိမှာပေါ့။ သူတို့က ဖလင် ကို သေချာ ဒီကနေပြီးတော့ ရွှေနဲ့စက်ဝယ်ရတယ်။ ဖလင်က အရမ်းရှား တယ်လေ။ ဖလင်ကို မတင်သွင်းနိုင်တဲ့တော့တဲ့အချိန်မှာ ကြျုတို့ ရုပ်ရှင် လောကကြီးက တော်တော်ကြီး ပျက်သလိုဖြစ်သွားတယ်။ အဲဒီအချိန်အခါမှာ အဲဒီတော့ ရုပ်ရှင်မှာ အဲဒီမှာကျဲသွားတာပေါ့၊ ရိုက်တာတွေကလေ။ ကျဲသွား တာ မဟုတ်ဘူး၊ ရိုက်ကို မရိုက်ကြတော့တာ။ အခုလို ဗီဒီယိုလည်း မပေါ်

သေးဘူး၊ ဘာမှလည်းမပေါ်သေးတဲ့အခါမှာ အကုန်လုံးလိုလို နားကြရတာ။ အဲဒီခေတ်ပေါ့။ အဲဒီအချိန်အခါက ကြူက ဘာလုပ်လဲဆိုတော့ မေမေရှိတုန်းကပေါ့နော် မေမေက ကြူတို့ အနုပညာရှင်တစ်ယောက်က အကုန်လုံးတတ်ထားရမယ်။ ကိုယ် မလုပ်ချင်ခါမှနေ၊ ဘယ်သူက ဘယ်လိုခိုင်းခိုင်းပေါ့နော် လုပ်နိုင်တဲ့အရည်အချင်းလေး ရှိရမယ်တဲ့ မေမေကရော၊ ဖေဖေကရော အဲဒီလိုပဲ ပြောတယ်။ ပြောတဲ့အခါကျတော့ ကြူတို့က သီချင်းဆိုလေးကိုလည်း သွားသင်ထားတယ်။ သူ့ရဲ့ ကီးမှန်လေး ဆိုနိုင်အောင်ပေါ့နော်။ အဆိုတော်ကြီးတွေလောက် ဒီလိုလည်း သီချင်းဆိုတာ ဒီလောက်ဝါသနာမပါဘူး။ အဲဒီတော့ အဲဒါမျိုးလေးတွေ လုပ်တတ်တော့ သီချင်းတွေ ဘာလေးတွေလည်း စတိတ်ရှိုးလေးတွေ သွားဆိုတယ်။ နယ်တွေပါ အဲဒီလို။ ဘာလို့ဆို ကြူတို့မှာ အဲဒီအချိန်အခါမှာ အမေရော၊ အဖေရော မရှိတော့တဲ့အခါမှာ မောင်နှမ ၈ ယောက်လုံးကို ကျောင်းထားရတာဆိုတော့ စားဝတ်နေရေးကလည်း ရှိသေးတယ်လေ။ အဲဒီမှာ ကိုယ်က အမေနေရာ ဝင်ရတဲ့အခါကျတော့ အဖေလည်း မရှိတော့တဲ့အခါမှာ အဲလိုပေါ့နော် ရုန်းကန်ရတယ်ပေါ့နော်။

**မကြူ တစ်ကျော့ပြန်ဝင်တဲ့အချိန်ပေါ့နော် အဲဒီအချိန်မှာ ဒါရိုက်တာ ကြည်စိုးထွန်းက "သမီးနဲ့ အမေများ"။ အဲဒီကားမှာပဲ မကြူ အကောင်းဆုံး အမျိုးသမီးဇာတ်ပို့ဆု ရသွားတယ်။ အဲဒီကားရဲ့ အတွေ့အကြုံလေး ပြောပြပေးပါဦး။**

ဟုတ်ကဲ့။ အဲဒီကား အတွေ့အကြုံ ပြောမယ်ဆိုရင် ကြူက အဲဒီကားလေး ရိုက်လာပုံလေးကို အရင် စ,ပြောပေးမယ်နော်။ ကြူ အဲဒီတုန်းက နယ်ကိုရောက်နေတယ်။ နယ်ကို ရောက်နေတဲ့အချိန်မှာ ဘယ်လိုနေရာမျိုးလေးလဲဆိုတော့ ကြူတို့ကလေ မုန်းချောင်းကို ဖြတ်ပြီး ဆင်ဖြူကျွန်း၊ ဆင်ဖြူကျွန်းဟိုးဘက်က။ ခေါ်တဲ့လူကလည်း မြို့လို့ပြောပေမဲ့ တကယ်တမ်းရောက်သွားတဲ့အခါကျတော့ ရွာလိုဖြစ်နေတယ်ပေါ့နော်။ အဲဒီမတိုင်ခင်မှာ ကြူတို့ ဘာရိုက်ထားလဲဆိုတော့ ဦးဝင်းဦးကနေပြီးတော့ **ခိုင်မာလာနှင်းဆီ** ဆိုတဲ့ဇာတ်ကား ရိုက်နေတာ။ အဲဒီ **ခိုင်မာလာနှင်းဆီ** ကားရိုက်တုန်းက ပထမတော့ အဲဒီကားမှာ ကြူ မပါဘူးလို့၊ မပါတော့ဘူးလို့ ပြောတယ် သူတို့ ငှားတဲ့အခါမှာ။ သူက ဖုန်းဆက်ပြီးတော့ မဟုတ်ဘူးတဲ့၊ ညီမရယ် ပါပေးပါတဲ့။ အခန်းက နေရာကောင်းပါတယ်တဲ့၊ လုပ်ပေးပါပေါ့နော်။ သူလည်း

နေရာ သေချာပေးပါ့မယ်တဲ့။ သူ့ကို ယုံကြည်ပါ၊ ရိုက်ပေးပါဆိုတော့ စဉ်းစားပြီးတော့ နောက်တော့ အင်းလေ၊ အဲဒါဆိုလည်း လက်ခံလိုက်ပါ့မယ်ဆို အဲဒီကားရိုက်ပြီးတော့ တစ်နှစ်လောက်နဲ့ သူက ကားက တော်တော်နဲ့ တစ်ခါတလေ မပြီးတတ်ဘူးလေ။ နောက်နှစ်ပိုင်းမှာ သူ ကျန်းမာရေးမကောင်းဘဲနဲ့ သူ မရှိတော့ဘူး ဖြစ်သွားတာလေ။ အဲဒီတော့ ဆက်ရိုက်မယ်ဆိုတာလည်း သိပ်ပြီးတော့ မသိဖြစ်တော့ဘူးပေါ့နော်။ အဲဒီတော့ ကျွန်မလည်း ခရီးသွားဖြစ်တဲ့အခါမှာ သီချင်းသွားဆိုတော့ သွားခါနီးမှာ တယ်လီဖုန်းလာတယ်။ သူတို့ ဘယ်နေ့ ဒီကားကိုပြန်ရိုက်မယ်ဆိုတဲ့ဟာကို။ အဲဒီတော့ ဒါရိုက်တာက ဦးကြည်စိုးထွန်းနဲ့ ရိုက်မယ်တဲ့။ ဦးကြည်စိုးထွန်းကို ပြောင်းလိုက်တယ်။ အဲဒီတော့ ဇာတ်ကားက နည်းနည်း သုံးပုံတစ်ပုံလောက် ရိုက်ထားပြီးပြီးသား အရင်တုန်းက ကျွန်မတို့အခန်းတွေကို။ ရိုက်မယ်ဆိုတော့ ကျွန်မတို့ ဘယ်နေ့ ဘယ်နေ့ဆို မီတယ်ဆိုပြီးတော့၊ ဟိုဘက်မှာလည်း ပိုက်ဆံယူထားတော့ သွားလိုက်တယ်ပေါ့နော်။ သွားလိုက်ပြီးတော့ ကျွန်မတို့မှာ အပြန်ကျတော့မှ အခက်အခဲတွေ တွေ့တာပေါ့နော်။ ဟို သီချင်းဆိုခါနီးမှာ ကန်ထရိုက်ကလည်း မဆိုဖြစ်လို့ ထွက်ပြေးသွားတာနဲ့၊ သိတယ်မလား။ ထွက်ပြေးသွားပြီး ကိုယ်က ပြန်ဖို့ကလည်း မပြန်တတ်ဘူး။ အရင်တုန်းက လမ်းပန်းဆက်သွယ်ရေးကလည်း ခက်ခဲတယ်လေ။ အခုလိုမှလည်း မဖွံ့ဖြိုးတဲ့အချိန်လေ။ ဒီလို Expressကားတွေ ဘာမှ ပေါ်သေးတဲ့အချိန်မှ မဟုတ်တာ။ အဲဒီတော့ ပြန်တဲ့အချိန်အခါမှာ ကိုယ် ဘယ်လိုပြန်ရမှန်းကို မသိတာ၊ ရန်ကုန် ကိုလေ။ အဲဒီရွာကနေ ဘယ်လိုလုပ်ရမှန်းကို မသိတာ။ မသိတော့ အဲလိုပဲ လိုက်ပြီး စုံစမ်းတာပေါ့။ ကားဂိတ်က ဘယ်မှာရှိတယ်၊ အဲဒီကားဂိတ်နား ရောက်သွားတယ်။ အဲဒီ ရောက်တော့ အဲဒီလိုပေါ့နော် ဟိုဘက်ကို၊ ကျွန်မတို့က ပြန်ချင်တာကတော့ ရန်ကုန်ကို။ ဒါပေမဲ့ သူတို့က တစ်ဆင့်ပြန်ရမယ်တဲ့။ မကွေးတို့ ဘာတို့ဘက်ကနေ ပြန်ရမှာတဲ့။ အဲဒီလို ပြန်ရမှာဆိုတော့ ကားက မရှိဘူးတဲ့၊ မလာတော့ဘူးတဲ့။ မလာတော့၊ ဟယ် ဒုက္ခပဲ။ ရက်ကို တွက်လိုက်တာပေါ့နော်၊ ကြားထဲမှာ ကားရိုက်က အဲဒီနေ့ဆို ရိုက်တော့မယ်။ ကျွန်မတို့က ရုပ်ရှင်မှာတင် စ,ပြီး မင်းသမီးလုပ်ကတည်းက ရှုတင်တစ်ခုကို ချိန်းပြီးရင် ဘယ်တော့မှ မဖျက်ဘူး။ ဘယ်တော့မှ ကတိတစ်ခုကို တည်တယ်။ ဖျက်တယ်ဆိုတဲ့အလုပ်ကို မလုပ်ချင်ဘူး။ ကျန်းမာရေးအရသော်လည်းကောင်း မလွှဲသာမရှောင် တာသာ ဖြစ်ရင်ဖြစ်မယ်ပေါ့နော်၊ အဲဒီလိုကြီး မပြောချင်ဘူး၊

ဖြစ်အောင်ပြန် ချင်တယ်ပေါ့နော်။ ပြန်ချင်တယ်ဆိုတော့ သူတို့က အဲဒါဆိုလို့ ရှိရင်တော့ အရင်တုန်းကတော့ ကားတွေလေ လော်လီကားတွေကလေ ကြက်သွန်အိတ်တို့၊ ငရုတ်သီးတို့ တင်တဲ့ကားတွေ။

**ကုန်တင်ကားတွေ။**

အင်း အဲဒီကားတွေပဲ လာတော့မှာတဲ့။ အဲဒီကားနဲ့ ပြန်ရင်တော့ ရမယ်တဲ့ အဲဒီက ရွာကလူတွေက။ စဉ်းစားရင်း နောက်တစ်ရက် ထပ်စောင့်လိုက်ရင် မမီတော့ဘူးလေ။ နောက်တစ်နေ့မနက်မှ ရှိမယ်ဆိုတော့ အဲဒီတော့ ကြုံက ရတယ်၊ အဲဒီကားပဲ စီးပြန်တော့မယ်။ ပြန်လိုက်တဲ့အခါမှာ ကြက်သွန်အိတ်တွေထပ်ထားတဲ့ထဲမှာ ထိုင်ရတယ်။ နေကလည်း အညာက နွေဆိုတော့ အရမ်းပူတာပဲလေ။ အညာနေဆိုတော့လေ။ ဒါပေမဲ့ ပူလည်း မတတ်နိုင်ဘူး။ ရအောင်တော့ ပြန်ရမှာပဲဆိုပြီး ပြန်တော့။ အဲဒီမုန်းချောင်းကို ဖြတ်ရတာ ပွင့်ဖြူမြို့နယ် ဆင်ဖြူကျွန်းတို့ဘာတို့ကနေ ဖြတ်လည်းပြီးရော အဲဒီမှာ သဲတောထဲမှာ ကားကြီးက ရုပ်ကျိုးတာလား နစ်ပြီးတော့ အောက်က လည်း ဘာကြီးလဲမသိဘူး အဲဒါကျိုးသွားပြီးတော့ နေကလည်းပူ၊ ဟာ ဘယ်မှအရိပ်ဆိုတာ မရှိဘူး။ အဲဒီတော့ မတတ်နိုင်ဘူးလေ၊ စိတ်ကို အဲလိုပဲ ဖြေပြီးတော့ပဲ နေတော့ ကောင်းသွားရော။ ညနေလောက်ကျမှ ကောင်းသွားတော့မှ အဲဒီကားနဲ့ ပြန်လိုက်တာတော့ ဘယ်ရောက်လာလဲဆိုတော့ မင်းဘူးကို ရောက်သွားရော။ မကွေးကို မသွားနိုင်တော့ဘူး။ မင်းဘူးရောက်လည်း ရောက်ရော ကားပေါ်ကနေ ဆင်းလည်းဆင်းရော ကြက်သွန်အိတ်တွေ ဘာတွေနဲ့ ကားတွေဟာ ဘယ်ကနေဘယ်လိုဖြစ်လဲ မသိပါဘူး မီးထ, တောက်တော့ ကမန်းကတန်း ပြေးဆင်းရပြန်ရော သိလား။ ဩော် ဘဝမှာ အခက်အခဲတွေ ပြောပါတယ်။ စိတ်ကို ကြံ့ကြံ့ခံနိုင်ဖို့ ရင့်ကျက်လာတာတွေ။ အဲဒီတော့ ဆင်းပြီးတော့မှ ကြည့်လိုက်တော့ မကွေးကို မော်တော်နဲ့ ကူးရမှာတဲ့။ မော်တော်က ထွက်တော့မှာတဲ့။ အဲဒါနဲ့ မော်တော်ဆိပ်ကိုသွား၊ သွားပြီးတော့ အဖော်လည်းတစ်ယောက် ပါတယ်၊ မောင်ဝမ်းကွဲ တစ်ယောက် လည်းပါတယ်။ သုံးယောက်ပေါ့နော်။ အဲဒါနဲ့ အဲဒီကို သွားတာပေါ့။ အဲဒီသွားတော့ မော်တော်ပေါ်တင်တော့ပြီးတော့ ဧရာဝတီ အရင်တုန်းက အခုဆိုရင် တံတားတွေဘာတွေ ထိုးပြီးသွားပြီလေ။ အခုက တော်တော်ကြီးကို ကောင်းတယ်။ အရင်တုန်းကတော့ တစ်ဆင့် တစ်ဆင့် သွားရတာများတယ်။ အဲဒီနားရောက်ပြီးတော့ အလယ်ရောက်တော့ မော်တော်က ပျက်သွားပြန်ရော

သိလား။ မကွေးကို မိုးချုပ်မှရောက်တယ်။ မိုးချုပ်မှရောက်တော့ နေစရာက လည်း ဘယ်သွားနေရမှန်းမသိဘူး။ အဲဒါနဲ့ မထူးတော့ဘူး၊ ငါတို့ ကားဂိတ် သွားစုံစမ်းမယ်ဆိုတော့ ကားက မရှိတော့ဘူး ထွက်သွားပြီတဲ့။ ဟယ် တော် ဒုက္ခပဲ၊ မနက်ကျရင်တော့ ကားတစ်စီးရှိတယ် တဲ့၊ ၄ နာရီလောက်။ ဒါပေမဲ့ ပြည်ကိုပဲရောက်မှာတဲ့။ ပြည်ကနေ တစ်ဆင့် ရန်ကုန်ပြန်။ ရတယ်၊ ပြည်ပဲ ဝယ်လိုက်တော့မယ်ဆိုပြီး ပြည်လက်မှတ်ဝယ် ပြီးတော့ အဲဒီနား တည်းခိုခန်းမှာ နေရတယ်။ တည်းခိုခန်းကလည်း လူစုံတော့လေ မနေချင် တော့ မကွေး မြသလွန်ဘုရားပေါ်မှာ သွားနေလိုက်တယ်။ သွားနေပြီးတော့ ကားဂိတ်ဆင်းပြီး ဖြစ်ချင်တော့ ပြောတာပေါ့နော် စိတ်ဓာတ်သာကျသွားမယ် ဆိုရင် ငါ ဒီကားကို လက်လွှတ်လိုက်တော့မယ်၊ နေပါစေတော့ ငါ ရောက် ချင်တဲ့အချိန်မှ ရောက်မယ် အေးအေးဆေးဆေး ကိုယ့်ဟာကိုယ် ငြိမ့်ပြီးတော့ ပဲ ပြန်တော့မယ်ဆိုရင်တော့ ကျုပ်တို့ ဒီအကယ်ဒမီရဖို့လည်း ဖြစ်ချင်မှလည်း ဖြစ်လာမှာပေါ့နော်။ အဲဒါကို ပြောပြချင်တာပါ။

အဲဒီတော့ အဲဒီလိုနေရင်းနဲ့ ပြည်ကို မနက်အစောကြီး သွားတော့ အဲဒီကားကလည်း အရင်တုန်းက ဟိုက်လက်ကားတွေလေ။ ကားတွေက အရမ်းအကောင်းကြီးတွေ မရှိသေးဘူးလေ။ အဲဒီတော့ အဲဒီကားနဲ့သွား တော့ လမ်းမှာ အဲဒီကားလည်း ဖွတ်ချက် ဖွတ်ချက်နဲ့ ပြည်ကို တော်တော်နဲ့ မရောက်ဘူး။ မိုးချုပ်မှ ရောက်တယ်။ မိုးချုပ်မှရောက်တော့ ရထားလက်မှတ် ကို ညတွင်းချင်းပြန်မှာ၊ မနက်ကို ကားရိုက်ရတော့မယ်။ ညတွင်းချင်းဝယ် တော့ ရထားကလည်း ထိုင်ခုံမဲ့ပဲရတယ်။ အဲဒီဟာနဲ့ပြန်တော့ မနက် ၅ နာရီ ရန်ကုန်ကိုရောက်တယ်။ ရောက်တယ်ဆို ရှုတင်ကိုသွားတာ ၈ နာရီ ထိုးမှ သွားလိုက်တယ်။ မနက် အိမ်ကိုရောက်၊ ရေမိုးချိုးပြီးတော့။ အဲဒီမှာ ဦးကြည်စိုးထွန်းနဲ့ စ,တွေ့တာ။ ကျုပ် ဦးကြည်စိုးထွန်းကို မတွေ့ဖူးသေးဘူး။ အဲဒီကားရိုက်တော့မှ တွေ့ဖူးတာ။ သူကနေပြီးတော့ တစ်ခန်း နှစ်ခန်းလည်း ရိုက်ရော နင့်ကို အခန်းတွေ တော်တော်ကောင်းတာပဲတဲ့ ဇာတ်ညွှန်းတွေရေး ထားတာတဲ့။ ရေးသွားပေးခဲ့တယ်ပေါ့နော် မင်းသားကြီးက။ ဦးဝင်းဦးက ရေးထားတာ ကောင်းတယ်တဲ့ သူက။ သရုပ်ဆောင်တဲ့ လုပ်ကွက်တွေလည်း ရှိတယ်ပေါ့နော်။ ဦးဝင်းငြိမ်းတို့ ပြောထားတဲ့ **သမီးနဲ့ အမေများ** ရိုက်ဖို့ ပြောတာ။ ပြောတော့ ကျုပ်က ဘယ်လိုနေရာ သရုပ်ဆောင်ရမှာလဲလို့ ပြော တော့ သူက စိမ်းစိမ်းနေရာကနေ။ မင်းသမီးက အမေ ၃ ယောက်ပေါ့

နော်။ အဲဒီတော့ နင်က တစ်ကားလုံးကို အစိမ်းဝတ်ရမယ်တဲ့။ အဲဒီထဲမှာ နင်က ဒီ သမီးပါလို့ ပြောလာတဲ့သမီးကို လုံးဝ မလိုလားဆုံးလူပဲပေါ့နော်။ အဲဒီလိုနေရာက သရုပ်ဆောင်ရမယ်တဲ့။ ကျွန် အိမ်မှာ ပြန်တိုင်ပင်လိုက်ဦးမယ် လို့၊ ကျွန့်အမျိုးသားကို ပြန်တိုင်ပင်ပြီး ပြောမယ်လို့ဆိုတော့။ အမျိုးသားက လိုက်လာပြီး သူကကျတော့ ဦးကြည်စိုးထွန်းကို သူက သိနေတယ်၊ ခင် တယ်။ ဘာလို့ဆို သူက YMCA မှာလုပ်တော့ အရင်တုန်းက YMCA မှာ မင်းသား အောင်အောင်တို့ဘာတို့ နေတယ်။ ဦးကြည်စိုးထွန်းက အမြဲတမ်း သူ့ဆီလာနေတာ။ သူက အဲဒီတော့ ရှုတင်မန်နေဂျာလိုလို ဘာလိုလို အဲလို လာနေတာ။ လာနေတော့ သူက သိနေတာ ဦးသာညဏ်က။ ဦးသာညဏ်က ရိုက်ပေါ့ ကိုကြည်စိုးက ဟိုသင်းဖြစ်တာပဲဆိုပြီးတော့ အဲဒါနဲ့ စိတ်မပူနဲ့တဲ့။ သူက အကုန်လုံးကို ပံ့ပိုးမှုပေးပါတယ် ရိုက်တော့လေ။ လိုအပ်တာ ဘာညာ အကုန် ရှုတင်လိုက်တာ ကြိုတာ။ အဲဒီကား **သမီးနဲ့ အမေများ** ရိုက်ဖြစ်သွား တယ်။ အဲဒီတော့ ကျွန်တို့စိတ်ထဲမှာ ဘာဆုံးဖြတ်ချက် ချလိုက်လဲဆိုတော့ ကျွန် မြင့်မြင့်ခိုင်ဆိုတာ ဒီရုပ်ရှင်ကနေ နည်းနည်းပျောက်နေတာ တော်တော် ကြာသွားပြီ။ ၇ နှစ်၊ ၈ နှစ်လောက်တော့ရှိပြီ ထင်တယ်နော်။ အဲဒီလိုအချိန် အခါ ဖြစ်သွားတဲ့အချိန်မှာ ကျွန်တို့ ဒီကားနဲ့ ပြန်ပြီးတော့ ရုပ်ရှင်လောကကို ပြန်ဝင်ရမယ်လို့ဆိုတော့ ကျွန်တို့စိတ်ထဲမှာ ဒုတိယအကြိမ်ဆုံးဖြတ်ချက် ပြန် ချလိုက်တယ်။ ငါ မြင့်မြင့်ခိုင်ဆိုတာ လူတွေသိသင့်သလောက် ပြန်ပြီးသိစေ ရမယ်။ အရင်တုန်းက မြင့်မြင့်ခိုင် မြင့်မြင့်ခိုင် ဖြစ်ခဲ့တယ်။ အခုလည်း မြင့်မြင့်ခိုင်ဆိုတာ ဖြစ်လာအောင် ကိုယ့်ရဲ့ ဒါ ယုံကြည်မှုပေါ့။ အဲဒီတော့ ဘုရား တရားလည်းလုပ်တယ်၊ သေသေချာချာလည်း အလုပ်ကို ကြိုးစားပြီး တော့ သရုပ်ဆောင်တယ်။ ဘယ်လိုဇာတ်ကောင်စရိုက် ခုန လိပ်ပြာကူးတယ် ဆိုတဲ့ အဲဒီရဲ့ ဇာတ်ကောင် ကာရိုက်တာ ကိုယ့်ဆီမှာ ဘယ်လိုပူးကပ်ရမလဲ၊ ဘယ်လိုကူးလာရမလဲဆိုတဲ့ ကာရိုက်တာ ကျွန် စဉ်းစားတယ်။ ညရော၊ နေ့ရော စဉ်းစားတယ်။ အိုက်တင်လုပ်လို့ရှိရင်လည်း ကျွန်တို့ အဝတ်အစား လေးကအစ ကျွန် တကယ့်ကို ကြိုတင်ပြင်ဆင်ပြီးတော့ ဘယ်အခန်းမှာ ဘယ်လိုလေးဝတ်မယ်၊ ဘယ်အခန်းမှာ ဘယ်လိုဝတ်မယ် အကုန်လုံးသေချာ စီစဉ်ထားပြီးတော့ ဘယ်အခန်းကကျရင် အစိမ်းလေးတွေဆို ငါ ဆွဲကြိုးကို ဘာဝတ်မယ်၊ နားကပ်ကအစ အကုန်လုံးစီစဉ်တယ်။ အဲဒီဇာတ်ကောင်စရိုက် ဖြစ်အောင်လို့ တစ်ခါတည်း မွေးထားတယ်။ မွေးထားတဲ့အခါ ကျွန် သရုပ်

ဆောင်တဲ့အခါမှာ Mood ထည့်လိုက်ရုံပဲပေါ့။ ကိုယ့်ရဲ့ဇာတ်ကောင်စရိုက် သွင်းပြီးသား ဖြစ်သွားတာပေါ့နော်။ သေသေချာချာ အဲဒီလိုလေး သရုပ်ဆောင်ခဲ့တော့ ကြူ့ကို ဒီမေမြို့မှာသွားရိုက်တဲ့ အခန်းတုန်းကဆို မို့မို့နဲ့ရိုက်တဲ့အခန်းမှာ မို့မို့ကို "အန်တီက ငယ်ငယ်တုန်းက တိတ်တိတ်ပုန်း ဗိုက်မကြီးခဲ့ဘူးလား ဟင်"ဆို အဲဒီလိုပြောတော့ ဒေါသအရမ်းဖြစ်သွားတာ။ ငါတို့သိက္ခာကို စော်ကားတာ၊ နဂိုကတည်းက သူ့ကို မကြည်နေဘူးလေ။ အဲဒီတော့ ဘာပြောတယ်ဆို ပါးရိုက်လိုက်တာ။ အဲဒီမှာ ဦးကြည်စိုးထွန်းက ပြောတယ်လေ၊ "ဟဲ့ မကြူတဲ့ နင်နော် အကုန်လုံး အကယ်ဒမီရနေတဲ့ကြားမှာ သရုပ်ဆောင်ရတာ နင် အကယ်ဒမီဆိုတာ နင် မရသေးဘူးပြောတော့ နင် သေချာသရုပ်ဆောင်ရင် နင် ဖြစ်မယ်"တဲ့။ အဲဒီဆိုတော့ ဩော် ဟုတ်သားပဲ၊ ငါ အဲဒီလို စိတ်ထဲမှာ အဲဒါလေးကိုပေါ့နော် ထည့်ထားရမယ်ဆိုပြီးတော့ စိတ်ထဲမှာ။ အဲဒီတော့ မို့မို့ကိုပြောတာ "ဟဲ့ မို့မို့လို့ အစ်မ ပါးရိုက်လို့ရှိရင် တကယ်ရိုက်လို့ ရမလား"၊ "ရပါတယ် အစ်မ ရိုက်လေ ရတယ်တဲ့"။ "အဲဒါဆို တကယ်ရိုက်မယ်၊ တစ်ခါပဲ ရိုက်မယ်လေလို့"။ အဲဒါနဲ့ တကယ်ကို ချထည့်လိုက်တာ "ဖြောင်း"ဆို သူလည်း အိုက်တင်တွေ ပိုကောင်းသွားတယ်။ ခုနဲ့ ကြူနဲ့ ဦးဝင်းငြိမ်းနဲ့ စကားပြောသလိုလေ အပေးအယူဆိုတာရှိတယ်။ Responde အိုက်တင်ဆိုတာရှိတယ်။ တစ်ယောက်ကိုတစ်ယောက် ပြန်ပို့မှ အရမ်းကောင်းတာလေ။ သရုပ်ဆောင်တဲ့လူက တစ်ယောက်က ဘယ်လောက်လုပ်နေနေ တစ်ယောက်က ပြန်မပို့နိုင်ဘူးဆိုရင်၊ ဒါ ပါမလာရင် ဒီအခန်းက ကောင်းကို မကောင်းတော့ဘူး။ အဲဒီတော့ အဲဒီလို ဖြစ်ရမယ်လေ။ အဲဒါကြောင့် ကြူတို့က အဲဒီအခန်းလေးကို ပီပီပြင်ပြင်နဲ့ လုပ်ခဲ့တယ်။ ရှေ့မှာလည်း အများဆုံး ကြူ အကယ်ဒမီရသွားတဲ့ကား Sailing အိုက်တင်တွေ ရသွားတာ။ Sailing မျက်လုံးလေးနဲ့ပဲ စကားပြောတာ ဒီလိုပုံစံတွေ လုပ်သွားတာတွေ များတယ်ပေါ့နော်။ အဲဒီတော့ တကယ်ပေါ့နော် ကြူတို့ဘဝမှာ အခက်အခဲတွေ၊ အကယ်ဒမီရဖို့လည်း အချိန်လည်းတန်လာမှာပေါ့။ အရင်တုန်းကလည်း ရမယ်လို့ နာမည်ကြီးပေမဲ့လည်း မရခဲ့တဲ့ကားတွေ အများကြီးရှိတယ်လေ၊ အရင်တုန်းကလေ။ အဲဒီတော့ ဒီကားမှာတော့ အကယ်ရော ဖြစ်ပါ့မလားဆိုတဲ့ စိတ်လေးလည်း ရှိတာပေါ့နော်။ အဲဒါနဲ့ ဒီကားမှာ ကြူတို့က ပြန်ပြီးတော့ မြင့်မြင့်ခိုင်ဆိုပြီးတော့ ဖြစ်ပြီးတော့ ဒီလောကထဲ ပြန်ရောက်လာတာပေါ့။

"သမီးနဲ့ အမေများ"ပေါ့နော်။ "သမီးနဲ့ အမေများ"မှာ ဇာတ်ကောင်နာမည်တွေက ဝါ၊ စိမ်း၊ နီ။

ဟုတ်ကဲ့။ စိမ်းစိမ်းရယ်၊ ဝါဝါရယ်၊ နီနီရယ်။

**စိမ်းစိမ်းရယ်၊ ဝါဝါရယ်၊ နီနီရယ်ပေါ့။**

ဟုတ်ကဲ့။

မကြူ အဲဒီကားနဲ့ အောင်မြင်ပြီးနောက်မှာ အဲဒီသုံးယောက်နာမည်နဲ့ပဲ စိမ်းဝါနီ ဆိုပြီးတော့ ရုပ်ရှင်ထုတ်လုပ်ရေး ထူထောင်လိုက်တယ်နော်။

ဟုတ်။

ရုပ်ရှင်ထုတ်လုပ်ရေး ထူထောင်ပြီးတဲ့အခါမှာလည်း မကြူရိုက်တဲ့ကားတွေက တကယ်ကောင်းတဲ့ကားတွေပါ။ ဘာဖြစ်လို့ဆို ရုပ်ရှင်ဖြစ် ပြီးရောဆိုတာမျိုး မဟုတ်ဘဲနဲ့ ဥပမာ မစန္ဒာရဲ့ ဝတ္ထုကို ရိုက်တယ်ဆိုရင် "ဆဋ္ဌဂံ"။ "ဆဋ္ဌဂံ"ဆိုရင်လည်း အင်မတန်ကောင်းတယ်။ တကယ့်တကယ်ကျတော့ ကိုယ်ဝန်ဆောင် ၆ ယောက်အကြောင်းကို ရိုက်တာပေါ့နော်။ အဲဒီကားမှာလည်း မကြူလည်း ကောင်းတာပဲဗျ။ ဒါပေမဲ့ မကြူ ကျန်ရစ်ခဲ့တယ်။

ဟုတ်ကဲ့၊ ဟုတ်ကဲ့။ ဒါပေါ့လေ ကြူတို့လည်း ကြိုးတော့ ကြိုးစားတာပဲပေါ့နော်။ တစ်ခါတလေလည်း ကိုယ်နဲ့ မအပ်စပ်တဲ့အခါကျရင် ကျန်ခဲ့မှာပေါ့။ ကြူတို့ အဲဒီကားမတိုင်ခင် ကြူရတဲ့ **အောင်မြင်သောနေ့**။ မှတ်မှတ်ရရ ဦးဝင်းငြိမ်းနဲ့ ကြူပေါ့နော် အကယ်ဒမီပေးပွဲမှာ ပြောလိုက်တဲ့ စကားတစ်ခွန်းကို ကြူ မှတ်မိတယ်။

ကျွန်တော်ထိုင်ကြည့်တဲ့အချိန်မှာ ရုပ်ရှင်မြှင့်တင်ရေးမှာ အစမ်းပွဲ ကြည့်ကြတယ်။ အစမ်းပွဲကြည့်ကြတော့ ထွန်းထွန်းဝင်းကို လူသတ်မှုနဲ့ ကြိုးပေးမယ့်အချိန်၊ သားလုပ်တဲ့ စိုးသူက အဖေကြိုးပေးမယ့်နေရာကို သွားစောင့်နေတယ်။ မကြူက လောကကြီးမှာ ကိုယ်ထင်တိုင်းလုပ်လို့ မရဘူး ဆိုပြီးတော့ အင်မတန်စိတ်ဓာတ်တွေကျပြီး သီလရှင်ဝတ်သွားတာပေါ့နော်။ သီလရှင်ဝတ်တော့ ဟိုဘက်ကလည်း ကြိုးပေးမယ်၊ ဒီဘက်ကလည်း ရေစက်ချတယ်။ ရေစက်ချပြီးတော့ ဒါရိုက်တာသက်မောင်မောင်ရိုက်တဲ့ သီလရှင်တွေ ကြွနေတဲ့နေရာကို ခြေထောက်တွေပဲ ပြထားတယ်။ အဲဒီအချိန်မှာ စိုးသူက ဝင်လာပြီးတော့ အမေလို့

**အော်လိုက်တဲ့အချိန် မကြူ ခြေထောက်နဲ့ ကောဇောရဲ့အနားနဲ့ ငြိသွားတယ်ပေါ့နော်။ အင်မတန်ကောင်းတဲ့ ရိုက်ချက်ပါ။ ဒါပေမဲ့ မကြူ ခြေသည်းရှည်နေတယ်လို့ ကျွန်တော်ပြောခဲ့တယ်။ အဲဒီမှာ မကြူရဲ့ Mood ပေါ့နော်။ ကျွန်တော်ထင်တာ မကြူ့စိတ်ထဲမှာ Mood က အပြည့်ရှိနေတယ်လို့ ကျွန်တော်ထင်တယ်။ ဒီက တော်တော်ရှုပ်တဲ့ဇာတ်ကို ဒါပေမဲ့ မကြူ Mood အပြည့်ရှိနေပုံရတယ်။ အဲဒီကားကို ကြည့်ရတာပေါ့နော်။ မကြူ အဲဒီလို ဇာတ်ကောင်စရိုက်ကို ကြိုးစွေးတဲ့အကျင့် ရှိသလား။**

ဟုတ်ကဲ့။ ကြူတို့ အဲဒီဇာတ်ကားရိုက်ဖို့ စ,ပြောတဲ့ ကိုနိုင်(သက်မောင်မောင်ပေါ့နော်) ကြူတို့ကို ပြောတဲ့အခါမှာ စာရေးဆရာမ ခင်နှင်းယုရဲ့ ဝတ္ထု။ တော်ပါတယ် ဒေါ်ခင်နှင်းယု ရေးထားတဲ့ ဇာတ်ကလေ။ ကြူ သူတို့ဇာတ်လမ်းမေးတော့ သူ ဇာတ်လမ်းအကျဉ်းလေးပေးတော့ ဇာတ်လမ်းအကျဉ်းမှာကတည်းက တော်တော် ကောင်းတယ်။ ဒါပေမဲ့ ကြူ မေးတယ်။ ကိုနိုင်လို့ ကြူတို့ကို ဝတ္ထုစာအုပ် မပေးနိုင်ဘူးလားလို့။ ကြူ ဝတ္ထုစာအုပ်ကို ဖတ်ချင်တယ်လို့။ ရတယ်လေ၊ မကြူကို ပေးလိုက်မယ်လေ။ ဒါပေမဲ့ ကျွန်တော့်ကို ပြန်ပေးရလိမ့်မယ်၊ ဒီတစ်အုပ်ပဲရှိတယ်တဲ့။ စာအုပ်တွေ ပြန်ထုတ်တဲ့အထဲမှာ မပါသေးဘူးတဲ့ အဲဒီ **အောင်မြင်သောနေ့** စာအုပ်။ ကြူက ရပါတယ်၊ ခဏပဲ ငှားပါလို့။ ပေးလိုက်တဲ့အခါမှာ ကြူ စာအုပ်ကို ဖတ်တယ်။ ဖတ်ပြီးတော့ ဘာလုပ်လဲဆိုတော့ တစ်အုပ်လုံးကို မိတ္တူဆွဲလိုက်တယ်။ သူ့ကို ပြန်ပေးရမှာဆိုတော့။ အဲဒီမိတ္တူဆွဲလိုက်တဲ့ တစ်အုပ်လုံးကို မတတ်နိုင်ဘူး။ တစ်နေ့ကို တစ်ခေါက်ကျ အဲဒီဇာတ်ကို သေသေချာချာ ဖတ်တယ်။ ဖတ်ပြီးပေမဲ့လည်း နားလည်အောင် ဖတ်တယ်။ အဓိက,က ကြူ ဇာတ်ကောင်ကာရိုက်တာကို သိချင်တယ်။ ဇာတ်ကောင် ကာရိုက်တာကို သိတော့မှ အဲဒီအိုက်တင်ကို လုပ်လို့ရမှာလေ။ အိုက်တင်ဆိုတာ ခုန ဦးဝင်းငြိမ်းပြောသလို ရိုက်ခါနီးကျမှ ဒီနေ့ ဘာအခန်းရိုက်မှာလဲ၊ ဝမ်းနည်းခန်းလား၊ ပျော်တဲ့အခန်းလား၊ အမေအခန်းလား ပြောပြီးတော့ ရိုက်တာထက် ကြူ ဇာတ်ကောင်စရိုက်ကို ကြူ သိချင်တဲ့အခါမှာ ဇာတ်ကောင် စရိုက်က သူက ဒေါ်ခင်နှင်းယု ရေးထားတဲ့ ဝတ္ထုက တော်တော်လေး ကောင်းတယ်။ သူက ဒီမှာ ကြူက မေဘယ်လ်နေရာက သရုပ်ဆောင်ရတယ်။ မေဘယ်လ်နေရာက သရုပ်ဆောင်၊ မေဘယ်လ်က ခေတ်ဆန်တဲ့ အမျိုးသမီး တစ်ယောက်အနေနဲ့ပေါ့။ သူ့မိန်းမ စော်ကားမော်ကား စကား

တွေ ပြောတော့ သူက ဒေါသအလျောက် သေနတ်နဲ့ ပစ်လိုက်တာလေ။ သေနတ်နဲ့ ပစ်လိုက်တော့ လူသတ်မှုနဲ့ ထောင်ကျတယ်။ အဲဒီမှာ သူ့ ယောကျ်ားအတွက်ကို အမှုလိုက်တာ။ အမှုလိုက်တဲ့နေရာမှာ သူ ပါတီတွေ သွားတယ်။ သူ့ယောကျ်ားအမှုကို ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် လွတ်ရရင်ပြီးရော ဆိုတဲ့ ဆန္ဒတွေရယ်၊ သူက ဆုံးဖြတ်ချက်ချကာ ဒီအမှုက လွတ်ရမယ်ဆိုတဲ့ သူ့ရဲ့လုပ်ရပ် ဖြစ်တယ်ဆိုတဲ့ Artist ဆိုတဲ့ စိတ်ကလေးနဲ့ ချစ်လို့ သူလုပ်ခဲ့တဲ့ အခါမှာ သူ့ဘဝနစ်မွန်းသွားတယ်။ သူ တရားသူကြီးကို ခန္ဓာကိုယ်ပါ ပေး လိုက်ရတယ်။ ဒါကို သူ့သားက သိသွားတဲ့အခါမှာ သူ အရမ်းရှက်သွား တယ်။ သားက သိတယ်။ သူ့ခန္ဓာကိုယ်မှာ ဆေးလိပ်နဲ့တွေဘာတွေဆိုတာ။ အဲဒီမှာ သူ သားမသိအောင် မျက်ရည်တွေဘာတွေ ကျိတ်ပြီး ကျရတယ်၊ လွမ်းရ တယ်ပေါ့နော်။

သားကလည်း သိတယ်။ ဒါပေမဲ့ သူ့အမေကို သနားသွားတာပေါ့ နော်။ အဲဒီကြားထဲကမှ နောက်ဆုံး ဦးညွန့်ဝင်းက သူက လာပြောလိုက် တယ်။ မေဘယ်လ် စိတ်ခိုင်ခိုင်ထားတဲ့။ သူ လုံးဝ သေဒဏ်ကျသွားပြီတဲ့ ဆိုမှ အဲဒီတော့မှ သူ ကိုယ်မျှော်လင့်ထားတဲ့ အရာတွေက လုံးဝ မဖြစ်နိုင် တော့ပါလားဆိုတဲ့ စိတ်တွေပေါ့နော်။ အဲဒီမှာ ပုံလျက်သား မေ့ပြီးတော့ လဲသွားတော့တာလေ။ အဲဒီမှာ သားရယ် အမေဖြစ်ချင်တဲ့ အရာတွေ မဖြစ် တော့ပါလား သားရယ်ဆိုပြီးတော့ သူ့သားကို ဖက်ပြီးတော့ ငိုလိုက်တယ် လေ။ အဲဒီလို ပြောပြီးတော့မှ သူ့အဖေ ကြိုးမိန့်ပေးတဲ့နေရာကို သူ့သားက သွားတယ်။ ကြူ ဒီစိတ်တွေကို မွေးဖို့ ကြူ ဒီစာအုပ်ကို Photo ကူးယူရတယ်။ ကူးယူပြီးတဲ့နောက်ပိုင်းမှာ ကြူက ဒီဟာတွေကို ထပ်ကာထပ်ကာ ဖတ် တယ်။ ဒီစိတ်တွေကို ကြူ အမြဲတမ်း မွေးထားတယ်။ အိုက်တင်ကို ဘယ် အခန်းမှာ ဘယ်လိုအိုက်တင်လုပ်တယ်။ တစ်ခါတလေ ငိုလိုက်ရတာကလေ ကြူ ထင်တယ်၊ အိုက်တင်လုပ်တဲ့အခါမှာ အရမ်း အော်ဟစ်ပြီး ငိုလိုက်ရတဲ့ အိုက်တင်က လွယ်တယ်။ ကျိတ်ပြီး ခံစားရတဲ့ အမှုအရာက အရမ်းခက် တယ်။ ဒါပေမဲ့ မျက်နှာမှာ ပေါ်ရမယ်၊ မျက်လုံးမှာ ပေါ်ရမယ်။ ကျိတ်ပြီးတော့ အရမ်းပြုံလဲချင်ရင်တောင် စိတ်ထဲမှာ အရမ်းကျိတ်ပြီး ခံစားရတော့ ဘာဖြစ် လဲ၊ မျက်ရည်က ကျလာတယ်။ အဲဒီအိုက်တင်မျိုးကို ကြူတို့က လုပ်ချင် တာ။ လုပ်ချင်တော့ ကြူ အဲဒါကို သေသေချာချာ ဖတ်ပြီးတော့ အဲဒီဇာတ် ကောင် Mood ကို အစောကြီးကတည်းက သွင်းထားတယ်။ နောက်ပြီးတော့

ဘယ်ဒိုင်ယာလော့ခ်မှာ ဘယ်အမှုအရာ ကြူ လုံးဝ မျက်ရည် မသုံးခဲ့ဘူး၊ အဲဒီကားမှာ။ တစ်ခါတလေ ကြူတို့ သရုပ်ဆောင်တဲ့လူ မျက်ရည်မရတဲ့ အချိန် မျက်ရည်ချူရတာတွေ အများကြီးရှိတယ်။ ဒါပေမဲ့ အဲဒီစိတ်ကို သွင်းထားခဲ့တယ်။ အဲဒီတော့ ယောကျ်ားကို ပြောလိုက်တဲ့အခါမှာ တစ်ဖက် လှည့်လိုက်တာနဲ့ ကြူ မျက်ရည်ကျသွားတာ။ ဒီဘက်မှာတော့ ပြုံးပြီး ပြောနေပေမဲ့ ဒီဘက်မှာ ခံစားနေရတယ်။ သူ မလွတ်နိုင်တော့တဲ့ အခြေ အနေ၊ ကိုယ့်ဘဝလည်း ဒီလိုဖြစ်သွားပြီဆိုတဲ့အခါမှာ အဲဒီစိတ်ကို ကြူ ကြိုမွေးတဲ့အခါမှာ ကြူ ကားရိုက်တဲ့အခါ အိုက်တင်တွေကို ကိုယ့်ကိုယ်ကို အထင်ကြီးတာ မဟုတ်ဘူး၊ ကြူ စိတ်ထဲမှာ ကျေနပ်မှုတွေ ရလာတယ်။ ကိုယ်တွေးလိုက်လို့ရှိရင် ငါလုပ်လိုက်တဲ့ အိုက်တင်က... ပြန်လာလို့ရှိရင် အမြဲတမ်း စဉ်းစားတယ်။ ဒီနေ့လုပ်ခဲ့တဲ့ အမှုအရာတွေ ဘာအမှုအရာတွေ လုပ်ခဲ့တယ်၊ အဲဒါ ငယ်ငယ်လေးကတည်းက ကားရိုက်ကတည်းက အဲဒီလို စဉ်းစားတယ်။ ကိုယ့်ကိုယ်ကို စိတ်ထဲမှာ ကျေနပ်မှုလေးတွေရတဲ့ အရသာ လေးကိုတော့ ခံစားမိတာပေါ့နော်။ အဲဒါကြောင့် ကြူ ကလေးတွေကိုလည်း ပြောရတယ်။ အလုပ်တာစ်ခု လုပ်မယ်၊ သရုပ်ဆောင်တစ်ယောက်က မရိုက်ခင် မှာ ကြိုတင် ပြင်ဆင်မှုက ၅၀ ရာခိုင်နှုန်း အောင်မြင်မှုကို ရတယ်ဆိုတာလေ။ အဲဒီလိုပေါ့နော် ကြူကတော့ အဲဒီလိုလေး ကြိုတင်ခဲ့တယ်။

**အဲဒီတော့ မကြူက "အောင်မြင်သောနေ့"အတွက်က ဝတ္ထုကို အထူးသဖြင့် နေ့တိုင်းဖတ်ပြီးတော့ ဒါ Moodသွင်းထားတယ်ဆိုတာ...။**

Mood သွင်းထားတယ်။ အဲဒါကြောင့် ကြူတို့က ဝတ္ထုကနေရိုက် တဲ့ဝတ္ထုကို သေသေချာချာကို ဇာတ်လမ်းကို ထပ်ကာထပ်ကာ နားလည် အောင် ဖတ်တယ်။ ဘယ်လိုအိုက်တင်တွေ လုပ်ရမယ်ဆိုတာကိုပေါ့နော်။

**ဒါ အကျိုးကျေးဇူး ရှိတာပေါ့နော်။**

အကျိုးကျေးဇူး ရှိတာပေါ့ အဲဒါ။

**မကြူ အဲဒီလိုမျိုး အောင်မြင်မှုတွေ ရလာခဲ့တယ်ပေါ့နော်။ ကိုယ် ပရိုဂျူဆာဖြစ်တဲ့အခါမှာလည်း အောင်မြင်မှု ရတာပဲ။ သရုပ် ဆောင်ပိုင်းမှာလည်း အောင်မြင်မှု ရခဲ့ပြီးပြီ။ အခု မကြူက သရုပ် ဆောင်သင်တန်း ဖွင့်ထားတယ်ပေါ့နော်။ Broadwayထင်တယ် နာမည်။**

Supreme Broadway Institute.

Supreme Broadway Institute အကယ်ဒမီ မြင့်မြင့်ခိုင် သရုပ်ဆောင်

သင်တန်း။

**သရုပ်ဆောင်သင်တန်း ဖွင့်ထားတယ်ပေါ့။ အဲဒီတော့ ကျွန်တော် သိသလောက် မကြျူတို့ ဓနီးမောင်နှံမှာ သမီးက တစ်ယောက်တည်းပဲ ရှိတယ်။ အဲဒီသမီးကလည်း မကြျူတို့အနားမှာ မရှိဘူး၊ နိုင်ငံခြား ရောက်နေတယ်။ အဲဒီတော့ မကြျူ ဒီသင်တန်းဖွင့်တယ်ဆိုတာ ကိုယ့်ဝါသနာကြောင့်လား သို့တည်းမဟုတ် Actorဖြစ်နေလို့ စိတ်အပန်းဖြေလို့ရအောင် ဖွင့်တာလား။**

အဲဒီလို မဟုတ်ဘူး။ ကြျူက ဘယ်လိုပြောရမလဲ မသိဘူး။ အနုပညာပိုး တော်တော်ကြီးတဲ့သူ ခေါ်မှာပေါ့နော်။ တစ်ခါတလေတောင်မှ ကြျူ အခက်အခဲတွေ တွေ့လာရင် ကိုယ်ဖြစ်ချင်တာလေး မဖြစ်တဲ့အခါမှာ ကြျူ ပြန်စဉ်းစားမိတယ်။ ငါ ဒီပိုးက ကုန်နိုင်ရင် သိပ်ကောင်းမှာပဲလို့။ သိတယ်မလား။ ဒီပိုး ကုန်သွားလို့ရှိရင်တော့ ငါ အနုပညာအလုပ်ကို မလုပ်တော့ဘူးလို့။ ဒီပိုးကလည်း မသေနိုင်ဘူးဖြစ်နေတယ်။ အဲဒါနဲ့ ဘာပဲဖြစ်ဖြစ်လေ အနုပညာလောကမှာ ကြျူပေါ့နော် တစ်ထောင့်တစ်နေရာကနေပြီးတော့ Supportလုပ်ချင်တယ်။ အဲဒါကြောင့်မို့လို့ ဒီသရုပ်ဆောင်သင်တန်းမှာလည်း ကလေးတွေကို ကြျူက လမ်းကြောင်းပေါ်လေး ရောက်အောင် တင်ပေးတယ်။ အရမ်းတော့ နာမည်ကြီး ဖြစ်စေချင်တာပေါ့။ ဒါပေမဲ့ သူတို့ရဲ့ ခံယူချက်ရယ်၊ သူတို့ရဲ့ လေ့လာလိုက်စားမှုရယ်၊ သူတို့ရဲ့ ကြိုးစားအားထုတ်မှုရယ်တွေကတော့ လိုတာပေါ့။ ဒါပေမဲ့ ဒီအမှုအရာတွေကို လုပ်ပြနေရတဲ့အတွက် ကိုယ်က ပျော်နေတာပေါ့နော်။ ပျော်နေတော့ ဘာပဲဖြစ်ဖြစ်လေ၊ ဟို ဘဝကို အဓိပ္ပာယ်ရှိရှိလေး ဖြတ်သန်းပြီးတော့ ကုန်ဆုံးသွားချင်တယ်။ ကြျူတို့လည်း ဒီအသက်အရွယ် ရောက်လာပြီးတော့ ဘယ်တော့လောက်ထိ နေရမလဲဆိုတာလည်း မသိဘူး။ အဲဒီတော့ အနုပညာမှာ ကြျူတို့ နာမည်တစ်လုံးတည်းနဲ့ ရှိနေချင်တယ်။ အမြဲတမ်း ဖြတ်သန်းပြီးတော့ ပျော်နေချင်တယ်။ အဲဒါကြောင့် ဒီသရုပ်ဆောင်သင်တန်းကိုလည်း ဖွင့်ဖြစ်သွားတာပါ။

**အနုပညာသင်တန်းဖွင့်တာ ဘယ်နှသုတ်လောက် ရှိသွားပြီလဲ။**

ကြျူ ဖွင့်တာဆို ၁၉၁၂ ခုနှစ်လောက်က ဖွင့်တာ။ တကယ်တော့ သရုပ်ဆောင်သင်တန်းကို စပြီးတော့ ကြျူ ဖွင့်ခဲ့တာ ၂၀၀၈ ခုနှစ်ကတည်းက ဖွင့်ခဲ့တာပေါ့။

**၂၀၀၈ ခုနှစ်။**

၂၀၀၈ ခုနှစ်မှာက ရုပ်ရှင်အစည်းအရုံးမှာ ဖွင့်တယ်။

**ကိုယ်ပိုင် ဘရော့...။**

ကိုယ်ပိုင်က ၂၀၁၂ ခုနှစ်မှာ စ,ဖွင့်တယ် အဲဒီမှာ။

**ဘယ်နှသုတ်ရှိသွားပြီလဲ။**

ဘယ်နှသုတ်လဲဆိုရင်တော့ ၇ သုတ်၊ ၈ သုတ် လောက် ရှိသွားပြီ။ သင်တန်းသူ၊ သင်တန်းသားကတော့ ၁၀၀ ကျော်လောက်တော့ ရှိသွားတာပေါ့။ အဲဒီလောက်ဆိုတော့လေ၊ ဟုတ်ကဲ့။

**ကျေးဇူးတင်ပါတယ်။**


ဟုတ်ကဲ့ပါ၊ ကျေးဇူးတင်ပါတယ်။ ဦးဝင်းငြိမ်းကိုလည်း ကိုယ့်ဘော်ဒါတွေနဲ့ အရမ်း ပြန်တွေ့ရတာ။ ကျွ ခုနပြောတဲ့ ဦးဝင်းငြိမ်းတို့ အကယ်ဒမီခန်းမထဲကို ဝင်လာတော့ **အောင်မြင်သောနေ့** မှာလေ။ "မကြူရေ ဒီနေ့တော့ အောင်မြင်သောနေ့နော်"တဲ့။ ဒါပေမဲ့ စိတ်ထဲမှာ မယုံရဲဘူး။ သေချာကြီးလည်း ဘယ်သူမှ ပြောတာမဟုတ်တဲ့အတွက်ပေါ့နော်။ ကြူကြေညာမှသာ ဒါ ရှိမှာလေ။ အဲဒါအတွက် ကြူ စိတ်ထဲမှာ မယုံရဲ ယုံရဲနဲ့။ ဒါပေမဲ့ ဦးဝင်းငြိမ်း မျက်နှာကြီး အော်လိုက်တဲ့ အချိန်မှာ အရမ်းပျော်သွားတာပေါ့နော်။ အဲဒါလေးကိုတော့ မမေ့ခဲ့ဘူး။

**ဟုတ်ကဲ့ပါ။ ၂၀၂၀ ဆိုရင် မြန်မာ့ရုပ်ရှင် နှစ် ၁၀၀ ပြည့်တော့မယ်နော်။ အဲဒီတော့ မကြူအနေနဲ့ နှစ် ၁၀၀ ပြည့် Wish လေးများ ပြောပေးလို့ရမလား ခင်ဗျ။**

ဟုတ်ကဲ့။ ကြူကတော့ ၂၀၂၀ မှာ မြန်မာ့ရုပ်ရှင်လောကကြီး နှစ် ၁၀၀ ပြည့်တဲ့အချိန်မှာ ရုပ်ရှင်လောကကြီးက ပိုမိုပြီးတော့ပေါ့နော် တိုးတက်အောင်မြင်ပြီးတော့ အဆင့်တန်းမြင့်တဲ့ ရုပ်ရှင်ကားတွေနဲ့ ရှိလာပါစေ၊ ရှိလာမယ်လို့လည်း မျှော်လင့်ပါတယ်။ အဲဒီလိုလည်း ဖြစ်စေချင်ပါတယ်။ အဲဒီလိုဖြစ်ပါစေလို့လည်း ဆုတောင်းပါတယ်။

**ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်။**

***





# အကယ်ဒမီ ရန်အောင်

မင်္ဂလာပါခင်ဗျာ။ ကျွန်တော်တို့ **လိပ်ပြာကူး ထူးခြားသူများ** ဆိုတဲ့ အစီအစဉ်ကို ကမာရွတ်မီဒီယာက ထုတ်လွှင့်ရာမှာ ကိုရန်အောင်လည်း တစ်ယောက် အပါအဝင် ဖြစ်ပါတယ်။ ကိုရန်အောင်က ကျွန်တော်တို့ မြန်မာ့ရုပ်ရှင်လောကမှာ သရုပ်ဆောင်အဖြစ်နဲ့ ထူးထူးခြားခြား အကယ်ဒမီ ခြောက်ဆု ဆွတ်ခူးထားတဲ့ သရုပ်ဆောင်ဖြစ်ပါတယ်။

**ကိုရန်အောင် မင်္ဂလာပါ။**

ဟုတ်၊ မင်္ဂလာပါ အစ်ကို။

**အစ်ကိုသိတာ ရန်လေး စပြီးသရုပ်ဆောင်တာက "ချစ်ခြင်းတူရင် မောင်မောင်တို့ အရှုံးပေးလိုက်မယ်"နော်။ ဆရာ ဦးမျိုးမြင့်အောင် ရိုက်သွားခဲ့တာ။ အစ်ကို စ,သိချင်တာက ရန်လေးအနေနဲ့ ရုပ်ရှင်သရုပ်ဆောင်ဖြစ်ဖို့ ဝါသနာပါပြီးတဲ့အခါမှာ ဦးမျိုးမြင့်အောင်နဲ့ ဘယ်လို အဆက်အသွယ်ရသွားသလဲပေါ့နော်။**

ပါပါကြီးနဲ့ ဘယ်လိုအဆက်အသွယ်ရလဲဆိုတော့ ကျွန်တော်က အမေ့ကို အမေ့ရဲ့မိတ်ဆွေ ကင်းဝန်မင်းကြီးလမ်းက ဦးဘ၊ ဒေါ်ခင်ရီတို့ ခြံကို လိုက်ပို့တယ်ပေါ့နော်။ အမေတို့က သွားသွားလည်တယ်ပေါ့နော်။

သွားလည်တဲ့အခါမှာ အဲဒီခြံထဲမှာ ကိုကျော်သူတို့က ရုပ်ရှင်ရိုက်တယ်။ အဲဒီမှာ ကိုကျော်သူတို့ ရုပ်ရှင်ရိုက်တာကို အမြဲတမ်း အပြင်ကနေ သွားသွား ငေးကြည့်မိတာပေါ့နော်။ ကြည့်တဲ့အခါမှာ တချို့ပရိသတ်တွေက ကျွန်တော့်ကို အော်တိုလာထိုးခိုင်းတယ်။ ထိုးခိုင်းတဲ့ဟာကို ဘယ်သူက တွေ့သွားလဲဆိုတော့ ဒါရိုက်တာ ဦးအောင်မြင့်ထိပ်က တွေ့တယ်။ ဦးအောင်မြင့်ထိပ်က တွေ့ပြီးတော့ ကျွန်တော့်နားကို လာပြီးတော့ မောင်ရင်တဲ့ မင်းသားလုပ်မလားတဲ့။ အဲဒီလိုမေးတော့ လုပ်လို့ရရင် လုပ်မှာပေါ့လို့ ကျွန်တော် ပြန်ဖြေခဲ့တယ်။ အဲဒါဆို မင်း ငါ့ကို အိမ်လိပ်စာပေးထားတဲ့ပြောတော့ ကျွန်တော်က လိပ်စာရေးပေးလိုက်တယ်။ ရေးပေးလိုက်ပြီးတော့ သိပ်မကြာဘူး၊ ကျွန်တော်ထင်တာ ၁၅ ရက်လောက်ပဲကြာမယ် ထင်တယ်။ ကိုကျော်သူရဲ့ ရုပ်ရှင်ပို့စတာ၊ ရုံဆင်ပို့စတာကားကြီးပေါ့ **ချစ်ကြိုးလေးနှစ်မျှင်** ဆိုတဲ့ ကား အိမ်ရှေ့ကို လာရပ်ထားတော့ ကျွန်တော်က ဝရန်တာကနေကြည့်ပြီးတော့ ဟာ... အောက်မှာ ကိုကျော်သူကားကြီး လာရပ်ထားတယ်ပေါ့။ ရုံလှည့်တဲ့ကားကြီးဆိုတော့ ကျွန်တော် ဝမ်းတွေသာနေတာပေါ့၊ ဘယ်သူလဲမသိဘူးဆိုပြီးတော့။ အောက်မှာ ဒါရိုက်တာ ဦးမျိုးမြင့်အောင်ရောက်နေတယ်၊ မင်းကိုတွေ့ချင်တယ်လို့ ပြောတယ်ဆိုတာနဲ့ ကျွန်တော် အောက်ဆင်းသွားတယ်ပေါ့။ အောက်မှာက အဖေနဲ့အမေက ရှိပြီးသား။ အဖေနဲ့အမေက စကားပြောနေတယ်။ မင်းသားလုပ်ချင်တယ်ဆိုလို့ပါ၊ ဦးအောင်မြင့်ထိပ်က ပေးလို့ပါ။ ဒီလိပ်စာအတိုင်း လာတာပါ။ သူ မင်းသားတစ်လက်တင်ဖို့ အစီအစဉ်ရှိပါတယ်ပေါ့။ အဲဒါ တကယ်လို့ ရိုက်ချင်တယ်ဆိုရင် သူ့ကို စိတ်ချပါ၊ သူ့ကို ယုံကြည်ပါ။ သူတင်ရိုက်ပါမယ်လို့ အာမခံတယ်။ ပြီးတော့ ပိုက်ဆံလည်း တစ်ပြားမှ မကုန်ပါဘူးလို့ပြောပါတယ်။ အဲဒါနဲ့ အဖေနဲ့အမေက ကျွန်တော့်ကို မေးတယ်။ ကျွန်တော့်သဘောထားကို မေးတယ်။ အဲဒါနဲ့ ကျွန်တော်လည်း ဖြစ်ရင်တော့ ကျွန်တော်လုပ်ချင်ပါတယ်လို့။ ကျွန်တော်က မျိုးရိုးလည်း မရှိဘူး။ ကိုကျော်သူတို့၊ ကိုးစိုးသူတို့ အရမ်းပေါက်တဲ့အချိန်မှာ ကျွန်တော်က တအားအားကျတဲ့စိတ်ကလေးပဲ ရှိတယ်။ ဖြစ်ချင်တာပေါ့လေ။

**ဒါပေါ့... ဒါပေါ့။**

သရုပ်ဆောင်တဲ့ ထဲထဲဝင်ဝင်လည်း မသိသေးဘူး။ ဘာသင်တန်းမှလည်း ကျွန်တော် တက်ဖူးတာ မဟုတ်ဘူး။ အဲဒီအချိန်တုန်းက ကျွန်တော် သင်တန်းတက်တာဆိုလို့ ဒေါ်မာမာအေးဆီမှာ အေးအဆိုသင်တန်းတစ်ခုပဲ

တက်ဖူးပါသေးတယ်။ ၈၄ ဝန်းကျင်လောက်ကပါ။ ပါပါကြီးလာခါတော့လည်း အဲဒီဝန်းကျင်ပဲ။ အဲဒီမှာ အတိုချုံ့ပြောရရင်တော့ ပါပါကြီးဆီမှာ ကျွန်တော် ရိုက်ဖြစ်တယ်ပေါ့။

**ဦးမျိုးမြင့်အောင်က လာခါပြီး ရိုက်တဲ့အခါကျတော့ ကိုရန်လေးကို သီးခြား Training ပေးတာတွေဘာတွေ လုပ်သေးလား။**

လုပ်တယ်။ လုပ်တယ်ဆိုတာက ဘာလဲဆိုတော့ ကျွန်တော်တို့ကို ကားမောင်းတတ်လား၊ ဆိုင်ကယ်စီးတတ်လား၊ မြင်းစီးတတ်လား။ ကားမောင်းတတ်တယ်၊ ဆိုင်ကယ်စီးတတ်တယ်၊ စက်ဘီးစီးတတ်၊ မြင်းစီးတတ်တယ်။ မြင်းစီးတတ်တယ်ဆိုတာ ကျွန်တော် ဒုန်းစိုင်းမစီးတတ်သေးဘူး။ ဒုန်းစိုင်းသင်ရမယ်။ နောက်တစ်ခုက ကိုယ်ခံပညာ ဘာတတ်လဲ။ ကိုယ်ခံပညာကတော့ ကျွန်တော် ကရာတေးကတော့ နည်းနည်းပါးပါးလောက်ပဲ တတ်ပါတယ်။ ကရာတေးကတော့ ကောင်းပါတယ်။ အဲဒီရုပ်ရှင်အတွက်ဆိုရင် ကွန်ဖူးသင်ရမယ်ဆိုပြီးတော့ ကျွန်တော် ကွန်ဖူးပညာကို ဗန်းမော်စံဝင်းတို့၊ ဗန်းမော်ထွန်းဝင်းတို့က ကျွန်တော့်ရဲ့ ဆရာတွေပါ။ သူတို့ဆီမှာ ကျွန်တော် Form တွေချည်းပဲ သွားသင်ရတယ်။ Form ဆိုတာက အကျအလှ၊ လက်အယူအဆ သူက လှတာကိုး။ တရုတ်ကားတွေမှာလည်း ဂျက်ကီချန်းတို့ဘာတို့က ဒီအယူအဆတွေချည်းပဲဆိုတော့ ဒါကို ကျွန်တော် အမြဲတမ်း ပုံသေဖြစ်သွားအောင် သွားသင်ရပါတယ်။ နောက်တစ်ခုက Form တွေတတ်အောင်၊ အကျတွေပေါ့။ ဖိုက်တင်ချတဲ့အခါမှာ ဝုန်းခနဲ ပစ်ကျလို့ရအောင်၊ ဝုန်းခနဲ ကျွမ်းထိုးပြီး ထွက်လို့ရအောင်၊ လိုမ့်ထွက်လို့ရအောင် အဲဒီ Form တွေဆိုတာ တော်ရုံတန်ရုံလူက၊ လူစိမ်းသက်သက်က ဘယ်လိုမှလုပ်လို့ အဆင်မပြေဘူး။ အဲဒါနဲ့ ကျွမ်းဘားပါ ကျွန်တော် သင်ရတယ်။ ကျိုက္ကဆံကွင်းမှာ။ နောက် မြင်းစီးသင်ရတယ်။ ဒုန်းစိုင်း၊ မြင်းကို လေးဖက်ခွ စုံတို့၊ အလှတို့၊ ခွာစုံလေးနဲ့ ပြေးတာတို့ သူ့အထာတွေက အများကြီးရှိတာကိုး။ အဲဒါတွေ သင်ရတယ်။ ပြီးတော့ ကွန်ဖူးသင်ရတယ်။ ရုပ်ရှင်ဖိုက် တင်ထိုးနည်းဆိုပြီးတော့သတ်သတ် ပါပါကြီးခြံထဲမှာ သင်ရပါတယ်။

**ရန်လေး မြင်းစီးသင်တယ်ဆိုတာ သာမန်လူတစ်ယောက်ကတော့ အလကားနေရင်း မသင်ဘူးလေ။ ရန်လေးမှာ အစကတည်းက ရုပ်ရှင်သရုပ်ဆောင်လုပ်ချင်တဲ့စိတ်အခံရှိလို့သာ မြင်းစီးသင်ထားသလားလို့။**

ကျွန်တော်က… ကျွန်တော့်ရည်ရွယ်ချက်က ငယ်ငယ်ကဆို ဆရာဝန်ဖြစ်ချင်တာ။ ဆရာဝန်ဖြစ်ချင်တာမှ ခွဲစိတ်တဲ့ဆရာဝန် ဖြစ်ချင်တာ။ ဆဂျရီတွေဘာတွေလုပ်တဲ့ ဆရာဝန်ဖြစ်ချင်တာ။ သို့သော် သူ့အရွယ်နဲ့ သူ့အချိန်ရောက်တဲ့အခါမှာ ကျွန်တော် ဘယ်လိုမှ မရည်ရွယ်ထားတဲ့ သရုပ်ဆောင်အလုပ်လုပ်ဖို့၊ လုပ်မယ်ဆိုပြီးတော့ အကြောင်းအရာဖန်လာတယ်။ ဖန်လာတဲ့အခါမှာ၊ အခွင့်အရေးကပေးတဲ့အခါမှာ ကျွန်တော် တစိုက်မတ်မတ်ကြိုးစားတာပါ။ ရူးသွပ်တာပေါ့။ တကယ်လည်း ဝါသနာပါပုံရပါတယ် ကျွန်တော်။ ဝါသနာပါလို့လည်း ဒီဟာကို သင်ဖြစ်တာ။

**ဦးမျိုးမြင့်အောင်ဆီ ရောက်တဲ့အခါကျ ဦးမျိုးမြင့်အောင်က လိုအပ်တာတွေ ထပ်ဖြည့်ပြီး သင်ခိုင်းထားတယ်။ အဲဒီအတွက် အက်ရှင်ကားလုပ်ရမယ်ဆိုရင်လည်း ဖြစ်နိုင်တယ်။ လက်သီးထိုးရမယ်ဆိုလည်း ဖြစ်နိုင်တယ်။ ဖောတွေကျရမယ်ဆိုရင်လည်း ဖြစ်နိုင်တယ်။ ဒါကတော့ ရုပ်ရှင်မင်းသားတစ်ယောက် တတ်အပ်တဲ့ အဌာရသသဘောဖြစ်သွားတာပေါ့နော်။ ဒါတွေ အကုန်တတ်မှသာ သရုပ်ဆောင်လုပ်လို့ ဖြစ်မှာကိုး။**

သီချင်းဆိုတတ်သလားလို့လည်း မေးပါတယ်။ မေးတော့ သီချင်းကလည်း ကျွန်တော် သင်ထားပါတယ်ပေါ့။ ဆိုပြရတယ်ပေါ့။ နောက် ပါပါကြီးက သူရိုက်နေတဲ့ကား ကိုကျော်သူနဲ့ ရိုက်လက်စကားတွေရှိတယ်။ **ချစ်နှင်းဆီလှလှလေး** အဲဒီမှာ ကျွန်တော် နောက်ခံသီချင်းဆိုပေးခဲ့ဖူးတယ်။ တော်တော်များများ ကျွန်တော် ပါပါကြီးကားတွေမှာ ဆိုပေးခဲ့ဖူးတယ်။ ပြီးတော့ ပါပါကြီးက ရှုတင်မှာ၊ အဲဒီတစ်နှစ်အတွင်းမှာပေါ့ အကုန်သင်ခိုင်းတဲ့အချိန်၊ သူရိုက်နေတဲ့ကားမှာလည်း ကျွန်တော့်ကို Script ရေးခိုင်းတယ်။ အဲဒီလိုမျိုး စက်အဖွဲ့တွေ၊ နောက် ပါဝင်တဲ့ အနုပညာမောင်နှမတွေ ကိုညီကျော်တို့၊ ကိုထူးသာတို့ Supporting တွေ၊ အမေ ဒေါ်စံရှားတင်တို့၊ ဦးမြင့်နိုင်တို့ အဲဒီလိုမျိုး လက်ပွန်းတတီးနေခိုင်းတယ်။ စက်အဖွဲ့တွေနဲ့လည်း လက်ပွန်းတတီးနေခိုင်းတယ်။ တစ်စိတ်တည်းထားရတယ်။ အဲဒါ ကျွန်တော်တို့ရဲ့ ဆရာကောင်းပေါ့။ ကျွန်တော်တို့ အခုချိန်မှာ အကုန်လုံးနဲ့ အမြဲတမ်း Close ဖြစ်အောင်နေနိုင်တာ ဆရာ သွန်သင်ပေးခဲ့လို့ အဲဒါတွေလည်း ပါပါတယ်။

**အဲဒီတော့ "ချစ်ခြင်းတူရင် မောင်မောင်တို့ အရှုံးပေးလိုက်မယ်" ဇာတ်ကားက ပေါက်သွားခဲ့တယ်။ ဦးမျိုးမြင့်အောင် ရိုက်ခဲ့တဲ့**

**"ချစ်ကြိုးလေးနှစ်မျှင်" ကလည်း ပေါက်တာပဲ။ ဟိုဘက်က ကျော်သူ ဖြစ်သွားတယ်။ ဒီဘက်မှာက ရန်အောင်ဖြစ်လာတယ်ပေါ့နော်။ အဲဒီလို ဖြစ်လာတဲ့နောက်မှာ ရန်လေးအတွက် နောက်ထပ် ကားတွေ Offer တွေ ဝင်လာကြတယ်။ ဦးမျိုးမြင့်အောင်က သူတင်တဲ့အချိန်မှာ ငါ့ကုမ္ပဏီက လွဲရင် တခြားမှာ မရိုက်ရဘူးလို့များ မပြောဘူးလား။**

မပြောပါဘူးခင်ဗျ။ ပါပါကြီးက ကျွန်တော့်အတွက် သူ သုံးကား ရိုက်မယ်။ ပထမကားကို ရိုက်မယ်ဆိုပြီး လွတ်လိုက်ကတည်းကိုက၊ စာနယ် ဇင်းတွေနဲ့ မိတ်ဆက်ပေးပြီး စာနယ်ဇင်းပွဲလုပ်ပြီးကတည်းက ကားတွေအများ ကြီး တန်းစီပြီးဝင်လာတာ။ တန်းစီဝင်လာတဲ့အခါမှာ ပါပါကြီးက ဂုဏ်ယူတာ ပေါ့နော်။ သူ့မင်းသားက ကားမထွက်သေးဘူး အများကြီးပဲ ကမ်းလှမ်းထား တာတွေရှိတယ်ဆိုပြီးတော့ အဲဒီလို ပါပါကြီးက ဂုဏ်ယူချင်တဲ့အတွက်ကြောင့် မို့လို့ သူ့မှာ ကန့်သတ်ထားတာမရှိဘူး။ ဒါပေမဲ့ ကျွန်တော့်ကို သူ သုံးကား ရိုက်မယ်။ **ချစ်ခြင်းတူရင် မောင်မောင်တို့ အရှုံးပေးလိုက်မယ်** ရိုက်မယ်။ ပြီးလို့ရှိရင် **သူ့ခြေ၊ သူ့လက်၊ သူ့မျက်လုံး** ရိုက်မယ်။ နောက် **မပူရာ သေနတ်သမား** ရိုက်မယ်။ သူက အဲဒီ ကားသုံးကားကို ကျွန်တော့်ကို Rehasal လုပ်ထားပြီးတော့ တစ်ပြိုင်တည်း သူ စီစဉ်တာပါ။

**အစ်ကိုတို့ ကြားဖူးတာပေါ့နော်၊ "ချစ်ကြိုးလေးနှစ်မျှင်" ကျော် သူကို တင်ပြီး ရိုက်ပြီးတဲ့နောက်မှာ ကျော်သူနဲ့ ဦးမျိုးမြင့်အောင်တို့နဲ့ အဆင်မပြေဖြစ်တဲ့အတွက် သူ့မှာ မခံချင်စိတ်ဖြစ်ပြီးတော့ ရန်အောင့်ကို တင်တာလား။**

အဲဒီလိုတော့လည်း ကျွန်တော် အစပိုင်းက ကြားမိပါတယ်။

ဒါပေမဲ့ နောက်ပိုင်းမှာ သေချာ ထဲထဲဝင်ဝင် ပါပါကြီးတို့နဲ့ ပေါင်း ကြည့်တယ်။ ကိုကျော်သူတို့နဲ့တွေ့တဲ့အခါမှာ အဲဒီလိုတွေ မဟုတ်ဘူး ထင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ တွေ့နေကြတာပဲ။ ကိုကျော်သူက အဲဒီ တုန်းက လျှမ်းလျှမ်းတောက်အောင်မြင်နေတော့ ဇာတ်ကားတွေပေးဖို့ ရက် မရှိတာလည်း ဖြစ်နိုင်တယ်။ နောက်တစ်ခုက အဲဒီတုန်းကလည်း ကိုကျော်သူ တို့လည်း လူငယ်ဆိုတော့ သူ့ရဲ့ ရက်တွေဘာတွေက ဘကြီးစိန်က ကိုင် တယ် ထင်ပါတယ်။ အဲဒီမှာလည်း ကတောက်ကဆတ်လေး နည်းနည်းပါးပါး ဖြစ်လားမသိဘူး။ နောက်ပိုင်းတော့လည်း အဆင်ပြေပါတယ်။ ကျွန်တော့်ကို မင်းသားတင်ပြီးတော့လည်း ပါပါကြီးတို့က နောက်ထပ် တင်နေမှာပဲဆိုတော့

ထပ်တင်တာလည်း ကျွန်တော် တွေ့ပါတယ်။ မိုးမြင့်ရှိန် ထင်တယ်။

**မိုးမြင့်ရှိန် ဟုတ်တယ်။ မိုးမြင့်ရှိန်ကို တင်သေးတယ်။ မိုးမြင့်ရှိန်ကတော့ မဖြစ်သွားဘူးပေါ့နော်။ နှစ်ကားလောက်၊ သုံးကားလောက်တော့ သူ ရိုက်လိုက်သေးတယ်။ အဲဒီတော့ ရန်လေးဖြစ်သွားပြီပေါ့နော်။ အခု အကယ်ဒမီသရုပ်ဆောင်အနေနဲ့ အကယ်ဒမီခြောက်ဆု ရခဲ့ပြီးတဲ့အထိ ဖြစ်သွားပြီပေါ့။ အစ်ကိုသိချင်တာက ဇာတ်လက်ခံတဲ့နေရာမှာ ရန်လေး ဘယ်လိုလက်ခံလဲ။ လာသမျှကို လက်ခံတာ မဟုတ်ဘူးလို့ အစ်ကိုထင်တယ်။ ဘယ်လိုမူနဲ့ လက်ခံလဲ။ ကိုယ့်အတွက် ကျွန်မယ့် ဇာတ်ရုပ်ဖြစ်မှ လက်ခံတာလား။ သူများကို Supporting လုပ်ရမယ်။ ဥပမာ ဆိုကြပါစို့ မင်းသမီးတစ်လက်ကို Supporting လုပ်ရမယ့်ဟာမျိုးဆိုရင်ရော လက်ခံသလား။**

လက်ခံပါတယ်။ ကျွန်တော် မင်းသားစ,ဖြစ်ပြီးတော့ လူကြီးတွေအကုန်လုံးကတော့ ကိုယ့်ဇာတ်မှ ရိုက်ရမယ်၊ ကိုယ့်ဇာတ်မဟုတ်ရင် မရိုက်ရဘူး။ အဲဒီလိုမျိုးလေး ကျွန်တော်တို့ကို သွန်သင်ခဲ့တယ်။ တချို့ဟာတွေဆိုရင်လည်း နားယောင်ပြီးတော့ အဖြေမှားတွေလည်း ဖြစ်ခဲ့ဖူးပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော့်ကို ဒီး ရိုက်ဖို့ ကမ်းလှမ်းသေးတယ်။ အစ်ကို သိမှာပါ။ ကိုကျော်သူက ဒီး ရိုက်ဖို့ ကမ်းလှမ်းတဲ့အခါမှာ ဒါ... ကျွန်တော်တစ်ယောက်တည်း ဆုံးဖြတ်လို့မရတဲ့ကိစ္စ။ အဲဒါကျတော့ ကျွန်တော်က ဖြစ်ခါစပဲရှိသေးတာကိုး။ ပွင့်ပွင့်လင်းလင်းပြောရရင် ဒီး ဆိုတာပေါ့နော် ကိုကျော်သူတို့ ကုမ္ပဏီပိုင်ဖြစ်တယ်။ ၉၀ ရာခိုင်နှုန်းက သူတို့တွေချည်းပဲပေါ့။ မင်းက သူစိမ်းတစ်ယောက်။ မင်းက နုလည်းနုသေးတယ်ပေါ့။ မရိုက်သင့်ဘူးဆိုပြီးတော့ ကျွန်တော့်ကို လူ ၁၀ ယောက်မှာ ၉ ယောက်ကနေပြီးတော့ ဒီလိုအကြောင်းပြပြီး တားမြစ်ပါတယ်။ တားမြစ်တော့ ကျွန်တော်က အဲဒါကို မရိုက်ဖြစ်ခဲ့တာ တစ်ကားရှိပါတယ်။ သို့ပေမဲ့ ကျွန်တော်က စိတ်ထဲမှာ ဘာမှမရှိဘူး။ ကိုကျော်သူတို့လည်း အခုချိန်မှာ ဘာမှမရှိတော့ပါဘူး။ အဲဒီတုန်းကတော့လည်း ဖြစ်လာတဲ့အပေါ်မှာ ဒီလိုပဲမှားတတ်ကြတာဆိုတော့ အထင်လွဲတတ်ကြတယ်ဆိုတာ နောက်ပိုင်းမှာတော့ သိသွားကြတယ်ပေါ့လေ။ အဲဒီလို ကျွန်တော်က ဇာတ်ကိုမခွဲခြားချင်ဘူး။ မင်းသမီးဇာတ်ဆိုလည်း ကျွန်တော် ရိုက်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်ချည်းပဲ ပြေးနေရရတဲ့ဟာမျိုးဆိုရင် ကြာရင် ပရိသတ်ညောင်းလာမယ်။ အဲဒါကြောင့်မို့လို့

ကိုယ့်ဇာတ်ဆိုလည်း ရိုက်တယ်။ အထူးသဖြင့်တော့ ကိုယ့်ဇာတ်ဆိုရင် ၁၀ ထုပ်မှာ ၇ ထုပ်က ကိုယ့်ဇာတ်ရိုက်တယ်။ ၃ ထုပ်က သူများကို ဦးစားပေးတာ ရိုက်ပေးတယ်။ အဲဒါမှလည်း အမြင်ဆန်းမယ်။ နောက်တစ်ခု ကိုယ်လည်း အဲဒီလောက် လောဘမကြီးချင်ဘူး။ အဲဒါကြောင့်ပါ။

**မင်းသမီးမှာပေါ့နော် ရန်လေးနဲ့ အတွဲညီတာ ပထမပိုင်းကတော့ မမို့ပေါ့။ နောက်ပိုင်းမှာတော့ အတွဲညီတယ်လို့ ပြောကြတာကတော့ မေသန်းနုပေါ့။ ကိုယ်က ဒီဟာကို မင်းသမီးနေရာမှာ ဘယ်သူနဲ့ ရိုက်မယ်လို့ စဉ်းစားပြီး ရေးထားတာ ရှိလား။**

များသောအားဖြင့်တော့ Fixedလုပ်ပြီးမှ လာပြောတာ များပါတယ်။ မင်းသမီး ဘယ်သူဖြစ်မလဲ၊ သူတို့ ဉပမာ မမို့ကို လျာထားပါတယ်။ တချို့ဆိုရင် မဆင့်(မေသန်းနု)ကို လျာထားပါတယ်။ ဒီဟာ စိုးစိုး(စိုးမြတ်သူဇာ)ဖြစ်ပါမယ်။ အဲဒီလိုတော့ ပြောပါတယ်။ ကျွန်တော်တို့ကတော့ ရွေးချယ်မှုပိုင်းကိုတော့ သိပ်ပြီးတော့ သူတို့ကို မပြောဖြစ်ဘူး။ ကျွန်တော်ကလည်း တော်ရုံတန်ရုံ ရှုတင်ပေါ်မှာဆိုရင် ဆရာလုပ်ခဲ့တယ်။ ပြောရရင်တော့ ဆရာလုပ်တယ်ပဲ ပြောပါတော့ အစ်ကိုရယ်။ ကျွန်တော် ဆရာလုပ်ခဲ့တယ်။ ပြောမယ်ဆိုလို့ရှိရင် တိုးတိုးလေးသွားပြောတယ်။ သူတို့ ကောင်းမယ်ထင်လို့ လုပ်ထားတဲ့ဟာကို သိပ်မပြောဘူး။ သို့သော် ရိုက်ကွင်းပေါ်မှာ သူတို့ Fitting ဖြစ်ပြီပေ့ ဆိုတဲ့အခါမှာ ကျွန်တော်တို့၊ မဆင့်တို့ ညီကြတာပေါ့။ အချင်းချင်း စိုးစိုးနဲ့ဆိုလည်း ညီတာပေါ့။ မမို့နဲ့ဆိုရင်တော့ ညီစရာမလို ပါဘူး။ သူက ကျွန်တော်တို့ရဲ့ မြင်ဆရာလည်းဖြစ်တယ်၊ အစ်မလိုလည်း ဖြစ်နေတာဆိုတော့။ မဆင့်တို့၊ ကျွန်တော်တို့၊ စိုးစိုးတို့ကျတော့ စိုးစိုးဆိုလို့ရှိရင် အများဆုံးညီကြတာပေါ့။ ဘယ်လိုအဝတ်အစားကို ဘယ်လို Flowering ဖြစ်အောင် ဝတ်မလဲ။ အဲဒီလို တိုင်ပင်တယ်။ နောက်တစ်ခုက အိုက်တင်တွေပြောတာပေါ့။ နင်က ဘယ်လိုဟာမျိုးကို ဖမ်းထားမှ ရမှာနော်၊ သူနဲ့ ကျွန်တော်က အမြဲတမ်းဆွေးနွေးနေကျ။ မဆင့်နဲ့လည်း ဒီလိုပဲ ဘယ်လိုဟာမျိုးဆိုပြီးတော့ ပေါ့။ အဲဒီလိုပေါ့ မျက်လုံးထဲမှာ မြင်အောင်ပြောလိုက်ပြီး အဲဒါကို မိအောင်ဖမ်းထား၊ အဲဒီလိုဟာမျိုးလေးတွေတော့ ညီဖြစ်ပါတယ်။ သူတို့ အပြင်မှာ လုပ်နေကျချည်းပဲ လုပ်လို့ရှိရင် သူတို့အတွက်လည်း ပရိသတ်က အမြင်ရိုးမှာလေ။ အဲဒီတော့ ကျွန်တော်တို့က ငါတို့ ဒီဟာကိုတော့ ကြိုးစားရအောင်ဆိုပြီးတော့ ညီဖြစ်ပါတယ်။

**အကယ်ဒမီဆိုတာတော့ ဆုခြောက်ဆုလည်း ရပြီးပြီပေါ့နော်။ အဲဒီတော့ ဒီနှစ်မှာ အကယ်ဒမီရလိမ့်မယ်လို့ မှန်းပြီး လွဲသွားတာတွေ ရှိဖူးလား။**

ဟိုးအရင်တုန်းက ရှိတယ်။ အစ်ကိုသိပါတယ်(ရယ်လျက်)။ **မြစ်တို့ ၏မာယာ** ပေါ့နော်။ အဲဒီကားကို ကျွန်တော် တအားကို အားထည့်ခဲ့တယ် ပေါ့။ အားထည့်ခဲ့တယ်။ အများကြီးပြင်ဆင်ခဲ့တယ်။ ပြင်ဆင်ခဲ့ပြီးတော့... အကုန်လုံး ပြင်ဆင်ပါတယ်၊ ကျွန်တော်မှ မဟုတ်ဘူး။ အဲဒီမှာပါဝင်တဲ့ ကျွန်တော်ရယ်၊ ကိုရဲအောင်ရယ်၊ မဆင့်ရယ် အကုန်လုံးက အသည်းအသန် တွေ၊ ဒီဇာတ်ကောင်တွေပေါ်လွင်အောင်လို့ ပြင်ဆင်ကြတယ်။ အဲဒီလို ပြင်ဆင်ကြတဲ့အခါမှာ ဇာတ်လမ်းသဘောအရ ပေါ်ပေါ်လွင်လွင်လုပ်ရတဲ့ဟာ ကိုရဲအောင်ဖြစ်သွားတော့ ကိုရဲအောင်က ဇာတ်ဆောင်ဆုရတာပေါ့လေ။ ဒီအပေါ်မှာ ကျွန်တော်တို့ အဲဒီတုန်းကတော့ ခံစားရတာပေါ့။ ကိုယ် တအား အားခဲထားပြီးတော့ ကိုယ်မရ,ရကောင်းလား ဆိုတဲ့စိတ်လေးတော့ ဖြစ်ခဲ့မိ တယ်။ ငယ်ငယ်တုန်းကပေါ့။ အခုတော့ မရှိတော့ပါဘူး(ရယ်လျက်)။ **ယောက္ခမဆိုတာ တစ်ချိန်က သမက်ပါပဲ** တို့ အဲဒီလိုမျိုး၊ **ငါ သူတစ်ပါး ယောကျ်ား မိန်းမ** တို့ဘာတို့ပေါ့နော်။ အဲဒီလိုဟာမျိုးတွေဆိုရင် ကျွန်တော် အိုက်တင်လေးက နည်းနည်းအသေးစိတ်တယ်။ အတွင်းကျကျလေး လုပ် ရတယ်။ နှလုံးသားထဲက သိပ်နုတဲ့ ခံစားမှုလေးတွေ ဖော်ရတယ်ဆိုပြီး တော့ ကျွန်တော် သဘောကျခဲ့တယ်။

**ရန်လေး အကယ်ဒမီရတဲ့ ခြောက်ဆုထဲမှာ ထူးခြားတဲ့ ကား တစ်ကား ပါတယ်လို့ ထင်တယ်။ အဲဒါ ဘာကားလဲဆိုရင် "ညမင်း သား"။ "ညမင်းသား"မှာ ဦးဝင်းဦး ရိုက်လက်စမှာ ဆုံးသွားတယ်။ မရိုက်ဖြစ်ဘူး။ ဇာတ်ညွှန်းရေးပြီးသား။ အဲဒီကနေ ဆုံးသွားတယ်။ ဒါပေမဲ့ အဲဒီကားက တော်တော်ကြီးကြာသွားတယ်နော်။**

အဲဒါက ကျွန်တော် တိုက်တိုက်ဆိုင်ဆိုင် ပြောရရင်လေ အကယ်ဒမီ နတ်ကြီးတယ်၊ နတ်ကြီးတယ်ပြောတာ ကျွန်တော်တို့လည်း ကြားဖူးတယ်။ အဲဒါ တကယ်နတ်ကြီးတာ။ အဲဒီကားမှာ သက်သေပဲ။ ဘာလို့လဲဆိုတော့ အဲဒီလိုသာ ခြောက်နှစ်မကြာခဲ့ဘဲနဲ့ အဲဒီတုန်းကဆိုရင် ဒီနှစ်ရိုက်ရင် နောက် နှစ် ရုံပေါ်ရောက်တယ်။ အဲဒီတုန်းကသာ ရိုက်ပြီးလို့ ချက်ချင်း ရုံပေါ်ရောက် သွားရင် ကျွန်တော် ရချင်မှရမယ် အကယ်ဒမီက။ ဒီခြောက်နှစ်ကြာသွားတဲ့

ကာလမှာ ဘယ်သူမှ ပြိုင်ဘက်မရှိတာလည်း ပါမယ်။ ဒီဇာတ်ကားမှာ ကျွန်တော် အိုက်တင်လုပ်တာလည်း အိုက်တင်လုပ်တဲ့အခါ ဘယ်သူနဲ့မှ ပြိုင်ဘက်မရှိလို့ ဒီတစ်နှစ်မှာ ကျွန်တော်အကောင်းဆုံးဖြစ်လို့ ချီးမြှင့်ခြင်းခံရတယ်လို့ ထင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ နှစ်တိုင်း ကားတွေက သူမဟုတ်ရင် ကိုယ်၊ ကိုယ်မဟုတ်ရင် သူ ကောင်းနေကြတာချည်းပဲလေ။ အကုန်လုံးကောင်းနေကြတာဆိုတော့ အဲဒီနှစ်မှာ ကျွန်တော် ပြိုင်ဘက်မရှိဘဲ ရလိုက်တာက အကယ်ဒမီနတ်ကြီးတယ်လို့ ထင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ အဲဒီတုန်းကသာ ရှောရှောရှူရှူနဲ့ တင်ဖြစ်သွားရင် ရချင်မှရမယ်၊ တခြားကားနဲ့တိုက်ရင် ကျွန်တော်ဆိုလိုတာက အဲဒီလိုပေါ့။ နှစ်ကိုယ်ခွဲ အဲဒီကားကလည်း နည်းနည်းခက်ပါတယ် အစ်ကိုရယ်။ နောက်ပြီးတော့ ကိုမီးပွားလည်းဖြစ်တော့ ကိုမီးပွားဆိုရင် ကျွန်တော်တို့ကို ရိုက်ပြီပဲဆိုရင် မကောင်းမချင်း အဲဒီလို ကျောက်ခဲရေညှစ်သလို အိုက်တင်ကို ညှစ်ပြီးတော့ကို ရိုက်တယ်။ အဲဒီလို ဆိုတော့ ကျွန်တော်လည်း သူနဲ့ရိုက်ရတာ အများကြီး ပညာလည်း ကြိုးစားရတယ်။ အဲဒီတုန်းကလည်း သူရိုက်တာကောင်းလို့လည်း ကျွန်တော်တို့ ကောင်းသွားတာ ပါပါတယ်။

**ဇာတ်ကလည်း ကောင်းပါတယ်။ နှစ်ကိုယ်ခွဲ ထူးထူးခြားခြား မတူတဲ့ ဇာတ်ကောင်စရိုက်နှစ်ခု လုပ်ရတာပေါ့နော်။ သီချင်းဆိုတဲ့ အပိုင်းလည်း ပြောချင်ပါတယ်။ ရုပ်ရှင်မင်းသားမဖြစ်ခင်ကတည်းက ဒေါ်မာမာအေးဆီမှာ အဆိုသင်တန်းတက်ထားတယ်ဆိုတော့ ဘာဖြစ်လို့ တက်တာလဲ။ သီချင်းဆိုတာ ဝါသနာပါလို့လား၊ သို့တည်းမဟုတ် တတ်သင့်ထားတဲ့ အတတ်ပညာလို့ ယူဆပြီး တက်ထားတာလား။**

အဲဒါက နည်းနည်းအတိုချုပ်လေး ချုံ့ပြောပါမယ် အစ်ကိုရယ်။ ကျွန်တော်က ၉၄ မှာ မဆင့်တို့ တစ်ပတ်စဥ်တည်းပေါ့နော်၊ ရုပ်ရှင်အစည်းအရုံးက ရုပ်ရှင်သင်တန်းခေါ်တယ်။ ကျွန်တော် ဖောင်တင်တယ်။ လျှောက်လွှာတွေဘာတွေ အကုန်တင်ပြီးတော့ သူတို့ လူတွေ့ခေါ်တဲ့အချိန်မှာ ကျွန်တော်က မရှိလိုက်ဘူး။ အမေတို့၊ အဖေတို့နဲ့ မိတ္ထီလာမှာ သွားပြီးတော့ အလှူသွားလုပ်တယ်။ ပြန်လာတော့ အဲဒါက ပြီးသွားပြီ။ သင်တန်းက စ,နေပြီ။ အဲဒီမှာ ကျွန်တော် Contact ပြတ်သွားတော့ လွဲသွားတဲ့အခါမှာ ကျွန်တော် ငါအားနေတယ်၊ ဘာလုပ်ရင်ကောင်းမလဲပေါ့။ အဲဒီမှာ သတင်းစာထဲမှာ အေးအဆိုသင်တန်းဆိုတာ တွေ့တော့ သွားတက်လိုက်တာ။ တက်

တယ်ဆိုတာလည်း ကျွန်တော်က လူငယ်ဆိုတော့လည်း စည်းနဲ့ဝါးနဲ့ သင်မယ်ကို မထင်တာ။ ဟိုကျတော့ စည်းနဲ့ဝါးနဲ့ စ,ဝယ်ရတယ်။ စည်းနဲ့ဝါး စ,ဝယ်ရတော့ ဘာလို့ စည်းနဲ့ဝါး ဝယ်ရတာလဲ၊ ဘာတွေသင်ပါလိမ့်ပေါ့။ နည်းနည်းတော့.... နားလည်းမလည်ဘူး၊ ကလေးလည်း ကလေးဆိုတော့။ အဲဒါ အန်တီကနေပြီးတော့ ကိုယ့်စည်း၊ ကိုယ့်ဝါး တီးပြီးတော့ ဆိုရမယ်။ သီချင်းက မြန်မာသံရော၊ ဘိုသံရော၊ စတီရီယိုရော အကုန်လုံး၊ ကာလပေါ် အကုန်လုံး သူသင်မှာ။ သီချင်းကြီးပါမယ်၊ ဘွဲ့သီချင်းပါမယ်၊ သီချင်းခံပါမယ်။ အဲဒီလို ထံတျာတေရှင် ကနေပြီးတော့၊ ပုစဉ်းတောင်ပံကြိုးကနေပြီးတော့မှ ကြိုးသီချင်း၊ ဘွဲ့သီချင်းအထိ သူက တစ်ပုဒ်ချင်းသင်တာ။ အဲဒါ ကိုယ့်စည်း၊ ကိုယ့်ဝါးနဲ့ သင်ရတဲ့အခါမှာ ပထမတော့ ဘာမှန်းမသိဘူး။ နည်းနည်းလေးလည်း အထင်သေးတဲ့စိတ်ရှိတယ်။ နောက်တော့မှ ကိုယ့်စည်း၊ ကိုယ့်ဝါးနဲ့ ဆိုရတာ ခက်ပြီးတော့မှ တကယ်တမ်း စည်းဝါးပိုင်ပိုင်နိုင်နိုင်နဲ့ ဆိုတတ်သွားလို့ရှိရင် ဘာမှမလိုဘဲနဲ့ပေါ့နော်၊ ဥပမာ တခြား Instrument တစ်ခုက သူ့ဟာသူလွဲသွားတာတောင် ကိုယ်က ကိုယ့်စည်း၊ ကိုယ့်ဝါးနဲ့ ပိုင်ပိုင်နိုင်နိုင် အံဝင်ခွင်ကျဆိုနေတဲ့အတွက်ကြောင့်မို့ ဟိုဘက်ကို ယိုင်မသွားဘူးပေါ့။ ကိုယ့်ဟာကိုယ် မှန်နေတယ်ဆိုတာလေးကို အန်တီအေးက သင်ပေးပါတယ်။ ပြီးတော့ တစ်စည်းတစ်ဝါးကြားထဲမှာ အသံတွေဘယ်လိုထည့်ရတယ်၊ အသံတွေ ဘယ်လိုလုပ်ရတယ်ဆိုတာကို အသံအလှည့်အပတ်တွေ၊ အနိမ့်အမြင့်တွေ၊ အပြစ်အခတ်တွေ အကုန်လုံး သင်ပေးပါတယ်။

**ဒေါ်မာမာအေးဆိုတာ မြန်မာပြည်မှာ Top ပဲလေ။ သူ့ဆီမှာ သင်ခဲ့တယ်ဆိုတော့ ကိုယ့်အသံလည်း အိုကေသွားပြီ၊ အဲဒီတော့ ရုပ်ရှင်သီချင်းဆိုရမယ်ဆိုလည်း အိုကေပဲ။ ဆိုလို့ရသွားပြီနော်။**

အမေအေးက ပြောတာ တစ်ခုရှိသေးတယ်။ ဗမာသံကို ပိုင်ပိုင်နိုင်နိုင်တတ်အောင် သင်လိုက်။ ဗမာသံပိုင်သွားလို့ရှိရင် ဗမာသံက ခက်တယ်။ အဲဒါ တခြားသီချင်းတွေ၊ စတီရီယိုတွေက ဗမာသံသီချင်းကြီးတွေ၊ ကာလပေါ်တွေကို ကောင်းကောင်းမွန်မွန် ဆိုလို့ရသွားရင် အဲဒီသီချင်းတွေက ဆိုလို့ရတယ်။ အရမ်းလွယ်တယ်။ အဲဒီလို စ,ပြောခဲ့တယ်။ တကယ်တမ်း သင်ကြည့်၊ ဆိုကြည့်တော့လည်း အဲဒါ တကယ်လက်တွေ့ပဲ ခံစားရတယ်။ တကယ်လည်း လွယ်သွားတယ်။ ဘာလို့ဆို ဟိုက တအားခက်တာကိုး။

ခက်တဲ့ဟာတွေကို ကျွန်တော်တို့က အသံနေ အသံထားတွေရော၊ အသံပီသမှုတွေရော၊ အဲဒီလို ဌာန်တွေမာန်တွေပါ အကုန်လုံး ထည့်ရတယ်။ ဟိုဘက်ကျတော့ မလိုတော့ဘူး။ ခပ်ပေါ့ပေါ့ပဲ ဆိုလို့ရတယ်။

**ရန်လေး ဗမာသံစီးရီးသတ်သတ်တော့ မလုပ်ဖူးဘူး ထင်တယ်နော်။**

ကျွန်တော် လုပ်ဖူးတယ်။

**လုပ်ဖူးလား၊ ဘာစီးရီးလဲ။**

အဲဒါက ထရမ်းပက်ဦးဝင်းဦး ကျွန်တော့်ကို လုပ်ပေးခဲ့တာ။ ဦးအံ့ကြီးတို့ ဆိုခဲ့တဲ့ *တောသားကြီး* တို့၊ *သူဌေးဝါဒ* တို့ အဲဒါလောက်။ နောက် ကိုရာမ လုပ်တုန်းကလည်း ဆိုခဲ့ဖူးတယ်။

**ကိုရာမ လုပ်တယ်ဆိုတာ ယိုးဒယားသီချင်းတွေဘာတွေ လုပ်တဲ့ဟာလား။**

မဟုတ်ဘူး၊ အဲဒီထဲမှာ ဗမာသံပါသေးတယ်။ ဗမာသံက နီနီဝင်းရွှေနဲ့ ဆိုထားတဲ့ စုံတွဲသီချင်း ဗမာသံစီးရီး။ အဲဒီအခွေဆို ဝယ်လို့တောင်မရဘူး။ ကျွန်တော် အဲဒီထဲမှာ ဆိုခဲ့တာ ကျွန်တော်ကိုယ်တိုင် ကြိုက်တဲ့သီချင်းတွေရှိတယ်။ *ရွှေရေစက်*တို့ ဘာတို့ အပါအဝင်ပေါ့ အစ်ကိုရယ်။ တော်တော်များများ စုံတွဲခေတ်ဟောင်းသီချင်းတွေ။ နောက်… ထရမ်းပက်ဦးဝင်းဦး လုပ်တဲ့ဟာလည်း အဲဒီ သီချင်းကြီးတွေကိုပါတယ်။ *သဇင်* တို့ ဘာတို့ ပါတာပေါ့။ နောက် ဗမာသံတစ်ခွေက ဒီဘက် CMP ကိုဇော် ကျွန်တော့်ကို စန္ဒရားဦးလှထွတ်သီချင်းတွေ၊ စန္ဒရား ဦးချစ်ဆွေသီချင်းတွေ ပေါင်းစပ်ပြီးတော့ လုပ်ပေးထားတာရှိပါတယ်။

**အဲဒါကြောင့် အခု ဒေါ်မာမာအေး ပြန်လာတဲ့ ပွဲတိုင်းမှာ ရန်လေးက ဝင်ပြီး ကန်တော့တာပေါ့။**

*ဟုတ်ကဲ့၊ ကန်တော့တာပါ။ ကိုယ့်ဆရာလေ။*

**သရုပ်ဆောင် တော်တော်များများက သရုပ်ဆောင်သမ္ဘာရင့်လာပြီဆိုရင် သရုပ်ဆောင်ဘဝမှာ မနေတော့ဘဲနဲ့ ဒါရိုက်တာလိုင်းဘက်ကို ကူးကြတယ်ပေါ့။ ရန်လေး အဲဒီလို စိတ်မကူးဘူးလား။**

စိတ်တော့ကူးကြည့်တယ်။ ကျွန်တော် အလုပ်တစ်ခု စိတ်ကူးနဲ့ အမြဲလုပ်ကြည့်တယ်။ လုပ်ကြည့်တာ နည်းနည်း… အရင်တုန်းက၊ အခုလည်း လွယ်ပါတယ် လုပ်မယ်ဆိုရင်လေ။ ကျွန်တော်က တစ်ခုရှိတာ

စိတ်ထဲမှာ သိပ်အရှုပ်မခံတာတို့၊ ပြီးတော့ တစ်ခုခုဆို အကြာကြီး ချုပ်ထားတာမျိုး ကျွန်တော် သိပ်မလုပ်ဘူး။ ကိုယ့်စိတ်ကိုယ် Freedom ထားတယ်။ အရင်တုန်းက အာဃာတလည်းဆိုတာ ပြည်ဖုံးကားချတယ်။ မေ့ပစ်တယ်။ ဒါ... အသက်အရွယ်ရလာတဲ့ နောက်ပိုင်းမှာ ကိုယ့်စိတ်ကို အခုအချိန်ကတည်းက ဖြူအောင်ထားမှ နောက်ပိုင်း သေခါနီးမှာ အဆင်ပြေမှာဆိုတော့ အကုန်လုံး မေ့ပစ်တာများတယ်။ အဲဒီတော့ စိတ်ထဲမှာ အကြီးကြီးတွေ သိပ်မတွေးချင်တော့ဘူး။ အဲဒီတော့ ကျွန်တော် ထုတ်လုပ်သူ လုပ်မယ်လို့ စိတ်ကူးတယ်(ရယ်လျက်)။ ဒါရိုက်တာလည်း စကားတော့ အကုန်ပြောလို့မရဘူး။ တစ်ချိန်ချိန်မှာ ဖြစ်ချင်လည်းဖြစ်မှာပေါ့ အစ်ကိုရယ်။ အဲဒီတော့ ဒါရိုက်တာလည်း လုပ်ဖို့ အစီအစဉ်ရှိပါတယ်။ လုပ်ဖို့လည်း ကျွန်တော်တို့ အနုပညာညီအစ်ကိုမောင်နှမတွေဆို အမြဲတမ်း ဝိုင်းပြောတယ်။ လူမင်းဆိုလည်း ပြောတယ်။ အစ်ကိုလုပ်ပါ၊ ကျွန်တော်တို့ ဝိုင်းကူပါမယ်။ အဲဒီလိုပေါ့ အစ်ကိုရယ် ဝိုင်းပြီးတော့ ပြောတာရှိပါတယ်။ ကျွန်တော့်ဘဝမှာလည်း မှတ်တိုင် ကျန်ခဲ့အောင်တော့ လုပ်မှာပါအစ်ကို။

**ဒါပေါ့... ဒါပေါ့၊ စာဖတ်လား။**

စာဖတ်ပါတယ်။ စာက သိပ်တော့ အများကြီးတော့ မဖတ်ဖြစ်ဘူး။ ဖတ်တော့ဖတ်ပါတယ်။

**စာဖတ်တာနဲ့ ပတ်သက်ပြီးတော့ ရန်လေးက ဒိုင်ယာလော့ကို ကျရင် များသောအားဖြင့် အတိအကျမဟုတ်ဘဲ ကိုယ်အာတွေ့သလို ပြောသွားတတ်တယ်လို့ အစ်ကို ထင်တယ်လေ။ သူ့ Them ကို ရရင် ပြီးရော။ ဒီ Them ကို ကိုယ်အာတွေ့သလို ပြောသွားတယ်။ ဟုတ်တယ်နော်။ မင်းသမီးနဲ့ကျတော့ မင်းသမီးလည်း အဲဒီလိုမျိုး သူ အာတွေ့သလိုပြောသွားတယ်။ ဒါ ချိတ်ဆက်မိသွားရင် ပြီးရောလေ။ ဟုတ်တယ်မဟုတ်လား။**

ဟုတ်ကဲ့။

**တချို့ကျတော့ အဲဒီလိုမျိုး မဟုတ်ဘူးလေ။ ၏၊ သည် မလွဲပြောနိုင်း...။**

အဲဒီလို ဒါရိုက်တာမျိုးတွေလည်း ရှိပါတယ်။ အဲဒီလို ဒါရိုက်တာမျိုးနဲ့ တွေ့တဲ့အခါမှာလည်း ကျွန်တော်တို့က ဩော်... သူ ၏၊ သည် မရွေး လိုချင်တာပဲဆိုပြီးတော့ ကျွန်တော် ၏၊ သည် မလွဲ အကုန်ကွက်တိ

လုပ်ပေးပါတယ်။ တချို့ဟာတွေကျတော့ ကျွန်တော်တို့ အိုက်တင်ချိန်းရမယ့်နေရာ၊ နောက်တစ်ခုက အိုက်တင်ကို အဆုံးသတ်ပြီးတော့ နောက်တစ်ခုကို လေပြေထိုးရမယ့်ဟာမျိုးကျတော့ ကျွန်တော်တို့က သူတို့ ရေးပေးထားတဲ့အတိုင်းပြောရင် အဆင်မပြေဘူး။ အဲဒီလို အိုက်တင်တွေပေါ်မူတည်ပြီးတော့ ကျွန်တော်တို့က ဒီစကားလုံးတွေကို ဒီ Them ပါရမယ်။ အဲဒီ အချိတ်အဆက်လေးတွေတော့ နည်းနည်းလေးတော့ ကျွန်တော်တို့က အတိုး၊ အဆုတ်နဲ့ အရှုံအရှိက်နဲ့ကြားမှာ ထည့်ထည့်သွားမှ အဆင်ပြေမယ်။ သဘာဝဆန်မယ်ပေါ့။

**ဒါကတော့ ဒါရိုက်တာပေါ် မူတည်တာပေါ့နော်။ တချို့ ဒါရိုက်တာက သူပြောတဲ့ဟာ အတိအကျ၊ တချို့ ဒါရိုက်တာကတော့ ဒါ ပါရင်ပြီးရော အဆင်ပြေတယ်။ ဘယ်ဟာ ပိုကြိုက်လဲ။**

နှစ်ခုစလုံးကို လက်ခံပါတယ်။ တချို့တွေကျတော့ ဥပမာ ဆရာဦးငြိမ်းမင်းတို့ဆိုရင် တချို့စကားလုံးတွေကို တိတိကျကျ ဌာန်နဲ့မာန်နဲ့ လေးလုံးကွဲအောင် ပြောခိုင်းတယ်။ ဘယ်နေရာကို ဖိပြော၊ ဘယ်နေရာကို ဖော့ပြော၊ ဘယ်နေရာလေးကို ဆွဲပါ။ ဘယ်နေရာကို တွန်းပါ။ အဲဒီလိုမျိုးကျ ကျွန်တော် အတိအကျလုပ်လိုက်တယ်။ ဘာဖြစ်လို့လဲဆိုရင် ဒါ ကျွန်တော်တို့အတွက် ပညာလည်းရတယ်။ နောင်လာနောက်သားတွေကိုလည်း ပြန်သင်ပေးလို့ရတယ်။ ဒါ ဆရာကြီးတွေက သင်ပေးတာလေ။ နောက်တစ်ခုကလည်း ဦးငြိမ်းမင်းဆို သူ့စကားလုံးတွေကို ကျွန်တော် ဘယ်တော့မှ မငြင်းဘူး။ မငြင်းဘဲနဲ့ အတတ်နိုင်ဆုံး အိုက်တင်နဲ့ရောပြီးတော့ အကောင်းဆုံးဖြစ်အောင် သရုပ်ဆောင်ပါတယ်။ တချို့ဇာတ်ညွှန်းတွေဆို သိပ်မလိုအပ်ဘဲနဲ့ နည်းနည်းပြဇာတ်ဆန်တာမျိုးတို့၊ စာဆန်တာမျိုးတို့ဆိုရင် ကျွန်တော် ဒါရိုက်တာကို ညှိပါတယ်။ ဒါလေးက စာနည်းနည်းဆန်တယ်။ စာရေးထားတာကြီးကို ပြောရတာနဲ့တူတယ်။ ဒါပေမဲ့ အတတ်နိုင်ဆုံး ဖုံးပြီးတော့ လုပ်ကြည့်မယ်၊ မကောင်းရင်တော့ ကျွန်တော်တို့က ဘယ်လိုလေး ပြောချင်တယ်။ အဲဒီလို တင်ပြလို့ လက်ခံတယ်ဆိုရင် အဲဒီလိုပြင်ပြီးတော့ ရိုက်ပါတယ်။

**အခု ကိုငြိမ်းမင်းပဲ ဆရာမ ခင်ခင်ထူးရေးတဲ့ "မအိမ်ကံ" ကို ရိုက်ဖို့ အစီအစဉ်ရှိနေတယ်။ အဲဒီ "မအိမ်ကံ"ရဲ့ ဇာတ်နဲ့ ရန်လေးနဲ့ လိုက်တယ်လို့များ ထင်မိလား။**

ကျွန်တော်က… အဲဒီဝတ္ထုက နာမည်ကြီးတယ်။ ဒါပေမဲ့ ဆရာ

ပြောပြတာ ရှိတယ်။ **မအိမ်ကံ** က မင်းသမီးဇာတ်လေ။

**ဟုတ်တယ်။**

ဆရာကတော့ ငါ့သား ပါရမယ်လို့ သူပြောပါတယ်။ ကျွန်တော်က ကိုယ့်ဆရာဆိုတော့ ဘယ်နေရာက ပါရ,ပါရ ကျွန်တော် အတွန့်လည်း မတက်ပါဘူး။ မေးလည်း မမေးပါဘူး။ အဲဒီတော့ သူကြီးနေရာက ပါရမယ်၊ ဘယ်လိုလေးလို့ ကျွန်တော့်ကို Casting ပါးပါးလေး ပြောပြထားတာရှိပါတယ်။ အဲဒါ ဟိုးလွန်ခဲ့တဲ့ ၆ လ၊ ၇ လလောက်က ပြောပြထားတာပါ။ အဲဒီလို ပြောပြထားတာပါ။

**ရန်လေး အကယ်ဒမီရတဲ့ ကားတစ်ကားအကြောင်းပေါ့နော်။ "မောဟမျဉ်းပြိုင်များ"။ ရန်လေး ကျော်ဟိန်းနဲ့ ဆုံရတယ်နော်။ ပထမဆုံး ဆုံတဲ့ဟာလို့တော့ ထင်တယ်။**

မဟုတ်ဘူး။ ဦးကျော်နဲ့က ကျွန်တော်ကလေ ရှေ့မှာ **မောင်ရင်ငတေ မိုက်ကန်းသည်** ဆုံသေးတယ်။ နောက် နိုင်ငံတော်ကားတွေက စီအိုင်ဒီကားလား မသိဘူး ဒါရိုက်တာ ဦးခင်စိုး ရိုက်တာလေ။ အန့်တီဒေစီလည်း ပါတယ်။ မဆင့်လည်း ပါတယ်။ ကျွန်တော်လည်း ပါတယ်။ ဦးကျော်လည်း ပါတယ်။ အဲဒီကား ကျွန်တော် ဆုံဖူးတယ် ဦးကျော်နဲ့။

**ဦးကျော်ဟိန်းသည် သာမန်အမျိုးသားသရုပ်ဆောင်တွေနဲ့ တွဲခဲ့တယ်။ သူ့မာနကြောင့်ပေါ့နော်။ ရန်လေး တွဲလုပ်ရတော့ ဘယ်လိုနေလဲ မသိဘူး။**

ဦးကျော်နဲ့ ကျွန်တော် စပြီးတော့ တွဲတဲ့အချိန်မှာ ဦးကျော်ဟိန်းက ကျွန်တော့်ရဲ့ မြင်ဆရာလည်း ဖြစ်တယ်။ ပြီးတော့ သင်လည်းသင်ပေးပါတယ်။ နောက်ပြီးတော့ သူ့ဆီမှာ အတုယူစရာတွေက အများကြီး။ အခု ကျွန်တော်တို့ ဆက်လက်ရှင်သန်နေတယ်ဆိုတာ သူ့ဆီက အရိပ်အငွေ့တွေ အများကြီးပါတယ်။ ကျွန်တော်တို့က အိုက်တင်မခိုးတောင် သူ့ရဲ့ အကျင့်တွေကို ခိုးတယ်။ ကောင်းတဲ့အကျင့်တွေပေါ့။ မကောင်းတဲ့အကျင့်တော့ မပြောပါဘူး။ ကောင်းတဲ့အကျင့်ဆိုတာက ပြင်ဆင်တယ် တအား။ ဇာတ်ကောင်တစ်ခုရရင် အဲဒီဇာတ်ကောင်မှာ ဝတ်မယ့် အဝတ်အစား Facility အဲဒါတွေ သူ အရမ်းပြင်ဆင်တယ်။ လက်ထဲမှာ ကိုင်မယ့်ပစ္စည်းတွေကအစ။ အဲဒီတော့ ကျွန်တော်တို့က အတုယူရတယ်။ အင်္ကျီအသစ်တစ်ထည်ကို လုံးဝဟောင်းနွမ်းပြီးတော့ စုတ်ပြတ်သွားအောင် ဘယ်လိုလုပ်ရတယ်ဆိုတာ

သူ့ရဲ့ ပြင်ဆင်မှုတွေ၊ အရောင်တွေကို ဘယ်လိုချိန်းတာ အဲဒီလိုပေါ့။ အရမ်းပြင်ဆင်တယ်။ ပြီးတော့ ဇာတ်ညွှန်းဆိုရင်လည်း တစ်ကားလုံးရဲ့ ဇာတ်ညွှန်းဆိုရင်လည်း တစ်ကားလုံးရဲ့ ဇာတ်ညွှန်းက သူ့လက်ထဲမှာလည်း ရှိပြီးသား။ ဒါပေမဲ့ သူက အရမ်းမပြင်ဘူး။ သူ့ဟာသူ ခဲတံလေးနဲ့ပဲ သူ့ဟာသူ တစ်ဆင်း(န)နဲ့ တစ်ဆင်း(န)ကို သူ ခဲတံလေးနဲ့ သူပြောချင်တဲ့ စကားလုံးလေးတွေကို ချရေးတယ်။ စောစောကလိုပေါ့၊ သူ့အာနဲ့၊ သူ့လေနဲ့ ကိုက်မယ့် Flow, ဒီ Them ပါရမယ်။ အဲဒီလို ပြန်ပြီး Edit လုပ်လို့ရမယ့်ဟာကို သူ အကြမ်းလေးရေးထားတယ်။ ရေးထားပြီးလို့ရှိရင် ဒီတစ်ဆင်း(န)လုံးမှာ လူငါးယောက်ပါရင် ငါးယောက်စလုံးရဲ့ စကားကို အလွတ်ရတယ်။ သူ့စကား သူကျက်တာ မဟုတ်ဘူး။ သူများစကားပါ အလွတ်ရတယ်။ အဲဒါ တကယ့် သရုပ်ဆောင်ပဲ။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ကလည်း လေ့လာလာတဲ့အခါမှာ ကိုယ့်စကားချည်းပဲ ကိုယ်ကျက်လို့ မရဘူးလေ။ သူတို့ ဘာပြောမလဲ။ အဲဒီအချိန်မှာ သူတို့ ဘာအိုက်တင်လုပ်နေမလဲ ဆိုတာကို ကိုယ်က နောက်ကျောပေးထားပါစေ သိထားရမယ်။ ကျိန်းကိုကျိန်းသေတယ်။ သူ ဒီစကားပြောရင် ဒီအိုက်တင်လုပ်ပြီဆိုတာ။ အဲဒါကို ဦးကျော်က ထုံးလိုမွှေ ရေလိုနှောက် သူက သိထားတဲ့ဟာကို ကျွန်တော်တို့ကလည်း သူ့ရဲ့ပညာကို ရအောင်ယူတယ်။ ဒါ ကောင်းတဲ့ပညာတွေပေါ့။ တော်တော်ကို ပြင်ဆင်ပါတယ်။ တော်တော်လည်း ပညာရပါတယ်။ ပြီးတော့ ဘယ်တော့မှလည်း မညစ်ပတ်ဘူး။ ဒီဇာတ်ကားရိုက်လို့ရှိရင် ဒိုင်ယာလော့ ပြောတယ်။ Rehearsal လုပ်တယ်။ ဇာတ်ကားရိုက်လို့ရှိရင် Rehearsal မှာ လုပ်တဲ့အတိုင်းပဲ သူ ရိုက်တယ်။ အဲဒီအတိုင်းပဲ ရိုက်တယ်။ အပိုထည့်မပြောဘူး။

**တချို့ Actor တွေက ရှိတယ်လေ။ Rehearsal မှာ လျှော့ထားတယ်။ ရိုက်တော့မှ အပြည့်တင်တယ်။**

လျှော့တယ်၊ တကယ်ရိုက်တော့မှ အပြည့်၊ အပိုတွေထည့်ပြောတာတွေရှိတယ်။ ကျွန်တော်တို့လည်း Rehearsal မှာ အာတွေ့ရင်တွေ့သလို ဇာတ်ညွှန်းထဲမှာ မပါတဲ့ဟာတွေ ထည့်ပြော။ အဲဒီအချိန်မှာ သူ ခွင့်ပြုတယ်။ ဦးကျော်က ဗိုလ်ရန်... ကျွန်တော့်ကို ဗိုလ်ရန်လို့ ခေါ်ပါတယ်။ တစ်လောကလုံးက ရန်လေးလို့ခေါ်တာ၊ ဦးကျော်က ကျွန်တော့်ကို ဗိုလ်ရန်လို့ ခေါ်ပါတယ်။ "ဗိုလ်ရန် ဦးကျော်က ဒါကိုပြောမှာနော်။ ဟုတ်ကဲ့ ဦးကျော်" အမြဲတမ်း ညှိတယ်။ အဲဒီတော့ ဒါ အင်မတန်ချစ်စရာကောင်းတဲ့

Actor ကြီးတွေဆီက ရတဲ့ ပညာတွေပါ။ ကျွန်တော်ရိုက်ရင် သူက ကြည့်တယ်။ ကျွန်တော်က အခု ဒီလိုရိုက်နေတယ်ဆိုရင် ဦးကျော်က ဒီလိုနေရာက ထိုင်ကြည့်တယ်။ ကင်မရာက နှစ်လုံးနဲ့ ရိုက်တာကိုး။ ဟိုဘက်မှန်ထဲမှာ ဦးကျော်က ပါနေတယ်ဆိုရင် မဖယ်ဘဲနဲ့ ဦးကျော်က ဒီလိုလျှောပြီးတော့ ကျွန်တော့်ကို မြင်ရတဲ့နေရာက ကြည့်ပြီး ကျွန်တော့်အိုက်တင်ကို သူ အကုန်ကြည့်ပါတယ်။ အဲဒါလည်း ကြည့်သင့်တယ်လို့ ကျွန်တော်ထင်တယ်။ သူ့ဘက်က Respond ကို သူပြင်ဆင်ဖို့ သူပြန်ကြည့်တာလေ။

**သူ့ဘက်က Respond ပြန်ပေးဖို့ ကြည့်တာ။**

ဒါတွေက နောင် ကလေးတွေ လုံးဝ အဲဒါ စိတ်မဝင်စားဘူး။

**ဒါတွေက လုပ်သင့်တယ်။**

လုပ်သင့်တာ... လုပ်သင့်တာ။ ကျွန်တော်တို့ဆိုလည်း သူများရိုက်လို့ရှိရင် ကြည့်နေတာပဲ။ အနီးအနားမရောက်တောင် အဝေးကနေ ကြည့်နေတယ်။ အသံကို နားထောင်နေတယ်။ ဘာတွေလုပ်သွားတယ်ဆိုတာ အဲဒီမှာ ကိုယ်က ဘယ်လို Respond ပြန်ခံမလဲ။ ဘယ်လိုစကားမျိုးကို ဟ,ပြီးတော့ ပြန်ပြောမလဲ။

**ဟုတ်တယ်၊ ဟိုဘက်က Tone ကို နားထောင်ထားမှ ဒီဘက်က ဘယ်လောက်တင်ရမလဲဆိုတာ သိမှာ။ ဒါတွေက အတုယူသင့်တဲ့ကိစ္စ။**

ဟုတ်တယ်၊ အတုယူသင့်တဲ့ကိစ္စ။ ဘာဖြစ်လို့လဲဆိုတော့ နောက်ပိုင်းမှာ ဒါရိုက်တာတွေလည်း အသစ်တွေအများကြီးဆိုတော့ အဲဒီလောက်ခရေစေ့တွင်းကျ တိတိကျကျ ဘယ်သူမှ မသင်နိုင်ဘူး။ မသင်နိုင်တဲ့အခါမှာ Actor တွေက ကိုယ့်အသိစိတ်ဓာတ်နဲ့ ဒါလေးတွေက လုပ်သွားမှ အကုန်လုံးက Harmony ဖြစ်ပြီးတော့ ကြည့်လို့ကောင်းမှာ။ အပေးနဲ့၊ အယူနဲ့၊ အခံနဲ့၊ အပက်နဲ့က အဲဒီလိုပေါ့။ အဲဒီတော့ ဦးကျော်ဆီက အဲဒါတွေ အများကြီးရတယ်။ သူကြည့်တယ်ဆိုတာလည်း... အရင်တုန်းက တချို့တွေဆိုရင်ပေါ့ ရှေ့တည့်တည့်လာကြည့်ရင် အိုက်တင်မလုပ်တတ်ဘူးတို့ဘာတို့ သူများပြောတာတွေ ကြားဖူးပါတယ်။ ဦးကျော်ကို ပြောတာ မဟုတ်ဘူး။ အဲဒီလိုပေါ့ ဝါရင့်တွေ လာကြည့်လို့ရှိရင် သူတို့ မလုပ်တတ်တာတွေ တချို့ကလေးတွေ ရှိတယ်။ ကျွန်တော်တို့ သွားကြည့်နေရင် မလုပ်တတ်တဲ့ ကလေးတွေ ရှိတယ်။ ကိုယ်က လှည့်သွားပေးတယ်၊ မသိချင်ယောင်ဆောင်ပြီးတော့။ အဲဒီလိုပေါ့လေ ကျွန်တော်က သူကြည့်နေတာကိုလေ၊ ဦးကျော်

ကြည့်နေတာကို ပထမတော့ ကြောက်တာပေါ့လေ။ ဒါပေမဲ့ နောက်ပိုင်းကျတော့ သူက သူပြန်ပြီးတော့ Respond လုပ်ဖို့ ကြည့်တယ်ဆိုတာ ကျွန်တော်သဘောပေါက်တဲ့အတွက်ကြောင့်မို့ ကိုယ့်ဘက်ကလည်း အကောင်းဆုံးဖြစ်အောင် ကြိုးစားတယ်။ သူ့ဘက်ကလည်း အကောင်းဆုံးဖြစ်အောင် ကြိုးစားတဲ့အခါမှာ ဇာတ်ကားကြည့်လို့ကတော့ အရမ်းကောင်းတယ် အဲဒီလိုပေါ့။

**ကိုရန်လေး ကျေးဇူးတင်ပါတယ်။**

ကိုရန်လေးတဲ့ အစ်ကိုရယ်၊ စိမ်းလိုက်တာ။ ရန်လေးလို့ ခေါ်ပါ။

**ရန်လေး... ရန်လေး... ရန်လေး ကျေးဇူးတင်ပါတယ် (ရယ်လျက်)။ အဲဒီတော့ မကြာမီမှာ မြန်မာ့ရုပ်ရှင်နှစ် ၁၀၀ ပြည့်တော့မယ်ပေါ့နော်။ ရန်လေးဆီက Wish ဘာများ...။**

၂၀၂၀ မှာ ပြည့်မှာ။ ဆုတောင်းပေးချင်တာတော့ အများကြီးပေါ့နော်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်တို့ ရုပ်ရှင်လောက,က ကျွန်တော်တို့ စ,ဖြစ်လာကတည်းကိုက သိပ်အပြည့်စုံကြီး မဟုတ်ဘူး။ အပြည့်စုံကြီးမဟုတ်ဘူးဆိုပေမဲ့ တကယ်တမ်း တော်ဝင်တဲ့ဇာတ်တွေရှိတယ်၊ ရိုက်ကူးမှုကလည်း လွယ် ကူတယ်။ ဖလင်ရှားတယ်။ ကျွန်တော်တို့ခေတ်မှာ ဖလင်တော်တော်ရှားတယ်။ ပိုက်ဆံရှိရင် ချေဝယ်လို့ရတယ်၊ ဖလင်ဝယ်လို့မရဘူး။ ကာလာဖလင် ပေါ်ခါစ။ အဲဒီလို အခက်အခဲတွေက ကျွန်တော်တို့ခေတ်က စပြီးတော့ ကြုံလာရတာက တစ်မျိုးနဲ့တစ်မျိုး မရိုးရဘူး အခုအချိန်အထိ။ အခုလက်ရှိအချိန်အထိ မရိုးရဘူး။ ရုပ်ရှင်လောက,က အမျိုးမျိုးတွေ အလူးအလဲဖြစ်နေတာပေါ့နော်။ ဒါပေမဲ့ ကျွန်တော်တို့နိုင်ငံက အစိုးရအသစ်ပြောင်းလဲတယ်။ ပွင့်လင်းမြင်သာမှုတွေ ရှိလာတဲ့အခါမှာ ၂၀၂၀ မှာ ရုပ်ရှင်နှစ် ၁၀၀ ပြည့်မယ်ဆိုတော့ အခုလည်း လမ်းစ,တွေ အများကြီးတွေ့နေရတယ်။ ၂၀၂၀ ရုပ်ရှင်နှစ် ၁၀၀ မှာလည်း အဲဒီလမ်းစ,တွေက အကုန်လုံး အဆင်ပြေပြီးတော့ ချောမွေ့လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ ချောမွေ့ပါစေလို့လည်း ဆုတောင်းပါတယ်။

**ကျေးဇူးတင်ပါတယ်။**

***


ENZO.



# အကယ်ဒမီ ထွန်းအိန္ဒြာဗို

မင်္ဂလာပါ။ ကျွန်တော်တို့ ဒီနေ့ တင်ဆက်မယ့် အစီအစဉ်ကတော့ **"လိပ်ပြာကူး ထူးခြားသူများ"**လို့ ခေါင်းစဉ်ပေးထားတဲ့ အစီအစဉ်ပဲဖြစ်ပါတယ်။ **"လိပ်ပြာကူး ထူးခြားသူများ"**ဆိုတာ ကျွန်တော်တို့က ရုပ်ရှင်သရုပ်ဆောင်တွေက ဇာတ်လမ်းတစ်ခုကို ရိုက်တော့မယ်ဆိုရင် သူ့မူရင်းဘဝကနေပြီးတော့ ဇာတ်လမ်းထဲမှာပါတဲ့ ဇာတ်ကောင်အဖြစ် လိပ်ပြာကူးသွားတယ်ဆိုတဲ့ အဓိပ္ပာယ်မျိုးနဲ့ ယူထားတဲ့ ခေါင်းစဉ်ဖြစ်ပါတယ်။

**မင်္ဂလာပါ မခိုင်ရေ။**

မင်္ဂလာပါရှင်။

**မခိုင်ကို ကျွန်တော်သိတာကတော့ ရုပ်ရှင်သရုပ်ဆောင်အနေနဲ့ ထက် သီချင်းဆိုတဲ့ အမျိုးသမီးတစ်ယောက်အနေနဲ့ စ,သိတာပေါ့နော်။**

ဟုတ်ကဲ့။

**မန္တလေးမှာလုပ်တဲ့ အဲဒီတုန်းက မန္တလေးမှာ ရာပြည့်ကွင်းမှာ ကျွန်တော်တို့ လွတ်လပ်ရေးပွဲဆိုလို့ရှိရင် ပွဲတွေခြိမ့်ခြိမ့်သဲသဲ၊ စတိတ်ရှိုးတွေ စင်နှစ်စင် သုံးစင် စင်ပြိုင်တွေ လုပ်ကြတယ်ပေါ့နော်။ မခိုင်တို့က ကင်း ဗီဒီယိုကနေပြီးတော့ LPJ နဲ့လုပ်တာ များတယ်နော်။**

ဟုတ်ပါတယ်ရှင့်။

**နောက် ကိုသိန်းတန်နဲ့ ကိုသန်းနိုင်နဲ့ ကွဲသွားပြီးတော့ ကိုသိန်းတန်က LPJဆိုပြီးတော့ ထောင်တယ်။ အဲဒီမှာ မခိုင် ဆိုတာ များတာ တွေ့တယ်။**

ဟုတ်ပါတယ်ရှင့်။

**အဲဒီတော့ မခိုင်က ကျွန်တော်ထင်တယ် သရုပ်ဆောင်လုပ်တာ ထပ် ပိုပြီးတော့ သီချင်းဆိုတာကို ပိုအားသန်တယ်ထင်တယ်။**

ငယ်ငယ်ကလည်း အဲဒီသီချင်းဆိုတာကပဲ စ,ခဲ့တာလည်း ပါတာပေါ့နော် အစ်ကိုရယ်။ နောက် သရုပ်ဆောင်ဘက်အပိုင်းကျတော့ နီးစပ်မှုက တော်တော်ကို မရှိခဲ့တာပေါ့။ နယ်မှာနေတော့ သီချင်းကျတော့လည်း ငယ်ငယ်ကတည်းက ဖ တန်းကျောင်းသူလောက်ကတည်းက စပြီး စင်ပေါ် ကျောင်းပွဲတွေကနေစပြီး စင်ပေါ်တက်တယ်။ နောက် အမျိုးသမီး တီးဝိုင်းတွေမှာလည်း ကိုယ်တိုင် တီးတယ်ဆိုတော့၊ ကျောင်းက တီးဝိုင်းတွေမှာလည်းဆိုတော့ အဆိုကတော့ ကိုယ့်အတွက် ပိုရင်းနှီးပါတယ်ရှင့်။

**မခိုင်က မိုးကုတ်သူနော်။**

မိုးကုတ်သူပါ။

**မိုးကုတ်က ဘယ်ကျောင်းမှာလဲ မသိဘူး။**

မိုးကုတ်က အ.ထ.က(၁)ပါရှင့်။ အ.ထ.က (၁)မှာ။ အဲဒီကျောင်းပွဲတွေဘာတွေမှာ...။

**အဲဒီတုန်းက မခိုင် ဘယ်သူ့သီချင်းတွေကို ဆိုတာများလဲ။**

အဲဒီတုန်းက ကျွန်မကတော့ ပထမပိုင်းက အန်တီခွဲ့ယဉ်ဝင်းရဲ့ သီချင်းတွေဆိုတယ်။ နောက် အန်တီပုလဲသီချင်းတွေ ဆိုတယ်။ မအယ်လ်ခွန်းရီရဲ့ သီချင်းတွေကို ဆိုပါတယ်။

**အဲဒီတော့ ကျွန်တော်တို့ LPJနဲ့ကျတော့ရော ဒီသီချင်းတွေပဲ ဆိုရတာပေါ့နော်။**

LPJနဲ့ကျတော့ မရတော့ဘူးလေ အစ်ကို။ LPJကျတော့ သူကကျတော့ လိုက်ဆိုတာကတော့ အပျော်လိုက်ဆိုတာ။ ဒါပေမဲ့ ကိုယ်ပိုင်သီချင်းနဲ့ပဲ သွားတာပဲ။ သူများသီချင်းဆိုလို့ မရဘူးဆိုပြီး ပြောတော့ ကိုဇော်ဝင်း (ငှက်ပျောသီး)က ကျွန်မကို သီချင်းလေးနှစ်ပုဒ် ရေးပေးတယ်။ Own Tube လေးပေါ့။ အဲဒီနှစ်ပုဒ်နဲ့ ကျွန်မ ေတာက်လျှောက်သွားတာပါရှင့်။

**ဒီနှစ်ပုဒ်တည်းပဲ ထည့်လဲဆိုတာပေါ့။**

ဒီနှစ်ပုဒ်တည်းပဲ၊ ပွဲတိုင်းမှာ ဒီနှစ်ပုဒ်နဲ့ပဲ။

**အဲဒီတော့ ကျွန်တော်က မခိုင်ကို နောက်တစ်ခါ မှတ်မှတ်ရရ ထပ်တွေ့တာပေါ့နော်။ ကျွန်တော် ယင်းမာ တေးသံသွင်းက ကိုချစ်ခင်တို့က အဆိုတော်သစ် တင်မယ်ဆိုပြီးတော့ သူတို့ အဆိုတော်ရွေးပွဲ လုပ်ကြတယ်။ အဲဒီမှာ ကော်နီရယ်၊ မခိုင်လည်းပါတယ်၊ ခင်မြတ်မွန်ပါတယ်နော်။ အဲဒီမှာ မိန်းကလေး တော်တော်များများ ပြိုင်ကြတာပေါ့နော်။ အဲဒီမှာလည်း မခိုင်ကို သတိထားမိတယ်။ နောက် ထွန်းအိန္ဒြာဗိုရယ်လို့ ဖြစ်လာတဲ့အခါကျတော့ မခိုင် တော်တော်လေး အောင်မြင်သွားပြီ။ အထူးသဖြင့်တော့ ကျွန်တော်ထင်တယ် အရှေ့က သီချင်းတွေလည်း အောင်မြင်ပါတယ်။ အပေါက်ဆုံးကတော့ မပုလဲရဲ့ သီချင်းတွေ ပြန်ဆိုတဲ့အခွေ အပေါက်ဆုံးဖြစ်မယ်ထင်တယ်။**

ဟုတ်ကဲ့ အစ်ကို။ အဲဒါကတော့ ပရိသတ်က သတ်မှတ်ချက်နဲ့ပဲ သွားရမယ် ထင်တယ်။ ကျွန်မလည်း စုစုပေါင်း ဒီနေ့အထိဆိုရင် ထွက်ခဲ့ဖူးတဲ့အခွေက ၁၁ ခွေပေါ့နော် အစ်ကို။ ကျွန်မ Solo အနေနဲ့ ၁၁ ခွေ ထွက်ခဲ့ဖူးတယ်။ ဒါပေမဲ့ အခွေမထွက်တာကတော့ ၁၅ နှစ်လောက်ရှိသွားပြီ။ ထွက်ခဲ့တဲ့ အထဲမှာတော့ သီချင်းလိုက် လူသိတာကတော့ **မိုင်ပေါင်းကုဋေ** တို့လို၊ **မိုးလေးဖွဲတုန်း** ကလို နောက် ကိုမျိုးကျော့မြိုင် ရေးခဲ့တာတွေရော လူသိများတာပါရှင့်။

**၁၁ ခွေ၊ နောက်ထပ် ထပ်မဆိုတော့ဘူးလား။**

မသိသေးပါဘူး အစ်ကိုရယ်။

**အနိုင်နဲ့ ပိုင်းထားတာ။**

အဲဒီလိုလည်း မဟုတ်ပါဘူးရှင့်။

**အဲဒီတော့ မခိုင် သီချင်းဆိုတဲ့ဘက်မှာ အဲဒီလိုဆိုတော့ ရုပ်ရှင်ဘက်ကို ဘယ်လိုကူးဖြစ်သွားလဲ။ ကျွန်တော်ထင်တာ ပထမဆုံး ဗီဒီယိုနဲ့ စ,တာထင်တယ်။**

ဗီဒီယိုနဲ့ စ,တာပါရှင့်။ ကင်း ဗီဒီယိုကနေပြီး ကျွန်မကို ဗီဒီယို ၃ ကား ထုတ်ရိုက်ကြည့်ပေးမယ်ဆိုပြီးတော့ မင်းသမီးတင်ပေးလိုက်တဲ့ သဘောဆိုတော့ အဲဒီ ၃ ကားမှာ ဖြစ်ရင်လည်း ဆက်သွားမယ်၊ မဖြစ်ရင်လည်း ရပ်လိုက်မယ်ဆိုပြီးတော့ စမ်းကြည့်တာပါ။ အဲဒီကနေ ရှေ့ဆက်ဖြစ်

ခဲ့တာပါ။

ပထမဆုံး ရိုက်ဖြစ်တဲ့ ဗီဒီယိုက "ကြေးစားနှလုံးသား"နဲ့နော်။ ဒါရိုက်တာ ဒေါက်။ ရန်အောင် နှစ်ကိုယ်ခွဲ၊ ဗိုးချဲ့နဲ့။

ကိုရန်အောင်က နှစ်ကိုယ်ခွဲပါ အစ်ကို။

အဲဒီပုံ ကျွန်တော် မှတ်မိတယ်။ ကိုရန်အောင်နဲ့ "ကြေးစားနှလုံးသား"ပြီးတော့ နောက်ထပ်...။

ကျွန်မ ဒုတိယကား ဗီဒီယိုက **နှောင်းရိပ်ဝေဒနာ**။ အဲဒါကလည်း ကိုရန်အောင်နဲ့။ အဲဒီ ပထမဆုံးထွက်တဲ့ ဒီနှစ်ကားကို ယှဉ်ရင်တော့ **ကြေးစားနှလုံးသား** ကိုတော့ ပရိသတ်က ပိုအသိအမှတ်ပြုပါတယ်။ **နှောင်းရိပ်ဝေဒနာ** ကတော့ သိပ်ပြီး မအောင်မြင်ခဲ့ပါဘူး။

ပြီးတော့ ရုပ်ရှင်ဘက်ကူးတဲ့အခါကျတော့ ပထမဆုံးကားက "သူငယ်ချင်းလိုပဲဆက်၍ခေါ်မည်ခိုင်"ကျွန်တော်ထင်တယ်။ ဘာကြောင့်လဲဆိုတော့ ကျော်သူက အဲဒီကားရိုက်မယ်ဆိုတော့ ဒါရိုက်တာက ဒေါ်သင်းသင်းယုလား၊ ဦးဇော်ထက်လား တစ်ယောက်ယောက်ပေါ့။

ဟုတ်ကဲ့၊ ဟုတ်ကဲ့။

ဦးဇော်ထက် ထင်တယ်။ အဲဒီတော့ "သူငယ်ချင်းလိုပဲ ဆက်၍ခေါ်မည်ခိုင်" တက္ကသိုလ်ဘုန်းနိုင်ဝတ္ထု ရိုက်မယ်၊ ညီအစ်မလေးယောက်ပါမှာဆိုတော့ မို့မို့မြင့်အောင်က အစ်မနေရာက အဓိက သရုပ်ဆောင်ရမှာဆိုတော့ သူနဲ့ဆင်တူ မတိမ်းမယိမ်း မျက်နှာရှိတဲ့ မင်းသမီး ကိုဝင်းငြိမ်း ဘယ်သူ့ကိုသိလဲဆိုတော့ ငါ ထွန်းအိန္ဒြာဗိုကိုတော့ မို့မို့မြင့်အောင်နဲ့ မျက်နှာနည်းနည်း ဆင်တယ် ထင်တယ်လို့ သူတို့ကို ပြောလိုက်တဲ့အခါကျတော့ အဲဒါဆိုရင် အငယ်ဆုံး "လှိုင်"နေရာမှာပေါ့။ "လှိုင်"နေရာအတွက် ထွန်းအိန္ဒြာဗိုကို ခေါ်မယ်ဆိုပြီးတော့ ခေါ်လိုက်တာ။ ရှုတင်မှာလည်း ကျွန်တော်ရှိတယ်။ မခိုင်ရယ်၊ မခိုင် မေမေရယ် လာကြတာ။ အထဲကနေပြီးတော့ သရုပ်ဆောင်အဟောင်းတွေက အရှေ့က ကောင်မလေးကို ပြူတစ်ပြူတစ် ကြည့်တာပေါ့။

ကျွန်မလည်း အထဲကို မဝင်ရဲဘူး အဲဒီတုန်းကလေ။ ဘယ်လိုပဲပြောပြော အစ်ကိုရယ် ပထမဦးဆုံး ရုပ်ရှင်ကား၊ ဗီဒီယိုအနေနဲ့တော့ ၁၂ ကားလောက် ရိုက်ပြီးမှ ရိုက်တဲ့ကားဆိုပေမဲ့ အရာရာ ကျွန်မအတွက်က အရမ်းရှိန်တာပဲလေ အစ်ကို။ မမို့ကို အရမ်းကြိုက်တဲ့စိတ်နဲ့လည်း ရှိန်တယ်၊

ကားကြီးဆိုတဲ့စိတ်နဲ့လည်း ရိုက်တယ်၊ ကိုကျော်သူကို ကြိုက်တာနဲ့လည်း ရိုက်တယ်။ အဲဒီလိုမျိုး အရာရာ ကျွန်မအတွက် ကွင်းအရမ်းစိမ်းပါတယ်။ တော်တော်ကြီး အခက်အခဲဖြစ်ပါတယ် ကျွန်မ သရုပ်ဆောင်ရတာ။

**ဒါပေမဲ့လည်း "သူငယ်ချင်းလိုပဲ ဆက်၍ခေါ်မည်နိုင်"ကလည်း ပေါက်ခဲ့တဲ့ကားပါပဲ။**

ဟုတ်ကဲ့ရှင့်။ မမို့ကြောင့် ဖြစ်မှာပါ။ ဆရာ့ရဲ့ ဝတ္ထုတွေကြောင့်၊ ဇာတ်လမ်းကြောင့်လည်း ပါမှာပေါ့။

**မခိုင် အဲဒီလို သရုပ်ဆောင်အသစ်တွေနဲ့...၊ ကိုယ်က အသစ်ပေါ့နော်။ အသစ်တစ်ယောက်အနေနဲ့ ဒီလို ဝါရင့်သမ္ဘာရင့်ကြီးတွေ မို့မို့မြင့်အောင်လိုမျိုး၊ ကျော်သူလိုလူမျိုးတွေနဲ့ ရိုက်တဲ့အခါမှာ အဲဒီအခါက ရိုက်ခဲ့တာ OKလက်ခံပါတယ်။ အခု ကိုယ်က ဝါရင့်တစ်ယောက် ဖြစ်သွားပြီပေါ့နော်။ အသစ်ကလေးတွေအပေါ် ဘယ်လိုသဘောထားလဲ။**

ဒီနှစ် အသစ်ကလေးတွေကို ကျွန်မ ကြိုက်တယ်။ သူတို့က ကျွန်မတို့လို ရိုက်တာမျိုး၊ တစ်ယောက်တည်းကို ရည်ရွယ်တာမဟုတ်ဘူး ကလေးတိုင်းကိုလိုလိုပဲ သူတို့ သတ္တိ ကျွန်မတို့ထက် ရှိတယ်။ ဘာပဲပြောပြော ကိုယ်လုပ်တဲ့ အလုပ်အတွက် အနှောင့်အယှက်တစ်ခု ကင်းတာပေါ့။ ကျွန်မတို့ကတော့ နည်းနည်းလည်း ခေတ်က ဟိုဘက်ခေတ်က ကြီးပြင်းရလို့လား မသိဘူး နည်းနည်း အားငယ်စိတ်တော့ တော်တော်များပါတယ်။ ဒီဘက်ခေတ်ကလေးတွေကတော့ Confident ကကျ တူကို မတူတော့ဘူး။ သူတို့ရဲ့ တွေးတဲ့ အတွေးအခေါ်တွေ၊ သူတို့ရဲ့ Idea ကအစ ကျွန်မတို့ ငယ်ငယ်ကနဲ့ မတူဘူး။

**မခိုင်တို့ကတော့ Well Come လုပ်ပါတယ်။**

ဟုတ်ပါတယ် အစ်ကို။ နောက်ပြီးတော့ အဆင်လည်း အရမ်းပြေပါတယ်။ ကလေးတွေနဲ့ အလုပ်လုပ်ရတာ အဆင်ပြေပါတယ်။ တချို့ Idea တွေဆို သူတို့ဆီကတောင် ယူရတာတွေလည်း ရှိပါတယ်။

**မခိုင် ဒါရိုက်တာ သက်မောင်မောင်နဲ့လည်း တွဲပြီး ရိုက်ဖူးတယ်နော်။**

ဟုတ်ကဲ့၊ ရိုက်ဖူးပါတယ်။

**အဲဒီကားက "နှောင်းတမြေ့မြေ့"။ စာရေးဆရာ မြသန်းရဲ့**

ကား။ အဲဒီနှစ်မှာ ဒါရိုက်တာ မောင်ဝဏ္ဏရိုက်တဲ့ "ရင်ထဲကဆောင်းရာသီ"ရှိတယ်။ ဒါ ကိုမင်းလူရဲ့ ဝတ္ထု။ မခိုင် နှစ်ကားစလုံးမှာ သရုပ်ဆောင်ရတယ်။ တစ်ကားက "ရင်ထဲက ဆောင်းရာသီ"က နိုင်ငံခြားကို အင်မတန်သွားချင်တဲ့ အမျိုးသမီးတစ်ယောက်။ သမီးအပေါ်မှာတောင်မှ သိပ်မငဲ့ညှာချင်ဘူး။ "နှောင်း တမြေ့မြေ့"ကတော့ သူက ရိုးရိုးစင်းစင်း အားဖြင့် တော်ဝင်မိသားစုက ဆင်းသက်လာတယ်။ အမေတောင် မယ်မယ်ခေါ်ရတယ်၊ အဲဒီလိုမျိုး။ အဲဒီလို မိသားစုက ဆင်းသက်လာပြီးတော့ တပ်မတော် ဗိုလ်ကြီးတစ်ယောက်နဲ့ နေရာချပေးတာကို လက်ခံရတဲ့ဟာပေါ့နော်။ အဲဒီတော့ အဲဒီနှစ်မှာ မခိုင်က အဲဒီနှစ်ကားက တော်တော်လည်း ကောင်းတယ်၊ ပေါက်လည်း ပေါက်တယ်ပေါ့။ ပေါက်တယ်ဆိုတော့ မခိုင် တကယ်မျှော်လင့်တာကတော့ "ရင်ထဲက ဆောင်းရာသီ" မျှော်လင့်ထားတယ်လို့ ကျွန်တော် သိထားတယ်။ ဒါ ပထမဆုံး အကယ်ဒမီကား။

ပထမဆုံး အကယ်ဒမီပေါ့။

**ဘယ်နှစ်နှစ်မှာလဲ မခိုင်။**

၁၉၉၉ လောက်က ဖြစ်မယ်ထင်တယ်။ အဲဒီနှစ်က အစ်ကိုပြောသလိုပဲ **နှောင်းတမြေ့မြေ့** နဲ့ ရင်ထဲက **ဆောင်းရာသီ** နှစ်ကား ပထမဆုံး ကျွန်မ နာမည်ထွက်ခဲ့တယ်။ တကယ်တမ်းကျ **နှောင်းတမြေ့မြေ့** နဲ့ ရသွားတယ်။ ဒါပေမဲ့ ဇာတ်လမ်းပေးထားတဲ့ အရကတော့ သူက **နှောင်းတမြေ့မြေ့** က မျိုးရိုးဂုဏ်ကြီးမားပြီး အရမ်း အရာရာ ဣန္ဒြေရတယ်ဆိုတဲ့ ဟာကို လုပ်ထားတဲ့အခါကျတော့ သူက ငြိမ်နေရုံနဲ့ လုံလောက်သွားတယ်။ အထူးတလည် မလုပ်ရဘူး။ ဟိုဘက်ကကျတော့ တကယ့်ကို Transiter လုပ်ရတဲ့ အမျိုးသမီးတစ်ယောက်။ မိသားစုကိုလည်း အတိုက်အခံလုပ်ရတယ်၊ အရာရာပေါ့။ ပတ်ဝန်းကျင်ကိုလည်း အတိုက်အခံလုပ်ရပြီး သွားရဆိုတော့ သူက အလှုပ်သဘောမျိုး။ သရုပ်ဆောင်အနေနဲ့ ပြောရရင်တော့ အလှုပ်တွေက ပိုပြီး လုပ်ခွင့်ရတယ်လို့ ခံစားရတာပေါ့နော်။

**ဒါပေမဲ့ ပေါ်လစီ...။**

မသိဘူးရှင်။ အကယ်ဒမီရဲ့ စည်းမျဉ်းတွေကတော့ ကျွန်မ နားမလည်ပါဘူး။ ဟိုဘက်တစ်ခုနဲ့ ရသွားတယ်။

**မခိုင် ကားတွေ တော်တော်များများ ရိုက်တယ်ပေါ့နော်။ ရိုက်**

**တဲ့အခါမှာ ကျွန်တော် သတိထားမိတာက မခိုင်က မိတ်ကပ် အလွန် အကျုံလုပ်တာ မတွေ့ဘူး။ သဘာဝအတိုင်းနီးပါးလောက်နဲ့ မိတ်ကပ် ပါးပါးနဲ့ပဲ သရုပ်ဆောင်တာ တွေ့တယ်။ အထူးသဖြင့်တော့ ဒါရိုက်တာ မီးပွားရိုက်တဲ့ "ကြိုးတန်း" တကယ့် တံငါသည်မိန်းမတစ်ယောက်လိုမျိုး ထဘီကအစ ဖိုသီဖတ်သီ ဝတ်ပြီးတော့ သောင်ကုန်းပေါ်မှာနေရတဲ့ အမျိုးသမီးတစ်ယောက်ပေါ့နော်။ စိုးမြတ်သူဇာနဲ့ သတ်တာဆိုလည်း လုံးတာပဲ။ ဈေးထဲမှာ ငါးရောင်းတယ်ဆိုလည်း တကယ့် ငါးသည်တစ် ယောက်လို သရုပ်ဆောင်ရတယ်ပေါ့နော်။ အဲဒီတော့ အဲဒီလိုဟာမျိုး တွေပေါ့ မင်းသမီး အများစုကတော့ ကိုယ့်ကိုယ်ကိုလှဖို့ ဂရုစိုက်တယ်။ မခိုင်ကျတော့ အဲဒီလိုမျိုး မဟုတ်ဘူးလို့ ကျွန်တော်ထင်တယ်။**

အဲဒါကတော့ ကျွန်မရဲ့ အားနည်းချက်ကလည်း အစ်ကို ကင်မရာ ရှေ့ စ,ရောက်ကတည်းကလည်း လှလှပပ လှလွန်းလှချည့်ရဲ့လို့ ဘယ်သူမှ အသိအမှတ်မပြုတဲ့ အနေအထားမျိုးနဲ့ပဲ ဝင်ရတာ။ ကိုယ့်ကိုယ်ကိုလည်း လှတဲ့အထဲမှာလည်း မပါဘူးဆိုတာ သိတယ်။ ဥပမာ သရုပ်ဆောင်တစ် ယောက် ဆိုလို့ရှိရင် သူ့ရဲ့ Complexion ပဲဖြစ်ဖြစ်၊ သူ့ရဲ့ Structure ပဲဖြစ် ဖြစ်၊ သူ့ရဲ့ Feature ပဲဖြစ်ဖြစ် တော်တော်လေး သာမန်ထက် ထူးခြား ဆွဲဆောင်မှုရှိတဲ့ သူတွေက ပိုများပါတယ်။ ကျွန်မအနေနဲ့ကတော့ အဲဒီလိုမျိုး တွေ ဘာအရည်အချင်းမှ မရှိဘဲ ဝင်ရတော့ ခေါင်းထဲမှာ အဲဒါအတွက် မစဉ်းစားတော့ပါဘူး။ ဒီပေးတဲ့ ကာရိုက်တာကို ဘယ်လောက်ထိ ကြိုးစား ပြီး လုပ်နိုင်မလဲဆိုတဲ့ဟာကိုပဲ ပိုပြီး ဂရုစိုက်ရတာကြောင့်ပါ။

**အဲဒီတော့ ကျွန်တော် အထူးသဖြင့်တော့ "ကြိုးတန်း"ပေါ့ နော်။ အဝတ်အစားတွေကလည်း မခိုင်တို့၊ စိုးစိုးတို့ ဝတ်ရတဲ့ အဝတ် အစားတွေကလည်း တံငါသည် မိန်းမတစ်ယောက်ရဲ့ အဝတ်အစားမျိုးပဲ ဝတ်ရတာဆိုတော့ အဟောင်းတွေ ဝတ်ရတယ်။ မခိုင်တို့ တကယ် ငါးရောင်းတဲ့ မိန်းမတွေဆီက ထဘီတွေ လဲဝတ်ကြတယ်လို့ ကြားဖူး တယ်။**

ဟုတ်တယ်ရှင့်၊ ဟုတ်ပါတယ်။ ကျွန်မတို့ ပြန်တော့ လျှော်ပေမဲ့ အနံ့က မပျောက်ဘူး။ အညှီနံ့တွေနဲ့ပါပဲ။ အဲဒါတွေကပဲ ကိုယ့်ကို Mood ပိုရစေပါတယ်။ ကိုယ့်ရဲ့ ကာရိုက်တာကိုလေ။

**ဘယ်မှာ သွားလဲကြလဲ။**

အဲဒီထဲမှာပဲရှင့်။ ရွာထဲက ငါးတန်းမှာပဲ။

သူတို့ထဘီနဲ့ ကိုယ့်ထဘီအကောင်း ပေးလိုက်တာ။

ဟုတ်ပါတယ်။

ဒါက ကိုမီးပွားနဲ့ ရိုက်ခဲ့တာနော်။ အဲဒီတော့ ဦးကျော်ရယ်၊ ကျော်ရဲအောင်ရယ်၊ မခိုင်ရယ်၊ စိုးမြတ်သူဇာရယ် လေးယောက်ပေါ့နော်။ ဒီကားလည်း ကျွန်တော်တို့ တော်တော်ကြီးကို အောင်မြင်တဲ့ကားပါ။ တကယ်ကျ "ကြိုးတန်း"က ရွှေအမြုတေမှာပါတဲ့ ခင်ခင်ထူးရဲ့ ဝတ္ထုတိုလေးကို ရိုက်တာ။ အတိုလေးကို ချဲ့ပြီးတော့ ပြန်ရိုက်တာပေါ့နော်။ နောက်တစ်ခေါက် ထပ်ပြီး အကယ်ဒမီရတာက ဒါရိုက်တာ ကျော်သူ ရိုက်တဲ့ "အမေ့နို့ဖိုး"ရခဲ့တယ်။ "အမေ့နို့ဖိုး"ကလည်း ကျွန်တော်လုပ်ပေးတဲ့ ဝတ္ထုတိုပြိုင်ပွဲမှာ ပထမဆုနဲ့၊ ဒုတိယဆုရခဲ့တဲ့ ဝတ္ထုနှစ်ပုဒ်ကို ပေါင်းပြီးတော့ ကိုငြိမ်းမင်းက ဇာတ်လမ်းဖန်တီးတာပေါ့နော်။ အဲဒီမှာလည်း မခိုင်ရဲ့ ကာရိုက်တာက ရည်းစားက စွန့်ပစ်ခံရတဲ့ ကိုယ်ဝန်နဲ့ ကျန်ခဲ့ရတဲ့ မိန်းမတစ်ယောက်။ မခိုင်ရဲ့ အမေက မချို လုပ်ခဲ့တယ်။ တကယ့်ကို နာကြည်းပြီးတော့ နာတော့ နာကြည်းတယ်၊ ဒါပေမဲ့ စိတ်က ဆတ်ဆတ်ကြဲပဲ။ ယောက္ခမလောင်းကို ရန်တွေ့တဲ့အခါမှာလည်း တကယ့်ကို ပီပီပြင်ပြင် သရုပ်ဆောင်ခဲ့တယ်။ "အမေ့နို့ဖိုး"ကလည်း ပရိသတ်တွေကြားမှာ အင်မတန် အောင်မြင်တဲ့ ရုပ်ရှင်ကားဖြစ်ခဲ့တယ်။ မခိုင်အနေနဲ့ အဲဒီကားမှာ သရုပ်ဆောင်တာရော အားရမှု ဘယ်လိုရှိလဲ မသိဘူး။

ကိုယ် တကယ်တမ်းကျတော့ ဇာတ်ကကိုက ကောင်းတော့ ကျွန်မမှ မဟုတ်ဘူး၊ သရုပ်ဆောင်ခွင့်ရတဲ့ ဘယ်သူမဆို ရနိုင်ပါတယ် အစ်ကို။ အကယ်ဒမီကလေ အဲဒီ **အမေ့နို့ဖိုး** ဇာတ်က။ ဇာတ်ကိုက ဇာတ်ခိုင်းတဲ့ အတိုင်းပဲ လိုက်လုပ်သွားရင်ကို ပရိသတ် ပါလာနိုင်တဲ့ဇာတ်မျိုး ဖြစ်နေတာ အဲဒီလိုမျိုး။

အမရပူရမှာ အကြော်သည်အဖြစ်နဲ့ အကြော်တွေကြော်ပြီး ရောင်းရတာ။ သားက မင်းမော်ကွန်းနော်၊ အဲဒါမျိုးလေးတွေ။ မခိုင် ဆေးရုံပေါ်မှာ ဆုံးသွားတဲ့အခန်းဆိုရင် ပရိသတ် တော်တော်များများ မျက်ရည်ကျကြတယ်ပေါ့နော်။ သားက လာပြီးတော့ သင်္ကန်းဝတ်နဲ့ တရားချပေးတာ။

ဟုတ်ကဲ့။ သူက မြန်မာတွေရဲ့ နှလုံးသည်းပွတ်ကို ကြိုက်ပြီးသား ပလော့စ်လေးတွေ ဆင်ပြီးတော့ ဇာတ်လုပ်ထားတာ။ ကျွန်မတို့က ဘယ်သူ မဆို ဒီနေရာမှာ သရုပ်ဆောင်ခွင့် ရတယ်ဆို ရမှာပါ အကယ်ဒမီ။

နောက်ဆုံး ကျွန်တော်တို့ မခိုင် အကယ်ဒမီရထားတဲ့ဟာက ဦးအောင်လွင် ရိုက်တာနော်။ "မိုးကုတ်စက်ဝိုင်းကို ကျော်လွန်၍"ပေါ့ နော်။ အဲဒီကားကတော့ ကျွန်တော် မှတ်မိသလောက်က နိုင်ငံခြားကား ကို ယူထားတာလို့၊ မှီငြမ်းပြုထားတာလို့။

ဟုတ်၊ ပြောပါတယ်။

အဲဒီမှာလည်း မခိုင်က လွင်မိုးကို တက်နဲ့ ရိုက်ပြီးတော့ သတ်လိုက်တဲ့ မိန်းမတစ်ယောက်။ ဒါပေမဲ့ လွင်မိုးနဲ့ ရုပ်တူတဲ့တစ် ယောက် ရောက်လာတဲ့အခါမှာ ရှော့ခ်ဖြစ်သွားတယ်ပေါ့။ တုန်လှုပ် ချောက်ချားတာတွေ လုပ်ရတဲ့အခါပေါ့နော် မခိုင် ဒီကားကို ကြည့်ဖူး လား။

ကျွန်မ အော်ရီဂျင်နယ်ကား မကြည့်ဖူးပါဘူး။ ကျွန်မ ဟိုလိုပေါ့နော်။ တကယ်တမ်း ကားတစ်ကားကို ပြန်ရိုက်မယ်လို့ ပြောတဲ့အခါတိုင်း အော်ရီ ဂျင်နယ်ကားကိုတော့ မကြည့်ဖြစ်တာ ကျွန်မအတွက် ပိုကောင်းမယ်လို့ ထင်ပါတယ်ရှင့်။ မဟုတ်ရင် ကျွန်မ မသိစိတ်က သူ့ကို သွားသွားပြီး စွဲပြီး တော့ အဲဒီအတိုင်း လုပ်ဖြစ်နေဦးမယ်။

အခုတော့ အဓိက ဇာတ်ဆောင်ဆိုတာထက် အမေခန်း ဇာတ်ပို့ ပေါ့။ ဇာတ်ပို့နေရာ ရောက်လာပြီ။ သို့သော် အိုက်တင်တော့ မလျှော့ သေးဘူး။ ကျွန်တော် နောက်ဆုံးကြည့်ထားတဲ့ ကားတစ်ကားတော့ ရှိတယ်။ အဲဒါက "သူစိမ်းအိမ်"ဆိုတာ မခိုင်တို့တော့ မကြည့်ရသေးဘူး။ မောင်မိုးလည်း မကြည့်ရသေးဘူး။ ကျွန်တော် ပထမဆုံး မခိုင်တို့ကို တွေ့ရတဲ့အခန်းက ကလေးတွေကို လာပြီး နှုတ်ဆက်တဲ့အခန်းပေါ့။ အိမ်ရှေ့မှာ သမီးရဲ့ သူငယ်ချင်းတွေက ပြန်တော့မယ်ဆိုလို့ နှုတ်ဆက် တဲ့အခန်းပေါ့။ အဲဒီ ကျွန်တော်တွေ့လိုက်တဲ့အခါမှာ ဘာဖြစ်လို့ မောင်မိုးနဲ့ မခိုင်နဲ့က ဒီလို သာမန် အဖေ အမေ နေရာကနေ ပါတာလဲ လို့ စိတ်က အောက်မေ့တယ်။ သို့သော် မခိုင်က အဲဒီကလေးတွေကို ချော့လိုက်တယ်၊ ဒီညှ မောင်လေးရဲ့ မွေးနေ့ရှိတယ်။ သမီးတို့ ထမင်း စားပြီးတော့မှ ပြန်ပါလို့ ပြောလိုက်တဲ့အခါမှာ ကောင်မလေးတွေက

အားနာပြီးတော့ ဟုတ်ကဲ့ အန်တီ၊ နေပါ့မယ်ဆိုပြီး ပြောလိုက်ကနေ စပြီး မခိုင်နဲ့ မောင်မိုးရဲ့ စင်ပေါ်တက်လာတာ။ တက်လာတဲ့အခါကျ တော့ ဖြန့်ကြက်ကြည့်တဲ့အခါ မခိုင်တို့နှစ်ယောက်က အဓိက ဇာတ် ကောင်တွေ ဖြစ်နေတယ်။ ကျွန်တော် အဲဒီမှာ အရမ်းသဘောကျတာက မျက်လုံးအိုက်တင်တွေပေါ့။ မူးမက်နေတဲ့အခါ မျက်လုံးနဲ့ ကြည့်ကြ တဲ့ ဟာတွေ၊ တစ်ယောက်နဲ့တစ်ယောက် ကြည့်တာတွေ ပရိသတ်သိ အောင် ပြောရင်တော့ သူတို့က အရှုးတွေပေါ့။ ဒါပေမဲ့ ရှုးနေတဲ့သူတွေ ရဲ့ မျက်လုံးတွေက အရှုးနဲ့မတူဘူး။ အရှုးတွေက တစ်ယောက်နဲ့တစ် ယောက် ကြည့်တဲ့ မျက်လုံးတွေက ဘာပြောတယ်ဆိုတာကို ပရိသတ်ကို နားလည်အောင် ပြောပြနိုင်တဲ့ မျက်လုံးတွေ ဖြစ်နေတယ်ပေါ့နော်။ ကျွန်တော် အရမ်းသဘောကျတယ်။ ပရိသတ်လည်း သဘောကျမှာပါ။

ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်။ သူလည်း ဇာတ် ကောင်းပါတယ်။

**ဇာတ်လည်းကောင်းတယ်၊ တော်တော်ကြောက်စရာကောင်း တယ်။**

သူက သည်းထိတ်ရင်ဖို ဟုတ်ကဲ့။

**တော်တော်ကြောက်စရာကောင်းတယ်၊ သည်းထိတ်ရင်ဖို ဖြစ်စရာကောင်းတယ်။ အဲဒီတော့ မခိုင်က အခု ကျွန်တော် သိထား သလောက် ကားရိုက် လာပြတဲ့ကားတိုင်း လက်မခံတော့ဘူးပေါ့။**

လက်မခံဖြစ်တော့ပါဘူးရှင့်။

**ဘာကြောင့်ပါလဲ။**

တစ်အချက်ကတော့ ကျွန်မ အသက်အရွယ်ကြီးလာတဲ့အချိန်မှာ ပေါ့နော် ငယ်ငယ်တုန်းကလို စိတ်ဓာတ် အရမ်းကြီး လုပ်ချင်စိတ် မမီတော့ ဘူး အစ်ကိုရယ်။ ငယ်ငယ်တုန်းကတော့ အလွန်လုပ်ချင်တယ်။ အဲဒါကြောင့် အိုဗာဖြစ်တာတွေလည်း ရှိနိုင်တယ်။ နောက် ကိုယ်နဲ့ လိုက်တာတွေရှိတာ အကုန်လုံးကို လက်ခံပြီး လုပ်ချင်တာ၊ အလုပ်ကိုပေါ့နော်။ အခု အသက် အရွယ်ကကျတော့ ဇကယ်လုပ်ချင်စိတ်ရှိမှပဲ လုပ်လို့ရတော့တဲ့ အနေ အထား ဖြစ်သွားတယ်။ စိတ်တွေက မလုပ်ချင်ဘဲလုပ်ရတာကို အလွန်လေး သွားပြီပေါ့နော် အစ်ကို။ နောက်တစ်ခုကလည်း အသက်အရွယ်အရလည်း ကာရိုက်တာအတိုင်း မလိုက်တော့ဘူးဆိုတော့ အများကြီး စိစစ်ပြီးသားဖြစ် သွားပါပြီ။

**အသက်အရွယ် မပြောပါနဲ့၊ ၅၀ ကျော်ပဲ ရှိပါသေးတယ်။**

၅၀ ကျော်ပေမဲ့လည်း အစ်ကို အခု ကလေးလေးတွေက အများကြီးပဲ တော်ကြတယ်။

**အဲဒီတော့ မခိုင်က ကားတစ်ကားကို လက်ခံတဲ့နေရာမှာ အရင်တုန်းက လာပြောရင် လက်ခံလိုက်တယ်ပေါ့နော်။**

ဟုတ်ကဲ့၊ ဟုတ်ကဲ့။

**အခုကျတော့ ဘယ်လိုစဉ်းစားလဲ။**

အခုကျတော့ ကျွန်မကို ဘာပြော၊ ဥပမာ- ကိုအောင်(ရုပဗေဒ) ရဲ့ ကားလေး ဟိုတစ်လောက တော်တော်လေး ပရိသတ် ကြိုက်တယ်လေ။ ဥပါဒါန် ဆိုလို့ရှိရင် အဲဒီကလေးမလေးနေရာ ကျွန်မကို ထားတယ်။ ကိုအောင် ဒီနေရာကို ကျွန်မ ဘယ်လိုလုပ် သရုပ်ဆောင်မှာလဲလို့၊ သံဃာကို အရမ်းပဲ သဒ္ဓါလွန်ပြီးတော့ ဖျက်တဲ့နေရာ မဖြစ်နိုင်ဘူးလေ။ ဘာလို့ဆိုဒါက မြီးကောင်ပေါက်လေးတွေ သူတို့အတွေးမှားပြီး ကြည်ညိုတာနဲ့ ဘာနဲ့ မကွဲတဲ့နဲ့ ဖြစ်တတ်တဲ့အရွယ်။ ကျွန်မ ဘယ်လိုမှ အဲဒီလို သရုပ်ဆောင်လို့ မရဘူး။ သေချာရှင်းပြတော့လည်း သိသွားတယ်။

**ဟိုဘက်က သံဃာကလည်း ဒီအတိုင်းကြည့်လိုက်ရင်ကို ကိုယ့်ထက် အများကြီးကို ငယ်တယ်။ ကိုယ့်သားလောက်ဖြစ်နေတာလေ။**

အဲဒီလိုကိုဖြစ်နေတာလေ။ ကျွန်မလည်း ဘယ်လိုမှ Moodလည်း ရမှာမဟုတ်ဘူး။ ဘယ်လိုမှလည်း မဖြစ်နိုင်ဘူး။ မရိုက်ပါရစေနဲ့ပေါ့။ ကိုအောင်က မောင်နှမအရင်းလိုပါပဲ၊ နားလည်ပါတယ်။ လာတဲ့ ဇာတ်လေးတွေပေါ်မှာ မဖြစ်နိုင်ခြေရှိတာမျိုးတွေ ပြောပြပြီးတော့ ငြင်းတာလေးတွေ ရှိတယ်။ လက်ခံတာတွေလည်း ရှိပါတယ်။

**မခိုင်က တစ်နှစ်ကို ဘယ်နှကားလောက်ပဲ လက်ခံမယ်လို့ စိတ်ကူးထားလဲ။**

ကျွန်မ အခုတော့ ဆုံးဖြတ်လိုက်တာ တစ်နှစ်ကို ကျွန်မ တကယ် စိတ်ကြိုက်တွေ့ရင် နှစ်ကားလောက် ရိုက်ပါမယ် အစ်ကို။ အဲဒီထက် ပို မရိုက်တော့ပါဘူး။

**နှစ်ကားပဲရိုက်မယ်။**

ဟုတ်ကဲ့၊ အဲဒီလို စဉ်းစားပါတယ်။

**အသက် ၅၀ ကျော်မှ နှစ်ကားပဲ ရိုက်မယ်။**

တကယ်တော့ နားတောင် နားသင့်ပါပြီ။

**မနားသင့်သေးပါဘူး။ ဘာဖြစ်လို့ဆို ဟောလိဝုဒ်မှာ ဘယ်ရီဒေး ဗစ် ဆိုပါစို့ အရမ်းကို အိုမင်းရှုတ်တွတဲ့အထိ ရိုက်တာပဲ။**

တကယ့်ကိုပေါ့နော် အသက်ကြီးပေမဲ့လည်း တကယ့်ကို ပညာသားပါပါနဲ့ သရုပ်ဆောင်ရတဲ့ ဟောလိဝုဒ်က ကားတွေ ကြည့်ရပါတယ်။ ဒါပေမဲ့ ကျွန်မတို့ တိုင်းပြည် အနေအထားကျတော့လည်း ဟောလိဝုဒ်ရဲ့ ပရိသတ်လိုမျိုး တစ်ထပ်တည်း မဟုတ်ပြန်ဘူး။ ဆိုတော့ ကိုယ်လုပ်ရပြီး Fit မဖြစ်တဲ့ဟာမျိုး၊ ပရိသတ် စိတ်အနှောင့်အယှက်ဖြစ်မယ့်ဟာမျိုး၊ ကိုယ်လည်း Result မကောင်းတဲ့ဟာမျိုးတော့ ကိုယ်လည်း ရင်မဆိုင်လိုတော့ပါဘူး။

**အခုလောလောဆယ် မခိုင် ရိုက်ပြီးတဲ့ "သူစိမ်းအိမ်" နောက်ဆုံးပဲမလား။**

မဟုတ်ဘူးရှင့် အစ်ကို။ ကျွန်မ မေမြို့မှာ ရိုက်ခဲ့တဲ့ဟာ နောက်ဆုံးပေါ့နော်။ အဲဒါလည်း သည်းထိတ်ရင်ဖို ဇာတ်ကားပဲ။

**ဘာကားလဲ မသိဘူး။**

ပြည်ဟိန်းသီဟ ရိုက်တဲ့ကား။ အဲဒါ မင်းမော်ကွန်းနဲ့၊ ကျွန်မနဲ့။ အဲဒါ နောက်ဆုံးပါပဲ။ ကျွန်မ အဲဒီရှေ့က ရိုက်တဲ့ အမေရိကမှာရိုက်တဲ့ ကားတစ်ကား ရှိတယ်။ အဲဒါ **မေတ္တာ** ဆိုတဲ့ ကားပေါ့။ အဲဒီကား ကျွန်မကြိုက်တယ်။

**"မေတ္တာ"၊ ဂရေ့စ်ကား။ ဆွေဇင်ထိုက်ကား။**

ဟုတ်ကဲ့၊ ဟုတ်ကဲ့။ အန်တီ ဂရေ့စ်တို့ ဝိုင်းဝန်းစီစဉ်ပေးကြတဲ့ ကားပေါ့နော်။ ရိုက်တာကတော့ ဟိုဘက်က ဒါရိုက်တာနဲ့ ရိုက်တာပါ။ ကျွန်မနဲ့ ကိုလူမင်းနဲ့ပဲ ဒီဘက်က။

**ဟိုဘက်က အဲဒီ "မေတ္တာ"မှာကော သရုပ်ဆောင်ခွင့်...။**

ဇာတ်က ကျွန်မလုပ်ခွင့်ရတဲ့ဇာတ်ပေါ့။ ကျွန်မ အသက်အရွယ်နဲ့ လိုက်တဲ့ အဲဒီအမျိုးသမီးဇာတ်ကို တည်ပြီး ရိုက်တာပါ။

**ပြီးသွားပြီလား အဲဒါက။**

ပြီးပြီရှင့်။ ကျွန်မအခန်းတွေ ပြီးပါပြီ။ သူတို့ ဒီအရှေ့ပတ်မှာထင်တယ် တချို့ကျန်တဲ့အခန်းလေး၊ မြန်မာပြည်အခန်းလေးတွေ တစ်ပတ်စာလောက် သူတို့လာရိုက်ကြမှာပါ။ ကျွန်မနဲ့ ကိုလူမင်းအခန်း လုံးဝ ပြီးပါပြီ။

**နောက်ထပ် ဇာတ်လက်ခံတာ မရှိသေးဘူးလား။**

အခုကတော့ လက်ခံတယ်မဟုတ်ဘူး အစ်ကိုရဲ့။ ဟိုဟာတစ်ခုတော့ ရှိတယ်လေ။ ဟိုတစ်နေ့က ကန်တော့ပွဲပေးရင်းနဲ့ ပြောတဲ့ ဇာတ်လမ်းတွဲလေ။

**ဇာတ်လမ်းတွဲ။**

ဇာတ်လမ်းတွဲ။ ကျွန်မတို့က ရည်ရွယ်ကြတာကလေ "ခ"သုံးလုံးက တင်တဲ့ ကလေးတွေအတွက် ဇာတ်လမ်းတွဲတွေတော့ လုပ်မယ်။

**ဆူးပန်းခွေ။**

ဟုတ်တယ် အစ်ကို။

**ဆူးပန်းခွေ သွယ်ဘယက်။**

အဲဒါကို သူတို့က ကလေးတွေအတွက် ရည်ရွယ်ပြီးလုပ်မယ်ဆိုပြီးတော့ ကိုခန့်က အဲဒါကို စီစဉ်တာပါ။ တကယ်တမ်း ဇာတ်လမ်းတွဲရိုက်ဖို့အတွက် ဒီ MRTV-4 နဲ့ စကားပြောတဲ့အချိန်ကျတော့ ကလေးတွေလို နေရာမျိုးမှာ သူတို့ဘက်က ကာဆင်တွေ အများကြီးရှိတာလေ။ ဆိုတော့ ကိုယ့်ကလေးတွေက နေရာမရဘူးဆိုတော့ အဲဒါလည်း ပါပေးရပြန်တာပဲပေါ့နော်။ ဆိုတော့ ကျွန်မနဲ့လည်း ဆရာမလေး နေရာကတော့ ဘယ်လိုမှမလိုက်ဘူးလေ။ အဲဒါကတော့ မခိုင်လေး ဖြစ်သင့်ပါတယ်။ ကျွန်မကတော့ ရွာသူတစ်ယောက်အနေနဲ့ပဲ ပါမှာပါ။

**ဇာတ်လမ်းတွဲမှာ ကြည့်ရမှာပေါ့ မခိုင်ကို။**

အခန်းလည်း နည်းပါတယ် အစ်ကို။ အဓိက,က မခိုင်လေးဇာတ်ပါ။

**ဆူးပန်းခွေ သွယ်ဘယက်နှင့် ပေရှက်လိပ် နားတောင်းဆင်။**

ဟုတ်ကဲ့၊ အစ်ကိုပဲ ဝယ်ပေးတာလေ။

**ဒါကလည်း သူက အပိုင်း ၄၀ လောက်ရိုက်မှာ။**

အပိုင်း ၄၀ လို့ ပြောပါတယ်။

**ရုပ်ရှင်အကြောင်းလေး ပြီးသွားတော့ ကျွန်တော်တို့ ဗီဒီယိုခေတ်ဦးဘက်ကို ပြန်ပြီးသွားရအောင်နော်။**

ဟုတ်ကဲ့။

**ဟိုဘက် ဗီဒီယိုခေတ်ဦးဘက်မှာ ကျော်သက်ဆိုတဲ့ သရုပ်ဆောင်တစ်ယောက်ရှိတယ်။ ငယ်ငယ်ရွယ်ရွယ်နဲ့ သူ ဆုံးသွားရှာတယ်။ ကျော်သက်နဲ့ တွဲခဲ့ဖူးတဲ့ မခိုင် ကားတစ်ကား ရှိခဲ့ဖူးတယ်။**

ကျော်သက်နဲ့က အစ်ကို ဗီဒီယိုတွေ တော်တော်များများ ရိုက်ခဲ့ဖူးတယ်။ ဒါပေမဲ့လို့ ကျွန်မကတော့ အများကြီးတော့ မမှတ်မိတော့ဘူး။ ဒါပေမဲ့ ကျော်သက်နဲ့ အလုပ်တွေအများကြီး လုပ်ခဲ့ဖူးပါတယ်။

**နောက် အဲဒီဗီဒီယိုမှာပဲ ကျွန်တော်တို့ ဦးကျော်နဲ့ တွဲတာနော်။ "အဆိပ်ပြင်းသည်"။**

**အဆိပ်ပြင်းသည်** က ကျွန်မ အရမ်းကြိုက်တယ်။ သူကလည်း သရုပ်ဆောင်တစ်ယောက်ကို ခိုင်းတဲ့ဖာတ်မျိုးပါ။ **အဆိပ်ပြင်းသည်** ကြိုက်တယ်။ ဦးကျော်နဲ့ ပထမဆုံး ကျွန်မ ဆုံဖြစ်တော့ **သံယောဇဉ်ဦး** ပေါ့။

**ဒါလည်း ဗီဒီယိုပဲ။**

ဟုတ်ကဲ့ရှင့်၊ ဗီဒီယိုပဲ။ ကိုဒေါန ရိုက်တာပဲ။ **သံယောဇဉ်ဦး** ကလည်း ဦးကျော်ကို ပထမဦးဆုံး နဖူးတွေ့၊ ဒူးတွေ့ ဦးကျော်ရဲ့ အရည်အချင်းတွေ၊ ဦးကျော်ရဲ့ သင်ပြပုံတွေ ထိတွေ့ရတဲ့ကားပေါ့။ အရမ်းကို လေးစားရတဲ့၊ အားကျရတဲ့၊ ကျေနပ်ရတဲ့ အနေအထားတွေ ဖြစ်ခဲ့ရပါတယ်။

**ဦးကျော်က သူနဲ့တွဲတဲ့ သရုပ်ဆောင်တွေကို သူ ကျေနပ်နေတယ်၊ အားရနေတယ်ဆိုရင် လွှတ်ပေးတတ်တယ်။**

ဟုတ်ကဲ့။

**အဲဒါကတော့ မခိုင် ကြုံဖူးမှာပေါ့။**

ဟုတ်ပါတယ်၊ ဟုတ်ကဲ့။

**သူ အားမရရင်သာ သူသင်မှာလေ။ သူ အားရပြီဆိုရင် လွှတ်ပေးတတ်တယ်။ "အဆိပ်ပြင်းသည်"ကလည်း 'Basic Instinct' နိုင်ငံခြားကားကို ပြန်ရိုက်တာပဲ။ အဲဒီမှာ မခိုင်က တကယ့်တကယ်ကျ ဗင့်လုပ်ရတာနော်။ ဒီကားကိုတော့၊ ဒီဗီဒီယိုကားကိုတော့ အရမ်းပဲ လက်ခံခဲ့ကြတယ်။ ထွန်းအိန္ဒြာဗိုဆိုတာ အသိအမှတ်ပြုကြတယ်။**

ဟုတ်ကဲ့၊ ဟုတ်ကဲ့။

**နောက် ကျွန်တော်တို့ ဦးကျော်နဲ့အပြင် သူ့တူ ဒွေးနဲ့လည်း မခိုင် အများကြီး ဆုံဖူးတယ်နော်။ အဲဒီထဲက မှတ်မိတာများ ရှိဦးမလား။**

ကိုသားကြီးနဲ့ ဗီဒီယိုတွေလည်း အများကြီး ရိုက်ခဲ့ဖူးတယ်။ ကားကြီးတွေလည်း အများကြီး ရိုက်ခဲ့ဖူးတယ်။ ကြော်ငြာတွေလည်း ရိုက်ဖူးတယ်။ ကြော်ငြာကတော့ ကျွန်မလိုင်းတော့ မဟုတ်ဘူး။ ပေါက်ခဲ့တာလည်း ရှားပါတယ်။ ကားကြီးဆိုရင်တော့ **ရင်ခွင်နန်းတော်** လည်း ပရိသတ်ကြိုက်

ခဲ့ဖူးပါတယ်။

**"ရင်ခွင်နန်းတော်"က လွန်းထားထား ဝတ္တုနဲ့တူတယ်။**

ဟုတ်ကဲ့၊ ဟုတ်ကဲ့ အစ်ကို။ ကိုစိုးထိုက်အောင်ရိုက်တာ၊ မလိခ...။

**အဲဒီတော့ ကျွန်တော်တို့ မခိုင် ဆိုရင် ဒါဆိုရင် သရုပ်ဆောင်သက်တမ်း ဘယ်လောက်ရှိပြီလို့ ပြောလို့ရမလဲ။ ဘာဖြစ်လို့ဆို အရှေ့က ဒွေးတို့၊ ကျော်သက်တို့က အစ သရုပ်ဆောင်လာလိုက်တာ အခုအချိန်အထိ။**

ကျွန်မ အခုဆိုရင် ၂၇ နှစ်ကျော်ခဲ့ပြီ။ ၂၈ နှစ်ထဲ ရောက်ပြီ။ နှစ်တွေ တော်တော်များသွားပြီ။

ဦးကျော်တို့နဲ့တုန်းကဆိုရင် ရက်တောင် မသတ်မှတ်ဘူး။ ကားတစ်ကားပြီးမှ နောက်တစ်ကား ကူးတာပေါ့။ တစ်ခါတလေ ရက် ၂၀ ကျော် ၁ လ ကြာသွားတာရှိတယ် ဗီဒီယိုကားလေးကိုလေ။ အဲဒီတုန်းကတော့ ဈေးကွက်လည်း ကောင်းတယ်၊ ပြန်လည်း ရှာနိုင်တော့ ဖြန့်အားလည်း ဖြန့်နိုင်တော့ ဇာတ်လမ်းတွေလည်းကောင်း၊ တက်ဆင်တွေကလည်း မခိုမကပ်၊ လိုကေးရှင်းဆိုရင်လည်း တစ်ကတ်တည်းပါရင်ပါပါစေ မြစ်ကြီးနားဆိုရင်လည်း သွားရိုက်တာပဲ၊ ကော့သောင်းဆိုရင်လည်း သွားရိုက်တာပဲဆိုတဲ့ အနေမျိုးတွေ ကြုံခဲ့ရဖူးပါတယ်။ အရမ်းလည်း ပရိသတ်အတွက်လည်း ထိုက်ထိုက်တန်တန် ကြိုးစားခွင့်ရခဲ့ပါတယ်။ နောက်ပိုင်းတော့ ဈေးကွက်ပျက်ပြီးတော့ ဒါကတော့လည်း အစ်ကိုရယ် အားလုံး ဆက်စပ်နေတာပေါ့နော်။ ကိုယ်ပြန်ရှာလို့ရမယ့် အမောင့်နဲ့ ဝင်အောင်ပဲ ချုံ့ရတဲ့အချိန်မှာ အကုန်ကျုံ့ကုန်တာ။

**မခိုင် အဲဒီ "သူငယ်ချင်းလိုပဲဆက်၍ခေါ်မည်ခိုင်"ကို ရိုက်မယ့်အချိန်တုန်းက သူတို့ မင်းသမီးရှာကြတာပေါ့နော်။ ကျော်သူကလည်း ပြောတယ်။ မမိုနဲ့ခပ်ဆင်ဆင်တစ်ယောက် ဘာလို့ဆို ညီအစ်မဖြစ်ရမှာဆိုတဲ့အတွက် အဲဒီတုန်းက အစ်ကို့စိတ်ထဲမှာ မခိုင်ရဲ့မျက်နှာက မို့မို့မြင့်အောင်နဲ့ ခပ်ဆင်ဆင်လို့ ထင်တယ်ပေါ့နော်။ မိတ်ကပ်ကြောင့် တူတာလား ဘာလားတော့ မပြောတတ်ဘူး။ ခပ်ဆင်ဆင်တူတော့ ထွန်းအိန္ဒြာဗိုဆိုတဲ့ ကောင်မလေးက တော့ မို့မို့မြင့်အောင်နဲ့ ခပ်ဆင်ဆင်ပဲဆိုတော့ အဲဒါနဲ့ပဲ "လှိုင်"အဖြစ်နဲ့ သရုပ်ဆောင်ဖို့ ခေါ်ခဲ့တာ။ ဒါပေမဲ့ အဲဒီတုန်းက မို့မို့မြင့်အောင်နဲ့ ဆင်တယ်လို့ ထင်ခဲ့ပေမဲ့ နောက်ပိုင်းကျ**

တော့ ကွဲသွားတယ်၊ အဲဒါဘာကြောင့်လဲ မသိဘူး။ ဘာဖြစ်လို့ဆို ဦးက စိတ်ထင်တာကလေ့ မဝါ ပေါ်လာခါစတုန်းက ခင်ယုမေနဲ့ တူတယ်လို့ ထင်ဖူးတယ်။ ပရိသတ်တွေကလည်း အဲဒီလိုပဲ ထင်တယ်။ ဝါဝါဝင်းရွှေ ကို ခင်ယုမေနဲ့ တူတယ်လို့ ထင်ကြတယ်။ နောက်ကျတော့ သူတို့ လည်း ကွဲသွားတယ်။ မခိုင် ဘယ်လိုထင်လဲ။

အစ်ကို ကျွန်မ ထင်တာကတော့လေ သဘာဝအားဖြင့် အခြေခံက တော့ မမို့နဲ့ ကျွန်မနဲ့ Feature မတူပါဘူး။ ကျွန်မ မမို့ကို သိပ်ကြိုက်ခဲ့တဲ့ အတွက်ကြောင့် အရာရာ ဒိုင်ယာလော့ခ်တစ်ခုပေးရင်တောင် ဒီဒိုင်ယာလော့ခ် ကို မမို့သာဆို ဘယ်လို သရုပ်ဆောင်မလဲဆိုတဲ့ အတွေးမျိုးနဲ့ တွေးတွေးပြီး ပြန်သရုပ်ဆောင်မိနေတာပေါ့နော်။ သူ့ကို သိပ်ကြိုက်တဲ့နှစ်က ကျောင်းသူ ကတည်းက။ ကျောင်းတက်ပြီး ခိုးကြည့်ခဲ့သမျှ ရုပ်ရှင်တွေအားလုံး မမို့ကား တွေဆိုရင် နှစ်ခေါက်ကြည့်တယ်၊ လေးခေါက်ထိ ကြည့်တာတွေရှိတယ်။ အဲဒါဆိုတော့ အဲဒီလိုမျိုး တအားစွဲလမ်းတဲ့စိတ်နဲ့ လိုက်တုနေမိတာလေ။ အဲဒါကြောင့် တူတယ်လို့ ထင်စရာလေးဖြစ်တာ။ တကယ်တော့ တစ် ယောက်နဲ့တစ်ယောက် မတူဘူး။ အဲဒါကြောင့် ကျွန်မ စောစောက အစ်ကို့ ကို ပြောသလိုပဲပေါ့နော်။ Coppy ကားတစ်ကားကို ပြန်ရိုက်မယ်ဆိုရင် ကျွန်မ ပထမကားကို မကြည့်ရဲဘူး။ အဲဒီလိုပဲ ဝင်နေမှာကြောက်လို့။

**နောက် ဂီတထဲမှာပေါ့နော် မခိုင် စီးရီးတွေ၊ Album တွေ ထွက်တယ်။ IC နဲ့က ပိုပြီးပေါက်တယ်။ အဲဒီထဲမှာ "ဒိုင်ယာရီ"က အပေါက်ဆုံးပဲ။ အဲဒီမှာ "ဒိုင်ယာရီ"ကို ကျွန်တော် စထရင်း ဟိုတယ် မှာ။ Show မှာလည်း အရမ်းအောင်မြင်တယ်။ မခိုင် ဒိုင်ခံဆိုတာ။ ဝိုင်းကူတာဆိုလို့ မျိုးကျော့မြိုင်နဲ့ နောက်တစ်ယောက်ပဲ ပါတယ်။**

ကိုညီထွဋ်နဲ့။

**ကိုညီထွဋ်နဲ့နော်။**

ဟုတ်ကဲ့။

**မခိုင်တစ်ယောက်တည်း ဒိုင်ခံ ဆိုသွားတယ်။ အဲဒီတုန်းက ဒီလို SoloShowမရှိသေးဘူး။ မခိုင် ပထမဆုံးပေါ့။ "ဒိုင်ယာရီ" တအား အောင်မြင်ခဲ့တယ်။**

ကျွန်မထင်တာကတော့ အဲဒီတုန်းက အမျိုးသမီး Solo Show က လည်း အလွန်ရှားသေးတယ်။ ရှေ့မှာ အေးချမ်းမေ တစ်ယောက်တည်းပဲ

ရှိသေးတာ။ ဆိုတော့ ပရိသတ်အတွက်လည်း ဒီလိုမျိုး Solo Show ဆိုလို့ရှိရင် အသစ်အဆန်းအနေနဲ့ စိတ်ဝင်စားချိန်လည်း ဖြစ်သွားတယ်။ နောက် အဲဒီတုန်းကတော့ ကျွန်မ ပေါက်ခဲ့သမျှ စီးရီးတွေ အားလုံးထဲက ပရိသတ်ကြိုက်တဲ့ သီချင်းတွေကိုပဲ ရွေးထုတ်ပြီးတော့ ဒိုင်ယာရီ ဆိုပြီးတော့ လုပ်လိုက်တဲ့အခါကျတော့ မပေါက်စရာတော့ သိပ်မရှိဘူးပေါ့။ ပရိသတ်ကြိုက်ပြီးသား ကျွန်မ သီချင်းတွေကိုပဲ ကျွန်မကိုယ်တိုင် ပြန်ဆိုပြီးသွားတယ် ဆိုတော့။ အဲဒါကိုပဲ စတိုက်ရှိုးလုပ်တယ်ဆိုတော့လည်း ပရိသတ်က မျှော်လင့်ပြီးသား၊ ဒါကို အရမ်းကြည့်မယ်ဆိုတာ မျှော်လင့်ပြီးသား ဖြစ်နေတော့ လက်မှတ်တွေက ပထမတစ်ရက်နဲ့ ကုန်သလောက်ဖြစ်သွားတော့ နောက်တစ်ရက် ထပ်ထိုးပြီး လုပ်တယ်။ နောက် တစ်ရက်လောက် ဆိုလို့ ဖြစ်တယ်၊ နောက်တစ်ရက် နောက်တစ်ရက်ကျတော့ ကျွန်မ ထပ်မဆိုနိုင်တော့ဘူး။

**အေးပေါ့၊ အေးပေါ့။**

တကယ် အစစ်ဆိုတာဆိုတော့ အပုဒ်ကလည်း ကျွန်မ ၃၅ ပုဒ်ဆိုတာဆိုတော့။

**၃၅ ပုဒ်၊ ဝါး...။**

အဲဒါကတော့ ကျွန်မအတွက် အမှတ်တရပဲ။ ကျွန်မလည်း အရမ်းပဲ ကျေးဇူးတင်တယ်။ အရမ်းလည်း တွေးမိတိုင်းလည်း ကြည်နူးပါတယ်။

**Live Show ဆိုတာနဲ့ ပတ်သက်လို့ နှစ်ယောက်ဆိုဖူးတယ်ပေါ့နော်။ အဲဒီလိုမျိုး Live Show လို့တော့ ပြောတာပဲ။ ဒါပေမဲ့ နောက် Play Back လိုက်ထားတာပေါ့နော်။ မခိုင်ကတော့ အစစ်ဆိုခဲ့တာပဲ။**

ဟုတ်ကဲ့ အစ်ကို ဟုတ်ကဲ့။ ကျွန်မကတော့ Play Back ဆိုရင်လည်း ကျွန်မက သိပ်ပြီးတော့ ကိုယ်ကိုယ်တိုင်က သရုပ်ဆောင်ဖြစ်တာလေ။ တကယ်စင်ပေါ်မှာ Play Back ဆိုတဲ့ အချိန်ဆိုရင်တော့ သူနဲ့ကိုက်ဖို့ လိုက်လုပ်ရတဲ့ Tension ထားရတာကို ကျွန်မ အဆင်မပြေဘူး။ အဲဒီပေါ်မှာ ဖြစ်လာတဲ့ Mood အတိုင်းပဲ ကျွန်မ သွားချင်တာပေါ့နော်။ ဒါပေမဲ့ နိုင်ငံခြားမှာတော့လည်း တကယ့်ကို သူတို့ သေချာ အတီးတွေတိုက်၊ အကတွေတိုက်ပြီးတော့ Play Back ကိုမှ တကယ့် Dancer တွေ အများကြီးနဲ့လုပ်တဲ့ Show တွေလည်း ရှိပါတယ်။

**မခိုင် ခုနက "ဒိုင်ယာရီ"က အပေါက်ဆုံးလို့ ပြောတယ်။**

ရှေ့မှာ တစ်ခုရှိတယ်ပေါ့။ "သုံးယောက်စကား"ဆိုတာ။ မခိုင်ရယ်၊ မဒီရယ်...။

ဟုတ် အစ်ကို။ ကျွန်မ ဆိုလိုတာက ဒိုင်ယာရီ က အပေါက်ဆုံး ဆိုတာရယ်၊ နောက်ဆုံး ကျွန်မရဲ့ နောက်ဆုံးထွက်ခဲ့တဲ့ အခွေလို့ ပြောလိုက်တာက Solo အနေနဲ့ ပြောတာ။ အတွဲအနေနဲ့ကတော့ နောက်ဆုံးက မျိုးကျော့နဲ့ ထွက်ခဲ့တာလည်း ရှိပါတယ်။

ခုန တင်ဇာမော်ရယ်...။

မဒီရယ်၊ ကျွန်မရယ်။

သုံးယောက်ထွက်တဲ့ "သုံးယောက်စကား"ဆိုပြီးတော့ အဲဒါလည်း အောင်မြင်ခဲ့တယ်။ ပရိသတ်လည်း မှတ်မိနေလောက်ပါတယ်။

ဟုတ်ကဲ့။ အဲဒီတုန်းကတော့ အမျိုးသမီး အဆိုတော်လည်း ရှားလို့လည်း ပါမှာပါ။

ဟုတ်မယ်နော်။ အဲဒီတုန်းက အမျိုးသမီး အဆိုတော် ရှားတယ်။ အထူးသဖြင့် စတီရီရို သီချင်းဆိုတာ ရှားတယ်။ ဟိုတုန်းက ကျွန်တော်တို့ ၁၉၇၇ ခုနှစ်မှာ ပထမဆုံး ပလေးဘွိုင်းနဲ့ စတိတ်ရှိုးသွင်းတယ်ပေါ့။ စတိတ်ရှိုးသွင်းတဲ့အချိန်မှာ အမျိုးသမီးအဆိုတော်ဆိုလို့ နွဲ့ယဉ်ဝင်းတစ်ယောက်ပဲ ရှိတယ်။

ဟုတ်ကဲ့။

နွဲ့ယဉ်ဝင်းရှိမယ်၊ တင်မိုးခိုင်ရှိမယ်၊ ပုလဲက ကိုယ်ဝန်ကြီးနဲ့မို့ မဆိုနိုင်ဘူး။ မေဆွိက အဲဒီတုန်းက ကလေးလေးပဲ ရှိသေးတယ်။ သူ့ကိုယ်ပိုင် တဘီ မရှိသေးဘူး။ သူ့အမေတဘီ ဝတ်ရတယ်။ ဝတ်ပြီးတော့ ဆိုတဲ့အခါမှာ မဂျိုက်ရဲ့ သီချင်းတွေကို ပြန်ဆိုရတယ်။ သူ့မှာ Own မရှိသေးဘူး၊ အဲဒီလိုမျိုးတွေလေ။ အဲဒီတော့ ရှားတယ်လေ။ အမျိုးသမီးအဆိုတော် ရှားတယ်။ ဒါကြောင့်မို့လည်း ယင်းမာက တင်ဖို့ ကြိုးစားတာ အဆိုတော်တွေ။

ဟုတ်ပါတယ်၊ ဟုတ်ပါတယ်။

အဲဒီတော့ မခိုင်ရေ ကျွန်တော်တို့ ၂၀၂၀ မှာ မြန်မာ့ရုပ်ရှင်က နှစ် ၁၀၀ ပြည့်တော့မယ်ပေါ့နော်။ အဲဒီတော့ မခိုင်လည်း ဒီထဲမှာ နှစ် ၃၀ လောက် ပါထားပြီးပြီဆိုတော့ နှစ် ၁၀၀ ပြည့်အတွက် ဘာ ဆုတောင်းပေးချင်ပါသလဲလို့။

ကျွန်မတို့ မြန်မာ့ရုပ်ရှင် တကယ့်ကို အရည်အချင်း အစစ်အမှန်တွေ၊ စေတနာ အစစ်အမှန်တွေနဲ့ ကမ္ဘာ့ဈေးကွက်ထဲကို တက်လှမ်းနိုင်တဲ့အထိ အောင်မြင်ပါစေလို့ ကျွန်မ ဆုတောင်းလိုပါတယ်။

**ကျေးဇူးတင်ပါတယ်။**

ကျေးဇူးတယ်ပါတယ် ရှင့်၊ ဟုတ်ကဲ့။

***





# မေဆွိ

မင်္ဂလာပါ ခင်ဗျာ၊ **လိပ်ပြာကူးထူးခြားသူများ** ဆိုတဲ့ အစီအစဉ်လေးကို တင်ဆက်ဖို့ပဲ ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော်တွေ့ဖို့ ရည်ရွယ်ထားတဲ့ သူကတော့ ရုပ်ရှင်သရုပ်ဆောင်၊ အဆိုကျော် မေဆွိ ဖြစ်ပါတယ်။ မဆွေကို ကျွန်တော်တို့က ပိတ်ကားပေါ်မှာ မတွေ့တာ ကြာပါပြီ။ စင်မြင့်ပေါ်မှာလည်း မတွေ့တာ ကြာပါပြီ။ အဲဒီတော့ သူ့ကို ကျွန်တော် မေးခွန်းတွေ မစခင်မှာ သူနဲ့ကျွန်တော် ပတ်သက်တဲ့ဟာလေးကို ကျွန်တော် စ,ပြောချင်ပါတယ်။ ကျွန်တော်က ၁၉၇၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၃၊ ၂၄၊ ၂၅ သုံးည သိမ်ဖြူကွင်းထဲမှာ ဆောက်ထားတဲ့ ဇာတ်ရုံကြီးတစ်ခုမှာ Play Boys အဖွဲ့ကို ပွဲသွင်းဖို့ စီစဉ်ပါတယ်။ အဲဒီတုန်းက ကိုသန်းနိုင်နဲ့ သွားပြောတဲ့အခါမှာ ကိုသန်းနိုင်က သူ့ပင်တိုင်အဆိုကျော်တွေ အဲဒီအချိန်တုန်းက မပုလဲက ဒုတိယကလေး ကိုယ်ဝန်ကြီးနဲ့ဆိုတော့ မပုလဲက မဆိုနိုင်ပါဘူး။ သူက ဘာပြောသလဲဆိုတော့ ဒေါ်မြင့်မြင့်ခင် သမီးလေး သီချင်းဆိုနေတယ်ဗျ။ သူ့ကို ခေါ်ပါတဲ့ ပြောတဲ့အတွက် ကျွန်တော်နဲ့ ကိုသန်းနိုင် ဒေါ်မြင့်မြင့်ခင့်ဆီ သွားပါတယ်။ အန်တီဘောဘီကလည်း အံ့သြစွာနဲ့ အေးလေ နင့်ဝိုင်းနဲ့ဆို ဆိုတာပေါ့ဆိုတော့ ကျွန်တော်က မေးပါတယ်။ အန်တီဘောဘီ အနုပညာကြေး ဘယ်

လောက်ပေးရမှာလဲဆိုတော့ အန်တီဘေဘီက အားရပါးရ ပြောလိုက်တယ်။ ၅၀ ပေးဟဲ့။ အဲဒီတုန်းက ၅၀ က တော်တော်များပါတယ်။ ဘာကြောင့်လဲ ဆိုတော့ ဘိုဘိုဟန်က ၇၅ ကျပ်ခေတ်ကိုး။ ဒါပေမဲ့ ကျွန်တော် အဆိုကျော် တစ်ယောက် ထပ်ပြီးတိုးလို့ရအောင် မေဆွိ ဖြစ်လာမယ့် ဆွေအေးမြင့်ကို ကျွန်တော်တို့ အဲဒီပွဲမှာ ထည့်ခဲ့ပါတယ်။ နောက်ကျတော့ သူက စတီရီယို အဆိုကျော် ဖြစ်လာတယ်။ စတီရီယို အဆိုကျော်ဘဝနဲ့ တစ်ခါ ရုပ်ရှင်မင်းသမီးဘဝကို ရောက်သွားခဲ့တယ်။ အခုတော့ ကျွန်တော်တို့ ပိတ်ကားပေါ်မှာလည်း မတွေ့တာကြာပြီ စင်ပေါ်မှာလည်း မတွေ့တာ ကြာပါပြီ။ အဲဒီတော့ ဒီနေ့ မဆွေကို တွေ့ဆုံမှာပါ။

**မင်္ဂလာပါ မဆွေ။**

မင်္ဂလာပါရှင့်။

**မင်္ဂလာပါ။**

ဟုတ်၊ မတွေ့တာ ကြာပြီ။

**ကြာပြီ။**

ဟုတ်ပါတယ်၊ ဟုတ်… ဟုတ်။

**မဆွေ ခုနက အစ်ကိုပြောခဲ့သလို သီချင်းစ,ဆိုတယ်ပေါ့နော်။ အဲဒီတော့ စီးရီးခေတ်ပေါ့နော်။ အခုတော့ တစ်ပုဒ်ချင်းစီ အွန်လိုင်းတင်နေကြတာ။**

အင်း… ဟုတ်တယ်။ Single Album ဆိုပြီးတော့ ဒီမှာလည်း ထွက်နေကြတာ ဟုတ်တယ်… ဟုတ်တယ်။

**မဆွေတို့ကတော့ စီးရီးလိုက် အခွေခေတ်ပေါ့နော်။**

C 60 ပေါ့။ C 60 ဖြစ်တဲ့အတွက်ကြောင့်မို့လို့ တစ်နာရီလုံးပြည့်အောင် ကျွန်မတို့က သီချင်းကို ဖြည့်ပြီးတော့ ဆိုရတာပေါ့နော်။ အဲဒီလိုမျိုး ခေတ်ကို ကိုယ်က မီခဲ့တာဆိုတော့ ပထမဦးဆုံး ကျွန်မ… ကိုဝင်းငြိမ်းပြောသလိုမျိုး ကျွန်မတို့ ဒီပွဲကိုပေါ့နော်၊ ဒီပွဲကို ကျွန်မ ဆိုတဲ့အချိန်မှာ မေဆွိ ဆိုတဲ့ နာမည်လေးပဲ ရှိသေးတာ။ ကိုယ်ပိုင်သီချင်းတွေအနေနဲ့ ကျွန်မမှာ ဘာမှမရှိသေးပါဘူး။ အဲဒီတော့ ကျွန်မ မမဂျိုက်စ်ရဲ့ *မီးမီးလေးရဲ့ မေမေ့ကျောင်း၊ ကျွန်မချစ်ချစ် စစ်သားချော* အဲဒီလို သီချင်းမျိုးလေးတွေနဲ့ ကျွန်မ ဆိုပြီးတော့ နောက် အမေ့ *နားပန်းဆံ* ပေါ့။ အဲဒီသီချင်းလေးတွေ ကျွန်မ ဆိုပြီးတော့ ကျွန်မ ပရိသတ်ရဲ့ အားပေးမှုကိုရခဲ့တာပေါ့။ ဖြည်းဖြည်း

ချင်းပေါ့နော်။ အဲဒီ ဆိုတာ ဘာဖြစ်လို့ ကိုသန်းနိုင်က ကျွန်မကို ဒီပွဲမှာ ကိုဝင်းငြိမ်းကို သူက ကျွန်မနာမည်လေးထုတ်ပြီး သူ Recomendလုပ်သလဲ ဆိုတော့ ကျွန်မနဲ့ သူတို့နဲ့က အဲဒီ ၇၇ နှစ် မတိုင်ခင်ပေါ့နော်၊ ရှေ့ဘက်မှာ သုံးနှစ်လောက်မှာ ကျွန်မတို့ နှစ်ကျိပ်ရှစ်ဆူ သီတင်းကျွတ်ပွဲဆိုတာ အင်မတန် နာမည်ကြီးပါတယ်နော်။

**ဟုတ်ကဲ့၊ ပျဉ်းမနားမှာ။**

အဲဒီ နှစ်ကျိပ်ရှစ်ဆူပွဲမှာ တကယ်တမ်းကတော့ ဘဘ ဦးတောက်ထိန်က၊ ရဲဘော်သုံးကျိပ်ဝင်ပေါ့နော်။ အဖေ့ရဲ့ ဘကြီးတော်ပါတယ်။ သူတို့ရဲ့ ပျဉ်းမနားမြို့မှာ ဒါက အရမ်းကို ခြိမ့်ခြိမ့်သဲ အင်မတန်ကို ကြီးမားတဲ့ပွဲကြီးလို ဖြစ်တဲ့အတွက်ကြောင့်မလို့ သူတို့က အပြိုင်အဆိုင် အဆိုတော်တွေ ငှားကြတယ် ရပ်ကွက်လိုက်။ အဲဒီတော့ အဲဒီလို အပြိုင်အဆိုင်ငှားကြတဲ့ နေရာမှာ အမေ့ကို သူက လာပြီးတော့ ဆိုဖို့ခေါ်တာပါ။ ကျွန်မတို့ကတော့ ငယ်ငယ်ဆိုတော့ တော်တော်လည်း ငယ်ပါသေးတယ်။ ကျွန်မ အဲဒီတုန်းက ဆယ့်တစ်နှစ်၊ ဆယ့်နှစ်နှစ်လောက်ပဲ ရှိဦးမယ်။ အဲဒီလို အရွယ်ဆိုတော့ ကျောင်းပိတ်တယ်၊ သီတင်းကျွတ်ပိတ်ရက်ဆိုတော့ ကိုယ်က ဘယ်မှလည်း မသွားရတော့ လိုက်ချင်တာပေါ့။ ဒီမြို့တွေကို ရောက်ဖူးချင်တာပေါ့။ အဲဒီတော့ လိုက်မယ်၊ ကိုယ်က လိုက်မယ်ဆိုတော့ ဘဘက ပြောတယ်။ ဘဘ ဦးတောက်ထိန်က အေးတဲ့... နင်လိုက်မယ်ဆိုလို့ရှိရင်လည်း အလကား တော့ မလိုက်ရဘူး၊ သီချင်းဆိုရမယ်ဆိုတော့ ကိုယ့်ကိုဆိုတော့၊ ဒါ ကလေး ဆိုတော့ သူတို့က ထမင်းကျိုး၊ ဟင်းကျိုးပေါ့ သိတယ်မဟုတ်လား၊ အလကား ပဲပြောတယ် အောက်မေ့ပြီး ကိုယ်ကလည်း ဆိုမယ်ပေါ့။ အဲဒီလိုပဲ... ပေါ့ပေါ့ပဲပြောလိုက်တာပေါ့လေ။ တကယ်တမ်း ဟိုလည်းရောက်ရော အမေ့ကို ဦးသိန်းတန်ရယ်၊ ဦးသန်းနိုင်ရယ်က အမေ့သီချင်းတွေကို ပေါ့နော်... *မြစ်ကြီးဧရာဝတီ* တို့၊ *နားပန်းဆံ* တို့ အဲဒါတွေကို သူတို့ရဲ့ တကယ့်ပလေးဘွိုင်းနဲ့၊ အဲဒီလို အီလက်ထရစ်ဂစ်တာတွေနဲ့၊ ဒရမ်တွေနဲ့ ပြောင်းပြီးတော့ စပြီး အမေ့ကို တိုက်ပေးပါတယ်။ ပြီးလည်းပြီးရော အမေ့သီချင်းလည်း ပြီးရော ဟဲ့ကောင်မလေးတဲ့... နင်က ဘာဆိုမှာလဲတဲ့။ ဟင်... ကျွန်မက အရမ်းအံ့ဩသွားတယ်။ ကျွန်မမှာ ဘာသီချင်းမှလည်း မရှိဘူး။ ဒါပေမဲ့ ကျွန်မက နားကြားနေတဲ့၊ နားယဉ်နေတဲ့ သီချင်းတွေတော့ ရှိတာပေါ့။ ဒါဆိုလို့ရှိရင် ကျွန်မလို့... *မီးမီးလေးရဲ့ မေမေ့ကျောင်း* ဆိုမယ်လို့ ဆိုတော့

သူတို့ တိုက်ပေးတယ်။ အဲဒီမှာ ကျွန်မက စပြီးတော့ ပလေးဘွိုင်းနဲ့ ဒီ နှစ်ကျိပ်ရှစ်ဆုပွဲကနေပြီးတော့ ဆွေအေးမြင့်နဲ့ ကျွန်မ သုံးနှစ်လောက် အဲဒီမှာ ဆိုဖြစ်ပါတယ်။ ပလေးဘွိုင်းနဲ့က နှစ်နှစ်၊ EMachine နဲ့ တစ်နှစ်။ EMachine နဲ့ တစ်နှစ်ပြီးသွားတဲ့အခါကျတော့မှ အဲဒီမှာ ကိုဝင်းငြိမ်းတို့ ငှားတဲ့ အဲဒီပွဲမတိုင်ခင် စပ်ကူးမပ်ကူးမှာပေါ့နော် အဲဒီလိုအချိန် လေးမှာပေါ့ ရွှက်ဝါ ဦးမောင်မောင်က အဲဒီ EMachine နဲ့ ဆိုတာကို သူက သဘောကျသွားပြီး တော့ သူ့ရွှက်ဝါတေးသံသွင်းကနေပြီးတော့ သီချင်းအဆိုတော်တစ်ယောက် ကို သူ မြှောက်ချင်တယ်ပေါ့နော်။ မြှောက်ချင်တယ်။ အသစ်ထုတ်ချင်တယ်။ အဲဒီတော့ မာမီ့ကိုလာပြောပြီး သူက စာချုပ်ချုပ်ပြီးတော့ ကျွန်မကို ပထမဦး ဆုံး အဲဒီ *နေသာတုန်းမှာ အဝတ်လှန်းပါ* သီချင်းလေးကို ကျွန်မကိုယ်တိုင် တောင် မဟုတ်ဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်မတစ်ယောက်တည်းကိုဆို အဲဒီတုန်းကကျတော့ အရဲစွန့်ပြီး တစ်ခွေလုံးထုတ်ဖို့ဆိုတာ ခဲယဉ်းတယ်လေ။ အဲဒီတော့ ကိုမဂျစ်ရယ်၊ အန်တီမာမာအေးရယ်၊ ကျွန်မရယ်၊ ကျွန်မကတော့ အဲဒီ ကိုမဂျစ်နဲ့ စုံတွဲရယ်၊ ကျွန်မသီချင်းလေး နှစ်ပုဒ်လောက်ရယ်နဲ့ပေါ့နော်။ အဲဒီဟာလေးမှာ *နေသာတုန်းမှာ အဝတ်လှန်းပါ* ဆိုတဲ့ သီချင်းလေး ကိုစစ် ငြိမ်း ရေးပေးတာ။ အဲဒီသီချင်းလေးက ကျွန်မ မူပိုင်သီချင်းလေးအနေနဲ့ ပရိသတ်တွေကြားထဲကို ပထမဦးဆုံးရောက်တဲ့ သီချင်းလေးပေါ့နော်။

**မဆွေ အဲဒီစီးရီးနာမည် မှတ်မိသေးလား။**

*နစ္စသော နစ္စဪ* ဆိုတဲ့ သီချင်းစီးရီးလေးနာမည်ပါ။

**အဲဒီတော့ မဆွေ ဒီလိပ်ပြာကူးထူးခြားသူများ ဆိုတဲ့ ပရိုဂရမ် ကတော့ ရုပ်ရှင်အပိုင်းပေါ့နော်။ မဆွေနဲ့ ပတ်သက်ပြီးပြောရမယ်ဆိုရင် တော့၊ သီချင်းနဲ့ပတ်သက်ပြီး ပြောရင်တော့ အများကြီးရှိပါတယ်။**

ဟုတ်ကဲ့၊ အများကြီးရှိပါတယ်။

**ကိုယ်တို့က ဒီမှာက ရုပ်ရှင်အကြောင်း အဓိကထား ပြောတာ ဆိုတော့. . .။**

ဟုတ်ကဲ့ပါ၊ ဩော်. . . ကျွန်မက ရုပ်ရှင်ရိုက်ဖူးလားဟင်(ရယ် လျက်)။

**ရိုက်ဖူးတယ်။**

ကျွန်မက အိုက်တင်မလုပ်တာကြာတော့ မေ့နေလို့ပါ။

**ဟုတ်ပါပြီ။ အဲဒီတော့ ကိုယ်ပြောချင်တာက အမေက အကယ်**

**ဒမီဆုရတဲ့ ရုပ်ရှင်မင်းသမီးကြီး။**

ဟုတ်ကဲ့... ဟုတ်ကဲ့၊ ဟုတ်ပါတယ်။

**သီချင်းလည်း ဆိုတယ်။ အနုပညာဘဝရဲ့ အားသာချက်က ကိုယ်တိုင်သီချင်းဆိုနိုင်တယ်။ ကိုယ်တိုင်သရုပ်ဆောင်နိုင်တယ်။ အဲဒီတော့ မဆွေက သီချင်းစဆိုတယ်။**

ဟုတ်ကဲ့၊ ဟုတ်။

**ဆိုပြီးတဲ့နောက်မှာ ရုပ်ရှင်ဘက်ကို ကူးလာတယ်။ အဲဒီတော့ မဆွေ စိတ်ထဲမှာ အမေ့ကို အားကျပြီးတော့ ငါလည်း တစ်နေ့ကျ သရုပ်ဆောင်ဖြစ်ရမယ်လို့များ စိတ်ကူးခဲ့ဖူးသလား။**

အဲဒီလိုတော့ စိတ်မကူးခဲ့ဖူးဘူး။ တကယ်တမ်း ကျွန်မက မေဆွိ ဆိုတဲ့ အဆိုတော်ဖြစ်လာတဲ့အချိန်မှာ ကျွန်မက မခင်သီတာထွန်း(မမသန်း)ရဲ့ Background ပေါ့နော်၊ သူ့ရဲ့ Play Back တွေ ကျွန်မ အများကြီးဆိုရတယ်။ မမသန်းကို ဆိုပေးရတယ်။ မမဆွေဇင်ထိုက်(မဂရေ့စ်)ကို ဆိုပေးရတယ်။ အဲဒီလိုမျိုး ဆိုပေးတဲ့အချိန်မှာ ကျွန်မက အဲဒီရုပ်ရှင်လုပ်တဲ့ ကုမ္ပဏီပိုင်ရှင်တွေ၊ ဒါရိုက်တာတွေနဲ့ ကျွန်မ ရင်းနှီးတယ်။ အရမ်းရင်းနှီးလာတယ်။ ရင်းနှီးလာတဲ့အခါကျတော့ သူတို့က ဒါကတော့ သူတို့အနေနဲ့ ကျွန်မမှာ Talent ရှိလို့ပဲ ရုပ်ရှင်ရိုက်ဖို့ ပြောတာလား၊ ဒါမှမဟုတ်လို့ရှိရင် နာမည်ကြီး ပြီးသား အဆိုတော်ဖြစ်နေလို့ပဲ ကျွန်မကို ရိုက်ဖို့ ဆိုချင်တာလားတော့ မပြောတတ်ဘူးပေါ့။ သူတို့က အဲဒီမှာတင် စ,စပြီးတော့ ပြောနေတယ်။ "ရုပ်ရှင်မရိုက်ဘူးလား၊ သီချင်းတောင်ဆိုနေပြီပဲ။ ရုပ်ရှင်ရိုက်တော့လေ။ အမေ့သမီးပဲ လုပ်တော့"။ ကျွန်မက တကယ်တမ်းကျတော့ အဲဒီလောက် ကြီးထိ ကျွန်မကိုယ်ကျွန်မ မယုံဘူး၊ ဒါ အရှင်းဆုံးပြောပြတာ။ ကျွန်မလုပ် နိုင်လိမ့်မယ်လို့လည်း မထင်ဘူး။ ဒါကြောင့်မို့လို့လည်း ကျွန်မ ဆယ်တန်း အောင်ပြီး ကောလိပ်ကိုရောက်မှ ကျွန်မ ရုပ်ရှင်ကိုစ,ရိုက်တာ။ ဘာဖြစ်လို့လဲ ဆိုတော့ အစောကြီး ကျွန်မ မရိုက်ဖြစ်ဘူးဆိုတာကလေ ကျွန်မ ကိုယ့်ကိုယ်ကို ပြန်ဆန်းစစ်နေတာပေါ့လေ။ ကျွန်မက ရုပ်ရှင်အပိုင်းမှာကျတော့ ဘာကို စဉ်းစားမိလဲဆိုတော့ အမေက နာမည်ကြီး အကယ်ဒမီ ရုပ်ရှင်မင်းသမီးဖြစ် တဲ့အတွက်ကြောင့်မလို့ ကျွန်မရိုက်တဲ့အခါကျလို့ရှိရင် အမေ့ကို မမီဘူးလို့ ကျွန်မ အပြောမခံနိုင်ဘူး။ ဒါပေမဲ့ တစ်ခုရှိတာက ကျွန်မ ရုပ်ရှင်စ,ရိုက်ဖြစ်တဲ့ ဦးဆိုးပေ၊ ဦးမဲနဲ့ ရိုက်ဖြစ်တဲ့ **အချစ်ဆုံး** ဆိုတဲ့ ကားလေးမှာ အမေတို့က

ကျတော့လည်း ဦးဆိုးပေ၊ ဦးမဲတို့(ခင်မောင်ဦး စိုးသိမ်းထွဋ်)နဲ့ အရမ်းရင်းနှီးတော့ သူတို့သီချင်း၊ သူတို့အတွက်လည်း ကျွန်မက သီချင်းတွေအများကြီးဆိုဖြစ်တော့ သူတို့နဲ့ ရင်းနှီးတယ်။ တကယ်တမ်းကျတော့ ကျွန်မက ဘယ်လိုလဲဆိုတော့ လူတစ်ယောက်နဲ့ ရင်းနှီးပြီးမှ အလုပ်ကို လုပ်တတ်တဲ့ သဘောရှိတယ် ကျွန်မသဘောက။ ကျွန်မတို့ခေတ်တုန်းက ကျွန်မတို့က ဒါရိုက်တာကို ယုံတယ်။ ဒါ ကျွန်မတို့အထိနော်။ အမေတို့ခေတ်ကို မပြောနဲ့ ကျွန်မတို့အထိ။ ကျွန်မတို့က ဒီရုပ်ရှင်ကားတစ်ကားကို သူတို့ ကျွန်မကို လာငှားပြီဆိုကတည်းက ဒီရုပ်ရှင်ကားက ကျွန်မနဲ့လိုက်လို့၊ ပြီးတဲ့အခါကျရင် ကျွန်မ ဘယ်လိုဇာတ်ရုပ်မျိုးလုပ်ရမလဲဆိုတာကို သူတို့ ကျွန်မကို ယုံကြည်လို့သာ ဒီရုပ်ရှင်ကားကို ကျွန်မအတွက် လာငှားတာလို့ ကျွန်မတို့က အဲဒီလိုထင်တာ။ အဲဒီတော့ အဲဒီလိုမျိုးတွေဖြစ်လာတဲ့ အခါကျတော့ အမေ၊ အမေ့ကို ပြောချင်တာပါ။ အမေက အင်မတန်နာမည်ကြီးပြီး အကယ်ဒမီများရထားတဲ့ မင်းသမီးဖြစ်လင့်ကစား အမေဟာ ကျွန်မ ရုပ်ရှင်ရိုက်တဲ့အပေါ်မှာ ဘယ်နေရာလေးက ဘယ်လိုလုပ်လိုက်ဦး၊ ဒီနေရာလေးက ဒီလိုလုပ်လိုက်ဦး ကျွန်မကို အခုချိန်ထိ တစ်ခွန်းမပြောပါ။ ဘာကြောင့်လဲဆိုတော့ ဒီဇာတ်ကားတစ်ကားလုံးကို ရိုက်နေတဲ့ ဒါရိုက်တာဟာ သူ့ရဲ့အလုပ်ကို သူသိတယ်။ ဒါကြောင့်မို့လို့ ဒီတစ်ယောက်ကို သူ့ဟာသူ ပုံဖော်နိုင်အောင် သူလုပ်ခိုင်းမှာပဲ ဆိုတဲ့ အမေ့ရဲ့ယုံကြည်ချက်က အပြည့်ရှိတယ်။ ဒါ အမေတို့ရဲ့ အနုပညာစိတ်ရဲ့ လုံးဝကို ကျွန်မ အရမ်းကိုမှ Admire ဖြစ်ရတဲ့ စိတ်ပါ။ ဒါ အမေတို့ အရမ်းတတ်တယ်လေ။ အမေတို့ပြောရင် ရတာပေါ့။ ဒါပေမဲ့ အမေ ကျွန်မကို လုံးဝ ဝင်မပြောဘူး။ ဟုတ်တယ် မဟုတ်လား။ ဆိုလိုချင်တာက လိုအပ်လျှင် ဒါရိုက်တာ ပြောမယ်။ ဘာလို့လဲဆိုတော့ အမေက ကျွန်မကို အဲဒီလိုမျိုး သွန်သင်ခဲ့တယ်။ နောက်ပြီး ဒါရိုက်တာတွေရဲ့ စိတ်ကြိုက်နဲ့ပဲ ကျွန်မအလုပ်လုပ်ခဲ့တယ်။ ဒါကြောင့်မလို့ ကျွန်မက ရိုက်တော့ရိုက်ထားတဲ့ ဇာတ်ကားတွေက အရမ်းအများကြီး မရှိငြားသော်လည်း ရိုက်ထားဖူးတဲ့ ကားတွေမှာ ဇာတ်ရုပ်ပီအောင်လုပ်တဲ့အတွက်ကြောင့်မလို့ ပရိသတ်က မှတ်မှတ်ထင်ထင်ဖြစ်ခဲ့တဲ့ ရုပ်ရှင်ကားတွေတော့ ရှိခဲ့တယ်။ ဗီဒီယိုတွေရော၊ ရုပ်ရှင်ကားတွေရော။

**မဆွေ ပြောသွားတဲ့အထဲမှာ ပထမဆုံးကားက "အချစ်ဆုံးနော်"။**

ဟုတ်ကဲ့ပါ။

**"အချစ်ဆုံး"က မဲဇာလား မသိဘူး။**

ဟုတ်ပါတယ်။ ကိုမဲဇာက မင်းသားပါ။ အမှန်ကတော့ မောင်နှမ သုံးယောက်ရဲ့ ဇာတ်လမ်းပါ။ ညီမအငယ်ဆုံး လုပ်ရတာလည်းဖြစ်တဲ့အတွက် ကြောင့်မလို့ ကျွန်မက သိပ်လုပ်စရာလည်း မလိုဘူးလေ။ အငယ်ဆုံးလည်းဖြစ် တယ် ပေါ့ပေါ့ပါးပါးနဲ့ အဲဒီလိုလေး။ ဒါပေမဲ့ ပထမဆုံး ချစ်သူနဲ့ တွေ့သွားတဲ့ အခါမှာ ယောကျ်ားနောက် လိုက်ပါသွားပြီးတော့မှ ကလေး.. ကောင်မလေး က နှလုံးရောဂါရှိတာကို အစ်ကိုတွေက သိလို့ ဒီလိုမျိုး မဖြစ်စေချင်လို့ သူ တို့က တားတာ။ အဲဒီမှာတင် နောက်ပိုင်းကျတော့ ကောင်လေးက ဆေး သမား၊ ဆိုးတဲ့အခါကျတော့ ကောင်မလေးက အိမ်ပြန်ရောက်လာပြီးတော့ အဲဒီစိတ်နဲ့ သေတဲ့ ဇာတ်လမ်းမျိုးလေးပေါ့နော်။ အဲဒါလေး ရိုက်ထားတဲ့ အခါတုန်းမှာကျတော့ ပထမပိုင်းကတော့ လုံးဝ ပေါ့ပေါ့ပါးပါးပေါ့။ နောက် ပိုင်းကကျတော့ တကယ်ကို Heavy ပေါ့။ အဲဒီတော့ ကျွန်မ တစ်ခါမှ မျက်ရည်အတုနဲ့ သရုပ်မဆောင်ဖူးပါဘူး။ ဘာမဆို ကျွန်မ ရအောင် Mood ကိုသွင်းပြီးတော့ လုပ်တယ်။ ကျွန်မ အကြိမ်ကြိမ် အခါခါ ငိုခဲ့ရတဲ့ အန်တီ ခင်သန်းနုနဲ့ ရိုက်ဖူးတဲ့ ရုပ်ရှင်ကားရှိပါတယ်(ရယ်လျက်)။ ဒါပေမဲ့လည်း ဒါလည်း ဘယ်လိုပြောပြရမလဲ... သင်ခန်းစာပေါ့နော်။ ဘာလို့လဲဆိုတော့ သူတို့တွေက အင်မတန်ကျွမ်းကျင်ပြီးသား ရုပ်ရှင်မင်းသမီးတွေ ဖြစ်ကြတယ်။ အဲဒီတော့ ကျွန်မ တွဲလုပ်ရတဲ့နေရာမှာ ကျွန်မဘက်က မပြည့်ဝ,တာလည်း ပါတာပေါ့လေ။ အဲဒီတော့ အကြိမ်ကြိမ် အခါခါ ကျွန်မတို့ ပြန်လုပ်ရတဲ့ ရုပ်ရှင်ကားမျိုး ရှိခဲ့ဖူးပါတယ်။ ရိုက်ခဲ့ဖူးပါတယ်။ အဲဒီတော့ အတွေ့အကြုံက တော့ အများကြီး ရှိခဲ့တာပေါ့ ကိုဝင်းငြိမ်းရယ်နော်၊ ဟုတ်ကဲ့။

**အဲဒီတော့ ပထမဆုံး စ,ရိုက်တာကတော့ ဒါရိုက်တာ ခင်မောင် ဦး စိုးသိန်းထွဋ်နော်။ သရုပ်ဆောင် ဆိုးပေ၊ မောင်မဲတို့နော်။**

ဟုတ်တယ်၊ ဟုတ်ကဲ့ ဟုတ်ပါတယ်။

**သူတို့နဲ့ စ,ရိုက်တယ်၊ နောက် မဆွေ ရိုက်ခဲ့တဲ့ကားတွေမှာ အများစုမှာ ဦးအောင်မြင့်မြတ်နဲ့ တော်တော်များတယ်။**

များပါတယ်။ ပါးပါး၊ ဦးကြီးမြင့် ရှိတယ်။ ဦးအောင်မြင့်မြတ်၊ ဦးစိန်သံမဏိ ဆုံးသွားရှာပြီ။ ဦးစိန်သံမဏိ ရှိတယ်၊ ဦးမီးပွား ရှိပါတယ်။

**ဦးအောင်မြင့်မြတ် ရိုက်တဲ့ ကားထဲမှာဆိုရင် ကိုယ်မှတ်မိတာ**

**ပေါ့နော်၊ ဆရာ မောင်စိန်ဝင်း(ပုတီးကုန်း)ရဲ့ ဝတ္ထုကို ရိုက်တဲ့ "ခပ်စိမ်း စိမ်းပဲ နေပါ့မယ်"**

ဒါလီလေ(ရယ်လျက်)။

**"ခပ်စိမ်းစိမ်းပဲ နေပါ့မယ်" ဆိုလို့ရှိရင် တကယ့်ကို ပရိသတ်က ရော...။**

ဆတ်စလူး...။

**ရုပ်ရှင်ဝါသနာပါတဲ့သူတွေကရော ဒီကားမှာ မဆွေ အကယ်ဒမီ ရလိမ့်မယ်လို့ မျှော်လင့်ခဲ့ကြတယ်။ ဒါပေမဲ့ မဆွေ အဲဒီကားမှာ အကယ် ဒမီနဲ့ လွဲသွားတယ်။ ဒါပေမဲ့ ခုချိန်ထိ ဒီကားကတော့ မဆွေ အကယ် ဒမီရတဲ့ ကားလို့ သတ်မှတ်နေကြတုန်းပဲနော်။**

ဟုတ်၊ ရသင့်တဲ့ ကားလို့ သတ်မှတ်တာပေါ့။ ဟုတ်ကဲ့ပါ၊ ဟုတ်ကဲ့ ပါ။

**အဲဒီတော့ အဲဒီအချိန်တုန်းက မဆွေမှာ ခံစားချက်တစ်ခုခု တော့ ရှိလိမ့်မယ်လို့ ထင်တယ်။**

ဟုတ်ကဲ့၊ ခံစားချက်ရယ်လို့တော့ ဒီလိုပါ။ ကျွန်မကတော့ ဘယ် လိုပဲဖြစ်ဖြစ် ဘယ်လိုပြောရမလဲ အကယ်ဒမီရလောက်အောင် ကျွန်မ ကြိုး စားပြီး လုပ်ခဲ့တာမျိုး မရှိဘူးပေါ့နော်။ ဘာပဲပြောပြော ဒီဇာတ်ရုပ်နဲ့ ကိုယ်နဲ့ ကိုက်သွားလို့ ပရိသတ်ကလည်း သဘောကျတယ်။ နောက်ပြီးတဲ့အခါကျ တော့ ဒါဟာ ထင်ထင်ရှားရှားကြီးဖြစ်တဲ့ အတွက်ကြောင့်မလို့ ဒါ ရသင့်တယ် လို့ သူတို့ သတ်မှတ်တာပေါ့။

**ဟုတ်တယ်... ဟုတ်ကဲ့။**

ဒါပေမဲ့ မရဘူးဆိုတာကလည်း လူတစ်ယောက်ရဲ့ ကုသိုလ်ကံနဲ့ အများကြီးဆိုင်ပါတယ်။ အဲဒါကြောင့်မလို့ ကျွန်မ အဲဒီလိုတော့ စိတ်ထဲမှာ တော့ ဘာမှမဖြစ်ဘူး။ ဒါပေမဲ့ ဩော်... ကိုယ်ကြိုးစားတယ်၊ ကြိုးစားခဲ့ တယ်။ ရအောင်အထိပေါ့နော် ကြိုးစားခဲ့တယ်။ ဒါပေမဲ့ ရိုက်တဲ့အချိန်တုန်းက ကျွန်မ အကယ်ဒမီမမှန်းဘူး ဒါ အရှင်းဆုံးပြောပြတာ။ ကျွန်မ အကယ်ဒမီ ကို မှန်းပြီး ရိုက်ခဲ့တဲ့ ရုပ်ရှင်ကားဆိုတာတော့ မရှိဘူးပေါ့။

**မရှိဘူး။**

အဲဒီတော့ သူ့ဟာနဲ့သူ လိုက်ဖက်သွားပြီး ပရိသတ်ကသာ Nominateလုပ်တဲ့ဟာမျိုးပဲ ရှိတာဆိုတော့ ဘာFeelingရှိသလဲလို့ မေးတာမှာ

ဒါပါပဲ။ ဘာကြောင့်လဲဆိုတော့ ကြိုးစားခဲ့တယ်။ ကြိုးစားခဲ့ပေမဲ့ မရခဲ့ဘူး။ ဒါပေမဲ့ ကျွန်မ ဘာရလဲ၊ ပရိသတ်တွေရဲ့ အားပေးမှု။ ခုချိန်အထိ ကျွန်မ တကယ်လို့သာ ရုပ်ရှင်ပြန်ရိုက်မယ်ဆိုရင်လည်း ပရိသတ်တွေက သဘောကျဦးမှာပါ။

**Welcome ပဲ... Welcome ပဲ။**

ဟုတ်ကဲ့၊ ရိုက်သင့်တယ်လို့လည်း လူတိုင်းက ပြောကြပါတယ်။ ကျွန်မကသာ မရိုက်တာ။ ဘာကြောင့် မရိုက်တာလဲလို့ ပြောလို့ရှိရင် ကျွန်မ အိမ်ထောင်ပြုလိုက်တာရယ်၊ ပြီးတဲ့အခါကျတော့ ကျွန်မ အမေရိကားကို ထွက်သွားတာရယ် ဒါလေးတွေပေါ့နော်။ အဲဒီလိုမျိုးလေးတွေ ဖြစ်တဲ့အခါကျတော့ ကျွန်မ နည်းနည်းအဆက်ကွာသွားတာလည်း ပါတယ်။ နောက်ပိုင်းကျတော့ ကျွန်မ ပြန်ပြီးလာတဲ့ အချိန်မှာလည်း ကျွန်မ နည်းနည်း အဟာပ်ကွာသွားတဲ့အတွက်ကြောင့်မို့လို့ ကျွန်မ ပြန်ရိုက်ဖို့ မစဉ်းစားဖြစ်တော့ဘူး။ သီချင်းဆိုတာက အချိန်မရွေး ထ,ဆိုလို့ရတယ်။ ရုပ်ရှင်ရိုက်တယ်ဆိုတာက Presentation က အရမ်းများတဲ့အတွက်ကြောင့်မို့ ဒီဟာတွေကို ကျွန်မ လုပ်နိုင်၊ မလုပ်နိုင်ပေါ့နော်။ အဲဒီလိုပေါ့... အဲဒါလေးတွေကိုလည်း ကျွန်မ စဉ်းစားမိတဲ့အတွက်ကြောင့်မလို့ မရိုက်ဖြစ်တာလည်း ပါ,ပါတယ်။

**ဦးအောင်မြင့်မြတ်နဲ့ ရိုက်တဲ့ကားတွေမှာတော့ အဲဒီကားက အထင်ရှားဆုံးပေါ့နော်။**

ဟုတ်ကဲ့။

**နောက်... ဦးကြီးမြင့် ရိုက်တဲ့ ကားထဲမှာနော် ကျော်သူနဲ့၊ ကွမ်းသီးနဲ့...။**

ထမင်းစားပွဲမှာ ခွေးဝင်သည်လေ(ရယ်လျက်)။ **မုန်းရခက်ကြီး** ပါ ဟုတ်ကဲ့။

**"မုန်းရခက်ကြီး" ဒါလည်း နာမည်ကြီးတယ်။ "ဒါလည်း ခွင့်လွှတ်တယ်"...။**

ဟုတ်ကဲ့၊ **ဒါလည်း ခွင့်လွှတ်တယ်** က ဘိတ်ကလာတဲ့ ငပြာရည်။ ဘဘဦးကျော်စိုးပါ။

**ဘိတ်ကလာတဲ့ ငပြာရည် ပေါ့နော်။ ဘဘ ဦးကျော်စိုး ရိုက်ခဲ့တယ်။ ဒါကလည်း ပရိသတ်ကြားမှာ တော်တော်ပေါက်ခဲ့တဲ့ကားပဲ။**

ဩော်… ပေါက်တာပေါ့၊ ပေါက်တာပေါ့။

**ဘာကြောင့်လဲဆိုတော့ အဲဒီမှာ…။**

အေရိုးဗစ် ကစားတာတို့၊ ကျွန်မတို့ ကားကြီးနဲ့ သွားကြတာတို့၊ အဲဒီတုန်းက ကွမ်းသီးနဲ့ ကိုမေတ္တာတို့ကလည်း တအားနာမည်ကြီးတဲ့အချိန် ဖြစ်နေတာကိုး ဟုတ်ကဲ့။

**ကျော်သူနဲ့ ကွမ်းသီးနဲ့က မိန်းမလိုဝတ်ပြီးတော့…။**

ဟုတ်တယ်… ဟုတ်တယ်။

**မဆွေတို့ကို ရောဖို့ ကြိုးစားကြတာ။ မေတ္တာက ကွမ်းသီးကို မိန်းမအစစ်အောက်မေ့လို့ ပိုးတာ၊ သဘောကျတာ။**

ဟုတ်တယ်… ဟုတ်တယ်(ရယ်လျက်)။

**နောက်ဆုံးကျတော့ သိသွားတဲ့အခါကျတော့ "ဒါလည်း ခွင့်လွှတ်တယ်"။**

ဟုတ်တယ်… ဟုတ်တယ်။

**ကျွန်တော်တို့ အခု ကြည့်ရတဲ့ကားတွေထဲမှာ အဲဒီကားလေးက လေ မြန်မာဟာသကားပေါ့နော်။ အဲဒီတုန်းကလည်း… ဟာသကားပဲ သို့သော် အဲဒီဟာသသည် သဘာဝကျကျ ရယ်ရတဲ့ဟာသ။**

မှန်ပါတယ်ရှင်၊ မှန်ပါတယ်ရှင့်။

**တစ်ရုံလုံးလည်း ရယ်ခဲ့ကြတယ်။ အခု ဟာသကားတွေဆိုရင် အတင်းကလိထိုးတဲ့ ဟာသတွေဖြစ်သွားပြီ။ အဲဒါကြောင့်မလို့ ပရိသတ်က ပေါကားတွေလို့ အပြောခံရတာလို့ ထင်တယ်နော်။ ပေါကားများရပ် ဘာညာဆိုပြီးတော့ Campaign ဖြစ်လာသေးတယ်နော်။**

ဟုတ်ကဲ့၊ ဟုတ်တယ်။

**အဲဒီလိုမျိုး ကျွန်တော်က အဲဒီလိုမျိုးကားတွေ ဖြစ်စေချင်တယ် ပေါ့နော်။ ရယ်စရာကား မရိုက်နဲ့လို့ မပြောပါဘူး။ သို့သော် အဲဒီလို မျိုး…။**

ဟုတ်ကဲ့၊ သဘာဝနဲ့ ရယ်ရအောင် ဟုတ်ကဲ့။

**သဘာဝကျကျ ရယ်ရတာမျိုး ဖြစ်စေချင်တာပါ။ မဆွေတို့ လည်း အဲဒီမှာဆိုရင်လည်း တကယ်ရယ်ရအောင် လုပ်ခဲ့ကြတာ။**

ဟုတ်တယ်၊ အလိုလိုနေရင်းကို အဲဒီမှာ ကွမ်းသီး မိန်းမလိုဝတ်ပြီး ထွက်လာပြီဆိုရင်ကို ကိုယ်တွေကကို ရယ်ချင်နေတာလေ။

**ရယ်ချင်နေတာ။**

အဲဒီလိုဖြစ်နေတာ ဇာတ်ရုပ်နဲ့ သူနဲ့ အရမ်းကို အံဝင်ခွင်ကျဖြစ်နေတာ။ မောင်မောင်ဆိုလို့ရှိရင် တစ်ခါမှ မိန်းမလို ဝတ်ဖူးတာလည်း မဟုတ်ဘူး။ ဆံပင်အတုကြီးနဲ့၊ ဂါဝန်ကြီးနဲ့၊ သူ ကလန်ကလားကြီးနဲ့ တော်တော်ကို ကြည့်ရဆိုးတာ။ ဒါပေမဲ့ သူက ရအောင်တော့၊ အဲဒီဇာတ်ရုပ်ဝင်အောင်တော့ လုပ်သွားတယ်။

**လုပ်သွားတာပဲ။**

ဘာလို့လဲဆိုတော့ ကျော်သူနဲ့ ကျွန်မနဲ့... ကျော်သူ၊ စိုးသူ၊ ကိုစိုးသူ...၊ ရန်အောင်၊ နောက် ရဲအောင်၊ ရဲအောင်နဲ့ကကျတော့ ဘာဖြစ်လို့လဲဆိုတော့ အန်ကယ်ဦးအောင်မြင့်မြတ်က ရဲအောင်ကို သူက တင်ပေးတဲ့ မင်းသားဖြစ်တဲ့အတွက်ကြောင့်မလို့ ကျွန်မ ဦးအောင်မြင့်မြတ်နဲ့ ရိုက်သမျှဟာ ရဲအောင်နဲ့ တွဲရတာ။

**ဟုတ်တယ်... ဟုတ်တယ်။**

ပြီးတော့ ကိုပြေငြိမ်း။ အဲဒါတွေက ကိုယ်နဲ့တွဲပြီးတော့၊ လိုက်ဖက်ပြီးတော့ ရိုက်ခဲ့ဖူးတဲ့ မင်းသားတွေပေါ့နော်။

**ပြေငြိမ်းနဲ့ ဘယ်နှကားလောက် တွဲဖူးလဲ။**

ကိုပြေငြိမ်းနဲ့က ပြောရမယ်ဆိုရင် ၅ ကား၊ ၆ ကားလောက်တော့ ရှိတယ်။ ဘာလို့လဲဆို ဗီဒီယိုကားရော၊ ရုပ်ရှင်ကားကြီးရောပေါ့နော်။ **အချစ်ဆုံးသူရဲ့ ရင်မှာ** က ရုပ်ရှင်ကားကြီးလေ။ ရဲအောင်ရယ်၊ ကိုပြေငြိမ်းရယ်၊ ကျွန်မရယ်။

**ဪ... ဪ... မဆွေရိုက်ခဲ့တဲ့ ပါးပါးနဲ့၊ ဦးကြီးမြင့်နဲ့လေ ဘယ်နှကား ရိုက်ခဲ့တာလဲ။**

**အခုတော့ သိပြီ မင်းကို ကိုယ်ချစ်သည်** လေ။ စိုးသူနဲ့လေ။ ခဏခဏလာတယ်လေ။ နောက်... ဦးကျော်ဟိန်းနဲ့ ကျွန်မ ရိုက်ဖူးတယ်။ ဒေါ်သင်းသင်းယု ရိုက်တဲ့ **ချစ်လွန်းကောသီ** လေ၊ ရုပ်ရှင်ကား။ တီဗွီကနေ အမြဲတမ်း ပြန်ပြန်လာတယ်။ ကျွန်မက သူဌေးသမီးလေ၊ ဦးကျော်ဟိန်းက သွားခေါ်ကြီးလုပ်ထားပြီးတော့လေ။ ဦးကျော်ဟိန်းနဲ့ဆိုလည်း ကျွန်မ သုံး၊ လေး၊ ငါးကား ရိုက်ဖူးတယ်ရှင့်။ အဲဒီတုန်းကတော့ မင်းသားတွေက Currently နာမည်ကြီးတဲ့ မင်းသားတွေကိုး။

**"ခပ်စိမ်းစိမ်းပဲ နေပါမယ်" ကတော့ ဒါ မဆွေအတွက် Hit...**

**အဖြစ်ဆုံး မှတ်တိုင်တစ်ခုပေါ့နော်။**

Masterpiece ပေါ့။ ပြီးတော့ **မုန်းရခက်ကြီး** ပေါ့။ **မုန်းရခက်ကြီး** ကတော့ အကယ်ဒမီဆုပေးရလောက်အောင်တော့ မဟုတ်ဘူးပေါ့။ လူငယ်တွေရဲ့ ကြားထဲမှာ ဒီကားလေးဟာ လူငယ်ဆန်ဆန်၊ ပြီးတဲ့အခါကျတော့ ဝတ်တာစားတာနော်၊ နောက်... အချစ်ကားသန့်သန့်လေ။ သီးသန့်လေး ဆိုပြီးတော့ လူတွေက ဘယ်အချိန်ပဲကြည့်ကြည့် မရိုးဘူး။ အဲဒီလိုလေး သဘောကျနေတဲ့ ရုပ်ရှင်ကားလေးပေါ့။

**သဘောကျနေကြတာ ဟုတ်တယ်... ဟုတ်တယ်။ နောက်ဆုံး ရိုက်တာက ဘယ်နှခုနှစ်က ရိုက်ခဲ့တာလဲ။**

နောက်ဆုံးရိုက်တာက... ကျွန်မ သိသလောက်က ကျွန်မ အိမ်ထောင်မပြုခင်ဆိုတော့ ၉၅ လောက်က နောက်ဆုံးပဲ ထင်တယ်။

**၉၅။**

ဟုတ်တယ်၊ ၉၅ လောက်က နောက်ဆုံး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မ ၉၇ မှာ အိမ်ထောင်ပြုတယ်။ အိမ်ထောင်ပြုပြီးတော့ ကျွန်မ ၉၈ မှာ အမေရိကားကို လိုက်သွားတယ်။

**ဟုတ်ကဲ့၊ အဲဒီကြားကာလ၊ ရိုက်တဲ့ကာလမှာ မဆွေ ဘယ်နှကားလောက် ရိုက်ခဲ့ဖူးလဲ။ မှတ်မိလား။**

ဟုတ်၊ ရုပ်ရှင်ကားကြီးက ၄၀ ကျော်လောက်ရှိတယ်။ ရုပ်ရှင်ကားကြီး မဟုတ်ဘဲနဲ့ ဗီဒီယိုပေါ့နော်၊ ၃၉၊ ၄၀ လောက်ရှိတယ်။ အားလုံးပေါင်း စုစုပေါင်းဆိုရင်တော့ ၈၀ ကျော်လောက်ပေါ့နော်၊ ဟုတ်ကဲ့ပါ။

**ကိုယ့်အိမ်မှာတောင်မှ အပေါ်စက်၊ အောက်စက်မရှိတတ်သေးတဲ့အချိန်မှာ မဆွေ ဗီဒီယိုကားတွေ ရိုက်နေတယ်နော်... ရိုက်နေတယ်။**

ဟုတ်ကဲ့... ဟုတ်။

**"ထာဝရသစ္စာရှင်" ဖာတ်ကား မှတ်မှတ်ရရ ရှိနေတယ်။ ဒါရိုက်တာ မီးပွား ရိုက်ခဲ့တယ်နော်။**

ဟုတ်... ဟုတ်။

**ချီပြုံးပါတယ်။ နောက်...။**

ဦးနေအောင်လည်း ပါတယ်။ ကျွန်မပါတယ်။ နောက်... ကိုကို လင်းမောင်။

**ကိုကိုလင်းမောင်၊ အဲဒီကားလေးက ဗီဒီယိုကားလေးဆိုပေမဲ့ ရုပ်ရှင်ကားကြီးတစ်ကားလိုပဲ ပရိသတ်ရင်ထဲမှာ တကယ် မှတ်မှတ်ထင်ထင် ရှိခဲ့တယ်။**

ဟုတ်တယ်၊ ကျွန်မတို့လည်းလေ... အဲဒီကားကို စစ်ကိုင်းနဲ့ မန္တလေးနဲ့ကို လွန်းထိုးလွန်းပြန် သွားပြီးတော့ကို ရုပ်ရှင်ကားကြီးလို အချိန်ပေးပြီး ရိုက်ရတဲ့ကားပါ။ ဒါကြောင့်မို့လို့ **ထာဝရသစ္စာရှင်** ဆိုတဲ့ ကားက တကယ်တမ်းဆိုရင်တောင်မှပဲ ရုပ်ရှင်ကားကြီး ဖြစ်သင့်တယ်။

**ဟုတ်... ဖြစ်သင့်တယ်။**

တကယ်... အဲဒီဗီဒီယိုကား ကြည့်တဲ့သူတွေအကုန်လုံးက ရုပ်ရှင်ကားကြီး ဖြစ်သင့်တာလို့ အကုန်လုံး ပြောကြတယ်။ ဘာကြောင့်လဲဆိုတော့ ဦးမီးပွားက အဲဒီတုန်းက အရမ်းနာမည်ကြီးနေတဲ့အချိန်၊ ဒါပေမဲ့ ဦးမီးပွား ဘာကြောင့် သူ ရုပ်ရှင်ကားကြီးကို မတည်လိုက်တာလဲဆိုတာ ကျွန်မ မသိဘူး။ ဗီဒီယို ဆိုတဲ့ဟာက မြန်မြန်ထွက်ချင်လို့လား မသိဘူးနော်။ ဘာကြောင့်လဲဆိုတော့ ရုပ်ရှင်ကားဆိုရင် ဆင်ဆာကြာတာတို့ဘာတို့၊ Edit *လုပ်ရတာတို့ ဒါတွေကြောင့်လားတော့ မသိဘူး။ သူက ချက်ချင်းပဲ အဲဒီကား* ကို လူထဲကို ရောက်ချင်၊ ပရိသတ်ထဲကို ချပြချင်တဲ့အခါကျတော့ သူက မြန်မြန်ဖြစ်ပြီးအောင် ဗီဒီယိုရိုက်လိုက်တာ။ တကယ်တမ်း ကျွန်မတို့ အိုက်တင်လုပ်ရတာ လျှော့ပြီးတော့တော့ မလုပ်ရဘူး။ ကားကြီးအတိုင်းပဲ လုပ်ရတာပဲ။

**မလုပ်ရဘူး... ဒီအတိုင်းပဲ၊ ဟုတ်။**

ကျွန်မဆိုလို့ရှိရင်၊ အဲဒီ ဦးပိန်တံတားဆိုရင် အို... ခေါက်တုံ့ခေါက်ပြန် လျှောက်နေရတာ တစ်ချိန်လုံး။ ဟိုဘက်ထိပ်နဲ့ ဒီဘက်ထိပ် တစ်ချိန်လုံး သွားနေရတာ။ တကယ့်ကို မန္တလေးသူ၊ ကျွန်မက ပန်းချီဆွဲတဲ့ဟာ လုပ်ရတာကိုး။ အဲဒီလို... အဲဒီလိုလေးဆိုတော့။

**ဟုတ်... ဟုတ်။**

မှတ်မှတ်ရရပါပဲ အကုန်လုံးက။ ဦးနေအောင်ရယ်၊ အန်တီချိုပြုံးရယ်၊ ကိုကိုလင်းမောင်နဲ့။ ကျွန်မကတော့ ကိုကိုလင်းမောင်နဲ့ တွဲရတာပေါ့လေ။ ကိုကိုလင်းမောင်ရယ်၊ ကျွန်မရယ်။ ဒါပေမဲ့ ကားကြီးအတိုင်းပဲ ပါတဲ့သူတွေရော အကုန်လုံး၊ ဇာတ်အိမ်ဖွဲ့တာတွေရော၊ ဘာတွေရောညာတွေရောကအစ အကုန်လုံးပေါ့နော်။ တော်တော်လေးလည်း ကောင်းတဲ့ ဗီဒီယို

ကားတစ်ကားပါ။

**ဆရာ ဦးဝင်းဖေနဲ့လည်း ရိုက်ဖူးတယ်နော်။ ကိုဌေးနဲ့လည်း..။**

ရိုက်ဖူးပါတယ်. ဟုတ်ကဲ့။ ကိုဌေးနဲ့လည်း ရိုက်ဖူးတယ်။ ဟုတ်တယ်... ဟုတ်တယ်။ အဲဒီတုန်းကလည်း မောင်စိန်ဝင်း(ပုတီးကုန်း)၊ ကိုစိန်ဝင်း(ပုတီးကုန်း)ဝတ္ထုပဲရှင့်။ အဲဒီလိုမျိုးပေါ့နော်။ ကျွန်မက တော်တော်များများ ရိုက်ဖူးတယ်။ နောက်ပြီးတော့ ဒါရိုက်တာ သက်မောင်မောင် ချစ်နှင်းဝေဝေ။

**"ချစ်နှင်းဝေဝေ" ၊ ဩော်... ဩော်။**

**မေတ္တာရေလှိုင်း၊ မွေး ကဲ... ဘာပြောဦးမလဲ။**

**"မေတ္တာရေလှိုင်း" ဆို တကယ်ဆိုရင် အန်တီဘေဘီ ရိုက်ဖူးတဲ့ ကားနော်။**

ဒါပေါ့၊ **မွေး၊** အမေရိုက်ဖူးတဲ့ကားပဲ။ ဒါပေမဲ့ အဲဒါကြောင့် ပြောပြတာလေ အမေက စည်းရှိတယ်လို့။ အဲဒီကားက သူကိုယ်တိုင်ရိုက်ခဲ့ဖူးတာမှန်တယ်။ ဒါပေမဲ့ ဦးသက်မောင်မောင်... ကိုနိုင်၊ ဦးနိုင်က ဒီကားကို၊ တစ်ဇာတ်လုံးကို ခြုံပြီးတော့ သူရိုက်နေတဲ့အချိန်မှာ အမေ ဘာမှဝင်စွက်ဖက်ခြင်း မရှိဘူး။

**မပြောဘူး၊ မပြောဘူး။**

ဒါကြောင့်မလို့ **မွေး** တို့၊ **မေတ္တာရေလှိုင်း** တို့၊ **မေတ္တာရေလှိုင်း** မှာ ကိုသားသား ပါတယ်လေ။ ကိုသားသားရယ်၊ ကျွန်မ ခဲအိုကြီး ကိုထွန်းထွန်းနိုင်။ အဲဒီလိုပေါ့နော်။ နောက် **မွေး** က ကျော်သူလေ၊ ကျော်သူ၊ ဦးနေအောင်။

**ဟုတ်တယ်၊ "မွေး" က ကျော်သူနဲ့။ ကျော်သူက "အတွတ်" နေရာက။ ဦးနေအောင်က ကိုကိုနိုင်၊ ကိုကိုနိုင်နော်။**

ဟုတ်တယ် အတွတ်နေရာက။ ကိုကိုနိုင်... ဟုတ်တယ်၊ ဟုတ်တယ်။ ကိုဇင်ဝိုင်းက အဲဒီ **မေတ္တာရေလှိုင်း** မှာ ပါတယ်လေ။

**ဟုတ်တယ်၊ ဟုတ်ပါတယ်။ "မေတ္တာရေလှိုင်း"လည်း အန်တီဘေဘီတို့ခေတ်က "မေတ္တာရေလှိုင်း"က ဦးထွန်းဝေနဲ့၊ မောင်သင်နဲ့။**

နောက်... မင်းဦးလည်း အဲဒီကားထဲမှာ ပါတယ်။ **မွေး** ထဲမှာ။ ဖရက်ထ်လေ၊ ဖရက်ထ်။

**မင်းဦးက ဖရက်ထ်နေရာက ပါတယ်။ ဖရက်ထ်သည် မွေးရဲ့**

**ပထမဆုံး အချစ်။ ပထမဆုံး ရည်းစားနော်။ အတွက်က သူ့သူငယ်ချင်းကို အလည်ခေါ်လာတော့ အဲဒီမှာ မွေးနဲ့ ကြိုက်သွားတာ။ ဒီကောင်က ကျွန်ရစ်သွားတာနော်။**

ဟုတ်တယ်။ မွေးနဲ့ ကြိုက်သွားတာ၊ မောင်မောင်က အဲဒီရုပ်နဲ့တော့ လိုက်ပါတယ်။ အဲဒီကားက(ရယ်လျက်)။

**တကယ်တမ်းကျတော့ ကိုကိုနိုင်နဲ့ အိမ်ထောင်ကျတယ်နော်။ တီဘီရောဂါဖြစ်တဲ့အတွက် ဟိုတုန်းက မဒရပ်စ်မှာ သွားကုရတယ်။**

အမှန်မှာ အဲဒီလိုလေးတော့ ပြတော့ပြထားတာပေါ့လေ။

**အဲဒီကို သွားကုပြီးတော့ ပြန်လာတဲ့အခါကျတော့ ကိုကိုနိုင်က ဒီမှာ နောက်မိန်းမတစ်ယောက်နဲ့ ကလေးတစ်ယောက်ရနေပြီ။**

အင်း... ဟုတ်တယ်၊ သန်းသန်းစိုးနဲ့။

**အင်း... အဲဒီတော့လည်း အတွက်က မရပါဘူး။ ဒီအတိုင်းပါပဲ (ရယ်လျက်)။**

အဲဒီတော့ အမေရိုက်ဖူးတဲ့ ကားတွေဆိုလည်း ကျွန်မ ရိုက်ဖူးတာပဲလေ။ **မွေး** ဆို ရိုက်ဖူးတယ်။ **မေတ္တာရေလှိုင်း** ရိုက်ဖူးတယ်။ နောက် ဦးသက်မောင်မောင်နဲ့ဆို ပထမဆုံး ကျွန်မကို သီချင်းတွေနဲ့ပေါ့နော်။ *ကိုကြီး ... ကိုကြီး* တို့၊ နောက် *အိပ်ဆေးမရှိ* တို့ အဲဒီသီချင်းလေးတွေ ထည့်ပြီးတော့ ကျွန်မကို **ချစ်နှင်းဝေဝေ** သူ အရင်ဆုံးရိုက်တာ။ အဲဒီတုန်းက မဂရေစ်နဲ့ ဦးညွန့်ဝင်းနဲ့က လင်မယား၊ ဦးညွန့်ဝင်းက ဆရာဝန်၊ ကျွန်မက နှလုံးရောဂါသည်၊ ဦးဇော်လွင်က ကျွန်မအဖေ။ အဲဒီကား အခုနောက်ပိုင်း မထွန်းအိန္ဒြာဗိုလ်(မမိခိုင်)နဲ့ ပြန်ရိုက်သေးတယ်။ အဲဒီ **ချစ်နှင်းဝေဝေ** ကိုပဲ။ ဦးမောင်ပဲ ပြန်ရိုက်တာထင်တယ်။

**အင်း... ကိုသက်မောင်မောင်ရိုက်တာ။ မဆွေ အခုပြောတဲ့ စကားတွေအရဆိုရင် မဆွေ ရုပ်ရှင်အလုပ်၊ သရုပ်ဆောင်အလုပ်ကို သိပ်စိတ်မကုန်သေးဘူး။**

မဟုတ်ဘူး၊ စိတ်မကုန်သေးတာတော့ မဟုတ်ပါဘူး။ ကိုယ်နဲ့ လိုက်မယ့် ဇာတ်ပေါ့။ ကဲ... ထားပါတော့... ကိုဝင်းငြိမ်းနဲ့ ကျွန်မ စကားပြောနေသလို ကျွန်မနဲ့ လိုက်တဲ့ဟာမျိုးကိုပေါ့။ ဒါရိုက်တာကလည်း ကျွန်မကို သိတယ်။ အဓိက အဲဒါ ကျွန်မလိုချင်တာ။ ကျွန်မပြောသလို ကျွန်မအကြောင်းကို မေးမယ်ဆိုရင် ကျွန်မကို သိမှ မေးပါ။

**ဒါပေါ့။**

ကျွန်မအကြောင်းကို မသိဘဲနဲ့ ကျွန်မကို မေးတယ်ဆိုရင်တော့ ကျွန်မ ဘာပြောစရာရှိလဲ။ အဲဒီတော့ ကျွန်မ လုပ်နိုင်မလား၊ ကျွန်မ ဘယ်လောက်ထိ လုပ်နိုင်မလဲ။ အဲဒီလိုဟာမျိုးကို သိနေတဲ့ ဒါရိုက်တာ ကျွန်မကို ရိုက်ဖို့ လာပြောမယ်ဆိုရင်တော့ ကျွန်မ စဉ်းစားမယ်။

**စဉ်းစားမယ်ပေါ့။**

အင်း... စဉ်းစားမယ်(ရယ်လျက်)။ ခုအချိန် ကျွန်မ အရမ်းလည်း မဝ,သေးဘူးလေ။ လှလည်း လှနေသေးတယ်ဆိုတော့...၊ စ,တာပါ... စ,တာပါ(ရယ်လျက်)။

**မဆွေ အပေါ်မှာ အစ်ကိုက စဉ်းစားလိုက်တာတော့ စီးရီးရိုက်တဲ့ ဒါရိုက်တာတွေ ပျော်သွားမယ်ထင်တယ်။ ဘာလို့လဲဆိုတော့ မဆွေနဲ့ လိုက်မယ့် ဇာတ်တွေ့မယ်ဆိုရင် မဆွေကို လာပြီးတော့....။**

သရဲကား မဟုတ်ဘူးနော်(ရယ်လျက်)။

**ဟာ.... ဒီလိုမပြောရဘူးနော်၊ ဒီလို မလုပ်ရဘူး။ ပြောပြီး စလစ်(ရယ်လျက်)။**

အေးပါ... အေးပါ သရဲကားတော့ မဟုတ်ဘူးနော်။ ကိုယ်က လည်း ကြောက်လို့ပါ(ရယ်လျက်)။

**ဟုတ်ပြီ၊ အိုကေ... ဒါကတော့ မဆွေ ကားမရိုက်ဖြစ်တဲ့ အကြောင်းပေါ့နော်။**

ဟုတ်ကဲ့ရှင့်၊ ဟုတ်... ဟုတ်။

**ရှိုးတွေရော မဆိုဖြစ်တော့ဘူး။**

ရှိုးတွေ မဆိုဖြစ်တော့ဘူးဆိုတာက ပြီးခဲ့တဲ့နှစ်က ကျွန်မ ကျန်းမာရေး နည်းနည်းလေးညံ့သွားတယ် ကိုဝင်းငြိမ်းရယ်။ တကယ်တမ်းတော့ ကျွန်မဟာ အင်မတန်လည်း ကျန်းမာရေးလိုက်စားတာ။ အစားအသောက်က အစ အင်မတန်မှ ဆင်ခြင်တာပါ။ ကိုယ့်ကိုယ်ကိုလည်း အရမ်းသတိထားတာ။ ဒါပေမဲ့ ဖြစ်ချိန်တန်လို့ဖြစ်တယ်လို့ပဲ ပြောရမှာပေါ့လေ။ ယူဆရမှာပေါ့။

**မဆွေ အင်မတန်ကံကောင်းပါတယ်။**

ဟုတ်တယ်၊ ဒါပေမဲ့ ကျွန်မ အချိန်တိုတိုလေးအတွင်းမှာ ကျွန်မ ဒီအတိုင်း ပြန်ပြီးတော့လေ ထူထူထောင်ထောင်နဲ့ အကုန်လုံးပြန်ဖြစ်လာတယ် ဆိုတာ ကျွန်မသူငယ်ချင်းတွေကအစ လုံးဝကို မယုံကြဘူး။ တကယ်ကိုပဲ

၅ လလောက်ကတော့ ကျွန်မ တော်တော်လေးကြိုးစားလိုက်ရပါတယ်။

**အန်တီဘေဘီက သမီးဘယ်နှယောက်လဲ။**

၅ ယောက်ပါ၊ ဟုတ်ကဲ့။

**၅ ယောက်နော်၊ သမီး ၅ ယောက်ထဲမှာ မဆွေတစ်ယောက်ပဲ သီချင်းဆိုတာနဲ့ ရုပ်ရှင်ဝါသနာပါတာ မဟုတ်ဘူး၊ နောက်တစ်ယောက် ရှိသေးတယ်နော်။**

ရှိသေးတယ်၊ ရှိသေးတယ်။

**ဟုတ်ကဲ့၊ ရှိတယ်။ သူ့နာမည်က ရုပ်ရှင်သရုပ်ဆောင်နာမည် က သီရိကေခိုင်နော်။**

ဟုတ်ကဲ့၊ သီချင်းလည်း ဆိုဖူးတယ်။ နည်းနည်းပါးပါးပေါ့။

**ဟုတ်လား၊ သီချင်းလည်းဆိုဖူးလား။ ကောင်းတယ်။ သီရိကေ ခိုင်က မဆွေထက် ကားရိုက်တာ စောတယ်နော်။**

ဟုတ်တာပေါ့။ ဘာဖြစ်လို့လဲဆိုတော့ ဘဘဦးတင်ယုတို့က **ဆုတောင်းတိုင်းသာ ပြည့်ချင်တယ်** ဆိုတဲ့ ရုပ်ရှင်ကားမှာ ရုပ်ရှင်မင်းသား လင်းထင်နဲ့ သူ့ကို၊ အစ်မကြီးကို ရုပ်ရှင်မင်းသမီးအနေနဲ့ ပထမဦးဆုံး တွဲပြီးတော့ အသစ်တင်တာပေါ့နော်။ ဟုတ်ကဲ့။ အန်တီ ဒေါ်မြင့်မြင့်ရီနဲ့ ဘဘ ဦးတင်ယုနဲ့က **ဆုတောင်းတိုင်းသာ ပြည့်ချင်တယ်။**

**ဟုတ်... ဟုတ်၊ "ဆုတောင်းတိုင်းသာ ပြည့်ချင်တယ်" နော်။**

ဟုတ်ကဲ့၊ ဟုတ်ကဲ့။

**အဲဒီတော့ အိမ်နာမည် မတင်ပေါ့နော်။ မတင်က ဘယ်နှကား လောက် ရိုက်ခဲ့လဲ။**

ဟုတ်တယ်၊ မတင်က ကျွန်မနိုင်ငံခြားထွက်တဲ့ အချိန်မှာတော့ သူက ဦးမောင်နဲ့ အိမ်ထောင်ကျတာကိုး။ အဲဒီတော့ ဦးမောင်နဲ့ဆိုတော့...။

**ဟုတ်.. ဦးမောင်ဆိုတာ ထွန်းထွန်းနိုင်။**

ဟုတ်၊ ထွန်းထွန်းနိုင်နဲ့ အိမ်ထောင်ကျတာဆိုတော့ သူက ရိုက်ဖူး တယ်။ ဒွေးတို့၊ ထက်ထက်မိုးဦးတို့ အစ်မတို့ဘာတို့၊ အိန္ဒြာကျော်ဇင်တို့ ဘာတို့နဲ့ ရိုက်ဖူးတယ် သူက(ရယ်လျက်)။ ကျွန်မကသာ ပြန်လာတဲ့အခါကျမှ သာ ဒီမြန်မာပြည် ပြန်လာတော့မှ ဩော်... ဒီကားထဲမှာ အစ်မပါတာပဲ ဆိုပြီး အဲဒီလိုမျိုး ကြည့်ရတာ။ ဆိုတော့ ဦးမောင်နဲ့ သူနဲ့ အိမ်ထောင်ကျပြီး နောက်ပိုင်းမှာ အစ်မက ရိုက်ဖြစ်သေးတယ်။

ဩော်... ဟုတ်။

ကျွန်မကသာ မရိုက်ဖြစ်တော့တာပေါ့နော်။ အဲဒီတော့ သူလည်း ရုပ်ရှင်ရှိတယ်။


**မဆွေရဲ့နောက်ကို မတင်က ရိုက်ဖူးနေတာပေါ့၊ ရိုက်နေသေးတယ်။**

ဒါပေါ့၊ ကျွန်မ ထွက်သွားတဲ့အချိန်မှာ ရိုက်နေသေးတယ်။

**မဆွေရယ် ကျေးဇူးအများကြီးတင်ပါတယ်။ ရုပ်ရှင်မင်းသမီးတစ်ယောက်အနေနဲ့ ပြောချင်တာပေါ့နော်။ ၂၀၂၀ မှာ မြန်မာ့ရုပ်ရှင်နှစ် ၁၀၀ ပြည့်တော့မယ်။ အဲဒီတော့ မဆွေနဲ့က မြန်မာ့ရုပ်ရှင်နဲ့ ပတ်သက်တယ်ဆိုတော့ ၂၀၂၀၊ နှစ် ၁၀၀ ပြည့်တဲ့အချိန်မှာ မဆွေရဲ့ Wish လေး ကြားပါရစေ။**

ဟုတ်ကဲ့၊ ကျွန်မကတော့ ဘာပဲပြောပြော ကိုယ်လည်း ရုပ်ရှင်ရိုက်ခဲ့ဖူးတဲ့ ရုပ်ရှင်မင်းသမီးတစ်ယောက်လည်း ဖြစ်တယ်။ အမေကလည်း တကယ့်ကို သူ့ရဲ့ သွေးထဲမှာကို ဒီရုပ်ရှင်ဆိုတဲ့ဟာကြီး ရှိပြီးသားဖြစ်တဲ့ အတွက်ကြောင့်မလို့ ဒီအနှစ်တစ်ရာတင်မဟုတ်ဘူးပေါ့နော်၊ ဆက်လက်ပြီးတော့ နှစ်များစွာ တည်တံ့ပါစေ၊ ပြီးတဲ့အခါကျတော့ Quality ကောင်းတဲ့ ရုပ်ရှင်ကားမျိုးတွေ၊ နောက်ပြီးတဲ့အခါကျတော့ တကယ့်ကို ပြောင်မြောက်တဲ့ အနုပညာရှင်တွေ ပိုပြီးတော့ ပေါ်ပေါက်လာပါစေလို့ ဆုတောင်းပေးပါတယ်။ ဘာလို့လဲဆိုတော့ အဲဒါက အများကြီးလိုပါတယ်။ Technician အပိုင်းနဲ့ ဒီ Electric အပိုင်းတွေ အကုန်လုံးက တအားကြီး တိုးတက်နေပြီ။ အခုဆိုလို့ရှိရင် အင်မတန်ကို တိုးတက်နေပြီ။ ရုပ်ရှင်ကားတွေ မြောက်မြားစွာ ဟာ ရုပ်ရှင်ကဏ္ဍကြီးဟာလည်း တကယ့်ကို အကြီးကြီး။ နောက်တစ်ခုက မြန်မာပြည်တင်မဟုတ်ဘူး ကမ္ဘာကိုပါကျော်နိုင်တဲ့ ရုပ်ရှင်ကားပေါင်းမြောက်မြားစွာ ထွက်ပါစေလို့ ဆုတောင်းပါတယ်။

***





# အကယ်ဒမီ မေသန်းနု

မင်္ဂလာပါခင်ဗျာ။ ဒီနေ့ ကျွန်တော်တို့ Kamayut Mediaနဲ့ တင်ဆင်မယ့် အစီအစဉ်ကတော့ **"လိပ်ပြာကူး ထူးခြားသူများ"**လို့ အမည်ပေးထားတဲ့ အစီအစဉ်ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော် တွေ့ဆုံမယ့် မေးမြန်းမယ့်ပုဂ္ဂိုလ်က အကယ်ဒမီ ၅ ထပ်ကွမ်း မေသန်းနုပါ။

**မင်္ဂလာပါ မဆင့်။**

မင်္ဂလာပါ။

**မဆင့် ပထမဆုံးပါတဲ့ကားက "သကြဲန်မိုး"နော်။**

**သကြဲန်မိုး** ဟုတ်တယ်။ မဆင့်က ၂/၈၄ သရုပ်ဆောင်သင်တန်းအဲဒီမှာ စပြီးတက်တာပေါ့နော်။ အနုပညာလောကထဲမှာ စပြီးတော့ ဒီသင်တန်းကို စတက်တယ်။ အဲဒီမှာပဲ **သကြဲန်မိုး** ဇာတ်ကားအတွက် သရုပ်ဆောင်သစ် လိုတယ်ဆိုလို့ အဲဒီမှာလာပြီး ရွေးချယ်တာပေါ့နော်။ ရိုက်တာကတော့ ၈၅ မှာပါ။

**ဦးတင်ဦး ရွေးတာလား။**

ရွေးတာကတော့ ဦးတင်ဦးပေါ့။ ဦးတင်ဦးက ဒီမှာ မဆင့်တို့နှစ်တွဲပေါ့။ မဆင့်ရယ်၊ မိဆူးထိုက်ရယ်၊ သီတာသိမ့်ရယ်၊ တင့်တင့်ထွန်းရယ်။

ယောကျ်ားလေး သရုပ်ဆောင်ကတော့ ဇင်ဝိုင်းရယ်၊ ရန်အောင်ရယ်။ နမူနာလေးတွေပေါ့၊ အတိုလေးတွေ ရိုက်ပြီးတော့ မန္တလေးကို ပို့လိုက်တာ။ တကယ်တမ်း ရွေးချယ်တာကတော့ ကိုဇော်မြင့်ပေါ့နော်၊ မန္တလေး ရီမြင့်ရုပ်ရှင်ပါ။

**အဲဒီတော့ တစ်ယောက်က ခင်သန်းနု၊ တစ်ယောက်က မေသန်းနု။ တွဲရတဲ့ မင်းသမီးတွေပေါ့။ သားအမိနေရာက လုပ်ရတာဆိုတော့ ခင်သန်းနုဆိုတာက ရုပ်ရှင်လောကမှာ အင်မတန် အရှိန်သမ္မာကြီးတဲ့ မင်းသမီးတစ်လက်။ ကိုယ်က အသစ်ကလေးတစ်ယောက်၊ ခင်သန်းနုရဲ့ သမီးတစ်ယောက်နေရာက သရုပ်ဆောင်ရတာ မရှိန်ဘူးလား။**

ရှိန်တာပေါ့ ကြောက်တယ်။ မဆင့်တို့က အသစ်ဆိုပေမဲ့ သင်တန်းမှာ နည်းနည်းပါးပါးတော့ အတွေ့အကြုံလေး နည်းနည်းပါးပါး ရှိတာပေါ့နော်။ အန့်တီနုရိုက်တဲ့ ရိုက်ကွင်းတွေကို မဆင့်တို့ လိုက်ကြည့်တယ်။ နည်းပညာတွေ ယူရတာပေါ့နော်။ အန့်တီနု ဘယ်လိုမျိုး သရုပ်ဆောင်တယ်၊ ဘယ်လိုနေတယ်၊ ဘယ်လိုထိုင်တယ်။ သရုပ်ဆောင်ဆိုတာ အိုက်တင်တစ်ခုတည်း ကြည့်လို့မရဘူးလေ။ နေတာထိုင်တာ၊ သုံးတာ ပစ္စည်းတွေသုံးတာ အသုံးအဆောင်ပေါ့၊ အသုံးအဆောင်ဆိုတာ ရှုတင်မှာသုံးတဲ့ဟာလေးတွေပေါ့၊ အဲဒါလည်း မဆင့်က စိတ်ဝင်စားတယ်။ အဲဒါလည်း ကြည့်လိုက်တာပေါ့။

**အဲဒီတော့ ပထမဆုံး "သကြိန်မိုး"မှာ ပထမဆုံး ခင်သန်းနုနဲ့ ဆုံတဲ့အခန်းက ဘယ်အခန်းလဲ မှတ်မိလား။**

ပထမဦးဆုံး ဆုံတာက မန္တလေးဈေးချိုမှာ အဲဒီဟာ အန့်တီနုနဲ့ ဆုံတဲ့အခန်း စရိုက်တာပေါ့။ မဆင့်က အဲဒီမှာ အမေက ရွှေဆိုင်ထွက်တယ်၊ သားနဲ့ သမီးနဲ့ကတော့ မုန့်ဖိုးလာတောင်းတာပေါ့ အဲဒီအခန်းလေးရိုက်တာပါ။ အဲဒါကို ထိုင်တာမှားလို့ အန့်တီနုက ပြောသေးတာ။ ဘာဖြစ်လို့ဆို ထိုင်တယ်ဆိုမှ ကင်မရာက ဒီဘက်ယူထားတာ၊ အန့်တီနုက ဒီမှာ ထိုင်တာပေါ့နော်။ မဆင့်က ဒီကနေဖြတ်ပြီး တက်လာတယ်ဆိုတော့ ထိုင်တယ်ဆိုရင် ဒီလိုမျိုး ထိုင်လိုက်တာပေါ့။ မဆင့်က ထိုင်တယ်ဆိုရင် ထုံးစံအတိုင်း အားယူပြီးထိုင်လိုက်တာ။ သူ့ရှေ့မှာ ခေါင်းက ကွယ်သွားသေး။ အဲဒီလို နေတာ ထိုင်တာ ဒါ ပညာတွေပေါ့နော်။ အန့်တီနုက ဟယ် ကွယ်သွားပြီ၊

ကွယ်သွားပြီဆိုတော့ ဩော် ဟုတ်တယ်၊ ငါက ဒီလိုယိမ်းလိုက်တာကိုး အဲဒီလိုမျိုးပေါ့။

**အကွယ်မခံဘူး။**

အကွယ်မခံဘူး။

**ဟုတ်ပြီ။ အဲဒီတော့ "သကြံနံမိုး"မှာ အတွဲရိုက်ခဲ့ရတဲ့အတွဲ မဆင့်တို့ မပါတဲ့အခန်းကျရင်ရော ဦးတင်ဦးက လာကြည့်လို့ နိုင်းထားလား၊ သို့တည်းမဟုတ် ကိုယ့်ဘာသာ ဘာသိဘာသာ နေလိုက်လား။**

ကိုယ့်ဘာသာကိုယ် လာကြည့်တယ်။ ဘာဖြစ်လို့ဆို မပါတဲ့အခါ ကိုယ်က အရမ်းအစိမ်းသက်သက်ကြီးဖြစ်နေတယ်ဆိုတော့။ ရှင်းရှင်းပြောရရင် အန်တီနုဆိုလည်း ဒါသမ္မာကြီးတွေလေ။ သမ္မာကြီးတွေဆိုတော့ မဆင့်တို့ ပညာလည်း လိုချင်တယ်၊ လိုက်ကြည့်တယ်။ ကိုယ့်ကိုယ်ကို ငြိမ်ငြိမ်လည်း မနေဘူး။ ပြီးတော့ ကျန်တဲ့အချိန်ဆို မဆင့်တို့ အကတိုက်ရသေးတာကိုး။ အဲဒီမှာ အက,ကလည်း ယိမ်းဆိုတော့ လူပေါင်းတစ်ရာနီးပါးဆိုတော့။

**ကြည့်ရတာပေါ့နော်။**

ဟုတ်။

**"သကြံနံမိုး"ဆိုတာ အခုထက်ထိ မြန်မာသကြံန်ရောက်တိုင်းမှာ မြန်မာ့အသံလွှင့်ပြနေကျ တကယ့်ကို ဂန္ထဝင်ကားတစ်ခုဖြစ်သွားပြီ ပေါ့နော်။ ဒီကားမှာ မဆင့် ပထမဆုံး သရုပ်ဆောင်ခွင့်ရတဲ့အတွက် အင်မတန်လည်း ဂုဏ်ယူစရာကောင်းမှာပါ။ အရမ်းအောင်မြင်တဲ့ကားပါ။ အဲဒီလို အောင်မြင်တဲ့ကားတွေ ရိုက်ပြီးတဲ့နောက်မှာ မဆင့် ပထမဆုံး အကယ်ဒမီခဲ့ရတာက...။**

"မှုပိုင်ချစ်သူ"။

**"မှုပိုင်ချစ်သူ"နော်။ "မှုပိုင်ချစ်သူ" ဒါရိုက်တာက ဘယ်သူလဲ မသိဘူး။**

ဒါရိုက်တာက ခင်မောင်ဦး စိုးသိန်းထွဋ်၊ ကိုကျော်သူနဲ့။

**ကျော်သူနဲ့တွဲပြီးရိုက်ခဲ့တာ။**

ဟုတ်ကဲ့။ အဲဒီကားမှာလည်း အကယ်ဒမီသာ ရသွားတယ်၊ လုပ်ကွက်က နည်းနည်းလေး။ တကယ်တမ်း ကိုကျော်သူက အများလုပ်ရတာလေ။ ပေးတော့ ကိုယ့်ကိုပေးတော့ ကိုယ်က ကိုကျော်သူကို အားတွေနာလို့။ ကိုယ်က ငိုတဲ့အခန်း၊ ဘေးနားကနေ တရှုပ်ရှုပ်ငိုနေတာ။ ကိုယ်

ဒိုင်ယာလော့ခ် မပါပေမဲ့ ဘေးနားက အပို့အိုက်တင်တွေက သူတို့ပေးတဲ့ ထဲမှာ ပါတာပေါ့နော်။

**အဲဒီတုန်းကတော့ အော်ကြတယ်ပေါ့။ လုပ်တာက ကျော်သူ လုပ်တာ၊ ပေးတာက မေသန်းနုဖြစ်နေလို့။**

ဟုတ်တယ်၊ ဟုတ်တယ်။

**အဲဒီ ပထမဆုံး အကယ်ဒမီရတော့ မဆင့်အတွက် အမှတ်တရ တွေ အများကြီးရှိတယ်လို့ ထင်တယ်။**

ပထမဦးဆုံးဆိုတော့လည်း ကိုယ့်ရဲ့အတွေ့အကြုံ၊ ကိုယ့်ရဲ့ဆရာ သမားတွေ၊ ဟုတ်လား။ စိတ်လှုပ်ရှားတာတွေ အမှတ်တရတွေကတော့ အများကြီးပါပဲ။ စိတ်လှုပ်ရှားလို့ ဖြစ်သွားတာ။ မပြောရဘူးလေ။

**နောက်မှာ ကျွန်တော်ရှိတယ်။**

ဟုတ်လား။ အဲမှာ ရန်လေးကို ပြောလိုက်တာနဲ့ အကုန်သိကုန်တာ။

**ရန်အောင်။**

ဟုတ်တယ်။

**ဩော် Sorry ရဲအောင်ကို သူ ပြောလိုက်တာ။**

ရဲအောင်ကို ရီးရီးပဲ ပြောတာ။ ဘေးနားက ဖြတ်သွားတာက ရန်အောင့်ရှေ့က ဖြတ်သွားတာ။ ဟဲ့ ဒီလို ဒီလိုပဲ။ ဘေးနားက အကုန်လုံးကို ပြောတာ။ အမှတ်တရပါပဲ။

**ပထမဆုံးအကယ်ဒမီလေ။**

စိတ်တွေ လှုပ်ရှားသွားတာလေ။

**စိတ်လှုပ်ရှားရင် အမျိုးသမီးတွေက ဖြစ်တတ်တယ်။ အဲဒီတော့ ဒုတိယအကယ်ဒမီအကြောင်း ပြောပါဦး။ ဒုတိယအကယ်ဒမီက "ပုဂံမှာ သာတဲ့လ"။**

**ပုဂံမှာသာတဲ့လ** အဲဒါက ဒါရိုက်တာ ဦးမြတ်တင်အေးပေါ့နော်။ ဦးမြတ်တင်အေးရိုက်တဲ့ဟာ အဲဒါက နှစ်ကိုယ်ခွဲပေါ့။ အဲဒါလေးက ဇာတ် လေးကလည်းကောင်းတယ်၊ မဆင့်လုပ်ရတာလည်း အားရတယ်ပေါ့နော်။

**အမေနဲ့သမီးလား။**

အမေနဲ့သမီး ဟုတ်တယ်။ အဲဒါလည်း ရန်အောင်နဲ့ပဲ။

**ရန်အောင်နဲ့ပဲ။**

အင်း ဟုတ်တယ် ရန်အောင်နဲ့။ ဦးမြတ်တင်အေး အကယ်ဒမီရတဲ့

အချိန် မရှိတော့ဘူး ကွယ်လွန်သွားတာလေ။ သူ ဦးနှောက်သွေးကြော ပြတ်သွားတယ်ထင်တယ်။ အဲဒီကား ကားဆက်နေတဲ့အချိန်မှာလေ။ အဲဒီ လိုဖြစ်သွားတာ။ အကယ်ဒမီရတာ မသိလိုက်ဘူး၊ စိတ်တောင်မကောင်းဘူး။

**နောက်တစ်ကားကလည်း ရန်အောင်ပဲ။**

ရန်အောင်နဲ့ပဲ **အလင်းဖျော့ကောင်းကင်။**

**"အလင်းဖျော့ကောင်းကင်" ဒါလည်း အရမ်းကောင်းတဲ့ကား။**

ဟုတ်တယ်။

**အဲဒီကားမှာ နောက်ထပ်ကောင်းတာ တစ်ယောက်ပါသေးတယ်။**

လင်းလင်းလား။

**လင်း၏နည်ဇော်။**

လင်းလင်းက အရမ်းကောင်းတယ်လေ။ မဆင့်လည်း အဲဒီတုန်းက လင်းလင်း ရလည်းရစေချင်တယ်လေ။ ရလိမ့်မယ်လို့ ထင်တယ်။ ဒါပေမဲ့ ခုနလို အကယ်ဒမီဆိုတာက ဆုနဲ့ ကံစပ်မှုပေါ့။ အခု ပြန်ရိုက်တော့ အဲဒီမှာ ကစ်ကစ်ရတယ်လေ၊ ဝတ်မှုံရွှေရည် ရသွားတယ်လေ။ အဲဒီကားပြန်ရိုက်တာ လေ။ ဒုတိယအကယ်ဒမီက ဇင်ဝိုင်းရယ်၊ ဝတ်မှုံရွှေရည်ရယ်၊ ပြေတီဦးရယ် လေ။ အဲဒါ **အလင်းဖျော့ကောင်းကင်ကို** ပြန်ရိုက်တာ။ မဆင့်နေရာက မိုးဟေကိုလေ။

**အဲဒါ "အလင်းဖျော့ကောင်းကင်"ကို ပြန်ရိုက်တာပဲနော်။**

ဟုတ်တယ်။

**ဟုတ်တာပေါ့။ တစ်လျှောက်လုံးမှာ ရိုက်ခဲ့တဲ့ တစ်လျှောက် လုံးမှာပေါ့နော် မျှော်လင့်လျက်သားနဲ့ မရခဲ့တဲ့ကားတွေ ရှိဖူးမှာပေါ့။**

**မြစ်တို့၏မာယာ** မဆင့် ရချင်တယ်။ အဲဒါကို တကယ် ကြိုးစား ထားတယ်။ မင်းသား နှစ်ယောက်ကြားမှာ လုပ်ရတဲ့ဟာကျတော့ သူ့ကိုလည်း လျှော့လို့မရ၊ ဒီဘက်လည်း လျှော့လို့မရဆိုတော့ မဆင့် သတိထားပြီးလုပ် တယ်။ ကိုယ့်ရဲ့ ကာရိုက်တာမဟုတ်တဲ့ဟာတစ်ခုကို မဆင့် သရုပ်ဆောင်ရ တာပေါ့နော် **မြစ်တို့၏မာယာ** ဆိုတာ။ အရမ်းအောင်မြင်တဲ့အခါကျတော့ အကယ်ဒမီလည်း လိုချင်လျက်နဲ့ မရဘူး။ နောက်တစ်ခုက **တပြည်သူမရွှေ ထား။** အဲဒါလည်း သေချာ မဆင့် လုပ်ထားတာ။ အဲဒီမှာလည်း မရဘူး။

**ဟုတ်တယ်။ "တပြည်သူမရွှေထား"လည်း တော်တော်ကြီးကို မဆင့် ပြင်ဆင်ပြီးတော့ လုပ်ထားခဲ့တာနော်။ ဘာဖြစ်လို့ဆို ခေတ်**

ပြောင်းတာတွေ ဘာတွေ ပါတယ်လေ။ စစ်ပြေးတာတွေ၊ ခေတ်ပြောင်းတာတွေပါတယ်။ ဂါဝန်နဲ့ မမိတဲ့ ကွန်ဗင့်ကျောင်းသူ အဲဒီလိုဟာမျိုးတွေ အများကြီးလုပ်ခဲ့တာပဲ။ ဒါပေမဲ့ အဲဒီမှာကျတော့ မဆင့်အတွက် အတုံ့အလှည့်လို့ ပြောရမှာပေါ့။ အဲဒီမှာ ကျော်သူက ရသွားတာ။

ဟုတ်ကဲ့။ ရစေချင်တယ် ကိုကျော်သူကိုလည်း။ သူက ကားတွေ အများကြီးနော် လွဲလွဲနေတာပေါ့နော်။ ကောင်းလျက်သားနဲ့ မရဘူး။ ခု ကံလေးတွေပေါ့၊ ဆုရတဲ့ကံလေးတွေ လွဲချော်နေတာပေါ့။ လင်းလင်းကိုလည်း အဲဒီကားမှာ ရစေချင်တာ။

နောက်တစ်ခုက...။

နောက်တစ်ခုက **ချစ်ခြင်း၏ အခြားမဲ့ဌ**။ အဲဒါကတော့ ဒွေးနဲ့ပေါ့နော်။ ဒါရိုက်တာကတော့ စင်ရော်မောင်မောင်ပေါ့။ အဲဒါက အရမ်းအတ္တကြီးပြီးတော့ လူက အတ္တတွေများပြီးတော့၊ လိုချင်တဲ့စိတ်တွေများပြီးတော့ လူက ပုံမှန်မဟုတ်တော့ဘူးလေ နည်းနည်း စိတ္တဇဆန်ဆန်လေး ဖြစ်သွားတာပေါ့။ လိုချင်တာမရတော့ အဆုံးသတ်က လူတစ်ယောက်ကို သတ်ဖို့လည်း ဝန်မလေးဘူး အဲလိုဖြစ်သွားတာပေါ့နော်။

**အခုရော အဲဒီလိုပဲလား။**

အားလုံး စိတ်လျှော့လိုက်ပြီ။

**"ချစ်ခြင်း၏ အခြားမဲ့ဌ"ပြီးတော့...။**

ပြီးတော့ **ငါသူတစ်ပါး ယောကျ်ားမိန်းမ**။ အဲဒါကတော့ ဦးစိုးမိုးပေါ့။ အဲဒီကားလေးကတော့ ဇာတ်ပို့ပေါ့နော်။ အားလုံး မဆင့်က ဇာတ်ဆောင်က ၄ ဆု၊ ဇာတ်ပို့ကတော့ အဲဒီ ၁ ဆုပေါ့။ အဲဒါကတော့ အရက်ရောင်းတဲ့မိန်းမ၊ ခပ်ကြမ်းကြမ်းပေါ့နော်။ ရပ်ကွက်ထဲမှာ စွာလန်တေး အဲဒီမိန်းမပေါ့။ ဆတ်ဆတ်ထိ မခံတဲ့ဟာလေး အဲဒါလေး ရတာ။

**အဲဒါဆို မဆင့်က ၅ ခုမှာ ၄ ခုက အမျိုးသမီးဇာတ်ဆောင်ဆု၊ ၁ ခုက အမျိုးသမီးဇာတ်ပို့ဆု ၅ ခု ရသွားပြီ။**

ဟုတ်။

**အခု ၂၀၁၇ ဒီခုနှစ်မှာ တင်ခဲ့တဲ့ "ထာဝရအမေ"ပေါ့။ "ထာဝရအမေ"က မဆင့်ရယ်၊ နေတိုးရယ်၊ ကစ်ကစ်ရယ်။**

ဟုတ်။

**မဆင့် နောက်ပိုင်းက အမေခန်းတော့ သရုပ်ဆောင်တယ်ပေါ့**

**နော်။ သို့သော် ရိုးရိုးသာမန်အမေမျိုး မဟုတ်ဘဲနဲ့ ဇာတ်ရုပ်က ကိုယ့်ဘက်မှာ အားရှိတဲ့ ဇာတ်မျိုးကိုပဲ လက်ခံတာတွေ့ရတယ်။ ဘယ်အချိန်ဘယ်အရွယ်အထိ ဒီလိုမျိုးဇာတ်ရုပ်ထဲမှာ သရုပ်ဆောင်သွားမယ် စဉ်းစားထားလဲ။**

မဆင့်တို့ အနုပညာသမားတွေက ဒါပရိသတ်ရှိမှ ရှင်သန်လို့ရတာလေ။ အဲဒီတော့ ပရိသတ်လက်ခံတဲ့အထိပေါ့။ ပရိသတ်လက်မခံရင်လည်း ပရိုဂျူဆာလည်း ငှားမှာမဟုတ်ဘူး။ ဒါရိုက်တာလည်း ဗီလင်လာမှာမဟုတ်ဘူးလေ။ ပရိသတ်လက်ခံနေသေးသရွေ့ မဆင့်ကတော့ အနုပညာကို လုပ်သွားမှာပေါ့နော်။ ဒါကတော့ အသက်မွေးဝမ်းကျောင်းတစ်ခု မဟုတ်တော့ဘူးပေါ့။ ဒါက ကိုယ့်ရဲ့အနုပညာ၊ ဝါသနာလည်းပါတယ်၊ ကိုယ်ရဲ့ ဂုဏ်လေးကို ထိန်းသိမ်းတဲ့အနေနဲ့ ကိုယ်နဲ့လိုက်ဖက်မယ့်ကားဆို ရိုက်ချင်ပါတယ်။

**ကိုယ့်မှာ ဒီလောက် အတွေ့အကြုံတွေ အများကြီးရှိတယ်လေ။ "သကြိန်မိုး"ကနေစပြီးတော့ အခု "ထာဝရအမေ"အထိပေါ့နော် ကိုယ့်မှာ အတွေ့အကြုံတွေ အများကြီးရှိတယ်။ တစ်ခါတလေကျတော့ ကိုယ်တိုင် ဒါရိုက်တာလုပ်ချင်စိတ် မပေါက်ဘူးလား။**

မပေါက်ဘူး။ ဒါရိုက်တာတစ်ယောက်ဆိုတာက သူက ကားသွင်းကားဆက် အရင်တတ်ရမှာလေ။ အဲဒါလေးကို တတ်မှ ကိုယ်က ဖြတ်လို့ရမယ်၊ ကိုယ် မှန်းလို့ရတာပေါ့နော်။ ပြီးတော့ ဇာတ်ကားတစ်ကားလုံးကိုလည်း သူက ဦးဆောင်ပြီးတော့ သူက ချုပ်ထားရမှာဆိုတော့ ရှင်းရှင်းပြောရရင် ခေါင်းစားတယ်။ မဆင့်တို့ သရုပ်ဆောင်တွေကျတော့ ကိုယ့်အခန်းပြီးရင် ပြီးသွားပြီ။ ဘာဖီလင်မှ မရှိတော့ဘူး။ ဒါရိုက်တာကျတော့ တစ်ကားလုံးကို ကိုယ်က တာဝန်ယူထားရတယ်ဆိုတာ အမှားမယွင်းဖြစ်ရင် မကောင်းဘူးလေ။ တာဝန်အများကြီးရှိတာကိုး။ အဲဒီတော့ ခေါင်းမရှုပ်ချင်တော့ဘူးပေါ့။ ဒါကျတော့ အေးအေးဆေးဆေး။ ဝါသနာလည်းပါရမယ်၊ ခုနလို ကားသွင်းကားဆက်ပညာလေးတွေ တည်းဖြတ်တာလေးတွေ နည်းနည်းပါးပါး သိနေရမှ ဒါရိုက်တာလုပ်တာကောင်းတယ်။ မဟုတ်ရင် ညာနေသလို ဖြစ်နေမှာပေါ့။

**မဆင့် ဓာဖတ်လား။**

အရင်တုန်းကတော့ ဖတ်တယ်။ အခုနောက်ပိုင်း မဖြစ်ဘူး။

**အရင်တုန်းက ဖတ်တာ ဘယ်လိုဟာမျိုးတွေလဲ။**

အများအားဖြင့် ဝတ္ထုတိုရယ်၊ မဂ္ဂဇင်းရယ်၊ ဂျာနယ်ရယ်။ အဲလိုမျိုးတွေဖတ်တာပေါ့။ ဟိုလိုမျိုးဝတ္ထုကတော့ ငယ်ငယ်တုန်းကတော့ ဖတ်တယ်။ ကြီးလာတော့ အချစ်ဝတ္ထုတွေဘာတွေ မဖတ်တော့ဘူး။ ဝတ္ထုဖတ်တာ သိပ်ဖီလင် မလာတော့ဘူးပေါ့နော်။ အဓိက ဝတ္ထုရှည်ထက် မဆင့်က အတိုကို ပိုကြိုက်တယ်။ တိုတိုလေးတွေ။

**အတိုကြိုက်တယ်။ လုံးချင်းဝတ္ထုတွေ မဖတ်ဖြစ်ဘူး။**

မဖတ်ဖြစ်တော့ဘူး။

**ရုပ်ရှင်လောကမှာပေါ့နော် မဆင့်နဲ့ ရန်အောင်နဲ့က တကယ်ကို အတွဲညီတယ်လို့ ပရိသတ်ကလည်း သတ်မှတ်တယ်၊ ရုပ်ရှင်အသိုင်းအဝိုင်းကလည်း သတ်မှတ်တယ်ပေါ့နော်။ ကားထဲမှာ အတွဲဆိုရင်လည်း မဆင့်တို့ နှစ်ယောက်က လိုက်တယ်၊ အပြင်မှာလည်း မဆင့်တို့နှစ်ယောက် တော်တော်များများ တွဲပြီး ဖျော်ဖြေတာရှိတယ်။ မဆင့်သီချင်းဆိုရတယ်လေ။ သီချင်းဆိုတာကျတော့ ရန်အောင်နဲ့တော့ ဆိုဖြစ်တယ်။ တခြားသူနဲ့ဆိုတာ မတွေ့ဖူးဘူး၊ မဆင့်တစ်ယောက်တည်းဆိုတာ မတွေ့ဖူးဘူး။**

ဟုတ်တယ်။ ဘယ်လိုခေါ်မလဲ သူနဲ့ကျတော့ တကယ့် မောင်နှမအရင်းလို ဖြစ်နေတာလေ။ ဖြစ်နေတဲ့အခါကျတော့ ဘာပဲလုပ်လုပ် တိုင်ပင်ကြတာပေါ့နော်။ ကားရိုက်မယ်ဆိုရင်လည်း တစ်ယောက်နဲ့တစ်ယောက်က အပေးအယူကလည်း သိနေတယ်။ သူဘာလုပ်မလဲ၊ ကိုယ်ဘာလုပ်မလဲဆိုတာ တိုင်ပင်တဲ့အခါကျတော့ မှန်းလို့လည်းရတယ်။ ပြီးတော့ ခုနလို ဧည့်ခံပွဲ ဘာညာ ဆိုမယ်ဆိုတာက သူက အသံအရမ်းကောင်းတာလေ။ မဆင့်တို့က သူ့ကိုမှီပြီး အလုပ်လုပ်ရတာ။ အဲဒါကျတော့ မင်္ဂလာဆောင်တစ်ပွဲမှာ မဆင့်တို့က ဒါဆိုလာတဲ့အခါကျတော့ အဝတ်အစား ဆင်ယင်မှုကအစ သူများ မင်္ဂလာပွဲကို ချီးမြှင့်တယ်ဆိုတာ ကျက်သရေရှိရှိ မဆင့်တို့က ချီးမြှင့်ချင်တယ်။ ဟုတ်လား။ ရန်အောင်ကလည်း မလျှော့တဲ့ထဲမှာ ပါတယ်လေ။ သူကလည်း ဘာဝတ်မယ်ဆိုတာကို နှစ်ယောက် တိုင်ပင်ကြတယ်လေ။ အဲဒါဆို ဆင်တူလေးတွေ၊ ချိတ်ဆိုလည်း ချိတ်ပေါ့ အဲလိုမျိုးတွေပေါ့။ အဲလိုဆိုတော့ အတွဲဆိုတာ ကြည့်ရတာ ပန်ရတာပေါ့နော်။ အဲဒါကြောင့် လိုက်ဖက်သွားတာ ဖြစ်သွားတာ။ အဲဒါ တစ်ပွဲဆိုပြီးတော့ နောက်ပွဲ နောက်ပွဲ

တွေက သူ့အဆက်အသွယ်နဲ့ လာပြီးတော့ ဖိတ်ကြတာပေါ့။

ငှားတာထက် ဖိတ်တာ ပိုများတာပေါ့နော်။ ပြီးမှ သူတို့က လက်ဆောင်ပြန်ပေးတာ။

**မဆင့် တခြား ပွဲတွေဘာတွေတော့ အလွတ်ပွဲတွေ ဘာတွေတော့ လိုက်မဆိုဘူးနော်။**

အသံမှမကောင်းတာ ဘယ်လိုလုပ်ဆိုမှာလဲ။ တစ်ပုဒ်တလေတော့ ကိစ္စမရှိဘူးလေ။ မဆင့်တို့ နိုင်ငံခြားဖျော်ဖြေပွဲတွေကျတော့ မဖြစ်မနေဆိုရတာကို။ အဲဒီအခါကျတော့ မဆင့်က သီချင်း ၁၀ ပုဒ်လောက် ကျက်ထားရတာလေ။ အများအားဖြင့်တော့ ရန်အောင်နဲ့သွားတာ များပါတယ်။ မဆင့်ဒီအတိုင်းသွားတာတော့ နည်းတယ်။ သူနဲ့သွားတော့ စုံတွဲသီချင်းတွေ အများဆုံး ဆိုဖြစ်တာပေါ့နော်။

**ဟုတ်ပါပြီ။ ပြဇာတ်တွေဘာတွေတော့ မဆင့် မက,ဖူးဘူးနော်။**

အရင်တုန်းကတော့ ပြဇာတ် အမျိုးသားဇာတ်ရုံမှာလုပ်တုန်းကတော့ မဆင့် က,ဖူးတယ်။ နည်းနည်းပါးပါးပေါ့။

**ဒါက ရုပ်ရှင်အစည်းအရုံးကလုပ်တဲ့ပွဲထင်တယ်။**

ရုပ်ရှင်အစည်းအရုံးကလုပ်တဲ့ပွဲရယ်၊ နောက်တစ်ခုလုပ်သေးတယ်။ အဲဒီတုန်းက ပြဇာတ် ရုံသွင်းတာပဲ။ မေ့တောင် မေ့သွားပြီ။ အဲဒါလည်း ဦးဘိုကလေးတင့်အောင်ပဲလားမသိဘူး အဲဒီတုန်းက က,ဖူးတယ်။

**ပြဇာတ်က,တာနဲ့ ရုပ်ရှင်ရိုက်တာ ဘယ်လိုကွာလဲ။**

ကွာတာပေါ့။ ရုပ်ရှင်ကျတော့ စိတ်က ထည့်တဲ့ Mood က မျက်နှာပေါ်မှာနော်။ မဆင့်တို့က ကိုယ့်ရဲ့ခံစားချက်ကို ပေါ်အောင် ပြရတယ်။ ပြဇာတ်ကျတော့ လှုပ်ရှားမှု ပိုများတာပေါ့နော်။ အသံတွေဆိုလည်း အော်ပြောရတယ်၊ လက်ဟန်ခြေဟန်တွေ ပိုထည့်ရတာပေါ့။ နည်းနည်း အိုဗာထည့်ရတာပေါ့။

က,ဖို့ဆိုတာက အထူးသဖြင့်ပေါ့နော် မဆင့်တို့ သရုပ်ဆောင်တွေက တကယ်တတ်သလားဆိုတော့ မတတ်ဘူး။ နည်းနည်း နည်းနည်း ဟိုစပ်စပ် ဒီစပ်စပ် ခိုင်းရင်အကုန်လုပ်တတ်တယ်။ ဒါကတော့ အနုပညာသမားတိုင်းပေါ့နော်။ တကယ်တတ်ရင် အကောင်းဆုံးပေါ့။ အနည်းနဲ့အများတတ်နေရင်တော့ သူများထက်စာရင် ပိုလွတာပေါ့။ မဆင့်လည်း အဲဒီလိုပဲ၊ အက,ဆိုတာက တကယ် က,တတ်သလားဆိုတော့ မက,တတ်ဘူး။

ယဉ်ကျေးမှုကျောင်းဆင်းလည်း မဟုတ်ဘူး။ ဒါပေမဲ့ ငယ်ငယ်တုန်းက ဖေဖေက ဇာတ်ထောင်ခဲ့တယ်။ အိမ်မှာဆိုရတာ။ ဇာတ်စည်းဝါးတွေ နားယဉ်နေတာလေ။ အိမ်မှာဇာတ်တိုက်တယ်၊ မင်းသမီးတွေက,တာ မြင်ဖူးနေတာလေ။ ပြီးတော့ မဆင့်တို့က ကျောင်းကပွဲတွေ၊ အစ်မတွေလည်းပါတယ်။ မဆင့်တို့လည်း တစ်ခါတလေ ပါတယ်ဆိုတော့ ကိုယ်က ဒီက,တာတွေနဲ့ မစိမ်းဘူးပေါ့။ ကိုယ် တကယ်က,ရမယ်ဆိုတာ စည်းဝါးကအစ မမှားဘူး။ လက်ချိုး ခြေချိုးပဲ အချိုးကျဖို့လိုတာပေါ့။ ဒါပေမဲ့ မဆင့်တို့က ရုပ်ကွက်မှာ က,တယ်ဆိုတာဟာ ရိုးရိုးလေးပဲ က,ကြတာ။ အငြိမ့်ကျတော့ သူက မာန်ပါ,ပါတာ။ အဲဒါက ဆရာမရဲ့ ဟန်တွေ၊ မာန်တွေက ပါတာ။ အဲဒါတွေက ကွာမှာပေါ့။ အဲဒါတွေလည်း လေ့လာထားဖို့ လိုတာပေါ့နော်။ မဆင့်ကတော့ အဲဒါလေးတစ်ခုကတော့ မဖြစ် ဖြစ်အောင်လုပ်တယ်။ ဆရာမတွေက မာန်ထည့်၊ မာန်ထည့် ဆိုတော့ မာန်လေးနည်းနည်းထည့်တာ။ စည်းဝါးနားလည်တဲ့အခါကျတော့ ကိုယ်သိပ်မက,တတ်တဲ့ အချိုးတွေရှိတယ်။ အဲဒီအခါကျတော့ ဆရာမ အဲဒါတွေမသင်နဲ့၊ ကိုယ်နဲ့လိုက်ဖက်တဲ့အက,တွေရှိသေးတာကို။ မလိုက်ဖက်တဲ့ အက,တွေဆို ရုပ်ဆိုးတယ်။ ကိုယ့် လက်ဟန်ခြေဟန်တွေက တချို့တွေဆို ချိုးလို့အဆင်မပြေဘူး။ ကိုယ်ကလည်း စိတ်ဝင်စားရမယ်။ တကယ်တမ်း အငြိမ့်တစ်ခုလက်ခံရင် ဒီအငြိမ့်ကို ကိုယ် ကျေညက်အောင် က,တတ်တာထက် အရှေ့မှာသင်ပြီး ကိုယ်လိုက်က,ရတာနဲ့ မတူဘူးလေ။ မျက်လုံးတွေက မတူဘူးပေါ့နော်။ အဲဒီမျိုးကျတော့ မဆင့်ကတော့ ကိုယ် လက်ခံထားတဲ့ကားကို၊ အငြိမ့်ကို ဘာပဲဖြစ်ဖြစ် တကယ့် မင်းသမီးဆိုတော့ မင်းသမီးတစ်ယောက်လိုလာပေါ့နော်။ အဲဒီလိုမျိုး ကိုယ် တာဝန်ကျေဖို့တော့ လိုတာပေါ့နော်။

**ကျွန်တော်တို့ ရုပ်ရှင်တွေ တစ်ခေတ်ပြတ်သွားပြီးတော့ ဗီဒီယိုပေါ့ ဗီဒီယိုပေါ်လာတဲ့အချိန် မြန်မာ့အသံကလည်း ကြော်ငြာတွေ အရမ်းခေတ်စားတဲ့အချိန်မှာ မေသန်းနုကြော်ငြာတွေ အများကြီးရှိခဲ့ဖူးတယ်။ နောက် ကျွန်တော်တို့ ပရိသတ်တောင် မေ့နေပြီလားမသိဘူး။ ဦးစန်းအောင် ရုပ်ရှင်အနေနဲ့ တစ်ကားပဲရိုက်တယ်။ ဒါပေမဲ့ သူက ကြော်ငြာမှာတော့ ကိုစန်းအောင်က တော်တော်များများရိုက်ခဲ့တယ်။**

ဟုတ်တယ်။ ကြော်ငြာခေတ်ဦးမှာ ဦးစန်းအောင်က နာမည်အရမ်းကြီးတယ်လေ။ မဆင့်တို့ကလည်း ကြော်ငြာစ,ရိုက်ခါစ၊ သူကလည်း စ,

ရိုက်ခါစ အဲဒီလိုမျိုးတွေပေါ့။ မဆင့် ကြော်ငြာစ,ရိုက်ခါစမှာ မောင်မောင်လှ မြင့်လား...။

**မောင်မောင်လှမြင့်။**

အင်း...မောင်မောင်လှမြင့်နဲ့လည်း မဆင့် နေကြာစေ့၊ ဂျပန်နေကြာစေ့ ဘာတွေ ရိုက်တယ်။ ပြီးမှ ကိုစန်းအောင်နဲ့ ရိုက်တာ။ မောင်မောင်လှမြင့်က ပိုစောတယ် ကြော်ငြာရိုက်တာ။ ဟုတ်တယ်။ ပြီးမှ ကိုစန်းအောင်။ ကိုစန်းအောင်နဲ့ တော်တော်များများ ရိုက်ဖြစ်တယ်လေ။ "နဂါးညီနောင်" ယိုစုံတို့ အဲဒါတွေ ရိုက်တယ်။ "ချစ် ချစ် ချစ်"တို့ ပြီးမှ ထက်ထက်မိုးဦးနဲ့ ရိုက်တာ။

**ကိုစန်းအောင် အဲဒီလို ကြော်ငြာရိုက်တဲ့နေရာမှာ မင်းသမီးအတွဲ ပါဖူးတယ်နော်။ ထက်ထက်မိုးဦး။**

ဟုတ်တယ်၊ ထက်ထက်မိုးဦးနဲ့။ ထက်ထက်မိုးဦးနဲ့ ကြော်ငြာတစ်ခုမှာ ဆုံတာပေါ့။ ဆုံတာတော့ မဟုတ်ဘူး၊ သူကတော့ တစ်ကဒ်စီရိုက်တာပေါ့။ နောက်မှ ဟိုလိုဆုံသွားမှန်းမသိဘူး၊ သူ့ဟာသူ လျှောက်လုပ်ထားတဲ့ အခါကျတော့ နည်းနည်းတော့ ကိုစန်းအောင်နဲ့ စကားပြောရသေးတယ်။

**နောက် အဲဒါပြီးတော့ ကျွန်တော်တို့ ရုပ်ရှင်ဖလင် ပျက်တဲ့အချိန်မှာပဲ ဗီဒီယိုကားတွေ ရိုက်လာကြတယ်နော်။ ဗီဒီယိုတွေ သူ့ထက်ငါ ရိုက်ကြတယ်။ ရိုက်တဲ့ထဲမှာ မဆင့်နဲ့ ရိုက်ပြီးတော့ ကိုမောင်ရိုက်ခဲ့တာပါပဲ။ "မောင်"ဆိုတဲ့ကား အရမ်းပေါက်တယ်။ မင်းသားကလည်း ရန်အောင်ပါပဲ။**

ဗီဒီယိုကားတစ်ခုက အရမ်းပေါက်ဖို့ဆိုတာ ခဲယဉ်းတယ်လေ။ ဗီဒီယိုဆိုတာ ထုံးစံအတိုင်းလေ နှစ်နာရီလောက် ကြည့်ရတာ ဟုတ်တယ်မလား။ တစ်နာရီခွဲ၊ နှစ်နာရီလောက် ကြည့်တယ်။ ကြည့်ပြီးရင် ပြီးသွားတာလေ။ လူတွေရဲ့ ခေါင်းထဲမှာ မရှိဘူး။ **မောင်**က ရုပ်ရှင်ကားတစ်ကား အောင်မြင်သလို အောင်မြင်ခဲ့တာ။ အဲဒါကြောင့် မဆင့်တို့ အတွဲက အရမ်း Lucky ပေါ့နော်။ အဲဒီမှာ ရန်အောင်နဲ့လည်း လူပြောသူပြော ပိုတော့ အပြောများသွားတယ်။ အရမ်းလိုက်ဖက်တယ်ပေါ့။ အခုချိန်ထိ လူကြီးတွေ တွေ့တယ်ဆို အဲဒီ **မောင်** က ပြောလို့ မဆုံးဘူး။ အခုအချိန်အထိ **မောင်**နဲ့ **သကြိန်မိုး** ကတော့ ပြောနေကြတာပေါ့။

**အဲဒီဟာက ထူးဆန်းတယ်နော်။ ကားလည်းပေါက်တယ်၊**

**သီချင်းလည်း ပေါက်တယ်။**

သီချင်းလည်းပေါက်တယ်၊ ဟုတ်တယ်။ သီချင်းကလည်း မဆွေဆိုတာနဲ့ တိုက်ဆိုင်သွားလို့ ပိုပေါက်သွားတာလေ အဲဒီသီချင်းကလေ။

**အဲဒီသီချင်းကလည်း ကိုအာယု ရေးခဲ့တာ။**

ဟုတ်တယ်၊ ကိုအာယု။

**အဲဒီတော့ "မောင်" အဲဒီအရှိန်နဲ့ပေါ့နော် ဗီဒီယိုတွေ မဆင့်တော်တော်များများ ခေါင်းဆောင်ပြီးတော့ ဟို... ပြောရရင် မင်းသားကပါလျှံကာလေး ပါပြီးတော့ မဆင့် တစ်ကိုယ်တော်တည်း ဦးဆောင်တဲ့ကားတွေ ရှိခဲ့ဖူးတယ်ပေါ့။ ဥပမာ "ကျွန်မ မေသန်းနုပါ"တို့ ဘာတို့။**

အဲဒီတုန်းက ဗီဒီယိုတွေက အရမ်းကို ရိုက်လို့ကောင်းတာပေါ့နော်။ အဲဒီမှာ အဓိကက မင်းသားတွေကလည်း ရိုက်ရက်တွေရှိသေးတယ်လေ။ မင်းသားရိုက်ရက်တွေ အဲဒီတုန်းက ရုပ်ရှင်နဲ့ ဗီဒီယိုနဲ့ အဲဒီလို ဟော့နေတဲ့အချိန်ဆိုတော့ ရုပ်ရှင်ဆီမှာ ရိုက်တဲ့သူနဲ့ဘာနဲ့ဆိုတော့ တကယ် ကိုယ်ရိုက်ချင်လည်း မင်းသားတွေက ရိုက်ရက်မရတာတွေရှိတယ်။ အဲဒီအခါကျတော့ ဒါရိုက်တာက ကိုအောင်မင်းသိန်းပေါ့နော်။ မဆင့်တစ်ယောက်တည်း ရိုက်ရတာဆိုတော့ မဆင့်က ပရိုဂျူဆာကို မေးလိုက်တယ်။ ထုတ်ရဲလားဆိုတော့ ထုတ်ရဲတယ်ဆိုတော့ **ကျွန်မ မေသန်းနု** ကို ပထမဦးဆုံး စ,ရိုက်တာ။ အဲဒါ အောင်မြင်သွားရော။ အောင်မြင်သွားတော့ နောက်တစ်ခါ ရိုက်တယ်။ ၄ ကားလောက်အထိ ရိုက်တယ်။ နောက်ပြီးတော့လည်း ဖက်တီးလေ ခင်စောမျိုးလည်း မ,တွေ အများကြီး ရိုက်တယ်လေ။ အဲဒါလည်း မိန်းမတွေ အများကြီးရိုက်တာပဲ။

**ဟုတ်တယ်၊ ဟုတ်တယ်။**

ဟုတ်တယ်၊ အဲဒါတွေက တော်တော်စားရတာပေါ့နော်၊ စီးပွားရေးအရ။

**အရင်တုန်းကတော့ မင်းသားတစ်လက်၊ မင်းသမီးတစ်လက်နဲ့ပဲ တောက်လျှောက် သွားကြတာပေါ့။ နောက်ပိုင်းကျတော့ မင်းသမီးနှစ်လက်၊ မင်းသားနှစ်လက် ဆိုတာမျိုးတွေ ပြောင်းသွားလာတယ်ပေါ့နော်။ မဆင့် တခြားမင်းသမီးတွေနဲ့ တွဲပြီး ရိုက်ရတဲ့အခါမှာ ပြဿနာဖြစ်တာမျိုးတွေဘာမျိုး ရှိဖူးလား မသိဘူး။**

မဆင့်တို့က ရုပ်ရှင်နဲ့ စ,တာပေါ့နော်။ ရုပ်ရှင်လောကထဲ ဝင်တဲ့

အချိန်မှာ မင်းသမီးနှစ်လက်ဆိုတာက အပြိုင်၊ မင်းသားနှစ်လက်အပြိုင် တော်တော်ကို ရှားတာပေါ့နော်။ အပြိုင်ဆိုတာလည်း တစ်ယောက်နဲ့တစ်ယောက်က အပြင်မှာသာ ခင်ကြတာ၊ အနုပညာမှာကျတော့ သူက ဘယ်နှဆင်းနဲ့ပါတယ်၊ ငါက ဘယ်နှဆင်းနဲ့ပါတယ် အဲဒါမျိုးတွေလေ။ အနုပညာအတ္တတွေကပေါ့နော် အဲဒါတွေက များနေတဲ့အခါကျတော့ တချို့ကလည်း အဆင်ပြေတယ်၊ တချို့ကလည်း အဆင်မပြေဘူး။ တချို့က အဆင်ပြေတယ်ဆိုတာ ဘယ်လိုအဆင်ပြေလဲ။ မင်းသမီးနှစ်လက်မှာ တချို့က တစ်ယောက်က ဆင်းနဲ ၃၀ လောက်ပါမယ်၊ တစ်ယောက်က ၂၀ ဆင်းနဲ လောက်ပဲ ဆိုတော့ ဒါ အဆင်ပြေတယ်လေ။ ၂၀ ဆင်းနဲသမားက လက်ခံထားတာကို။ အဲဒါကျတော့ ပြဿနာမဖြစ်ဘူး။ အပြိုင်အချင်းချင်းဆိုရင် သူကများတယ်၊ သူက နည်းတယ် အဲဒီစိတ်တွေနဲ့။ မဆင့်ကို လာငှားဖူးတယ် အဲဒီလိုပဲ။ မဆင့်ကတော့ ကိုယ်ရဲ့ စီနီယာဆိုရင် ကိုယ်က ဦးစားပေးမှာ။ ဘာဖြစ်လို့လဲဆိုတော့ ဆင်းနဲ ၃၀ ရှိလို့ ကိုယ် ၂၀ ရှိတယ်။ ကိုယ်အဲဒီကာရိုက်တာ ကြိုက်ရင် လက်ခံမှာ။ မဆင့် လက်ခံထားပြီးပြီ။ ဒါပေမဲ့ ပျက်သွားတာ။ ဘာလို့ပျက်လဲဆိုတော့ တစ်ဖက်နဲ့ ဒါရိုက်တာနဲ့ ညှိတာ အဆင်မပြေလို့တဲ့ မဆင့်ကို အဲဒီလို အကြောင်းပြန်တာလေ။ အဲဒီတော့ ရုပ်ရှင်ခေတ်ဦးမှာကျတော့ မဆင့်တို့က အပြိုင်တွေ သရုပ်မဆောင်ခဲ့ရဘူး။ ခုနပြောသလို တစ်ကိုယ်တော်တည်း သွားနေတာပေါ့နော်။ ဒီဘက်ကျတော့ နှစ်ယောက်လည်းမဟုတ် သုံးယောက်လည်းရတယ်၊ လေးယောက်လည်း ရတယ်။ ဒီခေတ်ကျတော့ စိတ်က ရှင်းတယ်။ ဘာစိတ်မှ မရှိဘူး။ တစ်ကား ပြီးတစ်ကား ရိုက်ဖို့ပဲ စိတ်တွေက စောနေကြတာ။ တစ်ယောက်နဲ့တစ်ယောက် မောင်နှမစိတ်တွေ ပိုဖြစ်သွားတာ။ အရင်ခေတ်လိုတော့ မဟုတ်ဘူး။

**Rehearsal လုပ်တယ်ပေါ့နော်၊ ရုပ်ရှင် တကယ် ကင်မရာ စ, မမောင်းခင်မှာ Rehearsal လုပ်တာရှိတယ်။ အဲဒီလို အပြိုင်မျိုး ကြုံတဲ့အခါမှာ Rehearsal လုပ်ပါဆိုရင် Rehearsal လုပ်ပြလိုက်တယ်။ သို့သော် ကိုယ်တကယ်လုပ်မယ့်ဟာကို မလုပ်ဘဲနဲ့ လျှို့ထားတာမျိုး ရှိတတ်တယ်။**

ရှိတယ်၊ ရှိတယ်။ အပြိုင်ဖြစ်လာပြီဆိုရင် တစ်ယောက်နဲ့တစ်ယောက် သတိထားရပြီ။ ခုနလို **မြစ်တို့၏မာယာ** ဆိုရင် မင်းသားနှစ်လက်

နော်။ ရန်အောင်လုပ်တဲ့အချိန်မှာ ရဲအောင်က တစ်ချိန်လုံး လာကြည့်တယ် သူ ဘာလုပ်မလဲ။ ရဲအောင်လုပ်တဲ့အချိန်မှာ ရန်အောင် တစေ့တစောင်းကြည့် နေတယ်။ အဲဒီအပြိုင်ဖြစ်တဲ့အခါကျတော့ သူဘာလုပ်မယ်၊ ငါဘာလုပ်မယ်။ မဆင့်ကျတော့ စိတ်ကို ရှင်းရှင်းထားတာကောင်းတယ်။ Rehearsalကို အထပ် ထပ်လုပ်တယ်။ ဘာဖြစ်လို့ဆို ဖလင်က တအားကိုဈေးကြီးတာကိုး။ ရှေ့လို ဖြစ်နေတဲ့အခါကျတော့ ဒိုင်ယာလော့ခ်ကို မမှားအောင် ဂရုစိုက်နေရတယ်။ Rehearsal ပေးတာပေါ့နော်။ ကိုယ်က ဒိုင်ယာလော့ခ်သာ လျှော့ပေးမယ် တကယ်လည်းလုပ်ရင် နည်းနည်းတင်မှာ၊ အဲဒီတစ်ခုပဲ။ တချို့က မဟုတ် ဘူး။ လျှော့ပြီးတော့ တကယ်လည်းကျရော ဝုန်း ဒိုင်းနဲ့ ဘာတွေလုပ်လိုက် မှန်းမသိဘူး အဲဒီလို လန့်သွားတာပေါ့နော်။ အဲဒီမျိုးတွေ မထင်မှတ်တဲ့ အိုက်တင်တွေ လုပ်တတ်တယ်။ ဒါ ချိုးတာပေါ့နော်၊ အဲဒီလိုမျိုးကျတော့။ အဲဒါမျိုးလည်း ရှိတယ်။

**မဆင့် ကြုံဖူးလား။**

ကြုံဖူးတာပေါ့။

**ဟုတ်ကဲ့ ကျေးဇူးပါ။ ကျွန်တော်တို့ ၂၀၂၀ ကျလို့ရှိရင် မြန်မာ့ ရုပ်ရှင် နှစ် ၁၀၀ ပြည့်တော့မယ်ပေါ့နော်။ အဲဒီ နှစ် ၁၀၀ ပြည့်အတွက် မဆင့်ရဲ့ ဆုတောင်းလေးပေါ့။**

နှစ် ၁၀၀ မှာပေါ့နော် မဆင့်တို့ ဒီအနုပညာလောကကြီး ကျန်းမာ ချမ်းသာပြီးတော့ ဒီထက်မက တိုးတက်အောင်မြင်ပါစေလို့ မဆင့်က ဆုမွန် ကောင်း တောင်းပါတယ်။

**ကျေးဇူးပါ ခင်ဗျာ။**

***





# အကယ်ဒမီ မေယု

ကျွန်တော်တို့ ဒီနေ့တင်ဆက်မယ့်အစီအစဉ်ကတော့ ကမာရွတ် မီဒီယာနဲ့ ပူးပေါင်းပြီး တင်ဆက်နေကျဖြစ်တဲ့ **လိပ်ပြာကူး ထူးခြားသူများ** ဆိုတဲ့ အစီအစဉ်ပဲ ဖြစ်ပါတယ်။ ဒီနေ့မှာတော့ ကျွန်တော် ထူးထူးခြားခြား အမေရိကန်ပြည်ထောင်စုမှာ နေထိုင်ပြီးတော့ ရန်ကုန်မြို့ကို ခေတ္တအလည် အပတ်ရောက်လာတဲ့ အကယ်ဒမီ မေယုနဲ့ တွေ့ဆုံဖို့ စီစဉ်ထားတာဖြစ်ပါ တယ်။

**မင်္ဂလာပါ မယုရေ။**

မင်္ဂလာပါ ဆရာ။

**ဟုတ်ကဲ့... မယုတို့ အမေရိကားမှာ ရှိနေတဲ့အချိန် ကျွန်တော် တို့ ဒီဘက်က မြန်မာ့ရုပ်ရှင်ကလည်း တော်တော်တိုးတက်လာပြီပေါ့ နော်။ မယုတို့ခေတ်ကနဲ့တော့ တော်တော်လေးကွာသွားပါပြီ။**

ဟုတ်ကဲ့၊ ဟုတ်ပါတယ်။

**အဲဒီတော့ ကျွန်တော် စ,သိချင်တာက ရုပ်ရှင်လောက အခု ဒီ ၂၀၂၀ ဆို နှစ် ၁၀၀ ပြည့်တော့မယ် မြန်မာ့ရုပ်ရှင်ကနော်။**

မှန်ပါတယ်။

အဲဒီကာလထဲမှာ ကျွန်တော်မီသလောက်ဆိုရင် ညီအစ်မနှစ်ယောက် ရုပ်ရှင်လောကထဲ ဝင်တာ တော်တော်ရှားတယ်ပေါ့နော်။ ဒေါ်ကြည်ကြည်ဌေးနဲ့ ဒေါ်သိန်းရှင်၊ ဒါ သူတို့ ညီအစ်မအရင်းနော်။ ထားထားနွယ်နဲ့ တင်တင်ညို ဒါ သူတို့ ညီအစ်မနှစ်ယောက်အရင်း၊ တစ်ခါ မေယုနဲ့ သူဇာ ဆိုပြီးတော့ ညီအစ်မနှစ်ယောက် ရုပ်ရှင်လောကထဲ ရောက်လာတယ်ပေါ့။ ဒါ အင်မတန်ထူးခြားတာပါ။ ညီအစ်မနှစ်ယောက် ရုပ်ရှင်လောကထဲ ရောက်တယ်ဆိုတာ။

ဟုတ်ကဲ့ပါ။

မေယုတို့ ဘယ်လိုကြောင့် ရုပ်ရှင်လောကထဲ ရောက်ဖြစ်တာလဲ။ အဆက်အသွယ်ရှိလို့လား၊ မျိုးရိုးရှိလို့လား အဲဒါလေး ပြောပြပေးပါ။

အဆက်အသွယ်လည်း မရှိဘူး ဆရာ၊ မျိုးရိုးလည်း မရှိဘူး။ မေယုဆိုရင် ဝါသနာလည်း မပါဘူး။ ကျောင်းဆရာမလေးပါ အဲဒီအချိန်က။

ဝိုး....။

ဟုတ်ကဲ့၊ အ.ထ.က ၄ ကမာရွတ်မှာ ကျောင်းဆရာမလုပ်နေတာ။ တကယ်ဝါသနာပါတာက မေရီမြင့်ကို အရမ်းချစ်ခဲ့တဲ့ သူဇာလေး၊ မေယု ညီမအငယ်ဆုံးလေးက သူက ဝါသနာပါတယ်လေ။ ရုပ်ရှင်ကောင်စီက မင်းသား၊ မင်းသမီး...ရုပ်ရှင်အစည်းအရုံးပေါ့လေ၊ မင်းသား၊ မင်းသမီး ရွေးခေါ်နေတယ်တဲ့။ အဲဒါ မေယုကို အတူသွားပြိုင်ရအောင်ဆိုတော့ ညီအစ်မနှစ်ယောက်က ဘာလုပ်လုပ် အတူတူလုပ်တယ်ဆရာရယ်။ အဲဒါသွားမယ် မမရယ်တဲ့။ မမရဲ့ဓာတ်ပုံကို ခင်စိုးဓာတ်ပုံတိုက်ကနေ ကူးလာတယ်တဲ့။ အဲဒါနဲ့ မေယုကလည်း အိုကေ၊ အဲဒါဆိုရင် ညီအစ်မနှစ်ယောက် သွားပြီးတော့ တင်မယ်ဆိုပြီးတော့ ဓာတ်ပုံတင်လိုက်တာ။ အဲဒါတင်လိုက်ပြီးတော့ နှစ်လလောက်ကြာတော့ သူတို့တွေက ဓာတ်ပုံရွေးတာပေါ့ ဆရာ။ ဓာတ်ပုံရွေးပြီးတော့ ခေါ်လိုက်တယ်။ အဲဒီအထဲမှာ မေယုတို့ ညီအစ်မနှစ်ယောက် ပါသွားတယ်။

ဟုတ်ကဲ့။

နောက်တစ်ခါ ဒုတိယအကြိမ် တစ်ယောက်စီ သီချင်းလေးတွေ ဆိုပြရတယ်။ လူကြီးတွေက အိုက်တင်တွေလုပ်ခိုင်းတယ်။ နောက်တစ်ခါကျတော့ နောက်သုံး၊ လေးလလောက်ကြာတော့ မင်းသားအသစ်ရွေးတဲ့သူတွေ

နဲ့ မေယုတို့ မင်းသမီးအသစ်ရွေးတဲ့လူတွေနဲ့ ယှဉ်တွဲပြီးတော့ တစ်ခါ စုံတွဲလေးတွေ လုပ်ရပါတယ် ဆရာ။

**ဟုတ်ကဲ့၊ ဟုတ်ကဲ့ပါ။**

အဲဒီအခါကျတော့ မေယုလည်း မောင်မောင်ကျော် ဆိုတဲ့ တစ်ယောက်နဲ့ မဲနှိုက်တာ မဲပေါက်တော့ သူနဲ့ တွဲရတယ်လေ။ မောင်မောင်ကျော်ဆိုတဲ့သူက ဘာပြောသလဲဆိုတော့ ငါတဲ့... မင်းသမီးလာရွေးတဲ့အထဲမှာတဲ့... သဘော်နာမည်နဲ့ မင်းသမီးတစ်ယောက်ကို ကြည့်လို့မရဘူးတဲ့။ အမှန်မှာတော့ သူက မေယုရှေ့က ထိုင်နေတာ။ လူချင်းလည်း မသိဘဲနဲ့ မေယုကို ရန်စ,တာ(ရယ်လျက်)။ အဲဒါနဲ့ မေယုကလည်း ငါက အဲဒီ မောင်မောင်ကျော် ဆိုတဲ့ အကောင်နဲ့ တွဲရမှာလို့၊ မေယုတို့ ငယ်ငယ်လေးတွေပဲ ရှစ်တန်း၊ ကိုးတန်းအရွယ်လေးတွေပဲ။ အဲဒါနဲ့ အဲဒီ မောင်မောင်ကျော် ဆိုတဲ့လူကို မေယုက မဲတံဆိပ်လေးနာမည်ထောင်ပြီးတော့ ဟေ့ မောင်မောင်ကျော်ဆိုတာ ဘယ်သူလဲဟေ့ ဆိုတော့ အဲဒီ မောင်မောင်ကျော် ဆိုတဲ့လူက ဦးထုပ်ကိုလည်း စိုက်ထားတယ် ဆရာ။ ခြေထောက်ကိုလည်း အရှေ့ကို လျှောပြီးတော့ ထိုင်ထားတယ်။ ထိုင်ထားပြီးတော့ ဟေ့ မောင်မောင်ကျော် ဆိုတာ ငါပဲတဲ့။ အဲဒီ ငါပဲနဲ့ ငါနဲ့ တွဲရမှာလေလို့ မေယုက)။ အဲဒီ ငါပဲနဲ့ မေယုနဲ့ တွဲပြီး ရိုက်လိုက်တဲ့အချိန်မှာ၊ အိုက်တင်တွေ လုပ်တဲ့အချိန်မှာ လူကြီးတွေက သိပ်သဘောကျတာပဲဆရာ။ သဘောကျပြီးတော့ ဟာ... ဒီစုံတွဲက အရမ်းတော်တာပဲဆိုပြီးတော့ ရွေးထုတ်လိုက်တာပေါ့။ နောက်ပိတ်ဆုံး တစ်ဆင့်ပြီးတစ်ဆင့် တဖြည်းဖြည်း ရွေးရင်း... ရွေးရင်းနဲ့ သီချင်းဆိုခိုင်းတာတွေလည်း သူတို့ရှိတယ်ဆရာ။ သီချင်းဆိုခိုင်းတော့ မေယုက ဟိုတုန်းက ဒေါ်ကြည်ကြည်ဌေး သီချင်းလေး *"အနုပညာစွမ်းဆိုတာxxx လွမ်းရမယ့် အခန်းတွေမှာလည်း လွမ်းသွားအောင် သရုပ်ဆောင်ထားတယ်xxx သနားစဖွယ်"* အဲဒီလိုလေး ဆိုတယ်။ ဟာ... အရမ်းချစ်ကြတာ။ အဲဒီ မောင်မောင်ကျော်က မေယုကို မျက် စောင်းတခဲခဲနဲ့ သူ မကြိုက်ဘူး မေယုကို။ အနုပညာမှာ မကြိုက်လည်းမကြိုက်ရော၊ သူနဲ့ မေယု တွဲလည်း တွဲလိုက်ရော ရန်ဖြစ်တဲ့အခန်းကျတော့ နှစ်ယောက်စလုံး ဆုရတာလေ ဆရာ။

**ဩော်...ဩော်။**

အဲဒီလူက တစ်ချိန်ကျတော့ ရုပ်ရှင်မင်းသား အကယ်ဒမီ အထပ်

ပေါင်းများစွာ ရတဲ့ ကျော်ဟိန်းပါ ဆရာ။

**ဟုတ်… ဟုတ်။**

အဲဒါနဲ့ မေယုတို့နှစ်ယောက် တွဲဖြစ်သွားတယ်။ လူတွေ သိပ်သဘောကျကြတယ်။ အဲဒီနောက်ပိုင်း တောက်လျှောက်ပဲ မေယု ရိုက်လာတာလေ ဆရာ။

**ဟုတ်ကဲ့၊ ပထမဆုံးရိုက်တဲ့ကားက ဘာကားလဲ မသိဘူး။**

ပြည်တော်ကြီးရုပ်ရှင်က ရိုက်တဲ့ **တူတူရေ…ဝါး**၊ ညီအစ်မနှစ်ယောက်စလုံး ပါ,ပါတယ်။

**"တူတူရေ… ဝါး" ဟုတ်ကဲ့။**

နောက်ပြီးတော့ **တမာပန်း။** အဲဒါ ဒါရိုက်တာ ကိုရင်လှပေါ့နော်။ ခုတော့ သူလည်း မရှိတော့ပါဘူး။ အဲဒီမှာကတော့ ကိုဇော်ခင်နဲ့ပေါ့။

**"တူတူရေ… ဝါး"က ကိုစိန်မြင့်လား မသိဘူး။**

**တူတူရေ…ဝါး** ရိုက်တဲ့အခါကျတော့ ကိုစိန်မြင့်နဲ့ သူဇာနဲ့ တွဲတယ်။ သူတို့ အရုပ်အရှည်ကြီးနှစ်ယောက် တွဲရတယ်။ မေယုက အဲဒီအရွေးခံရတဲ့အထဲက ဒုတိယရတဲ့ ကျော်ဝင်း၊ နောက်… သူ ဆရာဝန်ဖြစ်သွားတယ်လေ။ အဲဒီ ကျော်ဝင်းနဲ့ မေယုက တွဲရတယ်လေ ဆရာ။ အဲဒီကားက ဟာသကားပေါ့။ ဦးချင်းစိန်ရိုက်တာဆိုတော့ ရယ်စရာပဲ။ ဒါပေမဲ့ ကလိထိုးရယ်ရတာမျိုး မဟုတ်ဘဲနဲ့ ညီအစ်မနှစ်ယောက်ကို အမြွှာ၊ ညီအစ်မနှစ်ယောက်လည်း လုပ်ထားသေးတယ်။ နှစ်ယောက်စလုံးက အမြွှာဆိုတော့ လေးယောက်အိုက်တင် လုပ်ရတာပေါ့။ ရယ်ရတယ်။ ဟာသတွေချည်းပဲ အကုန်လုံးက(ရယ်လျက်)။ မေယုတို့ မှတ်မိပါတယ်။ အဲဒီလို ရိုက်ရပါတယ်။

**ဟုတ်ကဲ့။**

အဲဒါပြီးတော့ **သတ္တိသွေးနဲ့ တေးလုလင်** မေယု ဆက်ရိုက်ပါတယ်။ ညီမလေးကတော့ ၆ ကားပေါ့။ သူ ဆက်တိုက်ရိုက်ပြီးတော့ အိမ်ထောင်ပြုသွားတဲ့အတွက် အမေရိကားကို ထွက်လာတာပေါ့။ မေယုကတော့ ဆက်ပြီး ရိုက်ဖြစ်တယ်လေ။

**မယု ရိုက်တဲ့ကားတွေ ကားအရေအတွက် ဘယ်လောက်များရှိသလဲ။**

ဟုတ်… မေယုမှတ်မိသလောက်ကတော့ ရှစ်ဆယ်လောက်တော့ မှတ်မိတယ်။ ရာတော့ နည်းနည်းကျော်တယ်။ ဒါပေမဲ့ အများကြီးတော့

မကျော်ဘူး။ တစ်ရာ့ရှစ်၊ တစ်ရာ့တစ်ဆယ် အဲဒီလောက်ပဲရှိတယ်။

ဩော်... ဟုတ်ကဲ့၊ အဲဒီ ရိုက်ခဲ့တဲ့ ကားတွေထဲမှာ ကျွန်တော် မှတ်မှတ်ရရ မှတ်မိတာပေါ့နော်၊ အဲဒီတုန်းက အကယ်ဒမီဆုပေးပွဲက ကျွန်တော်တို့ အမျိုးသားဇာတ်ရုံ ဆောက်ထားတဲ့နေရာ။ ဒါပေမဲ့ အမျိုးသားဇာတ်ရုံကြီး မဟုတ်သေးဘူး၊ လေဟာပြင်ပေါ့နော်။ ကျွန်တော်တို့ လေဟာပြင်ဇာတ်ရုံကြီးမှာ ပွဲကြည့်စင်တွေက ခုံတွေ အနိမ့်အမြင့်ရှိတယ်။ အဲဒီပွဲမှာပေါ့နော်၊ ဆရာ ဦးဝင်းဖေလည်း လာတယ်။

ဟုတ်။

မယုတို့လည်း လာကြတယ်ပေါ့နော်၊ ကျွန်တော်တို့က သတင်းထောက်၊ သတင်းသမားတွေဆိုတော့ ဆရာ ဦးဝင်းဖေကို မေးတယ်။ ဆရာ ဘာများကြားလဲဆိုတော့ ဆရာဦးဝင်းဖေက ခပ်တည်တည်နဲ့ ဒီနှစ်တော့ မေယုနဲ့ ဝင်းဖေ ရမယ်ကြားတာပဲဗျာတဲ့(ရယ်လျက်)။ သူပြောတဲ့ အဓိပ္ပာယ်က တစ်မျိုးပေါ့နော်။ မေယုနဲ့ ဝင်းဖေ ရလိမ့်မယ်လို့ ကြားတာပဲဗျာ ဆိုတာ သူ့ဟာနဲ့သူလည်း သဘောကျနေတာ(ရယ်လျက်)။ တကယ်လည်း မယုနဲ့ ဆရာဦးဝင်းဖေ အကယ်ဒမီရသွားကြတယ်ပေါ့နော်။ "နှင်းဆီနီအိပ်မက်"။

နှင်းဆီနီအိပ်မက် ပါ ဆရာ။

ဆရာ ဦးဝင်းဖေရဲ့ Presentation က အရမ်းလည်းကောင်းပါတယ်။ မင်းသားကြီးနှစ်ယောက်ဖြစ်တဲ့ ဦးထွန်းဝေနဲ့ ဦးကောလိပ်ဂျင်နေဝင်း နှစ်ယောက်က ဒီဇာတ်ကြောင်းကို ပြန်ပြောပြတဲ့နေရာက ပါကြတာပေါ့နော်။ သူတို့လည်း ပါတယ်။ အဓိကဇာတ်ကောင်ကတော့ ဦးညွန့်ဝင်း၊ ဆွေဇင်ထိုက်နဲ့ မယုနော်။ အရမ်းခေတ်ဆန်တယ်လို့ ထင်ရတဲ့ မိန်းကလေးကကျတော့ တကယ် အေးချမ်းတဲ့ အိမ်ထောင်ရှင်မဖြစ်သွားတယ်။ အရမ်းရိုးတယ်လို့ ထင်ရတဲ့ မိန်းကလေးက နောက်ကျတော့ ဆန်းဆန်းပြားပြား ဖြစ်သွားတယ်။

မှန်ပါတယ် ဆရာ။

အဲဒီတော့ မယုတို့နှစ်ယောက်ရဲ့ ကာရိုက်တာက အဲဒီလိုမျိုး ကွဲပြားသွားတယ်။

ဟုတ်ကဲ့... ဟုတ်ကဲ့။

ခုနက မယုပြောထားတဲ့ ပုံစံအရဆိုရင် ဒါ On Scene မှာ

ဂရေ့စ်နဲ့ နှစ်ယောက် လဲလိုက်ကြတယ်လို့ သိရတယ်။

ဟုတ်ကဲ့ပါ၊ ဟုတ်ပါတယ်(ရယ်လျက်)။

**အဲဒါလေး ပြောပြပေးပါဦး။**

ဟုတ်ကဲ့ပါဆရာ၊ အဲဒါ မေယုကလေ မိတ်ကပ်လေးဘာလေး နည်းနည်းပါးပါး ပြန်ပြင်နေတယ် အဲဒီအချိန်ကလေ။ အဲဒါ ဂရေ့စ်က ရောက်လာပြီး မမရေတဲ့...၊ သူနဲ့ မေယုနဲ့ကလေ မိန်းကလေးနှစ်ယောက်သာဖြစ်ပေမဲ့ ညီအစ်ကိုနှစ်ယောက်လိုပဲ သိပ်ပွင့်လင်းတယ်။ သွားကြ၊ လာကြ၊ ပြောကြ ဆိုကြနဲ့ အကုန်သိပ်ချစ်တယ်လေ။

**ဟုတ်ကဲ့။**

ဂရေ့စ်က ရောက်လာပြီး မမရေတဲ့... အခန်းက အတူတူပဲ မမရေတဲ့။ အဲဒါ အစ်ကို ညွန့်ဝင်းကြီးက နှစ်ကိုယ်ခွဲထားတာဆိုတော့ ကျွန်တော်က တစ်ကိုယ်၊ မမက တစ်ကိုယ်ဗျာတဲ့၊ အဲဒါ အခန်းလဲပြီး ရိုက်ရအောင်တဲ့ သူက။ မေယုကလည်း အေးအေးဆေးဆေးပဲ၊ အေး... ကောင်းတယ်ဟာ... ချဆိုပြီးတော့ သူနဲ့ မေယု အခန်းလဲရိုက်လိုက်တာ အားလုံးပေါင်း သုံးရက်ပဲ ရိုက်လိုက်ရတာကိုး။

**ဟုတ်ကဲ့။**

အိမ်ထောင်သည်ဘဝအခန်းကို ရိုက်တဲ့အခါကျတော့ သူက အရမ်းကို ကဲနေပြီး ယောကျ်ားရဲ့ ရတဲ့လခနဲ့တောင် မတန်အောင် သုံးဖြုန်း၊ သူငယ်ချင်းတွေနဲ့ ပျော်ပါး၊ အလှအပကို မက်မော၊ ကလေးနှစ်ယောက်ရှိပြီးတော့ အဲဒီကလေးနှစ်ယောက်ကိုလည်း မထိန်းနိုင်၊ မသိမ်းနိုင်။ အိမ်မှာလည်း ဖြစ်ချင်တိုင်းဖြစ်၊ ပွချင်တိုင်းပွ၊ အဲဒီအခန်းကို ရိုက်ရတာဆိုတော့ လေသံကအစ ပြောင်းခိုင်းတာ ဆရာ။ မေယုက အပျိုကြီးပဲ၊ အဲဒီကလေးနှစ်ယောက် အမေခန်းကို ရိုက်ရတဲ့အခါကျတော့ ကလေးနှစ်ယောက်အမေတွေကို လိုက်လေ့လာလိုက်တာ... လိုက်လေ့လာကြည့်တဲ့အခါကျတော့ ကလေးနှစ်ယောက်အမေတောင် ဖြစ်နေမှတော့ အမျိုးသမီးတွေက ပြောရဲဆိုရဲ၊ ယောကျ်ားကိုလည်း တန်ဖိုးမထား ပြောနိုင်ဆိုနိုင် ရှယ်တူတန်းတူဖြစ်သွားပြီလေ။ စောစောတုန်းကတော့ ကိုယ်က အချစ်ခံတဲ့သူ၊ အခုကကျတော့ ယောကျ်ားရှာသလောက် ကိုယ်ရှာစရာမလိုဘူး။ ယောကျ်ားရှာတဲ့ ပိုက်ဆံကို သုံးဖြုန်းနေတဲ့ မိန်းမတစ်ယောက်အနေနဲ့ကျတော့ နည်းနည်း ကြမ်းကြမ်းတမ်းတမ်း ပြောရဲဆိုရဲ၊ ယောကျ်ားလည်း ဂရုစိုက်စရာမလိုဘူး။ "ဟော့...

ဒီမှာ ငါ့ညွှန်းသည်ရှိတယ်ဟေ့၊ အဲဒါ ဘာပြောမလို့လဲ၊ ဟင်... အို... မအားဘူး၊ မအားဘူး။ ဒီမှာ အလုပ်တွေဘာတွေ ပြင်နေရသေးတယ်။ သူငယ်ချင်းနဲ့ အပြင်သွားစရာရှိလို့ဆို"။ အဲဒါလေးတွေကို ဆရာက မေယုကို လိုချင်တာ၊ မေယုတဲ့ ငါ နင့်ကို ဒိုင်ယာလော့ပေးလိုက်မယ်တဲ့။ နင်လုပ်စမ်း အဲဒီအမူအရာကိုတဲ့။ ဆရာဦးဝင်းဖေ မေယုကို လွှတ်လိုက်တာဆရာ။ မေယုကို ရေထဲကို လွှတ်လိုက်တာ။ လွှတ်လိုက်တော့ မေယု အကယ်ဒမီ ရတာပေါ့ဆရာ။ အဲဒါပါပဲ။

**အဲဒါက ဂရေ့စ်နဲ့ နေရာချင်း ပြောင်းလိုက်လို့ပေါ့နော်(ရယ်လျက်)။ တကယ်လို့များ မပြောင်းရင်ရော။**

မပြောင်းရင်ကကျတော့ စောစောပိုင်းက သုံးတယ်၊ ဖြန်းတယ်ဆိုတဲ့ အခန်းကို မေယုတို့ ငယ်ရွယ်တဲ့သူတွေအနေနဲ့ အမူအရာ မေယု လုပ်နိုင်မှာပဲ။ ဒါပေမဲ့ အရမ်းအေးချမ်းနေတဲ့ အိမ်ထောင်သည်ဘဝ၊ လေသံလေးပါ ပြောင်းပြီးတော့ ကိုယ့်ယောက်ျားကိုလည်း ရိုသေ၊ အိမ်မှာလည်း ချက်ပြုတ်ကျွေးမွေး၊ အိမ်နောက်ဖေးမှာလည်း သစ်ပင်လေးတွေ စိုက်လို့၊ ယောက်ျားလာရင် ထွက်ကြိုလို့၊ ယောက်ျားအလုပ်က ပြန်လာတာနဲ့ တိုက်ပုံအင်္ကျီလေးကို ဆွဲယူလို့ အဲဒါမျိုးတွေ လုပ်ရမယ်ဆိုရင် မေယုက နည်းနည်း ငယ်နေသေးတယ်ဆရာ သိလား။

**ဟုတ်။**

မေယု ကံကောင်းဖို့အတွက် ဂရေ့စ်က ဖန်တီးပေးလိုက်တယ်လို့ မေယု ထင်ပါတယ်ဆရာ။ ဂရေ့စ်ကိုလည်း ကျေးဇူးတင်ပါတယ်။ ဆရာ ဦးဝင်းဖေကိုလည်း ကျေးဇူးတင်ပါတယ်။

**မယုတို့ ကားရိုက်ရတဲ့ခေတ်မှာပေါ့နော်၊ မယုတို့ အခု ကားပေါင်း တစ်ရာကျော် ရိုက်ခဲ့ရတာပေါ့။ အဲဒီခေတ်တုန်းကလည်း ဒီလိုမျိုး သရုပ်ဆောင်အဖြစ်နဲ့ လာပြီး ကမ်းလှမ်းတယ်ဆိုရင် ဇာတ်ပေးဖတ်သလား၊ ဒါမှမဟုတ် ဒါရိုက်တာနဲ့ မင်းသားနဲ့ကိုပဲ ကြည့်ပြီး လက်ခံတာလား။**

သြော်... မေယု ဇာတ်လမ်း အရမ်းရွေးတယ်ဆရာ။ ဇာတ်ကားတစ်ခုကို မေယုကို လာပေးတယ်ဆိုရင် မေယုက ပထမဦးဆုံး ဇာတ်ညွှန်းကို ကြည့်လိုက်တယ်။ ဇာတ်လမ်းကို ပါးစပ်က ပြောသွားတယ်လေ။ ပြောသွားပြီး မေယု ဇာတ်ညွှန်းကို အရင်ဖတ်လိုက်တယ်။ မေယုက ဒိုင်ယာလော့

မကြိုက်ဘူးဆိုရင် **တမာပန်း** ဆိုတာ ဒိုင်ယာလော့မကြိုက်ဘူးဆိုရင် တချို့နေရာလေးတွေ ပြင်ပေးပါလား။ အဲဒီတော့ မေယုက မင်းသမီးသာလုပ်နေတာ အရမ်းအရှက်ကြီးတယ်။ အရှက်ကြီးတော့ တချို့ ဒိုင်ယာလော့လေးတွေ ကြမ်းရင် မေယု မသုံးရဲဘူး။

**ဩော်...ဟုတ်ကဲ့၊ ဟုတ်ကဲ့။**

အဲဒါ မေယုက ပြောတယ်။ အဲဒါလေး မေယုကို လုပ်ပေးပါလား လို့ မေယုက သွားသွားချော့ပြောတယ်။ မေယု ဘယ်တော့မှ မအော်ဘူး။ အဲဒါနဲ့ အေး... အေး ဆိုပြီးတော့ သူတို့ကလည်း ခင်တာပေါ့နော်ဆရာ။ **နှင်းဆီနီအိပ်မက်** ကျတော့ ဒေါသထွက်တဲ့အခန်းတွေ အများကြီးပါတယ်။ ဆရာ ဦးဝင်းဖေ ရေးထားတဲ့ အေးအေးလေး မိန်းကလေးက ဒေါသထွက်တာ၊ ဘာဖြစ်လို့လဲဆိုတော့ သူတွေ့သွားတယ်လေ။ အဲဒီ သူ အရင်တုန်းက သူချစ်ခဲ့တဲ့ မိန်းကလေးနာမည်က "ဝေ"ဆိုတော့ မေယုကို သူက တဝေဝေ တည်းဝေနေတာလေ။ ဒီ "ဝေဝေ" ဆိုတဲ့ မိန်းကလေးနာမည်က ဆွေဇင်ထိုက်၊ နောက်.... "မဝေ"ဆိုတာက မေယုနာမည်။ အဲဒါဆိုတော့ လူတူနှစ်ယောက်နဲ့ နာမည်တူနှစ်ယောက်နဲ့ အိမ်ထောင်ကျကြရတာကိုး။ အဲဒီလိုမျိုး အခန်းတွေမှာ ဒေါသဖြစ်တော့မယ်ဆိုရင် ဆရာက အဲဒီနေ့ မေယုကို အစာမကျွေးဘူး။ ထမင်းမကျွေးသေးဘဲ အသာလေးထားပြီးတော့ မေယုကို စိတ်တိုအောင်လုပ်နေတာလေ။ အဲဒါ ပြောပြတယ် သူက မေယုကို။ ပထမဦးဆုံးကတည်းက နင်က အင်မတန်မှ သိမ်မွေ့တဲ့ မိန်းကလေး၊ ချစ်ချစ်ခင်ခင်လေး၊ လင်မယားနှစ်ယောက် စကားများတယ်ဆိုပေမဲ့ ပြောပြ၊ ကိုယ့်ယောက်ျားကို ရှင်းပြတာပေါ့။ ဒီဖိုင်ထဲမှာ စာတွေတွေ့တယ်။ အဲဒါ မျက်နှာပေးကို အေးအေးလေးပဲ ကိုယ့်ဟာကိုယ် ပြောနေတယ်ပေါ့။ အဲဒီအိုက်တင်လုပ်ဆိုတော့ အဲဒီအိုက်တင်လေးကို မေယု လုပ်တယ်။ မေယု ဆံပင်တွေကို လိပ်လိပ်ပြီးတော့လေ။

**ဟုတ်... သိတယ်။**

Hair Set တွေ လုပ်ပြီးတော့ သူငယ်ချင်းနဲ့ ရုပ်ရှင်သွားကြည့်မလို့ အဲဒီအခန်းလေးကို ရိုက်ခါနီးကျတော့ ဆရာက ကဲ...ကဲ အဲဒီအခန်းမှာ နင် အောက်ကနေပြီးတော့ ယောက်ျားက လှမ်းခေါ်တော့ အပေါ်ကနေပဲ ကိုယ့်ယောက်ျားကို လှမ်းပြောလိုက်တာတဲ့။ ဆရာက နင် နည်းနည်းလေး မာဦးတဲ့။ နင်က စိတ်မတိုတတ်တဲ့ လူဆိုတော့တဲ့၊ နည်းနည်းလေး ငါက

စိတ်တိုတာ လိုချင်သေးတယ်တဲ့ သူက ပြောတယ်။ အဲဒါနဲ့ မေယုက ဆရာ့ဒိုင်ယာလော့လေး မေယုကို တစ်ချက်လောက်ဖတ်ပြပါဦးလို့ ဆိုတော့ ဖတ်ပြတော့ သရက်စေ့တစ်ခြမ်းကွဲ...၊ မေယု ကောင်းကောင်းမှတ်မိတယ် အဲဒီ ဒိုင်ယာလော့ကို။ သရက်စေ့တစ်ခြမ်းကွဲ... ခွဲပစ်လိုက်ရုံပဲ ရှိတယ်တဲ့။ လင်မယားနှစ်ယောက်ကွဲဖို့ မိန်းမက တောင်းဆိုတာလေ။ အဲဒါကို မေယုက လေ လက်တွေရော ခြေထောက်တွေရော *"သရက်စေ့တစ်ခြမ်းကွဲ ခွဲပစ်လိုက်ရုံပဲ ရှိတယ်၊ ကိုယ့်ကို သစ္စာမရှိတဲ့ ယောကျ်ားတစ်ယောက်ကို မေယုလည်း မပေါင်းချင်ပါဘူး။ ကိုယ့်ကို ချစ်မှမချစ်တာ၊ အရင်က တစ်ဝေတည်း ဝေ... ဝေ... ဝေ... ဝေနဲ့တဲ့ဥစ္စာ။ တကယ်မေတ္တာမရှိဘဲနဲ့ ဝေလို့ ခေါ်ခဲ့တာ အခုမှ သိတယ်"* ဆိုပြီးတော့ မေယု ဒေါသအရမ်းထွက်တာပဲ။ အဲဒီလိုတွေ မေယု ပြောခဲ့တာ။ အဲဒါကြောင့်လား။ အဲဒါကြောင့် ဆရာ ဦးဝင်းဖေကို မေယု ကျေးဇူးတင်ပါတယ်ရှင်။

**ကျွန်တော်တို့ အခုခေတ် ဒါရိုက်တာတွေနဲ့ပေါ့ ဟိုဘက်ခေတ် ဦးဝင်းဖေတို့ခေတ်က ဒါရိုက်တာတွေ ဘဘတို့ခေတ်ကတော့ အထူးသဖြင့်တော့ ဘဘဦးသုခပေါ့နော်။ အဲဒီခေတ်တုန်းကတော့ ဒိုင်ယာလော့ကို ဒီဒိုင်ယာလော့ကို ချပေးတယ်။ ဒီဒိုင်ယာလော့အတိုင်းပဲ ၏၊ သည် မလွဲ ပြောနိုင်းတယ်ပေါ့။ အဲဒီတော့ မယုတို့ ရိုက်ခဲ့တဲ့ ခေတ်ကရော ဒိုင်ယာလော့ကို ၏၊ သည်မလွဲ ပြောနိုင်းတာလား။ သို့တည်းမဟုတ် ဆရာ ဦးဝင်းဖေက ဒီဖရိန်တွင်းမှာပဲ ဒီဖရိန်တွင်းမှာပဲ ပြောပေးပါလို့ ပြောလား။**

ဆရာ ဦးဝင်းဖေကတော့ မေယုကို ဒီဖရိန်ထဲကနေပြီးတော့ ၏၊ သည်မလွဲ ဒီအတိုင်းပဲ ပြောရမယ်လို့ မေယုကို မပြောခဲ့ပါဘူး။ မေယု ဆရာနဲ့ ၄၊ ၅ ကားလောက် ရိုက်ခဲ့ရတယ်လေ။ သူလိုချင်တဲ့ဟာကို မေယုကို ပြောတာ။ ဒါပေမဲ့ အသံနည်းနည်းလေးပျော့နေသေးရင် အသံ မာချင်ရင် မာချင်တယ်ပေါ့။ ဒါမှမဟုတ်လို့ရှိရင် နင်စိတ်ဆိုးတာ နည်းနည်းလေး စောနေတယ်။ အဲဒီမတိုင်ခင်မှာ ဘယ်လိုဖြစ်ရမယ်ဆိုတာပေါ့။ အဲဒီကား **နှင်းဆီနီအိပ်မက်** ရိုက်ပြီး နောက်တစ်ကား မေယု ရိုက်သေးတယ်။ ဆရာ ဦးဝင်းဖေနဲ့ပဲလေ။ ရည်းစားထားခဲ့ပြီးမှ အဲဒီ ရည်းစားက သေသွားတဲ့ အခါကျတော့ ဒီလူက မေယုနဲ့ အိမ်ထောင်ကျတယ်။ အညာသားပေါ့။ သူတို့နှစ်ယောက်။ သူတို့ သမီးရည်းစားဘဝတုန်းက သောက်ခဲ့လို့ တည်

သီးရဲ့ အစေ့လေးကို အပင်စိုက်ထားရင်းနဲ့ တည်ပင်လေးက ပေါက်လာတော့ မေယုက မေယုယောက်ျားစိုက်ထားတဲ့အပင် ဆိုပြီးတော့ ယောက်ျားကို မျက်နှာလုပ်,လုပ်ပြီးတော့ နေ့တိုင်း ရေလောင်းလောင်းပေးတာ အဲဒီရုပ်ရှင်က။ ရေလောင်းရင်းလောင်းရင်းနဲ့ တည်ပင်ကြီးက ကြီးလာတာပေါ့ဆရာ။ တည်ပင်ကြီးက ကြီးလာတဲ့အချိန်မှာ စာအုပ်စင်က စာအုပ်တွေရှင်းရင်းနဲ့ သူတို့နှစ်ယောက် သမီးရည်းစားဘဝက ရေးထားတာတွေ၊ မှတ်စုတွေကို သွားတွေ့တာ။ သွားတွေ့တဲ့အခါကျတော့ သူမရှိတော့ပေမဲ့တဲ့... ကိုမင်းဇော် အဲဒါကတော့။ ဒီအမှတ်တရ တည်သီးလေးကို ရေလောင်းပြီး စိုက်လိုက်တာ တည်ပင်ကြီး ဖြစ်လာပြီတဲ့။ သူ့အချစ်ကတော့ အဲဒီအတိုင်းပဲ ပွားများနေတုန်းပါပဲ ဆိုပြီးတော့ အစ်ကိုမင်းဇော်က စာတွေရေးထားတယ်။ ရေးထားတော့ မေယုက ဖတ်မိတဲ့အခါကျတော့ ချက်ချင်း တစ်မုဟုတ်ချင်း ဒေါသထွက်တာဆရာ။ ဟိုးအိမ်ရှေ့မှာ ထားတဲ့ မြက်ပင်တွေကိုခုတ်ဖို့၊ သစ်ကိုင်းတွေကိုခုတ်ဖို့ ဓားကြီးကိုယူပြီးတော့လေ ဓားကြီးက အကြီးကြီးပဲ။ အဲဒီဓားကြီးကို ယူပြီးတော့ တည်ပင်ကြီးကို မေယု သွားခုတ်တာ၊ ဒေါသတွေထွက်ပြီးတော့ တည်ပင်ကြီး သွားခုတ်တာ(ရယ်လျက်)။ အဲဒါ အဲဒီအခန်းဆိုလို့ရှိရင်လည်း ဆရာက မေယုကို နင် အကယ်ဒမီရမှာပဲတဲ့ အဲဒီတုန်းက ပြောခဲ့တယ်။ အဲဒီတုန်းက ရခါနီးအထိ ပြောဆိုပြီးမှ၊ သတင်းတွေ အများကြီးထွက်ပြီးမှ မရခဲ့တာ။ ဆိုလိုချင်တာက ဆရာတို့ တော်လို့၊ သူတို့ပေးထားတဲ့ ဒိုင်ယာလော့ကို ကိုယ်က စိတ်ဝင်စားလို့၊ ဆရာတွေရဲ့ စကားကို နားထောင်လို့ မေယုတို့ အခုလိုမျိုး အောင်မြင်ခဲ့ကြတာပေါ့ ဆရာ။

**ဟုတ်ပါတယ်၊ မယု ကားပေါင်း ၁၀၀ ကျော် ရိုက်ခဲ့တယ်။ ရိုက်ခဲ့ပြီးတဲ့နောက်မှာ ရုပ်ရှင်ကို ဘယ်လိုများ စိတ်ဖြတ်လိုက်တာလဲ။**

ဩော်... ပထမဖြစ်သွားတာက ၈၈ အရေးအခင်းလေ။ အဲဒီမှာ ရုပ်ရှင်ကို... အနုပညာသမားတွေ သရုပ်ဆောင်ရမယ်၊ ပါဝင်ရမယ်ဆိုတော့ မေယုတို့ ဝင်သွားရတာပဲလေ။ ဟောပြောပွဲတွေ ပြောဆိုလည်း မေယု ပြောခဲ့တာပဲ။

**ဘယ်မြို့နယ်လဲ။**

လှိုင်မြို့နယ်မှာ ပြောခဲ့တယ်။ မေယု လုပ်ခဲ့တယ်။ စကားတွေ ပြောခဲ့တယ်။ နောက်တော့ တစ်ခါ လူကြီးတွေက ခေါ်ပြီးတော့ မေယုကို တွေ့တဲ့အခါကျတော့ အဲဒါမျိုးတွေလုပ်လို့ ဆိုပြီးတော့ မေယုကို ငါးနှစ်

ပိတ်လိုက်တယ်။ မင်းသမီးတစ်ယောက်ပါဆိုမှ ရုပ်ရှင်မရိုက်ရဘူး ငါးနှစ်ဆို တော့ မေယု ဘာလုပ်မလဲဆရာ။ အဲဒီအချိန်ကျတော့ မေယုက အကျီချုပ် တတ်တဲ့သူဆိုတော့ မေယု လှည်းတန်း စံရိပ်ငြိမ် ၃ လမ်းထိပ်၊ လှည်းတန်း မီးပွိုင့်ထိပ်၊ နောက်... ဟိုဘက်က စန္ဒာမြိုင် ရုပ်ရှင်ရုံဆိုတာ ရှိသေးတယ် ဆရာ။ အဲဒီမှာ တစ်ခု၊ မေယု အကျီချုပ်ဆိုင် ၃ ဆိုင် ဖွင့်လိုက်တယ်။ ဖွင့်လိုက်ပြီးတော့ မေယု သင်တန်းသားတွေ လက်ခံပြီး ချုပ်လိုက်တယ်။

**အဲဒီတုန်းက ဘယ်သူက ပိတ်တာလဲ။**

နိုင်ငံတော်ကပဲ ဆရာ။ အဲဒီတုန်းက စစ်တပ်အုပ်ချုပ်တာပဲ။ မေယု သိပ်မမှတ်မိတော့ဘူး။ ဘယ်သူ့နာမည်နဲ့ လာတယ်ဘာတွေ သိပ်မမှတ်မိ တော့ဘူး။ မေယုကို ပိတ်လိုက်တယ်ဆိုပြီးတော့ မေယု ရုပ်ရှင်တွေ မရိုက်ရ ဘူး။ မေယုရိုက်ပြီးသားတွေ၊ မေယု သိပ်ကြိုက်တဲ့ ရုပ်ရှင်တစ်ခု ရှိသေး တယ်။ **ကျွန်တော် အမုန်းဆုံးကျွန်တော်** ဆိုတာ။ တင်ဝင်းလှိုင်နဲ့ မေယု ရိုက်တာ။ မေယု သိပ်ချစ်တာပဲ အဲဒီကားလေးကို။ ဒါပေမဲ့ ပြသခွင့်မရှိဘူး။ မေယုကားတွေ အများကြီး ပိတ်ခံရတယ်။

**ဪ... ရိုက်ပြီးသားပေါ့နော်။**

ရိုက်ပြီးသားတွေဆရာ။ အဲဒီကားလေးဆို မေယု သိပ်နမြောတယ်။ အဲဒီကားကို မေယုကိုယ်မေယု သိတယ်။ အကယ်ဒမီရမှာပဲဆိုတာ။

**ဒါဆို မေယုက အရေးအခင်းကာလမှာ တော်တော်လှုပ်ရှားခဲ့ တာပေါ့။**

အများကြီး လှုပ်ရှားလာပြီ(ရယ်လျက်)။ နောက်ကျတော့ မေယုက အမေရိကားကို ထွက်သွားတယ်လေဆရာ။ ညီမလေးဆီကို လိုက်သွားတယ် လေ။ လိုက်သွားတဲ့အခါကျတော့ မေယုက စဉ်းစားလိုက်တယ်။ မေယု ဘာမှမလုပ်မှပဲ ဖြစ်မှာပါ။ မေယု စဉ်းစားလိုက်တယ်။ ကိုယ့်ဟာကိုယ် ဟိုမှာပဲ အေးဆေးနေတော့မယ်ဆိုပြီး ဘယ်သူ့ဆီကိုမှ ဖုန်းတစ်ချက် မဆက် ဘူး။ စာတစ်ကြောင်းမရေးဘူး။ အားလုံးနဲ့ မေယု အဆက်အသွယ်ဖြတ်လိုက် တယ်။

**ဟုတ်ကဲ့၊ မယု အဲဒီတော့ ကိုယ်ပါဝင်သရုပ်ဆောင်ခဲ့တဲ့ ကား တွေ Save လုပ်ထားတာ မရှိဘူးလား။**

အရင်တုန်းက မေယု အဲဒီရုပ်ရှင်တွေကို မေယု ထွက်သွားတော့ မယ်ဆိုတော့ ဦးကျော်ဆွေနဲ့ ရိုက်တဲ့ **အမေ့ပါး သနပ်ခါး ပြယ်လေမှတို့**

ဘာတို့ အပါအဝင်ပေါ့လေ နည်းနည်းခက်ခက်ခဲခဲ သွားယူပြီးမှ ရတယ်။ ဗြိတိသျှဘားမားက ကားတို့ဘာတို့ဆိုရင် အကုန်လုံးကိုယူပြီးတော့ မေယု အမေရိကား ထွက်သွားတော့လေ။ နောက် ပထမဦးဆုံး ရိုက်ခဲ့တဲ့ ကာလာ၊ ဗမာပြည်မှာ ပထမဦးဆုံးရိုက်တဲ့ ကာလာနဲ့ အဲဒီကားတွေဘာတွေ မေယု အကုန်ယူသွားတယ်။ မေယု ဟိုမှာ Apartment မှာပဲ။ မေယုတို့ ရောက်ခါစ ဆိုတော့လေ Apartment မှာပဲ နေတယ်။ နောက်တော့ မေယုက အလုပ်ရှိ တော့ သွားလိုက်တာ။ ကုမ္ပဏီရဲ့အလုပ်ကို လုပ်ဖို့သွားလိုက်တာ မေယု ယောကျ်ားကလည်း သူ့အလုပ်သူ သွားတယ်။ ပြန်လာလိုက်တဲ့အခါကျ တော့ Apartment က မီးလောင်နေတာ။ မီးလောင်နေတာ အကုန်ကုန်သွား တယ်။ ဘာမှမရှိတော့ဘူး။ အကုန်ပါသွားတယ်။

**ကားထုပ်တွေလည်း ပါသွားတယ်ပေါ့။**

အကုန်ပါသွားတယ်။ မေယု မင်္ဂလာဦး ဓာတ်ပုံရိုက်တာတွေရော၊ အဖေတို့၊ အမေတို့ ပုံတွေရော၊ မောင်နှမပုံတွေရော။ မေယုတို့က မောင်နှမ တွေ အများကြီးဆရာ။ ၁၁ ယောက်။ အသက်ကြီးလာတော့ ၈ ယောက်ပဲ ကျန်တော့တယ်။ မေယု ညီမလေး သူဇာက အငယ်ဆုံး။ မေယုက နို့ညှာ ပေါ့နော်။ အကုန်လုံး ဓာတ်ပုံတွေလည်း ဘာမှ မရှိတော့ဘူး။ ရုပ်ရှင်တွေလည်း အကုန်ပါသွားရော။ ဟိုမှာကတော့ ဒီလိုပါပဲဆရာ၊ မီးလောင်သွားတယ်ဆိုရင် လည်း သူတို့က Insurance ရှိရတာပဲလေ။ Insurance ကနေပြီးတော့ အကုန် လုံးကို ပြန်လျော်ပေးတယ်။ ဘာကို ဘယ်လောက်ပဲ လျော်ပေးလျော်ပေး မေယုတို့ မင်္ဂလာဆောင်ခဲ့တဲ့ ပုံတို့နော်၊ ဖေဖေတို့၊ မေမေတို့ ပုံတို့ဆိုတာ ဘယ်ပြန်ရ နိုင်မလဲဆရာ။

**ဒါပေါ့.... ဒါပေါ့ ဒီအမှတ်တရတွေကတော့ ဘယ်ရနိုင်တော့ မလဲ။ အခုရော ကားရိုက်ချင်စိတ်များ ရှိသေးလား။**

ကား... အခုလား၊ မေယုကို အခုခေါ်ရင် မေယု ရိုက်မှာ ဆရာ။

**အမေရိကားမှာ သင်တန်းသားတွေ ရိုက်တဲ့အခါမှာ ပါတယ် ကြားရတယ်။**

ဪ... ဟုတ်တယ်။ မေယုကို အကူအညီတောင်းတယ် ဆရာ။

**မယု အဲဒီကားကျတော့ အင်္ဂလိပ်လိုပြောရလား၊ ဗမာလိုပြောရ လား။**

အင်္ဂလိပ်လို ပြောရပါတယ် ဆရာ။ အမူအရာက အစလေ၊ ဗမာ

ကားပေမဲ့ ဗမာရဲ့ အဲဒီ အယ်ဒီကျူ့တွေအကုန်လုံးကလေ မေယုလုပ်ထားတဲ့ အကျီရှင်တွေ၊ မေယုရဲ့ Culture က ဗမာပေမဲ့လို့ အင်္ဂလိပ်လို စကားပြော တယ်။ နောက်ပြီးတော့ ငိုတာတောင်မှ အင်္ဂလိပ်ငိုတာပေါ့ ဆရာရယ် (ရယ် လျက်)။

**ဟား.. ဟား...ဟား။**

ဘာကွာသွားလဲဆိုတော့ ဗမာလိုငိုလို့ရှိရင် မေယုတို့ကို ဘယ်လို သင်လဲ။ နှုတ်ခမ်းလေးတွေ လှုပ်ရမယ်။ ရင်ထဲကအသံနဲ့ ဝမ်းထဲက လှုပ် ပြီးတော့မှ ခံစားရမယ်။ ဘိုလိုငိုတဲ့အခါကျတော့ သူက အဝေးကိုကြည့်လိုက် တာနဲ့ မျက်ရည်က ပေါက်ပေါက်ဆို အစိမ်းငို့ငိုတယ် ခေါ်တာပေါ့။ တကယ့် မျက်ရည်မဟုတ်သလိုကြီးပဲ။ ဒါ ဘိုလိုငိုလိုက်တာလေ ဆရာ။ မေယုတို့ကျ တော့ အခန်းတိုင်းမှာလည်း ငိုတဲ့အခန်းကို ဆက်တိုက်ဆက်တိုက် မေယု တို့က ကင်မရာခုနစ်လုံးလောက်နဲ့ ဒီမှာ ရိုက်တာလေ ဆရာ။ အဲဒီတော့ ဒီမျက်ရည်ကလေ ကျချင်တိုင်းလည်း ကျလို့ရတယ် ဆရာ။ မေယု သွား ရိုက်တဲ့ကားတွေဆိုရင်။ အဲဒီတော့ သူတို့တွေ အရမ်းအံ့ဩတယ်။ ဟယ်... နင်တို့တွေ ဗမာပြည်ကလူတွေ ဒီလောက်တော်တာဆိုတော့... အဲဒီကလေး လေးက၊ ဒါရိုက်တာလေးက ဘာပြောလဲဆိုရင် တော်တာပေါ့ဟဲ့၊ အဲဒါ အကယ်ဒမီ မေယုတဲ့၊ နင်တို့ဆီက အော်စကာနဲ့ အတူတူပဲ။ ဒါကြောင့် သူတော်တာတဲ့ (ရယ်လျက်)။ အဲဒီလို ဖြစ်တယ်။ မေယု ဂုဏ်ယူပါတယ် ဆရာ။ မေယုတို့ ဗမာတွေကို သူတို့ သိပ်ချီးကျူးပါတယ်။

**ဟုတ်ကဲ့။ ဒါဆို မယုက အခုချိန်အထိ အနုပညာလှုပ်ရှားမှုက ရှိနေတုန်းပဲပေါ့။**

ဟုတ်တယ်ဆရာ။ ဆေးရုံတွေဘာတွေတက်သွားလို့ Chinese အဘိုး ကြီးတွေဘာတွေ နေမကောင်းဘူးဆိုရင် မေယုက နေကောင်းလားလို့ သူ့ကို မေးလို့ရှိရင် အဘိုးကြီးက အေးအေးဆေးဆေးလေးပဲ ကောင်းပါ တယ်၊ ဒါဆို ငါ နင့်ကို သီချင်းဆိုပြမယ်။ အဲဒါ မေယုက ဆိုပြလိုက်တယ်။ အဲဒါ သူတို့ သိပ်သဘောကျတာ။ သူတို့ကိုလေ အသက်ကို ပိုငယ်အောင် လုပ်လိုက်တာပေါ့။ (တရုတ်သီချင်း ဆိုပြတယ်)

**ဟိုခေတ်က သီချင်းတွေကြားရတော့ သူတို့လည်း ပြန်အသက် ငယ်သွားတာပေါ့။**

အဘိုးကြီးတွေလေ... အဘိုးကြီးတွေ (ရယ်လျက်)။

**ဝမ်းသာစရာပဲ။ မယုက အခုထက်ထိ အနုပညာနဲ့ အဆက်အသွယ်မပြတ်သေးဘူးလေနော်။ အဲဒီတော့ ကျွန်တော်တို့က အခု မြန်မာ့ရုပ်ရှင်၊ မယုတို့ ညီအစ်မနှစ်ယောက် လှုပ်ရှားခဲ့တဲ့ မြန်မာ့ရုပ်ရှင်ပေါ့နော် ၂၀၂၀ မှာ နှစ် ၁၀၀ ပြည့်တော့မယ်။ ပြည့်တော့မယ်ဆိုတော့ မယုအနေနဲ့ ဘယ်လိုမျိုး Wish လုပ်ချင်သလဲ၊ သို့တည်းမဟုတ် ကိုယ်တိုင်များ လုပ်မလား။**

အမယ်လေး... အဲဒီသတင်းကို ကြားကတည်းက မေယုက အားတွေမွေးထားတာ ဆရာရဲ့။

**ဘာတွေလုပ်မယ် စိတ်ကူးထားလဲ။**

မေယုတို့ ညီအစ်မနှစ်ယောက်စလုံး လာမယ်ဆရာ။

**ဩော်... ကောင်းတာပေါ့ဗျာ။ Welcome ပါ။**

လာပြီးတော့ မေယုတို့ နယ်မှာ၊ မေယုတို့ရဲ့ ရုပ်ရှင်နယ်မှာ ကျန်ရှိနေသေးတဲ့ မပြည့်စုံတဲ့သူတွေဆိုရင်လည်း မေယုတို့ အားဖြည့်ပေးဖို့ ညီအစ်မနှစ်ယောက်လုံး လှူဖို့တန်းဖို့ လာမှာပါဆရာ။

**ဟုတ်ကဲ့။**

နောက်ပြီးတော့ တတ်နိုင်တဲ့ဘက်ကလည်း ကူညီပါ့မယ်။ ကိုယ့်ညီအစ်ကိုမောင်နှမတွေ အားလုံးနဲ့ ပြန်တွေ့ရတော့မယ်ဆိုတော့ မေယုက နေ့စဉ်နဲ့အမျှ ဒါကိုပဲ Very Excited လေ။ အရမ်းပဲ မျှော်နေပါတယ်။ တစ်နှစ်လုံး မျှော်ရမှာ ဆရာရေ(ရယ်လျက်)။

**ဟုတ်ကဲ့၊ ကျွန်တော်တို့လည်း နှစ် ၁၀၀ ပြည့်မှာ မယုတို့ ညီအစ်မကို မျှော်နေပါ့မယ်။**

မျှော်ပါဆရာ၊ မေယုတို့ လာပါ့မယ်။

**ဟုတ်ကဲ့ပါ။**

***


ENZO.

# အကယ်ဒမီ စိုးမြတ်သူဇာ

မင်္ဂလာပါခင်ဗျား၊ ကျွန်တော် ဝင်းငြိမ်းပါ။ ဒီနေ့ ကျွန်တော် ကမာရွတ်မီဒီယာအဖွဲ့နဲ့ တင်ဆက်မယ့် အစီအစဉ်ကတော့ "လိပ်ပြာကူး ထူးခြားသူများ"ဆိုတဲ့ အစီအစဉ်ဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော် တွေ့ဆုံမယ့်သူကတော့ ထပ်ဆင့်အကယ်ဒမီ စိုးမြတ်သူဇာပါပဲ။

**မင်္ဂလာပါ သမီး။**

မင်္ဂလာပါ ဦး။

**ဦးတို့က ဒီ Programတင်ဆက်နေတာ ရုပ်ရှင်မင်းသား၊ မင်းသမီးအကြီးတွေပေါ့နော်။ သူတို့ရဲ့ လိပ်ပြာကူးတဲ့ ဇာတ်ကောင်တစ်ယောက်အဖြစ်နဲ့ ဖန်တီးတဲ့ အတတ်ပညာတွေကို မှတ်တမ်းတင်ချင်လို့ မေးတာပေါ့နော်။ သမီးနဲ့ပတ်သက်ပြီး ပြောရမယ်ဆိုရင် ပထမဆုံးရိုက်တဲ့ ကားက "ဆုံရပ် ဂန္ဓာရဝတီ" ဆိုတဲ့ ရုပ်မြင်သံကြားဇာတ်လမ်းပေါ့နော်။ အဲဒါ ဦးကြီးမြင့်လို့ ထင်ပါတယ်။**

ဟုတ်ပါတယ်။

**အဲဒီတော့ "ဆုံရပ် ဂန္ဓာရဝတီ" ရိုက်ဖြစ်သွားအောင် ဘယ်လိုအကြောင်းအရာတွေနဲ့ ပတ်သက်လာလဲ။**

ဘယ်လိုအကြောင်းအရာတွေနဲ့ ပတ်သက်လာလဲဆိုရင် **"ဆုံရပ် ဂန္ဓာရဝတီ"** ကိုရဲအောင်နဲ့ ပတ်သက်ပြီးတော့ သမီး ရိုက်ဖြစ်တာပေါ့နော်။ အဲဒီတုန်းက ရုပ်ရှင်မင်းသမီးမဖြစ်သေးပေမဲ့ အဖေ့ရဲ့ညီတစ်ဝမ်းကွဲနဲ့ ကိုရဲအောင်နဲ့ အင်မတန်ခင်တော့ အဲဒီဦးလေးက အိမ်ကိုလာရင်းနဲ့ ကိုရဲအောင်က ပါပါလာတော့ သမီးကိုတွေ့တာ။ တွေ့တော့ အဲဒီမှာ ရဲဇာတ်လမ်းလေး တစ်ခု ရိုက်စရာရှိတယ်။ အဲဒီမှာ သူ့ရဲ့ညီမလေးအဖြစ် ပါရမယ်။ အခန်းလေးကတော့ သိပ်မများဘူး။ ဒါပေမဲ့ ပါစေချင်တယ်ဆိုတော့ အဲဒါနဲ့ သူ့ညီမလေးနေရာကဆိုတာနဲ့ သမီးက ဝင်ရိုက်ပေးလိုက်တာ။ ဒါပေမဲ့ ရိုက်တယ်ဆိုပေမဲ့လည်း အဲဒီခေတ်၊ အဲဒီကာလက သမီးလက်ခံတယ် ဆိုပေမဲ့လည်း လာကြည့်တယ်။ ဦးကြီးမြင့်လည်း လာကြည့်တယ်။ မအိလည်း ပါတယ်။ ကြည့်ပြီးတော့မှ၊ သမီးကိုမြင်ပြီးတော့မှ သူတို့ဘက်က ရိုက်ဖို့ဆုံးဖြတ်တာ။

**အဲဒီတော့ "ဆုံရပ် ဂန္ဓာရဝတီ" ရိုက်ပြီးပြီးချင်း သိပ်မကြာဘူး ထင်တယ် ဦးအောင်မြင့်မြတ်နဲ့ ရိုက်ဖြစ်တယ်နော်။**

ဟုတ်ကဲ့။

**ဘာကားလဲ မသိဘူး။**

"တစ်ခါက"

**အဲဒီတော့ "ဆုံရပ် ဂန္ဓာရဝတီ" ကတော့ အရင်ပြတာပေါ့နော်။ နောက် ဦးအောင်မြင့်မြတ်ရိုက်တာက ရုပ်ရှင်ကား။**

"တစ်ခါက" က ဗီဒီယို။

**ဗီဒီယိုနော်။ ဒီနှစ်ခုက ရှေ့ဆင့်နောက်ဆင့် ဆက်တိုက်ဖြစ်သွားတယ်။**

ဆက်တိုက်တော့မဖြစ်ဘူး ဦး။ နည်းနည်းလေးတော့ ခြားတယ်။ ဗီဒီယိုအဖြစ် **တစ်ခါက** တော့ ရိုက်လိုက်တယ်ပေါ့။ ရိုက်ပြီးတော့မှ ဦးကြီးမြင့်တို့က နောက်ထပ် သမီးကို **နေခြည်** ဆိုတဲ့ ရုပ်ရှင်ကားကြီးမှာ ခေါ်ရိုက်တယ်။ ဒါပေမဲ့ **တစ်ခါက** နဲ့ **နေခြည်** က သိပ်တော့မခြားဘူး။ ရုံတင်လို့သာ လျှင် နောက်ကျသွားတာပေါ့။ ဒါပေမဲ့ **နေခြည်** ရုံတင်ချိန်မှာ သမီးက တခြား ဗီဒီယိုတွေ အများကြီးထွက်နေပြီ။

**ဒါဆိုရင် သမီးရဲ့ လက်ဦးဆရာက ဦးကြီးမြင့်လို့ ပြောရမလား၊ ဦးအောင်မြင့်မြတ်လို့ ပြောရမလား။**

သမီးကတော့ သူတို့နှစ်ယောက်လုံး ပါးပါးကိုရော၊ ဦးအောင်မြင့်မြတ်ကိုရော လက်ဦးဆရာတွေနေရာမှာ ထားထားပါတယ်။ ဒါ့အပြင် ကိုရန်အောင်ရော၊ ကိုရဲအောင်ရော နှစ်ယောက်လုံးက သမီးရဲ့ လက်ဦးဆရာတွေပါပဲ။

**သမီး ကားတွေဆက်တိုက်ရိုက်လာတယ်။ အဲဒီအချိန်မှာ သမီး ဆံပင်က ဆံပင်အရှည်ထားတယ်နော်။**

အရှည်ထားတယ်ရယ်လို့တော့ မဟုတ်ဘူး ဦးရဲ့။ သမီးက ဆံပင်အရှည် သိပ်တော့မကြိုက်လှဘူး။ အမေက ထားခိုင်းလို ကြောက်လို့သာ ထားရတာ ဒီအရှည်ကြီးကို။

**ဩော်... အဲဒီတုန်းက ဆံပင်တော်တော်ရှည်တယ်။ တင်ပါးလောက်ရှိတယ်နော်။ နောက်တစ်ခါ ဆရာမ ဂျူးရဲ့ ဝတ္ထုကို ရိုက်တဲ့ကားနော်။ "မရှိမဖြစ်မိုး" မှာကျတော့ စိုးစိုးက ဆံပင်အတိုလေးနဲ့ သရုပ်ဆောင်လိုက်တယ်နော်။ ဆံပင်အတိုလေးနဲ့ သရုပ်ဆောင်လိုက်တဲ့အခါကျတော့ ဆံပင်အရှည်နဲ့ မြင်နေကျ မင်းသမီးကို ပရိသတ်ကြားမှာ ဝိဝါဒ ကွဲကုန်တယ်။ ဆံပင်ဖြတ်လိုက်တယ် သို့တည်းမဟုတ် ဆံပင်အတု ဆိုပြီးတော့ ငြင်းကြခုံကြတယ်ပေါ့နော်။**

အဲဒီခေတ်တုန်းကတော့ ဆံပင်တိုတာ၊ ရှည်တာက ပရိသတ်အတွက် စိတ်ဝင်စားစရာကောင်းနေတယ်ပေါ့နော်။ ဒီဘက်ခေတ်ဆိုရင်တော့ ရှည်တာတွေ၊ တိုတာတွေက သူတို့ မြင်ချင်မှတောင် မြင်မှာပါ။ ပရိသတ်တွေကလည်း ပြောင်းလဲလာတယ်ပေါ့။ အဲဒီခေတ်တုန်းက စိုးက ဆံပင်ကို ညှပ်ချင်တယ်။ အမေကလည်း ဒီဆံပင်ညှပ်ရင်ပဲ ကိုယ့်ဘဝကြီးပဲ တစ်ခုခု ပျက်သွားမလိုလို၊ ပြောင်းလဲသွားမလိုလို အဲဒီလိုမျိုးတွေဆိုတော့ ဒီဆံပင်ကို မညှပ်ဖြစ်ခဲ့ဘူးပေါ့။ အဲဒီတော့ ဆံပင်အတုလေးကိုပဲ ခေါင်းမှာ ဆောင်း၊ ဆောင်းပြီးမှ အဲဒီဝတ္ထုထဲက ကာရိုက်တာနဲ့ အနီးစပ်ဆုံးတူအောင် ညှပ်တာပေါ့။ စိုးက အဲဒီဆံပင်တုတွေကို သိပ်စိတ်တိုင်းကျလှတယ် မဟုတ်ဘူး။ ဒါပေမဲ့ အဲဒီခေတ်တုန်းကတော့ အဲဒီဆံပင်အတုက တော်တော်လေးနာမည်ကြီးသွားတယ်။

**ဟုတ်တယ်၊ မျက်နှာနဲ့ လိုက်လည်းလိုက်တယ်။ နောက်ပြီးတော့ အဲဒီကာရိုက်တာလည်း ပေါ်သွားတယ်။**

အခု ပြန်ကြည့်တော့ ရယ်ရတယ် ကိုယ့်ရုပ်ကိုယ်ကြည့်ပြီးတော့။

(ရယ်လျက်)။

**အဲဒီလို ကားတွေ ဆက်တိုက်ရိုက်လာရာကနေပြီးတော့ ပထမဆုံးရတဲ့ အကယ်ဒမီက...။**

**နော်ရင်မွှေး၊ ၁၉၉၄ ခုနှစ်က။**

**အဲဒီကာရိုက်တာအတွက်အတွက်ကရော ဒါရိုက်တာ ဦးအောင်စိုးဦးက ကမ်းလှမ်းခဲ့တာလား။ ဒါမှမဟုတ် သမီး ဝတ္ထုဖတ်ထားလို့လား။**

ဦးအောင်စိုးဦးက ကမ်းလှမ်းခဲ့တာ။ ဦးအောင်စိုးဦးပြောပြီးမှ သမီးက အဲဒီဝတ္ထုကို ဖတ်ရတာ။ ဖတ်ရတဲ့အခါမှာလည်း ဝတ္ထုက အရမ်းလည်းကောင်းပါတယ် ဆရာမရေးတဲ့ ဝတ္ထုက။ သမီးသရုပ်ဆောင်ရတဲ့အခါမှာတော့ အားမရစရာတွေအများကြီး။ ကိုယ့်ကိုယ်ကို အားမရတာပါ။ ဒါပေမဲ့လည်း အဘက်ဘက်ကတော့ လိုအပ်တာပေါ့နော်။ အကယ်ဒမီရသွားခဲ့တာ အရမ်းကိုကံကောင်းလို့ပါ။ ဘယ်လိုခေါ်မလဲ။ စာရေးဆရာမဆိုရင် ဒါလေးကို သူ့အနေနဲ့ ဘဝင်ကျချင်မှာတောင်ကျပါလိမ့်မယ်။ ဒါပေမဲ့ သူ မပြောခဲ့ပါဘူး။ ကောင်းပါတယ်လို့ပဲ ပြောခဲ့ပါတယ်။

**အဲဒီလို "နော်ရင်မွှေး"မှာ အကယ်ဒမီရပြီးတဲ့နောက် ဆက်တိုက် ကားတွေရိုက်ခဲ့တယ်။ အဲဒီတော့ ဦး တစ်ခုသိချင်တာက အဲဒီလိုမျိုးပေါ့... "နော်ရင်မွှေး"ဆိုရင် ကရင်မလေးပေါ့။ အဲဒီလို ကာရိုက်တာဖြစ်သွားအောင် စိတ်သွင်းတဲ့၊ Moodသွင်းတဲ့ဟာ သမီး ဘယ်လိုဖန်တီးယူလဲ။**

အဲဒီတုန်းက သမီးကလေ သူတို့နဲ့ ညှိကြသေးတယ်။ ကရင်မလေးဖြစ်တဲ့အတွက် သမီးက ကရင်လို ဝဲရင်ကောင်းမလား။ သမီးလည်း သမီးသိသလောက်ပေါ့နော်။ သမီးမှာ အဲဒီလောက်ကြီးကြီး ဝမ်းစာကလည်း မပြည့်ဝဘူးပေါ့။ ဘာဖြစ်လို့ဆို သမီး ဒီလောကထဲက မဟုတ်တာလည်း ပါတယ်။ ဒီအနုပညာနဲ့ပတ်သက်လို့ အဲဒီလောက်အထိ သမီး နားမလည်ဘူး။ ဒါပေမဲ့ သမီးမှာ အားသာတာလေးက သမီးက စာများများတော့ ဖတ်တယ်။ အဲဒီတော့ သမီး အဆင်ပြေတာသည် စာဖတ်လို့ပဲ အဆင်ပြေတယ်။ စာတွေဖတ်တဲ့အခါကျတော့ သမီးအနေနဲ့ ဒိုင်ယာလော့ခ် စကားပြောရတာတွေလည်း သဘာဝကျကျပြောနိုင်တယ်လို့ သမီး ယူဆတယ်။ အဲဒီတော့ စာအုပ်ထဲကပေးတဲ့ အသိ၊ စာအုပ်ထဲကပေးတဲ့ ပညာလောက်ပဲ သမီးမှာ

ရှိတယ်။ သမီးမှာ လက်တွေ့ဆိုတာ မရှိဘူး။ တောထဲမှာလည်း သမီး မနေဖူးဘူး။ ဒုက္ခဆိုတာလည်း ဘာမှန်း ဂဃနဏ မသိဘူး။ အဲဒီတော့ အဲဒီထဲမှာက ရသက အစုံပဲ။ သူ ငယ်ငယ်လေးနဲ့ ဒုက္ခရောက်တယ်။ တောထဲရောက်ပြီးတော့ ကလေးလေးတစ်ယောက်နဲ့၊ ကလေးလေးကိုလည်း သူ မမွေးတတ်ဘူး။ ဒါပေမဲ့ သူ ကြိုးစားပြီး မွေးရရှာတယ်။ သူ့အစ်မရဲ့ကလေးလေးကို။ ဆိုတော့ သမီးသည် ဘာမှ သေသေချာချာမသိသော်လည်း ဒီစာအုပ်ကိုဖတ်ပြီးတော့ ဒီစာအုပ်ထဲက ခံစားချက်အတိုင်း သရုပ်ဆောင်ခဲ့တယ်လို့ ပြောရမှာပဲ။

**အဲဒီကားရိုက်ပြီးတဲ့နောက်မှာ နောက်ကားတွေ အများကြီးရိုက်ခဲ့သေးတယ်။ နောက်တစ်ခါ "ရွှေနံ့သာစံအိမ်"။ အဲဒါက ဒါရိုက်တာ မောင်နန္ဒ ရိုက်ခဲ့တယ်။**

ဟုတ်ကဲ့၊ ၁၉၉၈ ခုနှစ်အတွက်ပေါ့။

**လေးနှစ်ခြားပြီးတော့ ရိုက်တဲ့အခါမှာ သမီးရွေးခဲ့တာလား၊ ဒါမှမဟုတ် မျက်ခြယ်က လာပြတဲ့ဇာတ်လား။**

ဝတ္ထုကတော့ သမီး အဲဒီဝတ္ထုကိုဖတ်ပြီးတော့ သဘောကျတော့ ဦးနန္ဒကို သမီးပြောပြတယ်။ အဲဒီဇာတ်လေး အရမ်းကောင်းတယ်။ ရိုက်ရရင်ကောင်းမယ်ဆိုတော့ ဦးနန္ဒက သူဖတ်ပြီးတော့ ကိုဝင်းနိုင်တို့ကို ပြောတယ်ထင်တယ်။ မျက်ခြယ်ကိုပြောတော့ မျက်ခြယ်ကလည်း အိုကေတယ်၊ ရိုက်မယ်ဆိုပြီးတော့ သူတို့ဘက်က ဝေဠုကျော်နဲ့ မနန္ဒာကို ကမ်းလှမ်းပြီးတော့ ရိုက်ဖြစ်တယ်ပေါ့။ မင်းသားကတော့ ကိုရန်လေးနဲ့ပေါ့။ တော်ပါသေးတယ်။ ကိုယ်ရွေးပြီးရိုက်ထားတော့ ဆုတွေဘာတွေမရရင် ပြဿနာတက်ဦးမယ်။ (ရယ်လျက်)။ အဲဒီတော့ အဆင်ပြေသွားတယ်ဆိုပါတော့။ ဇာတ်အိမ်ကကောင်းတယ်။ ဆရာမရေးတဲ့ ဇာတ်က သွက်သွက်လက်လက်ကလေးရေးထားတာ ဆရာမက။

**ဒီကားက အမျိုးသမီးနှစ်ယောက် အကယ်ဒမီရသွားတဲ့ ကားပေါ့။**

ဟုတ်ကဲ့။

**သမီး ကားတွေရိုက်ခဲ့တာ၊ ဖြတ်သန်းခဲ့တာလည်း များပြီ။ နောက်ပိုင်းမှာ အခု အသက် ၄၀ ကျော်လာတဲ့အချိန်မှာ ကိုယ်က မင်းသမီး၊ ခေါင်းဆောင်မင်းသမီးနေရာတော့ မဟုတ်တော့ဘူး။ သို့သော်**

**အမေခန်းရောက်သွားပြီ။ အမေခန်းရိုက်တယ်။ အမေခန်းရိုက်တဲ့နေရာမှာ ရှေ့မှာလည်း မင်းသမီးကြီးတွေကလည်း ဒီလိုပဲ အမေခန်းပြောင်းသွားတဲ့ မင်းသမီးတွေ အများကြီးရှိပါတယ်။ ဥပမာ ဒေါ်ကြည်ကြည်ဌေးတို့၊ ဒေါ်မြင့်မြင့်ခင်တို့ စသဖြင့် ရှိတယ်။ သို့သော် သူတို့ အမေခန်းပြောင်းသွားတဲ့အခါမှာ အမေဟာ Leadingမဟုတ်ဘူး၊ Supportingပဲ။ စိုးမြတ်သူဇာ အမေလုပ်သွားတဲ့အခါမှာတော့ အမေဟာ Leadingဖြစ်နေတယ်။**

Supportingတွေလည်း အများကြီးရှိပါတယ်။ ဦးမကြည့်ရလို့ နေမှာပါ။

**အဲဒီလိုမျိုး Leadingဖြစ်အောင် သမီးက တောင်းဆိုခဲ့တာလား။ သို့တည်းမဟုတ် ဇာတ်အရ ပေးခံရတာလား။**

ဦးလည်း သိမှာပါ။ အခု ခေတ်ကာလအခြေအနေမှာ သမီးတို့က တောင်းဆိုလို့ရတဲ့ အခွင့်အရေးက အင်မတန်နည်းပါတယ်။ ဒါပေမဲ့လည်း... အပြင်မှာတော့ ပြောမိပါတယ်။ ငါ့ကို ချေဖို့တို့၊ ဝုန်းဖို့တို့၊ အပေါ်စီးကနေ သူများကို ဆက်ဆံဖို့တို့ဆိုရင် ငါ့ချည်း လာလာခေါ်တော့တာပဲလို့။ ငါလည်း အဲဒီလို မလုပ်ဘဲနဲ့လို့။ ထားပါတော့ ဦးရယ်၊ သမီးတို့ အခုအချိန်မှာ ကားရိုက်ရတဲ့အနေအထားတွေက တချို့သောကိစ္စတွေမှာ လူမှုရေးအရ ရိုက်ပေးရတာရှိတယ်။ တချို့သောကားတွေကျပြန်တော့ စီးပွားရေးအရ ရိုက်ရတာရှိတယ်။ အဲဒီတော့ အနုပညာအရ အရမ်းကြိုက်လို့ ကိုယ်ရိုက်ချင်တဲ့ကားကို ကိုယ့်ဟာကိုယ်ရိုက်ရဖို့ဆိုတာ အခွင့်အရေးက အရမ်းနည်းပါတယ်။ အဲဒီထဲကမှ ကံကောင်းထောက်မ,စွာ အနုပညာကိုလည်း ချစ်တယ်...၊ ဘာဖြစ်လို့ သမီး ဒီစကားမျိုးကိုပြောရတာလဲဆိုရင် ဟာသကားတွေရိုက်တာ များရင်လည်းများတယ်။ အဲဒီမှာလည်း သမီးပြောချင်တာက ဟာသကားရိုက်တာဟာ သမီးအမြင်အနေနဲ့ အပြစ်မဟုတ်ဘူးလို့ သမီးယူဆတယ်။ ဘာကြောင့်လဲဆိုတော့ ဟာသကားတွေက ကြည့်တဲ့ ပရိသတ်ရှိကို ရှိတယ်။ သမီးတို့ မရိုက်လို့ မရဘူး။ တချို့ ပေါပေါလောလောကားတွေလည်း ရှိကောင်းရှိမှာပါ။ ဒါပေမဲ့လည်း ဘယ်သူကမှတော့ မကောင်းတဲ့စိတ်မျိုး၊ မကောင်းတဲ့ဟာမျိုးနဲ့ ရိုက်ကြတာတော့ မဟုတ်ဘူးပေါ့။ ဒါပေမဲ့ ဒါမျိုးကိုကြိုက်တဲ့ ပရိသတ်တွေရှိတဲ့အတွက် သမီးတို့ ရိုက်ကို ရိုက်ပေးရမယ်။ အဲဒီအခါမှာလည်း ပရိသတ်တွေအနေနဲ့ နားလည်ပေးဖို့ပါပဲ။ ခုနကလို

Leading Role ရယ်လို့ မဟုတ်ဘူးပေါ့။ ဦးက ဘယ်ကားကိုပြောချင်တာလဲ မသိဘူး။ ဥပမာ **ငယ်ကျွန်** ဆိုရင်လည်း သမီးတို့က ဒါ ပို့ပေးရတာပါပဲ။ ပို့ပေးရတာဆိုတော့ ဇာတ်ကို သမီးတို့ ဦးဆောင်သွားတယ်ရယ်လို့လည်း မဟုတ်ပါဘူး။ ဒီထဲမှာ ပါတဲ့သူတွေလည်း အကုန်ကောင်းကြပါတယ်။ အဲဒီတော့ တစ်ယောက်တည်းလုပ်တာထက်စာရင် သမီးက ဇာတ်ကားတစ်ကားရိုက်တာ Team တစ်ခုလိုပဲ အကုန်လုံး လက်တွဲညီညီသွားမှ ပန်းတိုင်ကို အတူတူရောက်မှာ။ ပန်းတိုင်ကို အတူတူရောက်မှ အဲဒီကားက အောင်မြင်တယ်လို့ ယူဆလို့ရမှာ။ သမီးတစ်ယောက်တည်း တော်နေလို့လည်း မရဘူး။ သူများတစ်ယောက်တည်း ကောင်းနေလို့လည်း မရဘူး။ အားလုံးကောင်းမှ သမီးတို့က ပန်းတိုင်အတူတူဝင်ပြီး ဒီကားက အောင်မြင်ပါလားဆိုတာ ဆုံးဖြတ်ချက်ချလို့ရမှာ။ ဒီကားအောင်မြင်ရင် အဲဒီကားထဲမှာ ပါဝင်တဲ့သူတွေ အကုန်လုံးအောင်မြင်တာနဲ့ အတူတူပဲ။ သမီးကတော့ အဲဒီလို ယူဆတယ်။

**အဲဒီတော့ "ငယ်ကျွန်"မှာတော့ ထိပ်တင်ဝတီဦးအဖြစ်နဲ့ တကယ့်ကို မာမာထန်ထန် ယောကျ်ားကိုတောင် ဒူးထောက်ခိုင်းတဲ့ မိန်းမတစ်ယောက်အဖြစ်နဲ့ သရုပ်ဆောင်ခဲ့တယ်နော်။ စိုးစိုးအနေနဲ့ အခု အသက်အရွယ်ကနေပြီးတော့ ဘယ်လောက်လောက်အထိများ သရုပ်ဆောင်လုပ်သွားဦးမယ်လို့ စဉ်းစားထားလဲ။**

ပရိသတ်က လက်ခံနေသရွေ့၊ ပရိုဂျူဆာတွေ ငှားနေသရွေ့ပေါ့။ သမီး ကျန်းမာနေသရွေ့။

**တစ်ခါတလေကျတော့ သီချင်းဆိုတယ်နော်။**

မဆိုပါဘူး ဦးရယ်။ ဆိုခဲ့ပါတယ်။

**ဆိုပါတယ်။**

သမီး အဆိုတော်မလုပ်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ မဆိုတတ်လို့ပါ။ သမီးက မထော်မနန်း။ စင်ပေါ်တက်ရမှာ အင်မတန်ကြောက်ပါတယ်။ အောက်မှာလေ လူတွေက အများကြီး၊ ကိုယ်မသိတဲ့သူက ပိုများတယ်လေ။ အဲဒါကြောင့် သမီး အဲဒီအလုပ်တွေ လုပ်ခဲ့တယ်။ မလုပ်ပါဘူး။

**ဆိုပါတယ်၊ ရန်လေးနဲ့ ဆိုတာတွေ ရှိတယ်လေ။**

အဲဒါကတော့ ကိုရန်အောင်ကိုး။

**ရန်လေး ဖွတ်ခေါ်လို့ ဆိုဖြစ်တာပေါ့။**

ဆိုပါတော့ ဆိုရတာပေါ့ ဦးရယ်။ ကိုယ့်အစ်ကိုကြီး ကိစ္စတွေဆို

တော့။

စိုးစိုးက ကိုယ်ကြိုက်တဲ့ဝတ္ထုတွေကို ရုပ်ရှင်အဖြစ် ဖန်တီးမယ်ဆိုပြီး ဝယ်ထားတဲ့ဝတ္ထုတွေရှိတယ်လို့ ကြားဖူးတယ်။

ဟုတ်ကဲ့။

ဆရာမ ဝင်းဝင်းလတ်ရဲ့ "အချစ်၏ နောက်ဆက်တွဲ စာမျက်နှာများ"၊ ဆရာမ မြစိမ်းရဲ့ "နောက်တိုး" အဲဒါမျိုးတွေ ဝယ်ထားတာတွေရှိတယ်။ အဲဒါတွေ အကောင်အထည်မဖော်ဖြစ်တော့ဘူးလား။

အဲဒီတုန်းက သမီး ဝယ်တုန်းက သမီး နိုင်ငံခြားမှာ နေစဉ်ကာလတွေပေါ့။ အဲဒီတုန်းက သမီးစာဖတ်တော့ အဲဒါတွေ သမီးသဘောကျတော့ ကြိုက်လို့ ဝယ်ထားလိုက်တယ်ဆိုပါတော့။ ဝယ်ပြီး သမီး ဒီအလုပ်ကိုပြန်လုပ်တဲ့အချိန်၊ နိုင်ငံခြားက ပြန်လာတဲ့အချိန်မှာ အခြေအနေတွေက မတူတော့ဘူး။ ခေတ်ကာလတွေကလည်း မတူတော့ဘူး။ သမီးဝယ်ထားတာတွေက ဒရာမာတွေ။ ပရိသတ်ကလည်း ကြိုက်ဦးမှ။ သမီးက အဘက်ဘက်က တွက်ရတယ်။ ပရိသတ်ကလည်း မကြိုက်ဘူး၊ သမီးအနေနဲ့ ငွေရေးကြေးရအရလည်း ပြန်မရဘူးဆိုရင် သမီးအတွက် ဒါဟာ ဘယ်လောက်ပဲ သမီး ကြိုးစားအားထုတ်ထားပါစေ သမီးအတွက် Minus ပြတဲ့ကိစ္စ။ အဲဒီတော့ Plusမဖြစ်ချင်နေပါစေ၊ Minusကလည်း မဖြစ်ချင်သေးဘူး။ အဲဒီတော့ အဲဒီ အတိုင်းလေးထားလိုက်တာပေါ့။ ထားလိုက်တော့ ကြာကြာ ကြာကြလာတော့ ပထမတော့ သမီး နှစ်နှစ်၊ သုံးနှစ်လောက်အထိ ကျော်သွားတဲ့ဟာတွေကို သမီး ပိုက်ဆံလိုက်လိုက်ပြီးပေးသေးတယ်။ နောက်ပိုင်းကျတော့ မပေးဖြစ်တော့ဘူးဆိုတော့ ဒါတွေဟာ သမီးနဲ့ မဆိုင်တော့ဘူးပေါ့။ ဆရာမကြီးတွေအနေနဲ့ အခုချိန်မှာ ဘယ်သူ့မဆို ရောင်းလို့ရတာပေါ့။ အဲဒီနှစ်ခုလုံးကိုတော့ သမီးက ကြံ့ရင်ကြံ့သလိုပေါ့၊ သမီးနဲ့ ရင်းနှီးတဲ့ ပရိုဂျူဆာတွေ...၊ ဘာဖြစ်လို့လဲဆိုတော့ နှစ်ခုလုံးက သေချာရိုက်မှရမယ့်အရာတွေလေ။ ဟိုတလောက **အချစ်ရဲ့နောက်ဆက်တွဲ...** ကတော့ ကိုဝိုင်းက ဒါ သူ ဇာတ်လမ်းတွဲရိုက်မယ်ဆိုပြီး လုပ်တယ်။ လုပ်ပြီးတော့ ဇာတ်ညွှန်းတွေကလည်း ရောက်နေတယ် အများကြီးပဲ။ ဇာတ်လမ်းတွဲဆိုတော့လည်း အဲဒီလောက်တော့ များမှာပေါ့လေ။ အဲဒီတော့ ရိုက်ဖြစ်တယ်၊ မရိုက်ဖြစ်ဘူးဆိုတာကတော့... သမီးကိုတော့ သူတို့က စရန်တွေတော့ ပေးပြီးပြီ။ ဒါပေမဲ့ ဇာတ်လမ်းတွဲဖြစ်တဲ့အတွက် သူတို့ အများကြီးပြင်ဆင်ရဦးမယ်။

ဘာလို့ကြာနေလဲတော့ သူတို့ပဲ သိလိမ့်မယ်၊ သမီးမသိဘူး။ ရိုက်ရက်က လည်း မယူထားသေးဘူးဆိုတော့ ဘယ်အချိန်ရိုက်ရိုက်ပါ၊ ဒါ သူတို့ကိစ္စ။ **နောက်တိုး** ကကျတော့ ရိုက်ဖို့က အများကြီးပြင်ဆင်ရမယ်။ သမီးတစ် ယောက်တည်းနဲ့လည်း မလုပ်နိုင်ဘူး အဲဒီဟာကို။ ဝတ္ထုက ဖတ်လိုက်တာ နဲ့ကို ပိုက်ဆံအရမ်းကုန်မယ့်ကား ဖြစ်နေတယ်။ လူတွေကလည်း အရမ်းများ တယ်။ ပြီးတော့ ရိုက်ကူးတင်ပြရမယ့် အနေအထားတွေကလည်း ဆိုင်းဝိုင်း တွေ၊ ဇာတ်သဘင်တွေဆိုတော့ ဒါတွေက တကယ်တမ်းကျတော့ သမီး လည်း ကျွမ်းကျင်လှတယ် မဟုတ်ဘူး။ ဝတ္ထုအနေနဲ့သာ ဖတ်လို့ကောင်း တာ။ အများကြီးပြင်ဆင်ရမယ်၊ ပံ့ပိုးကူညီမယ့်လူတွေ အများကြီးလိုမယ် ဆိုတော့ ဒါကြီးကလည်း ကြာသွားပြန်ရော။ ဆိုတော့ အခုချိန်ထိတော့ ဘယ်တော့ရိုက်ဖြစ်မလဲဆိုတာ သမီးလည်း သေသေချာချာ မသိသေးဘူး။ ပရိုဂျူဆာတောင် မရှိသေးဘူး။ ကိုယ့်ဟာကိုယ် ပရိုဂျူဆာလုပ်ဖို့ကျတော့ လည်း မဖြစ်ပြန်ဘူး။

**ဒါတော့ တခြား စာရေးဆရာမတွေ ရေးတာကို စိုးစိုးက ရိုက် ချင်တယ်ဆိုပြီးတော့ Mood ရှိလို့ ဝယ်ခဲ့တဲ့ ဝတ္ထုတွေပေါ့နော်။ ကိုယ် တိုင်လည်း စာအုပ် ၆ အုပ်လောက် ရေးခဲ့ဖူးတယ်။**

သမီးစာအုပ်တွေက အလကားပါ(ရယ်လျက်)။

**အဲဒီ စာအုပ်ကလေးတွေအကြောင်း ပြောပြပါဦး။**

မသိဘူး၊ ဘာဖြစ်လို့ စာရေးဖြစ်ခဲ့လဲဆိုတာ။ ဒါပေမဲ့ သမီး စာရေး ရတာကို သဘောကျတယ်။ ဘာဖြစ်လို့သဘောကျလဲလို့ မေးရင် ငြိမ်းချမ်း လို့ပေါ့။ ဘယ်သူနဲ့မှ တွေ့စရာမလို၊ ကိုယ်တစ်ယောက်တည်း လုပ်နေရတာ ဆိုတော့ အေးအေးဆေးဆေးပေါ့။ ဒါပေမဲ့ သမီး စာမရေးနိုင်တာ အရမ်း ကြာသွားပြီ။ ရေးဖို့လည်း ကြိုးစားမယ်... ကြိုးစားမယ်ဆိုပြီးတော့ သမီး ဒီလောက်ယောက်ယက်ခတ်နေတာ ဘယ်နား စာသွားရေးရမလဲ။ အဲဒါတွေ ကလည်း ရှိသေးတယ်။ ပြီးတော့ ဒီစာအုပ် ၆ အုပ်လုံးက ကလေးနှစ် ယောက် မရောက်လာခင်က သမီး ရေးခဲ့တာဆိုတော့။ အခုတော့ သမီးက အဲဒီကလေးနှစ်ယောက်ကိုပဲ လွှဲချတယ်။ အဲဒီကလေးတွေနဲ့ အလုပ်ရှုပ်နေ တာနဲ့ဆိုပြီးတော့။ အမှန်တော့လည်း ဆိုင်တော့မဆိုင်ပါဘူးလေ။ သမီးကိုယ် တိုင်ကိုက အားထုတ်မှုနည်းတယ်လို့ပဲ သမီးပြောရမှာပဲ။

**အဲဒီစာအုပ်လေးတွေ အမှတ်တရပြောပြပါဦး။ ပထမဆုံး**

ထွက်တာက...။

**အချစ်စစ်စစ်များ**၊ ဒုတိယက **မောင့်အတွက်**၊ တတိယက **ယုံကြည်၍ ခံစားရသည် ခံစားရ၍ ယုံကြည်သည်**၊ နံပါတ်လေးက **အနားသတ်သစ္စာ...**။ **အနားသတ်သစ္စာ** နဲ့ **ချစ်မိတဲ့အခါ...**၊ **ချစ်မိတဲ့အခါ** ဖြစ်လိမ့်မယ်။ ပြီးတော့မှ **အနားသတ်သစ္စာ**၊ ပြီးတော့ **Feeling 35**။

**"Feeling 35" ဆိုတာက ၃၅ နှစ်ပြည့်တုန်းက ရေးတာပေါ့နော်**။

အခု ၄၅ နှစ်တောင်ပြည့်တော့မယ်... ကျော်သွားပြီပြောတာ။ အဲဒီ Feeling 35 မှာတုန်းက သမီးပြောခဲ့ပါတယ်။ ကျွန်မ နောက်ထပ် အနှစ် ၂၀ ကျွန်မ ကျန်းမာရေးကောင်းတဲ့အချိန် အဲဒီအခါကျရင် Feeling 55 ဆိုပြီး ရေးမယ်လို့။ အားလုံးက ၃၅ ရေးပြီးရင် ၄၅ ရေးတဲ့။ ဆယ်နှစ်ဆိုတဲ့အချိန်က တကယ်တမ်းကျ တိုတိုလေး။ ဆယ်နှစ်အတွင်းမှာ နောက်ထပ်တစ်ခုရေးဖို့ဆိုတာ ပရိသတ်စိတ်ဝင်စားမှာမဟုတ်ဘူး ဘာမှ မထူးခြားလို့။ သမီးက သမီးအကြောင်းရေးတယ်ဆိုပေမဲ့ သမီးလျှောက်ရေးချင်တိုင်းရေးလို့တော့ မရဘူးလေ။ ပရိသတ်ကလည်း စိတ်ဝင်စားဦးမှ။ အဲဒီတော့ စိတ်ဝင်စားလောက်မယ့် အကြောင်းအရာကိုရေးမှ စိတ်ဝင်စားမယ်ဆိုတာသိလို့ သမီး အနှစ်နှစ်ဆယ်လောက် ခွာလိုက်တယ်ပေါ့။ ရေးဖြစ်အောင်လည်း ကြိုးစားမယ်။ ၅၅ နှစ်ကလည်း လိုပါသေးတယ်(ရယ်လျက်)။

**အဲဒီတော့ Feeling 55 ကို ရေးမယ်ဆိုတဲ့အခါကျတော့ သမီးအဖေ ဗိုလ်မှူး စိုးမြင့်ကလည်း ပြောတယ်။ သမီး ၅၅ နှစ်မှဆိုရင် အဖေလည်း ရှိမှာမဟုတ်တော့ဘူး။**

အဖေ ရှိတယ်လေ၊ အခု အရမ်းကျန်းမာတယ်။

**ဦးလည်း မရှိနိုင်တော့ဘူး။**

ရှိနိုင်ပါတယ် ဦးကလည်း။ အဲဒီဟာကို မတွေးနဲ့ဦးရဲ့။ ရှိနိုင်သေးတယ်လို့ သမီးယုံကြည်တယ်။

**အမှန်ကတော့ Feeling 45 ကို ရေးသင့်သေးတယ်။**

ဘာလို့ဆို သမီးက အဲဒီတုန်းက ၅၅ လို့ပြောထားတာကတစ်ကြောင်း၊ 45 မှာ ရေးရင်တော့လည်း ရတယ်။ ဘာဖြစ်လို့လဲဆိုတော့ အများကြီးပြောင်းလဲသွားတာတွေ ရှိတယ်လေ။ ဥပမာ အဲဒီတုန်းကဆိုရင် ဒါဒါကလည်း အိမ်ထောင်ကျခါစ၊ ကလျာက အိမ်ထောင်မကျသေး၊ သမီးက

လည်း အိမ်ထောင်မကွဲသေးဆိုတော့ အခုအချိန်မှာကျတော့ အဲဒီဟာတွေ အကုန်လုံးကို... အဲဒီဟာ သုံးခုနဲ့တင် တော်တော်ပြည့်နေပြီလေ။ တခြား ရေးစရာတွေကလည်း အများကြီး၊ အလုပ်နဲ့ပတ်သက်တာတွေကလည်း အများကြီးဆိုတော့ ရေးမယ်ဆို ရေးလို့တော့ ရတာပေါ့။ ဒါပေမဲ့ မထူးတော့ ဘူးလေ၊ သမီး ၅၅ ပဲ စောင့်လိုက်တော့မယ်။ ကြိုတော့ ထုတ်ကြည့်လိုက် မယ်။

**ဒီ ၁၀ နှစ်အတွင်းမှာ တူတွေ၊ တူမတွေ တိုးပွားလာတာတွေ ရှိတယ်။ ကိုယ့်ဘဝထဲ တိုးဝင်လာတာတွေ ရှိတယ်။ အများကြီးရေး လို့ရပါတယ်။**

အများကြီးရှိတယ်။ ၆၅ ကျရင် သမီး ပြည့်ပြည့်စုံစုံ ပိုရေးနိုင်မယ် လို့။ ဘာဖြစ်လို့လဲဆိုတော့ သမီးလုပ်ချင်တဲ့ကိစ္စလေးတွေလည်း အဲဒီလောက် ဆို အကောင်အထည်ဖော်လောက်ပြီ။

**ရေးမယ်လို့ ပြောထားပြီး ပရိသတ်ကလည်း တရရမေးနေတဲ့ ဝတ္ထုတစ်ပုဒ်ရှိတယ်။ "ရုပ်ရှင်မင်းသမီး"။**

ရှိပါတယ်၊ **ရုပ်ရှင်မင်းသမီး။**

**မရေးဖြစ်တော့ဘူးလား။**

ရေးမယ်။

**ဦးဝင်းငြိမ်းအတွက် မွေးနေ့လက်ဆောင်ပေးမယ် ဆိုတာ။**

မွေးနေ့လက်ဆောင်ဆိုတာ ဘယ်မွေးနေ့ရယ်လို့ သမီးက ပြော မှ မပြောခဲ့တာလေ(ရယ်လျက်)။

**ဟား...ဟား...ဟား...။**

ဘယ်နှနှစ်မြောက်မွေးနေ့လဲလို့ မပြောခဲ့တော့ အဲဒါတော်သေး တယ်။ ငါခံသာနေတာလို့။ ဟဲ...ဟဲ ကိုယ့်ဘာသာကိုယ် အားပြန်ပေးတာ လေ။ သမီးရေးပါမယ် **ရုပ်ရှင်မင်းသမီး** ကို။ **ရုပ်ရှင်မင်းသမီးက** ခဏခဏ ဇာတ်ပြောင်းတယ် သိလား။ သမီး အစက အောက်လိုင်းလေးချထားတုန်းက တစ်မျိုး၊ အခု နောက်တစ်မျိုးပြောင်းသွားပြန်ပြီ။ အဲဒါလည်းလေ လူပေါ်မှာ လည်း မူတည်တယ်။ သမီးစိတ်ပေါ်မှာလည်း မူတည်တယ်။ ပြောင်းလဲ လာပြီး သမီးရှေ့မှာ ဖြစ်ပျက်နေတဲ့ အခြေအနေပေါ်မှာလည်း မူတည်တယ်။ အဲဒီအတွက် အဲဒီဇာတ်လမ်းက ပြောင်းလဲတယ်ဆိုတာက ဇာတ်သိမ်းခန်း က ပြောင်းပြောင်းသွားတယ်။ တစ်မျိုးပြီးတစ်မျိုး ပြောင်းနေတယ်။ အခု

ပြောင်းထားတာလေးလည်း ကောင်းပါတယ်။

**ကိုယ်ကတော့ အခုထက်ထိတော့ သရုပ်ဆောင်အဖြစ်နဲ့ ရိုက်နေဆဲပေါ့နော်။ တကယ်လို့များ ကိုယ် ရုပ်ရှင်လောကကနေပြီးတော့ သရုပ်ဆောင်မလုပ်ချင်တော့ဘူးလို့ နားတဲ့အချိန်ကျရင် ရုပ်ရှင်ကုမ္ပဏီထောင်ပြီးတော့များ ရုပ်ရှင်ထုတ်လုပ်ရေးကိုလုပ်ဖို့ စိတ်ကူးမရှိဘူးလား။**

သရုပ်ဆောင်အလုပ်ကတော့ သမီး လုပ်ချင်တဲ့အလုပ်ပေါ့နော်။ သမီးပြောတောင်ပြောဖူးပါတယ် Feeling 35 မှာ။ နောင်ဘဝမှာ မိန်းမတစ်ယောက်ဖြစ်ခဲ့ရင်တောင် ရုပ်ရှင်မင်းသမီးပဲဖြစ်ချင်တယ်လို့ သမီးပြောခဲ့ဖူးတယ်။ အဲဒီတော့ သရုပ်ဆောင်ဘဝမှာလည်း သမီး အသက်ကြီးသွားရင်လည်း ဥပမာ အသက် ၅၀၊ ၆၀ ဆိုရင်လည်း ၅၀၊ ၆၀ နဲ့လိုက်တဲ့ ကာရိုက်တာမျိုးတော့ ရှိမှာပဲ။ သမီး မှတ်ဉာဏ်တွေ ကောင်းနေသေးရင်ပေါ့လေ။ မှတ်ဉာဏ်တွေ မကောင်းတော့ဘူးဆိုရင်တော့ သမီး မလုပ်ချင်တော့ဘူး။ ဘာဖြစ်လို့လဲဆိုရင် သူများတွေ ဒုက္ခရောက်လို့ပါ။ ကိုယ့်အတွက်နဲ့ အာရုံမနှောက်စေချင်ဘူး။ အဲဒီတော့ မှတ်ဉာဏ်တွေ ကောင်းနေသေးတယ်ဆိုရင်တော့လည်း အဲဒီအရွယ်မှာလည်း အဲဒီအရွယ်ရဲ့ရသကို မြင်ရတဲ့ ဇာတ်လမ်းတွေလည်း ရှိလာဦးမှာပဲ ဦးရဲ့။ တချို့ အဘွားအိုကြီးတွေ ဇာတ်လမ်း တချို့ဇာတ်လမ်းလေးတွေရှိတယ်၊ သိပ်ကောင်းတာလေးတွေရှိတယ်။ သမီးတောင်မှ အခု ဆာမိရိုက်တဲ့၊ စတီးလ်ရိုက်တဲ့ **သားပိုက်ကောင်** ဆိုရင် ဒါ သမီး အဘွားကြီးလုပ်ထားတာ။ ဒါပေမဲ့ သမီး မိတ်ကပ်တွေဆိုရင် သိပ်မကြိုက်လှဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဘယ်လောက်အထိ သမီးက တွန့်ပြလို့ရမှာလဲ။ အမှန်တော့ သူက အမေမဟုတ်ဘူး၊ အဘွားဆိုတော့ အဲဒီထဲမှာ ထွန်းထွန်းကခေါ်တာ "အမေကြီး"လို့ ခေါ်တာလေ။ ရှေးတုန်းက အဘွားတွေကို "အမေကြီး"ပဲ ခေါ်ကြတာဆိုတော့...။ သူက အိုတယ်ဆိုတာ အရေပြားတွေတွန့်တယ်ဘာညာ သမီး လိုချင်တာလေ။ အဲဒါတွေက သိပ်မဖြစ်လှဘူးပေါ့။ ဒါပေမဲ့ အတတ်နိုင်ဆုံးတော့ သမီးလုပ်ထားတယ်။

**မိတ်ကပ်လိုသေးတယ်။**

လိုသေးတာပေါ့။ သမီးတို့ဆီမှာ မိတ်ကပ်ပညာရှင်တွေလည်း ရှိမှမရှိတာ။ အဲဒီအရွယ်လောက်ရောက်ရင် အဲဒီအရွယ်လောက်မှာရှိမယ့် ဇာတ်လမ်းမျိုးတွေ သမီးက ရိုက်ချင်သေးတယ်။ ဒါကတော့ ဆန္ဒပေါ့လေ။ ပရိုဂျူဆာလုပ်ဖို့ဆိုတာတော့ အခု လတ်တလောတော့ သမီးမှာ အစီအစဉ်

မရှိဘူး။ ဒါပေမဲ့ ပရိုဂျူဆာလုပ်ချင်တဲ့ သူငယ်ချင်းတွေကိုတော့ ကောင်းတဲ့ ရုပ်ရှင်ထုတ်လုပ်ရေးနဲ့ သမီး ချိတ်ပေးတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့တွေလည်း လုပ်ပါစေ၊ ဟိုဘက်ကလည်း ကားကောင်းလေးရပါစေ၊ သမီးလည်း ကားရိုက်ရစေ၊ ကျန်တဲ့လူတွေလည်း အလုပ်ရစေ ဆိုတဲ့စိတ်မျိုးနဲ့ပေါ့။ အဲဒါမျိုးတော့ လုပ်ပါတယ်။

**စိုးစိုးနဲ့ ဦးကျော်နဲ့ တွဲခဲ့တဲ့ကားတွေ တော်တော်များများရှိတယ်နော်။ ဦးကျော်နဲ့တွဲရတာ... အခုတော့ ဦးကျော်က ရုပ်ရှင်လောကမှာ မရှိတော့ဘူးပေါ့နော်၊ ရဟန်းဘောင်ဝင်သွားပြီ။ ဦးကျော်နဲ့တွဲရတဲ့ အခါ ဆိုကြပါစို့... ဆရာမ ခင်ခင်ထူးရဲ့...။**

ကြိုးတန်း ပါ။

**"ကြိုးတန်း" ကိုရိုက်တာနော်။ တကယ့်ကို သောင်ပြင်ပေါ်မှာ ပေတူးပြီးတော့ ရိုက်ရတဲ့ကားမျိုးပေါ့။ ဦးကျော်နဲ့ ရိုက်ရတာ ဘယ်လိုနေလဲ။**

ဦးကျော်တို့၊ ကိုသားကြီးတို့ဆိုတာတော့ ဘယ်လိုခေါ်မလဲ... အလုပ်လုပ်ရတာ သမီးအတွက် အရမ်းအဆင်ပြေတဲ့လူတွေပေါ့။ အထူးသဖြင့် ဦးကျော်နဲ့ ရိုက်ရတာ ပညာတွေလည်း အများကြီးရတယ်။ **ကြိုးတန်း** ရိုက်တုန်းကဆိုရင်လည်း သမီးသူ့ဆီက ပညာတွေအများကြီးရတယ်။ အင်မတန်မှ တော်တဲ့လူပါ။ သူ့လိုမျိုး ဖွဲ့၊ လုံ့လ၊ ဝီရိယ သမီးမှာလည်း မရှိဘူး။ သူ့အလုပ်နဲ့ပတ်သက်လို့ တိကျတာ၊ စနစ်တကျရှိတာ၊ စည်းနဲ့ကမ်းနဲ့ သေသေချာချာလေး စိတ်ပါဝင်စားစွာ ဝီရိယရှိတာ၊ ကြိုးစားအားထုတ်တာဟာ သူ့လိုလူမျိုး သမီး သူပဲ တွေ့ဖူးတယ်။ အခုအချိန်အထိ သမီး တခြားသူလည်း မတွေ့ဖူးဘူး။ ဆိုတော့ ကောင်းတဲ့အမူအကျင့်တွေ၊ ကောင်းတဲ့စနစ်တွေ အများကြီးရှိတယ်။ ဦးကျော်နဲ့ အလုပ်လုပ်တော့ ဦးကျော်က ဘာပြောဖူးလဲဆိုတော့ ဒိုင်ယာလော့တွေဘာညာ၊ ဇာတ်ညွှန်းတွေ တစ်ခါတလေကျတော့ သူ ပြင်ရေးဘာညာဆိုရင် သမီးကို သူဘယ်တော့မှ သမီးပြောရမယ့်နေရာဆို သူ အမြဲတမ်းချန်ထားတယ်။ သူ မရေးပေးဘူး။ **ကြိုးတန်း**ရိုက်တုန်းကလည်း တစ်ဆင်း(န)လားမသိဘူး သူရေးထားတာရှိတယ်။ သမီးနေရာကျတော့၊ မကျော့နေရာလည်းကျရော ဒိုင်ယာလော့က မရှိဘူး။ ဟယ်... ကျွန်မ ဘာပြောရမှာလဲပေါ့နော်။ ပါးစပ်ထဲရှိတာ ပြောလိုက်တဲ့။ အဲဒီလို ပြောတယ်။ ပြီးတော့ သူက ဒါရိုက်တာကိုလည်းပြောတယ်။

တမင်မရေးထားတာတဲ့။ သူက ကိုယ်ရေးထားရင်လည်း ရေးထားတဲ့ဟာက သူ့ပါးစပ်နဲ့ အဆင်ပြေချင်မှပြေတာ။ သူ့ပါးစပ်ကထွက်လာတဲ့ စကားလုံးက ပိုကောင်းတယ်တဲ့။ အဲဒါကြောင့် သူပြောချင်တာပြောပါစေတဲ့။ အမြဲတမ်း... သမီးက ဘာကိုကျေနပ်မိလဲဆိုတော့ ဩော်... သူ ငါ့ကို ယုံကြည်စွာနဲ့ သူ အဲဒီလို ပြောတယ်ဆိုပြီးတော့ပဲ သမီး အဲဒီလို ယူဆတယ်။ သမီး ပေါက်ကရမပြောတတ်ဘူး ဆိုတာလည်း သူသိတယ်။ သမီးသည် စကားလုံး တွေကို ပြင်ပြောတာ မဟုတ်ဘူး။ သမီးသည် သမီးရဲ့ကာရိုက်တာနဲ့ လိုက် ဖက်မယ့်ဟာမျိုး သမီးအဆင်ပြေအောင် သမီးပြောတာပဲရှိတယ်ဆိုတော့ သူ သမီးကို ယုံကြည်တယ်လို့ ယူဆတယ်၊ ကျေလည်းကျေနပ်ပါတယ်။ ဦးကျော်ကို လည်း ကျေးဇူးတင်ပါတယ်။ **ရိုက်စား** ကတော့ နာမည်ကတော့ အရမ်းကြီးသွားတာ။ သမီးကြောင့် မဟုတ်ဘူး။ ဒါ ဦးကျော်ကြောင့်။ တစ်ကားလုံးမှာ သမီးလေ ဘာမှလုပ်ကွက်လည်းမရှိဘူး။ ဘာမှလည်း မလုပ်ရဘူး။ ဇာတ်သိမ်းသွားတဲ့အထိ ဘာမှမလုပ်လိုက်ရဘူး။ အဲဒီကားကို ပြန်ကြည့်လိုက်။ တကယ်တော့ ဦးကျော်နဲ့၊ ကိုကောနဲ့ ကောင်းတာ။ သူ တို့နှစ်ယောက်က တစ်ကားလုံး အိုက်တင်လုပ်သွားပြီးတော့ ဇာတ်သိမ်း တဲ့အထိ၊ ဇာတ်သိမ်းခန်းမှာလည်း သမီးက ဦးကျော်...အင့် ဆိုပြီး အထုပ် တစ်ထုပ်ပေး တာကလွဲပြီးတော့ သမီးမျက်နှာမှာ ဘာအိုက်တင်မှ မရှိဘူး လေ။ ဒါပေမဲ့ ဦးကျော်သည် ဒီအထုပ်ကို... အထုပ်လားဘာလား မသိပါ ဘူး အဲဒါကို ယူပြီးတော့မှ သူပြုံးလိုက်တဲ့အပြုံးဟာ သမီးကို တစ်ဆုံးပို့ပေး လိုက်တာနဲ့ အတူတူပဲ။ ဘာလို့လဲဆိုတော့ သမီးက အားလုံးကို ရိုက်စား သွားပါတယ်ဆိုတာက ဦးကျော်က သူ့ရဲ့အပြုံးနဲ့ သမီးကို ဇာတ်ပို့ပေးလိုက် တာ။ အဲဒီတော့ တစ်ကားလုံးပြန်ကြည့်ရင် သမီးကပဲ အကုန်လုံးကို ဖြတ်ညှပ် ကပ်ပြီးတော့၊ သမီးကပဲ အကုန်လုံးကို ဘာတ်သွားတယ်ဆိုတော့ သမီးက နေရင်းထိုင်ရင်း ဟီးရိုးဖြစ်သွားတယ်။ နောက်ပြီးတော့ ဦးကျော်နဲ့ နှစ်ကိုယ်ခွဲ ကားတွေ သမီးအများကြီးရိုက်ဖူးပါတယ်။ ဦးကျော်ဆီက ပညာတွေလည်း အများကြီးရပါတယ်။ နောက်ပြီးတော့ အတုနဲ့ သရုပ်ဆောင်တာတွေနဲ့ ပတ်သက်လို့ ဦးကျော်သည် ဥပမာ ဓားအတုနဲ့ ဓားအစစ်နဲ့။ သူ သမီးကို ပြောတယ်။ တချို့သောကိစ္စတွေမှာ အတုနဲ့ သရုပ်ဆောင်ရတာ ကိုယ့် အတွက် ပိုအားသာတယ်တဲ့။ သူက ရိုးရိုးလေးပဲပြောတာ။ ဘာကိုပြောချင် တာလဲဆိုတော့ အစစ်က အန္တရာယ်များတယ်တဲ့ ဦးရဲ့။ သမီး ဒီဓားကြီး

တရမ်းရမ်းနဲ့ ကြောက်နေမယ်၊ ဘေးလူတွေကိုလည်း ချိန်နေမယ်၊ အဲဒီအတွက် ညှာတာရမယ်။ အဲဒီအတွက် ဇယားတွေရှိတယ်။ အိုက်တင်မှာ သူက အနှောင့်အယှက်ဖြစ်နိုင်တယ်။ ဒါပေမဲ့ တချို့သောဟာတွေက အစစ်နဲ့လုပ်မှ ပိုကောင်းတာတွေ ရှိသလို။ ဒါ သူပြောချင်တာက သမီးဘာသာသမီး ရွေးချယ်၊ ဘယ်နေရာမှာ အတုကိုင်မလဲ၊ ဘယ်နေရာမှာ အစစ်ကိုသုံးချင်သလဲ ကိုယ့်ဟာကိုယ် ရွေးချယ်ဆိုပြီးပြောတယ်။ အဲဒီတုန်းက သမီးသည် အတုနဲ့ပဲ သရုပ်ဆောင် လိုက်တယ်။ ဦးကျော်ကိုကြည့်လိုက်တဲ့အခါ ဦးကျော်သည်လည်း အတုတွေနဲ့ပဲ... ဓားဆိုတော့ အတုတွေနဲ့ပဲ၊ ဒါပေမဲ့ ခုတ်ရယ်ထစ်ရယ်အခန်းတွေကျရင်တော့ သူ အစစ်သုံးတယ်ပေါ့နော်။ သမီးတို့ကလည်း အဲဒါလေးတွေကို ပြီးခဲ့တဲ့ စစ်ကားရိုက်တော့ သမီး ဘာကိုသတိထားမိလဲဆိုတော့ သမီး သေနတ်အစစ်ကို သမီး မကိုင်ရဲဘူး။ အဲဒီမှာ ကလေးတွေကလည်း ဘာပြောလဲဆိုတော့ မကြီးက ရှေ့မှာလည်း ကားတွေအများကြီးရိုက်ထားတယ်။ ဒီသေနတ်အစစ်...၊ ကလေးတွေက သေနတ်အစစ်ကို ကြိုးစားပမ်းစားကိုင်တယ်၊ ပစ်တယ်။ စိုးမြတ်သူဇာကြီးက လူကြီးသာကြီးတာ အဲဒီ သေနတ်အစစ်ကို ကိုင်လည်းမကိုင်ဘူး။ ပစ်ဖို့ဆိုတာဝေလာဝေးပဲ။ သမီး ယမ်းလည်း အရမ်းကြောက်တယ်။ အဲဒီတော့ အဆင်မပြေဘူး။ ဒါပေမဲ့ ပုံတွေထွက်လာတယ် ဆိုပါတော့။ ပုံတွေထွက်လာတော့ စိုးမြတ်သူဇာက သေနတ်ကို လက်တစ်ဖက်တည်းနဲ့ ကိုင်ပြီးတော့ အပီ...။ အောက်ကလည်း Comment တွေကလည်း ရေး၊ ကိုယ်ကလည်း ရယ်ချင်တယ်။ အား... မစိုးကတဲ့ သေနတ်ကို တစ်ဖက်တည်းနဲ့ ဒီလိုကိုင်ထားတဲ့အတွက် သူ့မျက်နှာမှာ မချိမဆံ့အိုက်တင်ပေါ်နေတယ်တဲ့။ ဘာလို့ဆိုသေနတ်က လေးတာကိုး။ အဲဒါ ကိုယ်က ပြုံးတယ်၊ ဘာမှမပြောပါဘူး။ မျက်နှာက အမူအရာက သေနတ်ကို လက်တစ်ဖက်က ကိုင်ပြီး ပစ်နေတာဖြစ်တဲ့အတွက်၊ ဘယ်မင်းသမီး၊ ဘယ်သူမှလည်း ဒီလိုမျိုး လက်တစ်ဖက်တည်းနဲ့ ဒီလိုမျိုးတွေ ဘယ်သူမှ ပစ်မနေဘူး။ ဘယ်ပစ်မလဲ... စိုးမြတ်သူဇာက အတုကြီးကိုင်ထားတာလေ(ရယ်လျက်)။ အတုဆိုတော့ လက်တစ်ဖက်တည်းနဲ့လည်း ရတယ်။ ဘယ်လိုကိုင်ကိုင် သူက လှနေတာကိုး။ အမှန်တော့ ပေါ့ပေါ့လေးပါ။ ဒါပေမဲ့ အဲဒီလို မချိမဆံ့အိုက်တင်မျိုးဖြစ်အောင်တော့ သမီးက ကိုယ့်ဟာကိုယ် လုပ်ယူပေါ့။ ဒီသဘောပါ။

ဒါတောင် အဖေက မိုလ်မှူးမို့လို့။

ဟုတ်ပဲ့၊ မရဘူး... မရဘူး။ အဲဒီသေနတ်က မရဘူး။ သူတို့က လေ သေနတ်က ကျည်ဆန်ထုတ်ထားတယ်။ ဒါပေမဲ့ အစစ်ဖြစ်တဲ့အတွက် ပစ်လိုက်တာနဲ့ ကျည်က ထွက်သွားတယ်။ ကျည်ဗလာဖြစ်တဲ့အတွက် ကျည်ဆန်က ကလောက်ဆို ဒီလိုထွက်တာ။

**ခုန်ထွက်တာ။**

အငွေ့ကလည်း ထွက်လာတယ်။ ဒါ သေနတ်အစစ်မဟုတ်ဘူး နော်။ အဲဒါလည်း မရဘူး။ အခုပြော အခု လက်ဖျားတွေအေးတယ်။ ဘာဖြစ်လို့လဲဆို သမီး ထွက်လာတဲ့အသံကို မခံစားနိုင်တာ။ မင်းသမီးလေး တွေက အကုန်လုပ်ရှာတယ်။ ဒါဒါတောင် လုပ်တယ်။ ကွန်ပျူတာထဲ ထည့်ပါဟယ်၊ ရတယ်လို့ ပြောလိုက်တယ်။ ဘယ်လိုလုပ်ရလဲတဲ့၊ ကျွန်မ လည်း မသိဘူးလေ၊ ရအောင်လုပ်ပေါ့လို့(ရယ်လျက်)။ သမီးက အတုနဲ့ပဲ အကောင်းဆုံးဖြစ်အောင်တော့ သရုပ်ဆောင်ခဲ့တယ်။ အတတ်နိုင်ဆုံး သေနတ် ပစ်တဲ့နည်းတွေလည်း မှန်ကန်အောင် ကြိုးစားလိုက်တယ်။ အဲဒီတော့ ဟိုထဲကျရင်တော့ သူများတွေက အစစ်တွေပဲဆိုတော့ ရောသွားမယ် ထင် ပါတယ်။

**ဘဝမှာ အိမ်ထောင်တစ်ဆက်ကျခဲ့ပြီးပြီပေါ့နော်။ အခုအသက် အရွယ်မှာရော နောက်ထပ်အိမ်ထောင်ပြုဖို့ စိတ်ကူးမရှိတော့ဘူးလား။**

အဲဒါတော့ မရှိတော့ဘူး။ ဟိုတလောက ကလေးတစ်ယောက်က မေးတယ်။ မကြီး အချစ်ရေး။ ဟယ်... အံ့ဩမိတယ်၊ နင် ငါ့ကို မေးရဲ တယ်နော် အချစ်ရေး...။ ငါ့ကို အချစ်ရေးမေးရအောင် ငါ့ကို ၁၆ နှစ်နဲ့ မှားနေလား။ ငါအသက် ၄၆ နှစ်ရှိပြီ၊ ငါ ဘာအချစ်ရေးပြောရမှာလဲ။ အိမ်ထောင်ကတော့ ပြုဖို့ အစီအစဉ်မရှိတော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ သမီးနဲ့ အဆင်ပြေမှာမဟုတ်ဘူး။ သမီးနေချင်တဲ့ပုံစံ၊ သမီးနေချင်တဲ့ မိသားစု နဲ့ သမီးရဲ့ အိမ်ထောင်ဖက်ပေါ်မှာ တာဝန်ကျေနိုင်မှာ မဟုတ်ဘူး။ တာဝန် မကျေနိုင်မယ့်အတူတူ လူတစ်ဖက်သားကိုလည်း သမီး ဒုက္ခမပေးချင်ဘူး။ အဲဒီတော့ အိမ်ထောင်သည်ဖြစ်လာရင် အိမ်ထောင်သည်အလျောက် လုပ် ပေးရမယ့် ဝတ္တရားတွေ၊ တာဝန်တွေဆိုတာ ရှိလာမှာ။ သမီးမှာ အဲဒီအတွက် လည်း အချိန်က မရှိဘူး။ အဲဒီတော့ သမီးဟာသမီး တစ်ယောက်တည်းနေ တာ အကောင်းဆုံးပဲ။ ပြီးတော့ အဆင်လည်းပြေတယ်။

**မြန်မာ့ရုပ်ရှင်က ၁၉၂၀ ကတည်းက စ,ခဲ့တာပေါ့နော်။ အခု**

**လာမယ့် ၂၀၂၀ ဆို ... ၁၀၀ ပြည့်ပြီ။ နှစ် ၁၀၀ ပြည့်မှာ သမီး ကတော့ သေချာပေါက ... ၂ ၁ပဲ။ အဲဒီ နှစ် ၁၀၀ ပွဲတော်အတွက် ကို သမီး ဘာများ Wish လုပ်ချင်ပါသလဲ။**

နှစ် ၁၀၀ ပွဲတော်က ကြိုတောင့်ကြိုခဲပေါ့နော်။ ဘာ Wish လုပ်ရမလဲဆိုတော့ သမီးလည်း ပြောတော့မပြောတတ်ဘူး။ ဒါပေမဲ့ ရုပ်ရှင်လောကကြီးကတော့ ပိုပြီး ခိုင်ခိုင်မာမာနဲ့ ရေရှည်တည်တံ့စေချင်တာပေါ့။ သမီးတို့တွေက အခုချိန်အထိ ဟိုးရှေးဟောင်းတုန်းက ကားတွေတောင် ပြန်လိုက်မမီနိုင်တဲ့ အနေအထားမျိုးတွေဆိုတော့ ဒါ သမီးတို့ တာဝန်မကျေဘူးလို့လည်း ပြောလို့ရတာပေါ့။ ဒါပေမဲ့လည်း သမီးတစ်ယောက်တည်းတော့ မဟုတ်ပါဘူး။ အဘက်ဘက်က လိုအပ်တာပေါ့လေ။ အဲဒီတော့ ရှေ့ဆက်ပြီး သမီးတို့တွေ ရှေးတုန်းကလက်ရာတွေ မီအောင်၊ ဇာတ်လမ်းတွေလည်း ကောင်းမွန်အောင်၊ သမီး ကျန်သေးတဲ့ အသက်အရွယ်နဲ့ အတတ်နိုင်ဆုံးတော့ ကောင်းမွန်အောင် ဝိုင်းဝန်းပြီးတော့ လုပ်တဲ့သူတွေရဲ့ နောက်က လိုက်ပြီးတော့ လုပ်ပေးဖို့တော့ စိတ်ကူးရှိပါတယ်။ အဲဒီလိုမျိုး နှစ် ၁၀၀ မီခွင့်ရတာလည်း ဂုဏ်ယူမိပါတယ်။

**ဟုတ်ပါပြီ၊ ကျေးဇူးအများကြီးတင်ပါတယ်။**

ကျေးဇူးတင်ပါတယ်။

***



# အကယ်ဒမီ ရဲအောင်

မင်္ဂလာပါ ခင်ဗျာ။ ဒီနေ့ ကျွန်တော် တင်ဆက်မယ့် အစီအစဉ်က ကျွန်တော် ဝင်းငြိမ်းနဲ့အတူ Kamayut Mediaအဖွဲ့တို့ ပူးပေါင်းတင်ဆက်နေတဲ့ **“လိပ်ပြာကူး ထူးခြားသူများ”**လို့ ခေါင်းစဉ်ပေးထားတဲ့ အစီအစဉ်ပဲဖြစ်ပါတယ်။ ဒီနေ့ ကျွန်တော် တွေ့ဆုံမေးမြန်းမယ့် ပုဂ္ဂိုလ်ကတော့ ထပ်ဆင့်အကယ်ဒမီ ကိုရဲအောင် ဖြစ်ပါတယ်။

**မင်္ဂလာပါ ရဲအောင်။**

မင်္ဂလာပါ။

**ရုပ်ရှင်လောကထဲ ရောက်လာတာ ကိုရဲအောင်နဲ့ ပတ်သက်ပြီး ပြောမယ်ဆိုရင် ဆရာ ဦးနေဦးတော့ ချန်ထားလို့ မရဘူးလို့ထင်တယ်။**

ဟုတ်ကဲ့ပါ၊ ဟုတ်ကဲ့။

**ဦးနေဦးရယ်၊ ဦးအောင်မြင့်မြတ်ရယ်က တစ်ရပ်ကွက်တည်းမှာ နေကြပြီးတော့...။**

ကျွန်တော်က ဆရာ ဦးနေဦးရဲ့ တပည့်၊ သားတပည့်ပေါ့။ အဲဒီမှာလည်း ကျူရှင်တွေဘာတွေ တက်လာတာ။

**တပည့်ဆိုတိုင်း ရုပ်ရှင်မင်းသား ဖြစ်ချင်တယ်ဆိုတိုင်း ဖြစ်တာ**

**မဟုတ်ဘူးလေ။ ကိုရဲ့ ကိုယ်တိုင်က ဝါသနာပါခဲ့တာလား။**

ကျွန်တော် ဒီအနုပညာကို ဝါသနာပါတယ် အစ်ကို။ ဝါသနာပါတယ်ဆိုတာ ကျွန်တော်တို့ ကျောင်းသားဘဝပေါ့နော်၊ ၁၀ တန်းအောင်ပြီးတဲ့အချိန် တက္ကသိုလ်တက်တဲ့အချိန် အဲဒီမှာ ကိုကျော်သူတို့ မင်းသားတွေဖြစ်နေကြပြီ။ ကျွန်တော် First year လား၊ Second year လား အဲဒီကားတွေ ကြည့်ရင်းနဲ့ စိတ်ကူးယဉ်တာပေါ့ အစ်ကိုရာ။ စိတ်ကူးယဉ်ပြီးတော့ ငါလည်း လုပ်ချင်တယ်၊ ဝါသနာရှိတယ်။ ကျွန်တော် သီချင်းဆိုတာလေးကိုလည်း ဝါသနာပါတယ်။ ဂစ်တာလေးဘာလေးတီး သီချင်းဆိုပေါ့။ ရုပ်ရှင်ဇာတ်ကားတွေကတော့ ငယ်ငယ်လေးကတည်းက ကြည့်တယ်။ ကြည့်ရင်းနဲ့ အဲဒီလိုမျိုး ကိုမောင်တို့၊ ကိုစိုးသူတို့ ကားတွေ ကြည့်ရင်းနဲ့ ကျွန်တော်လည်း ဒီလိုမျိုး အနုပညာကို လုပ်ချင်တဲ့စိတ်တွေ ပေါ်လာတယ်ပေါ့။ အဲဒီမှာ ဆရာ ဦးနေဦး၊ ဆရာ့ကို ပြောရင်းနဲ့ ဆရာက ဦးအောင်မြင့်မြတ်နဲ့ ခုန အစ်ကိုပြောသလိုပဲ တစ်ရပ်ကွက်တည်း ရင်းနှီးကြတယ်။ ရင်းနှီးကြတော့ ကျွန်တော့်ကို ဆရာ ဦးအောင်မြင့်မြတ်ဆီ လိုက်ပြီးတော့ အပ်ပေးတာ။

**အဲဒီတော့ ဦးအောင်မြင့်မြတ်နဲ့ ပထမဆုံး ကားစ,ရိုက်တာပေါ့နော်။**

ကျွန်တော် ဆရာ ဦးအောင်မြင့်မြတ်နဲ့ စ,ရိုက်တာ TV ဇာတ်လမ်း၊ ရုပ်မြင်သံကြား ပြည်ထောင်စုနေ့ ဂုဏ်ပြုဇာတ်လမ်း။ အဲဒီအချိန်တုန်းက ဒီအထိမ်းအမှတ်နေ့တွေဆိုရင် ဂုဏ်ပြုဇာတ်လမ်းတွေ ကျွန်တော်တို့ ရိုက်တာတွေရှိတယ်၊ မြန်မာ့အသံ အစီအစဉ်မှာ။ အဲဒီမှာ ဆရာ ဦးအောင်မြင့်မြတ်ရိုက်တဲ့ **မေတ္တာအိမ်** ဆိုတဲ့ ဂုဏ်ပြုဇာတ်လမ်းလေး။ ကျွန်တော်ရယ်၊ မခိုင်ခင်ဦးရယ်၊ ကိုထွန်းထွန်းနိုင်တို့ရယ်။ အဲဒီကရိုက်တဲ့ ဇာတ်လမ်းလေးပေါ့။

**ခိုင်ခင်ဦးနော်။**

ခိုင်ခင်ဦးနဲ့ စ,ပြီးတော့ TV ဇာတ်လမ်းလေး စ,ရိုက်ခဲ့တာ။

**ခေတ်ဦးပိုင်းကပေါ့။**

ကျွန်တော်ထင်တယ်၊ အဲဒါ ၈၉ လောက်ထင်တယ်။ ၈၉၊ ၈၈ နှစ်ကုန်ပိုင်းလောက်ဖြစ်မယ်။

**ဒါဆိုရင် ၈၉ လောက်က ကိုရဲက ရုပ်ရှင်လောကကို စ,ဝင်တယ်လို့ မှတ်တမ်းလုပ်လို့ရတာပေါ့နော်။**

ဟုတ်ကဲ့။

**အဲဒီတော့ ရုပ်ရှင်ကားအနေနဲ့ကျတော့ ပထမဆုံးကားက ဘာကားလဲ မသိဘူး။**

ကျွန်တော် အဲဒီမှာ TV ဇာတ်လမ်းနှစ်ခု ရိုက်ဖြစ်တယ် အစ်ကို သိလား။ ဆရာ ဦးအောင်မြင့်မြတ်နဲ့ အဲဒီ **မေတ္တာအိမ်** ဇာတ်လမ်းတစ်ခု ကျွန်တော် ရိုက်ဖြစ်တယ်။ TV ဇာတ်လမ်းတစ်ခုပဲ ရဲတပ်ဖွဲ့ ဂုဏ်ပြုဇာတ်လမ်း **ဆုံရပ်ဂန္ဓာရဝတီ** ဆိုတာ။

**"ဆုံရပ်ဂန္ဓာရဝတီ"က ကိုချစ်မင်း ရိုက်တာ။ အဲဒီမှာ စိုးမြတ်သူဇာ ပါတယ်။**

အဲဒီမှာ စိုးစိုးကတော့ ပထမဆုံးကား ဖြစ်မယ်ထင်တယ် အဲဒီကားမှာ။ အဲဒါမျိုး TV ဇာတ်လမ်းလေးပေါ့ ရိုက်တယ်။ ရုပ်ရှင်ကျတော့ ဦးအောင်မြင့်မြတ်နဲ့ပဲ **ခပ်စိမ်းစိမ်းနေပါ့မယ်**၊ ဆရာ မောင်စိန်ဝင်း(ပုတီးကုန်း)ရဲ့ ဇာတ်ကို စ,ရိုက်ဖြစ်တာ။

**"ခပ်စိမ်းစိမ်း"က မို့မို့နဲ့လား။**

ဟုတ်တယ်။ မမို့၊ မဆွေ၊ မသန်းသန်းစိုး။ နောက် ကိုဇေယျာတို့ ဘာတို့လည်း ပါတယ်။ အဲဒီမှာ မမို့ အကယ်ဒမီရသွားတာ။

**ဒါ ဦးအောင်မြင့်မြတ်နဲ့ ပထမဆုံး ရိုက်တဲ့ ရုပ်ရှင်ကား။**

အဲဒီကနေမှ ဆရာ ဦးအောင်မြင့်မြတ်နဲ့ ရုပ်ရှင်တွေ ဆက်တိုက် **ကျော်ကြားချင်တဲ့လူ** တို့ ရိုက်ဖြစ်တာ။ နောက် ဗီဒီယိုတွေကျတော့လည်း ဦးအောင်မြင့်မြတ်နဲ့ပဲ စ,ရိုက်ဖြစ်တာ။ အစ်ကို မှတ်မိလား၊ **တစ်ခါက** ဆိုတာ။ ဆရာ ငြိမ်းကျော်ရဲ့ ဝတ္ထု။ အဲဒီမှာလည်း စိုးစိုးနဲ့ မဆွေနဲ့ နှစ်ယောက်။ ကျွန်တော်က အဲဒီမှာ သူတို့နှစ်ယောက်ကြားမှာ နည်းနည်း ကြားညှပ်သွားတယ်၊ အဲဒီဇာတ်လမ်းလည်း ကောင်းတယ်။ အဲဒီဇာတ်လမ်းက ပထမဆုံး ဗီဒီယို။

**တကယ်တော့ ကြားမညှပ်ပါဘူး။**

ကြားညှပ်ချင်ယောင် ဆောင်လိုက်တာ။

**ဟုတ်ပြီ။ ကားတွေရိုက်လာတာ ဦးအောင်မြင့်မြတ်နဲ့က ပိုများမယ်ထင်တယ်နော်။**

များတယ် အစ်ကို။ ဆရာနဲ့က ဗီဒီယိုဆိုလည်း တောက်လျှောက် ရိုက်ဖြစ်တယ်။ မှတ်မှတ်ရရဆိုလို့ရှိရင် ကျွန်တော်နဲ့ မာမီ ဒေါ်မြင့်မြင့်ခင်ရယ်၊ နောက် စိုးစိုးရယ်။ **ပြိုင်ရဲရဲလား** ဆိုတဲ့ ဇာတ်လမ်း။ အဲဒါကလည်း ပရိ

သတ်တွေလည်း တော်တော်သဘောကျကြတယ်။ အဲဒါလေး ရိုက်ဖြစ်တယ်။ နောက်တစ်ခါ ဆရာနဲ့ပဲ **တစ်ဦးတည်းသား** လည်း ဆရာ ဦးအောင်မြင့်မြတ်နဲ့ တောက်လျှောက် ရိုက်ဖြစ်တယ်။ အဲဒီတုန်းကတော့ ဖလင်တွေကလည်း ရှားနေတဲ့အချိန်ဆိုတော့ ဗီဒီယိုမှာပဲ...။

**ရုပ်ရှင်သမားတွေ ဖလင်ပြတ်ပြီးတော့ ဗီဒီယိုနဲ့ ခု နေရတဲ့ အချိန်ပေါ့နော်။ အဲဒီအချိန်တုန်းက ဗီဒီယိုကားတွေကလည်း လှိုင်လှိုင် ထွက်နေတာပေါ့။ သရုပ်ဆောင်တွေကလည်း ဗီဒီယိုဘက်မှာ ပြန်ခု,ခံ နေတာပေါ့။ အဲဒီတုန်းက ရုပ်ရှင်က တစ်နှစ်မှ ၈ ကားတို့၊ ၁၀ ကား တို့ပဲ ထွက်နိုင်တယ်။**

ကျွန်တော်တို့ဆိုရင် ရုပ်ရှင်ရိုက်ရင် သိပ်ကြောက်တာ။ ဘာဖြစ်လို့လဲ ဆိုတော့ အရမ်း ရှားတာကို။ တစ်ခုခုဖြစ်သွားလို့ရှိရင် ဆရာတွေက ဒုက္ခပဲ ဘာဖြစ်တယ် ညာဖြစ်တယ် ဆူမှာတို့၊ ဆဲမှာတို့ အရမ်းကြောက်ပြီးတော့ စိတ်ကြီးက Tension အရမ်းဖြစ်တာ။ ဗီဒီယိုကျတော့ တိတ်နဲ့ဆိုတော့ လွတ်လွတ်လပ်လပ် ကိုယ် တကယ်လုပ်တာ မှားသွားခဲ့လို့ရှိရင် ပြန်ပြီးတော့ အကောင်းဆုံးဖြစ်အောင် ပြန်လုပ်လို့ရတာဆိုတော့ စိတ်က နည်းနည်းလေး ပေါ့ပေါ့ပါးပါးလေး ဖြစ်တယ်။ အဲဒါမျိုးလေးတော့ နည်းနည်းရှိတယ်။

**ဆရာ ဦးကြီးမြင့်နဲ့ ရိုက်ဖူးတယ်နော်။**

ဆရာ ဦးကြီးမြင့်နဲ့လည်း များတယ်။ ဆရာ ဦးကြီးမြင့်နဲ့ ကျွန်တော် ရိုက်တာ **သခွတ်ပန်း**။ နောက်တစ်ခါ **ရမွှက်စံအိမ်**။

**"ရမွှက်စံအိမ်" ဟုတ်တယ် မှတ်မိတယ်။**

နောက်တစ်ခါ ဆရာ ဦးကြီးမြင့်နဲ့ များတယ်။ ရုပ်ရှင်ကားကြီး **မုန်း**၊ မမို့နဲ့ပဲ။ **ခပ်စိမ်းစိမ်း** နဲ့ **မုန်း** နဲ့က ရှေ့ဆင့်နောက်ဆင့်ဆိုသလိုပဲ ကျွန်တော် ရိုက်ဖြစ်တာ။

**ဆရာက ရိုဟာဇယ်ကို အကြိမ်ကြိမ်နိုင်းတယ်။**

အရမ်းခိုင်းတာ။

**သေချာပြီဆိုမှ သူက ရိုက်တာ။**

ဆရာ ဦးအောင်မြင့်မြတ်တို့၊ ဆရာ ဦးကြီးမြင့်တို့ကျတော့လည်း သူက ဇာတ်တစ်ခုကို စ,ပြီးတော့ ဖတ်ခိုင်းထားလိုက်တယ်။ ဒီဟာရိုက်မယ်၊ ပထမဦးဆုံး တစ်ရက် နှစ်ရက်မှာ အရေးကြီးတဲ့ ဟဲဗီး အခန်းကို စ,ရိုက်တာ၊ အဲဒါမျိုး။ ဆရာ ဦးအောင်မြင့်မြတ်က ရိုက်တဲ့အခါ ကျွန်တော်တို့က ငယ်

ငယ်လေးကတည်းက အဲဒါမျိုး ရိုက်ခဲ့ရတော့ ကိုယ့်အတွက် ပညာတွေ၊ အတွေ့အကြုံတွေက အများကြီးရတာပေါ့။ နောက်တစ်ခုက ဒိုင်ယာလော့ခ်ကို တစ်ခါတည်း ပေးထားတာ။ ပေးထားပြီး တစ်ခါ မဖြတ်ဘူးပေါ့။ တစ်ခါတည်း အရှည်တွေဘာတွေ တစ်ခါတည်း ကျက်ခိုင်းတာပေါ့။ ကျက်ခိုင်းပြီး အဲဒီအတိုင်းပဲ လုပ်ဆိုပြီးတော့။ အဲဒီတုန်းကလည်း ဒိုင်ယာလော့ခ်တွေက ဆရာ ငြိမ်းတို့၊ ဆရာ မောင်စိန်ဝင်း(ပုတီးကုန်း)တို့ စာတွေ၊ ဒိုင်ယာလော့ခ်တွေက နည်းနည်းရှည်တာတွေများတော့ ကျွန်တော်က အဲဒီမှာ အတွေ့အကြုံအရ ကျက်ပြီးတော့ အထုအထောင်း တော်တော်ခံခဲ့ရပါတယ်။

**အဲဒါတစ်ခုတော့ ကောင်းတာပေါ့နော်။ အိမ်မှာကတည်းက ကိုယ်က ကျင့်လာတဲ့အခါကျတော့ အွန်ဆင်းန်မှာ သိပ်ပြီးတော့ ပြဿနာ မရှိဘူး။**

ဝတ္ထုထဲကဥစ္စာကို ကျွန်တော်တို့ကို ပေးထားလိုက်တာပေါ့နော်။ ဝတ္ထုဖတ်ပြီးတော့ ဝတ္ထုထဲကတော့ ခဏခဏဖတ်ရတယ်။ ဝတ္ထုဖတ်ပြီးတော့ ဆရာ့ဆီမှာ ရီဟာဇယ်တွေဘာတွေလည်း ကျွန်တော် လုပ်ရတာပေါ့။ နှစ်မျက်နှာလောက်ကို ဖတ်ပြီးတော့ အဲဒီအတိုင်း လုပ်ပြဆိုပြီးတော့။ ကျွန်တော်တို့က မရရင်လည်း ဝါသနာပါတော့ သေချာကျက်၊ ချွေးတွေကလည်း ချွေးစီးကျပြီးတော့ ကျက်ရတာပေါ့။ အဆူအဆဲကလည်း ခံရ။

**၁၀ တန်းစာထက် ပိုကျက်ရတယ်။**

ကျက်ရတာပေါ့။

**"ကြာတော့သည်လည်း မောင့်စကား"က ကိုရဲရယ်၊ ရန်လေးရယ်၊ စိုးစိုးရယ်။ အဲဒီကားမှာ ကိုရဲ အကယ်ဒမီရတာလား။**

ကျွန်တော် အဲဒီမှာ မရဘူး။ ကျွန်တော်က မြစ်တို့၏မာယာမှာ ရတာ။

**"မြစ်တို့၏မာယာ"ကလည်း ဂျူးပဲ။**

ဆရာမ ဂျူးရဲ့ ဇာတ်တွေ ကျွန်တော် တော်တော်များများ ရိုက်ရတယ်။

**"မြစ်တို့မာယာ"က ဘယ်သူတွေတုံး။**

ဒီဟာ ထုတ်လုပ်တာကတော့ စနိုးရိုက် ကိုမောင်မောင်ဦးတို့၊ ဒါရိုက်တာက ဦးမီးပွား။ ကျွန်တော်ရယ်၊ ကိုရန်လေးရယ်၊ မဆင့်ရယ်။

ကျွန်တော်တို့ ပုဂံ တောက်လျှောက် သွားရိုက်ကြတာ။ ကျွန်တော်က အဲဒီမှာ တိုးရစ်ဂိုက်။ မိုးဝေဆိုတဲ့ ဇာတ်ကောင်နေရာက။

**ဒါလည်း ပရိသတ်ကြိုက်တဲ့ ဝတ္ထုကို ရိုက်ထားတာပဲ။ ရုပ်ရှင်ကားကျတော့လည်း ပရိသတ်ကြိုက်ကြပါတယ်။ တော်တော်လည်း အားပေးကြပါတယ်။**

ပရိသတ်တွေလည်း တော်တော်လေး နှစ်ခြိုက်ကြတယ်၊ အဲဒီကားလေးကိုလေ။ ကျွန်တော်လည်း အဲဒီဇာတ်ကားမှာ ဇာတ်ဆောင်ဆုလေး ကျွန်တော် ရခဲ့တာပေါ့။

**နောက်ထပ် အကယ်ဒမီတစ်ခု ရသေးတယ်။**

**အကယ်ဒမီရွှေ့ခ်။** ဒီကားမှာ ကျွန်တော်က ဇာတ်ပို့ဆုရတာ။ အဲဒါက Country Star ထုတ်လုပ်ရေးက။ ကျွန်တော်ရယ်၊ ညီလေး နေတိုးရယ်၊ ညီလေး ထွန်းထွန်း၊ နောက်တစ်ခါ အူဝဲ(အိန္ဒြာကျော်ဇင်)၊ သင်ဇာဝင့်ကျော်၊ ချောရတနာ ဟုတ်တယ် အဲဒီဇာတ်ကားမှာ။

**အဲဒီတော့ ကိုယ့်ရဲ့ ဇာတ်ဆောင်ဆုရတာနဲ့၊ ဇာတ်ပို့ဆုရတဲ့ ခြားနားခြင်းကို ကိုရဲ ဘယ်လိုခံစားရလဲ မသိဘူး။ ဦးက မြင်တာကတော့ ဇာတ်ဆောင်နေရာမှာ ထူးချွန်တဲ့အတွက် ဇာတ်ဆောင်ဆုရတာပဲ။ ဒီအိုက်တင်ပဲ လုပ်ရတာပဲ။ ဇာတ်ပို့အနေနဲ့ ဖြစ်သွားတဲ့အတွက် ဇာတ်ပို့ဆုရတယ်။ ဇာတ်ပို့ဆုရတာနဲ့ ဇာတ်ဆောင်ဆုရတာ ဘာမှ ခြားနားချက်မရှိဘူးလို့ ထင်တယ်။ ကိုယ့်နေရာကိုယ် ထူးချွန်လို့ ရတာပဲလေ၊ ဟုတ်တယ်မလား။**

ဟုတ်ကဲ့၊ ဟုတ်ကဲ့။

**အရေးကြီးတာက ကိုယ်ကျတဲ့နေရာ ဇာတ်ရုပ်ကို ပြောင်မြောက်အောင် လုပ်တတ်ဖို့ပဲလိုတာ။ နောက် မင်းသမီးတစ်ယောက်က မကြာသေးခင်က အကယ်ဒမီ ဆုပေးပွဲမှာ ပြောသွားတာပေါ့။ သူက အကယ်ဒမီလည်း ရပြီးသားပါ။ အခုကျတော့ ဇာတ်ပို့ဆုရလို့ သူ ရှက်တယ်လို့ ပြောဖူးတယ်။ အဲဒါနဲ့ ပတ်သက်လို့ ကိုရဲ ဘယ်လိုခံစားရလဲ။ ဘာလို့ဆို ကိုရဲ ဇာတ်ဆောင်လည်း ရဖူးတယ်၊ ဇာတ်ပို့လည်း ရဖူးတယ်။**

ကျွန်တော်ကတော့ ဦးရော... အဓိက,ကတော့ ခုနပြောသွားသလို ဒီဇာတ်တစ်ခုကို ကျွန်တော် ရိုက်တယ်ဆို အဲဒီထဲက ဇာတ်ကောင်ဖြစ်ဖြစ်

သွားဖို့ အရေးကြီးတယ်။ နောက်ပြီးတော့ ကြည့်တဲ့ ပရိသတ်ကလည်း အဲဒီဇာတ်လမ်းကြည့်ရင် အဲဒီဇာတ်ကောင်နဲ့ တစ်ထပ်တည်း ဖြစ်သွားဖို့လို တယ်။ ကျွန်တော်တို့က အဲဒီဇာတ်ကောင် ဖန်တီးကြရတာပါ။ ခုန အစ်ကို ပြောသလို ဒီဇာတ်ဆောင်ပဲဖြစ်ဖြစ်၊ ဇာတ်ပို့ပဲဖြစ်ဖြစ် ဘယ်ဆုရယ်လို့တော့ ကျွန်တော် ရအောင်လို့ လုပ်ပြီး ရည်ရွယ်တာတော့ မရှိဘူး။ အဲဒီဇာတ် ကောင်တော့ ပီပြင်အောင်တော့ ကျွန်တော်လုပ်တယ်။ အဲဒီအပေါ်မှာ ကြည့် ပြီးတော့ ဒီအကယ်ဒမီ ဆန်ခါတင် ဝင်သွားတယ်၊ ကြည့်ပြီးတော့ ဇာတ် ဆောင်ဖြစ်ဖြစ်၊ ဇာတ်ပို့ဖြစ်ဖြစ် ဘယ်ဆုပဲဖြစ်ဖြစ် ကျွန်တော် တန်ဖိုးထား တယ်၊ မြတ်နိုးတယ်၊ ကျွန်တော် လိုချင်တယ်၊ ဟုတ်။

**ကိုယ်ကျတဲ့ ဇာတ်ရုပ်ကို ပီပြင်လို့ အကယ်ဒမီဆု ချီးမြှင့်တာ ကိုနော်။ အဲဒီတော့ ငါ့ကို ဇာတ်ပို့ဆု ချီးမြှင့်တယ်ဆိုပြီး ဖီးလ်ဖြစ်စရာ မလိုဘူး။**

ဟုတ်ကဲ့။

**ကိုယ့်ဇာတ်ရုပ် ပီပြင်တယ်။ ဒါကြောင့်မို့ ဒီပရိုဂရမ်ကလည်း "လိပ်ပြာကူး ထူးခြားသူများ"လို့ ပြောထားတာ။ ဆိုတော့ လိပ်ပြာကူး ယူတာပေါ့နော်။ ကိုယ်ကျတဲ့ ဇာတ်ရုပ်ကို ဖြစ်အောင် ကိုယ်က လုပ်နိုင် တာ ဒါက အရေးကြီးဆုံးပဲ။ အဲဒီတော့ ရှက်စရာလို့ မမြင်သင့်ဘူးလို့ ဦးကတော့ ထင်တယ်၊ ဟုတ်တယ်မလား။**

ဇာတ်ဆောင်ဆိုလည်း၊ ဒီဇာတ်တစ်ခုလုံးကို အဓိက ဇာတ်ဆောင်ဆို လည်း ဇာတ်ဆောင်ဆု ရတာပေါ့နော်။ သူကတော့ အခန်းလည်းပိုများ၊ ဇာတ်ပေါ်မှာလည်း သူ့လှုပ်ရှားမှုက အဓိက သူ့ဆီမှာ တည်နေတာပေါ့။

**သူက ဆောင်ယူသွားတဲ့သူပေါ့။**

ဇာတ်ပို့ကျတော့လည်း ဒီဇာတ်လမ်းမှာ မပါမဖြစ် ပံ့ပိုးနေရတဲ့သူ၊ သူလည်း အရေးကြီးပါတယ်။

**အဲဒါကျ ပရိသတ်ကပဲ သူက ဇာတ်ပို့ကြီးလို့၊ ဇာတ်ဆောင် ကြီးလို့ အဲဒီလိုမျိုး တချို့လူတွေက ခွဲပြီး မြင်တယ်ပေါ့နော်။ အမှန် တော့ မဟုတ်ဘူးပေါ့။ ဇာတ်ဆောင်နေရာမှာ ဆောင်ယူသွားနိုင်လို့ Leading ဖြစ်ပြီးတော့ ဇာတ်ဆောင်ဆုရတာ။ ထို့နည်းတူစွာ ဇာတ်ပို့က လည်း ဇာတ်ပို့မပါရင်လည်း မဖြစ်ဘူးလို့၊ ပေးနိုင်လို့ သူ ဆုရတာ။**

သူလည်း ထူးချွန်တာပဲပေါ့။

**အဲဒီလိုမြင်တယ်ပေါ့။**

သူလည်း ဓာတ်ကို ပို့ပေးနိုင်လို့၊ ဓာတ်ဆောင်နေရာကနေ ထူးချွန်လို့ သူ ဆုရတာပေါ့။

**ရုပ်ရှင်တွေ ဖလင်ပြတ်သွားတဲ့ကိစ္စ ဖြစ်ပြီးတဲ့နောက်မှာ ဗီဒီယိုတွေ ဝင်လာတယ်ပေါ့၊ ဗီဒီယိုတွေ အစားထိုးပြီး လုပ်ကြတာပေါ့။ အစားထိုးပြီးလုပ်ကြတဲ့အခါကျတော့ ဗီဒီယိုမှာ ကိုရဲ့ သရုပ်ဆောင်တာနဲ့ ပတ်သက်ပြီးတော့ ထူးထူးခြားခြားကားတစ်ခု မှတ်မိတယ်။ အမြဲ။ တော်တော်လေး ကောင်းတယ်။**

ဟုတ်ကဲ့ အစ်ကို။ ဒါရိုက်တာ ဦးဝင်းထွန်းထွန်း ရိုက်တာ။ ကိုဝင်းထွန်းထွန်းရိုက်တာ။ **သားဇော** တုန်းက၊ **သားဇော** ထဲက အမေမြ။

**တကယ့်ကို မိန်းမကြီးတစ်ယောက်လိုနော်။**

ဟုတ်တယ်။ ကျွန်တော် မာမီဓာတ်ရုပ် လုပ်ရတာ။ စိုင်းစိုင်းခမ်းလှိုင်နဲ့ထင်တယ်။ စိုင်းစိုင်းခမ်းလှိုင်ရယ်၊ မယ်လိုဒီရယ် ဟုတ်တယ် အဲဒီကား။

**အဲဒီကားလည်း ကောင်းတယ်။**

ဟုတ်။

**ဗီဒီယိုထဲမှာ အဲဒီလိုမျိုး အားရကျေနပ်ရတဲ့ကားတွေ ဘာတွေရှိသေးလဲ။**

ကျွန်တော် အရင်တုန်းကရိုက်တဲ့ အစ်ကို မှတ်မိမလားတော့ မသိဘူး။ အစ်ကို... ဆရာ ဦးကြည်စိုးထွန်းရိုက်တဲ့ **တင့်လှပေဟာန်** ကျွန်တော် တော်တော်လေး အဲဒီတုန်းကဆိုရင် ဇင်မာဦးနဲ့ ရိုက်ရတာ။ ကျွန်တော်က ဓာတ်တစ်ဝက် လောက်ကစပြီး မျက်စိကွယ်သွားတာပေါ့နော်။ ကိုယ့်မိန်းမကို ချစ်မြတ်နိုးပြီး အရုပ်ထုရင်း ရုပ်တုအနားမှာပဲ လွမ်းဆွေးပြီးတော့ စိတ်မကောင်းဘူး။ ကိုယ့်မိန်းမကို ကွဲလိုက်ပြီး နောက်ဆုံးကျတော့ ပြန်ပြီး ပြန်မြင်သွားပါတယ်။ အဲဒီဓာတ်ကားလေး။ အဲဒီတုန်းကဆိုရင် သီချင်းလေးနဲ့ လုပ်ရတာဆိုတော့ တကယ် အမှတ်တရလေးဖြစ်တာပေါ့။

**ကားနာမည်က "တင့်လှပေဟာန်"။ ဆုမွန်ကျော်နဲ့ ကိုမှိုးနဲ့ ဆိုခဲ့တာ။**

ဟုတ် ဟုတ်။

**စန္ဒရားလှထွတ် ရေးတာ။**

ဟုတ်တယ်။ မျက်စိမှိတ်ထားသော်လည်း ဆိုတာ။

သီချင်းလည်း နာမည်ကြီးတယ်၊ ကားလည်း နာမည်ကြီးတယ်။ အဲဒီကားက ရုပ်ရှင်မှာဆိုရင် မောင်သင်ရယ်၊ မေသစ်ရယ်၊ ခင်သန်းနုရယ် ပထမဆုံးကား။

ဟုတ်ကဲ့။

အဲဒီတုန်းက "တင့်လှပေဟန်" ဆရာ ဦးဟန်တင်လို့ထင်တယ်။ ဦးဟန်တင်က ဒေါ်မေသစ်ရဲ့ ရုပ်တုကြီး။ အဲဒီ မောင်သင်ထုမယ့် အရုပ်ပေါ့နော်။ လာ့ဂျ်ဆိုဒ်ကြီးနော် ပါထားတာ။ အခုထိ ဒေါ်မေသစ်ဆီမှာ ရှိသေးတယ်။ အဲဒီတုန်းကကျတော့ အဲဒီအရုပ်လုပ်သေးလား။

ထုပေးတယ်၊ အဲဒီအတိုင်းပဲ။ အပြင်မှာကို ဒီအရုပ်အတိုင်းပဲ မတ်တတ်ရပ်နေတဲ့ အရုပ်ကြီးနားမှာပဲ။ တောက်လျှောက် ဖြည်းဖြည်းချင်းထုတာ။ အရုပ်ကို ဖြည်းဖြည်းချင်းထုတာ။ အဲဒီတုန်းက ဆရာ အဲဒီဆရာ့နာမည်တောင် မေ့သွားပြီ။ အဲဒီဆရာက အရမ်းတော်တယ်။ ဟိုတစ်လောကတောင် တွေ့သေးတယ်။ သူ့ဆီမှာ သွားပြီးတော့ ကျွန်တော် ဒီလုပ်တဲ့ လုပ်ပုံလုပ်နည်းတွေကို သူ့ဆီမှာ ရှံ့တွေဘာတွေ သွားကိုင်၊ အဲဒါတွေဘာတွေလည်း ရိုက်ရသေးတယ်။ တဖြည်းဖြည်း အရုပ်ကြီးဖြစ်လာတော့ အချောတွေဖြစ်သွားတဲ့ အထိပေါ့။ အဲဒီဟာလေးလည်း အမှတ်တရဖြစ်တယ်။ နောက် **ဝိတောက်** မြိုင် ဆရာ ဦးကြည်စိုးထွန်း ဇာတ်လမ်းဥစ္စာလေး အကုန် တော်တော်လေး ပြန်ရိုက်ရတယ်။

**မှတ်မိတယ်၊ မှတ်မိတယ်။**

ဗီဒီယိုမှာ အဲဒီတုန်းက ထွက်တဲ့ ဝတ္ထုကောင်းတွေ တော်တော်များများ ရိုက်ခဲ့လိုက်ရတယ်။

**ကိုရဲ မဂျူးနဲ့ တော်တော် အကျိုးပေးတယ်လို့ ပြောနိုင်တယ်နော်။ ဂျူး ဝတ္ထုကို ရိုက်တဲ့အခါကျတော့ ကိုရဲရယ်၊ စိုးစိုးရယ်၊ မြင့်မြင့်ခိုင်ရယ်။ နောက် ဒီဇာတ်ရှင်းကိုပဲ ပြန်ပြီးတော့ ရိုက်သေးတယ်။ ရိုက်တဲ့အခါကျတော့ ဦးတင်ဦး ထင်တယ်။ အဲဒီတုန်းကတော့ လူမင်းနော်။ လူမင်းရယ်၊ ထွန်းအိန္ဒြာဗိုရယ်၊ ခင်သန်းနုရယ်။**

ဟုတ် ဟုတ်။

**ဒါ ဇာတ်ရှင်းတစ်မျိုး။ ကိုရဲ အရမ်းနာမည်ကြီးတဲ့ ကားတစ်ကားရှိတယ်၊ ဆရာ နွှန်ဂျာသိုင်း။**

ဆရာ နွှန်ဂျာသိုင်း။ နွှန်ဂျာသိုင်းရေးတဲ့ ဝတ္ထုကို ဇမ္ဗူထွန်းသက်

လွင် ရိုက်တာ။

**အဲဒီဝတ္ထုဆိုလို့ရှိရင် သုံး,လေးခါလောက် ပြန်ပြန်ရိုက်ကြတယ်။**

ဟုတ်တယ် အစ်ကို၊ သုံး,လေးခါ ရိုက်တာ။ ကျွန်တော်ထင်တယ်၊ ကြောင်ကမ္ဘာထုတ်လုပ်ရေးက ထင်တယ်။

**ကြောင်ကမ္ဘာ ဦးခင်စန်း။**

ဦးခင်စန်း ထုတ်တာ။ အဲဒီကား မရိုက်ခင်လေး အဲဒီဇာတ်က ကျွန်တော့်ဆီမှာ တစ်နှစ်နီးပါးလောက် ကျွန်တော်တို့ စ,ရိုက်ချိန်မှာ ကျွန်တော့်ကို လာပေးတာ။ ဇာတ်ဖတ်ပြီးတော့ မရိုက်ရဲဘူး။ မရိုက်ရဲဘူးဆိုတော့ စဉ်းစားနေတာလေ တစ်နှစ်နီးပါးလောက် ကြာတယ်။ ကြာပြီးသွားတဲ့အခါကျတော့ ကိုသက်ကလည်း ခဏခဏ ပြောတယ်။ ကဲ ရိုက်မယ်လို့ ဒီဇာတ်ကောင်ဖြစ်အောင် အဲဒီအချိန်တုန်းက ကျွန်တော်တို့က မလုပ်ရဲကြဘူး။ အဲဒါမျိုးတွေဆိုတော့ စဉ်းစားရင်း စဉ်းစားရင်းနဲ့ ကဲ ရိုက်မယ်ဆိုပြီးတော့ အိမ်ကလည်း ရိုက်ဆိုပြီးတော့ ရိုက်လိုက်တာ ပရိသတ်တွေ တော်တော်လေး အားပေးကြပြီးတော့ အရမ်းကို အားပေးကြတယ်။ အဲဒီဇာတ်လမ်းလေးက။

**အဲဒီတုန်းက ဒီအခွေဖြန့်တာက တစ်ခွေကို ၇၅ ကျပ်ကနေပြီးတော့ အဲဒီကားက ၁၂၅ ကျပ်ဖြစ်သွားတယ်နော်။ ဦး ဇမ္ဗူထွန်းသက်လွင် ရိုက်တဲ့အခါကျတော့ နှစ်ခွေတွဲ ထင်တယ်။**

ဟုတ်တယ် နှစ်ခွေတွဲ။ ဒါပေမဲ့ အဲဒီဇာတ်လမ်းက အခုအချိန်အထိ ဒီဘက်ခေတ်အထိကို ထွက်နေ၊ ပြန်ရိုက်နေကြတာ။ နှစ်ခါ သုံးခါလောက် ရှိပြီ တောက်လျှောက် ပြန်ရိုက်ဖြစ်တယ် အဲဒါလေး။

**ဒါ အချို့ဝတ္ထုကျတော့ အဲဒီလိုဖြစ်တယ်ပေါ့နော်၊ နှစ်ခေါက်ရိုက်ရတယ်။**

ပြောင်းပြောင်းပြီးတော့၊ ဗားရှင်းပြောင်းပြီးတော့ ပြန်ရိုက်တာ။

**မှတ်မှတ်ရရပေါ့ "မျက်ဝန်းထဲမှာ မိုးရွာနေပြီညို"ကို အဲဒါ ဆရာ မောင်စိန်ဝင်း(ပုတီးကုန်း)ရေးတာ။ အဲဒီကားထဲမှာလည်း ကိုရဲပါတယ်။**

ဟုတ်တယ်။ ကျွန်တော် အဲဒီမှာ "တိုက်" ထင်တယ်နော်။ ဇာတ်ကောင် "တိုက်"ဆိုတဲ့ တစ်ဇွတ်ထိုး၊ ဂျစ်ကန်ကန် တက္ကသိုလ်ကျောင်းသားလေးပေါ့။ ရိုမန့်လေးပါပဲ။ ညီအစ်ကိုနှစ်ယောက်၊ ကိုစိုးသူနဲ့၊ တစ်ပိုင်းစီ

ပေါ့။ အဲဒါကတော့ ကိုမောင်မောင်(စင်ရော်မောင်မောင်)ရိုက်တာ၊ အရမ်းကောင်းတယ်။ သူရိုက်တဲ့ ရိုက်ချက်တွေရော ဘာတွေရော။ နောက် သီချင်းလေးတွေ ကိုစိုးသူ သီချင်းလေးတွေ အဲဒီထဲမှာပါတယ်။

**ဆရာ ဘုန်းနိုင် ဝတ္ထုတွေလည်း ရိုက်ဖြစ်တာ ရှိတယ်နော်။**

ဟုတ်။

**ဆရာ ဘုန်းနိုင်ဝတ္ထု။ "သာ၍ဝေးရာဆီကိုပါ"။**

**သာ၍ဝေးရာဆီကိုပါ။** အဲဒါ ဗီဒီယိုရိုက်တာ။ ဝမ်းတူးပေါ့။ အဲဒါလည်း ကျွန်တော်တို့ ရှေ့နေလုပ်ရတာ။ အဲဒီထဲမှာ ကျွန်တော်က ဇာတ်ကောင်က ရှေ့နေ။

**အမှန်က အဲဒီလိုကောင်းတဲ့ ဗီဒီယိုကားတွေ အများကြီးရှိခဲ့ဖူးတယ်။**

ဟုတ်တယ်။

**အဲဒီကားတွေက အခုကျတော့ ဘာမှ... အရင်တုန်းက တိပ်ကာလဆိုတော့ အခု ဘာမှ အဖတ်တင် မကျန်ရစ်ခဲ့ဘူး။ ကိုရဲတို့ အဲဒါတွေ သိမ်းထားလား။**

မရှိတော့ဘူး။ မရှိတော့ဘူးဆိုတာက တိပ်ဖြစ်သွားတော့ မှိုက်တွေတက်ပြီး ပျက်စီးကုန်ပြီးတော့လေ။

**ဟုတ်တယ်။**

ဘာမှကို မကျန်တော့ဘူး။

**နှမြောစရာကောင်းတယ်။**

ကျွန်တော်တို့ကလည်း အဲဒီတုန်းက ဖလင်အနေနဲ့ တိပ် ရှားနေတဲ့အချိန်ဆိုတော့ ဗီဒီယိုတွေချည်းပဲ ရိုက်ဖြစ်ရတော့ ဇာတ်တွေက တကယ့်ကို ဗီဒီယိုမှာ ဇာတ်အကြီးကြီးတွေဖြစ်နေတယ်။

**ဟုတ်တယ်၊ ဟုတ်တယ်။ ဘာဖြစ်လို့ဆို တစ်ခွေနဲ့မပြီး၊ နှစ်ခွေတွဲတွေဘာတွေ လုပ်ကြရတာ။ ဇာတ်တကယ်ကောင်းတဲ့ဇာတ်တွေ နှမြောစရာကောင်းတယ်။ ကိုယ်လည်း ငယ်တုန်းက ရိုက်ထားတာ။**

ဒီအချိန် အဲဒါမျိုးတွေ ရိုက်လို့မရတော့ဘူး၊ ကျွန်တော်နဲ့လည်း မလိုက်တော့ဘူး။ အခုတော့ အဖေခန်းတွေဖြစ်ကုန်ပြီ။

**သီချင်းတွေဘာတွေလည်း ဆိုတယ်နော်။**

ဟုတ်တယ် အစ်ကို။ ကျွန်တော် သီချင်းကလည်း ၉၇ လောက်မှာ

ထင်တယ်။ တစ်ခွေ အစ်ကို ကိုကြည်မင်းသိန်း လုပ်ပေးတာ။ ကျွန်တော်နဲ့ ကိုကြည်နဲ့ကလည်း အရမ်းခင်တော့။

**ဟုတ်တယ် မှတ်မိတယ်။**

**မချစ်ရဲဘူး** ဆိုတဲ့ တစ်ခွေ။ နောက်တစ်ခါ ရူဆဲလုပ်တဲ့တစ်ခွေရှိသေးတယ်။ အဲဒီလိုမျိုး ချစ်သူများနေ့တွေ ဘာတွေမှာ ထွက်ကြတဲ့ စုံတွဲတွေ ဘာတွေ။ နောက်တစ်ခါ သင်္ကြန်အခွေ ကိုရန်လေးတို့နဲ့ ကျွန်တော် သင်္ကြန်ခွေတွေဘာတွေ ဝင်ဆိုဖူးတယ်။ အခွေအနေနဲ့ တစ်ခွေထွက်ဖူးတယ်။ မြန်မာ့အသံမှာ သင်္ကြန်သီချင်းတွေ ဆိုဖူးတယ်။ ကျွန်တော်တို့ ရုပ်ရှင်နဲ့ ဂီတကျတော့လည်း ဆက်စပ်နေတာပေါ့။ ဇာတ်ဝင်တေးတွေဘာတွေ ဆိုရင်းနဲ့ပဲ ကျွန်တော် အချိန်ရရင် ရသလိုလေး သီချင်းလေးတွေ ပွဲလေးတွေ ထွက်ဆိုဖြစ်ပါတယ်။

**အခုလည်း ဆိုနေတုန်းပဲထင်တယ်။**

အခုလည်း ဆိုနေတုန်းပဲ။

**ဒါကတော့ မင်းသားတွေတပ်အပ်တဲ့ အဋ္ဌာရသပညာရပ်ပေါ့။**

ကျွမ်းကျွမ်းကျင်ကျင်ကြီး ဆိုတတ်လို့တော့ မဟုတ်ပါဘူး။ ဒါပေမဲ့လည်း သီချင်းဆိုနေရင် ကျွန်တော်တို့ စိတ်ထဲမှာလေ ပင်ပန်းတာတွေဘာတွေ ကျွန်တော့်အတွက်ကတော့ ပျော်တယ်။ ပျော်ပြီးတော့ နေလို့ကောင်းတယ်။ စိတ်လည်း နည်းနည်းပါးပါး ပေါ့ပါးသွားတာပေါ့။ ဝါသနာကလည်းပါတယ်၊ အနုပညာနဲ့လည်း ဆက်စပ်နေတာဆိုတော့။

**သားသမီး တစ်ယောက်တည်းနော်။**

ဟုတ်တယ်၊ ကျွန်တော် သားလေးတစ်ယောက်တည်း။

**ကိုရဲကလည်း တစ်ဦးတည်းသောသား။ ကိုရဲမွေးထားတာလည်း တစ်ဦးတည်းသောသား။**

ဟုတ်၊ ဟုတ်။

**သားက ဘယ်လောက်ရောက်သွားပြီလဲ။**

၁၈ နှစ်။ ၁၈ နှစ်ရှိသွားပြီ။

**ယောက္ခမကလည်း အတော်အုံ့ဩသွားမှာပဲ။**

**အခု မြန်မာ့ရုပ်ရှင်က နှစ် ၁၀၀ ပြည့်တော့မယ်ပေါ့နော်။ နှစ် ၁၀၀ ပြည့်တော့မယ်ဆိုတော့ ကိုရဲအနေနဲ့ နှစ် ၁၀၀ နဲ့ပတ်သက်ပြီး ဘာများ Wish လုပ်ချင်ပါသလဲ။**

ကျွန်တော် ၇၅ တုန်းကလည်း တစ်ခါ ကျွန်တော်တို့ ကြုံခဲ့သေးတယ်။

**ဟုတ်တယ်၊ ကြုံတာပေါ့။**

ပြဋ္ဌာန်းချက်လေးတွေဘာလေးတွေ။ အဲဒီတုန်းက ဆရာ ဦးအောင်မြင့်မြင့်တို့ ခေါ်ပြီးတော့ ပရိသတ်တွေအများကြီး လာကြတယ်။ ကျွန်တော်တို့က အဲဒီအချိန်မှာ ပရိသတ်တွေနဲ့ အမှတ်တရ ဓာတ်ပုံရိုက်တာတွေ၊ နောက်တစ်ခါ ပြဇာတ်အတိုလေးတွေ ပရိသတ်တွေ ကြည့်နေတာလေး၊ ကျွန်တော်တို့ ဇာတ်ဝင်ခန်းရိုက်တဲ့ဟာလေးတွေ ကျွန်တော်တို့ ရုပ်ရှင်အရင်ခေတ်က ရိုက်ခဲ့တာတွေ ဒီဘက်ခေတ်နဲ့ ဆက်စပ်ပြီး ပြခဲ့တာလေးတွေ ရှိခဲ့တယ်။

**ကိုရဲ အဲဒီ ပြဇာတ်က,တာ အဲဒီလိုဟာမျိုးမှာပဲ က,ဖူးတာလား၊ တခြား မက,ဖူးဘူးထင်တယ်။**

အစ်ကို ကျွန်တော်ကလေ သိလား၊ ဒီရုပ်ရှင်အနေနဲ့ ပရိသတ်တွေဆီ မရောက်ခင်မှာ ကျွန်တော် "ဂုဏ်တုဂုဏ်ပြိုင်" ဆိုတဲ့ ပြဇာတ် က,ခဲ့ဖူးတယ်။

**ဟုတ်တာပေါ့။**

ဝဇီရာမှာ။ ဘဘဘိုကလေးဦးတင့်အောင်နဲ့ ဒယ်ဒီဦးကိုကိုတို့နဲ့လေ။ အဲမှာဆို တော်တော်ကြာတယ်။ ကျွန်တော်ထင်တယ် နှစ်လလောက် ရှိမယ်။ နောက်တစ်ခါ မန္တလေးလည်း သွားက,ရသေးတယ်။ "ဂုဏ်တုဂုဏ်ပြိုင်"ဆိုတဲ့ ပြဇာတ်။

**ဟုတ်တယ် ခိုင်ခင်ဦးတို့။**

ဟုတ်တယ်၊ ခိုင်ခင်ဦးတို့နဲ့။ ကျွန်တော်တို့၊ ကိုသိန်းဇော်တို့၊ မအေးအေးမြင့်တို့ ဘာတို့ ပါကြတယ်။

**ဝဇီရာရုံကို ပြဇာတ်ရုံကြီးလုပ်ပြီးတော့...။**

စနေ၊ တနင်္ဂနွေဆိုရင် နှစ်ပွဲလား မသိဘူး ကျွန်တော်တို့ က,ကြတာ။

**ဒီအတွေ့အကြုံပဲပေါ့နော်။ ဘဘတို့ကတော့ ရုပ်ရှင်ဘက်လည်း ထူးချွန်၊ ပြဇာတ်ဘက်လည်း ထူးချွန်ပေါ့၊ သီချင်းလည်း ကောင်းတယ်ပေါ့။**

ကျွန်တော် ဟိုတုန်းက "ငယ်ကျွမ်းဆွေ"လည်း က,သေးတယ်။

**"ငယ်ကျွမ်းဆွေ" က,ဖူးတယ်။**

ကျွန်တော် မဆင့်နဲ့ ဝဇီရာမှာ က,ဖူးတယ်။


**မဆင့်လား၊ မဆွေလား။**

မဆင့်နဲ့။ မဆွေနဲ့ ပြဇာတ် မက,ဖူးဘူး။

ဒီ နှစ် ၁၀၀ ပြည့်တော့မယ်ဆို တကယ့်ကို ကျွန်တော်တို့ရဲ့ ကြိုးတောင့်ကြိုးခဲ။ နောက်တစ်ခါ ဒါဆိုလို့ရှိရင် ကျွန်တော်တို့ရဲ့ မိခင်လိုပဲပေါ့ နော်။ ဒီလိုမျိုး ကြိုးရတဲ့အတွက် ကျွန်တော် အရမ်းပဲ ဝမ်းသာပါတယ်။ အဲဒီအတွက်လည်း လိုအပ်တာတွေ ကျွန်တော့်ဘက်က လုပ်ပေးဖို့ ဒီလိုမျိုး မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးကပဲခိုင်းခိုင်း၊ ဘယ်ကပဲခိုင်းခိုင်း ဒီပွဲအတွက်ကို တစ်တပ်တစ်အား ပါဝင်ကူညီမှာပါ။

***


ENZO.



# မန္တလေး သိန်းဇော်

မင်္ဂလာပါ ခင်ဗျာ။ ဒီနေ့ ကျွန်တော်နဲ့ Kamayut Media အဖွဲ့တို့ မှတ်တမ်းတင်မယ့် ပုဂ္ဂိုလ်ကတော့ မန္တလေးသိန်းဇော်၊ ဇာတ်မင်းသားလေး သိန်းဇော်၊ ကဗျာဆရာ Kဇော် အစရှိတဲ့ အနုပညာနာမည်များနဲ့ ပြည်သူလူထုသိထားတဲ့ ပုဂ္ဂိုလ်ဖြစ်ပါတယ်။

**အဲဒီတော့ ကျွန်တော့် ပထမဆုံးမေးမယ့် မေးခွန်းကတော့ မန္တလေး သိန်းဇော်ရယ်လို့ ဘယ်လိုကြောင့် ဖြစ်လာတာလဲ။**

ပထမ ကျွန်တော့်နာမည်က အစ်ကိုလည်း သိတဲ့အတိုင်းပါပဲ။ ဇာတ်မင်းသားလေး သိန်းဇော်။ အဲ ဇာတ်မင်းသားလေး သိန်းဇော် အများခေါ်တာက ဂီတဆရာကြီး မန္တလေး ဦးသန်းကြွယ် သူရေးတဲ့သီချင်းမှာ "*ဇာတ်မင်းသားလေး သိန်းဇော် သိန်းဇော် တိုင်းပြည်ကကျော်*"ဆိုပြီးတော့။ အဲဒီတော့ အဲဒီအတိုင်းပဲ ခေါ်ကြတာပေါ့နော်။ တကယ်တော့ မူရင်း ကျွန်တော် စ,မှည့်တာ မြို့တော် သိန်းဇော်လို့ အဖေက မှည့်တာ။ အဖေက မြို့တော် သိန်းအောင်ပွဲကို သိပ်ကြိုက်တာ။ နောက်တစ်ခါ ကျွန်တော့်ဆရာ ရွှေမန်းပန်တျာမြသိန်းဖြစ်တော့ ဆရာအောင်လေးအိမ်မှာ အဲလို သီချင်းဆိုသင်၊ အဲဒီကို နေ့တိုင်း သွားသွားပြီးတော့ ရန်ကုန်ရောက်ခါစက ဂီတပညာ

လိုက်စားတဲ့အချိန်မှာ ဆရာတစ်ယောက်က သီချင်းရေးလာတာ သူက ရွှေမန်းပန်တျာ သိန်းဇော်ဆိုပြီး ဖြစ်ပြန်ရော။ အဲဒီအခါကျတော့ ကျွန်တော် တစ်ခုလည်း စဉ်းစားတာပေ့ါနော် အစ်ကိုရယ် ကျွန်တော် ဖန်မီးအိမ်ကလေး ကို ရွေးသလိုပဲ ကျွန်တော့်အရွယ်အစားဟာ အကြီးကြီးဖြစ်ရင်ဖြစ်မယ်၊ ပုံမှန်ဖြစ်ရင်ဖြစ်မယ် ဒါပေမဲ့ ကျွန်တော်ဟာ ကျွန်တော်ပဲဖြစ်ချင်တယ်။ ရွှေမန်းတင်မောင်ကို အင်မတန် ကြိုက်တယ်။ ဒါပေမဲ့ ရွှေမန်းဆိုရင် ကျွန် တော်က ဒုတိယ၊ တတိယပဲဖြစ်မှာ။ မြို့တော်ဆိုရင်လည်း ဒီလိုပဲ။ ကျွန် တော်က မြို့တော်သိန်းဇော်ပဲ။ ခုန နာမည်ကလည်း အဲဒီလို ထွေပြားတဲ့ ထဲမှာဆိုတော့ ကျွန်တော်က အဲဒီနာမည်ကို ရှေ့မှာ ဘာမှမတပ်တော့ဘဲ သိန်းဇော်ဆိုပြီးတော့ မှည့်လိုက်တာ။ အဖေကဆို တော်တော်တောင် သူ ဝမ်းနည်းတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူက မြို့တော်သိန်းဇော်ပဲ ဖြစ်စေ ချင်တာ။ နဝင်းတွေဘာတွေလည်းကြည့်၊ ဗေဒင်ဆရာကလည်း သိပ်ကောင်း တယ်ပေ့ါ။ အဲဒီလို ပြောင်းလိုက်တဲ့အခါကျတော့ နောက် ကျွန်တော် ဇာတ် အဖွဲ့တစ်ဖွဲ့ သီးသန့်ကြိုးစား ဖော်ဆောင်တော့မယ်ဆိုတဲ့အခါကျတော့ ရန်ကုန်လာတယ်။ ဆရာ တင်မိုးတို့၊ ဆရာ မောင်စွမ်းရည်တို့နဲ့လည်း တွေ့ တဲ့အခါ ကျွန်တော် လူထုဒေါ်အမာ **ပြည်သူချစ်သော အနုပညာသည်များ** စာအုပ်ထဲမှာ၊ နောက် **အောင်ဗလ ဖိုးစိန် စိန်ကတုံး** ဆိုတဲ့ စာအုပ်ထဲမှာ ဖတ်ရတယ်။ ရိုးပြတ်နင်းဇာတ်ပွဲတို့၊ ရိုးပြတ်နင်း ဇာတ်မင်းသားတို့ဆိုတာ ကျွန်တော် တော်တော် သဘောကျတယ်။ သူတို့ရဲ့ သဘာဝကို ချစ်တယ်။ ဘာကြောင့်လဲဆိုတော့ သူက သဘင်သည် ပညာရှင် စစ်စစ်တွေ မဟုတ် ဘူး။ လယ်သမားတွေ လယ်ယာတွေလုပ်ပြီး တစ်နေ့ ရိတ်သိမ်းပြီးတဲ့အခါ မှာ အဲဒီရိုးပြတ်တွေပေါ်မှာပဲ သူတို့ လှည့်လည်ပြီး က,ကြတယ်။ ဒီသဘာဝ ကို ကျွန်တော်က သဘောကျတော့ ဆရာ ကျွန်တော် ရိုးပြတ်နင်းဇာတ်ကိုပဲ လုပ်မယ်ပေ့ါနော်။ ဒါမှမဟုတ် ရိုးပြတ် သိန်းဇော် "ဟာ... မလုပ်ပါနဲ့ကွာ မင်းကလည်း" ဆိုပြီးတော့ ဆရာ တင်မိုးက "သိန်းဇော် မန္တလေး ဇာတ်ပွဲ" ဆိုပြီးတော့ ဒီအငြိမ့်လေး ကောင်းပါတယ်ဆိုပြီး အဲဒါ အတည်ဖြစ်သွားတယ်။ သိန်းဇော် မန္တလေးဇာတ်ပွဲ မှည့်ပေမဲ့ ရုပ်မြင်သံကြားမှာ ကျွန်တော် သီချင်း တွေ ဘာတွေ ရိုက်တဲ့အခါကျတော့လည်း သူတို့သတ်မှတ်ချက်နဲ့ သူတို့ သဘောပေါက်သလိုပဲ ရေးတဲ့အခါကျတော့ သိန်းဇော်(မန္တလေး)ဆိုပြီးတော့ ရေးတယ်။ ဒါပေမဲ့ သိပ်ကြာလာတဲ့အခါကျတော့ ပရိသတ်က၊ တစ်နိုင်ငံလုံး

က ကျွန်တော့်ကို မန္တလေး သိန်းဇော်လို့ သူ့အလိုအလျောက် ခေါ်လာတယ်။ ခေါ်လာတဲ့အခါကျတော့ ကျွန်တော်လည်း မန္တလေး ရှေ့ရောက်လာတယ်ပေါ့နော်။ အဲဒီအပေါ်မှာ စဉ်းစားတယ်။ မန္တလေးဆိုတာ ယဉ်ကျေးမှု၊ ဘာသာရေး အစဉ်အလာ သမိုင်းကြီးမားတဲ့အတွက် မြို့ရှေ့က ငါ နေခွင့်မရှိလို့ပါ။ မြို့က ငါ့ရှေ့ရောက်လာတာ။ အဲဒါကို ငါ သဘောတူတယ်၊ နှစ်သက်တယ်ပေါ့။ အဲဒီအလိုက်အတိုင်းပဲ ကျွန်တော် "မန္တလေး သိန်းဇော်"ဆိုပြီးတော့ တိုင်းပြည်က၊ အားလုံးက အသိအမှတ်ပြုတဲ့အတိုင်း ဇာတ်မင်းသားလေး သိန်းဇော် ငယ်စဉ်အရွယ်တစ်ခုမှာ မန္တလေး သိန်းဇော် ဖြစ်လာတာပေါ့။

**အဲဒီတော့ မန္တလေးသိန်းဇော်လို့ မဖြစ်လာသေးခင်မှာ ဒီဇာတ်မင်းသားနဲ့ ပတ်သက်တဲ့ မျိုးရိုးပေါ့နော် ရှိလား။**

ကျွန်တော် မျိုးရိုးမရှိပါဘူး အစ်ကို။ အဖေကတော့ သဘင်ပညာကို နှစ်သက်မြတ်နိုးတယ်။ ဒါပေမဲ့ သူလည်း သဘင်သည် မဟုတ်ဘူး။ မျိုးရိုး မရှိဘူး။

**မရှိဘူးနော်။ အဲဒီတော့ မျိုးရိုးမရှိဘဲနဲ့ ကိုယ်က ဇာတ်မင်းသား ဖြစ်လာခဲ့ရတယ်။ ကိုယ့်နောက်မှာ တစ်ခါ ညီလုပ်တဲ့ ဝင်းမြင့် ပါလာခဲ့တယ်။ အဲဒီတော့ အစ်ကို သိရသလောက်က အဖေက အရမ်းဝါသနာပါတဲ့အတွက် သားဖြစ်တဲ့သူကို မဖြစ်ဖြစ်အောင် ဇာတ်မင်းသား မဖြစ်ဖြစ်အောင် တင်လာခဲ့တယ်ပေါ့နော်။ မန္တလေးမှာ အရင်က,တယ်။ မန္တလေးမှာ က,တာတော့ ဗလာပွဲတွေ က,ရတယ်ပေါ့နော်၊ မန္တလေးက အစဉ်အလာအတိုင်း။ အဲဒီမှာ ဘယ်နှနှစ်လောက် ဗလာပွဲ က,ခဲ့ရလဲ။**

မန္တလေးမှာ ကျွန်တော် ခေါင်းဆောင်မင်းသားကနေ စ,ပြီးတာ ၁၅ နှစ်၊ ကျွန်တော် ဝါသနာပါလို့ အဲဒီလို ဒီသဘင်ပညာနဲ့ တို့မိထိမိတာက ၁၃ နှစ်လောက်ကဖြစ်မယ်။ အဲဒီအခါကျတော့ ၁၅ နှစ်လောက်ကျတော့ အဖေက မင်းသားဖြစ်အောင် တည်ထောင်ပေးမယ်ဆိုပြီးတော့ မန္တလေးအထိ တက်ထောင်တာ။ အဓိက,ကတော့ အဖေ့အားက တော်တော်ကြီးပါတယ်။ ငယ်ငယ်တုန်းကဆိုရင် အဖေက မြို့တော်သိန်းအောင်၊ ရွှေမန်းဦးတင်မောင် အကုန်ကြိုက်တယ်။ ကြိုက်တဲ့အခါကျတော့ ရွှေမန်းတင်မောင်ရဲ့ ဇာတ်ထုပ်တွေ၊ ဓာတ်ပြားတွေကို တိပ် Recorder နဲ့သွင်းပြီးတော့ ကျွန်တော် အကုန်နားထောင်ခွင့်ရတယ်။ ကျွန်တော်လည်း "၏၊ သည်"မလွဲပေါ့နော်။ *"ဟင်... ဓာတ်ရှင်"* ဆိုတာကအစ အကုန်လိုက်ကျက်တာ။ ကျက်တဲ့အခါကျတော့

တစ်ခါမှာ အဖေက သူကတော့ အရပ်သားဆိုတော့ ကျွန်တော်ဆိုတာတွေကို သားလည်း ဖြစ်နေတော့ သဘောကျမှာပေါ့၊ ကောင်းနေပြီပေါ့နော်။ အဲဒီအခါ ရန်ကုန်ခေါ်သွားပြီးတော့ ကျွန်တော်တို့ မောင်ထော်လေးလမ်းမှာ ကျွန်တော် ခတ်ပြားသွင်းမယ်ဆိုပြီးတော့ ခေါ်သွားတာ။ ခေါ်သွားတဲ့အခါကျတော့ ဒေါ်ညိုစုန်းရဲ့၊ ရွှေမန်းသူ ဒေါ်ညိုစုန်းရဲ့ ဆရာရဲ့ သူ့ရဲ့အစ်ကို သူ့ဆီရောက်သွားတယ်။ ကျွန်တော့်ကို ဆိုပြခိုင်းတယ်။ ဆိုပြတဲ့အခါကျတော့ ကျွန်တော်က ၁၃ နှစ်၊ ၁၄ နှစ်လောက်ပဲ ရှိသေးတယ်။ အရပ်သားကလာတာဖြစ်နေတော့ ဒီ ၇ နှစ်၊ ၈ နှစ် ကလေးကလည်း ဒီအလုပ်တွေလုပ်တာ မဟုတ်ဘူးလေ။ အဲဒီအခါကတော့ ပညာရှင်ရဲ့ နားထဲမှာကျတော့ ကျွန်တော်က အဆင်မပြေဘူးလေ။ "ဦးလေး ကလေးက ငယ်ပါသေးတယ်၊ တခြားလည်း လျှောက်သွားမနေပါနဲ့၊ လူလိမ်ခံရလိမ့်မယ်"ပေါ့။ အဲဒီလိုပြောပြီးတော့ သား အဖနှစ်ယောက် ပြန်လာကြတာ။ အဖေ့ရဲ့ စိတ်က အဲဒီလောက်ထိ အဲဒီအရွယ်ကတည်းက ခတ်ပြားသွင်းမယ်ဆိုပြီး ကြိုးစားတာ။ ကျွန်တော် ဆိုတာပြတာတွေကလည်း သူ့နားအတွက်တော့ အဆင်ပြေမှာပေါ့လေ။ ပညာရှင်နားကျတော့ လိုအပ်တာတွေ ရှိနေတယ်။ အဲဒီတော့ ရန်ကုန်၊ မန္တလေး ဘယ်ကပညာရှင်လာလာ ပခုက္ကူမြို့ကို ရောက်လာတယ်ဆိုရင် မင်းသား၊ မင်းသမီး နောက်ဆုံး လူရွှင်တော်အထိ ပါတယ်။ လူရွှင်တော်ကြီး ဦးပေါက်စီတို့ဘာတို့ဆိုရင်လည်း စန္ဒာဦးအဖွဲ့ထဲလာခေါ်၊ အကတွေသင်၊ ဆရာတွေ အများကြီးပဲ အဖေက ဖိတ်ကြားပြီးတော့ အိမ်မှာသင်ပေးတာ။ အဖေက အဲဒီလောက် စိတ်ထက်သန်တာ။ ကျွန်တော်လည်း ဒီသဘင်မှာ ကိုယ်ဖြစ်ချင်တဲ့ဖော၊ အဖေသွားထားတဲ့လမ်းတော့ ငါ မဖြစ်လို့ ကို မဖြစ်ဘူးလို့ ဆိုပြီးတော့ ပိုအားစိုက်ရင်းနဲ့ ဒါ အဖေ ချီးမြှင့်တာပါပဲ။

**အဖေ့ကြောင့် မန္တလေး သိန်းဇော် ဖြစ်လာတာနော်။ အဲဒီတော့ မန္တလေးသိန်းဇော် ဖြစ်တဲ့အချိန်မှာ ဝင်းမြင့်က ပါလာပြီလား။**

ဝင်းမြင့်က ရှင်းတယ်။ သူက အစ်ကို့အတွက်ပဲ။ အစ်ကို မောတဲ့အပိုဒ် သူလိုက်က,ပေးမယ်၊ အစ်ကို ဘာလုပ်မယ်၊ အစ်ကိုလုပ်တဲ့အလုပ်မှာ သူ လိုက်ပါရမီဖြည့်မယ်ဆိုတဲ့ အဲဒီအတိုင်းပါ။ နောက် သူလည်း ကျွန်တော်ကဗျာရေးဖြစ်သလို သူလည်း ခတ်ပုံတွေဘာတွေ ရိုက်တယ်လေ။ ခတ်ပုံတွေ ရိုက်တဲ့အခါကျတော့ မာစတာဆုတောင် သူ ရသွားခဲ့ပါတယ်။ သူက ဂျပန်က မာစတာဆုကို ရခဲ့ဖူးတယ်။

**အဲဒီတော့ မန္တလေးမှာ က,ပြီးတော့ ရန်ကုန်ကို ဘယ်နှခုနှစ်မှာ ရောက်တာတုံး။**

အဲဒီမှာ တွေ့တော့တာပဲ အစ်ကို။ ကျွန်တော် ခုနှစ်သက္ကရာဇ်မှတ်တဲ့ နေရာမှာ သိပ်မသေချာဘူး အစ်ကိုရဲ့။ ထင်တာတော့ ၈၂ ပတ်ဝန်းကျင်လို့ ထင်ပါတယ်။ ၈၂၊ ၈၃။

**အဲဒီတုန်းကတော့ မြို့နယ်တိုင်းမှာ ဇာတ်ရုံတွေရှိကြပြီးတော့ ဇာတ်ရုံတွေမှာ လှည့်ပြီးတော့ က,ကြတယ်။ သဘင်အဖွဲ့အစည်း တော်တော်များများက လှိုင်မှာရှိတယ်၊ အင်းစိန်မှာရှိတယ်၊ မိုလ်တထောင်မှာရှိတယ်၊ ဗဟန်းမှာရှိတယ်၊ ပုဇွန်တောင်မှာရှိတယ်။ အဲဒီဇာတ်ရုံတွေ လှည့်ပြီး က,ကြတယ်ပေါ့နော်။ အဲဒီလို က,ခဲ့ရာကနေပြီးတော့ မန္တလေး သိန်းဇော်ရယ်လို့ နာမည်ရလာခဲ့တာ။ နောက် နာမည်ရလာပြီးတဲ့နောက် ရုပ်ရှင်ဘက်ကို ရိုက်ခဲ့တယ်ပေါ့နော်၊ ဇာတ်နားတဲ့အချိန်မှာ ရိုက်တယ်။ မှတ်မိတာကတော့ ဦးဝင်းဖေ ရိုက်တဲ့ "စက်ဘီးကလေး"နော်။**

အဲဒါ ၈၇၊ ၈၈ အစ်ကို။ ဘာကြောင့်သိလဲဆို ကျွန်တော် အိမ်ထောင်ပြုတဲ့နေ့မို့လို့ မှတ်မိတာ။ ဇာတ်ကားမပြီးခင်မှာ၊ ဇာတ်သိမ်းခန်း မရိုက်သေးခင်မှာ ကျွန်တော် မိန်းမခိုးပြေးတာပေါ့ဗျာ။ အဲဒီအခါကျတော့ ဒါကတော့ ကောင်းကောင်း မှတ်မိတယ်။ **စက်ဘီးကလေး** မတိုင်ခင်မှာ လည်း ရုပ်ရှင်ရိုက်ဖို့ ဟန်ပြင်နေတာ ခဏခဏပါပဲ။ အစ်ကိုတို့ သိပါတယ်။ ကိုဝဏ္ဏ အရင်ရိုက်ဖို့ စီစဉ်တယ်။ ဒါပေမဲ့ အဲဒီမှာ ဇာတ်လမ်းရွေးကြရင်းပြု ကြရင်းနဲ့ပဲ နောက် အချိန်တွေ ရွှေ့ရွှေ့သွားပြီး အဲဒီအချိန်မှာ ပွဲကလည်း မရပ်မနား က,နေတာ။ တစ်လမှာ အဲဒီလို ရက် ၃၀ ဆိုရင် ၂၆ ရက်၊ ၂၈ ရက် အဲဒီလောက်ထိ ပွဲတွေက,ရတာ။

**"စက်ဘီးကလေး"က မောင်သိန်းဇော်ရဲ့ ကိုယ်ပိုင်ဇာတ်နော်။**

**စက်ဘီးကလေး** က ဇာတ်ဆိုပေမဲ့ ကျွန်တော်က ရေးမပေးနိုင်ခဲ့ပါဘူး။ ကျွန်တော်က စိတ်ကူးချင်တာ။ ကျွန်တော် ဇာတ်လမ်းအကျဉ်းလေး စိတ်ကူးတယ်။ ဒီဟာကို ကျွန်တော် ဇာတ်ညွှန်းလည်း မကျပေါ့နော်၊ ဝတ္ထုလိုပုံစံမျိုးလည်း မဟုတ်တဲ့ စာလေးကို ကျွန်တော် ရေးပြီးတော့ ဆရာ ဦးဝင်းဖေကို အပ်တယ်ပေါ့နော်။ ကျွန်တော်က အဲဒီလို စဉ်းစားရတာတော့ တော်တော်ဝါသနာပါတယ် အစ်ကိုရဲ့။ အဲဒီဇာတ်လမ်း၊ ဇာတ်ကြောင်းက တော့ ကျွန်တော် ဇာတ်မှာ က,တုန်းကဆိုရင် ပြဇာတ်မင်းသားကြီးက

ကျွန်တော်နဲ့အတူ ပွဲကူးရင် ကားခေါင်းထဲမှာ ထိုင်တာပေါ့နော်။ နောက်ကျတော့ သူက ဇာတ်ဆရာကို သွားပြောတယ်။ ကျွန်တော့်ကိုဗျာ မောင်သိန်းဇော်နဲ့ မဟုတ်တဲ့ကားကို ပြောင်းပေးပါပေါ့။ ဘာလို့ဆို တစ်လမ်းလုံး ကောင်းကောင်း မအိပ်ရဘူးတဲ့။ သူ စဉ်းစားတာတွေ လာလာပြောနေတာ။ မကျည်းတန်၊ ဦးကျည်းတန်ပေါ့နော်။ အဲဒီတော့ **စက်ဘီးကလေး** ကလည်း အဲဒီလို စဉ်းစားမှုတွေထဲက တစ်ခုပေါ့နော်။

**"စက်ဘီးကလေး"ပြီးတော့ နောက်ရိုက်တာ...။**

**စက်ဘီးကလေး** ပြီးတဲ့နောက်က ရုပ်ရှင်အနေနဲ့ ကားကြီး မရိုက်ဖြစ်ပါဘူး။ **စက်ဘီးကလေး** မှာလည်း ရှုံးသွားတာ။ **စက်ဘီးကလေး** ရုံတင်ရက်က ၈၈(အာဇာနည်နေ့)၊ ရန်ကုန်မှာ ရုံတင်တာလေ။ အဲဒီတော့ တစ်ခါတည်း ပြည့်စုံသွားတာပေါ့။ မန္တလေးမှာကျတော့ အဲဒီလို လွတ်သွားတဲ့ အချိန်ဖြစ်လို့ မန္တလေးမှာ အဆင်ပြေတယ် ပြောရမယ်ပေါ့။ ရန်ကုန်မှာကျတော့ အဲဒီလို ပြမယ်လုပ်လိုက် တစ်ခုခု အကျိုးအကြောင်းတွေ ဖြစ်လာပြီး ရပ်လိုက်နဲ့ **စက်ဘီးကလေး** က အဲဒီမှာတင် ကံကလည်း အဲဒီဘက်မှာ သိပ်ဟိုဟာမဖြစ်လို့နေမှာပေါ့။ နောက်ပြီးတော့လည်း ကျွန်တော့်စိတ်က အစ်ကို အဲဒီအချိန်ကတည်းက ဘာလုပ်လုပ် ဟိုမှာ ဥပမာ အစ်ကို သုခမိန်လှိုင်နဲ့ ဦးလှိုင်နဲ့ကျွန်တော် တေဇော် ဆိုပြီးတော့ **ကမ္ဘာမြေကို သင်ယူခြင်း** သီချင်းတွေ သွင်းတယ်ပေါ့။ အစကတည်းက ပြောတယ်ပေါ့၊ အစ်ကို ဒီ တစ်ခွေနဲ့ ဖြစ်ရင်လည်း ဖြစ်တဲ့အပေါ်၊ မဖြစ်ရင်လည်း ကျွန်တော် မလုပ်တော့ဘူးပေါ့နော်။ ဒါ ကျွန်တော့်မှာ သီချင်းတွေ စုထားတဲ့အတွက် ဒါကို ဝတ္တရားကျေအောင် ကျွန်တော် အတတ်နိုင်ဆုံး ကြိုးစားပြီး လုပ်လိုက်တာ။ ဒါပေမဲ့ ခက်တာက ကျွန်တော်တို့ဆီမှာ သတ်မှတ်ထားတာက ကျွန်တော့် လိုအပ်ချက်လည်း ရှိမယ်။ သို့ပေမဲ့ အားလုံးက ဒီခေတ်ပေါ်တေးကို မန္တလေး သိန်းဇော် ဆိုတယ်ဆိုတာကိုက သူတို့စိတ်ထဲမှာ ခက်နေတာ။ အလုပ်တွေက အလုပ်တစ်ခုကို သေချာလုပ်ပေမဲ့ ကိုယ့်အကျိုးပေးတာ ကိုယ်လုပ်ရမယ့် အလုပ်မှာ မူတည်တာ ထင်တာပေါ့နော်။

**အသံသွင်းတာနဲ့ ပတ်သက်ပြီးတော့ ဂီတနက်သန် ကိုစောညိန်းရဲ့သီချင်းတွေ ဆိုခဲ့ဖူးတယ်။ တစ်ခွေလုံး ကိုစောညိန်း သီချင်းတွေ ချည်းပဲ။ အဲဒါကရော...။**

ဂီတနက်သန် ကိုစောညိန်း သီချင်းကို ကျွန်တော် ဆိုခွင့်ရတာက

တော့ နံပါတ်တစ်က ဘာလို့လဲဆိုတော့ ကျွန်တော်က ဆရာ အောင်လေး အိမ်မှာ၊ ရန်ကုန်ရောက်ခါစမှာ ဆရာ့အိမ်မှာ သွားတယ်။ ကျွန်တော်နဲ့ ဆရာနဲ့က ဇာတိတူတယ်၊ မြိုင်။ အဲဒီအခါကတော့ ဆရာ့အိမ်မှာ သွားရင်းနဲ့ ဆရာ မျိုးညွန့် ပန်တျာမှာ စန္ဒရားနည်းပြ။ ဆရာကြီးပေါ့နော်။ ငယ်စဉ်က အမေ ဒေါ်အောင်ကြည်တို့အိမ်မှာ နေခဲ့တဲ့ ဆရာ။ သူက လာလာပြီးတော့ သင်တယ်။ ဆရာ အောင်လေး သားသမီးတွေရော ကျွန်တော် သင်ရင်းနဲ့ ကျွန်တော် နောက်တစ်ရက်မှာ အဲဒီဆရာ မလာတဲ့နေ့မှာ ဆရာက ကျွန်တော်လည်း ရောက်နေတော့ သိန်းဇော် လာဦးဆိုပြီးတော့ သူက ဂီတနက်သန် သီချင်းကို ဆိုပြတယ်။ အဲဒီခံစားမှုတွေက ကျွန်တော် ဆရာ့အမွေမှာ ဆရာ ပရိသတ်တစ်ယောက်မှ မရှိဘူးနော်၊ ကျွန်တော်နဲ့ သူနဲ့ ဆိုပြတာ။ ဒါပေမဲ့ မျက်လုံးက မျက်ရည်တွေဥအောင်ကို ဆိုပြတာ။ အနုပညာဆိုတာ ပရိသတ်က ရသင့်ရလိုက်မယ်ပေါ့နော်၊ ဒီအနုပညာနဲ့ ကိုယ်နဲ့ကတော့ မိမိရရ ခံစားရပြီးတော့ ဒီအလုပ် လုပ်မှာပဲဆိုတဲ့ သဘောမျိုးပဲ ထင်ပါရဲ့။ အဲဒီအခါ ဆရာက အဲဒါ တော်တော်ငယ်သေးတဲ့အရွယ်ကျတော့ စိတ်ထဲ အကုန်ဝင် တာပေါ့ အစ်ကိုရဲ့။ စိတ်ထဲ အကုန်ဝင်တယ်။ အဲဒီအခါကျတော့ မင်း ဆိုမလားဆိုတော့ ကျွန်တော် ပထမဆုံး ဆရာတက်ပေးတာက **ဆည်းဆာ** ဆိုတဲ့သီချင်း။ *"ဆည်းဆာရိပ် ဝယ်xxx နေခြည်ရီလွဲ့xxx တိမ်နီရောင် ခြယ်xxx"* ဆိုတာ။ နောက်တစ်ခါ **နွေနှောင်းဝသာန်**၊ ဆရာကိုယ်တိုင်သင် ပေးတယ်။ နောက်ပြီးတော့ ကျွန်တော့်ဘဝမှာ ဂီတနက်သန်ဖြစ်ဖို့အကြောင်း က အဲလိုပေါ့နော် ဆရာ အောင်လေး၊ ဆရာ ဦးသန်းကြွယ် ဆရာကြီးတွေက ရှေ့ဆင့်နောက်ဆင့်ပဲ ဆုံးသွားကြတယ်။ ကျွန်တော့်ဘဝမှာ ဆရာတွေက ကျွန်တော့်ရဲ့ ရည်းစားလိုပဲ။ ဆရာတွေကိုပဲ ချစ်တယ်၊ ဆရာတွေကိုပဲ တွေးတယ်။ ကျွန်တော့်ကို တစ်ယောက်ယောက်က မုန့်ဖိုးပေးတယ်၊ တစ်ခုခု ဝယ်ပေးတယ်ဆိုရင် ကျွန်တော် အဲဒီပိုက်ဆံနဲ့ ဆရာတွေဆီကို ခေါက်ဆွဲ ကြော်၊ ထမင်းကြော် ဝယ်ပြီးတော့ ဆရာတွေနဲ့ အဲဒီလို။ ဆရာတွေက ကျွန်တော့်ဘဝမှာ အဲဒီလိုပေါ့နော် ဘဝတစ်ပါးပြောင်းတဲ့ခံစားမှုနဲ့ပတ်သက် လို့ ပထမဆုံး ဆို့နစ်ကြေကွဲရတာ ဆရာ ဦးသန်းကြွယ်၊ ဆရာ အောင်လေး ဆရာတွေကို လွမ်းရ။ အဲဒီအခါမှာ ကျွန်တော် ဂီတနက်သန်သီချင်းဆိုချင်လာ တယ်ပေါ့နော်။ အဲဒီအခါ ဆရာ စိန်ခင်မောင်ရည်က အဲဒီဝိုင်းလေးကို စုပေး တယ်။ ဆရာ ဦးအုန်းလွင်တို့၊ တယော ဦးတင်ရီတို့ အဲဒီမှာ စုပေးတော့မှ

ကျွန်တော်က နောက်ပြီးတော့ အဲဒီတုန်းက ဂီတနက်သန်ဝိုင်းလည်း ရှိသေးတော့ အဲဒီဝိုင်းထဲမှာရှိတဲ့ ဟို နာမည်ကျော်တော့မဟုတ်ဘူး၊ ဒါပေမဲ့ ပညာတော်တဲ့ ဒီဂီတနက်သန်သမားတွေက သူ့တို့ဆီက ကျွန်တော်ထပ်ပြီးတော့ အခြားသီချင်းတွေပါ ယူရတာပေါ့။ ယူရတဲ့အခါမှာ ဂီတနက်သန်ကို အတိုင်းအတာတစ်ခုပေါ့နော် လူချင်းတူအောင် ဆိုနိုင်ခဲ့တာပေါ့နော်။

**အဲဒီ သီချင်းတွေထဲမှာ အကြိုက်ဆုံး ဘယ်ဟာလဲ။**

အဲဒါကျတော့ အစ်ကို ဟို…ကဗျာတွေကို မေးသလိုပဲ ဘယ်အပုဒ်ကို အကြိုက်ဆုံးလဲ ဆိုသလိုပဲ ကိုယ်မွေးထားတဲ့ကလေး အကုန်ချစ်တာပဲလို့ ဖြေရမလို။ ဒါပေမဲ့ ပရိသတ်ဘက်ကကျတော့ ကျွန်တော့်လို မဟုတ်ဘူးလေ။ ကျွန်တော်က ခုနက အားထုတ်မှုနဲ့၊ သမုဒယနဲ့ ဒီလိုမျိုး မရှင်းမရှင်းဖြစ်ပေမဲ့ ပရိသတ်ဘက်ကတော့ ရှင်းပါတယ်။ သူတို့ကတော့ သူတို့မေးရင် **ချစ်ပြိုးနှင်းဆီ** လို့ ပြောမှာပေါ့နော်။ **ချစ်ပြိုးနှင်းဆီ၊ မိုးသက်လေနှင်** ဒါ ထင်ရှားတယ်ပေါ့နော်။ ဘာလို့ဆို ဦးစောညိန်း ကိုယ်တိုင်ကလည်း သီချင်းက ၃၇ ပုဒ် အဲဒီလောက်ပဲ ရေးထားတာဆိုတော့ အပုဒ်တိုင်းက ကောင်းတယ်၊ အပုဒ်တိုင်းလောက် ထင်ရှားတယ်။ အဲဒီတော့ ကျွန်တော်လည်း အကုန်နီးပါးလောက်ပဲ ဆိုဖြစ်ပါတယ်။ ကိုစောညိန်းကလည်း အဲဒီတစ်ဘဝလုံးမှာ ၃၇ ပုဒ်ပဲ ပေးခွင့်ရတော့၊ တန်အောင် ပေးသွားတာဆိုတော့လည်း သေချာမှာပေါ့နော်။

**ဟုတ်ပါပြီ၊ ဒါ အဆိုအပိုင်းပေါ့။ ခုန ရုပ်ရှင်ရိုက်တဲ့အပိုင်း ပြန်ဆက်ရင် "မိုးညအိပ်မက်မြူ"ရိုက်ဖူးတယ်နော်။**

ဗီဒီယိုပေါ့။ ဇာတ်က,နေပြီးတော့ အချိန်တစ်ခုမှာ ဗီဒီယိုခေတ်ကောင်းစမှာ ကျွန်တော်လည်း ဗီဒီယိုလုပ်ငန်း ထုတ်လုပ်သူအနေနဲ့ရော ဇာတ်ကားတွေ တော်တော်များများ ရိုက်ဖြစ်ခဲ့ပါတယ်။ ပထမဆုံး ကျွန်တော်စီမံပြီးတော့ ရိုက်တာက **မြောက်ပြန်လေမှာတင်သော ကမ္ဗည်း** ဒါရိုက်တာ မောင်ဝဏ္ဏပေါ့နော်။

**"မြောက်ပြန်လေမှာတင်သောကမ္ဗည်း"ဆိုတာက ဆရာ ငြိမ်းကျော်ရဲ့ ဝတ္ထု။**

ဆရာ ငြိမ်းကျော်လည်း ရှိသေးတယ်။ သူကိုယ်တိုင် စိတ်ပါလက်ပါ ရိုက်ကွင်းမှာ လိုက်ပြီးတော့ ဂရုတစိုက်ရှိတယ်။ အစ်ကို မောင်ဝဏ္ဏကလည်း သေချာလေး ဂရုတစိုက် ရိုက်ဖြစ်ပါတယ်။ ဟို အဲဒါတွေက ဗီဒီယိုဖြစ်ခဲ့တာ

တောင် နှမြောပါတယ်။ အဲဒီတစ်ကား ရိုက်ပြီးတဲ့အခါကျတော့ ကျွန်တော်က **ရှင်မွေးနွံ့နီး မင်းနန္ဒာ** ကို ကျွန်တော်ကိုယ်တိုင် ဒါရိုက်တာလုပ်ပြီး ရိုက်လိုက်တယ်။ ရိုက်တဲ့အခါကျတော့ အဓိက ကျွန်တော်က ဇာတ်သဘင်မှာ အသံမှတ်တမ်းအားဖြင့် ခိုင်ခိုင်မာမာရှိတယ်။ ဦးဖိုးစိန် နားထောင်မလား၊ တာနော ယက္ခလား၊ မင်းကုသလား၊ ဦးအောင်မှုန်း၊ ရွှေမန်းတင်မောင် အသံမှတ်တမ်းတွေ အရုပ်မှတ်တမ်း မရှိဘူးပေါ့။ အဲဒီတော့ ကျွန်တော်က ဒီရုပ်ရှင်ရိုက်တယ်၊ ဗီဒီယိုရိုက်တယ်တို့ အချက်နှစ်ချက်ပဲ။ နံပါတ်တစ်ကတော့ ဒီဟာတွေ အသံမှတ်တမ်းအဖြစ်ကနေ အရုပ်မှတ်တမ်းတွေပါ ကျန်ရစ်စေချင်တယ်။ နောက်တစ်ခုကျတော့ ဇာတ်သဘင်ကို မတွေ့ထိမိတဲ့ ပရိသတ်တွေ၊ လူငယ်တွေ အဲဒီ ရုပ်ရှင်ထဲကသွားပြီးတော့ ကျွန်တော် လူစုချင်တယ်။ ကျွန်တော်ရရင်တောင် ကျွန်တော်က ဇာတ်သဘင်အတွက်ပဲ သယ်သွားချင်တာ။ ပရိသတ်ပဲဖြစ်ဖြစ်၊ အားပေးမှုပဲဖြစ်ဖြစ်၊ အောင်မြင်မှုပဲဖြစ်ဖြစ်။ ကျွန်တော်ကလည်း ဒီနောက်ပိုင်းမှာ အစ်ကိုရဲ့ သီချင်းဆိုဖြစ်တာတို့၊ ရုပ်ရှင်ရိုက်ဖြစ်တာတို့၊ ကဗျာရေးတာရှိမယ် ကျွန်တော့်ဘဝမှာ မဖြစ်မနေ ဖြစ်အောင်ကို ရောက်အောင်သွားမယ်ဆိုတာ ဇာတ်မင်းသားပဲ။

**အဲဒီလို ရိုက်ခဲ့တဲ့ဟာတွေထဲမှာ ဇာတ်ပေါ့နော်၊ ဇာတ်ကိုက,တဲ့နေရာမှာ ဝတ္ထုကို ဇာတ်အဖြစ်နဲ့ပြောင်းပြီးတော့ က,နေရာမှာ ဆရာဝင်းစည်သူရဲ့ ဝတ္ထုတွေပါသလို ပရိသတ်အကြိုက်ဆုံး တစ်ပုဒ်ရှိသေးတယ်။ ဆရာမ နုနုရည်(အင်းဝ)ရဲ့ "ရိုးပြာမြေဝယ် မြင့်စေသော်"ကို "ပန်းသလား မေပျို"ဆိုပြီးတော့ က,တယ်နော်။**

အဲဒါရဲ့ မူလပထမ ဆရာ ဝင်းစည်သူ ရေးလာတဲ့နာမည်က "နေထွက်မှာ ရွှေမျက်နှာ ထိန်ထိန်ဝင်းမယ်"တဲ့၊ ပြဇာတ်နာမည်က။ ဒါပေမဲ့ နောက်ကျတော့ ဆရာက ထပ်ပြောင်းလိုက်တာပေါ့။ သူသုံးထားတဲ့ သီချင်းပါပဲ "ပန်းသလား မေပျို"သီချင်းနဲ့ ဒီပြဇာတ်ဆိုတော့ ကျွန်တော်တို့ကလည်း ဆရာ ဒီဟာပိုကောင်းပါတယ်ပေါ့။ ဆရာလည်း အဲဒီနာမည် ထပ်ပြောင်းလိုက်တယ်၊ "ပန်းသလား မေပျို"ဆိုပြီးတော့။ ပြဇာတ်ကို လေးလေးနက်နက်နဲ့ က,ရတယ် ကောင်းတယ်ဆိုတာ အဲဒီ"ပန်းသလား မေပျို"ကျမှပဲ နာမည်ထွက်တာ ဆရာ။

**တကယ့် တကယ်ကျတော့ အဲဒီပြဇာတ်မှာ သိန်းဇော်က လူငယ်သရုပ်ဆောင်အနေနဲ့ လုပ်ရတာမဟုတ်ဘူးနော်။ အဘိုးကြီး၊ အဘွား**

**ကြီး နှစ်ယောက်အဖြစ်နဲ့။ အဘိုးကြီးအဖြစ် သရုပ်ဆောင်ရတာ။**

ငယ်စဉ်ကနေ ကြီးတဲ့အထိပေါ့။

**ရုပ်သေးရုပ်ကလေးကို သမီးလုပ်တဲ့သူက နိုင်ငံခြားသားကို ရောင်းစားလိုက်တဲ့ သူ ရင်ကွဲနာကျစရာ ဇာတ်ကလေးနော်။ အဲဒီလိုမျိုး ပေါ့နော် ဝတ္ထုကို ပြဇာတ်အဖြစ်နဲ့ ပြောင်းတဲ့နေရာမှာ တခြားနာမည်ရ တဲ့ဇာတ်မျိုး ပြောပြပါဦး။**

ဝတ္ထုတွေကို ပြန်က,တာ နည်းတယ်ပါ အစ်ကို။ ကျွန်တော်တောင် သိပ်မရှိဘူး။ အဓိက,ကတော့ ကျွန်တော် က,ဖြစ်တာ နောက်ပိုင်းတွေကို အဓိကထား က,ဖြစ်တယ်။ တာဝန်ယူတဲ့များတဲ့ ဘာသာရပ်ကို သူတို့ယူလိမ့် မယ်ပေါ့နော်၊ ရုပ်ရှင်ဆိုလည်း အဲဒီလိုပေါ့။ ရုပ်ရှင်မင်းသားတွေ ပေါ်နေတာ ပဲ၊ နောက်လည်း ပေါ်ဦးမှာ။ ဒီဇာတ်မှာကျတော့ ခက်တယ်ပေါ့။ ခက်တယ် ဆိုတာ ဇာတ်ပညာတင် ခက်တာမဟုတ်ဘူး၊ အဲဒီလူငယ်တစ်ယောက်က ဇာတ်လောကကြီးကို ရွေးချယ်မှုကလည်း ခက်ပြန်တာပဲ။ ဒီအချိန်ဆို ပိုခက် သွားပြီပေါ့နော်။

**ဒါပေါ့။**

ဟိုအချိန်ကတောင်မှ ပင်ပန်းတယ် သွားရလာရတာ။ အောင်မြင်ဖို့ ရာ ခက်ခဲတယ်။ သူက ဇာတ်က,တယ်ဆို ဒီမြို့က,တယ်၊ မန္တလေးက,တယ်၊ မကွေးက,တယ်။ တိုင်းပြည်နှစ်ပတ်လောက် ပတ်ပြီးမှ အဲဒီလူက ဧည့် ဘယ်မင်းသား ပေါ်လာပြီ ကောင်းသတဲ့။ ဒီမှာက တစ်ပတ်လောက်အတွင်း နဲ့လည်း တိုင်းကျော်ပြည်ကျော် ဖြစ်သွားနိုင်တယ်လေ၊ ဒီဘက်ခေတ်ရဲ့ အားသာချက်က။ အဲဒီတော့ ကိစ္စတိုင်းမှာ အားသာချက်၊ အားနည်းချက်က တော့ အမြဲရှိတာပါပဲ။ အဲဒီလို မြန်မြန်နာမည်ကြီးတော့လည်း တချို့ကိစ္စတွေ မှာ တန်ဖိုးထားမှု၊ လေးနက်မှုက မပါလာပြန်ဘူးပေါ့နော်။

**အဲဒီတော့ နောက်ဆုံး က,ခဲ့တဲ့၊ မန္တလေးသိန်းဇော်အဖြစ် နောက်ဆုံး က,ခဲ့တာ ဘယ်တုန်းကလဲ။**

ဇာတ်သဘင်မှာတော့ ကျွန်တော့်ကိုယ်ကျွန်တော် မှတ်မှတ်သား သားရှိတဲ့ဇာတ်ကွက်တွေကတော့ "ဆဒ္ဒန်ဆင်မင်း" အစ်ကို။ "ဆဒ္ဒန်ဆင်မင်း" ဒီဇာတ်တော်က ကျွန်တော့်ရှေ့က ဇာတ်ခုံတွေပေါ်မှာ ဘယ်သူမှ မက,ခဲ့ဘူး။ ရုပ်သေးစင်ပေါ်မှာ က,ခဲ့တာ။ ဘာကြောင့်လဲဆိုတော့ ဒီ လူကို ဆင်လို သဏ္ဌာန်ပေါ့နော် နှာမောင်းကြီးလို ပုဆိုးကြီးကို တပ်ပြီး လုပ်တယ်ဆိုတာ

ကလေးချော့တဲ့အချိန်မှာပဲ လုပ်ကြတာ၊ ရယ်စရာလို။

**သန်းကျော် က,ခဲ့တာက ဆင်ရုပ်ကြီးတွေနဲ့ နောက်ကျတော့ ဆင်ရုပ်ကနေပြီးတော့ လူအဖြစ်နဲ့ ပြောင်းပြီးတော့ "ဆဒ္ဒန်ဆင်မင်း" ဇာတ်ကို က,ခဲ့တာ။**

ဒါကြောင့် ဆင်ရုပ်တွေနဲ့ပဲ ရုပ်သေးမှာ က,တာ။ ရွှေဘိုတင်မောင် နာမည်ကြီးတယ်လေ။ အဲဒါကို ကြည့်တဲ့အခါကျတော့ ကျွန်တော် ထူးခြားချက်တစ်ခုက ရုပ်သေးဆရာတွေက စလေဦးပုညရဲ့ ကောင်းပေ့ဆိုတဲ့စာတွေကို သုံးမသွားဘူး။ သူ့တို့မူ၊ သူတို့အရေးအသားနဲ့ပဲ သူက "ဆဒ္ဒန်ဆင်မင်း" ကို က,တာ။ သူတို့ဟာလည်း ကျွန်တော်ကြိုက်တယ်။ သို့သော်လည်း ကျွန်တော်က ဦးပုညစာတွေကိုလည်း သုံးချင်တယ်။ သုံးချင်တဲ့အခါကျတော့ "ဆဒ္ဒန်ဆင်မင်း"ကို က,မယ်ပေါ့နော်။ ကျွန်တော့်ရဲ့ မီးရှူးတန်ဆောင်လိုဖြစ်တဲ့ အလင်္ကာကျော်စွာ ရွှေမန်းတင်မောင် က,ဖူးသလား ကြည့်ပြန်တော့ သူက မက,ဖူးဘူး။ ဘာကြောင့် မက,တာလဲဆိုတော့ ကျွန်တော်ကြားဖူးတာပေါ့နော် လူရှင်တော်တွေဘာတွေ အလင်္ကာကျော်စွာ ရွှေမန်းတင်မောင်က တိရစ္ဆာန်အဖြစ် သရုပ်ဆောင်ရတဲ့ဇာတ်ထုပ်တွေကို ရှောင်တယ်လို့ ပြောတယ်။ ဒါကြောင့် ဒီဟာကို က,ဖြစ်တဲ့အခါမှာ ကျွန်တော် ဘာတွေ ဖြည့်မလဲ၊ ရွာစားကြီး စိန်လှမြိုင်ရဲ့ "ဆဒ္ဒန်ဆင်မင်း"မြိုင်သာဖြည့်မယ်၊ နောက် မဟာဂီတထဲက ထပ်ဖြည့်မယ်၊ ပြီးရင် ရုပ်သေးထဲက ကောင်းတဲ့ ငိုချင်းတွေကို ယူမယ်၊ စလေဦးပုညစာတွေ ဖြည့်မယ်၊ ပြီးရင် တင်ဆက်တဲ့အခါကျတော့ လည်း ကျွန်တော် ဆင်ရုပ်တွေနဲ့၊ လူနဲ့ အဲဒါကို တင်ဆက်မယ်။ တစ်ခါတလေကျတော့ ဆင်တစ်ထပ်၊ လူတစ်ထပ် တင်ဆက်မယ်။ တစ်ခါတလေကျတော့ ဆင်ချည်းပဲ ထွက်မယ်၊ နောက်က လူက ရုပ်သေးလို အသံပေး မယ်။ တစ်ခါတလေကျတော့ လူချည်းပဲ ထွက်မယ်၊ "ငါသည် ဆဒ္ဒန်ဆင်မင်းပဲ"ပေါ့နော်။ အဲဒီလိုမျိုးနဲ့ သရုပ်ဆောင်တယ်ပေါ့နော်။ အဲဒီအခါကျတော့ မျှော်လင့်မထားတဲ့ တင်ဆက်မှုတစ်ခုကို တွေ့ရတဲ့အခါမှာ အားလုံးက တအံ့တဩပဲ ဒီ"ဆဒ္ဒန်ဆင်မင်း"ကို နောက်ဆုံးထိ ပြဇာတ် နေရာမှာ က,ရတဲ့အထိ နောက်ပိုင်းဇာတ်လို့ က,ခဲ့ရပါတယ်။

"တော်ဝင်နှစ်ပါးသွား"လည်း အစ်ကို အဲဒီလိုပဲ။ "တော်ဝင်နှစ်ပါးသွား"မှာ "အမ္ဘရာကိန္နရီ၊ မဒ္ဒီသမ္ဘူလ" ဒီဇာတ်ထုပ်က လေးထုပ်ဖြစ်နေတယ်လေ။ "အမရာ"ကလည်း တစ်ဘဝ၊ "ကိန္နရီ"ကလည်း တစ်ဘဝ၊

"မဒ္ဒီ၊ သမ္ဘူလ"တွေလည်း သူ့ဘဝနဲ့သူ။ အဲဒီလေးထုပ်ကြီးကို ကျွန်တော် တစ်ထိုင်တည်း က,မယ်ဆိုလို့ရှိရင် အချိန်အရရော၊ ပရိသတ်ရဲ့ ဖမ်းစားမှု အရရော အဆင်မပြေဘူး။ အဲဒီတော့ ဒီဇာတ်ကြောင်းလေးကို ပုံသဏ္ဌာန် လေးခုနဲ့ တင်ဆက်မယ်ပေါ့နော်။ "အမရာ"က နှစ်ပါးသွားပုံစံ၊ နောက်ပြီး တော့ "ကိန္နရီ၊ ကိန္နရာ"က တေးသရုပ်ဖော်၊ "မဒ္ဒီ"က မြိုင်ထပုံစံ၊ "သမ္ဘူလ" က နောက်ပိုင်းဇာတ်ပုံစံပေါ့နော်။ အဲဒီတုန်းက ကူညီတဲ့ မင်းသမီးတွေကို လည်း ကျေးဇူးတင်ပါတယ်။ တကယ့် လေးချိုး ဝိုချင်းကြီးတွေ၊ တေးထပ် ဝိုချင်းကြီးတွေ ဒေါ်ခင်စိန် ဝိုတာ။ မမို့က ကြိုးစားတယ်။ သူက ဒေါ်ခင်စိန် အလုပ်လုပ်တဲ့အချိန်မှာ သူလုပ်နေတာပဲ၊ ငါ့အလုပ်မဟုတ်ဘူးလို့ လျော့ မထားဘူး။ မျက်လုံးလေးနဲ့ရရင် ယူတယ်၊ "မယ်မယ် ဘုရား..."ဆိုရင် ယူလို့ရတာ ယူတယ်။ သူ လုံးဝကို လိုက်ပြီးတော့ ရှဲလ်လုပ်နေတာပေါ့နော်။ လုပ်နေတဲ့အခါကျတော့ တကယ်လည်း ဝိုချလိုက်ပြီဆို သူလည်း အဲဒီ လောက်ကို သူ ရအောင်ကြိုးစားထားတယ်။ "အမယ်လေး"ကတော့ သူ လည်း ဆိုင်းတွေ၊ ဝိုင်းတွေနဲ့ နှစ်ပြီးတော့ ကြိုးစားထားတော့ အတူတူ၊ ပရိသတ်ရင်ထဲကို ဆို့နစ်မှုကြီးက အတူတူရောက်သွားတဲ့အခါကျတော့ ဟာ ပြောကြတာပေါ့ မမို့က ဇာတ်မင်းသမီးကြီးတစ်ယောက်ကျနေတာပဲ လုပ်သွား လိုက်တာ၊ တော်လိုက်တာဆိုပြီးတော့။ အဲဒီပေါင်းစပ်မှုလေးတွေပေါ့၊ အဲဒီ လို ဖလှယ်ခဲ့တဲ့အတွက် "တော်ဝင်နှစ်ပါးသွား"ကလည်း မမျှော်လင့်နိုင်တဲ့ အောင်မြင်မှုတစ်ခုကို ရောက်ခဲ့ပါတယ်။ ကျေနပ်တယ် ကျွန်တော်။ ဘဝမှာ လုပ်ဆောင်ခဲ့တဲ့ အနုပညာတွေထဲမှာ သဘင်မှာဆို အဲဒီ"တော်ဝင်နှစ်ပါး သွား"၊ "ဆဒ္ဒန်ဆင်မင်း"ပေါ့နော်။ နောက်ပိုင်းဇာတ်တွေ က,ခဲ့တာတော့ အများကြီးပေါ့ အစ်ကိုရယ်။ ဒါပေမဲ့ လက်တွေ့ ဗီဒီယိုမှတ်တမ်းနဲ့ ပြန်ပြလို့ ရတာတော့ အဲဒါလေးတွေရှိခဲ့တယ်။

**အခု မောင်သိန်းဇော် ပြောခဲ့တာဆိုရင် ဇာတ်သဘင်က တော် တော်ပြည့်ပြည့်စုံစုံရှိသွားပြီ။ အခုလုပ်နေတဲ့ ဘိသိက်ဆရာအလုပ်ကို ပြောပြပေးပါလား။**

ကျွန်တော့် အတွေးအခေါ်ကတော့ ဘိသိက်ဆိုတာ တစ်ယောက် တည်း ဘုရားရှိခိုးရာကနေပြီးတော့ အပေါင်းပရိသတ်နဲ့ ဘုရားရှိခိုးကြတာ မျိုးပေါ့နော်၊ လူစု လူဝေးနဲ့။ အဲဒီအခါကျတော့ အဓိက,ကတော့ ကုသိုလ် လုပ်တာ ကုသိုလ်ဖြစ်ဖို့ ဒါကိုအဓိကထားမယ်ဆိုပြီးတော့ ဆရာတော်တွေနဲ့

ထီးတော်တင်တယ်၊ ပူဇော်တယ်ဆိုတဲ့ အတွေ့အကြုံနဲ့ နီးနေသေးတာနဲ့ ဒီဘက်က သဘင်ပညာ ပေါင်းစပ်ပြီးတော့ ဒါကို လုပ်ဖြစ်တာပေါ့နော်။ ပထမတော့ ဒီဟာ မလုံမလဲပါပဲ၊ မင်းသားက ဒီဘိသိက်မြှောက်တယ်ဆို တော့။ နောက်ကျတော့ စဉ်းစားကြည့်တယ်၊ ငါ မကောင်းတဲ့စကား ဘာပြော ရလို့လဲပေါ့။ မိဘကို ရိုသေသမှု၊ ဘုရားတရားသံဃာ ကြည်ညိုညွတ်ကိုင်း၊ ကုသိုလ်တရားရဲ့ အကျိုးကျေးဇူး၊ ဆရာသမားရဲ့ မေတ္တာ၊ ကျေးဇူး ဒီ အဓိပ္ပာယ်တွေကိုပဲ ပြန်ကာ လှန်ကာ ဂီတအနုပညာနဲ့ ပြောရတာပဲပေါ့။ မကောင်းတာ ဘာရှိလို့လဲ၊ ဘိသိက်ကို အဲဒီကစပြီးတော့ အဲဒီအတွေးနဲ့ ပျော်ပျော်ကြီး မြှောက်တော့တာပဲ။ အဲဒီအခါကျတော့ ကျွန်တော်က အလုပ် ကို နှစ်ပိုင်းပိုင်းထားတယ်။ ဖျော်ဖြေရေးက တစ်ပိုင်း၊ ပူဇော်ရေးက တစ်ပိုင်း ပေါ့နော်။

**ဗီဒီယိုရိုက်တဲ့ထဲမှာပေါ့နော် အထူးခြားဆုံး၊ ပရိသတ်လည်း အကြိုက်ဆုံးဖြစ်ခဲ့ဖူးတာကတော့ "မိုးညအိပ်မက်မြူ"ပေါ့နော်။ ဆရာ တက္ကသိုလ်ဘုန်းနိုင်ရဲ့ ဝတ္ထုကို ရိုက်ခဲ့တယ်။ အခု ပြန်ရိုက်တာကတော့ ကြည်ဖြူသျှင် ရိုက်တာပေါ့နော်။ ကြည်ဖြူသျှင်က နေတိုးနဲ့ရိုက်တာ ပေါ့။ ဒါပေမဲ့ တကယ့် တကယ်ကျတော့ ဗီဒီယိုခေတ်မှာ မောင်သိန်းဇော် နဲ့ ရိုက်ခဲ့တာ၊ အဲဒါလေး ပြောပြပေးပါလား။**

ကျွန်တော် ဝတ္ထုထဲမှာ တစ်ထိုင်တည်းနဲ့ ပြီးအောင်ဖတ်ဖူးတာ **မိုးညအိပ်မက်မြူ** တစ်ပုဒ်ပဲ ဖတ်ဖူးတယ်။

**ဒါရိုက်တာ ဘယ်သူလဲ။**

ဒါရိုက်တာ အကယ်ဒမီ ကြည်စိုးထွန်း။ တွဲဖက်သရုပ်ဆောင်တဲ့ သူတွေက ကျွန်တော်တို့ မေဆွိ၊ မေသန်းနု၊ မျိုးသန္တာထွန်း၊ နောက်ပြီး ထူးထူးခြားခြားကတော့ ဆုံးသွားတဲ့ သူငယ်ချင်း ကဗျာဆရာ ဇောင်းထက် ပေါ့နော် သူလည်း ပါဝင်ခဲ့တယ်။ ဒီ **မိုးညအိပ်မက်မြူ** ကို ရိုက်ချင်လို့ကို ရိုက်တာပါ။ အရင်ဇာတ်ကားကတော့ မကြည့်ဖူးခဲ့ပါဘူး။ အဲဒီတုန်းက ဖလင် တွေ ဘာတွေလည်း ကြည့်ဖို့လည်း ဒီခေတ်လို မလွယ်ဘူးပေါ့နော်။ ဦးညွန့် ဝင်း ရိုက်ဖူးတယ်။ ဒါပေမဲ့ ကျွန်တော်တို့ရိုက်တော့လည်း ကျွန်တော်က အနုပညာလုပ်ရင် ကိုယ်ချင်းစာပါတယ်။ ကျွန်တော်လုပ်ရင်လည်း ကျွန်တော့် ဒုက္ခကို ကျွန်တော် ကရိကထကို ခံပြီးတော့လုပ်တယ်။ ကိုယ်လုပ်တဲ့အလုပ်ကို ကိုယ်ကြိုက်သလို၊ ကိုယ့်ကိုယ်ကို စိတ်ရှည်ပေးသလိုပဲ အဲဒီ **မိုးညအိပ်မက်**

မြူ ရိုက်တော့လည်း ဒါရိုက်တာ ကြည်စိုးထွန်း၊ အစ်ကို ရိုက်ချင်သလိုရိုက်ပါ ဆိုပြီးတော့ သူကလည်း ရိုက်ချသွားတယ်။ တောင်ပြုန်းဆိုတဲ့ ဆိုင်းဘုတ်ပါဖို့ တောင်ပြုန်းအထိသွားတယ်၊ ပေါင်းတည်ဆိုတဲ့ ဆိုင်းဘုတ်ပါဖို့ ပေါင်းတည်ထိသွားတယ်။ ဘယ်နှရက်တစ်ကားတို့ဆိုတဲ့အထဲ သူကတော့ မပါဘူး။ တကယ့်ကို လနဲ့ချီပြီးတော့ကို နေရာစုံသွားပြီးတော့ စိတ်တိုင်းကျ ရိုက်ခဲ့တာပါပဲ။ ကံကောင်းပါတယ်၊ စန္ဒရားဦးလှထွတ်ကလည်း ဒီအတွက်ကို စိတ်ဝင်တစားကို လေးလေးစားစားနဲ့ သီချင်းတွေရော ဘာတွေရော ဖန်တီးပေးပါတယ်။ ဒါရိုက်တာ ကြည်စိုးထွန်းကလည်း အတတ်နိုင်ဆုံး ပင်ပန်းခံ အားစိုက်ပြီး ရိုက်တဲ့အတွက် ကြိုးစားတဲ့ ရလဒ်တော့ သူရောက်ခဲ့ပုံပါပဲ အစ်ကိုရယ်။

**နောက်ဆုံး က,ရသေးတာ ဘယ်နှခုနှစ်ကလဲ။**

နောက်ဆုံး နောက်ဆုံး ဆိုပြီးတော့ ခဏခဏဖြစ်တော့လည်း ဘယ်ဟာနောက်ဆုံးမှန်း မသိတော့ဘူး အစ်ကိုရဲ့။ ဇာတ်သဘင်ကိုတော့ ၈၈ ဒီဘက်ကတည်းက တကယ့်ကို အုံနဲ့ကျင်းနဲ့ ခံ့ခံ့ထည်ထည် တောင့်တောင့်တင်းတင်းဆိုတဲ့သဘောတော့ မရှိတော့ဘူး အစ်ကိုရဲ့။ ဒါပေမဲ့လို့ က,တော့ က,နေတယ်၊ ဖြစ်အောင် က,ကြတာပေါ့နော်။

**သိန်းဇော်တို့ က,တဲ့ခေတ်က ပြဇာတ်ပါတယ်၊ နှစ်ပါးပါတယ်၊ နောက်ပိုင်းပါတယ်ပေါ့။ အခုခေတ် ကလေးတွေကျတော့ ပြဇာတ်က,မယ်၊ နှစ်ပါးက,မယ်၊ စတိတ်ရှိုးနဲ့ မိုးလင်းကြတာ။ အဲဒီတော့ အဲဒီအပေါ်မှာ ဘယ်လိုမြင်လဲမသိဘူး။**

ခေတ်တိုင်း ခေတ်တိုင်းမှာ ပေါ်တဲ့ လူတွေကတော့ အစ်ကိုရယ် ဒီလိုလူတွေပါပဲ။ လူစွမ်းလူစရော၊ ကိုယ့်ယဉ်ကျေးမှုအနုပညာနဲ့ ပတ်သက်မှု ဒီလိုလူတွေပါပဲ။ ဒါပေမဲ့ ခေတ်ရဲ့ အပြောင်းအလဲမှာတော့ သူတို့လည်း အခွင့်သာတာ၊ အခွင့်မသာတာ ဒီလိုမျိုးရှိမှာပေါ့နော်။ နောက်ပြီးတော့ အနုပညာတစ်ခုပြောင်းရင်ပေါ့နော် ပရိသတ်နဲ့ အနုပညာရှင်ဟာ မတိုင်ပင်ဘဲ ညှိညှိနှိုင်းနှိုင်း ပြောင်းလေ့ရှိတယ်လို့ ကျွန်တော် ယူဆတယ်။ ဘယ်လိုလဲဆိုတော့ ဘယ်လိုတွေ တင်ဆက်ကြမယ်၊ ဘယ်လိုတွေ ကြည့်ကြမယ်လို့ တစ်ယောက်နဲ့တစ်ယောက် တိုင်ပင်တာမဟုတ်ဘူး။ ဒါပေမဲ့ ဆန္ဒတွေမှာ လိုက်လိုက်ညှိညှိပြီးတော့ အပြောင်းအလဲတွေက ဖြစ်သွားတာပေါ့နော်။ ဇာတ်ခုံပေါ်မှာ ဇာတ်ပညာကောင်းကောင်း အသုံးမပြုရတော့တဲ့အတွက် ကျွန်တော် ဇာတ်မက,တော့ဘူး၊ ဒါပေမဲ့ မနေနိုင်တော့ နောက်တစ်ခါ

ပြန်ကတယ်။ ပထမ ကျွန်တော်မကတုန်းက ဇာတ်ခုံပေါ်မှာ ဇာတ်ပညာလုပ်ရတာ နည်းသွားတာပေါ့နော်။ နောက် ကျွန်တော် မနေနိုင်လို့ ပြန်ကတဲ့အခါကျတော့ ဇာတ်ခုံပေါ်မှာ ဇာတ်ပညာမရှိတာတင် မဟုတ်ဘူး၊ ဇာတ်ရုံထဲမှာပါ ဇာတ်ပရိသတ် မရှိတော့ဘူး။ ကိုယ်က ဒီမြန်မာမှုလေး တင်ဆက်နေတယ်ဆိုတဲ့အချိန်ပိုင်းမှာ တချို့က ဒီနောက်လာမယ့် စတိတ်ရှိုးကိုပဲ၊ နောက်လာမယ့် စတိတ်ရှိုးဆိုတာကလည်း ကျွန်တော်တို့လုပ်မှာပါပဲ။ ဘယ်သူဘယ်ဝါလုပ်မှာမဟုတ်ဘူး။ ဒါပေမဲ့ သူတို့ရွေးချယ်တဲ့အမျိုးအစားက အဲဒီဘက်ကိုအားသန်သွားတာပေါ့။ အဲဒါလည်း သူတို့အပြစ်မဟုတ်ဘူး၊ ကျွန်တော်တို့ကျင့်ပေးထားတာလေ။ ကျွန်တော်တို့က ဆယ်စုနှစ် ဆယ်စုနှစ်တွေ ကျွန်တော်တို့က ဒါကတော့ ကျွန်တော်တို့တစ်တွေက နိုင်ငံရေးကို ဦးတည်ပြီးပြောတာမဟုတ်ပေမဲ့ ကျွန်တော်တို့ လုပ်ငန်းတွေက နိုင်ငံရေးကို အခြေခံတယ် အစ်ကိုရဲ့။ လူရှင်တော်တွေ စကားတွေရှိတယ် "လက်ဆုပ်ပြည့်မှလက်ကြားယိုတယ်"လို့။ ခါတိုင်း ကျွန်တော်ပွဲထွက်ချိန်တွေက မြို့တော်သိန်းအောင်တို့ခေတ်မှာ ၈ နာရီခွဲ၊ ၉ နာရီဆိုရင် တိတိကျကျထွက်တာ။ နောက်ပိုင်း မထွက်နိုင်ဘူး။ ဘာလို့ဆိုတော့ ကျွန်တော်တို့ပွဲကြည့်မယ့်သူကသူ ကြည့်ချင်လွန်းလို့သာ လက်မှတ်ဝယ်ထားတယ်၊ သူ အိမ်က ဈေးကပြန်လာတာကလည်း စောင့်ရတော့ ၇ နာရီလောက်မှ ရောက်တယ်။ ၉ နာရီသွားဖို့ ပြင်ရဆင်ရတာနဲ့ဆို သူက ဇာတ်ရုံထဲကို ၉ နာရီလောက်မှရောက်တယ်။ အဲဒါတွေ မရောက်မရောက် စောင့်ရင်းနဲ့ ၁၀ နာရီ၊ ၁၀ ခွဲတွေမှာပွဲထွက်တာတွေ ဖြစ်လာတယ်။ ဒါက ရောက်အောင်လာရင် တော်သေးတယ်။ ငွေမရှိရင် အချိန်မရှိဘူး၊ အချိန်မရှိရင် စိတ်မရှိတော့ဘူး။ ဘယ်သူဘယ်ဝါကို ကြည့်ချင်ပါတယ်ဆိုတဲ့ တမ်းတတဲ့စိတ်ကလေးက ငွေရော၊ အချိန်ရော မပြည့်စုံမှတော့ အဲဒီစိတ်ကူးလေးလည်း ပျောက်သွားရုံပဲ ရှိတော့တာပါပဲ။ အဲဒီလိုမျိုးနဲ့ အဲဒီပင်ပင်ပန်းပန်း ဖြတ်သန်းခဲ့တဲ့အချိန်လေးမှာကျွန်တော်တို့ ဇာတ်သဘင်ကလည်း အားနည်းလာတယ်။ အခုဆိုလို့ရှိရင်ကျွန်တော်တို့ ဇာတ်ရုံကြီးတွေပေါ့နော် ပဲခူးပွဲဆို ၇ ရုံထိဖြစ်ဖူးတာလေ။ အခု ၃ ရုံတောင်မှ ဆုံးအောင်မကတဲ့ အဖွဲ့တို့၊ ဆုံးအောင် မကနိုင်တာတို့ဘာတို့ အကျိုးအကြောင်းလေးတွေ ကြားရတယ်။ နောက်ပြီးတော့ ဗမာပြည်မှာ ကျောက်တော်ကြီးဘုရားပွဲ၊ မကွေး မြသလွန်ဘုရားပွဲ၊ ပြည် ရွှေဆံတော်ပေါ့နော်၊ ပဲခူး၊ ရွှေတိဂုံဘုရားပွဲ ပွဲတော်ကြီးတွေလေ။ ကျွန်တော်တို့က

ဒီပွဲတော်တွေကို ထောက်ထောက်ပြီးတော့ အိုးအိမ်လိုပဲ ရွေ့လျားနေရတာ သဘင်အဖွဲ့တွေက။ ဒီအာရှတိုက်မှာပဲဖြစ်ဖြစ်၊ တစ်ကမ္ဘာလုံးမှာပဲဖြစ်ဖြစ်ပေါ့နော် ဒီလူဦးရေ သိန်းဂဏန်းလောက်ဟာ သိန်းဂဏန်းထက် ပိုရင်သာ ပိုမယ် အဲဒီလူတန်းစား အလွှာကြီးတစ်ခုက တစ်နိုင်ငံလုံးမှာ တစ်နှစ်ပတ်လည်လုံး လှည့်လည်ပြီးတော့ ဒီက,ပြတယ်ဆိုတဲ့ ယဉ်ကျေးမှုကြီးတစ်ရပ်ဟာ တခြားမှာ မရှိဘူး အစ်ကိုရဲ့။ အဲဒီတော့ အဲဒါတွေ တဖြည်းဖြည်း လုံးပါးပါးလာတယ်။ နှမြောစရာပေါ့ အစ်ကိုရယ်။ ကျွန်တော်တို့ဆီမှာ ကံကောင်းတာ တစ်ခုကတော့ ယဉ်ကျေးမှုဝန်ကြီးဌာနဆိုပြီးတော့ တက္ကသိုလ်တွေနဲ့ အနုပညာတွေ စဉ်ဆက်မပြတ်အောင် သင်ကြားပေးနေတာတစ်ခုကတော့ အားရစရာကောင်းပါတယ်။ ဒါပေမဲ့ ခက်တာကလည်း နေရာလည်းရှိမှ ပညာရှင်သန်မှာလေ။ ဒီအနုပညာတစ်ရပ် လူမှုပတ်ဝန်းကျင်မှာ ရှင်သန်ချင်တယ်ဆိုရင် ကျွန်တော်တို့က သူ့ရဲ့ ရပ်တည်နိုင်မှုကို ဘယ်လိုဖော်ဆောင်ပေးမလဲဆိုတာနဲ့လည်း ဆိုင်မယ်ပေါ့နော်။ ရုပ်သေးရှင်သန်ချင်တယ်ဆိုရင် ရုပ်သေးဆရာကြီး အိမ်ခေါ် လခပေးထားရုံနဲ့ ရုပ်သေး ရှင်သန်မှာမဟုတ်ဘူး။ ဒီရုပ်သေးကို ပိုက်ဆံရအောင် ပြည်တွင်းပြည်ပ ပတ်ဝန်းကျင်နဲ့ ဘယ်လို Attraction ရှိအောင် ကျွန်တော်တို့က ဘယ်လို ပံ့ပိုးကူညီမလဲဆိုတာ အဲဒီလိုကျင့်သုံးမှ ရုပ်သေးက ဒါ ရုပ်သေးဆိုတာ ဥပမာတစ်ခုပေါ့ အစ်ကိုရယ်။ ဇာတ်သဘင်ဆိုလည်း ဒီလိုပေါ့။ အဲဒီအခါကျတော့ ရုပ်သေးဆရာကြီးကို ကျွန်တော်တို့က ခေါ်ပြီးတော့ လခပေးထား၊ သူသေသွားရင် ပညာပါသွားဦးမှာပဲလေ။ ရုပ်သေးဆို ရုပ်သေးဆွဲတဲ့လူ များတယ်ပေါ့နော်။ တကယ်ကောင်းအောင်ဆွဲနိုင်တဲ့လူက နည်းတယ်။ စောင်းဆိုရင်လည်း အဲဒီလိုပေါ့။ တီးတဲ့လူများတယ်၊ တကယ် ကောင်းအောင် တီးတဲ့လူ နည်းတယ်ပေါ့။ ဒါပေမဲ့ ဘာပဲဖြစ်ဖြစ် ရှင်သန်နေ တယ်ဆိုတာကို ကျွန်တော်တို့ ကျေနပ်လို့ရတယ်။ ဇာတ်သဘင်ကျတော့ ကဲ ခု ဇာတ်ခုံ၊ ကျွန်တော်က ဇာတ်ပွဲတွေ နည်းသွားတာပဲလို့ ဒါ နံပါတ်တစ် ညည်းတွားတာနော်။ ဇာတ်ပွဲတွေရှိတော့ အဲဒီဇာတ်ပွဲမှာ ဇာတ်ခုံမှာ ဇာတ်ပညာရှိလား။ ဇာတ်ပညာရှိလားဆိုတဲ့ အခါကျတော့ ခုန ကျွန်တော်ပြောတဲ့ အထဲမှာ ဇာတ်ရုံထဲမှာပါ ဇာတ်ပရိသတ် မရှိတော့ဘူးဆိုတော့ ကျွန်တော်က သယ်ယူပို့ဆောင် ဟိုဟာဖြစ်တဲ့အခါကျတော့ စတိတ်ရှိုးဆိုတာ ကျွန်တော်က ခုံပေါ်မှာ တင်လာတဲ့အခါကျတော့ မီးတွေထွန်းမယ်၊ မတ်တတ်ရပ်ပြီး သီချင်းဆိုတယ် ဆိုတဲ့အခါကျတော့

ဆက်တင် အခမ်းအနားတွေ အသယ်အပြုနည်းတယ်၊ စရိတ်စက နည်းလာတယ်။ အဲဒီအခါကျတော့ နောက်ပြီးတော့ ပရိသတ်ကလည်း ဒါတွေကို လိုလားတယ်။ ဟိုဘက်က လှိုင်းကလည်း အရမ်းကြီးတယ်ပေါ့နော်။ ဒါကိုပဲ Coppyပေါ့နော် ကျွန်တော်တို့က ဘယ်အဆိုတော်ဆိုသလို သူလည်း ဆိုပါတယ်၊ ဆိုပြီးတော့ လုပ်ပြရင်းနဲ့ ညတွေကို အချိန်တော်တော်များများ ယူသွားတာပေါ့။ ပရိသတ်ကလည်း မရနိုင်ဘူး ဆိုတဲ့အတွက် ဂျီးမများတော့ဘူး။ က,တာကိုပဲ ကြည့်တဲ့အခါကျတော့ ပွဲလည်းဖြစ်တယ်၊ မင်းသားတွေလည်း က,လို့ရတယ်။ သို့သော်လည်း သဘင်ပညာ ဘယ်မှာရောက်နေလဲပေါ့၊ အဲဒီအခက်အခဲ ဖြစ်ရတာယ်ပေါ့။ ဒီဟာကို ပြောင်းလဲဖို့၊ ထိန်းသိမ်းဖို့၊ ဖော်ထုတ်ဖို့ဆိုတာ ဇာတ်တစ်ဇာတ်ရဲ့ အားနဲ့လည်း မရဘူး။ ဥပမာ သဘင်အစည်းအရုံးတို့၊ သဘင်ဖောင်ဒေးရှင်းတို့ သူတို့အားနဲ့လည်း မရဘူး။ နိုင်ငံတော်ဆိုတဲ့ အနေအထားကနေပြီးတော့ကို ဒီသဘင် သည်လူတန်းစားကြီး တစ်ရပ် ရှင်သန်နိုင်ရေး၊ ဒီပွဲတော်တွေ ကောင်းကောင်းမွန်မွန် ယခင်ကကဲ့သို့၊ ယခင်ထက်ပို၍ စည်ကားသိုက်မြိုက်စွာ ရှိရေးဆိုတာ အဲဒီလောက်က ကြိုးစားပေးမှရမှာ။

ကျွန်တော်တို့တွေ Liveလွှင့်တယ် ဘာတို့ဆိုရင် ဇာတ်တွေဘာတွေက ဝမ်းသာကြတယ်လေ။ ကျွန်တော်တစ်ခုလုပ်မယ်၊ Live လွှင့်ပေးမယ်ဆိုရင် ကျွန်တော်တို့ ကျေနပ်တယ်ပေါ့။ ဒါပေမဲ့ အခု ဒီရုပ်သံမှာလည်း Live တွေ အကုန်ကြည့်ရတဲ့အခါကျတော့ ကျွန်တော် အပြင်ပမှာ ဖျော်ဖြေတဲ့အခါမျိုးမှာ ၁၁ နာရီနောက်ပိုင်းကို ကျွန်တော် အခမဲ့နော် မြို့မနဲ့ကျွန်တော် သီချင်းဆိုတယ်။ ၁၀ နာရီခွဲ နောက်ပိုင်းကို အကုန် ပြန်တာများတယ် အစ်ကို။ အဲဒါ နိုင်ငံကျော်တွေပါတယ် အစ်ကို။ ဒါကတော့ ဖျော်ဖြေရေးကမဆာလောင်တော့ဘူး။ အိမ်မှာလည်း အကုန်ကြည့်လို့ရတယ်။ သူ့ဘာသာသူ တီဗွီက ပြချင်ပြပါလေစေ ဒီကိုလာကြည့်ရင် ဘာအရသာတူမလဲဆိုတော့ ဖိတ်ခေါ်နိုင်လောက်တဲ့ ကျွန်တော်တို့ ဇာတ်ရုံတွေနဲ့ အခင်းအကျင်းတွေ မရှိဘူး။ နောက် Liveကိုလည်း ကျွန်တော်တို့ ခဏခဏ လွှင့်ရတဲ့အတွက် တစ်ခါလွှင့်ဖို့အတွက် ကျွန်တော်က ၃ လ ပြင်ဆင်ထားတာမဟုတ်ဘူး၊ ၆ လ ပြင်ဆင်ထားတာမဟုတ်ဘူး။ ကျွန်တော်တို့ အပြင်မှာ ပေါ့ပေါ့ပါးပါး က,တာတွေကိုပဲ ရိုက်လွှင့်လိုက်တဲ့အခါကျတော့ အိမ်ကနေကြည့်ရင်းနဲ့ ဇာတ်တွေက မကောင်းတော့ဘူး၊ လုပ်သွားတာတွေက မသပ်မရပ်နဲ့၊

ကြည့်လောက်တာလည်း မပါဘူးဆိုပြီး။ ကျွန်တော်တို့က အဲဒါ ဆွဲချသလို ဖြစ်တယ်။ ကိုယ်ဖော်တဲ့ဆေးက ကိုယ့်ကို ပြန်အဆိပ်ဖြစ်နေတယ်။ ဒါက မဟုတ်ဘူး၊ မီဒီယာရဲ့ အပြစ်လည်းမဟုတ်ဘူး၊ သဘင်သည်ရဲ့ အပြစ်လည်း မဟုတ်ဘူး။ ကျွန်တော်တို့ ဖွံ့ဖြိုးမှုနောက်ကျနေးတဲ့အတွက် ကျွန်တော်တို့မှာ အင်အားမရှိတာပေါ့နော်။ ခုနပြောတဲ့ ငွေကြေးအင်အားရော၊ အတတ်ပညာအင်အားရော၊ ဆင်ခြင်မှုအင်အားရော နည်းလာတဲ့အတွက် ကျချိန်တန်တော့ ဘက်စုံပဲဆိုပါတော့ အစ်ကိုရယ်။ ဒါကို ကျွန်တော်တို့က နှမြောတယ်လေ။ ဒါပေမဲ့ အဲဒါကို သတိရှိရှိနဲ့ စေတနာပါပါ၊ အမြော်အမြင်ကြီးကြီးနဲ့ ဦးဆောင်မယ့်သူတွေ၊ ခုန ဦးဆောင်မယ့်သူဆိုတာလည်း ကျွန်တော်တို့ ဇာတ်တစ်ဇာတ်၊ အဖွဲ့အစည်းတစ်ခုနဲ့ မရပါဘူးလို့။ နိုင်ငံတော်ကအထိ ဒါကို တတ်သိပညာရှင်တွေနဲ့လေ သေသေချာချာ သုံးသပ် ဝေဖန်၊ ဇာတ်လောကဆိုတာ ဘယ်လိုသမိုင်းရှိလဲ၊ ဇာတ်က အခု ဘယ်လိုဖြစ်နေလဲ၊ နောက်ပြီးတော့ ဒီဟာတွေမှာ ပြတိုက်ကို ပို့ရမယ့်ဟာ ဘာတွေလဲ၊ ဆက်လက်ပြီးတော့ လူထုထဲမှာ ရှင်သန်ရမယ့်အရာတွေက ဘာတွေလဲ။ အဲဒီလိုကို ဝေဖန်သုံးသပ်ပြီးတော့ သဘင်ကို တွဲထူဖို့ပေါ့နော်။ ဒါပေမဲ့ ခက်တာကလည်း ကျွန်တော်တို့မှာ အချိန်တိုင်း တွဲထူစရာတွေက များနေတဲ့အခါကျတော့ သဘင့်အလှည့်ဆီ မရောက်တော့ဘူးပေါ့။

***



# ဦးဝင်းငြိမ်း၏ အတ္ထုပ္ပတ္တိအကျဉ်းချုပ်

၁၉၄၆ ခုနှစ် မေလ ၂၈ ရက်နေ့ တွင် မိဘနှစ်ပါးဖြစ် သော (ဦး)ကျားဘ ညိမ်း၊ ဒေါ်ကြည်ကြည်တို့မှ မန္တလေးမြို့တွင် မွေးဖွားခဲ့သည်။ ၁၉၅၁ ခုနှစ်တွင် မန္တလေးမြို့ ဒိုင်အိုစီဇင်အထက်တန်းကျောင်း၌ စတင်ပညာသင်ကြားခဲ့ပြီး ယင်းကျောင်းမှပင် ၁၉၆၃ ခုနှစ်၌ တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သည်။ ၁၉၆၀ ပြည့်နှစ်တွင် ဆရာမိုးဝေ အယ်ဒီတာအဖြစ် ဆောင်ရွက်သော စုံထောက် မဂ္ဂဇင်း၌ **တုံ့လှည့်ဝဋ်ကြွေးဆိုတာ** ဝတ္ထုတိုဖြင့် စာပေလောကသို့ ဝင်ရောက် ခဲ့သည်။ စုံထောက်၊ ရုပ်ရှင် ချစ်သူ၊ ရုပ်ရှင်ဂျာနယ် စသည်တို့တွင် ဘာသာ ပြန်ဆောင်းပါးများ၊ ပင်ကိုယ်ရေး ဝတ္ထုများ ရေးသားခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် ပညာရေးစနစ် ပြောင်းလဲ၍ စီးပွားရေးတက္ကသိုလ်(ရန်ကုန်)သို့ ပြောင်းရွှေ့ ပညာသင်ကြားပြီး ၁၉၆၇ ခုနှစ်တွင် ဝါဏိဇ္ဇ (စာရင်းကိုင်နှင့် စာရင်းစစ်)ဘွဲ့ ရရှိခဲ့ပြီး ဘဏ္ဍာရေးဝန်ကြီးဌာန၌ အလုပ်သင်အရာရှိအဖြစ် စတင်တာဝန်ထမ်း ဆောင်သည်။

၁၉၇၉ ခုနှစ်တွင် ရုပ်ရှင် အောင်လံမဂ္ဂဇင်း၌ ဝင်းငြိမ်း၊ ဇာနည်ညိမ်း ကလောင်အမည်များဖြင့် ဆောင်းပါးများရေးသားပြီး ဝေလင်းဟန် ကလောင် အမည်ဖြင့် ဂီတဝေဖန်ရေးဆောင်းပါးများ ရေးသားခဲ့သည်။

၁၉၈၁ ခုနှစ် ဒုတိယအကြိမ် ပြန်လည်ထုတ်ဝေသော အယ်ဒီတာချုပ် ဦးမြလှိုင်၏ ပေဖူးလွှာမဂ္ဂဇင်းတွင် ဝင်းငြိမ်း ကလောင်အမည်ဖြင့် စာရေးဆရာကြီးများအား အင်တာဗျူးမေးမြန်းခဲ့ပြီး ဇာနည်ညိမ်း၊ မိုးကျော်ထွန်း၊ ဘို၊ ဝင်းကိုကို ကလောင်အမည်တို့ဖြင့် ပေါ့ပ်ဆောင်းပါးများ ရေးသားခဲ့သည်။

၁၉၈၉ ခုနှစ်တွင် ရွှေအမြုတေမဂ္ဂဇင်းကို ကိုယ်ပိုင် ထုတ်ဝေခွင့်ကတ်ဖြင့် ထုတ်ဝေခဲ့သော်လည်း အစိုးရဝန်ထမ်းဖြစ်၍ တခြားထုတ်ဝေသူအား လွှဲပြောင်းပေးကာ အယ်ဒီတာအဖြစ် တာဝန်ယူ တည်းဖြတ်ခဲ့သည်။

၁၉၉၇ ခုနှစ်တွင် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးအဆင့်ဖြင့် အငြိမ်းစားယူခဲ့သည်။

၂၀၀၆ ခုနှစ်တွင် ရွှေအမြုတေ စာပေဆုကို အသက် ၆၀ ပြည့်မွေးနေ့နှင့်အတူ တွဲဖက်ကျင်းပကာ စာပေဆုများ ချီးမြှင့်ခဲ့သည်။

ဘာသာပြန်လုံးချင်းများအနေဖြင့် အဲလ်ဗစ္စပရက်စလေ၏ တရားမဝင်ဇနီးရေး သားသော စာအုပ်ကို **အထီးကျန်ည** အမည်ဖြင့်လည်းကောင်း၊ ဒိုင်ယာနာ၏ တိတ်တခိုးချစ်သူ ဂျိမ်းစ်ဟေးဝစ်ရေးသားသော **Love and War** ကို **အချစ်နှင့်စစ်** အမည်ဖြင့်လည်းကောင်း၊ ဒိုင်ယာနာ၏ ဘဏ္ဍာစိုးပေါလ်ဘာရယ်လ်ရေးသားသော **Royal Duty** စာအုပ်ကို **မင်းမှုထမ်း** အမည်ဖြင့်လည်းကောင်း၊ အင်ဒရူး မော်တန် ရေးသားသော အင်ဂျလီနာ ဂျိုလီ၏ အတ္ထုပ္ပတ္တိ **Angelina** စာအုပ်ကို **ဆင်စွယ်နန်းတော်ပေါ်က မင်းသမီး သို့မဟုတ် အင်ဂျလီနာဂျိုလီ** အမည်ဖြင့်လည်းကောင်း၊ စာရေးဆရာမဆူဒါရှားရေးသားသော **The King in Exile** စာအုပ်ကို **နန်းကျဘုရင်** အမည်ဖြင့်လည်းကောင်း ဘာ သာပြန်ဆို ရေးသားခဲ့သည်။ **နန်းကျဘုရင်** ဘာသာပြန်စာ အုပ်ကို ၁၅ ကြိမ်မြောက် ဆရာဝန်တင်ရွှေစာပေဆု ၂၀၁၇ ခုနှစ်တွင် ဆုချီးမြှင့်ခြင်းခံရသည်။ ပေဖူးလွှာမဂ္ဂဇင်းတွင် ရေးသားခဲ့သော စာရေးဆရာများ၏ အင်တာဗျူးများအနက်မှ ဆရာ မြသန်းတင့်နှင့် ဆရာ အောင်သင်းတို့နှစ်ယောက်၏အင်တာဗျူးကိုပေါင်း၍ **"ဓားတောင်ကိုကျော်၍ မီးပင်လယ်ကို ဖြတ်ခဲ့သူနှင့် စာပေလူကြမ်းမင်းသား"** ခေါင်းစဉ်ဖြင့် ထုတ်ဝေခဲ့သော စာအုပ်ကို သုတစွယ်စုံစာပေဆု ၂၀၁၄ ခုနှစ်အတွက် ချီးမြှင့်ခြင်းခံရသည်။

မဟာစာပေမှ **ဗမာ့ဟယ်လင်၊ ဗမာ့စောင်း၊ မယ်ဗမာ** ဘာသာပြန်စာအုပ်များကိုလည်း ထုတ်ဝေခဲ့သည်။

ဟောလိဝုဒ်မှ ကမ္ဘာကျော် ရုပ်ရှင်မင်းသား မိုက်ကယ်လ်ဒေါက်ကလပ်စ်

၏ အတ္ထုပ္ပတ္တိကို ၂၀၁၇ ခုနှစ်တွင် **ဖအေတူသား** အမည်ဖြင့်လည်းကောင်း၊ အဆိုတော် ရုပ်ရှင်မင်းသမီး ဂျနီဖာလိုပက်ဇ် ရေးသားသော **True Love** စာအုပ်ကို **အချစ်စစ် အချစ်မှန် ဆိုသည်မှာ၊ The King Exile** စာအုပ်ကို **နန်းကျဘုရင်၊ Dog Eat Dog** စာအုပ်ကို **ဓာတ်တူသားစားသူများ၊ After Tears** စာအုပ်ကို **မျက်ရည်ရဲ့နောက်မှာ၊ Becoming** စာအုပ်ကို **ဖြစ်တည်ခြင်း၊ Return of the Young Prince** စာအုပ်ကို **မင်းသားလေး ပြန်လာပြီ** စာအုပ်တို့ကို ငါတို့စာပေမှ ထုတ်ဝေဖြန့်ချိခဲ့သည်။


Writer မဂ္ဂဇင်းတွင် ဖော်ပြထားသော စာရေးခြင်းဆိုင်ရာ ဆောင်းပါးများကို ရွှေအမြုတေဂျာနယ်တွင် ဘာသာပြန်ဆိုခဲ့သည်များကို **နှစ်ကြောင်းရေး တစ်ကြောင်းခြစ်** ခေါင်းစဉ်ဖြင့် စုစည်းထုတ်ဝေခဲ့သည်။

၁၉၈၇ ခုနှစ်တွင် မြဝတီရုပ်မြင်သံကြားအစီအစဉ်အတွက် **မေးကြည့် ဖြေကြည့် ပဟေဠိအစီအစဉ်**ကို စီစဉ်တင်ဆက်ရာ ဒါရိုက်တာ ချိုင်းရှိန်က ရိုက်ကူးပေးခဲ့သည်။ ထိုအစီအစဉ်ကိုပင် MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အတွက် ဒါရိုက်တာ ချိုင်းရှိန်နှင့် ပြန်လည်ရိုက်ကူးကာ ၂၀၁၆ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်နေ့က စတင် လွှင့်ထုတ်ခဲ့သည်။ တစ်လလျှင် လေးကြိမ်နှင့် ခုနှစ်လအတွက် ရိုက်ကူးပေးခဲ့ပြီး ဖြစ်သည်။ **မေးကြည့် ဖြေကြည့် ပဟေဠိအစီအစဉ် အမှတ်(၂)**ကိုလည်း တာဝန်ယူ ရိုက်ကူးပေးခဲ့ပြီး ၂၀၁၇ ခုနှစ် မေလမှ စတင်ကာ MRTV-4 မှ စတင်ထုတ်လွှင့်ခဲ့သည်။

ယခု တင်ဆက်မည့် **လိပ်ပြာကူး ထူးခြားသူများ** အင်တာဗျူးအစီအစဉ်မှာ ကမာရွတ်မီဒီယာအတွက် ဗီဒီယိုရိုက်ကူးထုတ်လွှင့်ပေးခဲ့သည့် အစီအစဉ်များကို စာဖြင့် ပြန်လည် ဖွဲ့သီထားခြင်း ဖြစ်ပါသည်။

■





ခေတ်အလိုက်

# ကဗျာ သဘောတိုများ

(ဆရာလေးကိုတင် စုစည်းစီစဉ်သည်)

၁၂၀၀၀ ကျပ်